www.burmeseclassic.com




www.burmeseclassic.com

www.burmeseclassic.com

26 AUG 2013

နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ

**ဒို့တာဝန်အရေးသုံးပါး**

ပြည်ထောင်စု မပြိုကွဲရေး ...ဒို့အရေး
တိုင်းရင်းသားစည်းလုံးညီညွတ်မှု မပြိုကွဲရေး ...ဒို့အရေး
အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေး ...ဒို့အရေး




# နက္ခတ္တရောင်ခြည်

နက္ခတ္တရောင်ခြည်
နက္ခတ္တရောင်ခြည်











လောကီပညာရသစုံ မဂ္ဂဇင်း

F.1A.October, 2013.

www.burmeseclassic.com

# နက္ခတ္တရောင်ခြည်


နာယကကြီး

**ဒေါက်တာ အောင်နိုင်**

M.B.B.S(Ygn)

ဒ-ဘ-ဝ(တိုင်းရင်းဆေး)

M.Med.Sc(Pharmacology)

Advanced Pharmacokinetics

Training (London)

M.C.P.A,A.T.C.M

(Wuhan),D.M.A

Senior Fellowship of Aryuvedic

Medicine(India)

**သာသနာ့အကျိုးဆောင်**
**ကောလာသ ဆရာအောင်**

တိုင်းရင်းဆေးပညာရပ်ဆိုင်ရာ အကြံပေး

**ဒေါ်ဝတ်ရည်ဆွေ**

B.Sc(Bot),Dip.T.Med.

**ဦးဝင်းထိန်ကျော်**

B.A(Philos),Dip.T.Med.,

T.L.R.M (INDIA)

အနောက်တိုင်း ဆေးကဏ္ဍ အယ်ဒီတာ

**ကိုကိုမောင်**

စာတည်းချုပ်

**ဦးကျော်မိုးသိန်း**

တာဝန်ခံစာတည်း

**ခမ္မဒေဝ**

နယ်လှည့်အယ်ဒီတာ

**အောင်ဇ(LL.B)၊ကိုစိုးဆန်း၊**

**သန်းထွန်း(ဘားအံ)**

ပါဠိ အယ်ဒီတာ

* **ဦးစံတင်**

**(စတုနိကာယကောဝိဒ၊ဝိနယရေ၊ ဓမ္မာစရိယ)**

* **ဦးသန်းအောင်ငွေ**

**[ဓမ္မာစရိယ (မဟာဝဂ္ဂါဒိ မြန်မာဂုဏ်ထူး) ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ (နိကာယဝိပုလ)]**

ဥပဒေအကြံပေး

**ဦးထွန်းဇိန်**

B.A(Myanmar),H.G.P,R.L(Advocate)

ပန်းချီဒီဇိုင်းပညာရှင်

**ကိုတင်ဦး၊**

**တင်တင်နွယ်**

မျက်နှာဖုံးပန်းချီ

**မြတ်မင်းဟန်**

ဖြန့်ချိရေးမှူး

**ယဉ်ကျေးဝေ**

ကွန်ပျူတာစာစီ

**ပါရမီ ကွန်ပျူတာစာစီလုပ်ငန်း**

အတွင်းဖလင်

**ပါရမီ**




ကျောက်စွယ်က လှုပ်လီလှုပ်လဲ့နဲ့ စေတီတည်လို့ ရပါမလားလို့ သံသယ ဖြစ်ကြတယ်...

စာ-၁၂


ထုတ်ဝေသူ

ဦးခင်မောင်ဝင်း(ဝ၃၄၃၂) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်၊ ၂၄၃၊ ၂၉ လမ်း ရန်ကုန်မြို့၊

အတွင်းနှင့် မျက်နှာဖုံးရိုက်

ဦးခင်မောင်ဝင်း(ဝ၅၃၉၄) ပါရမီအော့ဖ်ဆက်၊ အမှတ် ၅၈၉၊ ရန်ကြီးအောင်လမ်း၊ ၅-ရပ်ကွက်၊ မရမ်းကုန်းမြို့နယ်၊ ရန်ကုန်မြို့၊

မန္တလေးဖြန့်ချိရေး

နဂါးစာပေ

ရှမ်းတောင်ကြီး ဖြန့်ချိရေး

မီးလုံးနှာစာပေ (တောင်ကြီး)

ဂဝိန္ဒစာပေဖြန့်ချိရေး(တောင်ကြီး)

မွန်ပြည်နယ်၊ ကရင်ပြည်နယ်ဖြန့်ချိရေး

ကျော်ကျော်စာပေ(မော်လမြိုင်)

ဖြန့်ချိရေး

ကျော်မိုးသိန်းစာပေ၊ ၂၄၃၊ ၂၉ လမ်း ရန်ကုန်မြို့၊

☎- ၀၁ ၂၄၂၂၈၄

ကြော်ငြာဌာနမှူး - **ကိုတင်မောင်ရွှေ**

မင်္ဂလာ မီးပွားရေး ကြော်ငြာလုပ်ငန်း

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ

အမှတ် ၃၂၃

အုပ်ရေ

၁၀၀၀

ငါးရာကျပ် (၅၀၀/-)

☎-၀၁ ၂၄၂၂၈၄




F.1B.October, 2013.

www.burmeseclassic.com




ဘုရားလက်သည်းတော်ဖူးရအောင်... ၁၀၁

သတ္တိပါရမီ ဘုရားရှင် ကံ့ဝင့်ဆရာတော်ကြီး၏ ပုံတော်ကို ရှုးကြားမှာ ဖူးတွေ့ရသည်... ➡ စာ-၃၅

အိမ်ပေါ်မင်း ပါတော်မူတုန်းက ကြောင်မျက်စွဲနဲ့ ကယ်တင်လို့ရပါတယ် အိမ်ပေမယ့် မိဋ္ဌာတွေက... ➡ စာ-၁၂၀





## ဧရွှအံ့ဖြိုင်းရောင်ခြည်

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် ကျွန်းမာပါစေတိုင်းရင်းဆေးခန်း ဆရာဦးသီဟ (တဆ-၀၃၃၉၈၀)၏လေဖြတ်ရောဂါ ကာကွယ် စောင့်ရှောက်နည်းများ [မြောင်းမြ မောင်ယဉ်တင့်] ၁၂၉

## ပညာပေးရောင်ခြည်

သင်္ကေတများ၏ ဘာသာစကား (၂၅) [ဟူဂျင်းဇီ] ၁၀၈

တရုတ်ကြိုးထုံးပညာ (၈၃) ၁၄၅

လူတိုင်းအတွက် တရုတ်မိုးရာ အိမ်မက်ရှင်းတမ်း (၇၃) [ထက်မင်းကျော်စွာ] ၁၈၁

## လက္ခဏာရောင်ခြည်

အင်္ဂလန်လက်ရွေးစင် ဘောလုံးသမားအက်ရှ်လေကိုး၏ လက္ခဏာ [ဆရာကြီး ဦးအောင်မြိုင်-ဥပဒေဘွဲ့] ၅၈

သူ ဘယ်လိုလူစားလဲ [သန်းပညာ] ၆၀

ကံကောင်းစေမည့် မင်္ဂလာအမြဲအရံများ [ဆရာ ဦးခင်မောင်လင်း-ရွှေဘို၊ B.Sc] ၁၁၂

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ ပါရမီလမ်း(၂)ဝိုင်း ဗုဒ္ဓမေ္ဗရိပ်သာ ကျောင်း ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တစန္ဒိမာ၏ လက္ခဏာတော် [ဦးသော်ခင်-ဟသ်ာတ] ၁၃၅

လက္ခဏာပဟေဠိ အဖြေညီကြစို့ ၁၆၄

အိမ်ထောင်ကျနိုင်ပါ့မလား [ဦးသော်ခင်-ဟသ်ာတ] ၂၁၄

## လမ်းညွှန်ရောင်ခြည်

မယ်နုဇာတိမြေမှ ထူးခြားသော ရေကန် [ငြိမ်းသော်တာ] ၂၂

ဂျွန်တောင်မှ မြတ်သာမဏာဖား ဝပ်တွားမူဇော်မှု ခရီးစဉ်(၁) ၃၃

ကေလာသဖတောင်စောင်း သဒ္ဓမ္မသီတဂူကျောင်းမှ နေ့ရာထူးများ(၂) [ခရီးသည် သုတေသီ] ၅၃

မုံ့ဖိုမြို့မှ မဟာကရုဏာရှင် ဘုရားကျောင်းသို့(၂) [ဟူဂျင်းဇီ] ၈၉

စိမ်းရောင်စို တောင်ညိုမှိုင်းရီသည့် သာသနာ့အောင်မြေ ဌာနေတိုင်းဆီသို့ (၇) [ထက်မင်းကျော်စွာ] ၉၅

www.burmeseclassic.com


## ○ အထူးကဏ္ဍရောင်ခြည် ○

ရွှေရုပ်ရှာဝေဟင်အနောက်ဖျားမှ ကျောက်ပန်းဒိုးတောင်
မြတ်စိန္တေထံတော်ပါးသို့ (၁) [ဇင်ညိုငယ်] ၉
ရေနီတောင်ဗီလာ (သို့) ဗဟိုတောင်ဗီလာတောရသို့
လှေလာပူဇော်မှု ခရီးစဉ်(၄) [စံထွန်းသာ] ၄၁
ဂိုးရိုးဆံတော်ရှင်စေတီနှင့် သန္တိစွမ်းအင်
ပူဇော်မှုအထူး(၂) [ထက်မင်းကျော်စွာ] ၄၉
တော်ကူး မဟာသတိပဋ္ဌာန်ရိပ်သာသို့ လှေလာ
ပူဇော်မှုခရီး(၃) [ဘုန်းကျော်စွာ-မြိုင်တက္ကသိုလ်] ၈၁
ဖောင်အတိတ်ဆောင် သိင်္ဂနိုက်တောင်ရိုးဆီမှ
ပုထိုးစေတီ နေရာထူးများ (၁၄) [ထက်မင်းကျော်စွာ] ၁၁၃

## ✌ ကိုယ်ပျော်ရွှင်ရောင်ခြည် ✌

ညွှန်းစေတမန် [ရွှေတောင် ကြည်မောင်အေး] ၁၄၇
နွေမှာပေါက်တဲ့ ငါးဖားလောင်း [တင်ဘုန်းဝင်း] ၂၃၇
ထူးခြားတဲ့ ဝါးတောင်ဝှေး [သမ္မုဒ္ဒ] ၂၄၁
တွေ့ရကြုံရ ကျောက်သမားဘဝ(၈)
[ရွှေကသစ်-ကျောက်မျက်] ၂၈၆

## ✳ ကျန်းမာရေးရောင်ခြည် ✳

လှိုင်မေတ္တာဝါဒီ(ဟာသာတ)ပရဟိတကျောင်းတိုက်၏
ပဓာန နာယက ဆရာတော်ကြီး ဘဒ္ဒန္တသီလာနန္ဒ
(မဟာစရိယ၊ ကမ္မဋ္ဌာနာစရိယ)ချီးမြှင့်တော်မူသော
(၇)ရက်သားသမီးများအတွက် နေ့သားအလိုက်
ပူဇော်ရမည့် ဂုဏ်တော်ပုတီးစိပ်နည်းများ
[ဦးခင်မောင်နိုင်] ၉၄
ဘုန်းတော်ခြောက်စုံ ဘဂဝါဂုဏ်တော်ပုတီးစိပ်
[ဘုန်းခေါင်] ၁၃၂
ပါရမီစခန်းအဓိဋ္ဌာန်လမ်း(၁) [ဦးအောင်] ၁၅၃
သဗ္ဗအောင်မြင် သိဒ္ဓိဝင်ပုတီးကျင့်စဉ် [အုံကြွယ်] ၁၆၉
ဆံတော်ပေးခန်း ရုပ်ပွားတော်နှင့် လျှို့ဝှက်ဂမ္ဘီရကျင့်စဉ်
[ကဝိသိရောမဏိ] ၂၀၁

## ● အိမ်ရှင်ရောင်ခြည် ●

ကျောက်လိပ်ပြဒါးအစီအရင် [စံထွန်းသာ] ၆၂
စနေနှစ်ထပ် ငွေနာနတ် [ထက်မင်းကျော်စွာ] ၁၂၁
ငွေကြေးရလွယ်အောင် [သန်းခေါင်-ပညာရေး] ၁၂၆
နိုးသူဘေးမှ ကင်းဝေးစေသော လောကီအစီအမံ
[ချိုချိုချစ်နိုင်] ၁၄၀
ကွမ်းစားဂမုန်းနှင့် ဂမ္ဘီရစွမ်းအင် [ဦးကျော်နိုင်ကြီး] ၁၄၃
သားဖွား အထူးလက်ဖွဲ့စီရင်နည်း
[ဦးအောင်ကျော်ဇန်-အ.လ.ပြဆရာ၊ အငြိမ်းစား] ၁၆၅
မိုးကြိုးပစ်သစ်သားနှင့် စီရင်နည်း
[ဦးကြည်မောင်-ကျောက်ပန်းတောင်း၊
နေလကမ္ဘာဆေးတိုက်] ၁၇၇
ရင်သွေးငယ်တို့အတွက် အဆောင်အစီအရင်
[ရောမြေ-ကျော်ဝေ] ၂၀၇
ငြိုယ်စီးငြိုယ်နင်း လွတ်ကင်းချမ်းသာ ဤယတြာ
[ဖျာပုံ ရည်လွင်အောင်] ၂၀၉





ဝိဇ္ဇာဓိုလ်တော်ဝင် ဗိုးရွှေအာ ဂူဝကျော်ကို
တောင်ပေါ်တွင် ထူးခြားစွာ
တွေ့ရှိရသည် ... စာ-၂၀

တံတိုင်းအပြင်ဘက်မှ
တစ်ကောင်တည်းသော
ရှေးဟောင်းခြင်္သေ့ရုပ်ကြီးဆီ ... စာ-၂၃




www.burmeseclassic.com

www.burmeseclassic.com



ကောက်ပေါက်ဆရာတော်ကြီးနှင့်
မဟာမိတ်တစ်ထောင်ဆရာတော်တို့
အတူတွဲရိုက်ထားသော ဓာတ်ပုံကို... ➡ စာ-၆၀

ယခုတင်ပြခဲ့တဲ့ ရုပ်တုမျိုးက
ဘယ်လို ထူးခြားတယ်
ဘယ်လိုရုပ်တုမျိုး ဖြစ်တယ်ဆိုတာ... ➡ စာ-၁၁၉



### ❐ အထူးရှယ်ဆောင်းပါး ❐


သွပ်မူလဖမ်း [ဦးသုမန-မစိုးရိမ်] ၁၁၁
ရှင်ဇေဝရ၏ ပြဒါးတက်လမ်း [မဟာတိဿ-ဝိဇယ] ၁၄၂
သွပ်ဓာတ်လုံး စီရင်နည်း
[ဝိဇ္ဇာမဟိဒ္ဓိ ဆရာဦးသန်းမြင့်-တိုင်းရင်းဆေး] ၁၇၅
ထုံကျပြဒါး ရွှေသားအစစ်(၄) [ရွှေတောင် ခင်မောင်ကြည်] ၂၁၇


### ✳ ဂါထာမန္တန်ဆောင်းပါး ✳


ထူးခြားသော ဂါထာတစ်ပုဒ် [တက္ကသိုလ် အပန်ငယ်] ၁၆၁
အသက်ရာကျော် အဘိုးဗိုဇ်၏ နှုတ်စဉ်ရွတ်ဖတ်သည့်
ဂါထာတော် [ကောင်းခန့်-သခွတ်မြေ ဝက်လက်] ၁၉၃
ဘေးရန်ကင်းသော ဂါထာ [စလင်း ဦးကျော်] ၂၁၀


### ✳ ဆေးမြီးတိုဆောင်းပါး ✳


ဒူးနာနေသလား [ကျော်ဇင်ဖြူ] ၁၉၆
နားပြည်တည်နာရောဂါအတွက် ကုသနည်း
[ဗိုလ်မင်း-မင်းလှ] ၂၀၀
သွေးတိုးသက်သာပျောက်ကင်းသည့် စတိတစ်နည်း
[ဦးပညာလင်္ကာရ-ပန်းတောင်း၊ ကျွဲရဲကျောင်းဆရာတော်] ၂၀၈
မီးယပ်သွေးဆုံး နှစ်လင့်သုံးပါ [ခရီးသွားဆေးသမား] ၂၃၂
ကိုယ်တစ်ခြမ်းမသေအောင် ဒီလို စီစဉ်သောက်
[ကသာ သင်းမွှေး] ၂၅၂


### ◆ ဆေးဗေဒဆောင်းပါး ◆


မျက်လုံးများတွင် ထိခိုက်မိသော် တိမ်မဖုံး မျက်စိမကွယ်
[မြို့သစ်မြင့်နောင်] ၁၀၃
ခနုမိုရာ ဆံပင်သန်ဆေး [ခင်ထွန်း] ၁၃၉
ဆရာတော်ကြီးတစ်ပါးမှ ချီးမြှင့်သော ဆီးချိုရောဂါ
သက်သာပျောက်ကင်းစေသည့် ဆေးနည်း
[မောင်မောင်ထွန်း-မုံရွာ] ၁၄၆
အသည်းခြောက် ရေဖျဉ်းရောဂါအတွက် ဆေးတစ်လက်
[ဩ-သု-ဆရာဦးမြင့်သိတ်း မအူပင်မြို့] ၁၈၄


### ✳ ဂန္ထိုရ်ပညာဆောင်းပါး ✳


မြင်ဗာဟု မျှော့ပ်ပါးလေးတစ်ထောက်
[မောင်မောင်သိန်း-သတင်းထောက်၊ ဇီးကုန်း] ၂၃၃
နန်းဦးမေ၏ ပန်းချီကားတစ်ချပ် [ကောင်းသုခ] ၂၄၉

www.burmeseclassic.com


◆ စိတ်ရွှင်ဆန်းဆင်ရောင်ခြည် ◆

စပါးလင်ပွင့် အိပ်မက် [ထူးကျော်ဆန်း–BA] ၂၉၉

✢ ထူးခြားသစ်ပင်ရောင်ခြည် ✢

ရန်သူမျိုး(၅)ပါးနှင့် သစ်တံခါး [ဗိုးလင်းအောင်–မြန်အောင်] ၈၆
ရင်သွေးငယ်အနာဂတ်ထက်မြက်ရေး နိမိတ်ဆောင်သည့်
မင်းကလေးဗောင်းတော်စ [ထက်မင်းကျော်စွာ] ၈၇

✳ ဓမ္မသုတရောင်ခြည် ✳

ဗျားမလာစေရန် ကာကွယ်ပါ [ပန်းတနော် ကျော့မိုး] ၁၃၆

✝ ထူးခြားပစ္စည်းရောင်ခြည် ✝

ခြသံလော [မောင်နိုး–ကျောက်မဲ] ၁၆
ဘီးလင်းမြို့နယ်က သဘာဝကျောက်ကုလားထိုင်
[မောင်လေးကော–ဘီးလင်း] ၉၅
ထူးဆန်းစွာ ရရှိလာသည့် ကြောင်မျက်ရွဲ [ခွန်စိုင်းဝမ်း] ၁၂၀

● ကိုယ်ခံပညာရောင်ခြည် ●

သိုင်းပညာရှင် ဆရာကြီး မင်းယကွ၏ ဘဝအတွေ့
အကြုံများ (၂၀) [ဆရာကြီး မင်းယကွ–တိုက်ပွဲဝင်] ၁၉၀

✳ တွေ့ဆုံရောင်ခြည် ✳


အကြောနှင့်ဆရာ ဆက်စပ်ပါ မြန်စွာ ပျောက်ကင်းမှု
[သွေးတိုးနှင့်စပ်၍ လေဖြတ်သော်]
[ဦးလှညီမိး–တံတားဦး အင်းဝ] ၁၆၇
ကရင်မိုးရာ ကမျဉ်းချိုးပညာနှင့် ကုထုံးဆန်း
[ကိုရွှေမောင်–ဒေါင်းအင်းကုန်း] ၁၈၅

○ သုတေသနရောင်ခြည် ○

မဟာဘုတ်ချိန်ခွင်နှင့် ကျေးဇူးရှင်ဆရာတော်ကြီးများ
[နိုင်ငံကျော် ဓမ္မကထိက၊ ဂန္ထဝါစကပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကဓဇ
နိုင်ငံတော်ဘွဲ့တံဆိပ်တော် ကိုးဘွဲ့ရ သာသနာပြုဆရာတော်
အရှင်အာစာရာလင်္ကာရ(စစ်ကိုင်း-ရွှေဟသ်ာ)အား
ဂါရဝပြုပူဇော်ခြင်း] [သန်းပညာ] ၁၀၅
စိတ်ဝင်စားဖွယ်ကောင်းသော
ထိုးမြဲလက်မှတ်များအကြောင်း
[ဆရာကြီး ဦးအောင်မြိုင်–ဥပဒေဘွဲ့] ၁၉၇

○ မြန်မာ့ရိုးရာဆေးပင်ဆေးမြစ်ရောင်ခြည် ○

ဆေးစွမ်းထက် ရှားစောင်းလက်ပပ် [သူဇာစံပယ်–ထီလာ] ၄၇
ကျောက်ကပ်အတွက် ဆေးတစ်ခွက် [မြဒင်–ဖင်းကျိုက်] ၁၂၈
ကေရာဖ်ပင်နှင့် ကျွဲနှာခေါင်းချိတ်ပင်တို့၏
မျက်စိအတွက်ဆေး [ရောမြေထွန်းထွန်း] ၂၁၆
မျက်စိအတွင်းတိမ်နှင့် နတ်သမီးတွမ်းရွက်
[လှမော်–ဆင်ဖြူကျွန်း] ၃၀၄

ထောင့်မိုက်
စေတီအခြေမှ
အဘဘိုးဘိုးအောင်
ရုပ်ထုကို…
➡ တ-၉၇

ကျောက်လိပ်ကို
ဖြတ်းနဲ့
ရောဖြူးသားတော
လေးစွန့်ဆိုင်
အစီအရင်လေးပါ…
➡ တ-၆၂





www.burmeseclassic.com

www.burmeseclassic.com



ပင်လယ်ကမ်းရိုးတန်းဒေသများ၌
ဒုက္ခပယသရေ့ရှိသော
ကျွန်းညှို့သခင် ဦးရှင်ကြီး ရုပ်တုကို... စာ-၁၇



ဤ
ဘီလူး
ပုံဟန်
မှာ
ထူးခြား
လှသည်...
စာ-၅၁



တစ်ပွင့်တည်း
ပွင့်လေ့
ရှိတယ်
ပတ္တမြားရောင်
ပွင့်ဖတ်ရှည်
လေးတွေ
ဝန်းရံထားတဲ့...
စာ-၈၈


* ဆေးပညာနှင့်ရောင်ခြည် *

မြင်း၊နွား၊ အဆုတ်ရောင်ရောဂါ ကုထုံး
[ခွန်စိုင်းဝမ်း] ၂၀၂

ကြည်ညိုခြင်းရောင်ခြည်

ဆေးသိဒ္ဓိရှင် မုနိရာဇ [ပထမ ဆရာကြီး ဦးအောင်သူ] ၁၅

* အောင်မြေရောင်ခြည် *

စပါးတောင်မြေ ထူးခြားအောင်မြေ ပထမ်ဘိုးဘိုးအောင်
တောင်တော်အောင်မြေ(၁) [မောင်မောင်စိုး–ထားဝယ်] ၁၇
စစ်ကိုင်းတစ်ခွင် သမိုင်းဝင်စေတီများ၏ အောင်မြေနှင့်
ရှိခိုးပူဇော် ဂါထာတော်များ(၈)
[အောင်ရွှေမြတ်–စစ်ကိုင်းတောင်] ၆၅

✧ ထီဗေဒရောင်ခြည် ✧

နေ့ရိုးရာ ထီပေါက်ကိန်းတွက်နည်း [ခွန်စိုင်းဝမ်း] ၁၇၃
၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက် ခေတ်ကြီးငါးပါး
စိုးမိုးမှုနှင့် အောင်ဘာလေထီဆုငွေ [ထက်မင်းကျော်စွာ] ၂၂၄

စိုက်ပျိုးရေးရောင်ခြည်

ခရမ်းပင် အလုံးထွားအောင် ဤနည်းဆောင်
[နတ်မောက် မင်းချစ်နော်] ၂၁၃

* အင်းမန်းရောင်ခြည် *

သဗ္ဗကုဒ္ဒိ စကြာစမဆောင်ထားကြ
[အောင်သိဒ္ဓိရာဇာ–နဝင်းမြို့တော်] ၂၀၅

ပုဂ္ဂိုလ်ထူးရောင်ခြည်

အောင်မြေဆရာတော် [ဝေစည်–ရွှေဘို] ၂၅
တော့ပေါက်ဆရာတော် အဂ္ဂမဟာသဒ္ဓမ္မ ဇောတိကဓဇ
အရှင်ဥတ္တမနှင့် ကြည်ညိုဖွယ်ရာ ဖြစ်စဉ်တော်
ဘဝခရီးလမ်း(၂) [ဇင်ညိုငယ်] ၅၇
မေတ္တာရေစင် စွမ်းအားရှင် [တင်ငြိမ်းချမ်းသာ] ၁၀၆

✤ ထူးခြားဆန်းကြယ်ရောင်ခြည် ✤

အစွမ်းထက် ငုံးရုပ်ကလေး [ဦးသန်းစိုး–ချောင်းနက်] ၁၃၄
ထူးဆန်းသော မသာချပွဲ [ပေရယ်–တလုတ်ကုန်း] ၂၄၄
ကျွန်တော့်အဖေပြောပြသည့် ထူးဆန်းသည့်
ကြောင်နက်ကြီး [ဖြူလေးကျော်] ၂၅၇
မြတောင်ရှင်မ နတ်ရေကန်
[ရွှေချိုအောင်–ပလဲ] ၂၈၃
ထူးဆန်းသော ဆည်နတ်အော်သံ [မြတ်သဇင်ဦး] ၂၉၇

www.burmeseclassic.com


○ အမေးအဖြေရောင်ခြည် ○

ထူးခြားချွတ်တုလေးနှင့် သိသူများမှ ဖော်ပြပေးကြပါရန်
[အောင်ကျော်မိုလ်] ၁၁၉

❖ ပိဋကပုဂ္ဂိုလ်ထူးရောင်ခြည် ❖

သိဒ္ဓိမဟိဒ္ဓိဝိဇ္ဇာရှင်ကြီးများနှင့် တွေ့ဆုံခြင်း
[သွရသဘဝီမယ်တော်နှင့် တွေ့ဆုံခြင်း]
[ဆရာဦးရဲအောင်-သိပ္ပံလင်္ကာရာ+
နက္ခတ္တဗေဒ၊ သင်္ချာဗေဒ] ၂၆၇

✂ နေ့စဉ်သုံး အဝလက်းညွှန်ရောင်ခြည် ✂

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွင်း
လာဘ်လာဘရွှင်လန်းစေဖို့ [ထက်မင်းကျော်စွာ] ၁၁၀
၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွက်
ခုနစ်ရက်သားသမီး ဟောစာတမ်း [ဆရာ ရောင်ခြည်] ၂၂၂
၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွင်း
ပုံရိပ်ရှင်တို့၏ ကံကြမ္မာ [ဟူကျင်းဇီ] ၂၃၁

★ မြန်မာ့ရိုးရာပညာရောင်ခြည် ★

ဖြစ်တော်စဉ် ဥစ္စာပျောက်အဟော
[ကောင်းခန့်-သခွတ်မြေ၊ ဝက်လက်] ၂၀၃

✍ ကျန်းမာရေး စာတိစာရောင်ခြည် ✍

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ ကျန်းမာရေးအတွက်
အကြံပေးချက်များ [ဟူကျင်းဇီ] ၂၁၄

● ပြုံးရယ်မှန်ရောင်ခြည် ●

ကွင်းပိုင်ကြီးတယ်ပေလို့သာပေါ့ [ရဲရဲထွန်း-ဟသ်ာတ] ၁၅၈
မပြုအပ်သောအရာ [ရွာစားကြီး-ဥက္ကံ] ၂၄၇
ကျူးကျူးကျော်ကျော် [နေလင်းကျော်-ထူးကြီး] ၂၆၉
ခေတ်မီရွှေပေလွှာ [သုတသီတစ်ဦး] ၂၆၅
သံယောဇဉ်ကြီးတဲ့ သူငယ်ချင်းတစ္ဆေ [နေနွယ်-ဟသ်ာတ] ၂၇၃
မဟူရာမိုးတစ်ညရဲ့ ပုံရိပ်အသံ [ကောင်းဟိန်း-ကျွန်းသစ်] ၂၇၆
ဦးကျော်ဖေ၏(၆၉)နှစ်၏ ဂျပန်ပြည်တို လွမ်းတယ်
[မိုင်သန်းညွှန့်-ပညာရေး] ၂၈၁
ရှင်လာပြုတဲ့ လူခြောက်တလေး [ထူးမမ-ပေါင်] ၂၈၄
စည်းပေါက်မြွေ [မောင်ဇရာ-ရာမည] ၂၉၄
သူတို့နှစ်ဦး [ဆွေဦးမွန်-နန်းတော်ရှေ့] ၃၀၀






စေတဝူဆရာတော်ကြီး ညဝင်ဦး သန်းအောင်းယံကျောက်တွင်
[illegible]
[illegible] ... စာ-၃၀

BURMESE CLASSIC .com

[illegible]
[illegible]
[illegible] ... စာ-၁၂၁



www.burmeseclassic.com

www.burmeseclassic.com



◆ အရှေ့ပွန်းပွန်း တောင်ထိပ်မှ လှမ်း၍ မှုရပုံ

စင်သိုင်ယ


ခွေးရုပ်ရွာ ဝေဟင်အနောက်ဖျားမှ

# ကျောက်ပန်းဆိုးတောင်

မြတ်စိန္တေထံတော်ပါးသို့ (၁)

BURMESE CLASSIC .com

◆ ခွေးရုပ်ကျေးရွာ မြောက်ဘက်ရှုခင်း



မိတ်ဆက်

တစ်ခုသော တပေါင်းလတွင် စာတည်းချုပ်က **"ကလောနယ်မှာ ဆရာတော်တစ်ပါး အိပ်မက်အရ တည်ထားတဲ့ ကျိုက်ထီးရိုးကလေး (ဆံတော်ရှင် ကျိုက်ထီးရိုးစေတီ ကိန်းဝပ်တော်မူဟန်နှင့် ဆင်တူသော) စေတီတစ်ဆူ ရှိသတဲ့။ ဓာတ်ပုံရရင် ခင်ဗျားကိုလဲ တစ်ပုံပေးမယ်"**ဟု စတင် မိတ်ဆက်ပေးခဲ့သည်။

အတာကူး၍ မြန်မာနှစ်ဦးသမယ ရောက်သောအခါ **ရွှေဘုံသာလမ်းရှိ ဆိုင်းဘုတ်လုပ်ငန်းရှင် ဦးလှမောင်ထံ ခေါ်ဆောင်သွားကာ** ခရီးလမ်းညွှန်



www.burmeseclassic.com

www.burmeseclassic.com



◆ တွမ်းမုန်းတောင်နှင့် စေတီ

◆ လမ်းခုလတ်မှ ညောင်ပင်ရိပ်



စုံစမ်းပေးသည်။

ဦးလှမောင်က ခွေးရုပ်ကျေးရွာရှိ ညီအစ်ကိုတော်သူ ဦးမောင်လေး၊ ဦးကျော်ညွန့်တို့ထံ မိတ်ဆက်စာ ရေးပေးပြီးလျှင်...

'နေပြည်တော်ကိုသွားပါ။ အဲဒီကနေ ရှမ်းရထားစီးပြီး ခွေးရုပ်ဘူတာမှာ ဆင်းပါ။ သွားလာနေထိုင် စားသောက်ရေး ဘာမှ ပူပန်စရာ မရှိဘူး။ အားလုံး ကူညီကြပါလိမ့်မယ်'

ဟုလည်း ပြောပြသည်။

ထိုရက်ပိုင်းအတွင်း ကလောနယ် တစ်ဝိုက် ရေကြီးမြေပြိုကာ ရာသီဥတု ပြင်းထန်လျက်ရှိကြောင်း သတင်းစာ၊ ဂျာနယ်များတွင် ဖတ်ရှုရသဖြင့် ရက်အနည်းငယ် စောင့်ဆိုင်းကာ ရာသီဥတု သာယာသည်ဟု ယူဆရသော အချိန်တွင် ကလောနယ်သို့ ခရီး စတင်ဖြစ်ခဲ့လေသည်။

## ခရီးစဉ်

ရန်ကုန်မှ ကလောသို့ ညစဉ် ပြေးဆွဲနေသော အဝေးပြေးယာဉ်များစွာ ရှိသည့်အပြင် ရန်ကုန်–ရွှေညောင် မီးရထားလမ်းဖြင့်လည်း သွားရောက်နိုင်သည်။ နေပြည်တော်မှ စတင်ပြေးဆွဲသည့် "ရှမ်းရထား"ဟု ခေါ်ကြသော နေပြည်တော်–ရွှေညောင်–ရပ်စောက်–လွိုင်ကော် ရထားဖြင့်လည်း သွားရောက်နိုင်သေးသည်။

မော်တော်ယာဉ်ဖြင့် သွားပါက လျင်မြန်စွာ ရောက်ရှိ၍ အချိန်ကုန်သက်သာ၏။ ရထားဖြင့် သွားပါက





www.burmeseclassic.com

www.burmeseclassic.com

တပိုတပါးကိစ္စမှာ သက်သောင့်သက်သာရှိ၍ အချိန် နှစ်ဆယ့်ပို ပိုပေးရလေသည်။

## ခွေးရုပ်ကျေးရွာဝယ်

ခွေးရုပ်ကျေးရွာသို့ ရောက်သောအခါ ဦးမောင်လေးက လိုက်လံပျူငှာစွာ ကြိုဆို၍ လိုအပ်သမျှ ကူညီပေးသည်။ ရှေးဦးစွာ ရွာဝန်းကျင် လှည့်လာကြည့်ရှုရာ **"ညောင်ကုန်း"**တောင်၏ တောင်ခါးပန်း မီးရထားသံလမ်း တစ်တပိုက် နေအိမ်ကလေးများ တည်ဆောက်ထားခြင်းဖြစ်ကာ အိမ်ခြေ(၇၀)ခန့် ရှိသည် ဆို၏။

တောင်ခါးပန်းအထက် ဆင်ခြေလျှောတွင်လည်း အိမ်ခြေ(၅၀)ခန့်ရှိရာ **ခွေးရုပ်အထက်ရွာ** သို့မဟုတ် **လေသာရွာ**ဟု ခေါ်ကြကြောင်း သိရသည်။

ခွေးရုပ်ကျေးရွာ ဖြစ်တည်လာပုံနှင့် ပတ်သက်၍ လေသာကျောင်း ဆရာတော် ဦးသောဘိတ၊ ဓနုတိုင်းရင်းဆေးဆရာ ဦးမင်းသိမ်း၊ ဦးမောင်လေး စသူတို့က ဤသို့ ရှင်းပြကြသည်။

' **"ခွေးရုပ်"**ဆိုတာ **"ခွေယုပ်"** ဆိုတဲ့ ရှမ်းတိုင်းရင်းသားစကားက ပြောင်းလဲလာတာပါ။ **"ကျားပေါများရာလျှိုထိပ်"**လို့ အဓိပ္ပာယ်ရတယ်။ လွန်ခဲ့တဲ့ နှစ်အစိတ်လောက်ကဆိုရင် ဒီကနေ ပန်မွန်းရွာကို နေ့ခင်းကြောင်တောင် လူနည်းနည်းနဲ့ မသွားဝံ့ကြဘူး။ ကျားနဲ့ ရင်ဆိုင်တိုးတာချည်းပဲ။

အခုတော့ တောပြုန်းပြီး ချေမျောက်၊ ရှဉ့်ငပေါတို့တောင်မှ ဖွဲကောင်းကောင်းနဲ့ရှာမှ တစ်ကောင်တလေ ရနိုင်တော့တယ်'

ကိုလိုနီအစိုးရ လက်ထက်က ရွှေညောင်မီးရထားလမ်း ဖောက်လုပ်ရာ စတုတ္ထလွန်းထိုးအစတည်ရာ ဤနေရာတွင် ဘူတာရုံတစ်ခုထားရှိရာ "ခွေးရုပ်"ဘူတာဟု အမ…ပေးခဲ့ကြသည်။

ထို့မှ နောက်ဝ… …ဘာအနီး လူနေအိမ်ခြေများ ဝည်ဆောက်နေထိုင်လာကြရာ ခွေးရုပ်ကျေးရွာဟူ၍ ပေါ်ပေါက်ခဲ့သည်မှာ နှစ်တစ်ရာဝန်းကျင်ခန့်ရှိပြီဖြစ်ကြောင်း သိရလေသည်။


ဗမာ၊ ဓနု တိုင်းရင်းသားအများစု နေထိုင်ကြ၍ တောင်စောင်းတွင် တောင်ယာလုပ်ကိုင်ခြင်းဖြင့် အသက်မွေးကြလျက် မှဆိုးလုပ်ငန်း၊ သစ္စာတူးဖော်ရေး လုပ်ငန်းများ လုပ်ကိုင်ကြသည်လည်း ရှိလေသည်။ ပင်လယ်ရေမျက်နှာပြင်အထက် (၃၀၃၁)ပေ အမြင့်၌ရှိကြောင်း သိရသည်။

ကျေးရွာတည်ထားသော ညောင်ကုန်းတောင်ကြီး၏ အနောက်စူးစူးတွင် ကျောက်ပန်းအိုးတောင် တည်ရှိသည်။ ရွှေညောင်သွား မီးရထားသံလမ်းက တောင်နှစ်ခုကြားတွင် ကွေ့ပိုက်လွန်းထိုးကာ ဖောက်လုပ်ထားသည်။

စေတီတော်မှာ ကျောက်ပန်းအိုးတောင်ထိပ်ရှိ တောင်ကလပ်၏ အနောက်ဘက်ကပ်လျက် သီးခြားကျောက်စွယ်ထိပ်တွင် ကိန်းဝပ်တော်မူကြောင်း သိရှိရသည်။

* * *

စေတီတော် ကိန်းဝပ်ရာနေရာပြမြေပုံ






www.burmeseclassic.com

www.burmeseclassic.com





◆ ညောင်ပိန်ခွဲအကိုင်းမှ ရေချမ်းစင်

ပယောင်းပန်းများနှင့် အသစ်လှလှငယ်တစ်ဦး ◆

◆ တောင်တက်လမ်းတစ်လျှောက်မှ ကျောက်ဆောင်များ



## စေတီသမိုင်း

ကျောက်ပန်းအိုး တောင်ကလပ်ထက်၌ တည်ထားသော စေတီတော်မှာ **"ပါရတောမောစေတီ"** ဟု ဘွဲ့မည်ရှိ၏။ သံသရာတစ်ဖက်ကမ်း နိဗ္ဗာန်ကို ရည်မှန်းကပ်လှူသော ဘွဲ့မည်ဖြစ်ကြောင်း သိရသည်။

စေတီတော်အား ဦးစီးတည်ဆောက်ခဲ့သူမှာ ခွေးရုပ်ရွာကျောင်း ဆရာတော်ဦးသုမန ဖြစ်သည်။ ယင်းနှင့်ပတ်သက်၍ ခွေးရုပ်ရွာမှ ရှေးမီနောက်မီ လူကြီးတစ်ဦးဖြစ်သော မနတိုင်းရင်းသားကြီး ဦးလှမောင်က ဤသို့ ပြောပြသည်။

'၁၃၄၇ ခုနှစ်၊ ပြာသိုလ,လို့ ထင်ပါတယ်။ ဆရာတော် ဦးသုမနက အိပ်မက်ထဲမှာ ကျောက်ပန်းအိုးတောင်ပိုင်လို့ ယူဆရတဲ့ ပိတ်ဖြူဝတ် ဒကာကြီးတစ်ယောက် လာလျှောက်သတဲ့။

ကျောက်ပန်းအိုး တောင်ကလပ်မှာ ရှေးနှစ်ပေါင်း တစ်ထောင်ကျော်လောက်ကတုန်းက စေတီဟောင်းတစ်ဆူရှိခဲ့တယ်။ အဲဒါ လုံးဝ ပြိုပျက်နေလို့ ဆရာတော်က အသစ်တစ်ဖန် မွမ်းမံတည်ဆောက်ပေးပါတဲ့ နေရာကိုလဲ လိုက်ပြပေးပါတယ်။

ဒါနဲ့ ကျောက်ပန်းအိုးတောင်ဝန်းကျင်မှာရှိတဲ့ **ခွေးရုပ်ရွာ၊ ဆင်တောင်ရွာ၊ ချောင်ဖြူရွာ၊ ပန်မွန်းရွာ** လေးရွာက ဒကာတွေစုပြီး လိုက်ရှာကြတော့ တောင်ကလပ် အနောက်ဘက်ကပ်လျက်က တောင်စွယ်အစွန်းကို တွေ့ကြတယ်။

ဆရာတော်ကလဲ ဒီနေရာ ဟုတ်မှန်ကြောင်း မိန့်ကြားတယ်။ ဒါပေမယ့် ကျောက်စွယ်က လှုပ်လီလှုပ်လဲ့နဲ့ စေတီတည်လို့ ရပ့ါမလားလို့ သံသယဖြစ်ကြတယ်။

ဒါကြောင့် ကျောက်စွယ်အစွန်း နိုင်,မနိုင် သိရအောင် သံတန်းတွေနဲ့ ကုပ်မောင်းဆင်ပြီး တွန်းဖို့ကြိုးကြတယ်။ ပန်မွန်းက ကိုအုန်းကြိုင်၊ ချောင်ဖြူက ကိုမောင်လန်း၊ ဆင်တောင်က

www.burmeseclassic.com



တောင်ကလယ်ခြေ အဝင်ဝမှ သဘာဝကျောက်မုခ်ဦး

ကိုဘိုကေ၊ ကိုလှဝင်း၊ ဦးမင်းချစ်၊ ခွေးရုပ်က ကိုမြင့်ဝေတို့ အပါအဝင် လူနှစ်ဆယ်လောက်ရှိတယ်။ လုံးဝ မတုန်မလှုပ် ရှိတော့မှ စေတီတည်ဖို့ စဉ်းစားကြပါတယ်။

စေတီတည်ဖို့ ကြိုးစားတယ် ဆိုပေမယ့် တောင်တက်လမ်းက ကျောက်ပြုတ်၊ ကျောက်လှုပ်တွေနဲ့ အခြေမခိုင်တာရယ်၊ စေတီတည်မယ့် ကျောက်စွန်းကလဲ သီးခြားဖြစ်နေတာရယ်ကြောင့် ကျွန်တော်တို့ ရွာကလေး လေးရွာ အင်အားနဲ့ အတော်ကလေး အခက်အခဲကြုံရတယ်။

အဲဒီအချိန်မှာ ယခင်အစိုးရ လက်ထက် ပါတီယူနစ်မှာ အဆင့်မြင့်တာဝန်ခံတစ်ဦးဖြစ်တဲ့ ဦးမောင်မောင်ဝင်းက ခွေးရုပ်ကျောင်းမှာ ဦးကောဝိဒ ဘွဲ့မည်နဲ့ ဒုလ္လဘရဟန်း ဝတ်နေတယ်။

ဦးကောဝိဒက သူ့အဆက်အသွယ် အကူအညီနဲ့ အင်တိုက်အားတိုက် ကြိုးစားပေးလို့ **၁၃၄၈ ခုနှစ်၊ တပေါင်းလဆန်း(၈)ရက်မှာ** စေတီထီးတော်တင် ပူဇော်နိုင်ခဲ့ပါတယ်။

ဝန်းကျင်ရွာတွေသာမက မိတ္ထီလာ၊ သာစည်၊ ကလော၊ အောင်ပန်း စတဲ့ နယ်ကဒကာတွေလဲ သရီရဓာတ်တော်တွေ၊ လက်ဝတ်ရတနာတွေ စုပေါင်းလှူဒါန်းခဲ့ကြပါတယ်။

## စေတီတော်နှင့် အံ့ဖွယ်ထူးများ

စေတီပန္နက်ချတဲ့နေ့က ကြီးကြပ်လမ်းညွှန်တဲ့ သံဃာတွေ၊ လုပ်အားဒါနပြုကြတဲ့လူတွေ အတော်များပါတယ်။ လူတွေကတော့ နီးစပ်ရာ အိမ်တွေမှာ ထမင်းစားကြမယ်။ သံဃာတွေအတွက် ဆွမ်းတော့လိုတယ်လို့ တိုင်ပင်ပြီး ကျောင်းသားတစ်ယောက်ကို ပိုးခြင်း(နဖူးသိုင်းကြိုးဖြင့် ကျောပိုးလွယ်ရသော ပလိုင်း)တစ်လုံးနဲ့ ခွေးရုပ်ရွာကို ဆွမ်းခံလွှတ်လိုက်တယ်။

ဆွမ်းထမင်း,ဆွမ်းဟင်းတွေ ခြင်းထက်ဝက်ကျော်ကျော်လောက် ရပါတယ်။ အချိန်တန်တော့ သံဃာတွေကို ဆွမ်းကပ်၊ သံဃာစုံ ဆွမ်းဘုဉ်းပြီးချိန်မှာ ထမင်းဟင်းတွေ ကျန်သေးလို့ လူတွေကိုလဲ တည်ခင်းပါတယ်။

ထူးဆန်းတာက ဒီခြင်းကလေးသေးသေးထဲက ထမင်းဟင်းတွေဟာ လုပ်အားပေးလာတဲ့သူတွေ အားလုံးဝလင်အောင် စားကြရတယ်'

ခွေးရုပ်ကျေးရွာမှ ရပ်ရွာအကျိုးဆောင်လူကြီးတစ်ဦးဖြစ်သော ဦးမောင်လေးက ပြောပြခြင်းဖြစ်သည်။ သူက ပင် ဆက်လက်၍ ပြောပြသည်မှာ...

ရှေ့လ ဆက်ဖတ်ပါရန်

ဇင်ညိုငယ်

www.burmeseclassic.com

# ဆေးသိဒ္ဓိရှင် မုနိရာဇ

ပထမံဆရာကြီး ဦးအောင်သူ

ကျွန်ုပ်သည် ရခိုင်ပြည်နယ်၊ စစ်တွေမြို့ **မဟာကုသလကျောင်း** မှ **ဒုပြတိုက်ဆရာတော်ဦးဝဏ္ဏိတ** သီတင်းသုံးရာ ရန်ကုန်မြို့ ယုဇနအိမ်ရာမြို့သစ်အနီး **ရာဇဗြိုဟ် ပရိယတ္တိစာသင်တိုက်သို့** တပည့်မတစ်ဦးနှင့်အတူ သွားခဲ့ရပါသည်။ အဆိုပါ ကျောင်းသို့ ရောက်ရောက်ချင်း ဆရာတော်အား ဖူးတွေ့ရသည်။ ဆရာတော်မှ အံ့အားသင့်စွာဖြင့်...

'ဩော်... ဒကာအောင်သူ မတွေ့တာ ကြာပြီနော်'

ဟု စတင်၍ နှုတ်ဆက်လိုက်သည်။

'မှန်ပါ့ဘုရား တပည့်တော်လဲ မအားတာနဲ့ မရောက်ဖြစ်တာပါ'

'အင်း...ဒါနဲ့ ဆရာမဒေါ်နုနုအောင်ရော နေထိုင်ကောင်းရဲ့လား'

'မှန်ပါ့ဘုရား နေကောင်းပါတယ်၊ ဒါပေမယ့် မြေးမလေးတစ်ယောက်နဲ့ အလုပ်ရှုပ်နေပါတယ်ဘုရား'

ဆရာတော်မှ ပြုံးလျက်...

'အဲဒါပေါ့ ဒကာအောင်သူ ပုတီးကိုချ မြေးကို မ,တဲ့ကိန်းပေါ့'

ကျွန်ုပ်မှ ဆက်၍ ဆရာတော်အား လျှောက်ထားလိုက်ပါသည်။

'ဟောဒီ ဒကာမလေးက ''မိုးမိုး''လို့ ခေါ်ပါတယ် ဘုရား'

ဟု ကျွန်ုပ်နှင့် အတူပါလာသော တပည့်မလေးနှင့် မိတ်ဆက်ပေးလိုက်ပါသည်။

'သူ့အမေက ဆရာမဒေါ်နုနုအောင်ပါဘုန်းဘုန်း'

'အေး...အေး'

'ဆရာတော်ဘုရား... ဒီကလေးမက ကျန်းမာရေး မကောင်းလို့ ဆရာတော်ဆီ ခေါ်ခဲ့တာပါ ဘုရား'

ဆရာတော်မှ...

'ကောင်းသွားမှာပါ ဒကာအောင်သူ ငါ့ဆီမှာ ဆေးဘုရားတစ်ဆူ ရှိတယ်'

ဟု မိန့်ဆိုလျက် ဘုရားကျောင်းဆောင်တွင် သီတင်းသုံးနေတော်မူသော **ရှေးဟောင်းဘုရားတစ်ဆူ**ကို ထိုင်ရာမှ ထ၍ ပင့်ယူလိုက်ပြီး...

'ကဲ...ကဲ ဒကာမကို ဆေးကုပေးလိုက်မယ်'

ဟု ပြော၍ အမျိုးသမီးခေါင်းပေါ်သို့ ဆေးဘုရားကို တင်လျက်...

'ကိုင်း...လိုက်ဆို'



ဆေးပိန္နာများ မိခံထိုးထွယ်သောဘုရား ဆေးဘုဦးသလေးနှံ



www.burmeseclassic.com

www.burmeseclassic.com

'ဣမိနာ ဘေသဇ္ဇ ဝိဇယေန မယှံ ရောဂေါ ဝိနဿတု'

ဟု သုံးကြိမ်လိုက်၍ ရွတ်ဆိုပေးလိုက်ပါသည်။

ထို့နောက် ဆေးဘုရားအား ရေသပ္ပါယ်၍ ယင်းရေကို တိုက်လိုက်ပါသည်။

အဆိုပါ ဆေးဘုရားအကြောင်းကို ပြောရလျှင် ဆရာတော်သည် အသက် (၁၁)နှစ်သား ကိုရင်ဘဝက ဆရာတော်၏ကျေးဇူးရှင် ဆရာတော်ကြီးတစ်ပါးကလက်ဆင့်ကမ်းပေးခဲ့ခြင်းဖြစ်ပါသည်။

ဆရာတော်မှ...

'ဒကာအောင်သူရေ... ဒီဘုရားကို အနှစ်(၆၀)ဝန်းကျင်ကတည်းက ထိန်းသိမ်းစောင့်ရှောက်ကိုးကွယ်ခဲ့တာ ဒီနေ့အထိပဲ။ ဦးဇင်း့ဆရာတော်ကြီးရဲ့ မိန့်ဆိုခဲ့တာကတော့ ရှေးမင်း အဆက်ဆက် နန်းဦးမှာ အထွတ်အမြတ်ထားပြီး ကိုးကွယ်ခဲ့ကြောင်း ပေစာမှာ တွေ့ရတယ်လို့ဆိုတယ်။

ဒီ့အပြင် မဟာမြတ်မုနိဘုရားကြီး သွန်းစဉ်က ကျန်တဲ့ ရတနာတွေနဲ့ စီမံပြီး သွန်းလုပ်တယ်လို့လဲ အဆိုရှိတယ်။ ဒီဘုရားရဲ့ဘွဲ့တော်က "ဆေးသိဒ္ဓိမုနိရာဇ"လို့ ဘွဲ့တော်လဲ ရှိခဲ့တယ်။

တခြား ဘုရားဂါထာကိုလဲ ဘုန်းဘုန်းရဲ့ ဆရာတော်ကြီးက ပေးခဲ့တယ်'

ထို့ပြင် ဆေးဘုရား၏ အစွမ်းသတ္တိပါ ရှင်းပြတော့သည်။

'တစ်နေ့...ဘုန်းဘုန်း နိုင်ငံတကာ လှည့်ရင်းနဲ့ အမေရိကန်နိုင်ငံ ကယ်လီဖိုးနီးယားပြည်နယ်၊ ဆန်ဖရန်စစ်စကိုမြို့ကို ရောက်သွားခဲ့တယ်။ ဘုန်းဘုန်း အဲဒီနိုင်ငံမှာ သီတင်းသုံးနေစဉ် တရုတ်နိုင်ငံ၊ တိုင်ပေက တရုတ်အမျိုးသမီး တစ်ဦးနဲ့ တွေ့တယ်။

သူ့မှာ လည်ချောင်းကင်ဆာ ဖြစ်နေကြောင်း ပြောပြတယ်။ ဒါနဲ့ ဘုန်းဘုန်းလဲ ဆေးဘုရားကို သူမခေါင်းပေါ်တင်ပြီး ဆုတောင်းပေးလိုက်တယ်။

ပြီးတော့ ဆေးဘုရားကို ရေသပ္ပါယ်ပြီး အဲဒီရေကိုလဲ တိုက်တော့ပေါ့လေ။ သူမကလဲ ယုံယုံကြည်ကြည်ပဲ လက်ခံခဲ့တယ်။ နောက်ပြီးတော့ ဘုန်းဘုန်း ပေးလိုက်တဲ့ ဘုရားချီးတော်ရေရယ်၊ မန်းပြီးပေးလိုက်တဲ့ ရေကိုရော ယူပြီး ပြန်သွားပါတယ်။

အဲဒါနဲ့ ဘုန်းဘုန်း မြန်မာနိုင်ငံ ပြန်မကြာခင် တစ်ပတ်အလိုမှာ အဲဒီဒကာမ ရောက်လာတယ်။ သူမက ဘုန်းဘုန်းကို လျှောက်တယ်။ သူ့ရောဂါ သက်သာတဲ့အကြောင်း၊ မကြာခင်ပျောက်မယ်လို့ ယုံကြည်ကြောင်း ပြောပြတယ်။ ဒါကြောင့် ဒီနိုင်ငံမှာ မြေဝယ်ပြီး ကျောင်းဆောက်ပေးပါမယ်လို့ လျှောက်ထားတယ်။

ဘုန်းဘုန်းကလဲ လက်မခံဘဲ မြန်မာနိုင်ငံကို ပြန်ပြီး ကျောင်းထိုင်ဖို့ကိစ္စရှိနေတယ်လို့ ပြန်လည်မိန့်ဆိုပြီး သူမအတွက် ဆေးဘုရား ချီးတော်ရေရယ်၊ ဆေးဘုရား ဓာတ်ပုံတစ်ပုံကို ပေးပြီး ဒီဘုရားရဲ့ ပုံတော်ကို ရေသပ္ပါယ်ပါ။ ဒီရေကို သောက်ရင်လဲ ဒကာမရဲ့ ရောဂါ ပျောက်ကင်းချမ်းသာပြီး စီးပွားရေးလဲ ကောင်းလိမ့်မယ်လို့ ပြောဆိုပြီး ပေးလိုက်ပါတယ်။

ဘုန်းဘုန်းလဲ မကြာခင် မြန်မာနိုင်ငံကို ပြန်ကြွခဲ့တယ်။ အဲဒီနောက် နှစ်လ၊ သုံးလလောက်မှာ သူမဆီက စာတစ်စောင်လာတယ်။ သူမရဲ့ ရောဂါမှာ လုံးလုံးလျားလျား ပျောက်သွားပြီးဖြစ်ကြောင်းနဲ့ ဆရာတော့်အတွက် ဝတ္ထုငွေကို လှူလိုက်ကြောင်း သတင်းစကားပါးတာကို ဘုန်းဘုန်းလဲ ဝမ်းသာပီတိဖြစ်စွာနဲ့ သာဓုသုံးကြိမ် ခေါ်မိပါတယ်'

ဟူ၍ ဆရာတော်သည် ဖြစ်စဉ်များကို ကျွန်ုပ်ကို မိန့်ဆိုပါသည်။

ဒီနောက် ဆရာတော်မှ ဆက်၍ မိန့်ပြန်ပါသည်။

'ဒကာအောင်သူ... ဒီဆေးဘုရား နားပန်(နားကပ်)ကို ရုပ်ရှင်သရုပ်ဆောင် ဝိဝိဝင်းရွှေလှူထားတယ်။ သူလဲ ကျန်းမာရေးမကောင်းလို့ဆိုပြီး ဆေးဘုရားနဲ့ ဆုတောင်းတာ ကောင်းသွားတယ်လို့ သိရတယ်'

ဆရာတော်မှ ဘုရားတွင် တပ်ဆင်လှူဒါန်းထားသော နားပန်ကို ပြပါသည်။ ထိုသို့ ဆရာတော်မှ ဖြစ်ကြောင်းများကို ပြောပြနေစဉ် ကျွန်ုပ်နှင့်အတူ ပါလာသော တပည့်ဖြစ်သူ မိုးမိုးမှ သူမ ဝတ်ဆင်ထားသော ဇာရုံပတ္တမြားနားကပ်ကို ချွတ်၍ ဆရာတော်အား သဒ္ဓါထက်သန်စွာ လှူလိုက်ပါတော့သည်။

ကျွန်ုပ်မှာ အံ့အားသင့်လျက် သူမ၏ သဒ္ဓါထက်သန်မှုကို ဝမ်းသာပီတိဖြစ်၍ မဆုံးနိုင်ခဲ့ပါ။ ကျွန်ုပ်တို့ ဆရာတပည့်နှစ်ဦးသည် အပြန်ခရီးမှာ ဒါနဟူသော ပန်းကို ပိုက်လျက် ပြန်ခဲ့ပါတော့သတည်း။

---

**ဆေးဘုရားဂါထာတော်**

---

'ဣမိနာ ဘေသဇ္ဇ ဝိဇယေန၊
မယှံ ရောဂေါ ဝိနဿတု'

အနက်

**ဣမိနာ ဘေသဇ္ဇ ဝိဇယေန၊** ဤဆေးကို သောက်ရခြင်းကြောင့်။ **မယှံ၊** အကျွန်ုပ်၏။ **ရောဂေါ၊** အနာရောဂါသည်။ **ဝိနဿတု၊** ကင်းပျောက်ပါစေသတည်း။


*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ မှော်စရိယ(မဟာဝဏ္ဏဒီမြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက–ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]*

စကားချပ်

နေ့စဉ်ရေကို မန်း၍ သောက်ပါက မိမိတွင်ရှိသော ရောဂါများ ပျောက်ပါသည်။

**ပထမံဆရာကြီး ဦးအောင်သူ**

www.burmeseclassic.com



# ခြသံလော

ဤကမ္ဘာမြေပြင်၌ သတ္တလောက၏ ထူးခြားဆန်းကြယ်ခြင်းသည် အမှန်တကယ်ရှိ၏။ အလွန်သေးငယ်သော ခြကောင်လေးများသည် အလွန်ကြီးမားသော ခြတောင်ပို့များကို တည်ဆောက်နိုင်ခြင်းသည် ဆန်းကြယ်သော လုံ့လဝီရိယ၏ ပြယုဂ်ဖြစ်၏။

**ထို့ထက် ဆန်းကြယ်သည်ကား မိမိပိုင်နယ်မြေကို (အုတ်တံတိုင်း ခတ်သကဲ့သို့) အပိုင်အခြားလုပ်ထားခြင်း၊ ခြေခတ်များဖြင့် ကာလမ်ပုံ တည်ဆောက်ထားခြင်း၊ ယင်းကာလမ်ထဲတွင် ရွှေရောင်ဝင်းပနေသော အရည် မှုန်းထိုးသည့် သတ္တုအလုံးလေးများ တည်ရှိနေခြင်းမှာ လုံ့လကြောင့်သာမဟုတ်၊ ခြတို့၏ ထူးခြားသော စွမ်းဆောင်သတ္တိများကြောင့် ဖြစ်ပေါ်လာရကြောင်း လက်တွေ့ မြင်ရသူများအဖို့ သိရပေမည်။**

ပုံတွင် ပြထားသော ပစ္စည်းလေးမှာ လေး၏။ မာ၏။ မည်း၏။ ခြသံဟု ဆိုကြ၏။ ကာဗိုက်သံဟုလည်းဆိုကြ၏။ သံလိုက်တွင် ကပ်ငြိမှု မရှိ။ ခြသံ ဟုတ်,မဟုတ်ကို နွားနို့ဖြင့် ကျိုချက်ကြည့်ခြင်းအားဖြင့် သိနိုင်သည်ဟုဆို၏။ တခြားနည်းလည်း ရှိသေး၏။

အောက်ဖော်ပြပါနည်းမှာ ကျမ်းထဲ၌ တိုက်ရိုက်ပါသော နည်းဖြစ်၏။ ခြသံဟုဆိုသော သတ္တုခဲကို လုံထဲထည့်ပြီးအပူပေးကာ ရဲရဲနီစေပြီးမှ ပြန်အအေးခံရမည်။ နွေးသောအခါ ပလတ်စတစ်အိတ်တွင်ထည့်၍ လေလုံအောင် အထပ်ထပ် စည်းထားရမည်။

ထိုသတ္တုတုံး အေးသွားပြီး မကြာမီ ပလတ်စတစ်အိတ်အတွင်း ရေငွေ့များ သီးနေသည်ကိုတွေ့လျှင် ခြသံဖြစ်သည်။ ခြသံမှန်လျှင် မည်မျှပင် အပူပေးစေကာမူ ရေကျန်၏။

ခြသံဖြစ်လျှင် အဂ္ဂိရတ်တွင် အသုံးပြုကြောင်း သိရလေ၏။ မည်သို့သုံးကြောင်း စာရေးသူ မသိပါ။

ပုံတွင်ပြထားသော သတ္တုတုံးလေးကို နွားနို့တွင်ထည့်၍ ကျိုချက်နည်းဖြင့် လည်းကောင်း၊ လုံတွင်ထည့်၍ နီရဲအောင် အပူပေးနည်းဖြင့် လည်းကောင်း စမ်းသပ်မှုမလုပ်နိုင်ပါ။ အဘယ်ကြောင့်ဆိုသော် စာရေးသူ ပိုင်ဆိုင်သောပစ္စည်း မဟုတ်သောကြောင့် ဖြစ်ပါသည်။ စာရှုသူများ သိရှိနိုင်ရန် တင်ပြလိုက်ရခြင်း ဖြစ်ပါသည်။

**မောင်နိုး(ကျောက်မဲ)**



www.burmeseclassic.com

www.burmeseclassic.com



◆ ကျွန်းသိသင် ဦးရှင်ကြီး ရုပ်တုကို မြင်ရစဉ်

မောင်မြအောင်ဖိုး
(ထားဝယ်)

စဝါးတောင်ခြေ ထူးခြားအောင်မြေ

# ပထမံ ဘိုးဘိုးအောင် တောင်တော် အောင်မြေ (၁)

သရက်ချောင်း–ထားဝယ် မြိတ်ကားလမ်းမကြီးပေါ် စာရေးသူ စီးလာသော ဆိုင်ကယ်သည် လေကို ဆန်၍ ပြေးနေသည်။ လေပြည်လေညင်းကလေးများ တသုန်သုန် ဖြူးလျက်ရှိသည်။ နံနက် (၁၀)နာရီအချိန် ရောက်ရှိပြီ နေပူရှိန် မြင့်၍လာချေပြီ။

သရက်ချောင်းမြို့ ကျောက်မြောင်းရပ်နေ ဦးအေးဂင်း + ဒေါ်ခင်ယုတို့၏ ရှင်ပြုရဟန်းခံ၊ ကထိန်ခင်း အလှူမင်္ဂလာပွဲမှ အပြန်ခရီးတွင် ကိုကျော်သက်က စာရေးသူအား ဘိုးဘိုးအောင်တောင်သို့ ဘုရားဖူးပို့ပေးခြင်း ဖြစ်သည်။

◆ မြိတ်-ထားဝယ် ကားလမ်းမပေါ် ရှုအောင် တောင်ခြေအနီး ပထမံဘိုးဘိုးအောင် ကျောင်းလမ်း လမ်းညွှန်ဆိုင်းဘုတ်ကို တွေ့ရစဉ်



www.burmeseclassic.com

ရွှေတောင် တောင်ခြေမရောက်မီ တစ်ဖာလုံခရီးခန့် အရောက်တွင် မြိတ်–ထားဝယ် အဝေးပြေးကား လမ်းမကြီး၏ အရှေ့ဘက်ရှိ မြေနီလမ်း အဝင်ဝ လမ်းဘေးဝဲယာတို့၌ **ပထမံ ဘိုးဘိုးအောင်ကျောင်းလမ်း**ဟု လမ်းညွှန်များ တွေ့ရသည်။

**ပထမံဘိုးဘိုးအောင် ထွက်ရပ်လမ်းမပေါက်မီက ထားဝယ်မြို့ရှိ ယခု ဘိုးဘိုးအောင်တောင်သို့ လာရောက်ပြီး ထွက်ရပ်လမ်းအတွက် ကျင့်ကြံ အားထုတ်ခဲ့၍ ဘိုးဘိုးအောင်တောင်ဟု ခေါ်ဆိုကြသည်။**

အိန္ဒိယနိုင်ငံ၊ ဂယာမြို့ရှိ ဗုဒ္ဓဂယာသည် သံဝေဇနိယလေးဌာနတွင် ပါဝင်သည့် မြတ်ဘုရား အဆူဆူတို့၏ ပွင့်တော်မူရာနေရာထူး ဖြစ်သည်။ ထို့အပြင် ဗုဒ္ဓဘာသာဝင်တို့တွက် ဌာနနေရာထူးဖြစ်သည်။

ထို့ကြောင့် ဗုဒ္ဓဘာသာဝင်တို့အတွက် အထူးအရေးပါသည့်အတွက် အထွတ်အမြတ်ထားရာ တစ်နေရာလည်း ဖြစ်ရလေသည်။

ဗုဒ္ဓဘာသာဝင် အများစုအနေဖြင့် ဗုဒ္ဓဂယာတွင် သတ္တသတ္တာဟ ခုနစ်ဌာန တည်ထားကိုးကွယ်ကဲ့သသို့ ရည်စူး၍ ဤစပါးတောင်ခြေ ဘိုးဘိုးအောင်တောင်ပေါ်ရှိ တောင်ကုန်းမြေများ၌လည်း ဗုဒ္ဓဘာသာဝင် သူတော်စင်များ လွယ်လင့်တကူ ဖူးမြော်ကြည်ညိုနိုင်ရန်အတွက် သတ္တသတ္တာဟ ခုနစ်ဌာနအပါအဝင် ဗုဒ္ဓရုပ်ပွားတော်များ စေတီတော်များနှင့် ဗုဒ္ဓသာသနာဆိုင်ရာ ရုပ်တုတော်များကိုလည်း တည်ထားကိုးကွယ် ထားရှိပေသည်။

ရွှေတောင် တောင်ခြေမှ ဘိုးဘိုးအောင်တောင်ပေါ်သို့ တက်ရောက်နိုင်သော လမ်းတစ်လမ်း၊ ကျောက်ရပ်ကျေးရွာ အရှေ့ဘက်တောင်ခြေမှ




▲ နတ်ရေတွင်းကြီးကို တွေ့ရစဉ်

▼ ဘိုးဘိုးအောင်ကျောင်းသို့ သွားရောက်နိုင်သည့် တန်ဆောင်းလှေကားကို လှမ်းမြင်ရစဉ်



▼ သာသနာ့ဗေဒဘောဓိကာချောင်ကြီးကို ထည်ဝါစွာ မြင်တွေ့ရစဉ်





www.burmeseclassic.com

www.burmeseclassic.com




◆ တောင်ဘက် တောင်ကုန်းမြင့်ပေါ်ရှိ လှည်းသွားလမ်းကို အရှေ့ဘက်မှ အနောက်ဘက်သို့ မြင်ကွင်း

◆ မြင်းမြှုရှင် တောင်ပိုင်းဘိုးဘိုးကြီးရုပ်တု



◆ သူရဿတီမယ်တော်ရုပ်တု



ဘိုးဘိုးအောင်တောင်ပေါ်သို့ တက်ရောက်နိုင်သော လမ်းတစ်လမ်းနှင့် ကျောက်ရပ်ကျေးရွာအုပ်စု၊ စမော်ကျေးရွာ အရှေ့ဘက်ရှိ တောင်ပွားဘုန်းတော်ကြီးကျောင်းအနီး စပါးတောင် တောင်ခြေမှ ဘိုးဘိုးအောင်တောင်ပေါ်သို့ တက်ရောက်နိုင်သော လမ်းတစ်လမ်းဟူ၍ လမ်းကြောင်းသုံးကြောင်း ရှိကြောင်း သိရှိရသည်။

စာရေးသူတို့သည် ရွှေတောင် တောင်ခြေမှ ဘိုးဘိုးအောင်တောင်ပေါ်သို့ ဦးတည်၍ တက်ရောက်လာခြင်း ဖြစ်သည်။

မနေ့ညနေက မိုးရွာထား၍ လမ်းမြေပျော့လျက် ချိုင့်ခွက်များဖြစ်နေ၍ ဆိုင်ကယ် လမ်းချော်မလဲကျစေရန် ထိန်းကြောင်း မောင်းနှင်သွားရသည်။ ကျောက်ချွန်ကျောက်ခဲများကို ရှောင်တိမ်းကာ သတိထား မောင်းနှင်ရတာကလည်း သဲထိတ်ရင်ဖို စိုးရိမ်စိတ်များဖြစ်ခဲ့ရသည်။

မိုးကလေး တစ်ဖြိုက်နှစ်ဖြိုက် ရွာချထားသဖြင့် သစ်ပင်ပန်းမန်တို့ကား ရွက်ကလေးများ စိမ်းမြမြဝေနေသည်။ ရော်ဘာတောတန်းနှင့် နီးသဖြင့် လေအဝှေ့တွင် ရော်ဘာအနံ့ကလေးများ သင်းပျံ့နေ၏။

တောင်လေ တဖြူးဖြူးတွင် ရော်ဘာရွက်ကလေးများ ဝှေ့ယမ်းလှုပ်ခါလျက် သစ်ရိပ်ဝါးရိပ်များ စိမ်းလန်းလျက်ရှိသည်။

အရှေ့ဘက် မိုးကောင်းကင်အောက် စပါးတောင်၏ တောင်စဉ်တောင်တန်းတစ်လျှောက် သစ်ပင်ကြီး,ငယ်များ စိမ်းစိမ်းစိုစို လန်းဆန်းလျက် ရှိချေ၏။

တောင်ခြေ မြေနီလမ်းဆုံ လမ်းခွဲရောက်စဉ် လက်ယာဘက်တောင်ဘုန်း

www.burmeseclassic.com

စောင်းတွင် **"ဘိုးဘိုးအောင်ကျောင်းသို့"** ဟူ၍ လမ်းညွှန်ထားသည်။

ထိုလမ်းညွှန်အနီး အရှေ့ဘက် တောင်တက်လမ်း၏ ယာဘက်၌ အဆောက်အအုံငယ်တစ်ခု အတွင်း ပင်လယ်ကမ်းရိုးတန်း ဒေသများ၌ အထူးသဖြင့် ပူဇော်ပလေ့ရှိသော **ကျွန်းညိုသခင် ဦးရှင်ကြီးရုပ်တုကို စီးတော်ကျားရုပ်တုနှင့်**အတူမြင်ရသည်။

ယင်း အဆောက်အအုံသည် ယိုယွင်းပျက်စီးလုနီးပါး ရှိနေပါပြီ ထိုကျွန်းညိုရှင် ဦးရှင်ကြီး၏ အဆောက်အအုံအား အသစ် ပြန်လည်ဆောက်လုပ်မည်ဖြစ်၍ စေတနာရှင်များက ပါဝင်လှူဒါန်းနိုင်ရန် အလှူခံလမ်းညွှန်ဖြင့် နှိုးဆော်ထားသည့် ကြော်ငြာဆိုင်းဘုတ်ကို တွေ့ရသည်။

တောင်ကုန်းအတက်ဖြစ်၍ ဆိုင်ကယ်ကို အရှိန်မြှင့်ကာ မောင်းနှင်လျက်



◆ ဆုတောင်းပြည့် ဘုရားသိမ်

ဘိုးဘိုးအောင်တောင်ပေါ်သို့ အရောက်သွားကြရသည်။ ထို့နောက် တောင်ချိုင့်ဝှမ်းမြေပြန့်တွင် မော်တော်ဆိုင်ကယ်ကို ရပ်နားထားခဲ့ရသည်။

အရှေ့ဘက် တောင်ကုန်းမြင့်ဆီ ကြည့်လိုက်ရာ ဘိုးဘိုးအောင်ကျောင်းနှင့် ဓမ္မာရုံကြီးတို့ကို လှမ်း၍ မြင်နေရပါပြီ။ ဘိုးဘိုးအောင်ကျောင်း၏ မြောက်ဘက်တောင်ခြေ၌ **သဗ္ဗသဗ္ဗာဟ(ရ)ဠာန**သို့ ဟူ၍ လမ်းညွှန်ထားသည်။

ထိုလမ်းညွှန်၏ အရှေ့ဘက်၌

◆ ဝိဇ္ဇာသူတော်စင် ဖိုးရွှေအာရုပ်တု



www.burmeseclassic.com



ဘိုးဘိုးအောင်တောင်ပေါ်မှ မြင်တွေ့ရ သော ထားဝယ်မြို့၏ အလှရှုခင်းမြင်ကွင်း

**နတ်ရေတွင်းကြီးတစ်တွင်း**ကို ထူးခြားစွာ တွေ့ရသည်။ နတ်ရေတွင်းကြီး၏ တွင်း အနက်သည် (၁၂)ပေခန့်ရှိသည်။ နတ်ရေတွင်းကြီး၏ တွင်းအဝအကျယ်သည် (၆)ပေခန့် ရှိသည်။

နတ်ရေတွင်းထဲ၌ ရေသည် ကြည်လင်လျက်ရှိပြီး ရေရှိမှု ရေအနက်မှာ (၃)ပေခန့်ရှိသည်။ အလွန်မြင့်မားသော စပါးတောင်၏ တောင်စွယ်တစ်ခု ဖြစ်သည့် ပထမံဘိုးဘိုးအောင်တောင်ပေါ် ထူးခြားစွာ ရေတွင်းကြီးတစ်တွင်း ဖြစ်ပေါ်ကာ ရေရရှိနေပေသည်။

**နတ်သိကြားပေးသော ရေမြစ်၍ လူ့ပုဂ္ဂိုလ်များ ရေချိုး၍ မကုန် မခန်းသည့် အတွက်ကြောင့် နတ်ရေတွင်းဟု ခေါ်ဆိုခြင်း ဖြစ်လေသည်။**

နတ်ရေတွင်းကြီးမှ ရေကို အမျိုးသမီးများ အသုံးပြုရန် ထိုရေတွင်းကြီး၏ အနောက်ဘက် လက်ယာထောင့်တွင် ရေကန်ငယ်တစ်ကန် သီးသန့်ပြုလုပ်ပေးထားသည်ကို ထူးခြားစွာ မြင်တွေ့ရသည်။

နတ်ရေတွင်းကြီးအနီး တောင်ဘက်တွင် ပထမံဘိုးဘိုးအောင်ကျောင်းသို့ သွားရောက်ရန် တန်ဆောင်းလှေကားကို လှမ်း၍မြင်နေရပါပြီ။

ပထမံ ဘိုးဘိုးအောင်ကျောင်း၏ တောင်ကုန်းမြေပြန့်တွင် ကထိန်ခင်း အလှူမင်္ဂလာပွဲ ပြုလုပ်မည့် ဒါယကာ၊ ဒါယိကာမ အလှူရှင်များသည် စုစုစည်းစည်းရှိကာ အလှူမဏ္ဍပ်ကြီး တစ်ခု ဆောက်လုပ်လျက် ရှိကြသည်။

ဘိုးဘိုးအောင်ကျောင်း ကျောင်းထိုင်ဘုန်းတော်ကြီး သာသနာဓဇ သီရိပဝရ ဦးဇောတိကအား ဝင်ရောက် စုံစမ်းသောအခါ တောင်ခြေ ရွာတစ်ရွာသို့ ကထိန်ခင်းအလှူမင်္ဂလာပွဲသို့ ခေတ္တကြွရောက်နေကြောင်း သိရသည်။

သို့နှင့် ဤတောင်တော်သို့ ရောက်ရှိစဉ် ကြုံတုန်းကြုံခိုက်မှာ ကျောင်း၊ ကန်၊ ဘုရားစေတီတို့ကို ဖူးမြော်လှေလာမှုပြုကြရန် စိတ်ဆန္ဒ ဆုံးဖြတ်ချမှတ်ခဲ့ရလေသည်။

ဘိုးဘိုးအောင်ကျောင်း၏ အနောက်မြောက်ဘက်တောင်ခြေရှိ တန်ဆောင်းလှေကားအတိုင်း တောင်ဘက်တောင်ကုန်းမြင့်ဆီ ဦးတည်ကာ စာရေးသူတို့ တက်လှမ်းသွားရောက်ကြသည်။

တောင်ကုန်းမြင့် မြေပြန့်နေရာ၌ အနောက်ဘက်သို့ မျက်နှာမူလျက် သာသနဓဇ ဇောတိကဓမ္မာရုံကြီးကို ထည်ဝါစွာ မြင်တွေ့ရသည်။ ထိုဓမ္မာရုံကြီး၏ အရှေ့ဘက် တောင်ချိုင့်ဝှမ်း မြေပြန့်အတွင်း အနောက်ဘက်သို့ပင် မျက်နှာမူလျက် ဘိုးဘိုးအောင်ကျောင်း တည်ရှိသည်။

ရှေ့လ ဆက်ဖတ်ပါရန်

မောင်မောင်စိုး(ထားဝယ်)

www.burmeseclassic.com




◆ မြင်းပေါက်ရေကန်

ပြန်သော်တာ

# မယ်နဇာတိမြေမှ

## ထူးခြားသော ရေကန်



◆ ရေကန်အဝင် ရေလမ်း

ရေဦးမြို့နယ်အတွင်းရှိ နန်းမတော် မယ်နု ဇာတိဌာနေဖြစ်သည့် ဖလံဂုဏ်၊ မြင်းပေါက်၊ ဝက်ဖိုးကျေးရွာများသို့ လေ့လာရေးခရီး ရောက်ဖြစ်ခဲ့ရာ မြင်းပေါက်ကျေးရွာ မယ်နုစေတီများ ပရိဝုဏ် အရှေ့ဘက်ကပ်လျက်တွင် ထူးခြားသောရေကန် တစ်ကန်ကို တွေ့ခဲ့ရသည်။

မိုးရာသီအခါ လယ်ကွက်များတွင် တင်ကျန်ရစ်သောရေများကို စုစည်းကာ ကန်အတွင်း သွယ်ဆင်းစုဆောင်းထားသည့် မိုးရေလှောင်ကန် ဖြစ်သော်လည်း မိုးနည်းပါးသော အထက်အညာဒေသ ရာသီဥတုအခြေအနေနှင့် မမျှအောင် လှောင်အားကောင်းလှသည်ကို တွေ့ရသည်။

ကဆုန်လပြည့်ကျော်၍ နယုန်လသို့ ကူးခါနီးဖြစ်သော်လည်း မိုးရေသောက်လယ်တို့ ထယ်ထိုးမြေလှန်ကာ မိုးကို စောင့်နေရဆဲ ဖြစ်သည်။

မိုးရွာ၍ လယ်ပြင်ရေတင်ပါမှ မျိုးစပါးများ ကြဲပက်စိုက်ပျိုးရသည် ဖြစ်ရာ ယခုသော် မိုးမရွာသေးသဖြင့် လယ်ကွက်တွင် မြက်ပင်များပင်လျှင် နေရာမရ ဖြစ်ကြရသည်။

သို့သော်လည်း ဤရေကန်တွင် ရေများ အလျှံပယ်ရှိနေ၏။ မည်မျှ မိုးခေါင်၊ မိုးနောက်ကျစေကာမူ ဤရေကန်၌ (၁၂)ရာသီ ရေမပြတ် ရှိနေလျက် ဝန်းကျင်ချုပ်စပ် ကျေးရွာများမှ သောက်သုံးရေအဖြစ် အထူးပင် အားထားကြရလေသည်။

ကန်ပတ်လည် ဝန်းကျင်တွင် သစ်ပင်ချုံနွယ်များစွာရှိသော်လည်း ဤရေကန်တွင်း၌ အမှိုက်အစမှ မတွေ့ရပါ။ ရုက္ခလောကမှပင် အလေးအနက် ထားကြသော သန့်သည့် ရေကန်ဟု ဆိုကြသည်။

နတ်တို့ ဖန်ဆင်းသည့် ရေကန် မဟုတ်သော်လည်း ကန်ရေပြင်သို့ ကျဆင်းသမျှ သစ်ရွက်အမှိုက်များကို နတ်တို့က ဖယ်ရှားပစ်ကြသည်ဆို၏။ ကန်အမည်ကို မသိခဲ့ရပေ။ မြင်းပေါက် ကျေးရွာတွင်ရှိသဖြင့် မြင်းပေါက် ရေကန်ဟုသာ ခေါ်ကြသည်။

ဤရေကန်တွင် ဘေးမဲ့ငါးကြီးများ ရှိသော်လည်း မည်သူမျှ ဖမ်းဆီးခြင်း မပြုကြချေ။ ဤမျှသာမက ကန်အနီးအနား၌ အကြေးစွန့်ခြင်း၊ ကန်ရေဖြင့် ခြေလက်ဆေး၊ သားငါးဟင်း



www.burmeseclassic.com

www.burmeseclassic.com

ရွက် ဆေးကြောခြင်း မပြုဝံ့ကြချေ။

မြင်းပေါက်ရွာနှင့် ဝက်ဖိုးရွာအကြားရှိ လက်ဖက်ရည် အိမ်ဆိုင်အတွင်း ဝင်ရောက် သောက်သုံးကာ စနည်းနာကြည့်ရာ ဆိုင်ရှင် ဖြစ်သူ အသက်(၅၀) အရွယ်ခန့်ရှိ အမျိုးသမီး က...

'ဝက်ဖိုးရွာ တောင်ဘက်နား (...)ရွာက မကြိုင်ဆိုတာ ရေဦးကနေ အသားငါးဝယ်ပြီး ရွာစဉ်ရောင်းချတဲ့ ဈေးသည်ပါ။ တမြန်နေ့က မြင်းပေါက်ရေကန်မှာ အသားတွေ ဆေးမိလို့ လက်ပါးကြီးနဲ့ အရိုက်ခံရတာ မျက်နှာကြီး မြင်မကောင်းအောင် ဖူးရောင်နေတယ်။ ရိုက်တဲ့လက်ရော လူရော တွေ့ရပေမယ့် ရှောင်လို့ မလွယ်ဘူးတဲ့။

သူ့အဖော်ကတော့ မမြင်ရဘူး။ ရုတ်တရက် ဖူး ရောင်လာတာ မြင်ရတော့ ကြောက်လန့်တကြား ဖြစ်သွားတယ်။ နားလည်တဲ့ လူကြီးသူမတွေက ရေ ကန်မှာ သွားပြီးတောင်းပန်ပေးမှ အနာသက်သာ လာတယ်'

ဟု ပြောပြသည်။

ဆေးကြောပြီးသော ရေညစ်ရေဆိုး များကို ကန်တွင်း သွန်ပစ်သောကြောင့် ဖြစ်ရသည်။ အချို့မှာ ကြောက်မက်ဖွယ်အာရုံများ မြင်တွေ့ ခံစားကြရတတ်သည်။



◆ ကန်တော်ကြီးမှ မယ်နုကောင်းမှုခြင်္သေ့

အိုးခွက်များဖြင့် သယ်ဆောင်ကာ ကန်ပေါင် အပြင်၊ မိမိနေအိမ် စသည့် နေရာများ၌ အသုံးပြု စွန့်ပစ်ရ ကြောင်း သိရလေသည်။

နန်းမတော်မယ်နု မွေးဖွားရာဒေသ ဖြစ်သော်လည်း ဤရေကန်နှင့် နန်းမတော်မယ်နု ဆက်နွယ်မှုကို မသိရှိကြပါဟု ဆိုကြသည်။

အများခေါ်တွင်ကြသည် "**မြင်းပေါက်**"ရေကန်ဟူသော အမည် ပညတ်အရ သော်မဂြိုဟ် ကြာသတေး နှစ်ထပ် နံဆင့် အမြတ်ပြုသည်ဖြစ်ရာ ပညာရေးဆိုင်ရာကိစ္စ၊ မြေ ကိစ္စများအတွက် ကန်ရေဖြင့် မျက်နှာသစ်ခြင်း၊ သောက် သုံးခြင်းဖြင့် လိုရာဆန္ဒ ပြည့်ဝ အောင်မြင်ရကြောင်းသိမှတ်ခဲ့ ရသည်။

အလားတူပင် ကြာသပတေးဂြိုဟ် ပရိယာယ်ဖြစ်သော မြေ၊ မြင်း၊ မိန်းမ၊ အမွေအနှစ် ၊ ပညာရေး၊ ဆရာသမား၊ မာန်မာန၊ ကိုးကွယ်ယုံကြည်မှုဆိုင်ရာ ဘာသာတရားစသည် တို့နှင့် စပ်လျဉ်း၍လည်း အောင်နိမိတ်ယူနိုင်သော ကန် တော် ဖြစ်လေသည်။

ဤကန်တော်နှင့်အတူ အနောက်ဘက်ကပ်လျက်တွင် စေတီတော်များနှင့် အာရမ်အုတ်တံတိုင်းတွင် အသီတိ ရဟန္တာ (၈၀)ရုပ်တုများလည်း ပူဇော်ထားရှိသော မယ်နု ကောင်းမှုစေတီများ၊ တံတိုင်းအပြင်ဘက်မှ တစ်ကောင် တည်းသော ရှေးဟောင်း ခြင်္သေ့ရုပ်ကြီးတို့ကို ကြည်ညို လေ့လာနိုင်ပေသည်။

မြင်းပေါက်ကျေးရွာသည် စစ်ကိုင်းတိုင်းဒေသကြီး မြောက်ပိုင်း၊ ရေဦးမြို့၏ အနောက်ဘက် လေးမိုင်ခန့်အကွာ တွင် တည်ရှိ၍ ရေဦး-ပဒုမ ကားလမ်းအတိုင်း အဆင်ပြေ စွာ သွားရောက်နိုင်ကြောင်း လမ်းညွှန်ဖော်ပြလိုက်ပါသည်။

ငြိမ်းသော်တာ



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး



# ကျားမှန်လျှင် အားသန်ရအောင်
# ပြည်စိုး အမျိုးသားအားဆေးကိုဆောင်

အမှတ်တံဆိပ် တိုင်းရင်းဆေးဝါးမှတ်ပုံတင် TMR 009194(0814)

လိုင်စင်-၅/ ၂၀၁၀/တဆထလ/တိုး(၀၁၄၇၂)

"ကိုမင်းဝေပါလား. . . မရွှင်မလန်းနဲ့ စိတ်ပင်ပန်းလူပင်ပန်းဖြစ်နေပုံရတယ်"

"ဟုတ်တယ်ဗျာ. . . စိတ်သွားတိုင်းကိုယ်မပါဘဲ လိုရာဆန္ဒမပြည့်ဖြစ်နေတာ. . . ပွင့်ပွင့်လင်းလင်းပြောရရင် အမျိုးသားအားနည်းနေလို့ ဘယ်ဆေးစားပြီး ဘယ်ဆရာနဲ့ကုသရင်ကောင်းမလဲဆိုတာ အကြံပေးပါဦး"

"ရောဂါသိမှတော့ဆေးရှိပါတယ် ကိုမင်းဝေ. . . ကျွန်တော့်မိတ်ဆွေဆရာကြီး ဦးစံမြင့်က. . . ပြည်စိုးအမျိုးသားအားဆေး ထုတ်လုပ်နေတဲ့အပြင် အမျိုးသားအားနည်းရောဂါ (ပန်းညှိုးပန်းသေရောဂါ)၊ လိပ်ခေါင်းရောဂါ၊ လေငန်းလေဖြတ်ရောဂါတွေကို ဦးစားပေးကုသနေတာဗျ. . . ပြည်စိုးဆေးတိုက်ကို လမ်းညွှန်လိုက်မယ် ခင်ဗျား သွားလိုက်ပါလား"

"ခင်ဗျားရဲ့မိတ်ဆွေဆိုတော့ ခင်ဗျားပါမှ ပိုကောင်းတာပေါ့"

"ဒါဆို. . . ပြည်စိုးဆေးတိုက်ကို အခုပဲသွားကြရအောင်'

❀ ❀ ❀ ❀ ❀

"ကိုမင်းမြတ်မောင်ပါလား. . . မလာတာကြာလို့ သတိရနေတာ. . . ဧည့်သည်လဲပါလာတာကိုး၊ ထဲ. . . ထိုင်ကြပါ"

"ဆရာ. . . ဒါ ကျွန်တော့်မိတ်ဆွေ စာရေးဆရာ ကိုမင်းဝေပါ၊ စိတ်သွားတိုင်းကိုယ်မပါဘဲ အမျိုးသားအားနည်းနေလို့ ဆရာနဲ့တွေ့ဆွေးနွေးပြီး အမျိုးသားအားဆေးလဲ လာဝယ်တာပါ"

"ထဲ. . . ကိုမင်းဝေ ဒီရောဂါကြောင့်တော့ သိပ်လဲစိုးရိမ်သောကမဖြစ်ပါနဲ့. . . ကျွန်တော် ပြောပြတာတွေကို နားထောင်ပြီး ခင်ဗျားခံစားနေရတဲ့အချက်တွေနဲ့ တိုက်ညီမှုရှိမရှိသိမှ ပိုကောင်းတာပေါ့. . . အမျိုးသားအားနည်းရောဂါ ဖြစ်တတ်သူတွေဟာ (၁) မထုန်မှုလွန်ကဲသူများ၊ (၂) သဘာဝမဟုတ်သောဟဿမေထုန်ပြုသူများ၊ (၃) ကုန်ခန်းသွားသောသုက်ဓာတ်နဲ့ အင်အားများကို ဆေးဝါးဓာတ်စာနဲ့ ပြန်လည်မဖြည့်ဆည်းသူများ၊ (၄) အပျော်အပါးလိုက်စားသူများ၊ (၅) မြစ်ခြောက်နာရှိသူများ၊ (၆) သားကြောဖြတ်ထားသူများ၊ (၇) အဆုတ်ရောဂါရှိသူများ၊ (၈) လေဖြတ်ဖူးသူများနဲ့ လေငန်းရောဂါရှိသူများ၊ (၉) ဆီးချိုသွေးချိုရောဂါရှိသူများ၊ (၁၀) လိပ်ခေါင်းရောဂါရှိသူများ၊ (၁၁) အသက်အရွယ်ကြီးရင့်သူများ၊ ပန်းညှိုးပန်းသေရောဂါ ဖြစ်တတ်ကြပါတယ်၊ ပန်းညှိုးရောဂါခံစားနေရပြီဆိုရင် (၁) ခန္ဓာကိုယ်ဝနေသော်လည်း စိတ်ရောကိုယ်ပါ ရွှင်သန်းမှုမရှိခြင်း၊ (၂) မောပန်းလွယ်ခြင်း၊ (၃) အစားအသောက်ပျက်ခြင်း၊ (၄) ညဦးပိုင်းတွင် အိပ်ပျော်သော်လည်း တရေးနိုးလျှင် အိပ်မရတတ်ခြင်း၊ (၅)သတိမေ့လျော့တတ်ခြင်း စတဲ့လက္ခဏာတွေရှိနေတတ်ပါတယ်"

"ဟုတ်ပါတယ်ဆရာ. . . ဆရာပြောပြတဲ့အချက်အလက်အတော်များများနဲ့ ကိုက်ညီနေပါတယ်"

"ဒါဆိုရင် ပြည်စိုး အမျိုးသားအားဆေးကို ပုံမှန်သောက်သုံးပြီး အကြောပညာ၊ ဆေးပညာနဲ့ ကုသသွားမယ်ဆိုရင် ကိုမင်းဝေ ခံစားနေရတဲ့ အမျိုးသားအားနည်းရောဂါဟာ တဖြည်းဖြည်း သက်သာပျောက်ကင်းသွားမှာပါ"

"ပြည်စိုးအမျိုးသားအားဆေးက ဘယ်လိုရောဂါတွေ သက်သာပျောက်ကင်းစေပါသလဲဆရာ"

"ပြည်စိုးအမျိုးသားအားဆေးဟာ အိပ်နေစဉ် သုက်လွှတ်ခြင်း၊ သုက်အားနည်းခြင်း၊ သုက်လွှတ်မြန်ခြင်း၊ အကြောအားနည်းပြီး အကြောသန်စွမ်းမှုမရှိခြင်း၊ အမောမလုံခြင်း၊ နှစ်နှစ်ခြိုက်ခြိုက် အိပ်မပျော်ခြင်း၊ အစဉ်သဖြင့် အားအင်နုံးချည့်သလို ခံစားရခြင်းများကို သက်သာပျောက်ကင်းစေပါတယ်"

ဆရာကြီး ဦးစံမြင့်နဲ့ တွေ့ဆုံဆွေးနွေးပြီး "ပြည်စိုးအမျိုးသားအားဆေး ဝယ်ယူရရှိနိုင်တဲ့နေရာတွေကတော့...

| ဆေးထုတ်လုပ်ပင်ရင်း | ဆေးမြန့်ချိရေး - ပြည်စိုး ဆေးကုဌာန |
|---|---|
| အမှတ် (၂၅၁၉/ခ)၊ ဗညားဒလလမ်း၊ (၅၁) ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း) | အမှတ် (၁)၊ ကျိုက္ကဆံဘုရားဝင်းတောင်ဘက်မုခ်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။ |



www.burmeseclassic.com

www.burmeseclassic.com




◆ ဆရာကြီးဦးတာခင်နှင့် မေယျာမောင် ဦးကိုလေး၊ ဒုလ္လဘရဟန်းများ ဆုံးမဩဝါဒပေးနေသော အောင်မြေ ဆရာတော်ကြီး

# အောင်မြေဆရာတော်

**"ဝေဘူဆရာတော်၊ အောင်မြေဆရာတော်၊ အင်ကြင်းပင်ဆရာတော်"**ဟု ထင်ရှားသည့် ဆရာတော်ကြီး ဦးကုမာရ၏ အောက်မေ့တသလွမ်းဆွတ် ကြည်ညိုဖွယ်သော ပုံရိပ်များကို တင်ပြလိုက်ပါသည်။

တစ်နှစ်လျှင် ကျောက်ဆည်ဝေဘူချောင်တွင် လေးလ၊ ရွှေဘိုအောင်မြေကျောင်းတိုက်တွင် လေးလ၊ ရွှေဘိုမြို့မြောက်ဘက် (၁၅)မိုင်အကွာရှိ ခင်ဦးမြို့နယ်ရှိ အင်ကြင်းပင်တောရ ကျောင်းတိုက်တွင် လေးလ သီတင်းသုံးလေ့ရှိပါသည်။

ဆရာတော်ကြီးသည် သီလဂုဏ်၊ သမာဓိဂုဏ်၊ ပညာဂုဏ်တို့ဖြင့် ပြည့်စုံတော်မူရကား ပစ္စည်းလေးပါး ဒါယကာများ များစွာရှိပါသည်။ ဆွမ်း၊ သင်္ကန်း၊ ကျောင်း၊ ဆေးတို့ဖြင့် လွန်စွာ ပြည့်စုံတော်မူပါသည်။ ဆရာတော်ကြီးအား သင်္ကန်းကပ်လှူကြသူများကို ဆရာတော်ကြီးမှ ဝတ်ရုံဆဲ သင်္ကန်းများကို စွန့်ပေးပါသည်။

ထိုသင်္ကန်းတော်များကို ဘုရားစင်ဘေးတွင် ကိုးကွယ် ပူဇော်ထားသော ဦးကောက်၊ ဒေါ်လှရင်ဟူသော တရုတ်မိသားစု ရှိပါသည်။ ရွှေဘိုမြို့ကြီး မီးလောင်ခဲ့ရာ ဦးကောက်၏အိမ် အရှေ့၊ အနောက်၊ တောင်၊ မြောက်ရှိ အိမ်အားလုံး မီးထဲပါကြသော်လည်း ဦးကောက်၏အိမ်မှာ မီးဘေးမှ ကင်းလွတ်ခဲ့ပါသည်။ ထိုသင်္ကန်းတော်များကို ကြည်ညိုနိုင်ကြရန် ဖော်ပြထားပါသည်။

ဆွမ်းကိစ္စအတွက် ဆရာတော်ကြီးနှင့်တကွ ကျောင်းတိုက်ရှိ သံဃာတော်များ ရွှေဘိုမြို့အတွင်းသို့ နေ့စဉ် ကြွပြီး ဆွမ်းအလှူခံ ချီးမြှောက်ပါသည်။ စာရေးသူတို့ ရပ်ကွက်သို့ ဗုဒ္ဓဟူးနေ့တိုင်း ကြွရောက်ပြီး ဆွမ်းအလှူခံပါသည်။ စာရေးသူတို့မိသားစု (ဗုဒ္ဓဟူးနေ့တိုင်း) အောင်မြေဆရာတော်ကြီး ရှိစဉ်ကကဲ့သို့ပင် ဆွမ်းလောင်းကြပါသည်။

ဆရာတော်ကြီး အသက်အရွယ်တော် ကြီးရင့်လာသောအခါ ခြေကျင်မကြွနိုင်တော့ဘဲ (အောင်မြေကျောင်းတိုက်နှင့် ဆွမ်းခံရပ်ကွက်အထိ အသွားအပြန် လေးဖာလုံခန့် လျှောက်ရပါသည်။) ကားဖြင့် ကြွပါသည်။ ဆရာတော်ကြီးအား ကားတံခါး ဖွင့်ပေးပြီး ဆရာတော်၏ သပိတ်ကို ဥပါသကာမှ ပွေ့ပြီး အလှူခံပါသည်။

ထိုသို့ကားဖြင့် ဆွမ်းခံကြွရာတွင်

www.burmeseclassic.com



▲ အောင်မြေ ထေရ်ဆရာတော်ကြီး ဓာတ်တော်ကြွတ်ကို ဆွဲ.ပိုက် ပင့်ဆောင်ပြီး ဓာတ်တော်ပူဇော်ပွဲလှည့်နေပုံ


▼ အောင်မြေ ထေရ်ဆရာတော်ကြီး ရွှေဘိုမြို့အောင်မြေတွင် သီတင်းသုံးခဲ့စဉ်က စီးခဲ့သော ဂျစ်ကား






www.burmeseclassic.com

www.burmeseclassic.com



◆ ဆရာကြီးဦးဘခင်(ဓမ္မာရာမ်မင်းကြီး) ရဟန်းပြုသောသိမ် [အင်းကြင်းပင် တောရကျောင်း၊ ခင်ဦးမြို့]


◆ အောင်ဇေယျ ထေရ်ဆရာတော်ကြီး တရားထူးရသော ကမ္မဋ္ဌာန်းကျောင်း
(အင်းကြင်းပင်ကျောင်းတိုက်၊ ခင်ဦးမြို့)





www.burmeseclassic.com

www.burmeseclassic.com



◆ အောင်မြေ ထေရ်ဆရာတော်ကြီး တရားထူးရသော ကမ္မဋ္ဌာန်းကျောင်း အနီးရှိ
အောင်တော်မူ ဓေကန် (အင်ကြင်းပင်ကျောင်းတိုက်၊ ခင်ဦးမြို့)

ရွှေဘိုမြို့၊ အမှတ်(၇)ရပ်ကွက်၊ ကျီကုန်းရပ်မှ ဦးဘို၊ ဒေါ်ရင်ရင်တို့၏ ''ကောင်ဆယ်''ကားဖြင့် ကြွပါသည်။

ကားအလှူရှင်များ ပေါ်ပေါက်လာပြန်သဖြင့် ရွှေဘိုမြို့၊ ချီပါစုရပ်မှ အထည်ကုန်သည် ဦးကိုလေး၊ ဒေါ်လှရွှေတို့၏ ''ဗောက်ဆော''ကား၊ အမှတ်(၄)ရပ်ကွက်၊ ''ဇော်''အထည်လက်ကားရောင်းဝယ်ရေး ဦးလှရှောင်၏ ''မေဖလားဝါးကား''၊ ဈေးတန်းရပ်နေ ကျောက်မြောင်းဆီစက်ပိုင် ဘကြီးဝမ်း၏ ''မာဇဒါဆီဒင်ကား''နှင့် ရွှေဘိုမြို့ ဝန်တော်အိမ်ရပ်နေကျောင်း ဆရာကြီး ဦးအုန်းမောင်၏ ''ဝီလီဂျစ်ကား''တို့ဖြင့် အလှည့်ကျ ဆွမ်းခံကြွတော်မူပါသည်။

ဆရာကြီး ဦးအုန်းမောင်မှာ အသန့်အပြန့် အလွန်ကြိုက်သူဖြစ်သဖြင့် သူ့ကားလေးကို အမြဲတမ်း ဝင်းလက်နေအောင် တိုက်ချွတ်ထားပါသည်။ အောင်မြေဆရာတော်ကြီး ပျံလွန်တော်မူပြီးသည့်နောက် ထိုကားကို သီတင်းနေ့တိုင်း ဆုတောင်းပြည့် ဘုရားဓမ္မာရုံ၌ သီလပေး ကြွရောက်တော်မူသော ဆရာတော်များကို ပင့်ဆောင်ပေးပါသည်။

ချမ်းမြေ့ကမ္မဋ္ဌာန်းတိုက် ဆရာတော်၊ အောင်ဆုပန် ကမ္မဋ္ဌာန်းတိုက် ဆရာတော်များ သွားရေးလာရေးတွင် လိုက်ပါပို့ဆောင်ပေးပါသည်။ ဂျစ်ကားလေးကို ရှေးဟောင်း အမှတ်တရ (ANTIQUE)အဖြစ် ပြသလိုက်ပါသည်။

ဆရာတော်ကြီးအား အမေရိကန် သီလရှင်(ဗုဒ္ဓဘာသာ)မှ လှူထားသော ''ပလိုင်းမောက်'' ကားတစ်စင်းလည်း ရှိပါသေးသည်။ ကျောက်ဆည် ဝေဘူတောင်မှ ခင်ဦးအင်ကြင်းပင်သို့ ကြွလာလျှင် ထိုကားဖြင့် ကြွပါသည်။

လွန်ခဲ့သော (၄)နှစ်ခန့်က ထို ''ပလိုင်းမောက်''ကားလေးကို ကြည့်ခဲ့ရာ ကားဂိုဒေါင်အတွင်း(အင်ကြင်းပင်တောရကျောင်းတိုက်အတွင်း) ပျက်စီးနေသည်ကို မြင်ခဲ့ရပါသည်။

၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလတွင် ထိုကျောင်းသို့ ရောက်သော် ကားဂိုဒေါင်သာ ကျန်နေပြီး ကားမတွေ့ရသဖြင့် စုံစမ်းကြည့်ရာ ခင်ဦးမြို့ပေါ်မှ ဒါယကာတစ်ဦးက ပြင်နေကြောင်း ကြားသိမှတ်သားခဲ့ရပါသည်။

အောင်မြေကျောင်း၌ လစဉ် လပြည့်နေ့တိုင်း အောင်မြေ ဆရာတော်ကြီး ကိုယ်တိုင် ဓာတ်တော်ကြုတ်ကို ရင်ဝယ်ပွေ့ပိုက်ပြီး ဓာတ်တော်ပူဇော်ပွဲ ပြုလုပ်ပါသည်။ နောက်ပိုင်းတွင် ဓာတ်တော်ကြုတ်ကို ဦးငြိမ်းမောင် ဒေါ်ချစ်ချစ်


www.burmeseclassic.com



▲ ဆွမ်းစားပြီးတိုင်း ခွေးနှင့် ကျေးငှက်တို့အား ကိုယ်တိုင်ကျွေးနေသော တောရဆရာတော်

▼ အင်ကြင်းပင် အောက်ခြေ တောရဆရာတော်ကြီး၏ သင်္ကန်းတော်များ

ရွှေဂူကြီး ဝန်တော်အိမ်ရှေ့ ဦးကောက်၏ နေအိမ်တွင် ယနေ့ထိ ပူဇော်မြဲရှိပါသည်





www.burmeseclassic.com

www.burmeseclassic.com



▲ ဆရာကြီးဦးဘခင်၏ ဆံပင်မြိတ်များ တင်ထားခဲ့သော ဗောဓိပင် (အင်ကြင်းပင်ကျွန်းတိုက်)

▼ ကောင်းမြဲ ထေဒ့ဆရာတော်ကြီး ပရလောကသားတို့အား
ညစဉ် သန်းခေါင်ယံကျော်လျှင် တရားဟောလေ့ရှိသော ဇရပ် (လှေကားတော်မဏ္ဍပ်)





www.burmeseclassic.com

www.burmeseclassic.com



▲ အောင်မြေ ဝေဘူဆရာတော်ကြီး ရှိစဉ်ကကဲ့သို့ ဆွမ်းခံကြွလာသော
အောင်မြေကျောင်းတိုက်မှ သံဃာ(၁၀၅)ပါး

"စိတ်ကြိုက်ဓာတ်ပုံတိုက်" မိသားစု၏ ဂျစ်ကားပေါ် ပင့်ဆောင်ပြီး လှည့်လည် ပူဇော်ခဲ့ပါသည်။

ဓာတ်တော်ကြုတ် ပင့်တင်လာ သောကားကို ပန်းမျိုးစုံတို့ဖြင့် လှပ ဆန်းကြယ်စွာ ဆင်ယင်ကြပါသည်။ ထို့နောက် ဓာတ်တော်လှည့်ပွဲတွင် ဦးကိုလေး၏ကား၊ ဦးလှမောင်၏ကား၊ ဘကြီးဝမ်း၏ကားနှင့် ဆရာကြီး ဦးအုန်း မောင်တို့၏ ကားများပါ စီတန်း၍ ဓာတ်တော်လှည့် အပူဇော်ခံပါသည်။ ဓာတ်တော်အပူဇော်ခံ လှည့်နေစဉ် စည်နှင့် ကြေးနောင်ကို အဆက်မပြတ် တီးပေးကြပါသည်။

ဓာတ်တော်လှည့်ပွဲကို ပိုပြီး စည်ကား သိုက်မြိုက်စေရန် ရွှေဘိုမြို့ စိတ်ကြိုက် ဓာတ်ပုံတိုက်ပိုင်ရှင် ဦးငြိမ်းမောင်၊ ဒေါ် [illegible]စ်ချစ်တို့မှ (ရွှေဘိုအခေါ်) လှော်ကတေ [illegible]ာ်တီးဝိုင်းဖြင့် တီးမှုတ်ပူဇော်ပါ သည်။

ရွှေဘိုဒေသအခေါ် လှော်ကတော် တီးဝိုင်း ဆိုသည်မှာ စည်အရှည်၊ စည်အတို၊ မောင်းကြီး၊ လင်းကွင်းတို့ကို သာ သုံးပါသည်။ နဲ့နှင့် ပတ္တလားတို့မှာ ချွဲသံ ပါသဖြင့် ထည့်သွင်း တီးမှုတ်ခြင်း မပြုပါ။

ယနေ့အထိ အောင်မြေကျောင်း တိုက်ဆရာတော် ဦးအဂ္ဂမှ ဓာတ်တော် လှည့်လည်အပူဇော်ခံပွဲကို ရှေးကဲ့သို့ပင် လှော်ကတော် ခေါက်၍ လှည့်လည် အပူဇော်ခံပါသည်။

**အင်ကြင်းပင် တောရကျောင်းတိုက်**

**ကြီးတွင် ပရလောကသားတို့အား အောင်မြေဆရာတော်ကြီး ညစဉ် သန်းခေါင်ယံအချိန် တရားဟောတော် မူရာ ဇရပ်ကြီးမှာ ထူးခြားလှပါသည်။ ရှိတို့ခန့် မြင်သော်လည်း အတက် အဆင်းလုပ်ရန် လှေကားမရှိပြီ။**

အင်ကြင်းပင် ကျောင်းတိုက်တွင် အောင်မြေ ဝေဘူဆရာတော်ကြီး သီတင်းသုံးခဲ့စဉ်က မမှဖခင်ကြီး ဦးဘခင် (မြန်မာနိုင်ငံငွေစာရင်းမင်းကြီး) နှင့် ဖေယျာမောင်ဦးကိုလေး (မန္တလေး တက္ကသိုလ်ကျောင်းအုပ်ကြီး)တို့ ဒုလ္လဘ ဝတ်ကြပါသည်။

**ဦးဘခင်အား ဆံချစဉ် ဆံပင် ဖြတ်စများကို ဝေဘူဆရာတော်မှ ဖောဓိပင်(ဗုဒ္ဓဂယာမှ ပင့်ဆောင်လာ သည်။)သုံးပင်အနက် အနောက်ဘက် ဆုံး အပင်ကိုင်းကြားတွင် တင်ထား လိုက်သည်ဟု ဆိုပါသည်။ ထိုဆံပင် ဖြတ်စများသည် လေတိုက် မိုးရွာ သော်လည်း အောက်သို့ မကျပါချေ။ ယခုအခါ ဗောဓိပင်၏အလယ်သို့ ရောက်ရှိနေပြီဟု ဆိုပါသည်။ ထို ဗောဓိပင်ပုံကို တင်ပြလိုက်ပါသည်။**

မသိသေးသော ဝေဘူဆရာတော် ကြီး၏ အကြောင်းခြင်းရာများကို သိရှိ ကြပြီး တိုး၍ ကြည်ညိုနိုင်ကြပါစေရန် ရည်ရွယ်ပါသည်။

ဝေစည် (ရွှေဘို)

**စာရှုသူ သူတော်သီနှင့် ပ်ုသနာရှင်များသို့. . .**

**မိမိတို့ဒေသရှိ ဆရာတော်ကြီးများ၊ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။**

**ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွက်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို သမိုင်းမှတ်တမ်းတင်ပြီး ဖြစ်ပါလိမ့်မည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်ကုသိုလ်တော်ယူကြပါရန် မေတ္တာရပ်ခံ ပန်ကြားအပ်ပါသည်။**

**လေးစားစွာဖြင့်. . .**

**ဦးကျော်မိုးသိန်း**

**စာတည်းမှူး**



www.burmeseclassic.com

www.burmeseclassic.com




တိုင်းရင်းဆေးဝါးမှတ်ပုံတင် 0412 YR 004687
လိုင်စင် ၇/၂၀၀၈၊ တာဆထလ (တိုး)-၁၃၁၂

အဆီကျအကြောပြေ ဆီး၊ ဝမ်း၊ မှန်စေတဲ့

# မုံရွာ ဆရာမိုး ရဲ့
# ရှောက်တစ်လုံးဝမ်းမှန်ဆေး

ကြော်ငြာခွင့်ပြုချက်အမှတ် တဆဝက (စာနယ်ဇင်း) ၁၃၀/၀၁၁၁၄

"ကိုဇော်ရဲနိုင်ကို ကြည့်လိုက်ရင် သွက်လက်ပေါ့ပါးဖျတ်လတ်နေတာပဲ၊ အသားအရေ စိုပြည်ပြီး အဆီတွေလည်းကျ၊ အသားတွေလည်း ကျစ်လျစ်လာတယ်။ ဆေးကောင်းတစ်လက်တွေ့ထားပြီထင်တယ်။ ဆေးကောင်းရှိရင် လက်တို့သတင်းပေးပါဦး"

"သွက်လက်ပေါ့ပါးဖျတ်လတ်ဆို **မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေး** လက်ကိုင်ထားလို့ပါ။ ကျန်းမာရေးရှုထောင့်ကကြည့်ရင် နေ့စဉ်နေ့တိုင်း ဆီး၊ ဝမ်း၊ သွေး၊ လေ မှန်,မမှန် မိမိကိုယ်တိုင် ဆန်းစစ်ပြီး ပြုပြင်နေထိုင်သွားဖို့လိုတယ်မဟုတ်လား။ လူသားတိုင်း ကျန်းမာဖို့ ဓာတ်ကြီးငါးပါးညီညွတ်မျှတပြီး မဖောက်ပြန်ဘဲ ဝင်လမ်း၊ ထွက်လမ်း မှန်ကန်ခြင်းရှိဖို့ လိုအပ်ပါတယ်။ ဂီတနယ်မှာ စည်းနဲ့ဝါးဟာ အဓိကကျသလို လူသားတိုင်း ကျန်းမာဖို့ဆိုရင် ဆီးနဲ့ဝမ်းဟာ အဓိကကျပါတယ်။ ဝမ်းတစ်လုံးကောင်း ခေါင်းမခဲဆိုတဲ့ စကားရပ်လည်းရှိတယ်မဟုတ်လား'

"ဟုတ်ပါ့ဗျာ. . . ဒါထက် ကိုဇော်ရဲနိုင် အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ဝမ်းမှန်ဆေးဟာ ဝမ်းမှန်ရုံသက်သက် စားတာလား၊ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြဦးမှပေါ့"

"ကျွန်တော်တို့မိသားစု အမြဲသုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ဝမ်းနုတ်ဆေးမဟုတ်သလို ဝမ်းမှန်ရုံသက်သက်မဟုတ်ဘဲ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်သလဲဆိုရင် အဲဒီဆေးကို နေ့စဉ်မှန်မှန် သုံးစွဲခြင်းဖြင့် လေငန်းလေဖြတ်ရောဂါဖြစ်ခြင်း၊ သွေးတိုးသွေးတက်ခြင်း၊ နှလုံးအဆီဖုံး, အသည်းအဆီဖုံးခြင်းတို့ကို ကာကွယ်ပြီး ဇက်ကြောထိုးခြင်း၊ ခြေ၊ လက်များ ထုံကျဉ် ကိုက်ခဲလေးလံခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ လေကြောင့်ဖြစ်သော ဗိုက်နာ, ဗိုက်အောင့်ဖြစ်ခြင်း၊ အတွင်းလိပ်, အပြင်လိပ်ဖြစ်ခြင်း၊ သွေးကျခြင်း၊ ဆီး,ဝမ်း,လေ ချုပ်ခြင်း၊ ဆံပင်ဖြူခြင်း၊ မျက်စိမှုန်ခြင်း၊ ကိုယ်လက်လေးလံထိုင်းမှိုင်းပြီး ညောင်းညာကိုက်ခဲခြင်း၊ ခံတွင်းနံ့ဆိုးခြင်း၊ ချွေးနံ့မကောင်းခြင်း၊ မျက်နှာပေါ်တွင် ဝက်ခြံ, တင်းတိပ်များထွက်ခြင်း၊ အသားအရေ အက်ကွဲခန်းခြောက်ခြင်း၊ စိတ်ဖိစီးမှုများ၍ ကိုယ်လက်မအီမသာဖြစ်ခြင်း စတဲ့ ရောဂါများကို သက်သာပျောက်ကင်းစေပါတယ်။

ခန္ဓာကိုယ်တွင်းရှိ ပိုလျှံနေသောအဆီများကို လျော့ကျစေပြီး အပူ၊ အပုပ်၊ အညစ်ကို ယူထုတ်ပစ်သလို ကင်းစင်စေရုံမက ကိုယ်ဝန်ဆောင်မိခင်များ နေ့စဉ်သုံးစွဲခြင်းဖြင့် ဆီး၊ ဝမ်း၊ လေ မှန်ကန်၍ မွေးဖွားရလွယ်ကူပြီး ကလေးတွင် လေနာကင်းကာ ကျန်းမာစေခြင်း စတဲ့ အကျိုးကျေးဇူးတွေ ခံစားစေနိုင်ပါတယ်"

"ကိုဇော်ရဲနိုင်တို့မိသားစု သုံးစွဲနေတဲ့ မုံရွာဆရာမိုးရဲ့ ရှောက်တစ်လုံးဝမ်းမှန်ဆေးဟာ ကျား/မ စွယ်စုံရတဲ့ ဆေးကောင်းတစ်လက်ပဲဗျို့။ ကျွန်တော်လည်း သုံးမယ်ဗျာ။ ကျွန်တော်တို့ ခင်ဗျားတို့လို စာရေးဆရာ၊ ပန်းချီဆရာ၊ ကွန်ပျူတာသမားတွေ၊ အညောင်းထိုင်သူတွေ၊ အဆီများ အဝလွန်သူတွေ၊ တစ်ကိုယ်လုံးလေးလံထိုင်းမှိုင်း ညောင်းညာကိုက်ခဲနေသူများအတွက် ဒီဆေးက ဝမ်းနုတ်ဆေးမဟုတ်လို့ နေ့စဉ်မှန်မှန်သုံးစွဲဖို့ လက်ကိုင်ထားရမယ့် ဆေးကောင်းတစ်လက်မို့ ဆေးရဲ့ကောင်းခြင်းဂုဏ်သတင်းကို အပေါင်းအသင်းတွေသိအောင် ရေးသွင်းကြေညာလိုက်ချင်ပါရဲ့ဗျာ"

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံးသို့ဖြန့်ချိပေးနေပါပြီ၊

**ပင်ရင်း - မုံရွာ-ဆရာမိုး** တိုင်းရင်းဆေးဝါးထုတ်လုပ်ရေးနှင့်ဆေးကုခန်း


အမှတ်-၅၂/၃၅၆၊ မေဓာဝီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၁-၆၉၀၅၈၇၊ ၀၉-၅၁-၈၈၆၃၂

မုံရွာဆရာမိုး - ဖုန်း-၆၉၉၆၁၁ လိုင်းခွဲ (၃၄၇)၊ ၆၉၀၄၅၆ လိုင်းခွဲ (၃၄၇)



www.burmeseclassic.com

www.burmeseclassic.com



ကုံလုံကျောင်းမှ လှမ်းမြင်ရသော ဗိမာန်တော်

# ဂျွန်တောင်မှ

မြတ်သမဏအား ဝတ်တွားပူဇော်မှု ခရီးစဉ် (၁)

ခိုင်းသည် သုတေသီ

ဂျွန်တောင်သည် **ပင်းတယမြို့နယ်၊ ထယ်သွန်းကျေးရွာအုပ်စုအတွင်း** တည်ရှိပါသည်။ ဤတောင်မှ တောင်စောင့်နတ်များက သူတို့နေရာ ဂျွန်တောင်သို့ ကြွရောက် သာသနာပြုတော်မူပါရန် အကြိမ်ကြိမ် လျှောက်ထားတောင်းပန်မှုကြောင့် ကုံလုံဆရာတော် အရှင်တေဇနိယသည် ၁၉၅၇ ခုနှစ်တွင် ကြွရောက်သီတင်းသုံးတော်မူသည်ဟု သိရသည်။

**ဂျွန်တောင်ဟု တွင်ခြင်းမှာ ရှေးအခါက ဂျွန်မင်းကြီး နေထိုင်ကျက်စားရာ ဒေသဖြစ်၍ ခေါ်တွင်ကြောင်း၊ ကုံလုံဆရာတော်ကိုယ်တိုင် မိန့်ကြားခဲ့သည် ဆို၏။**

ကုံလုံဆရာတော်ဟု ခေါ်တွင်ရခြင်းကို သေချာစွာ စုံစမ်း၍ မရခဲ့ပါ။ ဒေနအသံဖြင့် ဂျွန်ကို ကုံလုံဟု ခေါ်ဟန်ရှိကြောင်းသာ မှန်းဆ ပြောပြကြသည်။

ကုံလုံဆရာတော် ဦးတေဇနိယနှင့် ပတ်သက်၍ ထူးခြားဖြစ်စဉ် ကြည်ညိုဖွယ်များကို စာနယ်ဇင်းများ၌ အကြိမ်ကြိမ် ဖတ်ရှုခဲ့လေရာ ယခုတစ်ခေါက် ရှမ်းပြည်နယ်တောင်ပိုင်း မြေလတ်ဒေသသို့ ရောက်ရှိစဉ် ဂျွန်တောင်သို့ သွားရောက်ကြည်ညိုဖြစ်ခဲ့လေသည်။

ပင်းတယမြို့မှ အရှေ့မြောက်ယွန်းယွန်း ကတ္တရာလမ်းအတိုင်း ဆိုင်ကယ်ဖြင့် (၁၀)မိနစ်ခန့် သွားပြီးနောက် လက်ယာဘက်တွင် ကုံလုံဆရာတော်ကျောင်းသို့ သွားရာလမ်းခွဲကို ဆိုင်းဘုတ်နှင့် တကွမြင်ရသည်။

ထိုလမ်းခွဲအတိုင်း (၁၅)မိနစ်ခန့် မောင်းနှင်ပြီးသောအခါ ကုံလုံဆရာတော် ကျောင်းတိုက်ဝင်းသို့ ရောက်ရှိသည်။

ကျောင်းဝင်း၏ မြောက်စူးစူး ကုန်းမြင့်ထိပ်တွင် ဆရာတော်၏ မပုပ်မပျက်သော ရုပ်ကလာပ်တော် ပူဇော်ထားရာ စဉ့်ကျောင်းဗိမာန်တော်ကို လှမ်းမြင်ရ





www.burmeseclassic.com

www.burmeseclassic.com



ကံ့လုံဆရာတော်ဗိမာန်ကို တောင်ဘက်မှ မြင်ရစဉ်

သည်။ ဗိမာန်တော်သို့ သွားရောက်ဖူးမြော်ဖြစ်ခဲ့သည်။

## ဖူးမြော်ရစဉ်

စံကျောင်းတော်မှာ စဦ့အုတ်များဖြင့် (၈)မြှောင့်ပုံ တည်ဆောက်ကာ ကျုံးပတ်လည် ဝန်းရံထားလေသည်။ စံကျောင်းအတွင်း၌ ဆရာတော်၏ ရုပ်ကလာပ်တော်ကို မှန်ခေါင်းအတွင်း ဖူးတွေ့ရသည်။

ပုပ်ပျက်ခြင်းမရှိ၊ အနံ့ဆိုးများ မထွက်ဘဲ ဆံတော်များ ရှင်သန်ရှည်လျားနေသည်ကို သတိပြုမိသည်။ လက်ယာဘက် မျက်လုံးတော် ပွင့်လျက်ရှိသည်။

ခေါင်းရင်းဘက်တွင် ဆရာတော်၏ ကြေးသွန်း တင်ပျဉ်ခွေရုပ်တုတော်နှင့် ရယ်ပြုံးနေသော ကိုယ်တစ်ပိုင်း ဓာတ်ပုံကြီးကို ပူဇော်ထားသည်။



သက်ရှိစဉ်မခြား မြင်တွေ့ရသော ရုပ်ကလာပ်တော်

ရုပ်ကလာပ် တင်ပူဇော်ရာ ပလ္လင်ခြေ၌ ရုပ်ကလာပ်တော်၏ ထူးခြားချက်များကို ကမ္ပည်းတင် ချိတ်ဆွဲထားသည်။

၁။ ဦးခေါင်းမှ ဆံတော်များ ရှည်ထွက်နေ ခြင်း။

၂။ လက်ယာဘက် မျက်လုံးတော် ပွင့်လျက်ရှိခြင်း*(ဆရာတော် သက်တော်ထင်ရှား ရှိစဉ်အခါက လက်ဝဲဘက် မျက်လုံးဖွင့်လျက်၊ လက်ယာဘက်မျက်လုံး မှိတ်လျက်ရှိသည်။)*

၃။ လက်ဝဲဘက်ပါး ဖောင်း၍ ပြုံးသော်မှုဟန်ရှိခြင်း။



www.burmeseclassic.com

www.burmeseclassic.com

၄။ ခြေသည်းများ ရှည်ထွက်နေခြင်း။
၅။ ခြေဖဝါးရှိ ကြာဖူးကြာပွင့်ပုံစံ အရေးအကြောင်း မပျက်မပဝါး ထင်ရှားစွာ ရှိသဲဖြစ်ခြင်း။
၆။ (၂၀-၁-၂၀၁၀)နေ့တွင် ဦးခေါင်းတော် လက်ယာဘက်၌ သွေးကြောတစ်ကြောင်း ပေါ်လာ၍ သွေးရှိကဲ့သို့ ဖောင်းတင်းနေခြင်း။
၇။ မေးစေ့တော် ဝင်းဝါ၍ စိုစွတ်နေခြင်း
စသည်တို့ ဖြစ်ကြသည်။

ဆရာတော် ကြိုတင်မိန့်မှာချက်အရ ရုပ်ကလာပ်တော်ကို မြေမြှုပ်ခြင်း၊ မီးရှို့ခြင်း၊ ရေမျှောခြင်း၊ ခြေမကြိုးချည်ခြင်း၊ ဒွါရပေါက်များ ပိတ်ဆို့ခြင်း စသည် မပြုလုပ်ဘဲ ပူဇော်ထားခြင်းဖြစ်ကြောင်း သိရှိရသည်။

## ထေရုပ္ပတ္တိအကျဉ်း

ကံ့လုံဆရာတော် လောင်းလျာကို ရှမ်းပြည်နယ်တောင်ပိုင်း၊ ပင်းတယမြို့နယ်၊ ထယ်သွန်းကျေးရွာအုပ်စု၊ တမဲရွာနေ ဦးတူး၊ ဒေါ်ထွေးမိတို့မှ ၁၂၆၉ ခုနှစ်၊ နှောင်းတန်ခူးလဆန်း(၄)ရက် စနေနေ့ ညနေ (၆)နာရီတွင် မွေးဖွားခဲ့သည်။ ငယ်မည် မောင်ထွန်းသာဖြစ်၍ နေတိုင်းရင်းသားဖြစ်သည်။ မွေးချင်း (၈)ယောက်အနက် အငယ်ဆုံးသားဖြစ်သည်။


အသက်(၃)နှစ်အရွယ်တွင် မိဘနှစ်ပါး ကွယ်လွန်၍ အသက်(၁၃)နှစ်တွင် ရှင်သာမဏေဘဝဖြင့် မန္တလေးမြို့ အာသောကာရာမတိုက် ကံသာကျောင်းတွင် စာဝါသင်ယူခဲ့သည်။

အသက်(၂၀)ပြည့်သောအခါ ရွာသို့ပြန်ကြွလာကာ ဘုရားနီကျောင်း ခဏ္ဍသိမ်တွင် ဘော်တွင်းနယ်၊ **ငွေတောင်ကျောင်း(ခွေးကုပ်ကျောင်း)** ပဒိုင်းဆရာတော် အရှင်ကိတ္တိကို ဥပဇ္ဈာယ်ပြု၍ ၁၂၈၉ ခုနှစ်၊ ဝါဆိုလဆန်း




အဂ္ဂိကသာဒိ ဘုရားနှင့် ကံ့လုံဆရာတော်

ကံ့လုံဆရာတော်၏ရုပ်တု





www.burmeseclassic.com


www.burmeseclassic.com

(၄)ရက်နေ့၌ ရဟန်းဘောင်သို့ ရောက်ရှိခဲ့သည်။ ဘွဲ့မည် အရှင်တေဇနိယဖြစ်သည်။

**(ဆရာတော်၏ ထေရုပ္ပတ္တိတွင် အသက်(၁၉)နှစ် (၆)လပြည့်သောနေ့ဟု ဖော်ပြထားသော်လည်း (၁၉) နှစ် (၃)လခန့်သာ ရှိသည်ကို တွေ့ရ၏။)**

ရဟန်းဖြစ်ပြီး (၂)ဝါ ရသောအခါ မန္တလေးမြို့၊ မော်လမြိုင်ကျောင်းတွင် စာဝါသင်ယူ၍ ရဟန်း(၄)ဝါအရတွင် ပင်းတယမြို့နယ်၊ ပွေးလှုမြို့၊ ကျောက်တောကျောင်း ဆရာတော် ဦးဝိစိတ္တ ထံမှ ပိဋကတ်စာပေများ၊ ဆေးဝါး၊ မန္တရား၊ အလင်းဝိဇ္ဇာ ပညာရပ်များ၊ ပန်းချီပညာများ သင်ယူလေ့လာခဲ့သည်။

ထို့နောက် ပွေးလှုမြို့၊ ရေဖြူကျောင်း၊ ကလောမြို့ သဲကုန်းကျောင်းတို့တွင် သီတင်းသုံးနေထိုင်ပြီး ၁၃၀၀ ပြည့်နှစ်တွင် ကုန်းသာရွာ ဝါးတဲကျောင်းသို့ ပြောင်းရွှေ့သီတင်းသုံးသည်။



ကျောင်းတွင်းမြင်ကွင်း

ထိုစဉ်ကာလ ကန်တော့ဆရာတော် အရှင်အာဒိစ္စက ပဋိပတ်အလုပ်ကိုသာ အာရုံစိုက်စူးစိုက် အားထုတ်ပါရန် တိုက်တွန်းမိန့်ကြားသဖြင့် ကုန်းသာရွာတွင် ပဋိပတ်အလုပ် စတင် ကြိုးစား

နောက်ဆုံး သီတင်းသုံးခဲ့သည့် သီရိစကြာရတနာကျောင်း



www.burmeseclassic.com

www.burmeseclassic.com



ကံ့ကူလုံးဆရာတော် မွမ်းမံခဲ့သည့် စေတီအချို့

တော်မူသည်။

၁၃၀၄ ခုနှစ်တွင် ဘုရားနီရွာကျောင်း ဆရာတော် ဦးအာသဘ ပျံလွန်တော်မူရာ ဒါယကာများ လျှောက်ထားချက်အရ ဘုရားနီကျောင်းဆရာတော်အဖြစ် ကြွရောက်တာဝန်ယူရသည်။

ထိုကျောင်း၌ သီတင်းသုံးချိန်၌ စ,၍ ရာသက်ပန် အသွေးအသားလွတ် စားသုံးရန် အဓိဋ္ဌာန်ပြုခဲ့သည်။ ယင်းကာလတွင် ဆဋ္ဌသင်္ဂါယနာ တင်တော်မူရန် ပင်းတယမြို့နယ် သံဃာကိုယ်စားလှယ်အဖြစ် ကြွရောက်ခဲ့သည်။

၁၃၁၆ ခုနှစ်တွင် ပစ္စည်းလေးပါးကို စွန့်လှူကာ အောင်မင်္ဂလာဂူတွင် အရညဝါသီ တောမှီကျင့်ကြံတော်မူသည်။ ၁၃၁၈ ခုနှစ်တွင် ဘော်နှင်းဂူသို့ ပြောင်းရွှေ့အားထုတ်ရာ ညဉ့်အခါ ဂူအတွင်း၌ အလင်းရောင်များ ထိန်လင်းနေသည်ကို အနီးအနား ရွာသားများ မြင်တွေ့ကြရသည်ဆို၏။

ထိုမှ နှစ်ဖာလုံခန့်အကွာ ကျားတွင်းဂူသို့ ပြောင်းရွှေ့သီတင်းသုံးရာတွင်လည်း ကျားများ၊ ကျားသစ်များက ဆရာတော်အနီးသို့ လာရောက်နမ်းရှုပ်ကာ ကြောင်လေးများသဖွယ် သိမ်မွေ့စွာ ပူဇော်၍ ပြန်ထွက်သွားကြသည်ဟု သိရသည်။

ထိုသို့ တစ်ပါးတည်း တောမှီသီတင်းသုံးနေစဉ် သွေးသားလွတ် အာဟာရများ လှူဒါန်းသူရှိလျှင် ဘုဉ်းပေး၏။ လှူသူ မရှိပါက သပိတ်ရေဆေးဖြင့်သာ တင်းတိမ်ရောင့်ရဲ၏။ ရက်ရှည်လများ ကပ်လှူသူ မရှိပါကလည်း ပင်ပန်းခက်ခဲခြင်း မရှိ၊ ပကတိ ကျန်းမာစွာ အားထုတ်နိုင်သည်ဟု သိရသည်။

သက်တော် (၅၀)ပြည့်သော ၁၃၁၉ ခုနှစ်(ခရစ်နှစ် ၁၉၅၇ ခုနှစ်)တွင် ဂျူနံတောင်မှ တောင်စောင့်နတ်များ အကြိမ်ကြိမ် တောင်းပန်လျှောက်ထားသဖြင့် ဂျူနံတောင်သို့ ကြွရောက်၍ သာသနာပြုတော်မူသည်။

**သက်တော်(၈၄)နှစ်အရွယ်** ၁၃၅၃ ခုနှစ်တွင် သာသနာပြု အဆင့်မြင့် **အဘိဓဇအဂ္ဂမဟာ သဒ္ဓမ္မဇောတိက ဘွဲ့တော်** ဆက်ကပ်ခြင်း ခံရသည်။

သက်တော် (၈၇)နှစ်(၁၃၅၆ ခုနှစ်)တွင်ဘုရားပွင့်ရာမဇ္ဈိမဒေသနှင့်အမေရိကန်နိုင်ငံ လော့စ်အိန်ဂျယ်လိစ်မြို့များသို့ ကြွရောက် သာသနာပြုခဲ့သည်။ ဆရာတော်ကြီး၏ မေတ္တာဓာတ်ကြောင့် အောင်မြင်မှု ရရှိကြောင်း နိုင်ငံခြားသားသာဝကများက အားရဝမ်းသာ လျှောက်ထားကြသည်။

သက်တော် (၈၉)နှစ်၊ ဂျူနံတောင် သီရိစကြာရတနာကျောင်းတွင် သီတင်းသုံးစဉ်ကာလ (၂၁-၁-၂၀၀၉)မှဒ္ဒဟူး

www.burmeseclassic.com

နေ့မှ စတင်၍ ကျန်းမာရေး ယိုယွင်းလာကာ (၃၀–၁–၂၀၀၄)သောကြာနေ့ နံနက် (၀၀း၁၅)နာရီတွင် ပျံလွန်တော်မူသည်။

**(ဂျုန်တောင် ကံ့ကော်ပင်အောင်မြေရှိ ကုံလုံဆရာတော် ထေရုပ္ပတ္တိကျောက်စာနှင့် ဦးအောင်မြင့်ထွန်း၊ ဦးမြင့်အောင်ရေး အုံ့ဖွယ်ကိုးဂုဏ် ထေရ်ကုံလုံ စာအုပ်တို့မှ ထုတ်နုတ်ပါသည်။)**

### စဥ့်ကျောင်းဗိမာန်တော်

ရှပ်ကလာပ်တော် ပူဇော်ထားရှိရာ စဥ့်ကျောင်းဗိမာန်တော်မှာ ဆရာတော်ကြီး ပျံတော်မမူမီ လပိုင်းအလိုတွင် ကိုယ်တိုင် ညွှန်ကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကုံလုံကျောင်းတိုက်ကြီး၏ မြောက်ဘက်ဘုမ္မိအရပ် ကုန်းမြေထက်တွင် ကျောင်းတော်တစ်ဆောင် ဆောက်လုပ်ရန် မှာကြားတော်မူသည်။

၁။ အပြင်မှကြည့်လျှင် စေတီ၊ အတွင်းသို့ ဝင်ရောက်ကြည့်ပါက ကျောင်းတော် ဖြစ်စေရန်။

၂။ အထွတ်ကို စေတီများကဲ့သို့ သံထီး စိုက်ထီး မတင်ရန်(အထွတ်တွင် ထားရှိရန် ဆရာတော်ကိုယ်တိုင် နှစ်ရှည်လများ သိမ်းဆည်းထားသည့် သလင်းညိုစိန်ဖူးတော်ကို တပည့်ဒါယကာတို့အား ပေးအပ်ခဲ့လေသည်။)

၃။ ပုံသဏ္ဍာန် အသုံးပြုသော ပစ္စည်းနှင့် ပြုလုပ်မှုလက်ရာတို့ကို အခြားသော ကျောင်းဘုရားစေတီပုထိုးတို့နှင့် မတူဘဲ တီထွင်ဆောက်လုပ်ရန်။

ဟူ၍ မိန့်မှာတော်မူသည်။ ထိုအခါ တမ္ဗဝတီ ဦးဝင်းမောင်က စဥ့်အုတ်များဖြင့် မြန်မာမှု အမွမ်းအပြောက်များ တန်ဆာဆင်ထားသည့် ဤကျောင်းပုံစံကို နှစ်ပတ်အတွင်း ရေးဆွဲကပ်လှူရာ ဆရာတော်က ဝမ်းမြောက်ဝမ်းသာ လက်ခံပြီးလျှင် စတင် ဆောက်လုပ်ရန် ညွှန်ကြားတော်မူသည်။ ထိုမှ လပိုင်းအတွင်း ပျံလွန်တော်မူသည်ဟု သိရသည်။



◆ ပါရမီကျောင်းတွင်မှ ရာကျော်ဆရာတော်ပုံ

ဗိမာန်တော်ကို အခြားသော ကျောင်းဘုရား စေတီများနှင့် သီးခြားဖြစ်စေရန် ကျုံးပတ်လည် ရံထားသည်။ ကျုံးအတွင်း ကြာဖူးများ ဖူးပွင့်နေကာ ဘေးမဲ့ငါးများလည်း တွေ့ရသည်။

ထိုငါးများအတွက် ကုန်းတော်၌ ရောင်းချသော အစာမှလွဲ၍ အခြားအစာများ မကျွေးကြပါရန် မေတ္တာရပ်ခံထားသည်ကို တွေ့ရသည်။

ရေမှာ ရေညှိများဖြင့် စိမ်းနောက်နောက်ရှိကာ အစာချကျွေးလိုက်မှ အပြေးအလွှား ဟပ်ယူငုပ်လျှိုးသွားသည့် ငါးကြီးများကို တွေ့ရသည်။ ကျုံးကူးတံတားများ ဆက်သွယ်ပေးထားသည်။

ဗိမာန်မှာ (၈)မြှောင့်ပုံ ကုလား



www.burmeseclassic.com

www.burmeseclassic.com



◄ ဆရာတော် သီတင်းသုံးခဲ့သော ပိဋကတ်ကျောင်း



ကုန်းလုံကျောင်းဝင်းတွင်းမှ ကုံးကျော်သင်ဆောင်ခြ ►

ကျောင်းလိုဏ်ခံကာ (၈)ပေါက် တပ်ထားသည်။ အထက်တွင် (၈)မြောင့်ပုံ စမြင်သုံးဆင့်နှင့် ထောင့်များတွင် ခိုနန်းချိုး (၅)ချိုးစီ တန်ဆာဆင်ထားသည်။ ထိုမှ (၈)မြောင့်ပုံ ဘုံပြာသာဒ် (၅)ဆင့်တင်ကာ အထက်၌ ပုဂံခေတ်ပုံစံစေတီ ထွတ်တင်ထားသည်။

ဗုဒ္ဓဝိဟာရမှ သံဃဝိဟာရအဖြစ် လျော်ညီစွာ အသုံးပြုနိုင်ရန် စိန်တောင်သုံးဆင့်၊ သရက်ကင်းလှေကားသုံးဆင့်မှ စိန်တောင်တစ်ဆင့်၊ သရက်ကင်းလှေကားတစ်ဆင့်သို့ လည်းကောင်း၊ အထွတ်စေတီပုံစံအောက်ရှိ ဘုံ(၇)ဆင့်အစား ဘုံ(၅)ဆင့်သို့ လည်းကောင်း ပြောင်းလဲတည်ဆောက်ခဲ့သည်။

**(၁၀-၁-၂၀၀၄)**နေ့ရက်၌ ပန္နက်တင်၍ **(၂၄-၃-၂၀၀၄)**နေ့တွင် အုတ်မြစ်ချ တည်ဆောက်ခဲ့ရာ **(၁၇-၉-၂၀၀၅)**နေ့တွင် ကျောင်းတော်အပ်ပွဲကို ကျင်းပနိုင်ခဲ့သည်။ ကျပ်သိန်းပေါင်း (၁၃၀၀၀)(တစ်သောင်းသုံးထောင်)ကျပ် ကုန်ကျခဲ့ကြောင်း အမှည်းကျောက်စာတိုင်တွင် လေ့လာသိရှိရလေသည်။

တံခါးရွက်များတွင် ဒွါရပါလနတ်ရုပ်နှင့် ဆင်ရုပ်၊ ခြင်္သေ့လည်ပြန်ရုပ်များကို သစ်ထွင်းရုပ်ကြွများအဖြစ် တွေ့ရသည်။ သဒ္ဒါကြည်လင် ဗိမာန်အလှူရှင်များအတွက် သိကြားရတနာများဖြင့် ချီးပစ်ပြုထားခြင်းဖြစ်ကြောင်း သိရသည်။

## ဆရာတော်၏ ထူးခြားချက်များ

သက်တော် (၁၅)နှစ်အရွယ်မှ စတင်ကာ ရာသက်ပန် သွေးသားလွတ် အာဟာရသာ ဘုဥ်းပေးခဲ့ရာ ခန္ဓာကိုယ်မှ အမွှေးနံ့များ ထွက်ပေါ်နေလေ့ရှိသည်။ အသီးအနှံများသာ စားသုံးလေ့ရှိသကဲ့သို့ ထူးခြားသော အသီးအနှံများလည်း ဆရာတော်ထံသို့ ရောက်လာတတ်သည်။

ဒက္ခိဏသာခါဘုရားပုံစံ ဘူးသီးဘုရား၊ ငန်းပုံသဏ္ဍာန်ဘူးသီး၊ ပြောင်းဖူးကြီးတစ်ဖူးကို ပြောင်းဖူးငယ် ရှစ်ဖူးက ဝန်းရံထားသော ပြောင်းဖူးစေတီ စသည်ဖြင့် ရောက်ရှိလာသည်ဟု သိရသည်။

ဒက္ခိဏသာခါ ဘူးဘုရားနှင့် အတူ ရိုက်ထားသော ဆရာတော်ကြီး ပုံတော်ကို ထပ်ဆင့် ရိုက်ကူးဖော်ပြလိုက်ပါသည်။

## တရားတန်ခိုးဖြင့် ကြိုးများပြေ

ဆရာတော်ကြီးသည် ဂျွန်တောင်တွင် သီတင်းသုံးခါစက လူဆိုးဓားပြများက ဒကာ၊ ဒကာမများ လှူဒါန်းထားသည့် ပစ္စည်းများကို ယူရုံတင်မက ဆရာတော်ကြီးအား ကြိုးဖြင့် တုပ်နှောင်ညှဉ်းပန်းကြလေသည်။

ဆရာတော်က လူဆိုးများကို အလှူခံပုဂ္ဂိုလ်သဖွယ် သဘောထားကာ လိုချင်သမျှ ရှာဖွေယူကြရန် စွန့်လွှတ် ခွင့်ပေးတော်မူသော်လည်း ကြိုးများကို မဖြေဘဲ ပြန်လည်ထွက်ခွာသွားကြသည်။

**ရှေ့လ ဆက်ဖတ်ပါရန်**

**ခရီးသည် သုတေသီ**



www.burmeseclassic.com

www.burmeseclassic.com


မြန်မာ့နန်းတွင်း သမားတော်ကြီး ဦးပန္နဝ၊ သမားတော်ကြီး ဦးနွယ်၊ မြန်မာ့မျိုးချစ်တော်လှန်ရေးခေါင်းဆောင် ဆရာစံ(သမားတော်ကြီး ဦးစံရှား)တို့ထံမှ လက်ဆင့်ကမ်း၍ ဆင်းသက်လာသော နန်းတွင်းသမားစဉ် မူရင်းဆေးစွမ်းကောင်းတို့ကို သမားတော်ကြီး ဦးနွယ် ၏မြေး၊ သမားတော် ဦးတင့်လွင်(ငြိမ်း/ ဗိုလ်ကြီး)၊ ဖနီးဒေါ်ကျင်သိန်းမိသားစု (သမားအို ဆေးတိုက်) မှ အကြောင်းပြု ပေါင်းစုလျက် သမားအိုအမှတ်တံဆိပ် မြန်မာ့ဆေးစွမ်းကောင်းများကို ထုတ်လုပ် ဖြန့်ချိလျက်ရှိပါသည်။

(ကြော်ငြာဆောင်းပါး)

ဆေးစွမ်းထက်မြက်ကြောင်း အကြွားမပိုတဲ့

# သမားအိုဆေးတိုက်

မှထုတ်လုပ်သော အစာအိမ်ရောဂါသောက်ဆေး၊ ပါရမီရှင်ချောင်းဆိုးပျောက်ငုံဆေးပြား၊ ငှက်ဖျားရောဂါသောက်ဆေး၊ ယားနာရောဂါသောက်ဆေး၊ အမြေကျော်လေဆေးလျက်ဆား



**ဦးစိန်ကောင်း၏**

**သမားအို** အမှတ်တံဆိပ်
**ငှက်ဖျားရောဂါသောက်ဆေး**
ဝရဒ၁ Y၀၀၉၀၀၉၉

ဤဆေးသည် ငှက်ဖျားနှင့် အဖျားရောဂါ အမျိုးမျိုးကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

ချွေးထွက်လျှင် အအေးပြန်မပတ်စေရန် အဝတ်နှင့် သုတ်ပေးရပါမည်။ မည်သည့် အဖျားမဆို ဆေးသောက်ပြီးပါက အအေးခံခြင်း၊ ပင်ပန်းစွာလှုပ်ရှားခြင်းတို့ကို ရှောင်ရှားသင့်ပါသည်။ ငှက်ဖျားနှင့် အအေးမိနှာစေးခြင်းတို့ကြောင့် တစ်ကိုယ်လုံး နာကျင်ကိုက်ခဲခြင်းများအတွက် သောက်သုံးနိုင်ပါသည်။

**ဒေါ်စင်စင်ထွေး၏**

**သမားအို** အမှတ်တံဆိပ် **အစာအိမ်ရောဂါသောက်ဆေး** ဝရဒ၁ Y၀၀၉၀၀၉၄

လူမှာအကျင့် ဝမ်းမှာအချင့် ဆိုသလို မသင့်သော အစားအစာများကို စားခြင်း၊ အချိန်မှန်မှန် မစားသောက်ခြင်း၊ အပူ၊ အစပ်၊ အချဉ်၊ အငန် စသည့် အရသာများကို တာရှည်စွာ စားသောက်ခြင်း၊ ကြေညက်ခဲသော အစာများကို တာရှည်စွာစားသောက်ခြင်း၊ အလွန်အိပ်ရေးပျက်ခံသော်လည်း အစားပုံမှန် မစားခြင်း စသည့် အကြောင်းများ တာရှည်ရာမှ ပါစကဝမ်းပျက်ပြီး အစာအိမ်ရောဂါအမျိုးမျိုး ဖြစ်ပေါ်လာပါသည်။

ဤဆေးသည် အစာမကြေ၊ လေထိုးလေအောင့်၊ ရင်ပြည့်ရင်ကယ်၊ ရင်ခေါင်းနှင့် နံကြားတို့၌ ထိုးအောင့်နာကျင်ခြင်း၊ အစာအိမ် အချဉ်ပေါက်ခြင်း၊ အစာအိမ်ရောင်ခြင်း၊ နာခြင်း၊ ပျို့အန်ခြင်း စသည့် အစာအိမ် လေနာအမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာ ပျောက်ကင်းစေပါသည်။ -

**ဒေါ်နှင်းနှင်းကြည်၏**

**သမားအို** အမှတ်တံဆိပ် **ယားနာသောက်ဆေး** ဝရဒ၁ Y၀၀၉၀၉၂

ပိုးမွှားတိရစ္ဆာန်အချို့မှဖြစ်သော အဆိပ်သဖွယ် ယားယံမှုကြောင့်လည်းကောင်း၊ အပူ၊အစပ်၊အချို၊အဆိမ့် အရသာများ လွန်ကဲစွာ စားသောက်ပြီး ကိုယ်လက်လှုပ်ရှားမှုနည်းခြင်းကြောင့် လည်းကောင်း၊ ယခင်က ဝမ်းကိုက်၊သွေးပျက်၊ဝမ်းလျှော၊အသည်းရောင်နှင့် သည်းခြေနာ အမျိုးမျိုးဖြစ်ခဲ့ဖူးရာမှ သွေး၊သည်းခြေ ဖောက်ပြန်မှုကြောင့် လည်းကောင်း၊ တစ်ကိုယ်လုံး အနှံ့အပြားမှာ ဝဲကဲ့သို့ ရေကြည်ဖုကလေးများဖြစ်ခြင်း၊ ပူစပ်ပူလောင်ယားယံပြီး အဖုအပိမ့်နှင့် အင်ပျဉ်များ ဖြစ်လာရပါသည်။ ဤဆေးသည် အထက်ပါ ယားယံခြင်း အမျိုးမျိုးတို့ကို ထိရောက်စွာ သက်သာပျောက်ကင်းစေသည့်အပြင် သွေးသား ညီညွတ်စေပါသည်။

**ဒေါ်ဆေးဆေးမူ၏**

**သမားအို** အမှတ်တံဆိပ် **ပါရမီရှင် ချောင်းဆိုးပျောက်ငုံဆေး** ဝဒ၁၂ Y၀၀၉၆၉၆

ဤဆေးသည် ရာသီအကူးပြောင်း၌ ဖြစ်တတ်သော ချောင်းဆိုးခြင်း၊ ချွဲကျပ်၊ ရင်ကျပ်၊ သလိပ်ကပ်၊ လည်ချောင်းနာ၊ လည်ချောင်းယား၊ အသံဝင်၊ အသံပျက်၊ အစာမကြေ၊ ရင်ပြည့်ရင်ကယ်၊ လည်ချောင်းနှင့် ရင်ဘတ်အတွင်း၌ သလိပ်များ ရှူရှိုက်ဖြစ်နေခြင်း၊ တရှိုးရှိုးမြည်နေခြင်းများကို ဆေးတစ်ပြားဆို ဆိုသလောက် သိသာလျင်မြန်စွာ သက်သာ ပျောက်ကင်းစေပါသည်။ ပထမတစ်ကြိမ်ငုံနေစဉ်မှာပင် ချွဲသလိပ်များ ထွက်လာပြီး ရောဂါများ သက်သာလာကြောင်းကို ,လက်တွေ့သုံးဆောင်ခြင်းက သက်သေပြပါလိမ့်မည်။ ဤဆေးသည် အသံကို အထူးကြည်လင်စေသဖြင့် အဆိုတော်များ၊ စာပေသင်ကြားပို့ချနေသူများ၊ အသံဖြင့် အသက်မွေးဝမ်းကျောင်းနေသူများနှင့် လူတိုင်း အိမ်တိုင်း မရှိမဖြစ် ဆောင်ထားရမည့် ဆေးစွမ်းကောင်းတစ်လက် ဖြစ်ပါသည်။ -

**ဦးသန်းဇော်၏**

**သမားအို** အမှတ်တံဆိပ် **အမြေကျော်လေဆေးလျက်ဆား** ဝရဒ၁ Y၀၀၉၀၉၃

လူမှာအကျင့် ဝမ်းမှာအချင့်ဆိုသလို မသင့်သောအခါ မသင့်သော အစားအစာများစားမိ၍ အစာတောက်ခြင်း၊ အစာအဆိပ်သင့်ခြင်း၊ မူးဝေအော့အန်ဝမ်းကျခြင်း၊ ဝမ်းချုပ်ခြင်း၊ အထက်လှန် အောက်လျှောဖြစ်ခြင်း စသည်တို့ဖြစ်ကာ အချိန်ကြာလာသော် ဝမ်းမီးနုံ့ရာမှ ဓာတ်လေးပါးပျက်ပြီး အခြားခြားသောရောဂါများ နောက်ဆက်တွဲ ဖြစ်ပေါ်စေတတ်ပါသည်။ အထက်ပါ အစားမှား၊ အစာအဆိပ်ဖြစ်ခြင်း၊ အစာတောက်ခြင်း၊ အစာမကြေ ရင်ပြည့်ရင်ကယ် ဝမ်းရင်ထိုးအောင့်ခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အစားမှား၍ သလိပ်ထခြင်း၊ အအေးမိ၍ ဖျားခြင်း၊ ရက်ခြားဖျားခြင်း၊ ချမ်းတစ်လှည့် ပူတစ်လှည့်ဖြစ်ခြင်း၊ ခြေဖဝါးလက်ဖဝါးပူခြင်း စသည့် ရောဂါများကို ထိရောက်စွာ သက်သာပျောက်ကင်းစေပါသည်။

**ဆေးသုံးစွဲသူ ဝေဒနာရှင်များအနေဖြင့် ဆရာ ဦးသန်းဇော် (တဆ-၀၂၉၁၇) ဖုန်း-၀၉-၄၉၂၆၄၄၀၃ သို့ ဆွေးနွေး တိုင်ပင်နိုင်ပါသည်။**

**သမားအိုဆေးတိုက်**

အမှတ်(၄၇)၊ (၁၀၈)လမ်း၊ မင်္ဂလာဈေးအနီး၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊
ရန်ကုန်၊ ဖုန်း-၂၉၀၆၃၀ အပြင်မြို့ရှိ မြန်မာ့ဆေးဆိုင်များတွင် ရရှိနိုင်သည်။


www.burmeseclassic.com

ရေနံ့တောင်ဖီလာ (သို့စတုတ်)

# မဟိုတောင်ဖီလာတောရသို့

လေ့လာစူဇော်မှတ်တမ်းစဉ် (၄)

စံလွန်းသာ



◆ တောင်ဖီလာဆရာတော်ပုံတော်

**ယခင်လမှ အဆက်**

ရလာသမျှ သားကောင်တို့၏ သည်းခြေများကိုဆရာတော်အား လာရောက်လှူဒါန်းကာ ဆရာတော်ထံမှ သည်းခြေပေါင်းစုံဆေးကို စွန့်ယူကြသည်။

အဆိပ်ပိုးမွှား သတ္တဝါကိုက်ခဲခြင်းမှအစ ထိရှဒဏ်ရာများအထိ အားကိုးရသောဆေးတစ်ပါးဖြစ်သည်ဟု ဆိုကြလေသည်။

ယခုအခါတွင်လည်း ကျေးငှက်တိရစ္ဆာန်များကို ပစ်ခတ်ဖမ်းဆီးခြင်း ပြုလေ့မရှိကြသော်လည်း တောတိရစ္ဆာန်ကြီးများ မမြင်ရသလောက်နည်းပါးသွားပြီဟု သိရသည်။

ယခုမြင်တွေ့ရသော ဦးချိုကြီးမှာ ဆရာတော်ရှိစဉ်က သဘာဝအလျောက် အိုမင်းသေဆုံးသွားသော ကျွဲကြီး၏ ဦးချိုကို တပည့်ဒါယကာများက အမှတ်တရ ယူဆောင်ထားရှိခြင်း ဖြစ်ကြောင်း ပြောပြသည်။

ဇရပ်အတွင်း ဝင်ရောက်သွားသောအခါ ဆရာတော်၏ အထွေးဆုံး နှမ ဒေါ်စောမြိုင်နှင့် တွေ့ဆုံစကားပြောဖြစ်သည်။

ဆရာတော်ဦးပဏ္ဍဝသည် ရမည်းသင်းမြို့နယ်၊ သဖန်းကျောင်းရွာနေ ဦးထွန်းလှိုင်၊ ဒေါ်နှင်းညိုတို့မှ ၁၂၇၀ ပြည့်နှစ်တွင် မွေးဖွားသော သားကြီးဖြစ်ကာ ကြာသပတေးနေ့သားဖြစ်သည်။ မိမိနှင့် အသက်ကွာလှသဖြင့် မွေးလ၊ မွေးရက်တို့ကို မမှတ်မိကြောင်း ပြောပြသည်။

ဇရပ်အတွင်း ဘုရားခန်း၌ ရုပ်ပွားတော်များ၊ ဘုရားစေတီပုံတော်ကားချပ်များ ပူဇော်ထားကာ ဘုရားခန်းရှေ့စားပွဲတွင် တောင်ဖီလာဆရာတော် ဦးပဏ္ဍဝ၏ ဓါတ်ပုံကားချပ်ကြီးကို ဖူးတွေ့ရသည်။

ဆရာတော်အား ရည်မှန်းရှိခိုးကာ အာရုံပြုပြီးနောက် မျက်လုံးဖွင့်ကြည့်ရာ ကားချပ်အနီး သပိတ်ဖုံးပေါ်တွင် သည်းခြေပေါင်းစုံ ဆေးတောင့်တစ်တောင့်ကို တွေ့ရသည်။ ယခင်ပေါင်

www.burmeseclassic.com



ရှိနေသည်လားဟူ၍ သတိမထားမိသော်လည်း ယူကြည့်သောအခါ ကြိတ်ပြီး အတောင့်ပြုပြီးခါစကဲ့သို့ စေးကပ်ကပ်အတွေ့အထိကို ရရှိလေသည်။

သို့ဖြစ်၍ ဆရာတော်အား စိတ်ဖြင့်လျှောက်ထားစွန့်ယူခဲ့သည့် ဒေါ်စောမြိုင်က ကိုယ်လုံဆေးနှစ်တောင့်ကို လှူဒါန်းသဖြင့် အိတ်တစ်လုံးတွင် စုပေါင်း၍ ထည့်ထားလိုက်သည်။ ဦးကျော်မြင့် ဤသို့မေး၏။

'ဆရာတော်ကြီးကို ဖူးတွေ့ရသေးသလား ဒေါ်စောမြိုင်'


'ပွဲတော်နေ့ (အာစရိယပူဇော်ပွဲ)တိုင်းတော့ ရောက်တယ်။ အသံကိုပဲ ကြားရတယ်။ ဝို အသံကိုတောင် မမှတ်မိတော့ဘူးလားလို့ ပြောပေမယ့် ပြောတဲ့သူက ကိုရင်လေးဖြစ်နေတတ်သလို တစ်ခါတလေ ဘုန်းကြီးအိုကြီးပုံစံ၊ ယောဂီဝတ်ယောက်ျားပုံစံ အမျိုးမျိုး ဖြစ်နေတတ်တယ်။ တောရအတွင်းမှားယွင်းနေတာတွေ၊ လိုအပ်နေတာတွေကို လမ်းညွှန်ဆုံးမ ပြောပြတာပါ'

'လွန်ခဲ့တဲ့ သုံးနှစ်လောက်ကတော့ ရန်ကုန်က ဒေ့သည်တစ်စု ဒီပုံတော်ကို လာပို့တယ်။ ဘုန်းတော်ကြီးတစ်ပါးက တောင်ဖီလာမှာ ဝို့နမတွေ ရှိတယ်။ သွားပို့လိုက်ပါဆိုလို့ လာတာပါလို့လဲ ပြောသွားပါတယ်'

ဒေါ်စောမြိုင် ယူပြပေးသော ဓါတ်ပုံမှာ ကန်တော့ပွဲပေါ်တွင် မတ်တပ်ရပ်နေသော ဆရာတော်တစ်ပါးပုံဖြစ်သည်။ အရွယ်မှာ အတန်ပင် နုပျိုနေသဖြင့် ဒေါ်စောမြိုင်ကိုမေးကြည့်သည်။

'ဒါ... တောင်ဖီလာဆရာတော် ဦးပဏ္ဍဝပုံတော်ပဲလား'

'ဟုတ်တယ်။ ဒီလိုပဲ ပုံတော်တွေက နုပျိုတဲ့ပုံ အိုမင်းတဲ့ပုံ အမျိုးမျိုး ဖြစ်နေတတ်ပါတယ်။









www.burmeseclassic.com

www.burmeseclassic.com



ဇရပ်တွင်းမှ ဘုရားဆောင်

ဒီက သင်္ဘောကပ္ပတိန်တစ်ယောက် နိုင်ငံခြား မှာ ဖူးတွေ့ပြီး ရိုက်ထားတဲ့ပုံလို့ ဆိုပါတယ်'

ထို့နောက် အခန်းတွင်း၌ တစ်ကိုယ်တည်းတရားရှုမှတ်နေသော အမေကြီး ဒေါ်ဝံသစာရီအား တွေ့ဆုံဂါရဝပြုသည်။

'ကျွန်တော် ဦးအောင်ခင်၊ ဒေါ်ကျင်မြိုင်တို့ရဲ့သား မောင်ကျော်မြင့်ပါ အမေကြီး'

'အေး...အေး လူတော့သိပါတယ်။ ရုတ်တရက်ဆိုတော့ နာမည်ကိုမေ့နေတယ်။ အသက်လဲ ကြီးလာပြီလေ'


'အမေကြီး အသက်ဘယ်လောက်ရှိပြီလဲ'

'တစ်ရာ့သုံးဆယ့်တစ်နှစ် ပြည့်ပြီ'

တောင်ဖီလာဆရာတော်ကြီး အသက်(၈၀)အရွယ် ၁၃၄၉ ခုနှစ်တွင် ပျံလွန်တော်မူရာ ထိုအချိန်တွင် ဒေါ်ဝံသစာရီ အသက်(၇၀)ကျော်ရှိပြီ ဟုဆိုသဖြင့် ယခု ၁၃၇၄ ခုနှစ်တွင် (၉၅)နှစ်ကျော်(၁၀၀)နီးပါး ရှိပေမည်။

သို့သော် ညီမဖြစ်သူ ဒေါ်ပါရမီ ကွယ်လွန်သည့် လွန်ခဲ့သောသုံးနှစ်ခန့်မှစတင်ကာ မိမိအသက်ကို မေးတိုင်း (၁၃၁)နှစ်ရှိပြီဟုသာ ဖြေကြားလေ့ရှိ


သည်းခြေပယင်းလုံးသားတောင့်နှင့် ကိုယ်လုံးသား



www.burmeseclassic.com



◆ ကန်တော့ပွဲပေါ်မှ
တောင်ဖီလာဆရာတော်ပုံတော်



ဆရာတော်၏ လက်ရေးမူ ▶

သည်။ အကြောင်းရင်း တစ်ခုခုရှိပေမည်ဟု ဦးကျော်မြင့်က တွေးဆလေသည်။

'ဆရာတော်ကြီးကိုကော ပြန်တွေ့ဖြစ်သေးသလား'

'လူကိုယ်တိုင်တော့ မလာဘူး။ တောင်ဖီလာဆရာတော်က ငါ့နမတွေ ရှိတယ်ဆိုပြီး လူလွှတ်သတင်းမေး။ ပစ္စည်းပစ္စယလေးတွေ ပေးတာပဲရှိပါတယ်။ သူဘယ်မှာရှိနေတယ်ဆိုတာ အသိပေးတာပေါ့'

'အမေကြီး မလိုက်သွားဘူးလား'

'သူကမခေါ်တော့ သွားရခက်တယ်ကွယ်'

'အမေကြီးကော နေထိုင်ကောင်းရဲ့လား'

'အခုတလော အေးလို့ထင်ပါရဲ့၊ နေလို့ သိပ်မကောင်းဘူး'

ဦးကျော်မြင့်က အသင့်ယူဆောင်လာသော မဟောသဓဆေးခန်းသုံးတိုင်းရင်းဆေးများ ပေးလျှုကာ ဆေးသုံးနည်း အညွှန်းများ ပြောပြသည်။

'ဆရာကြီး နည်းနည်းပါးပါး ပြောပေးသွားပါဦး။ အစ်မကြီးက နေ့ဘက်ဆိုရင် မြင်ရတဲ့အတိုင်း ဟိုနားဒီနား သွားတာတောင် ချီမပေးနေရတယ်။ ဒါပေမယ့် ညဘက်ကျတော့ ထပြီးလမ်းလျှောက်နေတာ ကျွန်မ နှစ်ခါတောင်မိတယ် ပြောပေးပါဦး'

'ဘာဖြစ်လို့လဲ ဒေါ်စောမြိုင်။ သမာဓိနိုင်မာတဲ့အခါ ဘယ်အရာမဆို စွမ်းနိုင်တာပဲ အမေကြီးက နေကာသိုဏ်း အောင်ခဲ့ပြီးပြီလေ။ ညဘက်အချိန်လို လူသူကင်းဝေးတဲ့အခါ သမာဓိထူထောင်နိုင် လမ်းလျှောက်နိုင်တာပဲ'

'ဒါပေမယ့် ကျွန်မတို့ကြောက်တာပေါ့။ မသွားမလာနိုင်သူက ရုတ်တရက် လမ်းထလျှောက်တော့ တစ်ခုခုများ ရှိနေမလားလို့ပါ'

'ဒါဟာ သမထရဲ့တန်ခိုး အကျိုးသွားပဲလေ။ စိတ်ပူပန်စရာ မရှိပါဘူး။ အခု ပြောဆိုနေပုံအရလဲ အရင်က လူတွေ အကြောင်းချင်းရာတွေ မှန်မှန်ကန်ကန် သိနေ မှတ်မိနေတာပဲ။ အဘက်(၁၃၁)



www.burmeseclassic.com

www.burmeseclassic.com

နှစ်ဆိုတာသာ အကြောင်းတစ်ခုခုရှိလို့ ပြောတာနေမှာပါ။ အသက် တစ်ရာနီးပါး သာမန် အဘွားအိုတွေထက်ပိုပြီး တည့်တည်ငြိမ်ငြိမ် ရှိပါတယ်'

ထို့နောက်တွင် အမေကြီး ဒေါ်ဝံသစာရီအား ဂါရဝပြုကန်တော့ရာ...

'အေး ကျန်းမာချမ်းသာကြပါစေ၊ သွားလိုရာခရီးလမ်းကို ရောက်အောင် သွားနိုင်ကြပါစေ'

ဟု ဆုတောင်းပေးလေသည်။

## တောင်ပိုင်နတ်ကွန်းမှ ထူးဆန်းသော သတ္တဝါ

အမေကြီးအား နှုတ်ဆက်ကန်တော့ပြီးနောက် ဇရပ်အနီးမြေပြင်ကွက်လပ်ရှိ တောင်ဖီလာတောင်ပိုင်ဘိုးဘိုးကွန်းဆောင်သို့ သွားရောက်ကာ တောင်ပိုင်ကြီးအား မေတ္တာပို့သ အမျှပေးစေသည်။

ယခင်က တောင်ဖီလာတောင်ထွတ်တွင် နတ်ကွန်းတည်ရှိခဲ့ရာမှ တောင်ပိုင်က အသက်အရွယ် ကြီးရင့်လာသဖြင့် တောင်ခုလတ် ဤနေရာတွင်



◆ အမေကြီး ဒေါ်ဝံသစာရီ (အသက် ၉၀ ကျော်အရွယ်)

ကွန်းဆောက်ပေးရန် ဆရာတော်အား လျှောက်ထားသဖြင့် ကွန်းဆောင်ဆောက်လုပ်ပေးရသည်ဆို၏။


လွန်ခဲ့တဲ့ ဆယ်နှစ်လောက်က နတ်ကွန်းနားက ခဲလုံးနှစ်လုံးကောက်ပြီး...

'တောင်ပိုင်ကြီးကို ဖိတ်ခေါ်ပါတယ်။ ကျွန်ုပ်နဲ့ လိုက်ပါပြီး လုပ်ငန်းဆောင်တာတွေ အဆင်ပြေအောင် ကူညီပေးပါ'

လို့ ပြောဆိုယူလာခဲ့တယ်။ တောင်ငူပြန်ရောက်တော့ ဆေးခန်းဘုရားစင်မှာ တစ်လုံး၊ အိမ်မှာတစ်လုံးထားလိုက်တယ်။

နှစ်အတော်ကြာတော့ "လပတ်ရွာ" ဆရာတော်ဦးဥက္ကဋ္ဌ ကြွလာပြီး ကျွန်တော့်ကိုမေးတယ် "**တောင်ဖီလာ တောင်ပိုင်ကြီးနဲ့ ပတ်သက်ပြီး ဘာလုပ်**

◆ အမေကြီးကျောင်းအနီးမှ ကျွဲရိုးကြီး





www.burmeseclassic.com

www.burmeseclassic.com





◆ ကျောင်းကုဋီတဲကလေး

◆ ထူးဆန်းစွာဝင်ရောက်လာသည့် သတ္တဝါ

**ထားသလဲ''**တဲ့။ ဒီတော့မှ သတိရပြီး အကြောင်းစုံ လျှောက်ထားတယ်။

'အေး ဒကာပဲ ဒီလိုပင့်လာပြီးတော့ ရေတစ်ခွက်၊ အမွှေးတစ်တိုင်၊ ဖယောင်းတစ်တိုင် လှူဖူးသလား'

'ဟင့်အင်း၊ မလှူဖြစ်ပါဘူး ဘုရား'

'အဲဒါဆိုရင်လဲ ပြန်ပို့ပေးလိုက်'

ဒါနဲ့ ကျောက်လုံးနှစ်လုံးကို တောင်ဖီလာပြန်ပို့ပြီး...

"တောင်ဖီလာ တောင်ပိုင်နတ်ကြီး ကျွန်ုပ် ပြန်ပို့ပါတယ်။ မှားယွင်းတာရှိရင် ခွင့်လွှတ်ပါ"

လို့ တောင်းပန်ရတယ်။ အရင်က နတ်ကွန်းတံခါး အလုံပိတ်ထားတယ်။ ၁၃၇၁ ခုနှစ် အာစရိယပွဲတော်ညမှာ ထူးဆန်းတဲ့ သတ္တဝါတစ်ကောင်(ခွေးတူ ဝက်တူဟု ယူဆရသည်)အထဲ ရောက်နေတာ တွေ့ရတယ်။ အလုံ ပိတ်ထား လျက်နဲ့ အထဲရောက်နေတာက ပိုဆန်း တယ်။

အဲဒီနောက်ပိုင်း အခုလို တံခါးဖွင့်ထားပေးရတယ်။ **(ဦးကျော်မြင့် ပြောပြသော ထူးဆန်းသောသတ္တဝါပုံကို ဦးကိုကိုထံ၌ တွေ့ရသဖြင့် ထပ်ဆင့် ရိုက်ကူး ဖော်ပြလိုက်ပါသည်။)**

## အပြန်ခရီးတွင်

အမေကြီးနေထိုင်ရာ ဇရပ်ဆောင်မှ ပြန်လာကာ တောင်ဖီလာဆရာတော် အား နှုတ်ဆက်ကန်တော့ပြီးနောက် အပြန်လမ်းတွင် ဆရာဦးကျော်မြင့် က ဤသို့ပြောပြသည်။

'၂၀၀၈ ခုနှစ် နာဂစ်မုန်တိုင်းတိုက် ခတ်တဲ့အချိန်က ရေနီတောင်ဖီလာက မိတ်ဆွေတွေ ကျွန်တော့်ကို လာပြော ကြတယ်။ ကောင်းကင်မှာ ဆရာတော် သုံးပါး ပရိတ်ရွတ်နေကြတာ တွေ့ရ သတဲ့။ ရက္ကန်းစင်တောင်ဆရာတော် ဦးသြဘာသ၊ ရေနီတောင်ဖီလာဆရာ တော်ဦးပဏ္ဍဝနဲ့ နောက်တစ်ပါးက တော့ သူတို့လဲ မသိကြဘူးတဲ့။

နောက် သုံးလေးရက်လောက် ကြာ တော့ ပုသိမ်က တိုင်းရင်းဆေးဆရာ တွေနဲ့ တွေ့တယ်။ နာဂစ်မုန်တိုင်းကာလ ရောဝတီတိုင်းမှာလဲ ကောင်းကင်မှာ ဆရာတော်သုံးပါး ပရိတ်ရွတ်နေကြတာ တွေ့ရသတဲ့။ **ရက္ကန်းစင်တောင်ဆရာ တော် ဦးသြဘာသရယ်၊ အာယသွာ ဉာဏောလို့ခေါ်ကြတဲ့ ဆရာတော် ဦးဉာဏောဘာသရယ်** နောက်တစ် ပါးကိုတော့ သူတို့ မသိကြဘူး။

ဒီစကားနှစ်ရပ် ဆက်စပ်ကြည့် တော့ ရေနီတောင်ဖီလာနယ်ကလူတွေ က ဦးဉာဏောကို မသိဘူး။ ဦးဉာဏော က ပုသိမ်မှာ ကျော်ကြားတဲ့ဆရာတော် လေ။ အလားတူပဲ ပုသိမ်က လူတွေက လဲ ရေနီတောင်ဖီလာနယ်မှာ ကျော် ကြားတဲ့ ဦးပဏ္ဍဝကို မသိကြဘူး။

ဒီဆရာတော် သုံးပါးက တစ်ချိန် တည်းမှာ ကောင်းကင်ပျံနေပြီး ပရိတ် ရွတ် ကယ်တင်ပေးတယ်လို့ ယူဆရပါ တယ်'

## ဆရာတော်၏ ဩဝါဒ

တောင်ဖီလာဆရာတော် ဘဝဖြစ် စဉ်နှင့် ကျင့်ကြံလိုက်စားအားထုတ် ပုံတို့မှာ လျှို့ဝှက်ဆန်းကြယ်လှသော် လည်း ဒါယကာ၊ ဒါယိကာမများအား အစဉ်အမြဲ ဆုံးမဩဝါဒ ပေးလေ့ရှိ သည်ကား မိဘကျေးဇူး သိတတ်ရန် ဖြစ်လေသည်။

ဦးအောင်ခင်၊ ဒေါ်ကျင်မြိုင်သား



www.burmeseclassic.com

www.burmeseclassic.com

များတစ်စု အရကျက်ပါဟု အစချီ
ကာ ကိုယ်တော်တိုင် ရေးသားပေး
သော **မိဘမေတ္တာ ရှစ်လုံးဖွဲ့ကဗျာ**...

- ❍ ယေစဉ်တောင်ကျေး ကလေးရွယ်မှာ
  ယုယပိုက်ထွေး ကျွေးမွေးခဲ့တာ
  အိပ်ပျက်စားပျက် နေ့ရက်ရှည်ကြာ
  စောင့်ရှောက်ရ မိဘမေတ္တာပါ။
- ❍ မိဘများရဲ့ ချစ်တဲ့မေတ္တာ
  မြင့်မိုရ်တောင်မျှ မက ပိုသာ
  ကျွေးဖူး မွေးဖူး ကျေးဇူးရှင်ပါ
  သတိရ ဒါမှ လူလိမ္မာ။
- ❍ မိဘနှစ်ပါး ဘုရားပမာ
  နေ့ညဝပ်လျှိုး ရှိခိုးခါခါ
  ကောင်းရာကိုရွေး ကျွေးမွေးလေပါ
  သူတော်ကောင်း လမ်းဟောင်းစဉ်အလာ။
- ❍ ကျေးဇူးကြီးလှ မိဘနှစ်ဖြာ
  ပမာပုံခိုင်း မနှိုင်းယှဉ်သာ
  မရှုမဆောင့် မြှော့ပြောင့်ကြည့်စွာ
  ကျွေးမွေးကြ ထာဝရ ကုသိုလ်ပါ။
- ❍ မိဝတ်ဖဝတ် ကင်းလွတ်သူဟာ
  သေလျှင်မလွဲ ကျမြဲငရဲ ပါယ်ရွာ
  သတိရကြ နေ့ညမကွာ
  ကျေးဇူးဆပ် မပြတ်ပြုစုပါ။

---

လမ်းညွှန် တိုက်တွန်းချက်

---

တောင်ဖီလာဆရာတော် အရှင်ပဏ္ဍဝသည် အင်္ဂုရတ်၊ ဓာတ်၊ နက္ခတ်၊ ဗေဒင်ပညာသာမက သမထကမ္မဋ္ဌာန်းစသည် လောကုတ္တရာရေးရာတွင်ပါ နှံ့စပ်ကျွမ်းကျင်တော်မူသဖြင့် "ဘာမသိတဲ့ဆရာတော်" **(အရာရာ၌ သိမြင်နှံ့စပ်တော်မူသောဆရာတော်)**ဟု ကျော်ကြားထင်ရှားခဲ့သည်။

ပျံလွန်တော်မူပြီးနောက် ယနေ့တိုင် ပင်လျှင် ကိုယ်တိုင် ထင်ရှားဖူးတွေ့ကြရသူ များစွာရှိကြောင်း ပြောဆိုကြလေရာ **ရန်ကုန်–မန္တလေး အဝေးပြေးကားလမ်းဟောင်း၊ ရေနီမြို့မြောက်ဘက် အထွက်နားရှိ တောင်ဖီလာလမ်းခွဲအတိုင်း ခရီးလမ်း သာယာစွာ သွားရောက်၍** တောင်ဖီလာတောရမြေသို့ ရောက်ရှိလေ့လာ ပူဇော်နိုင်ကြောင်း လမ်းညွှန်တင်ပြရပေသည်။

**စံထွန်းသာ**

---

ဆေးစွမ်းထက်

# ရှားစောင်းလက်ပတ်



ရှမ်းပြည်နယ်တောင်ပိုင်းရှိ နမ့်စန်မြို့လေးသည် တပို့တွဲ၊ တပေါင်းလ ကျရောက်ပြီဆိုလျှင် နေပူရှိန်ပူပြင်းပြီး အနောက်တောင်ထောင့်အရပ်မှ ဖုန်မှုန်များနှင့်အတူ လေပြင်းတိုက်ခတ်လေ့ရှိသည်။

စာရေးသူသည် နေပူရှိန်သက်သာစေရန် အိမ်အနီးရှိ ပိန္နဲပင်ကြီးအောက်တွင် ပက်လက်ကုလားထိုင်ပေါ်၌ စာတစ်အုပ်ကို ဖတ်ရှုနေစဉ် ခမ္မမိတ်ဆွေကြီးဦးရဲမြင့် ရောက်လာခိုက် ဆီးကြိုသည့်အနေနှင့် ထိုင်ရာမှ ထလိုက်စဉ် ခြေမများ နာနေ၍ ထော့နဲ့ ထော့နဲ့ လမ်းလျှောက်သောအခါ ဦးရဲမြင့်က သတိထားမိဟန်တူပါသည်။

ဦးရဲမြင့်။ ။ 'ဘာဖြစ်တာလဲဗျ'

စာရေးသူ။ ။ 'ခြေမထိပ်တွေ ကွဲအက်နေလို့ပါ။ နောက်ပြီး ခြေဖနောင့်တွေကြမ်းလာတဲ့အပြင် ကွဲအက်စ ပြုနေလို့ဗျ'

ဦးရဲမြင့်။ ။ 'အဲဒါ အပူကြောင့်ဖြစ်တာလေ၊ ခင်ဗျားအိမ်မှာ ရှားစောင်းလက်ပပ်ပင် မရှိဘူးလား'

စာရေးသူ။ ။ 'ရှိပ ရှိပဗျာ'

ဦးရဲမြင့်။ ။ 'ရှိရင် မခက်ပါဘူး။ ရှားစောင်းလက်ပပ်ပင်ကို အရင်းကဖြတ်၊ အနေတော် နှစ်လက်မအရွယ် အပိုင်းလေးတွေဖြတ်ပြီး ထက်ခြမ်းခွဲလိုက် တစ်ခြမ်းစီကို ကွဲနေတဲ့ ခြေမထိပ်၊ ဖနောင့်တွေကို ဖိပြီး လိမ်းကျံပေးလိုက်။

တစ်ရက် နှစ်ကြိမ်နှုန်းနဲ့ (၃)ရက်၊ (၄)ရက် လိမ်းပေး သက်သာပျောက်ကင်းမယ်။ အပူနာမှန်သမျှ အအေးဓာတ်ရှိတဲ့ ရှားစောင်းလက်ပပ်ဆေးအစွမ်းနဲ့ ပျောက်သွားမယ်'

စာရေးသူလည်း ရှားစောင်းလက်ပပ်နှင့် ကုသကြည့်ရာ သက်သာပျောက်ကင်းသွားပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်များ ဗဟုသုတ တိုးပွားသိရှိရန် တင်ပြပါသည်။

**(ဆေးနည်းပေးသော ဦးရဲမြင့်အား ကျေးဇူးတင်လျက်...)**

**သူဇာစံပယ်(ဆီလာ)**



www.burmeseclassic.com

www.burmeseclassic.com

# အာရုံကြောရောဂါနှင့် အစာအိမ်ရောဂါအတွက်

# မိုးဦးပန်း

အမှတ်တံဆိပ်

## ဆေးစွမ်းကောင်းနှစ်လက်



"ကိုမင်းမြတ်မောင်နဲ့ ကိုဇော်ရဲနိုင်တို့ ဘယ်က လှည့်လာကြတာလဲ"

"စာပေအကြောင်းလည်း ဆွေးနွေးရင်း ကျွန်တော်တို့နှစ်ယောက် ခံစားနေရတဲ့ ဝေဒနာအတွက် တိုင်းရင်းဆေးသုတေသီဖြစ်တဲ့ ဆရာကိုယဉ်တင့်နဲ့ တိုင်ပင်ပြီး ဆေးဝါးကောင်း လမ်းညွှန်ပေးဖို့ပါ"

"ဆရာတို့နှစ်ယောက်က ဘယ်လိုဝေဒနာတွေ ခံစားနေရလို့လဲ"

ကိုမင်းမြတ်မောင်က 'အခုတလော ဇက်ကြောတွေထိုး... နောက်ကြောတွေ တက်ပြီး ခေါင်းတွေ မူးဝေပြီး... စိတ်ထဲ မကြည်မလင်ဖြစ်နေတယ်...သတိတွေလည်း မေ့လျော့တယ်...ခြေလက်တွေလည်း ထုံ ကျဉ်နေတယ်ဗျာ...'

ကိုဇော်ရဲနိုင်က 'ကျွန်တော်ကတော့ စားတဲ့အစာလည်း မကြေဘူး... ရင်ထဲတောင့် တင်းပြီး အောင့်လည်း အောင့်တယ်... လေချဉ်လည်း တက်ပြီး ဝမ်းလည်း မကြာခဏ ပျက်တယ်'

"ဆရာကိုမင်းမြတ်မောင်က အာရုံကြောရောဂါဖြစ်နေပြီး... ကိုဇော်ရဲနိုင်က အစာအိမ်ရောဂါစနေပြီလို့ ပြောရမှာပဲ"

"ဒါ ကျွန်တော်တို့ ဘာဆေးသောက်ရင် ကောင်းမယ်...ဆိုတာ ညွှန်ကြားပေးပါဦး"


"လွန်ခဲ့တဲ့ တစ်နှစ်က...ကျွန်တော်ကိုယ်တိုင် အဲဒီရောဂါနှစ်မျိုးစလုံး ခံစားနေရတာ... မြောက်ဥက္ကလာပမြို့နယ်က မိုးဦးပန်းဆေးတိုက်ကို ရောက်တော့... ဆရာ ဦးကံအေးနဲ့တွေ့ပြီး သူကိုယ်တိုင်ထုတ်တဲ့ အာရုံကြောဆေးနဲ့ အစာအိမ်ရောဂါဆေးကို သောက်ကြည့်စမ်းပါလို့ ပြောတာ... အဲဒီ ဆေးတွေကို သုံးစွဲခဲ့လို့... ဆီး... ဝမ်း... လေ မှန်ပြီး မှတ်ဉာဏ်တွေလည်းကောင်း... ကိုယ်လက်လည်း ပေါ့ပါးသွက်လက်နေတာ ဆရာတို့အမြင်ပဲ..."

"ဆရာ...ကိုယဉ်တင့်ပြောတဲ့ မိုးဦးပန်း ဆေးတိုက်က ထုတ်တဲ့ အာရုံကြောဆေးနဲ့ အစာအိမ်ဆေးသောက်မယ်ဗျာ... အဲဒီဆေးတွေ မသောက်မီ... ဆေးရဲ့ အာနိသင်တွေကို သိချင်ပါတယ်... ဆေးညွှန်းကို ပြောပြပါဦး"

"ဆေးအညွှန်းတွေကို မပြောမီ ... ဆေးထုတ်လုပ်တဲ့ ဆရာ ဦးကံအေး (မန္တလေးတိုင်းရင်းဆေး ဒီပလိုမာ - အမှတ်စဉ် ၁၂ ဆင်း)၊ ဆေးခန်းမှူးဘဝနဲ့... အင်္ဂပူမြို့၊ မအူပင်မြို့၊ ကျိုက်လတ်မြို့၊ လှည်းကူးမြို့တွေက... အာရုံကြောရောဂါ ဝေဒနာရှင်တွေ... အစာအိမ်ရောဂါဝေဒနာရှင်တွေကို ကုသအောင်မြင်ခဲ့တဲ့ ဆေးမို့ ရောဂါဝေဒနာရှင်တွေ တောင်းဆိုချက်အရ ထုတ်လုပ်ဖြန့်ချိတဲ့ဆေးပဲ။ ကျွန်တော်သွားလေရာဆောင်တဲ့ဆေးမို့ အညွှန်းတွေလည်း ပါတယ်။ ကြားချင်ရင်... နားဆင်ကြပါ။ အာရုံကြောဆေးအညွှန်းကတော့... ခေါင်းအုံ၊ ခေါင်းကိုက်ခြင်း၊ ဇက်ကြောတက်... ဇက်ကြောထိုးခြင်း၊ မျက်ရိုးကိုက်... မျက်ကြောထိုးခြင်း၊ မေးရွဲ့ ပါးရွဲ့ခြင်း၊ လျှာလေးအာလေးခြင်း၊ ခန္ဓာကိုယ်လေးလံထိုင်းမှိုင်းခြင်း၊ အကြွေးအဆန့် အထိုင်အထအားနည်းခြင်း၊ ခြေလက်များ ထုံကျဉ်ခြင်း၊ လေငန်းလေဖြတ်ခြင်း၊ နာတာရှည်ရောဂါခံစားနေရခြင်း၊ စိတ်မကြည်မလင်ဖြစ်ခြင်း၊ အာရုံကြောအားနည်းခြင်း၊ ကိုယ်ရောစိတ်ပါ ပင်ပန်းနွမ်းနယ်ခြင်း၊ အိပ်မပျော်ခြင်း၊ မူးဝေခြင်း၊ သွေးတိုးရောဂါ၊ သွေးချိုဆီးချိုရောဂါနှင့် ငှင်းရောဂါ နောက်ဆက်တွဲဆိုးကျိုးများအတွက် သင့်လျော်သော ဆေးဖြစ်ပါသည်...တဲ့။ အစာအိမ်ရောဂါသောက်ဆေးအညွှန်းကတော့... အစာမကြေခြင်း၊ ရင်ပြည့်ရင်ကယ်ဖြစ်ခြင်း၊ ရင်ထဲတောင့်တင်းနေခြင်း၊ အစာအိမ်အချဉ်ပေါက်ခြင်း၊ အနာဖြစ်ခြင်း၊ ရောင်ခြင်း၊ အောင့်ခြင်း၊ လေချဉ်တက်ခြင်း၊ လေပူထခြင်း၊ လေနာရောဂါစွဲကပ်ခြင်း၊ မိမိနှင့် ဓာတ်မတည့်သော အစားအစာများ စားမိ၍ ခန္ဓာကိုယ် ယားယံခြင်း၊ အဖုအပိမ့်ထခြင်း၊ အစာအဆိပ်ဖြစ်၍ ဗိုက်နာခြင်း၊ ဝမ်းသွားခြင်း၊ အော့အန်ခြင်း၊ ဝမ်းဖောဝမ်းရောင်ဖြစ်ခြင်း၊ မကြာခဏ ဝမ်းပျက်ခြင်း၊ အစားအသောက် အမှား မခံခြင်း စသော အစာအိမ်နှင့် အူလမ်းကြောင်းရောဂါအတွက် သင့်လျော်သော ဆေးဖြစ်ပါသည်... တဲ့။ ဤဆေးသည် အစာအိမ်ဆေး၊ အစာကြေဆေး၊ အစာဖျက်ဆေး... အခြေကျော် ဆေး ၄ မည်ရ မဟာဆေးတော်ကြီးဖြစ်လျက် - စားသမျှကြေပြီး မှားသမျှဖြေတဲ့ ဆေးစွမ်းကောင်းတစ်လက်ပဲ..."

"တိုင်းရင်းဆေး သုတေသီဖြစ်တဲ့ ဆရာ ကိုယဉ်တင့်ကိုယ်တိုင် သုံးစွဲနေတဲ့ ဆေးစွမ်းကောင်းနှစ်လက်ဖြစ်တဲ့အတွက် ကျွန်တော်တို့ ယုံယုံကြည်ကြည် သုံးစွဲကြမယ်ဗျာ။ ဒါဖြင့် ဘယ်ဆိုင်တွေမှာ ဝယ်ယူရရှိနိုင်သလဲဆိုတာ လမ်းညွှန်ပါဦး"

"အမြို့မြို့ရှိ မြန်မာဆေးမျိုးစုံ ဆိုင်တိုင်းမှာ ဝယ်ယူရရှိနိုင်ကြောင်းပါ"



## မိုးဦးပန်း ဆေးတိုက်

အမှတ် ၇၄၃၊ ဘုမ္မာ ၅ လမ်း၊

(ဈ) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း - ၀၉၄၅၀၀၂၃၂၈၀



www.burmeseclassic.com

www.burmeseclassic.com

# [illegible]

## စေတီတော်နှင့် သန္တိစွမ်းအင် ပူဇော်မှုအထူး (၂)

ထက်မြင့်ကျော်စွာ

ယခင်လမှအဆက်


### ရှေးခေါင်းလောင်းတစ်ခု

စေတီရင်ပြင် တောင်စူးစူးတွင် ကြီးမားသော ခေါင်းလောင်းတစ်လုံး ရှိသည်။ ခေါင်းလောင်းချိတ်ကွင်းမှာ ပျက်စီးသွားသဖြင့် သံကြိုးဖြင့် တည်းနှောင်ထားရသည်။ ထူးခြားသည်ကား ခေါင်းလောင်းကွင်းတွင် တွေ့ရလေ့ရှိသော နတ်ရုပ်, ခြင်္သေ့, ဘီလူး, ကနုတ် စသည့်အစား ဝိဇ္ဇာရုပ် တစ်ရုပ်စီ တွေ့ရ ခြင်း ဖြစ်သည်။

ဝိဇ္ဇာရုပ်မှာ လက်ယာ ဒူးထောင်၊ လက်ဝဲ ဒူးချ၍ လက်ဝါးများက ဒူးတစ်ဖက်စီတွင် အုပ်၍ တင်ထားသည်။ နှုတ်ခမ်းမွေးကျင်စွယ်နှင့် ပုတီးတစ်ကုံး ဆွဲထားသည်။

ခေါင်းလောင်း ပတ်လည်တွင် ကမ္ပည်းစာများ ရှိခဲ့ဟန်တူသော်လည်း ကာလကြာသဖြင့် လည်းကောင်း၊ ပွတ်တိုက်မှုကြောင့် လည်းကောင်း ပျက်ယွင်းကုန်ပြီ ဖြစ်သည်။ အတန်ကြာအောင် စေ့စေ့စပ်စပ် ရှာဖွေလေမှ ရေးမှုန် ကမ္ပည်းစာအချို့ကို မပီမသ တွေ့ရသည်။ ကျွမ်းကျင်သူများ ဝါယမစိုက်ထုတ်ပါက အတန်အသင့် ဖော်ထုတ်နိုင်၍ သမိုင်းအတွက် အရေးပါသည့် အထောက်အထားများ ဖြစ်လာနိုင်ပေသည်။

ဝိဇ္ဇာရုပ်များမှာ မူလ ပင့်ဆောင်သူ လောကီ ဈာန်ရရသေ့ "ဂေါ်န"ကို ရည်ညွှန်းလေသလား။ စတုတ္ထအကြိမ် ပြုပြင်စဉ်က ဆရာတော်များကို ရည်ညွှန်းလေသလား စိတ်ဝင်စားဖွယ် ကောင်းလှလေသည်။



◆ ကုသိနာရုံ လျောင်းတော်မူကြီး

◆ ရှေ့တော်မှောက်မှ လျောင်းတော်မူ ပုံစံငယ်



### အရှေ့ဘက်ဆီသို့

ရင်ပြင်တော်၏ အရှေ့တောင်ထောင့်တွင် နှစ်ရှည် ဗောဓိညောင်ပင်ကြီးများနှင့် ဗောဓိလင်းလွန်းပင်တို့ကို တွေ့ရသည်။ လင်းလွန်းရွက်မှာ ညောင်ရွက်ကဲ့သို့ အရွက်ဖျား ကြွက်မြီးတန်းခြင်း မရှိပါ။ လင်းလွန်းအသားမှာ

www.burmeseclassic.com





◆ ရှမ်းဘုရား ဂန္ဓကုဋိတော်

ရှမ်းဘုရား ရုပ်ပွားတော် ▶

◆ ဝတ်အတွင်း မြင်ကွင်း



ပွယောင်း၍ ပိုးခြ ဖျက်ဆီးလွယ်သော အသား ဖြစ်လေသည်။

ပရိဝုဏ်ထောင့်တွင်ကား ၁၃၁၈ ခုနှစ်က သာသနာ ၂၅၀၀ ပြည့်နှစ် အထိမ်းအမှတ်စေတီကို တည်ဆောက်ခဲ့ကြသည်။ ကောင်းမှုတော်ပုံစံ၊ လိုဏ်ဥမင်ပါစေတီ ဖြစ်ပေသည်။ အနီးတွင် ကုန်းတော်စောင့် ဘိုးဘိုးရုပ်တုကို ကွန်းနှင့်တကွ တွေ့ရသည်။

အရှေ့စောင်းတန်း မြောက်ဘက်တွင်ကား လျောင်းတော်မူတန်ဆောင်းရှိ၏။ မြောက်သို့ ဦးခေါင်းပြုထားသော ပရိနိဗ္ဗာန် လျောင်းတော်မူ (သို့မဟုတ်) ကုသိနာရုံ လျောင်းတော်မူ ဖြစ်သည်။

တန်ဆောင်းမှာ စစ်ကြိုခေတ်လက်ရာဖြစ်ကာ အပြင်နားပတ်လည်တွင် ပန်းတော့ရုပ်ကြွများစွာ လှပစွာ တန်ဆာဆင်ထားသည့် ဗုဒ္ဓဝင် ဖြစ်စဉ်တော်များ၊ ဇာတ်တော်ဆယ်ဘွဲ့ သရုပ်ဖော်ပုံများ ဖြစ်သည်ကို တွေ့ရသည်။

တန်ဆောင်းတွင်း မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုဟန် လျောင်းတော်မူ ရုပ်ပွားတော်ကြီးနှင့် လက်အုပ်ချီ ပူဇော်နေကြသည့် သာဝက ရဟန္တာရုပ်လုံးများ ဖူးမြော်ရသည်။

လျောင်းတော်မူ ရုပ်ပွားငယ်တစ်ဆူကိုလည်း တွေ့ရသည်။ ၁၃၀၀ ပြည့်နှစ်ဝန်းကျင်ကာလ ဗိသုကာလက်ရာနှင့် သာသနာတော် ထွန်းတောက်မှု အခြေအနေကို လေ့လာနိုင်သော ပြယုဂ်တန်ဆောင်း ဖြစ်လေသည်။

## ရှမ်းဘုရား

ပရိဝုဏ် အရှေ့မြောက်ထောင့်တွင် (ကျိုက်ထီးရိုးပုံစံတူ) ကျိုက်ထီးရိုးကလေး စေတီတစ်ဆူ ပူဇော်ထားသည်။ ရင်ပြင်အနီး အုတ်ပြာသာဒ်ဆောင်ဖြင့် သီးခြား မြင်တွေ့ရသော တန်ဆောင်းကား ရှမ်းဘုရားတန်ဆောင်း ဖြစ်သည်။

၁၉၉၄ ခုနှစ်တွင် စတင် တည်ဆောက်ကာ ၁၉၉၆ ခုနှစ်တွင် တန်ဆောင်းတွင်း စံပယ်ပေါ်မူသည့် ရုပ်ပွားတော်အား ပင့်ဆောင် ပူဇော်





www.burmeseclassic.com

www.burmeseclassic.com





ကျိုက်ထီးရိုးကလေး

အဂ္ဂသာဝက

ခဲ့သည်ဟု သိရသည်။

အတွင်းသို့ ဝင်ရောက် ကြည့်ရှုသော အခါ ကြေးသွန်း တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးတစ်ဆူကို ဖူးတွေ့ရသည်။ ရဟန်းတော် အရှင်ဩဘာသ (တရုနာရွာဘုရားကြီးကျောင်းတိုက်) ဦးဆောင်၍ တပည့် ဒါယကာများ ကောင်းမှု ရုပ်ပွားတော်ကြီး ဖြစ်သည်။

ထိုင်းနိုင်ငံတွင် သွန်းလုပ်သော လက်ရာဟန် ဖြစ်သည်။ ရှေ့တော်မှောက်တွင် မတ်တတ်ရပ်၍ လက်အုပ်ချီ ရှိခိုးနေသော အဂ္ဂသာဝကနှစ်ပါး ရုပ်တုတော်နှစ်ဆူ၊ ဘီလူးဖို့၊မ တစ်စုံတို့ကို တွေ့ရသည်။



ရှေ့တော်မှောက် (ဝဲ)မှ ဘီလူး

မွန်ဘာသာအရ ထိုင်းနိုင်ငံကို (ရှန်းစင်း)ရှမ်းဟု ခေါ်ဝေါ်၍ မြန်မာနိုင်ငံမှ လူငယ်များစွာ သွားရောက်ကာ လုပ်ကိုင်စီးပွားရှာဖွေလျက် ရှိကြရာ ထိုဒေသတွင် လုပ်ကိုင်ရှာဖွေမှု အဆင်ပြေစေရန် ရည်မှန်းကာသိုလ်ပြုကြသည့်ဘုရား ဖြစ်သည်။


မြန်မာနိုင်ငံ အရှေ့ဖျား ရှမ်းပြည်နယ်မှ ရှမ်းတိုင်းရင်းသားတို့ကိုမူ **"ရှမ်းကြီး"**ဟု ခေါ်ကြသည်။ ထို့ကြောင့် ဤဘုရားကို ရှမ်းဘုရားဟု ခေါ်တွင်ခြင်း ဖြစ်သည်။

ကြီးမားသော ဤရုပ်ပွားတော်ကြီးမှာ တစ်ဆက်တစ်စပ်တည်းဖြစ်ကာ ဤ ဂန္ဓကုဋီတော်တွင်းအရောက် ခက်ခဲစွာ ပင့်ဆောင်ခဲ့ကြရသည်ဟု



ရှေ့တော်မှောက် (ယာ)မှ ဘီလူး

www.burmeseclassic.com



ကျိုက်မာယူ (ခေါ်) ဓာတ်တော်နားစေတီ

သိရသည်။

## အမျိုးသမီးများအတွက် ဆေးတစ်ပင်

ရှမ်းဘုရား တန်ဆောင်းအနီးတွင် သော်က ပန်းချုံများကို တွေ့ရသည်။ ကုလားသော်ကဟုလည်း ခေါ်ကြသည်။ ပုဏ္ဏရိက်ပန်းကဲ့သို့ အနီရောင်ပန်းပွင့်များ အဆုပ်လိုက် ပွင့်နေသည်။ သော်က အပင်ကြီးမျိုးနှင့် ဆေးအသုံးတူသည်။

အမျိုးသမီးများ မီးယပ်သွေးလွန်လျှင် သော်ကပန်း အပွင့်ကို ရေတစ်ညစိမ်၍ ထိုပန်းပွင့်စိမ်ရေကို နံနက်တွင် သောက်ပေးက မီးယပ်လွန်ခြင်း ပျောက်ကင်းစေသည်။ နို့စို့ကလေးများ အော့အန်ခြင်း ရောဂါအတွက် သော်ကပွင့်ကို ကြိတ်၍ နို့အုံ၌ လိမ်းကျံကာ နို့စို့စေလျှင် အော့အန်ခြင်း ပျောက်ကင်းစေလေသည်။

## ဘာဝနာကုသိုလ်

စေတီရင်ပြင် ဝတ်တော်များစွာ အတွင်း၌ မှန်ပြည်နယ်၌ တွေ့ရလေ့ရှိသည့်အတိုင်း အလယ်ဗဟို၌ တင်ပျဉ်ခွေ ရုပ်ပွားတော်ကြီးနှင့် ဝန်းကျင်၊ နံရံတစ်လျှောက် ရုပ်ပွားတော်များစွာ ခြံရံ ပူဇော်ထားသည်ကို ဖူးတွေ့ရသည်။

အချို့ ဝတ်များအတွင်း ဘာဝနာကုသိုလ်ပြုနေကြသော လူ, ရဟန်း, ပုဂ္ဂိုလ်အချို့ကိုလည်း ဝမ်းမြောက်ဖွယ်ရာ မြင်တွေ့ရသည်။ ရိုးကိုးဆံတော်ရှင် ရှေ့တော်မှောက်တွင် ၂၄ ပစ္စည်း ပဋ္ဌာန်းပူဇော်ခြင်း၊ ၃၂ ကောဋ္ဌာသ၊ ကာယဂတာ သတိကမ္မဋ္ဌာန်း စီးဖြန်းခြင်း စသည့် ဘာဝနာ ကုသိုလ်ပြုခြင်းဖြင့် လောကီ, လောကုတ္တရာ ကောင်းကျိုးအသွယ်သွယ် ပြည့်စုံစေသည်ဟု ယုံကြည်ကြသည်။


ဝတ်နံရံအပြင်ဘက် တစ်နေရာတွင် **"ရောင်စုံ ရုပ်ပြပဋ္ဌာန်း"** ဟူသော ခေါင်းစီးဖြင့် ပဋ္ဌာန်း ၂၄ ပစ္စည်းအနက်ရှင်းလင်းချက် စာတမ်းနှင့် ရုပ်ပုံများ ရေးဆွဲကာ ဓမ္မပူဇာ ဒါနကုသိုလ် ပြုထားသည်ကိုလည်း တွေ့ရသည်။

လေ့လာကြည့်သောအခါ "ရိုးကိုး" ဘွဲ့ပညတ်တော်အရ ဗုဒ္ဓဟူး၊ တနင်္လာ ဂြိုဟ်သင်္ချာ ၂ – ၄ တို့ ခြံရံသဖြင့် ပဋ္ဌာန်း ၂၄ ပစ္စည်း ပူဇော်ကြောင်း တွေ့ရသည်။ ထိုဂြိုဟ်နှစ်ရပ် ဂြိုဟ်သက်ပေါင်းပါက ၁၇ + ၁၅ = ၃၂ ရသည်ဖြစ်၍ ၃၂ ကောဋ္ဌာသ ကာယဂတာ သတိကမ္မဋ္ဌာန်း စီးဖြန်းခြင်း



www.burmeseclassic.com

www.burmeseclassic.com




▲ အင်္ဂါနေ့ နံနက်ပိုင်း ဓာတ်တော်ကွန့်မြူးနေပုံ

ဖြစ်လေသည်။

ယနေ့ ဖူးတွေ့ရသော စေတီတော်ကို နောက်ဆုံး မွမ်းမံ တည်ဆောက်ခဲ့ကြသည့် ဆရာတော်သုံးပါးနှင့် သူဌေးမောင်နှမနှစ်ဦးတို့ကလည်း ဂြိုဟ်သက်ပေါင်း (၃၂)နှင့် ကိန်းတူထပ်၍ နေရာ စေတီတော် ရေရှည် တည်တံ့ပွင့်ထွန်းမှုအတွက် ဝေဒရှုထောင့်မှ ကာရကစွမ်းအင်တစ်ရပ်ဖြစ်ကြောင်း သတိချပ်မိပေသည်။

## ကျိုက်မာပူးစေတီ

စေတီတော် ရင်ပြင်၏ အရံတံတိုင်းအပြင် အနောက်မြောက်ထောင့်အရပ်တွင် ကျိုက်မာပူး စေတီတော်ကို ဖူးတွေ့နိုင်သည်။ မြန်မာဘာသာဖြင့် နောင်တော်ကြီးစေတီဟု ခေါ်တွင်ကြသော ကျိုက်ဓာတ်ဂျူ (ခေါ်) ဓာတ်တော်နားစေတီ ဖြစ်သည်။

မူလ စေတီတော်ကြီး တည်ဆောက်စဉ်ကာလ ဌာပနာပြု ပူဇော်ရန် ဓာတ်တော်မွေတော်များကို ခေတ္တ ပူဇော်ထားရှိရာနေရာကို စေတီတည်ထားခြင်း ဖြစ်သည်။

ပင်မစေတီနှင့် ပုံစံတူ ပုံတော်စေတီဖြစ်သည်။ ဤစေတီတွင် ဒါန, သီလ, ဘာဝနာ ကုသိုလ်ပြုခြင်းဖြင့် အစအဦးဖြစ်တည်လိုရာ ဆန္ဒ, ကိစ္စများ အောင်မြင် ပြီးမြောက်နိုင်ကြသည်။

တနင်္လာနံ အဆုံးသတ်သော "ရိုးဂိုး" စေတီကြီး၏ တေဇအရပ်တွင် ရှိသဖြင့် အောင်ခြင်းဆုတူးကို ပန်ဆင်ပြည့်ဝနိုင်ကြလေသည်။

## ရောင်ခြည်တော် ကွန့်မြူးခြင်း

ရင်ပြင်တစ်ခို ကြည်ညိုလေ့လာနေစဉ် ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်လည်း ရောက်ရှိလာ၍ ပြီးခဲ့သော လပြည့်နေ့သည အရုဏ်တက်ချိန်၌ စေတီတော် ငှက်မြတ်နားဆီမှ ပြိုးပြိုးပြက်ပြက် လင်းလက်ကာ ရောင်ခြည်တော်ကွန့်မြူးသည်ကို လူအများပင် ဖူးတွေ့ရကြောင်း ပြောပြသည်။ (၅) မိနစ်ခန့်မျှကြာမြင့်သည်။ လက်ကိုင်ဖုန်းဖြင့် ဓာတ်ပုံရိုက်ကူးဖြစ်သော်လည်း ပုံရိပ်ချဲ့ထွင်မှု အရွယ်အစား သေးငယ်သဖြင့် ဓာတ်ပုံ ကူး၍မရကြောင်း သိရသည်။

ဤကဲ့သို့ပင် ၁၃၅၅ ခုနှစ်တွင်လည်းကောင်း၊ ၁၃၇၀ ပြည့်နှစ်တွင်လည်းကောင်း ရိုးဂိုးဆံတော်ရှင်စေတီမှ ရောင်ခြည်တော် ကွန့်မြူးသည်ကို ဖူးတွေ့ကြရသည် ဆို၏။

၁၃၅၅ ခုနှစ်၊ ပထမ ဝါဆိုလဆန်း (၈) ရက်နေ့ ည (၁၁း၃၀) နာရီအချိန်ခန့်တွင် ထီးတော်မှ ရောင်စုံ ကွန့်မြူးတော်မူသည်။ အချိန် မကြာမြင့်သည့်အပြင် ဓာတ်ပုံရိုက်ရန် ကင်မရာ အခက်အခဲကြောင့် မှတ်တမ်း မရရှိခဲ့ချေ။ ၁၃၇၀ ပြည့်နှစ်တွင်မူ နည်းပညာ တိုးတက်

www.burmeseclassic.com

လာပြီဖြစ်၍ ဗီဒီယိုမှတ်တမ်းပြု ပူဇော်နိုင်ခဲ့သည်။


ထိုစဉ်က ရိုက်ကူးထားသော မှတ်တမ်း ဗီစီဒီတစ်ချပ်ကိုလည်း စာတည်းချုပ်နှင့် မဂ္ဂဇင်းအဖွဲ့သားတို့ ကြည်ညိုသာဓုခေါ်ဆိုနိုင်ရန် လက်ဆောင်ပေးကြသည်။

၁၃၇၀ ပြည့်နှစ်၊ ဝါခေါင်လဆုတ် (၆)ရက်၊ သောကြာနေ့ ည (၈း၁၅) နာရီမှ စတင်ကာ ငှက်ပျောဖူးထက် ထီးတော်အခြေမှ စတင်ကာ ရောင်ခြည်တော် ကွန့်မြူးကာ ထီးတော်, ငှက်မြတ်နားတော်တစ်လျှောက် ပြာဋိဟာ ပြတော်မူသည်။ (၉း၀၀)နာရီအချိန်ကျမှ ပျောက်ကွယ်သွားရာ (၄၅)မိနစ်မျှ ကြာမြင့်ကြောင်း သိရသည်။

ဒုတိယည စနေည (၈း၂၀)နာရီမှ (၁၁း၀၅)နာရီအထိ လည်းကောင်း၊ တနင်္ဂနွေည (၇း၀၀)နာရီမှ (၉း၀၀) နာရီအထိလည်းကောင်း၊ တနင်္လာည (၁၁း၀၀)နာရီမှ နံနက် (၂း၂၀)နာရီအထိ လည်းကောင်း လေးညဆက်တိုက် ဖူးမြင်ရကာ နောက်ပိုင်းတွင် အချိန်တာ လျော့နည်းလာကာ (၇)ရက်မြောက် နောက်ပိုင်းတွင် ရံဖန်ရံခါမှသာ ဖူးမြင်ရတော့သည်။

ထိုစဉ်က အာဏာပိုင် အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ လာရောက် ကြည်ညိုကြသည်ကိုလည်း မှတ်တမ်းတွင် တွေ့မြင်ရလေသည်။

ဓာတ်ပုံမှတ်တမ်းများလည်း တွေ့ရသဖြင့် စာရှုသူတို့ ကြည်ညိုနိုင်ကြစေရန် (၄)ပုံမျှကို ထပ်ဆင့် ရိုက်ကူး ဖော်ပြလိုက်ပါသည်။




◆ စနေ ညဦး ဓာတ်တော်ကွန့်မြူးနေပုံ

လောကီချာန်ရ ဂေါနရသေ့ ပူဇော်ခွင့်ရသော ဆံတော်ဓာတ်ကို ဗန္ဓုသာရ တောစောင့်နတ်မင်း တောင်းပန်သဖြင့် ပေးလှူကာ ဌာပနာပြု တည်အပ်သော စေတီတော်ကြီးဖြစ်ကာ ကာရကာ အထောက်အပံ့များစွာ ဖွဲ့တည်နေသော ကုန်းတော်မြတ်တွင် ကိန်းဝပ်တော်မူလေသည်။

ပုဇနီယ ပွဲတော်ကာလမှာလည်း အချိန်တာ ကာလတစ်ခုငြိမ်း၍ အသစ်သို့ကူးပြောင်းသော သင်္ကြန်အစပ်၊ သင်္ကြန်ကာလတွင် ကျင်းပလေ့ရှိလေရာ အနန္တငါးဖြာနှင့်တကွ ခင်ပွန်းကြီးဆယ်ပါးတို့ အပေါ်၌ မသိနားမလည်၍သော်လည်းကောင်း၊ အဝိဇ္ဇာ ပိတ်ဖုံး၍သော်လည်းကောင်း ပြစ်မှားမိခဲ့သည်ရှိသော် ထိုအပြစ်တို့မှ သည်းခံကြစေရန် သင်္ကြန်အာနိသင်ဖြင့် ဆေးကြော သုတ်သင်ကာ ကံကမ္မအသစ်၊ ကုသိုလ်အမှုကို ပြုလုပ် ဆုပန်လျက် ငြိမ်းအေးနိုင်ကြလေသည်။

လမ်းပန်းဆက်သွယ်မှု လွယ်ကူ၍

## တိုက်တွန်းချက်

ရိုးရိုးဆံတော်ရှင် စေတီတော်မြတ်မှာ



www.burmeseclassic.com

www.burmeseclassic.com



◆ ကြာသပတေးနေ့ ညဗိုလ်၊ တတ်တော် ကွမ်းမြူးနေပုံ

ကိုယ်ပိုင်ယာဉ်၊ အငှားယာဉ် (သို့မဟုတ်) မော်လမြိုင်မြို့တွင်းမှ အမှတ် (၈) လိုင်းကား စသည်ဖြင့် အဆင်ပြေစွာ လာရောက်နိုင်ကြသည်။

ဘာဝနာကုသိုလ်ပြုလိုက ပဋ္ဌာန်းဒေသနာတော် ရွတ်ဖတ်ပူဇော်ခြင်း၊ ကာယဂတာ သတိကမ္မဋ္ဌာန်း စီးဖြန်းခြင်းတို့ ပြုနိုင်သည်။

သီလကုသိုလ်ပြုလိုက ရိုးဂိုး ဂြိုဟ်သက်နှစ်ရပ်ပေါင်း ၃၂ အရ လည်းကောင်း၊ စေတီ လက်ရှိပုံဟန်ဖြစ်ရန် မွမ်းမံပြုပြင်ခဲ့ကြသော ဆရာ ဒါယကာ (၈) ဦး အစွဲပြု၍လည်းကောင်း ငါးပါးသီလကို မကျိုးမပေါက်အောင် ထိန်းသိမ်း ပူဇော်နိုင်သည်။

ဒါနကုသိုလ်ပြုလိုက ခေါင်းလောင်း၊ ကြက်လျှာ၊ ရေကန်၊ ရက်ကန်း(ထည်)၊ ကာလပ်၊ လှေ၊ လက်ကောက်များ၊ ခရေ၊ ရင်ကပ်၊ ရင်ကမ်း၊ လိုင်ချိုး၊ ရိုးဂိုး၊ ကွမ်းယာ၊ ခဲလံချောင်း (ကောက်ညှင်းကျည်တောက်ဟုလည်း ခေါ်သည်)၊ ကြံရည်၊ ကြက်ရုန်း၊ ခေါင်ရန်း၊ ခရမ်း၊ ငရုတ်၊ ငါးရံ့ စသည် ပန်းမန်စားဖွယ်များ လှူဒါန်းနိုင်ကြသည်။

"ရိုးဂိုး" ဘွဲ့တော်ပညတ်နှင့် နံတူထပ် အမြတ်ပြု ပူဇော်ခြင်း ဖြစ်၏။

ဤတွင် မိတ်ဆွေတစ်ဦးက ဤသို့ မေး၏။

'ငရုတ်၊ ခရမ်း၊ ငါးရံ့ ဆိုတာတွေက အလှူအတန်းမှာ ပါဝင်လေ့ရှိပေမယ့် "ခေါင်ရန်း" ဆိုတာ အသုဘပန်း မဟုတ်ဘူးလား'

ကွယ်လွန်သူ၏ သက်ပျောက် အဝတ်အစား၊ ခုတင်၊ အိပ်ရာ စသည်တို့ကို ကျောင်းဘုရားသို့ လှူဒါန်းသကဲ့သို့ အမင်္ဂလာပန်းကို ဘုရားကပ်သလားဟု ရိုးသားစွာ မေးမြန်းခြင်းဖြစ်သည်။

'"ခေါင်ရန်း" ပန်း ဆိုတာ မင်္ဂလာရှိတဲ့ နိမိတ်ပန်းပါ။ ရှေးဘုရင်ခေတ်က ရာဇဝတ်သားကို ကွပ်မျက်ရတဲ့ အာဃာတသားရဲ့နားမှာ ခေါင်ရန်းပန်း ပန်ထားတာ မြင်ရရင် မိဖုရားခေါင်ကြီးဆီ အသနားခံလို့ အသက်ဘေးက ကင်းလွတ်ခွင့်ရတယ်။ သေမိန့်ကို မိဖုရားခေါင်က ဖယ်ရှားပေးနိုင်တဲ့ ကိစ္စမို့ ခေါင်ကယမ်းနိုင် ပယ်ရှားနိုင်တဲ့ "ခေါင်ရန်း" ပန်းပါ။ ဒါကြောင့် မင်္ဂလာနိမိတ်ပန်းပါ။

သေနေ့မစေ့ဘဲ ဥပစ္ဆေဒကံကြောင့် ကွယ်လွန်ရသူတွေအတွက် နောင်ဘဝမှာ သက်တမ်းစေ့ နေနိုင်ပါစေ၊ ကုသိုလ်ကောင်းမှုက ခေါင်ကယမ်း ဖယ်နိုင်ပါစေလို့ ရည်စူးပြီး အလှုဆင် ပေးကြတယ်။

နောက်ပိုင်း မသာတိုင်းလိုလို ခေါင်ရန်းပန်းဆင်ကြလို့ အမင်္ဂလာပန်းလို့ အထင်မှားခံရတာပါ။ ခေါင်ရန်းပန်းကို ကပ်လှူခြင်းအားဖြင့် မကောင်းတဲ့ ကြမ္မာဆိုး၊ ဂြိုဟ်အစီးအနင်း နှိမ့်ပါးမှုတွေကို ခေါင်ကယမ်းသလို ဖယ်ရှားပေးနိုင်ပါလိမ့်မယ်'

ဟု ရှင်းပြရသည်။

မိမိတို့ စွမ်းနိုင်သမျှ ကုသိုလ်ပြု၍ "ရိုးဂိုး" ဆံတော်ရှင် စေတီမြတ်၌ လိုရာဆုပန်ကာ "ရောဂ" အနာအသွယ်သွယ် ကင်းပကွယ်လျက် မိမိကိုယ်ကို မိမိ "ရက္ခ" စောင့်ရှောက်ခြင်း ပြုနိုင်ကြပါစေ။

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

ကြော်ငြာဆောင်းပါး

# သားမင်း နှလုံးသည်းခြေဆေး

အမှတ်တံဆိပ်

၀၂၁၁ Y ၀၀၈၉၅၄ လိုင်စင် ၇/၂၀၀၈/တဆထလ (၁၆၂၅)
ကြော်ငြာခွင့်ပြုချက် တဆ၀က (တနယ်ဖင်း) ၁၆၉/၀၂၀၁၀



**အမောပြေ လန်းဆန်း ကျန်းမာဖို့**

**သားမင်း** (အမှတ်တံဆိပ်)

**နှလုံးသည်းခြေဆေးကို သုံးစွဲကြစို့**

ကလင်...ကလင်ဆိုတဲ့ ခေါင်းလောင်းသံကြောင့် တံခါးဖွင့်လိုက်ရာ ရ–လွှာ တက်လာသော ဘရဏီကို တွေ့လိုက်ရသည်။

"တံခါးဖွင့်ပါဦး သရဖီရယ်... မောလိုက်တာ... နောင်ဆို ရ–လွှာမှာမနေဘဲ တာဝတိံသာတက်နေ" ငေါ်ငေါ်တူးတူး ပြောလိုက်သော ဘရဏီစကားကြောင့် သရဖီက ရယ်ကျဲကျဲလုပ်ရင်း...

"နောက်မှပဲစိတ်ဆိုး... ခုတော့ အမောပြေ ဒီဆေးလေးသောက်လိုက်... အမောတွေ ပြေသွားစေရမယ်"

ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် ရေအေးနှင့်သောက်ပြီး ခဏ ဘရဏီ မျက်နှာ ရွှင်ပျလာသည်။

"ဟယ်...ဆေးကလဲချိုချဉ်အရသာလေးနဲ့ ကောင်းလိုက်တာ... အမောကို ပြေသွားတာပဲ... အခု ငါ့ကို တိုက်တာ ဘာဆေးလဲဟင်"

"ငါတို့မိသားစု အမြဲ သုံးစွဲနေတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ပါ"

ထိုစဉ် ဘရဏီ၏ မိခင် ဒေါ်မာလာရောက်လာကာ "ဟုတ်တယ်... ဘရဏီရေ... ဒေါ်ဒေါ်တို့က ရ–လွှာမှာနေကြတဲ့သူတွေဆိုတော့ မိတ်ဆွေတစ်ယောက်ရဲ့ ဆေးလမ်းညွှန်မှုကြောင့် **သမားတော် ဦးကိုကိုကြီး ဖော်စပ်ထားတဲ့ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို အမြဲသုံးစွဲနေတာ သရဖီ ရုံးသွားရုံးပြန်သောက်တဲ့ ဆေးဖြစ်သလို ဒေါ်ဒေါ်လည်း ဈေးသွားဈေးပြန် သောက်ရတဲ့ ရ–လွှာအတွက် အမောပြေဆေးပါပဲကွယ်"

"ခုနက သရဖီပြောလိုက်တာ နှလုံးသည်းခြေဆေး ဟုတ်လား"

"ဟုတ်တယ် ဘရဏီ... နှလုံးသည်းခြေဆေးပါ... နှလုံးကောင်းမှ သည်းခြေနဲ့သွေးဟာ တစ်ကိုယ်လုံးပျံ့နှံ့သလို သွေးနဲ့ အဗဒ္ဓသည်းခြေရောစပ်ကာ တစ်ကိုယ်လုံးပျံ့နှံ့ပြီး နှလုံးကို ပြန်စောင့်ရှောက်တာလို့ မြန်မာ့တိုင်းရင်းဆေးပညာကို လေ့လာထားလို့ ငါသိရတာ"

"နှလုံးသည်းခြေဆေးဟာ နှလုံးအတွက်ရော သည်းခြေအတွက်ပါ အကျိုးပြုတယ်ဆိုရင် လူတိုင်း သုံးစွဲသင့်တဲ့ ဆေးတစ်လက်ပဲပေါ့... ဒါဆိုရင် အသက်ကြီးပြီဖြစ်တဲ့ ငါ့ရဲ့ဖေဖေနဲ့ မေမေကို သုံးစွဲဖို့ အသိပေးရဦးမယ်... အဲဒီ သားမင်းအမှတ်တံဆိပ် နှလုံးသည်းခြေဆေးဟာ ဘယ်လိုရောဂါတွေအတွက် သုံးစွဲနိုင်တယ်ဆိုတာ ပြောပြပေးပါဦး သရဖီ"

"ပြောပြမယ်... သေသေချာချာ နား ထောင်... နှလုံးသည်းခြေ အားနည်းခြင်း၊ နှလုံးသွေးကြောကျဉ်းခြင်း၊ နှလုံးသွေးကြောကျယ်ခြင်း၊ နှလုံးသွေးကြော အဆီပိတ်ခြင်း၊ နှလုံးကြွက်သားများ အားနည်းခြင်း၊ ရောင်ခြင်း၊ နှလုံးတုန် ရင်ခုန်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ နှလုံးခုန်မမှန် မူးဝေ မောပန်းခြင်းများကို ရေအေး(သို့မဟုတ်) ဆီးဖျော်ရည် ရရာနှင့် သုံးစွဲနိုင်တယ်တဲ့"

"ဒါဆိုရင် လူတိုင်းနဲ့ သင့်လျော်တဲ့ ဆေးကောင်းတစ်လက်ပဲ ဆက်ပြောပါဦး သရဖီ"

"ရင်ညွန့်၌ စူးအောင့်ခြင်း၊ ကျောနှင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးစူး၍အောင့်ခြင်း၊ ရင်ဝပူ၍ မအီမသာဖြစ်ခြင်း၊ လေးလံထိုင်းမှိုင်းခြင်း၊ အနည်းငယ်လှုပ်ရှားရုံနှင့် မောပန်းနွမ်းချိနေခြင်း၊ ဒေါသကြောင့်ဖြစ်စေ၊ စိုးရိမ်ကြောင့်ကြ ထိတ်လန့်ခြင်းကြောင့်ဖြစ်စေ၊ နှလုံးတုန် ရင်ခုန် မောပန်းခြင်းများကို ရေအေး (သို့မဟုတ်) ကြံရည်ရရာနှင့် သုံးစွဲနိုင်ပါတယ်...

ဆက်နားထောင် ဘရဏီ... နှစ်ခြိုက်စွာ အိပ်မပျော်သူများ၊ စိတ်ဖိစီးမှုများ၍ စိတ်မကြည်လင်သူ၊ စိတ်ရောကိုယ်ပါ ပင်ပန်းနွမ်းနယ်သူများ၊ အားအင်ကုန်ခန်းသူ၊ သတိမှတ်ဉာဏ်နည်းသူများ အထူးသဖြင့် အိပ်ပျက်ခံ ကျက်မှတ်ရသော စာသင်သား၊ ရဟန်းသံဃာများ၊ ကျောင်းသူကျောင်းသားများ၊ စိတ်ရောကိုယ်ပါ မောပန်းနွမ်းနယ်သော ကာယ၊ ဉာဏ လုပ်သားများ၊ နာလန်ထစ လူနာများ၊ သက်ကြီးရွယ်အိုများ၊ ရေအေး (သို့မဟုတ်) ပျားရည်နဲ့ နေ့စဉ် သုံးစွဲပါက ပင်ပန်းမှုပြေပျောက်လျက် စိတ်ကြည်လင် လန်းဆန်းစေပါတယ်။

အပူအပုပ်များသူ၊ ဆီးနီ၊ ဆီးနည်းသူများ ရေအေး (သို့မဟုတ်) မန်ကျည်းဖျော်ရည်နဲ့ သုံးစွဲနိုင်ပါတယ်။ အထူးသဖြင့် နှလုံးအား၊ သွေးအား၊ သည်းခြေအားနည်းသူများ၊ နှလုံးရောဂါရှင်များ ပုံမှန်သောက်သုံးသင့်ပြီး အရွယ်တင်နုပျိုလိုသူ၊ သွေးတိုးရောဂါ၊ နှလုံးရောဂါ၊ လေငန်းရောဂါ ကာကွယ်လိုသူများအတွက် နေ့စဉ် သောက်သုံးသင့်တဲ့ ဆေးတစ်လက်ဖြစ်ပါတယ်တဲ့ ဘရဏီ"


"အဲဒီလောက်ကောင်းတဲ့ **သားမင်း အမှတ်တံဆိပ် နှလုံးသည်းခြေဆေး**ကို ငါတို့မိသားစုလဲ သုံးစွဲမယ် လိုအပ်တဲ့သူတွေလဲ သုံးစွဲနိုင်အောင် ပြည်ပေါ်မှာ ရွှေကြော်ငြာထုတ်လုပ်ချင်ပါနဲ့ ဘရဏီရယ်..."

**ပင်ရင်း-သားမင်းဆေးတိုက်** အမှတ် (၁၁၁၃)၊ ဣန္ဒာ(၁၀)လမ်း၊ ၄/ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။ ☎ ၀၁-၇၀၁၃၆၄ ≈ ၀၉ ၈၅ ၉၇၉၇၃



www.burmeseclassic.com

www.burmeseclassic.com



◆ ကျော့ပေါက်ဆရာတော် အရိုးတော်ဓာတ်စေတီ

# ကျောပေါက်ဆရာတော်

အဋ္ဌမဟာသဒ္ဓမ္မဇောတိကဓဇ

# အရှင်ဥတ္တမ နှင့်

## ကြည်ညိုဖွယ်ရာ ဖြစ်စဉ်တော် ဘဝခရီးလမ်း (၂)

စင်သိုင်း

**ယခင်လမှ အဆက်**

သွားရောက်ဖူးမြော်သောအခါ ပြန်ချိန်တွင် ဓာတ်လုံးနှစ်လုံးထုတ်ကာ "ဓာတ်စွပ်ကွင်းကြေ"ဟု မိမိနှင့် ကိုစိုးဝင်းတို့အား တစ်လုံးစီ ချီးမြှင့်တော်မူသည်။

'ရုံးတင်လိုက်တာ၊ အစ်ကိုပေါ်ရင် ဓာတ်လုံးရမယ် မထင်ဘူး'

'ကျွန်တော့်ကြောင့် မဟုတ်ပါဘူး။ ကိုစိုးဝင်းကိုယ်တိုင် ဆန္ဒပြင်းပြပြီး လှုံ့လစိုက်တောင်းဆိုခဲ့လို့ ရတာပါ'

### လက်မှတ်ရပြီးသူ

ကဒါမြို့သစ်ရပ်မှ ကိုစိန်လွင်၊ ကိုစိုးဝေ၊ ကိုရင်ထွေးတို့သုံးဦးသည် ဆရာတော်အား ဖူးမြော်ရန် သက်န်း၊ ဖယောင်းတိုင် စသည် လှူဖွယ်များ ဝယ်ယူ၍ သွားကြသည်။ သံလွင်မြစ်ကို ဖြတ်ကူးစဉ် ရေယာဉ်ပေါ်၌ ကိုစိုးဝေက...

'ဆရာတော်ကြီးက သက်တော်တစ်ရာကျော်ပြီ။ နောက် ဖူးရဖို့နှစ်သိပ်မကျန်တော့ဘူး။ ထင်ရှားရှိခိုက်အားရအောင် ဖူးရမယ်'

ဟု ဆိုသည်။

ကျောင်းသို့ရောက်၍ ဦးချကန်တော့

www.burmeseclassic.com



ဓာတ်ပုံတွင်မှ ကော့ပေါက်ဆရာတော်ရုပ်တု

ပြီးသောအခါ ဆရာတော်က ကိုစိုးဝေကို စေ့စေ့ကြည့်လျက်...

'မင်းတို့က ဆင်းမယ့်ဘူတာအတွက် လက်မှတ်ဖြတ်ပြီးသား။ ငါ့မှာတော့ လက်မှတ် မရှိသေးလို့ ဘယ်ဘူတာ ဆင်းရမှန်း မသိသေးဘူး'

ဟု မိန့်ကြားတော်မူသည်။

ထို့နောက် များမကြာမီတွင် ကိုစိုးဝေ တစ်ယောက် ဝမ်းတွင်းအင်္ဂါဆိုင်ရာ ရောဂါတစ်ရပ်ဖြင့် ကွယ်လွန်သောအခါ ကျန်လူများက ဆိုလိုရင်းကို ရိပ်မိရတော့သည်။

### ထေရုပ္ပတ္တိအကျဉ်း

ဤသို့လျှင် ထူးခြားမှုများဖြင့် ကြားသိဖူးမြင်ခဲ့ရသော ကော့ပေါက် ဆရာတော်လောင်းလျာကို **ကရင်ပြည်နယ်၊ ကော့ကရိတ်မြို့နယ်၊ ကော့ပေါက်ကျေးရွာနေ မွန်တိုင်းရင်းသားများဖြစ်ကြသော ဦးဟာလယ်၊ ဒေါ်ကွန်ဘို့တို့မှ မြန်မာသက္ကရာဇ် ၁၂၅၇ ခုနှစ်၊ တပို့တွဲလဆန်း(၅)ရက်၊ တနင်္ဂနွေနေ့တွင် ဖွားမြင်တော်မူကာ ငယ်မည် ဖေါင်ဝက်**ဟု တွင်သည်။

မွေးချင်း (၉)ယောက်အနက် တတိယမြောက်ဖြစ်သည်။ အသက် (၁၀)နှစ်အရွယ်တွင် ကော့ပေါက်ကျောင်းတွင် **ရှင်ဥတ္တမ**ဘွဲ့မည်ဖြင့် သာမဏေအဖြစ် ရောက်ရှိသည်။


၁၂၇၇ ခုနှစ်တွင် ကော့ပေါက်ကျောင်း ခဏ္ဍသိမ်တွင် ကော့ပေါက်ရွာကျောင်း ဆရာတော်အား ဥပဇ္ဈာယ်ပြု၍ မြင့်မြတ်သော ရဟန်းဘောင်သို့ ရောက်ရှိသည်။

ကော့ပေါက်ရွာကျောင်း ဆရာတော်ကြီးထံမှ ပရိယတ္တိအခြေခံ စာဝါများ သင်ယူပြီးနောက် မန္တလေး၊ ပခုက္ကူ၊ ရန်ကုန် စာသင်တိုက်ကြီးများတွင် ဆက်လက်၍ ဆရာနည်းကျ သင်ယူဆည်းပူးခဲ့သည်။

ထို့နောက် ဇာတိမြေ ကော့ပေါက်ရွာ ကျောင်းတွင် သီတင်းသုံးတော်မူကာ ခရစ်နှစ် ၁၉၄၆ခုနှစ်တွင် မော်လမြိုင်မြို့၊ မန္တလေးရပ်ကွက်၌ တစ်ပါး ကျောင်းကလေးဖြင့် ကေစာရီကျင့်ကြံ သီတင်း သုံးခဲ့ရာ ထိုကျောင်းငယ်ကို **"ကော့ပေါက်ကျောင်း"**ဟု အမည်ပေးခဲ့သည်။

ထို ကော့ပေါက်ကျောင်းကလေးတွင် လုပ်ရတ်ပညာများ ဆည်းပူးအားထုတ်ခြင်း၊ သမထဘာဝနာများ စီးဖြန်းရှုမှတ်ခြင်းဖြင့် တစ်ပါးတည်း သီတင်းသုံးလျက် **သက်တော်(၁၀၀) နှစ် ပြည့်သော ၁၉၉၅ ခုနှစ်တွင်**

www.burmeseclassic.com



◆ ထေရုပ္ပတ္တိကျမ်း

ရိသတ်ဒါယကာအများ ဖူးမြော်မှ ခံယူကာ ခုနစ်ရက်သားသမီးတို့အား ဘယ်တင်တော်မူသည်။

## အောင်မြင်သော အသံတော်

ဦးဦ သွားရောက်ဖူးတွေ့စဉ်က ဆရာ တော်ကြီးသည် တိုးလျှညင်သာစွာ မိန့်ကြားတော်မူသော်လည်း ဆရာ တော်၏ အသံတော်သည် (အလိုရှိက) အသံချဲ့စက်များထက်ပင် ကျယ် လောင်ထိရောက်စွာ ဟောမြွက်တော် မူနိုင်သည်ဟု သိရသည်။

ဆရာတော်၏ အောင်မြင်သော အသံနှင့်ပတ်သက်၍ မော်လမြိုင်မြို့ မုပွန်တိုးချဲ့မြို့သစ် (၇)လမ်းရှိ သာသန ဇောတက အမှတ်(၅)ဘုန်းတော်ကြီး သင် ပညာရေးအလယ်တန်းကျောင်း **ဆရာတော်ဦးမာနိတာစာရက** ဤသို့ မှတ်ချက်ပြုခဲ့သည်။

တရားပွဲကျင်းပသည့် အခါတိုင်း သက်တော် ရာကျော်နေပြီဖြစ်သော် လည်း ဆရာတော်သည် အသံချဲ့ စက်မလိုသော တရားနာပရိသတ်အား လုံးကြားနိုင်သည့် အောင်မြင်သော အသံတော်ကြီးဖြင့် တစ်နေ့လျှင် သုံးကြိမ်တိုင်တိုင် ဟောကြားနိုင်သည် သာမက ဒွေးချိုး၊ လေးချိုး၊ ကဗျာ၊ လင်္ကာများကိုလည်း အသံနေအသံ ထားဖြင့် စနစ်တကျ ရွတ်ဆိုနိုင်သေး သည်။

**[အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘွဲ့တံဆိပ်တော်ရ သက်တော်(၁၀၈) နှစ်ရှိ ကော့ပေါက်ကျောင်း ဆရာ တော် အရှင်ဥတ္တမ၏ အန္တိမပူဇော်ပွဲပန သဘင်တွင် ဖြန့်ဝေလှူဒါန်းသည့် လက်ကမ်းစာစောင် စာမျက်နှာ(၈)]**

အမျိုးသား ဒီမိုကရေစီအဖွဲ့ချုပ် ပထမအကြိမ် မဲဆွယ်စည်းရုံးရေး တရားဟောခရီးစဉ်တွင် ထိုစဉ်က ပါတီအတွင်းရေးမှူး ဒေါ်အောင်ဆန်း စုကြည် မော်လမြိုင်သို့ ရောက်ရှိသော အခါ သက်တော်ကြီးရင့်သော ရဟန်း၊ လူ၊ ပုဂ္ဂိုလ်များအား တွေ့ဆုံဂါရဝပြု ကန်တော့ခဲ့သည်။

ကော့ပေါက်ဆရာတော်အား ပူဇော် ဂါရဝပြုစဉ် တရားဓမ္မ ဟောကြားချီးမြှင့် ပေးပါရန် လျှောက်ထားကာ အသံချဲ့ စက်၊ စကားပြောခွက်ကို ဆက်ကပ် သောအခါ...

'ငါ့အသံက "မိုက်"မလိုပါဘူးကွယ့်'

ဟု မိန့်ကြားပယ်ရှားကာ ပရိသတ်ထု ကြီး ကြားနိုင်အောင် အသံမြှင့်၍ ဟောကြားတော်မူခဲ့သည်ဟု ဦးမာနိ တာစာရက မိန့်တော်မူသည်။

## ဆရာတော်ကြီး၏ စရဏ

ကော့ပေါက် ဆရာတော်ကြီးသည် ကော့ပေါက် ကျောင်းကလေးအတွင်း တစ်ပါးတည်းသာ သီတင်းသုံးကျင့်ကြံ တော်မူကာ ကပ္ပိယကြီးပင်လျှင် ဆွမ်း ကပ်ချိန်မှလွဲ၍ အနီးအပါးသို့ သွားခွင့်



◆ ဘောဒီတမ်စတောင် ဆရာတော်ဦးမာနိတနှင့် အတူရိုက်ကူးထားသောပုံ

မပြုခဲ့ချေ။

သက်တော် တစ်ရာပြည့်သော အချိန်တွင်မှသာ ပရိသတ်ဒါယကာ အများ ဖူးတွေ့ခွင့်ရသည်ဖြစ်ရာ ဆရာတော် ကျင့်ကြံအားထုတ်ပုံ စရဏာများကို တိကျစွာ သိရှိခွင့် မရခဲ့ချေ။

သို့သော် အအိပ်အနေနည်းပါး၍ **ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်း၊ မေတ္တာကမ္မဋ္ဌာန်း၊ မရဏာနုဿတိကမ္မဋ္ဌာန်းနှင့် သတိပဋ္ဌာန်တရားတော်ကို အစဉ်မပြတ် ရှုမှတ်နေလေ့ရှိကြောင်း** သိရသည်။

ဆရာတော်အား ဖူးတွေ့ခွင့်ရသည့် အခါတိုင်းတွင် နှုတ်ဖျားမှ "**ချမ်းသာကြပါစေ**" တဖွဖွရွတ်ဆို မေတ္တာပို့နေသံကို ကြားရလေ့ ရှိလေသည်။ တစ်ကြိမ်တွင်မူ အရဲစွန့်၍ "**အရှင်ဘုရား ဘယ်နည်းနဲ့သယနဲ့ ကျင့်ကြံရှုမှတ်ပါ သလဲ**"ဟု မေးလျှောက်ကြည့်သောအခါ "**ဗုဒ္ဓဘုရားရှင်ရဲ့ တရားနည်းနာအတိုင်း ရှုမှတ်ပါတယ်**'ဟုသာ ဖြေကြားတော်မူလေသည်။

ဆရာတော်၏ သီလ,သမာဓိ, သိက္ခာကို လေးစားကြည်ညိုစွာ ဆည်းကပ်ပူဇော်ကြသော ရဟန်းရှင်လူ ပရိသတ် အများစုကမူ ဆရာတော်ကြီးသည် အဂ္ဂိရတ်ပညာတွင် နှံ့စပ်ကျွမ်းကျင်တော်မူကြောင်း ယုံကြည်ကြသည်။

ဆရာတော်ကြီး ပျံလွန်တော်မူပြီးနောက်တွင် ဆရာတော်၏ ဓာတ်လုံး၊ ဖိုခွင်၊ လုံများ စသည်တို့ကို သာသနဇောတက ဆရာတော် ဦးမာနိတစာရက လက်ခံရရှိကြောင်း ကြားသိရသဖြင့် သွားရောက် မေးလျှောက်ကြည့်သည်။

'ဘုန်းကြီးက သာသနဇောတက အမှတ်(၅) ဘုန်းတော်ကြီးသင် ပညာရေးကျောင်းကို ၁၉၉၇ ခုနှစ်မှ စတင် တည်ထောင်ခဲ့တယ်။ အဲဒီ မတိုင်ခင် ကျိုက်မရော၊ ပိန္နဲကုန်းရွာကျောင်းမှာ သီတင်းသုံးစဉ်ကတည်းက ကော့ပေါက် ဆရာတော်ကြီးကို ကြည်ညိုသိကျွမ်းခွင့် ရခဲ့ပါတယ်။

ဆရာတော်ကြီးဆီ ရောက်လာသမျှ အများစုက ဓာတ်လုံး တောင်းကြတယ်။ ဆေးတောင်းကြတယ်။ ဘုန်းကြီးက ဆေးတွေ၊ ဓာတ်လုံးတွေထက် အများကြီး တန်ဖိုးရှိတာကို ရလိုက်ပါတယ်။

ဒီလိုဗျာ့ တစ်နေ့ ဆွမ်းဘုဉ်းချိန်မှာ ကော့ပေါက်ကျောင်းမှာ ရှိနေတုန်း ကပ္ပိယက ဆရာတော်အတွက် ဆွမ်း

www.burmeseclassic.com

တစ်ဝိုင်း၊ ဘုန်းကြီးအတွက် တစ်ဝိုင်း ပြင်ပေးပါတယ်။


ဒါပေမယ့် ဆရာတော်ကြီးက **"ဟို ဦးပဉ္စင်းလေးကို ခေါ်လိုက်ပါ"** ဆိုပြီး သူနဲ့ တစ်ဝိုင်းတည်း ဘုဉ်းခွင့်ပေးတယ်။ ဘုန်းကြီး သိရသလောက် ကော့ပေါက်ဆရာတော်နဲ့ ဆွမ်းတစ်ဝိုင်းတည်း ဘုဉ်းပေးခွင့်ရတာ မရှိဘူး။ မတွေ့ဖူးဘူး။

အဲဒီအဖြစ်ကလေးကို ဘုန်းကြီး ဝမ်းသာပီတိဖြစ်ပြီး တန်ဖိုးအထားရဆုံးပါပဲ။ ဆရာတော်ကြီး ပျံလွန်တော်မူခါနီးတော့ ဓာတ်လုံးတွေ၊ လုံတွေ အားလုံး ဘုန်းကြီးကို စွန့်ပါတယ်။ အသက်(၅၀)ပြည့်မှ သုံးပါလို့လဲ မှာတော်မူခဲ့တယ်။

အခု (၄၉)နှစ်ပဲ ရှိသေးတာမို့ သုံးခွင့် မရှိသေးဘူး။ တချို့ကလဲ ဆရာတော်ကြီးသုံးခဲ့တဲ့ လုံဟောင်းတွေ လာတောင်းကြတယ်။ ဘုန်းကြီး ဘယ်လိုမှ မတတ်နိုင်၊ မကူညီပေးနိုင်ခဲ့ပါဘူး။

အဲဒါတွေအပြင် မူလ ကျောင်းတိုင်နဲ့ ကြမ်းခင်းတွေပါ ထိန်းသိမ်းခွင့်ရလို့ သာသနဓောတက ကျောင်းဝင်းထဲရွှေ့ အသစ်နဲ့အဟောင်း ပေါင်းစပ်ပြီး **"ကော့ပေါက်ကျောင်း"** ဆိုတဲ့ အမည်ကမ္ပည်းတင် ဆောက်လုပ်ထားပါတယ်'

**အရှင်မာနိတစာရသည် မော်လမြိုင်မြို့၊ မုပ္ပန်မြို့သစ်ရပ်ကွက်၊ တိုးချဲ့(၇)လမ်းတွင် အမှတ်(၅) ဘုန်းတော်ကြီးသင် အလယ်တန်းကျောင်းကို** ၁၉၉၇ ခုနှစ်တွင် တည်ထောင်ခဲ့ပြီး (၁၇)နှစ်အကြာ ၂၀၁၂ ခုနှစ်ကုန်ပိုင်းတွင် တပည့်သာဝကများအတွက် စိတ်ချရပြီဖြစ်၍ မုပ္ပန်မြို့သစ် သုသာန်၌



ဆက်ကပ်ခြင်းခံရသော ဘွဲ့တံဆိပ်လက်မှတ်

တဲကျောင်းငယ်ဖြင့် ကေစာရီ ကျင့်ကြံ သီတင်းသုံးတော်မူသည်။

ထို့ကြောင့် ဆရာတော်အား တွေ့ဆုံရန် သုသာန်တွင်းတဲကျောင်းသို့ လာရောက် လျှောက်ထားရလေသည်။

ဆရာတော်က ကျောင်းသို့ လိုက်ပါ၍ ကော့ပေါက်ဆရာတော်ကြီး၏ အရိုးအိုးစေတီ ကော့ပေါက်ကျောင်းသစ်တို့အား ပြသပေးသည်။ လမ်းတွင်...

'ဆရာတော်ကြီးဆီက ထူးထူးခြားခြား ဆက်ခံရတာ တစ်ခုရှိသေးတယ်။ ဘိုထိုင် အိမ်သာကြွေခွက်ကို ဆရာတော်ကိုယ်တိုင် စွန့်လှူခဲ့တယ်။ ဒါကြောင့် မုပ္ပန်ကျောင်းက ကုဋီမှာထားဖို့ ကြွေခွက်ကို ဆေးကြောတိုက်ချွတ်တော့ ပြဒါးတွေ ထွက်ကျလာတာ မနည်းဘူး'

ဟူ၍ ပြောပြလေသည်။

သို့ဖြစ်ပါက ကော့ပေါက်ဆရာတော်ကြီးသည် ပြဒါးပမာဏများစွာကို ဘုဉ်းပေးစားမျိုခဲ့သည်ဟု ယူဆရဖွယ်ရှိသည်။

ဤဖြစ်စဉ်က သက်တော်တစ်ရာ ကျော်သည့်တိုင် နေ့စဉ် သပိတ်တစ်လုံးစာမျှသော အုန်းနို့ဆီခဲအား သောက်သုံးနိုင်ခြင်းအတွက် အဖြေညှိရာတွင် အထောက်အကူ ဖြစ်နိုင်ခြေ ရှိလေသည်။

---

**မြွေအာဂ**

---

**ဓာတ်လုံး**

---

ဦးမာနိတစာရက သက်တော် (၅၀)မပြည့်သေးသဖြင့် ကော့ပေါက်ဆရာတော်ကြီး၏ ဓာတ်လုံးများနှင့် ပတ်သက်၍ ပြောပြနိုင်ခြင်း မရှိခဲ့သော်လည်း ကော့ပေါက်ဆရာတော်ထံမှ ဆည်းပူး သင်ယူခဲ့ဖူးသည့် မဲဆောက်ကျောင်းကြီးမှ မွန်တိုင်းရင်းသား ရဟန်းတော် အရှင်နေမိန္ဒက မြွေ့ကင်းစသည့် အဆိပ်ရှိသတ္တဝါများ ရန်ဘေး ကင်းဝေးစေနိုင်သော ဓာတ်လုံးအကြောင်း မိန့်ကြားတော်မူခဲ့သည်။

စိန်နီမြင်းသွား(၈)ပဲသားကို စိန်ပန်းပြာ(စိန်ပန်းပင်အမြစ်ကို မီးရှို့၍ရသောပြာ)ဖြင့် ဖွဲ(၂၇)တင်း ကုန်သည်အထိ မီးမှုဦးထိုးရသည်။ ရလာသော စိန်ဓာတ်လုံးကို ပုရွက်ဆိတ်အနီများ စီတန်းသွားလာစဉ် ကန့်လန့်ဖြတ် အထက်မှ စည်းသားကြည့်ပါက ပုရွက်ဆိတ်များ သေဆုံးနေသည်ကို တွေ့ရတတ်သည်ဆို၏။ မစမ်းသပ်ပါနှင့်ဟုလည်း မှာတော်မူသည်။

---

**ရှေ့လ ဆက်ဖတ်ပါရန်**

---

**ဇင်ညိုငယ်**

www.burmeseclassic.com



• လိပ်သဏ္ဍာန် အရုပ်ကလေးထွက်၍

စံလွင်နှင်းသာ

# ကျောက်ဖစ်ပြဒါး

အစီအရင်

စစ်ကိုင်း မြို့သစ်ရပ်၊ လမ်းလေးခွဆုံမှနေ၍ ရှေ့နေ ဦးဇော်ဝင်း နေအိမ်ရှိရာ မြောက်ဘက်လမ်းအတိုင်း လျှောက်လာစဉ် နောက်မှ ပြေးလာကြသော ခြေသံနှင့် အော်ခေါ်သံများ ကြားရသဖြင့် လှည့်ကြည့်မိရာ မောင်ကျော်ဦး၏ သမီးများ ဖြစ်နေသည်။

'ဘဘ အဖေက အကြောင်းထူးရှိလို့ ခဏလာပါတဲ့။ အခေါ်ခိုင်းလိုက်တယ်'

'ဘဘ ရှေ့နေတစ်ယောက်နဲ့စကားပြောစရာရှိလို့ အချိန် ဘယ်လောက်ကြာမယ်မသိဘူး။ နောက် ကြုံမှဝင်ခဲ့မယ်လို့ ပြောလိုက် နော် သမီးတို့'

ရှေ့ဆက်၍ ကိုဇော်ဝင်း၏ ဇနီးဖြစ်သူနှင့် တွေ့ဆုံရာခရီးထွက်နေကြောင်းနှင့် မိမိသိလိုရာ ကိစ္စများကိုလည်း ရှင်းလင်းပြောပြသဖြင့် အပြန်တွင် မောင်ကျော်ဦး၏ နေအိမ်သို့ ဝင်ရောက်ဖြစ်သည်။ သူက ရေဇလုံတစ်လုံး မ,ယူလာကာ ရေစိမ်ထားသော ကျောက်ပြားတစ်ချပ်ကို ပြပေးသည်။

'ဖေဖော်ဝါရီလတုန်းက ကောလင်းမြို့နယ် ရွာတစ်ရွာမှာ ခရီးသွားဟန်လွှဲ တွေ့ခဲ့ရတာပါ။ အလေးချိန် တစ်ပိဿာရှိလို့ ပိဿာလေး အနေနဲ့ သုံးစွဲချိန်တွယ်နေတုန်း တောင်းယူခဲ့တယ်။ (၂၁-၂-၀၆)နေ့မှာ စစ်ကိုင်းအိမ် ပြန်ရောက်တယ်။

သုံး,လေးရက်ကြာတော့ ခေါင်းယောင်ယောင်၊ ခြေယောင်ယောင် ဖုကလေးတွေ ထွက်လာတယ်။ ဒီနေ့ (၂၅-၃-၀၆)မှာတော့ ဆရာ မြင်ရတဲ့အတိုင်းပဲ ခေါင်း,ခြေတွေလက်တွေ ဗိုပြင်နေပြီခင်ဗျာ့'

သူ ရှင်းပြသဖြင့် လိပ်သဏ္ဍာန်ဆင်တူသော ကျောက်တုံးကို သတိထားမိသည်။ အချင်း (၆)လက်မခွဲ၊ အထု (၂)လက်မခွဲခန့် ရှိသည်။


'လောလောဆယ် လူကြီးသူမတွေ့ အကြံပေးလို့ ပြဒါးထည့် ရေစိမ်ထား

www.burmeseclassic.com



▲ ဝမ်းဗိုက်ဝိုင်း

▼ ကျောက်လိပ်ကျောဝိုင်း




တယ်'

'ကောင်းပါတယ်။ ကျောက်လိပ်ကို ပြဒါးနဲ့ ရောပြီးထားတာ လေးပွင့်ဆိုင် အစီအရင်ကလေး ပါ။

ပြဒါးမှာ **မာခမ်** အိမ်ထောင်ပျက်ရန် မိတ်ဖြစ် သည်။

**ကျောက်လိပ်မှာ ကုလားမိတ်ဖတ်** ဖြစ်သည်။ သူတို့နှစ်ခု ပေါင်းစည်းပါလျှင်...

* * *




ဤတွင် ပြဒါးမှာ ဒါးပြဟု ပြောင်း၍ မရသော ပုံသေပညတ် ဖြစ်သောကြောင့် ဓမ္မာ၏ အပြန် အိမ်ထောင်ရန် ပျက်မိတ် ဖြစ်ရမည်။

အဆုံးသတ်မှာ **လံတေ(အောင်စာတံ)နှင့် ဒန်းလှ(အိမ်ထောင်မိတ်)သို့** ရည်ညွှန်းနေသည်။ ဆောင်ထားသူ၊ အစီအရင်ပြုသူအတွက် အောင် မြင်မှု၊ အိမ်ထောင်မိသားစု သာယာပျော်ရွှင်မှုများ ကို ပေးစွမ်းနိုင်ပါသည်။

**အထူးသဖြင့် စနေဂြိုဟ်၏ ပရိယာယ် ဖြစ်သော ခြေကျင်ခရီး၊ ပင်ပန်းစွာ သွားလာရသောခရီး၊ ဝန်ထုပ်ဝန်ပိုး သယ်ဆောင် တာဝန်ယူရသော အလုပ်၊ [illegible] ညှင်းပန်းခြင်း၊ ကျေးကျွန် တရားတာဝေါင် စသည်တို့နှင့် ဆက်စပ် လုပ်ကိုင်ကြရသူများ...**

**ဗုဒ္ဓဟူးဂြိုဟ် ပရိယာယ်အရ** စာရေးစာပြင်၊ ဂဏန်းသချ်ာ၊ ကျောင်းဆရာ၊ ပန်းချီပန်းပု၊ တေး သီချင်း၊ ပန်းစိုက်ပျိုးခြင်း၊ အမွှေးနံ့သာ၊ ရောင်စုံ ကျောက်မျက်များစသည်တို့နှင့် ဆက်သွယ်နေကြ ရသူများအတွက် ပိုမို၍ အကျိုးပေးထက်သန်ပေ သည်။

**စံထွန်းသာ**



www.burmeseclassic.com

www.burmeseclassic.com

မှတ်ပုံတင် - ၀၁၁၄၄ ၀၁၀၇၃ပ် လိုင်စင် ၇၊၂၀၁၁၊ တအထလ၊တိုး (၁၃၁၂)

နှလုံးရောဂါ ကင်းဝေးအောင်

# မုံရွာဆရာမိုး

အမှတ်တံဆိပ်

# အမောလုံ နှလုံးအားဆေးကိုဆောင်

" ဆရာကိုယဉ်တင့်နဲ့ တွေ့ချင်နေတာ အတော်ပဲ။ ခုတလော အသက်ရှူကျပ်ပြီး မောတယ်ဗျာ။ ညဘက်လည်း အိပ်မပျော်ဘူး။ တစ်ခါတစ်ရံ နှလုံးနေရာက အောင့်တယ်။ ကိုယဉ်တင့်က တိုင်းရင်းဆေး သုတေသီဆိုတော့ ကျွန်တော့်ရဲ့ ဝေဒနာကို ဆန်းစစ်ပါဦး "

" ကိုချစ်ဆွေ ခံစားနေရတာ နှလုံးရောဂါပါ။ နှလုံးရောဂါဟာ ကံ၊ စိတ်၊ ဥ တု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်လေးပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မှုမရှိတဲ့ အတွက် ဖြစ်ရတဲ့ရောဂါပါ။ အထူးသဖြင့် စိတ်ကြောင့် ဖြစ်ရတာများပါတယ်။ လောဘ၊ ဒေါသ၊ မောဟ လွန်ကဲတဲ့သူတွေ ပရိဒေဝမီးတောက်လောင်ပြီး၊ နှလုံးအိမ်ကို လောင်မြိုက်တဲ့အတွက် နှလုံးရောဂါဖြစ်စေတာပါ "




" နှလုံးရောဂါဟာ စိတ်ကြောင့်ဖြစ်ရတယ်ဆိုတာ လက်ခံပါတယ်။ ဆက်ပြောပါဦး "

" နှလုံးဟာ မွေးဖွားသည်မှ အသက်ရှင်နေသမျှကာလပတ်လုံး နေ့၊ ညမပြတ် အလုပ်လုပ်ရတဲ့ ခန္ဓာကိုယ်တွင်းက သက်စောင့်စက်ယန္တရားတစ်ခုပါ။ နှလုံးရောဂါ ခံစားနေရတာမသိဘဲ သန္ဓေပါတ်နှလုံးရောဂါဖြစ်လာပြီဆိုရင် ညဘက် အိပ်မပျော်ခြင်း၊ မူးခြင်း၊ မောခြင်း၊ အစားအသောက်ပျက်ခြင်း၊ ပူခြင်း၊ အသက်ရှူကျပ်မောခြင်း၊ နှလုံးနေရာမှ အောင့်ခြင်း၊ ခြေဖျားလက်ဖျားအေးခြင်း၊ ဘယ်သူမှ စကားမပြောဘဲ စကားပြောသံကြားရခြင်း(စိတ်မှ ထင်မှတ်ခြင်း)၊ နှလုံးနေရာမှာ အပ်နဲ့ဆွသလို နာကျင်ခြင်း၊ လက်သည်းခွံအရောင်မမှန်ခြင်း၊ လက်သည်းများပြာ နမ်းလာခြင်း၊ အိပ်နေရင်း ကယောင်ကတမ်းပြောခြင်း၊ သွေးစမ်းကြည့်ပါက သွေးတိုးမမှန်ခြင်း၊ နှလုံးနေရာ အောင့်နေခြင်း၊ တစ်ကိုယ်လုံး အေးစက်နေခြင်း၊ လေးလံနေခြင်းစတဲ့ လက္ခဏာတွေ ဖြစ်တတ်တယ် ကိုချစ်ဆွေ "

" ကိုယဉ်တင့် ပြောခဲ့တဲ့ နှလုံးရောဂါလက္ခဏာတွေထဲက ကျွန်တော် ခံစား နေရတဲ့ အချက်သုံးမျိုးနဲ့ တူတယ်ဗျ။ ဒါဆို ဘာဆက်လုပ်ရမှာလဲ "

" ကိုချစ်ဆွေ ခံစားနေရတာ ဘယ်လောက်ကြာပြီလဲ။ ဖြစ်တာမကြာသေးဘူးဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပြီး ရောဂါသက်ကြာရင်တော့ ဆေးရုံဆေးခန်းပြရမှာပေါ့ "

" ကျွန်တော် ခံစားနေရတာ ဆယ်ရက်၊ ဆယ့်ငါးရက်လောက်ပဲ ရှိသေးတယ် "

" ဒါဆိုရင် ဆေးစားရုံနဲ့ သက်သာပျောက်ကင်းနိုင်ပါတယ် "

" သက်သာပျောက်ကင်းဖို့ဆိုရင် ဘယ်ဆေးစားရင် ကောင်းမယ်ဆိုတာ ကိုယဉ်တင့် ညွှန်ပြပေးပါဦး "

" သမားတော်ကြီး မုံရွာဆရာမိုး ကိုယ်တိုင် ကုသအောင်မြင်ခဲ့တဲ့ **မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံနှလုံးအားဆေး** သောက်ရင် ကိုချစ်ဆွေ ခံစားနေရတဲ့ နှလုံးရောဂါဟာ အချိန်တိုအတွင်း သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

" ဒါဆို မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးသောက်မယ်ဗျာ။ ဆေးအညွှန်းကို သိပါရစေ "

" ကဲ ကိုချစ်ဆွေ နားထောင်ပြောပြမယ်။ အညွှန်းက နှလုံးသွေးကြောကျဉ်းခြင်း၊ ကျယ်ခြင်း၊ ရင်ညွန့်၌ စူး၍ အောင့်ခြင်း၊ အသက်ရှူမဝခြင်း၊ အသက်ရှူကျပ်ခြင်း၊ သွေးတိုးခြင်း၊ ကျောနင့်ရင် ညှပ်အောင့်ခြင်း၊ နှလုံးတုန်ရင်ခုန်မောပန်းနွမ်းနယ်ခြင်း၊ နှလုံးအားနည်းခြင်း၊ ရောင်ခြင်း၊ အနည်းငယ်လှုပ်ရှားရုံဖြင့် မောပန်းခြင်း၊ ချွေးထွက်လွန်၍ နှလုံးခုန်မမှန် မောပန်းခြင်း မူးဝေခြင်း၊ စိတ်ဖိစီးမှုများ၍ အိပ်မပျော်၊ စားမဝင်၊ စိတ်မကြည်ခြင်း၊ အားအင်ကုန်ခမ်းစိတ်မရွှင်လန်းခြင်းတို့အတွက် သုံးစွဲနိုင်တယ်တဲ့ "

" ကိုယဉ်တင့် ညွှန်မှတော့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားတိုးဆေးဟာ ဆေးစွမ်းကောင်းတစ်လက်ဖြစ်တာ သေချာတယ်။ သောက်မယ်ဗျာ။ အဲဒီဆေးကို ဘယ်ဆိုင်တွေမှာ ဝယ်ရင်ရနိုင်မှာလဲ "

" အဆီကျ၊ အကြောပြေ၊ ဆီး၊ ဝမ်း မှန်စေတဲ့ မုံရွာဆရာမိုးရဲ့ ရောက်တစ်လုံး ဝမ်းမှန်ဆေးဟာ တိုင်းသိပြည်ကျော်ဖြစ် ပြီးသားမို့ အထူးညွှန်းစရာမလိုတဲ့ ဆေးဖြစ်ပြီး ခုအသစ်တဖန် ထုတ်လုပ်လိုက်တဲ့ မုံရွာဆရာမိုး အမှတ်တံဆိပ် အမောလုံ နှလုံးအားဆေးကိုလည်း မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် ဝယ်ယူရရှိနိုင်ပါတယ်။ ကဲ ကိုချစ်ဆွေ ယုံယုံကြည်ကြည် သောက်ကြည့်လိုက်စမ်းပါ။ ခင်ဗျား ခံစားနေရတဲ့ နှလုံးရောဂါဝေဒနာဟာ သက်သာပျောက်ကင်းသွားမှာ သေချာပါတယ် "

ရန်ကုန်မြို့၊ မန္တလေးမြို့နှင့် မုံရွာမြို့၊ မော်လမြိုင်မြို့ရှိ မြန်မာ့ဆေးမျိုးစုံ ဖြန့်ချိရေးဆိုင်ကြီးများမှတစ်ဆင့် တစ်ပြည်လုံး ဖြန့်ချိပေးနေပါပြီ။

ပင်ရင်း

**မုံရွာဆရာမိုး တိုင်းရင်းဆေးဝါးထုတ်လုပ်ရေး**

အမှတ်-(ရ/၃၅၆)မဟာဗန္ဓုလလမ်းကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊


ရန်ကုန်မြို့။ ဖုန်း၀၁-၆၉၁၀၇၉ ၊ ၀၉-၅၁၈၈၆၁၂

**ကြော်ငြာ တောင်ယဉ်တင့်**



www.burmeseclassic.com

www.burmeseclassic.com



◆ ရွှေမုဋ္ဌောဘုရားရင်ပြင်တော် အင်္ဂါထောင့်မှ အောင်မြေစေတီတော်အား အနီးကပ်မှမြင်ရပုံ

# စစ်ကိုင်းတောင်ခွင် သမိုင်းဝင်စေတီများ

## ၏ အောင်မြေနှင့် ဂြိုဟ်ပုဒ်ဂါထာတော်များ (၈)

အောင်ရွှေမြတ်
(စစ်ကိုင်းတောင်)

◆ ရွှေမုဋ္ဌောဘုရားအား အင်္ဂါထောင့်မှ ဖူးမြင်ရစဉ်



### ရွှေမုဋ္ဌောစေတီတော်

**နမော တဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။ *[၃-ကြိမ်ရွတ်ဆိုပါ။]***

သီရိမ္ပွာ အသောကေနု
မဟာရာဇေန နိမ္မိတံ။
ပဗ္ဗတဂ္ဂေ မုဋ္ဌောထူပံ
ဝန္ဒေ တံ သိရသာမဟံ။

ခက်ခဲသော ပါဠိအသံထွက်

**သီရိဓမ္ပွာ** = သီရိဓမ်မာ



www.burmeseclassic.com

www.burmeseclassic.com



ရွှေမုဋ္ဌောဘုရားအား စင်္ကြံ-ရွှေဘိုလမ်းပေါ်မှ ဖူးမြင်ရပုံ

ရွှေမုဋ္ဌောဘုရားရင်ပြင်တော် အင်္ဂါထောင့်ရှိ အောင်မြေဘုရား



**နိမ္မိတံ** = နိမ်မိတံ

**ပဗ္ဗတဂ္ဂေ** = ပပ်ဗတက်ဂေ

**မုဋ္ဌောထူပံ** = မုတ်ထောထူပံ

**ဝန္ဒေ** = ဝန်ဒေ

မြန်မာပြန်

**သီရိမ္ဗော အသောကေန၊** သီရိမ္ဗောသောကမင်းကြီးဖြစ်သော။

**မဟာရာဇေန၊** တတိယသင်္ဂါယနာတင် ဘဝရှင်မင်းတရားကြီးသည်။

**ပဗ္ဗတဂ္ဂေ၊** မင်းဝံတောင်စွန်းတွင်။

ရွှေမုဋ္ဌော တောင်စောင့် ဘိုးဘိုးနန်း





www.burmeseclassic.com

**သစ္စာစေတီရုပ်ပြဒ်တော် ရာဟုထောင့်မှ ထွန်းကြားလှသော နဂါးဆံစေတီတော် ◗**

**ယံ မုဋ္ဌောထူပံ၊** အကြင် ရွှေမုဋ္ဌော စေတီတော်မြတ်ကြီးကို။

**နိမ္မိတံ၊** တည်ထားကိုးကွယ်အပ်ခဲ့လေပြီ။

**တံ၊** ထို ရွှေမုဋ္ဌောစေတီတော်မြတ်ကြီးကို။

**အဟံ၊** "......"ဟု နာမသမုတ် အကျွန်ုပ်သည်။

**[မှတ်ချက်။ ။"......"နေရာတွင် မိမိအမည် ထည့်ဆိုပါရန်]**

**သိရသာ၊** ဦးခေါင်းရတနာမြတ် အင်္ဂါဖြင့်။

**ဝန္ဒေ ဝန္ဒာမိ၊** ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၂၂၄ ခုနှစ်။

ဘုရားဒါယကာ

သီရိဓမ္မာသောကမင်းကြီး။

တည်နေရာ

ရတနာပုံ တံတားသစ်ကြီးအဆင်း၊ ကိုးပေတံတားအနီး၊ လက်ယာဘက် မင်းဝံတောင်ကုန်းအထက် လေးကျွန်း မြေရုပ်ကွက်။

ပွဲတော်ရက်


၁။ နှစ်စဉ် တပို့တွဲလဆန်း(၃)ရက် ပဋ္ဌာန်းပူဇော်ပွဲ။

၂။ နှစ်စဉ် တန်ခူးလဆန်း(၉)ရက် ဘုရားပွဲ။

အောင်မြေနေရာ

ရှင်ပြင်တော်၏ အင်္ဂါထောင့်ရှိ "တေဇေယျသုခ"ဘုရား။

**သစ္စာစေတီမှ ပရဟိတ ဆရာတော်ကြီး၏ သစ္စာ ဥဏ္ဏ ဦးသက်ထွန်းမှ လှူဒါန်းထားသော အနုညာမြောက်လှသည့် နဂါးမင်းကြီး ◗**






နဂ္ဂဿရှုရောင်ခြည်မဂ္ဂဇင်း၊ ဗြဲရ


www.burmeseclassic.com

www.burmeseclassic.com



◆ သစ္စာစေတီတော်အား စစ်သားတောင်ကုန်းထက် တည်ရှိနေပုံကို ရထားနှုံတံတားထိပ်မှ ရှုမြင်ရစဉ်

◆ သစ္စာစေတီအား စောင့်ရှောက်နေသော စစ်သားတောင်ဘိုးဘိုး



အစောင့်အရှောက်

ရွှေမုဋ္ဌောဘိုးဘိုးကြီး။

ထူးခြားချက်

မင်းဝံတောင်းတန်း၏ အစပြုရာတွင် တည်ရှိခြင်း။

ရှေးဦး စစ်ကိုင်းမြို့အဝင် စစ်ပင်ကြီး ကိုင်းလျက်ရှိသော စကြံချောင်း၏ လှေဦးတိုက်ရာ လှေဆိပ်လည်း ဖြစ်လေ၏။

စစ်ကိုင်းမြို့အား စတင် တည်ထောင်စဉ်က တြင်းကျေ၊ နဝင်းကျေ ကိန်းတို့ဖြင့် အစီအရင်ပြုရာဝယ် ဤ ရွှေမုဋ္ဌောစေတီတော်ကြီးမှာ အတွင်းမုဋ္ဌောကိုးဆူတွင် ပါဝင်ခဲ့လေ၏။

အသောကမင်းကြီးသည် စေတီတော်ပေါင်း ရှစ်သောင်းလေးထောင်၊ ရေကန်ပေါင်း ရှစ်သောင်းလေးထောင် တည်ထားခဲ့လေရာ တစ်နေ့တည်း၊ တစ်ပြိုင်တည်း လကြတ်ချိန် အခါတော် ယူပြီး ဌာပနာတော်သွင်း တည်ဆောက်ခဲ့လေ၏။

ရွှေလမင်းကြီးအား ရဟုဖမ်းသော အခါ (ဝါ) လကြတ်သော ပါဠိမုဋ္ဌပုဒ်ကို အကြောင်းပြု၍ မုဋ္ဌောစေတီဟု ခေါ်တွင်ခဲ့လေ၏။

ရင်ပြင်တော်၏ အဂ္ဂိထောင့်အစွန်းတွင် **သမိုင်းဝင် နေထွက်သိမ်** တည်ရှိခြင်း။


သိမ်တော်ကြီး၏ အနောက်ဘက်



www.burmeseclassic.com

www.burmeseclassic.com





သစ္စာစေတီအား လျှို့ဝှက်ထူးများကိုရှာ ဖောင်ခြေမှ မှုမြင်ရစဉ်

သစ္စာစေတီမှ ဘုရားဒါယကာ ထီးလှိုင်ရှင်ကျန်စစ်သား

တွင် ကျွန်းကြီးလေးကျွန်းမှ အောင်မြေများဖြင့် တည်ထားသော "**စတုဓေယျသုခ လေးကျွန်းအောင်မြေဘုရား**"တည်ရှိခြင်း။

စတုဓေယျသုခ၊ လေးကျွန်းအောင်မြေဘုရားတည် အဘအောင်မင်းခေါင်၏ ဓာတ်ပန္နက်ဖြစ်လေ၏။

ရွှေမုဋ္ဌောစေတီတော်ကြီး၏ မြောက်ဘက်နတ်လမ်းအနီးတွင် "**ရတနာဃရစေတီတော်**"တည်ရှိခြင်း။

ယင်းစေတီတော်၏ အနောက်ဘက်တွင် ဒီပင်္ကရာဘုရား တည်ရှိခြင်း။

လွန်ခဲ့သော ကာလများ၌ ရင်ပြင်တော်၏ မြောက်ဘက်တံတိုင်းအတွင်း၌ အရှေ့မှအနောက်သို့ **စက်မသဏ္ဌာန်ကြီးလမ်းမကြီး၊ တည်ရှိခဲ့သော်လည်း ယခုအခါ ဘုန်းတော်ကြီးကျောင်းတိုက် ဆောက်လုပ်ခဲ့ရာတွင်** ပါဝင်သွားခဲ့လေ၏။

အရှေ့ဘက် အာရုံခံအတွင်း၌ အရောဇိတပလ္လင်တော်နှင့် မြတ်စွာဘုရားရှင်ကို ဖူးမြော်နိုင်ကြလေ၏။

ရွှေမုဋ္ဌောဘိုးဘိုးကြီး၏ ဂူနန်းကို အရှေ့ဘက်မုခ်ဦးအတက် လက်ဝဲဘက်တွင် မိမိနှင့်ဆိုင်ရာ ကိစ္စရပ်များကို လျှောက်ထား၍ ပူဇော်၍ ဆောက်ရှက်နိုင်ကြလေ၏။

ဤ ရွှေမုဋ္ဌောစေတီတော်ကြီး၌ လကြတ်သော ညဥ့်များတွင် လိုရာကိစ္စရပ်များကို အောင်မြင်စွာ ဆောင်ရွက်နိုင်ကြလေ၏။

ပဋ္ဌာန်းတရားကို အထူးပြုသော နေရာထူးလည်း ဖြစ်လေတော့၏။

## သစ္စာစေတီတော်

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်ရွတ်ဆိုပါ။]*

ကျန်စစ်သား တိ ဝိသုတေန၊
မဟာရာဇေန ဟာဝိတံ၊
သစ္စာထုပ် သစ္စာကာရံ၊
ဝန္ဒေ တံ သိရသာမဟံ။

မြန်မာပြန်

**ကျန်စစ်သား တိ ဝိသုတေန၊** ကျန်စစ်သားဟု ကျော်ကြားတော်မူသော။

**မဟာရာဇေန၊** ပုဂံပြည်သား မင်းတရားသည်။

**သစ္စာကာရံ၊** တိုင်းပြည်အတွက် သစ္စာပြုလျက်။

**ယံ သစ္စာထူပံ၊** အကြင် သစ္စာပြုစေတီတော်မြတ်ကြီးကို။

**ဟာဝိတံ၊** တည်ထားကိုးကွယ် တည်အပ်ခဲ့လေပြီ။

**တံ၊** ထို သစ္စာစေတီတော်မြတ်ကြီးကို။

**အဟံ၊** နာမသမုတ် အကျွန်ုပ်"......"သည်။

**[မှတ်ချက်။ ။"......"နေရာတွင် မိမိအမည် ထည့်ဆိုပါရန်]**

**သိရသာ၊** ဦးခေါင်းရတနာ မြတ်အင်္ဂါဖြင့်။

**ဝန္ဒေ ဝန္ဒာမိ၊** ရှိသေမြတ်နိုး လက်စုံမိုး၍ ရှိခိုးပါ၏ မြတ်စွာဘုရား။

ဘုရားတည်နှစ်

သက္ကရာဇ် ၄၇၇ ခုနှစ်။

ဘုရားဒါယကာ

အနော်ရထာမင်းကြီး၏ သားတော် ထီးလှိုင်ရှင် ခေါ် ကျန်စစ်သားမင်း။


တည်နေရာ

ရောဝတီမြစ်အနီး ရတနာပုံတံတား



www.burmeseclassic.com

www.burmeseclassic.com




◆ မရှိဥဏာစေတီတော် အဝင်မုခ်ဦးနှင့် စေတီတော်



မရှိဥဏာစေတီတော် ကျောင်းသူအာရုံခံတိုက်မှ အလွန် ကြည်ညိုဖွယ်ကောင်းသော လာဘမုနိရုပ်ပွားတော်

◆ မရှိဥဏာစေတီတော် တနင်္ဂနွေထောင့်ရှိ အောင်မြေမှ မဟာဗောဓိပင်



သစ်ကြီး၏ မုခ်ဦးနှင့်တည့်တည့် မြောက်ဘက် စစ်သားတောင်ကုန်း ထက်တွင် ဖူးမြင်နိုင်လေ၏။

ပွဲတော်ရက်

၁။ နှစ်စဉ် တပို့တွဲလပြည့်နေ့တွင် ရာဇာ ယတန လင်းလွန်းပင်ဘုရားပွဲ။
၂။ နှစ်စဉ် တပေါင်းလပြည့်နေ့ သစ္စာ စေတီပွဲတော်။

အောင်မြေနေရာ

စေတီတော်၏ အရှေ့ဘက် အာရုံခံ အတွင်း စံပယ်တော်မူသော ရွှေ ဟောင်းရုပ်ပွားတော်သုံးဆူ၏ ရှေ့ တည့်တည့်။

အစောင့်အရှောက်

စစ်သားတောင်ဘိုးဘိုးကြီး။

ထူးခြားချက်


ကျွန်စစ်သားမင်း၏ သစ္စာပြု



www.burmeseclassic.com

www.burmeseclassic.com





◆ မရိုဃာစေတီတော်မှ လက်ရာမြောက် ထွင်းပန်းချီကားများ

◆ မရိုဃာစေတီတော် စနေထောင့်မှ လင်းလွန်းတောင်ပင်နှင့် ရုပ်ပွားတော်

◆ မရိုဃာစေတီတော်မှ ထူးခြားလှသော ပုဂ္ဂိုလ်ထူးများ



နေရာမှန်ဖြစ်ခြင်း။

ခမည်းတော် အနော်ရထာမင်းကြီး၏ အမျက်တော်ကြောင့် ဤစစ်သားတောင်ကုန်းတွင် ပုန်းခိုနေခဲ့ရသောဌာနဖြစ်ခြင်း။

ဘုရားတောင်ကုန်း၏ အောက်ခြေတော်လည်တွင် ပုန်းခိုနေရာ ဥမင်ဂူဆိတ်ဂူများ လျှို့ဝှက်တည်ရှိခြင်း။

စေတီတော်ကြီး၏ ရင်ပြင်တော်အနေထောင့်တွင် အစောင့်အရှောက်ဖြစ်သော စစ်သားတောင် ဘိုးဘိုးကြီး၏ နတ်ကွန်းတည်ရှိပါသည်။

စစ်သားတောင် ဘိုးဘိုးကြီးအား ယုံကြည်သက်ဝင်ယုံကြသော ဒကာ,ဒကာမများအား တိုက်ဆိုင်ပါက ထူးခြားသောအိပ်မက်များ ပေးလေ့ရှိခြင်း။

စေတီတော်၏ ရာဟုထောင့်ရှိ ရင်ပြင်တော်မှ "**နဂါးအံ့စေတီ**"တော်၏ အတွင်းလိုဏ်ဂူ၌ စံပယ်တော်မူသော ရုပ်ပွားတော်ကြီးကား ထူးခြားလှပေ၏။

နဂါးအံ့ ရုပ်ပွားတော်မြတ်ကြီးအား အထူးပူဇော်၍ သမာဓိအား ထူထောင်ပြီး ပုတီးစိပ်ကြည့်ပါက ထူးခြားမှုကို ကိုယ်တိုင် ခံစားသိမြင်ကြပါလိမ့်မည်။

စေတီတော်၏ တနင်္ဂနွေထောင့်ရှိ လင်းလွန်းပင်နှင့် ရုပ်ပွားတော်မြတ်သည် ကျေးဇူးတော်ရှင် မင်းကွန်းတိပိဋကရေ ဆရာတော်ကြီး ဘဒ္ဒန္တဝိစိတ္တသာရာဘိဝံသ မဟာထေရ်မြတ်ကြီး၏ ဆန္ဒတော်အတိုင်း ဥက္ကဋ္ဌဦးသက်ထွန်းနှင့် ကုန်တင်ကုန်ချလုပ်သားများ၏ ကုသိုလ်တော် ဖြစ်လေ၏။

ရာဇာယတနလင်းလွန်းပင် ရုပ်ပွားတော်အနီးမှ ထီးလှိုင်ရှင် ကျန်စစ်သား၏ ရုပ်တုမှာ အနုပညာရှင် လူမင်း၏ ကုသိုလ်ဖြစ်သည်ဟု ဆိုပါသည်။

ဤ သစ္စာစေတီတော်မြတ်ကြီးသည်ကား စစ်ကိုင်းမြို့၏ တိ(၃)တီ သာသနာဝင်ဖြစ်လေရာ (**ပုညစေတီ၊ သစ္စာစေတီ၊ ပတ္တမြားစေတီ**)သစ္စာ အထူးပြု၍ ကြိုးစားအားထုတ်ကြရမည့် နေရာထူး ဖြစ်လေ၏။

ရောဝတီမြစ်ကြီး၏ ကြည့်ရှုမြ

www.burmeseclassic.com



◄ မရှိခဏစေတီမှ သိုက်နန်းရှင်



မရှိခဏစေတီတော်မှ အဆောင်အရှောက်ဖြစ်သော အမေကြွမ်း ►

ရှုံ၍မဆုံးသော အလှတရား၊ သဘာဝ တရားများကို ရင်သပ် ရှုမောနိုင်ရုံမျှမက အင်းဝတံတားကြီးနှင့် ရတနာပုံ တံတားသစ်ကြီးတို့ကား အလှချင်းပြိုင် ခမ်းနားထည်ဝါမှုခြင်း ပြိုင်နေလေတော့၏။

## မရှိခဏစေတီတော်

**နမောတဿ ဘဂဝတော အရဟတော သမ္မာသမ္ဗုဒ္ဓဿ။** *[၃-ကြိမ်ရွတ်ဆိုပါ။]*

စောရတက်ပြား တိဗွာယေန၊
မာပိတံ မဟာကုသလံ။
ယံ ထူပံ မရှိခဏဝှယံ၊
ဝန္ဒာမိ အတိ သက္ကစ္စံ။

ခက်ခဲသော ပါဠိအသံထွက်

**တိဗွာ** = တိဗွာ
**ခဏဝှယံ** = ခဏာဝှယံ
**ဝန္ဒာမိ** = ဝန်ဒါမိ
**သက္ကစ္စံ** = သက်ကစ်စံ

မြန်မာပြန်

**စောရတက်ပြား တိဗွာယေန၊** ခိုးသားကြီး တေက်ပြားဟု အမည်ရသော ခိုးသူကြီးသည်။

**မဟာကုသလံ၊** မဟာကုသိုလ်တော်ဖြစ်သော။

**မရှိခဏဝှယံ၊** မရှိခဏဟု ဘွဲ့တော်ရပါသော။

**ယံ ထူပံ၊** အကြင် မရှိခဏ စေတီတော်မြတ်ကြီးကို။

**မာပိတံ၊** ဖန်ဆင်း တည်ထားတော်မူအပ်ပြီ။

**တံ၊** ထို မရှိခဏစေတီတော်မြတ်ကြီးကို။

**အဟံ၊** “......”ဟု နာမသမုတ်အကျွန်ုပ်သည်။

**[မှတ်ချက်။ ။“......”နေရာတွင် မိမိနာမည် ရွတ်ဆိုပါရန်]**

**အတိသက္ကစ္စံ၊** အထူးရိုသေစွာ။

**ဝန္ဒေ ဝန္ဒာမိ၊** ရှိခိုးကော်ရော် ဖူးမြော်မာန်လျှော့ ရှိခိုးပါ၏ မြတ်စွာဘုရား။

ဘုရားတည်နှစ်

ကောဇာသက္ကရာဇ် ၅၂၆ ခုနှစ်။

ဘုရားဒါယကာ

အင်းဝမင်းခေါင်၏ ဘဏ္ဍာစိုးကြီး ဦးတက်ပြား ခေါ် သစ္စာရှိ သူခိုးကြီး တေက်ပြား။

တည်နေရာ

မင်းဝံတောင်စွယ်ကုန်းတော်၊ ယခု ကားကြီးကွင်း၏ မြောက်ဘက်တောင်ကုန်း။

ပွဲတော်ရက်

၁။ နှစ်စဉ် နှစ်ဆန်း(၁)ရက်နေ့ ဆွမ်းဦးကပ်ပွဲ။
၂။ နှစ်စဉ် နယုန်လဆန်း(၃)ရက်နေ့ ပဌာန်းပွဲ။
၃။ နှစ်စဉ် ဝါခေါင်လပြည့်နေ့ ဘုရားပွဲတော်။

တစ်နှစ်လျှင် ပွဲတော်ရက် (၃)ကြိမ် ပြုလုပ်ပူဇော်ပါသည်။

အောင်မြေနေရာ

တနင်္ဂနွေထောင့် ဗောဓိပင်နေရာ

အဆောင့်အရှောက်

အမေကြွမ်း။

ထူးခြားချက်

သူရသတ္တိနှင့် အထူးပြည့်စုံ၍ သစ္စာရှိ သူခိုးကြီး တေက်ပြား၏ ခိုးယူ

စာမျက်နှာ (၇၉) သို့


www.burmeseclassic.com

ကေလာသဖတောင်စောင်း

# သဒ္ဒမ္မာသိတဂူကျောင်း

နေ့ရာထူးအချို့ (၂)

ခရီးသည်သုတေသီ



◆ မုံရွာတော် ဂူအဝင်

[illegible]

အသွားအလာ ခက်ခဲသဖြင့် မြေသား (သို့မဟုတ်) အင်္ဂတေလှေကားပြုလုပ်ကာ လက်ရန်းတန်းများ မှီတွယ်နိုင်အောင် တပ်ဆင်ထားပါလျှင် ပျို့အိုမရွေး လာရောက်နိုင်ပေမည်။ ရောဂါဝေဒနာ ခံစားနေရသူတို့လည်း သက်သောင့်သက်သာ လာရောက်၍ တောင်းဆုပြု ကုစားနိုင်ကြလိမ့်မည်ဟု တွေးမိသည်။


## ကျောက်ခြေရာ

ဆေးကျောက်ပျဉ်မှာ လျှောစောက်နံရံတွင် ကပ်လျက်ရှိသဖြင့် အကူအတွယ် မပါလျှင် သွားရခက်သော်လည်း ကျောင်းဆောင်အနီးတွင်ပင်တည်ရှိသည်။ ကျောက်ခြေရာကား တောင်စောင်းလျှိုအတွင်း အနည်းငယ်အလှမ်းဝေးသောနေရာတွင် ရှိသည်။

ချုံနွယ်များ၊ ကြိမ်တော၊ ရင်ကမ်းတောများကို ရှင်းလင်းဖြတ်သန်းရသဖြင့် ဆူးအလွန်ပေါသည်။ သွားနေကျ လမ်းညွှန် ဦးပဥ္စင်းပင်လျှင် မျက်စိလည်နေသည်။ သစ်ပင်ကြီးများ လဲပြိုကာ ထိုအထက်မှ ဆူးချုံများ ဖုံးလွှမ်းပေါက်ရောက်နေသောကြောင့် ဖြစ်သည်။

လဲကျနေသော သစ်ပင်ကြီးတစ်ပင်၏ ကိုင်းဖျားတွင်းမှ လျှိုဝင်ကာ ရင်ကမ်းချုံတစ်ချုံနှင့် ကြိမ်ဆူးချုံ တစ်ချုံ

◆ မုံရွာတော် ဂူတွင်းတစ်နေရာ



တို့ကို ရှင်းလင်းပြီးလေမှ ကျောက်ဖျာကြီး အဖျားဘက် ဆင်ခြေလျှော အစွန်းဘက်တွင် ခြေရာကို တွေ့ရသည်။

ကေလာသဖတောင်ဆီသို့ ခြေဦးညွှန်ထားသည်။ အလျား (၁၀)လက်မခန့်၊ ပြက် (၅)လက်မခန့် ရှိသည်။ အားပြုဆောင့်နင်းထားဟန်ဖြင့် ခြေဦးရမ်းနေသည့်ပုံစံ ဖြစ်သည်။

www.burmeseclassic.com





◆ ထေးထေးကျော်ယှဉ်



◆ မုံရွာတော် ရှာကျားဆောင်

ဒိုးယွန်းတောင် အနောက်တောင်စွန်းရှိ တိုက္ကလားတောင်ထွတ်မှ လှမ်းခုန်ရာတွင် ဤတွင် ခြေရာထောက်လျက် အားယူခုန်ကျော်ခြင်း ဖြစ်နိုင်သည်ဟု ဦးပဥ္စင်းက မှတ်ချက်ချသည်။

ကိုရင်ကြီးများက ခြေဖဝါး ချကြည့်သောအခါ လူတိုင်းနှင့် အံဝင်ခွင်ကျရှိနေသည်ကို တွေ့ရသည်။ ခြေဖဝါး အတိုအရှည် မတူကြစေကာမူ ဝိဇ္ဇာခြေရာ(ကျောက်ခွက်)တွင်း ခြေချကြည့်လျှင် အနေတော် အံကိုက် ရှိသည်ကို အံ့သြဖွယ်ရာ မြင်တွေ့ရပေသည်။

ဤခြေရာကား တန်ခိုးရှင် ဝိဇ္ဇာတစ်ဦး၏ခြေရာ ဖြစ်နိုင်သည်ဟု ယူဆကြသည်။ စီးပွားရေးမျက်နှာစာ၊ နှလုံးသားရေး၊ အိမ်ထောင်ရေး၊ ပညာရေး၊ ကျန်းမာရေး စသည့် မျက်နှာစာအသီးသီးအတွက် ဤတွင် ခြေချကာ လိုရာဆုတောင်းကြသည်။

ခြေရာမှာ လက်ယာဘက်ခြေရာပုံစံ ရှိသော်လည်း ခြေဦးရမ်းထားသဖြင့် အဖျားကျယ်နေရာ လက်ဝဲဘက်ခြေရာလည်း ဖြစ်နိုင်လေသည်။ အမျိုးသမီးများက လက်ဝဲဘက်ခြေ၊ အမျိုးသားများက လက်ယာဘက်ခြေကို ချကာ ဆုတောင်းတတ်ကြသည်ဟု သိရသည်။

ဖဝါးခြေထပ် လိုက်ခဲ့မည်ဟု ဆိုရိုးပြုလေ့ရှိကြသည်။ နောက်ပါးမှ တစ်ဖဝါးမကွာ ကပ်လျက်လိုက်ပါခြင်း၊ ရှေ့သွားနောက်လိုက် ညီခြင်းကို ဖော်ပြလေရာ အပြိုင်အဆိုင်ပေါ်မှ တိုးတက်သည့် စီးပွားရေးတွင် လည်းကောင်း၊ တူနှစ်ကိုယ် ယှဉ်တွဲလိုသည့် နှလုံးသားရေး၊ အိမ်ထောင်ရေးတွင် လည်း

◆ ထေးထေးကျော်ယှဉ်

ခြေအစနေအထား





www.burmeseclassic.com

www.burmeseclassic.com





ကောင်း ဆုတောင်းပြည့်ဝခြင်း ဖြစ်နိုင်လေသည်။

ပညာရေး၊ ကျန်းမာရေး မျက်နှာစာများတွင်လည်း ခြေရာရှင်ဖြစ်သော တန်ခိုးရှင်၊ ဝိဇ္ဇာကဲ့သို့ ကျန်းမာရေးကောင်းမွန်ပြည့်စုံ၍ အတတ်အသိပညာများ ကျွမ်းကျင်တတ်ပွန်စေရန် ဆုတောင်းခြင်း၊ ဘုန်းရိပ်ခိုခြင်း ဖြစ်သည်။

နေနှင့် လ ဟူ၍ ရွေ့သွားနောက်လိုက် ညီမျှခြင်းကို တင်စားတတ်ကြသည်။ အာဒိကပ္ပကျမ်းအလိုအရ နေ၏အချင်းယူဇနာ (၅၀)၊ လ၏ အချင်းယူဇနာ (၄၉) ရှိသည်ဆို၏။ ဆိုလိုသည်မှာ နေနှင့်လ ယှဉ်တွဲခြင်းသည် နှစ်ပါးမြင် ထွန်းလင်းခြင်းမဟုတ် ရွေ့နောက်ဆက်ကာ အစဉ်မပြတ် ရှိနေခြင်းကို ညွှန်းဆိုလေသည်။

ဤ ကျောက်ခြေရာနှင့် သီတဂူကျောင်းသည်လည်း ဂြိုဟ်သက်ပေါင်းအရ...

**ကျောက်ခြေရာ** = ၂လ်ာ + ၂လ်ာ + ၄ဟူး = ၁၅ + ၁၅ + ၁၇ = ၄၇။

**သီတဂူ** = ဗြဟာ + ဝ,နေ + ၂လ်ာ = ၂၁ + ၁၀ + ၁၅ = ၄၆။

ရွေ့နောက် အစဉ်မပြတ် ထပ်လျက်ရှိကြောင်း တွေ့ရပေသည်။ ကျောက်ခြေရာနှင့် တည်ရှိရာ သီတဂူကျောင်းတို့၏ သမ္ဗန္ဓဗလ ဆက်သွယ်မှုအင်အားအရ ဤသို့လျှင် ဆုတောင်းပြည့်ဝကြကြောင်း တွေ့ရလေသည်။

ထို့ကြောင့် လောကီမျက်နှာစာအသွယ်သွယ်၌ ဟန်ချက်ညီစေရန် ကျောက်ခြေရာတွင် ညာခြေချကာ ခြေရာ = ၂ + ၄ = ကောလီအောင်ဓာတ်ဆောင်၍ ၂၄ ပစ္စည်း ပဋ္ဌာန်းအကျိုး ပူဇော်လျက် ဘာဝနာကုသိုလ်ပြုခဲ့သည်။ အကျယ်ကား မပူဇော်နိုင်ခဲ့ချေ။

ပဆုပ်ပနီကောင်များက သူတို့အိမ်ရာသို့ ကျူးကျော်လာသည် ထင်မှတ်ကာ အုပ်ဖွဲ့တိုက်ခိုက်ကြသောကြောင့် ကမန်းကတန်း ကမ္မဋ္ဌာန်း သိမ်းခဲ့ရလေသည်။

## မျောက်ပန်းကန်

ကျောက်ခြေရာမှာ အလွန်မဝေးလှသော်လည်း ချုံရှင်းလမ်းထွင်သွားရသဖြင့် မိနစ် (၄၀)မျှ ကြာလေသည်။ အပြန်တွင်မူ ဆယ်မိနစ်အတွင်း ပင်မကျောင်းဆောင် အောက်ခြေအနီးသို့ ရောက်ရှိသည်။ ထိုမှ ချောက်နှုတ်ခမ်းတွင် ထိုးထွက်နေသော ကျောက်စွယ်တစ်ခုရှိရာ ကိုရင်များက **'အဲဒါ မျောက်ပန်းကန်'** ဟု ပြောပြကြသည်။

တိတ်ဆိတ်သော တောတောင်ဒေသ ဖြစ်ရာ တောပျော်မျောက်များစွာ ရှိကြသည်။ အချို့က ကျောင်းအနီးလာ၍ စွန့်ထားသော ဆွမ်းထမင်းအကျန်များ ကောက်စားတတ်ကြသည်။

ဤကျောက်စွယ်ပေါ်တွင် ပန်းကန်သဖွယ် ချိုင့်ခွက်တစ်ခုရှိရာ ထိုခွက်တွင် ဒါနပြုလိုသော ထမင်း၊ မုန့်၊ ပဲ၊ ပြောင်း စသည်များ ထည့်ထားပေးလျှင် လူခြေတိတ်သောအခါ မျောက်တို့ လာစားကြသည်။ လူရိပ်မြင်လျှင်

www.burmeseclassic.com

(သို့မဟုတ်) လူသံကြားနေရလျှင် လာလေ့ မရှိကြချေ။

ပုပ္ပါးတောင်၊ ရခိုင်ပြည်နယ် ကျောက်တော်ရွာ၊ ယင်းမာပင်နယ် ဖိုဝင်တောင် စသည်တို့ရှိ မျောက်များ ကဲ့သို့ မျောက်ပါးမဝကြသေးသော ပကတိ တောကျေးမျောက်များ ဖြစ်ကြလေသည်။

ဤဒါနအမှုကို မိမိတို့၏ နှလုံးသားမှ ရည်မှန်းရာ ချစ်မြတ်နိုးသော ချစ်ကြင်သူနှင့် အဆင်ပြေစွာ ပေါင်းဖက်နိုင်ရေးအတွက် မျှော်လင့်လှူဒါန်းလေ့ရှိကြသည်။ မျောက်တို့အား အသက်၏ စောင့်ရှောက်ခြင်း "အာယုဒါယ" အမှုပြုလုပ်လှူဒါန်းခြင်းဖြင့် မျောက်သားအတွက် ကောင်းမှုကုသိုလ်ဆက်ခြင်း ဖြစ်သည်။

မျောက်သားဟူသည် ဘုရင်၊ မင်းသမီး၊ မင်းသားတို့၏ ချစ်မြတ်နိုးအပ်သော ကြင်ရာအဖော်ဖြစ်သည်။ သာမန်မျိုးရိုး ဖြစ်စေကာမူ မိမိချစ်သူကို ဘုရင်၊ ဘုရင်မအဖြစ် မှတ်ထင်မြတ်နိုးတတ်ကြသည့်အပြင် တူနှစ်ကိုယ် လျှို့ဝှက်စွာ သိအပ်သောကိစ္စလည်းဖြစ်ရာ လူခြေတိတ်မှ တိတ်တဆိတ် လာရောက်စားသောက်သော ဤမျောက်တို့၏ ဓလေ့နှင့်လည်း ကိုက်ညီနေပေသည်။

မျောက်သားဟူသည့် ဝေါဟာရကို ဂြိုဟ်သက်ပေါင်းလျှင် ၅တေး + ၆ကြာ = ၁၉ + ၂၁ = ၄၀ ရ၏။ ဤဂဏန်းခြေသည် ဘဝအတွက် စံပြုဖွယ် သင်ခန်းစာတစ်ရပ်ကို ပေးစွမ်း၏။

---

၁၉၈၀ ပြည့်နှစ် ဝန်းကျင်ကာလ

---

မော်လမြိုင် ဒီဂရီကောလိပ်(ယခုတက္ကသိုလ်) ဂီတဆည်းဆာပွဲတော်

ပေါ်တော်မူ လိုက်အဝင် ▶



▲ မျောက်သန်းကန်ကျောက်ဆွယ်

▼ မျောက်သန်းကန်








www.burmeseclassic.com

www.burmeseclassic.com



◆ ကျိုက်ဒေးယျှုံနှင့် ဖောင်တော်ဦး

ကာလ အဆိုအက တိုက်နေကြစဉ် တစ်ည ကျောင်းအုပ်ဆရာကြီး ဦးခင်မောင်တင့်(စာရေးဆရာ တက္ကသိုလ်ဘုန်းနိုင်)က (၄၀)ဂဏန်းခြေနှင့် ပတ်သက်၍ ဤသို့ ရှင်းပြခဲ့သည်။

'အနောက်တိုင်းမှာတော့ အသက်လေးဆယ်ပြည့်မှ ဘ၀ စ,တယ်ဆိုကြတယ်။ Life begans 40တဲ့။ မြန်မာ့ဓလေ့မှာတော့ အသက် (၄၀)ဆိုတာ ဘ၀နေမွန်းတည့်ချိန်ပဲ။ ကျန်းမာခြင်း၊ ခွန်အား၊ မျှော်လင့်ချက် လောကီရေးရာ အရာရာအားလုံးရဲ့ အထွတ်အထိပ်ကာလ။ (၄၀)ကျော်ရင်တော့ ဒါတွေအားလုံး တဖြည်းဖြည်း လျော့ပါးလာပြီ။ အထူးသဖြင့် ကျန်းမာရေးမှာ သိသာတယ်။ များများကျော်ရင် များများချို့ယွင်းလာတာ တွေ့ရလိမ့်မယ်။ ဒီအချိန်မှာ မိမိသွားလိုရာ ပန်းတိုင်ကို ရွေးပြီး ကြိုတင်လျှောက်လှမ်းနိုင်မှ သောကနည်းလိမ့်မယ်'

ဟူ၍ ဖြစ်သည်။ မမြဲသော အနိစ္စတရားနှင့် သင်္ခါရကို သံဝေဂ ယူစေလိုခြင်းဖြစ်သည်။ မျောက်သားဟူသည့် ချစ်ကြင်ရာသည်လည်း အသွင်ပြောင်းကာ စိတ်သွားတိုင်း ကိုယ်မပါသည့် ကြုံရပေတော့မည်။ မနိုင်ဝန်ထမ်းခြင်းဖြင့် ဝန်ပိနိုင်သည်ကိုလည်း သတိချပ်ရပေမည်။ သို့ဖြင့် ကိလေသာ အားကြီးသော တဏှာပေမအသွင်မှ ဂေဟပေမအသွင်သို့ တဖြည်းဖြည်းချင်း ကူးပြောင်းလာတော့သည်။

ဤသို့လျှင် အသိများ ပေးစွမ်းသည့် 'လေးဆယ်'ဂဏန်းခြေ ဖြစ်လေရာ ပျို့ရွယ်ချိန်တွင် စိတ်ကိုဆင်ခြင်၍ ချည်တိုင်မှန်စေရန် သတိပေးခြင်းလည်း မည်လေသည်။

## နှုတ်ဆက်လမ်းညွှန်

ထို့နောက်တွင် ပင်မကျောင်းဆောင်သို့ ဝင်္ကပါပမာ စောင်းတန်းလှေကားများမှ ကွေ့ပိုက်တက်ရောက်ကာ ဆရာတော်အား နှုတ်ဆက်ကန်တော့သည်။ ပင်မကျောင်းဝရန်တာမှ အရှေ့ဘက်မြေပြန့်တွင် ကျိုက်တဲစေတီကို ထီးတည်းလှမ်းမြင်ရသည်။

ကျန်စစ်သားမင်း စိုက်ထူထားသော မွန်တိုင်းရင်းသားဘာသာ ကျောက်စာရှိ၍ ကျိုက်တယင်းစေတီ ကျောက်စာနှင့် အချိန်တူ တစ်ပြိုင်တည်း စိုက်ထူခဲ့ကြောင်း သိရသည်။ တောင်ဘက်တွင်ကား ကေလာသစေတီ၊ အရှေ့တောင်ဘက်တွင် ဒိုးယွန်းတောင်ဝန်းကျင်ရှိ ကျိုက်ဒေးယျှုံ၊ တိန်ညင်တောင်စေတီ၊ ဖောင်တော်ဦးစေတီ၊ တိုက္ကလားစေတီတို့ကို စီတန်းဖူးမြင်နိုင်လေသည်။ ဆရာတော်က ကေလာသစေတီတောင်ထွတ်၏ အရှေ့မြောက်ဘက်တောင်စောင်းမှ ဂူလိုဏ်တစ်ခုအား ညွှန်ပြ၍…

'အဲဒီ လိုဏ်ဂူကြီးထဲမှာ တောလည်သွားသူတို့ မထင်မှတ်တဲ့ ရှေးဘုရားတွေ တွေ့ကြတယ်။ ရွှေ, ငွေ, ကြေးဆင်းတုတွေ၊ ရုပ်တုတွေ ရှေးလက်ရာ အတော်များတယ်။ ဒါကြောင့်'ပေါ်တော်မူလိုဏ်ဂူ'လို့ ခေါ်ကြတယ်။ အဲဒီလိုပဲ တိမ်မြုပ်နေတဲ့ နေရာတွေ အများကြီး ရှိသေးတယ်။ နောက်တစ်ခါ အချိန်ယူပြီး လာခဲ့ပါ။ နေရာစုံ သွားကြတာပေါ့။ စာသမားဆိုတော့ သမိုင်းကြောင်းလဲ ဆွေးနွေးရတာပေါ့'

ဟု မိန့်တော်မူသည်။

ကေလာသဖတောင်စောင်း သဒ္ဓမ္မသီတဂူကျောင်းမှ ထူးခြားသော နေရာအချို့ကို ဖော်ပြပေးခြင်းဖြစ်သည်။ ပိုမိုသိရှိလေ့လာလိုပါလျှင် အချိန်ယူကာ ကိုယ်တိုင်ကိုယ်ကျ လာရောက်စေလိုသည်။

သီတဂူဆရာတော် ဦးပညာသုခက တံတံအားသမျှ ကူညီပေးပါမည်ဟု မိန့်တော်မူပါသည်။ ဘီးလင်းမြို့နယ်၊ ကေလာသစေတီတော်သို့တက်ရောက်ပြီး မြောက်ဘက် ကေလာသဖစေတီသွား ကွန်ကရစ်လမ်းအတိုင်း အဆင်ပြေစွာ လာရောက်နိုင်ကြပေသည်။

## ခရီးသည်သုတေသီ

နဂါးရောင်ခြည်မဂ္ဂဇင်း ၇၇


www.burmeseclassic.com


သရေကြီးဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

အဝိလန့်လက်ရွေးစင် ဘောလုံးသမား

# အက်ရှ်လေကိုး

၏ လက္ခဏာ






**(က)အက္ခရာနှင့် ညွှန်ပြထားသည်** မှာ လက်ချောင်းပထမဆစ် ဖြစ်သည်။ ပါးခြင်းနှင့် ရှည်ခြင်း ပေါင်းစပ်ထားသည်။ လိမ္မာပါးနပ်ခြင်း(အကင်းပါး)၊ စိတ်တန်ခိုးစွမ်းအင် ပိုမိုရှိခြင်းတို့ကို ဖြစ်စေသည်။

ဒုတိယအဆစ်က ပိုတိုနေသဖြင့် ဆင်ခြင်တုံတရား ပိုင်းမှာတော့ အားနည်းနိုင်သည်။ စိတ်တန်ခိုး၊ စိတ်စွမ်းအင်ရှိပြီး ပါးနပ်လိမ္မာသော ပင်ကိုဗီဇကပင် သူ့ကို ဘောလုံးအားကစားတွင် အောင်မြင်ထူးချွန်သူတစ်ဦး ဖြစ်လာစေသည်။

**(ခ)အက္ခရာဖြင့် ညွှန်ပြထားသည်** မှာ အသက်လမ်းကြောင်း အရင်းပိုင်း **နက်ပကျွန်းကြိုဟ်ခုံ** (လက်ဖနောင့်အလယ်)မှာရှိခြင်း ဖြစ်သည်။

ပြည်တွင်းပြည်ပ မကြာခဏ သွားလာလှုပ်ရှား လုပ်ကိုင်ရခြင်း၊ သူ့ဘက်ကိုယ့်ဘက် မျှမျှတတ လုပ်ကိုင်ဆောင်ရွက်တတ်ခြင်း (တစ်ကိုယ်ကောင်း မဆန်ခြင်း) ပင်ကိုဗီဇမျိုး ရှိစေသည်။

**(ဂ)အက္ခရာနှင့် ညွှန်ပြထားသည်** မှာ ဦးခေါင်းလမ်းကြောင်း အဖျားနှင့် အသက်လမ်းကြောင်းအဖျား ပူးပြီး ဦးခေါင်းလမ်းအဆုံးပိုင်း အောက်ဘက်သို့ အနည်းငယ်မျှ ကွေးနေခြင်းဖြစ်သည်။

စေ့စပ်သေချာခြင်း၊ စိတ်ကူးကောင်းခြင်း၊ မစွန့်စားလိုခြင်း၊ အဖော်အပေါင်းကို ခင်တွယ်ခြင်းဆိုသော ပင်ကိုဗီဇမျိုးရှိသည်။



www.burmeseclassic.com

www.burmeseclassic.com

ထို့ကြောင့် အဖွဲ့အစည်းနှင့် လုပ်ကိုင်ရသော လုပ်ငန်းမျိုး၊ အားကစားမျိုးမှာ ပိုမိုအကျိုးပေးနိုင်သည်။ မစွန့်စားရဲသော၊ တစ်ကိုယ်ကောင်း မဆန်တတ်သော၊ အဖော်အပေါင်းကို ခင်တွယ်တတ်သော၊ စိုးရိမ်ကြီးတတ်သော အကျင့်စရိုက်များကြောင့် ဂိုးမဝင်အောင် ကာကွယ်ရသော၊ ရှေ့တန်းတိုက်စစ်မှူးများ ဂိုးသွင်းနိုင်အောင် ကူညီပေးရသော နောက်တန်း ခံစစ်ဘောလုံးအားကစားဖြင့် နိုင်ငံ့လက်ရွေးစင် ဖြစ်ရခြင်းဟု ဆိုရမည်။

**(ဃ)အက္ခရာ**ဖြင့် ညွှန်ပြထားသည်မှာ နှလုံးလမ်းအဖျား ဖြစ်သည့် **ဆက်ညှိုးရင်း(လက်ညှိုးနှင့် လက်ခလယ်ကြား)**နေရာသို့ ကွေးကောက်နေကြောင်း တွေ့ရသည်။

ထိုသို့ နှလုံးလမ်းကြောင်း ဝိုက်ကောက်နေသူတို့မှာ ချစ်လွယ်၊ မုန်းလွယ် အချစ်မရှိဘဲ မနေနိုင်၊ ချစ်သူများ၊ သစ္စာလျှော့ပါးတတ်သော ပင်ကိုဗီဇမျိုး ရှိတတ်ကြသည်။

အိမ်ထောင်ရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ အလွန် စန်းပွင့်တတ်သည်။

နောက်ကွယ်တွင် ခြေများတတ်သော နှလုံးလမ်းကြောင်းမျိုးဟု သတ်မှတ်နိုင်ပါသည်။ ယခုခေတ်စကားအရ ဆိုလျှင် ညို့အားပြင်းသော (Sexy)နှလုံးလမ်းကြောင်းဟု ဆိုနိုင်သည်။

*သက္ကဋာပညာသုတ တိုးပွားကြပါစေ*

*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...*

**ဆရာကြီး ဦးအောင်မြိုင်**
*(ဥပဓေဘွဲ့)*
**သက္ကဋာဗေဒင်ပညာသုတေသီ**

စာမျက်နှာ (၇၂)မှ အဆက်

သော ပန္နည်းချွှာ ဘဏ္ဍာများဖြင့် အများကုသိုလ်ဖြစ်အောင် တည်ထားကိုးကွယ်သော စေတီတော်မြတ်ဖြစ်ခြင်း။

အင်းဝဘုရင်မင်းခေါင်၏ အထူး ယုံကြည်အားကိုးရသောကြောင့် ဘဏ္ဍာစိုးကြီးအဖြစ် သူကောင်းပြုခံရခြင်း ဖြစ်လေ၏။

သူဋ္ဌေးကြီးတောက်ပြားသည် ဘုရားတည်နေစဉ်အတွင်း ငွေလိုရှိ မရှိလျှင် ခဏသာ ဖြစ်လေ၏။ ခိုးယူလိုက်လျှင် အလွယ်တကူရသည့်ချည်းသာ ဖြစ်လေ၏။ **"မရှိခထာစေတီတော်"**ဟု ယနေ့တိုင် တွင်လေတော့၏။

သူဋ္ဌေးကြီးတောက်ပြား၏ အိမ်သူဇနီးမှာ အမေကြွမ်းဖြစ်၍ ကွယ်လွန်သောအခါ နတ်ဖြစ်လေ၏။ လူဘဝကကဲ့သို့ အမြော်အဆို ကြွမ်းသလောက် ပူဇော်ပသသော ဒကာများအား အထူး ကူညီလေ့ရှိကြောင်းယုံကြည်ကြပါသည်။

မရှိခထာ စေတီတော်ရှိ အမေကြွမ်းနတ်ကွန်း၌ လာရောက် အဓိဋ္ဌာန်ပါက မရှိခထာစေတီတော်မြတ်ကြီးအား အထူးပူဇော်၍ အမေကြွမ်းအား ကောင်းမှုကုသိုလ်အဖို့ကို အမျှဝေခြင်း၊ လှူဒါန်းပသခြင်းပြု၍ အဓိဋ္ဌာန်ပြုပါက အောင်မြင်လေ့ရှိပါသည်။

စေတီတော်၏ တောင်ဘက် အာရုံခံအတွင်း စံပယ်တော်မူသော လာဘမုနိ ရုပ်ပွားတော်ကြီးကလည်း အများသူငါအတွက် ချမ်းသာခြင်းကို ပေးအပ်နေပုံ အနေအထားကလည်း ကြည်ညိုသပ္ပါယ်လှတော့၏။

အာရုံခံတိုက်အတွင်းမှ စစ်ကိုင်းသား ပန်းချီဆရာကြီးများ၏ ဗုဒ္ဓဝင်နံပါတ်တော် ပန်းချီကားများကလည်း ဗုဒ္ဓ၏ဖြစ်စဉ်ကို အထူးကြည်ညိုခြင်း ခံစားရလေ၏။

ထွက်ရပ်ပေါက် ပုဂ္ဂိုလ်ထူးများ၏ ထူးခြားသော ပုံဟန်များကလည်း အံ့ဩဖွယ်ရာ သက်ဝင် မေတ္တာပြုနေသကဲ့သို့ ရှိနေလေ၏။

ရင်ပြင်တော်အတွင်း သိုက်နန်းရှင်များကလည်း အလွန်ဂုဏ်သတင်း မွှေးပျံ့လျက် အဆက်ပါသူ ဆွေတော်မျိုးတော်များအား ကူညီမစလျက်ရှိသည်ဟု ယုံကြည်ကြလေ၏။

တနင်္ဂနွေထောင့်ရှိ အောင်မြေနေရာတွင်ရှိသော မဟာဗောဓိပင်ကြီးမှာ အထိကာရ ရှင်သန်လျက်ရှိလေရာ ကျင့်စဉ်မြတ်ဖြင့် အားထုတ်သော ပုဂ္ဂိုလ်သူတော်ကောင်းများအတွက် အားထားရာဌာန ဖြစ်လေ၏။

စနေထောင့်ရှိ ဒီဇိမ်ယနိုင်ငံမှ ပွားယူထားသော လင်းလွန်းဗောဓိပင်ကြီးကလည်း ယခုအခါ ရှင်သန်ဝေဆာလျက် ရှိလေတော့၏။


အဓိဋ္ဌာန်စခန်း ဝင်လိုသော ပုဂ္ဂိုလ်များအတွက် တနင်္ဂနွေထောင့်ရှိ အောင်မြေနေရာမှ ဗောဓိပင်ဌာနတွင် ပုတီးအဓိဋ္ဌာန်ပြီးပါက တစ်ဆက်တည်း စနေထောင့် လင်းလွန်းဗောဓိပင်၌ ဆက်လက်အားထုတ်ပါက အကျိုးထူးလှပေတော့၏။

ဂန္ဓာရီပုဂ္ဂိုလ်များသည် လည်းကောင်း၊ ပုဂ္ဂိုလ်ထူးများ၏ သာဝကများသည် လည်းကောင်း၊ ပုဂ္ဂိုလ်ထူး များနှင့် ပတ္တန်းဆက် သားမြေးများသည်လည်းကောင်း အမေကြွမ်းနှင့် ဆက်နွှယ်သော ယုံကြည်သောသူများအတွက် အဓိဋ္ဌာန်အောင်မြေ ဖြစ်၍ သစ္စာနှင့် ဒါနကုသိုလ်ကို အထူးပြုသော နေရာထူးဖြစ်လေ၏။

အောင်ရွှေမြတ် *(စစ်ကိုင်းတောင်)*

www.burmeseclassic.com

# သူ ဘယ်လိုလူစားလဲ




ကြည့်ပါ။

○ **လက်သန်း သေးပြီး အားနည်းပါတယ်။ (က)**

ဒါကတော့ ရှက်ရွံ့ခြင်းရဲ့ အမှတ် လက္ခဏာပါပဲ။

○ **လက်မရဲ့ ထိပ်ပိုင်း ပျော့ပြောင်းပြီး အနည်းငယ် ကော့လန်လျက် ရှိပါတယ်။(ခ)**

ဒါကတော့ အားနာတတ်ခြင်း၊ စိတ်အားငယ်တတ်ခြင်းရဲ့ သင်္ကေတပါ။

○ **ဉာဏ်လမ်းနဲ့ အသက်လမ်းမှာ အစပိုင်း၌ ပူးနေတယ်။(ဂ)**

ဒါကတော့ ကြောက်တတ်ခြင်း၊ စိုးရိမ်တတ်ခြင်းရဲ့ သဘောပါ။

ကဲ ဒါဆိုရင်...

သူ ဘယ်လိုလူစားလဲဆိုတာ သိနိုင်လောက်ပါပြီ။

**အောပါလေ၊ အောင်ပါလေ**

**သန်းပညာ**



www.burmeseclassic.com

www.burmeseclassic.com

# တော်ကူး မဟာသတိပဋ္ဌာန်ရိပ်သာသို့

လေ့လာပူဇော်မှုခရီး (၃)

ဘုန်းကျော်စွာ
(မြိုင်တက္ကသိုလ်)

ယခင်လမှ အဆက်


ဆရာတော်ကြီးရှိစဉ်က တည်ထား ကိုးကွယ်ခဲ့သော စေတီတော်ဖြစ်၍ ဆရာတော် ပျံလွန်တော်မူပြီးနောက် သမီးဒေါ်တင်ရွှေနှင့် အခြားဒါယကာ၊ ဒါယိကာမများက ထပ်မံတည်ထား ပူဇော်ကြသဖြင့် ထံတော်ပါးတွင် နောက်ထပ် စေတီနှစ်ဆူကိုလည်း ဖူး တွေ့ရလေသည်။

စေတီတော်ကြီးအနီးတွင် ဆရာ တော်၏ ဗိမာန်ရှိသည်။ အတွင်း၌ ဆရာတော်၏ အရိုးတော်ဓာတ်များကို ခနဲပေါင်းချောင်တွင်း ထည့်ကာ မှန်ခန်း ကန့်၍ ပူဇော်ထားသည်။ ဆရာတော် ၏ပုံတော်နှင့် ထေရုပ္ပတ္တိကျောက်စာ ကိုလည်း စိုက်ထူထားသည်။

ဆရာတော်သည် ၁၃–၄–၁၉၈၇ ခုနေ့တွင် ပျံလွန်တော်မူပြီးနောက် ရုပ် ကလာပ်တော်မှ ပုပ်သိုးပျက်စီးမှုမရှိ သဖြင့် မီးရှို့၍ တေဇောဈာပနသဘင် ကျင်းပရန် ရက်ရွှေ့ဆိုင်းခဲ့ကြသည်။

ရက်ပေါင်း (၂၀)ကျော်ကြာပြီး နောက် ဆရာတော်များ၊ ဒါယကာများ ဆွေးနွေးညှိနှိုင်းပြီးလျှင် (၈–၅–၁၉၈၇) နေ့ နေ့လယ်(၁)နာရီတွင် အဂ္ဂိဈာပန ကျင်းပရန် ဆုံးဖြတ်ခဲ့ကြသည်။ ရုပ် ကလာပ်တော် မီးလောင်စဉ် သွေးများ ဆီများ ပန်းထွက်လာကာ ရောင်စုံမီးပန်း များဖြစ်သွားကြသည့် အသား၊ အဆီ မီးသင်းသော ညှော်နံ့များ ထွက်ပေါ် ခြင်း မရှိပါ။

ရုပ်ကလာပ်တော် တွန့်လိမ်ခြင်း လည်းမရှိပါ။ မိုးချုပ်သည်အထိ မီး



တော်ကူးတောရ စေတီတော်

လောင်ကျွမ်းစေကာ နံနက်မိုးသောက် သောအခါ ကြွင်းကျန်သည့် အရိုးတော် ဓာတ်များ ပင့်ဆောင်လျက် ဓမ္မာရုံတွင် ပူဇော်ထားကြသည်။ ယခုသော် ဆရာ တော်၏ဗိမာန် ဆောက်လုပ်ပြီး ဖြစ်၍ ပြောင်းရွှေ့ ပူဇော်ထားခြင်း ဖြစ်သည်။

ဗိမာန်တွင်း နံရံတွင် ဆရာတော်၏ အဂ္ဂိဈာပန အခမ်းအနားသို့ မဟာစည် ဆရာတော်ကြီးဦးသောဘဏ ကြွရောက် ချီးမြှင့်သည် မှတ်တမ်းဓာတ်ပုံများ ချိတ်ဆွဲ ပြသထားလေသည်။

ဆရာတော် ဗိမာန်မျက်နှာစာတွင်

www.burmeseclassic.com

ဆရာတော်ရှိစဉ်က တရားပြခဲ့သော ဓမ္မာရုံကို နှစ်ထပ် အုတ်တိုက်ဆောင် အဖြစ် မြင်တွေ့ရသည်။ ထို့မှလွန်သော် ဆရာတော်ကြီး ဝါးကျောင်းနေရာ၌ ဆောက်လုပ်ခဲ့သည့် စကြံကျောင်းကို မူလအခြေအနေအတိုင်း မြင်ကြရသည်။ **"မူလတော်ကူး ဆရာတော်ကြီး ဦးနန္ဒိယ၏ ပထမ စံကျောင်းတော်"** ဟူသော သံပန်းကမ္ပည်းစာကိုလည်း ကျောင်းအပြင်နံရံတွင် ရေးထိုးထားသည်။


ရိပ်သာတွင်း၌ နေ့စဉ် ယောဂီ တစ်ရာကျော်မျှ စခန်းဝင် အားထုတ်လျက်ရှိသဖြင့် သီတင်းသုံးနေထိုင်ရန် ကျောင်းဆောင်သစ်များ ဆောက်လုပ်လျက် ရှိသည်ဖြစ်ရာ စကြံကျောင်းကို ပုံပေါ်စေရန် ရှေ့နောက် ကြိုးစား ရိုက်ကူးခဲ့ပါသည်။

စံကျောင်းတော်ပုံစံမှာ တစ်ပါးစာ ကမ္မဋ္ဌာန်းကျောင်းဖြစ်၍ ဘီးလင်းမြို့နယ် ရွှေရောင်ပြတောရရှိ ဘုန်းတော်ကြီးဦးအုံးခိုင်ကျောင်းမှ ကျောင်းဆောင်များနှင့် ဆင်ဆင်တူသည်ကို သတိပြုမိသည်။

ဆရာတော်ကြီး ဤစကြံကျောင်းတွင် ပျံလွန်တော်မူခဲ့သည်။ ဆက်ခံသော လက်ရှိဆရာတော်က ဤကျောင်းတွင်မနေ၊ အခြားကျောင်းဆောင်တွင်း၌ သီတင်းသုံးတော်မူသည်ကို တွေ့ခဲ့ရလေသည်။

## ထူးခြားသော ဂုဏ်ရည်အချို့

တော်ကူးဆရာတော် ဦးနန္ဒိယသည် သူတစ်ပါးစိတ်အကြံကို သိရှိတော်မူသည်။ တစ်ပါးကျောင်းအတွင်း ဆရာတော်ကွယ်ရာ၌ ဆေးလိပ်ခိုးသောက်သည်မှအစ (ဆရာတော်သည် ရွှေကျင်ဂိုဏ်းက ဖြစ်သည်။) ကုဋီတွင် ရေကျန်



မပျံလွန်မီ တစ်ရက်အလိုက ရိုက်ကူးထားသော တော်ကူးဆရာတော် ဦးနန္ဒိယပုံတော်

ကို ကုတ်ကတ်သုံးကာ ရေမဖြည့်သည်များ၊ ရပ်ရွာတွင်း ပြောဆိုကြံစည်နေကြသည်များကို ကြိုတင်သိတော်မူကာ ဆုံးမလေ့ ရှိသည်။

ဆရာတော် ပျံလွန်တော်မမူမီ တစ်နှစ်ကျော်ခန့်မှစ၍ ဆံပင်ရိတ်သည့်အခါ မိမိ၏ဆံစများကို သိမ်းဆည်းထားကြရန် တပည့်များအား မှာလေ့ရှိသည်။ တပည့်များက အလေးအနက် မပြုမိကြပါ။

တစ်မိုးလွန်သောအခါ ကော့ကရိတ်မှ သံဃာတစ်ပါး ကြွရောက်လာကာ ဆရာတော်အား ဖူးမြော်သည်။ မိမိ ပင့်ဆောင်လာသော ရဟန္တာဓာတ်တော် အဆူ(၂၀)ကို ကပ်လှူပြီးနောက် ဆရာတော်၏ ဆံပင်များကို တောင်းခံသည်။

ထိုသံဃာသည် ရန်ကုန်မြို့၌ သီတင်းသုံးနေစဉ် "မော်လမြိုင်နှင့် ကျိုက္ခမိကြားက တော်ကူးတွင်





www.burmeseclassic.com

www.burmeseclassic.com

ရဟန္တာတစ်ပါး ပေါ်ထွန်းသည်''ဟု အိပ်မက်ရသဖြင့် လာရောက်ခြင်းဖြစ်ကာ ဆရာတော်၏ ဆံပင်တို့သည် ဓာတ်တော်ကဲ့သို့ လုံးနေရမည်ဟု ဆိုသည်။

ထိုအခါ ဆရာတော်၏ တပည့် ဦးဝါယမက သိမ်းထားသော ဆံပင်များကို ထုတ်ကြည့်ရာ ခြင်းလုံးကဲ့သို့ လုံးဝန်းကာ ထိပ်တွင် စေတီသဏ္ဍာန် ချွန်နေသည်ကို တွေ့ရသည်။

ထို့နောက်ပိုင်း ဆရာတော် ဆံပင်ရိတ်လေတိုင်း တပည့်ဒါယကာ, ဒါယိကာမတို့ အလုအယက်ယူငင် သိမ်းဆည်းကြတော့သည်။

အခြား ထူးခြားချက်တစ်ခုကား အသံတော်ဖြစ်သည်။ ဆရာတော် ဟောပြောမိန့်ကြားသံကို ကျောင်းဝင်းအတွင်းစကြံကျောင်းနှင့် ဝေးကွာသော နေရာမှ နားထောင်ရသည်ဖြစ်စေ အနားတွင် လာရောက် မိန့်ကြားသကဲ့သို့ ပီပြင်ပြတ်သားစွာ ကြားရသည် ဆို၏။

သာမန် သတိမမူမိသူများက ''ဆရာတော်ဘုရား... ဘာတွေများ အားပါးတရပြောနေပါလိမ့်။ အော်ကြီးဟစ်ကျယ်နဲ့'' ဟုသာ မှတ်ချက်ချကြသည်။

သာဝတ္ထိမြို့အနီးရှိ စမတောင်မှ လာရောက်၍ တရားဝင်သော ဦးဇဝနကမူ သေချာစွာ စူးစမ်းခဲ့သည်။

ထိုဦးပဋ္ဌင်းသည် ဆရာတော် ပျံတော်မမူမီ သုံးလခန့်အလိုတွင် တော်ကူးရိပ်သာသို့ ရောက်လာကာ ဆရာတော်ထံမှ နည်းနာခံယူ ကျင့်ကြံခဲ့သည့် ဦးပဋ္ဌင်းဖြစ်သည်။

'တော်ကူးဆရာတော် ကျောင်းပေါ်မှာ ပြောဆိုတဲ့စကားကို ရိပ်သာဝင်းအတွင်း နေရာအားလုံးက အတိုင်းသားကြားရတယ်။ ဦးပဋ္ဌင်းနဲ့ အဖော်တို့က နေရာအနှံ့နှံ့ကနေ စူးစမ်းခဲ့ကြတယ်။

ဆရာတော် အနားနေပြီး ကြားရတဲ့အတိုင်း မွှာရုံရှေ့မှာလဲ ကြားရတယ်။ သိမ်ကျောင်းမှာလဲ ကြားရတယ်။ တခြားလူတွေကို ပြောပြတော့ သူတို့လဲ ဒီလိုပဲ ကြားရတယ်တဲ့'

ဦးဇဝနက ဆရာမင်းတင်မွန်အား ပြောပြခဲ့ခြင်း ဖြစ်သည်။

ထိုအချိန်ကာလသည် ဆရာတော် လေဖြတ်ပြီးသော အချိန်ကာလဖြစ်လေရာ စကားကို ပီသစေရန် အထူးအားစိုက် ပြောဆိုရသည်ဖြစ်သောကြောင့် ကျယ်လောင်ခြင်း မရှိကြောင်း သိမီသူ ဒါယကာများက ပြောပြကြလေသည်။

ပျံတော်မူခါနီး လေးလအလို(၁၁–၁၂–၁၉၈၆)နေ့ နေ့လယ်တွင် တော်ကူးရိပ်သာတွင်းသို့ ဒတ်ဆန်းအငှားယာဉ်တစ်စီး ဆိုက်ရောက်လာကာ အမျိုးသားနှစ်ဦးနှင့် အမျိုးသမီးသုံးဦးတို့က ဆရာတော်အား ဝတ်ဖြည့် ကန်တော့သည်။

ထို့နောက် ရှိသေစွာ ခွင့်ပန်ကာ ခြေခဏာ,လက္ခဏာတို့ကို မှန်ဘီလူးဖြင့် သေချာစွာ ကြည့်ရှုကြသည်။ ထို့နောက် ကားဆီသို့ ပြန်သွားကာ ထီးဖြူတစ်လက်နှင့် သင်္ကန်းတစ်စုံ ယူလာသည်။

'ဆရာတော်အရှင်မြတ်ဘုရား...ဤ ကြာသင်္ကန်းကို ဝတ်ရုံပြီး ဤကန့်ကွက်ဒ်န် ထီးဖြူအောက်မှာ ခန္ဓာဝန် စွန့်တော်မူပါ'

ဟု လျှောက်ထားကြကြောင်း ထိုစဉ်က ကျောင်းပေါ်ရှိနေသော ဦးအုန်းဖေက ကြားရသည် ဆိုလေသည်။

ဆရာတော်သည် ထိုနေ့ကစ၍ ထီးဖြူကို အိပ်ရာခေါင်းရင်း၌ ဖွင့်ထားစေသည်။ ပျံတော်မူသောအခါ ရုပ်ကလာပ်တော်အား ကြာသင်္ကန်း လွှမ်းခြုံကာ ထီးဖြူကိုလည်း ရုပ်ကလာပ်အနီး ထားပေးကြလေသည်။ ထိုလူ(၅)ဦးမှာ ရုပ်ရည်ချောမော၍ မတွေ့မြင်ဘူးသော လူစိမ်းများ ဖြစ်သည် ဆို၏။

## တရားထူးရသော ဆရာတော်

တော်ကူးဆရာတော် ဦးနန္ဒိယသည် ၁၃၂၁ ခုနှစ်၊ တပေါင်းလဆန်း(၉)ရက်နေ့တွင် မော်လမြိုင် မြို့ဝ သတိပဋ္ဌာန်ကျောင်းသို့ ရောက်ရှိကာ ဝိပဿနာကမ္မဋ္ဌာန်းကို ကြိုးစားပမ်းစား အားထုတ်ရာ သုံးလအကြာတွင် အစဉ်တစိုက် စစ်ဆေးခဲ့သည့် မြို့ဝဆရာတော် ဦးပဏ္ဍဝက...

'ဦးနန္ဒိယတော့ စိုင်ကော်သွားပြီ။ တရားရှုမှတ်တာကို တစ်ထောက်ရပ်နားပြီး အိုပ်သာမှာ တရားကူပြပေးပါ'

ဟု မိန့်ကြားတော်မူသည်။

ဦးပဏ္ဍဝ မိန့်ကြားချက်မှာ ဦးနန္ဒိယ တရားထူး ပေါက်မြောက်သွားပြီဟု ဆိုလိုဟန်ရှိသည်။ မြို့ဝ မဟာသတိပဋ္ဌာန်ကျောင်းတွင် နှစ်,နှစ်ကျော် သီတင်းသုံးပြီးနောက် ဦးနန္ဒိယ ခွဲခွာသွားချိန်တွင် ဆရာဖြစ်သူ ဦးပဏ္ဍဝက...

'ဦးနန္ဒိယရေ နောက်ထပ် တရားထူးတွေ့ရင် တို့ကို အကြောင်းကြား အသိပေးပါ'

ဟု မှာကြားလိုက်သည်။

ထိုနေ့မှ နောက်(၁၅)နှစ်ကြာသော အခါ တော်ကူးဆရာတော် ဦးနန္ဒိယသည် လှူဖွယ်ဝတ္ထုပစ္စည်းများဖြင့် မော်လမြိုင် မြို့ဝ သတိပဋ္ဌာန်ကျောင်းသို့သွားကာ ဦးပဏ္ဍဝအား ပူဇော်ကန်တော့သည်။

'တော်ကူးဆရာတော် ဘာအကြောင်း ရှိလို့လဲ'

'ဆရာတော် မိန့်မှာတဲ့အတိုင်း လာရောက်ခြင်း ဖြစ်ပါတယ်ဘုရား'



www.burmeseclassic.com

www.burmeseclassic.com

ထို့နောက် ဆရာတပည့် ပြုံးရွှင်စွာ အဓိပ္ပာယ်ပါသော အကြည့်ဖြင့်ကြည့်ကြသည်။ ဆရာက ထပ်မမေးသဖြင့် ဝတ်ပြုပြီးနောက် ဦးနန္ဒိယ ပြန်ကြွခဲ့သည်။ နောက်တွင်မှ ဦးပဏ္ဍဝက တပည့်သံဃာများအား "ဦးနန္ဒိယ တရားထူးရသွားပြီဟေ့"ဟု ထုတ်ဖော်ပြောကြားသည်။

၁၃၄၁ ခုနှစ်တွင် တော်ကူးရိပ်သာသို့ လာရောက်၍ တရားအားထုတ်နေသော ဆရာမင်းတင်မွန်က…

'ဆရာတော်ဘုရား ဝိပဿနာတရားကိုပဲ အမြဲနှလုံးသွင်းနေတဲ့သူဟာ မဂ်ဖိုလ်ကို မဆိုက်ရောက်သွားနိုင်ဘူးလား'

ဟု မေးလျှောက်၏။ ဆရာတော် အရိယာနွယ်ဝင် ဖြစ်ပြီလားဟု ရည်ရွယ်မေးလျှောက်ခြင်း ဖြစ်သည်။

'ဒါယကာ မဂ်ဖိုလ်ဆိုက်တာ မဆိုက်တာ ကိုယ့်အလုပ်မဟုတ်ဘူး။ ကိုယ့်အလုပ်က ဝိပဿနာတရားကို အမြဲရှုမှတ်နေဖို့ပဲ'

မည်သည့်မျှော်မှန်းချက်မျှ မထားဘဲ သူတော်ကောင်းအလုပ်ကို ကျိုးနွံစွာ လုပ်ကိုင်ရန် ဩဝါဒပေးခြင်းဖြစ်သည်။


'အရိယာပုဂ္ဂိုလ်ဟာ ဝိပဿနာ ရှုမှတ်မှုနဲ့ မွေ့လျော်နေကြတယ်။ ဝိပဿနာ ရှုမှတ်နည်းဆိုတာ အရိယာတို့ရဲ့ စားကျက်ပဲ။

ဒီစားကျက်မှာနေတဲ့သူဟာ ဘေးရန်အပေါင်း ကင်းဝေးတယ်။ လုံခြုံတယ်။ သေရင်လဲ အပါယ်မလားဘူး။ အခု အရိယာ မဖြစ်သေးရင်လဲ သေတဲ့အခါ တစ်မဂ် တစ်ဖိုလ်လောက်တော့ အလွယ်ကလေး ရနိုင်တာပေါ့'

ဟူ၍လည်း ထပ်မိန့်ကြားတော်မူသည်။

## ဆရာတော်နှင့် အင်္ဂရိတ်ပညာ

ဆရာတော် လူဝတ်ကြောင်နှင့် ဦးထွန်းရီဘဝက တော်ကူးရွာ ကျောင်းဆရာတော်ထံမှ အင်္ဂရိတ်ပညာကို ဆည်းပူးခဲ့သည်။ ဖွဲလုံ့လ ပြင်းထန်သော ဦးထွန်းရီသည် ဆရာညွှန်ပြသော နည်းနိဿယတို့ကို ယုံကြည်စွာဖြင့် လိုက်နာကာ မနေမနား ကြိုးစားခဲ့သည်။



◆ မူလဆရာ့ရဲ့ နှစ်ထပ်အုတ်တိုက်

'ဘုန်းကြီးတို့ ဝတ်ကြောင်ဘဝက အင်္ဂရိတ်ထိုးတာ မီးသွေးကို တစ်လှည်းတိုက်၊ နှစ်လှည်းတိုက် ဝယ်ရတယ်။ နေ့လုံးပေါက် ညလုံးပေါက်ပေါ့။ ဘုန်းကြီး ဖိုထိုးလို့ မပျော်တဲ့သံ မရှိဘူး'

ဟု မိန့်ကြားဖူးသည်။ မလျော့သော ဖွဲဖြင့် ကြိုးစားခဲ့ရာ အရည်အသွေးကောင်းမွန်သော ဓာတ်လုံးသုံးလုံး ရရှိခဲ့သည်။

တစ်လုံးမှာ ပျောက်သွား၍ တစ်လုံးမှာ ရဟန်းတစ်ပါးကို လှူလိုက်သည်။ ကျန်ဓာတ်လုံးကို ဆောင်ထားရာ ရဟန်းဘဝ ရောက်သည့်တိုင်ဖြစ်သည်။

'တစ်ခါက နေမကောင်းလို့ မော်လမြိုင်ဆေးရုံတက်ပြီး ဆေးကုရတယ်။ သူနာပြုဆရာမက ဘုန်းကြီးကို ဆေးထိုးတာ အပ်ကို အသားထဲ ထည့်လို့မရဘူး။ ဘာလို့ မဝင်တာလဲဆိုပြီး အပ်ကို ဖိထိုးလိုက်တာ ထစ်ခနဲ အပ်ပြုတ်ထွက်သွားတယ်။

ဘုန်းကြီးအသားထဲ မဝင်ဘူး။ ဒီတော့ ဘုန်းကြီး စဉ်းစားကြည့်တယ်။

ဪ ခါးပန်းကြိုးအောက်မှာ ဓာတ်လုံးဆောင်ထားတာကိုး ဓာတ်လုံးကို ဖယ်လိုက်ပြီး နောက်တစ်ကြိမ် ဆရာမ ဆေးထိုးတော့ ဘုန်းကြီးရဲ့ အသားပွပွထဲ အပ်က အလွယ်တကူ ဝင်သွားတယ်'

ထိုဓာတ်လုံးကို ဆရာတော် ပျံလွန်တော်မူချိန်တွင် မတွေ့ကြရတော့ဟု ဆိုသည်။ ကာလအတန်ကြာကပင် စွန့်ပစ်လိုက်လေသလား၊ မည်သူမှ မသိကြရချေ။

ဆရာတော်သည် သက်တော်(၇၀)ပြည့်နှစ်တွင် မော်လမြိုင် မြို့ဝ သတိပဋ္ဌာန်ကျောင်း၌ တရား စတင်ရှုမှတ်ရာ ဆရာတော် ဦးပဏ္ဍဝ ဟောင်းဆိုသဖြင့် အင်္ဂရိတ်ထိုးခြင်းကို လုံးဝ စွန့်ပယ်ခဲ့လေသည်။

## ဆရာတော်၏ ဩဝါဒအချို့

ဆရာတော်သည် သက်တော်(၇၀)



www.burmeseclassic.com

www.burmeseclassic.com

ပြည့်နှစ်မှ စတင်ကာ သက်တော် (၉၇)နှစ် ပျံလွန်တော်မူသည့် အချိန်အထိ ရပ်နီးရပ်ဝေး လူကြီးလူငယ် အလွှာစုံမှ ယောဂီများစွာကို တရားနည်းပြ ဩဝါဒ ပေးတော်မူခဲ့ရာ အချို့ကို ဖော်ပြပေးပါမည်။

အနည်းငယ် အကျယ်တဝင့် သိလိုပါက **ဆရာမင်းတင်မွန် ရေးသားသော တော်ကူးဆရာတော်အကြောင်း၊ စာအုပ်၊ ဆောင်းပါးများတွင် လေ့လာနိုင်ပါသည်။**

## လက်ငင်းလုပ်ရမည့်အလုပ်

ငါစွဲဆိုတဲ့ သက္ကာယဒိဋ္ဌိကို အရေးတကြီး ပယ်သတ်ဖို့ လိုတယ်။

ဒိဋ္ဌိသက္ကာယ မပယ်သတ်က လေးဝ အပါယ် ရောက်ဦးမယ် နင်ဝယ် သတိထား။

ဒိဋ္ဌိသက္ကာယ ပယ်သတ်မှ လေးဝ အပါယ် လွတ်မြောက်မယ်တဲ့။

မြတ်စွာဘုရားက "ရင်ဝလှံစူး၊ ဆံဦး မီးလောင်၊ မရှောင်အဟုတ်၊ နောက်ဆုတ်ရ၊ သက္ကာယကို ပတ်သတ်ရမယ်"တဲ့။ ရင်ဝကို လှံစူးရင် ချက်ချင်း ဆွဲနုတ်ကုသရမယ်။ ခေါင်းပေါ်က ဆံပင် မီးလောင်နေရင် ချက်ချင်း ငြိမ်းသတ်ရတယ်။

အဲသလိုပဲ စိတ်နှလုံးမှာ စွဲလောင်နေတဲ့ သက္ကာယဒိဋ္ဌိကို ချက်ချင်း ငြိမ်းသတ်ရမယ်တဲ့။ နောက်ကျသွားရင် အပါယ်ရောက်သွားမယ်။ အပါယ်ရောက်သွားရင် ငြိမ်းသတ်လို့ မရတော့ဘူး။

ဒါကြောင့် အိုခြင်းတရားက မဦးခင်၊ နာခြင်းတရားက မဦးခင်၊ သေခြင်းတရားက မဦးခင် အရင်ဦးအောင် လုပ်ရမယ့်အလုပ်က ဝိပဿနာ အလုပ်ပါ။

ကာမဂုဏ်ခံစားတာ ကိလေသာ တိုးပွားတဲ့အလုပ်၊ သက္ကာယဒိဋ္ဌိကို ကြီးထွားခိုင်မာစေတဲ့ အလုပ်။ ဝိပဿနာအလုပ်ကမှ ကိလေသာ အညစ်အကြေးကို ဆေးကြော သုတ်သင်ပေးနိုင်တယ်။ သက္ကာယဒိဋ္ဌိ အမြစ်ပြတ်အောင် နုတ်ပေးနိုင် တယ်။ ဒါ လက်ငင်းလုပ်ရမယ့် အလုပ်လို့ မှတ်ထားကြပါ။

## အကျိုးအမြတ် အကြီးဆုံးအလုပ်

ဖောင်းတာကို ဖောင်းတယ်လို့ သိအောင်ရှု၊ ပိန်တာကို ပိန်တယ်လို့ သိအောင်ရှု၊ ထိုင်နေတာကို ထိုင်တယ်လို့ သိအောင်ရှု၊ တင်ပါးနဲ့ကြမ်းခင်း ထိနေတာကို ထိတယ်လို့ သိအောင်ရှု၊ မြင်တာကို မြင်တယ်လို့ရှု၊ ကြားတာကို ကြားတယ်လို့ရှု၊ နံတာကို နံတယ်လို့ရှု၊ ကြံတွေးတာကို ကြံတွေးတယ်လို့ သိအောင်ရှု။

ဒီ သိအောင်ရှုနေတဲ့အလုပ်က သာမညအလုပ် မဟုတ်ဘူးနော်။ အာရုံဝင်ရောက်ရာ ဒွါရခြောက်ပေါက်မှာ လောဘမီး၊ ဒေါသမီး၊ မောဟမီးတို့ မလောင်အောင် ငြိမ်းသတ်နေတာ။

တစ်နည်းပြောရရင် သံသရာဝဋ်ဆင်းရဲကို ကျော်ဖြတ်နိုင်ဖို့ လှော်ခတ်နေရတဲ့ လှေကြီးထဲကို ကိလေသာရေတွေ မဝင်လာအောင် တားဆီးပိတ်ပင်နေတာပဲ။ ကိလေသာရေဝင်ရင် လှေနစ်မယ်။ လှေနစ်ရင် အပါယ်ကျမယ်။

ကိလေသာရေ မဝင်တော့ လှေဟာ ဦးပဲ့ထောင်ပြီး ပေါ့ပေါ့ပါးပါးနဲ့ သံသရာ ဟိုဘက်ကမ်းကို ရောက်သွားလိမ့်မယ်။

**ရှေ့လ ဆက်ဖတ်ပါရန်**

**ဘုန်းကျော်စွာ**
***(မြိုင်တက္ကသိုလ်)***

## စာရှုသူ သူတော်သူနှင့် ဝိပဿနာရှင်များသို့. . .

မိမိတို့ဒေသရှိ ဆရာတော်ကြီးများ ပုဂ္ဂိုလ်ထူးကြီးများ၏ မိမိတို့သာသိပြီး သမိုင်းမဝင်သော ဖြစ်ရပ်များကို ရေးသားပေးပို့နိုင်ကြပါပြီ။

ဤသို့ ရေးသားပေးပို့ခြင်းဖြင့် ကွယ်လပ်ဖြစ်နေသော၊ အများမသိသော ဖြစ်ရပ်များကို မှတ်တမ်းတင်ပြီး ဖြစ်သွားပါမည်။ ဤကုသိုလ်ထူးကြီးကို ပါဝင်မှတ်တမ်းတင်ကြပါရန် မေတ္တာရပ်ခံအပ်ပါသည်။

လေးစားစွာဖြင့်. . .

ဦးကျော်မိုးသိန်း
စာတည်းမှူး



www.burmeseclassic.com

www.burmeseclassic.com

# ရှင်သူမျိုး(၅)ပါးနှင့်

## သစ်တံခါး

စိုးလင်းအောင်
(မြန်အောင်)

သစ်တံခါးရှိသော အိမ်ခြံတို့တွင် သစ်တံခါးရှိသောဘက်မှ ခိုးသားဓားပြတို့ မဝင်ရောက်နိုင်သည့် ဂမ္ဘီရစွမ်းအင်ရှိကြောင်း သိထားကြသည်။

လောကတွင် မမြင်ရသည့်အကြောင်းအရာများက ဂမ္ဘီရစွမ်းအားများ ဖြစ်ပေါ်နေတတ်သည်ကို လူတို့ သတိမထားမိကြပေ။ စာမူကိစ္စများဖြင့် မြန်အောင်စာတိုက်ကို ရောက်တိုင်း၊ စာတိုက်အရှေ့ဘက်ခြမ်း လွှမ်းဆေးမြိုင်ပန်းခြံမှတစ်ဆင့် ဧရာဝတီမြစ်၏ အလှအပကို ရှုစား ငေးမောရင်းက သန့်ရှင်းလတ်ဆတ်သော လေကို ရှူရှိုက်မိသည်။


ထိုအခါ ပန်းခြံ အရှေ့မြောက်ထောင့်တွင် အင်မတန်ကြီးမားသော ကုက္ကိုပင်မှ သစ်တံခါးကြီးကို တွေ့ရသည်။

ယောက်ျား (၃)ဖက်စာခန့်မျှရှိသော ကုက္ကိုပင်ကြီးနှစ်ပင်ဖြင့် သစ်တံခါးကြီးဖြစ်ပေါ်နေသည်။ မြို့မြောက်ဘက်ကို ကြည့်လျှင် မန်ကျည်းစုရွာကလေးသည် ဧရာဝတီမြစ်ရေတိုက်စားမှုကြောင့် ချိုင့်ဝင်သွားကာ တာတွင်းသို့ ရောက်ကုန်ကြလေပြီ။

သစ်တံခါးရှိသော ပန်းခြံ၊ မြို့နယ်အုပ်ချုပ်ရေးမှူးရုံး၊ မြို့နယ်တရားရုံးဆေးရုံ ဈေး စသည်တို့က အစွန်းထွက်၍ ဧရာဝတီကို ကြံ့ကြံ့ခံနေ၍ ထူးခြားသည်မှာ သစ်တံခါးတည့်တည့်မှ စတင်၍ ကျောက်ကွန်ကရစ်ပြားကြီးများ (လောင်း)ကပ်ထားသည်။

အကယ်၍ ကျောက်ပြားကြီးများ ကပ်မထားလျှင် မြန်အောင်မြို့သည် ဧရာဝတီမြစ်၏ ဝါးမျိုကိုက်ခဲခြင်းကို ခံရပြီး မြစ်လယ်သို့ ရောက်နေလောက်ပါပြီ။

တစ်ခါက စာရေးသူ ပုသိမ်သို့ ကိစ္စတစ်ခုဖြင့် ရောက်ခဲ့၏။ ရွှေမုဋ္ဌောဘုရားသို့ ငွေလှူရာတွင် နေရပ်မေးသောအခါ



▲ မြန်အောင်မြို့ လွှမ်းဆေးမြိုင်ပန်းခြံထဲတွင် ရှိသော ကုက္ကိုပင်မှ သစ်တံခါးကြီး

မြန်အောင်ဟု ပြောလိုက်ရာ "ဩော် ထန်းပင်လေးတွေ တန်းနေတဲ့ ရွာကလား"ဟု ပြောပါသည်။

တစ်ချိန်က ဦးဘုရားလူကြီးသည် ဧရာဝတီမြစ်ထဲတွင် သင်္ဘောမောင်းသူအဖြစ် ထက်အောက်စုန်ဆန် သွားလာသူဖြစ်ကြောင်း ပြောပြပါသည်။


ရှေးမီနောက်မီ လူများကို မေးကြည့်

စာမျက်နှာ (၈၈) သို့



www.burmeseclassic.com

www.burmeseclassic.com



▲ မင်းကလေးဖောင်းတော်စဂမုန်းပန်း

ထက်မြင့်ကျော်စွာ

ရင်သွေးအနာဂတ် ထက်မြက်ရေး နိမိတ်ဆောင်သည့်

# မင်းကလေး ဖောင်းတော်စ ဂမုန်းပန်း

အပင်ကတော့ ရွက်ကျပင်ပေါက် ...နွယ် ရှမ်းပြည်နယ်တစ်လွှား ပေါပေါ ...များ တွေ့ရတတ်တယ်။ အထူး ...ဖြင့် ပင်းတယလို မြေလတ်ဒေသမှာ ...ရှုရလွယ်ပါတယ်။

အရွက်ပုံစံက ဘုရင့်ဖောင်းတော်က ...ဖောင်းတော်စ(ခေါင်းပေါင်းစ)နဲ့ တူ ...တယ်။ သေးသေးငယ်ငယ် ချစ်စဖွယ် ...အရွယ်အစားဖို့ မင်းကလေး ဖောင်း ...တော်စလို့ ဆိုကြတယ်။

...ပင်းတယနယ်ကို အင်္ဂလိပ်ကိုလိုနီ ...ရောက်တော့ နယ်မြေအုပ်ချုပ် ...အကြီးအကဲ ငွေခွန်မှူးက မောင်ဘိုး ...ယခင် ငွေခွန်မှူး မောင်လွန်းရရဲ့ ...လို့ အရိုးအစဉ်အရ ငွေခွန်မှူး ...တယ်။ အင်္ဂလိပ်အစိုးရက သူ့ကိုပဲ ...မှူး ဆက်ခန့်တယ်။

...က (၆–၁–၁၈၉၇)နေ့မှာ ...ကွန်တော့ သား မောင်ခွန်ညိုက ...သား အရွယ်မရောက်သေးလို့ မောင်လွန်းရ နှမခင်ပွန်း ကျောင်း ဒါယကာ ဦးအုန်းက သူ့ကိုယ်စား နယ်ကို အုပ်ချုပ်ပေးပါတယ်။ ရင်ခွင်ပိုက်မင်းကလေးပေါ့။

ဦးအုန်းက အစိုးရဆီ သွင်းရတဲ့ငွေ အပြင် ကျန်တဲ့ငွေတွေကို မောင်ခွန်ညို အတွက် ပတ္တမြားစီ ငွေပန်းခိုင် လုပ်ထားပေးတယ်။ မောင်ခွန်ညိုအရွယ်ရောက်လို့ ငွေခွန်မှူး တာဝန်ယူရတော့ သူပိုင်ဆိုင်ခွင့်ရှိတဲ့ ဥစ္စာအားလုံး အပြည့်အစုံ ပြန်ရပါတယ်။

ဒီဂမုန်းပန်းက ဦးအုန်းကိုယ်တိုင် နိမိတ်ကောင်းယူ စိုက်ပျိုးခဲ့တဲ့ မင်းကလေးဖောင်းတော်စ ဂမုန်းပန်းလို့ ဆိုတယ်။

အရွက်ထွက်ပုံက မျက်နှာချင်းဆိုင် နှစ်ရွက်စီ ကန့်လန့်ထပ်ပြီး ထွက်တာမို့ ထိပ်တည့်တည့်က ကြည့်ရင် လေးထောင့်ညီညီ စီတန်းနေတာ တွေ့ရမယ်။ မိဘနှစ်ပါးက စနစ်တကျ ပြုစုပျိုးထောင်ခဲ့ပြီး သားသမီးအလိမ္မာ အဖြစ် ကြီးပြင်းအရွယ်ရောက်လာတဲ့ သဘောဆောင်ပါတယ်။

**အမှန်ကတော့ အင်္ဂလိပ်ထိပ်မှာ ...**
**နဂျွန်ကျောင်းခြံသိမ္မာ...**

www.burmeseclassic.com



◆ ပတ္တမြားရောင်ပန်းပွင့်စဉ်

**မွှင့်ဘည်။ မွှင့်လှရှိတယ်။ ပတ္တမြားရောင် မွှင့်ပတ်ရှည်ကလေးတွေ ဝန်း၍ စီထပ်ထားတဲ့ ပုံရှိတယ်။**

ဒါကို ရင်ခွင်ပိုက် ငွေခွန်မှူးအတွက် ရည်ရွယ်ဆုဆောင်းပေးတဲ့ ပတ္တမြားစီ ငွေပန်းခိုင်လို့ တင်စားကြတယ်။

မိမိရင်သွေးရဲ့ အနာဂတ် ထက်မြက်ကောင်းမွန်ရေးအတွက် သမ္မာဒေဝနတ်ကောင်းနတ်မြတ်တွေကို တိုင်တည် ဆုတောင်းပြီး ကပ်လှူလေ့ရှိတဲ့ ပန်းပါ'

လွန်ခဲ့သော နှစ်အနည်းငယ်က အောင်ပန်းမြို့ အနောက်မြောက်ထောင့် ယွန်းယွန်းရှိ နွားဝါတောင်သို့ ရောက်ခဲ့စဉ် အောင်ပန်းမြို့သား စာရေးဆရာ ဦးမြသန်းက ပြောပြခဲ့ခြင်းဖြစ်သည်။ ထိုစဉ်က အကြောင်းမသင့် အပွင့်မပွင့်သဖြင့် မှတ်တမ်းပြုနိုင်ခြင်း မရှိခဲ့ပေ။

ယခုတစ်ခေါက် ခွေးရုပ်ရွာသို့ ရောက်ရှိစဉ် အောင်မင်္ဂလာကျောင်း၌ ဖူးပွင့်နေသည်ကို တွေ့ရသဖြင့် မှတ်တမ်းပြု တင်ပြလိုက်ပါသည်။

ဤဂမုန်းကို အောင်မင်္ဂလာကျောင်းမှ သာမဏေကြီး ရှင်ဉာဏိသရက မိန့်ကြားညွှန်ပြခြင်းဖြစ်၏။ အဆောင်ပြု စိုက်ပျိုးပါက ရင်သွေးအတွက်-ပတ္တမြားစီငွေပန်းခိုင် စုဆောင်းသည့်ပမာ လူမခိုးနိုင်သည့် ဓမ္မ ပညာဥစ္စာများကို ပြည့်ပြည့်ဝဝ အသုံးချနိုင်အောင် စုဆောင်းပေးသင့်ကြောင်းကြားသိမှတ်သားခဲ့ရသည်။

သာမဏေကြီးသည် လွန်ခဲ့သော (၂၅)နှစ်ကျော်က ကျောက်ပန်းအိုးတောင် သာသနာပြုဆရာတော် ဦးသုမနနှင့်အတူ အလုပ်အကျွေးပြုစုပါဝင်ခဲ့သူဖြစ်ကြောင်း သိရပေသည်။

ထက်မင်းကျော်စွာ



စာမျက်နှာ (၈၆)မှ အဆက်

သောအခါ တစ်ချိန်က မြန်အောင်မြောက်ဘက်တွင် ထန်းပင်ကလေးများ တန်းစီနေကြောင်း သိခဲ့ရ၏။ ယခုအခါ ထန်းပင်များမှာ တစ်ပင်စ၊ နှစ်ပင်စ သာရှိပြီး ကျန်အပင်များ ကမ်းထဲသို့ ပါသွားခဲ့လေပြီ။

ထို့ကြောင့် စာရေးသူ တွေးမိပါသည်။ ကျောက်ပြားများ ကာထားသောကြောင့် မြန်အောင်မြို့သည် ဧရာဝတီကို အန်တုပြိုင်နိုင်ခြင်းသာ ဖြစ်ပါလိမ့်မည်။ အင်္ဂလိပ်လက်ထက် ကတည်းက မြန်အောင်၊ သမြေကုန်း၊ ရေကာတာတစ်လျှောက် ဘေးတွင် စိုက်ခဲ့သော ကုက္ကိုပင်ကြီးများလည်း သက်တမ်း ရှည်ကြာလာခဲ့လေပြီ။

သို့သော် သဘာဝအလျောက် ဖြစ်ပေါ်နေသော ကုက္ကိုပင် သစ်တံခါး တည့်တည့်မှနေပြီး ဧရာဝတီမြစ်ကမ်းသည် ဆက်၍ မပြိုတော့ဘဲ မြန်အောင်မြို့ အစွန်းထွက်၍ ကျန်ရစ်ခဲ့သည်မှာ သစ်တံခါးသည် ရန်သူမျိုး(၅)ပါးထဲက သူခိုးဓားပြတွင်မကာ ရေ(ဖျက်ဆီးခြင်းကို)ပင် တားဆီးနိုင်ပါသည်ဟု စာရေးသူ တွေးတော ဆင်ခြင်မိပါသည်။

မြန်အောင်မြို့ကို ရောက်လျှင် မြို့မြောက်ဖျားရှိ **လွန်စေးမြိုင်ပန်းခြံထဲက ရေမသစ်တံခါးကြီးကို** လေ့လာ ကြည့်ရှုနိုင်ပါသည်။

ထို့နောက် သစ်တံခါးတို့သည် ရန်သူမျိုး(၅)ပါးကို ကာကွယ်ခုခံနိုင်ခြင်း ရှိမရှိ သိရှိသူများက နက္ခတ္တရောင်ခြည် မဂ္ဂဇင်းကတစ်ဆင့် ရေးသားပေးစေလိုပါသည်။

**သမ္မာဆန္ဒ ပြည့်ဝကြပါစေ။**

**စိုးလင်းအောင်(မြန်အောင်)**

www.burmeseclassic.com

www.burmeseclassic.com

မုဒ်ခြိမ

# မဟာကရုဏာရှင်

ဘုရားကျောင်းသို့ (၂)

ဟွာမင်းဒီ

> ယခင်လမှ အဆက်

တိုက်ရိုက်အဓိပ္ပာယ်ကား ဆီးရ်(Cí) သည် မဟာကရုဏာတော် ဖြစ်၏။ ဟန် (Háng)သည် သင်္ဘောခရီး၊ ပင်လယ်ခရီး ဖြစ်၏။ ရှေးအခါက ကမ္ဘာအနှံ့ ကုန်သွယ်သွားလာရာ၌ လေယာဉ် မပေါ်သေးသဖြင့် ပင်လယ်ခရီး၊ သင်္ဘောခရီးကိုသာ အားကိုးရ၏။

လေကြောင်းခရီး ပေါ်ပေါက်လာသောအခါ လေယာဉ်ခရီးကိုလည်း "ဟန်"ဟုပင် ခေါ်ဝေါ်၏။ နေရာဒေသ အနှံ့အပြားသို့ ပျံ့နှံ့ရောက်ရှိခြင်း သဘောဆောင်သည်။ ဖူ (Pǔ) ကား လူတိုင်း၊ လူသာမန်၊ အခြေခံသုံး၊ အများသုံးဟု အဓိပ္ပာယ်ရသည်။ တု(Dù) ကား "အဆင့်အတန်း" ဖြစ်လေသည်။

ထို့ကြောင့် ဖော်ပြပါအတိုင်း ဆီလျော်အောင် ပြန်ဆိုထားခြင်း ဖြစ်သည်။


ပူဇော်ဖွယ်ပစ္စည်းများ တင်လှူသည့် စားပွဲ ရှေ့ဘက်အကာ၌ ခြူးရုပ် သစ်ထွင်းလက်ရာကို တွေ့ရသည်။ တရုတ်နိုင်ငံရာဝလေ့တွင် မင်္ဂလာကျက်သရေ ပြည့်ဝစေသော တန်ခိုးရှင် သတ္တဝါ သုံးပါးရှိသည်။ **"လုန်း"** နဂါး **"ဖူနို့"** ဇာမဏီနှင့် **"ချီလင်"** ခြူးတို့ ဖြစ်ကြသည်။

နဂါးသည် သတ္တလောကအတွင်းရှိ ငှက်ကြီးကို ကိုယ်စားပြု၍ ဇာမဏီသည် ကျွဲကျိုလိင်ကို ကိုယ်စားပြုသည်။



◆ လက်ဝဲမြင်ကွင်းပိုင် ပန်းချီကား

◆ လက်ယာမြင်ကွင်းပိုင် ပန်းချီကား




မျက်နှာမြင်သည့်အခါတွင် သား (သို့မဟုတ်) သမီးလေလားဟု စုံစမ်း နှုတ်ဆက်ရာ၌ "နဂါးလား၊ ဇာမဏီလား" ဟု တင်စား မေးမြန်းလေ့ ရှိကြသည်။ ခြူးသည်ကား ခြေလေးချောင်းရှိသော သတ္တဝါတို့၏ ဦးစီးအချုပ် ဖြစ်လေသည်။

ပင်မအဝင် တံခါး တစ်ဖက်စီတွင် **"ထောင်ဖူ"** (Táo Fú) ဟူသော ဒေ... တောင်းကမ္ဗည်းစာတိုင်နှစ်ချပ်...



www.burmeseclassic.com

www.burmeseclassic.com



◄ တံခါးအထက်မှ တရုတ်စာ(၈)လုံးအချို့



လက်ဝဲဘက် အပြင်နံရံမှ ရုပ်ပုံ ►

လက်ယာဘက် ကမ္ပည်းတိုင်တွင်...

(慎乃俭德惟怀永图)

Shèu Nǎi Jiǎn De Wéi Huái Yǒng Tú.

**နှဲန့် နိုင် ကျဲန် တဲ ဝေး ဟွိုင် ယုန် ထူး။**

**သမ္မာသတိဖြင့် ခြိုးခြံစွာ ပါရမီဖြည့်ကျင့်ခြင်းသည် စိတ်အစဉ်၌ စွဲမြဲစေသည်။**

လက်ဝဲဘက်၌ (视履考祥其旋元吉)

Shì Lǚ Hǎo Xiáng Qí Xuán Yuán Jí.

**ရှိရ် လွီ ဟောင် ရှန်း ချီ ရွှဲမ် ယွဲမ် ကျီရ်။**

**နိမိတ်ဩဘာကို စကျအာရုံတွင် ထင်လာအောင် သုံးသပ်နိုင်က ကျက်သရေမင်္ဂလာတို့သည် အခါခါ ဝဲပျံလာလိမ့်မည်။**

ဆိုလိုသည်ကား **"လောဘ၊ ဒေါသ၊ မောဟများ ပယ်ဖျောက်ကာ စိတ်အစဉ် ကြည်လင်မြဲမြဲအောင် ကျင့်ကြံနေထိုင်ပါ။ သုစရိုက် အမှုတွင်သာ မွေ့ပျော်အောင် ကြိုးစားနေထိုင်ပါက ကျက်သရေမင်္ဂလာ အစဉ်အမြဲ ဝေဖြာနေလိမ့်မည်"**ဟု ဆိုခြင်း ဖြစ်လေသည်။

## နံရံပန်းချီများ

တံခါးဝ ကမ္ပည်းစာတမ်းအား လေ့လာပြီးနောက် ခန်းမတွင်းရှိ ခေါင်မိုးနှင့် နံရံများတွင် ရေးအထောက်အထား ကမ္ပည်းများ ရှာဖွေကြည့်သည်။ ဘုရားကျောင်းများ၏ ခေါင်တန်းတွင် ခေါင်း မြီးဆိုင် **"ထိုက်ကျိ"** ရုပ်ပုံ၊ ရှစ်မျက်နှာရှိသော **"ပါးကွာ"** အင်း စသည် ရေးထွင်းထားမြဲ ဖြစ်သော်လည်း ခေတ်အဆက်ဆက် ဆေးသုတ်မွမ်းမံမှုကြောင့် ပျောက်ကွယ်လေပြီ ဖြစ်သည်။

စားပွဲအနီးတွင်ကား စာတမ်းတစ်စုံ တွေ့ရသည်။ လက်ယာဘက်၌...

Tiān Yùn Guǐ Mǎo Nián Shí Èr Yuè Li.

**ထျန်း ယွင့် ကွေး မောင် ချန်း ရှီးရ် အာ့ ယွဲ့ လီ။**

**"ကွေးမောင်နှစ် တစ်ဆယ့်နှစ်လပိုင်းတွင် တည်ဆောက်သည်"**ဟု အဓိပ္ပာယ်ရသည်။



၁၉၀၃ ခုနှစ်တွင် တည်ဆောက်ခြင်း ဖြစ်သည်။ ကွမ်ရင်အရှင် နံရံအောက်ခြေ ပန်းချီကားထက် (၁၂)နှစ် စောသည်ကို တွေ့ရသည်။

**လက်ဝဲဘက် စာတမ်းသည်ကား...**

◄ လက်ယာဘက် အပြင်နံရံမှ ရုပ်ပုံ







www.burmeseclassic.com

www.burmeseclassic.com



▲ မျက်နှာစာ ပြသည့်တစ်ကောင်



အလှူတော်ပိုင် ပြာအိုးပြာသာဒ် ▶

မုဒ့်မြို့နေ တပည့်ဒါယကာ ချဲန်းမိန်ယွဲ့ Chén Míng Yuè လှူဒါန်းသည်ဟု အဓိပ္ပာယ်ရလေသည်။

ခန်းမ၏ မြင်းမိုရ်ပိတ်တွင် ပန်းချီကားတစ်ချပ်စီ တွေ့ရသည်။ လက်ဝဲဘက်တွင် ကျောက်စိမ်းစကြဝဠာသခင်ကောင်းကင်နတ်မင်း၊ သူ၏ လက်ယာဘက်နောက်တွင် ဣတ္ထိယအသွင်ဖြင့် ကွမ်ရင်အရှင်၊ လက်ဝဲဘက်ရှေ့၌ သက်ရှည်ကျန်းမာခြင်းကို ပေးစွမ်းသည့် သက်ရှည်ဘိုးဘိုး၊ လက်ဝဲနောက်ဘက်၌ စစ်သူကြီးနတ်မင်း ကွမ်းတိကုံးတို့ ပါရှိသည်။

ဘုရားကျောင်း တည်ရာအရပ်သည် ယီကျင်းအညွှန်းအရ (兑) တွေ့ (Dùi) အရပ်၊ (အရှေ့တောင်ထောင့်ယွန်းယွန်း)၌ တည်ရှိသည်။ (တွေ့)သည် ကျားကုတ်ကျားခဲ ကြိုးစား၍ရရှိသော အောင်မြင်မှုနှင့် တိုးတက်မှုကို ရည်ညွှန်းသည်။

ထိုအချိန်ကာလ (၁၉၀၀ ပြည့်နှစ်ခန့်ကျင်)က ရောက်ရှိလာကြသော တရုတ်လူမျိုးများသည် ရေလမ်းမှတစ်ဆင့် ရောက်လာကြသော ကုန်သည်များ ဖြစ်ကြသည်။ ကုန်သွယ်ရောင်းဝယ်မှုသဘောအရ ထီပေါက်သည့်နှယ် အရင်းအနှီး အနည်းငယ်ဖြင့် မြောက်မြားစွာသော အမြတ်အစွန်းကို မျှော်မှန်း၍မရပါ။

တစ်ပြားတစ်ပဲမှစ၍ ခြစ်ခြုတ်စုဆောင်းမှသာ ကာလကြာလျှင် များပြားသော ပမာဏကို ရရှိကြသည်။

ထို့ကြောင့် "တွေ့"၏သဘောနှင့် ကိုက်ညီသည်။ ကုန်သွယ်ရောင်းဝယ်သူတို့ ကိုးကွယ်သော နတ်မင်းကား စစ်သူကြီးနတ်မင်း **"ကွမ်းတိကုံး"** ဖြစ်၏။ ထို့ကြောင့် **"တွေ့"**အရပ်တွင် **"ကွမ်းတိကုံး"**အား ပူဇော်ရခြင်း ဖြစ်လေသည်။

လက်ယာဘက် မြင်းမိုရ်ပိတ်တွင်ကား အေဒီ (၁)ရာစုခန့်က အနောက်သို့ ခရီးသွား၍ ပိဋကတ်တော်များ ပင့်ဆောင်သည့် **"ထန်"** ဘုန်းကြီးနှင့် စွန်းဝူခုန်း၊ ရှားကျင်း၊ ကျူးပါးကျဲတို့ပုံကို သရုပ်ဖော်ထားလေသည်။

အေဒီ ၁၆ ရာစုခန့်တွင် "ဝူ"မျိုးနွယ် စာရေးဆရာ ရေးသားခဲ့သည့် **"အနောက်သို့ ခရီးသွားခြင်း"** စာစုသည် စိတ်ကူးပုံဖော်ခြင်း ဖြစ်သော်လည်း (၁)ရာစုခေတ်က အခြေအနေများကို ထင်ဟပ်စေသော ဇာတ်လမ်းတွဲ ဖြစ်သည်။

ထိုစဉ်အခါက တရုတ်နိုင်ငံရှိ ဌာနေလူမျိုးသည် "ထန်"လူမျိုးများ ဖြစ်ကြသည်။ မြန်မာနိုင်ငံသား တရုတ်အနွယ်ဖွားအချို့က **'ငါတို့သည် "ထန်" ပြည်ကြီးမှ လာခဲ့ကြသည်'**ဟု ယနေ့တိုင် ဝင့်ကြွားပြောဆိုကြဆဲ ဖြစ်သည်။

ထန်လူမျိုးတို့သည် ဇာ်မသားများ ဖြစ်ကြသော မွန်ဂိုလူမျိုးများ၊ နောက်ပိုင်း၌ မန်ချူးလူမျိုးများနှင့် စုပေါင်းကာ **"ဟန်"**လူမျိုးဟု ဖြစ်ပေါ်လာကာ ယခုအခါ တရုတ်နိုင်ငံ၌ တရုတ်လူမျိုးကို "ဟန်"လူမျိုးဟု သုံးစွဲလျက် ရှိသည်။ "ထန်"ဘုန်းကြီးသည် ထိုခေတ်ကာလက တရုတ်လူမျိုး တစ်စုလုံးကို ကိုယ်စားပြု ခေါ်ဝေါ်သော အမည် ဖြစ်လေသည်။

မြင်းမိုရ်ပိတ် အောက်ခြေနံရံတွင်



www.burmeseclassic.com

www.burmeseclassic.com

ကား မည်သည့် အမှတ်အသားမျှ မတွေ့ရချေ။ ၁၉၈၀ ပြည့်နှစ်ဝန်းကျင်က မုဒ္ဒုံမြို့တွင် နှစ်အတန်ကြာ ကျင်လည်ခဲ့ရာ ဤဘုရားကျောင်းနံရံတွင် ကွမ်ရင် ဟောကိန်းစာတမ်းများ အပြည့် တွေ့မြင် လေ့လာခဲ့ရသည်။

ခန်းမလယ် စားပွဲပေါ်တွင် ဝါးကျည်တောက်ငယ်အတွင်း ချန်း (Qiàn) ဟုခေါ်သည့် စာရေးတံမဲများ ထည့်ထားသည်။ ပူဇော်ဝတ်ပြည့်သူသည် မြတ်စွာဘုရားရှင်နှင့် ကွမ်ရင် အရှင်တို့အား ပူဇော်ကန်တော့ပြီးနောက် ဝါးကျည်တောက်အား လှုပ်ခါလျက် မိမိသိလိုရာ ကိစ္စများ မေးလျှောက်ရသည်။

ကျည်တောက်တွင်းမှ ရှေးဦးစွာ ထွက်ကျလာသော ချန်း (စာရေးတံ) မှ အမှတ်အသားအရ နံရံရှိ ဟောစာတမ်းတွင် သွားရောက်ရှာဖွေ ဖတ်ရှုရသည်။ ဟောစာတမ်းသည် ဥပမာ **"သူ၏လက်ဝဲလက်၌ သက်ရှည်ကျန်းမာခြင်း။ လက်ယာဘက်တွင်းတွင် သုခနှင့် မြင့်မြတ်ခြင်း"** ဟု လက်ာသွားဖြင့် ရေးသားထားပါက မေးလျှောက်သော ကိစ္စသည် ပြီးမြောက်အောင်မြင်၍ အခက်အခဲ အဟန့်အတား မရှိပါဟု မိန့်ကြားခြင်း ဖြစ်လေသည်။

ပြဿနာကိစ္စကို ဟောကိန်းလင်္ကာအရ ကောက်ချက်ချရခြင်း ဖြစ်သည်။ ယင်းကို "ချိုးချဲန်း" "စာချသည်" ဟု ဆိုကြသည်။

ယခုသော်ကား စာတမ်းများသာမက စာရေးတံမဲ ကျည်တောက်ကိုပါ မတွေ့မမြင်ရတော့ချေ။ ယင်းနှင့်အတူ ဘုရားကျောင်းများတွင် တွေ့ရလေ့ရှိသော ငရဲခန်း ရုပ်ပုံမြင်ကွင်းများလည်း မမြင်ရပေ။

ဘုရားကျောင်းသို့ ရောက်လာကြသူ



◆ မျက်နှာစာမှ ကန်ကြီးအမြင်

◆ ဝင်ပေါက်မှ သကျမုနိ ရုပ်ပွားတော်တစ်ဆူ






www.burmeseclassic.com

www.burmeseclassic.com



◆ [illegible]

တရုတ် ဗုဒ္ဓဘာသာ

အယူအဆအရ ငရဲခန်း ပန်းချီကား ▶

များ ကောင်းမှုပြုတ်နိုး၍ ကုသိုလ်ပြုကြစေရန်၊ မကောင်းမှု၏ လားရာဖြစ်သော ငရဲခန်းမြင်ကွင်းကို ရေးခြယ် ချိတ်ဆွဲပြလေ့ ရှိကြသည်။

ပေါင်မြို့နယ်ရှိ **"ရှမ်းခိုမြောက်"** ဘုရားကျောင်း **"လော်စန်တောင်"** ဘုရားကျောင်းတို့တွင်မူ ထိုငရဲခန်း ပန်းချီကားများ ယနေ့တိုင် မပျောက်မပျက် လေ့လာနိုင်သည်။

သို့ဖြစ်၍ စင်ကာပူနိုင်ငံ ဘုရားကျောင်းတစ်ခုတွင် ဖော်ပြထားသော တရုတ် ဗုဒ္ဓဘာသာ အယူအဆ ငရဲခန်း မြင်ကွင်း ဓာတ်ပုံနှင့် စာဆွဲဗေဒင်မေး (စာချ)နေပုံတို့ကို "သမ္မာဒေဝ" အမည်ရှိစာအုပ်မှ ရိုက်ကူးဖော်ပြလိုက်ပါသည်။

**[အမေရိကန်နိုင်ငံ၊ နယူးယောက်မြို့၊ နိုင်ငံတကာ သမ္မန်ကျမ်းစာ လေ့လာသူ ကျောင်းသားများအဖွဲ့မှ ၁၉၈၄ ခုနှစ်မှ တည်းဖြတ် ထုတ်ဝေသည်။]**

## အပြင်ဘက်တွင်

ခန်းမအပြင် မျက်နှာစာတွင်ကား ဝါးစိမ်းတိုင်များ ကန့်ထားသော ကော်ဝိုင်းပုံ ပြတင်းနှစ်ခုရှိ၍ ယင်းတို့အနီး နံရံနှင့် တံခါးမကြီးအထက် မျက်နှာ



ကြက်တို့ပေါ်၌ ဆေးရေးပန်းချီနှင့် ပန်းတော့ရုပ်လုံးများကို တွေ့ရသည်။ မျက်နှာကြက်ရှိ ပန်းတော့ရုပ်လုံးများမှာ ပါးရှန်း (Bā Xiāng) ဟုခေါ်သော တန်ခိုးရှင် (၈) ပါး ရုပ်လုံးများဖြစ်ကြ၍ အချို့မှာ အနည်းငယ် ပျက်ယွင်းနေပြီ ဖြစ်သည်။

နံရံပန်းချီများအနက် လက်ယာဘက်၌ ကွမ်ရင်အရှင်၏ သာဝက နတ်သူငယ်တစ်ပါးဖြစ်သော "ဟုန်ဟိုင်း"က အဏ္ဏဝါပြင်အောက်ရှိ နဂါးမင်း၏ နန်းတော်သို့ သွားရောက်၍ စစ်ကြေညာခန်း သရုပ်ဖော်ထားသည်။

ပုံအောက်ခြေတွင် စွန်းပူခုန်းနှင့် ကျူးပါးကျဲတို့ နှစ်ဦးပုံ ပါဝင်သည်။ အနောက်သို့သွား၍ ကျမ်းစာပင့်ခြင်း ဇာတ်ဝင်ခန်းတစ်ခု ဖြစ်သည်။

လက်ဝဲဘက်နံရံတွင်လည်း ထိုဇာတ်ဝင်ခန်းတစ်ခုပင်ဖြစ်၍ စွန်းပူခုန်းက တောင်စောင့်နတ်မိစ္ဆာကို နှိမ်နင်းရန် စနည်းနာပုံနှင့် အောက်ခြေတွင် ရှားကျင်း၊ ပါးကျဲနှင့်အတူ "ထန်" ရဟန်းတော်တို့ ရုပ်ပုံများ သရုပ်ဖော်ထားလေသည်။

ဘုရားကျောင်း မျက်နှာစာမြေပြင်တွင်ကား ခြသေ့်နှစ်ကောင်ရံ၍ အမွှေးနံ့သာ ပြာခံစင်မြင့်များ ပူဇော်ထားသည်။ အရှေ့ဘက်သို့ မျှော်ကြည့်ပါက ကျယ်ပြန့်သော မုဒ့်ကန်ကြီးရေပြင်ကို တွေ့နိုင်လေသည်။

ဘုံတုရားကျောင်းများ တည်ဆောက်ရန် ဘူမိကြန်အနေအထားကို သုံးသပ်သောအခါ မျက်နှာမူရာ၌ တောင် (သို့မဟုတ်) ရေပြင်ကျယ် ရှိသည်ကို ဦးစားပေး ရွေးချယ်သည်။

တောင်တန်းများပမာ ကာလရှည်ကြာ တည်တံ့ပါစေ (သို့မဟုတ်) မြစ်၊ ကန်၊ ပင်လယ်ရေပြင်ကျယ်ကဲ့သို့ လောကလူသားစုအနံ့ မြေးမြစ်စဉ်ဆက် ပျံ့နှံ့ရှည်ကြာပါစေဟု နိမိတ်ဆောင်ခြင်း ဖြစ်လေသည်။

## နိဂုံးဆုတောင်း

မကြာမီ နေညိုကာ အလင်းရောင် ပြယ်စ ပြုလာသဖြင့် မြတ်စွာဘုရားရှင်နှင့် သာဝက သမ္မာဒေဝအပေါင်းအား ဦးချကန်တော့ကာ လာရာလမ်းအတိုင်း ပြန်လှည့်ခဲ့သည်။

ဘူမိကြန် အနေအထား ကောင်းမွန်သည့် မုဒ့်မြို့ မဟာကရုဏာရှင် ဘုရားကျောင်းသည် နှစ်ပေါင်း တစ်ရာကျော်တိုင် တည်တံ့ဆဲဖြစ်ရာ လူသားအပေါင်း သုစရိုက်အမှု၌ မွေ့လျော်စေရေးအတွက် နောင်ကာလကြာရှည်စွာ ကရုဏာတော်အဟုန် ဆက်လက် လွှမ်းခြုံနိုင်ပါစေဟု ဆုတောင်း ဂါရဝပြုရပေသည်။

ဟူဂျင်းဇီ



www.burmeseclassic.com

www.burmeseclassic.com




ပဓာနနာယက ဆရာတော်ကြီး ဘဒ္ဒန္တ သီလာနန္ဒ
(ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ)

လှိုင်-မေတ္တာဝါဒီ(ဟသ်ာတ) ပရိယတ္တိကျောင်းတိုက်၏
ပဓာန နာယက ဆရာတော်ကြီး
ဘဒ္ဒန္တ သီလာနန္ဒ(ဓမ္မာစရိယ၊ ကမ္မဋ္ဌာနာစရိယ) ချီးမြှင့်တော်မူသော
(၇)ရက်သားသမီးများအတွက် နေ့သားအလိုက် ပူဇော်ရမည့်

# ဂုဏ်တော်ပုတီးစိပ်နည်းများ

ဦးခင်မြောင်နိုင်

ကျေးဇူးရှင် ဆရာတော်ကြီးသည် နေ့သားလိုက်ပြီး နေ့စဉ်နေ့တိုင်း ကြည်ညိုပွားများ အားထုတ်နိုင်ကြစေရန် ဂုဏ်တော်ပုတီးစိပ်နည်းကို ဇယားဖြင့် ရေးသားချီးမြှင့်ထားသည်မှာ အောက်ဖော်ပြပါအတိုင်း ဖြစ်ပါသည်။

| စဉ် | နေ့ | တနင်္ဂနွေသားသမီး ဂုဏ်တော် | ပုတီးပတ် |
|---|---|---|---|
| ၁ | တနင်္ဂနွေ | အရဟံ | (၆)ပတ် |
| | ကိတ် | သမ္မာသမ္ဗုဒ္ဓေါ | (၉)ပတ် |
| ၂ | တနင်္လာ | ဝိဇ္ဇာစရဏသမ္ပန္နော | (၁၅)ပတ် |
| ၃ | အင်္ဂါ | သုဂတော | (၈)ပတ် |
| ၄ | ဗုဒ္ဓဟူး | လောကဝိဒူ | (၁၇)ပတ် |
| | ရာဟု | အနုတ္တရောပုရိသဒမ္မသာရထိ | (၁၂)ပတ် |
| ၅ | ကြာသပတေး | သတ္ထာဒေဝမနုဿာနံ | (၁၉)ပတ် |
| ၆ | သောကြာ | ဗုဒ္ဓေါ | (၂၁)ပတ် |
| ၇ | စနေ | ဘဂဝါ | (၁၀)ပတ် |

| စဉ် | နေ့ | တနင်္လာသားသမီး ဂုဏ်တော် | ပုတီးပတ် |
|---|---|---|---|
| ၁ | တနင်္လာ | အရဟံ | (၁၅)ပတ် |
| ၂ | အင်္ဂါ | သမ္မာသမ္ဗုဒ္ဓေါ | (၈)ပတ် |
| ၃ | ဗုဒ္ဓဟူး | ဝိဇ္ဇာစရဏသမ္ပန္နော | (၁၇)ပတ် |
| | ရာဟု | သုဂတော | (၁၂)ပတ် |
| ၄ | ကြာသပတေး | လောကဝိဒူ | (၁၉)ပတ် |
| ၅ | သောကြာ | အနုတ္တရောပုရိသဒမ္မသာရထိ | (၂၁)ပတ် |
| ၆ | စနေ | သတ္ထာဒေဝမနုဿာနံ | (၁၀)ပတ် |
| ၇ | တနင်္ဂနွေ | ဗုဒ္ဓေါ | (၆)ပတ် |
| | ကိတ် | ဘဂဝါ | (၉)ပတ် |

| စဉ် | နေ့ | အင်္ဂါသားသမီး ဂုဏ်တော် | ပုတီးပတ် |
|---|---|---|---|
| ၁ | အင်္ဂါ | အရဟံ | (၈)ပတ် |
| ၂ | ဗုဒ္ဓဟူး | သမ္မာသမ္ဗုဒ္ဓေါ | (၁၇)ပတ် |
| | ရာဟု | ဝိဇ္ဇာစရဏသမ္ပန္နော | (၁၂)ပတ် |
| ၃ | ကြာသပတေး | သုဂတော | (၁၉)ပတ် |
| ၄ | သောကြာ | လောကဝိဒူ | (၂၁)ပတ် |
| ၅ | စနေ | အနုတ္တရောပုရိသဒမ္မသာရထိ | (၁၀)ပတ် |
| ၆ | တနင်္ဂနွေ | သတ္ထာဒေဝမနုဿာနံ | (၆)ပတ် |
| | ကိတ် | ဗုဒ္ဓေါ | (၉)ပတ် |
| ၇ | တနင်္လာ | ဘဂဝါ | (၁၅)ပတ် |

| စဉ် | နေ့ | ဗုဒ္ဓဟူးသားသမီး ဂုဏ်တော် | ပုတီးပတ် |
|---|---|---|---|
| ၁ | ဗုဒ္ဓဟူး | အရဟံ | (၁၇)ပတ် |
| | ရာဟု | သမ္မာသမ္ဗုဒ္ဓေါ | (၁၂)ပတ် |
| ၂ | ကြာသပတေး | ဝိဇ္ဇာစရဏသမ္ပန္နော | (၁၉)ပတ် |
| ၃ | သောကြာ | သုဂတော | (၂၁)ပတ် |
| ၄ | စနေ | လောကဝိဒူ | (၁၀)ပတ် |
| ၅ | တနင်္ဂနွေ | အနုတ္တရောပုရိသဒမ္မသာရထိ | (၆)ပတ် |
| | ကိတ် | သတ္ထာဒေဝမနုဿာနံ | (၉)ပတ် |
| ၆ | တနင်္လာ | ဗုဒ္ဓေါ | (၁၅)ပတ် |
| ၇ | အင်္ဂါ | ဘဂဝါ | (၈)ပတ် |




စာမျက်နှာ (၉၆) သို့

www.burmeseclassic.com

ဘီးလင်းမြို့နယ်က

# သဘာဝကျောက်ကုလားထိုင်



မောင်ပြေလေးငြာ
(ဘီးလင်း)

◆ မွန်ပြည်နယ် ဘီးလင်းမြို့နယ် "ဂူဝ" တွေ့ရသော သဘာဝကျောက်ကုလားထိုင်(အထေမံ)

မွန်ပြည်နယ်၊ ဘီးလင်းမြို့နယ်၊ လေးကေရွာနှင့် မနီးမဝေး **မြစ်ကျိုးရွာ၊ သုံးကာဘီးရွာတို့၏ အနောက်ဘက်တွင် "ဂူဝ"တောင်** ရှိ၏။

ထို"ဂူဝ"နေရာသည် အတော်ကျယ်ပြန့်သည်။ ပြင်ဦးလွင်အနီးရှိ ပိတ်ချင်းမြောင်လိုဏ်ဂူနှင့် အနည်းငယ်ဆင်တူ၏။

ဂူတွင်းနေရာ ကျယ်ကျယ်ပြန့်ပြန့်ရှိသည်။ လူများ သိန်းချီပြီးထိုင်ရန်ဆံ့သည်။ ပိတ်ချင်းမြောင်ကဲ့သို့ ပြင်ဆင်နိုင်ပါလျှင် ကမ္ဘာလှည့်များကိုပင်ဆွဲဆောင်နိုင်လောက်သော နေရာဖြစ်သည်။

ထို"ဂူဝ"နေရာသည် ပြည်တွင်းစစ်ကာလက အများပြည်သူတို့ လေယာဉ်ပျံ ဗုံးခိုကျင်းလည်း ဖြစ်ခဲ့ဖူးသည်။

လွန်ခဲ့သော ဆယ်နှစ်နီးပါးက မြိုင်ကြီးငူဆရာတော်ကြီးသည် "ဂူဝ" တောင်ထိပ်တွင် စေတီတော်တစ်ဆူ တည်ခဲ့သည်။ "ဂူဝ"တောင်ခြေတွင်လည်း သိမ်ကျောင်းတစ်လုံး ဆောက်လုပ်ခဲ့သည်။ တိုက်သိမ်ကျောင်း ဖြစ်၏။


တံခွန်တိုင်နှင့် "ဂူဝ"ခေါင်မိုးတို့ကို အင်္ဂတေပန်းဆွဲတို့ဖြင့် ပြုပြင်မွမ်းမံအလှဆင်ခဲ့သည်။

ယခု မြင်ရသော သဘာဝကျောက်ကုလားထိုင်ပုံမှာ အီဂျစ်ပြည်၊ ရောမပြည်က ပုံတို့တွင် တွေ့ရတတ်သော ယဖ်ပလ္လင်ကဲ့သို့ပင် ဖြစ်၏။

၎င်း ကျောက်ကုလားထိုင်သည် ဂူဝတွင်းတစ်နေရာမှာ ရှိပါသည်။ "ဂူဝ" တောင်ခြေတွင် ဆရာတော် ဦးပညောဘာသ သီတင်းသုံးသည်။

ဘီးလင်းမြို့နယ်၊ လေးကေရွာနှင့် မနီးမဝေး မြစ်ကျိုးရွာ၊ သုံးကာဘီးရွာတို့ နောက်ဘက်ရှိ "ဂူဝ"တောင်သို့

www.burmeseclassic.com



▲ မွန်ပြည်နယ် ဘီးလင်းမြို့နယ် "လေးကေ-ဂူ" သဘာဝကျောက်ကုလားထိုင်ကို တွေ့ရစဉ်(အနီးမှ)

အလည်အပတ် လာရောက်စေချင်ပါသည်။

**ဓာတ်ပုံကူညီသူ** ဦးတင်ဟိန်း (အ.ထ.ကလေးကေ) ကျောင်းအုပ်ဆရာကြီးနှင့် ဦးပညာတို့အား ကျေးဇူးတင်ပါသည်။

**မောင်လေးကေ(ဘီးလင်း)**

စာမျက်နှာ (၇၄)မှ အဆက်

| စဉ် | နေ့ | ကြာသပတေးသားသမီး ဂုဏ်တော် | ပုတီးပတ် |
|---|---|---|---|
| ၁ | ကြာသပတေး | အရဟံ | (၁၉)ပတ် |
| ၂ | သောကြာ | သမ္မာသမ္ဗုဒ္ဓေါ | (၂၀)ပတ် |
| ၃ | စနေ | ဝိဇ္ဇာစရဏသမ္ပန္နော | (၁၀)ပတ် |
| ၄ | တနင်္ဂနွေ | သုဂတော | (၆)ပတ် |
| | ကိတ် | လောကဝိဒူ | (၉)ပတ် |
| ၅ | တနင်္လာ | အနုတ္တရောပုရိသဒမ္မသာရထိ | (၁၅)ပတ် |
| ၆ | အင်္ဂါ | သတ္ထာဒေဝမနုဿာနံ | (၈)ပတ် |
| ၇ | ဗုဒ္ဓဟူး | ဗုဒ္ဓေါ | (၁၇)ပတ် |
| | ရာဟု | ဘဂဝါ | (၂၀)ပတ် |

| စဉ် | နေ့ | သောကြာသားသမီး ဂုဏ်တော် | ပုတီးပတ် |
|---|---|---|---|
| ၁ | သောကြာ | အရဟံ | (၂၀)ပတ် |
| ၂ | စနေ | သမ္မာသမ္ဗုဒ္ဓေါ | (၁၀)ပတ် |
| ၃ | တနင်္ဂနွေ | ဝိဇ္ဇာစရဏသမ္ပန္နော | (၆)ပတ် |
| | ကိတ် | သုဂတော | (၉)ပတ် |
| ၄ | တနင်္လာ | လောကဝိဒူ | (၁၅)ပတ် |
| ၅ | အင်္ဂါ | အနုတ္တရောပုရိသဒမ္မသာရထိ | (၈)ပတ် |
| ၆ | ဗုဒ္ဓဟူး | သတ္ထာဒေဝမနုဿာနံ | (၁၇)ပတ် |
| | ရာဟု | ဗုဒ္ဓေါ | (၁၂)ပတ် |
| ၇ | ကြာသပတေး | ဘဂဝါ | (၁၉)ပတ် |

| စဉ် | နေ့ | စနေသားသမီး ဂုဏ်တော် | ပုတီးပတ် |
|---|---|---|---|
| ၁ | စနေ | အရဟံ | (၁၀)ပတ် |
| ၂ | တနင်္ဂနွေ | သမ္မာသမ္ဗုဒ္ဓေါ | (၆)ပတ် |
| | ကိတ် | ဝိဇ္ဇာစရဏသမ္ပန္နော | (၉)ပတ် |
| | တနင်္လာ | သုဂတော | (၁၅)ပတ် |
| ၄ | အင်္ဂါ | လောကဝိဒူ | (၈)ပတ် |
| ၅ | ဗုဒ္ဓဟူး | အနုတ္တရောပုရိသဒမ္မသာရထိ | (၁၇)ပတ် |
| | ရာဟု | သတ္ထာဒေဝမနုဿာနံ | (၁၂)ပတ် |
| - | ကြာသပတေး | ဗုဒ္ဓေါ | (၁၉)ပတ် |
| ၇ | သောကြာ | ဘဂဝါ | (၂၀)ပတ် |

*သင်ဓော်ဘဝ သာယာလှပပါစေ။*

**ဦးခင်မောင်နိုင်**



www.burmeseclassic.com

www.burmeseclassic.com

စိမ်းရောင်စို တောင်ညိုရှိုင်းရိုးသည့်

# အသရှုအောင်မြေ ရှေ့နပိုင်းဆီသို့ (၇)

ထက်မြင့်ကျော်စွာ



▲ ထောင်ရိုက်စေတီအတွင်းမှ အဘဘိုးဘိုးအောင်ရုပ်တု

ယခင်လမှ အဆက်

ထိုကွန်းဆောင်၏ အရှေ့ဘက်တွင် ကျွဲတစ်ကောင် ဝပ်နေသည့်ပုံဟန် သွန်းလုပ်ထားကာ အောက်တွင် ကမ္ဗည်းနာ လိုဏ်ဂူ တည်ရှိသည်။ လိုဏ်ဂူအဝင်ဝ နဖူးစည်း၌ **"ဓမ္မသုခ ကျွဲမင်းဂူ"**ဟု ကမ္ဗည်းတင်ထားသည်။ အတွင်း၌ တင်ပျဉ်ခွေရုပ်ပွားတော်တစ်ဆူ ပူဇော်ထားလေသည်။

ဓမ္မသုခ ကျွဲမင်းဂူအနီးတွင် စေတီတော်အား ကြည့်ညိုရာတွင် စေတီရင်ပြင်ကို ကာရံထားသော အရံတံတိုင်းထောင့်လေးထောင့်၌ ကွမ်းတောင်ပေါက်ကာ တစ်မျက်နှာလျှင် ဘုရားအလောင်းတော်ဖြစ်စဉ် (၇)ဘဝစီ ကွမ်းတောင်စေတီတစ်ဆူတွင် (၂၈) ဘဝ သရုပ်ဖော် ပူဇော်ထားသည်ကို သတိပြုမိသည်။

ကွမ်းတောင်စေတီ အောက်ခြေတွင် ထိုဏ်မှန်ငယ်နှစ်ခုစီဖွဲ့ကာ ထွက်ရပ်ပေါက်ဆရာတော်၊ လူပုဂ္ဂိုလ်များ၏ ရုပ်တုတော်များကို အမည်ကမ္ဗည်းနှင့်တကွ ပူဇော်ထားသည်။

အနောက်မြောက်ထောင့်တွင် သိကြားမင်းနှင့် ဘိုးတော်ပြူး၊ အရှေ့မြောက်ထောင့်တွင် ဘိုးဘိုးအောင်နှင့် ဘိုးတော်အေး၊ အရှေ့တောင်ထောင့်တွင် ရွှေဉာဏ်းစင်တောင် ဆရာတော်နှင့် တောင်ညို ဂူဏ္ဏာသယဘိုးဘိုး၊ အနောက်တောင်ထောင့်တွင် ဘိုးတော်ညိုနှင့် ကမ္ဗည်းပျက်နေသော ဘိုးတော်ရုပ်တုများ တွေ့ရလေသည်။

ဝိဇ္ဇာဓိုရ်ရှိများ ဝန်းရံပူဇော်ထားသဖြင့် ဝိဇ္ဇာဘုရားဟု ဘွဲ့မည်တွင်လောက်သည့် **ကျွဲပုန်းဘုရား၊ အောင်စကြာစေတီတော်** ဖြစ်ပေသည်။

မြစိမ်းတောင်ညို သာသနာပြု

www.burmeseclassic.com



◆ ရှုဖွယ်မင်ဆောင်ဆရာတော်ရုပ်တု

ဆရာတော်ဦးခမ္မိက ဦးဆောင်၍ တည်ထား ပူဇော်ခဲ့သော စေတီများမှာ...

ကျွဲပုန်းဘုရား ***(အောင်စကြာစေတီ)***

ငါးဘုရား ***(အဝေရာသကျမုနိစေတီ)***

မိကျောင်းဘုရား ***(သကျမုနိစေတီ)***

ဖားဘုရား ***(မဂ်ဖိုလ်စေတီ)***

တို့ ဖြစ်ကြသည်။

နံတော်နှစ်ခုရှိသော "**ကျွဲပုန်း**" ဘုရားနှင့် "**မိကျောင်း**"ဘုရားတို့မှာ "**ဂဗ္ဘေ**"ပထဝီဓာတ်မိတ်ဖြင့် ကက်ကင်းဆောင်၏။ တည်တံ့ခိုင်မြဲခြင်း သဘောကို ညွှန်းသည်။

နံတော်တစ်ခုသာရှိသော "**ငါး**" ဘုရားနှင့် "**ဖား**"ဘုရားမှာလည်း ပေါင်းစည်းလျှင် ဂဗ္ဘေဓာတ်မိတ်သာပေးသည်။

ထိုဂဗ္ဘေဓာတ်မိတ် (တနင်္လာနှင့် ကြာသပတေး)သည်ပင် "**ခေမာ**" ရန်ဂြိုဟ်တွဲဖြစ်ကာ ဥစ္စာကို ရန်ဂြိုဟ်ဆောင်နိုင်ကြသည်။ မိမိတို့အလိုရှိရာ လောကီဥစ္စာ၊ လောကုတ္တရာဥစ္စာများကို ကြိုးပမ်း အားထုတ်နိုင်ကြသည်။

"**ကျွဲပုန်း**"ဘုရား၊ "**ငါး**"ဘုရား၊ "**မိကျောင်း**"ဘုရားနှင့် "**ဖား**"ဘုရားတို့၏ ပညတ်နံတော် ဂြိုဟ်သက်များ ပေါင်းလျှင် (၁၅+၁၉) +၁၅+ (၁၉+၁၅) +၁၉= ၁၀၂ ရ၏။ ဦးဆောင်ကြိုးပမ်းတော်မူသော ဆရာတော်ဦးခမ္မိက၏ နံတော် စနေဂြိုဟ်သက် (၁၀)ပေါင်းပါက (၁၁၂) ဖြစ်၏။ (၇)စားလျှင် ၁၁၂÷၇= (၁၆)လဒ်၊ ကြွင်း (၀)နံတော်စနေသာကြွင်းသဖြင့် နံပေါ်ဓာတ်ရ ကိန်းဆိုက်၏။

သူဆင်းရဲပင်လျှင် သူကြွယ်ဖြစ်စေသောကိန်းဖြစ်လေရာ ဆရာတော်ဦးခမ္မိက၏ သာသနာပြုလုပ်ငန်းများ စွမ်းစွမ်းတမံ အောင်မြင်ခြင်း အကျိုးကို ပေးစွမ်းလေသည်။

ကျွဲ၊ ငါး၊ မိကျောင်းနှင့် ဖား ရေပျော် သတ္တဝါများချည်းသာဖြစ်နေရာ မြစိမ်းတောင်ညိုသာသနာမြေနှင့် စပ်လျဉ်း သမျှ ဝေနေယျတို့ အေးငြိမ်းသာယာ မည့်နိမိတ်ကိုလည်း ဆောင်ပေးသည်။

## ထူးခြားသော ရုပ်ပွားတော်တစ်ဆူ

ကျွဲပုန်းဘုရားမှ အနောက်ဘက် ကပ်လျက်ရှိ ပင်မကျောင်းဆောင်တွင်းသို့ ရောက်ရှိသောအခါ ဆရာတော် ဦးဝေပုလ္လက ဘုရားခန်းတွင်းသို့ ညွှန်ပြသည်။

ဘုရားခန်းအတွင်း တင်ပျဉ်ခွေ ရုပ်ပွားတော်များနှင့် ဆရာတော် ဦးခမ္မိက၏ ပန်းတမော့ရုပ်တုများ ပူဇော်ထားသည်။

ရုပ်ပွားတော်များအနက် ချရားသီ ပုံစံ ရောင်လျှံတော်နှင့် အင်းဝခေတ် လက်ရာ ရုပ်ပွားတော်တစ်ဆူကို ထူးခြား စွာ ဖူးတွေ့ရသည်။

'ဆရာတော်ဦးခမ္မိက ရန်ကု မြောက်ဥက္ကလာက ဒါယကာတ ယောက် ပင့်ဖိတ်လို့ ကြွပြီး မေတ္တာ ရေစက်ချပြီးတဲ့အခါ အသက်( လောက် ဒါယိကာမကြီးတစ်ဦး မြစိမ်းတောင်ညိုမှာ ပူဇော်ဖို့ ရုပ် တော်တစ်ဆူ လှူဒါန်းချင်ပါတယ် လျှောက်တယ်။

ဆရာတော်ကလဲ ခေါင်ညိတ် ခွင့်ပြုလိုက်လို့ အားရဝမ်းသာ ပြန်





www.burmeseclassic.com

www.burmeseclassic.com



◆ ကျွဲနန်းလိုက်ဂူအနီးမှ ကျွဲရုပ်



မဟာဗောဓိညောင်ပင် ◆

◆ ကျွဲရုပ်အောက်မှ "ရွှေသုခ ကျွဲမင်းဂူ" ကျည်းစာနှင့် ဂူအဝ



သွားတယ်။ ရက်နည်းနည်းကြာတော့ ...မ်းပင့်ဒါယကာက ဒီရုပ်ပွားတော် ...ဆောင့်လာပေးတယ်။

ဘုရားလှူတဲ့ အလှူရှင်ဘုရားအစ်မ ... အသက်(၈၀)ကျော် ပိန်လျှလျှနဲ့ ...ကောင်သေးတယ်။ သွားလာလှုပ်ရှား ... လူငယ်လိုပဲ သွက်လက်တယ်။ ...တန် နှစ်လိုဖွယ်ကောင်းတဲ့ ...နှံ့သာတွေလဲ ရတာမို့ သတိထား ... လိုက်ကြည့်ပေမယ့် ဘုရားပို့ပြီး ...အပြင်ရောက်တာနဲ့ ရှာလို့ မတွေ့တော့ဘူးလို့ ဆရာတော်ကို လျှောက်သွားပါတယ်'

ဟု ဆရာတော် ဦးဝေပုလ္လက ရှင်းပြတော်မူသည်။ ဘုမ္မိရတ်တို့ လှူဒါန်းသော ရုပ်ပွားတော်ဖြစ်ဟန်ရှိသည်ဟု ယူဆကြသော ရုပ်ပွားတော်ဖြစ်လေသည်။

## ဗောဓိညောင်ပင်

ဆရာတော်ဦးဝေပုလ္လနှင့် အတန်ကြာအောင် ပြောဆို လျှောက်ထားပြီးနောက် ပင်မကျောင်းမှ တောင်ဘက်တောင်ဆင်းလမ်းအတိုင်း ဆင်းသက်ခဲ့ရာ တစ်ပါးစာ ကမ္မဋ္ဌာန်းကျောင်းဆောင်များ၊ အဝီစိရေတွင်းများနှင့် ရေလှောင်ကန်များကို တွေ့ရသည်။

ဆရာတော် ဦးဓမ္မိကသည် **"တောင်ညိုကို ရေချိုထွက်အောင် တူးရက်စို့မောင်"**ဟု မိန့်ကြားရာတွင် ပင်လယ်နှင့်ဝေးသော ကုန်းတွင်းခေါင်ခေါင်ဒေသတွင် **"ရေချို"**ဟု အထူးပြုပြောဆိုခြင်းမှာ သာသနာတော် အဓွန့်ရှည်ကြာ ထွန်းလင်းတောက်ပခြင်းကို ရည်ညွှန်း၍**"ကိုရှာ"**မိတ်ဂြိုဟ် သောမနဝင်းဆောင်ခြင်းဖြစ်ကြောင်း ယူဆရသည်။

ထိုသို့ နိမိတ်ဆောင်သည့် သာမကပကတိဖြစ်သော "ရေချို"များလည်း ကုန်းတော်ရှိ ရဟန်းရှင်လူများ၊ ဘုရားဖူးပရိသတ်များ အလျှံပယ်သုံးစွဲနိုင်အောင် အဝီစိရေတွင်းများစွာဖြင့် ကြိုးပမ်း ဆောင်ရွက်ပေးခဲ့လေသည်။



www.burmeseclassic.com

www.burmeseclassic.com





◆ ဆရာတော်ဦးဓမ္မိက ရုပ်ပွား

◆ ဘုန်းကြီးရုပ်ပွား ပန်းဆရာမှ လှူဒါန်းသော ရုပ်ပွားတော်

◆ တစ်ပါးကျောင်းအရှေ့



ထိုမှလွန်၍ တောင်ကုန်းတစ်ခုသို့ ရောက်သောအခါ ဗောဓိညောင်ပင် ပရိဘောဂစေတီကို ဖူးတွေ့ရသည်။


ဆရာတော်ဦးဓမ္မိက သတ္တဌာန ကမ္မဋ္ဌာန်းကျင့်ကြံရာတွင် ပထမ သတ္တာဟဖြစ်သော ပလ္လင်္ကသတ္တာဟ ကို ပူဇော်သောနေရာ ဖြစ်ပေသည်။ ဗောဓိညောင်ပင်ပတ်လည်တွင် မှန်(၈) ခုနှင့် ရုပ်ပွားတော်(၈)ဆူ ပူဇော်ထား သည်။

ဗောဓိညောင်ပင်နားရှိ တစ်ပါး ကျောင်းများတွင်လည်း သီတင်းသုံး သံဃာများ တွေ့ရသည်။ အများစုမှာ စာသင်တိုက်များသို့ သွားရောက်ကာ ပရိယတ္တိစာပေများ သင်ယူ ဆည်းပူးနေ ကြသဖြင့် ကုန်းတော်မြေတွင် သံဃာ (၁၆)ပါးနှင့် သာမဏေ(၈)ပါးသာ သီတင်းသုံးနေထိုင်ကြကြောင်း သိရ သည်။




www.burmeseclassic.com

www.burmeseclassic.com



◆ နဂါးရုံတန်ဆောင်း



နဂါးရုံဘုရား (မုစလိန္ဒသတ္တာဟစံပယ်တော်မူပုံ) ◆

## နဂါးရုံဘုရား

ဗောဓိညောင်ပင်မှ အရှေ့ဘက်သို့ မြေလမ်းကလေးအတိုင်း သွားရောက်သောအခါ ကုန်းမြင့်တစ်ခုအထက်တွင် တန်ဆောင်းတစ်ဆောင်နှင့် အတွင်း၌ နဂါးရုံရုပ်ပွားတော် စံပယ်တော်မူသည်ကို ဖူးတွေ့ရသည်။

ရေကန်ငယ်အတွင်း နဂါးရစ်ခွေ ပလ္လင်ထက် တင်ပျဉ်ခွေရုပ်ပွားတစ်ဆူ ပူဇော်ထားသော မုစလိန္ဒသတ္တာဟ စံပယ်ဟန် ရုပ်ပွားတော်ဖြစ်သည်။

ဆရာတော်ဦးခန္တိက သတ္တသတ္တာဟ ကမ္မဋ္ဌာန်းကျင့်ကြံခဲ့သော ကုန်းမြေဖြစ်ကာ အဘဦးကံလှအား ကုန်းတော်နေ မမြင်အပ်သော ကလေးသူငယ်များ ကစားမရာ၊ စားစရာ တောင်းဆိုသော နေရာလည်း ဖြစ်သည်။

အနီးတွင် မော်ကွန်းကျောက်စာ ရှိသည်။ မြစိမ်းတောင်ညိုတွင် ဆရာတော် ဦးခန္တိကသည် (၃၂)နှစ်တိုင်တိုင် (၁၃၃၀ ပြည့်နှစ်မှ ၁၃၆၁ ခုနှစ်အထိ) သာသနာပြုတော်မူပြီးနောက် ဆရာတော် ဦးဝေပုလ္လက ဆက်ခံ သာသနာပြုရာတွင် ဦးသီလာနန္ဒနှင့်အတူ ဦးဆောင်ကာ (၇)ရက် သားသမီး ကောင်းမှုဖြင့် ဤနဂါးရုံဘုရားကို တည်ခဲ့သည်။

၁၃၆၇ ခုနှစ်၊ ပြာသိုလဆန်း(၉)ရက် နေ့တွင် အုတ်မြစ်ချ၍ တပေါင်းလပြည့် နေ့တွင် ဗုဒ္ဓါဘိသေက အနေကဇာတင် ကြောင်း ရေးထိုးထားသည်။

တန်ဆောင်းအနီး အုတ်တိုက် ဆောင်ဖြင့် နဂါးမယ်တော်ရုပ်တု သွန်းလုပ်ထားရှိသည်ကိုလည်း တွေ့ခဲ့ရလေသည်။

ဆရာတော်ဦးဝေပုလ္လသည် ယခုနှစ် (၁၃၇၄ ခုနှစ်)အတွင်း နေလဘုရားကို ဆက်လက် တည်ဆောက် ပူဇော်ရန် စီစဉ်ထားသည်ဟု သိရှိရသည်။

တောင်ညိုတွင် ကိန်းဝပ်တော်မူသော ဓာတ်ပေါင်းစုစေတီသို့ တက်ရောက်ဖူးမြော်ရန် စောင်းတန်းနှစ်သွယ်ရှိရာ အနောက်ဘက်မုခ်စောင်းတန်းနှင့် တောင်ဘက်မုခ်စောင်းတန်းတို့ ဖြစ်ကြသည်။

တောင်ဘက် မုခ်စောင်းတန်းမှ ကျွဲပုန်းတောင်၊ မြစိမ်းတောင်ဆီသို့ ဆင်းလာပါက လက်ဝဲဘက်ကုန်းမြင့်ထက်တွင် လှမ်း၍ ဖူးမြော်နိုင်ပါမည်။ တောင်ညိုနှင့် ကျွဲပုန်းတောင်နှစ်ခု အကြား ကုန်းမြင့်တွင် ဖြစ်ပါသည်။

ဆရာတော်ဦးခန္တိက ပျံလွန်တော်မူသော်လည်း မြစိမ်းတောင်ညို သာသနာမြေကို ဆက်လက် စည်ကား ပွင့်လင်းစေရန် အားထုတ်တော်မူနိုင်သည့် ဆရာတော်တစ်ပါးဖြစ်ကြောင်း တွေ့ရှိရသည်။


အချို့သော ကျောင်းကန်ဘုရား၊ သာသနာမြေတို့တွင် ထင်ရှား ကျော်ကြားသော ဦးဆောင်ပုဂ္ဂိုလ်၊ ဆရာတော် မရှိသည့်နောက် မှေးမှိန် အားနည်းသွားသည်ကို ကြုံတွေ့ရတတ်သော်လည်း မြစိမ်းတောင်ညိုမှာ (၁၃)နှစ်ကြာသည့်တိုင် မူလအတိုင်း စည်ကားဝေဆာ၍ သာသနိက အဆောက်အအုံများ တိုးတက် ပေါ်ထွန်းလာသည်ကို မြင်တွေ့ရသဖြင့် သာသနာအတွက် ဝမ်းမြောက်သာဒု ခေါ်ရပါသည်။



www.burmeseclassic.com

www.burmeseclassic.com





▲ အပြန်လမ်းတောအုပ်တွင်း

မြင်ရသော ချေ

◀ နဂါးမယ်တော်ရုပ်တု

## ငြိမ်းချမ်းသာယာနယ်မြေ

မြစိမ်းတောင်ညို သာသနာမြေမှ သာသနာပြုဆရာတော် ဦးဓမ္မိက၏ ဘဝကောက်ကြောင်းအချို့နှင့် ကျင့်ကြံမှုများကို လေ့လာစုဆောင်း၍ ကုန်းတော်မြေအတွင်းရှိ သာသနိက အဆောက်အအုံ စေတီပုထိုးများအား ဖူးမြော် ကြည်ညိုမှု ပြီးဆုံးသောအခါ ဆရာတော်ဦးဓမ္မိက ဗိမာန်တွင်း ဝင်ရောက်ကာ ဂါရဝပြု နှုတ်ဆက်ကန်တော့သည်။

ထို့နောက် တောင်တက်ကားလမ်း အတိုင်း ပြန်လာခဲ့ရာ ကျောင်းဝေယျာဝစ္စများ ကူညီလုပ်ကိုင်ပေးနေသော ကိုအောင်ကိုမင်း (ဆရာတော် ဦးဝေပုလ္လ၏တပည့်)က ဝန်စည်စလယ်များ သယ်ဆောင်ကာ ပိတ်လျိုရွာတွင်းရှိ ဆိုင်ကယ်တက္ကစီသမား နေအိမ်သို့ လိုက်လံ ပို့ဆောင်ပေးသည်။

ဤ တောတောင်ဒေသသည် ဆရာတော်ဦးဓမ္မိက ရောက်ခါစက တောရဲ သတ္တဝါများ ခိုအောင်းလျက်ရှိခဲ့ကြောင်း သိရသည်။ ယခုအခါတွင်မူ ချေငယ်၊ သမင်ငယ်များကိုသာ အခန့်သင့်က တွေ့မြင်နိုင်ကြောင်း ပြောပြသည်။ ထိုစဉ်တွင်ပင် သူက တောတွင်း တစ်နေရာကို လက်ညှိုးညွှန်ပြသဖြင့် ကြည့်လိုက်ရာ အေးအေးလူလူ အစာရှာစားသော ချေတစ်ကောင်ကို မြင်ရသည်။

ဆိုင်ကယ်သံ၊ ကားသံ မပြတ်ထွက်ပေါ်နေတတ်သော ဤနေရာ လူမြင်ကွင်း၌ အိမ်မွေးတိရစ္ဆာန်ပမာ အစာစားနေသည့် ဤချေသတ္တဝါသည် ဘေးအန္တရာယ်ကင်းရှင်းကြောင်း အသိရှိနေပုံရလေသည်။

ဘုရားဖူး ကုသိုလ်ပြုသူ လူများသာမက တိရစ္ဆာန်များပင်လျှင် စိတ်အေးချမ်းသာနေနိုင်သော အေးချမ်းသာယာသောနယ်မြေ ဖြစ်လေသည်။

အနီးကပ်ပါက ခြေသံကြောင့် ချုံတွင်း ဝင်ပြေးမည်ကို စိုးရိမ်သဖြင့် အဝေးမှပင် မှန်ဘီလူးဖြင့် ဆွဲယူ ရိုက်ကူးလိုက်ပါသည်။ မထင်ရှားသော်လည်း''ချေ''ဟု သိသာနိုင်ပါသည်။

## လမ်းညွှန်

မြစိမ်းတောင်ညိုမှ ဆရာတော် ဦးဓမ္မိက၏ မပုပ်ပျက်သော ရုပ်ကလာပ်တော်နှင့်တကွ စည်ကားဝေဆာဆဲရှိသော ဘုရားစေတီ သာသနိက အဆောက်အအုံများအား ဖူးမြော်ကြည်ညိုလိုပါက **သာယာဝတီမြို့နယ်၊ သုံးဆယ်မြို့မှတစ်ဆင့် အရှေ့မြောက်ယွန်းယွန်း (၇)မိုင်ခန့်အကွာရှိ သဲဖြူရွာဦးထိပ်သို့ ကား၊ ဆိုင်ကယ်တို့ဖြင့် လာရောက်နိုင်ကြောင်း လမ်းညွှန်ရပါသည်။**

ဤခရီးစဉ်အတွက် စိတ်ပါလက်ပါ ကူညီပေးကြသော ဆရာတော် ဦးဝေပုလ္လ၊ ဦးသီလာနန္ဒနှင့် လူပုဂ္ဂိုလ်များ၊ ဒေသခံကျေးရွာသားများ အားလုံးကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းအဖွဲ့ ကိုယ်စား လှိုက်လှဲစွာ ကျေးဇူးတင်ရှိပါသည်။


**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com

မြို့သစ် မြင့်မောင်



◆ လယ်တောတွင် ချုံပွဲ့ပေါက်ရောက်နေသော ကျွဲနှာထိုးရိုက်ပင်များ
(ကြက်အမောက်ပင်ဟုလည်း ခေါ်သည်။)

# မျက်လုံးများတွင် ထိခိုက်မိသော်

တိမ်မဖုံး မျက်စိမကွယ်

အမေပေးသည့် ဆေးတစ်မည် အကြောင်းကို နက္ခတ္တရောင်ခြည် မဂ္ဂဇင်း စာချစ်သူများအတွက် ဖော်ပြလိုက်ရပါသည်။ ကျွန်တော် ငယ်ငယ်က မျက်လုံးနှင့် ပတ်သက်၍ ဆိုးဆိုးရွားရွား ထိခိုက်ခံရပြီး ထူးထူးခြားခြား သက်သာ ပျောက်ကင်းခဲ့ဖူးသော ဆေးနည်း ကောင်းလေးတစ်မည် ဖြစ်ပါသည်။

ကျွန်တော် (၁၂)နှစ်သားအရွယ် လောက်ကတစ်ကြိမ် ညာဘက်မျက်လုံးအား တင်းနစ်ဘောလုံးအရွယ်ခန့် ကျောက်ခဲတစ်လုံး မှန်ခဲ့ဖူးပါသည်။

ပေတစ်ရာခန့်လောက်မှ လူကြီးတစ်ယောက်က အားနှင့်ပစ်လိုက်သော ကျောက်ခဲအား ကျွန်တော်က ဂွမ်းကပ်ဘောလုံးလေး ပစ်လိုက်သည်ထင်၍ လှမ်းဖမ်းလိုက်ရာ ဘောလုံးမဟုတ်ဘဲ ကျောက်ခဲဖြစ်နေတော့ ညာဘက်မျက်လုံးကို တိုက်ရိုက်မှန်ပါလေရော။

ဘေးတစောင်းထိုင်လျက် ဆော့နေရာက ရုတ်တရက် မြင်လိုက်သဖြင့် လှမ်းဖမ်းတော့ မျက်လုံးကိုထိပြီး လူက မြေကြီးပေါ် ပက်လက်လန်လဲကျသွားပါတော့သည်။ ဘယ်လောက် ဒဏ်ရာပြင်းမည်လဲ ဆိုသည်ကို စာရှုသူများ တွက်သာ ကြည့်လိုက်ပါတော့ခင်ဗျား။

ချက်ချင်းပဲ မျက်ကွင်းကြီးညိုပြီး ရောင်ကိုင်းလာကာ မျက်လုံးမှာလည်း ရွဲလုံးကြီးလို နီရဲနေပြီး မဖွင့်နိုင်တော့ပါ။ အဲဒီအချိန်အမှာ ခဲနှင့်ပစ်လိုက်သော လူကြီးသည် ပျာပျာသလဲ ပြေးလာပြီး ကျွန်တော့်အား ပွေ့ချီ၍ ကျွန်တော့်အိမ်ကို လိုက်ပို့ပါသည်။ အိမ်ရောက်တော့ ကျွန်တော့်အမေ့အား တောင်းပန်ပါသည်။ သူ မဆင်မခြင်ပြု

www.burmeseclassic.com

မှုမိသောကြောင့် ယခုလိုဖြစ်ရကြောင်း မျက်နှာငယ်လေးဖြင့် တောင်းပန်ရှာပါသည်။

ပထမတော့ အမေသည် စိတ်ဆိုးဒေါသထွက်ပြီး ပြောဆိုကြိမ်းမောင်း၍ နောက်တော့ စိတ်ပြေပြီး တောင်းပန်သည်ကို ကျေနပ်ခံလိုက်ပါသည်။

ရောင်ရမ်းညိုမည်းနေသော မျက်ကွင်းနှင့် ရွှဲလုံးကဲ့သို့ နီနီရဲရဲ သွေးခြည်ဥနေသော မျက်လုံး၊ နေရောင်အလင်း မကြည့်နိုင် မဖွင့်နိုင်သော မျက်လုံးသည် အမေကိုယ်တိုင် ကုသပေးသော ဆေးနည်းဖြင့် နှစ်ရက်,သုံးရက်အတွင်း သက်သာ ပျောက်ကင်းသွားခဲ့ပါသည်။

နောက်တစ်ခါ ဒီညာဘက်မျက်လုံးကိုပင် ခိုက်မိပြန်သည်။ အိမ်တွင် မွေးထားသော ကြောင်လေးအား ဖမ်း၍ ခံတောင်း(နှီးဖြင့် ရက်လုပ်ထားပြီး သစ်စေးသုတ်ထားသော) အဟောင်းကလေးနှင့် အုပ်ထားလိုက်သည်။ တောင်းကလေးသည် အဟောင်းဖြစ်သောကြောင့် တောင်းဖင်၏ထောင့်တွင် လက်မသာသာခန့် အပေါက်ငယ်လေး ရှိနေ၏။

ထိုအပေါက်မှ အုပ်ထားသော ကြောင်အား ချောင်းကြည့်လိုက်ရာ ကြောင်မှ လက်သည်းဖြင့် လှမ်းကုတ်လိုက်သဖြင့် မျက်လုံး ဒဏ်ရာရသွားပြန်သည်။ အလင်းရောင် မကြည့်နိုင်၊ မဖွင့်နိုင်သော မျက်လုံးသည် အမေကုပေးသော အမေ့ဆေးနည်းဖြင့်ပင် တစ်ရက်,နှစ်ရက်အတွင်း ပျောက်ကင်းခဲ့ပြန်သည်။

နောက်တစ်ကြိမ် တတိယအကြိမ် လူပျိုပေါက်အရွယ်တွင် လူငယ်ချင်းရန်ဖြစ်ကြ၍ လက်သီးနှင့် ထိုးကြရာ သူတစ်ပြန် ကိုယ်တစ်ပြန် ထိုးကြသဖြင့် မျက်လုံးကို ခိုက်မိရပြန်သည်။ ဒီတစ်ကြိမ်မှာတော့ မျက်လုံးနှစ်ဖက်စလုံး ဖူးရောင်ညိုမည်း၍ သွေးခြည်ဥခဲ့ရပြန်ပါသည်။

အမေကတော့ ရန်ဖြစ်ရကောင်းလားဟု ဆူလည်းဆူ၏။ မျက်လုံးကို ကုလည်းကု၏။ အမေ့ဆေးနည်းသည် စွမ်းလည်းစွမ်း၏။ လွယ်လည်းလွယ်၏။

**အထူး ကုသပေးသော ဆေးရုံများ လမ်းဘေးများတွင် အလှူရှင် ပေါက်လေ ပေါက်ထရှိသော ကျွဲမှာသင်းရှိုက် ပင်ဖြစ်ပါသည်။ အသင်ပုံမှန်သဘောမှာ အမြင့် (၂)ပေမှ (၃)ပေကျော်မျှရှိ၍ သူကြိုက်နှစ်သက်သောမြေတွင် ရှုံ့သို့ ပေါက်ပါသည်။**

**အပွင့်မှာ နှာမောင်းကဲ့သို့ ရှည်မျော မျော သေးသွယ်သွယ်ဖြစ်ပြီး ထို နှာမောင်းကလေးများ၏ ပတ်လည်တွင် ဆူးချိတ်လေးများ ရှိနေပါသည်။ ထို ဆူးချိတ်လေးများသည် သိုး၊ ဆိတ်များ၏ အမြီးများနှင့် လူတို့၏ ထဘီ၊ ပုဆိုး များနှင့် ထိမိလျှင် ထိုဆူးချိတ်လေးများ သည် ကပ်၍ ပါလာတတ်ပါသည်။**

ထိုအပင်ကို ကျွန်တော်တို့ကတော့ အလွယ်တကူ ကြက်မောက်ပင်မှာ ခေါ်ပါသည်။ အမေသည် ထိုအပင်အား **အမြစ်မှတူး၍ ထိုအမြစ်အား ကျွန်တော်၏ လက်ခလယ်မှ အလယ်အဆစ်နှင့် တိုင်း၍ ဖြတ်ပြီးနောက် ကျောက်ပျဉ်ပေါ်တွင် ဆားအနည်းငယ်နှင့် ရေထည့်၍သွေးပြီး ခပ်ပျစ်ပျစ် ထွက်ရှိလာသော ဆေးနှစ်များအား မျက်လုံးဘေးပတ်လည်အား လူးပေးပါသည်။** ထိုသို့ လူးပေးပြီးနောက်...

နောက်တစ်ခါ ကျောက်ပျဉ်ပေါ်တွင် ကျန်ရှိသော ဆေးနှစ်များအား အကြမ်းပန်းကန်လုံးထဲသို့ထည့်၍ ရေအနည်းငယ်ထည့်၍ အကြည်ခံပြီး ညဘက်တွင် ထိုအရည်ကြည်ဖြင့် မျက်စဉ်းခတ်ပေးပါသည်။

ထို့နောက် နုတ်ခမ်းပါသော မြေအိုး (အတာအိုးအရွယ်)တွင် ရေထည့်၍ အိုးနှုတ်ခမ်းပေါ်တွင် ပိတ်စ စည်းလိုက်ပြီး မီးဖိုပေါ်တွင်တင်၍ ရေဆူလာသောအခါ ထိုပိတ်စပေါ်တွင် ခုံညင်းလုံးခန့်ရှိသော ဆားကြပ်ထုပ်ဖြင့် ခံနိုင်လောက်သော အပူရှိန်ဖြင့် မျက်လုံးကို မှိတ်ထားစေပြီး ဖိ၍ဖိ၍ ကပ်ပေးပါသည်။

ဤသို့ ကပ်ပေးခြင်းဖြင့် ဒဏ်ဖြစ်နေသော မျက်လုံးများသည် နံနက်မိုးလင်းသည်နှင့် သက်သာပြီး ပျောက်ကင်းသလောက် ဖြစ်သွားပါသည်။

နောက်ထပ် တစ်ရက်,နှစ်ရက်ခန့် ဆက်၍ အထက်ပါအတိုင်း ဆက်၍ ပြုလုပ်ပေးပြီးနောက် လုံး၀(လုံး၀) ကောင်းသွားပါတော့သည်။

သာမန်ရာသီဥတု အပြောင်းအလဲကြောင့် မျက်စိနာခဲ့လျှင် ဤနည်းအတိုင်းပင် ပြုလုပ်ကုခဲ့၍ လက်တွေ့ ပျောက်ကင်းခဲ့ပါသည်။

စာရှုသူ မိတ်ဆွေများလည်း ကြုံကြိုက်၍ တိုက်ဆိုင်ခဲ့လျှင် ကိုယ်တိုင်လည်းကုကြည့်ပါ။ နီးစပ်ရာ မိတ်ဆွေများကိုလည်း ဆေးနည်းလေးအား လက်ဆင့်ကမ်း၍ မျှဝေလိုက်ပါခင်ဗျား။

ကွယ်လွန်သွားရှာပြီ ဖြစ်သော ကျေးဇူးရှင်မိခင်ကြီးအား ဤစာစုကလေးဖြင့် ဂါရ၀ပြုကျေးဇူးဆပ်လိုက်ရပါသည်။

***သစ္စာ မေတ္တာ ရင်မှာထား၍...***

**မြို့သစ် မြင့်မောင်**



www.burmeseclassic.com


www.burmeseclassic.com

# မဟာဘုတ်ချိန်ခွင် နှင့်

## ကျေးဇူးရှင် ဆရာတော်ကြီးများ

သန်းပညာ

နိုင်ငံကျော် ဓမ္မကထိက၊
ဂန္ထဝါစကာပဏ္ဍိတ၊ သဒ္ဓမ္မဇောတိကာဓဇ
နိုင်ငံတော်အစိုးရ၏ကုံးသာ ကုံးအညီ.ရ
သာသနာပြု ဆရာတော် အရှင်
အာစာရာလင်္ကာရ(စမ်းကိုင်းရွှေဟသာ)
အား ဂါရဝပြုပူဇော်ခြင်း



◆ ကိုးအညီ.ရသာသနာပြု ဆရာတော် အရှင် အာစာရာလင်္ကာရ (စမ်းကိုင်းရွှေဟသာ)

ဆရာတော်သည် **၁၃၃၀ပြည့်နှစ်၊ နယုန်လပြည့်ကျော်(၆)ရက်၊ တနင်္ဂနွေနေ့တွင်** မွေးဖွားခဲ့ရာ မဟာဘုတ်အရ ဝ,ကြွင်း မဟာဘုတ်ပိုင်ရှင် ဖြစ်ပါတယ်။

* * *

| | | |
|---|---|---|
| | ၄ | |
| ၆ | ၂ | ၅ |
| ၃ | ၀ | ၁ |

တနင်္ဂနွေသား ပုတိဖွားဖြစ်တဲ့ အတွက် နေရာဌာန အပြောင်းအရွှေ့များ တတ်ပြီး အစဉ်သဖြင့် လှည့်လည်သွား လာနေတတ်ပါတယ်။ မိမိမွေးရာ ဇာတိမှာ မထွန်းကား မကြီးပွားတတ်ပါဘူး။ တစ်မြို့တစ်ရွာ တစ်နေရာ(မွေးရာဇာတိ မဟုတ်သောဒေသ)မှာသာ ထင်ပေါ် တတ်၊ ကျော်ကြားတတ်၊ အောင်မြင် တတ်ပါတယ်။

သောကြာဂြိုဟ်သည် ခရီးဂြိုဟ်ဖြစ် တဲ့အတွက် ဘုရားဖူးခရီးများ၊ သာသနာ ခရီးများ မကြာခဏ ကြွရတတ်ပါတယ်။ တရားဟောခြင်း ဓမ္မကထိက အလုပ်နဲ့လဲ အထူး အကျိုးပြုပါတယ်။

အသံနဲ့ဆိုင်သော လုပ်ငန်းများဖြင့် အကျိုးရကြောင်း၊ အောင်မြင်ကြောင်း ကတော့ ဆရာတော်သည် တရားအပုဒ် ပေါင်း(၂၀၀)ကျော် ဟောကြားပြီးဖြစ် ခြင်း..

တရားတိတ်ခွေပေါင်း (၅၀၀၀၀) ကျော် ဟောကြား ဖြန့်ချိပြီးဖြစ်ခြင်း၊ တရားတော် ဗီစီဒီပေါင်း(၈၀၀၀၀)

နက္ခတ္တဗေဒင်ဖြည်မဂ္ဂဇင်း၊ အမှတ် စာမျက်နှာ (၁၁၇) သို့

www.burmeseclassic.com

# မေတ္တာရေစင် စွမ်းအားရှင်



ကင်းပြင်ချမ်းသာ

စိတ်ဝင်စားစရာကောင်းတဲ့ တကယ့်ဖြစ်ရပ်မှန်လေးတစ်ခု ရင်ထဲမှာ ရှိနေတာ ကြာလှပါပြီ။

သက်ဆိုင်သူ အမေကြီးကတော့ ကွယ်လွန်သွားရှာပြီ ဖြစ်ပေမယ့် ဖြစ်ခဲ့တာတွေက မေ့ပျောက်လို့ ရမှာမဟုတ်ကြပါဘူး။

ဘုရားစင်ပေါ်က ရေပုလင်းလေးကို တွေ့တိုင်း သတိရနေကြနေမှာပါ။

အဲဒီတုန်းက **တောင်တန်းသာသနာပြုဆရာတော်ကြီး ဦးဥတ္တမသာရ သက်ရှိထင်ရှား ရှိနေချိန်** ဆရာတော်ကြီး၏ ကြီးမားသော မေတ္တာကရုဏာတော် အရှိန်အဝါ၊ ထင်ရှားမှု ဂုဏ်သတင်း မွှေးပျံ့သင်းကြိုင်နေတဲ့ ကာလပေါ့။

အမေကြီးဟာ တရုတ်လူမျိုး ဗုဒ္ဓဘာသာ ကိုးကွယ်သူ ဖြစ်ပါတယ်။ အမေကြီးဟာ ကံမကောင်းရှာပါဘူး။ အသက်ကြီးမှ လည်ချောင်းကင်ဆာဖြစ်လို့ လည်ချောင်းထဲ စတီးပြွန်ထည့်ထားရတဲ့ လူမမာတစ်ယောက်ပါ။

ဒါပေမယ့် စိတ်ဓာတ် သိပ်ပြီးကြံ့ခိုင်ပါတယ်။ သွားသွားလာလာပါပဲ။ တစ်နေ့ ဘယ်က ဘယ်လို ကြားလာသလဲ မသိပါဘူး။ ဆရာတော်ကြီးကို အမွေးတိုင်လုပ်တဲ့ လုပ်ငန်းရှင်တစ်ယောက်က အိမ်ပင့်တယ်ကြားတော့ ဆိုက်ကားစီးပြီး အဲဒီအိမ်ကို သွားတယ်။

ဆရာတော်ကြီးကို ဖူးတရားနာပြီးတော့ ရေမန်းတစ်ပုလင်းနဲ့ အိမ်ပြန်ရောက်လာတယ်။ ဘုရားစင်မှာ ရေမန်းပုလင်းကို တရိုတသေ တင်ထားတယ်။

တစ်ခါတော့ အမေကြီးဟာ အိပ်ရာထဲက မထနိုင်အောင် ရောဂါက နှိပ်စက်လာတယ်။ အဲဒီနေ့က ဖြစ်ပုံက ဒီလိုပါ။

အမေကြီးရဲ့ ချွေးမက အဝတ်အိုးကို လျှပ်စစ်မီးဖိုပေါ်တင်ပြီး ပြုတ်ထားတယ်။ ည(၉)နာရီလောက်မှာ မီးပျက်သွားတော့ မေ့သွားတယ်နဲ့တူပါရဲ့ မီးခလုတ် မပိတ်မိဘူး။

အိပ်ရာထဲ အသီးသီး ဝင်သွားကြတော့တာပေါ့။ သူတို့အားလုံး အိပ်ပျော်နေတုန်း မီးပြန်လာတယ်။ အဝတ်အိုးကြီး တဖြည်းဖြည်း ရေခန်းပြီး အဝတ်တွေကို မီးကျွမ်းလောင်တော့တာပါပဲ။ မီးညွန့်က တော်တော်လေး မြင့်နေပြီ။

အဲဒီအချိန်မှာ အမေကြီးကို လူတစ်ယောက် လာနှိုးတယ်။ ဘုန်းကြီးလိုလို လူလိုလို ဇဝေဇဝါပဲတဲ့။

'တဲ့ သမီး ထ... ထ... သမီးအိမ် မီးလောင်နေပြီ'

လို့ ပြောလဲပြော၊ ဆွဲလဲထူတယ်။ အမေကြီးလဲ ဇဝေဇဝါ ကယောင်ကတမ်းနဲ့ ထလိုက်သွားတယ်။

နောက်ဖေးခန်း ရောက်တော့ မီးတောက်ကြီးကို အမေကြီး တွေ့လိုက်ရပေမယ့် ကြောင်အမ်းအမ်းကြီး ဖြစ်နေတယ်။

'ကဲ သမီး မီးခလုတ်ကို ပိတ်လိုက်'

အမေကြီးက ပိတ်လိုက်တယ်။

'ရေခပ်ပြီး လောင်းချလိုက်'

ရေခပ်ပြီး လောင်းလိုက်တယ်။

'ကဲ ကဲ မီးငြိမ်းသွားပြီ သမီး သွားအိပ်တော့'

လို့ ဆိုပြီး အိပ်ရာပေါ် ပို့ပေးတယ်။ အမေကြီးလဲ ချက်ချင်းပဲ ပြန်အိပ်ပျော်သွားတယ်။

မနက်မိုးလင်းတော့ နောက်ဖေးခန်းက ကျွက်စီကျွက်စီ အသံကြားလို့ အမေကြီး နိုးလာတယ်။ သူ့သားကို ဘာဖြစ်သလဲလို့ မေးတယ်။ သူ့သားက...



www.burmeseclassic.com

www.burmeseclassic.com

'အမေ ညက မီးလောင်တယ်နဲ့တူတယ်။ ဒါပေမယ့် ဒီမီးကို ဘယ်သူ ငြိမ်းထားမှန်း မသိဘူး'

လို့ ပြောတယ်။ အမေကြီးက...

'ဟဲ့ နင်ပဲ ညက ငါ့ကို လာနှိုးပြီး မီးငြိမ်းခိုင်းတာလေ'

လို့ ပြောတော့ သူ့သားက အံ့သြသွားပြီး...

'အမေကလဲ မီးလောင်မှန်း သားသိရင် အမေ လူမမာကြီးကို နှိုးနေပါ့မလား၊ ကိုယ့်ဘာသာ ငြိမ်းမှာပေါ့'

လို့ ပြောတယ်။

အမေကြီးက **"ဒါဆို ငါ့ကို ဘယ်သူ လာနှိုးတာလဲ"**ဆိုပြီး ညက အဖြစ်အပျက်ကို ပြောပြတယ်။

အားလုံး စဉ်းစားလိုက်ကြတာ နောက်ဆုံးတော့ သူတို့တစ်အိမ်သားလုံး ယုံကြည်လက်ခံလိုက်ကြတာက တော့ ဆရာတော်ကြီးရဲ့ မေတ္တာရေစင် ကြောင့် ဆိုတာပါပဲ။

ဒီအကြောင်းတွေ မသိခင်က ကျွန်မ ကိုယ်တိုင် ခံစားခဲ့ရတဲ့ ခံစားမှုလေးကို လဲ တင်ပြချင်ပါတယ်။ ကျွန်မတို့ မြို့နယ်မှာ ဆရာတော်ကြီးရဲ့ တရားပွဲရှိတော့ ကျွန်မ သိပ်ဖူးချင်တာနဲ့ သွားဖြစ်ပါတယ်။

တရားပွဲပြီးတော့ ဆရာတော်ကြီး ပြန်ကြွမယ်ဆိုပြီး ကားရောက်လာပါတယ်။ အဲဒီကားက ကျွန်မတို့ နေရာ ယူထားတဲ့ လမ်းဘေးနားမှာ လာရပ်ပါတယ်။

ဆရာတော်ကြီးက ကားနားရောက်တော့ ကားပေါ်မတက်ခင် ပတ်ဝန်းကျင်က တရားနာပရိသတ်ကို မျက်လုံးဝေ့ကြည့်လိုက်ပါတယ်။ ကျွန်မဟာ ဆရာတော်ကြီးနဲ့ဆိုရင် (၆)ပေလောက်အကွာ ကားနောက်ဖုံးနားမှာ ရပ်ပြီး မမှိတ်မသုန် ဖူးနေမိပါတယ်။

ဆရာတော်ကြီးရဲ့ အကြည့်နဲ့ ဆုံမိလိုက်ချိန်မှာ ကျွန်မ ခေါင်းပေါ်ကနေ ရေခဲရည် လောင်းချလိုက်သလိုပဲ။ တဖြည်းဖြည်း တအိအိနဲ့ တစ်ကိုယ်လုံး အေးမြတဲ့ခံစားမှု လွှမ်းခြုံခြင်းကို ခံစားလိုက်ရတာပါပဲ။

ဆရာတော်ကြီးရဲ့ မေတ္တာဓာတ်ကို ကျွန်မ ရရှိခံစားလိုက်ရတာလို့ ကျွန်မ ဝမ်းမြောက်ဝမ်းသာ-ခံယူမိပါတယ်။

ကင်းငြိမ်းချမ်းသာ

စာမျက်နှာ (၁၀၅)မှ အဆက်

ကျော် ပေါကြွား ဖြန့်ချိပြီးဖြစ်ခြင်းက သက်သေပါပဲ။

ဗုဒ္ဓဟူးဂြိုဟ်သည် အင်္ဂပတိအိမ်မှာ ရပ်တည်တဲ့အတွက် ကောင်းတစ်ဝက်၊ ဆိုးတစ်ဝက်လို့ ဆိုရမှာပါပဲ။ ဗုဒ္ဓဟူးဂြိုဟ်ရဲ့သဘောက လူနဲ့ လူမှုရေးလို့ ဆိုထားရာ လူကောင်းတွေနဲ့ ကြုံရသလို လူလိမ်တွေနဲ့လဲ ဆုံရမှာပါပဲ။

လူမှုရေးလုပ်ငန်းများ (၅၀%)သာ စိတ်ကြိုက် အောင်မြင်မှုရပါမယ်။ အဓိက ပြောချင်တာကတော့ ဝမ်းနဲ့ပတ်သက်သော ရောဂါ၊ အစာအိမ်ရောဂါများ ဖြစ်တတ်ခြင်းပါပဲ။

ကြာသပတေးဂြိုဟ်၊ ပညာဂြိုဟ်၊ ဆရာဂြိုဟ်သည် ရာဇအိမ်မှာ ရပ်တည်တဲ့အတွက် ဆရာကောင်းသမားကောင်းများနဲ့ ကြုံရခြင်း၊ ဆရာအကြီးအကဲ ဖြစ်စေခြင်းတို့ပါပဲ။

ပညာရေးဆိုင်ရာလုပ်ငန်း အထူးအောင်မြင်ပါတယ်။ ပမာပြရရင် ဗုဒ္ဓယဉ်ကျေးမှုသင်တန်းပေါင်း (၂၀၀)ကျော်၊ တရားစခန်းပေါင်း (၂၀၀)ကျော်၊ ပရိသတ်ပေါင်း တစ်သိန်းကျော်ကို တရားဓမ္မ သင်တန်းပို့ချခဲ့ခြင်းပင် ဖြစ်ပါတယ်။

ထို့ပြင် ကျမ်းစာအုပ်ပေါင်း(၃၀)ကျော်၊ စာအုပ်ရေပေါင်း (၉)သိန်းကျော် ဖြန့်ချိနိုင်ခြင်းလဲ ဖြစ်ပါတယ်။

စနေဂြိုဟ်သည် ဘာဂအဖျက်အိမ်တွင် ရပ်တည်နေသဖြင့် ဆရာတော်သည်...

မုယင်ဒေသာကရောက်သူများ။

ဆင်းရဲနွမ်းပါးသူများ။

ခိုကိုးရာမဲ့သူများအား ကူညီပံ့ပိုးပေး ရတတ်ပါတယ်။

**အင်္ဂါဂြိုဟ်သည် မရဏအိမ်၌ ရပ်တည်တဲ့အတွက်...**

- စိတ်ဓာတ်မာကျောခြင်း။
- မှော်လျှပ်မယောင်း မာလျှင်သံချောင်းဆိုသည့် စိတ်မျိုးရှိခြင်း။
- အတိုက်အခံများခြင်း...

တို့လဲ ရှိတတ်ပါတယ်။

**သောကြာဂြိုဟ် (အတွင်းဂြိုဟ်)နဲ့ တနင်္ဂနွေဂြိုဟ် (မူတိဂြိုဟ်)သည် ပဉ္စမသဖြင့်...**

- အတွင်းရန်ရှိခြင်း။
- အနီးကပ်ရန်သူရှိနေခြင်း။
- လုပ်ငန်းတွင် ပဋိပက္ခရှိခြင်း။
- စည်းလုံးမှု ပျက်ပြားစေတတ်ခြင်း...

တို့ ကြုံတွေ့ရတတ်ပါတယ်။

ကျေးဇူးရှင် ဆရာတော် အရှင်အာစာရာလင်္ကာရ (စစ်ကိုင်းရွှေဟသ်ာ)အား ပူဇော် ဂါရဝပြုအပ်ပါသည်။


***အေးပါစေ အောင်ပါစေ***

သန်းပညာ



www.burmeseclassic.com

www.burmeseclassic.com



# သင်္ကေတများ

ဘာသာစကား (၂၇)

ဟူကွင်းဇီ

## သွားဖုံး

ပါးစပ်အတွင်း သွားများကို ပတ်ရံထောက်ဖို့ထားသော သွားအခြေကြွက်သားစိုင်ဖြစ်သည့် သွားဖုံးသည် ပင်ကိုမူလ အခြေခံ အကြောင်းရင်းဟူသော အဓိပ္ပာယ်ရှိသည်။ သို့မဟုတ် ပဓာန အကြောင်းရင်း မဟုတ်သေးပါ။ ပံ့ပိုးပေးသည့် အင်အားစု အခြေအနေ ထက်ဝက်မျှကိုသာ ရည်ညွှန်းသည်။

အကြောင်းရင်းတစ်ခုကို လေ့လာစိစစ်ရာ၌ **'သွားဖုံး'**ကို သင်္ကေတပြုပါက အခြေခံ အကြောင်းရင်း၏ (၅၀) ရာခိုင်နှုန်း ထက်ဝက်မျှကို တွေ့ရှိရသည်။ သို့မဟုတ် ထက်ဝက်မျှ ပါဝင်ပတ်သက်နေသည်ဟု ရည်ညွှန်းခြင်းဖြစ်သည်။ အရေးပါသော နောက်ခံအင်အားစု၏ ထက်ဝက်မျှကို ကိုယ်စားပြုလေသည်။

## အပူငွေ့

ခံစားသိသင်္ကေတ ဖြစ်သည်။

အထူးသဖြင့် နေရောင်၏ နွေးထွေးခြင်းကို စံပြုဖော်ပြလေ့ရှိသော သင်္ကေတဖြစ်သည်။ ခန္ဓာကိုယ်အတွင်း ဝိညာဉ်ပိုင်းဆိုင်ရာအတွက် စွမ်းအင်များ ပျိုးထောင်ပေးသည်။

အသက်ရှင်လိုမှုနှင့် ဆက်လက်ရှင်သန်ပွားစီးမှုအတွက် လုံလောက်သော စွမ်းအင်များ ပေးစွမ်းသည်။

ကမ္ဘာဦးလူများ မီးကို စတင်တွေ့ရှိလာသောအခါ နွေးထွေးသော ပတ်ဝန်းကျင်၊ နေထိုင်မှု၊ ပြောင်းလဲထက်မြက်စေသော အရသာ အသစ်အဆန်းတို့ကို မြည်းစမ်းခွင့် ရကြသည်။

ထိုမှ တစ်ဆင့်ပြီးတစ်ဆင့် တက်လှမ်းက အပူစွမ်းအင်ဖြင့် လောကအပေါ်ထပ် အဆောက်အအုံများ ဖန်တီးနိုင်လာကြလေသည်။

အပူငွေ့၏ မူလဖော်ညွှန်းချက်ကား စေ့စပ်ညှိနှိုင်းပေးသော သံတမန်ဖြစ်သည်။

နှလုံးသားနှင့် ဝေါဟာရစကားလုံးများပေါ်ထွက်ရာ နှုတ်လျှာတို့ အကြား...

အသံနှင့် အသွေးအရောင်တို့ အကြား...

လူသားနှင့် ရာသီဥတုတို့အကြား...

သားသမီးနှင့် မိခင်၊ ဖနီးနှင့်ခင်ပွန်း၊ မိတ်ဆွေရင်းချာ...

စသည် စသည်တို့အကြား အဓိပ္ပာယ်ပြည့်ဝသော အသံတိတ်ဘာသာစကားဖြင့် ဆက်စပ်ပေးသည့် သံတမန်ဖြစ်သည်ဟု ဆိုပေသည်။

## ကောင်းကင်

အပြောကျယ်ခြင်း၊ အဆုံးအစ မရှိခြင်းနှင့် လူသားနှင့် နတ်ဘုရားများ၏ ဝိညာဉ်ပေါင်းဆုံရာ ဆုံမှတ်အဖြစ် ဖော်ကျူးကြသည်။

ရှေးဂရိအယူအဆအရ ကောင်းကင်ပြင်သည် တစ်ခုတည်း တည်ရှိခြင်း မဟုတ်ဘဲ မြင်နိုင်စွမ်းမရှိသည့် အခြားသော ကောင်းကင်ပြင် များစွာ စုဝေးတည်ရှိသည်ဆို၏။

အလှမ်းကွာဝေးလှသဖြင့် လူသာမန်တို့ တွေ့မြင်နိုင်ခြင်း မရှိဘဲ နတ်ဘုရားများသာ တွေ့မြင်စွမ်းဆောင်နိုင်သော အရာဖြစ်သည်ဆို၏။

အရှေ့တိုင်း တရုတ်တို့ဓလေ့တွင်



www.burmeseclassic.com

www.burmeseclassic.com

ကောင်းကင်ကို လောက ကမ္ဘာကြီး အဖြစ် သင်္ကေတပြုကြသည်။ **ကောင်းကင်အောက်ပထမ** (Tiān Xià Di Yi)(ထျဲန်းရှာတီယီ)ဟူသော ကြုံးဝါးသံသည် **ငါသာလျှင် လောကဦးသျှောင်၊ ငါသာလျှင် လောကကြီး၌ တစ်ဦးတည်းသော စွမ်းဆောင်ရှင်ဟု** ဆိုလိုခြင်း ဖြစ်သည်။

ကျောက်စိမ်းနန်းတော်ဖြင့် စံမြန်းနေသော ကောင်းကင်နတ်မင်းကြီးအား တိုင်တည်တမ်းတရာတွင်လည်း **'အို ကောင်းကင်ကြီး'**ဟု ဆိုမြည်လေ့ရှိကြသည်။


'လူမသိသော်လည်း ကောင်းကင်သိသည်' မကောင်းမှုဟူသည် ဆိတ်ကွယ်ရာ မရှိပါ။ လူမသိသော်လည်း နတ်များ သိကြသည်ဟု ဆိုလိုခြင်း ဖြစ်သည်။

ထို့အပြင်လည်း ကောင်းကင်ကို ကောင်းကင် ကောဇီသဘော၊ ပင်ကိုသဘောဖြင့် တင်စားသကဲ့သို့ အဓွန့်ရှည်ကြာတည်တံ့နိုင်မြဲခြင်း၊ သမ္မာသမတ်ကျခြင်း၊ ကံကောင်းထောက်မခြင်း၊ သုခဘုံ လွှမ်းခြုံခြင်း၊ ဘုရားသခင် စသည့် အဓိပ္ပာယ်များဖြင့်လည်း ဖော်ညွှန်းတတ်ကြလေသည်။

ညဥ့်အမှောင် လွင့်ပျောက်နေသော နေ့ခင်းကာလ၊ တစ်နေ့တာ၊ နေ့စဉ်ရက်ဆက် စသည်တို့ကိုလည်း **'ကောင်းကင်'**ဟူသော ဝေါဟာရဖြင့် ပင် ကိုယ်စားပြုကြသည်။

## သံခမောက်

ဦးခေါင်းနှင့် ငယ်ထိပ်ကို ကာကွယ်ပေးသော၊ မတော်တဆ ထိခိုက်ဒဏ်ရာရခြင်းမှ သက်သာစေသည့် ခေါင်းအုပ်ဆောင်းဖြစ်သည်။ **(ယနေ့ခေတ် ဆိုင်ကယ်စီးနင်းသူများ အသုံးပြုသည့် ဦးခေါင်းအကာအကွယ်**





**ပစ္စည်းကို ရှုပါ။)**

ခြုံငုံသက်ဝင်ခြင်းအဓိပ္ပာယ် ဆောင်သကဲ့သို့ ထိန်းသိမ်းချုပ်ကိုင်ခြင်း၊ ထောက်ကန်ကာကွယ်ပေးခြင်း အနက်ဖြင့်လည်း သင်္ကေတပြုကြသည်။

လူ၏ ကိုယ်ခန္ဓာအတွင်း ပျံ့နှံ့ရောက်ရှိနေသော ရောဂါပိုး သို့မဟုတ် လူမှုအဖွဲ့အစည်း တစ်ရပ်အတွင်း စိမ့်ဝင်သက်ရောက်နေသော ဓလေ့စရိုက်ကို ရည်ညွှန်းလိုသောအခါ **'သံခမောက်'**ဖြင့် သင်္ကေတပြုကြသည်။

တစ်နည်းအားဖြင့် ဘေးအန္တရာယ်ရှိသည် သတိထားပါ၊ ကြိုတင်ကာကွယ် အသင့်ပြင်ထားပါဟု တပ်လှန့်နှိုးဆော်သည့် သင်္ကေတလည်း ဖြစ်သည်။

## တွင်းပေါက်

ရုပ်ပိုင်းဆိုင်ရာတွင် အားအင်ပြည့်ဝခြင်း၊ တိုးပွားခြင်း အနက်ဆောင်သည့် သင်္ကေတဖြစ်၍ စိတ်ဝိညာဉ်ပိုင်းဆိုင်ရာတွင် လွတ်မြောက်ခြင်း၊ ပွင့်လင်းခြင်း သဘောဆောင်သင်္ကေတ ဖြစ်သည်။

မြေပြင် သို့မဟုတ် ကျောက်ဆောင်၊ ပစ္စည်း စသည့် အရာဝတ္ထု အစိုင်အခဲ အတွင်း ထိုးဖောက်ဝင်ရောက်နေသည့် တွင်းပေါက်သည် သက်ဆိုင်ရာ ရုပ်ဝတ္ထုပစ္စည်း၏ အတည်စွမ်းအင် ရရှိသဖြင့် အားအင်ပြည့်ဝခြင်း၊ တိုးပွားခြင်းကို ဖော်ညွှန်းခြင်းဖြစ်သည်။

စိတ်ဝိညာဉ်ပိုင်း ဆိုင်ရာတွင်မူ ထိုးဖောက် ဝင်ရောက်ခြင်းသည် လွတ်မြောက်ခြင်း၏ အခြေခံဖြစ်ရာ ပွင့်လင်းခြင်း၊ လွတ်မြောက်ခြင်း၊ အနက်ဆောင်ခြင်းဖြစ်သည်။

တရုတ်ဓလေ့တွင် ကောင်းကင်နှင့် ဆက်စပ်နေသော ဗီး(Pī)ဟူသော ကိရိယာတစ်ခုရှိသည်။ ကျောက်စိမ်းပြားကို အလယ်တွင် ထွင်းဖောက်ထားခြင်းဖြစ်သည်။ ယင်းကိရိယာနှင့် ဆက်စပ်၍ **ဗီးလီ**(PīLì)ဟူသည် **မိုးကြိုး၊ မိုးကြိုးစက်**ဟု ခေါ်ကြသည်။

ဤကိရိယာသည် ကောင်းကင်ဘုံသို့ ဆက်သွယ်ပေးသော တံခါးဝ ဖြစ်သည်။ ကောင်းကင်ပြတင်း ဖြစ်သည်။ လွတ်မြောက်ခြင်း၊ ပွင့်လင်းခြင်း အနက်ဆောင်သည်ဖြစ်ရာ တရုတ် ဗိသုကာပုံစံအရ တည်ဆောက်ထားသော အဆောက်အအုံ အခန်းစုအတွင်း အမိုးမျက်နှာကြက် တစ်နေရာ၌ အပေါက်ငယ်တစ်ခု ဖောက်ထားလေ့ ရှိကြသည်။

ယင်းအပေါက်ငယ်ကို (Tiān Jǐn) (ထျဲန်းကျင်) **'ကောင်းကင်ရေတွင်း'**ဟု အမည်ပေးထားသည်။ လွတ်မြောက်ခြင်း၊ ပွင့်လင်းခြင်းအနက်ဆောင် **"ကောင်းကင်ပြတင်း"** ဖြစ်ကာ **"တွင်းပေါက်"**တစ်ခုပင် ဖြစ်သည်။

ကျောက်စိမ်းပြားများတွင် သဘာဝအလျောက် တွင်းပေါက်ဖြစ်နေသော ကျောက်စိမ်းကျောက်ကွင်းကို **လွတ်မြောက်ခြင်း**(အခက်အခဲ အချုပ်



www.burmeseclassic.com

www.burmeseclassic.com

အတည်းမှ လွတ်မြောက်ခြင်း) ပွင့်လင်းခြင်း(**ငွေကြေး၊ ပစ္စည်းဥစ္စာ၊ လာဘ်သပ်ပကာများ ပွင့်လင်းဝေဆာခြင်း)** တို့အတွက် နေအိမ်ဂေဟာများတွင် အဆောင်ပြုလေ့ ရှိကြသည်။


လွတ်မြောက်ခြင်းတွင် ရန်ဘေးအသွယ်သွယ်လည်း ပါဝင်သည်ဖြစ်ရာ မီးဘေးမှ လွတ်မြောက်စေခြင်း(မီးကွင်းခြင်း) အကျိုးကိုလည်း ခံစားရနိုင်သည်ဟု ယုံကြည်ကြလေသည်။

ဟိန္ဒူဓလေ့တွင်လည်း ထို **ကျောက်စိမ်းကျောက်ကွင်း** (တွင်းပေါက်)ကို **လမ်းတံခါးဝ**(Gateway)ဟု သတ်မှတ်ကြသကဲ့သို့ အာရှတိုတီလီယမ်လူမျိုးတို့က **"မရွေ့မပြောင်းနိုင်သော ရွေ့ပြောင်းခြင်း"**ဟု အဓိပ္ပာယ်ဖွင့်ကြလေသည်။

**(ထို ကျောက်စိမ်းကျောက်ကွင်း ရတနာကို တရုတ်ရေးထုံးအားဖြင့် ( 㻙 )ဖီး(Pī)ဟု ရေးသားကြပါသည်။ ထိုသို့ ကျောက်စိမ်းကျောက်ကွင်းသာမက အခြားသော သဘာဝ ကျောက်ကွင်းများကိုလည်း အထက်ပါအတိုင်း သတ်မှတ်ကာ အမြတ်တနိုး တန်ဆာဆင် အဆောင်ပြုသုံးစွဲလေ့ ရှိပါသည်။)**

ကျောက် သို့မဟုတ် မြေပြင်ရှိ တွင်းပေါက်သည် အတွင်းနှင့်အပြင်၊ အရှုပ္ပနှင့် ဗဟိဒ္ဓ၊ ရုပ်ပိုင်းဆိုင်ရာနှင့် စိတ် ဝိညာဉ်ဆိုင်ရာ ခံစားမှု၊ အပူနှင့် အအေး၊ အလင်းနှင့်အမှောင်၊ အဓိကနှင့်သာမည စသည့် ဆန့်ကျင်ဘက် အင်အားစုများအကြား ဆက်စပ် ပေါင်းစည်းပေးသော သဘောလည်း ဆောင်ယူကြသည် ဆိုလေသည်။

**ဟူရုင်းဖီ**



**၂၀၁၃ ခုနှစ်၊ အောက်တိုဘာလအတွင်း**

# လာဘ်လာဘ

**ရှင်လန်းစေဖို့**

အောက်တိုဘာလ သာယာလှပသော ရေမြေရာသီဥတု ချိန်ခါသမယတွင် ငွေကြေးလာဘ်လာဘများ ဝေဆာ ရှင်လန်းစေရန်အတွက် အလုံးအပိုင်း ပုံသဏ္ဌာန်ရှိသော စားဖွယ်သောက်ဖွယ် တစ်မျိုးမျိုးကို အောက်ပါ အစီအစဉ်အတိုင်း လှူဒါန်းဒါနပြုကာ လိုအပ်သောဆုကို တောင်းကြရန် ဖြစ်သည်။

* * *

| မွေးနှစ် | ခုရေ | အရပ်မျက်နှာ | အလှူခံပုဂ္ဂိုလ် | လှူရန်နေ့ |
|---|---|---|---|---|
| ကြွက် | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| နွား ကျား | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| ယုန် | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| နဂါး မြွေ | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| မြင်း | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ဆိတ်၊ မျောက် | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ကြက် | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| ခွေး ဝက် | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |

**ဥပမာ ။ ။** ဝက်နှစ်ဖွားတို့သည် ကျွဲကောသီးတစ်လုံးကို ဗုဒ္ဓဟူးနေ့တွင် မြောက်အရပ်ရှိ အင်္ဂါသားသမီးတစ်ဦးအား လှူဒါန်းကာ ဤလအတွင်းရရန်ရှိသော ငွေကြေးလာဘ်သပ်ပကာတို့ ဝေဆာလွယ်ကူစွာ ဝင်ရောက်ပါစေကြောင်း သမ္မာဒေဝများထံ ဆုတောင်းရလေသည်။


***လာဘ်လာဘ ရှင်လန်းဝေဖြာကြ ပါစေ၊***

**ထက်မင်းကျော်စွာ**



www.burmeseclassic.com

www.burmeseclassic.com



# သွပ်မှုလဖမ်း

သွပ်ဓာတ်လုံးဆိုလျှင် အများသူငါ သိရှိကြပါသည်။ သွပ်ကို ရသေ့ဒိုဟု ပြောလေ့ပြောထ ရှိကြပါသည်။ ဘာကြောင့်ပါလဲဟု ဆိုလျှင် အဖမ်းခက်သောကြောင့် ဖြစ်ပါသည်။

ရှေးပညာရှင်ကြီးများ အဆိုအမိန့် ရှိပါသည်။ ဝါသနာရှင်များ ဗဟုသုတ အလို့ငှာ မှတ်သားစေချင်ပါသည်။

သွပ်၏ဦးခေါင်းသည် ရွှေဖြစ်သည်ဟု ဆိုပါသည်။ သွပ်သည် **ရွှေနှင့်သတ်မှ စမွစ်သေသည်။** ပြဒါးအုပ်စုန်းသမျှသည် **'ဂဠုန်ကုတ်သတ်နဂါးချုပ်၏'** ဟု ဆိုပါသည်။

ပြဒါးအုပ်စု၏ ဂဠုန်အစစ်သည် ရွှေပါပဲ။ ဒါကို ဆင်ခြင်စဉ်းစားကြစေလိုပါသည်။

မိမိက စာရေးသားတော့ အဂ္ဂိရတ်သမား(ဆရာ) အတော်များများ လာကြပါသည်။ ယင်းတို့အထဲမှ ထူးခြားသော တွေ့ရှိချက်ရှိသည့် ပုဂ္ဂိုလ်များလည်း ပါသည်။

သူ၏ တွေ့ရှိချက်က ဘာပါလဲဆိုတော့ ပြဒါးအရည်ကို ရွှေနှင့် သွင်းပြီးတော့ အခေါက်တုံးလိုဖြစ်ကာ ရွှေဘက်ကူးပြီး အခဲဘဝကို ရောက်သွားပါသည်။ သို့သော် မီးမခံပါ။ ဤအခဲကို မြဲအောင် ဆေးနှင့်ထိုးရမှာပါ။ ချော်နှင့် အုပ်ထိုးရမှာပါ။ သူမသိဘဲ ဖြစ်နေပါတော့သည်။

အစ ဂဠုန်ကုတ်တာတော့ ဟုတ်ပါပြီ။ နောက် ဂဠုန်တစ်ကောင် ကုတ်ဖို့ရန် ကျန်နေပါသည်။ ဤသည်မှာ မီးဂဠုန် ဖြစ်ပါသည်။ ဗဟုသုတ ဖြစ်စေခြင်းငှာ ရေးလိုက်ခြင်း ဖြစ်ပါသည်။

သွပ်ကို **ရွှေဂဠုန်ကုတ်သတ်လို့သေပြီဆိုပါလျှင်** အတိုချုံးရေးပါမည်။ ***ကုန်*** ပြီးစီးသွားပါတော့သည်။

ယခု သွပ်မှုလဖမ်းပုံဖမ်းနည်းကို ရေးသားဖော်ပြပေးသွားပါတော့မည်။

**ကျွဲကျောင်းမင်စေးအပင်** ဆိုတာ လူအတော်များများ သိကြမည် ထင်ပါသည်။ အဘယ်ကြောင့်ဆိုသော် ကလေးငယ်များ ဝမ်းကိုက်ရောဂါ ဖြစ်သောအခါ ရောဂါပျောက်အောင် သုပ်ပြီး ကျွေးကြလေ့ ရှိပါသည်။ ထို့ကြောင့် လူသိများခြင်း ဖြစ်သည်။ အပင်မှာ မြေကိုကပ်၍ ပေါက်ပါသည်။ နွေအခါ အပင်ကျရှာ ရှာမရပါ။

ယင်းအပင်မှာ အစိုကိုလည်း သုံး၍ရသည်။ အခြောက်ကိုလည်း သုံး၍ရပါသည်။ သွပ်အဆီများများ သွပ်ကောင်းကောင်းကို သံဒယ်တွင် ထည့်ပြီး အရည်ကျိုပါ။

ဥပမာ သွပ်ဆယ့်ငါးကျပ်သားခန့် ရှိမည်ဆိုပါလျှင် ကျွဲကြောင်းမှင်စေ့အပင် လက်တစ်ဖက်ဆုပ်လောက်ကို အပေါ်မှ ဖြန့်၍ ထည့်ပေးပါ။ ယင်းအပင်များ မီးစွဲရာ လောင်ကျွမ်းစ ပြုပြီဆိုလျှင် မွှေပေးပါ။

မကြာမီ သွပ်များ ကြိတ်ကြေပြာဘဲသို့ ရောက်ရှိသွားပါတော့သည်။

ယင်းကြိတ်ကြေအစများကိုပြန်ထောင်း၍ သံဒယ်နှင့် သုံး,လေးရက်ခန့် မီးဖိုပေါ်တင်ပေးထားပါ။

ယခုလောက်ဆိုပါလျှင် သုံး၍ရသော ပြာအဆင့်သို့ ရောက်ရှိသွားပါပြီ။ ယင်းပြာသည် အသား မဆင်းတော့ပါ။

ဥပမာ... ပြာတစ်ကျပ်သားဆိုလျှင် လက်ချားမီးပေါက်တစ်ကျပ်သား ရောထောင်းပါ။ ပြီးလျှင် လုံကို မီးရဲအောင် ဆွဲပါ။

လုံရဲလာပါက ရောထောင်းထားသော နှစ်ပါးကို နည်းနည်းချင်း ဖွန်းနှင့် ခပ်ထည့်ပါ။ ထိုအခါ **စိမ်းပြာပြာသွပ်ခိုး** ထွက်လာမည်၊ ကိစ္စ မရှိပါ။

နောက်တော့ စိမ်းပြာပြာ ထွက်တာ ရပ်သွားပြီး ချော်ကြည်လာမည်။ ထိုအခါ ပြာတစ်ကျပ်သားနှင့် လေးတူ သွပ်တစ်ကျပ်သားကို နှစ်၍ထည့်ပေးပါပြီ။ အဖုံးအုပ်ကာ ယင်းလုံ အေးသည်အထိ မီးဖြင့်ထားပါလေ။

ယင်းကို လေဖိုနှင့် ချော်အရည်ဖြစ်ရုံ မီးပေးပါ။ လုံပြောင်းသောအခါ သွပ်ကို ကြည့်ပါ။ ဒေါသကင်း၍ လုံးနေသည်ကို တွေ့ကြရပါမည်။

မီးပေးတတ်လျှင် မီးခံသွပ်ကို ဝါသနာရှင်များ ရရှိပါမည်။ ဖြည်းဖြည်းနှင့် ချက်တိုင်ရစ်ကာ မီးခံ၍ သွပ်လုံးကောင်းကို ရရှိပါတော့သည်။

**ဦးသုမန(မစိုးရိမ်)**



www.burmeseclassic.com

www.burmeseclassic.com

# ကံကောင်းစေမည့်

မင်္ဂလာအခြံအရံများ




ကြည့်ပါ။

✪ **လက်ညှိုးအောက် ကြာသပတေးဂြိုဟ်ခုံတွင် ရည်ရွယ်ချက်လမ်း ပါတယ်။(၁)**

ဒါကတော့ ရည်ရွယ်ချက်တိုင်းဖြစ်ခြင်း၊ ဆန္ဒပြည့်ဝစေခြင်းရဲ့ အမှတ်အသားတစ်ခုပါ။ ဒါကြောင့် ကံကောင်းစေမယ့် မင်္ဂလာအခြံအရံတစ်ခုလို့ ဆိုရပါမယ်။

✪ **လက်မရဲ့ ပထမဆစ်မှာ ဒေါင်းမျက်စိ ပါ,ပါတယ်။(၂)**

ဒါကတော့ ရိက္ခာပြည့်စုံခြင်း၊ အစားအသောက်မချို့ငဲ့ခြင်း၊ ကောင်းစားစေခြင်းရဲ့ အမှတ်အသားတစ်ခုပါ။ ဒါကြောင့် ကံကောင်းစေမယ့်မင်္ဂလာအခြံအရံတစ်ခုလို့ ဆိုရပါမယ်။

✪ **လက်သန်းအောက် ဗုဒ္ဓဟူးဂြိုဟ်ခုံမှာ မျဉ်းမတ်များ ပါ,ပါတယ်။(၃)**

ဒါကတော့ ငွေကြေးရလွယ်ခြင်း၊ လာဘ်ရွှင်ခြင်းရဲ့ သင်္ကေတဖြစ်လို့ ကံကောင်းတဲ့ မင်္ဂလာအခြံအရံပါပဲ။

✪ **တနင်္ဂနွေဂြိုဟ်ခုံတွင် အောင်မြင်ရေးလမ်း ပါ,ပါတယ်။(၄)**

ဒါကတော့ အသက်ကြီးလေ ကံကောင်းလေ အောင်မြင်လေဆိုတဲ့ သင်္ကေတပါ။

✪ **ရတနာဘဏ်တိုက် ပါ,ပါတယ်။(၅)**

ဒါကတော့ ငွေကြေးများစွာ စုဆောင်းမိနိုင်တဲ့ သင်္ကေတပါ။ ချမ်းသာစေတတ်တဲ့ အမှတ်အသားတစ်ခုပါ။


✪ **စနေဂြိုဟ်ခုံမှာ ကြာဖူးသဏ္ဍာန် ပါတယ်။(၆)**

ဒါကတော့ ဘာသာရေးဆိုင်ရာ အလှူကြီးပေးရခြင်း၊ ထီပေါက်ခြင်း၊ ငွေကြေးအစုလိုက် အပုံလိုက် ရစေခြင်း၊ ပူပင်သောက ငြိမ်းအေးခြင်း၊ အသက်ရှည်ခြင်း၊ ကံအခွင့်အလမ်းကောင်းကြုံခြင်းရဲ့ သင်္ကေတဖြစ်လို့ ကံကောင်းစေမယ့် မင်္ဂလာအခြံအရံပါပဲ။

*သင်၏ဘဝ သာယာချမ်းမြေ့ပါစေ။*

**ဆရာ ဦးခင်မောင်လင်း**
**(B.Sci ရွှေဘို)**
**(လက္ခဏာမဟာဘုတ်သုတေသီ)**

www.burmeseclassic.com



◆ တိုင်းသုံးဆောင်မျှောက်ရုံ

ထက်မြက်ကျော်စွာ

အောင်အတိတ်ဆောင်


# သိဂ္ဂနှုက်ဖောင်တော်ကြီးဆီမှ . . .

## ပုထိုးစေတီ နေရာထူးများ (၁၄)

**ယခင်လမှအဆက်**

အရှင်မြတ် သီဟိုဠ်ဘာသာမှ ပြန်ဆို ရေးသားခဲ့သော ဝိသုဒ္ဓိမဂ်ကျမ်းနှင့် ပိဋကတ်သုံးပုံအဖွင့် အဋ္ဌကထာကျမ်း ကြီးတို့မှာ မြန်မာနိုင်ငံ တစ်ဝန်းသာ မက ကမ္ဘာသို့ပင် ပျံ့နှံ့ကာ အကျိုး ကြီးမားဆောင်လျက် ရှိပေသည်။ **(မောင်စေတနာ၏ ဖင်းကျိုက်ဆံ တော်ရှင် ဘုရားသမိုင်း၊ စာမျက်နှာ ၃၂၊ ၃၃။)**

ရှင်မဟာဗုဒ္ဓဃောသ တန်ဆောင်း အတွင်း အရှင်မြတ်၏ ကျေးဇူးဂုဏ် ကို ရိုသေစွာ ရည်မှန်းကန်တော့ပြီး နောက် အာရုံခံတန်ဆောင်းများ အတွင်း ဝင်ကြည့်ရာ ရုပ်ပွားတော်များ စီစဉ်ထားပုံနှင့် ထုလုပ်မှုလက်ရာများ က မော်လမြိုင် တောင်ရိုးပေါ်မှ စေတီ ပုထိုးများတွင် တွေ့ရသည်နှင့် ဆင်တူ နေသည်ကို တွေ့ရသည်။



◆ တိုင်းသုံးဆောင် မျှောက်ရုံမှ ရုပ်ပွားတော်အချို့

လွန်ခဲ့သော နှစ် (၁၀၀)ကျော် ၁၂၅၀ ပြည့်နှစ်ဝန်းကျင်က လက်ရာ များဖြစ်သည်ကို သတိပြုမိသည်။ ကြီးမားသပ္ပာယ်ကြသော တင်ပျဉ်ခွေ ပန်းတော့လက်ရာဆင်းတုများ ဖြစ်ကြ လေသည်။

အရုံရုပ်ပွားတော်များမှလွဲ၍ အရှေ့၊ အနောက်၊ တောင်၊ မြောက် အာရုံခံ လေးခုတွင်း စံပယ်သော အဓိက

www.burmeseclassic.com

ရုပ်ပွားတော်လေးဆူမှာ နောက်ခံပလ္လင် တံကဲ၌ ယုန်နှင့် လရုပ်များ သရုပ်ဖော်ထားသော နေလရုပ်ပွားတော်များ ဖြစ်သည်ကို သတိပြုမိသည်။

မော်လမြိုင် ကျိုက်သန်လန်စေတီ မြောက်ဘက် ပန်းရန်ပျံ့ဝတ်အတွင်းမှ သိကြားမင်း ပန်းရန်သမား ဟန်ဆောင်ကာ သွန်းလုပ်ခဲ့သော နေလဘုရားနှင့် လက်ရာပုံဟန် တူညီနေသဖြင့် ဤရုပ်ပွားတော်များ၏ နောက်ခံဖြစ်စဉ်တော်ကို ရှာဖွေ ဖော်ထုတ်နိုင်ပါက ထူးခြားဖြစ်စဉ်တစ်ရပ် ပေါ်ထွက်နိုင်သည်ဟု ယူဆမျှော်လင့်လျက် ရွှေဆံတော်အား ကန်တော့နှုတ်ဆက်ထွက်ခွာခဲ့လေသည်။



◄ မိုးမခရုပ်ပွားတော်

▼ မိုးမခတန်ဆောင်း



## အလံတစ်ရာကုန်းတော်

သထုံမြို့ ပေါ်တော်မူရုပ်ကွက် ရွှေဆံတော်စေတီမှအပြန် စေတီနှင့် ကိုက်အနည်းငယ်သာ ဝေးသော မုခ်ဦးမှ ထွက်လိုက်သည်နှင့် သထုံ-ရန်ကုန် အဝေးပြေးလမ်းပေါ်သို့ ရောက်ရှိသည်။

ထိုမှ နောင်ကုလားရှမ်းရွာသို့ မိနစ်(၂၀)ခန့် မောင်းနှင်ပြီးနောက် ရှမ်းရွာအလွန်တွင် 'အလံတစ်ရာစေတီသို့' လမ်းညွှန်ဆိုင်းဘုတ်နှင့်အတူ ဖြောင့်ဖြူးသော ကွန်ကရစ်လမ်းကို တွေ့ရသည်။ ထိုလမ်းအတိုင်း (၅)မိနစ်ခန့် ခရီးဆက်ခြင်းဖြင့် အလံတစ်ရာစေတီ တောင်ဘက်မုခ်သို့ ရောက်ရှိလေတော့သည်။

တောင်ဘက်မုခ် အဝင်ဝရှိ စာအုပ်နှင့် ဗွီစီဒီခွေ၊ ပုတီး စသည် နိဗ္ဗာန်ကုန်ပစ္စည်း အရောင်းဆိုင်တွင် စေတီသမိုင်းအကျဉ်း မှတ်တမ်းရှာဖွေသော်လည်း မတွေ့ရချေ။ သို့ဖြင့် တောင်ဘက် စောင်းတန်းအတိုင်း ဝင်ရောက်ကာ အာရုံခံတန်ဆောင်းအတွင်းရှိ မတ်ရပ်ရုပ်ပွားတော်အား ဖူးမြော်သည်။

ရှေ့တော်မှောက်တွင် အဓိဋ္ဌာန်ကျောက်လုံးများ ထားရှိရာ မိန်းကလေးတစ်ဦးက ကျောက်ချီရန် အာရုံပြုဆုတောင်းနေသည်ကို တွေ့ရသည်။ မုခ်ဝအနီး ရပ်ထားသော ဘုရားဖူးကားကြီးနှင့် လိုက်ပါလာသူတစ်ဦး ဖြစ်ပေလိမ့်မည်။

အလံတစ်ရာ ဆရာတော်ကြီးသည် ဤစေတီအား **၁၃၁၄ ခုနှစ်မှ ၁၃၃၅ ခုနှစ်ထိ (၂၁)နှစ်တိုင်အောင်** အကြိမ်ကြိမ် ပြုကျသည်ကို မလျှော့သောဇွဲဖြင့် အဓိဋ္ဌာန်ပြု တည်ဆောက် အောင်မြင်ခဲ့သောစေတီ ဖြစ်သည်။

**ထို့ကြောင့် ဤ စေတီတော်ထံပါးတွင် မှန်ရာကို သစ္စာဆိုကာ အဓိဋ္ဌာန်ပြုလျှက် ကျောက်တုံး ချီမပါလျှင် မိမိတို့ လိုရာကိစ္စအတွက် လမ်းညွှန်များ ရရှိနိုင်ကြသည်ဟု ယုံကြည်ကြခြင်း ဖြစ်ပေသည်။**


စေတီတော်၏ အာရုံခံတွင်း ရုပ်ပွားတော်အား ရှိခိုးကန်တော့ပြီးနောက်





www.burmeseclassic.com

www.burmeseclassic.com



ရှင်ဗုဒ္ဓဃောသနှင့် ရဟန္တာတစ်ပါး

စေတီရင်ပြင်အား လှည့်လည်ကြည့်သည်။ စေတီတော်ကြီးမှာ ဉာဏ်တော်အမြင့် (၂၄၉)ပေကျော်ရှိ၍ ထုထည်ကြီးမားလှသော စေတီတစ်ဆူ ဖြစ်သည်။

တောင်ဘက်စောင်းတန်းမှာ အဓိကအဝင်စောင်းတန်းဖြစ်၍ အရှည်လျားဆုံးဖြစ်သည်။ အာရုံခံတန်ဆောင်းလေးခုရှိရာ တောင်ဘက်တွင် ရပ်တော်မူတစ်ဆူ၊ အရှေ့ဘက်တွင် တင်ပျဉ်ခွေဘောမုနိရုပ်ပွားတော်တစ်ဆူ၊ မြောက်ဘက်တွင် တင်ပျဉ်ခွေရုပ်ပွားတော် (၃)ဆူနှင့် အနောက်ဘက်တွင် တစ်ဆူတို့ ကိန်းဝပ်တော်မူကြသည်။

ကျယ်ဝန်းလှသော ပရိဝုဏ်အတွင်း မှော်ရုံများစွာလည်း မြင်တွေ့ရသည်။ ရင်ပြင်တစ်ပတ် ပတ်ပြီးသောအခါ ဘက်ဆောင်ပစ္စည်း အရောင်းဆိုင်၌ အချိန်ယူ ရှာဖွေရာ 'အလံတစ်ရာဆရာတော် သာသနာပြုမှတ်တမ်း' ဟူသော စာအုပ်တစ်အုပ် တွေ့ရသဖြင့် ဝယ်ယူခဲ့ရသည်။

လွန်ခဲ့သော (၃၅)နှစ်ကျော်က စက္ကူပေါ်တွင် ပုံနှိပ်ထားသော ခဲစာလုံးရာများမှာ မထင်တစ်ချက်၊ ထင်တစ်ချက် ဖြစ်နေသည့်အပြင် အနက်နှင့်အပြာ မင်ရောင်နှစ်မျိုးကို တစ်မျက်နှာစီ ရိုက်နှိပ်ထားလေရာ အပြာရောင်စာမျက်နှာတွင် ဗျည်းအက္ခရာကို မခွဲခြားနိုင်လောက်အောင် မှုန်ဝါးလှသည်ကို တွေ့ရသည်။

သို့ဖြစ်၍ ဘုရားဈေးတန်းသို့သွားကာ လက်ဖက်ဆိုင်တစ်ဆိုင်တွင် စနည်းနာကြည့်ရသည်။ ဆိုင်ရှင်က တန်ဆောင်းအတွင်းရှိ အလံတစ်ရာ သာသနာ့မြေ မြေပုံနှစ်ချပ်ရှိရာကို ညွှန်ပြပေးကာ...

'နေရာအမည် အတိအကျသိလိုရင် မြေပုံမှာ ရှာကြည့်ပါ။ ဟိုးအရှေ့ဘက် နေတောင်တန်းပေါ်ရောက်တဲ့အထိ ကျောင်း၊ မှော်ရုံ၊ ဘုရား၊ သာသနိကအဆောက်အအုံတွေ အစီအရီ ရှိတယ်။ ဆိုင်ကယ်နဲ့ တောင်ပေါ်အထိ တက်နိုင်တယ်။ သွားဖူးကြည့်ပါဦး'

ဟု အကြံပေးသည်။

အလံတစ်ရာစေတီ အရှေ့ဘက်တစ်လွှားတွင် ဘုရားစေတီ၊ သာသနိကအဆောက်အအုံများစွာကို သစ်ပင်များအကြား လှပစွာ မြင်တွေ့ရသည်။

'အဲဒီမှာ လူတွေ၊ သံဃာတွေ နေကြသလား'

'နေတာပေါ့ ဘုန်းကြီးကျောင်း ရှိတယ်။ သိမ်ရှိတယ်။ ဘုရားရှိတယ်။ ရသေ့မအစု ရှိတယ်' (ဘုရားတည်ကျောင်းဆောက်ရာတွင် လုပ်အားပါဝင်ကြသော ပိတ်ညိုဝတ် အမျိုးသမီးများကို ရသေ့မဟု ခေါ်ခြင်းဖြစ်သည်။)

'လူတွေက ဘယ်လိုလူတွေလဲ'

'ပန်းရန်တွေ၊ လက်သမားတွေ ကားမောင်းသူ၊ ယန္တရားမောင်းသူ၊ စက်ပြင်သူ အများကြီးပါပဲ'

**အလံတစ်ရာ ဒုတိယဆရာတော် အရှင်အရိယဝံသက** ထိုထိုသော ပညာရှင်၊ လုပ်အားရှင်များကို ဦးဆောင်ကာ ပထမဆရာတော်ကြီး တည်ဆောက်လက်စ ဘုရားပုထိုး၊ သာသနိက အဆောက်အအုံများကို ဆက်လက်ဆောက်လုပ် သာသနာပြုတော်မူကြောင်း ပြောပြကြသည်။

ထိုသူတို့မှာ လုပ်အားခ တစ်စုံတစ်ရာ မရရှိကြ။ ဆွမ်း၊ အာဟာရသာ ဆက်ကပ်ကျွေးမွေးသည်။ သာသနာအတွက် ဘဝကို မြှုပ်နှံထားကြသည့် သူတို့အတွက် သာဓုအနုမောဒနာ ခေါ်ဆိုရပေသည်။

'အရှင်ဆရာတော် လက်ထက်က မနက်ဆန်ပြုတ်၊ ည ဆန်ပြုတ်ပဲ။ နေ့ခင်းမှာတော့ ထမင်းကျွေးတယ်။ သက်သတ်လွတ်ဟင်းနဲ့။ လုပ်ခ တစ်နေ့ ပြား (၂၀)ပေးတယ်။ အခု ဆရာတော်ကြီးကျတော့ နံနက်၊ ည သက်သတ်လွတ် ထမင်းကျွေးပါတယ်။ လုပ်အားခတော့ မကြဘူး။ တချို့တွေဆိုရင် ဒီနေရာကို ရောက်လာကြတာ အနှစ် (၃၀)နီးပါးရှိပြီ။ အခုအထိ ပြနေကြတုန်းပဲ'

'တရားအားထုတ် အဓိဋ္ဌာန်ဝင်တဲ့ သူတွေကော လက်ခံလား။ လာကြသလား'

www.burmeseclassic.com

'လာကြပါတယ်။ သူတို့ကိုကျတော့ ဆရာတော်က တာဝန်မယူပါဘူး။ ဆရာတော် ဦးဇနိယဆီ သွားလျှောက်ရတယ်။ ကလောခြံထဲမှာ သူ့ကျောင်းရှိတယ်။ မဝေးဘူး။ တောင်ဘက်စူးစူးကိုသွားရင် ခဏကလေးပဲ'

ဆရာတော် ဦးအရိယဝံသမှာ ကျောင်းကန်ဘုရား တည်ဆောက် ခြင်း သာသနာပြုလုပ်ငန်း သီးသန့်သာ လုပ်ဆောင်တော်မူသည်ဟု သိရသည်။

---

## အလံတစ်ရာ

## သာသနာ့မြေတွင်းဝယ်

---

သို့ဖြင့် မြေပုံများကို သွားရောက်လေ့လာကြည့်သည်။ ပထမဆရာတော် လက်ထက် ၁၃၀၇ ခုနှစ်မှ ၁၃၅၆ ခုနှစ်အထိ သာသနိကအဆောက်အအုံများ မြေပုံတစ်ချပ်နှင့် ၁၃၅၆ ခုနှစ်နောက်ပိုင်း ဒုတိယဆရာတော် လက်ထက် အဆောက်အအုံများ မြေပုံတို့ကို တွေ့ရသည်။

ညီညာဖြောင့်တန်းသော လမ်းများနှင့် လူနေရပ်ကွက်များ၊ စာသင်ကျောင်း၊ ဈေး၊ ဘုရားစေတီ၊ ဓမ္မာရုံများ ပြည့်စုံစွာ ဖော်ပြထားသည်။

ယင်းတို့အနက်မှ ထင်ရှားသော အဆောက်အအုံတချို့အား ဓာတ်ပုံရိုက်ကူးဖော်ပြလိုက်ပါသည်။

တိုင်တစ်ထောင်ဓမ္မာရုံကား အလံတစ်ရာစေတီကြီး၏ အရှေ့မြောက်ထောင့် ပရိဝုဏ် အပြင်ဘက်ကပ်လျက်တွင်ရှိသည်။ တောင်၊ မြောက် အလျားရှည်သော အဆောင်သုံးဆောင်တွဲဖြစ်သည်။

အတွင်း၌ ထောက်မထားသော တိုင်ပေါင်းတစ်ထောင်နှင့် ဘုရားခန်းတွင် မင်းဝတ်တန်ဆာဆင် တင်ပျဉ်ခွေ



◆ မိုးမျှားကြားမှ အလံတစ်ရာဘုရားလမ်း

ရုပ်ပွားတော်တစ်ဆူ တွေ့မြင်ရသည်။ ခေါင်းရင်းဘက်တွင် အခန်းငယ်ကလေးများကန့်ကာ ရဟန်း၊ သာမဏေအချို့ သီတင်းသုံးနေကြသည်ကိုလည်း မြင်ခဲ့ရလေသည်။

ထိုမှ အရှေ့ဘက်တွင် သမ္ဗုဒ္ဓေဘုရား ရှိသည်။ ဂန္ဓကုဋိတန်ဆောင်းမှာ အုတ်တိုက်ခံ သွပ်မိုးပြာသာဒ်တင် အဆောက်အအုံကြီး ဖြစ်သည်။ အတွင်း၌ စေတီတစ်ဆူရှိကာ ပစ္စယံအဆင့်ဆင့်ပတ်လည်တွင် တင်ပျဉ်ခွေရုပ်ပွားတော်များ အစီအရီ ပူဇော်ထားသည်။ ဤတန်ဆောင်းအတွင်း၌ သီလရှင်နှင့် ယောဂီအချို့ အသီးအရွက် လှီးသင်၊ ချက်ပြုတ်နေကြသည်ကို မြင်ရသည်။

ထိုမှ မြောက်ဘက်သို့ အတန်ငယ်သွားမိသောအခါ ဓနုတောင်ခြေအနီးရှိ တိုင်သုံးထောင်ဓမ္မာရုံသို့ ရောက်သည်။ အရှေ့၊ အနောက် ရှည်လျားသော အဆောင်သုံးဆောင် ယှဉ်တွဲထားသည်။ အတွင်း၌ တိုင်ပေါင်းသုံးထောင် ရှိသဖြင့် အခန်းငယ် ပို၍စိပ်သည်။ များသည်။

အရှေ့ဘက် ဘုရားခန်းတွင် တင်ပျဉ်ခွေရုပ်ပွားတော်ကြီးများကို ပစောက်ပုံသဏ္ဌာန် ထားရှိပူဇော်ထားသည်။ တစ်ဆောင်လျှင် (၂၄)ဆူ၊ သုံးဆောင်စုစုပေါင်း ရုပ်ပွားတော် (၇၂)ဆူ ရှိလေသည်။ တန်ဆောင်းအတွင်းနေသူ မတွေ့ရပေ။

တိုင်သုံးထောင် ဓမ္မာရုံသို့ ရောက်စဉ် မိုးသက်လေဆင်ကာ သဲကြီးမဲကြီး ရွာသွန်းလာသဖြင့် ဓမ္မာရုံအတွင်း၌ မိုးခိုကာ စက်ပြင်ဆရာ လူရွယ်တစ်ဦးနှင့် စကားစမြည်ပြောဖြစ်သည်။ ဤသာသနာ့မြေသို့ ရောက်သည်မှာ (၁၉)နှစ်ရှိပြီ ဆို၏။

ကျိုက်ကော်အနီးမှ မိုးကောင်းရွာဇာတိဖြစ်၍ ဤနေရာတွင် လုပ်အားဒါနပြုလျက် သုံးနှစ်နေမည်ဟု ရည်ရွယ်ရောက်ရှိလာသော်လည်း အချိန်ကြာမှန်းမသိ ကြာသွားသည်ဟု ပြောပြသည်။


'စပြီးလာတုန်းက ဘာရည်ရွယ်ချက်နဲ့လဲ'

'ဝပ်ရှော့(မော်တော်ယာဉ် စက်ပြင်) ပညာသင်ဖို့ပါ။ ဘုရားလဲ တည်တော့ ကုသိုလ်လဲ ရမှာပဲလို့ ပါတာပါ။ ဒီရောက်တော့ နေပျော်ပြီး မပြန်



www.burmeseclassic.com

www.burmeseclassic.com



ပဥ္စာရီတန်ဆောင်း

ဖြစ်တော့ဘူး။ ယာဉ်မောင်းလိုင်စင်တို့ မှတ်ပုံတင်တို့ကအစ ဆရာတော်ကပဲ လုပ်ပေးရတယ်'

'တစ်သက်လုံးနေသွားဖို့ စိတ်ကူး လား'

'မပြောတတ်သေးဘူးခင်ဗျာ၊ အခု အချိန်အထိတော့ သာသနာ့အရေးမှာ မငြီးငွေ့သေးဘူး'

အလံတစ်ရာတွင် အရပ်ရပ်မှ ကုသိုလ်ရှင်များ လှူဒါန်းထားသည့် အုတ်၊ သဲ ကျောက်တင်ကား (၂၀) စီးကျော်၊ ယန္တရား(၂)စင်းနှင့် လူစီး ကားအချို့ ရှိသည်ဟု သိရသည်။

'စက်မပြင်ရတဲ့အချိန်တွေမှာ ဘာ လုပ်ရသလဲ'

'ကျောက်တွေ၊ အုတ်တွေ တိုက်ပေး ရတယ်။ အဲဒီအခါကျရင် သန်းခေါင် ကျော် တစ်နာရီလောက်က စထွက်ပြီး မိုးမလင်းမီ အရောက်ပြန်ရတယ်'

'နွေဘက်ကျတော့ ဘာဖြစ်လို့လဲ'

'နွေဘက်မှာ ယာဉ်တွေ၊ လူတွေ ရှုပ်တယ်။ ကားတွေ အများကြီးတန်းစီ သွားတော့ တခြားယာဉ်တွေလဲ ခရီး ဖင့်တယ်။ လမ်းသွားလမ်းလာတွေလဲ အနှောင့်အယှက် ဖြစ်စေတယ်။ ဒါ ကြောင့် ဆရာတော်က လူရှင်းချိန်မှ တိုက်ခိုင်းပါတယ်။

မနုတောင်ပေါ် တက်ကြည့်ပါလား။ စေတီ တွေ အများကြီးပဲ။ ထပ်လဲ တည်နေဟယ်။ အခုလို မိုးရွာရင်တော့ တောင်ရေကျပြီး လမ်းချော်လို့ အန္တရာယ်ကြီးတယ်။ နေသာ တဲ့အချိန်ဆိုရင်တော့ ကားနဲ့ဖြစ်ဖြစ်၊ ဆိုင် ကယ်နဲ့ဖြစ်ဖြစ် တက်ကြည့်ပါ။ ရှုခင်း အားကြီး လှတယ်'

အငြိုးနှင့် စွေရွာသော မိုးက မစဲ နိုင်ချေ။ ညနေစောင်းမှ အနည်းငယ် ပါးသွားသဖြင့် မနုတောင်ခြေ အရှေ့ ဘက်အနားရှိ မိုးမခဘုရားသို့ သွား ရောက်ဖူးမြော်သည်။ မိုးမခတန် ဆောင်း လက်ယာဘက်တွင် မိုးမခ သိမ်ရှိ၍ လက်ဝဲဘက်တွင် တောင် တက်ကားလမ်း ရှိသည်။ တောင်ပေါ် တွင်ကား တောင်ကြောအလိုက် နိမ့်မြင့် သွယ်တန်းတည်ရှိနေသော စေတီများ စွာ ဖူးတွေ့ရသည်။

တန်ဆောင်းအတွင်း၌ တင်ပျဉ်ခွေ ရုပ်ပွားတော်တစ်ဆူနှင့် ဝဲယာတွင် သာဝကရဟန္တာရုပ်တုများ ရှိသည်။ ရုပ်တုတစ်ဆူတွင် 'ရှင်မဟာဗုဒ္ဓ ဃောသ'ဟူသော ကမ္ပည်းပါရှိသည်။ ထို့ကြောင့်ပင် ဤတန်ဆောင်းအား ဗုဒ္ဓဃောသဘုရားဟုလည်း ခေါ်တွင် ခြင်း ဖြစ်ပေမည်။ တန်ဆောင်း၌ သီတင်းသုံးသော သံဃာသုံး,လေးပါး ဖူးတွေ့ရသည်။

တန်ဆောင်းမှ ထွက်လာသောအခါ တူရူ၌ အလံတစ်ရာ မိုးမခ လမ်းမကြီး နှင့် လမ်းအဆုံး၌ အလံတစ်ရာစေတီ ကြီးကို သစ်ပင်များ၊ မိုးစက်များအကြား ပျပျ ဖူးမြင်ရလေသည်။

မိုးမခဘုရား၏ မျက်နှာစာ လမ်းမ ၏ တောင်ဘက်၌ ပဥ္စာရီဘုရား တန်ဆောင်းရှိသည်။ အတွင်း၌ စေတီ တစ်ဆူ၏ ပစ္စယံပတ်လည် အဆင့်ဆင့် တွင် သမ္ဗုဒ္ဓေဘုရားကဲ့သို့ တင်ပျဉ် ခွေရုပ်ပွားတော်များစွာ စီတန်းပူဇော် ထားသည်။

လေ့လာဖူးမြော်ခဲ့ရသော ဓမ္မာရုံ၊ တန်ဆောင်းများကဲ့သို့ပင် အလင်း ရောင် အလွန်အားနည်းလှသဖြင့် စေတီပုံစံပေါ်ရုံမျှ ကြိုးစားရိုက်ကူးခဲ့ရ လေသည်။

## အဆုံးသတ်အမှာ

ပဥ္စာရီတန်ဆောင်းမှ ထွက်၍ တောင်ပေါ်စေတီများဆီသို့ ခြေဦးလှည့် မိသေးသော်လည်း တဝေါဝေါစီးဆင်း လာသည့် တောင်ကျရေဆင်းသံနှင့် အတူ ကောင်းကင်ပြင်ကလည်း ထပ်မံ အုံ့မှိုင်းလာသဖြင့် ကင်မရာအိတ်ကို ပလတ်စတစ် အထပ်ထပ်ရစ်ပတ်၍ လာရာလမ်းအတိုင်းသာ ဦးတည်ကာ အသော့နှင်ရတော့သည်။

အလံတစ်ရာစေတီကြီးမှာ မြင့်မား ခံ့ထည်လှသည့်အပြင် (၂၁)နှစ်အတွင်း အကြိမ်ကြိမ် ပြိုကျပျက်ကျသော် လည်း အလံတစ်ရာ ဆရာတော်ကြီး၏ စိတ်ရှည်၊ သည်းခံ၊ ဖွဲ့စိတ်သန်စွာ ကြိုးပမ်းမှုဖြင့် ပွင့်ထွန်းလာသော စေတီ တော် ဖြစ်သည်။



www.burmeseclassic.com

www.burmeseclassic.com


ထို့အပြင်လည်း ကျယ်ပြန့်လှသော သာသနာ့မြေအတွင်း လက်ညှိုးထိုးမလွဲအောင် များပြားလှသော ကျောင်းကန်ဘုရား၊ သာသနိကအဆောက်အအုံများစွာက သာသနာထွန်းလင်းမှုအတွက် အားရကျေနပ်စရာ သက္ကိသုခကို ပေးစွမ်းပေသည်။

ရာသီဥတု သာယာသောအချိန်တွင် မိမိတို့ စီးနင်းလာသော မော်တော်ယာဉ်၊ ဆိုင်ကယ်တို့ဖြင့် ဓနုတောင်ထိပ်စေတီများအထိ တက်ကြည်ညိုနိုင်ကြသည်။

တစ်စုံတစ်ယောက်၏ တိုက်တွန်းစေခိုင်းမှုပယောဂမပါဘဲ ပန်းပု၊ ပန်းရန်၊ လက်သမား၊ ဝပ်ရှော့အလုပ်ခွင်များတွင် မိမိ စိတ်စေတနာအလျောက် တက်ကြွစွာ လှုပ်ရှားနေကြသည့် ကုသိုလ်ရှင်တို့၏ လုပ်အားအလှကိုလည်း တွေ့မြင် ဝမ်းမြောက်နိုင်ကြလေသည်။

သိင်္ဂနိက်တောင်တန်း တစ်လျှောက်တွင် အစီအရီ တည်ရှိနေသော ဘုရားပုထိုးစေတီ သာသနာ့မြေများအနက် မော်တော်ယာဉ်ဖြင့် လူငယ်လူရွယ် လူအိုလူမမာများပါမကျန် သက်သောင့်သက်သာ လှည့်လည်ဖူးမြော်နိုင်မည့် နေရာအချို့ကို ရွေးချယ်ဖော်ပြ လမ်းညွှန်ထားခြင်း ဖြစ်ပါသည်။

အားကောင်းမောင်းသန် ခြေကျင်တောင်တက်ခရီး ဆင်နွှဲနိုင်ပါက ဒေသခံ လမ်းပြများ အကူအညီဖြင့် ဂေါ့တောင်ကြောရှိ ရှေးဟောင်း 'ကော့'မြို့နေရာ(မုတ္တမ (၃၃)မြို့ အပါအဝင်)၊ လာဝတောင်၊ ကြွက်ဖြူတောင် ဖိုခုံလောက်ဆိုင် တောင်သုံးလုံးအလယ်မြေပြန့်မှ လာဝပူရမြို့တော်၊ (သထုံ) ကေလာသတောင်စသည့် ပဟောင်းဆန်သော ရှေးနေရာဟောင်းများသို့လည်း



ပဋ္ဌာဒီပစေတီနှင့် ရုပ်ပွားတော်များ

တက်ရောက်လေ့လာနိုင်ကြသည်။

ကေလာသတောင်မှ ဓနုတောင်အကြား အလံတစ်ရာ သာသနာ့မြေအပြင် တိမ်မြုပ်နေသော ရှေးဟောင်းစေတီများ၊ သစ်ခက်, တဲကျောင်းဖြင့် တစ်ပါးတည်း ကေစာရီနေ၍ သံသရာလွတ်လမ်း ကျင့်ကြံနေကြသူ သူတော်စင်၊ သံဃာတော်များကိုလည်း တစ်တောင်တက်၊ တစ်တောင်ဆင်း လေ့လာကြည်ညိုနိုင်ကြပေသည်။

ဤပူဇော်မှုအတွက် ကျမ်းကိုး၊ စာအုပ်စာတမ်းများ ရှာဖွေကူညီပေးခဲ့သော **ဒေါ်ရည်မွန်(ပေါင်မြို့၊ ပြန်/ဆက်)အား ကျေးဇူးအထူး တင်ရှိပါသည်။**

သထုံမြို့ သိင်္ဂနိက်တောင်ရိုးတစ်လျှောက် မှီတင်းနေထိုင်ကြသော ဝေနေယျအားလုံး ချမ်းသာကိုယ်စိတ်မြဲကြ၍ မိမိဝန်တာ လွယ်ကူစွာ ထမ်းရွက်နိုင်ကြပါစေ။

**ထက်မင်းကျော်ဇွာ**



www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားရုပ်တုလေးနှင့်

သိသူများမှ ဖော်ပြပေးကြပါရန်

လွန်ခဲ့သော (၁၀)နှစ်ခန့်က စာရေးသူဟာ ဝင်မြဲအမိဌာန်တစ်ခု အောင်မြင်ပြီးစအချိန် ဖြစ်ပါတယ်။

တစ်နေ့မှာ စာရေးသူရဲ့ မိတ်ဆွေတစ်ဦး ရောက်ရှိလာပြီး ထူးခြားတဲ့ ရုပ်တုလေးတစ်ခု လာပေးပါတယ်။ အဲဒီမိတ်ဆွေက...

ထူးခြားတဲ့ ရုပ်တုလေးတစ်ခုရရှိပြီး အိပ်မက်တွင်း၌ စာရေးသူထံ ပို့ပေးရန် အိပ်မက်သဖြင့် လာပို့ရခြင်းဖြစ်ကြောင်း၊ ရုပ်တုလေးရဲ့ ခြေထောက်အောက်က ခုံလေးက ပေါက်ပြားနဲ့ ခုတ်မိလို့ ကွဲသွားကြောင်း၊ အဲဒီအတွက် ဖယောင်းသားနဲ့ အစားထိုးပြီး ပြုလုပ်ပေးထားကြောင်းပါ ပြောသွားပါတယ်။

ရုပ်တုလေးကို စာရေးသူ သေချာလေ့လာကြည့်ရာ အမြင့်မှာ (၃)လက်မခန့်ရှိပြီး ခေါင်းပေါင်းက ပန်ချာပီခေါင်းပုံမျိုး ဖြစ်ပါတယ်။ ဘယ်ဘက်ပုခုံးမှာ လွယ်အိတ်တစ်လုံး လွယ်ထားပြီး ပုဆိုးကို ခါးတောင်းကျိုက်ထားဖြစ်ကာ နှုတ်ခမ်းမွေး၊ မုတ်ဆိတ်မွေး ပါးမြိုင်းမွေး စုံလင်စွာ ပါ,ပါတယ်။

စာရေးသူလဲ ရုပ်တုလေးကို ရရှိပြီးနှစ်ကစပြီး တစ်ခုခုတော့ ထူးခြားမှုရှိမှာ အမှန်ပဲလို့ ယုံကြည်ပြီး စောင့်ကြည့်ရာ စာရေးသူရဲ့ အခက်အခဲတွေ ပြေလည်သွားပါတယ်။ ငွေကြေး ကူညီမယ့်သူတွေလဲ ပေါ်လာပါတယ်။

**စာရေးသူစိတ်ထဲ တစ်ခုခု ထယ်ချင်ဘယ်ဆိုရင် ကိုယ်တိုင် ရှာမွေ့မထယ်ရဘဲ သယ်ပေးမယ့်သူ၊ စောင့်ရှောက်ပေးကမ်းမယ့်ပုဂ္ဂိုလ်တွေ ပေါ်ပေါက်ခဲ့ပါတယ်။**

ဒီရုပ်တုလေးအကြောင်းကို မဂ္ဂဇင်းထဲရေးပို့ဖို့ အကြံဖြစ်တာနဲ့ ရုပ်တုလေးကို ဓာတ်ပုံရိုက်ဖို့ ဓာတ်ပုံဆိုင်ကို သွားပါတယ်။ ဓာတ်ပုံဆရာက မိုးတွေမှောင်မည်းနေလို့ နေပွင့်မှပဲ ရိုက်ရမယ်ပြောတော့ ထူးခြားစွာ မကြာမီ နေပွင့်လာပြီး ဓာတ်ပုံရိုက်လိုက်နိုင်တယ်။



အပြန်လမ်းမှာတော့ စာရေးသူရဲ့ စိတ်ထဲမှာ အတွေးတစ်ခု ပေါ်လာပါတယ်။

'အင်း ဓာတ်ပုံရိုက်ပြီးပြီ။ အကျိုးအကြောင်းတော့ ဘာတွေဖြစ်လာမလဲမသိဘူး။ ဒါတော့ ငွေကုန်ရုံပဲ ရှိမယ် ထင်ပါရဲ့'

လို့ တွေးပြီး ပြန်လာစဉ် လမ်းတစ်ဝက် အရောက်မှာ **ပိုက်ဆံ အခေါက်လိုက်ကောက်ယူရရှိခဲ့ပါတယ်။**

စာဖတ်သူတို့တွင်လဲ စာရေးသူကဲ့သို့ ရုပ်တုလေးများ ရှိကောင်းရှိနေနိုင်ပြီး အကျိုးသွားများကို သိစေချင်လို့ တင်ပြလိုက်ရပါတယ်။

**စာရေးသူ တင်ပြခဲ့တဲ့ ရုပ်တုမျိုးက ဘယ်လို ထူးခြားတယ်၊ ဘယ်လိုရုပ်တုမျိုး ဖြစ်တယ်ဆိုတာကို သိသူများက ဖော်ထုတ်ပေးကြပါရန် မေတ္တာရပ်ခံအပ်ပါတယ်။**

***စာရှုသူအပေါင်း ရွှင်လန်းချမ်းမြေ့ကြပါစေ။***

**အောင်ကျော်ဗိုလ်**


လိပ်စာ

အောင်ကျော်ဗိုလ်
ဦးကောင်းဆေးဆိုင်
အခန်း(၁)၊ အမှတ်(၁)၊
ရဲစခန်းတိုက်တန်း၊ မြင်းခြံမြို့။



www.burmeseclassic.com

www.burmeseclassic.com



◆ ကြောင်မျက်ရွဲများ

ထူးဆန်းစွာ ဖြို့လာသည့်

# ကြောင်မျက်ရွဲ

မန္တလေးမြို့ အဝိကရ ဘုတာကြီးအနီးတွင် နေထိုင်သည့် မိတ်ဆွေ **'ဆောင်ရွှေ့ရှဲင့်'** (Cào RùiShèng)ထံသို့အလည် အပတ် ရောက်ရှိစဉ် ကျောက်မျက်များ အကြောင်း စကားစပ်မိကြသည်။

'ဆရာ... ကြောင်မျက်ရွဲ ဆိုတာ တွေ့ဖူးသလား'

'ကြားတော့ ကြားဖူးတယ်။ မမြင်ဖူးဘူး။ ရှိန်းပြီးတယ် ဆိုလားပဲ'

ဆောင်ရွှေ့ရှဲင့်က ကတ္တီပါဘူးတစ်ခု ထုတ်ယူလာကာ ဖွင့်ပြသည်။ လက်စွပ် ကွင်းထားသော ကြောင်မျက်ရွဲတစ်လုံးနှင့် အလွတ်တစ်လုံးတို့ ဖြစ်ကြသည်။အရွယ်မှာကြောင်မျက်လုံး အရွယ် ပမာဏဖြစ်၍ အဖြူရောင် အဝိုင်းကွက် အလယ်၌ သူငယ်အိမ်ပမာ အနက်ကွက်ပါရှိသည်။

'ဘယ်က ရတာလဲ'

'ဆရာတော်တစ်ပါးဆီကပါ။ သင်္ကန်း အနွမ်းနဲ့ သပိတ်ပိုက်ပြီး ဆွမ်းခံကြွနေတုန်း မိုးက သဲသဲမဲမဲ ရွာချတယ်။ မျက်နှာတော်က ကြည်လင်ပြီး ကြည်ညိုစရာကောင်းလို့ နေ့ဆွမ်းကပ်ပါရစေလို့ လျှောက်မိတယ်။ ဆိတ်ဆိတ်နေတာနဲ့ အိမ်ထဲပင့်ပြီး ဆွမ်းကပ်တယ်။ သက်သတ်လွတ် ဘုဉ်းသလား၊ ဘယ်လို ဘုဉ်းသလဲဆိုတာမသိ၊ မေးလို့လဲ မသင့်တာနဲ့ အသားဟင်းရော၊ ရှိတဲ့ သစ်သီးတချို့ပါ ကပ်လိုက်တယ်။ ဆွမ်းဖြူ သုံးလုတ်နဲ့ ပန်းသီးနှစ်စိတ် ဘုဉ်းပေးပြီး ပြည့်စုံပါပြီတဲ့။ ပြန်ကြွမယ် လုပ်တော့ နဝကမ္မဝတ္ထုကပ်တယ်။ ဝတ္ထု မကိုင်ပါဘူးတဲ့။

တံခါးဝ ရောက်တော့မှ ဘယ်က ဘယ်လို လက်ထဲရောက်လာသလဲ မသိလိုက်ဘူး။ ဒီကြောင်မျက်ရွဲနှစ်လုံးကို စွန့်ပေးတယ်။

"သီပေါမင်း ပါတော်မူတုန်းက ကြောင်မျက်ရွဲနဲ့ ကယ်တင်လို့ ရပါတယ်။ ဒါပေမယ့် ဝိဇ္ဇာတွေက ကြမ္မာက ဒီလိုဖန်လာတာပဲဆိုပြီး တားကြလို့ ကယ်ခွင့်မရဘူး"

ဒီလိုမိန့်ပြီး ထွက်ကြွသွားတယ်။

ကျွန်တော်လဲ အံ့သြလွန်းလို့ ကြက်သေ သေနေရာက ဆရာတော် ဘွဲ့တော်၊ သီတင်းသုံးရာကျောင်းနဲ့ ကြောင်မျက်ရွဲ အသုံးပြုပုံတွေ သိချင်လို့ ချက်ချင်း လိုက်ရှာကြည့်တယ်။ မိုးရွာနေလို့ လမ်းပေါ်မှာ လူအသွားအလာ နည်းပါတယ်။ ဆရာတော့်ကိုတော့ လုံးဝ မမြင်ရတော့ဘူး။

ဒါနဲ့ တစ်လုံးကို လက်စွပ်ကွင်း ဝတ်လိုက်တယ်။ တိုက်ဆိုင်တာကတော့ မူဆယ်အသွား တောလမ်းမှာ ဓားပြတိုက်ခံရတယ်။ ကားပေါ်ပါတဲ့ လူတွေအားလုံး ရှိသမျှ ပစ္စည်းတွေ ယူသွားတယ်။ ကျွန်တော့်ဆီကတော့ ဘာမှမယူဘူး။ မတွေ့သလိုဘဲ ကျော်သွားတယ်၊ နောက်ပိုင်းတော့ အိမ်မှာပဲ သိမ်းထားဖြစ်တော့တယ်'

ကျွန်ုပ် ကြောင်မျက်ရွဲ အသုံးပြုနည်း အကြောင်း မသိပါ။ သို့သော် တွေ့မြင်ရခဲ့သဖြင့် လေ့လာနိုင်စေရန် ဓာတ်ပုံ မှတ်တမ်းပြု၍ တင်ပြလိုက်ပါသည်။ ကာယကံရှင်၏ဆန္ဒအရ လိပ်စာ အတိအကျ မတင်ပြဖြစ်သည်ကို ခွင့်လွှတ်ကြစေလိုပါသည်။

ခွန်စိုင်းဝမ်း



www.burmeseclassic.com

www.burmeseclassic.com

# ဝေနှနှဝိထပ်
# ငွေနာနတ်

ထက်မင်းကျော်စွာ

မုံရွာမြို့၊ မဟာလယ်တီတိုက်တွင်း အရှင်သီလာစာရ သီတင်းသုံးတော်မူသော ကျောင်းဆောင်ဘုရားခန်း၌ ထူးခြားသော တန်ဆာဆင်ပူဇော်မှုတစ်ခုကို တွေ့ရသည်။ ငွေစက္ကူများကို အဆင့်ဆင့် ခေါက်ချိုးကာ နာနတ်သီးသဏ္ဍာန် ပြုလုပ်ကပ်လှူထားခြင်းဖြစ်သည်။

နာနတ်သီး၏အထက် ကြက်တောင်စည်းပုံစံ အရွက်များ မပါဝင်ပါ။ အခွံနှင့် မျက်စိများကို လှီးသင်ထားကာ အလယ်အူတိုင်ကိုပါ ထွင်းထုတ်ထားသည့် ပုံဟန်ဖြစ်သည်။


အရှင်သီလာစာရအား မေးလျှောက်ကြည့်ရာ ငွေကြေးဆိုင်ရာပြဿနာ ရင်ဆိုင်နေရသော လုပ်ငန်းရှင်တစ်ဦး ရောကြာပြု ကပ်လှူထားခြင်းဖြစ်ကြောင်း သိရသည်။

'ငွေကြေးအခက်အခဲ ပြဿနာရင်ဆိုင်ရရင် ငွေနာနတ်သီးမှာ ထီးဖြူတစ်လက် ကြက်လျှာဆေး သာသနာ့အလံငယ်တစ်ခု စိုက်ထူပြီး ဘုရားရှင်ထံ ကပ်လှူရတယ်။ မိမိ ကြုံတွေ့နေရတဲ့ အခက်အခဲတွေကို ထုတ်ဖော်လျှောက်ထားရပါတယ်'

'အခုမြင်ရတာ ဘာမှမရှိဘူး။ အတော်ကြီးပါလား အရှင်ဘုရား'


'ပြေလည်သွားပြီလေ၊ ဒါကြောင့် ဖြုတ်ပြီး ငွေနာနတ်သီးပဲ အမှတ်တရ ထားတာပါ'

ဘုန်းကြီးက ငွေနဲ့တနင်္လာ ...နှင့်၌(သူ့ကိုနိုင်လို ဆကိုခိ လိုရာ



◆ ရွှေရောင်နာနတ်

◆ ငွေရှူနာနတ်





www.burmeseclassic.com

www.burmeseclassic.com

ညှိ၍သုံး) စနေနှစ်ထပ် နာနတ်ဟူ၍ အမြွတ်ပြုထားခြင်းဖြစ်သည်။ ပါပဂြိုဟ် လေးလုံးဖြစ်သော **တနင်္ဂနွေ၊ အင်္ဂါ၊ ရာဟု၊ စနေ**တို့အနက် စနေသည် ပါပစွမ်းအင်များ၍ သုံးတတ်မှ အေး၏။ မသုံးတတ်ပါက ဘေးဖြစ်၍ ပူလောင်စေသည်။


နာနတ်သီးတွင် အသုံးမဝင်၊ စားလျှင်၊ ထိမိလျှင် ယားယံစေတတ်သော မျက်စိနှင့် အခွံများ ပယ်သင်ထားခြင်းက စနေ၏ ဆိုးကျိုးများ ပယ်ရှားထားသော သဘောဆောင်သည်။

**(တစ်နည်းအားဖြင့် အလုံးအထည် မပျက်သော နာနတ်သီး (ပင်ကိုအတိုင်း)က ယန်းသဘောဆောင်၏။ ထက်မြက်ပြင်းထန်၏။ အခွံသင်၊ အူတိုင်ပယ်ထားသော နာနတ် စားသုံးရန်အသင့်ဖြစ်သော နာနတ်က ယင်းသဘောဆောင်ကာ နူးညံ့သိမ်မွေ့စေလေသည်။ အရှိန်းကို အယဉ်အဖြစ် ပြုပြင်ထားခြင်းဖြစ်သည်။)**


ထို့ကြောင့် စိတ်ဝင်စားသူတို့အတွက် ငွေနာနတ်သီး ပြုလုပ်ပုံ ငွေစက္ကူခေါက်ချိုးနည်းကို ဖော်ပြပေးပါမည်။

ပုံ(၁) ငွေစက္ကူတစ်ရွက်ကို အလျားလိုက် ထက်ဝက်ခေါက်ပါ။


* * *



ပုံ-၆




ပုံ-၇



ပုံ-၈


ပုံ-၁



ပုံ(၂) အစွန်းတစ်ဖက်စီကို (၄၅) ဒီဂရီစောင်းလျက် ခေါက်၍ အလယ်တွင်စုပါ။

* * *


ပုံ-၂




ပုံ(၃)ပါအတိုင်း ရရှိပါမည်။


* * *

ပုံ-၃



www.burmeseclassic.com





ပုံ(၄) တစ်ဖက်သို့ လှန်ထားပုံဖြစ်သည်။ အောက်ခြေနှစ်ဖက်ကို အထက်သို့ ထက်ဝက်ခေါက်တင်ပါ။


* * *

ပုံ-၄




ပုံ(၅) အနားစွန်းထောင့်ဖြတ်နှစ်ခုကို အထက်သို့ ခေါက်တင်ပါ။

* * *





ပုံ-၅



ပုံ(၆) အောက်ခြေနှစ်ခုကို အထက်သို့ ခေါက်တင်ပါ။

* * *


ပုံ-၆



ပုံ(၇) ဝဲယာအစွန်းနှစ်ဖက်ကို ခေါက်ပါ။

* * *

ပုံ-၇



ပုံ(၈)အတိုင်း ထောင့်မှန်ကြီးငံ စက္ကူခေါက်ကို ရပါမည်။




www.burmeseclassic.com

www.burmeseclassic.com

* * *

ပုံ-၈




ပုံ(၆)၊ (၇)၊ (၈)တို့ကို ဓာတ်ပုံဖြင့်လည်း ဖော်ပြထားပါသည်။

ငွေစက္ကူခေါက်၏ ABအနားကို ရေညီမျဉ်းအတိုင်းထားပါ။ စက္ကူခေါက်နှစ်ခုယှဉ်ထားလျက် ပထမစက္ကူခေါက်၏ ထောင့်$C_2$နှင့် ဒုတိယစက္ကူခေါက်၏ထောင့်$C_1$တို့ကို အခြားစက္ကူခေါက်တစ်ခုဖြင့်စွပ်ပါ။ **ပုံ(၉)**

အထက်ပါအတိုင်းပင် ဒုတိယစက္ကူခေါက်၏ထောင့် $C_2$နှင့် တတိယစက္ကူခေါက်၏ထောင် $C_1$တို့ကို အခြားစက္ကူခေါက်တစ်ခုဖြင့် ထပ်၍စွပ်သွားပါ။ ထောင့်Bကို ဗဟိုပြုကာ ဆက်ကာဆက်ကာ ထပ်စွပ်သွားပါ။


အထက်,အောက် စက္ကူခေါက် (၁၆) ခုစီမျှရလျှင် နာနတ်သီး၏ အခြေပိုင်းနှစ်ဆင့်ရပါလိမ့်မည်။ **ပုံ(၁၀)**

ဤပုံစံ ရရှိရန် အခက်အခဲ ရှိပါက ပုလင်းဖုံးကဲ့သို့ ကရွတ်ခွေပုံစံစက်ဝိုင်းအနားကွပ်၏ အကူအညီယူပါ။ သုံးဆင့်အထိရောက်အောင် ဤပုံစံအတိုင်းစွပ်ပါ။**ပုံ(၁၁)**


**စတုတ္ထအဆင့်သို့ ရောက်ပါက A.$C_1$အနားA.$C_2$**များကို ရေညီအတိုင်း ထားပါ။ ထောင့်Aကို အပြင်၊ ထောင့် $C_1$, $C_2$တို့ကို အတွင်း(ဗဟို)ပြု၍ စွပ်သွားပါ။**ပုံ(၁၂)**

စတုတ္ထဆင့်မှ စတင်၍ အရောင်ကွဲငွေစက္ကူခေါက်များကို အသုံးပြုပါက ပို၍ မျက်စိပသာဒ ရှိပါလိမ့်မည်။

ပုံ-၁၂



ပုံ-၁၃



ပုံ(၁၃)သည် (၇)ဆင့် ရောက်ချိန်ဖြစ်သည်။ (၁၁)ဆင့်ရောက်အောင် စွပ်တင်ပါ။

နောက်ဆုံးအဆင့်ကို အရောင်ကွဲငွေစက္ကူခေါက်ဖြင့် စွပ်ကာ အနားကွပ်ပေးပါ။ **ပုံ(၁၄)** ငွေနာနတ်သီးကလေး ရပါပြီ။


တစ်ဆင့်တွင် ငွေစက္ကူခေါက် (၁၆) ခု ပါရှိရာ (၁၁)ဆင့်ပြီးသည်အထိ ငွေစက္ကူရွက်ရေ (၁၇၂)ရွက်မျှ လိုအပ်ပါမည်။ ငွေစက္ကူအစား ရောင်စုံစက္ကူများကိုလည်း ငွေစက္ကူအရွယ်(အချိုး) အတိုင်း ကိုက်ညှပ်ကာ ပြုလုပ်နိုင်ပါသည်။



www.burmeseclassic.com

www.burmeseclassic.com

ပုံ-၁၄



ငွေနာနတ်

မူလအစီအစဉ်တွင် **ငွေစက္ကူ = တနင်္လာ + အင်္ဂါ + တနင်္လာ။** စံကူး ဓာတ်ရန်ကို အားပြုကာ ဥစ္စာလိုရန် ဂိုဟ်ဆောင်ထားခြင်း ဖြစ်သည်။ သာမန်စက္ကူသည်လည်း စံကူးဓာတ်ရန်ကိုပင် ဆောင်သောကြောင့်ဖြစ်သည်။

ထီးဖြူကား မြတ်စွာဘုရားကို ရည်မှန်းကပ်လှူခြင်းဖြစ်၍ ဘဝနေမှု တိုးတက်ရေးနိမိတ် ဆောင်သည်။ သာသနာ့အလံကား ယုံကြည်ကိုးစားသော မြတ်ဘုရား၏ သာသနာတော် အဓွန့်ရှည်ကြာရေး ရည်ညွှန်းကာ ကြက်လျှာလေးခုမှာ အရပ်လေးမျက်နှာအနှံ့ ပျံ့နှံ့ပါစေကြောင်း ဆုတောင်းခြင်းဖြစ်သည်။

ဤသို့ပြုရသော ကောင်းမှုကုသလကြောင့် လောကီရေးရာတွင်လည်း အရပ်မျက်နှာအသီးသီးမှ ငွေကြေးများ အဟန့်အတားမရှိ ဝင်ရောက်လာရန် တိုင်တည်ခြင်းလည်း မည်လေသည်။

**ရွှေရောင်စက္ကူ (တရုတ်ရိုးရာပွဲများ၌ မီးရှို့သော စက္ကူမဟုတ်ပါ။)** နှင့်လည်း ပြုလုပ်နိုင်သည်။ စက္ကူစံကူးဓာတ်ရန်၏ အာနိသင်အပြင် ရွှေ = ဗုဒ္ဓဟူး နှင့် နာနတ် = စနေတို့က **'လံတော'** အောင်ဓာတ် ဆောင်သောကြောင့်ဖြစ်သည်။

အောင်လံတောဇ သက္ကျမုနိအုံး(ဦး) နန္ဒီသေနထုံးဟူ၍ စတုရန်းနံ့ဖြင့် အောင်ဓာတ်ဆင်လေ့ ရှိကြသည်။ ကာလိင်္ဂဇာတ်တော်ကို အမှီပြုဖြစ်ပေါ်လာခြင်းဖြစ်သည်။

နန္ဒီသေနအမတ်ကား အဿကမင်း၏ အမတ်ဖြစ်သည်။ ထိုမင်းနှင့် နန်းပြိုင်မင်းကား ကာလိင်္ဂမင်းဖြစ်သည်။

ထိုမင်းသည် ခွန်အားကြီးသည့်အပြင် စစ်သည်ဗိုလ်ပါအင်အား တောင့်တင်းသည်။ စစ်တိုက်လိုသော်လည်း ပြိုင်ဘက် မရှိသဖြင့် သမီးလေးယောက်ကို အပြည်ပြည်သို့ စေလွှတ်ကာ သမီးကိုယူသောမင်းသည် ကာလိင်္ဂမင်းနှင့် စစ်ခင်းရမည်ဟု အမိန့်စာပို့စေသည်။

တစ်ရာ့တစ်ပါးသော မင်းတို့သည် မပြိုင်ဝံ့သဖြင့် အညံ့ခံကြသည်။ နန္ဒီသေနအမတ်က သမီးလေးယောက်စလုံးကိုယူ၍ အဿကမင်းအား ဆက်၏။

ကာလိင်္ဂမင်းလည်း အလျင်အမြန်လာရောက်ကာ စစ်ခင်းရန် ပြင်ဆင်သည်။ ထိုအခါ နှစ်ပြည်ထောင်ကြားတွင် ရသေ့ကြီးတစ်ပါးရှိသဖြင့် ကာလိင်္ဂမင်းက ရသေ့အား မင်းနှစ်ပါးအပြိုင်အရှုံးကို မေးလျှောက်၏။ ရသေ့က **'ငါမသိပါ၊ ငါ့အထံသို့ သိကြားမင်း ဆည်းကပ်လေ့ရှိသည်။ ယင်းအား မေးမြန်းပါမည်'**ဆို၏။

နောက်တစ်နေ့တွင် သိကြားမင်းပြောသည့်အတိုင်း ကာလိင်္ဂမင်းနိုင်၍ အဿကမင်း ရှုံးမည်။ နိုင်သူရှုံးသူတို့၏ ပုဗ္ဗနိမိတ်ကားဟူဆိုရုံမျှနှင့် ကာလိင်္ဂမင်း ဝမ်းသာလုံးဆို့လျက် နိမိတ်ကိုပင်နားမထောင်တော့ဘဲ ထ၍ ပြန်သွားသည်။

နန္ဒီသေနအမတ်က ထိုသတင်းကို ကြား၍ ရသေ့ထံ သွားမေး၏။ ပုဗ္ဗ

 စာမျက်နှာ (၁၄၃) သို့

www.burmeseclassic.com

www.burmeseclassic.com

# ငွေကြေး ရလွယ်အောင်

သန်းဇော်
(ပညာရေး)



ငွေကြေးနဲ့ ပတ်သက်ပြီး ရလွယ်တဲ့ အခါမျိုးရှိသလို ခက်ခဲကျပ်တည်းတဲ့ အခါမျိုးလဲ ရှိနိုင်ပါတယ်။ ရလွယ်တဲ့ အခါ အကြောင်း မပြောတော့ဘဲ ရဖို့ မလွယ်သော အခါမျိုးမှာတော့ အကြောင်း ဟုတ်လာရပါတယ်။ ဒီတော့ ငွေကြေးဆိုင်ရာ ကျပ်တည်းမှုကို ကျော်လွှားနိုင်မယ့် နည်းကောင်းတစ်ခုကို တင်ပြလိုပါတယ်။

ငွေကြေးရလွယ်စေမယ့် ဂမ္ဘီရအစီအရင်သည် ရတနာသုံးပါးကို အထွတ်တင်ပြီး ဆောင်ရွက်ရတဲ့နည်းစဉ်လဲ ဖြစ်ပါတယ်။ ရတနာသုံးပါးရဲ့အရိပ်ကို ခိုလှုံလိုက်ခြင်းပင် ဖြစ်ပါတယ်။

ကြည့်ပါ...

* * *

| |
|---|
| ⑥ |
| ၃ |
| ၀ |
| ၂ |
| ၅ |
| ၁ |
| ၄ |

ငွေကြေးတိုင်(၂-လော်တိုင်)

ဒီတော့ ငွေကြေးတိုင်(၂-လော်တိုင်) အရ ရုပ်ကို နာမ်ကူသော ပညာရပ်သဘောအရ ပဋ္ဌာန်းစဉ်နဝင်းဖြစ်တဲ့ သောကြာဂြိုဟ်နဲ့ ယှဉ်တွဲစေရပါမယ်။ သောကြာဂြိုဟ်သည် တနင်္လာဂြိုဟ်ကို အားဖြည့်တဲ့အတွက် ငွေကြေးရလွယ်မှု ဖြစ်စေတယ်။

ယှဉ်တွဲရာ၌ တနင်္လာနံ အစပြုပြီး သောကြာနံ အခုံးသတ်များ ဖြစ်ရမယ်။

**ဥပမာ** ကသစ်ညွန့်၊ ကြံသကာ၊ ကြက်သွန် စသည်ဖြင့်...

ကြည့်ပါ...

* * *

| | | | | |
|---|---|---|---|---|
| **က** | **သစ်** | = | ၂ | ၆ |
| ↓ | ↓ | | ↓ | ↓ |
| **ကြံ** | **သကာ** | = | ၂ | ၆ |
| ↓ | ↓ | | ↓ | ↓ |
| **ကြက်** | **သွန်** | = | ၂ | ၆ |
| ↓ | ↓ | | ↓ | ↓ |
| **ချမ်း** | **သာ** | = | ၂ | ၆ |

ဤတွင်...

ရတနာသုံးပါးကို ဦးထိပ်ထား အထွတ်တင်ထားသည့် အားလျော်စွာ...

❖ သောကြာနံသင့် ပညတ်ခံဘုရား(ဗုဒ္ဓ)
❖ သောကြာနံသင့် ပညတ်ခံ ဂါထာ၊ ဂုဏ်တော် (ဓမ္မ)
❖ သောကြာနံသင့် ပညတ်ခံ ဂုဏ်တော်၊ သံဃာ့ဂုဏ်တော် (၉)ပါး(သံဃံ)

ကို အထူးအလေးထားပြီး ဆောင်ရွက်ရပါမယ်။

ဤတွင်...

သောကြာနံသင့် ပညတ်ခံဘုရားအဖြစ် မဟာသုံသာရဘုရား ရုပ်ပုံတော်၊ ရုပ်တုတော် ရှေ့မှောက်တွင် ကြံသကာဖြင့် ဆွမ်းကပ်ပါ။ ပြီးရင်...

သုမနော သုမေဓာ ဗုဒ္ဓေါ
ဗုဿဝိနော၊ ဝေါဟာယော။
သုတ္တဂါရေ အဘိဇာတာ၊
တော နမသသာမိ သာအရုံ။
နဝေနာနေန ကမ္မေန၊
ပေါရာဏကံ ဝိနဿတု။
စတုန္နံ ဗုဒ္ဓဝေစနေ၊
သဒ္ဓါ သုခီ ဘဝန္တုမေ။(၃-ခေါက်)

ဆီမီး၊ ရေချမ်း၊ ပန်း၊ အမွှေးနံ့သာများ ကပ်လှူခြင်းဖြင့် မိမိတို့၏ သဒ္ဓါဆန္ဒ ဖြစ်ပါစေ။ ပြီးလျှင်...

- သီးသား(၉)လုံးပုတီးဖြင့် ဦးစွာ ပုတီးခေါင်းကိုကိုင်ပြီး သမ္ဗုဒ္ဓေ ဂါထာကို (၁)ခေါက်ရွတ်ဆိုပြီး သမ္မာသမ္ဗုဒ္ဓေါဂုဏ်တော် ပုတီး တစ်လုံးချသောနည်းဖြင့် ပုတီး(၃) ပတ်စိပ်ပါ။ **[ထိုအခါ သမ္ဗုဒ္ဓေဂါထာ သုံးခေါက်နှင့် သမ္မာသမ္ဗုဒ္ဓေါ ဂုဏ်တော် ပုတီး (၃)ပတ် ရရှိ လိမ့်မည်။]**
- သီးသား(၉)လုံးပုတီးဖြင့် ပုတီး ခေါင်းကိုကိုင်ပြီး သုရှစ်ချက်ဂါထာ ကို(၁)ခေါက်ရွတ်ဆိုပြီး သုဂတော



www.burmeseclassic.com

www.burmeseclassic.com

ဂုဏ်တော်ကိုပုတီးတစ်လုံးချသော နည်းအားဖြင့် ပုတီး(၃)ပတ်စိပ်ပါ။

**[ထိုအခါ သုရှစ်ချက်ဂါထာ (၃) ခေါက်နဲ့ သုဂတော ဂုဏ်တော် (၃)ပတ် ရပါမယ်။]**

တစ်ဖန်...

သံဃာကို ပူဇော်သောအားဖြင့် သံဃာ့ဂုဏ်တော်(၉)ပါးမှ သောကြာနံ ဖြင့် စသော ဂုဏ်တော်များကို အထွတ် တင် ပူဇော်ရပါဦးမယ်။

သီးသား (၉)လုံးပုတီးဖြင့်...

သုပ္ပဋိပန္နော ဘဂဝတော သာဝကသံဃော။

***(ပုတီးတစ်လုံးချ)***

သာမိစိပ္ပဋိပန္နော ဘဂဝတော သာဝက သံဃော။***(ပုတီးတစ်လုံးချ)***

သော နည်းအားဖြင့် ပုတီး(၂၁)ပတ် စိပ်ပြီး ဆုတောင်းပါ။

ဤသို့ မွေးနေ့တိုင်း ဆောင်ရွက် သွားခြင်းဖြင့် ငွေကြေးရလွယ်လာပါ လိမ့်မည်သာတည်း။

သု-ရှစ်ချက်ဂါထာ

သု,နက္ခတ္တံ သု,မင်္ဂလံ၊
သု,ပ္ပဘာတံ သု,ဟုဋ္ဌိတံ။
သု,ခဏော သု,မုဟုတ္တော စ၊
သု,ယိဋ္ဌံ ဗြဟ္မစာရိသု။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **သု,နက္ခတ္တံ** | = သုနက်ခတ်တံ |
| **သု,မင်္ဂလံ** | = သုမင်ဂလံ |
| **သု,ပ္ပဘာတံ** | = သုပ်ပဘာတံ |
| **သု,ဟုဋ္ဌိတံ** | = သု,ဟုတ်ထိတံ |
| **သု,မုဟုတ္တော စ** | = သုမုဟုတ်တောစ |
| **သု,ယိဋ္ဌံ** | = သုယိတ်ထံ |
| **ဗြဟ္မစာရိသု** | = ဗြန်မစာရိသု |

သမ္ဗုဒ္ဓေဂါထာ

သမ္ဗုဒ္ဓေ အဋ္ဌဝီသဉ္စ၊
ဒွါဒသဉ္စ သဟဿကေ၊
ပဉ္စသတ သဟဿာနိ၊
နမာမိ သိရသာမဟံ။
အပ္ပကာ ဝါလုကာ ဂင်္ဂါ၊
အနန္တာ နိဗ္ဗုတာ ဇိနာ၊
တေသံ ဓမ္မဉ္စ သံဃဉ္စ၊
အာဒရေန နမာမဟံ။
နမက္ကာရ နုဘာဝေန၊
ဟိတွာ သဗ္ဗေ ဥပဒ္ဒဝေ၊
အနေကာ အန္တရာယာပိ၊
ဝိနဿန္တု အ,သေသတော။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **သမ္ဗုဒ္ဓေ** | = သမ်ဗုတ်ဓေ |
| **အဋ္ဌဝီသဉ္စ** | = အတ်ထဝီသင်စ |
| **ဒွါဒသဉ္စ** | = ဒွါဒသင်စ |
| **ပဉ္စသတ** | = ပင်စတ်သတ |
| **သဟဿာနိ** | = သဟတ်သာနိ |
| **အပ္ပကာ** | = အပ်ပကာ |
| **ဝါလုကာ** | = ဝါလုကာ |
| **ဂင်္ဂါ** | = ဂင်ဂါ |
| **အနန္တာ** | = အနန်တာ |
| **နိဗ္ဗုတာ** | = နိပ်ဗုတာ |
| **ဓမ္မဉ္စ** | = ဓမ်မင်စ |
| **သံဃဉ္စ** | = သံဃင်စ |
| **နမက္ကာရ** | = နမက်ကာရ |
| **ဟိတွာ** | = ဟိတ်တဝါ |
| **သဗ္ဗေ** | = သပ်ဗေ |
| **ဥပဒ္ဒဝေ** | = အုပတ်ဒဝေ |
| **အန္တရာယာပိ** | = အန်တရာယာပိ |
| **ဝိနဿန္တု** | = ဝိနတ်သန်တု |

***အေးမြရင်မှာ ရှိပါစေ။***

**သန်းခေါင် *(ပညာရေး)***

စာမျက်နှာ (၁၂၅)မှ အဆက်

မိတ်ကား၊ နိုင်မည့်မင်း၏ ကိုယ်စောင့်နတ်က နွားဖြူ ဆောင်ဆောင်ကာ၊ ရှုံးမည့် မင်းကိုယ်စောင့်နတ်က နွားနက် ဆောင်ဆောင်လျက် ရှေ့က တိုက်ကြမည်။ ထိုနွားတို့ကို မင်းနှစ်ပါးသာ မြင်ကြလိမ့်မည်ဟု သိခဲ့ရသည်။

တိုက်ပွဲစသောအခါ အမတ်က မင်းကို နွားဖြူ မြင်၏ လောဟုမေး၏။ မင်းက မြင်ကြောင်းပြောရာ '**အရှင်မင်းကြီးကို နွားဖြူကို ချဉ်းကပ်၍ လှံဖြင့်ထိုးပါ။ အရှင်ထိုးသော နေရာကို ဝိုင်း၍ ထိုးပါမည်**'ဟု လျှောက်ထားသည်။

ထို့နောက် အဿကမင်းသည် နွားဖြူထံချဉ်းကပ်၍ လှံနှင့်ထိုးရာ နန္ဒိသေနအမတ်နှင့် အမတ်တစ်ထောင်တို့ ကလည်း လှံဖြင့် ဝိုင်း၍ထိုးကြသည်။ နွားဖြူ သေဆုံးသဖြင့် ကာလိင်္ဂမင်းလည်း စစ်ရှုံးကာ ထွက်ပြေးရ၏။

ဤဇာတ်ဝတ္ထုလာ ထုံးသကဲ့သေ သာဓကနှင့်တူစွာ မိမိထက်သာသည့် ရန်သူကိုပင် စတုရန်းဓာတ်ဆင်ပါက အနိုင်ရကြောင်းကို ဆိုလိုသည်။ **(မုံရွာမြို့ အရှေ့လယ်တီ တိုက်ဆရာတော် ဦးကုဏ္ဍလအရေး မဟာသုတာဒီပနီကျမ်း ပထမတွဲ၊ စာမျက်နှာ ၅၃၂၊ ၅၃၃၊ ၅၃၄)**

**ရွှေ=ဗုဒ္ဓဟူးနံကို နာခတ်=စနေနံက** အနိုင်ရသည်ဖြစ်၍ ရွှေရောင်စက္ကူ၊ နာခတ်သီးကို ငွေကြေးဆိုင်ရာကိစ္စများတွင် သာမက ရွှေနှင့်ပတ်သက်သော အမှုကိစ္စများ၌လည်း အသုံးပြု နိုင်လေသည်။

***[မဟာလယ်တီတိုက်မှ အရှင်သီလာ တရုဏ အား ကျေးဇူးတင်ရှိရ မြဲပါသည်။]***

**ထက်မင်းကျော်စွာ**

www.burmeseclassic.com



◆ ကြက်မဝပ်အပင်၏ မြေကပ် အနီးမြင်ကွင်းပုံ

# ကျောက်ကပ် အတွက်

## ဆေးတစ်ခွက်

ဤဆေးနည်းသည် စာရေးသူ၏ မိတ်ဆွေ မိဘ နှစ်ပါးစလုံး ကုသ ပျောက်ကင်းခဲ့သောကြောင့် စာရေးသူ၏ မိတ်ဆွေရင်တွင်း ဖွင့်ဟချက်ကို ဓာတ်ပုံနှင့်တကွ နက္ခတ္တ ရောင်ခြည် မဂ္ဂဇင်းတွင် မိတ်ဆွေကိုယ်စား မေတ္တာဖြင့် ဖြန့်ဝေ ဒါနပြုလိုက်ရပါသည်။

ကျွန်တော်၏ မိခင်ကြီးမှာ လွန်ခဲ့သော (၂)နှစ်ခန့်က ကျောက်ကပ်ရောဂါကို အပြင်းအထန် ခံစားခဲ့ရပါသည်။ ဆရာဝန်နှင့်ပြသရာတွင် ခွဲစိတ်ကုသရန် အကြံပေးပါသည်။ ထိုအချိန်တွင် သားသမီး(၆)ယောက်စလုံး ဝန်ထမ်းတာဝန်ဖြင့် ရပ်ဝေးတွင် တာဝန်ကျနေသောကြောင့် မိခင်ကြီးအနီးတွင် ဖခင်အိုကြီးတစ်ဦးတည်းသာ ရှိသည့် အတွက် ဆေးရုံတက်ရောက်ကုသရေးမှာ အခက်အခဲရှိနေပါသည်။

ထိုအချိန်တွင် အိမ်သို့ အလှူခံကြွလာသော ဘုန်းကြီးတစ်ပါးမှ ဖခင်ကြီးအား အပင်တစ်ပင်ကို ညွှန်ပြပြီး ဖော်စပ် သောက်သုံးရမည့်နည်းကိုပါ ချီးမြှင့်သွားပါသည်။

အဆိုပါ ဆေးနည်းကို ကျောက်ကပ်ရောဂါသာမကဘဲ အသည်းရောင်ရောဂါအမျိုးမျိုးတွင်လည်း အသုံးပြုနိုင်ကြောင်း မှာကြားခဲ့သော နည်းစနစ်အတိုင်း မိခင်ကြီးအား ဖော်စပ်တိုက်ကျွေးခဲ့ရာ နှစ်ပတ်အတွင်း သက်သာပျောက်ကင်း၍ ယနေ့ထိ တစ်ကြိမ်တစ်ခါမှ ပြန်မဖြစ်တော့ဟု သိရပါသည်။

ယခု စာရေးသူ တင်ပြလိုက်သော ဆေးနည်းမှာ မိတ်ဆွေတစ်ဦး၏ ဖွင့်ဟချက်ပင် ဖြစ်ပါသည်။

ဤဆေးပင်သည် နေရာမရွေး စိုက်ပျိုးနိုင်သော အပင်မျိုးဖြစ်သလို အဆိုပါ အပင်မှာ မြေကပ်ပင် အမျိုးအစားဖြစ်ပြီး ဂဝံကျောက်ကုန်းများတွင် အများအားဖြင့် ပေါက်ပွားကြပါသည်။

အရွက်မှာ ဖားဖားရှည်ရှည်လေး ဖြစ်ပြီး မျက်နှာပြင်မှာ ချောမွေ့ကာ ကျောဘက်တွင် အမွေးနုကလေးများ ပါရှိပါသည်။ သောက်သုံးရာတွင် ဘေးဥပဒ်လည်း မဖြစ်နိုင်ပါ။ ထို့ကြောင့် ဤဆေးသုံးစွဲပုံကို တင်ပြပေးလိုက်ပါသည်။

**ဆေးနည်းမှာ...**

ကြက်မဝပ်ပင်၏ ပွင့်ငါးပါးကို ရေစင်အောင် ဆေး၍ ပိပိသောက်နိုင်မည့် ခွက်ဖြင့် ရေသုံးခွက်ကို ချိန်ထည့်ပါ။ ထို့နောက် တစ်ခွက်ကျန်အောင် ပြုတ်ပြီး သောက်သုံးနိုင်ပါသည်။

တစ်နေ့ကို (၂)ကြိမ်မှ (၃)ကြိမ်ထိ သောက်နိုင်ပါသည်။ ကြက်မဝပ်အပင်ကို လတ်လတ်ဆတ်ဆတ် မရပါက အခြောက်ခံ၍ ရေနွေးတွင် လက်ဖက်ခြောက်ခတ်သကဲ့သို့ ခတ်ကာ သောက်သုံးနိုင်ပါကြောင်း တင်ပြအပ်ပါသည်။

**မြဒင် (ဇင်းကျိုက်)**

www.burmeseclassic.com

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ် ကျန်းမာပါစေ တိုင်းရင်းဆေးခန်း

# ဆရာ ဦးသီဟ

(တဆ-၀၃၉၈၀)နှင့် တွေ့ဆုံဆွေးနွေးခဲ့သော

# လေဖြတ်ရောဂါ

ကာကွယ်စောင့်ရှောက်နည်းများ

မြောင်းမြ မောင်ယဉ်တင့်



ဆရာဦးသီဟ တဆ-၀၃၉၈၀

သွေးတိုးရောဂါရှိသူ၊ ဆီးချိုရောဂါရှိသူ၊ သွေးတိုးရောဂါနဲ့ ဆီးချိုရောဂါ ယှဉ်တွဲရှိသူ၊ အဆီများ အဝလွန်သူတွေ လေဖြတ်နိုင်ခြေ များပါတယ်။ ဒါပေမယ့် အခြားအကြောင်းအချက်များကြောင့်လဲ လေဖြတ်နိုင်ပါတယ်။

လေဖြတ်သူဟာ အသက်အန္တရာယ်ဆုံးရှုံးနိုင်ပြီး အသက်မသေပေမယ့် နောက်ဆက်တွဲ ဆိုးကျိုးများစွာ ခံစားရတတ်ပါတယ်။ ဒါကြောင့် လေဖြတ်ရောဂါအကြောင်း ဆွေးနွေးဖို့ **ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ ဇေယျာလမ်း၊ (၁၀)ရပ်ကွက်၊ အမှတ်(၈၂)မှာရှိတဲ့ ဆရာဦးသီဟ**ကို သွားရောက် တွေ့ဆုံခဲ့ပါတယ်။

ဆရာဦးသီဟက တိုင်းရင်းဆေးဆရာကြီး ဦးဝင်းလေးနဲ့တိုင်းရင်းဆေးဆရာမကြီး ဒေါ်လှသိန်းတို့ရဲ့သားဖြစ်ပါတယ်။ ဆေးကုသက် (၁၃)နှစ်ရှိပြီဖြစ်တဲ့ ဆရာဦးသီဟနဲ့ တွေ့ဆုံဆွေးနွေးမေးမြန်းခဲ့သမျှ ပြန်လည်တင်ပြလိုက်ရပါတယ်။

❒ **ဒီတစ်ပတ် ဆရာနဲ့ ဆွေးနွေးမှာကတော့ လေဖြတ်ရောဂါအကြောင်းကို ဆွေးနွေးမှာဖြစ်ပါတယ်။ ပထမ လေဖြတ်ရောဂါဖြစ်စေတဲ့အကြောင်းများကို ပြောပြပေးပါ ဆရာ’**

❍ ‘လေဖြတ်ရောဂါဖြစ်စေတဲ့အကြောင်းများကတော့...

၁။ ဆီးချိုရောဂါရှိခြင်း။
၂။ သွေးတိုးရောဂါရှိခြင်း။
၃။ အဝလွန်ခြင်း။
၄။ အရက်သောက်ခြင်း။
၅။ ဆေးလိပ်သောက်ခြင်း။
၆။ သန္ဓေတားဆေး သောက်သုံးခြင်း။
၇။ နှလုံးရောဂါရှိခြင်း။
၈။ သွေးဖိအားမြင့်တက်ခြင်း။
၉။ သွေးတွင်းအဆီဓာတ် ပုံမှန်မဟုတ်ခြင်း။
၁၀။ အသက်ကြီးလာခြင်း။
၁၁။ လေဖြန်းဖူးခြင်း။
၁၂။ ယခင်က လေဖြတ်ဖူးခြင်း

စတဲ့ အကြောင်းများဟာ လေဖြတ်ရောဂါဖြစ်စေတဲ့ အကြောင်းများဖြစ်ပါတယ်’

❒ **‘လေဖြတ်ခြင်းရဲ့ ရှေ့ပြေး ပုဗ္ဗရုပ် လက္ခဏာများကိုလဲ ဆက်ပြီး ပြောပြပေးပါဦး ဆရာ’**

❍ ‘လေဖြတ်ခြင်းရဲ့ ပုဗ္ဗရုပ် ရှေ့ပြေး လက္ခဏာများကတော့...

၁။ ခန္ဓာကိုယ်တစ်ခြမ်း အားနည်းခြင်း။ လေးလံခြင်း(သို့မဟုတ်) မလှုပ်ရှားနိုင်ခြင်း (မျက်နှာ၊ လက် ဒါမှမဟုတ် ခန္ဓာကိုယ်အောက်ပိုင်းမှာ ဖြစ်တတ်သလို ခန္ဓာကိုယ်တစ်ခြမ်းလုံးမှာလဲ ဖြစ်တတ်ပါတယ်)၊
၂။ မျက်စိတစ်ဖက် သို့မဟုတ် နှစ်ဖက်စလုံး အမြင်အာရုံ ဆုံးရှုံးခြင်း၊
၃။ နှစ်ထပ်မြင်ခြင်း။
၄။ ခေါင်းမူးခြင်း။ ဟန်ချက်မထိန်းနိုင်အောင် ချာချာလည်မူးခြင်း။
၅။ စကားမပီသခြင်း သို့မဟုတ် စကားပြောရန် ခက်ခဲခြင်း။
၆။ အခြားလူ ပြောစကားများကို နားလည်ရ ခက်ခဲခြင်း။
၇။ အသိစိတ် မရှိတော့ခြင်း။
၈။ အလွန်ဆိုးရွားစွာ ခေါင်းကိုက်ခြင်း

စတဲ့ လက္ခဏာများဟာ လေဖြတ်

www.burmeseclassic.com

ရောဂါရဲ့ ရှေ့ပြေးလက္ခဏာများ ဖြစ်ပါတယ်'

❑ **'ဝါယော ခေါ် လေဓာတ်(၂)မျိုးရှိကြောင်း သိရပါတယ်။ အဲဒီဝါယောဓာတ်(၂)မျိုးရဲ့ လှုပ်ရှားမှုကြောင့် ဖြစ်ပေါ်လာတဲ့ အကျိုးဆက်များကိုလဲ သိပါရစေဆရာ'**

O 'ဝါယော ခေါ် လေဓာတ်ဟာ အချုပ်အားဖြင့် (၂)မျိုးရှိပါတယ်။ အဲဒီ(၂)မျိုးကတော့ ဥဒ္ဓါဝါယောခေါ် ပူသောလေဓာတ်ရဲ့ လှုပ်ရှားမှုဟာ အောက်သို့ စုန်ဆင်းခြင်း၊ ကိုယ်အင်္ဂါ လှုပ်ရှားခြင်း၊ အသက်ရှူခြင်းတို့ဖြစ်ပြီး သီတဝါယောခေါ် အေးသောလေရဲ့ လှုပ်ရှားမှုဟာ အထက်သို့ ဆန်တက်ခြင်း၊ ခေါင်းချွေးထွက်ခြင်း၊ ဝမ်းချုပ်ခြင်း၊ အစာအိမ်ရောဂါဖြစ်ခြင်း၊ မူးဝေခြင်း၊ လမ်းသွားရင်း မိမိကိုယ်မိမိ မထိန်းနိုင်ခြင်း၊ အားအင်ချည့်နဲ့လာခြင်းများ ဖြစ်လာနိုင်ပါတယ်။

သီတဝါယော လှုပ်ရှားတာနဲ့အမျှ ဥဒ္ဓါဝါယောဓာတ်ရဲ့ အကျိုးများဟာ အားနည်းပြီးသက်လာပါတယ်။ အောက်ကိုစုန်ဆင်းတဲ့ အခိုး မစုန်ဆင်းနိုင်ဘဲ အထက်ကို ဆန်တက်ခြင်း၊ ခန္ဓာကိုယ်တွင်း လှုပ်ရှားသွားလာသော လေအားနည်းမှုကြောင့် ကိုယ်အင်္ဂါများ လှုပ်ရှားမှုအားလျော့ကျကာ ရုတ်တရက် အရုပ်ကြိုးပြတ် လဲပြိုကျခြင်း၊ ခြေလက်ခန္ဓာကိုယ်များ လေးလံခြင်း၊ မလှုပ်ရှားနိုင်ဘဲ သေသွားခြင်း၊ မျက်စိ၊ ပါးစပ်၊ လျှာများ ရွဲ့စောင်းသွားခြင်း၊ သတိမရဘဲ အတန်ကြာအောင် မေ့နေခြင်း၊ စကားမပြောနိုင် အသံမထွက်ဘဲ ဆွံ့နေခြင်း၊ ပါးစပ်မဟနိုင်ခြင်း။

စကားမပီသခြင်း၊ ကိုယ်တစ်ခြမ်းမလှုပ်ရှားနိုင်ဘဲ သေသွားခြင်း၊ စိတ်အားငယ်ပြီး ငိုလွယ်၊ရယ်လွယ်ဖြစ်ကာ စိတ်မထိန်းနိုင်ဘဲ ဒေါသဖြစ်ခြင်းစတဲ့ လေဖြတ်ခြင်းရဲ့ ဝေဒနာ လက္ခဏာတွေကို ခံစားကြရပါတယ်'

❑ **'ဆီးချိုရောဂါရှိသူတွေ သွေးတိုးရောဂါရှိသူတွေ အဝလွန်သူတွေရဲ့ လေဖြတ်ခြင်းများကိုလဲ ရှင်းပြပေးပါဦး ဆရာ'**

O 'ကျေးရွာမြို့နယ်က လူအများ ပြောလေ့ရှိတာ လေဖြတ်လေငန်းအစ သွေးတိုးကလို့ ပြောစမှတ်ရှိပါတယ်။ လေငန်းလေဖြတ်ရောဂါဟာ သွေးတိုးခေါ် လေဓာတ်ပျက်ခြင်း၊ ဝါယောဓာတ်ရဲ့ အခြေခံအကြောင်းရင်း ဖြစ်ပါတယ်။

သွေးတိုးရောဂါဆိုတာ သွေးတွေတိုးလာခြင်း၊ သွေးပွားလာခြင်း၊ သွေးတွေများလာခြင်းမဟုတ်ဘဲ သွေးရဲ့လှုပ်ရှားမှု လည်ပတ်မှုအရှိန် တိုးလာခြင်းမျှသာ ဖြစ်ပါတယ်။

ဝါယောခေါ် လေဓာတ်တွန်းကန်လှုပ်ရှားမှုများသာ ဖြစ်ပါတယ်။ ဥပမာပြောရရင် သွေးပေါင်ချိန်စက်ဟာ လေညှစ်ပြီး ချိန်ရခြင်း ဖြစ်ပါတယ်။ လေကိုအကြောင်းခံပြီးဖြစ်တဲ့ သွေးတိုးရောဂါ၊ စိတ်ကိုအကြောင်းခံပြီးဖြစ်တဲ့ သွေးတိုးရောဂါ၊ ဥတုနဲ့ အစာအာဟာရကို အကြောင်းခံပြီးလဲ သွေးတိုးရောဂါ ဖြစ်တတ်ပါတယ်။

သွေးတိုးရောဂါအခံရှိပြီး ပူသောရာသီဥတုမှလာပြီး ရုတ်တရက် အေးသောနေရာ၊ ဥပမာ Aircon အခန်းထဲ အမှတ်မထင် ဝင်ရောက်ခြင်း၊ အလွန်ပူပြင်းတဲ့အချိန်မှာ ပန်ကာ၊ လေအေးစက်နဲ့ နေထိုင်ခြင်း၊ ရေချိုးခြင်း၊ ခေါင်းလျှော်ခြင်း၊ ရေခဲရေကို လွန်ကျူးစွာ သောက်သုံးခြင်း စတဲ့ အကြောင်းတရားများဟာ သွေးတိုးကြောင့် လေဖြတ်ခြင်းများ ဖြစ်တတ်ပါတယ်။

သွေးတိုးရောဂါနဲ့ ဆီးချိုရောဂါတွဲနေရင်၊ ဆီးချိုရောဂါနဲ့ အဆီများတာတွဲနေရင်၊ လေဖြတ်တာနဲ့ နှလုံးသွေးကြောပိတ်တာတွေ ဖြစ်နိုင်ပါတယ်။ ဆီးချိုရောဂါ၊ သွေးတိုးရောဂါ၊ လေဖြတ်တာ၊ အဆီများတာနဲ့ သွေးကြောပိတ်တာတွေက တစ်တွဲတည်း ဖြစ်ပါတယ်။

အဝလွန်သူတွေဟာ ဆီးချိုရောဂါနဲ့ သွေးတိုးရောဂါ ပူးတွဲ ဖြစ်နိုင်ပါတယ်။ ဆီးချိုသမား သွေးတိုးရှိနေပြီး သွေးတိုးရောဂါကို မထိန်းနိုင်ရင်၊ အဆီများနေပြီး အဆီကိုမလျှော့ချနိုင်ရင် လေဖြတ်တတ်ပါတယ်။ လေဖြတ်တာဟာ (၂)မျိုးရှိပါတယ်။ သွေးကြောပိတ်ရင်လဲ လေဖြတ်တတ်ပါတယ်၊ သွေးကြောပေါက်ရင်လဲ လေဖြတ်တတ်ပါတယ်။

ဆီးချိုရောဂါကြောင့် လေဖြတ်တာဆိုရင် နှလုံးသွေးကြော ပိတ်တတ်ပါတယ်။ သွေးတိုးကြောင့် လေဖြတ်တာဆိုရင် သွေးကြောပေါက်တာ ပိုဖြစ်ပါတယ်။ ဆီးချိုရောဂါနဲ့ သွေးတိုးရောဂါတွဲနေတဲ့အချိန်မှာ လေဖြတ်တဲ့အခါ သွေးကြောပိတ်သွားတာဆိုရင် ဆီးချိုရောဂါကြောင့် ဆီးချိုရောဂါ မနိုင်လို့ လေဖြတ်သွားတာ ဖြစ်ပါတယ်။

သွေးကြောပေါက်သွားရင် သွေးတိုးကိုမထိန်းနိုင်လို့ လေဖြတ်သွားတာ ဖြစ်ပါတယ်။ ဆီးချိုသမား လေဖြတ်ရင် အသက်အန္တရာယ် စိုးရိမ်ရပါတယ်'

❑ **'လေဖြတ်ရောဂါ ကာကွယ်နည်းကို သိပါရစေ ဆရာ'**

O 'ဆီးချိုရောဂါဖြစ်စေသော အစာအာဟာရများ၊ သွေးတိုးရောဂါ ဖြစ်စေသော အစားအစာများ၊ အဝလွန်စေသော အဆီအဆိမ့်များကို ရှောင်ကြဉ်ပြီး ကံ၊ စိတ်၊ ဥတု၊ အာဟာရဆိုတဲ့ သမုဋ္ဌာန်(၄)ပါး ညီညွတ်မျှတအောင် နေထိုင်စားသောက်မယ်ဆိုရင် ရောဂါကို ကာကွယ်ပြီး

www.burmeseclassic.com

www.burmeseclassic.com

သား ဖြစ်ပါတယ်။

အလျဉ်းသင့်လို့ ပြောရရင် ကျွန်တော့်ဆေးခန်း ရောက်လာတဲ့ လေဖြတ်ရောဂါရှင် တစ်ယောက်ဟာ ဘီယာနဲ့ဘဲကင် မကြာခဏ စားသောက်တဲ့အတွက် လေဖြတ်ပြီး၊ နောက်တစ်ယောက်ကတော့ ဘီယာနဲ့ ဝက်ဆီဖတ် မကြာခဏတွဲစားသောက်လို့ လေဖြတ်ကြောင်း သိရပါတယ်။

နောက်တစ်ယောက်ကတော့ နယ်တစ်နယ်ကို ရောက်တဲ့အခါ အိမ်ရှင်လေး,ငါးဦးက ဘဲသားဟင်းနဲ့ချည်းကျွေးမွေးတဲ့အခါ ဥတုနဲ့ အာဟာရ လွန်ယုတ်လွဲမှားမှုကြောင့် လေဖြတ်ကြောင်း သိရပါတယ်။

ဘာမီတွန်သောက်ပြီး (၁၅)မိနစ်ခန့်ကြာတဲ့အခါ ဘီယာသောက်သူ အသက်ဆုံးရှုံးတာလဲ တွေ့ဖူးသလို၊ ပါရာစီတမော့စ်ဖွဲ့သောက်သူတစ်ယောက် ဘီယာသောက်တာကြောင့် အသည်းပျက်စီးတာလဲ တွေ့ကြုံဖူးပါတယ်။

ဒါကြောင့် လေဖြတ်ရောဂါ ကြိုတင်ကာကွယ်သူတွေအတွက် သွေးတိုးရောဂါ၊ ဆီးချိုရောဂါ၊ အဝလွန်ရောဂါ မဖြစ်အောင် ကြိုတင်ကာကွယ်ပြီး အထက်မှာပြောခဲ့သလို တွဲဖက်မစားသင့်တဲ့ အစားအစာနဲ့ ဆေးဝါးကို သိထားဖို့ အလျဉ်းသင့်လို့ပြောခဲ့ပါရစေ။

အထက်မှာ ပြောခဲ့တာတွေဟာ ကျွန်တော် ဆေးကုသက် (၁၄)နှစ်ခန့် အတွေ့အကြုံနဲ့ (၃-၄-၂၀၁၃)၊ (၁၀-၄-၂၀၁၃)GOOD HEALTHဂျာနယ်မှ ဆောင်းပါးရှင် ဒေါ်ခင်မိုးမိုးရဲ့ ဆောင်းပါးကို ကိုးကား ပေါင်းစပ်ပြီး ပြောခဲ့တာ ဖြစ်ပါတယ်'

❒ 'လေဖြတ် ရောဂါရှင်များအတွက် ဆေးနည်းတစ်ခု ပညာဒါန ပြပေးပါဦး ဆရာ'

❍ 'သမားစဉ်သုံး လေဖြတ်ရောဂါ သောက်ဆေး၊ လိမ်းဆေးတစ်ခု ပြောပြပေးပါမယ်။

| လေဖြတ်ရောဂါ | |
|---|---|
| **သောက်ဆေး၊ လိမ်းဆေး** | |
| ၁။ ပိတ်ချင်းသီးမှုန့် | (၁)ကျပ်သား |
| ၂။ ဇာတိပ္ဖိုလ်သီးမှုန့် | (၁)ကျပ်သား |
| ၃။ ဇာတိပ္ဖိုလ်ပွင့်မှုန့် | (၁)ကျပ်သား |
| ၄။ လေညှင်းပွင့်မှုန့် | (၁)ကျပ်သား |
| ၅။ ပရုတ်မှုန့် | (၁)ကျပ်သား |

*[ဆေး(၅)မျိုး ဆေးချိန်(၆)ကျပ်သားတိတိ ]*

အထက်ပါဆေးများ အမှုန့်ပြု ရောစပ်ပါ။ ရောစပ်ပြီး ဆေး(၃)ကျပ်သားနှင့် အရက်ဆီ ငှက်ပျောဖူးပုလင်း တစ်ဝက်၊ ရှောက်ရည် ငှက်ပျောဖူးပုလင်း တစ်ဝက် ရောစပ်ပါ။ ရောစပ်ပြီး (၇)ရက်စိမ်ပြီးမှ အသုံးပြုပါ။

ဆေးလက်ဖက်ရည်ဇွန်း တစ်ဇွန်းခန့် နံနက်၊ နေ့လယ်၊ ညနေ တစ်နေ့(၃)ကြိမ် ရေနွေးနဲ့သောက်ပါ။ သောက်ဆေးအနေနှင့် တစ်နေ့(၃)ကြိမ်သောက်ပြီး၊ လိမ်းဆေးအနေနှင့် တစ်နေ့(၃)ကြိမ်လိမ်းပြီး ပိတ်သားအဝတ်နဲ့ အုပ်ထားပါ။ လေဖြတ်ရောဂါ သက်သာပျောက်ကင်းစေပါတယ်'

❒ 'အခုလို လေဖြတ်ရောဂါအတွက် လိုရင်းတိုရှင်း ပြောပြပေးတဲ့အတွက် ကျေးဇူးတင်ပါတယ် ဆရာ'

❍ 'ဆရာဦးသီဟနဲ့ ဆက်သွယ်နိုင်တဲ့ လိပ်စာကတော့...

**ဆရာ ဦးသီဟ**

**ကျန်းမာပါစေတိုင်းရင်းဆေးခန်း**

အမှတ်(ဂ၂)၊ ဝေယျလမ်း (၁၀)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့။

ဖုန်း-၀၉ ၄၂၀၆၆၁၃၉ဂ၊ ၀၉ ၇၃၀ဂ၅၄၄၀၊ ၀၉ ၅၀၅၉၇၇၁

**ပြောင်းမြ မောင်ယဉ်တင့်**

စာ
မူ
ပို
လို
ဘာ...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့။
ဖုန်း-၀၁ ၂၄၂၂၇၄

ဘုန်းတော်ကြောက်စုံ

# ဘဂဝါဂုဏ်တော်ပုတီးစိပ်

ဘုန်းခေါင်





စနေနေ့။

နှစ်သစ်၏အဦးအစ ရက်နုနုဖြစ်ပါ၏။ အများသူငါတို့ ပြောစကားအရဆိုလျှင် **တန်ခူးလဆန်း(၁၀)ရက်မှာ နှစ်ဆန်း(၄)ရက်နေ့**ဟု ဆိုကြလေသည်။ **၁၃၇၅ ခုနှစ်သို့ ကူးပြောင်းလာခဲ့သည်နှင့်အမျှ** ကျွန်ုပ်တို့မှာလည်း ဝေါဟာရ အသက်အားဖြင့် တစ်နှစ်တိုးခြင်းကို ခံကြရလေတော့သည်။

မိုးကုတ်ဆရာတော်ကြီး၏ ဟောပြဆုံးမခဲ့သော စကားအရဆိုလျှင် "**ငါသည် မုချသေရမည်၊ အချိန်ပိုင်းသာ လိုတော့သည်**"ဟု မရဏာနုဿတိကို မပြတ် နှလုံးသွင်းစေလိုသော စေတနာဖြင့် တပည့်ဒကာ,ဒကာမတို့အား မေတ္တာထား၍ ဟောပြခဲ့လေသည်။

ကျွန်ုပ်တို့မှာလည်း မြန်မာ့ရိုးရာ လေ့လော့သဘင် သို့မဟုတ် လှေပြိုင်ပွဲများတွင် အကန့်ပိုင်းထားပြီး ပန်းဝင်စေပါသည်။ ကျွန်ုပ်တို့လည်း ဘဝရေစီးတွင် ခွန်စိုက်အားစိုက် လှော်လိုက်ကြရာ ယခု ဆယ်စု တစ်မုန်းစံနှုန်းဖြင့် ခုနစ်မုန်းကိုပင် ကျော်လွန်လာခဲ့ပြီဖြစ်ပျသည်။

ဇရာ၏ နယ်မြေထဲသို့ တိုးဝင်လာနေချိန်တွင် ကောင်းမှုတစ်ခု အမြဲပြုဖို့ အမိအဖနှင့် ဆရာသခင်တို့၏ အဆုံးအမ ဩဝါဒအတိုင်း ကျွန်ုပ်အနေဖြင့် ခုနစ်နေ့သား၊ ခုနစ်နေ့သမီးတို့အတွက် မည်သို့ အကျိုးရှိအောင် ကူညီရမည်ကို စဉ်းစားမိပါသည်။

ယနေ့ ကျွန်ုပ်တို့အပါအဝင် လူသားအားလုံးတို့မှာ ခါးစည်းခံနေရသော စီးပွားရေးဒုက္ခဘေးကို အသေအချာ လွတ်မြောက်စေရန်အတွက် အကြံတစ်ခု ပေါ်လာခဲ့ပါတော့သည်။

ကျွန်ုပ်တို့သည် ထေရဝါဒဗုဒ္ဓဘာသာဝင်များ ဖြစ်ကြသည့်အတိုင်း သရဏဂုံကို အပျက်အယွင်း မခံကြပါ။

သက်တော်ထင်ရှား မရှိတော့သော မြတ်စွာဘုရားအား လွန်စွာ တန်ခိုးကြီးမား စွမ်းပကားကောင်းသော အာဝေနိကဓမ္မဟု ဆိုရသော ဂုဏ်တော်များကို အမှန်တကယ် နှစ်လိုစွာ ပူဇော်ခြင်းဖြင့် သုံးလောကသခင် မြတ်စွာဘုရားမှ ဒိဋ္ဌဓမ္မ ချီးမြှင့်ပေးမည်မှာ မုချဖြစ်ပါတော့သည်။

သို့အတွက် ကျွန်ုပ်အနေဖြင့် ခုနစ်နေ့သားသမီးဖြစ်ကြသော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့၏ ကျန်းမာရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး စသည်တို့အတွက် တူလျှင်သာနိုင်ကြစေရန်အတွက် ဘဂဝါဂုဏ်တော်လာ ဘုန်းတော်ကြောက်စုံ တန်ခိုးဂုဏ်တို့ဖြင့် ပြည့်စုံသော ပုတီး စိပ်ကို ရေးသား ဖော်ပြပေးလိုက်ရပါ တော့သည်။

---

ဘုန်းတော်ကြောက်စုံ ဘဂဝါ

ဂုဏ်တော် ပုတီးစိပ်

---

(က) ဘုန်းတော်ကြောက်စုံ ဘဂဝါဂုဏ် တော် ပုတီးစိပ်ကို စိပ်လိုသော အမျိုးကောင်းသား၊ အမျိုးကောင်း သမီးတို့အနေဖြင့် အောက်ပါ အတိုင်း ဆောင်ရွက်ရမည် ဖြစ်ပါ သည်။

၁။ မိမိနှစ်သက်သောရက်မှာ စတင် ပါ။

၂။ အချိန်တိကျစွာ သတ်မှတ်ထား

၃။ ဆောင်ရွက်ရန်ကာလမှာ (၆) သတ်မှတ်ရမည် ဖြစ်ပါသည်။

၄။ ပုတီးစိပ်ရန် ပုတီးကို (၁၀၈)လုံး ဂုဏ်တော်ပုတီးကို သုံးရပါမည်

၅။ ဘုန်းတော်ကြောက်စုံဖြစ်၍ တစ် ချင်းစီကိုသာ ရွတ်ဖတ်ပူဇော် ပုတီးတစ်လုံးချ၍ ဂုဏ်တော်ပုတီး



www.burmeseclassic.com

www.burmeseclassic.com

တစ်ပတ်စိပ်ရန် ဖြစ်ပါသည်။

ဘုန်းတော်ခြောက်စုံ ဖြစ်နေ၍ ပုတီးခြောက်ပတ်စိပ်ရန်ဖြစ်သည်။

၆။ ဆောင်ရွက်သော အမျိုးကောင်းသား၊ အမျိုးကောင်းသမီးတို့ နေ့စဉ်ပြုမြဲ နိစ္စဓူဝ ကျင့်ဝတ်အတိုင်း ဆောင်ရွက်ပြီးမှ ပုတီးစိပ်ရန်ပင် ဖြစ်ပါသည်။

၇။ ဘုန်းတော်ခြောက်စုံ ပုတီးစိပ်ရန် ဂုဏ်တော်များ...

- အရဟံ ဘဂဝါ ဣဿရိယ ဘဂဝါ။
- အရဟံ ဘဂဝါ ဓမ္မ ဘဂဝါ။
- အရဟံ ဘဂဝါ ယသ ဘဂဝါ။
- အရဟံ ဘဂဝါ သိရီ ဘဂဝါ။
- အရဟံ ဘဂဝါ ကာမ ဘဂဝါ။
- အရဟံ ဘဂဝါ ပယတ္တ ဘဂဝါ။

တို့ ဖြစ်ပါသည်။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ဣဿရိယ** | = | အိတ်သရိယ |
| **ဓမ္မ** | = | ဓမ်မ |
| **ပယတ္တ** | = | ပယတ်တ |

အနက်

**ဣဿရိယ၊** အစိုးတရ ရှိတော်မူခြင်း ဘုန်းတော်။ **ဓမ္မ၊** လောကုတ္တရာတရားဘုန်းတော်။ **ယသ၊** အခြံအရံ အကျော်စောနှင့် ပြည့်စုံခြင်း ဘုန်းတော်။ **သိရီ၊** ကျက်သရေနှင့် ပြည့်ခြင်း ဘုန်းတော်။ **ကာမ၊** အလိုတော်ရှိသမျှ ရတော်မူခြင်း ဘုန်းတော်။ **ပယတ္တ၊** လုံ့လဝီရိယနှင့် ပြည့်စုံခြင်း ဘုန်းတော်။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီစွေဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီး ဦးသန်းအောင်ရွှေ (ဓမ္မာစရိယ (မဟာဓွဇ်ဒိ မြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ) ]မှ ပြန်ဆိုပေးပါသည်။]***



၈။ ဆုတောင်းခံပါ။ **[ကာလတစ်ခုလုံးမှာ အလွဲအမှားမရှိအောင် ဆုတောင်းပုံ တူညီရပါမည်။]**

ကျွန်ုပ်အနေဖြင့် စာချစ်သူ မိတ်ဆွေများကို အနည်းငယ်တင်ပြလိုပါသည်။ ကျွန်ုပ်တို့၏ ဆောင်ရွက်ခြင်းသည် ကောင်းရာလုပ်ကိုင်ခြင်း အမှန်ပင် ဖြစ်ပါသည်။ မှန်တာ လုပ်ကိုင်ခြင်း ဖြစ်သော် လုပ်နည်းမှန်ကန်ဖို့က အရေးကြီးပါသည်။

ယခု ပုတီးစိပ်ကို သဒ္ဓါဆန္ဒအားကြီးစွာ ဆောင်ရွက်သူများအနေနှင့် ကြီးမားသော အကျိုးကို ရနိုင်မည်ဖြစ်ကြောင်း အနည်းငယ်ရှင်းပြလိုပါသည်။ ဦးစွာ ပထမအနေဖြင့် ဝိဇ္ဇာဓရ ဂမ္ဘီရပညာနယ်မှ သဘောတစ်ခုကို ပြလိုက်ပါသည်။

ယခု ကောဇာသက္ကရာဇ်သည် **၁၃၇၉ ခုနှစ်** ဖြစ်သည့်အတွက် သင်္ချာကို နံသင့်အက္ခရာဖြင့် အရကောက်လိုပါသည်။ သို့ဆိုဖြစ်ပါလျှင်...

၁ = တနင်္ဂနွေ၏ ဗျည်းအက္ခရာကို = အ
၃ = အင်္ဂါ၏ ဗျည်းအက္ခရာကို = စ
၇ = စနေ၏ ဗျည်းအက္ခရာကို = ထ
၉ = ကြာသပတေး၏ ဗျည်းအက္ခရာကို = ပ

စသည်ဖြင့် အရကောက်လိုက်ပြီးသောအခါတွင် ဗျည်းအက္ခရာ လေးလုံးကို သီတန်းထိုး၍ ကြည့်မည်ဆိုပါက **"အစွမ်းထက်ပြီ"**ဟု ကောက်ရန်ပင် ဖြစ်ပါတော့သည်။

ထိုသီကုံးထားသော စကားအလာ စာအရ **"အစွမ်းထက်ပြီ"** ဖြစ်သော နှစ်ဟု ဆိုရပါတော့သည်။

နောက်တစ်မျိုးကမူ **"ဘဂဝါ"** ဂုဏ်တော်သည် ဂုဏ်တော်ကိုးပါး၏ နဝမမြောက်ဂုဏ်တော် ဖြစ်သကဲ့သို့ **ဘုန်းတော်ခြောက်ပါးနှင့် အပြားပြုထားသည်ဖြစ်၍ ခြောက်မျိုးသော သိဒ္ဓိထူးကိုရရှိမည့် ပုတီးစိပ်ဟု** ဆိုလျှင် မှားအံ့မထင်ပါ။

ကောဇာသက္ကရာဇ်၏ သင်္ချာဂဏန်းများကို တစ်လုံးတည်းဖြစ်အောင် ပေါင်းလိုက်ပါက (၇)သင်္ချာဂဏန်းတစ်လုံးကို ရရှိပါသည်။ တစ်မျိုးတည်း ဥပမာပြရမည်ဆိုလျှင် **"ရတနာခုနစ်ပါး"**ကို ပိုင်ဆိုင်ရမည့် သဘောတရားပင် ဖြစ်နေပြန်ပါသည်။

ကျွန်ုပ်တင်ပြချင်သည်မှာ ပဋ္ဌာန်းဒေသနာတော်မှာ လာရှိသည့် **"အဓိပတိ"**ပစ္စည်း၏ ရှေ့(၃)မျိုး ဖြစ်သော **"ဆန္ဒ၊ စိတ်၊ ဝီရိယ"** တို့ကို နောက်တစ်မျိုးဖြစ်သော ဝီမံသာ(ပညာဖြင့်) အားကြီးစွာ ဆောင်ရွက်ခြင်းဖြင့် မိမိတို့ လိုလားတောင့်တတိုင်း ရရှိမည် ဖြစ်ပါသည်။

ကောင်းမှုကိစ္စ မှန်သမျှ ရရှိပြည့်စုံနိုင်သော ပုတီးစိပ်ဖြစ်၍ မိမိတို့၏ ကြိုးစားအားထုတ်မှုဖြင့် လက်တွေ့သိကြပါစေ၊ ရကြပါစေဟု ဆုတောင်းမေတ္တာ ပို့သရင်း ရေးသားလိုက်ရပါတော့သည်။

***ပညာတိုးပွား၍ အကျိုးများကြပါစေ။***

**ဘုန်းခေါင်**



www.burmeseclassic.com

www.burmeseclassic.com

# အစွမ်းထက် ငုံး ရုပ်ကလေး

ဦးသန်းဝိုး
(ချောင်းနက်)



နက္ခတ္တရောင်ခြည်မဂ္ဂဇင်း **အမှတ် (၂၁၃)၊ ၂၀၀၄ ခုနှစ်၊ ဧပြီလထုတ်** စာမျက်နှာ (၃၀၅)တွင် ဝိဇ္ဇာမဟာဝိဇ္ဇာဆရာ ဦးသန်းမြင့်(တိုင်းရင်းဆေး)၏ **"ရွှေအိုးစည်ဆရာ ဖေထုံကျမ်း"**ကို ဖတ်ရှုရသောအခါ စာရေးသူတို့ ငယ်စဉ်ဘဝ လွန်ခဲ့သော **နှစ်ပေါင်း(၅၀)ခန့်က** တကယ့်ဖြစ်ရပ်မှန် ကိုယ်တွေ့ ငုံးရုပ်ကလေးအစွမ်းကို စာရေးစီ တင်ပြလို စိတ် ပေါ်ပေါက်လာပါသည်။

**မကွေးတိုင်းဒေသကြီး၊ တောင်တွင်းကြီးမြို့နယ်၊** ချောင်းနက်အရှေ့ရွာတွင် ဦးလေးဆောင်ဆိုသူ ထူးခြား **အစွမ်းထက် ငုံးရုပ်ပိုင်ရှင်တစ်ဦး** ရှိခဲ့ပါသည်။

အဆိုပါ ဦးလေးဆောင်ဆိုသူမှာ စာရေးသူဇနီး၏ ဦးလေး ဖြစ်နေပါသည်။ စာရေးသူ၏ဇနီး အမေမှာ မောင်အရင်းနှစ်ယောက် ရှိပါသည်။ ယင်းတို့မှာ ဦးသာရင်နှင့် ဦးလေးဆောင် ဖြစ်ပါသည်။

သို့သော် ယခု သူတို့အားလုံး မရှိတော့ပါ။ ဦးလေးဆောင်၏ သမီး ဒေါ်ပိုင်းတင်မှာ ယခု သက်ရှိထင်ရှား ရှိနေပါသေးသည်။

**ဦးလေးဆောင်အကြောင်း**

ဦးလေးဆောင်မှာ ငယ်စဉ်က ဘုန်းတော်ကြီးကျောင်းတွင် စာပေ သင်ကြားရသော်လည်း ကျောင်းပြေးများသဖြင့် စာ ကောင်းစွာမတတ်ခဲ့ပါ။ ထိုစဉ်က သူ၏ ဘုန်းတော်ကြီးမှာ ဘုန်းတော်ကြီး ဦးဝါသဖြစ်ပါသည်။

ဦးဝါသဝကား ဆေးဘုန်းကြီးဖြစ်၍ သူ့တပည့်သား၊ မြေးများကို ဆေးများ ထိုးနှံပေးလေ့ ရှိပါသည်။ မြွေဆေး၊ စားခွက်နှိုက်ဆေး၊ တုတ်ပြီးဓားပြီးဆေး စသည်ဖြင့် ထိုးပေးခဲ့ပါသည်။

ထိုသို့ ဆေးထိုးပေးရာတွင် ဦးလေးဆောင်လည်း ဆေးထိုးပေးခံခဲ့ရသူ အပါအဝင် ဖြစ်ပါသည်။ ဦးလေးဆောင်မှာ ကျောင်းမှထွက်(ရှင်လူထွက်)သော်လည်း အလုပ် မည်မည်ရရ မလုပ်ပါ။

ဦးလေးဆောင်၏ မိဘများမှာလည်း ငွေကြေး အတော်အသင့် ရှိကြသူများ ဖြစ်သောကြောင့် ဦးလေးဆောင်အတွက် အပျော်အပါးလိုက်ရန် အဆင်ပြေနေပါသည်။

အပေါင်းအသင်းများနှင့် သောက်လိုက်စားလိုက် သွားလိုက်လာလိုက်နှင့် နေချင်သလို နေပါသည်။ ဆေးဆရာပေါင်းစုံထံတွင် ဆေးထိုးနှံလိုက် ဖြစ်ပါသည်။ **ထိုခေတ်(ဂျပန်ခေတ်)** ထိုအချိန်က ဆေးကောင်းဝါးကောင်းများ ခေတ်စားတုန်းအချိန် ဖြစ်ပါသည်။

ထိုဆေးပေါင်းစုံ ထိုးနှံခဲ့ရာ မည်သည့် ဆေးက စွမ်းသည်မသိ **ဦးလေးဆောင်မှာတော့** ဆေးစွမ်းထက် တစ်ခု ရှိနေပါသည်။ ထိုဆေးကား **'အနောက်ဘက်ရှင်မ'**ဟု ပြောကြပါသည်။

အနောက်ဘက်ရှင်မ ဆေးထပုံကလေးကို အနည်းငယ် ဖော်ပြပါဦးမည်။ ဦးလေးဆောင်မှာ ရွာတကာ လိုက်၍ အလှူပွဲ၊ ဘုရားပွဲများသို့သွား၏။ အရက်မူး၏။ ရန်ပွဲဖြစ်၏။ အရိုက်အနှက် အထိုးအကြိတ်ခံရ၏။ ဒဏ်ရာ အနာတရဖြင့် အိမ်ပြန်ရောက်လာ၏။

အိမ်ပြန်ရောက်၍ အတော်လေး ကြာကာမှ အနောက်ဘက်ရှင်မ ဆေးကား ထလေပြီး ဆေးထသောအခါ ထွန်တုံး၊ ထမ်းပိုးတုံးများကို အထက်မြှောက်၍ အောက်မှ ဦးခေါင်းနှင့် ဆီး၍ခံ၏။ ခေါင်းပေါ်တည့်တည့်ကျ၍ ဦးလေးဆောင် လဲကျသွားသော် ဘာဒဏ်ရာမှမရ။ ပြီး၏။ သူ၏ [illegible]



www.burmeseclassic.com

www.burmeseclassic.com

လည်း **"လေးဆောင်ကို ဘာထင်သလဲ"**ဟု အော်ပြောသေး၏။ **"လေးဆောင်ကွ၊ ဘယ်သူ့ကို...ထင်တယ်"** ဟု ပြောတတ်သေး၏။ ဤသို့ဖြင့် လေး,ငါး,ဆယ်ကြိမ် ပြုလုပ်ကာ အိပ်ပျော်သွားပြီး "အနောက်ဘက်ရှင်မ"ဆေးလည်း ပြေသွားလေသည်။

ဦးလေးဆောင်၏ အနောက်ဘက်ရှင်မဆေးထပုံကား ရယ်စရာလည်း ကောင်း၏။ တစ်ဖက်ရန်သူနှင့်ဝေးမှ ရန်ဖြစ်ပြီး အတော်ကြာမှ ဆေးက ထတက်ပါသည်။ "သူခိုးပြေးမှ ထိုးကွင်းထ"ဆိုသကဲ့သို့ ဖြစ်ပါသည်။

ဦးလေးဆောင် အနောက်ဘက်ရှင်မဆေး ထပြီဆိုပါက(ဦးလေးဆောင်ဆဲဆိုသံ ကြားပါက) စာရေးသူတို့က သွား၍ ကြည့်ကြရပါသည်။ စာရေးသူတို့အိမ်နှင့် ဦးလေးဆောင် နေအိမ်မှာ သိပ်မကွာဝေးကြပါ။

ဦးလေးဆောင်မှာ အိမ်ထောင်ကျ၍ သမီးကလေးတစ်ယောက် ရနေသော်မှလည်း မူးတုန်းရူးတုန်း ဖြစ်ပါသည်။ ထန်းရည်,အရက်တွင်မျှ မကသေး ဘိန်းပါစွဲနေပါသည်။ များမကြာမီ ယခုသက်ရှိ ဒေါ်ဝိုင်းတင် (၁၀)နှစ်သမီးခန့်တွင် ဖနီးသည် ဒေါ်ယု ကွယ်လွန်သွားပါသည်။

မိတဆိုးကလေး မဝိုင်းတင်မှာ ဖခင်ကာလသားကြီးနှင့် နေရရှာပါသည်။ ဦးလေးဆောင်ကား ညတိုင်း ဘိန်းဝိုင်းဖြစ်စမြဲ ဖြစ်ပါသည်။ တစ်နေ့သောအခါ ဘိန်းရှူအပြီး ဘိန်းမူး၍ ရန်ဖြစ်ကြပါသည်။

ရန်ဖြစ်နေစဉ် ဘိန်းက မူးတုန်းဖြစ်၍ အနောက်ဘက်ရှင်မ ထမလာပါ။ ရန်ဘက်ဖြစ်သူ ဦးချစ်ဖူးဆိုသူနှင့် ထွေးလားလုံးလားဖြစ်ရာ ဦးချစ်ဖူးက ဦးလေးဆောင်အထက်က ခွစီးလျက် ဦးလေးဆောင်၏ လည်ပင်းကို ဓားမြှောင်နှင့်လှီး၏။ ဓားမြှောင်နှင့် ထိုး၏။ **အနည်းငယ် ပေါက်သွားပါသည်။**

မဝိုင်းတင်က အနီးမှ ကြည့်နေပါသည်။ ကြာလျှင် သူ့အဖေ သေအံ့တော့မည်ထင်ကာ အနီးရှိ လုံ့ရှည်ကြီးကိုယူကာ အပေါ်မှခွစီးထားသူ ဦးချစ်ဖူး၏ နံဘေးကို ထိုးလိုက်ပါသည်။

ဦးချစ်ဖူးလည်း အနည်းငယ် နံရိုးကြား ပေါက်သွားသဖြင့် ဦးလေးဆောင်ကိုလွှတ်ကာ ထွက်ပြေးသွား၏။ အာဂမဝိုင်းတင်ကလေးပါ။

ထိုခေတ်ထိုအခါက ထိုသို့ဓားဒဏ်ရာ၊ လှံဒဏ်ရာ ရကြသော်လည်း အမှုမဖြစ်ကြပါ။ ဆေးခန်းမရှိ၊ ဆေးမကုကြပါ။ တစ်ဦးနှင့်တစ်ဦး အနာပေါက်များကို ကွမ်းစားထုံးများဖြင့်ပိတ်၍ ကုသကြကာ နောက်တစ်ညဘိန်းဝိုင်းတွင် အတူတူ ဘိန်းရှူကြပါသည်။

ထိုခေတ်က ရန်ဖြစ်ပုံမှာ ထိုကဲ့သို့ပင် ရန်ငြိုးမထားတတ်ကြပါ။ ရန်ဘက်မဖြစ်ကြပါ။ ပျော်စရာပင် ကောင်းသေးတော့သည်။

ထိုသို့ ရန်ပွဲဖြစ်၍ ဒေါ်ဝိုင်းတင်က လှံနှင့် ထိုးလိုက်ပုံကို ယခုအထိ စပ်မိ၍ စကားပြောဖြစ်လျှင် ဒေါ်ဝိုင်းတင် သဘောကျကာ အမြဲရယ်လျက် ရှိပါသည်။ ဒေါ်ဝိုင်းတင်မှာ **ယခု အသက်(၆၅)နှစ်ရှိပါပြီ။** စာရေးသူ၏ ဖနီးနှင့် ညီအစ်မဝမ်းကွဲ တော်စပ်ပါသည်။

ထိုဦးလေးဆောင်တွင် ဆေးပေါင်းစုံထိုးနှံထားရာ ဦးလေးဆောင်၏ **ညာဘက်ပေါင်လယ်တွင် ငုံးဥက်အရုပ်ကလေးတစ်ခု** ရှိနေပါသည်။

ထိုငုံးဥက်ရုပ်ကလေးကို လက်တစ်ဖက်ဖြင့် ဖိ၍ နှိပ်ထားပါက မြင်နေရသော ငုံးဥက်အရုပ်ကလေးမှာ မပြေးနိုင်တော့ဘဲ မြေပေါ်တွင် လူးလှိမ့်နေရှာပါသည်။ ထိုသို့ဖြစ်နေစဉ် ငုံးဥက်ကလေးကို ဖမ်းယူရန် ဖြစ်ပါသည်။

ငုံးဥက်ကလေးများကား မြေပေါ်မြက်ပင်ကြို မြက်ပင်ကြားတွင် နေတတ်ကြ၍ အစားအစာ ရှာဖွေစားတတ်ကြပါသည်။ ကောင်းကင်တွင် အချိန်ကြာမြင့်စွာ မပျံနိုင်ကြပါ။ မြေပေါ်တွင် လျင်မြန်စွာ ပြေးတတ်၏။ မလွှတ်သာမှ အတောင်ပံ အသုံးပြုကာ ဝိုးခနဲပျံတတ်။

သို့သော် ဝေးဝေး မပျံတတ်ကြပါ။ မြေပေါ်မှ ပြန်ဆင်းသက်၍ ပြေးသွားတတ်ကြပါသည်။ ငှက်မုဆိုးများက ယင်းငုံးဥက်ကလေးများကို ပိုက်၊ လည်တိုးကွင်းများဖြင့် ထောင်ကာ ဖမ်းယူတတ်ကြ၏။

ယင်းဦးလေးဆောင်ကား ထိုသို့ ပိုက်၊ လည်တိုးကွင်းများ မလိုအပ်ပါ။ **ငုံးကို မြင်ပါက သူ၏ ပေါင်ပေါ်ရှိ ငုံးရုပ်ကို လက်တစ်ဖက်ဖြင့် ဖိကပ်ထား၍** မပျံနိုင်၊ လဲနေသောငုံးကို သွားကောက်ယူရုံမျှသာ ဖြစ်ပါသည်။

ထိုအစွမ်းထက်လှသော ငုံးရုပ်ကလေးမှာ ဦးလေးဆောင် သေရာသို့ ပါသွားပါပြီ။ ရွှေအိုးစည် ဗေထုံဂျမ်းကဲ့သို့ အမှန်တကယ် အစွမ်းထက်သော ဆေးမျိုးများ အမှန်တကယ် ရှိခဲ့ပါသော်လည်း ယခုအချိန်မှာ မတွေ့ရတော့အောင် တိမ်မြုပ်ပျောက်ကွယ်သွားကြပါပြီ။

ထို့ကြောင့် သိရှိတွေ့ကြုံသူများမှ မြန်မာ့ဂုဏ်ရှိအစွမ်းထက်ဆေးများကို ပြန်လည်ဖော်ထုတ်ပေးကြပါရန် ဆရာ ဦးသန့်မြကဲ့သို့ပင် အကြံပြုတိုက်တွန်းအပ်ပါကြောင်း။

***အားလုံး ကျန်းမာချမ်းသာကြပါစေ။***

**ဦးသန်းစိုး(*ချောင်းနက်*)**



www.burmeseclassic.com

www.burmeseclassic.com

# ပျား မလာတော့ရင်

## ကာကွယ်ပါ



ကျွန်တော်က မြို့စွန် ရပ်ကွက်မှာနေသူ ဖြစ်ပါတယ်။ ကျွန်တော်တို့နေတဲ့ လမ်းထဲရှိ အိမ်တွေက သွပ်မိုး၊ ပျဉ်ထောင် အိမ်တွေ နည်းပြီး ဓနိမိုး၊ ထရံကာအိမ်က များပါတယ်။ နွေနှောင်းကာလအချိန် ရောက်လာလို့ ယခု ရပ်ကွက်ထဲမှာ လမ်းထဲက အိမ်တွေ တချို့ အိမ်မိုးခြင်း၊ ပြုပြင်ဆောက်လုပ်ခြင်းတွေ လုပ်ကိုင်နေကြပါပြီ။

တစ်ညနေမှာ လမ်းထဲမှာ ရောက်နေတဲ့ ကျွန်တော့်တူ ကျော်ငွေ တစ်ယောက် အိမ်ကို ရုတ်တရက် ရောက်ရှိလာလို့...

'လာကွာထိုင်၊ ဘာကိစ္စများ ရှိလို့လဲ'

ကျွန်တော်က သူ့ကို ညှော်ခန်းမှာ နေရာပေးထိုင်ခိုင်းပြီး မေးလိုက်တော့...

'ကျွန်တော့်အိမ်ကို မနက်ဖြန်မိုးဖို့ လမ်းထဲက လူငယ်လေးတွေကို အကူလိုက်ခေါ်ရင်း ကြုံတာနဲ့ ဝင်လာတာပါ ဦးလေး'

'အိမ်မိုးဖို့ လူငယ်တွေ ရရဲ့လား'

'ဟုတ်ကဲ့ ရပါတယ်'

ကျွန်တော်တို့ လမ်းထဲတွင် အိမ်မိုးတဲ့ အလုပ်ကို တစ်အိမ်နဲ့တစ်အိမ် ဝိုင်းဝန်းကူညီလုပ်ကိုင်ပေးလေ့ ရှိကြပါတယ်။ ကျွန်တော်ကလဲ လူမှုရေးအရ ကူညီလိုတဲ့ဆန္ဒရှိ၍...

'ဦးလေးကော ဘာအကူအညီ ပေးရမလဲ'

'ရပါတယ် ဦးလေးရယ်၊ လူငယ်တွေနဲ့ လုံလောက်ပါတယ်'

'အေးကွာ၊ ငါ့အနေနဲ့ လာရောက်ကူညီပေးဖို့ မလိုလဲ တစ်ခုလောက်တော့ အသိပေး ပြောလိုက်ချင်တယ်'

'ပြောပါ ဦးလေး'

'ဒီလိုပါကွာ၊ အိမ်ပြန်မိုးဖို့ အမိုးက ဓနိဟောင်းတွေ ဖျက်ချတဲ့အခါ အိမ်အထက်ပိုင်းအမိုးက ထုပ်၊ လျောက်၊ ဒိုင်း၊ အခြင်ဝါး စတဲ့ နေရာတွေမှာ အိမ်ဖွဲ့နေတတ်ကြတဲ့ ပင့်ကူမျှင်၊ ပင့်ကူမြွေးတွေကို မရှင်းလင်းပစ်ဘဲ ထားပါကွာ၊ အကြောင်းကတော့ ပင့်ကူအိမ်တွေ ရှိရင် ပျားတွေလာတဲ့အခါ ဝင်တိုးငြိပြီး ပျားအုံလာဖွဲ့ မနေနိုင်ကြဘူးပေါ့။

အမှန်တော့ ငါ့သက်တမ်းတစ်လျှောက် အတွေ့အကြုံအရ ပြောရရင် အိမ်နဲ့ အဆောက်အအုံတွေမှာ ပျားစွဲတာဟာ မကောင်းတာ များပါတယ်။ လူတွေအတွက် မကောင်း ဆိုးကျိုးပေးတတ်တဲ့ သတ္တဝါတွေကိုတော့ တားဆီးကာကွယ်ပေးရမှာပဲ။ ဥပမာပြောရရင် တို့ဇာတိဖြစ်တဲ့ တောရွာမှာ မိုးအခါ မြစ်ရေကြီးရင် ရွာပေါ်ကို ရေတက်ရောက်လေ့ရှိတယ်။ မြစ်ရေက ငါးပေ၊ ခြောက်ပေအထိ တက်လို့ အိမ်တွေကို ရေလွတ်အောင် ဆောက်ထားကြရတယ်။

အဲဒီလို ရေကြီးတဲ့အချိန်ကျရင် အထက်အညာက မျောပါလာတဲ့ ဒိုက်သရိုက်တွေထဲမှာ မြွေဆိုးတွေ ပါလာပြီး အိမ်ပေါ်ကို တက်တတ်လေ့ ရှိတယ်ကွ။

အဲဒါ အိမ်ပေါ်ကို မြွေမတက်နိုင်အောင် အိမ်ဘေးပတ်ချာလည်တွေမှာ ငါးဖမ်းတဲ့ ပိုက်တွေ တားထားရတယ်။ ပိုက်တွေ တားထားတော့ ပိုက်ထဲ မြွေဝင်ငြိပြီး အိမ်ပေါ်မတက်နိုင်တော့ဘူးပေါ့'

ကျွန်တော် ပြောပြ၍ ပြီးဆုံးသွားတာနဲ့...

'ဟုတ်တယ် ဦးလေး ပြောတာမှန်တယ်။ ကျွန်တော် လက်ခံတယ်။ ကျွန်တော် အိမ်မှာ ပျားစွဲတာကို သိပ်အလိုမကျဘူး။ မနှစ်သက်ဘူး။ ဦးလေးပြောတဲ့ အိမ်အမိုးအထက်ပိုင်းက ပင့်ကူမျှင်ရှိတဲ့ နေရာတွေကို မလှည်းကျင်း မရှင်းပစ်ခိုင်းတော့ဘူး။ ကျေးဇူးတင်ပါတယ် ဦးလေးရယ်'

ကျွန်တော့်တူဖြစ်သူ ကျော်ငွေမှာ စကားဆက်ပြောရင်း ရက်အနည်းငယ်အကြာမှာ သူ့အိမ်သို့ ပြန်သွားပါတယ်။ ကျော်ငွေမှာ ကျွန်တော် ပြောပြတာကို လိုက်နာကျင့်သုံးမယ့်သူလို့ ယုံကြည်နေမိပါတော့တယ်။

**ပန်းတနော် ကျော့မိုး**

www.burmeseclassic.com

ရှန်ကုန်တိုင်းဒေသကြီး တောင်ဥက္ကလာပမြို့နယ် အမှတ်(၅)ရပ်ကွက် ဝါရမီလမ်း (၂)ပိုင်း ဗုဒ္ဓဓမ္မရိပ်သာကျောင်း ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ

# ဘဒ္ဒန္တစန္ဒိမာ

၏ လက္ခဏာတော်

ဦးသောင်း (ဟင်္သာတ)






- ဗုဒ္ဓဓမ္မရိပ်သာကျောင်း ဆရာတော် အဂ္ဂမဟာကမ္မဋ္ဌာနာစရိယ ဘဒ္ဒန္တစန္ဒိမာ

## ထေရုပ္ပတ္တိ

ဆရာတော်သည် စစ်ကိုင်းတိုင်း၊ မြင်းမူမြို့နယ်၊ ပဒတ္တိုင်းကျေးရွာနေ ဦးစိန်ရှ၊ ဒေါ်သိန်းညွှန့် ဖခမည်းခော်



www.burmeseclassic.com


www.burmeseclassic.com

မယ်တော်တို့မှ ၁၃၀၀ ပြည့်နှစ်၊ နတ်တော်လဆန်း (၁)ရက်နေ့ အင်္ဂါနေ့တွင် ဖွားမြင်တော်မူခဲ့ပါသည်။

**ရှင်ရဟန်း ပြုခြင်း**

ဆရာတော်သည် ၁၃၁၁ ခုနှစ်တွင် ပဒတ္တိုင်းကျေးရွာဆရာတော် ဦးဥတ္တမအား ဥပဇ္ဈာယ်ပြု၍ မိဘနှစ်ပါးတို့၏ ပစ္စယာနုဂ္ဂဟကို ခံယူပြီး ရှင်သာမဏေအဖြစ် ရောက်ရှိခဲ့သည်။

၁၃၂၀ ပြည့်နှစ်၊ နယုန်လဆန်း (၁၀)ရက် အင်္ဂါနေ့တွင် မြင်းမူမြို့နယ်၊ ရန်ကင်းတောရကျောင်း ခဏ္ဍာသီမ်၌ ပဒတ္တိုင်းဆရာတော် ဦးဥတ္တမအား ဥပဇ္ဈာယ် ပြု၍ မြင်းမူမြို့နယ်၊ ရန်ကင်းကျေးရွာနေ ဦးဖိုးပေါ်၊ ဒေါ်ရွှေမော်တို့၏ ပစ္စယာနုဂ္ဂဟကို ခံယူကာ မြင့်မြတ်သော ရဟန်းအဖြစ်သို့ ရောက်တော်မူ၏။




**စာပေ သင်ယူခြင်း**

ဆရာတော်သည် အလုံမြို့ လေးထောင့်ပြင် စာသင်တိုက်တွင်လည်းကောင်း၊ ချောင်းဦးမြို့ ဆွယ်စွယ်ပေါင်းတောရ စာသင်တိုက်တွင်လည်းကောင်း၊ ရောဝတီတိုင်း လပွတ္တာမြို့ လေးထပ်စာသင်တိုက်တွင်လည်းကောင်း၊ မြောင်းမြမြို့ ပဒ္မာတာရုံ စာသင်တိုက်တွင်လည်းကောင်း၊ ရန်ကုန်မြို့ ဗဟန်းခြောက်ထပ်ကြီး စာသင်တိုက်တွင်လည်းကောင်း၊ ငါးထပ်ကြီး ဝဲပုံစာသင်တိုက်တွင်လည်းကောင်း ပရိယတ္တိစာပေများကို သင်ယူ ဆည်းပူးခဲ့သည်။

**အောင်မြင်ခဲ့သော စာမေးပွဲ**

ပါဠိတော်၊ အဋ္ဌကထာ၊ ဋီကာကျမ်းများကို ကျမ်းရိုးပေါက် သင်ယူတတ်မြောက်ခဲ့ပါသည်။

**သာသနာရေး ဆောင်ရွက်ချက်များ**

ဆရာတော်သည် တောင်ဥက္ကလာပမြို့နယ်၊ အမှတ် (၅)ရပ်ကွက်၊ ပါရမီ (၂)ပိုင်း ဗုဒ္ဓမေ့ရိပ်သာကျောင်းကို ၁၃၄၇ ခုနှစ်တွင် စတင်တည်ထောင်ကာ ကမ္မဋ္ဌာန်းနည်းပြသက်တမ်း (၁၉) နှစ်တိုင်တိုင် အချိန်ပိုင်းယောဂီ (၉၀)ဦး၊ အချိန်ပြည့်ယောဂီ (၁၁၄)ဦးတို့အား ဝိပဿနာ ကမ္မဋ္ဌာန်းတရားများကို ဆရာနည်းကျကျ ဟောပြောပြသပေးတော်မူလျက်ရှိသည်။

---

**လက္ခဏာတော် လေ့လာချက်**

---

○ဘယ်ညာ ကြာသပတေးဂြိုဟ်ခုံတွင် ရည်ရွယ်ချက်လမ်း **(စေယျာ...)** ပါရှိပါတယ်။ **(က)**

ဒါကတော့ ရည်ရွယ်ချက်ပြည့်မြောက်ခြင်း...





www.burmeseclassic.com

www.burmeseclassic.com

ရည်ရွယ်ရင်း ပြီးမြောက်စေသည့် သင်္ကေတတစ်ခုပါ။ လုပ်ငန်းတစ်ခု အောင်မြင်စေရန် အဓိက အထောက်အကူပြုသော လမ်းကြောင်းတစ်ခုလဲ ဖြစ်ပါတယ်။

○ဘယ်ညာ ဗုဒ္ဓဟူးဂြိုဟ်ခုံတွင် **မျဉ်းမတ်များ (ထီး) ထင်ရှားလျက်** မြင်တွေ့ရပါတယ်။ (၁)

ဒါကတော့ တရားဟော ဓမ္မကထိက ကမ္ဘာ့နာစရိယ ဖြစ်စေခြင်းရဲ့ ပြယုဂ်ပါပဲ။ ထိုသင်္ကေတရဲ့ စွမ်းရည်များကတော့ ဝတ္ထုကြေးငွေ အလှူခံရလွယ်ခြင်းကို ဖြစ်စေပါတယ်။ ဒါ့ပြင် စာအသင်အပြကောင်းခြင်း၊ အာဝဇ္ဇန်းကောင်းခြင်း၊ စည်းရုံးရေးကောင်းခြင်း၊ အတွေးကောင်းအရေးကောင်းခြင်းကိုလဲ ဖြစ်စေပါတယ်။

○ညာဘက် တနင်္ဂနွေဂြိုဟ်တွင် **သရုပ်ထွန်းသော အောင်မြင်ရေးလမ်း**တို့ကို တွေ့ရတယ်။ (၂)

* * *



ဒါကတော့ ပစ္စုပ္ပန်ကာလ၌ ထူးထူးခြားခြား အောင်မြင်ခြင်း၊ လူသိများပြီး ထင်ရှားစေခြင်း၊ ဘွဲ့ထူးဂုဏ်ထူးရခြင်းတို့ပါပဲ။

ဒါ့ပြင် စေတီတော် သာသနိက အဆောက်အအုံများ တည်ထားကိုးကွယ်မြင်မှမ်းမံရခြင်းကို ဆောင်ရွက်ရပါမယ်။ အောင်မြင်မှု၊ ကျော်ကြားမှုကို ဖြစ်စေတဲ့ သင်္ကေတပါပဲ။

နှလုံးလမ်းရဲ့ အထက်ပိုင်းမှာ တည်ရှိတဲ့အတွက် အသက်ကြီးလေ အောင်မြင်လေ ကံကောင်းလေပါပဲ။

○ညာဘက်တွင် **အသက်လမ်းက ခွဲထွက်သော ဗုဒ္ဓဟူးထီးရိုး**ကို တွေ့ရပါတယ်။ (၃)

ဒါကတော့ ရွေ့ပြောင်း ခရီးသွားရခြင်း၊ နိုင်ငံခြားခရီးသွားရခြင်း၊ ရွေ့ပြောင်းရပ်ဝေးဒေသနဲ့ အကျိုးပေးခြင်း၊ လူမျိုးခြားများ အကျိုးပြုခြင်းကို ကြုံတွေ့ပါမယ်။

○ဘယ်ညာ နှစ်ဖက်လုံးတွင် **အင်္ဂါလမ်း** ပါ,ပါတယ်။ (၄)

ဒါကတော့ အသက်ရှည်ခြင်း၊ ကျန်းမာရေးကောင်းခြင်းကို ဖြစ်စေပါတယ်။ ဒါ့ပြင် ဉပဒ္ဒဝအကာကွယ် ကင်းခြင်း၊ သူတစ်ပါး မကောင်းကြံခြင်းမှာ မစွမ်းနိုင်ခြင်း၊ ပရိသတ်ကို ခုံညားစေခြင်း၊ ဆွဲဆောင်နိုင်ခြင်းကို ဖြစ်စေပါတယ်။

○ဘယ်ညာ နှစ်ဖက်လုံးတွင် **လက်မ ဒုတိယဆစ်တွင် အရစ်ပို**များ တွေ့ရပါတယ်။ (၅)

ဒါကတော့ အုပ်စုအဖွဲ့အစည်းဖြင့် ဆောင်ရွက်ရသောလုပ်ငန်းများနှင့် အကျိုးပေးပြီး သစ်တစ်ပင်ကောင်း ငှက်တစ်သောင်းခိုဆိုသကဲ့သို့ အများရဲ့အားထားမှီခိုရာကောင်း ဖြစ်စေတတ်သော သင်္ကေတပါပဲ။ *(ညာ–စနေဂြိုဟ်ခုံတွင် သစ်ပင်သင်္ကေတ ပါ၍ ယခုကဲ့သို့ သုံးသပ်မိပါတယ်)* (၆)

○ညာဘက် လက်သန်းသည် **အပြင်ဘက်သို့ ကားထွက်နေ**ပါတယ်။ (၇)

ဒါကတော့ လွတ်လပ်စွာ ပြောရဆိုရတွေးကြံရသည်ကို နှစ်ခြိုက်မြတ်နိုးကြောင်း ပြပါတယ်။

***ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ***

**ဦးသော်ခင်** *(ဟသ်ာတ)*

BURMESE CLASSIC .com

ဝတ္ထုတို

မနုရိုးရာ

# ဆံပင်သန်ဆေး



ခွေးရုပ်ကျေးရွာသို့ ရောက်ခိုက် ဓနုတိုင်းရင်းဆေးဆရာ ဦးမင်းသိမ်းနှင့် အတူ ညောင်ကုန်း တောင်ခါးပန်းတစ်လျှောက်ရှိ ဆေးပင်ဆေးမြစ်များကို လိုက်လံ လေ့လာဖြစ်ခဲ့သည်။

'ဟဲ့ မနုစိန် ရောဂါ အလျှင်းပျောက်သွားပြီ ထင်ပါရဲ့၊ ဆံပင်တွေတောင် သန်လို့ပါလား'

'ဟုတ်တယ် ဦးလေး ဆေးအရှိန်ပြယ်ပြီး ဆံနုကလေးတွေ ပေါက်လာလို့ ကြိမ်ရည်ပဲ လိမ်းနေတယ်'

'အကောင်းဆုံးပေါ့။ နေ့စဉ်မှန်မှန် လိမ်းပေးနော်၊ မကြာခင် အုံ့အုံ့ဖားဖား ဖြစ်လာမှာပါ'

ထိုမိန်းကလေး ထွက်ခွာသွားပြီး

စာမျက်နှာ (၁၄၁) သို့




www.burmeseclassic.com

www.burmeseclassic.com

# ခိုးသူဘေးမှ

## ကင်းဝေးစေသော လောကီအစီအမံ

အိအိချစ်နိုင်



လူ့ဘဝတွင် ရွှေငွေပစ္စည်းရတနာတို့သည် မရှိလျှင် မဖြစ်သဖြင့် ကံ၊ ဉာဏ်၊ ဝီရိယ စွမ်းအားအလျောက် ရှိနိုင်သမျှ ရှိအောင် ရှာဖွေစုဆောင်းသိမ်းဆည်းထားကြရသည်။

လူ့အသုံးအဆောင် အိမ်ထောင်မှုအခမ်းအနားပစ္စည်းများနှင့် အဝတ်အစားတို့သည် ပြည့်စုံသွားပြီဟူ၍ မရှိဘဲ အမြဲတမ်း လိုအပ်နေသည် ချည်းပင် ဖြစ်သည်။

မိမိအိမ်ထောင်စု၏ ဝင်ငွေအဆင့်အတန်းအလျောက် ဝယ်ယူစုဆောင်းထားကြရသည်။ သို့သော် ထိုဥစ္စာပစ္စည်း မှန်သမျှသည် ရန်သူမျိုး(၅)ပါးနှင့် အချိန်မရွေး ရင်ဆိုင်ထိတွေ့ပြီး ပျက်စီး ဆုံးရှုံးသွားနိုင်ချေသည်။

စာရေးသူ ကျွန်မတို့ နေထိုင်ရာရပ်ကွက်သည် ဆင်းရဲသားများနှင့် ဝန်ထမ်းများ စုပေါင်းနေထိုင်သောရပ်ကွက်ဖြစ်၍ မကြာခဏ အိမ်တွင်းပစ္စည်းများ အခိုးခံကြရသည်။

ထမင်းအိုး၊ ဟင်းအိုးမှအစ အဝတ်အစားအလယ်၊ သေတ္တာထဲ သော့ခတ်သိမ်းထားသည့် ရွှေငွေပစ္စည်းအထိ ပျောက်ဆုံးကြရသည်။

သို့ဖြစ်၍ ခိုးသူဘေးမှ ကင်းဝေးရေးအတွက် ဝီရိယထား ဉာဏ်စေစားလျက် အမြဲစောင့်ရှောက် ထိန်းသိမ်းကြရပေသည်။ ကျွန်မမှာ ပညာရေးဝန်ထမ်းဖြစ်၍ မနက်(၇)နာရီမှ ညနေ (၅)နာရီအထိ အိမ်မှာမရှိသောကြောင့် အမြဲစိုးရိမ် ကြောင့်ကြပြီး သောကရောက်နေရပါသည်။

ကံအားလျော်စွာ တစ်နေ့တွင် **နမ့်စန်မြို့နယ် အမှတ်(၄)ကျေးရွာ အသောကာရာမ ကျောင်းတိုက်မှ ဦးပဉ္ဇင်းကြီး ဦးပညာဗလ**အား ဖူးတွေ့ရပြီး ဦးပဉ္ဇင်းကြီး၏ ညွှန်ပြချက်အရ စောရဘယ ခိုးသူဘေးမှ ကင်းဝေးစေသော အစီအမံ တစ်ခုကို ရရှိခဲ့ပါသည်။

BURMESE CLASSIC .com

ထိုအစီအမံအတိုင်း ကျွန်မအိမ်မှာ ပြုလုပ်ထားရှိသဖြင့် ရပ်ကွက်ထဲ သောင်းကျန်းနေသော သူခိုးများဘေးမှ ကျွန်မအိမ်မှာ ကင်းဝေးခဲ့ရသည်။

အမြဲ ပူပင်ကြောင့်ကြနေရသော စိုးရိမ်သောကရောက်မှုများ အေးငြိမ်းချမ်းသာခွင့် ရခဲ့ပါသည်။ အခြားအိမ်များ အခိုးခံရသော်လည်း ကျွန်မအိမ်မှာ လုံးဝ အခိုးမခံခဲ့ရပါ။

ယခု စာရေးသူတင်ပြလိုသည်မှာ ကျွန်မကဲ့သို့ သောကရောက်နေသူများအားလုံး ခိုးသူဘေးမှ ကင်းဝေးသည့် အစီအမံကို ပြုလုပ်နိုင်ရန် ဦးပဉ္ဇင်းကြီး ဦးပညာဗလ ညွှန်ပြပေးခဲ့သော လောကီအစီအမံကောင်းကို လက်ဆောင်ပါးလိုခြင်းပင် ဖြစ်ပါသည်။

ဤအစီအမံကို ပြုလုပ်မည့် အိမ်ရှင်သည် ရှေးဦးစွာ ရှစ်ပါးသီလ ခံယူဆောက်တည်ရပါမည်။ ဖြစ်နိုင်ပါက ဥပုသ်နေ့၌ ရှစ်ပါးသီလ စောင့်ထိန်းသောအချိန်တွင် ပြုလုပ်ပါက ပိုပြီး အစွမ်းထက်ပါသည်။

သူခိုးဘေးမှ ကင်းဝေးစေရန် ပြုလုပ်ရမည့် လောကီအစီအမံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။ ဤအစီအမံ ပြုလုပ်ရန် ကြံရွယ်သည့် အချိန်မှစပြီး **ရပ်ကွက်ထဲမှ ခိုးတတ်သူများအား ရည်မှန်းလျက် မေတ္တာပို့ပါ။ အိမ်စောင့်နတ်၊ ရပ်ကွက်စောင့်နတ်မှ စပြီး ရပ်ကွက်နေ လူထုနှင့် သတ္တဝါ အားလုံးကို မေတ္တာပို့ပါ။**

အိမ်၏တံခါးရွက်များ၌ မြေဖြူခဲဖြင့် စဝဏ အက္ခရာများကို လူ၏မျက်နှာကဲ့သို့ ရေး[...] ရပါမည်။ ပထမဦးဆုံး (စ)အက္ခရာ[...] တံခါးရွက်၏ အရွယ်အစားနှင့် ချိန်ဆ[...] အနေသင့် အရွယ်အစားရေးဆွဲရပါမည်[...]

ထို့နောက် (စ)နှင့်အရွယ်တူ (ဓ)အက္ခရာ[...] လူ၏မျက်လုံးနှစ်လုံးပမာ အကွာအဝေး[...] ချိန်ပြီး ရေးဆွဲပါ။

လူမျက်နှာ၌ ပါးစပ်အနေအထားကဲ့[...] (ဗ)အက္ခရာကိုလည်း အကွာအဝေးအ[...] အထား ချင့်ချိန်မှန်းဆပြီး ရေးဆွဲရမည်[...]

မျက်စိနှစ်လုံးနှင့် ပါးစပ်ပုံသဏ္ဍာန် (စ)(ဓ)[...] တို့ကို ရေးပြီးသောအခါ လူဦးခေါင်း[...] မျက်နှာကဲ့သို့ စဓဗတို့ကို အပြင်[...] ပြီး (ဝ)အက္ခရာကို သင့်တော်သော အရွယ်[...]

www.burmeseclassic.com

အစားအတိုင်း ခပ်ကြီးကြီးရေးဆွဲပါ။

ထိုအခါ ပြုံးနေသော လူမျက်နှာနှင့်တူသည့် (စ)(ဓ)(ဗ)(ဝ)အက္ခရာလေးလုံးကို အောက်ဖော်ပြပါပုံများအတိုင်း ထင်ရှားစွာ ဖြစ်ပေါ်လာပါလိမ့်မည်။

* * *

၁။ **(စ)အက္ခရာကို** ရေးဆွဲနေစဉ်...

'ဉုံ-စကာရော ဗုဒ္ဓရူပံ စသုခံ ကုသလံ ဓမ္မံ နမောဗုဒ္ဓါယ စ'

ဟူသော ဂါထာကို ရွတ်ဆိုရပါမည်။

ထို့အတူ...

၂။ **(ဓ)အက္ခရာကို** ရေးဆွဲနေစဉ်...

'ဉုံ-ဓကာရော ဗုဒ္ဓရူပံ ဓသုခံ ကုသလံ ဓမ္မံ နမောဗုဒ္ဓါယ ဓ'

ဟူသော ဂါထာကို ရွတ်ဆိုရပါမည်။

၃။ **(ဗ)အက္ခရာကို** ရေးဆွဲနေချိန်၌...

'ဉုံ-ဗကာရော ဗုဒ္ဓရူပံ ဗသုခံ ကုသလံ ဓမ္မံ နမောဗုဒ္ဓါယ ဗ'


ဟူသော ဂါထာကို လည်းကောင်း၊

၄။ **(ဝ)အက္ခရာကို**ရေးဆွဲခိုက်တွင်...

'ဉုံ-ဝကာရော ဗုဒ္ဓရူပံ ဝသုခံ ကုသလံ ဓမ္မံ နမောဗုဒ္ဓါယ ဝ'

ဟူသော ဂါထာကို လည်းကောင်း အသီးသီး ရွတ်ဆို ပူဇော်ရပါမည်။

ဤနည်းအတိုင်းပင် ဆက်လက်၍



မိမိအိမ်၌ တပ်ဆင်ထားသော တံခါးမကြီးနှင့် ပြတင်းတံခါးအားလုံး၏ တံခါးရွက်တိုင်း၌ လူ၏မျက်နှာပုံသဏ္ဌာန် စ.ဓ.ဗ.ဝ

အက္ခရာလေးလုံးကို ရေးဆွဲထားပါ။

မှန်တံခါးများကဲ့သို့ မြေဖြူဖြင့် ရေးဆွဲ၍မရသော တံခါးရွက်များဖြစ်ပါက စက္ကူအဖြူပေါ်၌ ရေးဆွဲပြီး အတွင်းမှ ကပ်ထားခြင်းဖြင့် တံခါးအပြင်မှ မြင်နိုင်သည့်အပြင် လေဒဏ်၊ မိုးဒဏ်ကိုလည်း ကာကွယ်ပြီး ဖြစ်နေပါလိမ့်မည်။

မှန်တံခါးရွက်များ၌ သဘော်ဆေးဖြင့် လှပစွာ ရေးဆွဲနိုင်ပါက ပိုမိုတင့်တယ်မှု ရှိနိုင်ပါမည်။ ဤသို့ ရေးဆွဲပြီးချိန်မှစ၍ သင်၏အိမ်၌ **စောရဘယ (စောရတော၀ါ)** ခိုးသူဘေးမှ ကင်းဝေးနိုင်မည်ဖြစ်ကြောင်း ကျွန်မကိုယ်တွေ့ ခိုးသူဘေးမှ ကင်းဝေးစေသော အစီအမံကောင်းကို စေတနာ မေတ္တာ ရှေ့ထားပြီး တင်ပြလိုက်ရပါသည်။

ဤအစီအမံကို ယုံယုံကြည်ကြည် ပြုလုပ်ပူဇော်ကြခြင်းဖြင့် အိမ်ရှင်အားလုံး ခိုးသူဘေးမှ ကင်းဝေးနိုင်ကြပါစေဟု ဆန္ဒပြုလိုက်ရပါသည်။

**(ဦးပဥ္စင်းကြီး ဦးပညာဗလအား ဤဆောင်းပါးဖြင့် ဦးခိုက်ပူဇော်အပ်ပါသည်။)**

ချိုချိုချစ်နိုင်

စာမျက်နှာ (၁၃၉)မှ အဆက်

နောက်တွင် ဦးမင်းသိမ်းကို မေးကြည့်သည်။

'ဘာဖြစ်တာလဲ'

'သားအိမ်ခေါင်းကင်ဆာ ဖြစ်တာ။ ကံကြီးပေလို့ ရောဂါမရင့်ခင် ဆေးဦး သွားတယ်။ ငွေကြေးလဲ အတန်အသင့် တတ်နိုင်တော့ မိမိစီးစီး ကုသပျောက်ကင်းသွားပေမယ့် ဆေးပြင်းလွန်းလို့ ဆံပင်တွေ ကျွတ်ထွက်ကုန်တယ်။ အခုတော့ ပုံမှန်ဖြစ်သွားပြီနဲ့တူတယ်'

'**ကြိမ်ရည်** ဆိုတာကကော...'

'ကြိမ်သီးအနုတွေကို ထုထောင်းလို့ရတဲ့ အရည်ပါ။ ခနရိုရာ အစွန်းထက် ဆံပင်သန်ဆေးပဲ။ တစ်နေ့တစ်ကြိမ် ဦးရေအနဲ့ လိမ်းပေးပြီး ခြောက်သွားလို့ နာရီဝက်လောက် ကြာရင် ခေါင်းလျှော်ပေးရတယ်။ ဆပ်ပြာရည်၊ ခေါင်းလျှော်ရည် မသုံးဘဲ ရိုးရိုးရေသန့်နဲ့ ဆေးပစ်လိုက်ရုံပါ။ ဆံပင်သန်ပြီး နက် မှောင်စေတယ်။ ဒီကလေးမကို ကြည့်ရင် မှတ်မြင်သာမှာပဲ'

'ကျွန်တော်တို့ မွန်ပြည်နယ်က တောင်တန်းတွေမှာလဲ ကြိမ်ပင်တွေ ပေါပါတယ်။ ကျွန်တော်တို့လို အသက်ကြီးပြီး ဆံပင်ဖြူတာတွေကော ပြန်မည်းနိုင်မလား'

'ဟာဗျာ ဒါက နေမှန်လွှဲပြီလို့ အချက်ပေးတဲ့ သင်္ကေတလေဗျာ။ ဒီအတွက် အကောင်းဆုံးက နီးရာဆံသဆိုင်မှာ အကူအညီတောင်းရုံပါ။ အမည်းသာမက နီဝါကြောင်ကျား လိုချင်တဲ့အရောင် ရနိုင်ပါတယ်'


'မှတ်သားလောက်ပါပေရဲ့'

ခင်ထွန်း



www.burmeseclassic.com

www.burmeseclassic.com



## ရှင်ဇာဂရ၏
# ပြဒါးတက်လမ်း

ရှင်ဇာဂရ၏ ပြဒါးတက်လမ်းကို မပြောမီ ရှေးဦးစွာ အတ္ထုပ္ပတ္တိလေး ပြောပြပါရစေဦး။

ရွာတစ်ရွာ၌ ကိုကျော်အေးအမည်ရှိ လူတစ်ယောက်ရှိသည်။ ထိုလူ၏ အိမ်သို့ နေ့ခင်းကြောင်တောင်ကြီး ရှင်ဇာဂရအမည်ရှိ ဇော်ဂျီအဝတ်အစားဖြင့် ပုဂ္ဂိုလ်တစ်ယောက် ရောက်ရှိလာပြီးနောက် ကောက္ကုသံဘုရားရှင်၏ သာသနာနောက်ပိုင်းမှာ ညီအစ်ကို တော်ခဲ့ဖူးကြောင်း၊ သူ၏ ပြဒါးကိုစွဲ အောင်မြင်အောင် ကူညီပေးဖူးကြောင်း။ ထို့ကြောင့် ကျေးဇူးဆပ်သည့်အနေနှင့် ပြဒါးတက်လမ်းကို လာ၍ ပြောပြရကြောင်း။ ကျေးဇူးဆပ်ရကြောင်း ပြောပြီးနောက် ကောင်းကင်သို့ ပျံတက်သွားလေ၏။

ကိုကျော်အေးလည်း ထိုပြဒါးတက်လမ်းကိုရပြီး မကြာမီ ကျန်းမာရေးဖောက်ပြန်ပြီး ကွယ်လွန်အနိစ္စရောက်သွားရရှာသည်။ သူ၏ အကူအညီတောင်းမှုကြောင့် ထိုပြဒါးတက်လမ်း ပညာစခန်းကို (၇) ရက်သားသမီးအားလုံးတို့အား ဖြန့်ပေးပါမည်ဟု ကတိပေးလိုက်ရပါသည်။

**[မှတ်ချက် ။ ။ ကိုကျော်အေးအမည်နှင့် ရှင်ဇာဂရ အမည်များမှာ အမှန်ဖြစ်၍ ရွာအမည်ကို ဖျောက်ထားရပါသည်။]**

၁။ ပြဒါး (၁)ကျပ်သား
၂။ ဒုတ္တာ (၁)ကျပ်သား
၃။ ဆား (၄)ကျပ်သား

ယင်း(၃)မျိုးကို သံဒယ်အိုးအသစ်တစ်လုံးတွင်ထည့်၍ ရေရောကာ မီးအေးအေးဖြင့် ဖိုခုံလောက်(၃)လုံးခွင်မှာချက်ပါ။

ရေခန်းသွားလျှင် ယင်းတို့ကို လက်ဖြင့်လုံးပါ။ မာ၍သွားပါလိမ့်မည်။ ထိုလက်ဖြင့် လုံးထားသော ပြဒါးလုံးကို သံပရာသီးကြီးကြီးတစ်လုံးမှာ အလယ်ကောင်ခွဲ၍ ထည့်ပါ။

၁။ ထိုသံပရာသီးကို လုံတစ်လုံးထဲမှာ ထည့်ပါ။ ထိုလုံကို မီးဖိုအလယ်ကောင်မှာ တည်၍ ဖြည်းဖြည်းချင်းထိုးပါ။ ထိုသံပရာရည် ခန်းခြောက်သွားပါက တစ်မီးရသည်ဟု မှတ်ပါ။
၂။ သံပရာသီး (၃၆)လုံး ရောက်သွားလျှင် မြွေ၊ ကင်းနှင့် ပယောဂဟူသမျှ ကိုနိုင်၏။
၃။ သံပရာသီး (၁၀၈)လုံး ရောက်သွားလျှင် (၃၂)ပါးသော ရောဂါကိုနိုင်၏။
၄။ သံပရာသီး (၂၁၆)လုံး ရောက်သွားလျှင် (၉၆)ပါးသော ရောဂါကို ကုသနိုင်၏။ ယင်းပြဒါးလုံးကို ဘော် (၁)ပဲသား ကျွေးပါလေ။
၅။ မီးပေါင်း (၃၂၄)မီးရောက်လျှင် ပထဝီဓာတ် ပေါက်၏။
၆။ မီးပေါင်း (၄၃၂)မီးရောက်လျှင် ကာယသိဒ္ဓိ ပေါက်၏။
၇။ မီးပေါင်း (၅၄၀)ရောက်လျှင် ဥဒကသိဒ္ဓိပေါက်၏။
၈။ မီးပေါင်း (၆၄၈) မီးရောက်လျှင် အဂ္ဂိတေဇောသိဒ္ဓိပေါက်၏။
၉။ မီးပေါင်း (၈၆၄)ရောက်လျှင် အာကာသသိဒ္ဓိပေါက်၏။ ယင်းအဆင့်တွင် ရွှေ (၁)ပဲသား ကျွေးပါ။
၁၀။ မီးပေါင်း (၉၇၂)မီးရောက်လျှင် အာဟာရသိဒ္ဓိပေါက်၍ ရွှေ(၁)ပဲသား ထပ်ကျွေးပါ။ ယင်းအချိန်ကျမှ ပြာအန်ပါလိမ့်မည်။ ယင်းပြာကို ကွမ်းရိုး(တစ်တို့)၊ ဘော်(၁)ကျပ်သားမှာ တို့ပါ။ ရွှေဖြစ်၏။ ခနသိဒ္ဓိပေါက်၏။
၁၁။ မီးပေါင်း (၉၉၉)မီးရောက်လျှင် မနောမယသိဒ္ဓိပေါက်၍ ထိုအခါမှာ (ချဉ်ရည်)စိမ်ပါလေ။ ထိုအခါ စိတ်ရောက်ိုယ်ပါ လိုရာရောက်ပြီးလျှင် အသက်(တစ်ကမ္ဘာ)တည်လေတော့၏။

**မှတ်ချက်**

**၁။ ဘော် (သို့မဟုတ်) ရွှေ (၁)ပဲသားကျွေးပုံမှာ...**

လုံထဲသို့ ဘော်(၁)ပဲသား (သို့မဟုတ်) ရွှေ (၁)ပဲသားကို ထည့်ပါ။ အရည်ပျော်လာသောအခါ ပြဒါးလုံးကို ထည့်လိုက်ပါ။ မီးဖြင့်နှပ်ထားပါ။ နောက်မှ သံပရာသီးဖြင့် ဆက်လက်၍ အဆင့်တက်ပါ။

၂။ ဓာတ်လုံးကို မိမိနှင့် အတူတူထားပါ။ သို့မဟုတ်ပါက ပျောက်ကွယ်သွားတတ်ပါသည်။ ရွှေရင်ကျော်ဆရာကြီးတစ်ယောက် ထိုလုပ်ထုံးကိုလုပ်စဉ် ဘုရားကျောင်းပေါ်၌ တင်ထားစဉ် ပျောက်ကွယ်[illegible]

**မဟာတိသာဝိဇယ**
**(ဆေဗ္ဗ၊ ဟာသ်ဘ)**



www.burmeseclassic.com

www.burmeseclassic.com

# ကွမ်းစားဂမုန်းနှင့်

ဂမ္ဘီရစွမ်းအင်



ဆရာ ဦးမြင့်နိုင်အိမ်တွင် မြင်တွေ့ခဲ့ရသော အစီအရင်ပြုထားသည့် ကွမ်းစားဂမုန်းပင်

**မကွေးတိုင်းဒေသကြီး၊ အောင်လံမြို့ကို** ရောက်ဖြစ်ရာမှာ ဂမ္ဘီရပညာရပ်များကို လေ့လာလိုက်စားပြီး **ဂမုန်းပင်များနဲ့ စပ်သမျှကို ကိုယ်တိုင်လေ့လာသုတေသန လုပ်နေသော ဗေဒနက္ခတ္တ ဆရာဦးမြင့်နိုင်နဲ့** ဆုံဖြစ်ခဲ့ပါတယ်။

ကွမ်းစားဂမုန်းပင်နဲ့စပ်တဲ့ လောကီအသုံးတစ်နည်းကိုလဲ သူ့ထံမှ သိလိုက်ရပါတယ်။ သူ့အဆိုအရ ဂမုန်းပင်များစွာကို "ဗေဒင်မှာအကြံ၊ စာမှာ အအံ" ဆိုတဲ့အတိုင်း အစီအရင်တို့တွင် ဂမုန်းပင်များကို လိုအပ်ရင် လိုအပ်သလို အသုံးပြုခဲ့ပေရာ တချို့ကိစ္စများတွင် ထူးထူးခြားခြား အောင်မြင်ခဲ့ပုံမှာ အလွန်ပင် အံ့သြရကြောင်း ဆိုပါတယ်။

**ကွမ်းစားဂမုန်းရဲ့စပ်ဖြူလဲ အတိုက်အခိုက် ပြေပျောက်စေဖို့နဲ့ ပြောရေးဆိုရာ အောင်မြင်စေဖို့ရာများတွင် လက်တွေ့အသုံးဝင်ကြောင်း ပြောကြားပါတယ်။**

မြင်တွေ့ခဲ့ရသော **ကွမ်းစားဂမုန်းပင်မှာ (ပုံတွင်မြင်ရသည့်အတိုင်း)** မြေမှ သိပ်မကွာဘဲ **ခပ်ဝပ်ဝပ်** ပေါက်နေပါတယ်။

အစိမ်းရောင်ရှိတဲ့ အရွက်များဟာ (၁၀)စင်တီမီတာလောက်စီ ရှည်ပြီး (၇ ဒသမ ၅)စင်တီလောက်စီ အနံရှိကြပါတယ်။ ဆက်လက်ပြီးတော့လဲ **အပင်ရဲ့ အမြင့်ဟာ အလွန်ရှည်လာနိုင်ကြောင်း သိရပါတယ်။**

**စိုက်ပုံ**ကတော့...

ထုံးသုတ်ထားတဲ့ မြေအိုးသန့်သန့်ထဲကို မြေကြီးသန့်သန့် ထည့်ရမယ်။ မြေကြီးထည့်ရာမှာ...

အောင် နမော ဗုဒ္ဓါနဘာဝေနမ
အောင် နမော ဓမ္မာနဘာဝေနမ
အောင် နမော သံဃာနဘာဝေနမ
ဂ္ဂဿ အမှုပို ဩကာသေ တိဋ္ဌာဟိ။
လို့ (၇)ကြိမ် ရွတ်ဖွားပြီး ထည့်ရပါတယ်။ ပြီးမှ အပင်ကို လိုအပ်သလို စိုက်ပျိုးရပါတယ်။

**ဒီအပြင် ဂမုန်းပင်အား လောင်းမယ့်ရေကို သီးသီးသန့်သန့် ထားပေးရပါမယ်။ ရေလောင်းစဉ်မှာ သမ္ဗုဒ္ဓေဂါထာတော်ကို တတ်စွမ်းသမျှ မတိုးမကျယ် ရွတ်ဖွာရပါ မယ်။**

စိုက်ပျိုးပြီး ဂမုန်းအိုးကိုလဲ အိမ်ရှေ့ဒါမှမဟုတ် အိမ်ခေါင်းရင်းဘက်မှာ ထားရပါတယ်။

အစီအရင်အတွက် ရည်မှန်းစိုက်ပျိုးသူဟာ ဖော်ပြပါ နည်းလမ်းများကို သေချာလိုက်နာရမှာ ဖြစ်သလို **လတစ်လ(မြန်မာလ)ရဲ့ လဆန်းရက်မှာ စီရင်စိုက်ပျိုးရပါမယ်။**

အကောင်းဆုံးကတော့ လဆန်း(၉)ရက်မှ လပြည့်နေ့အထိ ဖြစ်ပါတယ်။

အရေးကြီးတဲ့စကား ပြောဆိုစရာများ ရှိပါက အပင်မှ **ဥ,ကိုယူပြီး ကျောက်ပျဉ်သန့်သန့်မှာ နံ့သာရည်နဲ့သွေးကာ ရလာတဲ့အရည်ကို ညာလက်ညှိုး၊ ညာလက်ခလယ်ဖြင့် နဖူးဆံစပ်မှာ စတီသဘော ပွတ်သပ်သွားရပါတယ်။** ကေန် အကျိုးထူးနိုင်တယ်လို့ ဆိုပါတယ်။

ဆရာ ဦးမြင့်နိုင်ရဲ့ အယူအဆတစ်ရပ်ကို ဖောက်သည်ချလို့ ပြီးပါပြီ။ လက်တွေ့ သုတေသန ပြုကြည့်နိုင်ကြပါစေ။

**ဦးကျော်နိုင်ကြီး**



www.burmeseclassic.com

www.burmeseclassic.com



လက်ထဲတွင် ကိုင်ပြထားသော သိဒ္ဓိရှိကျောက်ပေါက်ကလေး

BURMESE CLASSIC .com

# ထူးခြားသော သိဒ္ဓိရှိသည့် ကျောက်ပေါက်ကလေး

နွားပွဲဈေးတွင် နွားပွဲစား လုပ်နေသူ တစ်ဦးထံတွင် ဖော်ပြပါ **"သိဒ္ဓိရှိသော ကျောက်ပေါက်"** ကလေးကို တွေ့မြင်ရခြင်းဖြစ်ပါသည်။

"ဒီကျောက်ပေါက်ကလေးကို နတ်မောက်မြို့နယ်၊ မြင်းတဲကြီးရွာရဲ့ အရှေ့ဘက် "မှန်ခြေရင်းတောင်"က ရရှိခဲ့တာပါ။ ငါးနှစ်လောက်ရှိပါပြီ။

ဒီကျောက်ပေါက်ကလေးမှာ ထူးခြားသိဒ္ဓိရှိတာ အမှန်ပဲ။ သူ့ကို ဆောင်ထားတဲ့အချိန်ကစပြီး ကျုပ်မှာ ရောင်းလို့ ဝယ်လို့ သိပ်ကောင်းလာတယ်။ လွန်ခဲ့တဲ့ ခြောက်လလောက်က ကျုပ် နွားတစ်ကောင် အဝယ်များလာတယ်။ နွားက နွားပြာနီရောင်ဗျ။ ဒါပေမယ့် ဒူးခေါင်းမှာ မည်းနေတယ်။ အနက်ရောင်အမွေးတွေနဲ့ပေါ့ဗျာ။ စာဆိုရှိတယ်လေဗျာ။ "နွားပြာနီ ဒူးမည်း ဆုလည်းတောင် မရန်းဘူး"တဲ့ဗျ။ ဝန်မခွဲဘူး၊ သုံးမဖြစ်ဘူးပေါ့ဗျာ။ တစ်ဖက်လူက ဒူးမည်းနေရာကို ရွှံ့စင်ထား၊ပေထားတာလိုလိုနဲ့ ရွှံ့စေးတွေ သုတ်ထားတော့ အမှတ်တမဲ့ အဝယ်များမိတာပေါ့ဗျာ။

ရှစ်သောင်းနဲ့ ဝယ်မိပြီး ဘယ်လိုမှ ရောင်းမစွံဘူး။ ဒါနဲ့ ဒီကျောက်ပေါက်ကလေး အိတ်ကပ်ထဲထည့်ဆောင်ပြီး နွားပွဲဈေး သွားရောင်းတာ ငွေသုံးသောင်း အမြတ်ရခဲ့ပါရော။ အဲဒါကြောင့် သိဒ္ဓိရှိတဲ့ ကျောက်ပေါက်လေးလို့ ပြောရတာပါ"


ကျောက်ပေါက်ကလေးမှာ သဘာဝအတိုင်း ဝါဖျော့ဖျော့အရောင်ရှိ၍ ကျပ်ပြားဝိုင်းခန့်၊ နှစ်ကျပ်သားခန့် အလေးရှိပြီး တစ်မတ်ခန့် အပေါက်ကလေး ပါရှိပါသည်။ ဗဟုသုတတိုးဖွယ် ဓာတ်ပုံမှတ်တမ်းနှင့် တင်ပြလိုက်ပါသည်။

**နတ်မောက် လှမြင့်သစ်**




www.burmeseclassic.com

www.burmeseclassic.com











# တရုတ် ကြိုးထုံးပညာ (၈၃)

ဟူကျင်းဇီ




ယခင်လမှ အဆက်

အခြေခံ ကြိုးထုံးနည်း(၈၃)

旋转项链

Xuán Zhuǎn Xiàng Liàn

ရွှမ်း ကျွမ် ရှန့် လျန့်


ကျောက်စီလည်ဆွဲ

**'ရွှမ်းကျွမ်'** (XuánZhuàn) သည် သည်ပတ်ခြင်း၊ ပတ်လည်ဟု တိုက်ရိုက်အဓိပ္ပာယ်ရှိသည်။ ဤနေရာတွင် ကျောက်မျက်အား ပတ်လည်ဖွဲ့သီထားသဖြင့် ဆီလျော်စေရန် **'ကျောက်စီ'**ဟု သုံးနှုန်းထားခြင်းဖြစ်သည်။

ကျောက်မျက် သို့မဟုတ် ရောင်စုံကော်စေ့(ဖန်စီ)များကို အသုံးပြုပါမည်။ ကြိုးချည်နည်းမှာ ရှင်းပြခဲ့ပြီးသော ယခင်ကြိုးချည်နည်းများကိုသာ အသုံးပြုပါမည်။

**ပုံ(၁)** အရောင်ကွဲ ကြိုး(၃)ချောင်း အသုံးပြုထားသည်။ ပုံတွင် အနက်ရောင်ကြိုးကို အူတိုင်ပြုကာ အသပြာချည်နည်း **(တရုတ်ကြိုးထုံးပညာ (၆၆) ၂၀၁၂ ခုနှစ်၊ ဩဂုတ်လ၊**

ကျောက်စီလည်ဆွဲတစ်ကုံး





www.burmeseclassic.com

www.burmeseclassic.com



▲ ကျောက်စီလည်ဆွဲများ

BURMESE CLASSIC .com

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း၌ ဖော်ပြပြီး)ဖြင့် (၆)ကြိမ်မျှ ထုံးချည်ပါ။

**ပုံ(၂)** ထိုအနက်ရောင် ကြိုးပေါ်တွင် ကျောက်မျက်တစ်စေ့ကို တင်၍ ကျက်သရေမင်္ဂလာ ကြိုးချည်နည်း **(တရွတ်ကြိုးထုံးပညာ (၉၄) ၂၀၁၁ ခုနှစ်၊ ဩဂုတ်လ၊ နက္ခတ္တရောင်ခြည် မဂ္ဂဇင်း၌ ဖော်ပြပြီး)**ဖြင့် (၆)ကြိမ်မျှ ထုံးချည်ပါ။

**ပုံ(၃)အတွဲ** ကျောက်မျက် စီခြယ်ပြီးပုံဖြစ်သည်။ ထို့နောက် ကျက်သရေမင်္ဂလာ ကြိုးချည်နည်းဖြင့်ပင် အရှည် (၂ ဒသမ ၅)စင်တီမီတာထိ ရအောင် ဆက်၍ချည်ပါ။ နောက်ထပ် ကျောက်မျက်တစ်စေ့ထည့်ပါ။

**ပုံ(၄)** ဤသို့ဖြင့် ကျောက်မျက် (၇)စေ့ရသည်အထိ ဆက်၍ ချည်ထား ပုံဖြစ်သည်။ လည်ဆွဲအရှည်အရ ကျောက်မျက် အရေအတွက်ကို ချင့်ချိန်ထည့်သွင်းပါ။

ကျက်သရေမင်္ဂလာ ကြိုးချည်နည်းဖြင့်ပင် အဆုံးသတ်ခြင်းဖြင့် လည်ဆွဲတစ်ကုံး ရရှိပါမည်။

အသပြာချည်နည်းအရ ငွေကြေးလာဘ်လာဘကို ရည်ညွှန်း၍ ကျက်သရေမင်္ဂလာများဖြင့် ဝန်းရံထားသော ကျောက်မျက်ရတနာက သီကုံးထုံးနှောင်သူ ကာယကံရှင်အတွက် အထူးပင် ဂုဏ်တက်စေပါလိမ့်မည်။

မိမိ အလေးအနက်ထားရသူအတွက် အမြတ်တနိုး ပေးအပ်နိုင်သော လက်ဆောင်မွန် ဖြစ်ပေသည်။

**ဟူကျင်းဇီ**

ခင်မင်ရင်းနှီးသော မိတ်ဆွေတစ်ယောက်က သူတို့အိမ်တွင် သံဃာတော်များအား ပင့်၍ ဆွမ်းကပ်သည့်အတွက် စာရေးသူအား ဖိတ်ခေါ်သောကြောင့် မသွားမဖြစ်သည့်အတွက် စာရေးသူလည်း သွားရောက်ခဲ့ပါသည်။

သံဃာတော်များ ဆွမ်းဘုဉ်းပေးပြီးသောအခါ သံဃာတော်များနှင့် စကားစမြည်ပြောကြရင်း မြန်မာ့တိုင်းရင်းဆေးမြီးတိုအကြောင်း ရောက်ရှိသွားလေရာ **ဓမ္မပါရဂူကျောင်းတိုက်မှ ဆရာတော်တစ်ပါး ဖြစ်သည့် ဦးပညာပါလက** သူ့အား ဆရာတော်ကြီးတစ်ပါးမှ ချီးမြှင့်သော ဆီးချိုသွေးချိုရောဂါ သက်သာပျောက်ကင်းစေသော ဆေးနည်းအား ပြောပြပါသည်။

ဆရာတော်ကြီး ချီးမြှင့်သော ဆေးနည်းမှာ ငွေကုန်ကြေးကျလည်းမများဘဲ အလွယ်တကူ ဝယ်ယူရရှိနိုင်သော ပစ္စည်းများ ဖြစ်သည်။


## ဆရာတော်ကြီးတစ်ပါးမှ ချီးမြှင့်သော

# ဆီးချိုရောဂါ

## သက်သာပျောက်ကင်းစေသည့် ဆေးနည်း

**ဆေးနည်းမှာ...**

အုန်းသီးတစ်လုံးနှင့် သံပရာသီးတစ်လုံး တို့သာဖြစ်ပြီး အုန်းသီးတစ်လုံးထဲမှ ရရှိသော အုန်းရည်ထဲသို့ သံပရာသီးတစ်လုံးအား အရည်ညှစ်ထည့်ပြီး ရသော အရည်အားလုံးကို ကုန်အောင်သောက်ရန် ဖြစ်သည်။



နောက်တစ်ပတ် ကြာသောအခါ တစ်ခါထပ်၍ သောက်ရမည်။ သုံးပတ်၊ သုံးခါ သောက်ပြီးလျှင် ဆီးချိုရောဂါ၊ သွေးချို ရောဂါနှင့် အနာရှိလျှင် အနာများကိုပါ သက်သာပျောက်ကင်းစေကြောင်း မိန့် ကြားပါသည်။

ဆီးချိုသွေးချိုရောဂါ ရှိသူများ အနေ နှင့် ငွေလည်းမကုန်၊ လူကိုလည်း မည်သည့်အန္တရာယ်မှ မပေးသော ထို ဆေးနည်းအား သောက်သုံးကြည့်ကြ ရန် တိုက်တွန်းလိုက်ရပါသည်။

[ဆေးနည်းအား ပြောပြသော **ဓမ္မပါရဂူကျောင်းတိုက်မှ ဆရာတော် ဦးပညာပါလအား ဤဆောင်းပါးဖြင့်**

**ရှိခိုးကန်တော့**

**လိုက်ပါသည် ဘုရား...]**

***သဗ္ဗဝါအပေါင်း ကျန်းမာ,ချမ်းသာ ကြပါစေ။***

**မောင်မောင်ထွန်း (မုံရွာ)**





www.burmeseclassic.com

www.burmeseclassic.com





ရွှေတောင် ကြည်မောင်မြ

# သွန်းဝေတာမန်

ဖိုးဟန် ကချင်ပြည်နယ် မြစ်ကြီးနား မြို့ကို ရောက်နေတာ (၂)ရက်ရှိပြီ။ မြစ်ကြီးနားဆိုတာ ဖိုးဟန်အတွက် စိမ်းပါဘူး။ ပူတာအိုခရိုင်၊ နောင်မွန်းမြို့ အ.ထ.ကမှာ ၁၉၈၇ ခုနှစ်၊ စက်တင်ဘာလ (၁၅)ရက်က အလုပ်ဝင်တယ်။ အထက်တန်းပြဆရာအဖြစ် တာဝန်ထမ်းဆောင်ခဲ့တယ်။

နောင်မွန်းကိုအသွား ဖြတ်သွားဖြတ်လာ တည်းခဲ့ခိုခဲ့တဲ့မြို့။ ကချင်ပြည်နယ် မြို့တော် မြစ်ကြီးနား။

နောင်မွန်းမြို့ဆိုတာက မြန်မာနိုင်ငံရဲ့ မြောက်ဘက်အစွန်ဆုံးမြို့။

ဖိုးဟန် စေလိုရာစေ အထက်တန်းပြဆရာအဖြစ် လျှောက်ထားခဲ့စဉ်က မြန်မာနိုင်ငံ အရှေ့၊ အနောက်၊ တောင်၊ မြောက်၊ ဝဲယာ အရပ်လေးမျက်နှာ ရှိချင်တဲ့နေရာပို့ပါ။ သွားပါ့မယ်လို့ ဆန္ဒဖော်ထုတ် လျှောက်ထားခဲ့တာ။

ပို့ပါတယ်ဗျာ နောင်မွန်းမြို့။ သွားပါတယ်ဗျာ ဝမ်းမြောက်ဝမ်းသာ။

နောင်မွန်းမြို့ အ.ထ.ကမှာ ကျောင်းအုပ်ကြီးက ဦးတင်မောင်ဦး၊ အရာတော်မြို့နယ်က သူ့ဇာတိ။ မြို့နယ်ပညာရေးမှူးက ဦးခင်မောင်အေး၊ ဆရာကြီးတွေ စိတ်နေသဘောထား ဖြူစင်ကြပြီး ရိုးသားကြတယ်။ လက်အောက်ငယ်သားတွေအပေါ် ညာတာ ထောက်ထား ကရုဏာပွား သနားကြတယ်။ လုပ်ငန်းခွင်မှာ အဆင်ပြေကြတယ်။

နောင်မွန်းဒေသ ရဝမ်တိုင်းရင်းသားတို့ စိတ်အလှ၊ တိုင်းရင်းသားအချင်းချင်း ဖိုးဟန်တို့ ညီ့သည်တွေအပေါ် ရိုင်းပင်းလို့ ချစ်ကြည်ကူညီခဲ့ကြ၊ ပံ့ပိုးခဲ့ကြသမျှတို့ကိုဖြင့် မောင်ဖိုးဟန် မေ့မရနိုင်ဘူး။

တွေးမိတိုင်း ကြည်နူးမှု အရသာ တစ်ပါး ဝမ်းသာပီတိ ရင်တွင်းမှာငြိခဲ့။ ရဝမ်တိုင်းရင်းသား တိုင်းရင်းသူ အို... ညီနောင်ဘွား နှမသားချင်းများ ဖိုးဟန် မေ့မရနိုင်ပါကလား။

ဦးယာမီဖုန်၊ ဦးမယစ်ဖုန်၊ ဦးမာယာဆန်ဖုန်ရမ်၊ ဦးယိမ်းဘောင်၊ ဦးကျော်ခန့်၊ ဦးကျော်လှိုင် စတဲ့ စတဲ့ ဆရာများ။ လုပ်ဖော်ကိုင်ဖက်များ။

ဖိုးဟန် အခုတစ်ခေါက် မြစ်ကြီးနားမြို့ကို ရောက်တာက ၁၉၉၂ ခုနှစ်၊ ဒီဇင်ဘာလ ဆောင်းရာသီ။ ဇနီးသည်ကိုခေါ်ဖို့လာတာ။ ဇနီးသည်က မြစ်ကြီးနားမြို့ လေယာဉ်ကွင်းနားက အ.ထ.က(၄)က အထက်တန်းပြဆရာမ။

မောင်ဖိုးဟန် ကချင်ပြည်နယ်၊ ပူတာအိုခရိုင်၊ နောင်မွန်းမြို့ အ.ထ.ကကနေ ပဲခူးတိုင်းဒေသကြီး၊ ပြည်ခရိုင်၊



www.burmeseclassic.com

www.burmeseclassic.com



ပြည်မြို့နယ်၊ ဝက်ထီးကန်အ.ထ.က ကို ၁၉၉၀ ပြည့်နှစ်၊ စက်တင်ဘာလ (၁၅)ရက်မှာ ပြောင်းရွှေ့ခန့်ထားခံရတယ်။

အခုတော့ ဇနီးသည်ကလဲ ဝက်ထီးကန်အ.ထ.ကကို ပြောင်းရွှေ့မိန့်ကျတယ်။ ဒါကြောင့် မောင်ဖိုးဟန် အပြေးတစ်ပိုင်းနဲ့ ကချင်ပြည်နယ် မြို့တော်ကြီး မြစ်ကြီးနားကို ရောက်လာတာပဲ။ ဇနီးသည်လဲတွေ့၊ သမီးငယ်လဲတွေ့ ဘဝင်ချမ်းမြေ့ ရွှင်လန်းမွေ့။

မြစ်ကြီးနားကို ရထားဝင်တော့ နေလုံးပျောက်နေပြီ။ အမှောင်ကြီးစိုးပြီ။ မြစ်ကြီးနား ဆောင်းဥတုက ဖိုးဟန်ကို ဆီးကြိုနှုတ်ဆက်တယ်။ အေးမြလိုက်ပါဘိ။

ဘူတာရုံကနေ မြို့သစ်ကြီးကို ဆိုက်ကားနဲ့ သွားရတယ်။ ဆိုက်ကားပေါ်မှာ အအေးဓာတ်က မောင်ဖိုးဟန်ကို ရစ်ပတ်လို့လိုက်ပါ မခွဲမခွာ။ ရင်ထဲမှာတောင် အေးလွန်းလို့ တုန်တုန်ခိုက်ခိုက်။

ဆောင်းရာသီ နှင်းပေါက်တို့ တဖြောက်ဖြောက် ကျနေတယ်။ နှင်းတွေ ဝေနေပြီ။ ညလုံးပေါက် နှင်းတွေ ကျနေတော့မှာပဲ။ သေချာပြီ။

နောက်တစ်နေ့မနက် မိုးလင်းတာနဲ့ အောက်ပြည် အပြန်ခရီးအတွက် လိုအပ်တာတွေ စီမံရတယ်။ သမီးအငယ်မက ငယ်တယ်။ (၇)လတောင် မပြည့်သေးဘူး။ ရထားတစ်တန်၊ ကားတစ်တန် (၂)တန်ခရီး။ တိုင်းကြီး(၃)တိုင်း ကျော်ဖြတ်ရတဲ့ခရီး။ မနီးဘူး ဝေးတယ်။

အသိမိတ်ဆွေတွေကို နှုတ်ဆက်၊ တစ်အိမ်တက်၊ တစ်အိမ်ဆင်း ပါလာတဲ့ လက်ဆောင်တွေပေး၊ အပူကင်းတဲ့ ရင်အေးစရာ စကားလေးတွေပြော၊ မာကြောင်း၊ သာကြောင်း၊ ဆွေအကြောင်း၊ မျိုးအကြောင်း မေးကြ၊ မြန်းကြ၊ ပြန်လည်ပြောပြ၊ တွေ့ကြ၊ ဆုံကြ အားရဝမ်းသာ အပြုံးတွေ ဝေဖြာလို့။

မနက်ဖြန် အောက်ပြည် ပြန်တော့မယ်။ ရထားကြီးနဲ့ ဂျုံးဂျုံးဂျက်ဂျက်။ လုပ်လက်စ အလုပ်ကလေးတွေကို ဖယ်ဆက်သလို ဆက်လက်လုပ်ကိုင်ရင်း တစ်နေ့တာ ပင်ပန်းသမျှ ညရောက်မှ နားရတော့တယ်။

နေဝင်တာနဲ့ အအေးဓာတ်က လွှမ်းခြုံရစ်ပတ်လာပြီ။ နှင်းထုက ပိုပိုပြီး သိပ်သည်းလာပြီ။ တံခါးတွေ အကုန်ပိတ်။ အိပ်တော့ မအိပ်သေးဘူး။ မီးဖိုလေးဘေးမှာထိုင်ရင်း စကားတွေဖောင်ဖွဲ့၊ သမီးကိုလဲ ချော့မြူကလူကျီစယ် ရှိနေကြတဲ့အခိုက်…

'ဆရာ ဆရာ'

အိမ်ရှေ့ဘက်က ခေါ်သံတစ်သံ ဖိုးဟန် ကြားရတယ်။

'ဘယ်သူလဲ'

'ကျွန်တော်ပါ ခင်မောင်လင်း'

ကိုခင်မောင်လင်းဆိုပဲ။ ဆရာ ဦးခင်မောင်လင်း မြစ်ကြီးနားမြို့ ပန်ဆောက်လမ်းမှာ ဟောခန်းဖွင့်ပြီ အတိတ်၊ အနာဂတ်၊ ပစ္စုပ္ပန် သုံးတန်သော ကာလကို လမ်းညွှန်ပြနေတဲ့ ဆရာတစ်ဆူပဲ။ အရွယ်နဲ့မမျှ အသိက ပိုတယ်။ ပညာသိ။

ဆရာလင်းရဲ့ အိမ်က မြို့သစ်ကြီး ပန်ဆောက်လမ်း (လီဒိုလမ်းမကြီး) အရှေ့ဘက်ခြမ်း စိုက်ပျိုးရေးခြံ အနားမှာ။ မိဘတွေနဲ့နေတာ။ ဆရာ လူပျိုကြီး။ နဂိုဗုဒ္ဓတွေကို သိ့သိနေ အပိုဗုဒ္ဓမရှာဘူး။ လူတော်လူကောင်း စိတ်ကောင်းရှိတဲ့သူ။

ဖိုးဟန်က ဆရာ ဦးခင်မောင်လ ရဲ့အဖေ ဦးချစ်ဖေနဲ့လဲ ခင်တ အဘ ဦးချစ်ဖေက ဖိုးဟန်ကို တူ ယောက်လို၊ ဖိုးဟန်တို့ တစ်အိမ်ကျေ က ဦးစောလွင်ကတော့ ညီတစ်ယော လို သွေးသားရင်းချာ သဘော ထားကြတယ်။ စိတ်ရင်းကောင်း တယ်။ ဦးသက်ထွန်း၊ ဒေါ်မြတို့က ထပ်တူညီမျှ ခင်မင်ကြင်နာကြ။

ဆရာ ဦးခင်မောင်လင်း ည အချိန်မတော် ချမ်းချမ်းစီးစီးကြီးထဲ ဖိုးဟန်ဆီလာတာ အကြောင်းတ တော့ရှိမယ်။ သာမန်မဟုတ် ထူးခြားမယ်ထင်ရဲ့။

ဖိုးဟန် အိမ်ရှေ့တံခါးကို ဖွင့် တော့… ဟုတ်ပ ဆရာဦးခင် လင်း။ ပိန်းပိတ်အောင်ကျနေတဲ့ တွေထဲမှာ မလှုပ်မယှက်ရပ်လ အေးလိုက်တဲ့ဖြစ်ခြင်း သူမှို့ တယ်။ မချမ်းမစီး ဒီလူပျိုကြီး။

သူတကာ အပြင်မထွက် အချိန်၊ အိမ်အမိုးသွပ်ပေါ် နှင်း



www.burmeseclassic.com

www.burmeseclassic.com

ပေါက်တို့ တဖြောက်ဖြောက် ကျနေတဲ့အချိန်၊ တုန်နေအောင် ချမ်းနေတဲ့ ကိစ္စကြီး။

'ဟာ ညီလေး ညကြီးမင်းကြီး အချိန်မတော် ည(၉)နာရီကျော်ပြီ။ အေးမြလှပါဘိ'

'မလာရင် မဖြစ်လို့ လာရတာ ဆရာ'

'ကဲ လာ ဆရာကြီး အိမ်ထဲကိုဝင်'

ဆရာ ဦးခင်မောင်လင်းကို အနွေး ဓာတ်ပေးဖို့ မီးဖိုဘေးမှာ ထိုင်ခိုင်းရတယ်။ ခြေတွေ၊ လက်တွေ မီးကင်ရင်း လာရင်းကိစ္စ စကားစ,တယ်။

'မလာရင် မရလို့ လာရတာ။ အတင်းသွားခိုင်းလို့ လာရတာ'

ဆရာလင်းရဲ့စကား ဖိုးဟန် နားထဲမှာ မရှင်းဘူး။ စကားအဆက်ကို စောင့်ပြီး နားထောင်လိုက်ရတယ်။

'မနက်ဖြန် ပြန်တော့မှာ သွားပြောဖြစ်အောင် ပြောဆိုလို့'

ဆရာလင်း ပြောတဲ့စကားတွေကို ဖိုးဟန် နားကို မလည်ဘူး။ နားဝေတိမ်တောင်ကြီး ဖြစ်နေပြီ။ မသိရင် မေးရတော့မှာပဲ။

'ကိုလင်း ပြောတာတွေကို နားမလည်ဘူး ဖြစ်နေတယ်။ ရှင်းပြစမ်းပါဦး'

'ဒီလိုဗျာ ကနေ့ည ကျွန်တော် ဘုရားရှိခိုးပြီး ပုတီးစိပ်တော့ ဆရာ့ကို စောင့်ရှောက်တဲ့ ပုဂ္ဂိုလ်ကြီးတစ်ပါး ကြွလာတယ်။ ဆရာ့အတွက် လိုအပ်တာတွေကို ညွှန်ကြားသွားတယ်။ အဲဒီ ညွှန်ကြားချက်တွေကို အခု လာပြောတာပဲ။ ခိုင်းလို့ လာပြောတာပါ။ ခိုင်းတဲ့အတိုင်း လုပ်ရတာပါ'

ဖိုးဟန် တော်တော်အံ့ဩသွားတယ်။ ဖိုးဟန် မြစ်ကြီးနားကို ရောက်နေတာကို ဆရာလင်းမသိဘူး။ ဖိုးဟန်



နဲ့ ဆရာလင်း မတွေ့ကြဘူး။ မြို့သစ်ကြီးကို ဆရာလင်းလာတာ မမြင်ဖူးဘူး။ အခုတော့...

'ကဲ ကိုလင်းရေ ညွှန်ကြားချက်တွေ ပြောပေတော့ဗျာ။ ကျွန်တော် လိုက်နာပါ့မယ်'

'ဆရာ မြစ်ကြီးနားက ပြန်သွားရင် ထက်ထီးကန်မှာ နေစရာ အိမ်(၂)လုံး ရှိနေတယ်။ တစ်လုံးက မြောက်အရပ်ကို မျက်နှာမူနေတယ်။ တစ်လုံးက တောင်အရပ်ကို မျက်နှာလှည့်ထားတယ်'

'ဆရာလင်းရေ ဟုတ်လိုက်လေဗျာ'

ဖိုးဟန် ဩချရပြီ။ ဟုတ်တာပေါ့။ ကိုလင်းဆိုစကားက အမှန်။ မြစ်ကြီးနားက ပြန်သွားရင် ဝက်ထီးကန်မှာ နေဖို့ အိမ်(၂)လုံး စီစဉ်ထားတယ်။ ဖိုးဟန်ကြိုက်တဲ့ အိမ်မှာနေ။ စီစဉ်ပေးကြတဲ့သူတွေ ဆရာ ဦးသန်းရှိန်နဲ့ ဆရာလေး ဦးလှရှိန်။

ဖိုးဟန်မှာ မိသားစု ပါလာပြီဆိုတော့ အရင်ကနေတဲ့ နဂိုမူလအိမ်မှာ နေလို့မရဘူး။ ဒါကြောင့် ရှိန်နှစ်ရှိန် ဆရာတို့က စီစဉ်ပေးကြတာ။ ကျေးဇူးရှင်ကြီးတွေပါ။ လိုအပ်တာမှန်သမျှ ကူညီကြတဲ့သူတွေ၊ ကျွေးမွေးပေးကမ်း ထောက်ပံ့ခဲ့ကြသူတွေ။

ဒီလို သူတစ်ထူးရဲ့ ကျေးဇူး ဖိုးဟန် မေ့ဖူးတယ်ဆိုတာမရှိ။ ဘယ်မေ့လိမ့် မလဲ ရင်ထဲအသည်းထဲမှာစွဲမြဲ။ သူ တစ်ထူးရဲ့ကျေးဇူး မထိန်မြှုးရာ။

ဆရာလင်း ပြောတဲ့အတိုင်းပါပဲ။ အိမ်(၂)လုံးက မြောက်အရပ်ကို တစ်လုံး၊ တောင်အရပ်ကိုတစ်လုံး မျက်နှာလှည့်ကြတယ်။ အိမ်(၂)လုံး ထဲက ဖိုးဟန် တစ်လုံးရွေးရမယ်။

'ဆက်ပါဦးဗျ ဆရာလင်းရဲ့'

'မြောက်အရပ်ကို မျက်နှာလှည့်တဲ့ အိမ်မှာနေပါ။ တောင်အရပ်ကို မျက်နှာလှည့်တဲ့အိမ်မှာ မနေပါနဲ့'

'မိန့်မှာတဲ့ လမ်းညွှန်ချက်စကား တစ်သဝေမတိမ်း လိုက်နာပါ့မယ်'

ဟုတ်ပြန်ပါပြီ။ တောင်အရပ်ကို လှည့်တဲ့အိမ်က ဖိုးဟန်အတွက် ဘုမ္မိကျတယ်။ နေရင် သေပေတော့။ သျှောင်ကို မီးထွန်းပြီး အလုပ်လုပ်ငွေရှာ မွဲမှာပဲ။

မောင်ဖိုးဟန်ကို ဘုမ္မိသတ်မယ်။ နာလန်မထူဘူး။ သေပြီ။

ဘုမ္မိတို့၊ ဓာတ်တူ,နာမ်တူတို့ ကက်ကင်းတို့၊ အမြစ်,အညွန့်,ဆပွားသွတ်တာတို့ အလွန်ကြောက်စရာကောင်းတာကလား။ ရှောင်ကြဉ်ရှားကြ မောင်တို့လို့ ပြောရမယ့်ကိန်း။ မယုံမရှိကြလေနဲ့။

မယုံရိုက စမ်းကြည့်ကြ။ သိရ လက်တွေ့ပင်။

တောင်ဘက်လှည့်တဲ့အိမ်ကို ဖိုးဟန် မနေချင်တာနဲ့တော့ အတော်ပဲ။ မြောက်ဘက်လှည့်တဲ့အိမ်ကို ဖိုးဟန် နေမယ်။ ဆုံးဖြတ်လိုက်ပြီ။ ပြင်စရာ



www.burmeseclassic.com

www.burmeseclassic.com

မရှိ။ ငြင်းစရာမလို သိရိုလေ။ တက်ဖြိုးဝေသား။

'မြောက်ဘက်လှည့်တဲ့ အိမ်မှာပဲ နေပါ့မယ်ဗျာ'

'မြောက်ဘက်အိမ်မှာ နေမယ်ဆိုရင် ပြော▇စရာရှိသေးတယ်ဗျ'

'ပြောသာပြောပါ ဆရာလင်း၊ လိုအပ်တာ အကုန်ပြောပါ။ လိုက်နာဖို့ အသင့်ပါ။ အကြောက်အကန် ငြင်းဆန်ဖို့ မဝံ့ကြောင်းပါ'

ဆရာလင်းက ချက်ချင်းပဲ စကားဆက်တယ်။

'မြောက်ဘက်လှည့်တဲ့အိမ်ကို နေရဖို့က တော်တော်လေး အတိုက်အခံ ပြောရဆိုရလိမ့်မယ်။ လွယ်လွယ်နဲ့ တော့မရဘူး။ နောက်ဆုံးတော့ တစ်ဖက်လူက နားလည်မှုကြီးစွာနဲ့ လိုက်လျောပေးရမှာ'

ဒီအကြောင်းကို ဖိုးဟန် မြစ်ကြီးနားကိုမလာခင် ဝက်ထီးကန်မှာကတည်းက သိခဲ့တာပဲ။ တစ်ဖက်လူဆိုတာက ဖိုးဟန်နဲ့ဆိုရင် ဖိုးဟန်ကနေ့ သူကနာမ်တူနေပြန်တယ်။ ဖိုးဟန်ရဲ့ ညီအငယ်ဆုံးကောင်ပဲ။ ဖိုးဟန် အတွေး မဆုံးသေးဘူး။ ဆရာလင်းက ဆက်ပြန်ပါတယ်။

'မြောက်ဘက်လှည့်တဲ့ အိမ်က တစ်ထပ်အိမ်ကလေး။ ခြေရင်းဘက်မှာ အဖီကလေးချထားတယ်။ တစ်ထပ်အိမ် ခပ်မြင့်မြင့် အဆင့်ရိုက်ထားတယ်။ အိမ်အောက်ကိုဝင်ရင် လူမလွတ်တလွတ်။ တချို့နေရာ ခေါင်းငုံ့ထားရမယ်။ မြေမညီဘူး။ မြောက်ဘက်က မြင့်ပြီး တောင်ဘက်က ဆင်ခြေလျှော နိမ့်နေတယ်။ ဒါပေမယ့် အိမ်ကလေးက နေချင့်စဖွယ် ကွပ်ကွပ်ရှပ်ရှပ်ကလေး'



ဆရာလင်း ပြောသွားတာတွေက ဒက်ထိအမှန်။ တယ်ဟုတ်လိုက်ပါလား။

'သွပ်မိုး၊ ထရံကာ ပျဉ်ခင်းလေး။ အိမ်ရှေ့မှာ ဝရန်တာနဲ့ လက်ရန်းနဲ့။ အိမ်နောက်ဘက်မှာ ကန်ကြီး၊ ခေါင်းရင်းဘက်မှာ ဘန့်ပွေးပင်နှစ်ပင်ရှိတယ်။ စည်းတန်းခတ်ထားလိုက်တာ လုံလို့'

အဲဒီအိမ်ကို ဆရာရှိန်တို့ပဲ ဖိုးဟန်ကို နဂိုကတည်းက နေခိုင်းထားတာ။ ဖိုးဟန် လက်ရှိနေ,နေတဲ့အိမ်။ ဟုတ်ပြန်ပါပကော။ တောင်ဘက်လှည့်တဲ့ အိမ်ကို ပြောင်းမနေနဲ့ဆိုတဲ့ သဘောပေါ့။ မနောခွေ့မျှ ကောင်းလေစွ။

'ဆရာလင်း ပြောတာတွေ အကုန်မှန်တယ်ဗျာ၊ ညွှန်ကြားချက်တွေ ဆက်စမ်းပါဦး'

'အိမ်ပေါ်တက်တဲ့ လှေကားကလေးက အနောက်အရပ်က အရှေ့အရပ်ကို မျက်နှာမူပြီး ဖိနပ်ချွတ်မှာ ထောင်ထားတယ်။ အထစ်(၃)ထစ်ရှိတယ်။ လှေကားခြေရင်းတောင်ဘက် (၃) တောင် အကွာလောက်မှာတော့ အပွင့်အဝါပွင့်တဲ့ အပင်တစ်ပင်ရှိတယ်'

မှန်လိုက်တာဗျာ။ ဆရာလင်း ပြောသွားတဲ့အတိုင်း အကုန်မှန်ပါတယ်။ အဲဒီအိမ်ကို ဆရာလင်း ရောက်ပြီး ပြောနေသလိုပါပဲ။ အပွင့်အဝါပွင့် ပွင့်တယ်ဆိုတဲ့ အပင်က ငုပင်ပါ။

ငုပင်ရဲ့လုံးပတ်က (၄)ထွာဆိုင်လောက်ရှိမယ်။ ပင်စည်က အိမ်နဲ့ဆိုရင် လွတ်လွတ်ကင်းကင်း ရှိပေမယ့် အကိုင်းအခက်နဲ့ အရွက်တွေက အိမ်ပေါ်မှာ မိုးနေတယ်။ မွန်းတိမ်းပြီဆိုတာနဲ့ အရိပ်အာဝါသ ရတော့တာပဲ။

ဝက်ထီးကန် ကန်ရေပြင်ကို ဖြတ်တိုက်လာတဲ့ တောင်လေပြည်က ရင်ကို အေးမြချမ်းမြေ့စမြဲ။ စိတ်ကို ရွှင်လန်းချမ်းမြေ့ကြည်နူးစေတဲ့ တောင်လေပြည်နဲ့ အရိပ်ရ ငုပင်။ ကျေးဇူးရှင်နှစ်ရပ်။

အခုထက်တိုင် ငုပင်ကလဲ မိုးမိုးမတ်မတ်။ တောင်အရပ်က လေပြည်ကလဲ အဆက်မပြတ်။

'ငုပင် ဆရာလင်းရဲ့'

'အေးဗျာ အဲဒီအပင်ခြေရင်းမှာ အပေါ့စွန့်နေကြတယ်။ အပေါ့မစွန့်ကြနဲ့တဲ့ဗျ'

ဒီကိစ္စ ဖြစ်ကိုဖြစ်မယ်။ ညဘက်မှာ ဆီးသွားချင်ကြတဲ့အခါ အိပ်ချင်မူးတူးနဲ့ ကိစ္စပြီးရောဆိုပြီး ပြီးစလွယ် ထိုင်လိုက်ကြမယ် ထင်ပါတယ်။ အမျိုးသားတွေပါ။ ဒါလဲ မှတ်သားပြီး ယုံမှားမရှိ လိုက်နာရမယ့်ကိစ္စ။ ကိုယ်တိုင် ကျင့်သုံးပြီးတော့ အခြားသူတွေကို လိုက်နာခိုင်းရမယ်။

'စိတ်ချပါ ဆရာလင်း၊ အားလုံး နားလည်ပြီး လိုက်နာကြအောင် အသိပေး ပြောကြားလိုက်ပါ့မယ်။ ပြောရင် နားထောင်ကြမှာပါ'

'အဲဒီအပင်မှာ ရုက္ခစိုးစောင့်တယ်။



www.burmeseclassic.com

www.burmeseclassic.com

သူတော်ကောင်းကြီးပါ။ ရုက္ခစိုးဆိုတာ နတ်တစ်မျိုးဗျ။ အနံ့ဆိုးကို ဘယ်ခံနိုင်မလဲ'

ဆရာလင်း ပြောစကားက အမှန်တရားပဲ။

မြတ်ဗုဒ္ဓ လက်ထက်တော်ကာလက တရားတော်များ ဟောကြားတော်မူတဲ့အခါက လူတရားနာ ပရိသတ်တွေထဲမှာ နတ်တွေ မနေနိုင်ကြဘူးတဲ့။ လွတ်တဲ့နေရာလေးတွေမှာ ရပ်လျက် တရားနာကြတယ်ဆိုပဲ။ လူသာမန်တို့ရဲ့ လောဘမီး၊ ဒေါသမီး၊ မောဟမီးတွေက ကြီးပုံပေါ်တယ်။ လောင်မြိုက်တဲ့အထိ နတ်ပြဟ္မာတွေ မခံနိုင်ကြဘူး။ ရှောကြပြီး ရှောင်ကြပုံပါပဲ။

'နောက်တစ်ခုက ဆရာနေမယ့်အိမ်ရဲ့ အရှေ့ဘက်ကပ်လျက်မှာ မြေကွက်တစ်ကွက်ရှိတယ်။ ဘန့်ပွေးပင်(၂)ပင်ပေါက်နေတဲ့ နေရာပေါ့။ ကန်အစပ်ကြက်လျှာစွန်းကလေး'

ဗိုးဟာန် အဲဒီနေရာလေးကို ပြေးပြီးမြင်ယောင်လိုက်တယ်။ ကွက်ကွက်ကွင်းကွင်း။

'အဲဒီနေရာမှာ သတက် သရဲ တစ္ဆေမြေဖုတ်တွေ ကျက်စားကြတယ်။ ညအခါကန်ကြီးထဲမှာ ငါးရှာ၊ ဖားရှာ ရှာကြတဲ့ထံပါတွေ အဲဒီနေရာမှာ မနားဝံ့၊ မနေဝံ့ကြဘူး။ အခြောက်အလှန့်ခံကြရတယ်။ ဖျားကြနာကြနဲ့၊ တချို့ဆို နာတာရှည်ရောဂါ ခံစားသွားရှာတယ်'

ဆရာလင်း ပြောစကားကိုရပ်ပြီး ဆေးနွေးပူပူတစ်ခွက်ကို မှုတ်မှုတ်ပြီး သောက်တယ်။ ငုံ့လိုက်၊ သောက်လိုက်နဲ့ ကြိမ်နှစ်ခါ။

ဗိုးဟာန်လဲ တွေးပါတယ်။ မိုးရာသီမှာ ကန်ရေပြည့်တော့ အိမ်ရဲ့တောင်ဘက်ခြံစည်းရိုးကို လွန်ပြီး နှစ်စဉ်နှစ်



တိုင်း ရေဝင်မြဲ။ အိမ်အောက်မှာ ငါးတွေကူးခတ်ပြေးလွှား ကစားပျော်မြူးနေကြမြဲ။

ဒီအိမ်ရဲ့ အရှေ့ဘက်အရပ် ကန်အစပ်က မြေကွက်လပ်က မြောက်နဲ့တောင် အလျားရှည်တယ်။ ဆောင်းနဲ့နွေ ကန်ရေအကျဆိုရင် အနံက ကျယ်လာတော့ နားချင်စရာ၊ ခိုချင်စရာ ကုန်းစောင်းအဆင်း နေရာကောင်းကလေး။ ဒါပေမယ့်...

ညဘက်မှာ ငါးရှာရှာ၊ ဖားရှာရှာ၊ ဘာရှာရှာ အဲဒီနေရာလေးမှာ လူသံသူသံ မကြားရ။ ဘယ်သူမှမရှိ၊ ပကတိခြောက်ကပ်ကပ်။ အကြောင်းတစ်ရပ်တော့ရှိမယ်။

ဟော... အခုပေါ်ပြီ။ ဗိုးဟာန် ကေန်သိရပြီ။

၁၉၉၁ ခုနှစ်၊ ဆောင်းရာသီ ညတစ်ညမှာတော့ ကန်ရေအစပ်မှာ လှေတစ်စင်း ထိုးကပ်ပြီး ကမ်းစပ်မှာ ဆိုက်ထားတာ တွေ့ရတယ်။ ည (၉) နာရီလောက်တော့ရှိပြီ။

ခဏအကြာ ကမ်းပေါ်က မြေကွက်လပ်မှာ လူ(၂)ယောက် ရပ်နေတာ တွေ့ရတယ်။ မီးတစ်ဖို မွှေးကြတယ်။ ခြေတွေ၊ လက်တွေ မီးကင်ကြလို့၊ ရေနွေးအိုးလေး တည်ကြလို့။ စကားတွေ တဖောင်ဖောင်နဲ့ လရောင်အောက်မှာ။

ဗိုးဟာန် တစ်ရေးအနိုး ထရုံကြားကနေ အသာချောင်းကြည့်လိုက်တော့ လူ(၂)ယောက် ဘယ်ပျောက်သွားသလဲ မသိဘူး။ လကလဲ မွန်းတိမ်းပြီ။ ည (၁)နာရီလောက် သန်းခေါင်ကျော်အချိန်။ ညရဲ့အကာလ။

မီးကလဲသေ၊ လှေကလဲမရှိ၊ လူမရှိနဲ့ ပိဘိကြောက်စရာအသွင် ချောက်ချားဖွယ်မြင်ကွင်း။ ရင်တွင်းမှာတောင် စိမ့်စိမ့်တက်လာတယ်။

ဖားအော်သံလဲမကြားရ၊ ပုစဉ်းရင်ကွဲ အော်သံတောင် မကြားရဘဲ တိတ်ဆိတ်လွန်းလှ။ နှင်းတွေကလဲ တဖွားဖွားကျ၊ အကြားအာရုံ၊ အမြင်အာရုံ ကွယ်ပနေဆဲ တစ်ခဏ။

ဘန့်ပွေးပင်(၂)ပင်ကတော့ ညမှောင်မှောင် နှင်းတွေထဲမှာ သတ္တဝါကြီး(၂)ကောင် ငုတ်တုတ်ကြီး ထိုင်နေသလိုပဲ၊ မည်းမည်းကြီး(၂)ခု။ အကြောင်းမသိတဲ့ သူတွေအဖို့တော့ မြူနိုးစားကြီးများ တွေ့လိုက်ကြရရင် ဘာပြောကောင်းမလဲ အသည်းနှလုံးခုန်လို့ ရင်တုန်စရာ။

'ဟုတ်တယ် ညီလေးရ၊ မင်းပြောတာတွေ အကုန်မှန်ပြန်ပြီ။ တို့ကိုယ်တွေ့အနေနဲ့ကတော့ တိုက်တိုက်ဆိုင်ဆိုင် အမှန်အကန်တွေပဲ။ မငြင်းနိုင်တဲ့အချက်တွေ။ ဒါပေမယ့် ကိုယ်တိုင်တော့ မကြုံဘူး။ မြေဖုတ်ဘီလူးလဲ မတွေ့၊ တစ္ဆေနဲ့သရဲလဲ မမြင်'

'အစ်ကိုကြီး ဘယ်မြင်မလဲဗျ။ ခင်ဗျားက မနက်(၄)နာရီ အိပ်ရာကထတယ်။ မျက်နှာသစ်ပြီးတာနဲ့ ဘုရားရှိခိုးတယ်။ မေတ္တာပို့တယ်။ အမျှဝေတယ်။ မြတ်ဗုဒ္ဓရဲ့ ပရိတ်တော် ဒေသနာများကို ရွတ်ပွားလို့ ပူဇော်တယ်'

www.burmeseclassic.com

'အေး အဲဒါ ဟုတ်တယ်။ အာစိဏ္ဏကံ ကုသိုလ် နေ့စဉ်အလုပ်'

'မေတ္တာပို့တော့ မေတ္တာရတယ်။ ဘဝင် ချမ်းမြေ့ ရွှင်လန်းမွေ့ကြပြီပေါ့။ ကုသိုလ်ဒါန ထပ်တူရကြလို့ ကောင်းရာမွန်ရာ သုဂတိ ဘုံဌာန ရောက်ကြရတယ်။ အစားအစာ ထော်ပြတ်တဲ့ ပြိတ္တာတွေတောင် အာဟာရ မှုတနိုင်ကြတယ်။

တစ္ဆေသရဲဆိုတာ ဘုံဘဝတစ်ခုကို ကူးဖို့ ခေတ္တနားခိုတဲ့နေရာပဲ။ မြတ်ဗုဒ္ဓ နှုတ်ကပါဌ်က ထွက်မြတ်တဲ့ ပရိတ်တော်ကို ရွတ်ဖတ်ကာ ပူဇော်တော့ ပျော်စံရာ ဘုံဘဝအသီးသီးကို ခုန်ကျော်ပြီး ရောက်ကြရတယ်။ တစ်ဆင့်မြင့် ရာထူးတက်သလိုပေါ့ဗျာ'

ဆရာလင်းဆီက ဒီစကား ဖိုးဟန် ကြားရတော့ အရမ်း အရမ်း ဝမ်းသာတာပဲ။ ကောင်းမှုတစ်ခု နေ့စဉ် ပြုမိပါပကော။ မိမိပြုတဲ့ ကောင်းမှုကုသိုလ်ကြောင့် သတ္တဝါအများ အကျိုးထူး ခံစားကြရပါကလား။

ဖိုးဟန် အမျှဝေပြီဆိုရင် ဘုရားတပည့်တော် ငယ်စဉ်တောင်ကျေး ကလေးဘဝကစ၍ ယနေ့အထိ ပြုပြုသမျှ ကုသိုလ်ကောင်းမှု အလှူဒါန အဖို့ဘာဂ အပေါင်းတို့အား...... ဆိုပြီး အမျှဝေတာ။

ဒါကုသိုလ်၊ သီလကုသိုလ်၊ ဘာဝနာကုသိုလ်တွေ ပါပြီပေါ့။

အချိန်ကလဲ ရမယ်။ စိတ်ကြည်နူး ပျော်ရွှင်ချမ်းမြေ့နေတဲ့ အချိန်လဲ ဖြစ်မယ်။ စိတ်အာရုံကလဲ စုစည်းမိပြီး စူးစိုက်နိုင်မယ်ဆိုရင် အလှူတစ်ခုစီကို အမျှဝေတယ်။ ပုဂ္ဂိုလ်တစ်ဦးစီကို အမျှဝေတယ်။

ဆိုရစေတော့ တစ်ခုလောက် ပြောပြရရင် ဘုရားတစ်ဆူဆူကို ရွှေသင်္ကန်း ကပ်လှူခဲ့တာ၊ ရဟန်းတော်များကို ဝါဆိုသင်္ကန်း ကပ်လှူခဲ့တာများဆိုရင်...

ခုနှစ်သက္ကရာဇ်၊ လ၊ ရက်နေ့ဆိုရင် နှုတ်က ရွတ်လိုက်တယ်။ လှူဒါန်းခဲ့တဲ့ ဘုရားစေတီ၊ ရဟန်းတော်များရဲ့ ဘွဲ့တော်အမည်တွေ ဆက်ပြီး မှတ်ဆိုတယ်။ လှူခဲ့တန်းခဲ့သမျှ အသိပေးတယ်။ အလှူဒါနကို အမျှပေးဝေပါတယ်။

အမျှရကြ၍ သာဓုအနုမောဒနာ ပြုတော်မူကြပါ။ သာဓုခေါ်ကြရသည် ဖြစ်၍ နတ်တို့၏ နတ်ဝတ်တန်ဆာ ကိုယ်မှာဆင်မြန်း ရွှင်လန်းဝမ်းသာ ချမ်းသာကြပါစေသတည်း။

ဆွမ်း၊ ဆွမ်းဟင်း၊ ခဲဖွယ်ဘောဇဉ်၊ ချိုချဉ်သစ်သီးတို့ကို လှူဒါန်းခဲ့ပါရင်လဲ မြတ်ဗုဒ္ဓနဲ့ တပည့်သား သံဃာတော် အရှင်သူမြတ်တို့အား လှူဒါန်းခဲ့မှု အစုစုတို့ကို ဆွမ်းအလှူအဖြစ် သီးခြားအမျှဝေပြန်တယ်။

ထပ်တူထပ်မျှ ကုသိုလ်ရ၍ သာဓုခေါ်ကြရသဖြင့် နတ်တို့၏ နတ်သုဒ္ဓါကို အချိန်အခါမရွေး မှိဝဲသုံးဆောင်ကြရပါစေသတည်း။

ဘုရားတည်ခြင်း၊ ကျောင်းဆောက်ခြင်း၊ သာသနိက အဆောက်အအုံများ လှူဒါန်းခဲ့ရင်လဲ နတ်တို့၏ ဘုံဗိမာန် ကြက်ရကြပါစေ။

ဆီမီး၊ ရေချမ်း၊ ပန်းတို့ကို လှူဒါန်းရင်လဲ နတ်တို့၏ ကိုယ်ရောင်ကိုယ်ဝါ အဆင်း ထွန်းလင်းတောက်ပကြပါစေ။ ရေလိုအေးလို့ ပန်းလို လန်းကြပါစေ။ ကိုယ်သင်းရနံ့ သင်းပျံ့လို့ မွှေးကြပါစေ စသည် စသည်...

ကုသိုလ်ကောင်းမှု ပြုပြုသမျှ အလှူဒါနတွေကို တရေးရေးနဲ့ ဖိုးဟန်မှာ စိတ်ကတွေးပြီး မျက်စိက မြင်ယောင်၊ နားက ကြားယောင်နေမိပြီ။

'အစ်ကိုကြီး'

ကိုယ့်ဆီကိုလာ လိုအပ်တာမှန်သမျှ ညွှန်ကြားတဲ့ ကျေးဇူးရှင်ကို ရှေ့မှာထားပြီး အတွေးတွေပွား၊ စကားမဆက်မိတာက ဖိုးဟန် အပြစ်ဖြစ်ပြီ။ ဦးခင်မောင်လင်း ခေါ်လိုက်တော့မှ စိတ်က မူလချည်တိုင်ကို ပြန်ရောက်လာတယ်။

'ပြောစရာတွေလဲ ပြောပြီးပြီ၊ တာဝန်လဲ ,ကျေသွားပြီ၊ ညဥ့်ကလဲ နက်ပြီ၊ အအေးကလဲ လွန်ကဲလာပြီ ပြန်တော့မယ်'

ပြောရင်းဆိုရင်း ဆရာလင်းက ထိုင်ရာကထ တံခါးမဆီ လျှောက်သွားပြီ။ ဖိုးဟန် တားချိန်မရလိုက်ဘူး။ တားမယ်ဆိုလဲ အချိန်မဟုတ်တော့ဘူး။ လင့်နေပြီ။

အပြင်ရောက်တော့ အေးလိုက်တာ ရာသီဥတု ဆိုးလွန်းလှ၊ ခိုက်ခိုက်တုန်မှ၊ ဒုက္ခတွေခံ ဖိုးဟန်ထံ အရောက် လာပြီး ပုဂ္ဂိုလ်ထူးတို့ လမ်းညွှန်စကား ကြားကတစ်ဆင့် သိသင့်တာတွေ ပြောကြားစကားဆိုခဲ့တဲ့ ဆရာလင်း ကျေးဇူးကြီးလှ။ မောင်ဖိုးဟန် တစ်သက်မက မမေ့ပြီ။

ကချင်ပြည်နယ်၊ မြစ်ကြီးနားမြို့ မြို့ သစ်ကြီးက ဆရာ ဦးခင်မောင်လင်း

**"ဖန်ဖရာ"**

**မှတ်ချက်**

**"ဖန်ဖရာ"**ဆိုတာ ပူတာအို မချမ်းဘော၊ နောင်မွန်း၊ ခေါ်ဘူဒဲ ခေါင်လံဖူး မြို့နယ်များအတွင်း မှီတင်း နေထိုင်ကြတဲ့ ရဝမ်တိုင်းရင်းသားတို့ရဲ့ နှုတ်ဆက်စကားပါ။ "မင်္ဂလာပါ"လို့ ဗမာလို့ အဓိပ္ပာယ်ရပါတယ်။

စာရှုသူအပေါင်း မင်္ဂလာအပေါင်း ခညောင်းကြပါစေ။

ရွှေတောင် ကြည်မေအေး



www.burmeseclassic.com

www.burmeseclassic.com



ဦးအောင်

# ပါရမီစခန်း အဓိဋ္ဌာန်စခန်း (၁)

'သံဝါဖြောက်ဖြောက် ဆီးနှင်းပေါက်က
မိုးလောက်ပြင်းထန် သွန်းချပြန်သော်
ယုဂန်ခေါ်ငြား တောင်တော်ဖျားမှ
တည့်မှန်းချိန်နေ ရောက်လွယ်စေဟု
မသွေစိတ်က ညွှန်စေရသည်
နေခြည်ဖြာမှ နွေးသောကြောင့်...'

လက်ဝဲသုန္ဒရအမတ်ကြီး၏ မဲဇာ ...တစ်ပိုင်းတစ်စကို သတိတရ ရှိနေ ... ကျောင်းခေါင်မိုးပေါ်သို့ နှင်းစက် ...က မိုးဖွဲရွာချသလို တဖောက်ဖောက် ...သံပေး၍ ကျခင်းနေ၏။ စောင်ပါး ...တစ်ထည်တည်းမျှ မလုံ၊ တစ်ကိုယ်လုံး ...နွေးလာနိုင်ပါ။

တစ်ဖက် ဘုရားစင်အနီးတွင် ...နိုးစက်သော ဆရာတော်မှ ထ၍ ...ောင်ပင် ခေါက်နေလေပြီ။ နံနက် သုံးနာရီခွဲပြီဖြစ်၍ ကျွန်ုပ်မှာလည်း ထလိုက်ရ၏။

ရာသီပြင်း၍ အိပ်မပျော် တစ်ချက် ပျော်တစ်ချက်မို့ ဝီရိယစိုက်၍ အိပ်ရာမှ ထရန်မလို။ နှစ်နာရီ တစ်ကြိမ်ခန့် နိုးနေ၍ ဖြစ်ပါသည်။ ခန္ဓာကို သန့်ရှင်းပြီး ဆရာတော်ကို အခါးရည်(ရေနွေးကြမ်း)တစ်အိုးကပ်၍ ကျွန်ုပ်လည်း အချမ်းပြေစေရန် သောက်ရ၏။

ပြီး ဓမ္မပဒရောင်တော်ပွင့်စေတီတော်၏ ရင်ပြင်တော်ဆီသို့ တနင်္ဂနွေထောင့်တွင် ဆရာတော်၊ အင်္ဂါထောင့်တွင် ကျွန်ုပ် မိမိတို့ နှစ်သက်သလို နေရာယူ၍ အဓိဋ္ဌာန်စခန်းအရုဏ်ဦးကို ကြိုဆိုလိုက်ရပါ၏။

တစ်နေ့တာ၏အရုဏ်ဦးတွင် အတုမဲ့ သဗ္ဗညုတဘုရား၏ တရားတော်၊ ပရိတ်တော်တို့ကို ရွတ်ပွားပူဇော်၍ ကြိုဆိုရခြင်းသည် လောကီ၊ လောကုတ္တရာ နှစ်ဖြာသော မင်္ဂလာတရားကြီးအစစ် ဖြစ်ပါပေသတည်းဟူ၍ ရင်တွင်းနှလုံး သွင်းရင်း...

'ဗျာရောသနာ ပဋိဃသည နာညမညဿ ဒုက္ခမိစ္ဆေယျ'

'တစ်ဦးက တစ်ဦးကို ဆင်းရဲဒုက္ခ ရောက်စေခြင်းကို အလိုမရှိကြပါစေ ကုန်နှင့်'

www.burmeseclassic.com

ဟူ၍ ဝစီကံ၊ မနောကံ မေတ္တာ ညွတ်ပါးလိုက်ပါသည်။ ပုတီးအဓိဋ္ဌာန် ပြီး၍ စောင်ကို ခေါင်းမြီးခြုံ၍ တတ်နိုင် သမျှ လုံအောင်ခြုံလွှမ်း ပြင်ဆင်ပြီး ထိုင်လိုက်ကာ ထွက်သက်ဝင်သက်ကို မှတ်ရပါသည်။

လေအေးက နှင်းမှုန်နှင့်အတူ တိုးဝှေ့ တိုက်ခတ်နေ၍ အေးစိမ့်နေပါသည်။ အာရုံ အတော်အသင့် စူးစိုက်လာမှ အအေးဒဏ်ကို ကျော်လွှားနိုင်လာပါ သည်။ ထွက်လေဝင်လေကို ပြင်းပြင်း သွက်သွက် ရှူထုတ်လုပ်သော်မှ အတန် သင့် နွေးလာ၍ အာရုံပြု၍ မှတ်၍ အဆင်ပြေလာ၏။

အမှတ်တရားကို စူးစိုက်မှတ်ရင်းမှ စက္ခုအာရုံ မျက်စိမှိတ်ထားရာ နေရာဆီ တွင် အလင်းဓာတ်ကို မြင်နေရ၏။ အလင်းဓာတ်ကို အာရုံပြုနေရင်းမှ အအေးဓာတ်ကို သတိမမူမိတော့ပါ။ အာရုံပေါ်တွင် အလိုက်သင့် ကပ်မှတ် နေမိ၏။ အလင်းဓာတ်ပေါ် အာရုံငြိမ် သက်သလိုဖြစ်နေ၍ ခန္ဓာဆီမှ တရားစု တို့ မထင်ရှားတော့။ သိမ်မွေ့နူးညံ့ဟန် စိတ်တွင် ခံစားရသော အလင်းဓာတ်ထဲ တွင် ပုဂ္ဂိုလ်တစ်ဦးသဏ္ဌာန် ပေါ်လာပါ သည်။

မျက်နှာသွယ်သွယ် သျှောင်ထုံးနှင့် တစောင်းအနေထား၊ နှုတ်ခမ်းမွေး ကျင်စွယ် မတိုမရှည်၊ ထူးခြားသော အငွေ့အသက်တို့ ထိုပုဂ္ဂိုလ်ထံမှ တိုး ဝှေ့ထွက်နေသကဲ့သို့ ထင်မြင်ရပြီး ကျွန်ုပ်ထံသို့ ကူးစက်ခြုံလွှမ်းသလို ခံစားရပြီး မနောတွင် အသံတစ်ခု ကြားလာရ၏။ ထိုပုဂ္ဂိုလ်ထံမှ ဖြစ်ပါ သည်။

နှုတ်ခမ်းမလှုပ်၊ အသံမထွက် မကြားရဘဲ စိတ်တွင်အလိုလို သိလာ သလို ဖြစ်ပါသည်။ မနောအသံဟု ပြောရမည် ထင်ပါသည်။ အလှည့် တိုင်း မဟုတ်သော်လည်း ထိုသို့သော ထူးခြားအာရုံ မနောအမြင်တို့ မကြာ ခဏ သိစရာ,သင်စရာ,မှတ်သားစရာ တို့ ရှိတိုင်း ကြုံတွေ့ဖူးပါသည်။

ကျွန်ုပ်မှာ လောကီလောကုတ္တရာ ပညာ အခြေခံနည်းသဖြင့် တိတိကျကျ အဓိပ္ပာယ်သဘာဝကို မပြောပြတတ် ပါ။ ကြုံခဲ့ဖူး ကြုံခဲ့သမျှတို့ကို ကျွန်ုပ် နားလည်ခံစားရသလို တစ်ဆင့် ပြန်လည်တင်ပြခြင်းသာပါ။

ဤနိမိတ်အာရုံအားလုံးတွင် မည်မျှ မှန်၍၊ မည်မျှ မှားသည်ကိုလည်း မဝေဖန်နိုင်ပါ။ သမထလမ်းပေါ်တွင် ရည်ရွယ်ချက်မျိုးစုံ၊ နည်းမျိုးစုံနှင့် လျှောက်လှမ်းနေကြကုန်သော နောင် တော် အများအပြား ရှိနေကြ၏။

မိမိ ရှေ့၊ နောက်၊ တန်းတူ အစရှိ သော ဝီရိယပညာတို့နှင့် လမ်းသွားနေ သူများအတွက် အကျိုးတစ်စုံတစ်ခု ရတန်ရကောင်းပါစေဟု နှလုံးရည်ပါ သတည်း။ မနောတွင် ကြားရသည် မှာ…

'အောင်ပနင့်ထပ်၊ ဂုဏ်တော်ဟပ်၊ မပြတ် နှလုံးသွင်း။ နေလနှစ်ပါး ဉာဏ်သွင်းထား။ မပျားစေ့စပ်ပါ။ အောင်ပနင့်ခြုံ ဂုဏ်တော်ထုံ စေ့စုံပေလိမ့်သာ'

လင်္ကာစာသားလေးဟန် ဖြစ်ပါ၏။ အသံအဆုံးတွင် ထိုပုဂ္ဂိုလ်မှ ဖျတ်ခနဲ ကွယ်ပျောက်သွား၍ အလင်းစုချည်း မြင်နေရ၏။ ***(ထိုစာသားလေးကို မမေ့ရန် အားထုတ်ပြီးပြီးခြင်း ရေးမှတ်ထားရပါ သည်။)***

တစ်ကိုယ်လုံး ကြက်သီးမွေးညင်း များက လှိုင်းထသွားသလို ခံစားလိုက် ရ၏။ အလင်းဓာတ်အဖြူမှာ နီပြေပြေ အရောင်ဖြစ်သွား၍ "မြင်တယ်၊ မြင် တယ်" မှတ်လိုက်သည်။ လင်းနေရာမှ မှိန်သွား၏။ စိတ်ကို ပို၍ နိမိတ်ပေါ် မြဲစေရန် အားထုတ် ရပါ၏။ သို့သော် မှိန်သလို လင်းသလို မှုန်ဝါးဝါး အလင်းရောင်ကိုပင် တွေ့ရ သည်။

**"ခြောင်း ယောရေဘျာထ ယောရေဘျော"**

ဟူ၍ အသံကို ကြားလိုက်ပါသည်။ တနင်္ဂနွေထောင့်မှ ဆရာတော်၏ ယောရမန္တန်ရွတ်သံ။ သမာဓိအာရုံ လည်း ကျဲပါးနေလေပြီ။ မြင်အပ် မမြင်အပ် နှစ်ရပ်များစွာ သတ္တဝါနှင့် သာသနာတော်စောင့် ပုဂ္ဂိုလ်မြတ်များ ကို မေတ္တာမျှဝေ၍ အလုပ်ရပ်နားရ သည်။ စိတ်ထဲတွင် **"အောင်ပ အောင်ပ"**နှင့် ကြားယောင်နေမိ သည်။

နှင်းမှုန်တို့ကြောင့် ခြုံစောင်ပင် ထိုင်းထိုင်း ဖြစ်နေလေပြီ။ မင်္ဂလာ အရဏ်ဦးဝယ် သီသရွေ့၊ စွမ်းသရွေ့ တရားတော်ကို အားထုတ် နှလုံးသွင်း ခြင်းသည် ကိလေသာကို တဒင်္ဂပယ ရှောင်တိမ်းလိုက်နိုင်ခြင်း ဖြစ်သ "ဘ"ဘုရား၏ များစွာသော အ ကျေးဇူးတော်တို့ကို တုံ့ဆပ်ခြ နှစ်ခု၊ နှစ်လုပ် ပြီးပါပေသတည်းဟု စိတ်တွင် မှတ်ချက်ပြုလိုက်မိပါတော့ သည်။

* * *

အလုပ်တရား နားချိန်တို့တွ လောကကြောင်း မပါစေဘဲ သင့် စပ်ရာ ဘုရား၊ တရား၊ ပ အကြောင်းအရာတို့ကို နှီးနှောပြော ဖြစ်၏။ အတူ အဓိဋ္ဌာန်ဝင်သူ ဆ တော်တစ်ပါး၊ ကပ္ပိယတစ်ဦး၊ ကျ သုံးဦးသာ ဓမ္မပဒစေတီဝယ် ရှိ ၏။

သီတင်းနွေတိုင်လျှင် တစ်ည



www.burmeseclassic.com

www.burmeseclassic.com



အဓိဋ္ဌာန်ဝင်သူ ဓမ္မမိတ်ဆွေ ပါရမီရှင်များ ရောက်လာကြ၏။ သူတို့ပြန်လျှင် ကျွန်ုပ်တို့သုံးဦး ပြောသိုလ၏ အအေးဓာတ်နှင့်၊ ဆောင်းလေနှင့်၊ မြူနှင်းမှုန်နှင့် တရားတော်၏ အေးမြခြင်းတို့ နှိုင်းယှဉ်တွဲစပ် အာရုံပြုရင်း အဓိဋ္ဌာန်ရက်တို့ကို ကုန်လွန်စေခဲ့၏။

'ဒီတစ်ကြိမ် အလုပ်ပြီးခါနီးမှာ အာရုံတစ်ခုရလာတယ်။ အောင်ပဓာတ်ကို ကြံပါလို့ဆိုတယ်။ ဆရာ ဘယ်လိုသဘောရလဲ လျှောက်ပါဦး'

ဆရာတော်မှ မိန့်၏။ အာရုံခြင်းဆက်စပ်မိနေလေပြီ၊ ကျွန်ုပ်မှာ အမှတ်မထင် ပြုံးမိ၏။ အောင်ပ ဆိုသည်ကို ကြားရ၍ ဖြစ်ပါသည်။ တနင်္ဂနွေ ကြာသပတေးတွဲမှာ **အောင်ပ (ဝါ) အပြင်မိတ်အဖြစ်** အသိများကြပါ၏။ အားထုတ်မှုတွင် ဆက်စပ် အသုံးပြုပုံကိုတော့ သိကောင်းမှ သိမည်ဖြစ်ပါသည်။ ဆရာတော်စိတ်ကူးကို အရင်မေးလျှောက်မိ၏။

'အရှင်ဘုရား သဘောပေါက်တဲ့ အောင်ပဓာတ်ကို အရင်မိန့်တော်မူပါဦးဘုရား'

'ဦးပဥ္စင်းက ကြာသပတေးသား။ တနင်္ဂနွေထောင့်မှာထိုင်ရင် အောင်ပ၊ တစ်နည်း စနေမှာထိုင်ရင် တနင်္ဂနွေမျက်နှာမူ အောင်ပ... ဆရာက တနင်္ဂနွေသားဆိုတော့ ကြာသပတေးအရပ်ထိုင် (သို့မဟုတ်) တနင်္လာထိုင် ကြာသပတေး မျက်နှာပြု အောင်ပ နှစ်ချက်စီ ရနိုင်ရဲ့ ဟုတ်ကဲ့လားဗျာ'

'မှန်ပါဘုရား... တပည့်တော်လဲ ဒီလိုတော့ တွေးမိပါတယ် ဒါပေမယ့် အခြား တစ်နည်းများ ရှိနိုင်ဦးမလားလို့တော့ တွေးမိနေပါတယ် ဘုရား'

'အင်းပေါ့ဗျာ အဖြေရပြီလား'

'တွေးတုန်းပါပဲ ဘုရား။ အရှင်ဘုရား မိန့်သလို အောင်ပဓာတ်ကတော့ ဟုတ်ပါတယ်။ ဒါပေမယ့် စိတ်ထဲမှာ မဟုတ်သေးဘူး၊ လိုအပ်နေသေးသလို ခံစားမိနေတယ်၊ အရှင်ဘုရားလဲ ကြံပါဦးဘုရား'

'ကောင်းပါပြီဗျာ... ရသမျှ တွေးမိသမျှ ဆရာ့ကို ပြောပါမယ်။ ဆရာ ကြံရတာလဲ ဦးပဥ္စင်းကို လျှောက်ပါဦး'

'တင်ပါ့ဘုရား'

ဆရာတော်နှင့် ပြောဆိုနေစဉ်မှာပင် စိတ်ထဲတွင် အောင်ပဓာတ်ဟူသော အသံကို ကြားနေရသလို ထင်နေပါသည်။ အာရုံတွင် စွဲနေဟန်တူပါ၏။

ညနေခင်း အလုပ်ချိန်တွင် ဆရာတော်မှာ ကြာသပတေးတွင် နေရာယူ၍ တနင်္လာကို မျက်နှာပြု၍ အားထုတ်၏။ ကျွန်ုပ်က အနောက်အရပ် နေဝင်ရာသို့ မျက်နှာပြု၍ ထိုင်ပါသည်။

နေချိုချိန်တွင် မဟာတေဇောကသိုဏ်း အလေ့အကျင့်အဖြစ် နေမင်းကိုကြည့်၍ အာရုံပြုပြီး ဥဒေတယံ ပရိတ်တော်ကိုရွတ် ဘုရားအလောင်းတော် ဒေါင်းမင်း၏ ပါရမီတော်ကို လည်းကောင်း၊ ကိလေသာ အနှောင်ဖွဲ့မိခြင်း ကိလေသာအနှောင်အဖွဲ့ကြောင့် အာရုံတွေပြားကာ အနှောင်အဖွဲ့ခံရခြင်းတို့ကို လည်းကောင်း ဆင်ခြင်ပါသည်။

လိမ္မော်ရောင်ရင့်ရင့် နေလုံးကြီးကိုကြည့်ရင်း အရှိန်ရလာသော် နေလုံး၏ ပတ်လည်တွင် ရောင်စုံယှက်ဖြာနေဟန် အဝန်းအဝိုင်းကိုပါ မြင်နေရ၏။

အနီရောင် ရောင်ခြည်တို့ စွဲထင်နေသည့် ကောင်းကင်ပြင်ကို ကြည့်ရှုနှလုံးသွင်းပြီး အနန္တစကြာဝဠာသို့ မေတ္တာပို့ပွားပါသည်။ တဖြည်းဖြည်း နိမ့်ဆင်းသွားသော နေမင်းကို အာရုံမပြတ်ကြည့်၍ ပရိတ်တော်ကို မှန်မှန်ပွား၏။

တောင်တန်းပေါ်တွင်မှ ဖြည်းဖြည်းချင်း နိမ့်ကျသွား၍ တစ်ခြမ်းမျှ ကျန်တော့သော နေမင်းကိုကြည့်ရင်း ရွတ်လက်စ ပရိတ်ကို အဆုံးသတ်လိုက်ပါ၏။

ဒုက္ခ,ပ္ပတ္တာစ နိဒ္ဒုက္ခာ၊
ဘယ,ပ္ပတ္တာစ နိဗ္ဘယာ။
သောက,ပ္ပတ္တာစ နိသောကာ၊
ဟောန္တု သဗ္ဗေပိပါဏိနော။

'ဒုက္ခတွေ့ကြုံနေရသော သတ္တဝါအပေါင်း ဒုက္ခမှ လွတ်ပါစေ'

'ဘေးအန္တရာယ် ကြုံတွေ့နေရသူ သတ္တဝါ အပေါင်းဘေးအန္တရာယ်တို့မှ လွတ်ပါစေ'

'သောကနှင့် ကြုံတွေ့နေရသူ သတ္တဝါအပေါင်း သောကစိုးရိမ်ခြင်းတို့မှ လွတ်မြောက်ပါစေ'

'ဘုရား၊ တရား၊ သံဃာ၊ သရဏဂုံ မြတ်သုံးပါးတို့၏ တန်ခိုးတေဇော် မေတ္တာတော်တို့ကြောင့် သတ္တဝါအပေါင်းတို့သည် ဒုက္ခ၊ အန္တရာယ်၊ သောက အပေါင်းတို့မှ လွတ်မြောက်သည် ဖြစ်ကုန်၍ ချမ်းသာခြင်းသို့ ရောက်ရှိကြပါစေကုန်သတည်း'

www.burmeseclassic.com

ဟူ၍ မေတ္တာပွားပါသည်။

ထိုစဉ်မှာပင် အသိအာရုံတွင်းဝယ် တစ်စုံတစ်ခု လင်းလက်သွားသလို ခံစားရင်း တစ်စုံတစ်ခုကို သိရှိလိုက်ရပါလေသည်။

နေမင်းမှာ တနင်္ဂနွေ၊ အနောက်အရပ်မှာ ကြာသပတေး အောင်ပ။ ကျွန်ုပ်က တနင်္ဂနွေ၊ အနောက်ရပ် ကြာသပတေး အောင်ပ။

နံနက်ခင်း အမိဋ္ဌာန်သည် အရှေ့အရပ်ကို မျက်နှာမူ၍ ထိုင်၏။ မျက်စိဖွင့်ထားသောကြောင့် နှင်းမှုန်အောက်မှ ရှမ်းတောင်တန်းမည်းမည်းကို ကြယ်ရောင်အောက်ဝယ် မြင်နေရ၏။

ဂုဏ်တော်ကို ပွားရင်း ပွားရင်း လဆုတ်ရက် လသေးသေး တစ်စဉ်ကွေးလေးက ရှမ်းတောင်တန်းပေါ် မေးတင်၍ ထွက်လာလေသည်ကို မြင်ရ၏။

လမင်းကို ကြည့်ရင်း မောရပရိတ်တော်ကို ပွား၏။ နှင်းမှုန်တို့က သဲသဲမဲမဲကျနေသလို လေအဝှေ့တွင် မျက်နှာဆီသို့ လာရောက် ပက်ဖျန်းသလိုမို့ အေးစိမ့်သွား၏။

အအေးပိုလာလေ သမာဓိ စုစည်းရခက်လေ။ စုလိုက် ကြဲလိုက်၊ ကြဲလိုက် စုလိုက် ကြိုးစားရင်း တောပေါ်တောင်ပေါ်ဝယ် ကျွန်ုပ် တစ်ဦးတည်း ဗျာများနေသည့်အဖြစ်ကို တွေးမိအောင် တွေးဖြစ်ပါသေးသည်။ လကွေးလေး အတန်သင့် မြင့်တက်သွားသော် ပုစွန်ဆီရောင် အရုဏ်ဦးအရောင်တို့သည် တောင်တန်းထိပ်တွင် ဖြန့်ကြက်လာ၏။

နေဝန်းနီနီက တောင်တန်းထိပ်မှ မေးတင်၍ ဖြည်းဖြည်း ထွက်ပေါ်လာချေပြီ။ **"အာဒိစ္စပဗ္ဗ၊ နေမင်း၏ အဆွေဖြစ်တော်မူသော မြတ်စွာဘုရား"**ဟူသော စကားလေးကို ဆင်ခြင်မိ၏။

နေရောင်ခြည်ကို အမှီပြု၍ နေကြကုန်သော သတ္တဝါအပေါင်း။ နေရောင်ခြည်နှင့် ထိတွေ့ကြကုန်သော သတ္တဝါအပေါင်း ကျန်းမာချမ်းသာကြပါစေကုန်သတည်း။

ထိုစဉ်မှာပင် တစ်ဆက်တည်း ဆင်ခြင်မိ၏။ လမင်းနှင့် ကြာသပတေး ဂဇ္ဇေ၊ ပထဝီဓာတ်တွဲ နေမင်းနှင့် ကြာသပတေး၊ အောင်ပ အရှေ့မျက်နှာပြုသော ကျွန်ုပ်နှင့် ကျောပေးထားသော ကြာသပတေး အောင်ပ။

မျက်နှာမူသော အရှေ့နှင့် ကျောပေးထားသော ကြာသပတေး ဂဇ္ဇေ ပထဝီဓာတ်တွဲ ပို၍ရှင်းအောင် ဆိုရသော် **လနှင့် ကြာသပတေးအရပ် ဂဇ္ဇေဓာတ်** ကြာသပတေးအရပ်မှ ထိုင်၍ အရှေ့ မျက်နှာမူခြင်းသည်လည်း တနင်္လာနှင့် ကြာသပတေး **ဂဇ္ဇေဓာတ်**။ နေမင်းနှင့် ကြာသပတေးအရပ် **အောင်ပ**။ အရှေ့မှ အနောက် မျက်နှာပြုသော **ကျွန်ုပ်(တနင်္ဂနွေနှင့်)** အောင်ပ။

'အရှေ့ဆို အနောက်၊ တောင်ဆို မြောက် အမဆို အဖို၊ အဖိုဆို အမ သဘောပေါက်ကြရော နံနက်ခင်းမှာ နေမင်းက ကမ္ဘာဆီကို မျက်မြင်သဘော ဝင်ရောက်ခြင်း။ ဒါကို လူတွေက နေထွက်ပြီလို့ သုံးတယ်။ ညနေကျရင် မျက်မြင်သဘော နေထွက်သွားသွားတယ်။ ဒါကို လူတွေက နေဝင်သွားပြီလို့ သုံးကြတယ်။

လမင်းဟာလဲ ဒီအတိုင်းပဲ၊ နေဝင် လထွက်၊ လထွက် နေဝင် ဆိုတာ ဆင်ခြင်ကြည့်ရမယ်။ နေနှင့်လနှင့် နှစ်ပါးဆိုင် သိကြားကိုယ်တိုင်မ,တဲ့ ယောက်ျား မှတ်ထား'

ညင်သာသော အသံတစ်သံကို ရင်တွင်းဝယ် ကြားယောင်ခံစားမိ၏။ ဒီသဘော တွေးယူသော် နံနက်မှာ နေဝင် ညနေမှာ နေထွက်၊ နံနက်မှာ လဝင် ညနေသည် လထွက်ဟူ၍ ရပါမည်။

လောကဓာတ် သဘော သဘာဝကို နည်းအဖုံဖုံ အသိစုံစေချင်သောကြောင့် ညွှန်ပြသွန်သင်ခြင်းဟု သဘောပေါက်၍ အသံရှင်ကို အာရုံညွှတ်၍ ကန်တော့မိပါသည်။

အဘဘိုးမင်းခေါင် ထပ်မံ၍ အာရုံတွင် ရိုက်ခတ်လာ၏။ သြော်...အဘ၏ မေတ္တာပညာ မျှဝေခြင်း တစ်ခုပါတကားဟု သိလိုက်ရသလို တစ်ကိုယ်လုံး ကြက်သီးမွေးညင်း ထသွား၏။

တတ်သရွေ့ မှတ်သရွေ့ သမထလမ်းပေါ်ဝယ် ကြိုးပမ်းအားထုတ်နေခြင်းကို အမြင်မတော်သော အဘဘိုးမင်းခေါင်နှင့် မမြင်အပ်သော မဟိဒ္ဓိရှင် သိဒ္ဓိရှင် ဆရာအရှင်တို့၏ တည့်မတ် ညွှန်ပြပေးခြင်းဟုလည်း နားလည်ခံစားမိပါ၏။

ထို့အတူ...

'စစ်မှန်သော တရားတို့ကိုသာ ရှိရမည် လို၏။ အနှောင့်အယှက် အာရုံတရားစုသည် "ဘ"ဘုရားရှင်၏ မေတ္တာတော်ကြောင့် ကင်းစဉ်လွင့်ပျောက်ကြပါစေကုန်သတည်း'

*　*　*

အလုပ်တရား ပြီးဆုံးသော် အိပ်ရာဝယ် လဲလျောင်း၍ မေတ္တာပွားလိုက်၊ ဆရာတော်နှင့် စကားတစ်ခွန်း,နှစ်ခွန်း ပြောလိုက်၊ ငြိမ်သက်စွာ အာရုံပြုလိုက် ရှိနေ၏။ ဆရာတော်မှ လဲလျောင်း၍ အိပ်မပျော်မချင်း ပုတီးကို တချောက်ချောက် စိပ်နေသလို တစ်ခါတစ်ရံ **"နမော ဗုဒ္ဓါယျ သိဒ္ဓံ"** ဟူသော ဂုဏ်တော်ရွတ်သံ မတိုးမကျယ် ထွက်လာသံကို ကြားရ၏။

စောင်ခြုံတွင်း နှင်းဖြောက်



www.burmeseclassic.com

www.burmeseclassic.com



ဖြောက် ကျသံကို နာခံရင်း အိပ်ပျော်ရန် ကြိုးစားရ၏။ ဘုရားစင်ထက်တွင် လှူဒါန်းပူဇော်ထားသော အမွှေးတိုင်ရနံ့က သင်းပျံ့နေသလို ဘုရားရှင်ကို ပူဇော်ရသော မွှေးရနံ့ကြောင့် အနံ့လွင့်ပျံ့ရောက်ရှိ ခံစားနိုင်ရာ အရပ်မျက်နှာတို့မှ မမြင်အပ် မြင်အပ် ပုဂ္ဂိုလ်ကြီး,ငယ်တို့သည် ဘုရားလှူသော အမွှေးတိုင်နံ့ဟူ၍ နှလုံးသက်ဝင်၍ ကြည်ညိုစိတ်ဖြစ်ကာ ကြည်ညိုမာန်လျှော့ ကန်တော့ကြပါလိမ့်မည်။ အာရုံပြုကြပါလိမ့်မည်။

''ဘ''ဘုရား သက်တော်ထင်ရှားရှိစဉ်က သီတင်းသုံးရာ ကျောင်းတော်တွင် ပန်းမန်အမွှေးကြိုင်တို့ သင်းပျံ့ကြိုင်မွှေး၍ လည်းကောင်း၊ ရဟန်း, ရှင်, လူ,ပုဂ္ဂိုလ်သတ္တဝါတို့၏ အမေးကိုဖြေသော တရားတို့ကို လည်းကောင်း၊ မိမိ ဟောလိုသော တရားစုတို့ကိုလည်းကောင်း ဟောကြားပေလိမ့်မည်။

ပရိသတ်သုံးပါး တရားနာတို့သည် မွှေးရနံ့တို့နှင့် ထုံမွှမ်းသည် ဆိုနိုင်သော ဘုရားရှင်၏ အသံတော်ကို ကြည်ညိုသဒ္ဒါပွားရင်း နာယူကာ ဉာဏ်အဆင့်ဆင့် အနုအရင့်အလိုက် တရားရကြပေရော့မည်ဟူ၍ နှလုံးသွင်း မြင်ယောင်ကြည့်မိပါသည်။

တဖြည်းဖြည်း ချိုအီသင်းပျံ့ရနံ့က ပို၍ နူးညံ့စွာ မွှေးလာသလို ခံစားရကာ ခန္ဓာကိုယ်မှာ ဆတ်ခနဲ လှုပ်ခါသွား၏။ နိုးချင်သလို ဖြစ်သော်လည်း တ◌ခါတစ်ခါ ငြိမ့်ခနဲ နွေးခနဲ ခံစားရသည်ကို အလိုက်သင့် အာရုံပြုနေရင်း သတိလက်လွှတ်၍ အသိအမှတ်များ ကွယ်ပျောက်သွားတော့ပါသည်။

မြင့်မားသော တောင်တန်း တောင်စွယ် သစ်ပင်များ ထူထပ်စွာ ဖုံးလွှမ်းနေသော နေရာအရပ်တစ်ခု၊ မရောက်ဘူးသေးသော အရပ်ဖြစ်သော်လည်း တောတွင်းရှိ မထင်မရှား ခြေသွားလမ်းအတိုင်း ကျွန်ုပ် တစ်ဦးတည်း ခရီးသွားနေ၏။

အနီနှင့် အစိမ်းရောင် ယှက်ထားသော ရှမ်းလွယ်အိတ်တစ်လုံး၊ တောင်ဝှေးတစ်ချောင်းကိုင်၍ တောတောင်ကို ငေးမောလိုက်၊ ခရီးဆက်လိုက် ရှိနေရာမှ မြင့်မားတုတ်ခိုင်သော သစ်ပင်ကြီးတစ်ပင်ခြေရင်းတွင် ပုဂ္ဂိုလ်သုံးဦး ထိုင်နေသည်ကို တွေ့ရ၍ ကျွန်ုပ်လည်း ထိုပုဂ္ဂိုလ်တို့ထံသို့သွား၍ သင့်ရာတွင် ထိုင်လိုက်ပါ၏။

အဝတ်ညိုဝတ်နှစ်ဦး၊ ရသေ့ဒေါက်ချာနှင့်တစ်ဦး၊ ရသေ့ကြီးမှာ ဖြူဖွေးသော မုတ်ဆိတ်တို့ တစ်ထွာကျော်ကျော် ရင်ဘတ်ပေါ်၌ နေ၏။ မျက်ခုံးတို့သည် လည်း ဆွတ်ဆွတ်ဖြူနေသလို မျက်နှာအသားရေက ဝင်းဝါသောအဖြူမျိုး။ ပုတီးအနက် အလုံးကြီးကြီး တစ်ကုံး လည်မှာစွပ်ထား၏။

ကျန်ပုဂ္ဂိုလ်နှစ်ဦးမှာ ဆံပင် ကျောလယ်ရောက်ထိ ရှည်လျားနေသလို နှုတ်ခမ်းမွေးကျင်စွယ်တို့ ဖြူတချို့၊ နက်တချို့ ကျွန်ုပ် အကဲခတ်သည်ကို မသိသလို အားလုံးက ကျွန်ုပ်ကို တစ်ချက်မျှ အသိအမှတ်ပြုဟန် ကြည့်ပြီး ရသေ့ကြီးမှာ ဦးခေါင်းကို တစ်ချက်ညိတ်ပြပါသည်။ အညိုဝတ်ဆင် ဆရာကြီးတစ်ဦးမှ သိမ်မွေ့စွာ ပြော၏။

'ချမ်းသာပါစေဗျား၊ ကျုပ်တို့ မောင့်ကို စောင့်နေတာ နည်းနည်းတောင်ကြာသွားပြီကွယ့်'

'ဟုတ်ကဲ့ ခု ကျွန်တော် ရောက်လာပါပြီ'

ဘာမှန်းမသိ ညာမှန်းမသိဘဲ သင့်တော်သလို ဖြေလိုက်ရ၏။ သူတို့ စကားသံက ကျွန်ုပ်ကို သိဟန်ရှိသော်လည်း ကျွန်ုပ်က တစ်ဦးမှမသိ။

'သိစရာ မလိုပါဘူးဗျာ။ ခရီးသွားတိုင်း တစ်ဦးနဲ့တစ်ဦး သိတာရှိသလို မသိတာတွေ လဲရှိကြတယ်။ ကားနဲ့ ယာဉ်ရထားနဲ့ သွားသလိုနေပေါ့ဗျာ။ ခရီးအတူ သွားဖော်တွေပေါ့။ လိုရာရောက်တော့ ကိုယ့်ခရီးကို ဆက်ကြတာပဲ'

'ဟုတ်ကဲ့ ခင်ဗျာ'

အတွေးကို သိသလို ပြောနေပြန်၍ ကျွန်ုပ်မှာ ကမန်းကတမ်း ထောက်ခံလိုက်ရ၏။ ရသေ့ကြီးက ကျွန်ုပ်ထံသို့ စူးရှစွာ စိုက်ကြည့်ပြီးပြော၏။

---

**မွှေ့လ ဆက်ဖတ်ပါရန်**

**ဦးအောင်**

www.burmeseclassic.com



# ကွင်းပိုင်ကြီး

ကယ်ပေလို့သာပေါ့

ရဲရဲထွန်း
(ဟသာတ)

ကျွန်ုပ်တို့ ရောဝတီတိုင်းဒေသကြီးသည် လယ်ကွင်းများ ပေါများကျယ်ပြန့်သလောက် ကွင်းပိုင်ကြီးဟု ခေါ်သော ကွင်းစောင့်နတ်ကို အလွန်အမင်း အလေးထားပြီး ကြောက်ရွံ့ရိုသေကြ၏။

ကောက်ရိတ်သိမ်းချိန် ရောက်လေတိုင်း ကွင်းသို့ ဆင်းခါနီး အရက်၊ ကြက်ကြော် စသဖြင့်...

'ကွင်းပိုင်အရှင်ကြီး ကျွန်တော်မျိုးတို့ကို စောင့်ရှောက်တော်မူပါ။ ပိုးကောင်မွှားကောင် (မြွေဆိုးများ)တွေကို ဖယ်ရှားတော်မူပါ'

ဟု တင်မြှောက်ပသလေ့ ရှိသည်။ ထိုသို့ မ,တင်မြှောက်ပါက ကွင်းပိုင်ကြီး စိတ်ဆိုး၍ အန္တရာယ် တစ်စုံတစ်ရာ ကျရောက်အောင် လုပ်လေ့ရှိ၏။ အထူးသဖြင့် ပိုးထိ(မြွေကိုက်)တတ်ကြ၏။ နတ်မြွေနှင့် တိုက်သည်ဟုဆို၏။ ထိုမြွေကိုက်လျှင် ဆေးမမီတော့ ဟူ၍ ဒေသခံတို့ ယုံကြည်ကြသည်။

ကွင်းပိုင်ကြီး မည်မျှကြမ်းသည်ကို မူ ထိုဒေသရှိ ကွင်းတွင်း အလေးအပေါ့ သွားလိုပါက...

'ကွင်းပိုင်အရှင်သခင်ကြီး အန္တရာယ်ကို မလွယ်နိုင်လို့ သွားမိပါတယ်။ အမိုက်အမဲတွေကို ဗွေမယူပါနဲ့၊ ခွင့်လွှတ်တော်မူပါ'

ဟု ပြောဆိုတောင်းပန်ရသည်။ သို့မဟုတ်ပါက ကွင်းပိုင်ကြီး တိုက်မြွေ လိုက်၍ ခွေးပြေးဝက်ပြေး ပြေးရမည်သာ မှတ်ပေရော့။

တစ်နေ့တွင်ဖြစ်သည်။ ဇလွန်စခန်းမှူးနှင့် လှဒေဝီ လက်ဖက်ရည်ဆိုင်တွင် ညချမ်းအချိန် ဆုံမိရာမှ ကွင်းပိုင်နှင့် ပတ်သက်၍ စကားစပ်မိကြသည်။

'ကျွန်တော်လဲ ယုံရခက်ခက်ပဲ ကိုရဲ၊ ဒါပေမယ့် ကိုယ်တိုင်ကြုံတွေ့ခဲ့ရတော့ ယုံရမလို ဖြစ်နေတယ်'

www.burmeseclassic.com

စခန်းမှူးက စကားနိဒါန်း ပျိုးလိုက်သည်။

'လုပ်ပါဦး စခန်းမှူးရယ် ကျွန်တော်တို့လဲ နားထောင်ရတာပေါ့။ ဒီဒေသမှာတော့ အဲဒီလို ဖြစ်ရပ်မျိုးတွေ ဖြစ်လေ့ရှိတယ်ဆိုတာ ကျွန်တော်တို့လဲ သိနေပါတယ်'

ကဗျာဆရာကြီး အဖျောက်မြေ မောင်ဆွေမွန်က ပွဲတောင်းစကားဆိုသည်။

'ဖြစ်စဉ်က ဒီလိုဗျ။ ခင်ဗျားတို့လဲ ကြားလိုက်မှာပေါ့။ မနှစ်က ညောင်ပင်ရွာမှာဖြစ်ခဲ့တဲ့ နှစ်လောင်းပြိုင် လူသတ်မှုလေဗျာ'

* * *

'စခန်းမှူး စခန်းမှူး'

တစ်ည... အိပ်မောကျနေသည့် အချိန် အပြင်မှ တာဝန်မှူး၏ ခေါ်သံကြောင့် လန့်နိုးပြီး နာရီကြည့်လိုက်ရာ ညတစ်နာရီ ထိုးနေပြီဖြစ်သည်။

တံခါးဖွင့်ကြည့်လိုက်ရာ တာဝန်မှူးနှင့်အတူ ညောင်ပင်ရွာဥက္ကဋ္ဌနှင့် ရွာသားအချို့ကို တွေ့လိုက်ရ၍ အတွေ့အကြုံအရ အမှုကြီးတစ်မှုတော့ ဖြစ်ပြီဟု စိတ်ထဲတွင် ထင်လိုက်မိသည်။

'စခန်းမှူး ညောင်ပင်ရွာမှာ လူသတ်မှုဖြစ်လို့။ နှစ်လောင်းပြိုင်လို့ ဥက္ကဋ္ဌက ပြောတယ်'

တာဝန်မှူး၏ သတင်းပို့သံကြောင့် တစ်ကိုယ်လုံး မိုးကြိုးပစ်ချလိုက်သကဲ့သို့ ထုံကျဉ်သွားတော့၏။

'ကဲ ဖြစ်ပျက်ပုံကို ပြောပြစမ်းပါဦး ဥက္ကဋ္ဌရယ် ဒါ အမှုကြီးဗျ။ တရားခံတွေရော သိပြီလား'

ဥက္ကဋ္ဌက ဖြစ်စဉ်ကို အသေးစိတ် ပြောပြသည်။

'တရားခံတွေကို သိထားပါတယ်။ ဒါပေမယ့် ဒီကောင်တွေ ရွာမှာ မရှိတော့ဘူး။ လစ်ပြီထင်တယ် စခန်းမှူး'

'ကဲ တာဝန်မှူး နယ်ထိန်းအဖွဲ့ကို ခေါ် အခုချက်ချင်း ထွက်မယ်'

ဆိုင်ကယ် မီးရောင်အောက်က မြင်ကွင်းသည် အရုပ်ဆိုး အကျည်းတန်လှသည်။ ကုက္ကိုပင်ကြီးအောက်တွင် လူနှစ်ဦးတို့ တစ်ဦးနှင့်တစ်ဦး ဖက်ကာ သွေးအိုင်ထဲတွင် သေဆုံးနေပြီ ဖြစ်သည်။

နယ်ထိန်းအဖွဲ့ကို ရွာထဲတွင် တရားခံသတင်း စုံစမ်းခိုင်းလိုက်ပြီး ကျွန်တော်နှင့် တာဝန်မှူးတို့က ရဲလုပ်ငန်းများ ကုန်စင်အောင် ဆောင်ရွက်ခဲ့သည်။

'ဆရာ ကျွန်တော် တစ်ခုပြောချင်တယ်။ ဒီ အသကွင်းပိုင်က ကြမ်းတယ်။ ညနေက သူတို့လေးဦး ကောက်ရိတ်ကအပြန်မှာ စကားများကြတယ်လို့ ပြောတယ်။ ဆဲဆိုကြတယ်။

ပြီးမှ ဒေါ်တင်အရက်ဆိုင်ကို သွားပြီး အရက်သောက်ကြတာ။ ဟိုမှာလဲ ဆက်စကားများကြသေးတယ်။ သတ်တဲ့ကောင်တွေက ညီအစ်ကို တော်ကြတယ်'

နယ်ထိန်း ကျော်နိုင်က သတင်းထောက်လှမ်းချက်များကို တင်ပြသည်။

'ဆရာ တရားခံတွေကတော့ လစ်လောက်ပြီ။ ကျွန်တော်တို့ ဒီလိုလုပ်ရအောင်၊ ဒီကောင်တွေကို ကွင်းပိုင်နဲ့ တိုက်ရအောင်'

'အေးကွာ တရားခံ မိမယ်ဆိုရင် ဘယ်လိုပဲ လုပ်လုပ်ကွာ ငါခွင့်ပြုတယ်'

ထို့နောက် ကျော်နိုင်သည် သေသူနှစ်ဦး၏ ဆံပင်များကို ဓားဖြင့် ဖြတ်လိုက်ပြီး သားရေကွင်းဖြင့် ချည်လိုက်သည်။

'လာ ဆရာ'

ကျွန်တော်တို့နှစ်ဦးသား သချိုင်းအနီးရှိ ကုက္ကိုပင်ကြီးဆီသို့ သွားပြီး ထိုဆံပင်များကို ခွဆုံသို့ တင်လိုက်ပြီး ကျော်နိုင်က အောက်ပါအတိုင်း ရွတ်ဆိုတိုင်တည်ပါသည်။

'ဤကွင်းကို စောင့်ရှောက်သော ကွင်းပိုင်ကြီးကို တိုင်တည်ပါသည်။ ယခု ဆံပင်စည်းတင်ထားသူနှစ်ဦးကို ရက်ရက်စက်စက် သတ်သွားသူများကို အမြန်ဆုံး ဖမ်းဆီးရမိရေး ကူညီပေးပါရန် မင်းမှုထမ်းများက တာဝန်ပေးပါသည် ကွင်းပိုင်အရှင်ကြီး ခင်ဗျား'

ကျွန်တော်တို့ ရွာမှ ပြန်အထွက်တွင် အရှေ့ဆီမှ ရောင်နီသန်းခဲ့ပြီဖြစ်သည်။

'ဆရာ ကျွန်တော်တို့ကားလမ်းက သွားပိတ်ရင်ကောင်းမယ်'

စခန်းသို့ရောက်ပြီး အမောပင် မပြေရ၊ ဒုရဲအုပ် ညွန့်လင်းက အကြံပြုသည်။

'မင်းကွာ ညကတည်းကဖြစ်တာ အခုဆို ဒီကောင်တွေ ကားလမ်းက စောင့်ပြီး မနက်(၄)နာရီထွက်တဲ့ ကားနဲ့ ပါသွားလောက်ပြီပေါ့ကွာ'

ကျွန်တော်က အနေအထားကို တွက်ချက်ပြီး စိတ်ပျက်လက်ပျက် ပြောလိုက်သည်။

'မဟုတ်သေးဘူးဆရာ... ကျွန်တော်တို့ ကွင်းပိုင်နဲ့ တိုက်ထားတာ ဒီကောင်တွေ ရွာလည်နေမှာ။ ကျွန်တော်တို့ လိုရမည်ရ သွားလိုက်ကြရအောင် ဆရာ'

နယ်ထိန်းကျော်နိုင်ကလည်း အားမလျှော့ ကွင်းပိုင်အားကိုးဖြင့် ကားလမ်းကို ပိတ်ချင်နေသည်။

'ကဲ ဒီလောက် ဖြစ်နေတာ သွားကြတာပေါ့ကွာ'

ကျွန်တော်တို့ ထွက်လာချိန်တွင် မိုးလင်းနေပြီဖြစ်သည်။ ဟသ်ာတ ရန်ကုန် ကားများ ဖြတ်သွားနေသည်ကို



www.burmeseclassic.com

www.burmeseclassic.com



တွေ့မြင်ရသည်။

လယ်ဦးရွာ လမ်းခွဲဇရပ်တွင် ဒုရဲအုပ်ညွန့်လင်းနှင့် အဖွဲ့အား ခရီးသွားဟန် အသွင်ယူစေပြီး ကျွန်တော်တို့အဖွဲ့သည် ဦးစောနီအရက်ဆိုင်သို့ ချီတက်၍ ကိုယ်ယောင် ဖျောက်ထားသည်။

အရက်ဆိုင်ရှေ့ရှိ ညောင်ပင်တွင် ဦးစောနီ၏ ကွင်းပိုင်နတ်စင်ရှိသည်။ ဖယောင်းတိုင် ထွန်းထားသည်။ ကျော်နိုင်က ထိုနတ်စင်ရှေ့တွင် သွား၍ တတွတ်တွတ် ရွတ်ဆိုနေသည်ကို တွေ့ရသည်။

ကျွန်တော်တို့ အရက်ဆိုင်နောက်ဘက် ကွပ်ပျစ်ပေါ်တွင် ထိုင်နေစဉ် အရက်ဆိုင်ထဲသို့ ကျောပိုးအိတ်ကိုယ်စီဖြင့် လူနှစ်ဦး ဝင်လာသည်ကို တွေ့ရသည်။ သူတို့နောက်တွင် ဒုရဲအုပ်ညွန့်လင်း အဖွဲ့က ထက်ကြပ်လိုက်ပါလာသည်။

'စခန်းမှူး ဒီကောင်တွေပဲ'

ကျွန်တော် သဘောပေါက် လိုက်သည်။ သူတို့ကလည်း သဘောပေါက်သည်။ ကျောပိုးအိတ်ကို ပစ်ချ၍ နှစ်ဦးသား ထိုင်ချလိုက်တော့သည်။

* * *

'ပြောစမ်းကွာ ဘယ်လိုဖြစ်တာလဲ'

ကျွန်တော်က စစ်ဆေးမှုကို စတင်သည်။

'ကျွန်တော်တို့လေးယောက်က သူငယ်ချင်းတွေပါ ဆရာ၊ ကွင်းထဲမှာ ကောက်အတူရိတ်ရင်း အလေးသွား (ကျင်ကြီးကျင်ငယ်) စွန့်တာနဲ့ ပတ်သက်လို့ အငြင်းအခုံ ဖြစ်ပါတယ်'

'ဘာဖြစ်လို့ တောင်းပန်ရမှာလဲကွ၊ ကွင်းပိုင်ဆိုတာ ဥက္ကဋ္ဌမှ မဟုတ်တာ'

သေသူ ဖိုးထောင်က မခန့်လေးစား ပြောသည်။ အရက်ဆိုင်တွင်လည်း ကွင်းပိုင်ကို ဆဲရေးတိုင်းထွာရာမှ မောင်ဝင်းနှင့် ထပ်မံ စကားများကြပြန်သည်။

ဖိုးထောင်နှင့် မောင်ဝင်းမှာ သမီးယောက်ဖ တော်စပ်ခဲ့သော်လည်း ယခုလင်မယားချင်း ကွဲနေသည့် ကိစ္စများနှင့်ပါ ပတ်သက်ကြပြန်သည်။

'ကျွန်တော်တို့ ညီအစ်ကိုနှစ်ယောက် ဖိုးထောင်ကို သိပ်ကြည့်လို့မရတော့ဘူးဆရာ။ ကျွန်တော့်ညီမကိုလဲ နှစ်ပြားမတန်အောင် ပြောတယ်။ ဒါနဲ့ အိမ်ပြန်ပြီး နတ်ကိုးထားတဲ့ နတ်ဓားနဲ့ ဒီနှစ်ကောင်ကို စောင့်ပြီး ထိုးသတ်ခဲ့ပါတယ် ဆရာ။ ကျွန်တော် ဝန်ခံပါတယ်'

'ဒါနဲ့ နေစမ်းပါဦးကွ၊ မင်းတို့ စောစောစီးစီး ကားလမ်းကို ထွက်လို့ ရရဲ့သားနဲ့ ဘာဖြစ်လို့ မိုးလင်းမှ လာရတာလဲ'

ကျွန်တော်က မရှင်းသည့် အချက်ကို မေးကြည့်လိုက်သည်။

'မပြောချင်ဘူး ဆရာရယ်... ဒီကောင် မောင်ထွန်းပေါ့ လယ်ဦး ဘုန်းကြီးကျောင်းနား ရောက်တော့ မှောင်သေးတယ်။ ခဏနားမယ်။ ဒီအချိန် အရက်ဆိုင်လဲ မဖွင့်လောက်သေးဘူးဆိုပြီး ခဏနားလိုက်ပါတယ်။ တစ်ခါတည်း နှစ်ဦးသား အိပ်ပျော်သွားတော့တာပဲ'

မောင်ဝင်းက ဖြစ်ပျက်ပုံကို ရှင်းပြသည်။

'ဟုတ်ပါတယ်ဆရာ ကျွန်တော် သိပ်အရက်သောက်ချင်နေတာ ဦးစောနီဆိုင် မဖွင့်သေးဘူးဆိုပြီး ခဏနားလိုက်တာ အိပ်ပျော်သွားရော။ ရုတ်တရက်ဆို ဖျန်း ဖျန်း ဆိုပြီး ကျွန်တော့်ကျောကို လက်ဝါးကြီးတစ်ခုက လာရိုက်တာနဲ့ လန့်နိုးတော့ မိုးလင်းနေပြီ။ ဒါနဲ့ ကျွန်တော် မောင်ထွန်းကို နှိုးပြီး ကမန်းကတန်း ထွက်လာတာ။ အခု ဒီမှာ အဖမ်းခံရတော့တာပဲ ဆရာ'

* * *

ကျွန်ုပ်တို့ လက်ဖက်ရည်ဝိုင်းသည် စခန်းမှူး ပြောပြသော နှစ်လောင်းပြိုင် လူသတ်မှု ဇာတ်လမ်းကို စိတ်ဝင်စား၍ နားထောင်ပြီး ညဉ့်နက်နေပြီဖြစ်သဖြင့် လူစုခွဲခဲ့ကြလေသည်။

ထိုအချိန် လှဒေဝီ လက်ဖက်ရည်ဆိုင်ပိုင်ရှင် ဦးစိုးပိုင်က...

'ဒီလိုဆိုရင် ဒီတရားခံတွေကို ကွင်းပိုင်ကြီးက ဖမ်းပေးတာပေါ့နော် စခန်းမှူး၊ တော်သေးတာပေါ့။ ကွင်းပိုင်ကြီး ကယ်ပေလို့သာပေါ့ စခန်းမှူးရယ်'

ဟု စခန်းမှူးကို လှမ်း၍ ကျီစယ်သော စကားသံကို ကြားလိုက်မိပါသည်။

ရဲရဲထွန်း(ဟသ်ာတ)



www.burmeseclassic.com

www.burmeseclassic.com

# ထူးခြားသော ဂါထာတစ်ပုဒ်

တက္ကသိုလ် ဘုန်းနိုင်



၁၉၈၁ ခုနှစ်တွင် စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့၌ တာဝန်ထမ်းဆောင်ချိန် ဖြစ်ပါသည်။ ထိုစဉ်က မင်းကင်းမြို့ကို မုံရွာမြို့မှတစ်ဆင့် ရေလမ်းဖြင့် သွားရ၏။ ရေမိုင်(၁၀၇)မိုင် ဝေးပါသည်။ ယခုအခါ ချင်းတွင်းမြစ်ကို တံတားဖြင့်ကူး၍ ကားလမ်းဖြင့် သွား၍ရပြီဖြစ်၏။

မင်းကင်းမြို့နယ်အတွင်းရှိ ကျေးရွာများတွင် တောင်တွင်းချောင်ဒေသ၌ ကျေးရွာအုပ်စုတစ်ခုရှိ၏။ တောင်တွင်းချောင်ဒေသသည် မြင့်မားသော တောင်တန်းကြီးနှစ်ခုအကြား ရွာများကို တည်၍ စိုက်ပျိုးရေးကို အခြေခံပြီး စီးပွားရှာသောရွာများ ဖြစ်သည်။ တောင်တန်းနှစ်ခုမှာ တစ်ခုနှင့်တစ်ခု (၂)မိုင်မျှ ဝေးပါသည်။

တောင်တန်းနှစ်ခု၏ အကြားတွင် ချောင်းငယ်တစ်ခုသည် ရွာများကို ကွေ့ပတ်၍ စီးဆင်းလျက်ရှိ၏။ တောင်တွင်းချောင်ဒေသတွင် ထိုစဉ်က ကျေးရွာပေါင်း (၁၃)ရွာရှိသည်။

**"ပျော်လို မင်းကင်း၊ စားလို တောင်တွင်း"** စသည့် စာဆိုအတိုင်း တောင်တွင်းချောင်ဒေသသည် ရေမြေရာသီဥတုကောင်းသဖြင့် အစားအသောက်များ အလျှံပယ်ပေါသည်။ တောင်တွင်းချောင်ကို သွားလိုပါက ထိုစဉ်က မင်းကင်းမြို့မှ (၁၂)မိုင်မျှ လမ်းလျှောက်ရပြီး ကာရံထားသော တောင်တန်းကြီးကို ကျော်ဆင်း၍ ရွာကို ရောက်၏။

ရေလမ်းဖြင့် သွားလိုပါက ချောင်းဝကျေးရွာသို့ မော်တော်ဖြင့်သွားပြီး ထိုကျေးရွာမှတစ်ဆင့် လမ်းလျှောက်သွားရသည်။ ယခုအခါ တောင်တွင်းချောင်ဒေသသို့ ကလေး-မုံရွာ ကားလမ်းဖြတ်၍ ဖောက်ထားပြီး ဖြစ်ပါသည်။ တောင်တွင်းချောင်မှ စီးဆင်းလာသော ချောင်းသည် ချောင်းဝရွာတွင် ချင်းတွင်းမြစ်နှင့် ဆုံစည်းပါသည်။

စာရေးသူ မင်းကင်းမြို့၌ တာဝန်ထမ်းဆောင်နေချိန်သည် ဆိုရှယ်လစ်စီးပွားရေးစနစ်ဖြစ်သော သမဝါယမအသင်းများကို ဦးစားပေး အကောင်အထည်ဖော်နေချိန် ဖြစ်၏။ နှစ်စဉ်ကျေးရွာများသို့ စာရင်းသွားစစ်ရမည်ဆိုလျှင် အလွန်ပျော်ကြ၏။ "စားလို တောင်တွင်း"ဟု စာဆိုရှိနေသည် မဟုတ်ပါလား။



www.burmeseclassic.com

www.burmeseclassic.com

တောင်တွင်းချောင်တွင် မြေပဲ၊ ဆန်၊ ကောက်ညှင်း၊ မုန့်ညင်းနှင့် ပေါင်းတင်း အလွန်ပေါ၏။ ထိုရွာများသို့ ဧည့်သည်များ ရောက်လာလျှင် လိုလေသေးမရှိ အလှုံပယ်ကျွေး၏။ စာရေးသူတို့ စာရင်းစစ်အဆင့်ဆိုလျှင်ပင် တစ်ရွာလုံး နီးပါးရှိ အိမ်ထောင်စုများက ထမင်းပွဲ ပို့ရသည်။ အုပ်ချုပ်ရေးပိုင်းမှ လာလျှင်တော့ ပြောစရာမရှိပါ။

သာမန်ဧည့်သည်များ ဆိုလျှင်ပင် ရွာများက တာဝန်ကျေလွန်း၏။ များသောအားဖြင့် သမဝါယမဦးစီးဌာနမှ ဝန်ထမ်းများ၊ ပညာရေးဌာနမှ ဝန်ထမ်းများ၊ မြေစာရင်းဌာနမှ ဝန်ထမ်းများ၊ စိုက်ပျိုးရေးဌာနမှ ဝန်ထမ်းများနှင့် ထိုစဉ်က ပါတီကောင်စီမှ ပုဂ္ဂိုလ်များ တာဝန်အရ မကြာခဏ သွားကြရသည်။ ရွာမှလည်း ဧည့်သည်များကို မျှော်နေတတ်သည်။

တောင်တွင်းချောင်ဒေသတွင် ကျေးရွာကြီးနှစ်ရွာရှိပြီး အစွန်ဘက်သို့ ရောက်သွားသော ရွာအချို့မှာ ထိုစဉ်က ရွာငယ်များ ဖြစ်၏။ ဝေးလံခေါင်ပါး၍ မိရိုးဖလာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းများကိုသာ လုပ်ကိုင်ပြီး အသက်မွေးဝမ်းကျောင်းပြုကြသဖြင့် ရိုးသားပွင့်လင်းသူများ ဖြစ်သည်။

မင်းကင်းမြို့သို့ တာဝန်အရ ပြောင်းရွှေ့လာပြီး မကြာမီအချိန်တွင် မုံရွာသဘောဆိပ်၌ ဆရာတော်ကြီးတစ်ပါးကို ဖူးတွေ့လိုက်ရသည်။ ဆရာတော်ကြီးမှာ ကလေးမြို့မှတစ်ဆင့် ချင်းတောင်တန်းသို့ သာသနာပြုသွားရန် သဘောစောင့်နေခြင်း ဖြစ်၏။ ဆရာတော်ကြီးက စာရေးသူအား...

'ဒကာက ဘယ်မှာနေတာတုံး'

ဟု မေးပါသည်။

'တပည့်တော်က ဝန်ထမ်းပါ။ မင်းကင်းမြို့မှာ တာဝန်ကျပါတယ်ဘုရား'

စာရေးသူက ပြန်လည်လျှောက်ထားသောအခါ ဆရာတော်က ပြုံးပြီး...

'မင်းကင်းမြို့မှာ အလုပ်တာဝန်ကျတယ်ဆိုရင်တော့ ဘေးအန္တရာယ် ကင်းရှင်းအောင် ဦးပဥ္စင်း အဆောင်တစ်ခု ပေးလိုက်ပါမယ်။ ဒကာ မှတ်သားထားပါ'

ဟု ပြောပြီး သရဏဂုံတန်ပြန်ဂါထာကို ပေးပါသည်။ ယင်းနောက် ဆရာတော်က အောက်ပါအတိုင်း ညွှန်ကြားပါသည်။

'အစားအသောက်မစားမီ ပန်းကန်၊ ခွက်စသည်တို့ကို လက်နဲ့ ထိထားပြီး ဤဂါထာကို ရွတ်ဖတ်ပူဇော်ပြီးမှ စားပါ။ အစာအဆိပ်သင့်ခြင်းနဲ့ အစာမှားခြင်းတို့ မဖြစ်ပါ။ နောက်တစ်ခုက စုန်းတို့၊ အောက်လမ်းပညာတို့နဲ့ ဖန်တီးပြုလုပ်ထားသော အစားအစာများကို မူလပကတိ အခြေအနေအတိုင်း ပြန်မြင်ရတယ်'

ဆရာတော်ကြီး၏ ညွှန်ကြားမိန့်ဆိုချက်ကို မှတ်သားထားလိုက်ပါသည်။ ဆရာတော်ကြီး ညွှန်ကြားသည့်အတိုင်း စာရေးသူသည် အစာစားခါနီးတိုင်း ထိုဂါထာကို သုံးကြိမ် ရွတ်ဖတ်ပူဇော်ပြီးမှ စိတ်ချလက်ချ စားသောက်လေ့



ရှိပါသည်။ ထိုသို့ အလေ့အကျင့် ပြုလု[...]
ခဲ့သဖြင့် ယခုအသက်အရွယ်ထိတိုင်[...]
အောင် အစာအိမ်ရောဂါဝေဒနာ လုံး[...]
မခံစားခဲ့ဘူးပါ။ ကျန်သော အတွေ[...]
အကြုံများကို ဆက်လက် ဖော်ပြသွား[...]
ပါမည်။

* * *

၁၉၈၂ ခုနှစ် နွေကာလတွင် ဖြစ်[...]
သည်။ တောင်တွင်းချောင်ဒေသ[...]
စာရင်းများ စစ်ဆေးရန် စာရေးသူ[...]
စာရင်းစစ်အဖွဲ့ ညဘက်တွင် ချောင်[...]
ကျေးရွာသို့ မော်တော်ဖြင့် ဆန်တ[...]
ခဲ့၏။ ချောင်းဝကျေးရွာတွင် တစ်[...]
အိပ်ပြီးမှသာ နောက်တစ်နေ့တွ[...]
တောင်တွင်းချောင်ဒေသသို့ ခြေက[...]
ခရီးဖြင့် သွားကြရမည်ဖြစ်၏။

ည(၈း၀၀)နာရီတွင် အချိန်တွ[...]
မော်တော်သည် ချောင်းဝကျေး[...]
အနီးအနားသို့ ရောက်လာပါသည်[...]
စာရေးသူသည် မီးမှိန်မှိန်ထွန်းထား[...]
သော ချောင်းဝကျေးရွာသို့ လှမ်းမျှော်[...]
ကြည့်နေချိန်တွင် မီးလုံးကြီးတစ်လုံး[...]
သည် ကမ်းစပ်မှ ရွေ့လျားလာ[...]
မော်တော်ကို လှည့်ပတ်သွားနေ[...]
မီးလုံးမှာ အနီရောင်ဖြစ်ပြီး ဘော[...]
တစ်လုံးအရွယ်မျှ ရှိပါသည်။ စာရေး[...]
သည် ဆရာတော်ကြီးပေးသော ဂါထာ[...]
ကို သတိရလာသဖြင့် ရွတ်ဖတ်ပူဇော်[...]

www.burmeseclassic.com

က်သောအခါ အဆိုပါ မီးလုံးကြီး
သည် ရွာဘက်သို့ ပြန်ရွေ့သွားပြီး
ပျောက်သွားတော့၏။

နောက်တစ်နေ့နံနက် (၅း၀၀)နာရီ
ချိန်တွင် ချောင်းဝကျေးရွာမှ တောင်
တွင်းချောင်ရှိ မြို့မကျေးရွာသို့ ခြေကျင်
လျှောက်သွားခဲ့ပါသည်။ နွေကာလ
ဖြစ်သဖြင့် တောင်တွင်းချောင်ချောင်း
သည် ရေနည်းသည်။ မိုးတွင်းကာလ
ပါက တောင်ကျရေဖြစ်သဖြင့် ရေစီး
သန်၏။ နွေကာလတွင် တချို့နေရာများ
၌ ခြေသလုံးအထိသာ ရေရှိသည်။

ကွေ့ပတ်စီးဆင်းနေသော ချောင်း
ကိုအကြိမ်ကြိမ် ကျော်ဖြတ်လာပြီးနောက်
မြို့မကျေးရွာသို့ ရောက်ခဲ့သည်။ မြို့မ
ကျေးရွာတွင် ကျေးရွာ သမဝါယမ
အသင်းဥက္ကဋ္ဌ၏ နေအိမ်၌ ခေတ္တ
တည်းခိုကြ၏။

ထိုနေ့ည (၇း၀၀)နာရီအချိန်တွင်
ဘုန်းတော်ကျောင်းအုပ် ဆရာကြီးက
စာရေးသူတို့အဖွဲ့ကို ခေါ်၍ လက်ဖက်
သုပ် ကျွေးသည်။ ည(၈း၃၀)နာရီအချိန်
တွင် လက်ဖက်သုပ်စားရင်း စာရေးသူ
တို့ တည်းခိုနေမည့်နေအိမ်သို့ လှမ်း
မျှော်ကြည့်မိကြသည်။ တည်းခိုမည့်
အိမ်မှာ ဆရာကြီး၏နေအိမ်နှင့် နှစ်
လုံးမျှသာ ဝေး၏။

တည်းခိုမည့်နေအိမ်၏ နောက်ဘက်
တွင် မန်ကျည်းပင်ကြီး တစ်ပင်ရှိရာ
မီးလုံးကြီးတစ်လုံးသည် မန်ကျည်းပင်
ပေါ်သို့ တက်လိုက်ဆင်းလိုက် လုပ်နေ
၏။ ဆရာကြီးက လာကွယ်နေ့တိုင်း
ပင်တွေ့နေကျဖြစ်၍ မကြောက်ကြရန်
နှင့်သိမ့် အားပေးစကားပြောသည်။

တည်းခိုနေအိမ်သို့ ပြန်ရောက်သော
အခါ စာရေးသူသည် ဘုရားရှိခိုးပြီး
ဆရာတော်ကြီးပေးလိုက်သော ဂါထာ
ကို ရွတ်ဖတ်ပူဇော်နေစဉ် အမျိုးသမီး
တစ်ဦး၏ ငိုသံကို ကြားလိုက်ရသည်။
အိပ်မပျော်သေးသော တပည့်တစ်ဦးက
စပ်စု၍ နားစွင့်ခဲ့ရာ အမျိုးသမီးက
ညည်းသည်များကို အိမ်မှာ မသိပ်ရန်နှင့်
မိမိ နေလို့မရကြောင်း ပြောသံကြား
လိုက်ရ၏။ အိမ်ရှင်ဥက္ကဋ္ဌက တခြား
အိမ်သို့ ခေတ္တပြောင်းရွှေ့၍နေရန် ပြော
သဖြင့် အမျိုးသမီး တခြားအိမ်သို့
ရွှေ့ပြောင်းနေခဲ့ရကြောင်း သိရှိရ၏။

လုပ်ငန်းစစ်ဆေးပြီးသည်နှင့် နောက်
တစ်နေ့တွင် အခြားရွာတစ်ရွာသို့ ကူး
ပြောင်းခဲ့ပါသည်။ အဆိုပါ ရွာတွင်
သမဝါယမအသင်း အမှုဆောင်တစ်ဦး
၏ နေအိမ်တွင် တည်းခို၏။ ထိုအမှု
ဆောင်မှာ အဝယ်တော်ဖြစ်ပြီး မြို့နယ်မှ
ရရှိသော ခွဲတမ်းများကို ရွာသို့ သယ်
မလာဘဲ မင်းကင်းမြို့တွင် ရောင်းစား
ခဲ့သဖြင့် စားရေးသူက အရေးယူ၍ရ
ကြောင်း ပြောလိုက်၏။ အမှုဆောင်
အဖွဲ့က စာရေးသူကို တောင်းပန်ကြ
သည်။

ညစာကို ထိုအမှုဆောင်၏ နေအိမ်
တွင် စားကြသည်။ ထမင်းပွဲတွင် ကြက်
သား၊ ဝက်သား၊ ငါးကြော်၊ ငါးပိကြော်
နှင့် မုန်ညင်းဟင်းချိုတို့ဖြင့် စားချင်
စဖွယ် ဖြစ်ပါသည်။ ထမင်းပွဲတွင် ဝင်
ထိုင်လိုက်သောအခါ အမှုဆောင်၏
ပြုံးချိုဝမ်းသာသောမျက်နှာကို မြင်ရ
သော်လည်း အမှုဆောင်၏ ဇနီးသည်
၏မျက်နှာမှာ ပုပ်သိုးနေသဖြင့် စာရေး
သူ၏ စိတ်ထဲတွင် မသိုးမသန့် ခံစားရ
လိုက်သည်။

စာရေးသူသည် စားပွဲကို လက်နှင့်
ထိထားပြီး ဆရာတော်ကြီး ပေးလိုက်
သောဂါထာကို ရွတ်ဖတ် ပူဇော်လိုက်
သည် ငါးကြော်များမှာ ခြောက်သွေ့
ရိရွှဲလျက်ရှိသော ဘူးသီးဖတ်များဖြစ်
နေပြီး ငါးပိကြော်မှာ မီးသွေးမှုန့်များ
ဖြစ်နေပါသည်။ စာရေးသူသာ မြင်ရ
သဖြင့် ပါလာသောအဖွဲ့အား ငါးကြော်
နှင့် ငါးပိကြော် မစားကြရန် ပြောလိုက်
ပါသည်။

အကင်းပါးသော အမှုဆောင်က
ဇနီးသည်ကို ခေါ်၍ ကြိမ်လုံးနှင့် ရိုက်နေ
ပါတော့သည်။ ပြီးနောက် စာရေးသူကို
အနူးအညွတ်တောင်းပန်သဖြင့် စာရေး
သူမှာ ခွင့်လွှတ်ပေးရုံမှတစ်ပါး ဘာမျှ
မတတ်နိုင်ပါ။ အဖွဲ့သားများက အခြေ
အနေမှန်ကို နောက်မှ သိကြရပါသည်။
ငါးကြော်နှင့် ငါးပိကြော်ကို မစားမိကြ၍
တော်ပါသေးသည်။

ဆရာတော်ကြီး ပေးလိုက်သော
ထူးခြားသည့်ဂါထာကို အောက်တွင်
ဖော်ပြလိုက်ပါသည်။ ထိုဂါထာမှာ
သရဏဂုံသုံးပါးကို တန်ပြန် ရွတ်ဆို
ပူဇော်ရခြင်း ဖြစ်ပါသည်။

○ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

○ သံဃံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ။

○ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ၊
ဓမ္မံ သရဏံ ဂစ္ဆာမိ၊
သံဃံ သရဏံ ဂစ္ဆာမိ။

အထက်ဖော်ပြပါ ဂါထာကို ပုံမှန်
ရွတ်ဖတ်ပူဇော်ခြင်းဖြင့် ရောဂါကင်းဝေး
စေခြင်း၊ သူတစ်ပါး မကောင်းမကြံနိုင်
ခြင်း၊ မကောင်းကြံသူများ ပြန်လည်
ဒဏ်ခံရခြင်းနှင့် ဘေးအန္တရာယ်များ
ကင်းဝေးစေနိုင်ပါသည်။ ယုံယုံကြည်
ကြည်နှင့် အမြဲ ရွတ်ဖတ်ပူဇော်ကြရန်
ဖော်ပြလိုက်ပါသည်။

**တက္ကသိုလ် အပန်ငယ်**



www.burmeseclassic.com

www.burmeseclassic.com

# လက္ခဏာပဟေဠိ

အဖြေညှိကြစို့

သရာကြီးဦးအောင်မြင့် (ဥပဒေဘွဲ့)လက္ခဏာဗေဒင်ပညာသုတေသီ

ယခုလအတွက် ဖော်ပြပေးလိုက်သော ညာလက်ဖဝါးပုံစံ ပိုင်ရှင်မှာ **အသက်(၅၀)ဝန်းကျင်ရှိ အမျိုးသားတစ်ဦး** ဖြစ်ပါသည်။ သေချာစွာကြည့်ရှုစစ်ဆေးပြီးမှ အောက်ပါမေးခွန်းများကို ဖြေကြည့်ပါ။

၁။ မိဘမောင်နှမ ဆွေမျိုးများ အထောက်အပံ့ဖြင့် လုပ်ကိုင်ကြီးပွားနိုင်သူလား။ ကိုယ်ထူကိုယ်ချွန် လုပ်ကိုင်ကြီးပွားနိုင်သူလား။

၂။ လက်ရှိအခြေအနေမှာ စီးပွားဆုတ်ယုတ်ပျက်ပြားနေသူလား။ စီးပွားတိုးတက်ချမ်းသာ ပြည့်စုံနေသူလား။

၃။ လုပ်ငန်း အများအပြားတို့ခွဲ လုပ်ကိုင်သူလား။ လုပ်ငန်းတစ်ခုတည်းကိုသာ စွဲမြဲ လုပ်ကိုင်တတ်သူလား။

မိမိတို့၏ အဖြေများကို သီးခြား စာရွက်လွတ်တွင် ရေးမှတ်ပြီးမှ လက္ခဏာ ပဟေဠိ အဖြေများနှင့် ညှိနှိုင်းတိုက်ဆိုင် ကြည့်မည်ဆိုလျှင် လက္ခဏာ ပညာသုတ ပိုမို တိုးပွားရရှိပါလိမ့်မည်။




ပဟေဠိ အဖြေများကို စာမျက်နှာ( ၁၆၆ )တွင် ကြည့်ရှုပါရန်။



www.burmeseclassic.com

www.burmeseclassic.com

# သားမွှား အထူးလက်စွဲ



စီရင်နည်း

ဦးအောင်ကျော်ဇံ
(အ.လ.ပြဆရာ/အငြိမ်းစား)

နက္ခတ္တရောင်ခြည်မဂ္ဂဇင်းကို ဖတ်ရှုရခြင်းအားဖြင့် လောကီပညာရပ် ရသစုံများကို တွေ့ထိခံစားရသည်မှာ အတိုင်းထက်အလွန် ဗဟုသုတအမျိုးမျိုးကို အလွယ်တကူ တစ်ထိုင်တည်းနှင့် ရနိုင်သဖြင့် အထူးကျေးဇူးတင်ရပါသည်။

ကျွန်တော် စာရေးသူ သစ္စာတော်ခံဘုရားငါးဆူကိုဏ်းဆြာဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း(...)ခန့်က ဒီပဲယင်းမြို့နယ်၊ မင်းသာရွာနေ ဝေဒနာရှင် မိန်းကလေးတစ်ယောက်အား ကုသိုလ်ဖြစ် သွားရောက် ဆေးကုပေးခဲ့တယ်။ (၂၇)ရက်အကြာမှာ ရောဂါရှင်းရှင်း ပျောက်ကင်းသွားပါတယ်။

ဒါကြောင့် သူတို့မိသားစုဟာ ဆရာကို ကန်တော့ကြပါတယ်။ ဖွယ်ဖွယ်ရာရာ ကန်တော့ကြတဲ့ ပစ္စည်းတွေအထဲမှာ လက်ရေးမူနဲ့ ရေးသားထားတဲ့ ဆိုဒ်ရှည်မှတ်တမ်းများနဲ့ အိတ်ဆောင်မှတ်စု မှတ်တမ်းငယ် စာအုပ်ကလေးများကို တွေ့ရပါတယ်။

ဒီမှတ်တမ်းမှတ်စုများကို လေ့လာတဲ့အခါမှာ အထက်က ဖော်ပြခဲ့တဲ့ ဝေဒနာရှင်မလေးတစ်ဦးရဲ့ ဖခင်ဟာ ရှေးမြန်မာနာမည်ကြီး မြန်မာ့ဆေးဆရာကြီးတစ်ဦး ဖြစ်ကြောင်း ဒီစာအုပ်များက သက်သေခံနေတာ တွေ့ရတယ်။

သူတို့မိသားစုအတွင်းမှာ ဖခင်ရဲ့ ဆေးပညာကို ဆက်လက် အမွေခံယူမယ့်သူ မရှိတော့လို့ အခုလို ဆရာအား လှူဒါန်းလိုက်တာဖြစ်ကြောင်း သတိပြုမိပါတယ်။

ဆရာကြီးရဲ့ မှတ်စုမှတ်တမ်းများကို လေ့လာဖတ်ရှုတဲ့အခါမှာ စာဖတ်ပရိသတ်များအတွက် အကျိုးရှိစေနိုင်တဲ့ပညာရပ်ကို တွေ့ရှိရသလို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းသို့ ရေးသားပေးပို့ဖြန့်ဝေရရင် လွန်စွာ အထောက်အပံ့ဖြစ်လိမ့်မယ်လို့ ယုံကြည်ရပါတယ်။

ဒီနည်းပညာဟာ လူသားများအတွက် (ငွေကုန်သက်သာ စိတ်ချမ်းသာပြီး) လူ့ဘောင် တည်ဆောက်ရာမှာ လက်နက်ကောင်းသဖွယ်ဖြစ်ပြီး ရာခိုင်နှုန်းပြည့် ထိရောက်မှန်ကန်ကြောင်း တာဝန်ယူပါတယ်။

စာရေးသူကိုယ်တိုင်လဲ လက်တွေ့အသုံးပြုလျက် ရှိပါတယ်။ ဒါကြောင့် ဆေးဆရာ၊ ကျန်းမာရေးပညာရှင်၊ ဆေးပညာရှင်များ အားလုံးအနေနဲ့ ဇီဝိတဒါနအဖြစ် ကယ်တင်ဆောင်ရွက်ကြနိုင်ရန် တိုက်တွန်းအပ်ပါတယ်။

ဆရာကြီးရဲ့ နည်းပညာကို အောက်ပါအတိုင်း လွယ်လွယ်ကူကူနဲ့ ဖော်ပြအပ်ပါတယ်။ (ဝါ) မထိမ်မဝှက် ရိုးသားပွင့်လင်း မှန်ကန်စွာ လှူဒါန်းလိုက်ရပါတယ်။

စီရင်ပုံစီရင်နည်းကတော့ ဒီလိုပါ။

၁။ မည်သည့်နှစ်မဆို သင်္ကြန်အတက်နေ့ ဖြစ်ရပါမယ်။

၂။ နေထွက်စ နေလုံးဝန်းဝန်း မပေါ်ခင် ပြီးအောင်ချ၍ အင်းရွက်ကို အလိပ်ကလေးများ လိပ်ထားပါ။ ဘေးဘက်က စတင် လိပ်ပါ။

မိမိ အသုံးပြုချင်သလောက် (၁၀၀၊ ၂၀၀)ပေါ့။ တစ်နှစ်မှာ တစ်ချက်သာ

www.burmeseclassic.com

ရက်ကောင်းရတော့ များများစီရင်ထား လိုက်ပါ။ အခြားရက် လုံးဝမရပါ။ [ရက်အနေရကတော့ အတက်ရှိရင် အဆင်းရှိတယ်ဆိုတဲ့ အယူအဆ အတိုင်း စီရင်တာဖြစ်ပါတယ်။]

'ဥုံ တရားယူက ပိဋကြွေး ဂု၅'

ပါးစပ်ကဆိုပါ။ နငယ် အမြီးဆုံးရင် ရပ်၊ ရေးနေသော ကညစ်(ခဲတံ)မနုတ်ပါနဲ့။ ထိ၍ ထောက်၍ ထားရပါမယ်။


ထိုနောက် ပါးစပ်က...

'မြတ်စွာဘုရားပိန္နတော် ဓိတစ်လုံး ဟူ၍မှတ်'

ဆိုပြီးသည်နှင့် တစ်ပြိုင်နက် ကညစ်(ခဲတံ)ကို နုတ်ခြင်းငှာ မပြုဘဲ ခဲတံကို လက်ဝဲဘက်သို့ ယရစ်လှည့်၍ အောက်က ချိုင့်ထားလိုက်ပါ။ ခ...ဇအောက်ချိုင့်ဖြစ်ပြီး အောက်ပါပုံစံအတိုင်း ဖြစ်ပါတယ်။

**ပုံစံများ**

* * *




အထက်ဖော်ပြပါ ပုံစံများကို မိုင်းကိုင်စက္ကူ တစ်လက်မဝက် (သို့မဟုတ်) တစ်လက်မခန့်အရွယ် စက္ကူပေါ်မှာ ချပြီး အလိပ်ကလေးများ လိပ်ထားပါ။

ကိုယ်ဝန်ဆောင်မိန်းမများကို အချိန်မရွေး အခါမရွေး မမွေးမီ ကြိုတင်၍ တစ်လိပ်သောက်ထားပါက မွေးလာသောအခါ လွယ်လွယ်ကူကူနဲ့ မွေးပါတယ်။

*အားလုံး ကျန်းမာ ချမ်းသာ ဝမ်းသာနိုင်ကြပါစေ။*

**ဦးအောင်ကျော်ဇော်**

*(အ.လ.ပြဆရာ/အငြိမ်းစား)*

စာမျက်နှာ (၁၆၄)မှ အဆက်

**လက္ခဏာပဓာနကျ အခြေများ**

**၁။ ကိုယ်ထူးကိုယ်ချွန် လုပ်ကိုင်ကြီးပွားနိုင်သူ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် ကံလမ်းထီးရိုးသည် လက်ဖနောင့်အလယ်မှ အသက်လမ်းနှင့် (၁)စင်တီမီတာခန့်ကွာ၍ ထောင်တက် ထင်ရှားနေခြင်းကြောင့် ဖြစ်သည်။ "ဂ" အက္ခရာ


**၂။ လက်ရှိအခြေအနေမှာ စီးပွားဆုတ်ယုတ် ပျက်ပြားနေသူ မဟုတ်ပါ။ စီးပွားတိုးတက် ချမ်းသာပြည့်စုံနေသူ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် လက်သူကြွယ်အောက် တနင်္ဂနွေဂြိုဟ်ခုံမှ ထောင်တက်နေသော အောင်မြင်ရေးလမ်းကြောင်း ထင်ရှား အားကောင်းနေခြင်းကြောင့် ဖြစ်သည်။ "ဃ" အက္ခရာ

**၃။ လုပ်ငန်းအရေးအပြား တိုးချဲ့လုပ်ကိုင်သူ ဖြစ်သည်။**

အဘယ်ကြောင့်ဆိုသော် လက်ဖဝါးပြင်ပုံသဏ္ဌာန်မှာ လေးထောင့်ကျယ်ပြန့် အမျိုးအစားဖြစ်ခြင်း၊ "ခ" အက္ခရာနှင့် လက်ချောင်းထိပ်များများမှာ ကြိုးဖွေ့အမျိုးအစား "က" အက္ခရာတို့ပေါင်းစပ်ထားခြင်းကြောင့် ဖြစ်သည်။

* * *




*အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားစေသော်...*

**ဆရာကြီး ဦးအောင်မြင့်**

**(ဥပဓေဘွဲ့)**

**လက္ခဏာဗေဒင်ပညာသုတေသီ**



www.burmeseclassic.com

www.burmeseclassic.com

# အကြောနှင့် ဆရာ ဆက်စပ်ပါ

ဦးလှမြင့် (တံတားဦး-အင်းဝ)
အကြောပညာရှင်

## သွေးတိုးနှင့်စပ်၍ လေဖြတ်သော

ကျွန်တော်မန္တလေးမြို့ (၃၈)လမ်း၊ ၈၂ × ၈၃ ကြား၌ ဆေးခန်းဖွင့်လျက်ရှိရာ ကျွန်တော့်ဆေးခန်းသို့ ကျွန်တော်နဲ့ အလွန်ခင်မင်သော မန္တလေးမြို့ ကိုတိုးတိုးနဲ့အတူ ညာဘက်တစ်ခြမ်း လေဖြတ်နေသော ဝေဒနာရှင်တစ်ဦး ပါလာရာ ကိုတိုးတိုးမှ...

'ဒါမြင်းခြံမြို့က ကျွန်တော့်မိတ်ဆွေပါ။ လေဖြတ်လို့ ဆရာဆီကို ကုသဖို့ လာရောက်အပ်နှံပါတယ်'

လို့ ပြောသဖြင့် ကျွန်တော်က အဲဒီဝေဒနာရှင်အား...

'အခုလိုလေဖြတ်တာ ဘယ်လောက်ကြာပြီလဲ'

မေးတော့ ဝေဒနာရှင်မှ စကားဗလုံးဗထွေးဖြင့် (၃)လခန့်ကြာပြီ ဖြစ်ကြောင်း၊ လက်ခြေများလဲ မ,မနိုင်ကြောင်း ပြောပြီး...


'ဆရာ ကျွန်တော့် ဒီရောဂါ ပျောက်ကင်းနိုင်ပါ့မလား'

လို့ မေးတော့...

'ခင်ဗျားရောဂါဟာ လေ့ကျင့်ခန်းမှန်မှန်နဲ့ (၃)ရက်ခြားတစ်ခါ အကြောပြုပြင်ပေးပြီး စားဆေး၊ လိမ်းဆေး ပြည့်စုံပြီဆိုရင်တော့ ခင်ဗျားရောဂါဟာ မပျောက်နိုင်စရာ အကြောင်းမရှိဘူး။

အကြောပြင်ရင် အနည်းငယ် နာတာကိုလဲ သည်းခံရမယ်။ ဆေးလဲ မှန်မှန်လိမ်းမယ်၊ ဆေးလဲ မှန်မှန်သောက်

### မြန်စွာပျောက်ကင်းမှု




၁။ ချိုင်းတွင်းသွေးအိမ်ကြော
၂။ ဝမ်းခေါင်းသွေးအိမ်ကြော

ရင်တော့ အလွန်ဆုံး(၃)လလောက်ပဲ ကြာမယ်'

လို့ ပြောပြီး ဝေဒနာရှင်ကို အကြောပြုပြင်ပေးပါတယ်။ အဲဒီဝေဒနာရှင်လဲ ကျွန်တော်ပြောတဲ့အတိုင်း ကုသရာ အမှန်တကယ် (၃)လအတွင်း သက်သာပျောက်ကင်း၍ အဲဒီဝေဒနာရှင်က...

'ကျွန်တော် ဘာကြောင့် လေဖြတ်ရတာလဲ ဆရာ'

လို့ မေးတော့...

'ခင်ဗျား သွေးတိုးလို့ အခုလို လေဖြတ်ခြင်း ဖြစ်တယ်။ သွေးတိုးနဲ့ ဆက်စပ်နေတဲ့ လေငန်းရောဂါဖြစ်ပြီး ခြေ,လက်,ကိုယ်တစ်ခြမ်းသေ၊ ကိုယ်အောက်ပိုင်းသေ၊ ခြေကပ်,လက်ကပ်၊ ပါးစပ်ရွဲ့တဲ့ အကျိုးဆက်တွေ အများကြီးပါပဲ။

ကျွန်တော်က ခင်ဗျားကို ကြည့်ပြီး (၃)လလောက်ကုရမှာလို့ ပြောတာကတော့ ခင်ဗျားရဲ့ ခြေ,လက်တွေ ကြည့်ပြီး စကားပြောတဲ့ အသံလဲ နားထောင်တယ်။ ဒါကတော့ ကုသလို့ရတဲ့ လေငန်းဖြစ်တဲ့အတွက် ကျွန်တော်က(၃)လလောက် ကုသရမှာလို့ ပြောတာပဲ။

သွေးတိုးနဲ့ လေငန်းဟာ အကြောင်းအခြင်းရာချင်း အတူတူပါပဲ။ လေငန်းဖြစ်တဲ့အကြောင်းအရာကို သေချာစိစစ်ကြည့်ရင် အအေးကို အခြေခံပြီး ပထဝီ၊ အာပေါဓာတ်တွေ လွန်ကဲတဲ့ ရောဂါပဲ။

အရပ်စကားနဲ့ ပြောကြမယ်ဆိုရင်တော့ အပူတေဇော၊ ဝါယောယုတ်တဲ့ ရောဂါလို့ ဆိုကြပါလိမ့်မယ်။ ခင်ဗျားက အသက် ငယ်ငယ်ရွယ်ရွယ်နဲ့ အခုလို လေဖြတ်တာ အပျောက်မြန်တာပါ။

ဒီရောဂါဟာ အသက် ငယ်ရွယ်သူတွေထက် အသက် ကြီးရင့်သူတွေမှာ ပိုအဖြစ်များပါတယ်။ ဘာကြောင့် ပိုအဖြစ်များသလဲဆိုရင် ဇိမ်ရှိရှိနဲ့နေ၊ ကောင်းကောင်းစား၊ ကောင်းကောင်းအိပ်၊ ကိုယ်လက်လှုပ်ရှားမှုနည်းတဲ့လူတွေ အများဆုံးဖြစ်တယ်။

အချိုအဆိမ့်တွေ အစားများ၍ ကိုယ်ခန္ဓာမှာ အဆီတွေများပြီး သွေးလဲ

www.burmeseclassic.com

မယ်။ အကြောအချဉ်တွေမှာ သွေးလေလျှောက်မှု နည်းလာပြီး လေငန်းဖြစ်တော့တာပဲ။

လေဖြတ်တယ် ဆိုတာကတော့ ကိုယ်ခန္ဓာအင်္ဂါ အကြီးအငယ်တွေ တစ်လျှောက်မှာ သွေးနဲ့လေ သွားလာဖို့ အကြားအပေါက် အာကာသဓာတ်တွေ ယုတ်လျော့ပိတ်ဆို့ကုန်လို့ ဝါယောခေါ်တဲ့ လေဓာတ် မလျှောက်နိုင်ဘဲ လေဖြတ်သွားခြင်း၊ လှုပ်ရှားမှုနည်းခြင်း၊ မလှုပ်မရှားနိုင်ခြင်းကို လေဖြတ်တာလို့ ခေါ်တာပဲ၊ လေဖြတ်တော့မယ်ဆိုတော့ ပုပ္ပရုပ်ခေါ်တဲ့ ရှေ့ပြေးလက္ခဏာတွေ ပေါ်လာတယ်။

(၁) ဆီးဖြူမယ်၊ ဆီးများမယ်၊ ဆီးဖြူတိုင်း၊ ဆီးများတိုင်း ကောင်းတယ်ဆိုပြီး ပေါ့ပေါ့မနေသင့်ဘူး။ အထူးသဖြင့် ဝ,တဲ့လူတွေ ဆီးဖြူပြီး ဆီးများလာရင် သတိထားပါ။


(၂) ဆီးနည်းနည်းနဲ့ မကြာမကြာ သွားရင် ဆီးကျန်ပြီး အားမရ၊ ဆီးကျန်ပြီး ဖြစ်နေတတ်ပါတယ်။

(၃) ဝမ်းပျော့ပျော့နဲ့ နည်းနည်းလေးပဲ သွားတတ်ပါတယ်။ ဝမ်းစီးပြီး ချုပ်တာလို့ ပြောရမှာပဲ။ ဝမ်းသွားပြီး အားမရဘဲ ဖြစ်နေတတ်ပါတယ်။

(၄) အစာစားပြီးရင်လဲ အမြဲလို ဆာနေတတ်ပါတယ်။ စားကောင်းပြီး အလွန်အိပ်လို့ကောင်းပြီး အိပ်ငိုက်နေတတ်ပါတယ်။ လေချုပ်ခြင်း၊ သလိပ်ကပ်ခြင်း အဲဒီလက္ခဏာတွေ ပေါ်နေရင်တော့ လေဖြတ်ခြင်း လက္ခဏာတွေပဲ။

လေဖြတ်ခြင်းကို ကာကွယ်ဖို့ကတော့ ကံ၊ စိတ်၊ ဥတု၊ အာဟာရတွေကို ပြုပြင်ကာကွယ်ရမယ်။ ကိုယ်ရောစိတ်ပါ လန်းဆန်းဆန်းဆန်း ဖြစ်အောင် အထူးသဖြင့်နေဖို့ လိုပါ

ပုံ-၂




၁။ မီလ္လာကြော
၂။ မောက်ကြော
၃။ ပါဒရက်ဗဟိုကြော
၄။ သလုံးမိုးနိုကြော
၅။ သလုံးမောင်းထိပ်ကြော

တယ်။ ကိုယ်လက်လှုပ်ရှား အားကစားတစ်မျိုးမျိုးကို လိုက်စားရပါမယ်။ အစားအစာကိုလဲ ချင့်ချိန်စားဖို့ လိုပါတယ်။

အထူးသဖြင့် ဝက်သား၊ ဘဲသား၊ ဘဲဥ၊ လက်ဖက်၊ ငှက်ပျောသီး၊ ထောပတ်၊ အုန်းနို့၊ အဆီအဆိမ့်များကို အထူးရှောင်သင့်တယ်။

မှီဝဲသင့်တဲ့ အစားအစာတွေကတော့ ကြက်ဟင်းခါးသီး၊ ကြက်ဟင်းခါးရွက်၊ ကြောင်လျှာသီး၊ ကြောင်လျှာရွက်၊ ဒန့်သလွန်သီး၊ ဒန့်သလွန်ရွက်၊ မြင်းခွာရွက်၊ ဥသျှစ်ရွက်၊ ရှောက်ရွက်များကို အမြဲတမ်း မှီဝဲသင့်တယ်'

လို့ ကျွန်တော်မှ ပြောပြရပါတယ်။ အဲဒီ ဝေဒနာရှင်မှ...

'ကျွန်တော် ရောဂါ ပျောက်ကင်းသလို အများသူငါလဲ ကျွန်တော့်လို ရောဂါ မခံစားရအောင် ဆရာ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှာ ရေးသားပေးပါလား'

လို့ တိုက်တွန်းသဖြင့် အဲဒီ ဝေဒနာရှင်ရဲ့ အကြောပြင်နှိပ်ကွက်များကို (ဝါသနာရှင်များ၊ ဝေဒနာရှင်များ အသုံးပြုနိုင်ရန်)အတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ တင်ပြလိုက်ပါတယ်။

၁။ **မောင်းထိပ်ကြော။** ။ ယင်းအကြောကို ဖိဖိပြီးဖွပေးပါ။ ***(၅-မိနစ်ခန့်သာ)***

၂။ **သလုံးမိုးနိုကြော။** ။ ယင်းအကြောကို တံတောင်ဆစ်ဖြင့် ဖိထောက်၍ အကြိမ်ကြိမ် ပြုလုပ်ပါ။ ***(၅-မိနစ်ခန့်သာ)***

၃။ **ပါဒရက်ဗဟိုကြော** ။ ။ ယင်းအကြောကို တံတောင်ဖြင့် ဖိဖိပြီး လိမ့်ပေးပါ။

၄။ **မောက်ကြော။** ။ ယင်းအကြောကို တံတောင်ဖြင့် ဖိဖိပြီး လိမ့်ပေးပါ။

၅။ **မီလ္လာကြော။** ။ ယင်းအကြောကို တံတောင်ဖြင့် ဖိဖိပြီး ဖွပေးပါ။

၆။ **ချိုင်းတွင်းသွေးအိမ်ကြော** ။ ။ ဖြည်းညင်းစွာ ဆွဲဆွဲပေးရမယ်။

၇။ **ဝမ်းခေါင်းသွေးအိမ်ကြော။** ။ ယင်းအကြောကို လက်ဖြင့် ဖိဖိပြီး ဖွ ပေးပါ။

၈။ ဝေနာရှင်အား ပက်လက်အိပ်စေပြီး မလှုပ်ရှားနိုင်သော လက်ကို ဦးခေါင်းပိုင်းသို့ ဖြည်းညင်းစွာ တွန်း ပေးပါ။

**ဦးလှငြိမ်း*(တံတားဦး-အင်းဝ)***
**အကြောပညာရှင်**



www.burmeseclassic.com

www.burmeseclassic.com



အုံကြွယ်

သမ္မာအောင်မြင်

# သီဒိုဝင်ပုတ်ကျောင်းစည်

မရောက်တာကြာပြီဖြစ်သော သိမ်ကျောင်းဆရာတော်ကြီးထံ ကျွန်တော်တို့မိသားစု သွားရောက် ဖူးမြော်ခဲ့ပါသည်။

ဆရာတော်၏ ဘွဲ့အမည်မှာ **ဦးအာဒိစ္စ ဖြစ်ပြီး ကယားပြည်နယ်၊ ဖားဆောင်းမြို့ သိမ်ကျောင်းတွင် တစ်ပါးတည်း ဧကစာကျင့်သုံးနေသည့်** ဆရာတော် ဖြစ်ပါသည်။

ဆရာတော်၏ ပရိယတ်၊ ပဋိပတ်ကျင့်ကြံမှု ဂုဏ်ရည်နှင့် အပည့်သာဝကတို့၏ ကြည်ညို လေးစားခံရမှု ဂုဏ်ရည်တို့ကြောင့် ၂၀၀၆ ခုနှစ်တွင် နိုင်ငံတော်မှ **"သဒ္ဓမ္မဇောတိကဓဇ" ဘွဲ့တံဆိပ်တော်** ဆက်ကပ်ခြင်း ခံခဲ့ရပါသည်။

ဆရာတော်သည် သက်တော် (၆၃) နှစ်၊ ဝါတော် (၄၃)ဝါရှိပြီ ဖြစ်ပါသည်။ ဆရာတော်ငယ်စဉ် စာသင်သားဘဝက သီပေါ၊ မန္တလေး၊ ရန်ကုန်မြို့များရှိ စာသင်တိုက်များတွင် စာပေ ပရိယတ္တိများ သင်ကြားခဲ့ပါသည်။

သီတင်းသုံးရာ ကျောင်းများတွင်လည်း စာသင်စာချ တာဝန်များကိုလည်း တာဝန်ယူ ဆောင်ရွက်ပေးခဲ့ပါသည်။

မိမိရပ်ရွာနယ်မြေတွင် ဗုဒ္ဓသာသနာ ထွန်းကား ပြန့်ပွားစေရန် ရည်မှန်းချက်ဖြင့် ဝါတော်(၁၈)ဝါအရတွင် ဖားဆောင်းမြို့မှ (၅)မိုင်ခန့်ဝေးသည့် "နန်းကစ်" ကျေးရွာလေးသို့ သွားရောက်လျက် တစ်ပါးတည်း သီတင်းသုံးနေထိုင်ကာ ဘာသာ၊ သာသနာအကျိုးကို ထမ်းဆောင်ခဲ့ပါသည်။

ထိုစဉ်က နန်းကစ်ရွာလေးမှာ သွားလာရေး ခက်ခဲလှသလို အေးချမ်းလုံခြုံမှု မရှိသေးသည့် အခါကာလလည်း ဖြစ်ပါသည်။ သောင်းကျန်းသူများ ဝင်ထွက်သွားလာရာနှင့် တိုက်ပွဲများ အမြဲလို ဖြစ်ပွားရာဒေသလည်း ဖြစ်ပါသည်။

ဆရာတော် သီတင်းသုံးရာ ရွာလေးမှာ အိမ်ခြေ(၅၀)ခန့်ရှိပြီး ရှမ်းနှင့် ကရင်တိုင်းရင်းသားတို့ နေထိုင်ကြကာ ဗုဒ္ဓဘာသာနှင့် ခရစ်ယာန်ဘာသာဝင်များမှာ လူမျိုး၊ ဘာသာ မခွဲခြားဘဲ ရင်းနှီးစွာ နေထိုင်ကြပါသည်။

ဆရာတော် သီတင်းသုံးရန် ကျောင်းကိုလည်း ရွာဦးထိပ်တွင် ကျွန်းတောကြီးအလယ်၌ စုပေါင်းဆောက်လုပ်ပေးကြပါသည်။ လေးပင်၊ သုံးခန်းဖြင့် ပျဉ်ခင်း၊ ပျဉ်ကာ၊ အင်ဖက်မိုး ကျောင်းသခ်မ်းဖြစ်ပြီး ကျွန်းပင်၊ အင်ပင်ကြီးများ ဝိုင်းရံနေသည့် နေချင့်စဖွယ် ကျောင်းလေး ဖြစ်သည်။

နယ်မြေစိုးမိုးရေး တာဝန်အရ တပ်မတော်စစ်ကြောင်းများ လာရောက်ပါက ရွာဦးရှိ ဆရာတော်၏ ကျောင်းဝင်းအနီး စခန်းချလေ့ ရှိပါသည်။

တစ်ခါတစ်ရံတွင် သောင်းကျန်းသူများနှင့် စစ်ကြောင်းတို့ ကျောင်းပတ်ဝန်းကျင်တွင် ထိတွေ့မှုများ ရှိသော်လည်း ဆရာတော်ကို မဆိုထားနှင့်

www.burmeseclassic.com

ကျောင်းထရံကိုပင် ကျည်သင့်ထိမှန်ခြင်း မရှိသည်ကို မြင်တွေ့သူမှန်သမျှ အံ့သြကြရပါသည်။ ရွာသူရွာသားများကလည်း ဆရာတော်အပေါ် ပိုမိုယုံကြည် အားကိုးလာကြပါသည်။

တချို့ ပုဂ္ဂိုလ်များ၏ ပြောစကားအရ တိုက်ပွဲဖြစ်နေစဉ် ကာလအတွင်း ဆရာတော်သည် ပုန်းအောင်းရှောင်ရှားမှု မပြုသည့်ပြင် ကျောင်းပေါ်၌ စကြံလျှောက်၍ ပုတီးစိပ်ခြင်း၊ မေတ္တာဘာဝနာပွားများခြင်း၊ မေတ္တာပို့ခြင်းများကိုသာ ပြုလုပ်နေသည်ဟု သိရှိရပါသည်။

ထို့ကြောင့်လည်း တိုက်ပွဲများ အကြိမ်ကြိမ် ဖြစ်ပွားတွေ့ကြုံရသည့်တိုင် နှစ်ဖက် အထိအခိုက် အကျအဆုံး မရှိခဲ့ဟု ပြောစမှတ်ပြုခဲ့ကြပါသည်။

၁၉၉၈ ခုနှစ် လောက်ကျမှသာ ကျန်းမာရေးအရ ဆေးပေးခန်းလေးမှ မရှိသဖြင့် လည်းကောင်း၊ နယ်မြေစိုးမိုးရေး အပြီးသတ် ဆင်နွှဲရန်ရှိသဖြင့် လည်းကောင်း ဒကာ,ဒကာမများ လျှောက်ထား တောင်းပန်မှုကြောင့် ဖားဆောင်းမြို့သို့ ကြွရောက်ကာ အသုံးမပြုသည့် သိမ်ဟောင်းကို မွမ်းမံလျက် ယာယီကျောင်းသခ်န်းအဖြစ် သီတင်းသုံးခဲ့ပါသည်။

ပေနှစ်ဆယ်ပတ်လည် သိမ်ကျောင်းအဟောင်းလေးနှင့် သီတင်းသုံးရာမှ ယနေ့ဆိုလျှင် အလျားပေ(၇၀)၊ အနံပေ(၃၀)ရှိ နှစ်ထပ်ကျောင်းကြီးဖြင့် သီတင်းသုံးနိုင်ခဲ့သလို ကျောင်းပရိဝုဏ်အတွင်း ဉာဏ်တော်(၂၇)ပေ အမြင့်ရှိသည့် စေတီတစ်ဆူကိုပါ တည်ထား ကိုးကွယ်ထားသည်ကို တွေ့မြင်နိုင်မည် ဖြစ်ပါသည်။

ကျွန်တော်တို့မိသားစုမှ ဆရာတော်အား လှူဖွယ်ဝတ္ထုများ ကပ်လှူပြီး



ဆရာတော်၏ တရားချီးမြှင့်မှုနှင့် ဆုံးမသြဝါဒများကို ခံယူခဲ့ကြပါသည်။ အခွင့်သင့်သဖြင့် ဆရာတော်၏ တရားဓမ္မ ကျင့်ကြံအားထုတ်မှုနှင့် ကျင့်စဉ်များကိုလည်း မေးမြန်း လျှောက်ထားခဲ့ရပါသည်။

'ဆရာတော်ဘုရား တပည့်တော် သိလိုတာလေးတွေ မေးမြန်း လျှောက်ထားခွင့်ပြုပါဘုရား။ အရှင်ဘုရားအနေနဲ့ အရင်က နယ်မြေ မငြိမ်းချမ်းတဲ့ ဒေသမှာနေခဲ့ရပြီး ကျောင်းပတ်ဝန်းကျင်မှာ တိုက်ပွဲတွေ ကြုံခဲ့ရပေမယ့် ကိုယ်တိုင် ထိခိုက်မှု တစ်စုံတစ်ရာမရှိခဲ့သလို ဆရာတော်ရဲ့ မေတ္တာဓာတ်ကြောင့် နှစ်ဖက် ထိခိုက်ဆုံးရှုံးမှုလဲ မကြုံရဘူးလို့ ကြားသိရပါတယ်ဘုရား။

ဒါ့အပြင်လဲ မြို့ပေါ်ကြွလာတဲ့အခါမှာ သီတင်းသုံးဖို့ ကျောင်းအတွက် အဆင်ပြေခဲ့သလို အခုဆိုရင် နှစ်ထပ်ကျောင်းရယ်၊ ဘုရားစေတီ၊ သာသနိကအဆောက်အအုံတွေရယ်နဲ့ တင့်တယ်စည်ပင်နေတာကို တွေ့ရပါတယ်ဘုရား။

ဒါကြောင့် ထူးခြားတဲ့ ကျင့်ကြံအား... ထုတ်မှုနဲ့ ကျင့်စဉ်များရှိပါက တပည့်... တော်တို့ကို ချီးမြှင့်ပေးပါရန်အကြောင်း... ရှိသေစွာ လျှောက်ထားအပ်ပါတယ်... ဘုရား'

ဆရာတော်မှ...

'အေး ဒကာကြီးက အမေးရှိလာ... တော့ ဦးပဥ္စင်းကလဲ အဖြေကို ပေး... တော့မှာပေ့ါ။ ဦးပဥ္စင်းရဲ့ နိစ္စပတ် ကျင့်... မှုကတော့ မြတ်စွာဘုရား အရှင်မြတ်... ကြီးရဲ့ ပရိတ်ကြီး(၁၁)သုတ်၊ ဓမ္မစကြာ... တရားတော်၊ ဓာရဏပရိတ်နဲ့ ပဋ္ဌာန်း... ပစ္စယုဒ္ဒေသ၊ ပစ္စယနိဒ္ဒေသ တရား... တော်တွေကို မနက်၊ နေ့၊ ည(၃)ကြိမ်... ရွတ်ဆိုပူဇော်တယ်။

အထူးအားဖြင့်တော့ အလုံး... အောင်မြင်မှုကို ပေးစွမ်းနိုင်တဲ့ "**သ...** **အောင်မြင်**" ဂါထာတော်ကြီးကို နေ့... အချိန်နဲ့အမျှ ရွတ်ဆို ပုတီးစိပ်တယ်... ဒီဂါထာတော်မြတ်ကို ဘာသာ... သာသနာအကျိုးအတွက် ရည်မှန်း... ဆောင်ရွက်ဖို့ လုပ်ငန်းများရှိရင်တော့... အဓိဋ္ဌာန်ဝင်ပြီး ပုတီးစိပ်တာတွေ လု... ပါတယ်။ ဒါနဲ့ ဒကာကြီးကို "**သ...** **အောင်မြင်**" ဂါထာတော်ကြီး ရရှိခဲ့... ကို ပြောရဦးမယ်'

ဟု အမိန့်ရှိပြီး ဂါထာတော်အား... ပုဂ္ဂိုလ်တစ်ဦးမှ လှူဒါန်းခဲ့ပုံကို အောက်... ပါအတိုင်း အမိန့်ရှိခဲ့ပါသည်။

*  *  *

နန်းကစ်ရွာလေးမှာ လျှိုမြောင်... စမ်းများ ပေါများပြီး သစ်ရိပ်ဝါးရိပ်တို့... အေးချမ်းသာယာသော ရွာလေး ဖြ... ပါသည်။

ဆရာတော်၏ ကျောင်းသခ်မ်း... မှာလည်း ရွာဦးထိပ်တွင် ရွာနှင့်... ငယ်ဝေးကွာသည့် ကျွန်းပင်အင်ယ...





www.burmeseclassic.com

www.burmeseclassic.com

များ ဝိုင်းရံလျက် တိတ်ဆိတ်ငြိမ်သက်သော သူတော်စင်တို့ တရားဘာဝနာ အားထုတ်ရန် သင့်လျော်သည့် နေချင့်စဖွယ် ကျောင်းလေး ဖြစ်ပါသည်။

ဆရာတော်သည် နေ့စဉ် နိစ္စဘတ် ရွတ်ပွား ပူဇော်မှုပြီးဆုံး၍ အရုဏ်ဆွမ်း ဘုဉ်းပေးပြီးနောက် ဝိပဿနာ အလုပ်ဖြင့် တရားမှတ်လေ့ ရှိပါသည်။


တရားထိုင်ပြီးလျှင် ကျွန်းပင်၊ အင်ပင်ကြီးများအကြားရှိ စင်္ကြံလမ်းလေးတွင် စင်္ကြံလျှောက် တရားမှတ်ကာ မေတ္တာဘာဝနာ စီးဖြန်းခြင်းကိုလည်း ပြုလေ့ရှိပါသည်။ ဤကား ဆရာတော်၏ နေ့စဉ်ပြုမြဲ ပြုနေကျ ဖြစ်ပါသည်။

သာသနာ့ဝန်ထမ်းဖြစ်သည့် အားလျော်စွာ လောဘသက္ကာယ လွန်စွာနည်းပါသည်။ သို့သော် ဘာသာ သာသနာ အကျိုးအတွက် လည်းကောင်း၊ ဘာသာခြားများအလယ်တွင် သူရှိသေ၊ ရှင်ရိုသေဖြစ်ရန် လည်းကောင်း သင့်တင့်ကောင်းမွန်သည့် ကျောင်းတစ်ဆောင်နှင့် ဘုရားတစ်ဆူ တည်ထားကိုးကွယ်ရန်ကိုမူ ပြင်းစွာသော ဆန္ဒအာသီသ ရှိနေခဲ့ပါသည်။

သို့ဖြစ်၍ မန္တလေးတောင်တွင် သာသနိက အဆောက်အအုံပေါင်းများစွာကို တည်ထားကိုးကွယ်နိုင်ခဲ့သော ဆေသုကြီးဦးခန္တီထုံးကို နှလုံးမူ၍ ရသေ့ကြီး ရွတ်ဆိုပွားများ ပုတီးစိပ်နည်းဖြင့် ကျင့်သုံးကာ အဓိဋ္ဌာန်ထား ရွတ်ပွား ပူဇော်မှုပြုခဲ့ပါသည်။

ထိုပုတီးစိပ်ကျင့်စဉ်မှာ ရတနာမြတ် (၃)ပါးနှင့် ပဋ္ဌာန်း ၂၄ ပစ္စည်းတွဲကာ အားထုတ်သည့် ပုတီးစိပ်နည်း ဖြစ်ပါသည်။

ဆရာတော်သည် တရားမှတ်ပြီး၍ စင်္ကြံလျှောက်သည့်အခါတိုင်း ရသေ့



ကြီး ဦးခန္တီကျင့်စဉ်ဖြင့် ပုတီးစိပ်လေ့ ရှိပါသည်။

တစ်နေ့တွင် စင်္ကြံလျှောက်နေစဉ် ပုဆိုးအဖြူ၊ အင်္ကျီအဖြူ၊ ခေါင်းပေါင်း အဖြူဝတ်ဆင်ထားသည့် အသက်(၅၀) ခန့် ဥပမိရုပ်ကောင်းမွန်သော လူတစ်ဦး ကျွန်းပင်များကြားမှ ဆရာတော်ထံ ရောက်လာပါသည်။

ဆရာတော်က စင်္ကြံလျှောက်ခြင်းကို ရပ်လျက် ကြည့်နေစဉ် ဝတ်ဖြူစင်ကြယ် ဝတ်ဆင်ထားသူသည် ဆရာတော်ကို ရိုသေစွာရှိခိုးဦးချပြီး မြေပေါ်တွင် ပုဆစ်တုပ် ထိုင်နေခဲ့ပါသည်။

ဆရာတော်က...

'ဒကာကြီး ဘယ်ကလာလို့ ဘယ်ကိုသွားမလို့လဲ၊ ကျောင်းပေါ် တက်နားပြီး ကွမ်း၊ ဆေး၊ အခါးရည်(ရေနွေးကြမ်း) လေးများ သုံးဆောင်ပါဦးလား၊ ဦးပဉ္ဇင်းက ဘာဆောင်ရွက်ပေးရမလဲ'

ဟု ပဋိသန္ထာရစကား ပြောဆိုမိန့်ကြားခဲ့ရာ...

'တပည့်တော် ဘယ်ကမှ လာခဲ့တာ မဟုတ်ပါဘူး ဘုရား။ ဆရာတော်ရဲ့ မေတ္တာရိပ်ကို ခိုလှုံပြီး ဒီကျွန်းတောထဲမှာပဲ နေပါတယ် ဘုရား။ ဒီမှာရှိတဲ့ ပုဂ္ဂိုလ်များလဲ ဆရာတော်ရဲ့ တရားသံ၊ မေတ္တာပို့သံတွေကို နေ့စဉ် နာကြားနေကြရလို့ သာဓုခေါ်နိုင်ကြပြီး ကောင်းကျိုးချမ်းသာများလဲ ရကြပါတယ် ဘုရား။

ကျောင်းတော်ပေါ်တော့ တက်လို့ မရလို့ မတက်တော့ပါ ဘုရား။ တပည့်တော် ဆရာတော်ကို လျှောက်ထားရန်ရှိလို့ အခွင့်ခံပြီး လာတာပါ ဘုရား'

ဟု ဝတ်ဖြူစင်ကြယ်ဝတ်ပုဂ္ဂိုလ်က ပြန်လည် လျှောက်ထားခဲ့ပါသည်။

'အေး... လျှောက်ထားစရာရှိရင် လျှောက်ပါ။ ဦးပဉ္ဇင်းက ဆောင်ရွက် ပေးဖို့ရှိရင်လဲ မခြွင်းမချန် လျှောက်နိုင်ပါတယ်'

ဟု ဆရာတော်က ခွင့်ပြုမိန့်ကြားပေးခဲ့ပါသည်။

'အခြားတော့ မဟုတ်ပါဘူး ဘုရား။ ဆရာတော် စင်္ကြံလျှောက်ရင်း ရွတ်ပွားနေတဲ့ဂါထာကိုလဲ တပည့်တော် နေ့စဉ် ကြားနာရပါတယ်ဘုရား။ ဘာသာ သာသနာအကျိုး ရည်စူး ရွတ်ဆိုပွားများတာမို့ မလွဲမသွေ အောင်မြင်မှာပါ ဘုရား။ အလွန်မှလဲ အကျိုးထူးတဲ့ ဂါထာဖြစ်ပါတယ် ဘုရား။

ယခင် ဒီကျောင်းသခ်မ်းလေး မရှိခင်က ရက္ခမူရှတင် ဆောင်တည်တဲ့ ရဟန်းတစ်ပါး အခု ကျွန်းတောထဲမှာပဲ တစ်ဖက်ရပ် တဲလေးထိုးပြီး သစ်ဥ သစ်ဖုများသာ ဘုဉ်းပေးပြီး တရား ကျင့်ကြံနေဖူးပါတယ် ဘုရား။

ဒါကြောင့် ဟိုယခင်ကတည်းက ဒီကျွန်းတော ပတ်ဝန်းကျင်မှာ တောရိုင်းတိရစ္ဆာန်များပင် မရှိခဲ့ပါ ဘုရား။ အဲဒီ ရဟန်းကြီး နေ့စဉ် ရွတ်ဆိုတဲ့ ဂါထာတစ်ပုဒ် ရှိပါတယ်ဘုရား။

အခု ဆရာတော် ရွတ်ဆိုနေတဲ့ ရတနာ(၃)ပါးနဲ့ ပဋ္ဌာန်း၂၄ပစ္စည်းကို အခြေခံထားပါတယ် ဘုရား။ထူးခြားတာက ဒီဂါထာ(၂)ပုဒ်ကြားမှာ ဘုရားဂုဏ်တော်(၉)ပါးကို ထည့်သွင်း ရွတ်ဆိုထားမှုပါပဲ။

အရှင်ဘုရား သိရှိ ကျင့်ကြံ အားထုတ်နိုင်ဖို့ လာရောက် လျှောက်ထားခြင်း ဖြစ်ပါတယ် ဘုရား။ အခု

www.burmeseclassic.com



ဂါထာတော်က လိုအင်ဆန္ဒ ပြည့်ဝပြီး လာဘ်လာဘ ပွင့်လင်းရုံသာမကဘဲ ဘုရားဂုဏ်တော်(၉)ပါးကိုလဲ ထည့်သွင်း ပူဇော်ထားလို့ ဘေးအန္တရာယ်များလဲ ကင်းဝေးစေမှာ ဖြစ်ပါတယ်ဘုရား'

ဟု ဝတ်ဖြူစင်ကြယ်ပုဂ္ဂိုလ်က စကားကို စဉ်ဆက်မပြတ် ရှည်လျားစွာဖြင့် လျှောက်ထားခဲ့ပါသည်။

'အေး... အေး... အခုလို ဘုရား၊ တရားကို လေးစားပြီး အကြံပေး လျှောက်ထားလာလို့ ဦးပဥ္စင်းက ကျေးဇူးတင်ပါတယ်။ ကောင်းတဲ့ အကြံပြုချက်မို့ လက်ခံပြီး ပွားများ အားထုတ်ပါမယ်။

ဦးပဥ္စင်းပြုသမျှ ကုသိုလ်အဝဝကိုလဲ ဒကာကြီးနဲ့တကွ မြင်အပ်,မမြင်အပ် ပုဂ္ဂိုလ်များစွာ သတ္တဝါတို့ကို အမျှပေးဝေပါတယ်။ အမျှရရှိ သာဓုခေါ်ဆိုနိုင်ကြပါစေ'

ဟု ဆရာတော်က အမျှ သုံးကြိမ် ပေးဝေခဲ့ပါသည်။

ဝတ်ဖြူစင်ကြယ်ဝတ် ပုဂ္ဂိုလ်လည်း သာဓုခေါ်ဆိုကာ ဆရာတော်ကို ရိုသေစွာ ရှိခိုး ဦးချ၍ကျွန်းတော်ထဲသို့ ပြန်ဝင်သွားခဲ့ပါသည်။

* * *

## သရဏဂုံသုံးပါး

၁။ ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ [ပုတီးတစ်လုံးချ]
၂။ ဓမ္မံ သရဏံ ဂစ္ဆာမိ [ပုတီးတစ်လုံးချ]
၃။ သံဃံ သရဏံ ဂစ္ဆာမိ [ပုတီးတစ်လုံးချ]

## ဘုရားဂုဏ်တော်ကိုးပါး

၄။ အရဟံ [ပုတီးတစ်လုံးချ]
၅။ သမ္မာသမ္ဗုဒ္ဓေါ [ပုတီးတစ်လုံးချ]
၆။ ဝိဇ္ဇာစရဏသမ္ပန္နော [ပုတီးတစ်လုံးချ]
၇။ သုဂတော [ပုတီးတစ်လုံးချ]
၈။ လောကဝိဒူ [ပုတီးတစ်လုံးချ]
၉။ အနုတ္တရောပုရိသဒမ္မသာရထိ [ပုတီးတစ်လုံးချ]
၁၀။ သတ္ထာဒေဝမနုဿာနံ [ပုတီးတစ်လုံးချ]
၁၀။ ဗုဒ္ဓေါ [ပုတီးတစ်လုံးချ]
၁၂။ ဘဂဝါ [ပုတီးတစ်လုံးချ]

## ပဋ္ဌာန်း ၂၄ ပစ္စည်း

၁၃။ ဟေတုပစ္စယော [ပုတီးတစ်လုံးချ]
၁၄။ အာရမ္မဏပစ္စယော [ပုတီးတစ်လုံးချ]
၁၅။ အဓိပတိပစ္စယော [ပုတီးတစ်လုံးချ]
၁၆။ အနန္တရ ပစ္စယော [ပုတီးတစ်လုံးချ]
၁၇။ သမနန္တရပစ္စယော [ပုတီးတစ်လုံးချ]
၁၈။ သဟဇာတပစ္စယော [ပုတီးတစ်လုံးချ]
၁၉။ အညမညပစ္စယော [ပုတီးတစ်လုံးချ]
၂၀။ နိဿယပစ္စယော [ပုတီးတစ်လုံးချ]
၂၁။ ဥပနိဿယပစ္စယော [ပုတီးတစ်လုံးချ]
၂၂။ ပုရေဇာတပစ္စယော [ပုတီးတစ်လုံးချ]
၂၃။ ပစ္ဆာဇာတပစ္စယော [ပုတီးတစ်လုံးချ]
၂၄။ အာသေဝနပစ္စယော [ပုတီးတစ်လုံးချ]
၂၅။ ကမ္မပစ္စယော [ပုတီးတစ်လုံးချ]
၂၆။ ဝိပါကပစ္စယော [ပုတီးတစ်လုံးချ]
၂၇။ အာဟာရပစ္စယော [ပုတီးတစ်လုံးချ]
၂၈။ ဣန္ဒြိယပစ္စယော [ပုတီးတစ်လုံးချ]
၂၉။ ဈာနပစ္စယော [ပုတီးတစ်လုံးချ]
၃၀။ မဂ္ဂပစ္စယော [ပုတီးတစ်လုံးချ]
၃၁။ သမ္ပယုတ္တပစ္စယော [ပုတီးတစ်လုံးချ]
၃၂။ ဝိပ္ပယုတ္တပစ္စယော [ပုတီးတစ်လုံးချ]
၃၃။ အတ္ထိပစ္စယော [ပုတီးတစ်လုံးချ]
၃၄။ နတ္ထိပစ္စယော [ပုတီးတစ်လုံးချ]
၃၅။ ဝိဂတပစ္စယော [ပုတီးတစ်လုံးချ]
၃၆။ အဝိဂတပစ္စယောတိ [ပုတီးတစ်လုံးချ]

'ကဲ ဒကာကြီး ဝတ်ဖြူ
စင်ကြယ်နဲ့ ပုဂ္ဂိုလ်ပေးခဲ့တဲ့
ဒီဂါထာတော်ကို ရပြီးကတည်း
က ဦးပဥ္စင်း အချိန်ရတိုင်း
ရွတ်ဆိုတယ်။ အဓိဋ္ဌာန်နဲ့လဲ
ပုတီးပတ်ရေ သတ်မှတ်ပြီး
(၄၅)ရက်၊ ရက်ပေါင်း (၉၀)
(၁၀၈)ရက်၊ သက်စေ့ စသဖြင့်
အဓိဋ္ဌာန်ပုတီး စိပ်ပါတယ်။

ဂါထာတန်ခိုးကြောင့် အ
ဆိုရင် ဒကာတို့မြင်တဲ့အတိုင်း
ကျောင်း၊ သင်္ကန်း၊ ဆွမ်း၊ ဆေး
စတဲ့ ပစ္စည်းလေးပါးလဲ ပြည့်စုံ
တယ်။ ဘုန်းကြီး ဆန္ဒအရှိဆုံး
ဓာတ်တော်၊ မွေတော်များနဲ့
ဘုရားစေတီ တစ်ဆူကိုလဲ
တည်ထား ကိုးကွယ်နိုင်ခဲ့ပြီ။

သာသနာရေး လုပ်ငန်းများ
ကိုလဲ ဆန္ဒရှိတိုင်း ပြုလုပ်ခွင့်
ရပြီ။ ဒါကြောင့် ဒီကျင့်စဉ်
ဂါထာကို ဘုန်းကြီးက **"သ**
**အောင်မြင်သိဒ္ဓိဝင်"** ဂါထာ
တော်လို့ အမည်ပေးထား
တာပါပဲ'

ဟု ဂါထာရရှိပုံနှင့် အကျိုး
ပေးပုံတို့ကို ရှင်းလင်းပြော
မိန့်ကြားခဲ့ပါသည်။

'ဒကာတို့လဲ ကျင့်ကြံပွား
များ အားထုတ်စေချင်တယ်
တို့ဗုဒ္ဓဘာသာဝင်တို့ရဲ့ အား
အားထား ပြုရာ ရတနာမြတ်
သုံးပါးကို ဦးတင်ပြီး ဘုရား
ဂုဏ်တော်ကိုးပါးနဲ့ အမြတ်ဆုံး
ပဋ္ဌာန်းဒေသနာ အကျဉ်း
ပါဝင်တာမို့ လွန်စွာ ကြည်ညို
ဖွယ် ကောင်းသလို လွန်စွာ
အကျိုးထူးကို ရစေသယ်'

ဟုလည်း ဆရာတော်က

စာမျက်နှာ (၁၇၄) သို့



www.burmeseclassic.com

www.burmeseclassic.com

ဓနုဖိုးရာ

# ထီပေါက်ကိန်းတွက်နည်း

ခွန်မိုင်းဝေ



နေတိုင်းရင်းသား ဆေးဆရာဦးမင်းသိမ်း

ခွေးရုပ်ကျေးရွာသို့ ရောက်ရှိစဉ် တစ်ညနေတွင် အိမ်ရှင် ကိုမောင်လေးက ဓနုတိုင်းရင်းဆေးဆရာ ကိုမင်းသိမ်းနှင့် မိတ်ဆက်ပေးသည်။

'ဆရာကြီး... သူက ဘုရားတောင် (ကျောက်ပန်းအိုးတောင်)ခြေက သပြေပင်ရင်းမှာ သိုက်တူးတုန်းက ပါဝင်ခဲ့သူပါ။ သိချင်တာမေးပါ။ ကျွန်တော်တို့ ရုပ်ဆွေရုပ်မျိုး ညီအစ်ကို အရင်းအခြာတွေလိုပါပဲ'

'အရင်က ဒီလိုပစ္စည်းတွေ ရဖူးလို့လား ကိုမင်းသိမ်း'

'မရဖူးပါဘူးဗျာ ကျွန်တော့်ဆရာက ဆင်တောင်ရွာက ဓနုတိုင်းရင်းသား ဆရာကြီး ဦးလှမောင်တဲ့။ ဟိုးအင်္ဂလိပ်ခေတ်ကတည်းက ပညာရှင်ပါ။ ဘတ်ကျွမ်းတဲ့ပညာနဲ့ နယ်ချဲ့ကိုလိုနီ အစိုးရကို ဆန့်ကျင်ခဲ့တယ်။ ဒါကြောင့် ကျော်ကြားမှုနဲ့ အထိန်းအသိမ်း ခံရပါတယ်။

ထောင်ထဲမှာ သူ့စရဏကြောင့် အားလုံးက လေးစားကြတယ်။ တစ်နေ့မှာ ထောင်သားတွေကို **"မင်းတို့ထောင်က လွတ်ချင်ရင် ငါ့စကားနားထောင်ကြ။ ထောင်ဘူးဝ တံခါးဖွင့်နေပေမယ့် ယောက်ယက်မခတ်နဲ့။ ကိုယ်နေရာကိုယ်နေ ကတိတည်ရင် လွတ်စေမယ်"**လို့ ဆိုတော့ ထောင်သားတွေကလဲ ငြိမ်ငြိမ်သက်သက် နေပါမယ်လို့ ကတိပေးကြတယ်။

ဆရာက ဂါထာရွတ်ပြီး သော့ကိုထက်နဲ့ အုပ်လိုက်ရုံနဲ့ သော့တွေ ပွင့်သွားတာ အကုန်လုံးပဲ။ အဲဒီအချိန်မှာ နယ်ပိုင်မင်းကြီး စစ်ဆေးရေးလာတော့ ထောင်တံခါးတွေ ပွင့်နေတာ တွေ့ရတယ်။ ထောင်ထဲဝင်ကြည့်တော့ ထောင်သားတွေက သူ့နေရာနဲ့သူ ကျနေရရပဲ။

မင်းကြီးက...

"မင်းတို့ ဘာကြောင့် ထွက်မပြေးကြသလဲ"

မေးတယ်။

"ကျွန်တော်တို့မှာ အပြစ်မရှိပါဘူး။ ထွက်ပြေးရင် အပြစ်သား ဖြစ်သွားမှာမို့ မပြေးတာပါ"

လို့ ဦးလှမောင်က ဦးဆောင်ပြီး ပြန်ဖြေတယ်။

နောက်ဆုံးတော့ ပေါ့လျော့မှုနဲ့ ထောင်ပိုင်လဲ အလုပ်ပြုတ်၊ အဲဒီက ထောင်သားတွေကိုလဲ လွှတ်ပေးလိုက်သတဲ့။ ဆရာကပြောတယ်။ သုံးလွှန်းတင်မှ ကြိုးတဲ့။ ကြိုးဆိုတာ သုံးလွှန်းတင်မှ ခိုင်တယ်။ လူမှာလဲ တစ်ကြိမ် စော်ကားရင် သည်းခံ၊ နှစ်ကြိမ်မြောက်လဲ သည်းခံပါ၊ သုံးကြိမ်ပြည့်မှ ပညာသုံးရမယ်လို့ ဆုံးမပါတယ်'

'ကိုမင်းသိမ်း ကိုယ်တွေ့ပေါ့'

'မဟုတ်ပါဘူး။ အစ်ကို၊ အစ်မ၊ ဦးလေးတွေ ပြောကြလို့ ပညာယူတာပါ။ ကိုယ်တွေ့ကတော့ ကွယ်လွန်ပြီးတဲ့သူ့ ဝိညာဉ်ပြန်ခေါ်ပြီး အကူအညီတောင်းတာ တွေ့ရတယ်'

'ဘယ်လို ခေါ်တာလဲ'

'စားပွဲတွေနဲ့ ဂါထာမန်းပြီး ခေါ်တာပဲ။ အုတ်ဂူပေါ်မှာ တစ်ဖက်လှည့်နေတဲ့ ပုံရိပ်ပေါ်တယ်။ ကွယ်လွန်စဉ်က အဝတ်အစားတွေနဲ့ပါ'

'ဘုရားတောင်ခြေသိုက်မှာ ပစ္စည်းရခဲ့လား'

'မရပါဘူးဗျာ။ အဲဒီနောက်ပိုင်း ဆရာလဲ ကွယ်လွန်တော့ အရွက်အမြစ်အသီးနဲ့ကုတဲ့ဆေးပညာ **(ဘေသဇ္ဇနယဆေးပညာ)နဲ့ပဲ သတ္တဝါတွေ ကယ်ဖြစ်ပါတယ်'**

**(ကိုမင်းသိမ်းထံမှ ပရဆေးမည် အချို့နှင့် ဒေသဆေးအသုံး အချို့ကို ရရှိခဲ့ပါသည်။)**

'ဓနုတိုင်းရင်းသား ဓလေ့ဆိုင်ရာ တွက်ကိန်းတွက်ရိုးတွေကော မရှိဘူးလား'

'ဓနုနဲ့ ဗမာ ဝေါဟာရတချို့နဲ့ စကားသံက လွဲလို့ အတူတူပါပဲ'

'ဒေသသုံး တွက်နည်းတစ်ခု

www.burmeseclassic.com

လောက်ပေါ့'

'အင်း ဒီနှစ် ထီပေါက်၊ မပေါက် တွက်တာတော့ ရှိပါတယ်'

'မူလကောဇာ သက္ကရာ၊ နှစ်ပြဲပေါင်း၍ရော။
မွေးနံဂြိုဟ်သက်၊ ကိုယ့်အသက်၊ ရောကာ စွက်၍နော။
ဖျည်းသုံးဆခွါ ခုစွန်းခါ ထီသာပေါက်မည် ဟော'

တဲ့။

'နမူနာ တွက်ပေးပါဦး။ **၁၃၃၈ ခုနှစ် ဖွား၊ အင်္ဂါသားပါ။** ထီပေါက် မလား'

* * * ————→

ခုစွန်းမှာ **ဖျည်း**=၅၊ **သုံး**=၀၊ **ဆ**=၆။ **ခွါ**=၂ ဖြစ်ရင် ထီပေါက်မယ်တဲ့။ အခု (၈) ဖြစ်နေတာမို့ ထီမပေါက်ပါဘူး ခင်ဗျာ'

'ဦးမင်းသိမ်း ကျွန်တော့်ကိုလဲ တွက်ပေးပါဦး။ **၁၃၅၇ ခုနှစ်၊ တနင်္လာသား** မောင်ခန့်ငြိမ်းသော်တာ။ ဒီနှစ် ထီပေါက်နိုင်မလားခင်ဗျာ'

ကျောင်းပိတ်ရက် အနားရသဖြင့် ကျွန်ုပ်၏ ခရီးစဉ်တွင် လိုက်ပါလာသော သားငယ်က မေးမြန်းခြင်းဖြစ်သည်။

* * * ————→

| | |
|---|---|
| **မူလသက္ကရာဇ်** | ၁၃၁၈ |
| **ကောဇာသက္ကရာဇ်** | ၁၃၇၅ |
| **အင်္ဂါမွေးနံဂြိုဟ်သက်** | ၈ |
| **ရောက်သောအသက်** | ၅၇ |
| | ၂၇၅၈ ခုစွန်း=၈ |

'အင်း မွေးနှစ်နဲ့ ကောဇာ ကက်ကင်း တော့ ကျနေပြီ။

ခုစွန်း **၅** = ဖျည်းဖြစ်နေလို့ ထီ ပေါက်နိုင်တယ်။ ထီ မပေါက်သော်မှ ထီပေါက်သလိုပဲ အဖိုးတန်ပစ္စည်း ရနိုင်ပါတယ်။

| | |
|---|---|
| **မူလသက္ကရာဇ်** | ၁၃၅၇ |
| **ကောဇာသက္ကရာဇ်** | ၁၃၇၅ |
| **တနင်္လာမွေးနံဂြိုဟ်သက်** | ၁၅ |
| **ရောက်သောအသက်** | ၁၈ |
| | ၂၇၆၅ |

**[ချွေးရှပ်ကျေးရွာမှ ဆရာကိုမင်းသိမ်းအား ကျေးဇူးတင်ရှိစွာဖြင့်...]**

**ခွန်စိုင်းဝမ်း**

စာမျက်နှာ (၁၇၂)မှ အဆက်

ညွှဲဝါဒပေးခဲ့ပါသည်။

'တပည့်တော်တို့လဲ ဒီကျင့်စဉ်နဲ့ ဂါထာကို ရလိုပါတယ်ဘုရား။ အဓိဋ္ဌာန်ဝင်ပြီး ပုတီးစိပ်ချင်တာမို့ ချီးမြှင့်ပေးပါ ဘုရား'

ဟု ကျွန်တော်က လျှောက်ထားခဲ့ပါသည်။

'ဂါထာ(၃)ပုဒ်ကို ပေါင်းပြီး ဂါထာတော်ကြီး ဖွဲ့ထားတာမို့ အကာတွေ ရပြီးဖြစ်မှာပါ။ ဂါထာကြီးမှာ (၃၆)ပိုဒ်ရှိတာမို့ ဒီသဗ္ဗအောင်မြင်ဂါထာ တစ်ပုဒ်ဆုံးရင် ပုတီးလုံးရေ(၃၆)လုံး စိပ်ပြီးဖြစ်မယ်။

ပုတီးတစ်ပတ်ဆုံးရင် ဂါထာ(၃)ကြိမ်ရွတ်ပြီးဖြစ်တယ်။ ကိုးနဝင်းကိုက်ဂါထာပဲ ကွယ်။ မိမိစိတ်က နိုင်သလို တစ်နေ့ ပုတီး(၉)ပတ်၊ (၁၈)ပတ်၊ စသဖြင့်အဓိဋ္ဌာန် ထား စိတ်က ရည် စူးပြီး ရက်ကိုလဲ သက်စေ့ (၉)ရက်၊ (၄၅)ရက်စသဖြင့် အဓိဋ္ဌာန်ပုတီး စိပ်နိုင်တယ်။

ပုတီး(၉)ပတ်ပြည့်မှ အချိန်က (၁၅)မိနစ်ခန့်သာ ကြာမှာမို့ မပင်မပန်းဆောင် ရွက်နိုင်မှာပါ'

ဟု ဆရာတော်က လမ်းညွှန် မိန့်ကြားခဲ့ပါသည်။

ခမ္မိတ်ဆွေအပေါင်းတို့ ကျင့်ကြံပွားများ အားထုတ်နိုင်စေရန်နှင့် ပွားများအား ထုတ်ခြင်းဖြင့် ကောင်းကျိုးလိုအင်ဆန္ဒများ ပြည့်ဝပြီး လာဘ်လာဘများ ပွင့်လန်း လျက် အန္တရာယ်ခပ်သိမ်း ကင်းငြိမ်းစေရန် စေတနာမှန်ဖြင့် "သဗ္ဗအောင်မြင် သိဒ္ဓိဝင်" ဂါထာတော်မြတ်ကြီးအား ရေးသားတင်ဆက်လိုက်ရပါသည်။

*အနန္တငါးပါး ဦးထိပ်ထားလျက်...*

**အုံ့ကြွယ်**


စာ ဝူ ဝို ဃိုက...

ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ်ဗေဒရောင်ခြည်မဂ္ဂဇင်း
အမှတ် ၂၃၄၊ (၂၉)လမ်း၊
ပန်းဘဲတန်းမြို့နယ်၊
ရန်ကုန်မြို့၊
ဖုန်း-၀၁ ၂၄၂၂၈၄





www.burmeseclassic.com

www.burmeseclassic.com

# သွပ်ဓာတ်လုံး စီရင်နည်း

ဝိဇ္ဇာမဟာဒွိ ဆရာ ဦးသန်းမြင့်
(တိုင်းရင်းဆေး)



အင်္ဂိရတ်ပညာတွင် သွပ်ကို ထွက်ရပ်လမ်းသို့ လည်းကောင်း၊ စားလမ်း, ရိက္ခာထောက်လမ်းသို့ လည်းကောင်း၊ ပီယသိဒ္ဓိ အဆောင်အဖြစ် လည်းကောင်း အမျိုးမျိုး စီရင်အသုံးပြုကြသည်။

စာရေးသူ ယခု ဖော်ပြမည့် ပညာရပ်မှာ ရှေးဆရာ့ဆရာကြီးများ အသုံးပြုသွားကြသော ပီယသိဒ္ဓိ အဆောင် သွပ်ဓာတ်လုံး စီရင်နည်းကို အင်္ဂိရတ်ပညာရှင် သုတေသီများနှင့် စာဖတ်ပရိသတ်များ ပညာဗဟုသုတ တိုးပွားစေရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဖော်ပြလိုက်ပါသည်။

သွပ်ကို သောကြာဂြိုဟ် ဟူ၍ လည်းကောင်း၊ ပူး ဟူ၍လည်းကောင်း သင့်လျော်ရာ အမည်ပေး၍ အသီးသီး ခေါ်ဆိုကြသည်။ တစ်နည်း ထိုသွပ်သည် မာယာဆန်းပြား လှည့်စားရုပ်ဆောင် အသွင်ထူးခြားအောင် အထူးထူးအထွေထွေ ဖန်ဆင်း၍ ပြတတ်သောကြောင့် **မာရ်နတ်မင်း၏ သမီး တဏှာ, အရတိ, ရဂါတို့နှင့်** တူ၏။

တစ်နည်း ရုပ်ဆင်းသဏ္ဌာန် ဟန်ပန်နှင့်တကွ ပုံရေး၍ ပြတတ်သောကြောင့် ပန်းချီသမားနှင့်လည်း တူ၏။ တစ်နည်း နံကား သောကြာ၊ ဓာတ်ကား ပါစက တေဇောဓာတ်လည်း ရှိ၏။ အုပ်စိုးသော အဓိကဓာတ်ကား **လေညင်း ဝါယောဓာတ်**တည်း။

ထိုသွပ်ကို ပီယသိဒ္ဓိ အဆောင်ဓာတ်လုံး စီရင်လိုသော...

ဥ၊ ဩ၊ သံ၊ ကြက်၊ စီးပွားတက်

ဥ = ဥသျှစ်ရွက်၊
**ဩ** = ဩဇာရွက်၊
**သံ** = သံပရာရွက်၊
**ကြက်** = ကြက်ဟင်းခါးရွက်

သွပ် ခြောက်ကျပ်သားကို အရည်ကျို၊ မဖောက်ထုံးမှုန့်တွင် (၂၁)ကြိမ် လောင်းပါ။ **အဖျားပိုင်းကိုပယ်ပါ။** အဖျားပိုင်းမှာ သွပ်၏မလ အညစ်အကြေးများ ပါရှိပြီး **လက်နှင့်ဆကြည့်လျှင် ပေါ့ပါသည်။**

ထိုအပိုင်းကို ပယ်ပြီး ပြန်ကျို၊ ပြန်လောင်းပါ။ အဖျားပိုင်းကို ပယ်ပါ။ ဤကဲ့သို့ ပြုလုပ်ပြီး (၂၁)ကြိမ်ပြည့်လျှင် ဖြူဖွေးပြီး ဥနေသော သွပ်၊ စင်ကြယ်သန့်ရှင်းသော သွပ်ကို ရပါတော့သည်။

သန့်ရှင်းစင်ကြယ်သော သွပ် တစ်ကျပ်သားကိုယူပါ။ အထက်က ဖော်ပြခဲ့သော ဆေးရွက်လေးမျိုးကို ဆတူကြိတ်ပြီး သွပ်ကို အထက်, အောက် နှိုး လုံပိတ်ပြီး မီးလှုံ့ ခုနစ်လုံ ထိုးရမည်။

ခုနစ်လုံ ပြည့်ပါက ခံရည်လောင်းရန်မှာ **ထောပတ်တွင် သုံးကြိမ်၊ ဝက်ဆီတွင်သုံးကြိမ်၊ နှမ်းဆီတွင် သုံးကြိမ်** ခံရည်လောင်းပါ။ ခံရည်လောင်းပြီးပါက ဈေးရောင်း၊ ဈေးဝယ်၊ ဈေးခေါ် အဖြစ် ဆောင်လိုက ဆောင်ထား အသုံးပြုနိုင်ပါသည်။

**ပီယသိဒ္ဓိ တက်လိုပါက** ခုနစ်ရက်သားသမီး နို့ရည်တွင် ခံရည်လောင်းရမည်။

**ခုနစ်ရက်သားသမီး နို့ရည်ကို အချို့ ဆရာများက တနင်္ဂနွေအစ စနေအဆုံး ရှိသော ကလေးမိခင်များ၏ နို့ရည်ကို ယူပြီး ခံရည်လောင်းကြသည်။**

**အချို့သော ဆရာများမှာ တနင်္ဂနွေ အစ စနေအဆုံးရှိသော ကလေးများ၏ မိခင်၏နို့ရည်ကို ယူပြီး ခံရည် လောင်းကြသည်။**



www.burmeseclassic.com

www.burmeseclassic.com

စာရေးသူတို့မှာ ခုနစ်ရက်သားသမီးများ၏ နို့ရည်ကို ဤကဲ့သို့ မယူပါ။ စာရေးသူ၏ ခုနစ်ရက်သားသမီးများ၏ နို့ရည်ယူပုံမှာ အောက်ပါအတိုင်း ဖြစ်ပါသည်။

**ခုနစ်ရက်သားသမီးများ၏ နို့ရည်မှာ...**

၁။ မိခင်ကလည်း တနင်္ဂနွေသမီး ဖြစ်ရပါမည်။
၂။ ကလေးကလည်း တနင်္ဂနွေသား ဖြစ်ရပါမည်။
၃။ နို့ရည်ယူသော နေ့မှာလည်း တနင်္ဂနွေနေ့ ဖြစ်ရပါမည်။
၄။ ခံရည်လောင်းသောနေ့မှာလည်း နို့ရည်ယူသော တနင်္ဂနွေနေ့မှာ ပြီးအောင်လောင်းရမည်။ ***(နေ့ မကူးစေရ)***

ဤအင်္ဂါရပ်များနှင့် ပြည့်စုံမှ **တနင်္ဂနွေတစ်နေ့အတွက် ကိစ္စပြီးပါ**သည်။

ဤနည်းအတိုင်း ကျန်ရှိသော တနင်္လာ၊ အင်္ဂါ စသည့် နေ့များကိုလည်း ဆက်လက်စီရင်သွားပါလေ။

မှတ်ချက်

**မိခင်မှာလည်း သားဦးမိခင် ဖြစ်ရပါမည်။ နို့စို့သော ကလေးမှာလည်း ယောက်ျားကလေး ဖြစ်ရပါမည်။(မိန်းကလေး မဖြစ်ရပါ။) အစဉ်လိုက် လောင်းသွားရမည်။ နေ့ကျော်ပြီး မလောင်းရ။ (ဥပမာ) တနင်္လာသားသမီး နို့ရည်ကို မလောင်းရသေးဘဲ အင်္ဂါ၊ ဗုဒ္ဓဟူး၊ စသည့် မိခင်နို့ရည်ကို မလောင်းရပါ။**

**အင်္ဂါရပ် မပြည့်စုံလျှင် ရပ်ထားနိုင်သည်။ ပြည့်စုံသောအခါ ဆက်လောင်းသွားပါလေ။ ဤနည်းသည် ပြင်ဦးလွင်မြို့မှ မိကြာရိုးဆရာတော်နည်း ဖြစ်ပါသည်။**

**သွပ်ဓာတ်လုံးအကျိုး**

၁။ သွပ်ဓာတ်လုံးကို ဆောင်ထားလျှင် အရောင်းအဝယ် ပွင့်လန်းပြီး စီးပွားဥစ္စာ တိုးတက်၏။
၂။ ခုနစ်ရက်သားသမီးများ မျက်နှာမြင်လျှင် ချစ်ခင်ကြ၏။
၃။ ရန်သူရှိရာအရပ် သွားလျှင် သွပ်ဓာတ်လုံးကို ညာလက်တွင် ဆုပ်ပြီး စိတ်ထဲမှ ရန်သူကို မေတ္တာပို့၊ ရန်သူတွေ့လျှင် ပြုံးရယ်ပြပါ။ မိမိကို သတ်မည့်ရန်သူပင် ပြုံးရယ်နေကြသည်။
၄။ တစ်ရွာ၊ တစ်ပြည်သို့ သွားသော် သွပ်ဓာတ်လုံးကို နံ့သာရည်နှင့် သွေးပြီး ချက်နှင့် ဝမ်းဗိုက်တို့တွင် သုတ်လိမ်းသွား၊ အစားကောင်း၊ အသောက်ကောင်း စားသောက်ရ၏။ အစားအသောက် ပေါများ၏။ စည်းစိမ်ကောင်း၏။

**သတိပြုရန်**

ဤ **သွပ်ဓာတ်လုံးသည် လွယ်မယောင်နှင့် ခက်ခဲလှပါသည်။ အောင်မြင်ဖို့ ခဲယဉ်းလှပါသည်။** အဖျက်အဆီးလည်း များလှပါသည်။ များသောအားဖြင့် ဓာတ်လုံးပျောက်သည်က များလှပါသည်။ မိမိ စရဏအကျင့်သီလကို ထိန်းသိမ်းပြီး အောင်မြင်စွာ စီရင်ကြပါကုန်။

**ပြင်ဦးလွင်မြို့မှ ကန်ဦးဆရာတော် မိကြာရိုးဆရာတော်၊ မာလာရုံဆရာတော်နှင့် ဆင်ဖြူတံ ဆရာတော်ကြီးများအား ကန်တော့ပါ၏။**

***ဆင်းရဲကင်းပျောက် ချမ်းသာရောက်ကြပါစေ။***

ဝိဇ္ဇာမဟာဗိန္ဒု ဆရာ ဦးသန်းမြင့်
***(တိုင်းရင်းဆေး)***

စာရှုသူ၊ သုတေသီနှင့်
စာရေးသူ
ဆောင်းပါးရှင်များသို့...

နက္ခတ္တဗေဒင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပြီးရှိသော ဗေဒင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်းပါးများမှ သင့်လျော်သည်များကို ရွေးချယ်၍ **ဆောင်းပါးပေါင်းချုပ်များ** ထုတ်ဝေနေပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များမှ နက္ခတ္တဗေဒင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါက **ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမည်ကို** သဘောတူညီပြီးဖြစ်သည်ဟု နက္ခတ္တဗေဒင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များတွင် **ပါဝင်လိုခြင်းမရှိသူ** စာရေးသူ **ဆောင်းပါးရှင်များအနေနှင့်** နက္ခတ္တဗေဒင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းသို့ ဆောင်းပါးများကို မူလကတည်းက **ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမှုကိုပါ သဘောတူညီပြီးဖြစ်သည်ဟု နက္ခတ္တဗေဒင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါမည်။

ထပ်မံ၍၊ ရွေးချယ်ဖော်ပြခံရပါက သင့်လျော်သောစာမူခနှင့် စာအုပ်လက်ဆောင်ပါ ပေးပို့ပေးပါမည်။

လေးစားစွာဖြင့်...
ဦးကျော်မိုးသိန်း
စာတည်းချုပ်
နက္ခတ္တဗေဒင်ခြည်မဂ္ဂဇင်း
ပါရမီမဂ္ဂဇင်း
အမှတ် ၂၄၃၊ (၂၉)လမ်း၊
ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com



ဦးကြည်မောင်
(ကျောက်ပန်းတောင်း၊
နေလကမ္ဘာဆေးတိုက်)

# မိုးကြိုးပစ်သစ်သားနှင့်

## စီရင်နည်း

"ပညာမှန်ယို အရွယ်ပျိုက၊ မဆိုစလောက်၊ နှုတ်ပေါက်လွန်မိ၊ အော်သရိုလည်း၊ နောင်းပြီ တစ်ခါ၊ ရှိသေစွာလျှင်၊ ဤစာကိုဆန်း၊ ပုလဲ ခန်းဖြင့် နှုတ်ကြမ်းမာန်လျှော့၊ ငါကန်တော့၏၊ မပေါ့ချစ်ခင်၊ သားနှယ်ကြင်၍၊ လူရှင်တကား၊ သည်းခံပါလော့"

ဟူသော **ရှင်မဟာရဋ္ဌသာရ၏ ချို့လက်ာ**ပါသော ရည်ညွှန်းစာ အတိုင်း ပညာမာန်၊ အတ္တမာန်မာနများ ချိုးနှိမ်ချေဖျက်၍ လက်ဆုပ်ပိုင်ပိုင် ရရှိ ခဲ့သော နည်းပညာတစ်ခုအား အမျိုး၊ ဘာသာ၊ သာသနာကို ကိုယ်ကျိုးစွန့်၍ ဆက်စွန့်ကြိုးပမ်း ထမ်းဆောင်နေကြ သော သဒ္ဓါကြည်လင် ပါရမီရှင်၊ မေတ္တာရှင်များ အလိုရှိက စီရင်သုံးစွဲ၍ သာသနာတော်မြတ်ကြီးအား ပစ္စည်း လေးပါးတို့ဖြင့် အလိုရှိတိုင်း လှူဒါန်း ဆောက်ပံ့နိုင်ရန် **"မိုးကြိုးသစ်သား နှင့် စီရင်နည်း"**ကို ကျွန်ုပ်၏ ကျေးဇူး ရှင်**ဆရာကြီး ဦးပညော(ခေါ်) ဆရာ ကြီး ဦးဘဟန်**၏ လက်တွေ့စီရင် အောင်မြင်ခဲ့ပုံကို ထပ်ဆင့်တင်ပြ ရေးသားလိုက်ပါသည်။

တစ်နေ့သ၌ ကျွန်ုပ်နှင့် ဆရာကြီးတို့ ပွဲ(ပထမံ)ရုပ်ပုံစမများ အစွမ်းထက် မြက်ပုံအကြောင်း ပြောဆိုနေရာမှ စစ်ကွင်းဆရာတော်ကြီး၏ ရှင်သီဝလိ ရုပ်ပုံစမကဲ့သို့ အစွမ်းထက်မြက်သော မိုးကြိုးပစ်သစ်သားကို ရှင်သီဝလိ စီရင် နည်းရရှိပုံကို အောက်ပါအတိုင်း ပြောပြ ပါသည်။

ဆရာကြီး

'ဒီလိုကွ။ ငါ ရဟန်းဝတ်နဲ့ ငါ့အမျိုး တွေရှိတဲ့ နေပြည်တော်မြို့ကိုသွားပြီး အပြန်မှာ ကိုဘိုးရှိန်၊ မညှက်တို့ လင်မယားနဲ့ တွေ့တယ်။ ကိုဘိုးရှိန်က လက်မောင်း မှာ အနာကြီးဖြစ်ပြီး တဖြည်းဖြည်း ပြည်တွေလိုက်ပြီး မခံနိုင်အောင် နံစော် ကိုက်ခဲနေတယ်။

ငါက ဆေးရုံတက်ပြီး မကုဘူးလား ဆိုတော့ ရန်ကုန်ဆေးရုံသွားဖို့ ပိုက်ဆံ မတတ်နိုင်တဲ့အကြောင်း ပြောတော့ ငါက သနားလွန်းလို့ ငါနဲ့ မသိပေမယ့် ဒီလိုဆို ရန်ကုန် လိုက်ခဲ့ဆိုပြီး ငါက စရိတ်ခံ ခေါ်တယ်။

သင်္ဘောပေါ်ရောက်တော့ အနာကြီး က ပုပ်စော်နံလွန်းလို့ လူတွေက ရှောင်,ရှောင်သွားကြတော့ သင်္ဘော ပေါ်မှာ နေရာတော့ ရတာပေါ့ကွ'





www.burmeseclassic.com

www.burmeseclassic.com

**ကျွန်ုပ်**

'အဲဒီတုန်းက ဆရာကြီးက ဘယ်ကျောင်းမှာ နေတာလဲ ဆရာကြီး'

**ဆရာကြီး**

'ငါက ဗားကရာကျောင်းတိုက်မှာ နေတယ်။ ဂျစ်ကားငှားပြီး သူတို့ လင်မယား ကျောင်းခေါ်သွားတာပေါ့။ ကျောင်းရောက်တော့ ကျောင်းသားတွေ အပြင်ထွက် ဆွမ်းခံချိန်ပေါ့ကွာ။ ဗားကရာတိုက်ဆရာတော် ဦးပဒုမက ဒီပဋ္ဌင်းတွေ ထွေးခံသွန်တာ မဟုတ်ဘူးလို့ ပြောရင်း ကိုဘိုးရှိန်တို့လင်မယားကို ဘယ်က သူတောင်းစားတွေလဲလို့ ပြောဆိုနေတယ်။

ဒီတော့မှ ငါက ဝင်လျှောက်ရတယ်။ တပည့်တော် ဆေးရုံတင်ဖို့ ခေါ်လာတာပါ ဘုရား။ စောစောက ပုပ်စော်နံတာ ထွေးခံမသွန်လို့ မဟုတ်ပါဘူးဘုရား။ အနာကြီးက နံနေတာပါ ဘုရား။ ဦးလေးတော်တယ်လို့ လိမ်ပြောလိုက်ရတယ်'

**ကျွန်ုပ်**

'လက်မောင်းက အနာကြီးက တော်တော်အခြေအနေဆိုးတော့ ဆရာတော်က လက်ခံရဲ့လား ဆရာကြီး'

**ဆရာကြီး**

'နောက်တော့ ဆရာတော်လဲ သနားသွားတယ်။ "ဒေါက်တာဘသန်းနဲ့ ငါနဲ့ ရင်းနှီးတယ်။ ကုသလ သွားခေါ်၊ ငါ စာရေးပေးလိုက်မယ်"ဆိုပြီး စာရေးပေးလိုက်တယ်။ ဆေးရုံကြီးမှာ ဒေါက်တာဘသန်းနဲ့ တွေ့ပြီး အားလုံး စီစဉ်ပေးတယ်။ မညက်ကို စကားပြောမမှားစေနဲ့လို့ ကြိုပြောထားရတယ်။ ရွှေလှိုင်ကျောင်းက ကျောင်းအမတွေက ကျောင်းထဲမှာနေတော့ သူတို့ဆီမှာ မညက်ကို ပို့ထားရတယ်။



လက်မောင်းရင်းက အနာကြီး ပေါက်ပြီး ဗိုက်ထဲဝင်ရင် သေမယ်။ လက်မှတ်ထိုးပေးရတယ်။ နောက်တော့ လက်ဖြတ်ပစ်လိုက်ရတယ်'

**ကျွန်ုပ်**

'နောက်တော့ ဘာဖြစ်သွားလဲ ဆရာကြီး'

**ဆရာကြီး**

'လက်ဖြတ်ပစ်လိုက်ပြီး အနာပျောက်တော့ ဆေးရုံကဆင်းပြီး ပုသိမ်မြို့၊ ဘိုးရွှေလှော်ဂန်ကျောင်းရွာ ပြန်သွားကြတယ်။ နောက်(၂)နှစ်လောက်ကြာတော့ ဗားကရာဆရာတော် ပျံတော်မူတယ်။ ငါလဲ မညက်တို့ရွာ ရောက်သွားတယ်။

အဲဒီရွာက ဦးဝိဇ္ဇာခေါ်တဲ့ လူကြီးက ငါ့ကို တတ်လုံးတစ်လုံး လာလှူတယ်။ နေသူရိန် တတ်လုံးလို့ပြောတယ်။ ညမှာ အလင်းရောင်ထွက်နေပြီး ရွှေကျွဲပြီး ပြာထွက်ရင် မျှားရည်နဲ့ စားရတယ် ပြောတယ်။

ဒါနဲ့ သင်္ဘောပေါ်ရောက်တော့ ဒကာတစ်ယောက်က တပည့်တော် ဆွမ်းကပ်မယ်လို့ လာလျှောက်တယ်။ နောက်တစ်ဦးကလဲ ဆွမ်းကျွေးပါရစေ လာလျှောက်ပြန်တယ်။ **နေသူရိန်တတ်လုံးက လာဘ်လာဘတွေ တော့ ပေါတယ်'**

**ကျွန်ုပ်**

'မိုးကြိုးပစ် သစ်သားနဲ့ ရှင်သီဝလီ စီရင်နည်းကို ဘယ်လိုရခဲ့တာလဲ ဆရာကြီး'

**ဆရာကြီး**

'ဘိုးရွှေလှော်ဂန်ကျောင်းရွာက ရခဲ့တာကွ။ အဲဒီရွာမှာ ဗိုလ်ထိုးတဲ့ ဆရာတော်ကြီးတစ်ပါးရှိတယ်။ ရေသယ်သံ ကို ရေငုပ်ယူရင်း ဖျားပြီး ပျံလွန်တော်မူသွားတော့ သူ့စာအုပ်တွေကို ငါ့လက် တော့ အဲဒီထဲက ရတဲ့နည်းပေါ့ကွာ။

ငါ့စေတနာက တကယ် ဒုက္ခရောက်တဲ့သူတွေ့ရင် မကူညီဘဲ မနေနိုင်ဘူး။ ဒါကြောင့် စေတနာအရင်းခံနဲ့ ကယ်တင်ခဲ့တာပါပဲ'

**ကျွန်ုပ်**

'အဲဒီနည်းနဲ့ ဘယ်လိုစီရင် အောင်မြင်ခဲ့တာလဲ ဆရာကြီး'

**ဆရာကြီး**

'ငါ့ဇာတိက ပခုက္ကူမြို့နယ် ကိုရင်းရွာပေါ့ကွာ။ ကိုရင်းရွာကျောင်းက ကိုယ်တော်က ဆေးကုတော့ **မိုးကြိုးပစ် သစ်သားကို ဓားလုပ်ထားပြီး ဓားမန်းနဲ့ အနာတွေကို ကုတာပေါ့ကွာ။**

အဲဒီဓားကို ရှင်သီဝလိရုပ်ထုပြီး ငါက စီရင်ပေးခဲ့တယ်။ ပုဂ္ဂိုလ်(၂)ဦးကို စီရင်ပေးခဲ့တယ်။ ပုဂ္ဂိုလ်တစ်ဦးကတော့ "အရင်က ငါ့အိတ်ထဲ ပိုက်ဆံ(၁၀၀) ပြည့်အောင် မကပ်ဘူး။ ရှင်သီဝလိ စီရင်ပြီးကတည်းက ငွေ အမြဲမပြတ်ဘူး"လို့ ပြောတယ်။ အခြား ပုဂ္ဂိုလ် တစ်ဦးကလဲ "ဆေးအရမ်းရောင်းရပြီး လာဘ်လာဘ ပေါတယ်"လို့ ပြော





www.burmeseclassic.com

www.burmeseclassic.com

တယ်'

ကျွန်ုပ်

'ဆရာကြီးကိုယ်တိုင် တွေ့ခဲ့တဲ့ အတွေ့အကြုံလဲ ပြောပါဦး ဆရာကြီး'

ဆရာကြီး

'ငါထုလုပ်တုန်းကတော့ နက္ခတ်တွေ ဘာတွေ မရွေးခဲ့ပါဘူး။ မင်းတို့ခေတ်မှာတော့ နက္ခ၊ ခပတ်၊ အဝင်အထွက်တွေ အဆင်သင့် ရွေးပေးတဲ့ ဆရာရှင်တွေနဲ့ ဖော်ပြပေးတဲ့ နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စတဲ့ မဂ္ဂဇင်းကြီးတွေရှိတော့ ပိုကောင်းတာပေါ့ကွယ်'

ကျွန်ုပ်

'မိုးကြိုးပစ် သစ်သားနဲ့ ရှင်သီဝလိ ရုပ် ထုလုပ်ပြီးတဲ့အခါ **ဘယ်လိုသိဒ္ဓိတင်ဂါထာ ရွတ်ဖတ်ရတာလဲ** ဆရာကြီး'

ဆရာကြီး

**'စီရင်ထုလုပ်ပြီးလို့ သိဒ္ဓိတင်ဂါထာကို ရွတ်တော့မယ်ဆိုရင်...**

(၁) လူဆိုရင် ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလစောင့်ပြီး သက်သတ်လွတ် စားရတယ်။

(၂) ရဟန်းဆိုရင် ဒေသနာကြား အာပတ်ဖြေပြီးမှ ရွတ်ဖတ်ရတယ်။

အထူးသဖြင့် သိမ်ထဲဝင်ပြီး ရွတ်ဖတ်ရင်တော့ ပိုကောင်းတယ်'

ကျွန်ုပ်

'ဆရာကြီး ရွတ်ဖတ်ပူဇော်တုန်းက ဘယ်မှာလုပ်ခဲ့တာလဲ ဆရာကြီး'

ဆရာကြီး

'မိုးကြိုးပစ် သစ်သား ရှင်သီဝလိရုပ်တုတော် ထုလုပ်ပြီးတော့ **ရွှေတိဂုံစေတီတော်ကြီးရဲ့ အရှေ့မြောက်ထောင့် နောင်တော်ကြီးအရှေ့ဘက်မှာရှိတဲ့ ရုပ်စုံတန်ဆောင်းထဲမှာ**



**ရွတ်ဖတ်**ခဲ့တာ။ ရုပ်စုံတန်ဆောင်းကို ပေါင်းမြက်အသင်းလို့လဲ ခေါ်တယ်'

ကျွန်ုပ်

'ဘယ်လောက်ကြာအောင် ရွတ်ရတာလဲ ဆရာကြီး'

ဆရာကြီး

'အနည်းဆုံး **အခေါက်(၁၀၀၀) ပြည့်အောင်** ရွတ်ရတယ်။ ရွတ်နိုင်လေ ပိုအစွမ်းထက်လေပေါ့ကွယ်။ ငါ ရဟန်းဝတ်နဲ့ ရုပ်စုံတန်ဆောင်း (ပေါင်းမြက်အသင်း)ထဲ ရွတ်ဆိုနေတုန်းမှာ တရားဟော အလွန်ကောင်းတဲ့ ဦးစန္ဒာဝရနဲ့ ဆရာတော်တစ်ပါးလဲ ရှိနေတယ်။ နံနက်စောစော ဆွမ်းစားပြီးကတည်းက ရွတ်လိုက်တာ ညမိုးချုပ်နေဝင်တော့မှ ပြီးတယ်'

ကျွန်ုပ်

'နောက်ဆုံး ရွတ်ပြီးတဲ့အခါမှာ ဘာထူးခြားချက်တွေ တွေ့ရတာလဲ ဆရာကြီး'

ဆရာကြီး

'ထူးခြားဆို ပြောရင် ယုံနိုင်စရာမရှိဘူး မောင်။ ငါလဲ ရွတ်ဖတ်ပြီးရော ရုပ်စုံတန်ဆောင်းထဲက **အိမ်မြှောင်အကောင် (၁၀၀)ကျော်လောက် လက်ခုပ်များ တီးလိုက်သလို တညီတညာ တစ်ပြိုင်တည်း ဝေါခနဲ ဝေါခနဲ ထအော်ကြတယ်။**

အနားက ဦးစန္ဒာဝရ ဆရာတော်က "ဒါ ဝိဇ္ဇာကြွတာ"လို့ ပြောတော့ ငါက "မဟုတ်ပါဘူး ဘုရား၊ တပည့်တော် ဒီရှင်သီဝလိကိုယ်တော်ကို ဂါထာရွတ်လို့ ထအော်တာပါ"လို့ ပြောတော့ "မင်း ဘာအရူးထတာလဲ။ ဒါ ဝိဇ္ဇာကြွတာ"လို့ ပြောတော့ သူတို့ရှေ့မှာ မိုးကြိုးပစ် သစ်သားနဲ့ ထုထားပြီး တစ်နေ့လုံး ရွတ်ဖတ်ထားတဲ့ ရှင်သီဝလိရုပ်ကို လက်ယာဘက်လက်နဲ့ ဆုပ်ကိုင်ပြီးတော့ "အရှင်ဘုရားရဲ့ တန်ခိုးတော်ကို ထင်ရှားအောင် ပြတော်မူပါ" လို့ ဆိုပြီး ညာဘက်လက်ကို အပေါ် မြှောက်လိုက်တော့ စောစောကလိုပဲ အိမ်မြှောက် အကောင်(၁၀၀)ကျော် တစ်ပြိုင်နက်အော်သလို ဝေါခနဲအော်တယ်။

နောက် နှစ်ကြိမ်ဆက်ပြီး ညာလက်ထဲမှာ ရှင်သီဝလိကိုယ်တော်ကို ဆုပ်ကိုင်ပြီး လက်မြှောက်လိုက်တိုင်း ဝေါခနဲ တစ်ပြိုင်နက်တည်း အော်ကြတယ်။ အဲဒီတော့မှ ဦးစန္ဒာဝရနဲ့ အေးမှ ဘုန်းကြီးတစ်ပါးကပါ မင်း ရှင်သီဝလိ အတော်စွမ်းတယ်။ ငါတို့ကိုလဲ ရေစိမ်တိုက်ပါဆိုလို့ ရေစိမ်တိုက်ခဲ့ရတယ်'

ကျွန်ုပ်

'နောက်တော့ ရှင်သီဝလိအစွမ်း ဘာတွေရှိသေးသလဲ ဆရာကြီး'

ဆရာကြီး

'လာဘ်လာဘကတော့ အတော် ထူးထူးခြားခြား ပေါ်များပါတယ်။ **မလိုချင်မှ ရတယ် ဆိုသလိုပေါ့ကွာ။** အဲဒီတုန်းက ငါက သက်သတ်လွတ်



www.burmeseclassic.com

www.burmeseclassic.com

စားတယ်လို့ ဘယ်သူ့မှမပြောဘဲ ဗဟန်းဘက် အမြဲ ဆွမ်းခံကြတယ်။

အဲဒီတုန်းက ငါ့ကို ပဲပြုတ်ဆီဆမ်းပြီး အမြဲလောင်းတဲ့ အဘွားကြီး၊ အဘိုးကြီးနှစ်ယောက်ရှိတယ်။ သူတို့ သက်သတ်လွတ်ဆွမ်း လောင်းလှူလို့ ငါ စားရတယ်ဆိုပြီး အဲဒီအဘွားကြီးကို "ကျွန်ုပ် လက်ဆောင်တစ်ခု ပေးမယ်။ ဖန်အုပ်ဆောင်းဝယ်ထား" ဆိုပြီး နောက်နေ့မှာ အဲဒီရှင်သီဝလိကိုယ်တော်ကို ပေးလိုက်တယ်။

နောက် တစ်လလောက်ကြာတော့ အဘိုးကြီးက ငါ့ကို ပြောတယ်။ အတော် ထူးခြားတယ်။ အိပ်မက်ထဲမှာ ဘုန်းကြီးတွေက ဆွမ်းခံပြီး သူတို့အိမ်လာပြီး ပုံပေးတယ်လို့ အိပ်မက် မက်တယ် ပြောတယ်။ ပစ္စည်းဥစ္စာ လာဘ်လာဘတွေက အတော်ပေါ်များ ပြည့်စုံကြောင်း ငါ့ကို ပြောတယ်'

အထက်ပါ အဖြစ်အပျက်များမှာ ကျွန်ုပ်၏ ကျေးဇူးရှင်ဆရာကြီး ဆင်းရဲနွမ်းပါး၍ ဆေးဝါးမကုသနိုင်သော အနာရောဂါသည် လင်မယားအား ကြင်နာသနားလှန်း၍ စေတနာထားပြီး ဆေးဝါးကုသပေးခဲ့ရာမှ စေတနာကံ အကျိုးပေး၍ ရှေးဆရာကြီးများ စီရင်ထားခဲ့သည့် ရှင်သီဝလိစီရင်နည်းကို ရရှိခဲ့ရာမှ ကိုယ်တိုင် စီရင်အောင်မြင်ခဲ့၍ ဥစ္စာဓနပေါများ ကြွယ်ဝပြီး သာသနာ့ဝန်ထမ်း ရဟန်းသံဃာတော် အရှင်မြတ်များအား ပစ္စည်း(၄)ဖါးတို့ဖြင့် ဝမ်းမြောက်ဝမ်းသာ လှူဒါန်းရသော အဖြစ်မှန်များ ဖြစ်ပါသည်။

တရားချစ်ချင် စိတ်ကောင်းဝင်ကြကုန်သော သဒ္ဓါကြည်လင် ပါရမီရှင် သူတော်ကောင်း အမျိုးကောင်းသား၊ သမီးတို့ အလိုရှိက စီရင်ကိုးကွယ်နိုင်ရန် ရည်သန်၍ အမှန်အတိုင်း စေတနာ



အရင်းခံ၍ တင်ပြလိုက်ပါသည်။

| |
|---|
| မိုးကြိုးပစ်သစ်သား |
| ရှင်သီဝလိရုပ် ထုလုပ်ပြီး |
| ရွတ်ဖတ်ရန် ဂါထာ |

* သီဝလိ စ မဟာနာမံ၊
ဣန္ဒာ ဒေဝါ သ,ဗြဟ္မကာ။
မနုဿပုရိသော ဣတ္ထိ၊
မဟာလာဘံ ဘဝိဿတိ။

* အရှေ့ကို ဘုရား။ အနောက်ကို တရား။
တောင်ကို ပစ္စေကဗုဒ္ဓါ၊ မြောက်ကို
ရဟန္တာ၊ ငါ အလယ်က၊ ကာဆရာကာ၊
ကွယ်ဆရာကွယ်။

* ဘုရားသခင် ရွှေပလ္လင်၊ အောင်မြင်သော
အခါ သိကြားလာ၍ စောင့်။

* အာဒိ အာဒိ အအာဒိ ဂစ္ဆ အမုမှိ
***(အမှန် မှိဖတ်)*** ဩကာသေ တိဋ္ဌာတိ၊
ဗြဟ္မမုန္တံ ဓာရေတိ၊
သုဏာတု မေ ဘန္တေ သံဃော၊
သောသောသသ အအအ အနိ
လဟံ ကုတော နလာဗုဒ္ဓါယ။
သဗ္ဗရက္ခ အလံ ရက္ခန္တု၊
နမော တံ တေသံ သွာဟာ။

မှတ်ချက်

အချို့သော လောကီပညာရှင်များက (*)ခရေပွင့်ပြထားသော ဂါထာ... များရှေ့တွင် "ဥုံ"ထည့်၍ ရွတ်... ကြသည်။

ယင်းဂါထာကို ရှင်သီဝလိကို... တော်မြတ်အား အနည်းဆုံး ခေါက်... (၁၀၀၀) ရွတ်ဆိုရမည်။ ပီပီသ... ဖြည်းဖြည်းမှန်မှန်၊ အာရုံမိမိ ရွတ်... ပါမည်။ **အထူးအားဖြင့် သိမ်ထဲ... ဘေးမှ အစောင့်အဖော်တစ်ဦး ... ၍ နံနက်နေထွက်မှ နေဝင်ချိန်အ... ရွတ်ဆိုပြီးမှ နေအိမ် ဘုရားစ... ပင့်ဆောင်ကာ ဆွမ်း၊ ဆီမီး၊ ... ချမ်း၊ ပန်းတို့ဖြင့် ပူဇော်ရပါမှ လော... အကျိုးစီးပွား အထူးတိုးတက်လာ... မည်။**

အကယ်၍ မိုးကြိုးပစ် သစ်... ရရှိရန် ခက်ခဲသူများ၊ မကြုံကြိုက်... မရနိုင်သေးသူများ စိတ်ပျက်အား... ရန် မရှိပါ။

မိမိအိမ်၌ ကိုးကွယ်ထားရှိပြီးဖြစ်... ရှင်သီဝလိ ကိုယ်တော်မြတ်ကြီးအ... ရှင်သီဝလိ(၁၀)ဂါထာဖြင့် (၃)ကြိမ် ... ပူဇော်ပြီး အထက်ပါဂါထာဖြင့် တစ်နေ့... (၁၀၈)တစ်ရာ့ရှစ်ခေါက် တစ်လတိတိ ... ဖတ် ပူဇော်သွားမည်ဆိုလျှင် ... လောကုတ္တရာ အကြံအစည်များ အော... ၍ သာသနာတော်မြတ်ကြီးအား ပစ္စည်း... ပါးတို့ဖြင့် စိတ်အလိုရှိတိုင်း လှူဒါန်းနိုင်... လိမ့်မည်။

***တစ်စတစ်စ စွန့်ဝံ့ကြ၍ ဘဝ... နောင်း ဆက်တိုင်းကောင်းကြပါ...***

ဦးကြည်မောင်
***(ကျောက်ပန်းတောင်း။***
***နေလကမ္ဘာဆေးတိုက်)***



www.burmeseclassic.com

www.burmeseclassic.com

လူတိုင်းအတွက် တရုတ်ရိုးရာ

# အိပ်မက်ရှင်းတမ်း (၅၃)

ထက်မြင့်ကျော်စွာ



❂ အပ်ကို မြင်မက်ခြင်းသည် အခက်အခဲ ဒုက္ခတို့နှင့် သက်ဆိုင်သည်။

✤ **အမျိုးသမီးက အပ်ချုပ်လုပ်ငန်း လုပ်ရသည် (အပ်ကိုသုံး၍ ချုပ်လုပ်ရသည်)ဟု မြင်မက်လျှင်...**
အဆင့်အတန်း မြင့်မားမည့်နိမိတ် ဖြစ်သည်။

✤ **အိမ်ထောင်မရှိသေးသော အပျို က မြင်မက်လျှင်...**
ငွေကြေး ပြည့်စုံသော လူကုံထံ မိသားစုဝင် ဖြစ်သွားနိုင်သည်။ *(ငွေကြေးပြည့်စုံသူနှင့် လက်ဆက်ရတတ်သည်။)*

✤ **အိမ်ထောင်ရှင်မက မြင်မက်လျှင်...**
ငွေကြေးဥစ္စာ တိုးတက်ချမ်းသာမည်။

✤ **အဘွားအို၊ အရွယ်ကြီးရင့်သူ အမျိုးသမီးက မြင်မက်လျှင်...**
ပူဇော်ကန်တော့ခြင်းခံရ၍ ငွေကြေး လာဘ်လာဘများစွာ ရရှိမည်။

✤ **ခင်ပွန်းနှင့်စကားများ ပြတ်စဲထားသူ၊ တစ်ခုလပ် မိန်းမက မြင်မက်လျှင်...**
ခင်ပွန်းနှင့် ပြန်လည် ပေါင်းဖက်ရကိန်း ရှိသည်။

✤ **ကျောင်းသူက မြင်မက်လျှင်...**
ယောက်ျားလေးသူငယ်ချင်း ကူညီခြင်းခံစားရမည်။

✤ **ခရီးသည်မက မြင်မက်ပါက...**
တိုးတိုးဖော် မိန်းမမိတ်ဆွေရ၍ ခရီး အဆင်ပြေမည်။

✤ **နာမကျန်းဖြစ်သူ အမျိုးသမီးက မြင်မက်ပါက...**
အမျိုးသမီးဝေဒနာ ခံစားရခြင်း ဖြစ်ကာ မကြာမီ ဆေးဝါးတွေ့ရှိ ပျောက်ကင်းသွားမည်။

✤ **ဥစ္စာပျောက်စဉ် မြင်မက်ပါက...**
မိန်းမဖော်ချင်း စနောက် ကွက်ဝှက်ထားခြင်းဖြစ်၏။

❂ အမျိုးသားက အပ်ချုပ်လုပ်ငန်း လုပ်ကိုင်ရသည်ဟု (အချုပ်အလုပ်ကိစ္စများ ပြုလုပ်ရသည်ဟု) မြင်မက်ပါက ဆိုးဝါးသော နိမိတ် ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးကမြင်မက်လျှင်...**
လုပ်ငန်းစီးပွား ဆုံးရှုံးကျဆင်းမည်။

✤ **လူရွယ်၊ လူလတ်များက မြင်မက်လျှင်...**
ဆင်းရဲမွဲတေသော ဘဝကို ရင်ဆိုင်ရတတ်သည်။

✤ **ကျောင်းသားက မြင်မက်လျှင်...**
ပညာရေး ဆုံးခန်းမတိုင်ဘဲ တစ်ပိုင်းတစ်စနှင့် ကျောင်းထွက်ရကိန်းရှိသည်။

✤ **နာမကျန်းဖြစ်စဉ် မြင်မက်ပါက...**
ဆေးဝါးကုထုံး မှားယွင်း၍ ဝေဒနာ တိုးပွားတတ်သည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**
မိန်းမဖျက်၍ ဒုက္ခကြုံမည်။

✤ **ကုန်သည်က မြင်မက်ပါက...**
ကုန်ရှုံး၍ အရင်းပြုတ်ကိန်း ကြုံရဖွယ်ရှိ၏။

✤ **ပစ္စည်းပျောက်စဉ်မြင်မက်ပါက...**
စနစ်တကျ အကွက်ချ ကြံစည်ခြင်း ဖြစ်သည်။ ပြန်လမ်း မရှိတော့ပါ။

✤ **လူပျိုက မြင်မက်လျှင်...**
ချစ်သူ၏ ပစ်ပစ်ခါခါ ပြုမူခြင်းခံရဖွယ်ရှိသည်။

✤ **ချစ်ခွင့်ပန်ထားစဉ်မြင်မက်ပါက...**
နီးစပ်နိုင်ခြေမရှိ၊ မျှော်လင့်ချက်ကင်းမဲ့လိမ့်မည်။

✤ **သက်ကြီးရွယ်အို အဘိုးအိုက မြင်မက်လျှင်...**
တစ်ကိုယ်တည်း အထီးကျန်ဆန်စွာဖြင့် ဘဝကို ရုန်းကန် ရင်ဆိုင်ရဖွယ်ရှိသည်။

❂ အပ်ကျိုးသည်ဟု မြင်မက်ပါက အသင်းအဖွဲ့ ဝန်းကျင်တစ်ရပ်မှ ထုတ်ပယ်ခြင်း ခံရမည့် နိမိတ်ဖြစ်သည်။ *(ယောက်ျား၊ မိန်းမ မခွဲခြားပါ။)*

www.burmeseclassic.com

✤ **ဝန်ထမ်းက မြင်မက်လျှင်...**

လုပ်ငန်းတာဝန် ရပ်ဆိုင်းခြင်း ခံရတတ်သည်။

✤ **ကျောင်းသူကျောင်းသားက မြင်မက်က...**

ကျောင်းထုတ်ခံရကိန်းရှိသည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ရပ်ရွာဝန်းကျင်မှ ဖယ်ကြဉ်ခြင်း ခံရမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

ခင်ပွန်း၏ လျစ်လျူပြုခြင်း ခံရတတ်သည်။

✤ **မိန်းမပျိုက မြင်မက်လျှင်...**

ယောက်ျားပျိုတို့၏ စိတ်ဝင်စားမှု ခံရဖွယ်မရှိချေ။

✤ **ယောက်ျားပျိုက မြင်မက်လျှင်...**

မိတ်ဆွေသူငယ်ချင်းများက ပ,ထုတ်ဖယ်ရှားခြင်း ခံရမည်။

✤ **ပစ္စည်းပျောက်စဉ် မြင်မက်က...**

ပုံစံပြောင်း၍ အဝေးသို့ ရောက်သွားပြီ။ မရနိုင်တော့ပါ။

✤ **ကျန်းမာရေးယိုယွင်းစဉ် မြင်မက်ပါက...**

နာတာရှည်တတ်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

လုပ်ဖော်ကိုင်ဖက် ဖောက်သည် ဝယ်လက်များနှင့် အခင်းများရကိန်းရှိသည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

မြေစမ်းခရမ်းပျိုးမိသဖြင့် ခဲလေသမျှ သဲရေကျမည်။ *(ရင်းနှီးကျွမ်းဝင်ခြင်းမရှိသည့် သီးနှံများ စိုက်ပျိုးစမ်းသပ်ခြင်းဖြင့် ငွေကုန်၊ အချိန်ကုန်မည်။)*

◎ အပ်အရိုးခံရသည်ဟု မြင်မက်လျှင် မထင်မှတ်သော ဒုက္ခသုက္ခများ ထိုးနှက်ခြင်း ခံရကိန်းရှိသည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

စီးပွားအလုပ်အကိုင်အတွက် မလိုမုန်းထားသူတို့၏ အလစ်အငိုက် ထိုးနှက်မှုကြောင့် နစ်နာဆုံးရှုံးမှု ကြီးမားမည်။

✤ **အိမ်ရှင်မက မြင်မက်လျှင်...**

မနာလိုသူတို့ကြောင့် စားဝတ်နေရေး အကျပ်အတည်း ကြုံမည်။

✤ **လူပျိုက မြင်မက်လျှင်...**

ချစ်မှုရေးရာတွင် မမျှော်လင့်သော အနှောင့်အယှက် ကြီးမားစွာ ပေါ်တတ်သည်။

✤ **အပျိုက မြင်မက်လျှင်...**

မလိုမုန်းထားသူတို့ စနက်ကြောင့် ဂုဏ်သိက္ခာ ကျဆင်းရဖွယ်ရှိ၏။

✤ **ကျောင်းသူကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲများတွင် မှန်းချက်နှင့် နှမ်းထွက်မကိုက် ဖြစ်နိုင်သည်။ *(ပညာရေးမျှော်လင့်ချက်များ ဆုံးရှုံးနိုင်သည်။)*

✤ **ကုန်သည်က မြင်မက်လျှင်...**

စီးပွားပြိုင်ဘက်၏ အကွက်ချ စီစဉ်လုပ်ကြံမှုကြောင့် စီးပွားပျက်နိုင်ခြေရှိသည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေ ဆုံးရှုံးတတ်သည်။

✤ **နာမကျန်းဖြစ်နေသူက မြင်မက်ပါက...**

ဆေးထိုးဆေးစား မှားယွင်း၍ ဝေဒနာ ဆိုးရွားပြင်းထန်လိမ့်မည်။

✤ **ခရီးသွားစဉ် မြင်မက်ပါက...**

ခိုးဝှက်လုယက်မှု ကြုံရကိန်းရှိသည်။





◎ သင်တုန်းဓားကို မြင်မက်ခြင်းကား ကောင်းမွန်သော နိမိတ်ဖြစ်သည်။ *(သင်တုန်းဓားဆိုရာတွင် မောင်းချဓား၊ မုတ်ဆိတ်ရိတ်ဓားများအားလုံး အကျုံးဝင်ပါသည်။)*

✤ **အိမ်ထောင်ဦးစီးက သင်တုန်းဓားဖြင့် မုတ်ဆိတ်၊ နှုတ်ခမ်းမွေးများ ရိတ်သင်ရသည်ဟု မြင်မက်လျှင်...**

ငွေကြေးမြောက်မြားစွာ ရှာဖွေရရှိမည်။

✤ **ဆံသဆရာက သင်တုန်းဓားအသုံးပြုရသည်ဟု မြင်မက်လျှင်...**

ဝင်ငွေ တိုးပွားမည်။

✤ **ကုန်သည်က သင်တုန်းဓားအသုံးပြုရသည်ဟု မြင်မက်ပါက...**

မကြာမီ ပြည်ပရပ်ခြားသို့ သွားလာ၍ အဘက်ဘက်မှ စီးပွားလာဘ်လာဘများ ဝေဝေဆာဆာ ဝင်လာမည်။

✤ **အမှုထမ်း၊ အရာထမ်းက**



www.burmeseclassic.com

www.burmeseclassic.com

သင်တုန်းဓား အသုံးပြုရသည် ဟု မက်လျှင်...

မကြာမီ ရာထူးတိုး၍ ဘွဲ့ထူး၊ ဂုဏ်ထူးခံ မင်းစိုးရာဇာ ဖြစ်နိုင်သည်။

✤ **လူပျိုက မြင်မက်လျှင်...**

လုပ်ငန်းစီးပွား အတည်တကျဖြင့် ဟန်ကျပန်ကျ နေနိုင်မည်။

✤ **အရွယ်လွန်သူက မြင်မက်လျှင်...**

ဇနီးကောင်းရရှိ၍ နေထိုင်မှု အဆင့်အတန်း တိုးမြင့်မည်။

✤ **နာမကျန်းဖြစ်သူက မြင်မက်လျှင်...**

ခံစားရသော ဝေဒနာများ မကြာမီ သက်သာပျောက်ကင်းမည်။

✤ **အချုပ်အကျဉ်းကျနေသူက မြင်မက်လျှင်...**

မကြာမီ လွတ်မြောက်မည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေ၊ ကောက်ပဲသီးနှံများ တိုးပွားရရှိမည်။

✤ **ပစ္စည်းပျောက်စဉ်မြင်မက်ပါက...**

ပကတိ အခြေအနေအတိုင်း ပြန်ရမည်။

✤ **ကျောင်းသားက မြင်မက်လျှင်...**

စာမေးပွဲ၌ ထူးချွန်စွာ အောင်မြင်မည်။

**(မှတ်ဆိတ်၊ နှုတ်ခမ်းမွေးနှင့် သင်တုန်းဓားတို့မှာ အမျိုးသား အသုံးအဆောင် ဖြစ်သောကြောင့် အမျိုးသမီးများအတွက် ပါဝင်ခြင်း မရှိပါ။)**

✤ **ကျိုးပဲ့နေသော သင်တုန်းဓားကို အသုံးပြုရသည်ဟု မြင်မက်လျှင်...**

ဆုံးရှုံးခြင်း၊ ပျက်စီးခြင်းလက္ခဏာ ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်**



**လျှင်...**

အလုပ်အကိုင် ဆုတ်ယုတ်ပျက်ပြား တတ်သည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ကုန်စည်များ အရှုံးပေါ်၍ ဒေဝါလီခံ ရကိန်းရှိသည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေ လက်လွတ်ဆုံးရှုံးရ ဖွယ်ရှိသည်။

✤ **ခရီးသွားစဉ် မြင်မက်လျှင်...**

စားရေရိက္ခာ ပြတ်လပ်၍ ငတ်မွတ် ဒုက္ခကြုံရမည်။

✤ **နာမကျန်းဖြစ်စဉ် မြင်မက်ပါက...**

ဤတောင်မှ ကျော်နိုင်ဖို့ မလွယ် ပါ။ ***(ရောဂါကျွမ်း၍ တစ်ဘဝအေးငြိမ်းမည်။)***

✤ **ကျောင်းသားက မြင်မက်လျှင်...**

ယခုနှစ် စာမေးပွဲအောင်ဖို့ မရှိပါ။

◎ မှတ်ဆိတ်ရိတ်စဉ် တရှရှည်ဟု မြင်မက်လျှင် ဆန္ဒ အကြံအစည်အောင်မြင်မည်။ သို့သော် ပင်ပန်းခဲခက်စွာ အားထုတ်ကြိုးစားနိုင်မှ ရမည်။

✤ **သင်တုန်းဓား ဝယ်ရသည်ဟု မက်က...**

ပြောင်းရွှေ့ခြင်းနိမိတ် ဖြစ်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

အလုပ်အကိုင် ပြောင်းရွှေ့ရမည်။

✤ **လူပျိုက မြင်မက်လျှင်...**

နေအိမ် ပြောင်းရွှေ့ရမည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

ကုန်စည် ဈေးကွက် အပြောင်းအလဲ ဖြစ်မည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာမြေ၊ စိုက်ပျိုးသီးနှံ ပြောင်းလဲရမည်။

◎ သင်တုန်းဓား ရောင်းရသည်ဟု မက်လျှင် ဘေးအန္တရာယ်ကျရောက်မည့် သဘော ဆောင်သည်။

✤ **အိမ်ထောင်ဦးစီးက မြင်မက်လျှင်...**

ပတ်ဝန်းကျင်မှ ဖယ်ကြဉ်ခြင်း ခံရမည်။

✤ **လူပျိုက မြင်မက်လျှင်...**

တစ်ကိုယ်တည်း အထီးကျန် အဖော်မဲ့ဖြစ်နေမည်။

✤ **နာမကျန်းဖြစ်စဉ် မြင်မက်က...**

ရောဂါအနာ ကြာရှည်မည်။

✤ **ကုန်သည်က မြင်မက်လျှင်...**

အရောင်းအဝယ် ထိုင်းမှိုင်း ငြိမ်သက်နေမည်။

✤ **တောင်သူလယ်သမားက မြင်မက်လျှင်...**

လယ်ယာထွက်သီးနှံ ဈေးမရ ဖြစ်မည်။

✤ **ရန်သူ၊ ပြိုင်ဘက်က သင်တုန်းဓား ယူသွားမည် မြင်မက်လျှင်...**

ဘေးဒုက္ခ၊ အကျပ်အတည်းများ ကျရောက်မည့် နိမိတ်ဖြစ်သည်။

✤ **ရန်သူ၊ ပြိုင်ဘက်က သင်တုန်းဓားဖြင့် အခြားသူတစ်ဦးအား ရိတ်သင်လိုးဖြတ်သည်ဟု မြင်မက်ပါက...**

မိတ်ဆွေ အပေါင်းအသင်းထံမှ ကျေးဇူးတုံ့ပြန်ခြင်း ခံရတတ်သည်။

**ထက်မင်းကျော်စွာ**




www.burmeseclassic.com

www.burmeseclassic.com

# အသည်းခြောက်

(ရေဖျဉ်းစွဲ)ရောဂါအတွက် ဆေးတစ်လက်



ကျွန်တော်သည် **ညောင်ချောင်းကျေးရွာ**သို့ ရောက်ခဲ့သည်။ ညောင်ချောင်းကျေးရွာမှာ ဧရာဝတီတိုင်းဒေသကြီး၊ ဖျာပုံခရိုင်၊ ကျိုက်လတ်မြို့နယ်အတွင်းတွင် တည်ရှိသည်။ တပည့်ဖြစ်သူ မောင်မျိုးဝင်း၏ ယောက္ခမများဖြစ်ကြသော ဦးဘလှနှင့် ဒေါ်အုန်းမြင့်တို့၏နေအိမ်တွင် ဖြစ်သည်။

'ဆရာ ပန်းသီး သုံးဆောင်ပါဦး'

ဦးဘလှက ကျွန်တော့်ကို ညွှဝတ်ပြု၍ သူကတော့ ပျားလိမ္မော် အမြွှာများကို တစ်စုစီ စားနေသည်။ အရည်ကို မျိုချ၍ အဖတ်ကို ထွေးထုတ်ပစ်သည်။

'ဟုတ်ကဲ့ပါ သုံးဆောင်ပါ့မယ် ခင်ဗျာ'

ဟု ဆို၍ ကျွန်တော်က ပန်းသီးတစ်စိတ်ကို ကောက်ကိုင်လိုက်သည်။

'သူ့နာမည်က ဒေါ်အုန်းတဲ့ ဆရာရဲ့။ သံတွဲသူပေါ့။ ကျွန်တော်တို့ရဲ့အစ်ကို တစ်ဝမ်းကွဲတစ်ယောက်နဲ့ အိမ်ထောင်ကျတာ။ အခုတော့ ယောက်ျားဖြစ်သူက ဆုံးသွားရှာပြီ'

ဦးဘလှက မိတ်ဆက်ပေးသည်။

'ဟုတ်ကဲ့ တွေ့ရတာ ဝမ်းသာပါတယ်။ ဒေါ်အုန်းလဲ ပန်းသီးစားလေ'

ကျွန်တော်က အလှူရှင်၏ ပန်းသီးနှင့်မျက်နှာလုပ်လိုက်သည်။

'သုံးဆောင်ပါ ဆရာရယ်...ဆရာနဲ့ ကြုံတုန်း ကျွန်မသားလေးရဲ့ ရောဂါဖြစ်ကြောင်းကို ပြောရဦးမယ်'

'ဟုတ်ကဲ့ ပြောပါ ဒေါ်အုန်း'

ကျွန်တော်သည် ပန်းသီးစားရင်းက ဒေါ်အုန်း၏စကားကို နားဆင်မိသည်။

'ကျွန်မရဲ့သားလေးလေ ရေဖျဉ်းစွဲတဲ့ ရောဂါဖြစ်တော့ ဆေးရုံတက်ရတယ်။ ဆရာဝန်က ဒါ အသည်းခြောက်ပြီး ဖြစ်ရတာတဲ့။ ရောဂါကလွန်နေပြီ။ နေရပ်ကိုသာ ပြန်ပေတော့လို့ ပြောပြီး ပြန်လွှတ်လိုက်တယ်။ ဒါနဲ့ ပြန်လာပြီး အိမ်ကိုရောက်တော့ အဲဒီဆေးကို သောက်လိုက်တာ အခုတော့ သက်သာ ပျောက်ကင်းသွားပါပြီ'

မှန်ပါသည်။ ဒေါ်အုန်းပြောသော ဆေးနည်းမှာ...

တရုတ်စံကားပင်အနီ၏ အခေါက်ကို ခွာ၍ ထုထောင်းပြီး ရေကို ရေသန့်ပုလင်း သုံးလုံးထည့်ပါ။ တစ်ပုလင်းကျန်အောင် ပြုတ်ပါ။ ထို့နောက် ရေသန့်ပုလင်း အလွတ်တစ်ခုတည်းတွင် ထည့်၍ သောက်နိုင်သလောက် သောက်ပါ။ ယုံယုံကြည်ကြည် သောက်သုံးပါ။ အသည်းခြောက်ရောဂါ သက်သာ ပျောက်ကင်းသွားပါလိမ့်မည်။ တရုတ်စံကားပင် အနီအပွင့်ကို သုပ်စားလျှင်လည်း ရပါသည်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်ပြည်သူများအတွက် ရခိုင်တိုင်းရင်းသူ သံတွဲသူ ဒေါ်အုန်း၏ ဆေးနည်းကို မျှဝေခံစားလိုက်ပါသည်။

မေတ္တာဖြင့်...

(ဩ-သု)ဆရာ ဦးမြင့်သိဏ်း [မအူပင်မြို့]



www.burmeseclassic.com

www.burmeseclassic.com

ကိုရွှေမောင်
(ဒေါင်းအင်းကုန်း)

ကရင်ရိုးရာ

# ကမျဉ်းချိုးပညာ နှင့်

ကိုထုံးဆန်း

ဒေါင်းအင်းကုန်းရွာလေးသည် ကရင်ပြည်နယ် သာမိတိုက် ကရင်(၉)ရွာအုပ်နှင့် ရေတာရှည်မြို့နယ် အစပ်ဒေသဖြစ်သည်နှင့်အညီ ကရင်တိုင်းရင်းသားတို့၏ ယဉ်ကျေးမှု ဓလေ့ထုံးတမ်းစဉ်လာလေးတို့သည် နေမှုထိုင်မှု သွားလာမှု ခပ်ဆင်ဆင်တူညီကြသည်။

(၉)ရွာအုပ်စုစလုံး ထေရဝါဒ ဗုဒ္ဓဘာသာဖြစ်၍လည်း ပို၍ စည်းလုံးညီညွတ်မှု ရှိကြသည်။ ခင်မင်မှု ပို၍ရှိကြသည်။ ရောင်းဝယ်ဖောက်ကားဆန်,ဆီ,ဆား ဈေးကုန်မှ အစ မုန့်ပဲသရေစာအဆုံး ကရင်ပြည်နယ်၊ သာမိတိုက် ကျေးရွာအုပ်စု ထွက်ကုန်များအပြန်အလှန် ရောင်းဝယ်ကြသည်။

ကရင်တိုင်းရင်းသားတို့ထံမှ ဆင်းသက်လာသော တောင်ယာများ ခုတ်ရှင်းလင်းပြီး ပေါက်တူးပေါက်မြေပဲများ စိုက်ပျိုးခြင်းဖြင့်လည်း အသက်မွေးကြသည်။

ကျွန်ုပ် တင်ပြလိုသည်မှာ ကရင်တိုင်းရင်းသားရိုးရာတစ်ခုမှ ဆင်းသက်လာသော ရိုးရာပညာရပ်တစ်ခု ဖြစ်သည်။ ကျွန်ုပ်မှာ စုန်း, တစ္ဆေ, ကဝေ, မြွေဟုတ် စသည်တို့အားလုံး လုံးဝမယုံတတ် အယူမသီးတတ်ပါ။

သို့သော်...

ဒေါင်းအင်းကုန်း ကျေးရွာအုပ်စုသည် ဒေါင်းအင်းကုန်း, ငွေးသဲ, ထပ်ဆိုး, ဆည်တော် (၄)ရွာ ပေါင်းသောအုပ်စုဖြစ်သည်။ ယင်း(၄)ရွာ အုပ်စုထဲမှ ငွေးသဲကျေးရွာဖြစ်သည်။

ကျွန်ုပ် ယင်းရွာမှ ဦးစိန်မောင်ဆိုသူနှင့် ရင်းနှီးကျွမ်းဝင်ခွင့် ရလာသောအခါ ကျွန်ုပ်စိတ် ဇဝေဇဝါ အနည်းငယ်ဖြစ်သွားရသည်။ အကြောင်းကား ယင်း ဦးစိန်မောင်သည် **ကရင်တိုင်းသားရိုးရာ ကမျဉ်းချိုးပညာရှင်တစ်ဦး** ဖြစ်နေသောကြောင့် ဖြစ်သည်။

ရပ်ရွာတွင် လူမမာတစ်ဦး ရှိငြားအံ့၊ ယင်း လူမမာရှင်သည် သွေးရိုးသားရိုးနှင့် မရိုးမသား ယှဉ်ပြီး ဖြစ်နေသည်ဟု ထင်ငြားအံ့ ဦးစိန်မောင်ထံ လာရောက်၍ ဆုံးဖြတ်မှု ရယူရသည်။

ဦးစိန်မောင်မှ ကရင်ရိုးရာ ကမျဉ်းချိုးပညာဖြင့် ရိုးရိုးသားသား ဖြစ်သောရောဂါ (သို့မဟုတ်) မရိုးမသား(ကျတ်၊ ဖုတ်၊ လူး၊ ရွာသူ)စသည်ဖြင့် ခွဲခြားပေးရသည်။

ကျွန်ုပ် ကြုံတွေ့ရခဲ့သော တစ်နေ့ဖြစ်ပါသည်။

ငွေးသဲကျေးရွာလေးမှာပင် ဖြစ်သည်။ ယင်းရွာထဲမှ ကလေးငယ်တစ်ဦး ကျန်းမာရေးမကောင်းဘဲ အသည်းအသန် ဖြစ်နေသည်။ ကျွန်ုပ် ယင်း လူမမာကလေးအား သွားရောက်မေးမြန်းစဉ် သူ့ဖခင် ဦးရဲလွင်မှ ကျွန်ုပ်အား ပြောပါသည်။

'ဆရာ ကျွန်တော့်ကလေးဖြစ်တာ သွေးရိုးသားရိုးမဟုတ်ဘူး ထင်တယ်။ မရိုးသားတာ ပါမယ်ထင်တယ်။ ကလေး အလူးအလဲ ဖြစ်နေတယ်ဗျာ'

'ဦးရဲလွင်ကလဲဗျာ ဒါတွေ အယူသီးမနေပါနဲ့ သိပ္ပံထွန်းကားနေတဲ့ခေတ်ကြီးမှာ မရိုးတာတွေ မဆန်းတာတွေ မရှိပါဘူး။ အဆုတ်အအေးပတ်၊ ငှက်ဖျား၊ အူရောင်ငန်းဖျား၊ အသည်းရောင်အသားဝါ၊ တုပ်ကွေး၊ ဝက်သက် စတဲ့ရောဂါတစ်ခုခုပေါ့ဗျာ။ ဘာဆန်းပြားတဲ့ ရောဂါဖြစ်ရမလဲ'

'အဲဒီလိုလဲ ပြောလို့မရဘူး ကျွန်တော်တို့ အရပ်ဒေသဟာ တောတွေ၊ တောင်တွေ၊ လျှိုတွေမြောင်တွေကြားမှာ လုပ်ကိုင်စားသောက်ရတာဆိုတော့ ပစ်ပယ်လို့ မရဘူး'

'ကျွန်တော်ကတော့ လက်တွေ့သမားပဲ ဦးရဲလွင်။ ခင်ဗျားပြောတာတွေက ခေတ်နောက်ပြန်ဆွဲဝါဒလို့ ပြောချင်တယ်ဗျာ'

'ကဲ ဒါဖြင့် လက်တွေ့ ရွာထဲက ဦးစိန်မောင်ဆီ သွားမေးကြစို့ဗျာ'

'သွားလေ မျက်မြင်ကိုယ်တွေ့မှ ယုံနိုင်မယ်'





www.burmeseclassic.com

www.burmeseclassic.com

ဦးရဲလွင်မှ ကျွန်ုပ်ကို စိန်ခေါ်စကားဖြင့် လက်မအရွယ်ဝါးကို ဖြာထားသော နှီး(၃)ချောင်းယူကာ ကျွန်ုပ်ရှေ့မှာပင် လူမမာ သူ့သားလက်ထဲ အဆုပ်အကိုင် နိုင်းပြီး...

'ဒီလူမမာမှာရှိတဲ့ ရှိရင်းစွဲအတိုင်း ဒီနှီးမှာ လိုက်ခဲ့ အားလုံးတစ်ခုမှ မကျန်စေနဲ့'

ဦးရဲလွင်နှုတ်မှ ရွတ်ဆိုပြီး ဖိတ်ခေါ်လိုက်ကာ သူ့သားလက်ထဲမှ နှီး(၃)ချောင်းအား ပြန်ယူလိုက်သည်။

'လာ သွားမယ်၊ ဆရာဦးစိန်မောင်ဆီ သွားကြစို့'

ဦးရဲလွင်မှ နှီး(၃)ချောင်းကိုင်လျက် ကျွန်ုပ်က ယင်းနောက်မှ ရွာလယ်တွင် နေထိုင်သော ကျွန်ုပ်မိတ်ဆွေကြီး ဦးစိန်မောင်ထံ သွားကြသည်။ ရောက်သောအခါ ဦးရဲလွင်မှ နှီး(၃)ချောင်းအား ဦးစိန်မောင်ကို ပေးလိုက်သည်။ ဦးစိန်မောင်မှ ယင်းနှီး(၃)ချောင်းအား ယူလိုက်သည်။

'ဒီကလေး အစွဲရှိနိုင်တယ်။ နှီးကို ယူလိုက်တာနဲ့ တစ်ကိုယ်လုံး ကြက်သီးမွေးညင်းတွေ ထသွားတယ်ကွာ'


'အေးဗျာ သေသေချာချာ စစ်ဆေးပေးစမ်းပါဗျာ။ ဟောဒီမှာ ခင်ဗျားမိတ်ဆွေကြီး ဦးရွှေမောင်က မယုံတစ်ဝက် ယုံတစ်ဝက် ဖြစ်နေတယ် ယုံသွားအောင် ပြလိုက်ဗျာ'

'စိတ်ချ ရဲလွင်၊ မင်း ငါ့အကြောင်း သိပါတယ်ကွာ။ ငါစစ်ဆေးရင် ဘယ်တုန်းက လွဲခဲ့လို့လဲ။ ရှိးရင် ရှိးတယ်၊ မရှိးသားရင် မရှိးသားဘူးဆိုတာ လက်တွေ့ ကမျှင်းချိုးပညာနဲ့ ပြပါမယ်။ ရွှေမောင်တော သေသေချာချာ ကြည့်ထား။


မင်းက စစ်ထွက်ပီပီ တော်ရုံတန်ရုံ သိပ်မယုံတတ်ဘူးဆိုတာ ငါလဲ သိတယ်။ ဟောဒီမှာကြည့်၊ ရဲလွင် ငါ့ကို ပေးတဲ့ နှီး(၃)ချောင်းက ကြသောင်းနှီး။ ဒီလို ကမျှင်းချိုးတော့မယ်ဆိုရင် တင်းဝါးနှီးနဲ့ လုပ်လို့မရဘူး။ သိုက်ဝါးတို့ ကြသောင်းဝါးနှီးတို့မှ ရတယ်။ ချိုးမယ့် နှီးတစ်ချောင်းကို လက်နဲ့ လက်(၁၂)သစ်ရအောင်တိုင်း။ တိုင်းထားတဲ့ နေရာကို အမှတ်အသားအဖြစ် ချိုးထားလိုက်၊ ချိုးထားပြီး မှတ်ထားတဲ့ နေရာအထက်ကို နှီးအစိတ် (၃)စိတ် ရအောင် စိတ်ပေးရတယ်။

* * *

လက်(၁၂)သစ်အပိုင်း



(၃)စိတ် စိတ်ထားပုံ



အထက်ပုံပါအတိုင်း အစိတ်(၃)စိတ် စိတ်ပြီးတာနဲ့ အဓိဋ္ဌာန်နဲ့ မေးရတယ်။ ဘယ်လို အဓိဋ္ဌာန်ရသလဲဆိုတော့...

'ကဲ... လာမေးတဲ့ ရဲလွင်ရဲ့သား စွဲရင်းရှိရင် ခေါင်း မိမိဘက် လှည့်ပြ မရှိရင် လှည့်မပြနဲ့'

ဆိုပြီး ဟောဒီလို ခွဲထားတဲ့ နှီး (၃)စိတ်ကို တစ်စိတ်ချင်း မကြည့်ဘဲ တစ်ဆစ်ချင်း ချိုးပေးရတယ်။ တဆစ်ချင်းချိုးပြီးတာနဲ့ လက်(၁၂)သစ် မှတ်ပြီး ချိုးထားတဲ့နေရာကို အဖျားနှီးထိပ်ကနေ လက်(၁၂)သစ် မှတ်ထား... နေရာကို ချိုးကွေးကြည့်လိုက်'


ဦးစိန်မောင်မှ နှီးစိတ်အား (၃)စိ... ခွဲပြီး နှီးတစ်စိတ်ချင်း လက်နှင့် ချိုးက... အဖျားပိုင်းမှ လက်(၁၂)သစ် တိုင်း... မှတ်ထားသောနေရာ တည့်တည့်ထာ... ပြီး ကွေးသည်။ (၃)စိတ်စလုံး ချိုး... ကွေးလိုက်သောအခါ ပုံအတိုင်း တြိ... ထောင့်ကွေး(၃)ခုထူးဆန်းစွာ ဖြစ်သွား... သည်။

'ကဲ ရွှေမောင် တွေ့လား၊ အစွဲ... တာ သေချာတယ်။ အဓိဋ္ဌာန်အတိုင်... (၃)ခုစလုံး ခေါင်း ဒီဘက်လှည့်... တယ်။ အခု တစ်ခါ ထပ်လုပ်ဦးမယ်... ကြည့်နော်'

'ရဲလွင်သား တောပါရင် ခေါ်... အားလုံး ဒီဘက်လှည့်ပြပါ'

ဦးစိန်မောင်မှ ကျွန်ုပ်အား ထပ်မံ... ပြသည်။ ထွက်ပေါ်လာသော နှီးစိ... များသည် အောက်ပုံပါအတိုင်း အဆင့်... ဆင့် ဖြစ်ပေါ်လျက် ခေါင်းများ မိမိဘ... လှည့်နေသည်။

* * *




နှီးပြားမှ အဆင့်ဆင့်ကမျှင်းချိုးထား...

နောက်တစ်ခါ ကျန်ရှိနေ... နှီးပြားဖြင့် ထပ်မံချိုးပြန်... သည်။


www.burmeseclassic.com

'တောပါရင် ခေါင်း ဟိုဘက်လှည့်ပြီပါ'

ပြောပြီးလက်ဖြင့် ချိုးပြီး နှီးအားလက်(၁၂)သစ် မှတ်ထားသော နေရာအား နှီးထိပ်နှင့် ညီအောင်ထားပြီး ကွေးလိုက်ရာ ခေါင်းများမှ မိမိဘက် မလှည့်ဘဲ ဆန့်ကျင်ဘက် တစ်ဖက်သို့ ထူးဆန်းစွာ ပြိုင်တူလှည့်၍ သွားလေသည်။

ကျွန်ုပ် မျက်တောင်မခတ်ဘဲ ကြည့်သည်။ ထူးတော့ ထူးသည်ဟု ထင်သည်။ ဖြစ်ပေါ်နေသော အောက်ပါပုံအတိုင်းနှီးအား သေချာစွာ စိုက်ကြည့်နေမိသည်။

* * *




'မရိုးမသားမပါရင် ဒီလို တိုက်တိုက်ဆိုင်ဆိုင် မဖြစ်ဘူး ရွှေမောင်။ မင်းလက်ခံအောင် ငါ သေချာလုပ်ပြတာ။ အခု လူမမာကလေးဟာ တောပါတယ်။ တောဆိုတော့ "**လူ၊ ဖုတ်၊ ကျွတ်၊ သရဲ**"ဆိုပါတော့ကွာ။

လူးဆိုရင် တွင်းဝင်တွင်းထွက်ရှိတယ်။ တွင်းဝင်လူးဟာ သိပ်ဆိုးတယ်။ လူးပါလို့ တွင်းဝင်လူးဆိုရင် (၇)ရက်တွင်း ကျွေးရင်ကျွေး မကျွေးရင် ဝေဒနာဆိုးတတ်တယ်။

ကျွတ်ဆိုတဲ့ အကောင်ကလဲ ကျွတ်နပင်းပိတ်ဆိုတာ ရှိသေးတယ်။ ကျွတ်နပင်းပိတ်ဆိုရင် ကြေးဖလားခေါက်ပြီး ခေါ်မှရတယ်။ အခု ကမျှင်းချိုးလိုက်တော့ "တော" ပါတယ်ဆိုတာ အတိအကျ ထွက်နေတယ်။

အဲ တောပါပြီဆိုတာနဲ့ ရှာသူလဲပါတယ်ပေါ့ကွာ။ တောကို ရှာသူက ခေါ်မှ လာရတယ်လို့ ဆိုတယ်။ တောနဲ့ ရှာနဲ့က မဟာမိတ်ဆိုပါတော့ကွာ။ ကဲ ရဲလွင် ထုံးစံအတိုင်း မင်းတာဝန်သာ ဆက်လုပ်ပေတော့'

ကျွန်ုပ် ဘာမှမပြောဖြစ်တော့။ ဦးစိန်မောင်ထံမှ ပြန်ရန် ပြင်လိုက်ဆဲ ဦးရဲလွင်မှ မေးပြန်သည်။

'ဦးစိန်မောင် ဘယ်ဘက်ကျွေးရမလဲဗျ'

'ဩော် ဟုတ်ပေသားပဲ၊ ဘယ်နေရာဆိုတာ မပြောလိုက်ရသေးဘူး။ ထပ်ချိုးကြည့်လိုက်ဦးမယ်'

ထုံးစံအတိုင်း ဦးစိန်မောင်မှ ဦးရဲလွင်အား တိတိကျကျဖြစ်စေ ကျန်သောနှီးဖြင့် ကမျှင်းထပ်ချိုးပြန်သည်။ ချိုးထားသော အလှည့်အပြောင်းကြည့်ပြီး ဖြေသည်။

'ရဲလွင် အရှေ့ဘက် ရေဆိုးကွင်းဘက်သွားကျွေးပေတော့'

တိတိကျ အဖြေသိရသောအခါ ဦးရဲလွင် ဦးစိန်မောင်အိမ်မှ ဆင်းသည်။ ကျွန်ုပ် သူ့နောက်မှ လိုက်သည်။ အိမ်ရောက်သောအခါ ဦးရဲလွင်မှ ကြက်ဖို၊ ကြက်မ နှစ်ကောင်ရှာသည်။ ရလာသောအခါ သူ့သား လူမမာကလေး၏ ဘေးတွင် ချလျက်...

'ကဲ လူမမာကလေးတွက် သူ့အဖို့ အခုပဲ လုပ်ပေးမယ်။ ကလေး အခုပျောက်စေ၊ မိမွေးတိုင်း ဖမွေးတိုင်း ရှိပါစေ။ တုပ်တဲ့ကြိုး ဖြေထိုးတဲ့လှံ နုတ်၊ ဖက်မထိုး ခေါင်းမကိုက်ပါစေနဲ့'

နှုတ်မှ ပြောဆိုသည်။ လက်တွင် ကြက်ဖို၊ ကြက်မနှစ်ကောင်အား ကိုင်လျက်မှ ယူပြီး တောင်းတစ်ခုဖြင့် လောလောဆယ် မှောက်ထားလိုက်သည်ကို တွေ့ရသည်။

ကျွန်ုပ် ဦးရဲလွင်ကိုလည်းကြည့်၊ လူမမာကလေးကိုလည်း ကြည့်သည်။ ထူးသည်ကား အသည်းအသန်ဖြစ်သောကလေး ပြုံးပြုံးရွှင်ရွှင်ဖြင့် စကားတပြောပြော ဖြစ်လာခြင်းကား ကျွန်ုပ် မျက်မြင်ပင် ဖြစ်သည်။

'ဆရာ ဘယ့်နှယ်လဲ၊ ကလေးအခြေအနေသက်သာလာတာ ဆရာတွေ့တယ် မဟုတ်လား။ ဒါ ကိုးရုံရှိသေးတယ် မကျွေးရသေးဘူး'

'အေးဗျ ကလေး ရွှင်ရွှင်လန်းလန်းနဲ့ ထူးခြားလာတာ အမှန်ပဲ။ ဒါနဲ့ ဦးစိန်မောင် ဒီကရင်ရိုးရာ ကမျှင်းချိုးပညာကို ဘယ်က တတ်ထားတာလဲ ဦးရဲလွင်'

'ဦးစိန်မောင်တို့ရဲ့ မျိုးရိုးစဉ်ဆက် တတ်ထားတဲ့ ပညာဆိုပါတော့၊ ဂွေးသဲမှာ နာမည်ကြီးပဲ။ ကမျှင်းချိုးတဲ့ ပညာရပ်မှာတော့ သူ့ကို ဘယ်သူ့မှ မမီဘူး။ ကျွန်တော်လဲ အရင်က ဒါတွေ အယူအဆ မရှိဘူး။ စိတ်တစ်ခုပဲလို့ ထင်ခဲ့တယ်။

ဝေဒနာတစ်ခု ဆုံးဖြတ်တဲ့ နေရာမှာ ပြတ်ပြတ်သားသား မှန်ခဲ့တာတွေများတော့ လက်ခံရတာပဲ ဆရာ။ ကမျှင်းချိုးလို့ ရိုးရိုးသားသားပဲတွေ့ရင် ဆေးထိုးဆေးသောက်လုပ်လိုက်ရင် ကောင်းသွားတယ်။ မရိုးသားဘူးဆိုတဲ့ ဆုံးဖြတ်ချက်မျိုးတွေ့ခဲ့ရင် ခေတ်ပေါ်ဆေးဝါးတွေနဲ့ ကြိုက်သလောက်ကု မထိရောက်ဘူး၊ မပျောက်ကင်းဘူးဆရာ သူတို့ကလဲ ခေတ်ဆေးဝါးတွေကိုမှ မထိရောက်အောင် တားနိုင်တယ်တဲ့ ဆရာ'

'ထူးပါပေ့ ဦးရဲလွင်ရယ်'

'မထူးနဲ့ ဆရာ၊ အစအဆုံးသာ ကြည့်နေဆရာ၊ လက်တွေ့မြင်ရလိမ့်မယ်'

ဦးရဲလွင်မှ ပြောလဲပြော ကြက်ဖို၊ ကြက်မအား တောကျွေးရန်အတွက်

www.burmeseclassic.com

ပြင်ဆင်ပါတော့သည်။ လေ့လာသူ ကျွန်ုပ်အတွက် အသစ်အဆန်းများသာ ဖြစ်ချေသည်။

ဦးရဲလွင်မှ ကြက်ဖို၊ ကြက်မ (၂) ကောင်အား သတ်ပြီး ရေနွေးဖြော၊ အမွေးနုတ်သည်။ ရင်ခွဲ တုံးတစ်သည်။ ဖက်တစ်ခုကို ခင်းလိုက်သည်။ ယင်းအထဲသို့ ကြက်ဖို၊ ကြက်မ (၂)ကောင်၏ အမွေးများ။ အူ၊ ခြေသည်း၊ နှုတ်သီး၊ အမြစ်ထဲမှာအကာ၊ လည်ချောင်းများ စု၍ထည့်သည်။ ကျန်အသားများကို ခုတ်စဉ်းပြီး ကြက်သွန်၊ ငရုတ်သီး မဆလာ မထည့်ဘဲ ဆီဆားဖြင့် ချက်ပါတော့သည်။

အားလုံး ချက်ပြုတ်ပြီးစီးသောအခါ လူမမာထံမှ ခြေသည်းလက်သည်း လှီးဖြတ်သည်။ ဆံပင်အဖျားအား စတိညှပ်သည်။ ညှပ်ပြီး ခြေသည်း လက်သည်း ဆံပင်များအား လူမမာ၏ အဝတ်စဖြင့် ထုတ်လိုက်သည်။ စောစောက ကြက်ဖို၊ ကြက်မ (၂)ကောင် အမွေး၊ အူ၊ ခြေသည်း၊ နှုတ်သီး စသည် ထည့်ထားသော ဖက်ထဲ ထည့်ပြီး ထုတ်ပြန်သည်။

'ဆရာကို တစ်ခုတော့ မှာထားရဦးမယ်။ အခု ကျွန်တော်တို့ သွားကျွေးတဲ့အခါ လမ်းမှာ ဘယ်သူနဲ့မှ စကားမပြောနဲ့၊ နှုတ်မဆက်နဲ့၊ မေးလဲ မပြောနဲ့ ဘေးက လိုက်လာရင် လိုက်ပါစေ။

ဟိုရောက်လို့ စားကြတဲ့အခါ ဆားငန်တယ်။ စပါးလုံး ကိုက်တယ်။ နန္ဒင်းစော်နံတယ်လို့ လုံးဝမပြောရဘူး။ ပြောမိရင် လူမမာ ခေါက်ခနဲ သွားတတ်တယ်။ အဲဒါ မှတ်ထားဦး။ ခင်ဗျားက လေ့လာချင်တယ်ဆိုလို့ ခေါ်သွားရမှာ'

'စိတ်ချပါ ဦးရဲလွင် တစ်သဝေမတိမ်း လိုက်နာပါမယ်ဗျာ'

ကျွန်ုပ် အာမခံမှ ဦးရဲလွင် တောခရန်

ပြင်ဆင်နေသည်။

ချက်ထားသော ကြက်သားဟင်းနှင့် ထမင်းအား ရှာချရန်(သို့မဟုတ်) ရှာသူ ကျွေးရန် ခွဲချန်ထားပြီး အိုး(၂)အိုးဖြင့် ထမင်းဟင်းများ ရှူးခပ်ကာ တောင်းထဲ စုထည့်ပါသည်။ အမွေးမှင်များ ထုပ်ထားသော ဖက်ကိုလည်း ဘေးမှာ ထည့် သည်။ ရေနွေးအိုးတစ်လုံးတွင် ရေစိမ်းထည့်လိုက်သည်။ ပြီးစီးသော အခါတောခရန် ထည့်ထားသောတောင်းအား လူနာဘေး ခေတ္တချလိုက်သည်။


'ဒီလူမာကို ဖမ်းတဲ့ တောစွဲများ သင်တို့အဖို့ရာကို အခုကျေကျေနပ်နပ် ကျွေးမယ်၊ မွေးမယ်။ သားရောသမီးရော ဆွေမျိုးအစုံ ဗိုလ်ခွေသင်္ဂဟအပေါင်း အကုန်ခေါ်ခဲ့ လာလိုက်ခဲ့'

ထိုသို့ ဦးရဲလွင်ပြောပြီး တောင်းကို ထမ်းသည်။ ကျွန်ုပ်မှ ဓားတစ်ချောင်း ကိုင်လျက် ရေစိမ်းထည့်ထားသော အကြမ်းရေနွေးကရားကို ကိုင်ရင်း ထွက်လိုက်ကြသည်။

ဦးစိန်မောင်ပြောသော ရေဆိုးကွင်းဘက် သွားလိုက်ကြသည်။ သစ်ပင် အရိပ်ကောင်းကောင်း တစ်ခုအောက် တောင်းချလိုက်သည်။ ဦးရဲလွင်မှ အောက်ပါအတိုင်း တွင်း(၇)တွင်း ဓားဖြင့် တူးလိုက်သည်။

* * *

ကြွင်း(၇)ကြွင်း တူးထားပုံ



အလယ်မှ တစ်ကြွင်းဘေးမှ (၆) ကြွင်းပါ ကြွင်းတစ်ကြွင်းစီတွင် ဖက်တစ်ခုစီ ခင်းပေးသည်။ အလယ်ကြွင်းအား နောက်ဆုံးမှ ခင်းသည်။ ထမင်းကို

ဖွန်း တစ်ဖွန်းစာ ဖက်တစ်ရွက် တ…
စီထည့်သည်။အားလုံး(၇)ဖွန်းဖြစ်…

ဟင်းထဲမှ ခေါင်း၊ ခြေထော…
အမြစ်အသည်း၊ တောင်ပံများ…
အလယ်ကြွင်းထဲ ထည့်သည်။ …
ကြွင်း(၆)ကြွင်းအား အသား(၃)တုံး…
စီ ထည့်ပေးလိုက်သည်။ အမွေး…
ထည့်ထားသောအထုပ်ကိုလည်းဖြေ…
သည်။ ပြီးမှ ခပ်ကျယ်ကျယ်ပြောသ…

'ဟောဒီမှာ အစိမ်းကြိုက်ကြိုက်၊ အ…
ကြိုက်ကြိုက် သင်တို့အဖို့ရာ ကျွေးပြီ…
ကျွန်တော့်သားကို မဖမ်းနဲ့ မဆီးနဲ့ …
ကြီးမြေ ထိုးတဲ့လုံးနှုတ်၊ ဗိမ္မေးတိုင်း ဖမ္…
ဖက်မထိုး ခေါင်းမကိုက် ဘာမှ မဖြစ်…
လူကောင်းပကတိတိုင်း ရှိစေရမည်…
လာကြ ခြေတော်လက်တော် ဆေး…
စားကြ ဆေးမခတ်ဘူး၊ ဝါးမခတ်ဘူး'

နှုတ်မှ ရွတ်ဆို ဖိတ်ရင်း ပါလာသော…
ရေအေးထည့်ထားသော ကရားအ…
ကြွင်းများ ဘေးတွင် ရေလောင်းပေး…
သည်။ ကျန်ဟင်းများအား ထမင်း…
လောင်းထည့်ပြန်သည်။ ထပ်မံ နှုတ်…
ဖိတ်ခေါ်ပြန်သည်။

'ကျွန်ုပ်တို့နဲ့အတူ လာစားချင်…
စားကြ'

ဦးရဲလွင်မှ ပြောဆိုပြီး ထမင်း…
ဟင်းများ ရောနယ်ပြီး စားသောအ…
ကျွန်ုပ်လည်း ငြိမ်သက်စွာ ဦးရဲလွ…
နှင့်အတူ စားလိုက်ကြသည်။

အားလုံး ပြီးစီးသောအခါ ထမင်း…
ဟင်းထည့်ထားသော အိုးခွက်များ ပြ…
ထည့်ပြီး ဦးရဲလွင်မှ တောင်းကို ထမ်း…
သည်။ ကျွန်ုပ်မှ ရေနွေးအကြမ်းကရား…
ကိုင်လျက် ပြန်လာခဲ့ကြသည်။ အိမ်…
ရောက်သောအခါ ဦးရဲလွင်မှမေးသည်…

'လွတ်ပြီလား… ကျွတ်ပြီလား'

'လွတ်ပြီ ကျွတ်ပြီ'

အိမ်ထဲမှ လူများမှ ဖြေသံကြား…



www.burmeseclassic.com

www.burmeseclassic.com

သည်။ သူ့နည်းသူ့ဟန် သူတို့လုပ်ဆောင်ချက်များက အတိုင်အဖောက်ညီနေပါချေသည်။ ကျွန်ုပ်ကား အဆင့်ဆင့် မှတ်သား၍ ထားမိပါတော့သည်။

* * *

ညအခါတွင် ဦးရဲလွင် ဆောင်ရွက်ပြန်သည်။ ဆန်ကောတစ်ချပ်အား ရေဆေးလိုက်သည်။ ထမင်းဟင်းများကို ပြင်ဆင်နေသည်။

'ဒါက ဘာလုပ်ဦးမှာလဲဗျ။ ဘာအတွက် ပြင်ဆင်နေတာလဲ'

'ဆရာကလဲဗျာ တောပါရင် ရွာသူကို လက်မလွှတ်ရဘူးတဲ့။ သူ့အတွက် ကျွေးဖို့ ပြင်ရပြန်တာလေ'

'ဪ... ဪ'

ကျွန်ုပ် ပြန်လည် ဆိတ်ငြိမ်စွာ နေလိုက်မိပြန်သည်။ ဦးရဲလွင်၏ လှုပ်ရှားမှုများအား ငေးကြည့်နေမိသည်။ ခွဲချန်ထားခဲ့သော ထမင်းအား ဆန်ကောထဲထည့်ပုံသည်။ ထမင်းအား အလယ်ခွဲလျက် ဟင်းများ လောင်းထည့်သည်။ ယောက်မတစ်ချောင်းယူ၍ အသက်အောင့်ကာ ဆန်ကောအား (၇)ချက်ခေါက်ပြီး...

'ကျွန်ုပ်သား ဖမ်းထားသော ရွာတော်ရှင်မ အရှေ့(၇)အိမ်၊ အနောက်(၇)အိမ်၊ မြောက်(၇)အိမ်၊ တောင်(၇)အိမ် လေးမျက်နှာ ရွာတော်ရှင်မ လာလိုက်ခဲ့။ ကျွန်ုပ်သားအဖို့ကို ကျွေးပြီ'

ပြောလည်းပြော ဆန်ကောထဲ ယောက်မဖြင့် ခေါက်ကာ ဆန်ကောအား ချ၍ကျွေးပါတော့သည်။ ကျွန်ုပ်မြင်သာသောနေရာမှ ချောင်းကြည့်သည်။ မကြာပါ။ ချကျွေးထားသော ဆန်ကောထဲမှ ထမင်းများအား ခွေးတစ်ကောင် လာစားနေသည်။

'ဦးရဲလွင် ခင်ဗျားရွာသူ စားမစားတော့ မသိဘူး။ ဟိုမှာခွေးတစ်ကောင်စားနေပြီဗျ'

'ဟုတ်တယ် ဆရာရွှေမောင်၊ ရွာသူတွေက ခွေးကိုစီးပြီး စားတယ်တဲ့ဗျ။ အဲဒါ ရွာသူစီးစားတာ'

'ဖြစ်မှ ဖြစ်ရလေဗျာ ခွေးစီးပြီးစားတယ်လို့'

'မယုံမရှိနဲ့ ဆရာရွှေမောင်၊ အဲဒီ ရွာချတဲ့ ဆန်ကောထဲမှာ ကျေနပ်မှုမရှိရင် ရွာသူက ခဲတို့၊ မီးသွေးတို့ ထားခဲ့တယ်တဲ့ဗျ'

'အဲဒီ ဆန်ကောထဲ လာစားတဲ့ခွေးကို ရိုက်သတ်ရင်ကောဗျာ'

'လူမမာ နစ်သွားမှာပေါ့ဆရာရဲ့၊ အရင်က ဆရာ့လို ယုံကြည်မှု မရှိတဲ့ လူတစ်ယောက်က လာစားတဲ့ ခွေးကို ချောင်းရိုက်တာ မကြာဘူး။ အဲဒီလူမမာ ကတိမ်းကပါး ဖြစ်သွားတယ်တဲ့ ဆရာရဲ့။ ကဲပါ ဆရာ ယုံတာ မယုံတာထားကလေးကို သွားကြည့်ရအောင်'

ကျွန်ုပ်ရင်ထဲ မတင်မကျ ဖြစ်နေသည်။ ဦးရဲလွင် နောက်မှ အိမ်ပေါ်တက်လိုက်သောအခါ ဦးရဲလွင်သား မောင်နန်းဦးလေး ငုတ်တုတ်ထိုင်သော့ကစားနေသည်။

'ဓာလေးကို စွပ်ပြုတ်တိုက်တာ တစ်ပန်းကန် ကုန်သွားတယ်'

'တွေ့လား ဆရာရွှေမောင်၊ ဆရာတို့ ခေတ်သိပ္ပံသမားတွေကို ယုံပါလို့တော့ မတိုက်တွန်းဘူးဗျာ။ ဘာဆေးဝါးမှ မတိုက်ရဘဲ အခုလို သက်သာကောင်းမွန်လာတဲ့ ကျွန်တော့်သားကို ဆရာ ဘာပြောမလဲ'

'အေးဗျာ... ကျွန်တော် စုန်း,နတ်,ကျတ်,တစ္ဆေ၊ သရဲ အယူအဆတွေကို မယုံတာကတော့ အမှန်ပဲ။ ဒီခေတ်ကြီးထဲမှာ ဒီအယူဝါဒတွေဟာ ခေတ်ဟောင်းခေတ်ဆွေးထဲက အယူအဆတွေလို့ သတ်မှတ်ထားတာပဲ။ ဦးရဲလွင်တောခရွာချတာတွေကို ကျွန်တော် သဘောမကျတာတော့အမှန်ပဲ။ ဒါပေမယ့် ဦးစိန်မောင်ရဲ့ ရိုးရာကမ္ပည်းချီးပညာရဲ့ ဆိုးဖြတ်မှု၊ ဦးရဲလွင်တို့ရဲ့ တောခရွာချတဲ့ ဓလေ့ထုံးစံလေးတွေရဲ့ နောက်ကွယ်မှာ ထူးဆန်းတာတော့ အမှန်ပဲလို့ ကျွန်တော်ထင်တယ်။

အခု ဦးရဲလွင်သား လူမမာ ကလေး သက်သာပျောက်ကင်းလောက်တဲ့ ဖြစ်ရပ်ကလဲ ခေတ်နဲ့ ဘောင်မဝင်ပေမယ့် လျှို့ဝှက်ချက်တစ်ခုတော့ ရှိမယ်လို့ ကျွန်တော် ထင်တယ်'

ကျွန်ုပ် အတွေးပေါင်းများစွာ ထင်မြင်ချက်ပေါင်း အသချေဖြင့် ဒေါင်းအင်းကုန်းကျေးရွာအုပ်စုတွင် ခေတ်နောက်ပြန်ဆွဲသည်ဟု ယူဆလေမလား။ ခေတ်မမီသောကုထုံးဟု ဆိုလေမလား။ စိတ်အစွဲအလမ်းအရသတ်မှတ်လေမည်လား။

ယနေ့တိုင် အားလုံး လက်ခံသည်ဟု မဆိုပါ။ တချို့ ကမ္ပည်းချီးပညာရပ်နှင့်အတူ ဆန်းကြယ်သော တောခရွာချကုထုံးတစ်ရပ်ကတော့ဖြင့်ကျင့်သုံးလျက် လုပ်ဆောင်လျက် ရှိနေဆဲပါ။

ယင်းကုထုံးအား အသင် မည်သို့ ဆိုပါမည်နည်း။

ယင်း ကမ္ပည်းချီးပညာရပ်အား မည်သို့ ထင်မြင်ပါသနည်း။

ကျွန်ုပ် ပြောပြရန် ခက်ပါသည်။ ခက်ခဲနက်နဲသော သူ့ပညာ သူ့ကုထုံးအား ယနေ့တိုင် ကျွန်ုပ် ဝေခွဲ၍မရသေးခဲ့ပါ။ ဦးရဲလွင်၏သား လူမမာ ကလေးကတော့ ကျွန်ုပ်ရှေ့တွင် ရယ်မောလျက်၊ ရွှင်လန်းလျက် ကျန်းမာပျောက်ကင်းသွားသည်ကား အမှန်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

***သုတဖြစ်စေလိုသော စေတနာဖြင့်...***

**ကိုရွှေမောင် (ဒေါင်းအင်းကျွန်း)**



www.burmeseclassic.com

www.burmeseclassic.com



ဆရာကြီးမင်းယဂု
(တိုက်ပွဲဝင်)

# ဆရာကြီး မင်းယဂု

## ၏ ဘဝအတွေ့အကြုံများ ( ၂၀ )



### ယခင်လမှ အဆက်

အစီအစဉ် (၁၄)အရောက်တွင် ဆရာကြီး ဦးပြည်သိမ်း၏ ဓားနှစ်လက် သိုင်းပညာကို ဆရာကြီး ဓားဘုရင် ဦးထွန်းစာက စီစဉ်ထားသော ဓားနှစ်လက်ကွင်းဆက်တစ်ရာသိုင်းကို စာရေးသူက ကစားပြပါသည်။ အမှတ်စဉ် (၁ မှ ၁၀၀)အထိ ရှိပါသည်။

အမှတ်စဉ်(၃၂)တွင် ဓားနှစ်လက်ကို ဦးခေါင်းပေါ်၌ လက်ပူးလှည့် (လက်ဖနောင့်နှစ်ခု (သို့မဟုတ်) ဓားရိုးထိပ်နှစ်ဖက်ကို ပူး၍ ဓားနှစ်လက်ကို ဝိုင်းနေအောင် လှည့်ရသော ဓားနည်းတစ်နည်း ဖြစ်သည်။ အချို့က ဓားစကြာဟု ခေါ်ကြသေးသည်။ ဓားစကြာ ဓားနည်းမှာ ဘယ်ခြမ်း, ညာခြမ်းတွင် ဘေးတိုက်လှည့်ရသောနည်း ဖြစ်သည်။

ရှင်းလင်းချက် စကားချပ်။)

ကာ ၄ကွက်ခုန်နည်းဖြင့် ခုန်လိုက်ရပါသည်။ ဖတ်စင်ရှေ့ဘက်သို့ မျက်နှာမူပြီး ကစားနေရာမှ (၃၂)အရောက်တွင် ဘယ်ခြေကို နောက်ဆုတ်ကာ မနောက်ဘက်သို့ မျက်နှာမူလှိုက်ပြီး ညာခြေကို လှမ်းခုန်၍ ဘယ်ခြေကို ဘယ်ဘက်မှ လှည့်ဆုတ်ခြင်းကိုပင် လေးကွက်ခုန်နည်းဟု ခေါ်ပါသည်။

[အကြောင်းတိုက်ဆိုင်၍ တင်ပြလိုသည်မှာ စာရေးသူတို့ ရပ်ကွက်ထဲသို့ တရုတ်သိုင်းဆရာ တစ်ယောက် ရောက်ရှိပြီး သိုင်းသင်တန်းဖွင့်ပါသည်။ သူ၏ ကြော်ငြာတွင် သူသည် ရှေးတရုတ်မင်းတို့ လက်ထက် နာမည်ကျော် တရုတ်စစ်သူကြီး၏ အမျိုးအနွယ်ဖြစ်ကြောင်း။ သူ၏ သိုင်းပညာတွင် တစ်ခါခုန်လျှင် (၁၅)ပေရောက်ကြောင်း ပါရှိ၍ စာရေးသူမှာ သူ၏ပညာကို သွား ရောက်ကြည့်ချင်စိတ် ပြင်းပြနေသ ဖြင့် စာရေးသူ၏ညီနှင့် တပည့်ကြီး များကို ခေါ်ဆောင်ကာ ထိုဆရာထံ သို့ သွားခဲ့ကြပါသည်။

သူ၏ ပြောစကားနှင့်ညီလျှင် သူ ထံ တပည့်ခံရန် ဆုံးဖြတ်ထား သည်။ ထိုဆရာထံသို့ ရောက်သော အခါ လေးလေးစားစား နှုတ်ဆက် ဂါရဝပြု၍ သူ၏ တစ်ခါခုန်လျှင် (၁၅)ပေ ရောက်သည်ဆိုသော ခုန် နည်းကို လက်တွေ့ ခုန်ပြနိုင်း သည်။

တရုတ် သိုင်းကားတွေထဲက လေထဲတွင် ပေါ့ပေါ့ပါးပါး အ မစိုက်ရဘဲ ခုန်ပြနိုင်ပါက ဆရာ တွင် ကျွန်တော်နှင့် ကျွန်တော် တပည့်များ (တပည့်အဖြစ်) ပ သင်ယူပါမည်ဟု ပြောလိုက်



www.burmeseclassic.com


www.burmeseclassic.com

အဆိုပါဆရာက စာရေးသူ အထက်တွင် တင်ပြခဲ့ပြီးသော လေးကွက်ခုန်နည်းဖြင့်ပင် ခုန်ပြပါသည်။

ပြေးပြီး အားဖြင့်ခုန်မှ (၁၂)ပေ လောက်သာ ရောက်ပါသည်။ စာရေးသူတို့အဖွဲ့လည်း နှုတ်ဆက်ပြီး ပြန်လာခဲ့ကြပါသည်။

စိတ်မကောင်းစရာ တစ်ချက်မှာ အဆိုပါ တရုတ်သိုင်းဆရာသည် (၈၈) အရေးအခင်းက အနိစ္စ ရောက်ခဲ့ပါသည်။ သူ၏ဇနီးသည်နှင့် သားသမီးနှစ်ယောက်တို့မှာ သူတို့အိမ်ကို ရောင်းချ၍ နယ်သို့သွားရန် ဘူတာကြီးသို့သွားရန် တက္ကစီကားကို ငှားသွားရာ ငွေများ ထည့်ထားသော အဝတ်ထုပ်မှာ ကားပေါ်သို့ ပါသွားခဲ့ကြောင်း၊ ခွန်လွန်သိုင်းအဖွဲ့ ဦးစီး ဆရာကြီး ဦးထိုက်ရှိန်က ပြောပြ၍ စိတ်မကောင်းစရာသတင်းကို ကြားသိခဲ့ရခြင်း ဖြစ်သည်။ *စကားချပ်။*]

* * *




စာရေးသူ (မင်းယက္ခ)သည် လက်နှစ်ချောင်းကို ခေါင်းပေါ်သို့ ရောက်အောင်မြှောက်၍ ဓားနှစ်ချောင်းကို မှတ်နေအောင်လှည့်ရင်း (ဓာတ်စင်နောက်ဘက်သို့ မျက်နှာမူကာ ညာခြေကို (၃)နေရာသို့ ခုန်လိုက်၍ နောက်ရှိ (၂)နေရာရှိ ဘယ်ခြေကိုအကြွတွင် ညာခြေသည် ပျဉ်ပြား နှစ်ပြား ထိပ်ချင်းထပ်ပြီး ဆက်ထားသည့် နေရာသို့ နင်းမိသွားပြီး (ခန္ဓာကိုယ်၏ အလေးချိန်



ကြောင့်) ပျဉ်ပြားမှာ နိမ့်ဆင်းသွားရာ ခန္ဓာကိုယ် ဟန်ချက် ပျက်သွားသောကြောင့် အထဲသို့ ကျွံမကျသွားစေရန် ခန္ဓာကိုယ်၏ ဟန်ချက်ကို ရုတ်တရက် ထိန်းလိုက်ရပါသည်။

ခေါင်းပေါ်တွင် လှည့်နေသော ဓားနှစ်ကို ဂရုမစိုက်နိုင်တော့ပါ။ မိမိ ခန္ဓာကိုယ် ယိုင်လဲမကျသွားရေးအတွက် အရေးတကြီး လုပ်ဆောင်ရသောကြောင့် လည်နေသော ဓားနှစ်လက်သည် စနစ်တကျ မလည်နိုင်တော့ဘဲ ဘယ်, ညာ ဓားနှစ်လက်အနက်က ညာဘက် ဓားဦးချွန်သည် ဘယ်လက်လက်ခလယ်နှင့် လက်သူကြွယ်ကြားသို့ စိုက်ဝင်သွားပါသည်။ **(ဝမ်းဗိုက်ကို မထိုးမိ၍ တော်သေးသည်ဟု သဘောထားရပါသည်။)**

လှုပ်ရှားကစားနေစဉ်ဖြစ်၍ သွေးဆူနေသောကြောင့် သွေးတို့မှာ တားမနိုင်ဆီးမရ ထွက်ကျနေပါသည်။ ဓားနှစ်လက်သိုင်းကို အရှိန်မပျက် ဟန်မပျက် ဆက်ကစားနေရပါသည်။

ဒဏ်ရာမှာလည်း တစစ်စစ် နာလာပါသည်။ ဓားနှစ်လက်သိုင်း ပြီးသော်လည်း ပွဲစဉ်က မပြီးသေးပါ။ ထို့ကြောင့် သွေးထွက်နည်းစေရန် အနာဒဏ်ရာကို ချေဖြင့် ဆေးကြောပေးလိုက်ရာ သွေးတို့မှာ အစကလောက် မကျတော့ပါ။ သွေးတို့ကတော့ ထွက်မြဲ ထွက်လျက်ပါ။

'ဆရာမင်းယက္ခရဲ့ သိုင်းပြောင်းပြန် တုတ်ရှည် အတွင်းလိမ်ထုံး (၁၃)ကွက် ကစားကွက်ပါ ခင်ဗျား'

ဟု ကြေညာသည်နှင့် တုတ်ရှည်ကို ဆွဲ၍ ဓာတ်စင်အလယ်သို့ ထွက်လိုက်ပါသည်။ ခုနက တက်နင်းလိုက်လျှင် ခွက်ဝင်သွားသည့် နေရာကိုတော့ သတိထား ရှောင်ရပါသည်။ "တစ်ခါ သေဖူး၍ ပျဉ်ဖိုးရော, မသာစရိတ်ရော နားလည်သွားပါပြီ" ဘယ်ဘက်လက်မှာ ဖားခုံညင်းကဲ့သို့ ဝဝဖောင်းဖောင်းကြီးဖြစ်ကာ လက်ခလယ်, လက်သူကြွယ်နှင့် လက်သန်းတို့မှာ ယောင်ကိုင်းဖောင်းကြွနေပြီး ကွေး၍ မရတော့ပါ။ လက်ဝါးတစ်ပြင်လုံး နာကျင်နေပါတော့သည်။

တစစ်စစ်နှင့် ဆက်တိုက် နာကျင်နေပါသည်။ ထို့ကြောင့် တုတ်ရှည်ကို ညာလက်ဖြင့် အားပါပါ ဆုပ်ကိုင်နိုင်သော်လည်း ဘက်လက်မှာ လက်ညှိုးနှင့် လက်မ နှစ်ချောင်းတည်းဖြင့်သာ ကိုင်နိုင်ပါတော့သည်။ သို့သော် ဆုပ်ကိုင်အားမရှိပါ။ ဟန်ပြသာ ကိုင်နေရပါသည်။

ဤသို့အားဖြင့် ကျန်ကစားကွက်များကိုလည်း ဟန်ပြသာ ကစားနေခဲ့ရပါသည်။ ဓားထိုးမိ၍ ပေါက်သွားသော ဒဏ်ရာမှလည်း သွေးများက ထွက်နေဆဲပါ။ ဤသို့ဖြင့် သိုင်းပြပွဲကို ဟန်မပျက်စေဘဲ ပြီးစေခဲ့ပါသည်။

www.burmeseclassic.com

ပွဲပြီးသည်နှင့် ပွဲခင်းတွင် ဖွင့်လှစ်ထားသော ကျေးရွာ ဆေးပေးခန်းသို့ သွားခဲ့ပါသည်။ ဆေးပေးခန်းတွင် ဆေးမှူးနှင့် သူနာပြုဆရာမ နှစ်ဦးသာ ရှိပါသည်။

သူနာပြု ကရင်တိုင်းရင်းသူ ဆရာမလေးကလည်း ချောမှချော၊ ကိုယ်လုံးကိုယ်ပေါက်ကလည်းလှ၊ စကားသံလေးကလည်း ခပ်ဝဲဝဲ၊ အပေါ်အဖြူ အောက်အနီ သူနာပြုဝတ်စုံလေးဖြင့် စိုပြည်ဝင်းပနေပါသည်။

မျက်စိထဲတွင် မြင်အောင် အနီးစပ်ဆုံး ဥပမာ နှိုင်းယှဉ်ပြရလျှင် နာမည်ကျော် အကယ်ဒမီများဆိုင်ရှင် ရုပ်ရှင်မင်းသမီး မို့မို့မြင့်အောင်ကို သူနာပြု အဝတ်အစားဖြင့် စိတ်မျက်စိထဲတွင် မြင်ကြည့်လိုက်ပါ။

ယောက်ျားတို့ ဘာသာဘာဝ ချောချောလှလှလေးကို မြင်ရတော့ အနာကိုပင် ခေတ္တ မေ့သွားမိသည်။ ဆရာမလေး၏ လှုပ်ရှားမှုတို့ကို မျက်စိစားပွဲထိုင်နေမိသည်။

'မို့မို့မြင့်အောင်နှင့်တူသည့် ဆရာမလေးက ဂွမ်းစကို "တင်ချာ" ခပ်ရွှဲရွှဲ တို့၍ အနာပေါက်ထဲသို့ ထိုးထည့်လိုက်ရာ နာလည်းနာ စပ်လည်းစပ်သော ကြောင့် နာကျင်မှုတို့သည် ငယ်ထိပ်သို့ တက်ဆောင့်လိုက်ဘိသကဲ့သို့ ဖြစ်သွားသောကြောင့် ကြည်နူးမှုအပြုံးတို့ အလှအပတို့မှာ ရုတ်တရက် ပျောက်ဆုံးသွားပြီး သတိလက်လွတ်ဖြစ်ကာ "အား" ဟု အသံနက်ကြီးဖြင့် အော်လိုက်မိပါသည်။

နောက်မှ သတိရ၍ အံကြိတ်ပြီး တင်းခံနေရပါသည်။ နာကျင်သောကြောင့် လက်မှာ တဆတ်ဆတ် တုန်နေပါသည်။ ချွေးသီးချွေးပေါက်တို့မှာလည်း မျက်နှာတစ်ပြင်လုံးမှ အလုံး



လိုက်, အလုံးလိုက် ထွက်နေပါတော့သည်။ လူကြားသူကြားထဲဖြစ်၍ မငိုမိအောင် မနည်း အားတင်ထားရသည်။ ဆရာမ ချောချောလေးက...

'အား... သိုင်းဆရာကြီးကလဲ နာတတ်လိုက်တာ'

ဟု ကရင်တိုင်းရင်းသူသံ ဝဲဝဲလေးဖြင့် ပြုံးစွဲစွဲ ပြောပါသည်။

'ဟာ... ဆရာမကလဲ သိုင်းဆရာလဲ သွေးနဲ့ကိုယ် သားနဲ့ကိုယ်ပဲ နာတာပေါ့ဗျ။ နာရင် အော်မိမှာပေါ့။ ဟန်ဆောင်ပြီး မနာချင်ဟန် ဟန်မဆောင်နိုင်ပါဘူး'

ဟူ၍ ရှက်ရှက်နှင့် ပြန်ပြောမိပါသည်။

ထိုဆေးခန်းမှ အပ်စိုက်ကုထုံးကို နှစ်လသင်တန်းတက်၍ ပြန်ရောက်လာသော ဆေးခန်းမှူး (ကျေးရွာ ကျန်းမာရေးဝန်ထမ်း)ကလည်း အပ်စိုက် ကုသပေးမည် တကဲကဲ လုပ်နေသောကြောင့် မနည်း တောင်းပန်ရသည်။ သူ့ရဲ့ ပထမဆုံး အစမ်းသပ်ခံ လေ့ကျင့်ရေးလူနာ လုပ်ပေးရဦးမည်။ တော်ပါတော့။

ထိုနေ့ညက သိုင်းပြပွဲကြီးက အောင်အောင်မြင်မြင်နှင့် ပြီးစီးခဲ့ပါသည်။ ထိုပွဲတွင် တစ်သက် မမေ့နိုင်စရာ အမှတ်တရ ဓားဒဏ်ရာ ရခဲ့ပါသည်။ ထို့ပြင် တစ်သက်မှာ တစ်ကြိမ်သာ ဆုံတွေ့ခဲ့ရသော သူနာပြုဆရာမ ချောချောလေး၏ ပြုံးစွဲစွဲ မျက်နှာလေးနှင့် ကရင်တိုင်းရင်းသူသံ ခပ်ဝဲဝဲလေးကိုလည်း မြင်ယောင် ကြားယောင် ဖြစ်နေခဲ့ပါသည်။

ကိုယ်နှင့် ဘာမှ မဆိုင်သော်လည်း ယနေ့တိုင် မမေ့နိုင် အမှတ်ရနေပါသေးသည်။ သတိရနေဆဲ၊ အောက်မေ့နေဆဲ၊ လွမ်းနေဆဲပါဟု ကဗျာဆန်ဆန် ပြောရလေမလား မသိ။

(ဩော်... အခုမှ ရုတ်တရက် တွေးမိလိုက်သည်။ သတိဝင်သွားသည်။ ထိုစဉ်က စာရေးသူက အသက် (၃၂)နှစ်၊ သူက (၂၂)နှစ်၊ ယခု စာရေးသူက အသက် (၇၀)ဆိုလျှင် သူကလေးက (၆၀)နှစ်လောက် ရှိရောပေါ့။

အဘွားကြီး ဖြစ်နေလောက်ရောပေါ့။ သားတွေ, သမီးတွေ, မြေးတွေနှင့် ဖြစ်နေလောက်ရောပေါ့။ ဩော်... အသက်က ကြီးရင့်သော်လည်း စိတ်ကတော့ နုပျို လန်းဆန်းဆဲပါ။ ဘဝတွင် တစ်ခါတစ်ရံ အရွယ်နှင့် အသက်ကိုပင် မေ့နေတတ်ပါသည်။)

### မီးရှို့တဲ့ သိုင်းသမား

ဧရာဝတီတိုင်း ဒေသကြီး၊ မြင်းကချောင်းကျေးရွာ ပြည်ထောင်စုနေ့ အထိမ်းအမှတ်ပွဲကြီးကို စည်ကားသိုက်မြိုက်စွာ ကျင်းပရန် သက်ဆိုင်ရာ လူကြီးမင်းတို့က စီစဉ်ခဲ့ကြပါသည်။ (၁၁)ရွာစုဖြစ်၍ အလွန်ပင် စည်ကားလှပါသည်။

ရှေ့လ ဆက်ဖတ်ပါရန်

ဆရာကြီး မင်းယကွ
(တိုက်ပွဲဝင်)



www.burmeseclassic.com

www.burmeseclassic.com

# အသက်ရာကျော် အဘိုးအို၏

နေ့စဉ် ရွတ်ဖတ်သည့် ဂါထာတော်

ကောင်းခန့်
(သခွတ်မြေ၊ ဝက်လက်)



◆ အသက်ရာကျော်သူ ဦးမြွေအောင်

လေရှူးနှင့်ရာ ရော်ရွက်ဝါတို့ မြေမှာ ညောင်း တပေါင်းဆိုသော လရာသီကို ရောက်ရှိလာပြီမို့ ရိုးတံကျဲ အပင်ကြီးငယ်တို့သည် နွေဦးကာလ၏ အရုပ်ကို ပီပြင်အောင် ဖော်ထုတ်နေသကဲ့သို့…

**၂၀၁၃ ခုနှစ်၊ မတ်လ (၁၂)ရက်။**

စိမ်းစိုလန်းဆန်းသော ထနောင်းပင်တန်းတို့ကို ကြည့်ကာ စာရေးသူတို့ညီအစ်ကိုနှစ်ယောက်သည် ရေလွှတ်မြောင်းပေါင်ခြေအတိုင်း အောက်ဘက်တွင်ရှိ ကျောက်ခင်းလမ်းပေါ်မှ ဆိုင်ကယ်တစ်စီးနှင့် ခရီးနှင်ကာ "**ဘင်တဲရွာ**"ဘက်သို့ ခရီးထွက်ခဲ့ခြင်းဖြစ်၏။

စစ်ကိုင်းတိုင်းဒေသကြီး၊ ဝက်လက်မြို့နယ်၊ သခွတ္တောအုပ်စု ဘင်တဲရွာတွင် အသက်ရာကျော်ပြီဖြစ်သော အဘဦးမြွေအောင်အား ရွာနီးချုပ်စပ်ရှိ ရွာသူရွာသားတို့က ရာပြည့် သက်ကြီးပူဇော်ပွဲပြုလုပ်သော ပွဲသို့ စာရေးသူအနေနှင့်လည်း အဘဦးမြွေအောင်၏ အရုဒ္ဓိဂုဏ်ကို ပူဇော်သောအားဖြင့် ဆောင်းပါးတစ်ပုဒ် ရေးလိုသောကြောင့် ညီယောက်ဖဖြစ်သူ ကိုမြလင်းကို ခေါ်ကာ ဆင်တဲရွာသို့ လာခဲ့ကြခြင်း ဖြစ်သည်။

ကိုမြလင်းသည် သခွတ္တောရွာဇာတိဖြစ်သော်လည်း ဘင်တဲရွာတွင် ကြီးပြင်းခဲ့ကာ စာရေးသူ၏နှမနှင့် အကြောင်းပါ၍ စာရေးသူတို့ သခွတ္တောသို့ ပြောင်းရွှေ့နေထိုင်ခဲ့ခြင်းပင်။ ထို့ကြောင့် ဘင်တဲရွာနှင့် ရွာသူရွာသားတို့၏ အကြောင်းကို ဖစ်မြစ်မှန်အောင် သိသူဖြစ်၍လည်း စာရေးသူအနေနှင့် သူတို့အားကိုးကာ ခေါ်ခဲ့ခြင်းပင် ဖြစ်၏။

သခွတ္တောနှင့် ဘင်တဲရွာသည် တစ်မိုင်မျှသာ ဝေး၍ မကြာခင်မှာပင် ဘင်တဲရွာသို့ ရောက်ခဲ့သည်။

ရွာလယ်ရှိ ဦးမြွေအောင်၏ အိမ်ဝင်းကို ရောက်သည်နှင့် မိုးပြဲဒယ်ကြီးများဖြင့် ချက်ပြုတ်လုပ်ကိုင်နေကြသော အိုးသူကြီး လူရွယ်တစ်စုကို လည်းကောင်း၊


မဏ္ဍပ်ကနားထိုးနေသော လူငယ်တစ်သိုက်နှင့် ကြက်သွန်နွှာနေကြသော အမျိုးသမီးတစ်စုကို လည်း





www.burmeseclassic.com

www.burmeseclassic.com



◆ ဦးငွေအောင်နှင့် သားကြီးနှစ်ယောက်

ဝဲမှ ယာ ဦးရုပ်ဆိုး၊ ဦးငွေအောင်၊ ဦးငြေအေး

ကောင်း၊ တောရွာတို့၏ ဓလေ့စရိုက် အတိုင်း ရိုင်းပင်းကူညီနေကြသည်ကို အားကျဖွယ်ရာ တွေ့မြင်ရ၏။

ယနေ့သည် ပူဇော်ပွဲတစ်ရက်အကြို အဝင်နေ့ဖြစ်ပြီး စာရေးသူအနေနှင့် သိလိုသမျှကို အေးဆေးစွာ မေးမြန်း နိုင်ရန် လူရှင်းသောဤနေ့ကို တမင် လာခဲ့ခြင်းဖြစ်သည်။

ခရီးရောက်မဆိုက်ပင် အဘဦးငွေ အောင်အား ဂါရဝပြုခွင့်ပန်၍ ဓာတ်ပုံ တို့ကို ရိုက်ယူကာ မေးမြန်းစရာရှိသည် တို့ကို စာရေးသူမှ မေးမြန်းခဲ့၏။ ဦးငွေ အောင်သည် စစ်ကိုင်းတိုင်းဒေသကြီး။ ဝက်လက်မြို့နယ်၊ သခွတ္တောရွာ အဖ ဦးထွေး၊ အမိ ဒေါ်မယ်တင်မှ **၁၂၇၄ ခုနှစ်၊ တော်သလင်းလပြည့်ကျော် (၁၂)ရက်၊ စနေနေ့တွင်** ဖွားမြင်ခဲ့ သည်ဟု သိရ၍ ယခု အသက်တစ်ရာ ပြည့် ပူဇော်ပွဲကျင်းပချိန်၌ အသက် တစ်ရာပြည့်၍ ခြောက်လပင် စွန်းခဲ့ပြီ ဖြစ်၏။

အသက် ရာကျော်သော်လည်း မျက်စိမမှုန်၊ နားမလေး မေးသမျှကို မှတ်မိသမျှ ဖြေနိုင်သည်။ မွေးချင်း လေးယောက်တွင် အစ်မဖြစ်သူက အကြီးဆုံးဖြစ်ပြီး ယောကျ်ားလေးသုံး ယောက်တွင် သူက အကြီးဆုံးဖြစ်၍ သူ့အောက်တွင် ညီနှစ်ယောက် မွေး ဖွားခဲ့၏။

သူမွေးဖွားရာ ဇာတိသည် သခွတ္တော ရွာမြောက်ပိုင်း ချက်မြှုပ်ဖြစ်၍ သခွတ္တော ရွာ **"ဥတ္တရာ–ရာမကျောင်း ဆရာ တော် ဦးတေဇ"**၏ တပည့်ရင်းဖြစ် ကာ နက္ခတ်ဗေဒင် ပညာအသင့်အတင့် နှင့် ဆေးပညာ လောကတ္တရာစာတို့ သင်ယူခဲ့ရပုံကို စာရေးသူအား ပြော ကြားသည်။

'ဆရာတော်ကြီးက စနေသား ဖြစ် သလို အဘကလဲ စနေသားပဲ၊ အဘက စနေသားပီပီ စိတ်တိုတတ်သလို ဆရာ တော်ကြီးလဲ စိတ်တိုတာပဲ။ ဒါပေမယ့် တပည့်တွေအပေါ်မှာတော့ အတော့်ကို မေတ္တာစေတနာထားပြီး စိတ်ရှည်ရှည် နဲ့ ဘုရားစာ၊ တရားစာကအစ နက္ခတ် ဗေဒင်ပညာ၊ ဆေးပညာတွေကို သင် ပေးတတ်တယ်။ ရိုက်စရာအပြစ်ရှိရင် တောင်မှ ဟောသလို ဟောသလို ထန်းပလပ်တုတ်နဲ့ကြားမှာ တစ်ခုခုခံပြီး ရိုက်တာ'

ဟု ပြောလျက် ကျွန်ုပ်အား ကြားမှာ တိုင်ခံ၍ လက်မှ တောင်ဝှေးနှင့် လက် တွေ့ ရိုက်ပြ၏။ အသက်ရာကျော်ပြီ သော်လည်း အဘဦးငွေအောင်သည် လူရွယ်တစ်ယောက်လို လှုပ်ရှားမှု သွက်လက်သန်မာတုန်းပင်။

သန်မာလို့ပဲ သူနေထိုင်ရာ ဘင် ရွာမှ သူ့သားကြီးရှိရာ ကျွန်ုပ် သခွတ္တောရွာသို့ တစ်မိုင်ခွဲခန့်ခရီး တစ်ယောက်တည်း တောင်ဝှေးအ ပြုကာ ရောက်,ရောက်လာသေးသည် ဟု သူ့သားကြီးဖြစ်သူ "ဦးရုပ်ဆိုး" စာရေးသူကို ပြောပြဖူး၏။

'ဟုတ်ကဲ့အဘ ဆရာတော်ဦးတေ ရဲ့ တပည့်တွေထဲမှာ ဗေဒင်ဆရာ ဆေးဆရာတို့ တော်တော်များများ ထွန်းကားခဲ့တယ်လို့ ကြားသိခဲ့ တယ်။ အဘ မှတ်မိသလောက် ပြော ပါ'

စာရေးသူမှ မေးကြည့်ရာမှ...

'အေး အဘက အရွယ်ကြီးလာတော့ အားလုံးတော့ မမှတ်မိတော့ဘူး။ တုန်းက ဝက်လက်မြို့မှာ နက္ခတ်ဗေဒ ဆရာ ဦးတင်ညွန့်တို့၊ သခွတ္တော မောင်ဘသာတို့ဟာ ဗေဒင်ပညာဘ မှာ အတော်လေး ပေါက်မြောက်သ တခြားဆေးဆရာ ပန်းချီပန်းထွင်း ပတ်သက်ပြီး မဏ္ဍာပ်(လှဲ့ဝါ) ဆရာ အများကြီးပဲ။

အသက်ကြီးလာတော့ အဘအ နဲ့ သူတို့နာမည်တွေတော့ မမှတ်မိ ဘူးကွာ။ အဘကိုယ်တိုင်ကတော့ ဗေဒင်ပညာဘက်မှာ မပေါက်မြော ပေမယ့် ပယောဂအစွဲပညာနဲ့တော့ ရွာအနီးတစ်ဝိုက်မှာ ဓိဝိတဒါနအ တတ်နိုင်သမျှ ကုပေးခဲ့ပါတယ်'

'ဟုတ်ကဲ့ အခုလို မြေးတို့ သိလို ကို စိတ်ရှည်ရှည်နဲ့ ဖြေကြားပေး အဘကို ကျေးဇူးတင်ပါတယ်။ နော



www.burmeseclassic.com

www.burmeseclassic.com

ဆုံးတစ်ခုအနေနဲ့ အဘရဲ့ ဆရာတော်အဘကို သင်ကြားပေးခဲ့တဲ့ အဘအမြိတ်မ်း ရွတ်ဆိုပူဇော်ခဲ့တဲ့ ဂါထာတစ်ပုဒ်ရှိရင် မြေးတို့ကို ဝေမျှဒါနပြုတဲ့အနေနဲ့ ချီးမြှင့်ပေးပါလား အဘ'

စာရေးသူမှ တောင်းဆိုရာ အောက်ပါ **"ဘုရားခုနစ်ဆူ ဂုဏ်တော်ကိုးပါးဂါထာ"**ကို ရွတ်ဆို ပြခဲ့ပါသည်။

စာဖတ်ပရိသတ်အတွက် ရွတ်ဆိုပူဇော်နိုင်ရန် တစ်ဆင့်ဝေမျှဒါနပြုလိုက်ရပါကြောင်း။

---

ဘုရားခုနစ်ဆူ

ဂုဏ်တော်ကိုးပါးဂါထာ

---

- ဝိပဿီဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဂုဏော၊ အနန္တဉာဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။
- သိခီဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဂုဏော၊ အနန္တဉာဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။
- ဝေဿဘူဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဂုဏော၊ အနန္တဉာဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။
- ကကုသန္ဓောဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဂုဏော၊ အနန္တဉာဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။
- ကောဏာဂမနောဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဂုဏော၊ အနန္တဉာဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။
- ကဿပေါဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဂုဏော၊ အနန္တဉာဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။
- ဂေါတမောဘဂဝါ၊ အရဟံ၊ သမ္မာသမ္ဗုဒ္ဓေါ၊ အနန္တပုညော၊ အနန္တဂုဏော၊ အနန္တဉာဏော၊ အနန္တတေဇော၊ အနန္တဣဒ္ဓိ၊ အနန္တဇုတိ။

  သတ္တ မေ ဗုဒ္ဓါ၊ အရဟန္တော၊ မယှံနာထာ၊ မယှံဒီပါ၊ မယှံပတိ သရဏာ၊ အနန္တေဟိ။ ဘဂ္ဂစက္ကေဟိ၊ မံရက္ခန္တု၊ အနန္တေဟိ၊ အရဟန္တ စက္ကေဟိ၊ မံရက္ခန္တု၊ အနန္တေဟိ၊ သမ္မာသမ္ဗုဒ္ဓေ စက္ကေဟိ၊ မံရက္ခန္တု၊ အနန္တေဟိ၊ ပုညစက္ကေဟိ၊ မံရက္ခန္တု၊ အနန္တေဟိ၊ ဉာဏစက္ကေဟိ၊ မံရက္ခန္တု၊ အနန္တေဟိ၊ တေဇစက္ကေဟိ၊ မံရက္ခန္တု၊ အနန္တေဟိ၊ ဣဒ္ဓိစက္ကေဟိ၊ မံရက္ခန္တု၊ အနန္တေဟိ၊ ဇုတိစက္ကေဟိ၊ မံရက္ခန္တု။

ခက်ခဲသော ပါဠိအသံထွက်

| | |
|---|---|
| **ဝိပဿီ** | =ဝိပတ်သီ |
| **သမ္မာသမ္ဗုဒ္ဓေါ** | =သမ်မာသမ်ဗုတ်ဒေါ |
| **အနန္တပုညော** | =အနန်တပုန်ညော |
| **အနန္တဣဒ္ဓိ** | =အနန်တအိတ်ဒိ |
| **ဝေဿဘူ** | =ဝစ်တဘူ |
| **ကကုသန္ဓော** | =ကကုသန်ဓော |
| **ကဿပေါ** | =ကတ်သပေါ |
| **သတ္တ** | =သတ်တ |
| **ဗုဒ္ဓါ** | =ဗုတ်ဓာ |
| **အရဟန္တော** | =အရဟန်တော |
| **အနန္တေဟိ** | =အနန်တေဟိ |
| **ဘဂ္ဂစက္ကေဟိ** | =ဘက်ဂစက်ကေဟိ |
| **မံရက္ခန္တု** | =မံရက်ခန်တု |
| **အရဟန္တစက္ကေဟိ** | =အရဟန်တစက်ကေဟိ |
| **ပုညစက္ကေဟိ** | =ပုန်ညစက်ကေဟိ |
| **ဣဒ္ဓိစက္ကေဟိ** | =အိတ်ဒိစက်ကေဟိ |

အနက်

**ဝိပဿီ၊** ဝိပဿီမည်ရှိသော။ **ဘဂဝါ၊** မြတ်စွာဘုရားသည်။ **အရဟံ၊** ပူဇော်အထူးကို ခံတော်မူထိုက်၏။ **သမ္မာသမ္ဗုဒ္ဓေါ၊** မဖောက်မပြန် ကိုယ်တော်တိုင် သိတော်မူ၏။ **အနန္တပုညော၊** အဆုံးမရှိ ကုသိုလ်တော်ရှိတော်မူ၏။ **အနန္တဂုဏော၊** အဆုံးမရှိ ဂုဏ်တော်ရှိတော်မူ၏။ **အနန္တဉာဏော၊** အဆုံးမရှိ ဉာဏ်တော်ရှိတော်မူ၏။ **အနန္တတေဇော၊** အဆုံးမရှိ တန်ခိုးတေဇော်ရှိတော်မူ၏။ **အနန္တဣဒ္ဓိ၊** အဆုံးမရှိ တန်ခိုးဣဒ္ဓိရှိတော်မူ၏။ **အနန္တဇုတိ၊** အဆုံးမရှိတင့်တယ်သော အရောင်အလင်းရှိတော်မူ၏။

**သိခီဘဂဝါ၊** သိခီမြတ်စွာဘုရားသည်။ **(အရဟံ စသည် အထက်က အတိုင်း)**

**ဝေဿဘူဘဂဝါ၊** ဝေဿဘူ မြတ်စွာဘုရားသည်။ **(အရဟံ စသည် အထက်ကအတိုင်း)**

**ကကုသန္ဓောဘဂဝါ၊** ကကုသန် မြတ်စွာဘုရားသည်။ **(အရဟံ စသည် အထက်ကအတိုင်း)**

**ကောဏာဂမနောဘဂဝါ၊** ကောဏာဂုံ မြတ်စွာဘုရားသည်။ **(အရဟံ စသည် အထက်ကအတိုင်း)**

**ကဿပေါဘဂဝါ၊** ကဿပ မြတ်စွာဘုရားသည်။ **(အရဟံ စသည် အထက်ကအတိုင်း)**

**ဂေါတမောဘဂဝါ၊** ဂေါတမ မြတ်စွာဘုရားသည်။ **(အရဟံ စသည် အထက်ကအတိုင်း)**

**သတ္တ၊** ခုနစ်ဆူကုန်သော။ **ဣမေဗုဒ္ဓါ၊** ဤဘုရားရှင်တို့သည်။ **အရဟန္တော၊** ပူဇော်အထူးကို ခံတော်မူထိုက်ကုန်၏။ **မယှံ၊** ငါ၏။ **နာထာ၊** ကိုးကွယ်ရာတို့တည်း။ **မယှံ၊** ငါ၏။ **ဒီပါ၊** မှီခိုရာကျွန်းတို့တည်း။ **မယှံ၊** ငါ၏။ **ပတိသရဏာ၊** ကိုးကွယ်လဲလျောင်းရာတို့တည်း။

**အနန္တေဟိ၊** အဆုံးမရှိကုန်သော။ **ဘဂ္ဂစက္ကေဟိ၊** ကိလေသာကို ချိုးဖျက်တတ်သော ဘဂ္ဂစက်တို့ဖြင့်။ **မံ၊** ငါ့ကို။ **ရက္ခန္တု၊** စောင့်ရှောက်ပါစေကုန်



www.burmeseclassic.com

www.burmeseclassic.com

သတည်း။

**အနန္တေဟိ၊** အဆုံးမရှိကုန်သော။ **အရဟန္တစက္ကေဟိ၊** အရဟန္တစက်ကို ဖြင့်။ **မံရက္ခန္တု၊** ငါ့ကို စောင့်ရှောက်ပါစေကုန်သတည်း။

**အနန္တေဟိ၊** အဆုံးမရှိကုန်သော။ **သမ္မာသမ္ဗုဒ္ဓစက္ကေဟိ၊** သမ္မာသမ္ဗုဒ္ဓစက်တို့ဖြင့်။ **မံရက္ခန္တု၊** ငါ့ကို စောင့်ရှောက်ပါစေကုန်သတည်း။

**အနန္တေဟိ၊** အဆုံးမရှိကုန်သော။ **ပုညစက္ကေဟိ၊** ပုညစက်တို့ဖြင့်။ **မံရက္ခန္တု၊** ငါ့ကို စောင့်ရှောက်ပါစေကုန်သတည်း။

**အနန္တေဟိ၊** အဆုံးမရှိကုန်သော။ **ဉာဏစက္ကေဟိ၊** ဉာဏစက်တို့ဖြင့်။ **မံရက္ခန္တု၊** ငါ့ကို စောင့်ရှောက်ပါစေကုန်သတည်း။

**အနန္တေဟိ၊** အဆုံးမရှိကုန်သော။ **တေဇစက္ကေဟိ၊** တေဇစက်တို့ဖြင့်။ **မံရက္ခန္တု၊** ငါ့ကို စောင့်ရှောက်ပါစေကုန်သတည်း။

**အနန္တေဟိ၊** အဆုံးမရှိကုန်သော။ **ဣဒ္ဓိစက္ကေဟိ၊** ဣဒ္ဓိစက်တို့ဖြင့်။ **မံရက္ခန္တု၊** ငါ့ကို စောင့်ရှောက်ပါစေကုန်သတည်း။

**အနန္တေဟိ၊** အဆုံးမရှိကုန်သော။ **ဇုတိစက္ကေဟိ၊** ဇုတိစက်တို့ဖြင့်။ **မံရက္ခန္တု၊** ငါ့ကို စောင့်ရှောက်ပါစေကုန်သတည်း။

***(ဤ ဘုရားခုနစ်ဆူဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာ ဆရာကြီးဦးစံတင့်(စတုနိကာယကောဝိဒ၊ ဝိနယဓရ၊ မွှာစရိယ)မှ ပြန်ဆိုပေးပါသည်။)***

(အထက်ပါ ဘုရားခုနစ်ဆူဂုဏ်တော် ကိုးပါးဂါထာသည် စာရေးသူ သိမ်းဆည်းထားသည့် ဘုန်းတော်ကြီးဦးတေဇ၏ မှတ်စုစာအုပ်ထဲတွင်လည်း တွေ့ရှိရပါသည်။

ထိုစာအုပ်သည် လွန်ခဲ့သည့် နှစ်ပေါင်းကိုးဆယ်နီးနီးရှိပြီဖြစ်၍ စာရွက်တို့မှာ ဝါရောင်ပြေးပြီး ဆွေးမြည့်နေပြီဖြစ်၍ သတိထားပြီး ကိုင်တွယ်ကြည့်ရှုရပါသည်။ ထိုစာအုပ်ထဲမှ နက္ခတ်ဗေဒင်တွက်နည်း အထွေထွေ ဆောင်းပါး အတော်များများ ကောက်နုတ်၍ ကျွန်ုပ် ရေးသားပြီးဖြစ်ပါသည်။)

အဘဦးဌေးအောင်သည် ဘုန်းတော်ကြီးကျောင်းမှ ထွက်၍ အရွယ်ရောက်သော် ခင်ဦးမြို့နယ်၊ ပအို့ရွာသူ ဒေါ်မြကြည်နှင့် အိမ်ထောင်ကျကာ ဘင်တဲရွာသို့ ပြောင်းရွှေ့နေထိုင်၍ လယ်ယာလုပ်ငန်းတို့ကို လုပ်ကိုင်ကာ အပရိက လူနာများကိုလည်း လိုက်လံဆေးကုပေးခဲ့၏။

ယခုအခါတွင် သူ၏ မွေးချင်းတို့နှင့် ဇနီးသည်တို့မှာလည်း သူ့ကို ထားခဲ့ရစ်ခွာသွားကြလေပြီ၊ သူ၏ မျိုးဆက်များဖြစ်ကြသော သားသမီးများကား သားခြောက်ယောက်၊ သမီးသုံးယောက် ရှိသည့်အနက် သားသုံးယောက်၊ သမီးတစ်ယောက်ကလည်း ဆုံးပါးသွားကြ၍ ယခုအချိန်တွင်မူ အဘဦးဌေးအောင်သည် အသက်ရာကျော်ကာ မြေးဦးပဥ္စင်းနှစ်ပါး၏ ရဟန်း ဒါယကာကြီးဖြစ်၍ မြေး၊ မြစ်၊ တီပေါင်း တစ်ရာကျော်တို့နှင့် ကျန်းမာပျော်ရွှင်စွာ ဘင်တဲရွာတွင် နေထိုင်လျက်ရှိပါကြောင်း...။

***အသက်ရာကျော် အဘဦးဌေးအောင်အား ဤဆောင်းပါးဖြင့် ဂါရဝပြုအပ်ပါသည်။***

**ကောင်းခန့်**
***(သခွတ်မြေ၊ ဝက်လက်)***

# ဒူးနာနေသလာ



အသက်
အရွယ်
ကလေးများ
ရလာရင် ဟိုက
နာချင်၊ ဒီက
ကိုက်ချင်တဲ့
ဇရာသခ်ါရလေး
များက ပြလာတတ်ပါတ
အထိုင်အထ မကောင်းခြင်း၊
လိုက်ရင် ဒူးနာလို့ ခြေချင်း
နာလို့နဲ့ မကြာခဏ ညည်းညူ
စာရေးသူ ကြားဖူးပါတယ်။
တလောတုန်း အသက်(၇၀) အ
တစ်ယောက်နဲ့ ကြုံတုန်း စကား
ရင်း ဒူးနာတဲ့အကြောင်း ပြောမိတဲ့
အဘွားက...
'သားရယ် အဘွားလဲ အသက်
ကျော်ပါပြီ။ ဒီလို အကိုက်အခဲ
အကျင်လေးတွေတော့ ရှိတာပေါ့
ဒါပေမယ့် အိမ်ကလူကြီးလေ
ခါးနာ မကြာခဏ ဖြစ်တတ်လို့ အ
တို့ ဘိုးဘွားစဉ်ဆက် သုံးတဲ့ ဆေး
တို့နဲ့ပဲ ပျောက်တာပါပဲကွယ်။
ငုံသားလဲ မြန်မာ့ဆေးပြီးတို့တွေက
သေးလို့ မရဘူး။ ခါးနာ၊ ဒူးနာတာ
သံပရာသီးလေး၊ငါးလုံးကို ပါးဖုတ်ပြီး
ထဲထည့်ပြီး ငွေနဲ့မွှေ အရည်ပျော်
ပေါ့ အဲဒီသံပရာသီး ပါးဖုတ်ပြီးသား
ကို အုန်းဆီ အတော်နေထည့်ပြီး (
(၃)ရက်ထားပြီး ဒူးနာ၊ ခါးနာ
လိမ်းရင် မကြာပါဘူး သက်သာပျော
တာပါပဲ။ သေသေချာချာ ဂရုတစိုက်
ပျောက်တယ်ကွယ့်'

**ကျော်ဇင်ဖြူ**

www.burmeseclassic.com


စိတ်ဝင်စားဖွယ်ကောင်းသော

# ထိုးမြဲလက်မှတ်များအကြောင်း

ဆရာကြီးဦးအောင်မြိုင်
(ဥပဒေဘွဲ့)
လက္ခဏာဗေဒင်ပညာသုတေသီ

၁။

* * *



ယခုလအတွက် နံပါတ်(၁)နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ **မြန်မာသက္ကရာဇ် ၁၃၄၁ ခုနှစ်၊ ပြာသိုလ၊ အင်္ဂါနေ့ဖွား** အမျိုးသမီးတစ်ဦးဖြစ်၍ အသက်(၃၄)နှစ်အရွယ် ဖြစ်သည်။

"**စန်းသော်တာလင်း**" ဆိုသော နာမည်ကို လက်မှတ်ထိုးထားကြောင်း ပြောပြသည်။ ခွက်မှောက်သင်္ကေတနှင့် ကြယ်ပွင့်သင်္ကေတတို့ကြောင့် အိမ်ထောင်ရေးမှာ ပူဆွေးသောကရောက်ရမည့်နိမိတ် ဖြစ်ပါသည်။

မူလမဟာဘုတ်ခွင်နှင့် နာမက္ခရတိုင်စဥ် ချကြည့်လျှင်...


* * *

အင်္ဂါ အထွန်းဖွားဖြစ်သူကို **အင်္ဂါအစ၊ ဗုဒ္ဓဟူးအဆုံး**နာမည် ပေးထား၍ မွေးနံကို အညွှန့်အုပ် နာမည်ပေးနည်းမှန်သော်လည်း **အထွန်း+ဘင်္ဂ= ဣဋ္ဌ+အနိဋ္ဌ** နာမည်ဖြစ်၍ နာမည်ပေးညံ့ပါသည်။

နာမက္ခရတိုင်စဥ်မှာ၊ ဒီဃရဿမှား၊ အသားညှိသူဖြစ်၍ အရောင်(ဝဏ္ဏ)မှား၊ အမှားတွေ များပါသည်။

ဤနာမည်မျိုးတွင် နာမည်ကို လုံးဝပြုပြင်သင့်သည်။ ဤနာမည်ဖြင့်ပင် လက်မှတ်ရွေးပေးပါ ဆိုလျှင်တော့ "**သော်**" ဆိုသော စာလုံးတစ်လုံးတည်းကိုသာ ရွေးထိုးသင့်ပါသည်။

* * *




**(ထိုးမြဲလက်မှတ် နမူနာပုံစံ)**

★ လက်မှတ်အောက်က မျဉ်းမသားရပါ။

★ အညွှန့်နေရာတွင် ပွင့်ဖတ်(၃)ခု ပါသော ပန်းပွင့်သင်္ကေတ ထည့်ပါ။

၂။

* * *




ယခုလအတွက် နံပါတ် (၂)နေရာမှာ ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပိုင်ရှင်မှာ **မြန်မာသက္ကရာဇ် ၁၃၅၆ ခုနှစ်၊ ဝါခေါင်လ၊ ဗုဒ္ဓဟူးဖွား**သူ အမျိုးသားလူငယ်လေးတစ်ဦးဖြစ်သည်။

"**ဝေယံအေး**"ဆိုသော နာမည်ကို



အင်္ဂလိပ်လို သုံးလုံးစလုံးတွဲ၍ လက်မှတ် ထိုးထားသည်။ ထိုးမြဲလက်မှတ်ပုံသဏ္ဍာန် အတော်ညံ့ပါသည်။ ဖြစ်ကတတ်ဆန်း ထိုးထားခြင်း၊ စာလုံးများ ဖြတ်တောက်နေခြင်းကြောင့် ဘာလုပ်လုပ် မသေမချာ မစေ့မစပ်လုပ်ချင်သူ ဖြစ်မည်။

အငြိမ်မနေနိုင် ခရီးသွားလာဝါသနာပါမည်။ ဘာကိုမှ အာရုံစူးစိုက်




**(မူလမဟာဘုတ်ခွင်)** **(နာမက္ခရတိုင်)**

နိုင်မည်မဟုတ်ပါ။ စားမြန်၊ သွားမြန်ပင်ကိုဗီဇရှိမည်။ ကျန်းမာရေး၊ ပညာရေး၊ အချစ်ရေး၊ အိမ်ထောင်ရေးတို့ အညံ့အပျက်များနိုင်သည်။


မူလမဟာဘုတ်ခွင်၊ နာမက္ခရတိုင်စဥ်၊ ဝုဒ္ဓိအစဥ်တို့ ချကြည့်လျှင်...

* * *



www.burmeseclassic.com

www.burmeseclassic.com




(နာမက္ခရတိုင်)

(မူလမဟာဘုတ်ခွင်)


ဗုဒ္ဓဟူး အထွန်းဖွားကို **ဗုဒ္ဓဟူး+တနင်္ဂနွေ= အထွန်း + မရဏ = ဣန္ဒ+အနိဋ္ဌ** နာမည်ပေးထားခြင်း၊ နာမက္ခရတိုင်စဉ်မှား၊ ဗုဒ္ဓိမှားဖြစ်ခြင်း တို့ကြောင့် နာမည်ပေးမှားသည်။ နာမည် ညံ့လွန်းသည်။

ဤနာမည်မျိုးကို သုံးလုံးတွဲ လက်မှတ် မထိုးသင့်ပါ။ ဗုဒ္ဓဟူးနံ အက္ခရာနှစ်လုံးဖြစ်သော **"ဝေယံ"**ကို

✦ လက်မှတ်ပါ လက်ယာဘက် (၄၅)ခန့် စောင်းပါ။

၃။


* * *



ယခုလအတွက် နံပါတ်(၃)နေရာတွင် ဖော်ပြပေးလိုက်သော ထိုးမြဲကောင်းပါ။ မိသားစုဆွေမျိုးအသိုင်းအဝန်းတစ်ခုလုံးကို လုပ်ကိုင်ကျွေးမွေးရခြင်း၊ အလုပ်ပိ ဝန်ပိဖြစ်ခြင်း၊ ပတ်ဝန်းကျင်နှင့် ဆက်ဆံရေး အဆင်မပြေဖြစ်ခြင်း၊ မကြာခဏ ကျန်းမာရေးညံ့ပြီး ခွဲစိတ်ကုသမှုများ ခံရတတ်ခြင်းတို့ကို နိမိတ်ပြနေသည်။

မူလမဟာဘုတ်ခွင်နှင့် နာမက္ခရတိုင်စဉ် ချကြည့်လျှင်...

* * *





(နာမက္ခရတိုင်)

(မူလမဟာဘုတ်ခွင်)

သာ လက်မှတ်ရွေးထိုးသင့်သည်။

* * *



**(ထိုးမြဲလက်မှတ် နမူနာပုံစံ)**

✦ လက်မှတ်အောက်က မျဉ်းမသားသင့်ပါ။
✦ ငွေအိတ်သင်္ကေတ တည့်တည့်လှလှ ဆွဲပါ။

လက်မှတ် ပိုင်ရှင်မှာ **မြန်မာသက္ကရာဇ် ၁၃၄၁ ခုနှစ်၊ ဝါခေါင်လပွေး။** တနင်္ဂနွေသမီးဖြစ်၍ အသက် (၁၄)နှစ်ရှိပြီ ဖြစ်သည်။

**"အေးသီတာ"**ဆိုသော် နာမည် (၃)လုံးမှ အလယ်စာလုံးနှင့် နောက်စာလုံးဖြစ်သော **"သီတာ"**ကို မြန်မာလို လက်မှတ်ထိုးထားခြင်း ဖြစ်ကြောင်း ပြောပြသည်။

ထိုးမြဲလက်မှတ်ပုံသဏ္ဌာန် မ


တနင်္ဂနွေ အဓိပတိဖွားကို **တနင်္ဂနွေအစ စနေအဆုံး=အဓိပတိ + မရဏ = ဣန္ဒ+အနိဋ္ဌ** နာမည်မျိုး ပေးထား၍ နာမည်ပေးညံ့သည်။ မွေးနံကို အမြစ်အုပ်၊ နာမက္ခရတိုင်စဉ်မှား၊ ဗုဒ္ဓိမှား နာမည်မျိုး ဖြစ်၍ နာမည်မှားနေသည်။ အောင်မြင်တိုးတက် ချမ်းသာကြီးပွား မဖြစ်တတ်ပါ။

ထိုးမြဲလက်မှတ်အဖြစ် ရွေးထား သော **သောကြာ+စနေမှာ သိုက်+မရဏ**လည်းဖြစ်၊ ရန်ဓာတ်လည်းဖြစ်၍ လက်မှတ်ရွေးမထိုးသင့်ပါ။ ဤနာမည် မျိုးတွင် နာမည်စာလုံး **"အေး"**ဆိုသာ

www.burmeseclassic.com

လက်မှတ်ရွေးထိုးသင့်သည်။

* * *



**(ထိုးမြဲလက်မှတ် နမူနာပုံစံ)**

★ လက်မှတ်အောက်က မျဉ်းမသားရပါ။
★ အညွန့်နေရာတွင် ပွင့်ဖတ်(၆)ခု ပါသော ပန်းပွင့်သင်္ကေတ ထည့်ပါ။
★ ငွေအိတ်သင်္ကေတ ထည့်ပါ။

၄။

* * *




ယခုလအတွက် နံပါတ်(၄)နေရာမှာ ဖော်ပြပေးလိုက်သော ထိုးမြဲလက်မှတ်ပုံစံပိုင်ရှင်မှာ **မြန်မာသက္ကရာဇ် ၁၃၃၇ ခုနှစ်၊ တော်သလင်းလ၊ ဗုဒ္ဓဟူးနေ့မွေးသော အမျိုးသားတစ်ဦး**ဖြစ်၍ အသက် (၃၈)နှစ်အရွယ်ဖြစ်သည်။ လက်မှတ်ပုံသဏ္ဍာန် မကောင်းပါ။ အိမ်ထောင်ရေး၊ စီးပွားရေးတို့မှာ အရှုတ်အထွေး များတတ်သည်။


"**ရဲရန်နိုင်သူ**"ဆိုသော နာမည်(၄)လုံးမှာ အလယ်နှစ်လုံးဖြစ်သော "**ရန်နိုင်**"ကို မြန်မာလို စာလုံးဖြင့် လက်မှတ်ရွေးထိုးထားခြင်း ဖြစ်သည်။

မူလမဟာဘုတ်ခွင်နှင့် နာမက္ခရတိုင်စဉ် ချကြည့်လျှင်...

* * *




**(မူလမဟာဘုတ်ခွင်)**





**(နာမက္ခရတိုင်)**

ဗုဒ္ဓဟူး အဓိပတိဖွားကို **ဗုဒ္ဓဟူးအစ သောကြာအဆုံး=အဓိပတိ+အထွန်း ဣဋ္ဌ+ဣဋ္ဌ** နာမက္ခရတိုင်စဉ်မှန်၍ ဝဋ္ဋိမှန် နာမည်မျိုးပေးထားသဖြင့် နာမည်ပေး မှန်ကန်ကောင်းမွန်ပါသည်။

သို့သော် ထိုးမြဲလက်မှတ်အဖြစ် ရွေးချယ်ထားသော "**ရန်နိုင်**"မှာ **ဗုဒ္ဓဟူး+စနေ=အဓိပတိ+ဘင်္ဂ=ဣဋ္ဌ+အနိဋ္ဌ** ဖြိုဖျက်တွဲဖြစ်နေ၍ မကောင်းပါ။

ဤနာမည်တွင် နာမည်အစစာလုံးနှင့် အဆုံးစာလုံးကိုသာတွဲပြီး လက်မှတ်ထိုးသင့်သည်။ "**ရဲသူ**"ဆိုလျှင် **ဗုဒ္ဓဟူး+သောကြာ** ဓာတ်မိတ် ဖြိုဖျက်တွဲဖြစ်၍ ကံကြမ္မာပိုကောင်းမည်။

* * *



**(ထိုးမြဲလက်မှတ် နမူနာပုံစံ)**

***ဤမျှနှင့်သာ ကျေနပ်ကြပါစေ။***

***အောင်မြင်ကျော်ကြား ချမ်းသာကြီးပွားအောင်...***

| |
|---|
| **ဆရာကြီး ဦးအောင်မြိုင်**<br>*(ဥပဒေဘွဲ့)*<br>**လက္ခဏာဗေဒင်ပညာသုတေသီ** |

**စာမျက်နှာ (၂၀၀)မှ အဆက်**

ဆရာတော်က...

'ဟော့ ထွေးနီး လာစမ်း'

ဟု ဆိုကာ ပြည်ယိုနေသော နားကို သေချာကြည့်ရှုပြီး သတင်းစာစက္ကူ (၂)ရွက်ကို ကတော့ပုံ လုပ်လိုက်သည်။

အချွန်ဘက်ကို နားပြည်ယိုသည့် နားထဲ ထိုးထားလိုက်သည်။ အဝကျယ်ဘက်က မီးရှို့လိုက်သည်။

သတင်းစာစက္ကူဖြစ်၍ နားနှင့် (၁) ပေခန့်ကွာသည်။ နားပူခြင်း၊ နာကျင်ခြင်း မရှိပါ။ သတင်းစာစက္ကူ မီးရှို့ထားမှုကြောင့် မီးခိုးအပူငွေ့များ နားထဲသို့ အချွန်ဘက်မှ တိုးဝင်ပါသည်။

နားထဲရှိ ပြည်များ ရေနွေးသူသလို ဆူသံကြားရသည်။ (၁)မိနစ်ခန့်အကြာ ပြုလုပ်ပြီးလျှင် ပထမ ကတော့ချွန်ကို ဖယ်ရှားလိုက်ပြီး အုန်းဆီ(၃)စက်ခန့် နားထဲကို ထည့်ပေးလိုက်သည်။

ဆရာတော်က...

'ကဲ ပြန်တော့ ဒီနားထဲက အနံ့ မထွက်တော့ဘူး။ နားပြည်လဲ ထွက်မှာ မဟုတ်တော့ဘူး။ မနက် (၁)ကြိမ်၊ ည (၁)ကြိမ် အုန်းဆီ (၃)စက်သာ ထည့် (၃)ရက်ဆို ပျောက်ပြီ'

စာရေးသူလည်း ဆရာတော် ကုသပေးသည့်နေ့မှစ၍ ယခုအချိန်ထိ နားရောဂါ မဖြစ်တော့ပါ။

စာရေးသူလို နားပြည်တည်နာရောဂါ ဖြစ်နေသူများအတွက် ကိုယ်တွေ့ ဆေးနည်းကောင်းတစ်ခုကို အများပြည်သူ သိရှိနိုင်စေရန် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ ဖော်ပြလိုက်ပါသည်။

**အာရောဂျံ ပရမံ လာဘံ**

**ဇိုလ်မင်း (မင်းလှ)**



www.burmeseclassic.com

www.burmeseclassic.com

# နား ပြည်တည်နာ

## ရောဂါအတွက် ကုသနည်း

ဗိုလ်မင်း (မင်းလှ)



စာရေးသူ ငယ်စဉ်က နားပြည်တည် နာရောဂါ ဖြစ်ဖူးသည်။ စာရေးသူ ကလေးဘဝက နေထိုင်ခဲ့သော **ရသေ့တောင်မြို့နယ်၊ ကြိန်းတန်းကျေးရွာ** သည် ရေပတ်လည် ဝန်းရံလျက်ရှိသော ကျွန်းတစ်ကျွန်းပေါ်တွင် တည်ရှိသည်။

ကျွန်းပေါ်တွင် ကံပြင်ရွာ၊ စဖော်ကျွန်း၊ မှန်နီပြင်၊ ဒိုးဝေချောင်း၊ ငွေတောင်၊ ကြိန်တန်းဟူ၍ အိမ်ခြေ (၆၀)ခန့် ရွာလေး(၆)ရွာ တည်ရှိပါသည်။

ဤကျွန်းသည် မေယုမြစ်၏ အနောက်ဘက်ကမ်း ရသေ့တောင်မြို့နှင့် (၃)မိုင်ခန့်အကွာ ဘူးသီးတောင်မြို့နယ်အစပ်တွင် တည်ရှိသော ကျွန်းဖြစ်သည်။

စီးပွားရေးတွင် အဓိက ရေလုပ်ငန်းလုပ်ကိုင်ကြပြီး ဒီရေမရောက်သော နေရာများကို စပါးစိုက်ပျိုးကြသည်။ ဤကျွန်းပေါ်တွင် နေထိုင်ကြသော လူအများမှာ ရေချိုးကြလျှင် မြစ်ရေ၊ ချောင်းရေကို ချိုးကြရသည်။

မြစ်ထဲဆင်း၍ ရေချိုးခြင်းကြောင့် အဖြစ်အများဆုံးရောဂါမှာ နားပြည်ယိုနာရောဂါဖြစ်သည်။ သန့်ရှင်းမှု မရှိသော ဒီရေများကို ရေချိုးခြင်းကြောင့် နားအတွင်း နားဖာချေး ပိတ်ဆို့သည်။

အချို့သော လူများမှာ တုတ်ချောင်း၊ မီးခြစ်ဆံ၊ ကွယ်ချိတ်တို့နှင့် ကော်ထုတ်ကြသည်။ ဤကဲ့သို့ ဆောင်ရွက်ခြင်းကြောင့် နားပြည်တည်နာရောဂါ ဖြစ်သည်ဟု စာရေးသူ ထင်ပါသည်။ အချို့လူများ နားလေးနားပင်း ဖြစ်သွားကြသည်။

တစ်နေ့တွင် စာရေးသူတို့ နေထိုင်ရာရွာသို့ အိန္ဒိယနိုင်ငံမှ သာသနာပြု ဆရာတော်တစ်ပါး ကြွရောက်တော်မူလာသည်။ ဆရာတော်၏ ဘွဲ့တော်မှာ **ဦးသုမန**ဖြစ်သည်။ ဗေဒင်၊ နက္ခတ်၊ ဆေးပညာများနှင့် ဘာသာစကား(၆)မျိုးခန့် ကျွမ်းကျင်စွာ တတ်မြောက်သော ပုဂ္ဂိုလ်ထူးဖြစ်သည်။

စာရေးသူအပါအဝင် လူငယ်(၅)ယောက်ခန့် ဆရာတော်အနီးတွင် ဝေယျာဝစ္စ ဆောင်ရွက်ရသည်။ စာရေးသူ၏ဖခင်ကြီးက ရွာသူကြီးဖြစ်၍ ဆရာတော်အတွက် အရုဏ်ဆွမ်း၊ နေ့ဆွမ်းကိစ္စများကို ဖခင်ကြီးထံ သွားရောက်အကြောင်းကြားပြီး စီမံဆောင်ရွက်ရသည်။

ယင်းအချိန်တွင် စာရေးသူ နားပြည်တည်နာရောဂါ ဖြစ်နေသည်။ ဆရာတော် မိန့်ကြားသော စကားများနှင့် ဖခင်ကြီး မှာကြားသော အချို့စကားများကို မကြား၍ အော်ငေါက်ခံရသည်။

စာရေးသူလည်း ခဏခဏ အော်ငေါက်ခံနေရ၍ စိတ်ညစ်နေရသည်။ ဆေးရုံဆေးခန်းလည်း မရှိသဖြင့် နားပြည်ယိုသည့်ဘက်ကို ဝါဂွမ်းဆို့ထားရသည်။

ညဘက်ရောက်လျှင် အတူအိပ်ကြသည့် သူငယ်ချင်းတွေက နားက အနံ့ထွက်သဖြင့် အတူမအိပ်ချင်ကြပါ။ စာရေးသူနှင့် ညီအစ်ကိုဝမ်းကွဲတော်သူ စံအောင်ကျော်နှင့် ညအိပ်ခါနီး စကားများကြရာ ဆရာတော် သိရှိသွားသည်။

ဆရာတော်က...

'ဟေ့ စကားများကြတဲ့ ကျောင်းသားတွေ ဒီကို လာခဲ့ကြစမ်း'

ဟု ခေါ်လိုက်သည်။

စာရေးသူနှင့် စံအောင်ကျော်တို့ ဆရာတော်ရှေ့သို့ ရောက်သွားသော အခါ...

'ကဲ ဘာဖြစ်လို့ အိပ်ခါနီးမှာ စကားများကြတာလဲ ပြောစမ်း'

စာရေးသူက...

'တပည့်တော်နားမှာ ပြည်ယိုနေတဲ့အတွက် အတူမအိပ်ကြလိုလို့ ဖြစ်တာပါဘုရား'

ဟု လျှောက်ထားလိုက်သည်။

စာမျက်နှာ (၁၉၉) သို့

www.burmeseclassic.com

မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီး
ဿတ္တသတ္တာဟမှာ အရဟတ္တဖိုလ်
ချမ်းသာကို ခံစားပြီး နောက်ဆုံး
သတ္တာဟ လင်းလွန်းပင်ရင်း၌ (၇)ရက်
အရဟတ္တဖိုလ် ခံစားနေချိန်တွင်
ဥက္ကလာပတိုင်းမှ တဖုဿ, ဘလ္လိက
ကုန်သည်ညီအစ်ကိုတို့သည် မဇ္ဈိမတိုင်း
သို့ လှည်းငါးရာဖြင့် ကုန်ရောင်းသွား
ရာ ဘုရားရှင် သီတင်းသုံးရာ လင်းလွန်း
ပင်အနီးမှဖြတ်စဥ် လှည်းတို့သည်
ထိုအလျောက် ရပ်တန့်သွားပြီးလျှင်
ကုန်သည်ညီအစ်ကိုနှင့် ရှေးဘဝက
ဆွေမျိုးတော်စပ်ခဲ့ဖူးသော နတ်သား
တစ်ပါးက ကိုယ်ထင်ပြ ပြီးလျှင်…

မြတ်စွာဘုရားသည် ဘုရားဖြစ်ပြီး
ရက်ပတ်လုံး ဆွမ်းအာဟာရ ဘုဉ်း
ပေးခြင်းမရှိဘဲ အရဟတ္တဖိုလ်ချမ်းသာ
ခံစားပြီး လင်းလွန်းပင်ရင်း၌ သီတင်း
သုံးနေသဖြင့် ဘုရားရှင်အား ဦးဦး
ဖျားဖျား ဆွမ်းလှူဒါန်းပြီး ပူဇော်ပါက
များစွာရှည်စွာ ကောင်းကျိုးများစွာ
ရလိမ့်မယ်လို့ နတ် လမ်းညွှန်ချက်
ကြောင့်…

ကုန်သည် ညီအစ်ကိုနှစ်ဦးလည်း
မုန့်ပြပ်ကျစ်နှင့် ပျားဆုပ်မုန့်(မုန့်ဆွမ်း)
ကို လှူရာ မြတ်စွာဘုရားသည်
အလှူခံရန် သပိတ်မရှိသဖြင့် ဆင်ခြင်
တော်မူသော် စတုမဟာရာဇ်နတ်မင်းကြီး
လေးပါးက ကျောက်သပိတ်လေးလုံး
ဆက်ကပ်သလျှင် ထိုကျောက်သပိတ်
လေးလုံးအား တစ်လုံးတည်းဖြစ်စေပြီး
ဆွမ်းကို အလှူခံပြီး ဘုဉ်းပေးပြီး

ကုန်သည်ညီအစ်ကိုအား ဆွမ်း
အနုမောဒနာတရားဟောပြီး ဒွေဝါစိက
သရဏဂုံကို ခံယူဆောက်တည်ပြီး
ဥပါသကာဖြစ်ကာ အမြဲမပြတ် ကိုးကွယ်
ရန် ဘုရားရှင် လက်ယာလက်တော်

# ဆံတော်ပေးခန်း ရုပ်ပွားတော်နှင့်

လျှို့ဝှက်ဂမ္ဘီရကျော်ငြိစဥ်

ကဗိသိရောမကို



ဆံတော်ပေးခန်း ရုပ်ပွားတော်

ဖြင့် ဦးခေါင်းကို သုံးသပ်ပြီး ဆံတော်
(၈)ဆူကို ကိုးကွယ်ကြရန် ပေးသနား

လိုက်ပါတယ်။
ဤဆံတော်ပေးခန်း ရုပ်ပွားတော်

www.burmeseclassic.com

မြတ်ကို ရန်ကုန်တိုင်းဒေသကြီး၊ မြောက်ဥက္ကလာပမြို့နယ် မယ်လမု စေတီတော်ပရိဝုဏ်၌ ဖူးတွေ့ ကြည်ညို နိုင်ကြပါတယ်။

ထို့ကြောင့်...

ဆံတော်ပေးခန်း ရုပ်ပွားတော်ကို ကြည်ညိုဂါရဝ ပြုကြလျှင်...

- ဆုလာဘ်ကောင်းများ ရစေနိုင်ခြင်း။
- အထိတ်အထိပ်သို့ ရောက်စေနိုင်ခြင်း။
- အကြီးအကဲ ဦးစီးခေါင်းဆောင် ဖြစ်စေနိုင်ခြင်း။
- အဆင့်မြင့် ရာထူးများ ရလွယ်ခြင်း။
- ဘဝအခြေအနေ တိုးတက်မြင့်မားစေခြင်း။
- ထူးမြတ်သော ရည်ရွယ်ချက်များ ပြည့်ဝစေခြင်း။
- ကောင်းမြတ်သော စိတ်ကူးများ ရုပ်လုံးပေါ်စေခြင်း

စတဲ့ အကျိုးတရားများ ရစေနိုင်ကြောင်း ယုံကြည်ထိုက်ပါပေတယ်။ ကြည်ညိုသောစိတ်သည် မကြံစည်အပ်သော တွေးမထင်ထားသော ကောင်းကျိုးများစွာ ရစေနိုင်ကြောင်း ယုံကြည်ပေးနိုင်ကြပါလိမ့်မယ်။

သို့ကြောင့်...

ယုံကြည်စိတ်ထားဖြင့်...

အဓိဋ္ဌာန်ပြုပါ။ ဆုတောင်းပါ။

လိုရာဆန္ဒများ ပြည့်စုံလာမှာ ဖြစ်ပါတယ်။

**ဂမ္ဘီရသဘောအရ ကြည့်လိုက်ပါဦး။**

"**ဆံတော်**"သည် အင်္ဂါနဲ့စနေ ပညတ်ထားသဖြင့် "**ဆန္ဒ**"ဟု ယူသော် လိုရာဆန္ဒဟူသမျှ ပြည့်ဝစေကြောင်း ထင်ရှား သိသာလှပါတယ်။

အထူးသဖြင့်...

**၅-ကြွင်း မဟာဘုတ်ပိုင်ရှင်များသည်** သာမန်အားဖြင့် (၇)ရက်သားသမီးများအားလုံးသည် မွေးနေ့တိုင်း (အနည်းဆုံး တစ်လတစ်ကြိမ်)ဆီမီး၊ ရေချမ်း၊ ပန်းနံ့သာများ လှူပြီး ကုသိုလ်ယူခြင်း၊ ပုတီးစိပ်ခြင်း၊ မေတ္တာပို့အမျှဝေခြင်း စသည်ဖြင့် ဆောင်ရွက်ကြရန် ဖြစ်ပါတယ်။

သို့သော်...

၅-ကြွင်း မဟာဘုတ်ပိုင်ရှင်များသည် အင်္ဂါသက်ရောက်ကြုံချိန်၊ စနေသက်ရောက်ကြုံချိန်များ အထူးအားထုတ်ရန် တစ်နှစ်ပတ်လုံး ဆောင်ရွက်ကြရန်ဖြစ်ပါတယ်။ အင်္ဂါသက်ရောက်ချိန်ကတော့ ရောက်သက်ကို (၈)ဖြင့် စားပြီး အကြွင်းကို ကြည့်ပါ။

* * *

၁-ကြွင်း → အင်္ဂါသားသမီး
၂-ကြွင်း → တနင်္လာသားသမီး
၃-ကြွင်း → တနင်္ဂနွေသားသမီး
၄-ကြွင်း → သောကြာသားသမီး
၅-ကြွင်း → ရာဟုသားသမီး
၆-ကြွင်း → ကြာသပတေးသားသမီး
၇-ကြွင်း → စနေသားသမီး
၀-ကြွင်း → ဗုဒ္ဓဟူးသားသမီး

⇒ အင်္ဂါသက်ရောက်ချိန်

ထို့အတူ...

* * *

၁-ကြွင်း → စနေသားသမီး
၂-ကြွင်း → ဗုဒ္ဓဟူးသားသမီး
၃-ကြွင်း → အင်္ဂါသားသမီး
၄-ကြွင်း → တနင်္လာသားသမီး
၅-ကြွင်း → တနင်္ဂနွေသားသမီး
၆-ကြွင်း → သောကြာသားသမီး
၇-ကြွင်း → ရာဟုသားသမီး
၀-ကြွင်း → ကြာသပတေးသားသမီး

⇒ စနေသက်ရောက်ချိန်

ထိုအခါ...

| | |
|---|---|
| ဆံ တော် | ၃ . ၀ |
| ↓ ↓ | ↓ ↓ |
| ဆု ထူး | ၃ . ၀ |

ဆံတော်ပေး ရုပ်ပွားတော်ကို ကြည်ညိုစွာ ဂါရဝပြုသဖြင့် "**ဆုထူး**" ဆိုသည့် ကောင်းကျိုးချမ်းသာမင်္ဂလာလဲ ဖြစ်ပေါ်လာပါမယ်။

အဓိဋ္ဌာန်ကျင့်စဉ်ကို ပြောပါမယ်။ ကြည့်ပါ။

"**ဆံတော်ပေး**" ရုပ်ပွားတော်ရဲ့ မျက်မှောက်တော်၌...

မွေးနေ့ကစတင်ပြီး (၉)ရက်တိုင် အဓိဋ္ဌာန်ပြုရန် လိုပါတယ်။

ဦးစွာ...

- ✦ အလင်းတိုင် (၃)တိုင်၊
- ✦ နံ့သာတိုင် (၃)တိုင်၊
- ✦ အမွှေးရောင်ပန်း (၃)ပွင့်

ကို လှူပြီးလျှင် "**မုန့်ဆွမ်း**"(၁)ပွဲ

လှူပါ။ ပြီးလျှင် ဘုရားရှိခိုးခြင်း၊ သီ... ယူခြင်း၊ မေတ္တာပို့ခြင်း၊ အမျှဝေ... စသည့် ရှေးဦးပြုဖွယ်ရာကို ဆော... ရွက်ပါ။ ပြီးလျှင် ဤဂါထာပါဠိ... ဖြင့် (၈)ခေါက် ရွတ်ပြီး ပူဇော်လို...





www.burmeseclassic.com

www.burmeseclassic.com

ဖြစ်တော်စဉ်

# ဥစ္စာပျောက်အဟော

ကောင်းခန့်
[သခွတ်မြေ၊ ဝက်လက်]



စာရေးသူသည် မြန်မာ့ရိုးရာဗေဒင် ပညာတွေထဲမှ ခက်ခဲနက်နဲသည့် နက္ခတ်ဗေဒင်ပညာတွေကို ရှောင်၍ ဝါသနာရှင်တို့အတွက် သိလွယ်တွက် လွယ်သော ဗေဒင်တွက်နည်းဟော နည်းတို့ကို လစဉ်မပျက်ရအောင် ရှာဖွေ ဆောင်လာပြီး ရေးသားပေးပို့နေသည်မှာ တွက်နည်းကိန်းများ အတော်ပင် များ နေပြီဖြစ်၏။

တွက်နည်းဟောနည်း စာအုပ်အမျိုး မျိုး ဗေဒင်ကျမ်းအဆူဆူ ဖတ်ရှုမှတ်ရ သည့်အပြင် တစ်ခါတစ်ရံ၌ ရေးစရာ ကုန်ကြမ်း ပြတ်လပ်နေသည့်အခါတွင် ဗေဒင်လက္ခဏာ ဆရာတို့ အထံသို့ အကူအညီတောင်း၍ တစ်မျိုးရေးစရာ ကုန်ကြမ်းရှာရ၏။

ယနေ့လည်း နောက်လတွေအတွက် တွက်နည်းဟောနည်း မထပ် မလပ် နေလေအောင် ရေးစရာကုန်ကြမ်း ရှာရန် အတွက် တူတော်မောင် မောင်သိန်း ထိုက် + မဆွေတို့၏ "ကောင်းမိတ်". လက်ဖက်ရည်ဆိုင်ဘက်သို့ ထွက်ခဲ့ သည်။

ထုံးစံအတိုင်း မောင်သိန်းထိုက်မှ လက်ဖက်ရည်ဖန်ချိုတစ်ခွက် လာချ ပေးရာ ကျွန်ုပ်လည်း လက်ဖက်ရည် ကို ဖိမ်ဆွဲသောက်ရင်း လမ်းသုံးခွမှာ ဥဒဟို သွားလာလှုပ်ရှားနေကြသော လမ်းသွားလမ်းလာ၊ ဈေးသွားဈေးလာ ကြသူများအား ငေးမောကြည့်ရှု နေမိ၏။

ထိုစဉ်...

'ဆရာကောင်း နောက်လအတွက် ဘာစာမူ ရေးပြီးပြီလဲ'

နောက်ကျောဘက်မှ ဝင်လာပြီး မေးသည့်မို့ လှည့်ကြည့်မိရာ "ဗေဒ လက္ခဏာသုတေသီ" ဦးစိုးညွန့်ကို တွေ့ရ၏။

ဦးစိုးညွန့်သည် ဝက်လက်မြို့ပေါ် တွင် နာမည်ထွက်နေသော လက္ခဏာ ဆရာတစ်ယောက်ဖြစ်သည်။ သူ့ဆီမှ ငါးခြောက်တတစ်ကိန်းရ၍ စာရေးသူ ရေးဖူး၏။ ယခုလည်း တိုက်တိုက်ဆိုင် ဆိုင် စာရေးသူ လိုအပ်နေချိန်၌ တွေ့ရ ပြန်ပြီ။

'လာ...လာ...ထိုင် ဆရာစိုး ဖန်ချို တစ်ခွက်ပေ့ါ'

ကုန်ကြမ်းလိုသော ကျွန်ုပ်ကပင် သူ့ကို ညွှေ့ဝတ်ပြုလိုက်သည်။

'ဒီလအတွက် ရေးပို့စရာအကြောင်း အရာပြတ်နေလို့ ဆရာစိုးရဲ့၊ အဲဒါ ခင်ဗျားဆီက ဗေဒင်အလွယ်နည်းလေး တစ်ပုဒ်လောက်'

'ဟဲ...ဟဲ...ဟဲ ရ,ရမှာပေါ့ဗျာ။ ကျုပ် အလွတ်ရထားတဲ့**မသိကြလျှင် တွေးဆ ဦးဆိုတဲ့ကိန်းနဲ့ ဥစ္စာပျောက်အဟော** လေးဆိုရင်...'

ဟူ၍ အစချီကာ သူပြောပြသော **"ဖြစ်တော်စဉ် ဥစ္စာပျောက် အဟော"** တွက်နည်းကို ဗေဒဝါသနာ ရှင်တို့အတွက် ရေးသားပါမည်။

ထိုဖြစ်တော်စဉ် တွက်နည်းသည် **အင်္ဂဝိဇ္ဇာအခါတိုင်းနှင့် တစ်နေ့ကို** ရှစ်ချိန်၊ ရှစ်တိုင်ထူ၍ သိလိုသမျှ အမေးကို အကျယ်အားဖြင့် ဟောပြော နိုင်ပါသည်။

ယခုတော့ သူ ပြောသည့်အတိုင်း ဥစ္စာပစ္စည်းပျောက်ရာတွင် ပြန်ရ,မရ အလွယ် ဟောကိန်းထုတ်နည်းအဖြစ် ရေးသားလိုက်ရပါသည်။

---

ဖြစ်တော်စဉ် ဥစ္စာပျောက်

---

ဟောနည်းလင်္ကာ

---

'မသိကြလျှင် တွေးဆဦး ပပွားတောပွင့်ဦး
ပရိနိဗ္ဗာန်ကူး တေဇောလောင်ကျွမ်းထူး'

ဟူ၍ ဖြစ်ရာ ထိုလင်္ကာကို ဇယား ချ၍ ကြည့်လျှင်...

***

| | | | | | | |
|---|---|---|---|---|---|---|
| မ | သိ | ကြ | လျှင် | တွေး | ဆ | ဦး |
| ပ | ပွား | တော | ပွင့် | ဦး | ပရိနိဗ္ဗာန် ကူး | တေဇော လောင်ကျွမ်းထူး |

ဖြစ်တော်စဉ်ဇယား

အထက်ပါ ဇယားကွက်တွင် ထည့် သွင်းထားသော စာလင်္ကာတို့ကို အဓိပ္ပာယ်ပြန်ဆိုရလျှင်...

* * *



www.burmeseclassic.com

www.burmeseclassic.com

| | | | |
|---|---|---|---|
| ၁။ **မ**... | ဗုဒ္ဓဟူးနေ့သည် | ⇨ | ဘုရားလောင်း ပဋိသန္ဓေတည်သောနေ့ ဖြစ်ပြီး |
| ၂။ **သီ**... | ဗြဟ္မာနေ့သည် | ⇨ | ဘုရားလောင်း ဖွားမြင်သောနေ့ |
| ၃။ **ကြ**... | ကြာသပတေးနေ့သည် | ⇨ | ဘုရားလောင်း တောထွက်သောနေ့ |
| ၄။ **လျှင်**... | ဗုဒ္ဓဟူးနေ့သည် | ⇨ | ဘုရား ပွင့်တော်မူသောနေ့ |
| ၅။ **တွေး**... | စနေနေ့သည် | ⇨ | ဓမ္မစကြာတရားဦးဟောသောနေ့ |
| ၆။ **ဆ**... | သောကြာနေ့သည် | ⇨ | မြတ်စွာဘုရား ပရိနိဗ္ဗာန်ပြုသောနေ့ |
| ၇။ **ဦး**... | တနင်္ဂနွေနေ့သည် | ⇨ | တေဇောဓာတ် လောင်ကျွမ်းသောနေ့ |

ထိုနေ့များသည် မဟာဗုဒ္ဓဝင်၌ အမြတ်ဆုံးသော နေ့ထူးနေ့မြတ်များ ဖြစ်ပါသည်။ ထိုနေ့များကို ပမာပြုပြီး ဥစ္စာပစ္စည်း ပျောက်သောအခါတွင် အလွယ် ဟောပြောသောနည်းအဖြစ် ပရိယာယ်ဆင်ထားသည့် အောက်ပါ ဟောကိန်းတို့ကို ကြည့်၍ ဟောပြောနိုင်ပါသည်။

## ဥစ္စာပျောက်အဟော

၁။ **ဗုဒ္ဓဟူးနေ့ ပစ္စည်းပျောက်မှု...** လုံခြုံသောနေရာ၌ ရှိနေသည်။ ရုတ်တရက် ရှာမတွေ့တတ်၊ ကိုးလ, ဆယ်လကြာလျှင် ပြန်၍ တွေ့တတ်၏။

၂။ **ဗြဟ္မာနေ့၌ ပစ္စည်းဥစ္စာပျောက်ခဲ့မှု...**လွယ်ကူစွာ ပြန်၍ တွေ့တတ်သည်။

၃။ **ကြာသပတေးနေ့ ပစ္စည်းဥစ္စာ ပျောက်မှု...** ရွှေငွေဆိုလျှင် မြစ်ကူးချောင်းခြား ရောက်သွားပြီး ပြန်မရနိုင်။ အခြားပစ္စည်းဆိုမူ ပျောက်ဥစ္စာ ပြန်ရတတ်၏။

၄။ **ဗုဒ္ဓဟူးနေ့၌ ပစ္စည်းဥစ္စာပျောက်မှု...** လွယ်ကူစွာ ပြန်၍ ရတတ်၏။

၅။ **စနေနေ့၌ ပစ္စည်းဥစ္စာပျောက်မှု...** ပြန်၍ရမည် ဖြစ်၏။

၆။ **သောကြာနေ့၌ ပစ္စည်းဥစ္စာပျောက်မှု...** ပျောက်သောပစ္စည်း ပြန်၍မ...

၇။ **တနင်္ဂနွေနေ့၌ ပစ္စည်းဥစ္စာပျော...မှု...** အပြီးအပိုင် ဆုံးရှုံးသွား...၍ ပြန်မရနိုင်။

အထက်ပါ အဟောတို့သည် ... အလိုက် ကြည့်၍ ပျောက်သောပ... ပြန်ရ,မရ အလွယ်ဟောပြော... နည်းဖြစ်၍ ထို့ထက် နက်နဲစွာ အ... ရှစ်ပိုင်းနှင့် အခါတိုင်ထူကာ ဟော... နိုင်လျှင် ကျယ်ပြန့်စွာ သိလိုသ... ဟောပြောနိုင်ပါသည်။

**[အထက်ပါနည်းကို ပြောပြ... ဦးစိုးညွန့် ဗေဒလက္ခဏာသု... ဆင်းသိင်္ဂီရပ် အမှတ်(၁)... ကျေးဇူးတင်လျက်...]**

***သုံးနက္ခတ္တ ကောင်းသော နက္ခတ်... ကြ၍ ကောင်းကျိုးသုခ ရရှိကြ...***

**ကောင်းခန့်**
*[သခွတ်မြေ၊ ဝက်လက်]*

**စာမျက်နှာ (၂၀၂)မှ အဆက်**

အဋ္ဌာရသ ဟတ္ထုဗ္ဗေဓော၊
ဂေါတမော သကျပုင်္ဂဝေါ။
သဗ္ဗညူ သဗ္ဗတိလကော၊
သဗ္ဗလောက သုခါဝဟော။
သမ္ဗုဒ္ဓေါ သဗ္ဗဓမ္မာနံ၊
ဘဂဝါ ဘာဂျဝါ ယုတော။
ဝိဇ္ဇာစရဏသမ္ပန္နော၊
သောတ္ထာရောဂျံ ဒဒါတုမေ။

**သကျပုင်္ဂဝေါ၊** သာကီဝင်မင်းတို့၏ နှစ်လိုခြင်းကို ပွားစေတော်မူတတ်ထသော။

**ဂေါတမော၊** ဂေါတမမြတ်စွာဘုရားသည်။

**အဋ္ဌာရသ ဟတ္ထုဗ္ဗေဓော၊** တစ်ဆယ့်ရှစ်တောင်မြင့်တော်မူ၏။

**သဗ္ဗညူ၊** ခပ်သိမ်းသော တရားတော်ကို သိတော်မူ၏။

**သဗ္ဗတိလကော၊** သူခပ်သိမ်း၏ မှန်ကူသဖွယ် ဖြစ်တော်မူ၏။

**သဗ္ဗလောက သုခါဝဟော၊** သူ ခပ်သိမ်း တို့အား ချမ်းသာကို ပေးတော်မူ၏။

**သဗ္ဗဓမ္မာနံ၊** ခပ်သိမ်းသော တရားတို့ကို။

**သမ္ဗုဒ္ဓေါ၊** ကိုယ်တော်တိုင် သိတော်မူ၏။

**ဘဂဝါ၊** ဘုန်းတော်ခြောက်ပါးတို့နှင့်။

**ယုတော၊** ယှဉ်တော်မူ၏။

**ဘာဂျဝါ၊** ဒါန,သီလ စသည်တို့၏ အထွတ်သို့ရောက်သော ပါရမီရှိတော်မူ၏။

**ဝိဇ္ဇာစရဏသမ္ပန္နော၊** ဝိဇ္ဇာသုံးပါး, ဝိဇ္ဇာရှစ်ပါး, စရဏတစ်ဆယ့်ငါးပါးနှင့် ပြည့်စုံတော်မူသော ဂေါတမမြတ်စွာဘုရားသည်။

**မေ၊** ငါ့အား။

**သောတ္ထာရောဂျံ၊** စီးပွားချမ်း... အနာကင်းခြင်းကို။

**ဒဒါတု၊** ပေးတော်မူပါစေသတည်း... ပြီးလျှင်...

သရဏဂုံ စတင်ရာ၌ ဗုဒ္ဓ... သရဏဂုံသာ ရှိခြားသော်လည်း ... အခါ၌ သံဃာရတနာ ထင်ရှားစွာ ... ထွန်းနေပြီ ဖြစ်၍ သရဏဂုံ(၃)ပါး... (၉)ပတ် ပုတီးစိပ်ရပါမယ်။

ပြီးလျှင်...

ဗုဒ္ဓံ သရဏံ ဂစ္ဆာမိ(ပုတီးတစ်လုံးမျှ)
ဓမ္မံ သရဏံ ဂစ္ဆာမိ(ပုတီးတစ်လုံးမျှ) (၉)ပ...
သံဃံ သရဏံ ဂစ္ဆာမိ(ပုတီးတစ်လုံးမျှ)

ဆုတောင်းပါ။

ကျင့်စဉ်ပြီးဆုံးပြီ ဖြစ်ပါတယ်။

***သင့်တင့်အောင် နှလုံးသွင်း အ... ပါစေ။***

**ကဝိသိရေယ်ဆီ**



www.burmeseclassic.com

www.burmeseclassic.com

# သဗ္ဗကုဋ္ဌိစကြာစမ

ဆောင်ထားကြ

အောင် (သိဒ္ဓိဂုဏ)
နဝင်းမြို့တော်

ကျွန်ုပ်အနေဖြင့်လည်း သီတင်းကျွတ် ကန်တော့လာကြသော တပည့်များ၏ မိသားစုအားလုံးအတွက် ပြန်လည်ချီးမြှင့်ရန် ကြိုတင်စီမံ၍ ထားရလေ၏။

လာရောက်ကန်တော့သော တပည့်များထဲမှ တပည့်တစ်ဦးကမူ **အောင်ခြင်းမင်္ဂလာအဖြာဖြာနှင့် ပြည့်စုံခြင်း၊ အန္တရာယ်အပေါင်းမှ ကင်းလွတ်ခြင်း၊ ဗလဆယ်တန် ပြည့်ဖြိုး၍ ဘုန်းကံမြင့်မား တန်ခိုးကြီးထွားစေသော အဆောင်ပစ္စည်းတစ်ခု** ချီးမြှင့်ပါဟု တောင်းခံခြင်းဖြစ်လေ၏။


တိုက်တိုက်ဆိုင်ဆိုင်...

ကျွန်တော့်မှာ မေတ္တာကျင့်စဉ် အဓိဋ္ဌာန်ဝင်ခဲ့သည်မှာ(၁၃)ကြိမ်မြောက် (၉)ရက်အဓိဋ္ဌာန်သို့ ရောက်နေပြီ ဖြစ်သည်။ အဓိဋ္ဌာန်ကာလသည် **တစ်ကြိမ်တွင် (၉)ရက်** ဖြစ်လေ၏။ (၉)ရက်ပြည့်သောအခါ ဆက်တိုက် အဓိဋ္ဌာန်ဝင်မြဲ ဖြစ်၏။ အဆက်မပြတ် ဝင်သော အဓိဋ္ဌာန်ဖြစ်လေ၏။

(၁၀)ကြိမ်မြောက် (၉)ရက်အဓိဋ္ဌာန် ကာလအတွင်းတွင် ကျွန်တော်၏ စိတ်အာရုံ၌ တစ်စုံတစ်ခု ထင်ရှားပေါ်နေလေ၏။ ကျွန်တော်သည် ထိုပေါ်ပေါက်နေသော အာရုံကို ချေဖျက်ပါ၏ မရ။ အာရုံမှာ စွဲထင်မြဲသာ ဖြစ်လေ၏။ ထို့ကြောင့် အာရုံနိမိတ်၏ ခိုင်းစေချက်အတိုင်း အကောင်အထည် ဖော်ရလေတော့၏။

နက္ခတ္တရောင်ခြည် မဂ္ဂဇင်းတွင် ကျွန်တော်ရေးခဲ့သော စမများနှင့် ပတ်သက်သည့်ဆောင်းပါးများတွင်ရေးသားခဲ့ဖူးပြီဖြစ်သော **နှစ်ပေါင်းတစ်ရာကျော်က "စမ"** ကျမ်းစာအုပ်ကို သေသေချာချာ ကြည့်ရပြန်ပါပြီ။

ကုဋ္ဌိရှင်၊ မဟိဒ္ဓိရှင်ဆရာတော်ကြီးများ၏ ညွှန်ကြား စေစားလေသလား။ ကျွန်တော်သည် **ကုဋ္ဌိ မဟိဒ္ဓိအပေါင်းနှင့် ပြည့်စုံစေသော "သဗ္ဗကုဋ္ဌိ စကြာစမတော်"**ကို စီမံရပါတော့သည်။



သဗ္ဗကုဋ္ဌိ စကြာစမတော်

**"သဗ္ဗကုဋ္ဌိ စကြာစမတော်"သည် ထူးခြားစွမ်းအောင်တစ်ခု ရှိပါသည်။ ဝိဇ္ဇာရေဂန္ဓာရီပညာကျင့်စဉ်တွင် စံပြုရထိုက်သော စမတော်လည်း ဖြစ်ပါသည်။**

ထိုစမတော်သည် အမျိုးလေးပါးဟု ဆိုအပ်သော တောင်သူလယ်သမားများ၊ ကုန်ရောင်းကုန်ဝယ်ဖြင့် အသက်မွေးကြသူများ၊ မင်းမှုထမ်း အစိုးရဝန်ထမ်းများ၊ ပညာရှာနေကြသော ကျောင်းသားကျောင်းသူများ၊ မဟာဂန္ဓာရီစခန်းကို သွားလိုသော ပုဂ္ဂိုလ်များ အားလုံးအတွက်အသုံးတည့်သော စမစကြာ ဖြစ်ပါသည်။ **ကိုယ်နှင့်မကွာ ဆောင်ထားကြရပါမည်။**

စကြဝဠာမန္တတ်မင်းများသည် ပုံတောင်း စကြရတနာကို လက်ဝယ်ပိုင်ပိုင် ရစေသလို ယခုဖော်ပြထားသော"**သဗ္ဗကုဋ္ဌိစကြာစမတော်**"ကို

www.burmeseclassic.com

**ဆောင်သောပုဂ္ဂိုလ်များ အနေဖြင့် အထူးထူးသော အကျိုးအာနိသင်ကို ရစေမည် ဖြစ်သည်။** ကိုယ်တွေ့ကြုံရခြင်းက ပိုကောင်းပါသည်။

**ဣဒ္ဓိ၊ သိဒ္ဓိ၊ မဟိဒ္ဓိ**ဟု ဆိုအပ်သော **ဓိ သုံးဓိကို** ရမည်ဖြစ်၏။ လွယ်လိုက်တာ၊ တကယ်ရမှာလားဟု မနောက်မကျူးလွန်သင့်ပါ။ ထို ဓိသုံးပါးရရန် အတွက် **သစ္စာ**သည် အဓိကဖြစ်ပါသည်။

ဘုရားကို ယုံကြည်ခြင်း၊ တရားကို ယုံကြည်ခြင်း၊ သံဃာကို ယုံကြည်ခြင်းတွင် တကယ် ယုံကြည်မှုသဒ္ဓါ ရှိရပါမည်။ နောက်တစ်ချက်မှာ "**သဗ္ဗဣဒ္ဓိ စကြာစမတော်" ဆောင်သောသူသည် နေ့စဉ် အမြဲ သစ္စာပြုဆုတောင်းကို ဝတ်မပျက် ပြုလုပ်ရပါမည်။**

ရှေးဟောင်း ကျမ်းလာစကားများကို ရေးသားရမည်ဆိုလျှင် အလွန်ရှည်လျားမည် ဖြစ်ပါသည်။ ကျွန်တော့်အနေဖြင့် သင့်လျော်ရာကို ရွေးချယ်ဖော်ပြပေးလိုက်ပါသည်။

---

## သဗ္ဗဣဒ္ဓိ စကြာစမတော်

## စီမံပုံနှင့် ကျင့်စဉ်

---

စီမံပုံကို (၂)ပိုင်း ခွဲထားပါသည်။

(က) ဂန္ဓာရီလမ်း သွားသူများ။

(ခ) ဗလဆယ်တန် ပြည့်စုံ၍ ဘုန်းကံ မြင့်မားလိုသူများ

တို့ ဖြစ်သည်။

**ပထမ** ဖော်ပြလိုက်သည်မှာ **ဂန္ဓာရီလမ်းသွားလိုသူများ**အတွက် ဖြစ်ပါသည်။

၁။ နက္ခတ်ခပတ် စင်ကြယ်ရပါမည်။

၂။ ရက်ကောင်းရက်မြတ် ဖြစ်ရပါမည်။

၃။ သဗ္ဗဣဒ္ဓိ စကြာစမတော်ကို ဓိဓိ နှစ်သက်ရာပစ္စည်းဖြင့် ရေးသား စီမံနိုင်ပါသည်။

၄။ လတိုင်း၏ လဆန်း(၉)ရက်တွင် စတင်ရပါမည်။

၅။ ဂုဏ်တော်(၉)ပါးကို နှလုံးသွင်းဖြင့် တစ်နေ့(၉)ပတ် ပုတီးစိပ်ရန်။ (၇)ရက်တိတိ စိပ်ရပါမည်။

၆။ နောက် အောက်တွင် ဖော်ပြထားသော သစ္စာပြုဆုတောင်းကို နေ့စဉ် ရွတ်ရပါမည်။

**ဒုတိယ** ဖော်ပြရမည်မှာ **ဗလဆယ်တန်၊ ဘုန်းကံ မြင့်မားလိုသူများ**အတွက် ဖြစ်ပါသည်။

၁။ ရက်ကောင်းရက်မြတ် တစ်ရက်တွင် "**သဗ္ဗဣဒ္ဓိစကြာစမတော်**" ကို စီမံပါ။ *[သီးခြားဖော်ပြထားသော စမတော်ကို ယခုခေတ် ကွန်ပျူတာဖြင့် စီမံကူးယူနိုင်ပါသည်။]*

၂။ မိမိနှစ်သက်သည့် အရွယ်အစားဖြင့် စီမံပြီးသော စမတော်ကို **အလင်းတိုင်၊ နံ့သာတိုင်တို့ဖြင့် ပူဇော်ပြီး** သီလခံယူပါ။ **ဂုဏ်တော်(၁၀၀၀) ပုတီးစိပ်၍ ပူဇော်ပါ။**

၃။ နေ့စဉ်နေ့တိုင်း**သစ္စာပြုဆုတောင်း**ကို ရွတ်ဖတ်ပူဇော်ပါ။

**သစ္စာပြုဆုတောင်း**

ဗုဒ္ဓါနံ ဒသဗလညာဏာသသ

န သက္ကာ ကောနစိ အန္တရာယော ကာတုံ။

ဧတေန သစ္စဝဇ္ဇေန

ဟောတု မေ ဇယမင်္ဂလံ။

ဧတေန သစ္စဝဇ္ဇေန

ဟောတု မေ ဉာဏဝမုန္နံ။

ဧတေန သစ္စဝဇ္ဇေန

ဟောတု မေ တေဇဝမုန္နံ။

**မြန်မာပြန်**

**အလာမတော်။ လာခြင်းကောင်း မြင်း မှန်တွမ်မတော်မူကြသော၊ လူ နတ် ဗြဟ္မာတို့၏ ပူဇော်အထူးကို ခံယူတော်မူထိုက်သော ပညာဓိက၊ သဒ္ဓါဓိက၊ ဝီရိယာဓိက၊ နာမကျော်ကြား ဘုရားရှင်အပေါင်းတို့၏ အာဟော်သယ် ရဉ် ဉာဏ်တော်မြတ်ကို တစ်စုံတစ် ယောက်သောသူသည် အန္တရာယ်ထယ် ပါမြင့် မြင့်မြတ်စွာ အလှူမတော်နိုင်ပါ။**

**ဤသို့ ဟုတ်တိုင်းမှန်စွာ ဆိုရပါသော သစ္စာစကားကြောင့်ဘုရားတပည့်တော် အား အောင်မြင်ခြင်းမင်္ဂလာအများမြားနှင့် ပြည့်စုံရခြင်းသည် မုချမသွေ ဖြစ်ပါစေ သတည်း။**

**ဤသစ္စာစကားကြောင့်တပည့်တော် အား ဉာဏ်အစိတ်ကြွမှားခြင်းသည် မုချ မသွေ ဖြစ်ပါစေသတည်း။**

**ဤသစ္စာစကားကြောင့်ဘုန်းကံမြင့်မား တန်ခိုးကြီးထွားလာခြင်းသည် စင်စစ်မသွေ ဖြစ်ပါစေကုန်သတည်း။**

ကျွန်တော့်တပည့်များထဲမှ ထူးထူးခြားခြား တပည့်တစ်ဦး၏ တောင်းဆိုချက်နှင့် ကျွန်တော်၏ အာရုံတိုက်ဆိုင်ခြင်းတို့မှာ အံ့ဩဖွယ်ဖြစ်ရပ်တစ်ခုဟု ဆိုရပါမည်။

ကျွန်တော်သည် တပည့်၏ဆန္ဒကို ဖြည့်ဆည်းပေးခဲ့ပါသည်။ တပည့်အားလုံးလည်း အကျိုးတူခံစားကြရပါတော့သည်။

ကျွန်တော်သည် မေတ္တာကျင့်စဉ် အဓိဋ္ဌာန်ရက်ကာလဖြစ်ခြင်း၊ ယင်းစမတော်ဆောင်းပါးများရေးသားစဉ်က လိုလားသူဝါသနာရှင်များအတွက်စမများ အကြောင်းရေးသားမည် ဖြစ်ကြောင်း ဖော်ပြခဲ့ခြင်းတို့ကြောင့် နက္ခတ္တရောင်ခြည်မဂ္ဂဇင်း စာဖတ်ပရိသတ်အားလုံး အတွက် မေတ္တာသက်သက်ဖြင့် ပညာဒါန ရေးသားဖော်ပြလိုက်ရပါတော့သည်။

*[ဘေးရန်ကင်းကွာ စိတ်ချမ်းသာ လိုရာဆန္ဒ ပြည့်စုံကြပါစေ။]*

**အောင် (သိဒ္ဓိရာဇာ)**
**နဝင်းမြို့တော်**

မှတ်ချက်

***ဤ သဗ္ဗဣဒ္ဓိစကြာစမတော် ဆောင်ပါးဖြင့် ပညာရှင်၊ ဆရာတော် [illegible] သူမြတ်အပေါင်းတို့အား ကန်တော့ပါ၏***




www.burmeseclassic.com

www.burmeseclassic.com

# ရင်သွေးငယ်တို့အတွက်

**အဆောင်အစီအရင်**



၂၀၁၃ ခုနှစ်တွင် စာရေးသူတို့ ဟင်္သာတမြို့နယ်တွင် ရပ်ကွက်တိုင်းလိုလို မဟာပဋ္ဌာန်းရွတ်ဖတ်ပွဲများ ပြုလုပ်ပြီး မိုးရာသီ နီးသဖြင့် လမ်းများလည်း ပြုပြင်ကြပါသည်။

စုပေါင်း လမ်းပြင်လမ်းခင်း ပြုလုပ်ရာတွင် မြေကျင်းတူး၊ မြေဖို့ အုတ်ခဲထု၊ သဲခင်းပြီးမှ ကွန်ကရစ်လမ်းများကို ပြုလုပ်ကြရပါသည်။ မြေတူး မြေဖို့အဖွဲ့တွင် ကိုမောင်ကြီးနှင့် မစန်းထွေးတို့ဇနီးမောင်နှံလည်း ပါ,ပါသည်။

စာရေးသူ၏ နေအိမ်ဝင်းခြံနောက်ဘက်တွင် အလေ့ကျ ပေါက်လေ့ရှိသော ကြိတ်မှန်ရွက်နှင့် ငါးရံ့ပတူရွက်များကို လူအချို့က ငါးပိနှင့် တို့မြှုပ်၍ စားရန်အတွက် ချိုးယူသွားကြပါသည်။ မေလ(၂၁)ရက်နေ့က...

မစန်းထွေး တစ်ယောက်ကတော့ အများကဲ့သို့ မယူဘဲ ငါးရံ့ပတူအပင်တစ်ပင်ကို မြေကြီးမှ အမြစ်ပါအောင် တူးပြီး ကြွပ်ကြွပ်အိတ်ထဲသို့ ထည့်ထားပါသည်။

စာရေးသူသည် ထို ငါးရံ့ပတူပင်တစ်ပင်တည်း နုတ်ပြီး သိမ်းထားသော မစန်းထွေးကို ဤကဲ့သို့ မေးမိပါသည်။

'ဟဲ့ ကလေးမ နင်က အများအပြားလဲ မနုတ်ဘဲနဲ့ တစ်ပင်တည်း နုတ်တော့ နင် စိုက်ထားမလို့လား'

ဟု ပြောသောအခါမစန်းထွေးက...

"ဦးပြောတာ မှန်ပါတယ်။ ဒါပေမယ့် အသုံးဝင်ပုံကို ဦးသိအောင် ပြောပြမယ်။ ကျွန်မဒီအပင်ကို နုတ်သွားပြီး အိမ်ရောက်ရင် အိမ်ခေါင်းရင်းဘက်မှာ စိုက်ထားပြီး ရေ(၇)ရက်လောက် လောင်းပေးမယ်။ အပင်လန်းလန်းဆန်းဆန်းတွေရှိမှ ငါးရံ့ပတူပင်နားမှာ (၂)ရက်လောက် ညနေဘက် အမွှေးတိုင်ထွန်းပေးပြီးမှ စိုက်ထား ရက်(၉)ရက်ပြည့်တဲ့ ညနေမှာ "ဆရာကြီးဆေးပေးပါ" ဆိုပြီး အပင်ကို နုတ်ယူပြီး အိမ်က ဘုရားစင်ပေါ်မှာ တင်လှူပြီးမှ ကလေးတွေရဲ့လက်ခလယ် ညာဘက် လက်ဆစ်နဲ့ တိုင်းပြီး အပင်ကို တစ်ဆစ်စီ ဖြတ်ယူ ပြီး ပရိတ်ကြိုးနဲ့ လည်ပင်းမှာ ချည်ပေးထားရင် ကလေးတွေအတွက် ပယောဂတွေ၊ သရဲတစ္ဆေ ခြောက်လှန့်ခြင်းဘေးတွေ ကင်းဝေးတယ်။

ကျွန်မသသမီးလေး စုစုထွေးက မကြာခဏ လန့်တတ်တယ်လေ။ သူ့အတွက် ဗေဒင်မေးကြည့်တော့ ကျွန်မတို့နားက ကျောင်းထိုင်ဘုန်းကြီးက ပေးတဲ့ ပရိတ်ကြိုးနဲ့ ဗေဒင်ဆရာ ပေးတဲ့ ငါးရံ့ပတူရွက်အရိုးနဲ့ ပေါင်းပြီး ပြုလုပ်ပေးလိုက်တာ အချိန်မတော်လန့်ခြင်း၊ ငိုခြင်း လုံးဝ မရှိတော့ပါဘူး။ ငါးရံ့ပတူရွက်အရိုးနဲ့ ပရိတ်ကြိုးကို အချို့ကလဲ အစီအရင်အနေနဲ့ လက်ဖွဲ့ထိုးကြတယ်လေ'

ဟု မစန်းထွေး ပြောပြသည်ကို မှတ်သားပြီး ယခင်က ကြိတ်မှန်ရွက်နှင့် ငါးရံ့ပတူကို အမျိုးသမီးများအတွက် ဆေးအသုံးဝင်ပုံကို သိထားရသော စာရေးသူသည် ယခု ဂမ္ဘီရဆန်စွာ နဝင်းကိုက်သော **ငါးရံ့ပတူ** (၂+၄+၅+၇) = ၁၈/ ၁+၈ = ၉ နှင့် **ပရိတ်လည်ဆွဲကြိုး** (၅+၄+၄+၃+၂) = ၁၈/ ၁+၈ = ၉ **အဆောင်လက်ဖွဲ့** (၄+၅) = ၉ ပရိတ်ကြိုးလက်ဖွဲ့ထိုး (၅+၄+၂+၄+၅+၇)= ၂၇ = ၂+၇ = ၉ နဝင်းဂဏန်းပဲ ရပါသည်။

ဤအစီအရင်သည် နဝင်းဂဏန်းများဖြင့် စီရင်ထားသလို နဝင်းကျစေ၊ ဓာတ်ကျစေ ဟူသော သဘောအားဖြင့် ငါးရံ့ပတူပင်အရိုးကို ဘုရားကျောင်းဆောင်ပေါ်တွင် တင်လှူပြီး ရုပ်ပွားတော်၏ ရှေ့တွင်ထား၍ ဂုဏ်တော်(၉)ပါးကို (၉)ခေါက်ရွတ်ပြီးမှ လည်ဆွဲပရိတ်ကြိုးဖြင့် အစီအရင်ပြုခြင်းဖြင့် မလိုလားအပ်သော အနှောင့်အယှက် အဖျက်အဆီး ပယောဂ ဟူသမျှတို့ကို နိုင်စေသည်ဟု ဆရာတော်ကြီး ဦးခေမာစာရက မိန့်ကြားပါသည်။

ဤနည်းသည် ဂမ္ဘီရပညာနည်းပင် ဖြစ်ပါသည်။ အထက်တွင် ဖော်ပြခဲ့သော မစန်းထွေးက ငါးရံ့ပတူပင်ကို ဆရာကြီး ဆေးပေးပါဟု နုတ်ယူပြီး ဘုရားကျောင်းဆောင်ပေါ်သို့ တင်လှူထားခြင်းမှာ သိဒ္ဓိတင်ခြင်းတစ်မျိုးပင်။

ထိုငါးရံ့ပတူ အသုံးပြုပုံကို ဂမ္ဘီရနည်းပညာဖြင့် စုံစေ့စွာ ပြောပြပေးသူမှာ ဆရာတော်ဦးခေမာစာရ ဖြစ်ပါသည်။ ဤငါးရံ့ပတူရွက် အသုံးဝင်ပုံ ဆေးဖက်ဓာတ်ဖက် ပယောဂ ဟူသမျှ နိုင်သော နည်းလမ်းတစ်လက်ကို ဖော်ပြလိုက်ပါသည်။

**ရှင်လန်းချမ်းမြေ့ကြပါစေ။**

**ရောမြေ ကျော်ဝေ**



www.burmeseclassic.com

www.burmeseclassic.com

# သွေးတိုး

## သက်သာပျောက်ကင်းသည့် စထိနည်းတစ်နည်း

(၃-၁-၂၀၁၃)နေ့ **ပဲခူးတိုင်းဒေသကြီး၊ ပန်းတောင်းမြို့နယ်၊ ကျောက်ဖူးအုပ်စု၊ ဘင်္ဂကျေးရွာ သာသနာ့ရောင်ခြည်ကျောင်းတိုက်ကို** ပေါင်းတည်ဘက်က ဆရာတော်တစ်ပါးက မွေးနေ့ဆွမ်းကျွေး အလှူလုပ်လို့ အဲဒီအလှူကို သွားဖြစ်ပါတယ်။

မွေးနေ့ဆွမ်းကျွေးအလှူရှင် ဆရာတော်နဲ့ ရေနွေးဝိုင်း တစ်ဝိုင်းတည်းမှာ အတူထိုင်ပြီးရေနွေးဘုဉ်းပေးကြတယ်။ ရေနွေးဘုဉ်းပေးရင်း အာလာပသလ္လာပ စကားတွေ ပြောဖြစ်ကြတယ်။

သူတစ်မျိုး၊ ငါတစ်ဖုံနဲ့ စကားတွေပြောနေကြရင်း ဆေးနည်းတွေအကြောင်း ရောက်သွားကြပါတယ်။

မွေးနေ့ရှင် ဆရာတော်က သွေးတိုးပျောက်တဲ့ ဆေးနည်းတစ်ခုကို ပြောပြပါတယ်။ ဆေးနည်းကလဲ တော်တော်ထူးဆန်းနေပါတယ်။ မွေးနေ့ရှင် ဆရာတော်က...

'ဒီဆေးနည်းက တပည့်တော်တို့နယ်ဘက်မှာတော့ အတော်ခေတ်စားနေပါတယ်။ စမ်းသပ်အသုံးပြုကြည့်လို့ သွေးတိုးဝေဒနာ ပျောက်ကင်းသွားတဲ့ လူတွေကလဲ လေး,ငါးခြောက်ယောက်တောင် မကတော့ပါဘူးဘုရား။

ဒါနဲ့ တပည့်တော်လဲ မယုံတစ်ဝက်၊ ယုံတစ်ဝက်နဲ့ စမ်းသပ်ကြည့်လိုက်ပါတယ်ဘုရား။ အမှန်တကယ်ပဲ ရက်သတ္တပတ်လောက်ရှိတော့ သွေးတိုးဝေဒနာ သက်သာသွားပါတယ်ဘုရား။

သွေးပေါင်ချိန် အရင်ကအပေါ်သွေး (၁၈၀/၂၀၀)၊ အောက်သွေး(၁၀၀) ရှိနေရာမှ ဤနည်းကို အသုံးပြုပြီး ရက်သတ္တပတ်လောက်မှာ သွေးပေါင်ချိန်ကြည့်ရာ အောက်သွေး(၈၀)၊ အပေါ်သွေး(၁၂၀) ပုံမှန်ဖြစ်သွားပါတယ်။ မယုံကြည်နိုင်လောက်အောင်ပါပဲ ဘုရား'

စာရေးသူက သွေးတိုးဝေဒနာရှင်ဖြစ်နေတော့ ဆေးနည်းကို အမြန်သိချင်လှပါပြီ။ ဒါနဲ့ပဲ...

'အရှင်ဘုရား ဆေးနည်းကို မြန်မြန်လေး အမိန့်ရှိပါဘုရား'



'ဆေးနည်းက လွယ်ပါတယ်ဘုရား။ ရဲယိုပင်က ရဲယိုအသား ခပ်သေးသေးကို ဓားနဲ့ခုတ်ယူလိုက်ပါ။ ခုတ်ယူပြီး မိမိရဲ့ လက်ခလယ်လက် လက်တစ်ဆစ်စာလောက်လေးတွေ ခုနစ်ပိုင်းဖြတ်လိုက်ပါ။

အဲဒီ အပိုင်းလေးတွေကို ကြိုးနဲ့သီပြီး မိမိရဲ့ ခါးကို ပတ်ထားပြီး ခုနစ်ရက်နေလိုက်ပါ။ တပည့်တော်ကတော့ ရေချိုးတဲ့အခါလောက်ပဲ ခေတ္တဖြုတ်ပါတယ်။ ရေချိုးပြီး ပြန်ပတ်ထားပါတယ်။

ခုနစ်ရက်တစ်ပတ် ပြည့်ပြီးရင် သွေးပေါင်ချိန်ကြည့်၊ သွေးပေါင်ပုံမှန် အောက်သွေး (၈၀)၊ အပေါ်သွေး (၁၂၀) ဖြစ်သွားတယ်။ ခါးက ကြိုးကို ဖြုတ်ထားရင် ရပါပြီ၊ သွေးတိုးရောဂါလဲ သက်သာသွားပါပြီ'

စာရေးသူကတော့ အဲဒီနေ့ ကျောင်းပြန်ရောက်ရောက်ချင်း ကပ္ပိယဒကာတစ်ယောက်ကို ရဲယိုသား ကပ်ခိုင်းပြီး ယုံယုံကြည်ကြည်နဲ့ ခါးမှာ ပတ်ထားလိုက်တော့တာပဲ။

စာရှုသူ သင်လဲ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းက ဒီဆေးနည်းကိုဖတ်ပြီး သင့်မှာ သွေးတိုးရောဂါ ရှိနေရင် စမ်းသပ်ကြည့်ပါ။ ဒါမှမဟုတ် သင့်မိတ်ဆွေ၊ ဆွေမျိုးမိတ်သင်္ဂဟ အပေါင်းထဲမှာ သွေးတိုးရောဂါ ဖြစ်နေတဲ့သူ ရှိနေရင်လဲ မျှတပေးလိုက်ပါ။

*ရောဂါဘယ ကင်းရှင်းကြပါစေ။*

**ဦးပညာလင်္ကာရ**
***(ပန်းတောင်း)***
**ကျွဲရဲကျောင်းဆရာတော်**



www.burmeseclassic.com

www.burmeseclassic.com

ဂြိုဟ်စီးဂြိုဟ်နင်း လွတ်ကင်းချမ်းသာ

# ဂျယတြာ



မှာပုံ ရည်လွင်အောင်

စာရေးသူသည် နက္ခတ္တရောင်ခြည် မဂ္ဂဇင်းအတွက် စာမူပေးပို့ရန် စာတိုက်သို့ ထွက်လာစဉ် စိန်မင်းသား လက်ဖက်ရည်ဆိုင်ရှေ့ အရောက်တွင်...

'ဟေ့ ကိုရည်လွင်အောင် ဘယ်တုန်းဗျ'

ဆိုသည့် နှုတ်ဆက်သံနှင့်အတူ လက်ဖက်ရည်ဝိုင်းမှ ထွက်လာရင်း စာရေးသူလက်ကို ဆွဲလျက် နှုတ်ဆက်လာသည့် ဦးလှဝင်းကို စာရေးသူက ပြုံးပြရင်း...

'စာတိုက် စာသွားထည့်မလားဆိုပြီး ထွက်လာတာပဲ ဦးလှဝင်းရေ'

'ဒါဆို အချိန်ရပါတယ်။ လာ လက်ဖက်ရည်သောက် ဝင်သောက်ဦး'

ဟု ဖိတ်လာသည့် ဦးလှဝင်း၏ စေတနာကို တုံ့ပြန်သောအားဖြင့် ခေါင်းညိတ်လက်ခံလိုက်ရင်း စားပွဲ၌ ဝင်ထိုင်လိုက်ပါသည်။

ထိုအခါ ဦးလှဝင်းက...

'ပြစ်မ်းပါဦး ကိုရည်လွင်အောင်ရဲ့ ဘာစာမူတွေများတုံး'

ဟု တောင်းဆိုလာသော စကားကြောင့် စာရေးသူလည်း ချိပ်မပိတ်ရသေးသည့် အိတ်ထဲမှ **"မိုးလေကောင်းကင်၊ အန္တရာယ်ရှင်းဖို့"** အမည်ရှိသည့် ရှင်ဥပဂုတ် ကိုးကွယ်နည်း စာမူအား ထုတ်ယူ၍ ပေးလိုက်ရာ ဦးလှဝင်းက စာမူကို ဖတ်ရှုအပြီး...

'ကောင်းတယ်ဗျာ ခင်ဗျားနည်းက ကျွန်တော် ရထားတဲ့ နည်းနဲ့ မတူဘူး မှုကွဲတယ်ဗျ'

ဟု ဆိုလာသဖြင့် စာရေးသူက...

'ဘယ်လို မှုကွဲတာလဲ ဆိုတာလေး မသိရဘူးလား၊ မှတ်မိရင်တော့ ပြောပြစေချင်တယ်ဗျာ'

'ရပါတယ် ကိုရည်လွင်အောင် သိချင်သပဆို ကျွန်တော် ပြောပြပါ့မယ်။ ကိုရည်လွင်အောင် သဘောကျမယ်ဆိုရင်တော့ အများလဲ အကျိုးရှိအောင် ဆောင်းပါးသာ တစ်ခါတည်းရေးဗျာ၊ ကျွန်တော် ခွင့်ပြုတယ်'

'ဦးလှဝင်း ခွင့်ပြုတာတော့ ဟုတ်ပါပြီ။ မူလပိုင်ရှင်က ခွင့်ပြုပါ့မလား'

'ဒီအတွက်တော့ မပူနဲ့ ကိုရည်လွင်အောင်ရေ ခင်ဗျားကို ဘယ်သူကမှ တားမှာမဟုတ်ဘူး။ ဒီနည်းက ရှေးဟောင်းကျမ်းတစ်ခုမှာ ရှားရှားပါးပါး တွေ့ရလို့ ကျွန်တော် ကျွန်တော် ကူးထားတာ။ အခုခေတ်မှာ အဲဒီကျမ်းမျိုး မရှိနိုင်တော့ဘူး။

ဘာလို့လဲဆိုတော့ စာအုပ်က ကြာပြီ။ ကြာဆို ကျမ်းပြုပုဂ္ဂိုလ်ရဲ့ အမည်နာမကိုတောင် ကျွန်တော် မမှတ်မိတော့ဘူး။ ဒါကြောင့် ခင်ဗျား ပြဿနာ မတတ်နိုင်သလို ရှားပါးနည်းတစ်ခုကို ပြန်လည်ဖော်ထုတ်ပေးတဲ့အတွက် ခင်ဗျားကို အများက ကျေးဇူးတင်ကြမှာပါ'

'ဟုတ်ကဲ့ ဒါဆိုရင်တော့ ကောင်းတာပေါ့။ ကျွန်တော်ကလဲ ဒီလို ရှားပါး ပညာရပ်တွေကိုပဲ ပြန်ပြီး ဖော်ထုတ်ချင်တာဆိုတော့ ပြောဗျာ။ ကျွန်တော် နားထောင်ပြီး လိုက်မှတ်ထားမယ်'

'ဟုတ်ပြီ ဒါဆိုရင်တော့ မှတ်ပေတော့။ ဒီနည်းဟာ ဂြိုဟ်စီးဂြိုဟ်နင်း မကောင်းတဲ့အခါတွေ၊ စီးပွားရေး၊ လူမှုရေး၊ ကျန်းမာရေး မကောင်းတဲ့အခါတွေမှာ ပြုလုပ်ပေးရမယ့်နည်းပဲဗျ'

'ဟုတ်ကဲ့ ပြောပါ'

'ဒီနည်းကို ပြုလုပ်တော့မယ်ဆိုရင် ရှင်ဥပဂုတ်ကျောင်းဆောင်တစ်ခု ဆောက်ရမယ်။ လှူဒါန်းရမယ့် ပစ္စည်းတွေကတော့ ပန်းပေါက်ပေါက်၊ ဆီမီး(ဆီမီးဆိုရာမှာ ဆီ(၅)ကျပ်သားမှာ ချည်မျှင်(၁၀၈)မျှင်ကို မီးစာလုပ်ပြီး ထွန်းညှိပူဇော်ရမှာ ဖြစ်တယ်။) **နောက် ကြက်လျှာ(၉)ခု၊ ထီး(၉)လက်၊ တံခွန်(၉)တိုင်၊ သစ်သီး(၃)မျိုး၊ မုန့်(၃)မျိုး၊ ယို(၃)မျိုး၊ ပန်း(၃)မျိုးကို လှူရမယ်'**

'ဟုတ်ကဲ့ ဦးလှဝင်း **ဒါနဲ့ ပန်း(၃)မျိုး၊ ယို(၃)မျိုးက ဘာပန်းတွေ၊ ဘာယိုတွေ လှူရမယ် ဆိုတာကော** သတ်မှတ်ထားသေးလား'

'ဒါတော့ အဆင်ပြေရာပေါ့ဗျာ'

'ဟုတ်ကဲ့ ဟုတ်ကဲ့ ဒါပဲလား။ လှူဒါန်းပုံ လှူဒါန်းနည်းလေးတော့

www.burmeseclassic.com

# ဘေးရန်ကင်းသော ဂါထာ

စလင်း ဦးကျော်



လွန်ခဲ့သော အနှစ် (၂၀)ပတ်ဝန်းကျင်က ကျွန်တော်နဲ့ ဆရာ စာပေဆွေးနွေးကြပါတယ်။ ဆရာက ဂါထာကလေးတစ်ပုဒ်ကို ရွတ်ပြပါတယ်။ ဂါထာရွတ်ပြပြီး ဆရာက...

'တပည့် အဲဒီဂါထာလေးကို ယုံယုံကြည်ကြည် ရွတ်မယ်၊ ဂါထာကို အကြိမ်များစွာ ထုံနေအောင် ရွတ်မယ်ဆိုရင် ဂါထာရဲ့အစွမ်းကို သိလာနိုင်တယ်။ မိမိကိုယ်တိုင် သတိမထားမိအောင် ဘေးပတ်ဝန်းကျင် ပုဂ္ဂိုလ်တွေက သိလာကြတယ်။

ဒီဂါထာကို အမြဲရွတ်ဆိုပွားများတဲ့ ဦးပဥ္စင်းဟာ ကျောင်းကလေးပေါ်မှာ သီတင်းသုံးပြီး ကျောင်းထိုင်ဆရာတော်ကြီးက ကျောင်းကြီးပေါ်မှာ သီတင်းသုံးကြတယ်။

တစ်နေ့မှာ ကျောင်းကြီးပေါ်က ဆရာတော်ကြီးက ကျောင်းကလေးပေါ် သီတင်းသုံးတဲ့ ဦးပဥ္စင်းကို တွေ့လိုတယ်။ ဦးပဥ္စင်းကို ခေါ်ခိုင်းရန် အနီးအနားမှာ ကျောင်းသားကိုရင်တစ်ပါးမှမရှိ ဖြစ်နေတယ်။

အဲဒါကြောင့် ဆရာတော်ကြီးကိုယ်တိုင် ဦးပဥ္စင်း ကျောင်းကလေးကို သွားတယ်။ အဲဒီအချိန်မှာ အခုနင်က ဆရာ ရွတ်ပြတဲ့ ဂါထာလေးကို ဦးပဥ္စင်း ရွတ်ဆိုနေတယ်။

ရွတ်ဆိုပုံက အိပ်ရာထဲမှာ လဲလျောင်းပြီး ကေသီသက်နီးကို ခေါင်းမြီးခြုံ ရွတ်နေတယ်။ ဆရာတော်ကြီး ကျောင်းကလေးရဲ့ လှေကားခုံနား ရောက်လာတယ်။

ဦးပဥ္စင်းဘွဲ့တော်တပ်ပြီး ခေါ်တယ်။ ဦးပဥ္စင်းက ဂါထာမှာ စိတ်ဝင်စားပြီး မကြားဘူးလေ။ ဆရာတော်ကြီးဟာ လှေကားခုံပေါ်မှာ ဖိနပ်ရှိပြီး ထူးသံမကြားလို့ ကျောင်းပေါ်တက်ကြည့်တယ်။ ဦးပဥ္စင်းကို မမြင်ဘူး။ အိပ်ရာပေါ်မှာလဲ မမြင်ဘူးတဲ့။

ခေါ်လွန်းမက ခေါ်တော့မှ ဦးပဥ္စင်းကြားသွားပြီး ကေသီသက်နီးကို လှပ်လိုက်ရင်း ''ဘုရား''လို့ထူးတယ်။ အဲဒီတော့မှ ဆရာတော်ကြီးဟာ ဦးပဥ္စင်းကို မြင်တော့တယ်။ ဆရာတော်ကြီး အံ့ဩသွားတယ်။

အဲဒီဦးပဥ္စင်းကလေးက ဂမ္ဘီရပညာတွေကို ဝါသနာပါတယ်။ လေ့လာလိုက်စားတယ်။ ရွာထဲက ဒကာတွေ ကျောင်းကို မကြာခဏ လာကြတယ်။ တစ်နေ့မှာ ဒကာ(၅)ယောက် ဦးပဥ္စင်းကျောင်းလှေကားနား ရောက်လာကြတယ်။ ဦးပဥ္စင်းဘွဲ့အမည်ကို ခေါ်ကြတယ်။

အဲဒီအချိန်မှာ ခါတိုင်းလိုပဲ ဦးပဥ္စင်း အိပ်ရာထဲမှာ လဲလျောင်းနေတယ်။ ကေသီသက်နီးကို ခေါင်းမြီးခြုံထားတယ်။ အဲဒီဂါထာကလေးကို အကြိမ်ကြိမ်ရွတ်ဆိုပွားများနေတယ်။

ဂါထာရွတ်ရာမှာ စိတ်ဝင်စားနေလို့ ဒကာခေါ်သံကို မကြားဘူး။ လှေကားခုံပေါ်မှာ ဦးပဥ္စင်း ဖိနပ်ရှိလို့ ဒကာ(၅)ယောက် ကျောင်းပေါ်တက်သွားကြတယ်။

ကျောင်းပေါ်ရောက်တော့ ဦးပဥ္စင်းကို ရှာဖွေကြတယ်။ မမြင်ကြဘူး။ နောက် ထပ်ကာထပ်ကာ ခေါ်ကြပြန်တယ်။

အဲဒီကျမှ ဒကာတွေရဲ့ခေါ်သံကို ဦးပဥ္စင်း ကြားကြားခြင်းပဲ ကေသီသက်နီးကို လှပ်ပြီး ထူးလိုက်တယ်။ ထူးသံကြားမှ ဦးပဥ္စင်း အိပ်ရာထဲမှာ လဲလျောင်းနေတာကို မြင်ကြရတယ်'

လို့ ဆရာက ပြောပြပါတယ်။

ဆရာ ပြောပြပြီးချင်းပဲ ဒီဂါထာကလေးကို ကျွန်တော် ရရှိပုံကို ဆရာ့အား ပြောပြပါတယ်။

'ဒီဂါထာကလေးကို ရှေးကျတဲ့ ကျမ်းစာအုပ်ကလေးမှာ တွေ့ရပါတယ်။ ကျွန်တော် သဘောကျလို့ ကျက်မှတ်ထားပါတယ်။ မကြာမကြာ ရွတ်ပါတယ်။ ကျမ်းစာအုပ်ကလေးထဲမှာ ''ဘေးရန်ကင်းသောဂါထာ''လို့ ခေါင်းစဉ်တပ်ထားပါတယ်။ ရွတ်ဖတ်သော အကြိမ်ရေကို လိုက်ပြီး အကျိုးကျေးဇူးများကြောင်း ကျမ်းမှာ ဖော်ပြထားပါတယ်'

လို့ စသဖြင့် ဆရာ့ကို ကျွန်တော် ပြောပြပါတယ်။

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း ပရိသတ်



F.27B, October, 2013.

www.burmeseclassic.com

ကြီး ပွားများရွတ်ဆိုကြရန် ဂါထာကလေးကို အောက်ပါအတိုင်း ဖော်ပြလိုက်ပါတယ်။

### ဘေးရန်ကင်းသောဂါထာ

ဗုဒ္ဓေါ နန္တာတိ ဂုဏော၊
သဗ္ဗညုတ ဉာဏုတ္တမော၊
ဝရ မေ နာထော၊
ဗောဓိမုတ္တမံ။
စတုသစ္စာန ဌာတိ ဂုဏံ၊
ဗုဒ္ဓံ ဂစ္ဆာမိ အဟံဝန္ဒာမိ သဗ္ဗဒါ။

ခက်ခဲသော ပါဠိအသံထွက်

| | | |
|---|---|---|
| **ဗုဒ္ဓေါ** | = | ဗုတ်ဓေါ |
| **နန္တာတိ** | = | နန်တာတိ |
| **သဗ္ဗညုတ** | = | သဗ်ဗင်ညုတ |
| **ဉာဏုတ္တမော** | = | ညာနုတ်တမော |
| **မုတ္တမံ** | = | မုတ်တမံ |
| **စတုသစ္စာန** | = | စတုသစ်စာန |
| **ဌာတိ** | = | ထာတိ |
| **ဗုဒ္ဓံ** | = | ဗုတ်ဓံ |
| **ဂစ္ဆာမိ** | = | ဂစ်ဆာမိ |
| **ဝန္ဒာမိ** | = | ဝန်ဒါမိ |
| **သဗ္ဗဒါ** | = | သဗ်ဗဒါ |

**အနက်**

**ဗုဒ္ဓေါ၊** မြတ်စွာဘုရားသည်။ **အနန္တာတိဂုဏော၊** မဆုံးနိုင်သော အလွန်များသောဂုဏ် ရှိတော်မူ၏။ **သဗ္ဗညုတဉာဏုတ္တမော၊** မြတ်သော သဗ္ဗညုတဉာဏ် ရှိတော်မူ၏။ **မေ၊** အကျွန်ုပ်၏။ **ဝရနာထော၊** မြတ်သော ကိုးကွယ်ရာ ဖြစ်တော်မူ၏။ **ဥတ္တမံ၊** မြတ်သော။ **ဗောဓိ** အရဟတ္တမဂ်ဉာဏ်၊ သဗ္ဗညုတဉာဏ်တော်ကို (ပတ္တော၊ ရောက်တော်မူ၍။) **စတုသစ္စာန-စတုသစ္စဉာဏေန၊** သစ္စာလေးပါးကို သိတော်မူသောအားဖြင့်၊ **ဂုဏံ ဂုဏော၊** ဂုဏ်တော်သည်။ **ဌာတိ၊** တည်တော်မူ၏။ **အဟံ၊** အကျွန်ုပ်သည်။ **သဗ္ဗဒါ၊** အခါခပ်သိမ်း။ **ဗုဒ္ဓံ၊** မြတ်စွာဘုရားကို၊ **ဂစ္ဆာမိ၊** ဆည်းကပ်ပါ၏။ **ဗုဒ္ဓံ၊** မြတ်စွာဘုရားကို၊ **ဝန္ဒာမိ၊** ရှိခိုးပါ၏။

***[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိအယ်ဒီတာဆရာကြီး ဦးသန်းအောင်ချွေ ဓမ္မာစရိယ(မဟာဝဏ္ဏိဒီပြန်မာဂုဏ်ထူး)၊ ဒီဃဘာဏက-ဒီဃနိကာယကောဝိဒ(နိကာယဝိပုလ)]မှ ပြန်ဆိုပေးပါသည်။]***

**အကျိုးကား**

၁။ စစ်တိုက်သွားသော် (၇)ခေါက် ရွတ်။

၂။ ရန်သူ ဝိုင်းထားမိသော် (၈)ခေါက် ရွတ် လူမမြင်။

၃။ (၉)ခေါက်ရွတ်သော် မြေ၌ရှိသော သတ္တဝါတို့ မနှိပ်စက်နိုင်။

၄။ (၁၂)ခေါက်ရွတ်သော် ကောင်းကင်၌ရှိသော သတ္တဝါတို့ မနှိပ်စက်နိုင်။

၅။ (၁၃)ခေါက်ရွတ်သော် ရေ၌ရှိသော သတ္တဝါတို့ မနှိပ်စက်နိုင်။

၆။ (၁၄)ခေါက်ရွတ်သော် စုန်းပြူး နတ်ပြူတို့မှ လွတ်စေတတ်၏။

၇။ (၁၅)ခေါက်ရွတ်သော် အနှောင် အဖွဲ့၊ ကြိုး၊ ထိတ်၊ သံခြေချင်းမှ လွတ်၏။ အပါး (၁၀)ပြီး၏။

ဤဂါထာတော်ကို ရွတ်ဖတ်ခြင်းဖြင့် ဘေးရန်များ ကင်းဝေးကြစေရန်၊ မရေမတွက်နိုင်သော အကျိုးကျေးဇူးများ ရရှိနိုင်ကြစေရန် ရည်ရွယ်၍ ရေးသား တင်ပြအပ်ပါကြောင်း...

**မှတ်ချက်** ။ ။ ကျွန်တော်၏ဆရာ (ဦးခင်မောင်-မင်းဘူးမြို့)အား ဦးညွှတ်လိုက်ပါတယ်။

**စလင်း ဦးကျော်**

---

**စာမျက်နှာ (၂၀၉)မှ အဆက်**

မြည်စုံသွားအောင် ဆက်ပါဦး'

'လာမယ်လေဗျာ မျိုးသေးတွေ အဲဒီပစ္စည်းတွေ မြည်စုံပြီဆိုရင် **ဆွမ်းချက်ရမယ်။ ဆွမ်းကို မိမိတစ်ဦးတည်းအတွက်ဆိုရင် ဆန်ဖြူ(၁)ခွက်၊ ကျေးဇူးရှင်အတွက်လှူမှာဆိုရင် (၂)ခွက်၊ မြို့အတွက်ဆိုရင်(၃)ခွက်၊ တစ်နိုင်ငံလုံးအတွက်ဆိုရင် (၈)ခွက်နဲ့ ဆွမ်းချက်လှူရမယ်။** အဲ ဆွမ်းချက်တဲ့အခါမှာတော့ **ယောကျ်ားပဲ** ချက်ရမယ်။ **မိန်းမ မချက်ရဘူးနော်'**

'ဟုတ်ကဲ့ ဆက်ပါ'

'ဆန်ကို (၁)ထပ်ဖွပ် (၉)ထပ် ဆေးရမယ်။ ချက်မယ့်ကို ရည်းတားတားရမယ်။ ရည်းတားတာတော့ မိန်းမတွေနဲ့ အခြားအနှောင့်အယှက်တွေ မဝင်အောင်လို့ပြတယ်။ အဲဒီလို ချက်ပြုတ်ပြီးတာနဲ့ ဆွမ်းဖွယ် ချိုချဉ်စသည်ကို ငှက်ပျောပင်အားခွက်(၉)ခွက် ပြုလုပ်ပြီး (၉)ခွက် မှုတည်ရမယ်။

ဒီလို ပူဇော်ထားချိန်မှာ **ရှင်ဥပဂုတ်ဂါထာကို** ရွတ်ဖတ်ပေးရမယ်'

'ဟုတ်ကဲ့ ပြီးပြီလား'

'မပြီးသေးဘူး၊ ကျန်သေးတယ်။ ဒီလို ပူဇော်မှုမျိုးကို တစ်ရက်တည်း ပြုလုပ်ရမှာမဟုတ်ဘူး။ (၇)ရက်ပြည့်အောင် ပြုလုပ်ပေးရမှာ။ ဒါမှ ဖြိုက်ဖြိုက်နှင်းက လွတ်ကင်းပြီး မိမိလိုသမျှကို ကိစ္စတိုင်း အောင်မြင်နိုင်မယ် ဆိုတာကို အများနားလည်အောင် ခင်ဗျားအစွမ်းနဲ့ တင်ပြပေးတော့ပေါ့။ ကျွန်တော်သိသမျှကတော့ ဒါပါပဲ'

ဆိုသည့် ဦးလှဝင်း၏ ရှင်းပြမှုကို နားထောင်ရင်း လက်တွေ့လုပ်မှု အကောင်အထည်ဖော်မှု အောင်မြင်မှုပါသည်ဟု ဆိုသော ဦးလှဝင်းကို နှုတ်ဆက်ရင်း စာရေးသူ အပြန်လမ်းသည် ရှင်းလင်းခြင်း အတိဖြင့်...။

**ကျေးဇူးရှင်သူ အပေါင်းအသင်း ဦးမိုးတက်** လျှက်...

**ရွာစုံ ရည်လွင်အောင်**

www.burmeseclassic.com

မြင်း၊ နွား

# အဆုတ်ရောင်ရောဂါ

ညွှန့်မြင့်ဝင်း



ကုထုံး

'ဆရာရေ တူရွင်းတောင်မှန်ဦးမှာ လမ်းတက်ပါတယ်'

ယာဉ်အကူ၏ အသံနှင့်အတူ မော်တော်ယာဉ်က လမ်းဘေးတွင် ရပ်ကာ ခရီးသည်၏ ဝန်စည်များကို ကားအောက်Boxတွင် ထည့်နေစဉ် ဘေးဝဲယာကို လှမ်းကြည့်မိရာ မြေသင်းတွင်း ရွာဝင်လမ်းမှ ဆိုင်ကယ်ဖြင့် ထွက်လာသော ကိုမြင့်ဝေကို တွေ့ရသည်။

'ဗျို့ဆရာ မတွေ့ရတာကြာပြီ။ ပုဂံမရောက်ဖြစ်ဘူးလား'

'ရောက်ပါ့များ။ မကြာခဏ ရောက်ပါတယ်။ ကိုမြင့်ဝေနဲ့ မဆုံဖြစ်တာပါ။ ဘယ်လိုလဲ အခုတော့ ဆိုင်ကယ်အားကိုးနေရပြီလား'

'အေးဗျာ အသုံးတည့်လို့သာ စီးရတယ်။ မြင်းလောက်တော့ အားမရဘူး'

မော်တော်ယာဉ်မှာ ခရီးသည်တင်ပြီး၍ ဆက်လက်ထွက်ခွာခဲ့ရာ စကားစပြတ်သွားကြသည်။ ပခုက္ကူ–ရန်ကုန် အဝေးပြေးယာဉ်ဖြင့် ရန်ကုန်အပြန် ခဏတာ ဆုံတွေ့ရသော ကိုမြင့်ဝေသည် ပျူစောထီးဇာတိ၊ မြေသင်းတွင်း ရွာသားဖြစ်၍ ထိုဒေသဝန်းကျင် စာပေခရီးတွင် အားကြီးမာန်တက် ကူညီပေးခဲ့သူ ဖြစ်သည်။

မြင်းကို အလွန်ချစ်မြတ်နိုးလျက် နေအိမ်၌ မြင်းကောင်းများ မွေးမြူထားကာ ဝန်းကျင်ဒေသ သွားလာရာ၌ စီးနင်းလေ့ရှိသည်။ အသားညိုညို ထောင်ထောင်မောင်းမောင်းနှင့် သူ၏ ဖောင်းဝတ်ရောင်မြင်းတို့မှာ ပန်းရလုပေသည်။

ရန်ကုန် ပြန်ရောက်သောအခါ သူနှင့် တွေ့ဆုံခဲ့ရာ နှစ်များဆီက မှတ်စုဟောင်းများကို ရှာဖွေကြည့်သည်။ မြင်းချစ်တတ်သကဲ့သို့ မြင်းအကြောင်းလည်း နားလည်ကာ ကိုယ်တိုင် ဆေးဖော်တိုက်ကျွေး ကုသတတ်သည်။

ဤတွင် ကိုမြင့်ဝေ ပြောပြခဲ့သော မြင်းများ အဆုတ်ရောင်ရောဂါ အကြောင်း မှတ်သားထားသည်ကို တွေ့ရပေသည်။

## မြင်း အဆုတ်ရောင်ရောဂါ

မြင်းသာမက ကျွဲ၊ နွား၊ လား စသည်တို့တွင်လည်း ဖြစ်တတ်သည်။

## ဖြစ်ရသည့် အကြောင်းရင်း

၁။ ရာသီဥတု အပူအအေး ရုတ်တရက် ပြောင်းလဲသွားခြင်း။

၂။ ချွေးထွက်နေစဉ် မိုးမိခြင်း၊ ရေချိုးမိခြင်း။

၃။ အလုပ်ပင်ပန်းစွာ လုပ်ကိုင်နေစဉ် ရေအေးတိုက်မိခြင်း။

၄။ မြင်း၊နွားတို့ထားရာ ဇောင်း၊ တင်းကုပ်နေရာသည် လေအတိုက်များခြင်း။

၅။ သစ်ရွက်၊ အမှိုက် ပိုးရှိသော မီးခိုးငွေ့များ ရှူရှိုက်မိခြင်း။

၆။ အဆုတ်ပေါ်သို့ တုတ်၊လှံ၊ဝါးချွန် ထိုးမိခြင်း အချင်းချင်း တွေ့မိ၊ကန်မိခြင်း။

ပြင်းထန်တတ်သော ရောဂါဖြစ်၍ လျင်မြန်စွာ ကုသပေးသင့်သည်။

## ရောဂါလက္ခဏာ

၁။ အပြင်းဖျားခြင်း၊

၂။ တုန်လှုပ်နေတတ်ခြင်း၊

၃။ နှာခေါင်းပွခြင်း၊

၄။ သွေးနှင့် ချွဲများ ထွက်ခြင်း၊

၅။ ဝမ်းချုပ်ခြင်း၊

၆။ ဆီးအဝါရင့်ရောင် သွားခြင်း၊

၇။ ဆီးအနံ့ စူးရှခြင်း၊

၈။ အောင့်၍ ချောင်းဆိုးခြင်း၊

၉။ အသက်ရှူကျပ်ခြင်း၊

၁၀။ အသက်ရှူမြန်ခြင်း၊

၁၁။ ရှေ့လက်နှစ်ချောင်း ကား၍ ရပ်နေတတ်ခြင်း၊

၁၂။ အဆုတ်ပေါ်မှ နားကပ်ထောင် ပါက ရောဂါနုလျှင် တဖြဲဖြဲ မြည်သံကြားရ၍ ရောဂါကြီးလျှင် အသက်ရှူသံ မကြားရချေ။

၁၃။ နှာရည် အစိမ်းရောင်ထွက်ခြင်း၊

၁၄။ ရောဂါရင့်လျှင် မျက်လုံးပြူးကာ နားရွက် ကုပ်နေတတ်ခြင်းတို့ တွေ့ရပါမည်။

## တိုက်ကျွေးရန်ဆေး

၁။ ချင်းခြောက် (၁)ကျပ်သား

၂။ ပါလဒုတ္ထာ (ꩻ)ကျပ်သား

၃။ ဆေးပုလဲမှုန့် (၁)ကျပ်သား



www.burmeseclassic.com

www.burmeseclassic.com

၄။ ဆေးခါးကြီး (၁)ကျပ်သား၊

အားလုံး အမှုန့်ပြုရော၊ ထန်းလျက်ရည်နှင့် လုံးကာ တိုက်ကျွေးရသည်။ ဆေးတစ်ခွက်စာ အချိုးအဆ ဖြစ်သည်။ တစ်နေ့ နှစ်ကြိမ် ခုနစ်ရက်အထိ တိုက်ကျွေးရပါသည်။

## ပြုစုရန်

ရောဂါရှိသောမြင်းကို လေဝင်လေထွက်ရ၍ ပူနွေးသော နေရာတွင် အဝတ်ခြုံ၍ထားပါ။ လေအလွန်တိုက်သောနေရာ မဖြစ်စေရ။ ခြေထောက်များကို နှိပ်နယ်ပေးပြီး အဝတ်ဖြင့် စည်းပေးပါ။

အဆုတ်ပေါ်မှ နားနှင့်ကပ်၍ နားထောင်လျှင် အသံမကြားရသော နေရာသည် ရောဂါပြင်းထန်သော နေရာ ဖြစ်သည်။ ထိုနေရာတွင် အမွေးအမှင်များ ရိတ်ကာ မုန်ညင်းဆီလိမ်း အဝတ်ကပ်ထားပေးပါ။ တစ်နေ့ လေးကြိမ် ဆီလိမ်း၍ အဝတ်လဲပေးပါ။ မုန်ညင်းဖြူကို နှာခေါင်းမှ မှုတ်ပေးပါ။

ကျွဲနို့၊ နွားနို့၊ မြင်းနို့ ရရာနို့ (၆၀)ကျပ်သား၊ ကြက်ဥနှစ်လုံး၊ အရက်တစ်မတ်သားတို့ ရောမွှေ၍ နံနက်၊ နေ့လယ်၊ ညနေ သုံးကြိမ် တိုက်ကျွေးပါ။ ဝမ်းချုပ်လျှင် ဆားခါး တစ်ဆယ်ကျပ်သားမျှ တိုက်ပါ။ ပြင်းထန်သော ဝမ်းနုတ်ဆေးများ မကျွေးရ။

ရင်ဘတ်တွင် မကြာခဏ ကြပ်ထုပ်ထိုးပေးကာ လင်နမင်ဆီ လိမ်းကျံပေးပါ။ ရေတောင်းလျှင် ယမ်းစိမ်းတစ်ကျပ်ခွဲသား ထည့်ဖျော်ထားသော ရေကို တိုက်ပါ။

ဤသို့ ပြုစုတိုက်ကျွေးပါက တစ်နေ့တခြား သိသာလျော့ပါးလာကာ ခုနစ်ရက်အတွင်း အဆုတ်ရောင်ရောဂါ သက်သာပျောက်ကင်းစေသည်ဟု ဆိုလေသည်။

**ပုဂံ ညောင်ဦးမြို့နယ်၊ မြေသင်းတွင်းရွာမှ မြင်းချစ်သူ ကိုမြင့်ဝေအား အမှတ်တရဖြင့်...**

**ခွန်စိုင်းဝမ်း**

# ခရမ်းပင်

## အလုံးထွားအောင် ဤနည်းဆောင်

ခရမ်းသီးကို ချက်ပြုတ်၊ တို့မြှုပ် စားသုံးကြပါသည်။ ခရမ်းသီးတိုင်းသည် လေပွစေတတ်သဖြင့် ခရမ်းသီးနှပ်ချက် ချက်လျှင် ကြက်သွန်နီ၊ ကြက်သွန်ဖြူ၊ ချင်း၊ မဆလာတို့ ထည့်ချက်စားလျှင် ရောဂါကင်း၍ လေပွခြင်းကင်းစေပါသည်။

ထိုခရမ်းသီး သီးသော အပင်များမှ ခရမ်းသီးများ အလုံးထွားအောင်မြင်စေရန် ဆောင်ရွက်နည်းကို အိမ်နီးချင်း ဖြစ်သူ လက်တွေ့ ခရမ်းစိုက်ပျိုး ရောင်းချနေသူ ဦးအောင်ရီမှ ပြောပြသဖြင့် ရေးသားတင်ပြပါသည်။

'ခရမ်းပင်တိုင်းဟာ ရေကြိုက်တယ်။ ဒါပေ မယ့် လိုတာထက်ပိုရင် မကြိုက်ဘူး။ အပင်ခြေမှာ အစိုဓာတ်၊ အအေးဓာတ် ရှိနေဖို့ပဲ လို အပ်တယ်။ မြေကောင်း မြေဆီသြဇာ နှစ်သက်တယ်။

အပင်ဖြစ်ထွန်း သီးလာရင် သုံးပတ်တစ်ခါ မြေသြဇာ ကျွေးပေးရတယ်။ အသင့်အတင့် ပေါ်ကွာ။ အပင်ခြေမှာ အပူမဝပ်အောင် ဂရုစိုက်ပေး။ သစ်ရွက်ခြောက်တွေ ခပ်ဖွဖွ ပုံပေးထား။ အပွင့်ထဲမှာ လိုတဲ့ သေးနုပ်တဲ့ အပွင့်၊ အသီးကင်းကို ခြွေပစ်၊ မနှမြောနဲ့။ ဒါဆို အဲဒီခရမ်းပင်ဟာ ခရမ်းသီးထွားပြီး ရောင်းကွက်လဲဝင် ပိုပြီးအထွက်ကောင်းတာ လက်တွေ့ သိရမယ်'



ခရမ်းစိုက်တောင်သူ ဦးအောင်ရီ၏ လက်တွေ့သဘာဝနည်း ဖြစ်၍ တင်ပြ ရေးသားအပ်ပါသည်။

**နတ်မောက် မင်းချစ်နော်**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ

# ကျန်းမာရေးအတွက် အကြံပေးချက်များ

| ပုံရိပ် | ဝမ်းတွင်းအင်္ဂါ | အရောင် | ဂဏန်း | စားဖွယ် | အရပ် | မိတ်ဖက် | ကူညီသူ | ကံပွင့်နေ့ | အာရုံ |
|---|---|---|---|---|---|---|---|---|---|
| ကြွက် | အဆုတ် | အဖြူ | ၆ | ဆန် | အနောက်မြောက် | ခွေး၊ ကျား၊ မြင်း | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ | ဂန္ဓာရုံ |
| နွား | အသည်း | အစိမ်းနု | ၃ | ဂျုံ | အရှေ့ | ယုန်၊ ဆိတ်၊ ဝက် | သောကြာသားသမီး | ကြာသပတေးနေ့ | ဓမ္မာရုံ |
| ကျား | အသည်း | အစိမ်းနု | ၃ | ဂျုံ | အရှေ့ | ယုန်၊ ဆိတ်၊ ခွေး | သောကြာသားသမီး | ကြာသပတေးနေ့ | ဓမ္မာရုံ |
| ယုန် | အစာအိမ် | အညို | ၈ | ကောက်ညှင်း | အရှေ့မြောက် | နွား၊ မြွေ၊ ကြက် | တနင်္လာသားသမီး | စနေနေ့ | ရသာရုံ |
| နဂါး | နှလုံး | အနီ | ၉ | ပြောင်း | တောင် | ကျား၊ မြင်း၊ ခွေး | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ | သဒ္ဒါရုံ |
| မြွေ | အူသိမ် | အနီ | ၉ | ပြောင်း | တောင် | ကျား၊ မြင်း၊ ခွေး | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ | သဒ္ဒါရုံ |
| မြင်း | သည်းခြေ | အစိမ်းရင့် | ၄ | ဂျုံ | အရှေ့တောင် | နဂါး၊ မျောက်၊ ကြွက် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ | ဓမ္မာရုံ |
| ဆိတ် | အူမ | ရွှေဝါ | ၇ | ဆန် | အနောက် | ကြွက်၊ နွား၊ မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ | ဂန္ဓာရုံ |
| မျောက် | အူမ | ရွှေဝါ | ၇ | ဆန် | အနောက် | ကြွက်၊ နွား၊ မြွေ | ကြာသပတေးသားသမီး | သောကြာနေ့ | ဂန္ဓာရုံ |
| ကြက် | သရက်ရွက် | မြေဝါ | ၂ | ကောက်ညှင်း | အနောက်တောင် | ဆိတ်၊ ဝက်၊ ယုန် | စနေသားသမီး | တနင်္လာနေ့ | ရသာရုံ |
| ခွေး | ဆီးအိမ် | အပြာ | ၁ | ပဲအမျိုးမျိုး | မြောက် | မျောက်၊ ကြွက်၊ နဂါး | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ | သောတာရုံ |
| ဝက် | ကျောက်ကပ် | အပြာ | ၁ | ပဲအမျိုးမျိုး | မြောက် | မျောက်၊ ကြွက်၊ နဂါး | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ | သောတာရုံ |

* * *

၂၀၁၃ ခုနှစ်၊ အောက်တိုဘာလတွင် **မြင်းနှစ်ဖွား၊ ယုန်နှစ်ဖွား၊ ခွေးနှစ်ဖွားတို့** ကျန်းမာရေး ချူချာနေတတ်ပါသည်။ ဤလအတွက် မြင်းနှစ်ဖွားတို့အား ဥပမာပြုကာ ဇယားကို ရှင်းပြပါမည်။

**မြင်းနှစ်ဖွားတို့သည်** သည်းခြေနှင့် ပတ်သက်သော ရောဂါများ သတိထား ကာကွယ်ကုသပါ။ အစိမ်းရင့်ရောင် စားဖွယ်နှင့် ဂျုံဖြင့် ပြုလုပ်သော စားဖွယ်များက ကျန်းမာရေးကို အထောက်အကူ ဖြစ်စေနိုင်သည်။

**(၄)ဂဏန်းနှင့်** အရှေ့တောင် ထောင့်အရပ်တို့က ကံလာဘ်ပွင့်စေသည်။ နဂါးနှစ်ဖွား၊ မျောက်နှစ်ဖွား၊ ကြွက်နှစ်ဖွားတို့မှာ မိတ်ဖက်ပုံရိပ်ရှင်များ ဖြစ်ကြလျက် အရေးကိစ္စရှိပါက တနင်္ဂနွေသားသမီးက ကူညီပေးနိုင်ပါလိမ့်မည်။



ကြာသပတေးနေ့ နေ့ကောင်း နေ့မြတ် ဖြစ်သည်။ ဓမ္မာရုံ စိတ်ကြည်လင် ရွှင်လန်းဖွယ် မြင်ကွင်းဖြစ်စဉ်များက ကျန်းမာရေး ကောင်းမွန်စေပါလိမ့်မည်။

**ကျန်းနှစ်ဖွားများ အထက်ပါအတိုင်း ကောက်ချက်ချယူကြပါ။**

**အာရောဂျ ဆုလာဘ်နှင့် ပြည့်ဝကြပါစေ။**

ဟူကျင်းဇီ ***(Hu Jin Zhi)***



www.burmeseclassic.com

www.burmeseclassic.com

# အိမ်ထောင် ကျနိုင်ပါ့မလား




ကြည့်ပါ။


(၁)အရ...

ကံလမ်းကို သံယောဇဉ်လမ်း ဖြတ်ထားတယ်။ အသက်အားဖြင့် (၂၆)နှစ်ဝန်းကျင်လို့ ခန့်မှန်းတယ်။

ချစ်သူ ရည်းစား တွေ့ခြင်းရဲ့ သင်္ကေတပါ။

(၂)အရ...

ကံလမ်းကို သံယောဇဉ်လမ်းက ဖြတ်နေတယ်။ အသက်(၃၀)ဝန်းကျင်




လို့ ခန့်မှန်းတယ်။

ဒုတိယအကြိမ် ချစ်သူတွေ့ခြင်းပါပဲ။

(၃)အရ...

ကံလမ်းကို သံယောဇဉ်လမ်းက (၃၆)ဝန်းကျင်မှာ ဖြတ်ထားတယ်။

တတိယအကြိမ် ချစ်သူတွေ့ခြင်းပါပဲ။

(၄)အရ...

အိမ်ထောင်ရေး လမ်းကြောင်းက အောက်ဘက်သို့ ကွေးညွတ်နေတယ်။

ဒါကတော့ အိမ်ထောင်ရေး ကံခေတ်တတ်ခြင်းပါပဲ။

(၅)အရ...

နှလုံးလမ်းကြောင်း အဖျားမှာ အခက်အလက် (၃)ခု ပါရှိသဖြင့် ချစ်သူ(၃)ဦး တွေ့ရပြီး ထိုအခက်အလက် (၃)ခုကို မျဉ်းတိုတစ်ခုက ပိတ်ထားသဖြင့် အိမ်ထောင်ကျရန် မဖြစ်နိုင်ပါဘူး။

ဒါကြောင့် အိမ်ထောင် မကျနိုင်ပါဘူး။

အခု လက္ခဏာရှင်ဟာ အသက် (၄၀)ကျော်နေပါပြီ။ ဗဟုသုတအဖြစ် တင်ပြပေးလိုက်ပါတယ်။

ပရံ ရက္ခန္တော အတ္တာနံ ရက္ခတိ။

**ဦးသော်ခင် (ဟသ်ာတ)**


www.burmeseclassic.com

www.burmeseclassic.com

ကေရာဇ်ပင်နှင့် ကျွဲနှာခေါင်းချိတ်ပင်တို့၏

# မျက်စိအတွက်ဆေး

စာရေးသူသည် လွန်ခဲ့သော(၁၀)နှစ်ခန့်က ဖခင် ဦးတင်လှ မကွယ်လွန်မီ သင်ကြားပေးခဲ့သော ဆေးများကို ဖော်စပ်ပုံနှင့် ပျောက်ကင်းသော ဝေဒနာများကို သိရှိ၍ ဖခင်အား ကျေးဇူးဆပ်သောအနေဖြင့် ရေးသားခြင်း ဖြစ်ပါသည်။

ယခုအခါ မြန်မာနိုင်ငံတွင် ဥတု(၃)ပါးရှိသည့်အနက် ပူပြင်းသော နွေရာသီဖြစ်ပါသည်။ အပူလွန်ကဲမှုကြောင့် နွေရာသီ ကုန်ဆုံး၍ မိုးရာသီ အရောက်တွင် အများပြည်သူများ **မျက်စိနာခြင်း၊ မျက်စိဝေခြင်း၊ မျက်စိနီပြီး မျက်ရည်ပူကျခြင်း** ဝေဒနာများ ခံစားကြရပါသည်။

ဝေဒနာခံစားရ၍ စာရေးသူ၏ အသိမိတ်ဆွေ အတော်များများကို ဆေးများ ဖော်စပ်ပြီး ပေးရာတွင် ဝေဒနာရှင်များ လက်တွေ့ ပျောက်ကင်းကြသဖြင့် ဆေး၏ အစွမ်းထက်ပုံကို ယုံကြည်၍ ဖော်ပြရခြင်း ဖြစ်ပါသည်။

## ဆေးပင်များ၏ အမည်နှင့် ဆေးဖော်စပ်ပုံ အသုံးပြုနည်း

၁။ ကေရာဇ်အပင်မှ အရွက်အခေါက် (၅၀) ကျပ်သား

၂။ ကျွဲနှာခေါင်းချိတ်ပင် (ခေါ်) ဆင်နှာမောင်းပင် ပဥ္စငါးပါး (၅၀)ကျပ်သား

၃။ ရေသန့်ဘူးအသေး (၁)ပုလင်း

ဖော်စပ်ပုံ

ကေရာဇ်ပင်ရဲ့ အရွက်အခေါက်တို့ကို (၅၀)ကျပ်သား ခုတ်ယူပြီး ဓားဖြင့် စင်းရပါမယ်။ နေရိပ်တွင် ခြောက်သွေ့အောင် လှန်းထားရပါမယ်။

ကျွဲနှာခေါင်းချိတ်ပင် (အနီ)ကို ပဥ္စငါးပါး (၅၀)ကျပ်သားရအောင် နုတ်ယူပြီး ရေ သန့်စင်အောင် ဆေးကြောပြီး ဓားဖြင့် စဥ်းရပါမယ်။



နေရိပ်သော နေရာတွင် ခြောက်သွေ့အောင် လှန်းထားပြီးနောက် ရရှိသော အရွက် ခြောက်များ၊ အရိုး၊ အခေါက်များကို မြေအိုးသစ် တစ်လုံးထဲတွင် အဖုံး,ဖုံးကာ အိုးကို ဖော်မံရပါမယ်။

**ဖော်မံပုံမှာ** ။ ။ မြေအိုးကို အဖုံးဖုံးထားပြီး အဝတ်အား ရွှံ့ကို ခပ်ပျစ်ပျစ်ဖျော်၍ အဝတ်တွင် သုတ်ပြီး အိုးကို ပတ်ခြင်းကို ခေါ်ပါသည်။



ဖော်မံပြီးသော မြေအိုးကို ဖွဲခုံ (ခေါ်) စပါးခွံပုံထဲသို့ ထည့်ပြီး မီးရှို့ကာ ဖုတ်ရပါမည်။ (၂)ရက်ခန့် ဖုတ်သောအခါ အိုးထဲမှ ဆေးများသည် ပြာနုဆိုက်၏။

ထိုအိုးကို ဖော်ယူပြီး အထဲမှ ပြာနုများကို ရေသန့်ပုလင်းထဲသို့ ထည့်ကာ အနည်ထိုင်အောင် ထားရှိရပါမယ်။

အနည်ထိုင်သော ရေသန့် ပုလင်းထဲမှရေကို အခြားသန့်ရှင်းသော ပုလင်းထဲသို့ ပြောင်းထည့်ရပါမည်။အနည်များ မပါစေရ။

ထိုဆေးရည်ကို မျက်စိနာခြင်း၊ မျက်သားတက်၍ မျက်စိယားခြင်း၊ မျက်ရည်ပူကျခြင်း၊ မျက်စိဝေခြင်းတို့အတွက် မျက်စိဝေဒနာရှင်များ ညအိပ်ရာဝင်တိုင်း တစ်ကြိမ်၊ နံနက်အိပ်ရာထ တစ်ကြိမ် တစ်နေ့ နှစ်ကြိမ် တစ်စက်, နှစ်စက် ခတ်ပေးရုံနှင့် မျက်စိ ကြောင့် ဖြစ်ပေါ်နေ သော ဝေဒနာများ ပျောက်ကင်းရမှာ အမှ ပင် ဖြစ်သည်။ လက်တွေ့လည်း (၁၀)ဦး မက ပျောက်ကင်းကြ ပြီ ဖြစ်သည်။

ကျန်ရှိသော ပြာရည် များကို အနည်းငယ်ထည့် ၍ ခေါင်းလျှော်လျှင် ခေါင်းတွင် ဖြစ်ပေါ်နေသော ဗောက်များ တစ်ကြိမ်တည်းနှင့် ပျောက်ကင်းကြ သည်။

စာဖတ်ပရိသတ်များ ဖတ်ရှုသိရှိ ကြပြီး ဝေဒနာရှင်များ သက်သာ ပျောက်ကင်းကြစေရန် ဤနက္ခတ္တ ရောင်ခြည်မဂ္ဂဇင်းကြီးမှတစ်ဆင့် တင် ပြလိုက်ပါတယ်။

***စာပေပဝါသနာရှင်များ စိတ်ရွှင်လန်း ချမ်းမြေ့ကြပါစေ။***

**ရောမြေ ထွန်းထွန်း**



www.burmeseclassic.com

www.burmeseclassic.com



ရွှေတောင် အင်မောင်ကြည်

# ယုံကြည်ခြင်း ရွှေသားပေါ် (၄)

ယခင်လမှ အဆက်

ယမ်းဆိုတာက ဓာတ်နုနုနဲ့တော့ သားလားမှ မအပ်စပ်ဘူး။ ဓာတ်နုရင် ယမ်းက စားသွားမယ်။ ဝါးသွားမယ်။ ကုန်ပြီသာမှတ်။ အဖတ်မတင်။

ဓာတ်ရင့်တွေ အတွက်ကတော့ မိတ်ဓာတ်။ ဓာတ်ပြောင်းလဲမှုကို ဖြစ်စေတတ်တယ်။ နီဝါရောင်အသွေး ပေးကိုပေးတယ်။ ဓာတ်ပြောင်းအောင် ကူညီသူ။ သူ့ကိုသုံးရင် မီးရပ်ထားလိုက်၊ ထိုးလိုက်၊ ထိုးလိုက်၊ မီးရပ်ထားလိုက်။

အဲဒီလို ယမ်းနဲ့ ပြုတ် ပြုတ်ပေးရတယ်လို့ ဆရာကြီးဘမြိုင်က ပြောတယ်။

ဓာတ်များ နိဗ္ဗာန်ကူးတော့မယ်ဆိုရင် ယမ်းကို မသုံးမဖြစ် သုံးကို သုံးပေးရတယ်ဆိုတဲ့ ဆရာကြီးရဲ့စကား မှတ်သားစရာ လက်တွေ့လဲပါလို့။

ယမ်းပြုတ်ပြီးတာနဲ့ လုံကို အလိုချမ်း၊ အအေးခံ၊ ပုံမှန်ပြန်ရောက်လို့ လုံအေးတော့ လုံကိုအခွဲ ရဲခနဲ နီဝါရောင်အသွေး ဖွေးခနဲ တွေ့လိုက်ရတယ်။

ပထမ ဓာတ်သားနဲ့တော့ဖြင့် လုံးဝ မတူ။ တစ်မူထူးလို့ ဝင်းဝါစိုပြည်။

ဘာလိုလိုနဲ့ တစ်လနီးပါပကော။ (၂၈)ရက်မြောက်နေ့။ ဖောက်လုံထဲကို ဓာတ်သားထည့်၊ လုံငှားဖုံး ဖုံး။ ဖားဖိုမီးနဲ့ လေပြေလေညင်း ဖြည်းဖြည်းသွင်း။ နောက်တော့…

ခါးတိုက်မီးပြင်း ဒါဟ။ ကောလီမီးစုံ အဖုံဖုံ တေဇောသွင်း။ လုံတွင်းကဓာတ် အရည်ပျော်တော့ ကျည်တောက်ကန့် အစိတ်လေးတွေ တစ်စိတ်စီ၊ တစ်စိတ်စီ ပစ်,ပစ်သွင်းတယ်။ တစ်မတ်သား။ များများမဟုတ်။

ကန့်ဆီပါးပါးလေး အုပ်နေတဲ့ဓာတ်က လုံအတွင်းမှာ ဝင်းနေတယ်။ မီး(၃)အုပ်အကျမှာ လုံငှားဖုံးကို ဖွင့်ကြည့်တော့ ကန့်ဆီက နောက်တောက်တောက် ဖြစ်နေပြီ။

မီး(၅)အုပ်အကျမှာ ပိုနောက်လာတယ်။





www.burmeseclassic.com

www.burmeseclassic.com

ဖိုကိုဆွဲလိုက်၊ လုံလှည့်လိုက်၊ လုံဖုံးဖွင့်လိုက်၊ ငုံ့ကြည့်လိုက်၊ မီးသွေးအုပ်လိုက်၊ ဖိုဆွဲလိုက် လုံးလည်လိုက် နေတယ်။ မရပ်မနား။ အားရတယ် မရှိ။

မီးသွေးတွေ ကျ,ကျသွားသလို မီးကလဲ ပြောင်း,ပြောင်းပြီး ပြ,ပြသွားတယ်။ နနွင်းလို အဝါရောင် ထိန်ပြောင်ဝင်းလက် အခေါက်ရောင်တွက် မီးညွှန့်အဖျားမှာ ပန်းရောင်ပျော့ပျော့လေး ကွပ်လို့ယှက်။ ကွန်ရက်သဖွယ်။

မီးနာနာ (၂)နာရီကျော်ကျော် ကြာအောင် ထိုးလို့အပြီး မီးသွေးအကျမှာ လုံငှားဖုံးကိုဖွင့်၊ ညှပ်နဲ့ဆွဲ၊ ဖိုခွင်နှုတ်ခမ်းပေါ်ကိုတင်။ ဖိုခွင်ထဲကလုံ လုံနှုတ်ခမ်းနည်းနည်း အညိုရောင်သန်းတဲ့အခိုက် လုံနှုတ်ခမ်းကို ညှပ်တိုလေးနဲ့ဆွဲမ သဲခွက်ထဲကိုချ။ လုံဘေးက သဲထူးခတ်လိုက်တယ်။ လုံငြိမ်ဖို့။

လုံအေးလို့ ခွဲလိုက်တော့ ဓာတ်မှာ အမည်းဖတ်ကလေးတွေ ကပ်နေတယ်။ သံချောင်းလေးနဲ့ ရိုက်,ရိုက်ခွာလိုက်တာ ကွာ,ကွာသွားတယ်။ ဓာတ်သားအရောင်က ဝင်းဝင်းလက်လက်။

ဓာတ်လုံးကို လက်ဖက်ရည်ပန်းကန်ထဲထည့်၊ ဓာတ်လုံးမြုပ်အောင် သံပရာရည်ညှစ်ထည့်ပြီး စိမ်ထားလိုက်တယ်၊ တစ်ညနေ။

(၂၉)ရက်မြောက် နောက်နေ့မနက်စောစော ထမင်းကြမ်းစားပြီးတာနဲ့ ဖိုခွင်ဝင်တယ်။

သံပရာရည်စိမ်ထားတဲ့ ဓာတ်လုံးကို ထုတ်ကြည့်လိုက်တော့ ဝင်းလို့။ ဓာတ်လုံးကို ဘယ်ဘက်လက်ဝါးပေါ်မှာတင်၊ ညာလက်နဲ့ သံပရာသီးအစိတ်ကလေးကို ညှစ်ထည့်။ ညာလက်ညှိုးနဲ့ လက်မ ညှပ်ပြီး ဆွဲ,ဆွဲပွတ်လိုက်



တော့ အညစ်အကြေး မလတွေ အကုန်ပြောင်။ ရွှေရောင်အဆင်းတောက်ပခြင်းအပြည့်။ ကျက်သရေရှိလိုက်ပါဘိ။

ဓာတ်လုံးကို ပွတ်သပ်ရေဆေး၊ အဝတ်ကလေးနဲ့ သုတ်၊ လုံခါးပြတ်ထဲကိုထည့်၊ လုံငှားဖုံး,ဖုံး၊ ဖိုခွင်မှာ လုံခါးတိုက် မီးသွင်းပြီး ထိုးလိုက်တာ မီး(၅)အုပ်မှာ အရည်ပျော်ပါလေရော။

လုံငှားဖုံး ဖွင့်ပြီး လက်ချားမီးပေါက်ထည့်တယ်။ နည်းနည်းပဲ။ လုံထဲက ဓာတ် လိမ့်ဆင်းလာနိုင်ဖို့ ချော်ခင်းလိုက်တဲ့သဘော။ အရည်ပျော်ဓာတ်လုံးရဲ့ နှုတ်ခမ်းကို ချော်ကလေးအရစ်မှာ လုံငှားဖုံးကို ပြန်ဖုံးပြီး မီး(၃)အုပ် ဆက်တိုက် မနားတမ်းထိုးလိုက်တယ်။ လုံငှားဖုံး ဖွင့်ကြည့်တော့...

ဓာတ် ပြန်ပျော်နေပြီ။ လုံငှားဖုံးပြန်ဖုံး။ ဖိုပြန်ဆွဲ၊ မီးပြန်သွင်း။ အားချင်း။

မောင်ဘသောင်းကို ဖိုဆွဲခိုင်းပြီး ဆရာကြီးက သူ့ဘယ်ဘက်ဘေးမှာ ချထားတဲ့ ကြေွရည်သုတ်ခွက်ကလေးကို ယူတယ်။ ခွက်ကလေးက အာတာပုလင်းလေးတစ်လုံးရဲ့ဘေးမှာ ရှိတယ်။

ကြေွရည်သုတ် ခွက်ကလေးက အောက်ခြေဖင်ပြား ထိပ်ဝကားလေး။ နှုတ်ခမ်းလေးက လုံးတယ်။ ခွက်ထဲမှာ အဝတ်ဖြူစလေးကို ခေါက်ပြီးခင်းထား တယ်။ အနည်းလေး လေးခေါက် လောက်တော့ ရှိမယ်။

အာတာပုလင်းလေးကို ဆွဲယူပြီး ခွက်ကလေးထဲကို လောင်းချလိုက် တယ်။ ရေနံတွေပါလား။ ရနံ့ကသင်းပြီး မွှေးလို့ အဆင်းကလဲ ရွှေဝါရောင် အသွေး။

ခွက်ကလေး တစ်ဝက်လောက် အထိ ရေနံထည့်တယ်။ ညှပ်နဲ့ဆွဲမပြီး ဖိုခွင် မီးရဲရဲပေါ်တင် အပူပေးတယ်။ ပလုံကလေးတွေစီ ပွက်ခါနီးမှာ သဲခွက် ထဲကိုချတယ်။

မောင်ဘသောင်း ဖိုဆွဲနေတာ ရပ်ခိုင်းပြီး ဆရာကြီးက မီးသွေးတွေ ဖယ်၊ လုံငှားဖုံးကိုဖွင့်၊ လုံနှုတ်ခမ်းကို ညှပ်တိုလေးနဲ့ ညှပ်ပြီးဆွဲ၊ စွတ်ခနဲ ရေနံခွက်ထဲကို လောင်းထည့်လိုက် တယ်။ တွင်းထွက်ရေနံလေ။ ချက်ရေနံ မဟုတ်။

ဖျစ်ဆိုတဲ့ အသံတစ်ချက်မြည်ပြီး ဓာတ်သား ငုပ်သွားတယ်။

ဖိုခွင်က အနား။ ဓာတ်သားက အငုပ်။ (၅)မိနစ်လောက်ရှိတော့ ရေနံခွက်ထဲ က ဓာတ်သားကို ညှပ်ကလေးနဲ့ ညှပ် ပြီး ဆွဲယူတယ်။ အောင်မယ် အလုံး မပျက်ကလေး။

ဒုတိယအကြိမ် လုံထဲထည့် ရေနံ ခံရည်လောင်း။ တတိယ သတ္တမအကြိမ် အထိ ခံရည်လောင်းလိုက်တာ ထွက် လိုက်တဲ့ မလတွေ။ ဓာတ်သားကလဲ ကျစ်လာလေ။

အဲဒီလို (၇)ကြိမ်အထိ ခံရည် လောင်း။ လောင်းလို့အပြီးမှာ...

'ပြဒါးဓာတ်သား ကိတ်လောက်နီးပါး အဆင် မြင့်သွားပြီ။ စပ်သားဖြစ်သွားပြီ။ အခေါက်ရွှေ စပ်ရတော့မယ်။ ကြည့်ထားကြ'

လို့ ဆရာကြီးက ပြောတယ်။ တို့က





www.burmeseclassic.com

www.burmeseclassic.com

တော့ ဘာပြောမလဲ။ ငြိမ်လို့။

'အပျော့အပျဉ်းက တူရိုက်ခံလို့ နန်းဆွဲခံနိုင်ပြီ။ အလေးချိန် ဂနကလဲ တစ်နေပြီ။ အရောင်အဆင်းကလဲ ရွှေရောင်ဝင်းနေပြီ။ ဆရာကြီးကို မေးကြည့်ရမယ်'

ဆရာကြီးက ဘမြိုင်လေ။ ဘမြိုင်ဆရာကြီးက ဆရာကြီးကို မေးကြည့်ဦးမယ်ဆိုတော့ တို့တွေမှာကွာ ကိုးကြည့်ကြောင်ကြည့်။ ဖဝေဖဝါကြီးဖြစ်လို့။

ဆရာကြီး ခါတ်သားလေးကိုင်ပြီး ချက်ချင်းပဲ အဖွေ့ဆီ ထသွားတယ်။ ခါတ်သားကို ချိန်တယ်။ (၂)ကျပ်သား အတိတဲ့။

ပြန်လာတော့ ညာလက်မှာ ပုလင်းတစ်လုံးဆွဲလို့ ဘယ်လက်မှာ မည်းမည်းလေးကို ကိုင်ထားတယ်။ ရောက်တာနဲ့ ဘယ်လက်ကို ဖြန့်ပြတယ်။

'အဲဒါ မှတ်ကျောက်လို့ ခေါ်တယ်။ ရွှေဖြစ်, မဖြစ် မှတ်ကျောက်တင်ကြည့်ရမယ်'

ပြောပြောဆိုဆို ခါတ်လုံးကို မှတ်ပေါ်တင်ပြီး တိုက်လိုက်တယ်။ အနီရောင် အစင်းကြောင်း မှတ်ပေါ်မှာ ထင်သွားတယ်။ ထင်အောင်ကို ဖိဖိတိုက်တာ။

နီးတစ်ချောင်းကို လှမ်းဆွဲပြီး တစ်ထွာလောက် ချိုးယူတယ်။ နီးပြားလေးတစ်ချောင်း။

ပုလင်းကို မြှောက်ပြတယ်။ ငရဲမီးတဲ့။ ပုလင်းထဲကို နီးပြားနှစ်လိုက်တယ်။ မှတ်ပေါ်မှာ တင်ထားတဲ့ အနီရောင် ခါတ်သား အစင်းကြောင်းပေါ်ကို နီးပြားမှာ ကပ်နေတဲ့ ငရဲမီးနဲ့ တို့လိုက်တယ်။

'ငရဲမီးကွ၊ ငရဲမီးက ဆရာကြီး။ ဆရာကြီးကို မေးကြည့်နေပြီ။ အဖြေခုတော့မယ်'



လို့ ဆရာကြီးက ပြောတယ်။

ငရဲမီးအလောင်းခံရတဲ့ ခါတ်သား အစင်းကြောင်းက မလှုပ်ရှားဘူး။ ပြူးနေအောင်ကို မှတ်ကျောက်မှာ ထင်းထင်းကြီးခံနေတယ်။ ရေနဲ့ဆေးတယ်။ လက်နဲ့ ပွတ်ကြည့်တယ်။

'ဒီလိုဖြစ်နေရင် ဇရဲခံ ရေဆေးခံ လက်ပုတ်ခံလို့ ခေါ်တယ်ကွ။ မသေချာသေးဘူး။ ဆားရည်လောင်း ကြည့်ရဦးမယ်'

မှတ်ကို အဝတ်နဲ့ ရေပြောင်အောင်သုတ်။ ပွတ်လိုက်သပ်လိုက် လုပ်တယ်။ မှတ်မှာစွဲတဲ့ အနီကြောင်းက ထင်းထင်းကြီး။

မှတ်တစ်ဖက်ကို လှန်တယ်။ ခါတ်သားကို မှတ်မှာ တိုက်ပြန်တယ်။ စွဲသွားတဲ့ အနီအစင်းကြောင်းကို ငရဲမီးလောင်းလိုက်တယ်။ နောက် လက်ဖက်ရည်ပန်းကန်လုံးထဲမှာ ဖျော်ထားတဲ့ ဆားရည်ပက်လိုက်တယ်။

ဆားရည်ပက်လိုက်တော့လဲ အနီကြောင်းက မလှုပ်ရှားဘူး။ ဖောင်းမလာဘူး။ ကြွမလာဘူး။ ဖောင်မစီးဘူး။ မှတ်မှာ ကပ်နေတယ်။ မူလအတိုင်း။

'အောင်မြင်ပြီ'

ဆရာကြီး နူတ်က လေသံတိုးတိုးလေးနဲ့ ရွတ်လိုက်တယ်။

ခါတ်သားကို ထပ်ပြီးချိန်ကြည့် (၂)ကျပ်သားပဲရှိ မယွင်းမယိုု။

'ဆရာကြီး ရွှေဖြစ်ပလား'

မောင်ဘသောင်းက အလောတကြီး မေးတယ်။ ဆရာကြီးကတော့ အေးအေးဆေးဆေးလေး။ ဒီအပေါ်မှာ ခံစားချက် မရှိသလိုပဲ။

'လူလေးတို့ ဒါက ရွှေအစစ်မဟုတ်ဘူး။ အဂ္ဂိရတ်မီးအတတ်နဲ့ ပြုပြင်ဖန်တီးထားတဲ့ ခါတ်သား၊ အဂ္ဂိရတ်ရွှေ ရွှေလောက်နီးပါး အဆင့်မြင့်တယ်။ ပြဒါးဘဝက ရုပ်ပြောင်းပြီး ကိတ်ခါတ်အောင်းနေတာ။ သဘာဝရွှေ၊ တွင်းထွက်ရွှေ မဟုတ်ဘူး'

'ဒီလိုဆိုရင်'

'သူ့ကို ရွှေပါလို့ ပြောရင် လိမ်တာ။ မှသားစကား။ တွင်းထွက်ရွှေမှ မဟုတ်တာကလား'

'.........'

'မှသားမပါအောင် အခေါက်ရွှေအစစ် ကပ်ရမယ်'

'ဘယ်လိုကပ်မှာလဲ ဆရာကြီး'

မောင်ဘသောင်းရဲ့ မေးသံ ဆရာကြီးက ပြန်ဖြေတယ်။

'စပ်တူလမ်းကွ။ ခါတ်သား(၂)ကျပ်၊ အခေါက် (၂)ကျပ် စပ်ရမယ်။ မနက်ဖြန်မှာ ဖိုခွင်ဝင်ပြီး စပ်ကြစို့ရဲ့'

'ဟုတ်ကဲ့ ဆရာကြီး'

'တစ်ခုတော့ ရှိတယ်ကွ။ မောင်တက်တိုးနဲ့ မောင်ဘသောင်း တွင်းထွက်ရွှေကိုသာ ရွှေဆိုင်တိုင်းမှာ ပင်းတို့ဝယ်လို့ ရနိုင်မယ်။ ပြဒါးက ဖြစ်လာတဲ့ ကိတ်ခါတ်အဂ္ဂိရတ်ရွှေကိုတော့ ရွှေဆိုင်တိုင်းမှာ ဝယ်လို့မရနိုင်ဘူး'

'ဘာတွေကောင်းလို့လဲ ဆရာကြီး'

'အောင်သိဒ္ဓိထဲမှာ အပါအဝင်ဖြစ်တဲ့ ဝိဇ္ဇာမနဲ ကာယ အနည်းဆုံး တစ်ပါးပါးလောက်ဆီရောက်လို့ ပြီးမြောက်နေပြီ။ ငွေကြေးတတ်နိုင်ရုံးသာကြတဲ့သူများ အဂ္ဂိရတ်ရွှေကို သိဒ္ဓိမြောက် အဆောင်တစ်ပါးအနေနဲ့ လက်ကောက်တို့ လက်စွပ်တို့ ဆွဲကြိုးတို့ နားတောင်းတို့ လက်ဝတ်လက်စားလုပ်ပြီး ဝတ်သင့်သယော့'



www.burmeseclassic.com

www.burmeseclassic.com

အဂ္ဂိရတ်ရွှေဆိုတာက ဆိုင်ဖွင့်ပြီး ရောင်းတာမှ မဟုတ်ဘဲ။ ဘယ်ရှာသွားပြီး ဝယ်ရမလဲလို့ ငါတွေးခဲ့တယ်လို့ ဦးတက်တိုးက ပြောတယ်။

'ကဲ ကဲ ဒီနေ့တော့ ပင်ပန်းထားသမျှ အတိုးချ နားကြပေရော့'

တဲ့။

သူကတော့ မနားဘူး။ ဖိုခွင်မှာ မီးတင် ဆားပက်ပြီး ထိုးနေလိုက်တာ မီးခိုးတွေ တထောင်းထောင်းထလို့။ ဩော်... ဖိုခွင်ထဲက ယမ်းခိုးကန့်ခိုးတွေကို ခွာတာကိုး။

ဖိုခွင်ကို စိတ်ချရမှ ဆရာကြီး အနားယူတော့တယ်။ ရေနွေးတစ်အိုးနဲ့။ ပြောင်းဖူးဖက်ဆေးလိပ်ကြီး လက်ကြားညှပ်လို့။ ပက်လက်ကုလားထိုင်ပေါ်မှာ ခြေပစ်လက်ပစ် ဖြစ်မြောက်အောင်မြင်မှုကို တန့်နန့် တွေးနေပုံပေါ်တယ်။

နောက်နေ့ မနက်မှာတော့ အခေါက်ရွှေနဲ့ စပ်တော့မယ်။

အရုဏ်ဆွမ်းခံပြန်ချိန် ဝေလီဝေလင်း ဆရာကြီး အိမ်ပေါ်က ဆင်းလာပြီ။ ကနေ့ မုန့်ဟင်းခါးချက်တယ်။ ဘူးသီးကြော်၊ ပဲဝါကြော်၊ ဗယာကြော်၊ ဘဲဥပြုတ်၊ ကြက်ဥပြုတ်၊ နံနံပင်နိုင်းချင်း ထည့်စားလိုက်ကြတာ မောင်ဘသောင်းခမျာ ထိုင်ရာက မနည်းထရတယ်။

ဖိုခွင်ဝင်ကြပြီ။ ရွှေနဲ့စပ်တော့မယ်။ စပ်မယ့်ရွှေက အခေါက်ရွှေ။ အထည်ပျက်မဟုတ်။

'သူကြီးဆီမှာ အခေါက်ရွှေ သွားတောင်း။ ငါ ပြောထားပြီးပြီ။ ယူလာခဲ့'

ဆရာကြီး ပြောလို့အဆုံးမှာ မောင်ဘသောင်း အဖေ့ဆီ သွားတောင်းတယ်။

အဖေက အခေါက်ရွှေကို အချောင်းလိုက်ပေးလိုက်တာ။ အလယ်မှာ



အခွက်ရာ မြောင်းကလေးနဲ့။ အခေါက်ရွှေတောင့်။ အသားတံဆိပ် ခတ်ချိတ်လို့ပါသေး။

အခေါက်ရွှေကို ပေပေါ်တင် ဖြတ်စို့နဲ့ ဖြတ်ချလိုက်တာ။ တူနဲ့ (၃)ခါပဲ ရိုက်လိုက်ရတယ် ပဲ့ထွက်သွားပြီ။ ချိန်ကြည့်တော့ (၂)ကျပ် ပဲတင်းသား။ တစ်ပဲသား ထပ်ဖြတ်ပြန်တယ်။ နှစ်ကျပ်သားအတိ။ ဖြတ်ယူ။

ဓာတ်သားက (၂)ကျပ်သား။ အခေါက်ရွှေက (၂)ကျပ်သား ဆတူရောပြီး ကျိုမှာ။ စပ်တူလမ်းလို့ ပြောတယ်။

မောင်ဘသောင်းက ရွှေချောင်းကို အဖေ့ဆီ သွားပြန်ပေးတယ်။

လုံခါးပြတ်ထဲကို အခေါက်ရွှေ(၂)ကျပ်သားထည့်၊ လက်ချားမီးပေါက်သိပ်၊ လုံငှားဖုံးနဲ့ လေဖိုတင်တယ်။

လေဖိုမှာ ခဝါမီးသွေးကို သုံးတယ်။ မီးသွေးအများကြီး မထည့်ဘူး။ လုံငှားဖုံးပေါ်မှာ တစ်လက်မသာသာ မီးသွေး တစ်တုံးစာ။

ဓာတ်သားကို ပေပေါ်တင်ပြီး ပြားသွားအောင် တူနဲ့ထုတယ်။ အပြားခတ်ပြီ၊ ကတ်ကြေးနဲ့ ညှပ်လို့ ရလောက်တဲ့ အနေအထား။ ပါးပါးလေး။ တစ်ပဲသားစီ၊ တစ်ပဲသားစီ ကတ်ကြေးနဲ့ ညှပ်ညှပ်ချတယ်။ ကြွေပန်းကန်ပြားကြီးတစ်ချပ်ထဲမှာ ဖြန့်ချထားတယ် (၃၂)စ။

လေဖိုကောလီမီး (၅)အုပ်အကျမှာ လုံငှားဖုံးကိုဖွင့်ပြီး ကြည့်လိုက်ပါလေ

တော့ လက်ချားချော်အောက်
အခေါက်ရွှေ အရည်ပျော်နေ
အခေါက်ရွှေဟိတ်က မီးရောင်မှာ
နေတယ်။

ဓာတ်သား တစ်ပဲသား တစ်
ညှပ်ရှည်ကြီးနဲ့ ညှပ်ပြီး အခေါက်
အရည်ပျော်ထဲကို ထည့်လိုက်တ
ချော်ကို ငုပ်ပြီး အခေါက်ရွှေထဲ
မြုပ်သွားတယ်။ ရွှေနဲ့ဓာတ်သ
တစ်သားတည်း ရောသွားပြီ။

မီးတစ်အုပ်ကို တစ်စ မီးတစ်အုပ်
တစ်စနဲ့ ဓာတ်သား (၁၅)ဆကို တစ်
တစ်စစီ ထည့်တယ်။

လေဖိုမီးဆိုတာက လေအား
ကောင်းရင် အားကောင်းမောင်း
မီးရောင်လျှံ ထိန်ထိန်ညီးလို့ ဖား
ဘယ်မီမလဲ။ တဟဲဟဲနဲ့ မီးသွေး
လောင်စာတွေဆိုတာ ပြိုက်ခနဲ ပြိုက်
ကုန်။

ကျန်တဲ့ ဓာတ်သား (၁၇)ဆ
တော့ မီး(၂)အုပ်မှာ တစ်စ တစ်
ထည့်ထည့်သွားတယ်။ နောက်ဆုံး
သွပ်ပျှဉ်း(၁)ပဲသားသာသာ ထည့်လို
တယ်။

အခေါက်ရွှေနဲ့ ဓာတ်သား နှစ်
ရောယှက် အသက်ဝင် ရောင်းတ
ထွက်ဖို့ ဖားဖိုကို အချက်ကျကျ မ
ပေမယ့် လေအပေးအယူမှုဖို့ လေဖို
က မခွာနိုင်ကြဘူး။

မနက်စာ ထမင်းစားတာတော
တစ်ယောက်တစ်လှည့် စားကြ
ဆရာကြီးကတော့ နောက်ပိတ်ဆုံး

နေစုံးစုံးမြုပ် မိုးချုပ်မှ လုပ်ငန်း
တယ်။

တစ်ရက်ပြီးတစ်ရက် အလုပ်
မနားတမ်း တစ်လသင်တန်း။ တစ်
ပြီးတစ်ရက် ရက်ဆက်၊ တောက်လျှော
အပြတ်အလပ်မရှိ။



www.burmeseclassic.com

www.burmeseclassic.com

ဒီနေ့တော့ တစ်နေ့လုံး ပင်ပန်းလိုက်တာ ကိုယ်တွေလက်တွေနာလို့။ ည အိပ်ရာဝင်တော့ တရေးမနိုးဘူး။ နောက်တစ်နေ့မနက် မိုးအလင်း။ နေမင်းထွက်မှ အိပ်ရာကထ။ လှံ့လ၊ ဝီရိယလျော့ကျ။ ကိစ္စက ပြီးပြီကို။

အဖေ လာနိုးမှ အိပ်ရာကထ၊ မျက်နှာသစ်၊ ခြေပစ်လက်ပစ်နဲ့ မနက်စောစော ထမင်းကြမ်းဝိုင်း ဝင်လိုက်တော့ သဲကောရွာမက ထမနဲ၊ ကျွဲတလင်းက ကောက်ညှင်းပေါင်း အငွေ့တထောင်းထောင်းထလို့။ အားရပါးရ စားနေလိုက်ကြတာ မောင်ဘသောင်း အကဲဆုံး။

ကြက်သားကြော် အဖီလိုက်၊ ပေါက်လိုက်၊ ငါးသလောက်ဥကြော်၊ ငါးသလောက် အတုံးအတစ်အကွင်းလိုက် အကြော်၊ ခါကြော်၊ ချိုးကြော်၊ စာကလေးကြော် အကြော်ပေါင်းစုံ ထမင်းစားပွဲအပြည့် နင်းကြမ်း။

လူကလဲ စုံတယ်၊ အဖေ တိုက်သူကြီး၊ အမေ သူကြီးကတော် ဒေါ်လှသွယ်၊ ဘမြိုင်၊ မောင်ဘသောင်းတို့ ညီအငယ်ဆုံး လူမမယ်မောင်စိန်တို့နဲ့ ငါပါ (၆)ယောက်။

တို့မျက်စိရှေ့မှောက်မှာပဲ ဆရာကြီးက လုံကိုခွဲတယ်။ လုံဖင်အကွဲလေးပေါ်မှာ ဓာတ်လုံးက တင်ကျန်နေတယ်။ လုံဖင်ကို မှောက်လှန်ချလိုက်တော့ ဝင်းဝင်းလက်လက် ဓာတ်လုံးထွက်။

ဘမြိုင်က အမေ့လက်ကောက်တစ်ဖက်ကို ချွတ်ခိုင်းတယ်။ စားပွဲပေါ်ကိုတင် ဓာတ်လုံးနဲ့ ယှဉ်ချထားတယ်။ မြင်မြင်သမျှ...

မြင်ရသူတိုင်းရဲ့ မျက်စိအစုံမှာ ကျက်သရေရှိပုံခြင်းက မတူ။ ကွာပ။ တစ်မူထူးလို့ အရောင်အဆင်း ဝင်းဝါစိုပြည်ထိန်... ကိုးမူးရေနဲ့ တစ်လိမ်၊



နှစ်လိမ်။

နောက်ဆုံးမှာ ထည့်လိုက်တဲ့ သွပ်ပျဉ်းလေးတစ်ပဲသားကြောင့် အရောင်လွင့်ပြီး ဝင်းလို့ထိန်။

*　*　*

'ဘကြီးရယ် ရွှေဖြစ်တဲ့ နည်းပညာဘာဖြစ်လို့ မရလိုက်တာလဲဗျာ'

လို့ ဖိုးဟာန်က မေးတော့ ဘကြီးဦးတက်တိုးရဲ့ မျက်နှာက ညှိုးကျသွားတယ်။ ရီဝေတဲ့မျက်လုံးနဲ့ မချိုပြုံးလေးပြုံးပြီး ပြောပြတယ်။

'အသက်က (၁၆)နှစ်မပြည့်တပြည့်၊ လူပျိုလေး၊ ကျောင်းကလဲ တစ်ဖက်။ ပြည်မြို့ အထက်တန်းကျောင်း[ယခု အ.ထ.က(၁)] ကျောင်းသား။ မိဘအရှိန်အဝါနဲ့ လက်ထဲမှာလဲ ငွေဒင်္ဂါးဆိုတာက တချွမ်ချွမ်။ စတိုင်ကျကျနဲ့ ရှိုင်ပွင့်လို့။ လိုချင်တာရတဲ့အချိန် ငယ်သေးတော့ ရှေ့ရေးကိုလဲ မတွေးဘူး။ တန်ဖိုးထားရမှန်းလဲ မသိဘူး။ မီးကလဲပူ၊ အဆူကလဲ ခံရသေးဆိုတော့ စိတ်ပါလက်ပါ မရှိတာက အဓိကအကြောင်းရင်း'

ဖိုးဟာန်မှာတော့ နှမြောလိုက်တာ။ အဂ္ဂိရတ်မီးအတတ် အထွတ်အမြတ်ဒီပညာ...

'ဘကြီး ခုပြောတဲ့အတိုင်း တစ်သဝေမတိမ်း လိုက်လုပ်ရင်ရော'

'လုပ်တာပဲကွ မရဘူးလေ။ ဆရာနဲ့ လက်ထပ်သင်တယ် ဆိုပေမယ့် တစ်ကြိမ်တည်း။ မီးအပေးအယူ အနေအထား ပညာပါတာရယ်၊ အလျှင်လိုတာရယ်၊ မြန်မြန်ပြီးချင်တာရယ်၊ ဖိုခွင်က ချလိုက်ကာစ လုံမှ မအေးသေးဘူး ခွဲပြီး ကြည့်ချင်တာရယ်။

တစ်ခါတလေ ဖိုခွင်ထဲက လုံအပူကြီးကို ရေအင်တုံထဲ ဆွဲနှစ်ပြီး စကြာရေချ လုပ်မိတာတွေရယ်၊ စိတ်မြန်တာရယ်၊ ဓာတ်ဖိုး,ဆေးဖိုး,လုံဖိုး, မီးသွေးဖိုးမတတ်နိုင်တာရယ်၊ အသက်ကြီးတော့ ကြာကြာမထိုင်နိုင်ဘူး။ အချိန်မပေးနိုင်တာလဲပါတယ်။ ပြောရရင်တော့ အများကြီးပေါ့ကွာ'

ဖိုဟာန်ကတော့ ဘကြီးရယ် ဖြစ်မှဖြစ်ရလေလို့ တွေးမိတယ်။ စိတ်မကောင်းပါဘူး။ အခြေခံအဂ္ဂိရတ်ပညာကမရှိ။ ဘာမှလဲမသိ။ စိတ်ပါလက်ပါကလဲမရှိ။

ဆရာက တစ်ကြိမ် လက်ထပ်သင်ရုံနဲ့တော့ မတတ်ရေးချ မတတ်အဂ္ဂိရတ်။

ဘမြိုင်ရဲ့ စပ်တူလမ်းကလေးကို ဘကြီးဦးတက်တိုး ပြန်လည် ပြောပြနေပုံက လွမ်းမောတသ အောက်မေ့သတိရ အတိတ်ကာလဆီ။

မောင်ဖိုးဟာန် နည်းကို ရပြီပဲ။ မီးကိုလဲ ရပြီ။ ဘကြီးပြောပြတဲ့ ဇာတ်လမ်းလေးကို ကြံစည်ကြိုးပမ်း ပေါက်မြောက်အောင် စမ်းပြီးပြီ။

'ကဲ... အဂ္ဂိရတ်သုတေသီတို့ရေ အရင်းအနှီးရဲ့တစ်ဝက် အမြတ်ထွက်မယ့် စပ်တူလမ်းကလေး စမ်းကြမလား'

**ရွှေတောင် ခင်မောင်ကြည်**

www.burmeseclassic.com

## [illegible]

**စီးပွားရေး** ။ ဆေးဝါးထုတ်လုပ်ရေး၊ ရောင်းဝယ်ရေးလုပ်ငန်းများ အကျိုးဖြစ်ထွန်းမည်။ သဘာဝဆေး၊ အိမ်သုတ်ဆေးလုပ်ငန်းများ အမြတ်များမည်။

လျှပ်စစ်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။ မြေအရောင်းအဝယ်လုပ်ငန်း သတိထားလုပ်ကိုင်ပါ။

**ဝန်ထမ်းရေးရာ** ။ အတွေးအခေါ် အယူအဆ လွဲမှားမှုကြောင့် အထက်လူကြီးများ လုပ်ဖော်ကိုင်ဖက်များနှင့် အဆင်မပြေ ဖြစ်ရတတ်သည်။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး အဆင်ပြေပါမည်။ သားသမီးများ၏ နိုင်ငံခြားခရီး အဆင်ပြေမည်။ အိမ်ထောင်ဖက်၏ ကျန်းမာရေး ဂရုစိုက်ပါ။

**အချစ်ရေး** ။ အချစ်ရေး အဆင်မပြေဖြစ်နေရာမှ ရုတ်တရက် မမျှော်လင့်ဘဲ လက်ထပ်ပွဲ ဆင်နွှဲရတတ်သည်။

**ပညာရေး** ။ ပညာရေးတွင် အခက်အခဲတွေ့ရမည်။ ကံက ညံ့နေလျှင် ဉာဏ်နှင့် ဝီရိယဖြင့် ကူပါ။

**ကျန်းမာရေး** ။ ဗိုက်အောင့်ခြင်း၊ ဝမ်းသွားများခြင်း ဖြစ်တတ်၍ အစားအသောက်၊ အနေအထိုင် ဂရုစိုက်ပါ။

**ဆောင်ရန်ရက်များ** ။ ၂၊ ၄၊ ၇၊ ၉၊ ၁၁၊ ၁၄၊ ၁၆၊ ၁၈၊ ၂၁၊ ၂၃၊ ၂၅၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၃၊ ၅၊ ၈၊ ၁၀၊ ၁၂၊ ၁၅၊ ၁၇၊ ၁၉၊ ၂၂၊ ၂၄၊ ၂၆၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၂၊ ၆၊ ၁၁၊ ၁၃၊ ၁၆၊ ၂၀၊ ၂၃၊ ၂၇၊ ၃၀။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၄၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ဝက်သား (သို့မဟုတ်) အမဲသား (သို့မဟုတ်) ဆိတ်သားဟင်း တစ်ခွက်ချက်၍ သံဃာတော်ကို လောင်းလှူပါ၊ လိုရာဆုတောင်းပါ။

## [illegible]

**စီးပွားရေး** ။ ရွှေအရောင်းအဝယ်၊ ရွှေပန်းထိမ်လုပ်ငန်းများ အမြတ်များမည်။ အဆောက်အအုံ ကန်ထရိုက်လုပ်ငန်းများ ရောင်းအားကောင်းမည်။ မြေအရောင်းအဝယ်လုပ်ငန်းများ အကျိုးအမြတ်ပိုရမည်။

**ဝန်ထမ်းရေးရာ** ။ အလုပ်အကိုင်များ ကောင်းမည်။ အကြီးအကဲများကလည်း အကူအညီပေးလိမ့်မည်။

**အိမ်တွင်းရေး** ။ သားသမီးအရေးကတော့ စိတ်အေးရမှာပါ။ သားသမီးတစ်ဦး၏ မင်္ဂလာပွဲ ပြုလုပ်ပေးရလိမ့်မည်။ မိသားတစ်စု ခရီးမထွက်ပါနှင့်။ ခရီးခိုက်နေသည်။

**အချစ်ရေး** ။ အချစ်ရေးကတော့ အထိမခံ ကြေပန်းကန်အခြေအနေမျိုး ဖြစ်၍ သတိထားပါ။ စကားမှားတတ်၊ စကားများရတတ်သည်။

**ပညာရေး** ။ ပညာရေး ကံကောင်းသောကာလ ဖြစ်သည်။ ပြည်တွင်းမှာပဲ ကြိုးစားပါ။ ပြည်ပနိုင်ငံခြားပညာရေး အခက်အခဲတွေ့မည်။

**ကျန်းမာရေး** ။ သွေးနှင့်ပတ်သက်သောရောဂါ ဖြစ်တတ်သည်။ အငန်များ၊ အဆီများကို လျှော့စားပါ။ ကိုယ်လက်လှုပ်ရှားပေးပါ။

**ဆောင်ရန်ရက်များ** ။ ၂၊ ၅၊ ၇၊ ၉၊ ၁၂၊ ၁၄၊ ၁၆၊ ၁၉၊ ၂၁၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀။

**ရှောင်ရန်ရက်များ** ။ ၃၊ ၆၊ ၈၊ ၁၀၊ ၁၃၊ ၁၅၊ ၁၇၊ ၂၀၊ ၂၂၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ရက်များ** ။ ၄၊ ၇၊ ၁၁၊ ၁၄၊ ၁၈၊ ၂၁၊ ၂၅၊ ၂၈၊ ၃၁။

**ထီထိုးရန်ဂဏန်းများ** ။ ၂၊ ၅၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ပြောဆိုရန်၊ ဆောင်ရွက်လုပ်ကိုင်ရန်ရှိလျှင် ပြဒါးလွန်း



၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁)ရက်မှ (၃၁)ရက်နေ့အထိ ခုနှစ်ရက်သားသမီးများအတွက်

# ဟောစာတမ်း

ဆရာ ရောင်ခြည်

(၁၄)ညွှန့် (သို့မဟုတ်) ပြဒါးသီး (၄)လုံးကို ဘုရားတင် ကပ်လှူပါ၊ လိုရာဆုတောင်းပါ။









## [illegible]

**စီးပွားရေး** ။ ငွေကြေးရောင်းဝယ်ခြင်း၊ လဲလှယ်ခြင်းလုပ်ငန်းများ အမြတ်များများရမည်။ ငွေထည်ပစ္စည်းများ အရောင်းအဝယ်ကောင်းမည်။

အလှကုန်ပစ္စည်းများ၊ ချုပ်ပြီးသား အဝတ်အထည်များ ဈေးကောင်းရမည်။ ယာဉ်ကားလုပ်ငန်း ရောင်းအားကောင်းမည်၊

**ဝန်ထမ်းရေးရာ** ။ အလုပ်များ အောင်မြင်ပြီးစီးမည်။ သိက္ခာကျအောင် ချောက်တွန်းမည့်သူများ ရှိသည်။

**အိမ်တွင်းရေး** ။ ငွေဝင်နေ၍ ပြဿနာများ အေးငြိမ်းနေပါသည်။ သားသမီးအတွက် ရတက်မအေးရပါ။

**အချစ်ရေး** ။ အချစ်ရေး အခြေအနေကောင်းပါသည်။ မင်္ဂလာကိစ္စ အဆင်ပြေမည်။

**ပညာရေး** ။ ပညာရေး ကံဇာတာတက်သည့်ကာလ ဖြစ်သည်။ နိုင်ငံခြားကျောင်းများ၊ တက္ကသိုလ်များသို့ပင် သွားရောက် သင်ယူနိုင်ပါသည်။

**ကျန်းမာရေး** ။ အဆစ်အမြစ်များ နာကျင်ကိုက်ခဲတတ်သည်။ ရေနွေးဖြင့် စပ်ပြီးမှ ရေချိုးပါ။

**ဆောင်ရန်ရက်များ** ။ ၃၊ ၅၊ ၇၊ ၁၀၊ ၁၂၊ ၁၄၊ ၁၇၊ ၁၉၊ ၂၁၊ ၂၄၊ ၂၆၊ ၂၈၊ ၃၁။

**ရှောင်ရန်ရက်များ** ။ ၄၊ ၆၊ ၈၊ ၁၁၊ ၁၃၊ ၁၅၊ ၁၈၊ ၂၀၊ ၂၂၊ ၂၃၊ ၂၅၊ ၂၇၊ ၃၀။

**ထီထိုးရန်ရက်များ** ။ ၃၊ ၅၊ ၉၊ ၁၂၊ ၁၄၊ ၁၆၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၂၉။

**ထီထိုးရန်ဂဏန်းများ** ။ ၃၊ ၅၊ ၇၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ** ။ ဆောင်ရွက်ရန် ကိစ္စရှိလျှင် ဇော်နယန်း(၁၀)ခက်(သို့မဟုတ်)အနံ (၁၀)ညွှန့်ကို ဘုရားတင်ပါ၊ လိုရာဆုတောင်းပါ။

## [illegible]

**စီးပွားရေး** ။ လုပ်ငန်းများ အခြေအနေ ကောင်းပါသည်။ လျှပ်စစ်ပစ္စည်းထုတ်လုပ်ရေး၊ ပလတ်စတစ်ပစ္စည်းထုတ်လုပ်ရေးလုပ်ငန်းများ အကျိုးဖြစ်ထွန်းမည်။

ရွှေပန်းထိမ်၊ ရွှေအရောင်းအဝယ်လုပ်ငန်းများ အရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းရေးရာ** ။ လုပ်ငန်းများ ကောင်းမွန်သည်။ လမ်းတံတား လုပ်ငန်းများ ပိုမို လုပ်ကိုင်နေရမည်။ ငွေရေးကြေးရေး သတိထားပါ။

**အိမ်တွင်းရေး** ။ အိမ်တွင်းရေး သာယာမည်။ သားသမီးများ ပညာရေး၊ ကျန်းမာရေး၊ စီးပွားရေးကောင်းသည်။ ငွေကြေးအခက်အခဲ အနည်းငယ်ရှိမည်။

www.burmeseclassic.com

www.burmeseclassic.com







**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေနေရာမှ မင်္ဂလာကိစ္စ၊ ငွေကြေးကိစ္စ ကြောင့် ပြဿနာပေါ်တတ်သည်။ ယခုလအတွင်း မင်္ဂလာအခမ်းအနား မလုပ်သင့်သေးပါ။

**ပညာရေး။** ။ ဘယ်လိုအခြေအနေရောက်ရောက် ကြိုးစားရမှာက ကိုယ့်တာဝန်ဖြစ်သည်။ ထူးချွန်စွာ အောင်မြင်မည်။

**ကျန်းမာရေး။** ။ အကြောနာခြင်း၊ အကြောတင်ခြင်းတို့ ဖြစ်တတ်သည်။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၅၊ ၉၊ ၁၁၊ ၁၄၊ ၁၈၊ ၂၀၊ ၂၃၊ ၂၇၊ ၂၉။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၆၊ ၁၀၊ ၁၂၊ ၁၅၊ ၁၉၊ ၂၁၊ ၂၄၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၇၊ ၈၊ ၁၃၊ ၁၆၊ ၁၇၊ ၂၂၊ ၂၅၊ ၂၆၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၁၊ ၂၊ ၅၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ကိစ္စရှိလျှင် ပြောဆိုရန်ကိစ္စပေါ်လျှင် သဲအိုးထဲတွင် အုန်းသက်(၆)ခု အုန်း(၁၀)ညွန့် ပူဇော်၍ လည်းကောင်း၊ စံပယ်ပန်း(၈)ခက်ကို လည်းကောင်း ထိုးစိုက်၍ အိမ်ရှိဘုရားတွင် ကပ်လှူပါ။

## [illegible]

**စီးပွားရေး။** ။ လုပ်ငန်းများ အခြေအနေကောင်းသည်။ အိုးအိမ်တိုက်တာ ဆောက်လုပ်ရေးလုပ်ငန်းများ အရောင်းအဝယ်ကောင်းမည်။

ငွေကြေးလုပ်ငန်း၊ ရောင်းဝယ်၊ လဲလှယ်ရေးလုပ်ငန်းများ အမြတ်များမည်။

**ဝန်ထမ်းရေးရာ။** ။ အကြီးအကဲများ၏ ကူညီစောင်မမှုကြောင့် အလုပ်များ အောင်မြင်ပြီးစီးမည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး သာယာသောကာလဖြစ်သည်။ ငွေရေးကြေးရေးလည်း အဆင်ပြေမည်။ သားသမီး နိုင်ငံခြားခရီးအတွက် စိတ်ညစ်စရာကြုံရတတ်သည်။

**အချစ်ရေး။** ။ ချစ်သူနှင့် ခရီးအတူ သွားရကိန်းရှိသည်။ မင်္ဂလာကြိုဟ် အခြေအနေကောင်း၍ မင်္ဂလာအခမ်းအနားပြုလုပ်နိုင်သည်။

**ပညာရေး။** ။ စီးပွားရေးနှင့် စပ်ဆိုင်သောပညာရပ်များကို သင်ယူလျှင် အောင်မြင်တိုးတက်မည်။ နိုင်ငံခြားတက္ကသိုလ်များသို့ ဆက်သွယ်သင်ယူနိုင်သည်။

**ကျန်းမာရေး။** ။ ဆီးနှင့်ပတ်သက်သောရောဂါ ဖြစ်တတ်သည်။ ကြိုတင် ကာကွယ်ကုသပါ။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၇၊ ၉၊ ၁၃၊ ၁၅၊ ၁၈၊ ၂၂၊ ၂၄၊ ၂၇၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၈၊ ၁၀၊ ၁၄၊ ၁၆၊ ၁၉၊ ၂၃၊ ၂၅၊ ၂၈။

**ထီထိုးရန်ရက်များ။** ။ ၅၊ ၇၊ ၉၊ ၁၁၊ ၁၂၊ ၁၇၊ ၂၀၊ ၂၁၊ ၂၆၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၅၊ ၇၊ ၉ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ကြက်သား(၃)တုံးကို အုန်းသီးစိတ် ထည့်ကြော်၍ သံဃာတော်တစ်ပါးပါးအား ကပ်လှူပါ။ ကိစ္စရှိလျှင် ကုံကော်သားလက်တစ်ဆစ်ကို ဆောင်သွားပါ။

## [illegible]

**စီးပွားရေး။** ။ ငွေရေးကြေးရေး အဆင်ပြေမည့်ကာလဖြစ်သည်။ လုပ်ငန်းတွင် ပြိုင်ဘက်များနှင့် ယှဉ်ပြိုင်ရမည်။

ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်း၊ ခရီးသွားလုပ်ငန်းများ၊ ဖောက်သည်သစ်များ ရရှိမည်။ အကျိုးရှိမည်။

**ဝန်ထမ်းရေးရာ။** ။ လုပ်ငန်းများ ပုံမှန် လုပ်ကိုင်နေရမည်။ ခရီးသွားလာရေးလုပ်ငန်းများတွင် အောင်မြင်ဖြစ်ထွန်းမည်။

**အိမ်တွင်းရေး။** ။ အိမ်တွင်းရေး သာယာမည်။ သားသမီး ခရီးသွားခြင်းရှိမည်။ စားလည်းစား၊ လှူလည်းလှူပါ။

**အချစ်ရေး။** ။ အချစ်ရေး အဆင်ပြေမည်။ မိမိထက် ပြည့်စုံကုံလုံသော သူတစ်ယောက်နှင့် လက်ထပ်ရကိန်းရှိသည်။

**ပညာရေး။** ။ ကွန်ပျူတာစသော ခေတ်မီပညာရပ်များ၊ စာရင်းရေး၊ စာရင်းကိုင်ပညာရပ်များကို လေ့လာလျှင် အောင်မြင်ဖြစ်ထွန်းမည်။

**ကျန်းမာရေး။** ။ လေရောဂါ၊ လေထိုးလေအောင့်ရောဂါ ဖြစ်တတ်၍ အစားအသောက် သတိထားစားပါ။

**ဆောင်ရန်ရက်များ။** ။ ၂၊ ၄၊ ၇၊ ၉၊ ၁၃၊ ၁၆၊ ၁၈၊ ၂၂၊ ၂၅၊ ၂၇၊ ၃၁။

**ရှောင်ရန်ရက်များ။** ။ ၃၊ ၅၊ ၈၊ ၁၀၊ ၁၄၊ ၁၇၊ ၁၉၊ ၂၃၊ ၂၆၊ ၂၈၊ ၃၀။

**ထီထိုးရန်ရက်များ။** ။ ၄၊ ၆၊ ၉၊ ၁၁၊ ၁၂၊ ၁၅၊ ၁၈၊ ၂၀၊ ၂၁၊ ၂၄၊ ၂၇၊ ၂၉။

**ထီထိုးရန်ဂဏန်းများ။** ။ ၂၊ ၄၊ ၇၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ ဆောင်ရွက်ရန် ကိစ္စရှိလျှင် "ဒိဝါတပတိ" ဂါထာတော်ကို (၁၀၈)လုံး ပုတီးကုံးဖြင့် (၃)ပတ်စိပ်ပါ။ အဓိဋ္ဌာန်အောင်လျှင် လိုရာဆုတောင်းပါ။

## [illegible]

**စီးပွားရေး။** ။ ဆေးဝါးထုတ်လုပ်ရေးလုပ်ငန်းများ၊ သဘော်ဆေးလုပ်ငန်းများ ရောင်းအားကောင်းမည်။ လျှပ်စစ်ပစ္စည်းများ၊ ပလတ်စတစ်ပစ္စည်းများ၊ ဓာတုဗေဒပစ္စည်းများ အကျိုးဖြစ်ထွန်းမည်။ ရွှေအရောင်းအဝယ်ကောင်းမည်။

**ဝန်ထမ်းရေးရာ။** ။ လုပ်ဖော်ကိုင်ဖက်များ၊ မိမိအထက်လူကြီးများနှင့် တိုင်ပင်လုပ်ကိုင်ပါ။ အတွေးအခေါ် အယူအဆ လွဲချော်နေတတ်သည်။

**အိမ်တွင်းရေး။** ။ အတွေးအခေါ် အယူအဆ မတူ၍ စကားအချေအတင် ပြောရတတ်သည်။ ထင်ပေါ်လောဘ ဂုဏ်မာနကိစ္စများကို လျှော့ပါ။

**အချစ်ရေး။** ။ အချစ်ရေးကတော့ ဟိုမရောက်ဒီမရောက် ဖြစ်နေသည်။ မင်္ဂလာကိစ္စကို ခေတ္တဆိုင်းထားပါဦး။

**ပညာရေး။** ။ အခက်အခဲမရှိလျှင် ဝိသေသမရှိနိုင်ဟူသော အယူအဆအရ အခက်အခဲများကို ဖွဲ့ဖြင့် ကျော်လွှားပါ။ အောင်မြင်မှု ရရှိပါလိမ့်မည်။

**ကျန်းမာရေး။** ။ ဗိုက်အောင့်ဗိုက်နာ ဖြစ်တတ်သည်။ အအေးစာများ မစားပါနှင့်။

**ဆောင်ရန်ရက်များ။** ။ ၃၊ ၅ ၉၊ ၁၂၊ ၁၄၊ ၁၈၊ ၂၁၊ ၂၃၊ ၂၇၊ ၃၀။

**ရှောင်ရန်ရက်များ။** ။ ၄၊ ၆၊ ၁၀၊ ၁၃၊ ၁၅၊ ၁၉၊ ၂၂၊ ၂၄၊ ၂၈

**ထီထိုးရန်ရက်များ။** ။ ၂၊ ၅၊ ၇၊ ၈၊ ၁၁၊ ၁၄၊ ၁၆၊ ၁၇၊ ၂၀၊ ၂၃၊ ၂၅၊ ၂၆၊ ၂၉၊ ၃၀။

**ထီထိုးရန်ဂဏန်းများ။** ။ ၃၊ ၅၊ ၉၊ ၀ ဂဏန်းများများပါအောင် ရွေးချယ်ပါ။

**အဆောင်ယတြာ။** ။ မိမိအထက်လူကြီးများကို ဆိတ်သားမုန့်(၁၀)ခု သို့မဟုတ် ဘဲသားမုန့်(၁၀)ခုဖြင့် ကန်တော့ပါ။ အရေးကိစ္စရှိလျှင် ရွက်လှပန်းအရွက် တစ်ရွက်ကို ဆောင်သွားပါ။

*ကျန်းမာ ချမ်းသာကြပါစေ။*

**ဆရာ ရောင်ခြည်**



www.burmeseclassic.com

www.burmeseclassic.com

၂၀၁၃ခုနှစ်၊ အောက်တိုဘာလအတွက်
ဓာတ်ကြီးငါးပါးစိုးမိုးမှုနှင့် အောင်ဘာလေ

# ထီ ဆုငွေ





အောက်တိုဘာလတွင် ဖွင့်လှစ်မည့် အောင်ဘာလေ ထီဆုငွေများနှင့် နီးစပ်ကံကောင်းနိုင်ကြစေရန် ၁၊ ၉၊ ၄၊ ၅ ဂဏန်းခြေများကို ခ၊ င၊ ထ၊ မ အက္ခရာများဖြင့် တွဲဖက် ကံစမ်းကြစေလိုပါသည်။

ထိုဂဏန်းများ လုံးတူ၊ လုံးထပ်ပါဝင်သော ထီလက်မှတ်များကို ရွေးချယ် ကံစမ်းခြင်းဖြင့်လည်း ကံထူးနိုင်ကြသည်။

မွေးနှစ်အရ လာဘ်ပွင့်ဂဏန်းနှင့် အခြား အခွင့်အလမ်းများ အကူအညီရယူလိုပါက...

* * *

ဤဇယားတွင် ရှာဖွေကြည့်ပါ။ မိမိတို့၏မွေးနှစ်သည် ဥပမာ ကြွက်နှစ်ဖွား ဖြစ်ပါက အဖြူရောင်က ကံလာဘ်ပွင့်စေသည်။ စံပယ်ကဲ့သို့ ပန်းအဖြူရောင် အဆောင်ပြုသွားပါ။ (၆)ရှက်မြောက် ထီလက်မှတ်ကို ရွေးသင့်ပါသည်။

မိမိနေအိမ်၊ အလုပ်ဌာန၏ အနောက်မြောက်ထောင့်အရပ်ရှိ ထီအရောင်းဌာနဖြစ်ပါက ကံပွင့်စေမည်။ စပ်တူထိုးလိုပါက ကြာသပတေးသားသမီးနှင့် ကံစပ်ပါ။ တနင်္ဂနွေနေ့တွင် ထီထိုးပါ။

ဤကဲ့သို့ပင် အခြားနှစ်များတွင်

| မွေးနှစ် | လာဘ်ပွင့်အရောင် | ကံပွင့်ဂဏန်း | ကံပွင့်အရပ် | စပ်တူထိုးလျှင် | ကံပွင့်နေ့ |
|---|---|---|---|---|---|
| ကြွက် | အဖြူ | ၆ | အနောက်မြောက် | ကြာသပတေးသားသမီး | တနင်္ဂနွေနေ့ |
| နွား ကျား | အစိမ်းနု | ၃ | အရှေ့ | သောကြာသားသမီး | ကြာသပတေးနေ့ |
| ယုန် | အညို | ၈ | အရှေ့မြောက် | တနင်္လာသားသမီး | စနေနေ့ |
| နဂါး မြွေ | အနီ | ၉ | တောင် | ဗုဒ္ဓဟူးသားသမီး | အင်္ဂါနေ့ |
| မြင်း | အစိမ်းရင့် | ၄ | အရှေ့တောင် | တနင်္ဂနွေသားသမီး | ကြာသပတေးနေ့ |
| ဆိတ်၊ မျောက် | ရွှေဝါ | ၇ | အနောက် | ကြာသပတေးသားသမီး | သောကြာနေ့ |
| ကြက် | မီးခိုး | ၂ | အနောက်တောင် | စနေသားသမီး | တနင်္လာနေ့ |
| ခွေး ဝက် | အပြာ | ၁ | မြောက် | အင်္ဂါသားသမီး | ဗုဒ္ဓဟူးနေ့ |

မွေးဖွားကြသူများလည်း မိမိတို့မွေးနှစ်အရကံကောင်းစေမည့် အရောင်၊ ဂဏန်း၊ အရပ်မျက်နှာ၊ နေ့ရက်စသည်တို့ကို ရွေးချယ် ကံစမ်းနိုင်ကြပေသည်။

**ဆိုင်တည်နေရာအရ ကံစမ်းလိုပါလျှင်** ရေကန်ကြီးများအနီး လေ့၊ သင်္ဘောဆိပ်အနီး၊ မြစ်ချောင်းပင်လယ် ကမ်းစပ်၊ ရေစက်၊ ရေဘုံဘိုင်စသည့် ရေထွက်ရှိရာ ပင်မနေရာအနီးအဖျော် ယမကာ အရောင်းဆိုင်များအနီး ရေသန့်စက်ရုံ ရေသန့်သိုလှောင်ရုံများအနီး ဖွင့်လှစ်ရောင်းချသောဆိုင်က ဆုကြီးများကို ဆွတ်ခူးပေးနိုင်သဖြင့် စိစစ် ကံစမ်းနိုင်သည်။

**ထီလက်မှတ် အရောင်းဌာန၏ မျက်နှာစာတွင်** လိုင်းတွန့်ပုံ၊ အဝိုင်းပုံ၊ စက်လုံးပုံသဏ္ဌာန်များ တန်ဆာဆင်ထားခြင်း၊ အပြာအနက်ရောင်များ လွှမ်းမိုးခြင်းရှိသော ဆိုင်များသည်လည်း ကံထူးနိုင်ပါသည်။

**ထီကံမြင့်ယတြာ ပြုလိုပါက** ရေသန့်ဘူး သုံးဘူးကို ဗုဒ္ဓဟူးနေ့ မွန်းတည့်ချိန် မတိုင်မီ သက်ကြီးပိုင်းအမျိုးသမီးတစ်ဦးအား လှူဒါန်းပါ။ အတိတ်ကံဆိုးများ လျော့ပါးကာ ရရန်ဝင်ရန်ရှိသော ငွေကြေး လာဘ်လာဘများ စုပုံရောက်ရှိကာ ထီပေါက်နိုင်ခြေရှိပါသည်။

***ဝူယင်း ဓာတ်ကြီးငါးပါး အကူအညီဖြင့် ထီဆုကြီးများ ဆွတ်ခူးနိုင်ကြပါစေ။***

ထက်မင်းကျော်စွာ



www.burmeseclassic.com

www.burmeseclassic.com



ကျွန်ုပ်နှင့်

# ရန်ကင်းရန်ရှင်းဘာဘာမင်း (၂)

ဖိုးဘုန်းကျော်

ယခင်လမှ အဆက်

[ ၉ ]

ကျွန်ုပ်တို့ စီးနင်းလိုက်ပါလာသော ပုပ္ပါး–ဒဂုံ အိပ်(စ်)ပရက်ကားကြီးသည် ကျောက်ပန်းတောင်းမြို့သို့ နံနက် (၁၁း၀၀)နာရီခန့်တွင် ဝင်ရောက်လာခဲ့၏။

ကျွန်ုပ်နှင့် ဖိုးသူတော်ကြီးသည် ကားပေါ်မှဆင်း၍ ပုပ္ပါး–ဒဂုံ ကားဂိတ်အနီးရှိ "ဖိုးပါကြီး" စားသောက်ဆိုင်သို့ ဝင်၍ နံနက်စာ စား၏။

ဖိုးသူတော်ကြီးသည် စမူဆာသုပ်စား၏။ ကျွန်ုပ်မှာ ထမင်းကြော်တစ်ပွဲမှာစား၏။ ပြီးလျှင် ထုံးစံအတိုင်း ဖိုးသူတော်ကြီးမှ ကျသင့်ငွေကို ရှင်း၏။

ကျွန်ုပ်တို့နှစ်ယောက်သည် ပုပ္ပါးတောင်ကလပ်သို့သွားသည့် ဟိုင်းလတ်ကားလေးဂိတ်ရှိရာသို့ တရွေ့ရွေ့ လျှောက်လာကြ၏။ ကားဂိတ်သို့ရောက်လျှင် စပယ်ယာသည် ကျွန်ုပ်တို့နှစ်ဦးထံသို့ ပြေးလာပြီး အထုပ်အပိုးများကို လာယူ၏။

ကားမှာလည်း ကျွန်ုပ်တို့နှစ်ယောက် တက်ထိုင်လိုက်သည်နှင့် လူပြည့်ပြီဖြစ်ရာ ဒရိုင်ဘာသည် စက်နှိုးကာ ကားကို စတင်ပြီး တောင်ကလပ်သို့ ဦးတည် မောင်းနှင်လေတော့သည်။

ကျောက်ပန်းတောင်းမှ တောင်ကလပ်သို့ တစ်ဦးလျှင် (၂၀၀)ကျပ်ကျသဖြင့် ဖိုးသူတော်ကြီးမှ (၂၀၀)နှစ်ရာကျပ်တန် (၂)ရွက် ထုတ်ပေးလိုက်၏။

ကျွန်ုပ်တို့ စီးလာသော ကားလေးသည် တရွေ့ရွေ့နှင့် တောင်ကလပ် အခြေသို့ စတင်တက်လာပြီဖြစ်၏။ တောင်ကလပ်အား အဝေးမှ လှမ်းမြင်နေရပြီဖြစ်၏။ ကားမှာ တောင်ကုန်းများကို ဆက်တိုက် တက်နေရ၏။

မိနစ်(၃၀)ခန့်ကြာလျှင် ကုန်းမှာ အနည်းငယ် ပြေသွားပြီဖြစ်၍ ကားမှာ ဂီယာကြီးဖြင့် ထိန်း၍ တဖြည်းဖြည်း ဆင်းနေ၏။ ဖိုးသူတော်ကြီးသည် စပယ်ယာ ကောင်လေးအား...

'ငါတို့ အောင်သိဒ္ဓိကုန်းစကားဝါချောင်ရှေ့မှာ ဆင်းမယ်ဟေ့'

ဟု ပြောလိုက်၏။ ကားမှာ "အောင်ကျော်စံ" လက်ဖက်ရည်ဆိုင်ရှေ့တွင် ရပ်လိုက်၏။ ကျွန်ုပ်နှင့် ဖိုးသူတော်ကြီးတို့သည် ကားပေါ်မှ ဆင်း၏။ ပြီးလျှင် ဖိုးသူတော်ကြီးသည် ကျွန်ုပ်အား...

'တောင်ကလပ်တော့ ရောက်ပြီ ကျုပ်တို့ ဒီစကားဝါချောင် အောင်မင်းခေါင်ရိပ်သာမှာ တည်းခိုပြီး အစ်ကြ



www.burmeseclassic.com

www.burmeseclassic.com

ဝင်ကြမယ်'

ဟု ပြောလိုက်၏။

ထို့နောက် ဖိုးသူတော်ကြီးသည် သူ၏ လွန်စွာကြီးသော၊ စဥ့်အိုးကြီးနှင့် တူသော ဗိုက်ကြီးအား သယ်၍ တအိအိဖြင့် ရှေ့မှလျှောက်၏။ ကျွန်ုပ်က နောက်မှလိုက်၏။

**"အောင်မင်းခေါင်ရိပ်သာ"** ဟု ရေးထားသော မုခ်ဦးမှ အောက်သို့ အနည်းငယ် ပြေပြေလေးဆင်းရ၏။ ခြေလှမ်း(၅၀)ခန့် လှမ်းမိလျှင် "နေရာချထားရေး"ဟူသော ဆိုင်းဘုတ်အား တွေ့ရ၏။

စားပွဲနှစ်လုံးကို ဆက်လျက် ချထား၏။ ခုံတန်းရှည်တစ်ခုကို ရှေ့၌ ချထား၏။ စားပွဲ၏နောက်တွင် ခေါင်းတုံးပြောင်ပြောင်နှင့် ယောဂီအညိုရောင် ဝတ်ထားသော အသက်(၅၀)ခန့် ပုဂ္ဂိုလ်တစ်ဦးအား တွေ့ရ၏။ သူသည် ဖိုးသူတော်ကြီးကို မြင်လျှင် ထိုင်ရာမှ ထ၍ ကျွန်ုပ်တို့ထံသို့ ပြေးလာ၏။

အနားသို့ ရောက်လျှင် ဖိုးသူတော်ကြီးအား လှမ်း၍ ဖက်လိုက်၏။ ကျွန်ုပ်လည်း အံ့အားသင့်၍ ကြည့်နေမိ၏။ ဖိုးသူတော်ကြီးက ယင်းပုဂ္ဂိုလ်အား...

'ကိုလွှမ်းပြေ နေကောင်းရဲ့နော်'

ဟု နှုတ်ဆက်လိုက်၏။ ယင်း ကိုလွှမ်းပြေဆိုသူမှ...

'နေကောင်းပါတယ်ဗျာ၊ ဖိုးသူတော်ကြီးလဲ ပျောက်နေလိုက်တာ အခုမှ ပေါ်လာတယ်။ ကျုပ်က မဟာမြိုင်ရောက်နေပြီထင်တာ'

ဟု ဝမ်းသာအားရအသံဖြင့် ပြောလိုက်၏။ ထိုအခါ ဖိုးသူတော်ကြီးက...

'မဟာမြိုင်သွားဖို့က အချိန်လိုသေးလို့ စောင့်နေတာ။ အခု ကျုပ်က သာမညတောင် မြစေညီနောင်ဘုရားမှာ အဓိဋ္ဌာန်(၄၉)ရက်ဝင်ပြီး ပုပ္ပါးမှာ ဆက်ဝင်ဖို့ ခေတ်ကျလို့ ရောက်လာတာ'

ဟု ပြောလိုက်၏။

ဖိုးသူတော်ကြီးက ကိုလွှမ်းပြေအား...

'ကျုပ်တို့နှစ်ယောက်အတွက် ဂူနေရာ လုပ်ပေးဦး'

ဟု ပြောလိုက်၏။ ကိုလွှမ်းပြေဆိုသော ခေါင်းတုံးနှင့် လူကြီးသည် ကျွန်ုပ်အား ကြည့်ပြီး...

'ဒီကလေးက ဖိုးသူတော်ကြီးရဲ့ တပည့်လား'

ဟု မေး၏။ ဖိုးသူတော်ကြီးက ကိုလွှမ်းပြေအား တပည့်မဟုတ်ကြောင်း၊ ရန်ကုန်မှ ကားတစ်စီးတည်း ခုံချင်းကပ်လျက် စီးခဲ့ကြောင်း၊ သူလည်း ဂန္ဓာရီခရီးသည်တစ်ဦးဖြစ်ကြောင်း၊ သူ့အတွက်ပါ ဂူတစ်နေရာ ပေးစေလိုကြောင်း ပြောလိုက်၏။

ထိုအခါ ကိုလွှမ်းပြေသည် ကျွန်ုပ်အားကြည့်၍...

'ဘယ်နှစ်ရက် နေမလဲ'

ဟု မေး၏။ ကျွန်ုပ်မှ...

'ကျွန်တော် ဒီမှာ (၉)ရက် အဓိဋ္ဌာန်ဝင်မှာ ဖြစ်ပါတယ်'

ဟု လေးလေးစားစား ပြန်ပြောလိုက်၏။ ဖိုးသူတော်ကြီးသည် သူလည်း (၉)ရက်ပဲဝင်မှာဖြစ်ကြောင်း ပြောလိုက်၏။ ထိုအခါ ကိုလွှမ်းပြေမှ...

'ဖိုးသူတော်ကြီးရယ် ဖိုးသူတော်ကြီးနေမယ်ဆိုရင် (၉)ရက် မဟုတ်ပါဘူး။ ပျော်သလောက် နေနိုင်ပါတယ်'

ဟု သူက ပြောလိုက်၏။ ပြီးလျှင် ကိုလွှမ်းပြေသည် ဖိုးသူတော်ကြီးနှင့် ကျွန်ုပ်အား မှတ်ပုံတင်တောင်း၍ သူ၏ လယ်ဂျာစာအုပ်ရှည်ကြီးထဲ၌ ရေးမှတ်၏။ ပြီးလျှင် မှတ်ပုံတင် ပြန်ပေး၏။

ကိုလွှမ်းပြေသည် အတွင်းခန်း၌ ချိတ်ထားသော သော့(၂)ချောင်း ယူလာ၍ ဖိုးသူတော်ကြီးအား ဂူအမှတ် (၁၀)ပေးပြီး ကျွန်ုပ်အား ဂူအမှတ်(၁၄) ပေးလိုက်၏။

ကျွန်ုပ်နှင့် ဖိုးသူတော်ကြီးလည်း မိမိပစ္စည်းများကို သယ်၍ ခေတ်နံ... နံဘေး အုတ်လှေကားထစ်အတိုင်း ဆင်း၍ တောင်ကုန်းနံဘေးတွင် ဆောက်ထားသော ဂူတန်းသို့ လျှောက်ခဲ့၏။

ဖိုးသူတော်ကြီးက ကျွန်ုပ်အား...

'ကျုပ်တော့ ခရီးပန်းလာလို့ အနား... ယူလိုက်ဦးမယ်'

ဟု ဆိုကာ ဂူတံခါးဖွင့်၍ ဝင်သွား... ကျွန်ုပ်၏ ဂူအမှတ်မှာ (၁၄)ဖြစ်၏။

တဲရှေ့ပညာရပ်တွင် ဂဏန်း (၁၄) မှာ အပြောင်းအလဲဖြစ်သော နံပါတ် ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်၏ စိတ်... တွင်...

'ငါတော့ ဒီပုပ္ပါးတောင်ကာလပ်မှာ ထူး... တဲ့ ကောင်းသော ပြောင်းလဲမှုတွေ တွေ့ကြ... ဦးမှာပဲ'

ဟု တွေးနေမိ၏။

ထို့နောက် တံခါးဖွင့်၍ အခန်းအား... သန့်ရှင်းရေးလုပ်၏။ ဖယောင်းတိုင် အမွှေးတိုင်ထွန်း၍ မေတ္တာပို့၏။ ပြီးလျှင် အိပ်ရာလိပ်ကိုခင်းကာ ခေတ္တအနားယူ... မည်ဟု ခေါင်းအုံးပေါ်၌ ဦးခေါင်းအား... လှဲချလိုက်လေတော့သည်။

[ ၁၀ ]

ကျွန်ုပ်သည် ခေတ္တ အနားယူပြီး... ဂူတန်းနံဘေးရှိ ရေကန်တွင် ရေချိုး... ခေါင်းလျှော်၏။ ပြီးလျှင် ဖိုးသူတော်ကြီး၏ ဂူအမှတ်(၁၀)သို့ သွား၍ တံခါး... ခေါက်ရာ ဂူတံခါး ပွင့်လာပြီး ဖိုးသူ... တော်ကြီးမှ ကျွန်ုပ်အား မြင်လျှင်... သူ၏ ဂူအတွင်းသို့ ခေါ်၏။

ကျွန်ုပ်လည်း ဂူအတွင်းဝင်၍ ဘုရား...





www.burmeseclassic.com

www.burmeseclassic.com

ဝတ်ပြုအပြီး ဖိုးသူတော်ကြီးနှင့် မျက်နှာချင်းဆိုင်ထိုင်ကာ ကျွန်ုပ်မှ ဖိုးသူတော်ကြီးအား...

'ဖိုးသူတော်ကြီး ကျွန်တော်တော့ အိပ်မက်ထဲက အဘိုးအိုနိုင်းလို့ ပုပ္ပါးတောင်ကလပ်တော့ ရောက်လာပြီ၊ ရှေ့ဆက်ပြီး ဘယ်လို ဆောင်ရွက်ရမှန်း မသိဘူး ဖြစ်နေတယ်။ အိပ်မက်ထဲက အဘိုးအိုနဲ့လဲ မတွေ့သေးဘူး။

အဲဒီတော့ ဖိုးသူတော်ကြီးက ဂန္ဓာရီ အတွေ့အကြုံရှိတော့ ကျွန်တော့်အနေနဲ့ ဘယ်လို ဆောင်ရွက်ရမယ်၊ ကျင့်ကြံရမယ် ဆိုတာကို ကျေးဇူးပြုပြီး လမ်းညွှန်ချက် ပေးစေလိုပါတယ်'

ဟု ကျွန်ုပ်မှ ဖိုးသူတော်ကြီးအား တစ်စုံတစ်ရာ ညွှန်ကြားပါရန် တောင်းဆိုလိုက်၏။

ထိုအခါ ဖိုးသူတော်ကြီးမှ...

'ဒီလိုရှိတယ် လူကလေး။ ဂန္ဓာရီခရီးသမ်းကြောင်းမှာ ဘယ်သူပဲဖြစ်ဖြစ် ပထမဆုံး ဂန္ဓာရီခရီး စပြီးထွက်ရင် **"အဝင်ပုပ္ပါး"**လို့ အဆိုရှိတဲ့အတွက် ပုပ္ပါးဟာ ဂန္ဓာရီသမားတစ်ယောက်အဖို့ မဝင်မဖြစ်တဲ့နေရာ ဖြစ်တယ်။

အဲဒီတော့ ပုပ္ပါးတောင်ကလပ်ကို ရောက်တဲ့အခါမှာ အဓိဋ္ဌာန်ဝင်ရင် **ပထမ** အဘအောင်မင်းခေါင် ထွက်သွားတဲ့ဂူစေတီမှာ အဓိဋ္ဌာန်(၃)ရက် ဝင်ရတယ်။

**ဒုတိယ** အဘအောင်မင်းခေါင် သက်ရှိထင်ရှားရှိစဉ်က အမြဲသွားတဲ့ အဘရဲ့ မူလဓာတ်နန်းမှာ အဓိဋ္ဌာန် (၃)ရက် ဝင်ရတယ်။

**တတိယ** တောင်ကလပ်ထိပ်မှာ အဘကိုယ်တိုင် တည်သွားတဲ့ ကမ္ဘာဦးစေတီမှာ အဓိဋ္ဌာန်(၃)ရက် ဝင်ရတယ်။ (၉)ရက်ပြည့်တဲ့နေ့မှာ တောင်ကလပ်ရဲ့ မြောက်ဘက်မှာရှိတဲ့ ထီးသုံး



ဆင့်ဘုရားအောင်မြေမှာ အောင်မြေနင်းပြီး လိုရာ ဆုတောင်းရတယ်။

ဂန္ဓာရီလုပ်မယ့် ဂန္ဓာရီသမားဆိုရင် **"ဂန္ဓာရီခရီး အောင်မြင်ပါစေ"**ဆိုပြီး အဓိဋ္ဌာန်ရတယ်။ အဓိဋ္ဌာန်(၉)ရက် စဝင်တဲ့ ပထမနေ့မှာ အဘရဲ့ မူလဓာတ်နန်းမှာ အဘကို ပွဲထိုးပြီး လိုရာ ဆုတောင်းရတယ်။

**နောက်တစ်ချက်** အဓိက မလုပ်မဖြစ်တာကတော့ ဂန္ဓာရီသမားတစ်ယောက်အတွက် ဓာတ်ဆက်က အရေးကြီးတယ်။ ဒါကြောင့် ဓာတ်ဆက် တောင်းရမယ်။ ဘယ်လိုတောင်းရမလဲ ဆိုတော့...

လင်ပန်းတစ်ချပ်ထဲမှာ သစ်သီး(၉)မျိုး စုံပုံပြီး လင်ပန်းရဲ့ နံဘေးပတ်လည်မှာ ဖယောင်းတိုင် (၉)တိုင်ကို "ဝ"လုံးပုံ စိုက်ထူရမယ်။ ပြီးရင် ဖယောင်းတိုင်(၁)တိုင်စီရဲ့ ဘေးမှာ လက်ဖက်အသားချည်းသက်သက် (၉)ပုံ ပုံရမယ်။ အမွှေးတိုင်ကိုတော့ လင်ပန်းရဲ့ နံဘေးမှာ (၉)တိုင်စိုက်ပြီး ပူဇော်နိုင်တယ်။

ဘယ်နေ့မှာ လုပ်ရမလဲဆိုတော့ အကောင်းဆုံး က မိမိမွေးနေ့ မနက်(၉း၄၅)နာရီမှာ အဘရဲ့မူလဓာတ်နန်းမှာ အဘကို ဆက်ကပ်လှူဒါန်းပြီး ဓာတ်ဆက်တောင်းရတယ်ကွယ့်။

အဲဒီလို ဓာတ်ဆက်တောင်းခြင်းအားဖြင့် မိမိရဲ့ ဘဝအဆက်ဆက်က တော်စပ်ခဲ့တဲ့ ပဋ္ဌာန်းဆက်ပုဂ္ဂိုလ်တွေဟာ ဂန္ဓာရီခရီးမှာ အထောက်အပံ့ အကူအညီတွေ လာပေးမှာ ဖြစ်တယ်။

ဒါကြောင့် ဂန္ဓာရီခရီးလမ်းကြောင်း နည်းအမျိုးမျိုးတွေထဲက အခုပြောခဲ့တဲ့ အချက်တွေဟာ မလုပ်မဖြစ်တဲ့အတွက် လုံးဝ လုပ်ဆောင်ရမှာ ဖြစ်ပါတယ်။

ဒီနည်းတွေကို ကျုပ် စာအုပ်တွေဖတ်ပြီး တစ်ဆင့် ပြန်ပြောနေတာမဟုတ်ဘူး။ ကျုပ်ကိုယ်တိုင် ကျင့်ကြံခဲ့တဲ့ နည်းစနစ်တွေ ဖြစ်တယ်။

အဲဒီတော့ လူလေးအနေနဲ့ ယုံကြည်တယ်ဆိုရင်တော့ ကျုပ်ပြောတဲ့ စနစ်အတိုင်း လေ့နံ့မှားထစ် လုပ်ဆောင် ကျင့်ကြံပေတော့'

ဟု ဖိုးသူတော်ကြီးမှ ကျွန်ုပ်အား ရှည်လျားစွာ ဂန္ဓာရီလမ်းကြောင်းအား မည်သို့မည်ပုံ လျှောက်ရမည်ကို မိန့်ကြားလိုက်လေတော့သည်။

## [ ၁၁ ]

ကျွန်ုပ်သည် နံနက်(၄း၀၀)နာရီ ထိုးသည်နှင့် အိပ်ရာမှထ၏။ မျက်နှာသစ်၍ ဘုရားဝတ်ပြု၏။ နံနက်(၆း၀၀)နာရီခန့်တွင် ဆွမ်းကျွေးမဏ္ဍပ်ရုံမှ တုံးခေါက်၏။

ဂူတန်းရှိ အနယ်နယ်အရပ်ရပ်မှ လာရောက် အဓိဋ္ဌာန်ဝင်ကြသော ရသေ့၊ ရဟန်း၊ လူယောဂီများသည် ဆွမ်းကျောင်းသို့ အရုဏ်ဆွမ်း သွားစားရ၏။ အများအားဖြင့် နေ့စဉ် နံနက်တိုင်း ထမင်းကြော်ကျွေး၏။

အလှူရှင်ရှိသော နေ့များတွင် မုန့်ဟင်းခါး၊ ကြာဆံကြော် ကျွေး၏။ ကျွန်ုပ်နှင့် ဖိုးသူတော်ကြီးသည် ဆွမ်းကျောင်းသို့သွားကာ ထမင်းကြော်စား၏။

နံနက်စာ စားပြီးလျှင် ဖိုးသူတော်ကြီးသည် ကြေးသွန်းဘုရားကြီးသို့ ပုတီးသွားစိပ်မည်ဟုဆိုကာ ထွက်သွား



www.burmeseclassic.com

www.burmeseclassic.com

၏။

ကျွန်ုပ်လည်း မနေ့က ဖိုးသူတော်ကြီးမှာထားသည့် နည်းစနစ်အတိုင်း လုပ်ဆောင်ရန် တောင်ကလပ်အခြေ ပုပ္ပါးမယ်တော် နတ်နန်းရှေ့ရှိ ငှက်ပျောသီး၊ အုန်းသီးရောင်းသော သူများထံမှ အဘအား ပွဲဆက်ကပ်ရန် ဝယ်ရ၏။

သူတို့မှ ဘာစိတ်ကူးပေါက်သည် မသိ ငွေပေးရာ မယူဘဲ လှူပါသည်ဟု ကျွန်ုပ်အား ပြော၍ ငှက်ပျော(၃)ဖီး၊ အုန်း(၁)လုံးနှင့် သပြေပန်းများပါ ပေးလိုက်၏။

ကျွန်ုပ်လည်း အဘ သက်ရှိထင်ရှား ရှိစဉ်က အမြဲနေသွားခဲ့သော မူလဓာတ်နန်းတွင် အဘအား ပွဲကပ်၏။ ဂန္ဓာရီခရီး အောင်မြင်စေရန် အဘမှ စောင့်ရှောက်ပါရန် လျှောက်ထား၏။

ပြီးလျှင် အဘ၏ ဂူစေတီသို့သွား၍ အဓိဋ္ဌာန်(၃)ရက်တင်ပြီး သမ္ဗုဒ္ဓေ ဂါထာတော်ကြီးဖြင့် ပုတီးစိပ်အဓိဋ္ဌာန် စတင်ဝင်၏။

မှတ်မှတ်ရရ ကျွန်ုပ် အဓိဋ္ဌာန်ဝင်သောနေ့မှာ မြန်မာလဆန်း (၇)ရက်နေ့ ဖြစ်၏။

## [ ၁၂ ]

ကျွန်ုပ်သည် အဘ အောင်မင်းခေါင် ဂူစေတီတွင် အဓိဋ္ဌာန်ဝင်ရာ (၃)ရက်မြောက်နေ့ ကျွန်ုပ် ပုတီးစိပ်ပြီးချိန်တွင် ဘယ်အချိန်က ရောက်နေသည်မသိသော အိပ်မက်ထဲမှ အဘိုးအိုအား တွေ့ရှိလိုက်ရ၏။ ကျွန်ုပ်မှ...

'အဘိုးခိုင်းလို့ ကျွန်တော်တော့ အခု အဓိဋ္ဌာန်ဝင်နေပြီ။ အဘိုးက အခုမှ ပေါ်လာတယ်'

ဟု အဘိုးအိုအား မကျေမနပ် ပြောမိ၏။ ထိုအခါ အဘိုးအိုမှ...

'လူလေး ရန်ကုန်က ထွက်လာကတည်းက အဘိုးသိတယ်။ ကားပေါ်မှာ ဖိုးသူတော်ကြီးနဲ့ သိကျွမ်းပြီး အတူတူ အောင်သိဒ္ဓိကုန်းစကားဝါချောင်မှာ တည်းနေတယ်ဆိုတာလဲ အဘိုးသိတယ်။

အဘိုးလဲ အဘိုးရဲ့ ကိစ္စတွေ မအားလို့ လူလေးကို ဖိုးသူတော်ကြီးနဲ့ လွှဲထားရတာ။ ဒါတွေကို လူလေး နားလည်မှာ ဗဟုတ်ဘူး။ အခုမှ အဘိုး ကိစ္စတွေပြီးလို့ လူလေးနဲ့ လာတွေ့တာ'

ဟု ကျွန်ုပ်အား သူ့အပေါ် အပြစ်မတင်မိစေရန် အကျိုးအကြောင်း ရှင်းပြလေတော့၏။

ထိုအခါ အဘိုးအိုအား ကျွန်ုပ်မှ...

'အဘိုးရယ် အဘိုးနဲ့သိတာတော့ ဟုတ်ပါပြီ။ ကျွန်တော်နဲ့ ပတ်သက်လို့ အဘိုးက အကုန်သိထားတယ်။ အဘိုးနဲ့ ပတ်သက်လို့ ကျွန်တော် ဘာမှ မသိသေးဘူး။ ဒီတော့ အဘိုးရဲ့ နာမည်နဲ့ နေရပ်တော့ ကျွန်တော့်ကို ပြောပြသင့်တာပေါ့'

ဟု ကျွန်ုပ်မှ တောင်းဆိုလိုက်၏။

ထိုအခါ အဘိုးအိုမှ...

'လူလေး သိချင်တော့လဲ ပြောပြရတာပေါ့။ ဒီပုပ္ပါးနယ်တစ်ဝိုက်မှာ အဘိုးနဲ့ ပဋ္ဌာန်းဆက်ရှိလို့ အကြောင်းအားလျော်စွာ တွေ့ကြုံကြရတဲ့ လူတိုင်းဟာ သူတို့ရဲ့ ဘေးရန်တွေ ကင်းသွားကြတယ်။ ဘေးအန္တရာယ်တွေလဲ ရှင်းသွားကြတယ်။

ဒါကြောင့် အဘိုးကို လူတွေက အဘိုးရဲ့ နာမည်ရင်းနဲ့တွဲပြီး "ရန်ကင်းရန်ရှင်း ဘဘမင်း"လို့ ခေါ်ကြတယ်ကွယ့်။ လူလေး စိတ်ထဲမှာ အဘိုးရဲ့နာမည် ဘဘမင်းလို့ပဲ မှတ်ထားလိုက်ပါ'

ဟု ကျွန်ုပ်အား ပြောကြားလေ၏။

ဘဘမင်းမှ ဆက်ပြီး...

'အဘိုးရဲ့ လက်ရှိနေထိုင်တဲ့နေရာက အခု လူလေးတည်းနေတဲ့ စ[illegible] ဝါချောင်ရဲ့ အနောက်မြောက်ထောင့်[illegible] ရှိတဲ့ ရွှေခေါင်းလောင်းစေတီတော်[illegible] အောက်ဘက်မှာ ရွှေခေါင်းလော[illegible] လိုဏ်ဂူရှိတယ်။ အဲဒီဂူမှာ အဘိုး တ[illegible] ကျင့်ကြံနေထိုင်တယ်။

လူလေးလဲ ဒီနေ့အတွက် ပုတီး[illegible] အဓိဋ္ဌာန် ပြီးသွားပြီဆိုတော့ လူ[illegible] အဘိုးနဲ့ လိုက်ခဲ့ပါ။ လူလေးကို အ[illegible] ပညာတွေ သင်ပေးဖို့ရှိတယ်'

ဟု ပြောပြီး ကျွန်ုပ်အား သူနေ[illegible] ရာ ရွှေခေါင်းလောင်းဂူရှိရာသို့ [illegible] ဆောင်သွားလေတော့၏။

ဘဘမင်း နေထိုင်တရားကျင့်[illegible] ဂူသည် တောင်ကလပ်၏ အ[illegible] မြောက်ဘက် မန္တန်ဝိဇ္ဇာ ဦးမောင်[illegible] ၏ အဆောက်အအုံဘေးမှ သွား[illegible]

လှေကားများအတိုင်း အောက်သို့ဆ[illegible] ၏။ စမ်းချောင်းလေးကို ဖြတ်ကျော်[illegible] ၏။ ကျောက်တုံးကြီးများကို လှေ[illegible] ထစ်သဖွယ်နင်း၍ ကျော်တက်ရ[illegible]

နာရီဝက်ခန့် လျှောက်ပြီးလျှ[illegible] ဘယ်ဘက်ခြမ်း၌ ရွှေခေါင်းလော[illegible] စေတီတော်ဟု ရေးထားသော [illegible] အား တွေ့ရ၏။

ရွှေခေါင်းလောင်း စေတီတော်[illegible] ဘုရားဝတ်ပြုပြီး အနောက်မြေ[illegible] ကျောက်လှေကားမှ အောက်သို့ ဆ[illegible] ၏။ ဂူပေါက်မှာ အနောက်တော[illegible] ရှိ၏။ ဂူပေါက်ဝမှာ လွန်စွာမှ ကျဉ်[illegible] ရုတ်တရက်ကြည့်လျှင် ဂူပေါက်အ[illegible] တွေ့ရမည်မဟုတ်ပေ။

ဘဘမင်းသည် ယင်းဂူပေါက်အ[illegible] ခေါင်းငုံ့၍ ဝင်လိုက်၏။ ကျွန်ုပ်က[illegible] ဘဘမင်း နောက်မှ ခေါင်းငုံ့၍ [illegible] ၏။ ခြေလှမ်း (၁၀)လှမ်းခန့် [illegible] သောအခါ အဘိုးမှ ခါးမတ်[illegible] ကျွန်ုပ်အားလည်း ရဲရဲခါးမတ်လို[illegible]



www.burmeseclassic.com

www.burmeseclassic.com

ပြော၏။

ဂူပေါက်ဝမှာ ကျဉ်းရှုံ့နိမ့်ပြီး မတ်မတ်ဝင်၍ မရသော်လည်း ဂူအတွင်းဘက်၌ လူတစ်ယောက်ကောင်းကောင်း မတ်တတ်ရပ်၍ ရ၏။ လူတစ်ယောက်မှ စနစ်တကျ တည်ဆောက်ထားသကဲ့သို့ လွန်စွာ သပ်ရပ်လှ၏။

လေဝင်ပေါက်လည်းရှိ၏။ လေဝင်ပေါက်မှ အလင်းရောင်လည်း ရ၏။ သို့သော် ဤဂူမှာ သဘာဝအလျောက် ဖြစ်ပေါ်နေသော ဂူဖြစ်၏။ လွန်စွာ ထူးဆန်းပေစွ။

ဂူအတွင်း၌ ညာဏ်တော်(၉)လက်မခန့် ဘုရားဆင်းတုတော် (၁)ဆူရှိ၏။ ပန်းအိုး(၂)အိုးတွင် အောင်သပြေပန်းများ ဝေဆာလျက်ရှိ၏။ ကျောက်ဖယောင်းတိုင်ကြီး၏ အလင်းရောင်ကြောင့် ဂူအတွင်း၌ လင်းထိန်လျက်ရှိ၏။

ဘဘမင်း၌ ဝါးဆစ်ခေါင်းအုံးနှင့် ဝါးကွပ်ပျစ်(၁)ခုရှိ၏။ ရေအိုး(၁)လုံးရှိ၏။ အုန်းမှုတ်ခွက်အား ရေခွက်လုပ်ထား၏။ ထိုပစ္စည်းများမှလွဲ၍ အခြားဘာမှမရှိပေ။ ဘဘမင်းသည် ဘုရားဝတ်ပြုပြီး ဝါးကွပ်ပျစ်၌ ထိုင်၏။ ကျွန်ုပ်အားလည်းထိုင်စေ၏။ ပြီးလျှင် အဘိုးမှ...

'ဂန္ဓာရီခရီး ထွက်တဲ့အခါမှာ ရိက္ခာထောက်ဆိုတာလိုတယ်။ ဒီတော့ လူလေးကို အဘိုးက လျှို့ဝှက်ရှားပါးတဲ့ ဂမ္ဘီရပညာတွေကို သင်ပေးမယ်။ လူလေးကလဲ အဘိုးသင်ပေးတဲ့ ပညာတွေကို တတ်ကျွမ်းအောင် လေ့လာသင်ယူပါ'

ဟု ကျွန်ုပ်အား ပညာသင်ယူရန် မိန့်ကြားလေတော့သည်။

ကျွန်ုပ်လည်း အဘိုးသင်ပေးမည့် ပညာတွေကို ကောင်းစွာသင်ယူပါမည် ဟု ကတိပေးလိုက်၏။

ကျွန်ုပ်သည် ဖိုးသူတော်ကြီး၏ စနစ်အတိုင်း ဂူစေတီ၌ (၃)ရက်၊ အဘ၏ မူလဓာတ်နန်းတွင် (၃)ရက်၊ ရတောင်ကလပ်ထိပ် ကမ္ဘာလုံးစေတီတွင် (၃)ရက် စုစုပေါင်း(၉)ရက် အဓိဋ္ဌာန်ဝင်နေစဉ်အတွင်း အားလပ်ချိန်များတွင် ရွှေခေါင်းလောင်းစေတီရှိ ဘဘမင်း၏ ဂူတွင် ဂမ္ဘီရပညာရပ်များကို ကောင်းစွာ သင်ယူခဲ့၏။

ထိုသို့ သင်ယူနေစဉ်အတွင်း ကျွန်ုပ်သည် အဘ ဘိုးတော်အောင်မင်းခေါင်၏ အကြောင်းအရာများကို သိလိုစိတ်ပေါ်လာ၏။ ကျွန်ုပ်မှ ဘဘမင်းအား...

'အဘိုးရယ် ကျွန်တော် မသိလို့ မေးချင်တယ်။ တခြားတော့ မဟုတ်ဘူး။ အဘ ဘိုးတော်အောင်မင်းခေါင်နဲ့ ပတ်သက်တဲ့အကြောင်းတွေ သိပ်သိချင်တာပဲအဘိုး'

ဟု ပြောမိလေ၏။ ထိုအခါ အဘိုးမှ...

'လူလေး သိချင်ရင် အဘိုး ပြောပြရတာပေါ့။ ဒါပေမယ့် အဘ ဘိုးတော်အောင်မင်းခေါင်နဲ့ ပတ်သက်လို့ ပြောပြရရင် ပြောလို့ပြီးမှာမဟုတ်ဘူး။ အဲဒီတော့ လူလေး သိချင်တာတွေကိုမေးပါ။ အဘိုး တစ်ခုချင်း အသေးစိတ် ဖြေကြားပေးပါ့မယ်'

ဟု ကတိပေးလေ၏။



## [၁၃]

ကျွန်ုပ်သည် ပုပ္ပါးတောင်ကလပ်၌ အဓိဋ္ဌာန်ကာလ (၉)ရက်အတွင်း နေစဉ် အဘိုး၏ ရွှေခေါင်းလောင်း လိုဏ်ဂူသို့ ရောက်၏။ အဘ ဘိုးတော် မောင်မင်းခေါင်နှင့် ပတ်သက်သည့် အကြောင်းအရာများကို အဘိုးအား အသေးစိတ် မေးမြန်းခဲ့၏။

အဘိုးသည် ကျွန်ုပ်၏ မေးခွန်းများကို တစ်ခုချင်း စိတ်ရှည်လက်ရှည် ရှင်းပြပေးခဲ့၏။ ကျွန်ုပ်သည် အဘိုး၏ ဖြေကြားချက်ကို ပြင်ဆင်ဖြည့်စွက်ခြင်း မပြုဘဲ မူလအတိုင်း အောက်တွင် ဖော်ပြလိုက်ပါသည်။

အဘ ဘိုးတော်အောင်မင်းခေါင်နှင့် ပတ်သက်သော အကြောင်းအရာများကို မှန်သည်၊ မှားသည် ကျွန်ုပ် မပြောလိုပါ။ ကျွန်ုပ်ကိုယ်တိုင်လည်း အဘ ဘိုးတော်အောင်မင်းခေါင်အား မမီလိုက်ပါ။

ဘဘမင်းသည် အဘအောင်မင်းခေါင် သက်ရှိထင်ရှား ရှိစဉ်က အတူတူ နေခဲ့ဖူးသည်ဟု ကျွန်ုပ်အား ပြောကြားခဲ့၏။ ထို့ကြောင့် အဘအောင်မင်းခေါင်နှင့် ပတ်သက်သည်များကို ဘဘမင်းမှ ဂဃနဏ သိနေခြင်း ဖြစ်ပေသည်။

အကယ်၍ တစ်စုံတစ်ယောက်သော သူသည် ကျွန်ုပ် ဖော်ပြသော အဘ အောင်မင်းခေါင်၏ အကြောင်းအရာနှင့် ပတ်သက်၍ မရှင်းလင်းသည်များ ရှိသော် (သို့မဟုတ်) မယုံကြည်လျှင် ပုပ္ပါးတောင်ကလပ် အရှေ့မြောက်တွင် တည်ရှိသော **ရွှေခေါင်းလောင်းစေတီ၏ လိုဏ်ဂူ၌** ဘဘမင်း (ခေါ်) အဘိုးအိုအား ကိုယ်တိုင်ကိုယ်ကျ သွားရောက် မေးမြန်းနိုင်ပါသည်။

www.burmeseclassic.com

အဘာအောင်မင်းခေါင်နှင့် ပတ်သက်၍ ကျွန်ုပ် သိလိုသည်များကို ဘာဘမင်းအား မေးမြန်းခဲ့၏။ ဘာဘမင်းမှ ကျွန်ုပ်နားလည် သဘောပေါက်စေရန် အသေးစိတ် ရှင်းပြခဲ့၏။ အဆိုပါ အမေးအဖြေတို့ကို အောက်တွင် မူလအတိုင်း ဖော်ပြလိုက်ပါသည်။

**ကျွန်ုပ်** ။ ။ 'အဘာ အောင်မင်းခေါင်ရဲ့ ဇာတိရပ်ကွက် မွေးရပ်မြေကို သိချင်ပါတယ်'

**ဘာဘမင်း** ။ ။ 'အဘာ အောင်မင်းခေါင် အမည်ရတဲ့ ပုဂ္ဂိုလ်ကြီးဟာ ကျောက်ပန်းတောင်းမြို့နယ် ပုပ္ပါးတောင်မကြီးရဲ့ အရှေ့မြောက်ဘက်စောင်းမှာရှိတဲ့ စင်မြင့်ရွာမှ အဘဦးမောင်ပု + အမိ ဒေါ်မင်းသစ်တို့မှ မွေးဖွားတဲ့ သားသမီး(၅)ယောက်အနက် ဒုတိယမြောက် သားရတနာ ဖြစ်တယ်။ ငယ်နာမည်က **ဘိုးအောင်** ဖြစ်တယ်'

**ကျွန်ုပ်** ။ ။ 'အဘာ အောင်မင်းခေါင်ရဲ့ ညီအစ်ကို မောင်နှမတွေရဲ့ အမည်ကို သိပါရစေ'

**ဘာဘမင်း** ။ ။ '(၁) ဦးဘိုးသောင်၊ (၂) ဦးဘိုးအောင်(ဦးအာစိဏ္ဏ)"အောင်မင်းခေါင်"၊ (၃) ဦးထွန်းမောင်၊ (၄) ဦးဘိုးဆောင်၊ (၅) ဒေါ်ငွေမြင့် အားလုံး (၅)ယောက် ဖြစ်တယ်'

**ကျွန်ုပ်** ။ ။ 'အဘာ အောင်မင်းခေါင်ရဲ့ မွေးသက္ကရာဇ်ကို သိချင်ပါတယ်'

**ဘာဘမင်း** ။ ။ 'အဘာ ဘိုးတော်အောင်မင်းခေါင်ဟာ မြန်မာသက္ကရာဇ် ၁၂၄၂ ခုနှစ်၊ ကဆုန်လဆန်း (၁၀)ရက်၊ တနင်္ဂနွေနေ့ မနက် (၁၀း၀၀)နာရီအချိန်မှာ ဖွားမြင်ပါတယ်'

**ကျွန်ုပ်** ။ ။ 'အဘာ အောင်မင်းခေါင်ရဲ့ ငယ်စဉ် ကလေးဘဝ



အကြောင်းကို သိချင်ပါတယ်'

**ဘာဘမင်း** ။ ။ 'အဘာ ဘိုးတော်အောင်မင်းခေါင်ဟာ ငယ်စဉ်က ကိုရင်ဝတ်ခဲ့တယ်။ ဘွဲ့က ရှင်အာစိဏ္ဏလို့ အမည်ရတယ်။ သက်တော်(၂၀)မှာ ကိုရင်ဘဝမှ ရဟန်းဘဝ ဦးအာစိဏ္ဏ ဖြစ်ခဲ့တယ်။

ရဟန်းဘဝ(၃)ဝါအရမှာ သုတ်(၃)ကျမ်း၊ ဝိနည်းငါးကျမ်း၊ အဘိဓမ္မာ(၇)ကျမ်း ဟူသော သင်ရိုးပိဋကတ်ကျွတ်၊ ပလ္လင်ပေါက်သင်ဖူးတဲ့ ရဟန်းတော်တစ်ပါးဖြစ်တယ်။ ရဟန်းဘဝ (၁၀)ဝါခန့်အထိ အဘာရဲ့ မွေးရပ်မြေဖြစ်တဲ့ စင်မြင့်ရွာမှာပဲ နေထိုင်ခဲ့တယ်'

**ကျွန်ုပ်** ။ ။ 'အဘာ အောင်မင်းခေါင်ဟာ ရဟန်းဘဝကနေ ဘိုးမင်းခေါင်ဘဝကို ဘယ်လို ရောက်ရှိခဲ့တယ်ဆိုတာ ရှင်းပြပေးပါ'

**ဘာဘမင်း** ။ ။ 'ဦးအာစိဏ္ဏဟာ ရဟန်း (၁၀)ဝါအရမှာ အောက်ပိုင်းမြို့ရွာများကို ခရီးကြွတယ်။ သုံးနှစ်ခန့် ကြာတယ်။

အဲဒီနောက် ဇာတိမြေဖြစ်တဲ့ စင်မြင့်ရွာကို တစ်ခေါက် ပြန်ရောက်လာတယ်။ (၁၃)ဝါခန့်မှာ ရဟန်းဘဝနဲ့ ခရီးထွက်သွားခဲ့တယ်။ ဘယ်အရပ်ဒေသကို ကြွရောက်တယ်ဆိုတာ မသိရတော့ဘူး။ နှစ်ပေါင်း (၃၀)ခန့်ကို လုံးဝ ပျောက်နေခဲ့တယ်။

အဲဒီကာလအတွင်းမှာ သေတယ်၊ ရှင်တယ်၊ ဘယ်အရပ်ဒေသ ရောက်နေတယ် စသဖြင့် ဘာသတင်းစကားမှ မကြားရတော့ဘူး။

အဲဒီနောက်မှာတော့ ရဟန်းဝတ်နဲ့ မဟုတ်တော့ဘဲ လူဝတ်ကြောင်နဲ့ **"မင်းခေါင်"**ဟူသော အမည်နဲ့ ပုပ္ပါးတောင်ကလပ်ကို ရောက်နေကြောင်း စင်မြင့်ရွာမှ အဘာရဲ့ ညီအစ်ကိုမောင်နှမများက သတင်းကြားလို့ လာရောက်ကြည့်ရှုကြတယ်။

အဲဒီအခါမှာ ဦးအာစိဏ္ဏ ဖြစ်နေလို့ ဆွေမျိုးများနဲ့ ညီအစ်ကို မောင်နှမများက ဝမ်းသာအားရ နှုတ်ဆက်ကြတယ်။ အဲဒီအခါမှာ အဘာက **'အင်း မဟုတ်ဘူး။ ဟုတ်တယ်'** စကားနှစ်ခွန်းသာ ပြောပြီး တုံဏှိဘာဝေ နေတယ်။

အဲဒီအခါမှာ အဘာရဲ့ ဆွေမျိုးများက ကိုဘိုးအောင်တော့ ရူးသွားပြီဟု ညည်းတွားကာ စင်မြင့်ရွာကို ပြန်သွားကြတယ်။ ရူးသွားလို့သာ လူဝတ်ကြောင်ဘဝနဲ့ ပြန်လာတာ ဖြစ်မှာပဲလို့ တွေးပြီး ဆွေမျိုးတွေက ငိုကြွေးကြတယ်'

**ကျွန်ုပ်** ။ ။ 'အဘာ အောင်မင်းခေါင်ရဲ့ အများနဲ့မတူတဲ့ ထူးခြားမှုတွေကို သိပါရစေ'

---

ရှေ့လ ဆက်ဖတ်ပါရန်

---

ပိုင်ဘုန်းကျော်



www.burmeseclassic.com

www.burmeseclassic.com

ဤလတွင်...



✣ ကြွက်နှစ်ဖွား

ငွေကြေး အမြောက်အမြား လက်ခံရကိန်းရှိသည်။ လာဘ်လာဘ ရွှင်လန်း၍ နေအိမ်အတွင်း ပိုးမွှားတိရစ္ဆာန် အဖျက်အဆီး အနှောင့်အယှက်များ ကွယ်လျော့ ပျောက်ပြယ်သွားနိုင်သည့် ကာလဖြစ်သည်။

တာရှည်ခံ စည်သွတ်စားဖွယ်များ လက်ဆောင်ရတတ်သည်။ အမျိုးသားတို့မှာ ကြင်ရာပါ ရဖွယ်ရှိလေသည်။



✣ နွားနှစ်ဖွား

အတွေ့အကြုံ နည်းပညာအသစ် အဆန်းများ တိုးပွားရရှိနိုင်ကြသည်။ နေအိမ်ပတ်ဝန်းကျင်တွင် ထောက်ပံ့ကူညီပေးသူ မိတ်ဆွေအပေါင်းအသင်း ပေါများနေမည်။

သစ်၊ ဝါး၊ ကြိမ်၊ ယွန်းထည် အသုံးအဆောင် ပရိဘောဂများနှင့် ဆက်နွယ်ပါဝင်ပတ်သက်ကာ ငွေကြေးအကျိုးအမြတ် ရတတ်သည်။



✣ ကျားနှစ်ဖွား

လူမှုရေး၊ စီးပွားရေး မျက်နှာစာအသစ်များ အကျိုးပေးသန်သောကာလ ဖြစ်သည်။ တီထွင်ဆန်းသစ်မှုများကြောင့် ငွေကြေး အကျိုးအမြတ် ရရှိနိုင်ကြသည်။

အစာအိမ်နှင့် ပတ်သက်သော ရောဂါဝေဒနာများ ကြိုတင်စစ်ဆေးကာကွယ်သင့်သည်။ စားကောင်းသောက်ဖွယ်များ လက်ခံရတတ်ပါသည်။



✣ ယုန်နှစ်ဖွား

ဥပဒေနှင့် မလွတ်ကင်းသော ငွေကြေး၊ လုပ်ငန်းများကို သတိပြု ရှောင်ရှားကာကွယ်ပါ။

၂၀၁၃ ခုနှစ်၊

အောက်တိုဘာလအတွင်း

ပုံရိပ်ရှင်တို့၏

# ကံကြမ္မာ

ဟူကျင်ဇီ (Hu Jin Zhi)



နေအိမ်ဂေဟာသို့ သူခိုးသူဝှက်၊ မကောင်းကြံသူများ ချင်းနင်းဝင်ရောက်နိုင်သည်။

ဓာတုဗေဒပစ္စည်းများနှင့် ပတ်သက်၍ ကျန်းမာရေး ထိခိုက်စေတတ်သဖြင့် အထူး သတိထားပါ။



✣ နဂါးနှစ်ဖွား

လုပ်ငန်းအရင်းအနှီးများ တောင့်တင်းခိုင်မာ၍ ဘဝအာမခံချက်ကောင်းမွန် ပြည့်စုံသောကာလဖြစ်သည်။ လျှို့ဒါန်းထောက်ပံ့မှုများ ပြုဖြစ်ကြမည်။

မိခင်ဘက်မှ ဆွေမျိုးသားချင်းတို့အတွင်း သုမင်္ဂလာ သာရေးကိစ္စများ ပေါ်ပေါက်နိုင်သည်။ စိတ်ကြည်လင်ချမ်းမြေ့ဖွယ် ဥယျာဉ်ရုံမြင်ကွင်းများ၊ အဖြစ်အပျက်များ ကြုံတွေ့ရဖွယ်ရှိသည်။



✣ မြွေနှစ်ဖွား

နေအိမ်ဂေဟာ သန့်ရှင်း၍ စိတ်ကြည်လင်လန်းဆန်းနေမည်။ လုပ်ဖော်ကိုင်ဖက် မိတ်ဆွေအပေါင်းအသင်းများနှင့် စည်းစည်းလုံးလုံး ရှိမည်။

ပရဟိတလုပ်ငန်း များပြားသောကာလဖြစ်သည်။ လျှပ်စစ်အသုံးအဆောင် ပစ္စည်းများ ဝင်ကိန်းရှိသည်။ မင်းစိုးရာဇာတို့နှင့် သိကျွမ်းခင်မင်မှုရရှိ၍ မင်းပေါက်စိုးပေါက် ဖြစ်နိုင်ကြသည်။



✣ မြင်းနှစ်ဖွား

စွန့်စားရသော လုပ်ငန်းများ လုပ်ကိုင်ရတတ်သည်။ စိတ်ဖိစီးမှုများသောကာလ ဖြစ်သည်။ အပြောအဆို ဂရုစိုက်ပါ။ တစ်ဖက်သားအကောက်အယူ အကြား အမှားယွင်းကာ ရန်များနိုင်သည်။

ဖန်ထည်မှန်ထည် အသုံးအဆောင်ပစ္စည်းများ ကွဲပျက်ပျောက်ဆုံးတတ်သည်။



✣ ဆိတ်နှစ်ဖွား

လေ့လာရေးခရီးများ သွားရတတ်သည်။ အတွေ့အကြုံ ဗဟုသုတ တိုးပွားနိုင်သော ကာလဖြစ်သည်။ မျက်မှန်၊ မျက်နှာဖုံး အသုံးအဆောင်များ လက်ဆောင်ရနိုင်သည်။

ပညာရဲရင့် ပွဲလယ်တင့်ကာ တတ်သိထားသော ပညာဖြင့် အများအကျိုးဆောင်ကူညီဖြစ်မည်။ ငွေကြေးပြဿနာငယ်ကလေးများ ပြေလည်သွားမည်။



✣ မျောက်နှစ်ဖွား

ရာထူး အလုပ်အကိုင် တိုးတက် အောင်မြင်နိုင်ကြသည်။ ပတ်ဝန်းကျင်မှ မိတ်ဆွေများနှင့် ဆွေမျိုးသားချင်းတို့အကြား အငြင်းအပျက် ပြဿနာများအတွက် [illegible]



www.burmeseclassic.com

www.burmeseclassic.com

လူကြီးအဖြစ် ပါဝင်ဖျန်ဖြေရကိန်းရှိသည်။

ဝမ်းမြောက်ဖွယ် သတင်းစကားများကြားသိရတတ်သည်။



✣ ကြက်နှစ်ဖွား

နေထိုင်မှု အဆင့်အတန်း တိုးတက်မြင့်မားမည်။ ဇိမ်ခံပစ္စည်းများ ဝင်ကိန်းရှိသည်။ တယ်လီဖုန်း၊ စကားပြောစက် လက်ကိုင်ဖုန်းများ လက်ဆောင်ရတတ်သည်။

ပရိယာယ်ဆင် လိမ်ညာသူအချို့ကို သတိဖြင့် ရှောင်ရှားပါ။ ငါးပိငါးခြောက် ရေထွက်ပစ္စည်း အကျိုးပေးမည်။ အမျိုးသမီးတို့မှာ ခင်ပွန်းရဖွယ် ရှိပါသည်။



✣ ခွေးနှစ်ဖွား

အပြောအဆို အကြံအစည်များ အဆင်မပြေ ကူညီအားပေးသူ နည်းပါးနေတတ်သည်။ ဒေါသဖြစ်ဖွယ် ဖြစ်စဉ်များ ကြုံတွေ့ရတတ်၍ အထူး ဆင်ခြင်ထိန်းသိမ်းနိုင်ပါမှ အဆိုးနည်းပါးလိမ့်မည်။

ဆူး၊ သစ်ချွန်၊ ဝါးစများ ထိရှမှုကြောင့် သွေးထွက်သံယိုဖြစ်ကိန်း ရှိသည်။ မျက်စိရောဂါများ သတိပြုကာကွယ်ပါ။



✣ ဝက်နှစ်ဖွား

ငွေကြေး အတန်အသင့် ပြည့်စုံနိုင်ကြသည်။ သင်ယူမှတ်သားထားသည့် တတ်သိပညာရပ်များကြောင့်လည်း ငွေစကြေးစကလေးများ ဝေဝေဆာဆာ ရှိနိုင်ကြသည်။

လောင်းကစားနှင့် လောဘဦးစီးသော လုပ်ငန်းများ ရှောင်ရှားနိုင်ပါက ငွေကြေးပြဿနာ တစ်စုံတစ်ရာ ကြုံတွေ့ရဖွယ် မရှိပါ။

ဤလတွင် ကံကြမ္မာ နိမ့်ပါးသူတို့သည် ဖျော်ရည်(၅)ခွက်ကို အင်္ဂါနေ့ နေမွန်းမလွဲမီ ဘုရားရှင်အား ကပ်လှူကာ ပါပအကျိုး အဆိုးတရားများ လျော့ပါးပျောက်ကွယ်စေရန် ဆုတောင်းနိုင်ကြလေသည်။

အနီရောင်ပန်း (၁)ပွင့်ကိုလည်း တစ်ပါတည်း ကပ်လှူပါက ပိုမိုထိရောက်စေနိုင်ပါသည်။

*ကြံအောင်သမျှ အောင်မြင်ကြပါစေ*

**ဟူရျင်းဇီ**

# မီးယပ်သွေးဆုံး

နှစ်လင်းသုံးပါ

'ဆရာကြီး တောင်ပေါ်တက်ထားတယ်ဆိုတော့ ပေါင်ကြောတွေ တင်းနေလိမ့်မယ်။ ဆေးလိမ်း ထားလိုက်ပါလား'

ကိုမောင်လေးက အသက်အရွယ်အားဖြင့် ကြီးမြင့်ခြင်း ဝယဝုဍ္ဍိ အလေးအနက်ထားကာ ကြီးတပ်၍ ခေါ်ခြင်းဖြစ်သည်။

'ဆေးနံ့က စပါးလင်လိုလို၊ မိဿလင်လိုလိုပါလား'

'ဟုတ်တယ်လေ။ မီးယပ်သွေးဆုံးပြီးနောက် အကြောတက်တာတွေ၊ ထုံကျဉ်တာတွေအတွက် အမိက သုံးတယ်။ ကျွန်တော့်အမေ ဒေါ်ညွန့်ရီဆိုရင် အတော်ကလေးကို မရှုနိုင်မကယ်နိုင် ဖြစ်သွားတာ။ ဆင်တောင်က ဆရာဦးလှမောင်က ဖော်သုံးပါဆိုပြီး ဆေးနည်းပေးတာနဲ့ ဖော်ဖြစ်တယ်။

အဆင်ပြေတယ်။ အမေဆိုရင် အတော်ကလေး ထူထူထောင်ထောင်ဖြစ်နေပြီ။ ယောက်ျား သွေးဆုံးလို့ ခေါ်ကြတဲ့ အမျိုးသားသက်ကြီးပိုင်းတွေနဲ့လဲ သင့်သတဲ့'

'ဘယ်လို ဖော်ရသလဲ'

'စပါးလင်နဲ့ မိဿလင် ဆတူယူ ထုထောင်းပြီး ဘူးဖြစ်စေ၊ အဝကျယ်ပုလင်းထဲဖြစ်စေ ထည့်ပြီး မီးတောက်အရက် မြုပ်အောင်ဖြည့်ရတယ်။ အလုံပိတ်ပြီး တစ်လကြာမှ သုံးနိုင်တယ်။ အရည်ကိုပဲ လိမ်းပေးထားပါ'

နောက်တစ်နေ့ နံနက်အိပ်ရာထသောအခါ ပေါင်ကြော၊ ခြေသလုံးကြောများ တောင့်တင်းနေခြင်းမရှိဘဲ ရွာဝန်းကျင်သို့ သက်သောင့်သက်သာ



◆ ဆရာကြီး ဦးချစ်တင်

(ခွေးရုပ်လေးသာရွာ)

သွားလာနိုင်ခဲ့လေသည်။

**(ကလောမြို့အနီး ခွေးရုပ်ကျေးရွာနေ ဦးမောင်လေးထံမှ ရသော ဆေးနည်းဖြစ်ပါသည်။)**

**ခရီးသွား ဆေးသမား**



www.burmeseclassic.com

မောင်မြောက်ပိန်း
(သတင်းထောက်-ဗိုလ်ကုန်း)



# မြင်ဗာဟု မျောက်ပါး လေးတင်ထောက်

ဗုဒ္ဓသာသနာ ထွန်းကား စည်ပင်ပြန့်ပွားသော မြန်မာနိုင်ငံ တစ်နံ့တစ်လျားတွင် ဘုရားစေတီ ဂူကျောင်းပုထိုးတို့ဖြင့် နေရာအနှံ့တွင် ဖူးမြော်တွေ့မြင်ကြရရာ ဗုဒ္ဓဘာသာဝင်များအဖို့ စိတ်နှလုံး ချမ်းမြေ့ဖွယ်ရာအတိဖြစ်လေသည်။

စိမ်းညိုညို တောင်တန်းတစ်လျှောက်တွင် ဗုဒ္ဓအမွေအနှစ် သရီရဓာတ်တော်အစစ်တို့ဖြင့် တည်ထားလျက်ရှိသော စေတီတော်များသည် ပြည်တောင်တန်းတစ်လျှောက် ရွှေရောင်တဝင်းဝင်းဖြင့် ဗုဒ္ဓသာသနာထွန်းပရာ ပြည်တောင်တန်း မြင်ဗာဟု တောင်ပေါ်ဝယ် မြင်ဗာဟု စေတီတော်မြတ်ကြီးကား သာသနာ့အောင်လံ စိုက်ထူထားသည့်ပမာ ထီးထီးမတ်မတ် တည်ရှိလေသည်။

ဆရာတော် ဦးအာလောကသည် မြင်ဗဟုစေတီတော် တည်ထားပြီးနောက် မြင်ဗာဟုတောင်တော်ပေါ်တွင် ဝင် သီတင်းသုံး၍ ကမ္မဋ္ဌာန်းတရားအားထုတ်နေလျက် ရှိလေသည်။

ဆရာတော်ထံသို့ မျောက်ညိုကြီးသည် အချိန်မှန် နေ့စဉ် လာရောက်လျက် သစ်သီးတစ်မျိုးမျိုးတို့ဖြင့် လှူဒါန်းမြဲ ဖြစ်လေသည်။

* * *

တင်ထွန်းနှင့် ငွေမှုံတို့ လင်မယားသည် မြင်ဗာဟုတောင် အနောက်ဆောင်ထောင့်တွင် ရှိသော **စွန်သိုက်ရွာ**တွင် နေထိုင်ကြပြီး တောထဲတွင် မိုးတွင်းအခါ မျှစ်ချိုးလျက်၊ ဆောင်းနှင့်နွေအခါတို့တွင် အင်ဖက်များ ခူးပြီးဈက်ဒိုင်သို့ ရောင်းချလျက် ဝမ်းစာရှာဖွေစားသောက်နေကြသော ဇနီးမောင်နှံဖြစ်လေသည်။

**(စကားချပ်။ ။ ရွှေးယခင်မှ စ၍ ယနေ့ထိတိုင် ရန်ကုန်သို့ တင်ပို့နေသော အင်ဖက်များသည် မြင်ဗာဟုတောတွင်းမှ အင်ဖက်များ ဖြစ်ကြသည်။)**

တင်ထွန်းတို့ လင်မယားသည် စမ်းချောင်းကလေး ပတ်၍ စီးလျက်ရှိသော ကျွန်းပင်လျှိုမြောင်လမ်းဘေးတွင် ပေါက်လျက်ရှိသော ပိတောက်ပင်ကြီးအောက်တွင် တဲကလေးတစ်လုံးထိုးပြီး စခန်းချလျက် ခေတ္တ ကွန်းခိုနားနေစရာအဖြစ် နေထိုင်ကြပြီး ပိတောက်ပင်ကြီးအောက်တွင် ခရီးသွားများ အပန်းဖြေ နားနေ သောက်သုံးရန် ရေအိုးစင်လေး တည်ထားလေသည်။

တင်ထွန်းတို့ လင်မယားသည် ပါလာသည့် ထမင်းထုပ်အား တဲကလေးတွင် စားကြသောအခါ ရက္ခစိုးနတ်မင်းနှင့်တကွ တောတောင့်စောင့်နတ်အပေါင်းတို့အား ပူဇော်ပသပြီးမှ စားသလို ထမင်းအချို့တို့အားလည်း မြင်အပ်၊မမြင်အပ်သော ပရလောကသားတို့အား ပေးဝေ လှူဒါန်းပြီးမှ စားကြလေသည်။ ဤကား တင်ထွန်းတို့ ဇနီးမောင်နှံ တတ်အားသမျှ နေ့စဉ်

www.burmeseclassic.com

နေကျ ဒါနပင်ဖြစ်လေသည်။

တင်ထွန်းတို့ လင်မယားသည် အခါအားလျော်စွာ မြင်ဗာဟုဘုရားသို့ တက်၍ ဘုရားဖူးပြီး ဆရာတော် ဦးအာလောကအား လှူဖွယ်ဝတ္ထု တချို့တို့ဖြင့် ဆက်ကပ် လှူဒါန်းနေကျ။ ဆရာတော်နှင့် တင်ထွန်းတို့ ဇနီးမောင်နှံမှာ ဆရာဒကာဖြစ်လျက် ရောက်သည့်အခါ ကျောင်းဝေယျာဝစ္စတို့ ဆောင်ရွက်ပေးလျက်ရှိသည်။

*　*　*

ဆရာတော် ဦးအာလောကသည် ဘုရားအနီး အင်ပင်ကြီးအောက် ဝါးကွပ်ပျစ်ပေါ်တွင် ကမ္မဋ္ဌာန်းတရားအားထုတ်လျက်ရှိပြီး (၃၁)ဘုံသားတို့အား မေတ္တာပို့ အမျှပေးဝေလျက် တောတောင်၏ ငြိမ်းအေးသာယာခြင်းနှင့်တကွ သူတော်စင်တို့ မွေ့လျော်ရာ တောတောင်သေလာတွင် သီတင်းသုံးလျက် ရှိလေသည်။

ကောင်းကင်ယံတွင် မိုးသားတိမ်မျှင်တို့ ကင်းစင်လျက်၊ ရွှန်းပလျက်ရှိသော လမင်းကြီးသည် ကြယ်အပေါင်းဝန်းရံလျက် အေးမြသော လရောင်အား တောတောင်တစ်ခွင် ပက်ဖျန်းထားသည်မှာ မြသားကမ္ဗလာပေါ်ဝယ် ပုလဲရောင် တဖိတ်ဖိတ်တောက်ပလျက် ရှိလေသည်။

လေပြည်လေညင်းတို့သည် တောတောင်တစ်ခွင်မှ သင်းပျံ့သည် ပန်းရနံ့တို့အား သယ်ဆောင်လာရာ တောတောင်တစ်ခွင် ပန်းရနံ့ပေါင်းစုံတို့ဖြင့် သင်းထုံလျက် ရှိလေသည်။ သူတော်စင်တို့ နှလုံးမွေ့လျော်ရာ ဖြစ်သော ငြိမ်းအေးသည့်နေရာ ဖြစ်လေသည်။

ကြိုးကြီးချိတ် တောင်ရှည်ပိုးပုဆိုးနှံ့သာရောင်ကို ဝတ်ပြီး ရင်ဖုံးတိုက်ပုံအဝါနှင့် ပိုးပဝါကို ပေါင်းထားသော ဝဝဖိုင့်ဖိုင့် ဥပဓိရုပ် ခံ့ညားထည်ဝါသောလူကြီးတစ်ယောက်သည် ဆရာတော်ထံပါး ရောက်ရှိလာပြီး ရိုသေစွာ ရှိခိုးလျက်ရှိလေသည်။ ဆရာတော်မှ...

'ဒကာကြီး ဘာကိစ္စများ ရှိလို့လဲ'

'မှန်လှပါဘုရား တပည့်တော်သည် သက္ကရာဇ် ၁၆ ခုနှစ်တွင် သရေခေတ္တရာ ပျူနိုင်ငံတော်ကြီး ပျက်စီးလေရာ ဘေးလွတ်ရာ အနရာဓ္ဌာတွင် မထင်ရှားသော အသွင်ဖြင့် နေထိုင်ပြီး တပည့်တော် ပိုင်ဆိုင်သော ရွှေငွေ ကျောက်သံပတ္တမြားတို့အား "ကန်သုံးဆင့်အဆင်း ညောင်ပင်ရင်း ရွှေကိုးတင်း"ဆိုသည့် သိုက်တဘောင်စာသည် တပည့်တော်၏ ရတနာဥစ္စာများ ဖြစ်ပါသည်ဘုရား'

ဟု လျှောက်ထားပြီး ခေတ္တ နားနေလျက် ဆက်လက် လျှောက်ထားသည်မှာ...

'ထိုညောင်ပင်ကို လူအများက ရွှေညောင်ဟု ခေါ်ပြီး ထိုရတနာများအား နေသ်ပွင့်ထွန်းတော်မူမည့် အရိမေတ္တေယျဘုရားအား ရည်စူးလှူဒါန်းထားပြီး တပည့်တော်အတွက် ရွှေကြက်ဥတစ်လုံးသာ ပိုင်ဆိုင်ပါတယ်ဘုရား'

ဆက်လက်လျှောက်ထားသည်မှာ...

'တပည့်တော်သည် ဤဥစ္စာရတနာများအား စောင့်ရှောက်နေလျက် အစမထင် ရှည်လျားစွာသော သံသရာတွင် ဘဝအမျိုးမျိုးဖြင့် ကျင်လည်နေပြီး ယခု တပည့်တော်သည်



မျောက်ကြီး ဖြစ်နေပါသည်ဘုရား'

သူကြွယ်ဒကာကြီးသည် ထိုသို့ လျှောက်ထားလေရာ သူကြွယ်အသွင်မှ မျောက်ကြီးအသွင်ဖြစ်ပြီး ကွယ်ပျောက်သွားလေသည်။

ဆရာတော်သည် ကမ္မဋ္ဌာန်းအာရုံတွင် ပေါ်နေသော မြင်ကွင်းများ ပျောက်သွားပြီးနောက် ကမ္မဋ္ဌာန်းတရားမှ ထတော်မူပြီး...

'သတ္တဝါတို့သည် တစ်ဘဝမှ တစ်ဘဝသို့ တပြောင်းပြန်ပြန် အဖန်ဖန် အထပ်ထပ် အဆက်မပြတ် ဖြစ်ပျက်နေသော ခန္ဓာ အာယတန ဓာတ်တရားတို့၏ အဆက်မပြတ် ဖြစ်ပျက်နေသော အစမထင် ရှည်လျားလှသည့် သံသရာကြီးပါတကား'

ဟု ဆရာတော်ကြီးသည် သတိသံဝေဂ ဆင်ခြင်၍ (၃၁)ဘုံသားနှင့်တကွ ပရလောကသားတို့အား မေတ္တာပို့ အမျှပေးဝေပြီး ကျိန်းစက်ရန် သိမ်ကျောင်းပေါ်သို့ တက်သွားလေသည်။

*　*　*

တင်ထွန်းတို့ လင်မယားသည် ပိတောက်ပင်ကြီးအောက် တဲကလေးတွင် ထမင်းစားကြသောအခါ မျောက်ညိုကြီးသည် ပိတောက်ပင်ပေါ်မှ ဆင်းလာပြီး တင်ထွန်းအနားတွင် ထိုင်လျက် တင်ထွန်းတို့ ကျွေးသော ထမင်းအားစားလျက်ရှိလေသည်။

ဤသည်မှာ တင်ထွန်းတို့ ဇနီးမောင်နှံနှင့် မျောက်ညိုကြီးတို့၏ မေတ္တာသံယောဇဉ်တရားဖြစ်လေရာ မေတ္တာတရားသည် အလျားအနံ မရှိသော်လည်း အသွားအပြန် ရှိလေသည်မှာ ဓမ္မတာပင် ဖြစ်လေသည်။

ဤသို့ဖြင့် မိုးကသဲသဲ၊ နှင်းဖွဲဖွဲနှင့် လေရူးသုန်သုန် တိုက်ခတ်လျက် ရာသီစက်ဝန်းတို့မှာ အလီလီ ပြောင်း၍ ပိတောက်ပန်းတို့ကား အကြိမ်ကြိမ်ပွင့်


www.burmeseclassic.com

www.burmeseclassic.com

ခဲ့လေပြီ။

ပူပြင်းခြောက်သွေ့သော ရာသီချိန်ဝယ် ပင်လုံးကျွတ် ဝင်းဝါကြိုင်သင်းနေသော ပိတောက်ပန်းများသည် တောတောင်ရေမြေတို့ကို သာယာရှုမောဖွယ်ဖြစ်အောင် ဖန်တီးလျက်မွှေးပျံ့သင်းကြိုင်သော ဝါဝါဝင်းသည့် ပိတောက်ခိုင်၊ ပိတောက်ခက်တို့သည် အဆုပ်လိုက် အခဲလိုက် ပင်လုံးကျွတ် ဝင်းဝင်းထိန်အောင် ရှိလေသည်။

တင်ထွန်းသည် စမ်းချောင်းကလေးမှ ရေခပ်လျက် သောက်ရေအိုးရေဖြည့်ပြီး သင်းပျံ့မွှေးကြိုင်လျက်ရှိသော ပိတောက်ရနံ့ဖြင့် အရိပ်အာဝါသကောင်းလှသော တဲကလေးအတွင်းဝယ် ထမင်းစားပြီး ခေတ္တ ထမင်းလုံးစီမှေးမှိတ်လျက် ရှိလေသည်။

မျောက်ညိုကြီးသည် ပိတောက်ပန်းခက်များကို ချိုးလျက် ငွေမှုံအားပစ်ချပေးနေလျက် ရှိလေသည်။

လူသားနှင့် တိရစ္ဆာန်တို့၏ သံယောဇဉ် မေတ္တာတရားကား ကြီးမားလှပေသည်။

* * *

အနောက် ဂေါယာကျွန်းတွင် ဘာနုရာဇာနေမင်းကြီးကား ကွယ်ပျောက်လုနီးနေပြီ။ အရှေ့လောကဓာတ်မှ ယုန်စန္ဒာလမင်းကြီးကား ရိုးမတောင်တန်းပေါ်မှ ခေါင်းပြူ၍ထွက်ပေါ်စ ပြုချေပြီ။

တောတောင် တစ်ခွင်ပေါ်တွင် ရွှေအိုရောင် ရောင်ခြည်များ ပက်ဖျန်းထားသည့်အပေါ် သော်စန္ဒာလမင်းကြီး၏ အရောင်ကား ထပ်ဆင့် ပက်ဖျန်းထားသဖြင့် သူတော်စင်များပင် စိတ်မခိုင်သော် ရှာန်ယိုင်ရမည့် သာယာရှုမော ကြည်နူးဖွယ်ရာ လတာပေါင်း၏ သာယာပုံကား တပေါင်းလပြည့်နေ့၏ နေဝင်နှင့် လထွက်သည် စာဖွဲ့၍ မကုန် သာယာရှုမောဖွယ် ကောင်းလှသည့် မြိုင်ရဂုံပေ။

ဆရာတော်ဦးအာလောကသည် မြင်ဗာဟုစေတီ ရင်ပြင်တော်ပေါ်တွင် အမှတ်ဖြင့် ကမ္မဋ္ဌာန်းစကြံလျှောက်နေရာမှ အင်ပင်ကြီးအောက် ဝါးကွပ်ပျစ်ပေါ်တွင် ပြောင်း၍ ကမ္မဋ္ဌာန်းတရားစီးဖြန်းနေလေသည်။ ကမ္မဋ္ဌာန်းအာရုံထဲတွင် မရှင်မပျ ညှိုးနွမ်းသောမျက်နှာနှင့် မျောက်ညိုကြီးသည် ဆရာတော့်ထံသို့ ရောက်ရှိလာပြီး...

'ဆရာတော်ဘုရား တပည့်တော် မကြာခင် ခန္ဓာကြွေရပါတော့မယ် ဘုရား။ အသက်အရွယ်လဲ ကြီးရင့်လှပါပြီ။ တပည့်တော်ဘဝတစ်ပါး ပြောင်းသွားခဲ့သော် တပည့်တော်၏ ပါးစပ်ထဲတွင် ရွှေကြက်ဥတစ်လုံး ရှိပါသည်။ ရွှေကြက်ဥအား ယူပြီး ကောင်းရာသုဂတိလားအောင် အလှူလုပ်ပေးပါဘုရား။ တပည့်တော်အား ပိတောက်ပင်ကြီးအောက်တွင် မြှုပ်နှံသင်္ဂြိုဟ်ပေးပါ ဘုရား'

ဟု လျှောက်ထားပြီး ပျောက်ကွယ်သွားလေသည်။ ဆရာတော်သည် ကမ္မဋ္ဌာန်းတရား အားထုတ်နေရာမှ သတိသမ္ပဇဉ်ဖြင့် ဆင်ခြင်၍...

'(၃၁)ဘုံ၌ ကျင်လည်ကြသော သတ္တဝါအများတို့သည် ကိုယ်၏ ကျန်းမာခြင်း စိတ်၏ ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေ'

ညဉ့်လည်း နက်လှပြီဖြစ်၍ ဆရာတော်သည် ကျိန်းစက်ရန် သိမ်ကျောင်းပေါ်သို့ ကြွသွားလေသည်။

* * *

'အောက် အီး အီး အွတ်'

တောတောင်တစ်ခွင် ပတ်ဝန်းကျင် မြိုင်ရဂုံအတွင်းမှ တောကြက်တိန်ညင်လေးများပင် လင်းကြက်တွန်ချေပြီ။

ပင်ယံထက်မှ ငှက်ကလေးများတို့သည် ဘာသာဘာဝ ပျော်မြူးကြလျက် တီတီတာတာ သံသာဟစ်ကြွေးအသံပေး၍ ဖို့မ မြူးထူးနေလျက် ရှိကြသည်။

ဆရာတော်သည် နံနက် အရုဏ်တက် ကျိန်းစက်ရာမှ ထခဲ့၍ ကိုယ်လက် သုတ်သင်ပြီး ဘုရားရင်ပြင်တော်ပေါ်ဝယ် မေတ္တာကမ္မဋ္ဌာန်း စီးဖြန်းလျက်ရှိလေသည်။

အရှေ့လောကဓာတ်မှ နေမင်းကြီးကား လောကလူသားတို့အား အလင်းဆောင်လျက် နုထွေးလန်းဆန်းသောနေရောင်ခြည်အောက်ဝယ် မြင်ဗာဟုတောကြီးကား ရှုမျှော်မဆုံး နုလုံးသာယာ ငြိမ်းအေးလျက် ရှိလေသည်။

မြင်ဗာဟုဘုရား မြောက်ဘက်ကျွန်းပင်လျှိုဆီမှ ကျီးကန်းတစ်အုပ်တို့သည် ''တအားအား'ဖြင့် ဆူညံလျက် ရှိလေသည်။

**(စကားချပ်။ ။တောအရပ်အခေါ် ကျီးပြိုနေခြင်း ဖြစ်လေသည်။)**

နေ ထန်းတစ်ဖျားခန့် မြင့်သောအခါ တင်ထွန်းတို့လင်မယားသည် တောင်ပေါ်သို့ တက်လာပြီး ဆရာတော်အား ကန်တော့လျက် အတန်ကြာမှ...

'ဆရာတော်ဘုရား မျောက်ကြီး သေနေပါပြီ ဘုရား'

တင်ထွန်း၏ လျှောက်ထားချက်အား ဆရာတော်သည် ဘာမျှ ပြန်မပြောဘဲ စဉ်းစားငြိမ်သက်လျက် ရှိလေသည်။ အတန်ကြာမှ...

'အေး အေး သင်္ခါရ အနိစ္စာ= အားလုံးသော အရာတို့သည် အမြဲမရှိ ဖြစ်ပျက်နေကြတာပဲ'

ဆရာတော်သည် တင်ထွန်းတို့ ဇနီးမောင်နှံနှင့်အတူ ကျွန်းပင်လျှိုသို့ ဆင်း၍ ကြွခဲ့လေသည်။ ကျွန်းပင်လျှို ပိတောက်ပင်ကြီးအောက် ရော[illegible] သောအခါ ပိတောက်မြစ်ဆုံ[illegible]



www.burmeseclassic.com

www.burmeseclassic.com

တွင် မျောက်ညိုကြီးသည် လက်နှစ်ဖက် ပူးယှက်လျက် မြင်မာဟုဘုရားဘက်သို့ ဦးခေါင်းလှည့်ပြီး သေနေလေသည်။ ဆရာတော်သည် မျောက်ကြီး၏ ပါးစောင်အား စမ်းသပ်ကြည့်ရှုပြီး…

'ဒကာကြီး မျောက်ကြီးတော့ တောင့်နေပြီ။ လက်နှစ်လုံးလောက် ဝါးခြမ်းပြားတစ်ချောင်း ယူခဲ့'

တင်ထွန်းသည် အနီးတွင်ရှိသော ဝါးရုံပင်မှ ဝါးခုတ်ယူပြီး ဝါးခြမ်းပြား ပြုလုပ်၍ ဆရာတော်အား ကပ်လိုက်လေသည်။ ဆရာတော်သည် လက်နှစ်လုံးခန့်ရှိသော ဝါးခြမ်းပြားအား တစ်ထွာသာသာခန့် ဖြတ်ခိုင်းပြီး မျောက်ကြီးပါးစပ်အား ဟ,၍ ထောက်ထားလေသည်။

မျောက်ကြီး၏ ပါးစပ် ဟ,ပြီးသော အခါ ဆရာတော်သည် တင်ထွန်းအား မျောက်ကြီးပါးစောင်အတွင်း နှိုက်ခိုင်းရာ တင်ထွန်းသည် မျောက်ကြီး၏ ပါးစောင်အတွင်းမှ ဝါဝင်းသော ကြက်ဥအရွယ်ခန့် အလုံးတစ်လုံးအား နှိုက်ယူပြီး ဆရာတော်အား ကပ်လေသည်။

ဆရာတော်သည် တင်ထွန်း ကပ်သော အရာဝတ္ထုအား လက်မခံဘဲ…

'ဒကာကြီး အဲဒါရွှေ ဖြစ်တယ်။ လိုအပ်သလောက် ထုခွဲရောင်းချပြီး မျောက်ညိုကြီးအတွက် အလှူဒါနပြုလုပ်ပေးပါ။ မျောက်ညိုကြီးကို ဒီတောက်ပင်ကြီး အောက်မှာပဲ မြေမြှုပ်သဂြိုဟ်လိုက်ပါ'

ဟု ဆရာတော်သည် မိန့်မှာပြီး တောင်ပေါ်သို့ ပြန်ကြွသွားလေသည်။

*　*　*

တင်ထွန်းတို့ ဇနီးမောင်နှံသည် သင်္ကန်း စသည့် လှူဖွယ် ဝတ္ထုပစ္စည်းများအား ဆရာတော်အား ဆက်ကပ်ပြီး တောတောင်တစ်ခွင် ရှိကြသော အာကာသစိုး၊ ဘုမ္မစိုး၊ ရုက္ခစိုးနတ်



အပေါင်းနှင့်တကွ ပရလောကသသား အပေါင်းတို့အား ပြုပြုသမျှ ကုသိုလ် ဒါန အစုစုတို့အား ကြားကြားသမျှ အမျှ အမျှ အမျှ ပေးဝေကြလေသည်။

ထိုအချိန်တွင် တောတောင်တစ်ခွင် လေပြည်လေညင်း တိုက်ခတ်လာရာ သင်းပျံ့မွှေးသော ပန်းရနံ့တို့သည် တောတောင်တစ်ခွင် လွှမ်းခြုံလျက် စေတီတော်မှ ဆည်းလည်းသံတို့ကား တလွင်လွင်ဖြင့် ကြည်နူးသာယာ နာပျော်ဖွယ်ရာ ရှိလှတော့သည်။ ဆရာတော်သည် တင်ထွန်းအား အမိန့်ရှိသည်မှာ…

'ဒကာကြီး "မြင်မာဟု မျောက်ပါး လေး တစ်ထောက်"ဆိုတာကို တချို့သော သိုက်ဆရာတို့က ဒီမျောက်ရုပ်ကြီးနားက နေပြီး မြောက်အရပ်ကို လေးနဲ့ပစ်တယ်။ မြားကျရာ အရပ်နေရာကို သိုက်တူးကြတယ်။ အမှန်ကတော့ မျောက်ကြီးရဲ့ ပါးစပ်ကို လေးလိုထောက်၊ ပါးစပ်,ဟပြီးမှ အထဲက ရွှေကို ယူရမှာကို ပြောတာ ဆိုလိုတယ်'

ဆရာတော်သည် ထိုသို့ အမိန့်ရှိပြီး နောက်ဆက်လက် အမိန့်ရှိသည်မှာ

'လောဘသားတွေဟာ မိမိတို့ရဲ့ ဝီရိယအကျိုး လုံ့လပြု အားမထုတ်ချင်ကြဘဲ ရှေးဟောင်းအမွေအနှစ်များနဲ့ တကွ သာသနိကပစ္စည်းများ၊ ရှေးမင်းများရဲ့ အသုံးအဆောင်များကို အချောင်လိုချင်ကြတယ်။ ပစ္စည်းဥစ္စာရတနာနဲ့တကွ လူပုဂ္ဂိုလ်သတ္တဝါတို့သည် ပဋ္ဌာန်းဆက်များရှိခဲ့ရင် အချိန်တန်ရင် အကျိုးခံစားရပေမှာ မလွဲကေန်ပဲ ဒကာကြီး'

ကောင်းသောအမှုကို ပြုလုပ်ဆောင်ရွက်ထားသည့် ဖြစ်လင့်ကစား ထိုကောင်းမှုကုသိုလ်ကံ မရင့်ကျက်သေးသဖြင့် ကောင်းကျိုးသုခကို ပေးအပ်ဆက်နွှင်းနိုင်ခြင်း မရှိသေးမီ အတွင်း ဆင်းရဲဒုက္ခကို တွေ့ကြုံရတတ်၏။

သို့တစေလည်း ပြုထားသော ကုသိုလ်ကံ ရင့်ကျက်လာ၍ သူ၏ အကျိုးတရားကို ဖော်ထုတ်လာသော အခါ သုစရိုက်ကံသခင် လူသားသည် ချမ်းသာသုခဟူသမျှကို အားရပါးရ တွေ့မြင်ခံစားရပေသည်။

လောက၌ မည်သူမဆို ကောင်းတာ လုပ်လျှင် ကောင်းကျိုးကို ခံစားရ၏။ မကောင်းတာလုပ်လျှင် မကောင်းကျိုးကိုခံစားရ၏။ မိမိပြုလုပ်သောကံသည် မိမိ၏ ကိုယ်ပိုင်ဥစ္စာ(ကမ္မဿက) မည်၍ မိမိပြုလုပ်သောကံအရ ဆိုးမွေ ကောင်းမွေ(ကမ္မဒါယာဒ)ကို ခံယူရမည် ဖြစ်လေသည်။

တင်ထွန်းနှင့် ငွေမှုံတို့ ဇနီးမောင်နှံသည် ကောင်းမှုကုသိုလ်များ အားနည်းစေကာမူ စိတ်ထားဖြူစင်ဖြောင့်မတ်ပြီး အ,ကုသိုလ်ကင်းသောကြောင့် မိမိတို့၏ စေတနာသည် တူသောအကျိုးကို ပေးလေသည်။

**[ဤဝတ္ထုဖြင့် ပြည်မြို့နယ် တောင်ခွေးရဲကျေးရွာ ဦးစိုးမြင့် ဒေါ်ဆန်းမြင့်တို့ ဇနီးမောင်နှံအား ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်း ပြုအပ်ပါသည်။]**

**မောင်မောင်သိန်း**
***(သတင်းထောက်–စီးကူး)***



www.burmeseclassic.com

www.burmeseclassic.com



ငဖဲမြို့နယ် မန်းကြိုး ဝိုင်းထဲမှာ သစ်တော ဦးစီးဌာန ၁၉၈၀ ပြည့်နှစ် လောက်မှာ သင်းသတ် ထားသည့် ကျွန်းပင် တွေကို ၁၉၈၆ခုနှစ်မှာ မြန်မာ့သစ်လုပ်ငန်းက ခုတ်လှဲထုတ်လုပ်ဖို့ လုပ်ငန်း စ,နေကြပါပြီ။

သတ်ထားသည့် ကျွန်းပင်ခြောက်တွေကို ခုတ်လှဲသစ်လုံးအဖြစ် ဖြတ်ပိုင်းပြီးသည်နှင့် သစ်လုံးတွေကို ငုတ်ရင်းမှာအတိုင်း စာရင်းယူပြီး အခွန်တော် ကောက်ခံဖို့ အကောက်တံဆိပ် ရိုက်မှတ်သည့်အလုပ်ကို သစ်တောဦးစီး ဌာနမှ ဆောင်ရွက်ရသည်။

ဤတာဝန်ကို မင်းဘူးနယ်စီး တောအုပ်နယ်မှ လုပ်သက်ရင့် တောအုပ်ဖြစ် သူ စာရေးသူက ယူခဲ့ရသည်။

ရှေးအခါကဆိုလျှင် ကျွန်းသစ် အကောက်ရိုက်သည့် လုပ်ငန်းကို နယ်စီးတောအုပ်နှင့် ဝန်ထောက်များ ကသာ ဆောင်ရွက်ရသည့် အရေးကြီး လုပ်ငန်းဖြစ်သည်။ ယခုတော့ ထုတ် လုပ်သည့် သူကလည်း နိုင်ငံတော် ကိုယ်စားပြုဌာနတစ်ခု ဖြစ်နေပေပြီ။

တင်ဘုန်းဝင်

# ရွှေမှာဝေါက်တဲ့ ပိုးမားခလောင်း

သစ်တောဦးစီးဌာနက သစ်တော တွေကို စိုက်ပျိုးပြုစု ထိန်းသိမ်း ကာကွယ် စောင့်ရှောက်ရသည်။ အရွယ်ရောက်ပြီး ကျွန်းပင်နှင့် သစ်မာ ပင်တွေကို ရွေးချယ်သင်းသတ်၊ ပင်ထောင်ရိုက် မှတ်ပေးရသည်။ မြန်မာ့သစ်လုပ်ငန်းက ခုတ်လှဲထုတ် လုပ်ရသည်။

ဤကဲ့သို့ ထုတ်လုပ်ကြသည့် ကျွန်းနှင့် သစ်မာတွေကို သစ်တော ဦးစီးဌာနမှ အခွန်တော် ကောက်ခံရ သည်။

အခွန်တော် ကောက်ခံသည့်အခါ အခွန်တော် ပေးဆောင်ပြီးကြောင်း



www.burmeseclassic.com

www.burmeseclassic.com

တံဆိပ်ရိုက်မှတ်ပေးရသည်။ ရိုက်မှတ်သည့် တံဆိပ်တွင် **'အကောက်'**ဆိုသည့် စာလုံးနှင့် **'နယ်အမှတ်အသားနှင့် ခုနှစ်'** အမှတ်အသားများ ပါရှိသည်။ ဒီတံဆိပ် ရိုက်မှတ်သည့်အလုပ်ကို **'အကောက်ရိုက်'**သည့်လုပ်ငန်းဟု ခေါ်ဆိုကြသည်။

စာရေးသူ သစ်ကွက်ထဲရောက်တော့ ဆင်အဖွဲ့က ဓားသမားတွေ၊ သစ်ခုတ်လုပ်သားတွေက ကျွန်းပင်ခြောက်တွေကို ခုတ်လှဲနေပါပြီ။ နယ်တာဝန်ခံ ဦးခင်မောင်ညွန့်ကိုယ်တိုင်လိုက်လာပြီး ခုတ်လှဲထားသည့် ကျွန်းပင်ခြောက်တွေကို သစ်ဖြတ်ပိုင်းပေးရာတွင် ကြီးကြပ်ကာ အဆင်ပြေပြေ အကောက်ရိုက်နိုင်ရန် စီစဉ်ပေးသည်။

ဦးခင်မောင်ညွန့်က စာရေးသူနှင့် မြန်မာနိုင်ငံ သစ်တောကျောင်းမှ ကျောင်းဆင်းဖက်ဖြစ်သည်။

သစ်ကွက်တာဝန်ခံ ချောင်းအုပ်၊ သစ်အုပ်တွေကလည်း သူတို့ ဖြတ်ပိုင်းပေးလိုက်သည့် သစ်ကို အပြစ်အနာအဆာလွတ်ပြီး အဖိုးတန်သစ်ကောင်းတစ်လုံး ဖြစ်လာစေရန် စနစ်တကျစစ်ဆေးပြီးမှ ဖြတ်ပိုင်းပေးနေကျဖြစ်သည်။

ဖြတ်ပိုင်းပေးရသည့် ကျွန်းသစ်တစ်လုံး၏ အနိမ့်ဆုံးကန့်သတ်ချက်သည် အလျား(၁၀)ပေ၊ ခါးလယ်လုံးပတ် (၄)ပေနှင့် ကုဗပေ (၂၀) ရှိရမည်ဖြစ်ပေသည်။

ဖြတ်ပိုင်းရာ ပေးထားပြီးသည်နှင့် ဓားသမားတွေက ငမန်းလွှဖြင့် ပိုင်းဖြတ်ကြသည်။ သစ်လုံးအဖြစ် ပိုင်းဖြတ်ပြီးသည်နှင့် သစ်လုံး၏ ခါးလယ်နေရာမှာ နီးထိုးကာ လုံးပတ်တိုင်းနိုင်ရန် စီစဉ်ထားကြသည်။

သစ်ဖြတ်ပိုင်းပေးပြီးသည်နှင့် မူလကျွန်းသတ်ပင်၏ ပင်ထောင်နံပါတ်၊ သစ်လုံးနံပါတ်နှင့် သစ်လုံးထွက်ရှိသည့် ဖြတ်ပိုင်းနံပါတ်များအပြင် ကိုယ်ပိုင်တံဆိပ်များကိုပါ ရိုက်မှတ်ကြရလေသည်။

သစ်လုံး၏ အလျားကို တိုင်းကြရသည်။ သစ်လုံး ခါးလယ်မှာ ထိုးချည်ထားသည့် နီးကိုဖြတ်ပြီး လုံးပတ်တိုင်းကြရသည်။ စာရေးသူကလည်း သူတို့နှင့်အတူ စာရင်းလိုက်မှတ်ရသည်။

ကျွန်းသတ်ပင်ခြောက် ခုတ်လှဲစဉ်က ထိခိုက်ပျက်စီးမှု ရှိ,မရှိ ဘေးပတ်ဝန်းကျင်က အနာဂတ်ကျွန်းမျိုးဆက်ပင်တွေကို ထိခိုက်မှု ရှိ,မရှိ စစ်ဆေးရသည်။

ကျွန်းသစ်တန်ပေါင်း (၂၀၀၀)ကျော်၊ သစ်လုံးပေါင်း (၃၀၀၀)ကျော်ကို သစ်ကွက်ထဲမှာ တစ်လသာသာ ကြာအောင် ရိုက်ခဲ့ရသည်။

အလုပ်စ,ခဲ့ကြသည့် ဆောင်းနှောင်းကာလမှသည် နွေဦးရာသီသို့ပင် ရောက်ခဲ့လေပြီ။ ဟိုးအဝေးဆီက တောတစ်ပြင်၊ တောင်တစ်ခွင် မြင်လေရာတိုင်း မြူခြေဆိုင်းလို့ မှိုင်းမှိုင်းညို့နေလေပြီ။

စခန်းအနီးက သစ်ပင်ကြီးတွေမှာလည်း ရွက်ကြွေတောအပင်ပီပီ ရွက်ဟောင်းတွေ ကြွေ၍နေပါပြီ။ ဟိုအဝေးချောင်တောင်ရိုးဆီက ဖိုးခေါင်ငှက်ကလေးတွေ၏ အသံကလည်း မှန်မှန်ကြားနေရပြီ။

နွေကလည်းနွေ၊ လေကလည်းမွေ၊ သစ်ရွက်တွေကလည်း ကြွေနှင့် နွေနေပူပူကြား ပြေးလွှားပျံသန်းရင်း ခိုနားရာအရိပ်ရှာနေသည့် ဖိုးခေါင်ငှက်ကလေးတွေ **'အရိပ်ပျက်တဲ့ သစ်ခက်တွေကြား ခိုနားဖို့ခက်ပြီ'** ဆိုသည့် တေးသွားနှင့် ညည်းတွားနေလေရော့သလား ထင်မှားရသည်။

စမ်းရေစီးသံတွေကလည်း ပျား... ပိတုန်းတွေ၏ ဂီတသံပမာ တိုးညှင်း... ညင်သာသွားလေပြီ။ ချောင်းပြ... အတွင်းက ပျဉ်းမပင်ကြီးကလည်း... ကြည်ပြာရောင်ခြုံလွှာကို ခြုံကာ... နွေအလှကို ခြယ်သနေပေပြီ။

ပျဉ်းမ ပွင့်ချိန် နေပူချိန်ကလည်း... လောင်မြိုက်ချိန်၊ နွေခင်းနွေလယ်မှာ... ပင် လူတွေ အိပ်ငိုက်တတ်လွန်း... ပျဉ်းမပင်ကို **'အိပ်မွေ့'**ပင်ဟု ခေါ်ကြ... သည်။ ဒီပျဉ်းမပင်ကြီးရှိရာ စခန်း... ခွာပြီး 'ကျွန်းအကောက်ရိုက်စာရင်း... တွေ လုပ်ရန် နောက်တန်းစခန်းသ... မင်းလွင်ရွာကို ပြောင်းခဲ့ကြရပါပြီ။

မင်းလွင်ချောင်ထဲက ကျောင်းကြ... ကုန်းရွာ၊ ဘုရားကုန်းရွာ၊ အိုးမြေခုံ... နှင့် ဝက်ဘာရွာတွေက ချင်းတိုင်းရင်း... သားရွာတွေဖြစ်သည်။ မင်းလွင်ရွာ... တစ်ရွာတည်းသာ ဗမာရွာဆိုတော့... ဒီရွာမှာပဲ သစ်လုပ်ငန်းဝန်ထမ်းတွေ... ဘိုတဲကြီးဆောက်ကာ စခန်းချနေထိုင်... ခဲ့ကြသည်။

ဒီရွာစခန်းမှာထိုင်ကာ ကျွန်းသစ်လုံး... ပေါင်း သုံးထောင်ကျော်၏အတိုင်း... စာရင်းတွေကိုလှန်ပြီး ကုဗ၊ ပေ၊ တန်... တွေ တွက်ခဲ့ကြရသည်။ နှစ်ဦးနှစ်ဖက်... စာရင်းညှိကာ သစ်တောဦးစီးဌာန... ထုတ်ပေးသည့်အတိုင်း စာရင်းစာအုပ်... မှာ ရေးသွင်းခဲ့ကြရသည်။ သကြ... မတိုင်မီ အိမ်ပြန်နိုင်အောင် တစ်... တစ်ရံ ညပါ ဖယောင်းတိုင်မီးတွေနှင့်... ပြုစုခဲ့ကြရသည်။

အချော ရေးသွင်းထားသည့်အတိုင်း... စာရင်းတွေကိုလည်း အပြန်အလှန်... စစ်ဆေးကြရသည်။ စစ်ဆေးပြီးသည်...



www.burmeseclassic.com

www.burmeseclassic.com

အတိုင်း စာရင်းစာအုပ်တိုင်းနှင့် စာမျက်နှာတိုင်းမှာ ကျွန်းသစ်ပေါ်တွင် မှတ်မှတ်ထားသည့် **'အကောက်ဆိပ်ပိုင်း'**ကို ကာဗွန်စာရွက်ခံပြီး နှိပ်နှိပ်ဖော်ပြခဲ့ရသည်။



အကောက်ရိုက်လုပ်ငန်းကတည်းက စာရေးသူကို သစ်ကွက်တာဝန်ခံ ချောင်းခေါင်း၊ ချောင်းအုပ်တွေက ပြုစု ကျွေးမွေးထားသည်။

မင်းလှိုင်ရွာရောက်တော့ ရွာတောင်ပိုင်းက သစ်ကုန်သည် ဦးစံတင်တို့အိမ်က တစ်ခါတစ်ခါ လာရောက်ခေါ် ကျွေးမွေးသည်။ တစ်နေ့မှာ ဦးစံတင့်ဇါသား ကိုဖြူရောက်လာပြီး...

'ဆရာ့ကို လာခေါ်တာ၊ ဒီနေ့ ရှားရှားပါးပါး ငါးဖားလောင်းရလို့ ထမင်းကျွေးချင်လို့တဲ့ အဖေက အခေါ်ခိုင်းလို့ လာခေါ်တာ'

ပြောပြီး စောင့်ခေါ်နေ၍ ဦးစံတင့်တို့အိမ်လိုက်ပြီး ငါးဖားလောင်းဟင်းနှင့် ထမင်းစားခဲ့ရသည်။

ငါးဖားလောင်းက အတော်စားကောင်းသည်။ ကြည့်ရတာလည်း ငါးကလေးတွေနှင့်တူသည်။ စားရတာလည်းတူသည်။ အညှီနံ့လည်းမရှိ၊ အရိုးလည်း မရှိဆိုတော့ စားရတာလည်း အတော်နူးညံ့လှသည်။ စားရင်းစားရင်း ငါးဖားလောင်းအကြောင်း သိချင်လာ၍ မေးကြည့်မိသည်။

'ဆရာသိချင်ရင် သိန်းဝင်းတို့နဲ့လိုက်သွား၊ မနက်ဖြန် သိန်းဝင်းတို့ ငါးဖားလောင်းရှာ ထွက်လိမ့်မယ်'

'မနက်ဖြန်နော် ဟုတ်ပြီ လိုက်မယ်။ သိန်းဝင်းတို့ကို လာခေါ်ဖို့ ပြောပေးထားပါ'

ကိုဖြူကိုပြောပြီး သစ်ထုတ်ရေးဘိုတဲသို့ ပြန်ခဲ့သည်။ နံနက်မိုးလင်းသည်နှင့် ထမင်းကြော်စားပြီး ရေနွေးကြမ်းကို အဝသောက်ကာ အသင့်ပြင်စောင့်နေလိုက်သည်။ တအောင့်လောက်ကြာတော့ ကိုဖြူနှင့် သိန်းဝင်းတို့အဖွဲ့ ရောက်လာသည်။

'အဖေက ဆရာနဲ့အတူ လိုက်သွားဆိုလို့ ကျွန်တော်ပါ လိုက်လာတာ သွားစို့ဆရာ'

ကိုဖြူနှင့် သိန်းဝင်းက စာရေးသူကို ခေါ်ကာ ရွာတောင်ဘက်ပေါက်က ထွက်ခဲ့ကြသည်။ ရိုးပြတ်ပောင်းတွေနှင့် ရေသွင်းလယ်ကွက်တွေကိုဖြတ်၊ ချောင်းကိုဖြတ်ပြီးမှ ဘုရားကုန်းရွာဘေးက သရက်ပင်ကြီးတွေဆီ ရောက်ခဲ့သည်။ ဒီနေရာကနေ အနောက်ဘက်ဆီထွက်ပြီး အနောက်ရိုးမတောင်ခြေက မန်းကြိုးဝိုင်းထဲကို ဝင်ခဲ့ကြသည်။

ကြိုးဝိုင်းထဲရောက်၍ တစ်မိုင်လောက်လျှောက်မှ ငါးဖားလောင်းတွေရှိသည့် ကျောက်သပြေချောက်ကို ရောက်ခဲ့ကြသည်။ ကျောက်သပြေချောက်ဆိုသည့်အတိုင်း ချောင်းစပ်တွေမှာ ရင့်ရဲပင်တွေလို၊ ကျောက်ကာနံ့သာပင်တွေလို အတန်းလိုက် ပေါက်နေကြသည်။

အရွက်သေးသေးနှင့် အညွှန့်အဖျားလေးတွေမှာ စိမ်းဖျော့ဖျော့ ဝါတာတာနှင့် ထူပျစ်စွာပေါက်နေကြသည့် သပြေပင်တန်းတွေက ရေစီးရာကမ်းအောက်ဘက်ဆီ ယိမ်းယိုင်ကာ ပေါက်နေကြရာသည်မှာ ကြည့်၍ပင် ကောင်းလှပါတော့သည်။

ချောင်းတစ်လျှောက်ရေကလည်း စိုးစိုးစပ်စပ်သာရှိသည်။ တချို့နေရာတွေမှာ အိုင်ကလေးတွေလို ဖြစ်နေကြသည်။ ရေကပါးပါး ကျောက်တုံး ကျောက်ခဲတွေကြား သွားရင်း...

'တွေ့ပြီ...တွေ့ပြီ ငါးဖားလောင်းအိုင်'

ဟု ဆိုကာ သိန်းဝင်းက ဝမ်းသာအားရ အော်ပြောပြသည်။ စာရေးသူကလည်း ပြေးကြည့်မိသည်။ ရေအိုင်က ချောင်းအလယ်မှာ ဖျာနှစ်ချပ်စာရာလောက်ကျယ်သည်။ ရေအနက်ကတော့ ခြေချင်းဝတ် သာသာလောက်ပါ။ ရေထဲက ငါးဖလောင်းတွေကတော့ ပြည့်ပြည့်တက်ပြီး ငါးတွေပွက်သလို တိုးကာဝှေ့ကာ ပွက်နေကြရာသည်။

သိန်းဝင်းက သူ ယူလာသည့် ကွန်နှင့် ငါးပလိုင်းကိုချကာ ငါးဖားလောင်းတွေကို ဖမ်းဖို့ ပြင်နေပါပြီ။ ငါးဖားလောင်းတွေကလည်း လက်ခုပ်နှင့်ကျုံးယူလျှင်ပင် ရနိုင်လောက်ပါသည်။ တွန်းထိုးပြေးလွှား လှုပ်ရှားနေပုံ



www.burmeseclassic.com

www.burmeseclassic.com



ကလည်း အိုင်ထဲက ငါးတွေလိုပါပဲ။ ကြည့်ရင်းကြည့်ရင်း ဆင်းဖမ်းချင်စိတ်တွေကြောင့် အသည်းထဲကပါ ယားလာပါသည်။

နောက်ဆုံး မနေနိုင်တော့၍ ဆင်းဖမ်းလိုက်သည်။ လက်နှင့် ဆုပ်ဖမ်းလိုက်စဉ်မှာပဲ အိုင်ထဲ ငါးလေးတွေလို ရှန်းကန်တိုး ထွက်ပြေးကုန်ကြသည်။ နှစ်ချက်,သုံးချက် ဆက်အုပ်ပြီး ဖမ်းလိုက်မှ လေး,ငါးကောင် မိလိုက်သည်။

ဖမ်းမိလိုက်သည့် ငါးဖားလောင်းလေးတွေ ကြည့်လိုက်တော့ ငါးသလဲထိုး အကောင်ကြီးတွေ၏ ပုံလိုလို ထင်ရပေမယ့် အရောင်က ဝါဖျော့ဖျော့နှင့် ခေါင်းကကြီးပြီး မျက်လုံးလေးတွေက ပြူးနေသည်။

အရှည်က လက်လေးသစ်သာသာရှိသည်။ ခြေနှင့်လက်က အရာကလေးတွေသာပါသည်။ အမြီးက ငါးမြွေထိုးလို ထောင်လိုက်ပြားယောင်ယောင်ဖြစ်သည်။ ထူးခြားသည်က ငါးတွေလို ပါးဟက်ပါနေခြင်းပဲ ဖြစ်မည်။ ဒီပါးဟက်ကလေးတွေနှင့်ပဲ ရေထဲမှာ အသက်ရှူ ရှင်သန်နေနိုင်ကြတာ ဖြစ်ပါလိမ့်မည်။

ဖမ်းမိထားသည့် ငါးဖားလောင်းလေးတွေကို သေသေချာချာ ကြည့်နေဆဲမှာပဲ သိန်းဝင်းက ကွန်နှင့် ပစ်ဖမ်းနေပါပြီ။ ကွန်ကို ဆွဲတင်လိုက်သည့်အခါ ငါးဖားလောင်းလေးတွေ စုပြုံလာပါသည်။ အိုင်၏ဘေးက ကျောက်တုံးပြင်ပေါ်မှာ ကွန်ကို ဖြေချပြီး ထွက်လာသည့် ငါးဖားလောင်းလေးတွေကို ပလိုင်းထဲ ကောက်ထည့်နေသည်။ စာရေးသူနှင့် ကိုဖြူကလည်း ဝိုင်းကူကောက်ထည့်ပေးသည်။

ငါးဖားလောင်းလေးတွေကို ကောက်ကိုင်ထည့်နေရင်းက ဖားအမျိုးအစားကိုပါ သိချင်လာသည်။ ကိုယ် သိထားတာက မိုးဦးကျနှင့် မြစ်ရေ ချောင်းရေကြီးပြီး၍ ပြန်ကျချိန်တွေမှာ ပုံမှန်အားဖြင့် မိတ်လိုက်ပျော်ပါးကာ ဥတွေကို ရေအိုင်ခွက်ကလေးတွေ၊ ရေအိုင်တွေ၊ ရေကန်တွေမှာ ဥတတ်ကြသည့် ဖားတွေ။ ယခုတော့ နွေရာသီ ရေခန်းချိန်မှာ ပေါက်ပွားကြသည့်ဖားက ဘာဖားပါလိမ့်ဟု တွေးနေဆဲမှာပဲ...

'ဆရာက တောတောင်အနှံ့ ရောက်နေ... သူဆိုတော့ ဒီလို ငါးဖားလောင်းတွေ... တွေ့ဖူးချင် တွေ့ဖူးမှာပေါ့။ အမှန်တော... ဖားလောင်းပါပဲ။ ငါးနဲ့တူလို့ ငါးဖားလော... လို့ ခေါ်နေကြတာ။

ဒီဒေသမှာတော့ ဒီချောင်းတွေမှာပဲ... တယ်။ ဖားအမျိုးအစားက ကျောက်ဖား... တောထဲက ချောက်တွေထဲမှာ နေဝင်တာ... 'တက်တက်'နဲ့မြည်တဲ့ ဖားတွေပဲ။ ဖိ... ခြေထောက်ရှည်ရှည်နဲ့ ကျောက်ကြိုကျောက်... ကြားမှာနေပြီး အပြင်မှာ အုပ်လိုက်သင်းလိုက်... တွေ့ရခဲတယ်'

'ဟုတ်လား တခြားဖားတွေနဲ့ မတူ... ဘူးလား'

'မတူဘူးဗျ။ တခြားဖားတွေက မိုးဦး... ကျ မိတ်လိုက်ချိန်မှာ တစ်ကောင်နဲ့... တစ်ကောင် အသံပေးပြီး စုပြုံ မိတ်... လိုက်ကြတယ်။ ဒီအသံကို နားထောင်... ပြီး ဖားကောက်ထွက်ကြရတယ်... ကျောက်ဖားကတော့ ဖားလောင်းဘဝ... မှာပဲ အစုလိုက် အပြုံလိုက် ဖမ်းယူ... ရတာပဲလေ။

ဖားဆိုတာ ကုန်းနေရေနေ သတ္တဝါ... ဆိုပေမယ့် ကျောက်ဖားကတော့... ကုန်းမှာပဲ အနေများတယ်။ မိတ်လိုက်... ချိန်က နွေရာသီ ရေခန်းချိန်ဆိုတော့... နွေမှာ ပေါက်ပွားတဲ့ ငါးဖားလောင်း... ပေါ့'

ဤသို့နှင့် ငါးဖားလောင်းအကြောင်း... ပြောရင်း အိုင်ထဲက ငါးဖားလောင်း... တွေကို ဖမ်းယူခဲ့တာ ပလိုင်းနှင့်အပြည့်... ရခဲ့ကြသည်။ ရွာရောက်တော့... တစ်ပိဿာ သုံးကျပ်နှင့် အလုအယက်... ဝယ်ယူကာ ချက်ပြုတ်စားသောက်ကြ... သည်ကို ထူးထူးခြားခြား တွေ့ခဲ့ကြ... ရဖူးပါသတည်း။

**တင်ဘုန်းဝင်း**



www.burmeseclassic.com

www.burmeseclassic.com

ထူးခြားသော

# ဝါးတောင်ဝှေး

သမုဒ္ဒ



ကျွန်ုပ် သီတင်းသုံးနေသော "အောင်ဇမ္ဗူ" ဘုန်းတော်ကြီးကျောင်းသည် စစ်တောင်းမြစ်ဝှမ်းဒေသဖြစ်၍ မိုးရာသီ၌ ရေကြီးလေသည်။ ရေလွှမ်းမိုးသောအချိန်မျိုးတွင် လင်းမြွေ၊ ငန်းမြွေမှစ၍ မြွေဟောက်၊ မြွေပွေးတို့မှာ နေစရာမရှိ ဖြစ်ရသည်။ မြေအောင်းသတ္တဝါတို့ ဒုက္ခရောက်ကြရရှာသည်။

သစ်ပင်ချုံနွယ် ပိတ်ပေါင်းများနှင့် နီးစပ်ရာ လူနေအဆောက်အအုံများတွင် မှီတွယ်ခိုအောင်းကြရှာသည်။ ရေဘေးဒုက္ခသည် အချင်းချင်းဖြစ်ကြသော်လည်း လူတို့မှာ သူတို့ကို တွေ့လျှင် ချမ်းသာမပေးကြဘဲ ရှင်းလင်းသတ်ဖြတ်ပစ်ကြသည်။

ကျွန်ုပ် သီတင်းသုံးနေခဲ့သော တစ်ပါးကျောင်းကလေးမှာလည်း ရေကြီးသဖြင့် ထုံးစံအတိုင်း နစ်မြုပ်ခဲ့ရသည်။ စစ်တောင်းမြစ်ရေ ပြန်ကျသွားသော နေ့တစ်နေ့တွင် ဒါယကာကြီး ဦးအောင်ခသည် ကျောင်းကလေးကို ဆေးကြောရှင်းလင်း၍ ကုသိုလ်ယူခဲ့ပါသည်။

ကျောင်းကလေးပေါ်သို့ ကျွန်ုပ် ပြန်ရောက်ပြီး အတန်ကြာသော် ထူးဆန်းသော ဖြစ်ရပ်တစ်ခုနှင့် တိုးရပါတော့သည်။ ကျောင်း၏ အိပ်ခန်းထဲတွင် ခိုအောင်းနေသော မြွေကြီးတစ်ကောင်ကို တွေ့ရသည်။

မြွေကြီးမှာ ငန်းမြွေမျိုးဖြစ်ပြီး လက်ကောက်ဝတ်ခန့် ရှိသည်။ ကျွန်ုပ်လည်း မထင်မှတ်ဘဲ ရင်ဆိုင်တွေ့လိုက်ရသော မြွေကြီးကို လက်ထဲတွင် အသင့်ကိုင်ဆောင်ထားသော ဝါးတောင်ဝှေးနှင့် (၄)တောင်ခန့်အကွာမှ ချိန်ရွယ်လိုက်ပါသည်။

စိတ်ထဲတွင်မူ မြွေကြီးကို ရိုက်နှက်၍ သတ်ဖြတ်ရန် လုံးဝရည်ရွယ်ခြင်းမရှိဘဲ မြွေကြီး ထွက်သွားစေရန်သာ ခြောက်လှန့်ခြင်းဖြစ်ပါသည်။

မြွေကြီးသည် ကျွန်ုပ်ကို ပါးပျဉ်းထောင်၍ ကြည့်နေရာမှ ထူးခြားစွာ ပါးပျဉ်းကို ကြမ်းပေါ်သို့ ငိုက်စိုက်ချလျက် အသေကောင်ကြီး တစ်ကောင်လို ဆန့်ဆန့်ကြီး ဖြစ်သွားသည်။

'ဟာ ဘယ်လိုဖြစ်သွားတာပါလိမ့်' ဟု တွေးလိုက်မိသည်။ တန်တော့ မိမိလက်၌ ကိုင်ထားခဲ့သော ဝါးတောင်ဝှေးက အစွမ်းပြခြင်းဖြစ်နိုင်သည်ဟု စဉ်စားရင်း ဝါးတောင်ဝှေးကို ပြန်လည်သိမ်းကာ တောင်ဝှေးနှင့် မရွယ်ဘဲ...

**'အသင်မြွေကြီး သင်လိုရာကို သွားပေတော့။ ဒီအရပ်ဟာ သင့်အရပ်ဒေသ မဟုတ်ပေဘူး'**

ဟူ၍ နှုတ်က အသံထွက်ရင်း ပြောလိုက်သည်။ မြွေကြီးသည် ကိုယ်ကို လူးလွန့်ရင်း ကျောင်းတွင်းရှိ အနီးဆုံး ကြမ်းပေါက်ကို ခေါင်းလျှိုပြီး ဆင်းသွားလေတော့သည်။

ကျွန်ုပ်သည် ထိုအချိန်မှစ၍ ကျွန်ုပ်ထံ၌ ရှိနေသော ဝါးတောင်ဝှေး၏ စွမ်းရည်သိဒ္ဓိကို သိရှိထားခဲ့ပြီး တောင်ဝှေးကို ရိုသေစွာ ကိုင်ဆောင်ခဲ့ပါသည်။

* * *

www.burmeseclassic.com

ကျွန်ုပ်ထံ၌ ရှိနေသော ဝါးတောင်ဝှေးမှာ တစ်လံရှည်သည်။ ဝါးတို့၏ ထုံးစံအတိုင်း ဝါးဆစ်များပါသည်။ အဆစ်တစ်ခုနှင့် တစ်ခု တစ်ထွာခန့် ခြားသည်။

သို့သော် အပေါ်ပိုင်း (အရင်းကျသောအပိုင်း)အဆစ်နှစ်ခုမှာ လက်လေးသစ်ခန့် ကပ်၍ တည်ရှိနေသည်။ ဝါးခေါင်းပိတ်သည်၊ သစ်သားချောင်းကဲ့သို့ လေးလေးပင်ပင်ရှိသည်။

ဝါးတို့မည်သည် အဆစ်တစ်ဆစ်တွင် ဝါးညွန့်အတက်ထွက်ရန် ဝါးမျက်ဆန်ဟုခေါ်သော မျက်ဆန်တစ်နေရာစီသာ ပါလေ့ရှိသည်။ မိမိကိုင်ဆောင်ထားသော ဝါးတောင်ဝှေးတွင်လည်း ဝါးတို့ထုံးစံအတိုင်း ဝါးမျက်ဆန်တစ်ခုစီသာ ပါဝင်သည်။

သို့ပါသော်လည်း တောင်ဝှေး၏ အရင်းပိုင်းတွင် ဝါးမျက်ဆန်နှစ်ခု ပါဝင်လျက်ရှိသည်။ ဝါးမျက်ဆန်ဆစ် နှစ်ခု ပါဝင်သော ဝါးမျိုးကို ကျွန်ုပ် လုံးဝ မမြင်ဘူးခဲ့ပါ။ ထိုဝါးမျက်ဆန်နှစ်ခုကြောင့်ပင် ဝါးတောင်ဝှေးသည် ထူးခြားစွာ မြွေကို နိုင်နေရခြင်းလားဟု တွေးမိပါသည်။

ကျွန်ုပ်သည် လွန်ခဲ့သော (၁၀)နှစ်ခန့်က အဂ္ဂိရတ်ပညာကို မတောက်တခေါက် လေ့လာလိုက်စားခဲ့ဖူးသည်။ ထိုစဉ်တွင် ပြွန်တန်ဆာမြို့ သခွတ်ကုန်းရပ်ကွက်တွင် နေထိုင်သော ဆရာကြီးတစ်ဦးနှင့် ရင်းနှီးခဲ့ပါသည်။

လုပ်ရတ်လမ်းအတွက် အလွန်အဖိုးတန်သော ဝါးတစ်မျိုးရှိကြောင်း ဆရာကြီးက ပြောပြခဲ့ဖူးသည်။ ထိုဝါးမှ ဝါး၏ အစိတ်အပိုင်း အနည်းငယ်ကို ရရှိနှင့် ဓာတ်သားများကို လုံတွင်ထည့်၍ ဖိုခွင်ဝင် မီးအပူပေးပြီး ထိုဝါးစနှင့် မွှေလိုက်လျှင် အန္တိမသို့ရောက်သည်။ အဂ္ဂိရတ်ဝေါဟာရအရ နိဗ္ဗာန ဓာတ်ဖြစ်သည်ဟု ပြောပြပါသည်။

ထိုဝါးမျိုးကို **"တြိကဏ္ဍဝါး"**ဟု ခေါ်ကြောင်း **အရှင်ကုန္တာစာရ (ထွက်ရပ်ပေါက်ဆရာတော်ကြီး)**က သူ၏ **"တြိကဏ္ဍဓာတ်ကျမ်း"**တွင် ရေးသားထားကြောင်းကို ပြောပြခဲ့သည်။

တြိကဏ္ဍဝါးဆိုသည်မှာ ဝါးဆစ်တိုင်းတွင် ဝါးမျက်ဆန်တစ်ခု မကဘဲ (၃)ခုပါဝင်သော ဝါးမျိုးဖြစ်သည်။ ထိုဝါးမျိုးမှာ အလွန်ရှားပါးပြီး ထွက်ရပ်စခန်း မြန်းပြီးသူများ၊ ဂမ္ဘီရပညာနှင့် ပါရမီ အထုံအဆက်ပါသူများမှ တွေ့နိုင် ရနိုင်ခွင့်ရှိသည်။

မြန်မာနိုင်ငံ ရိုးမတောင်တန်းကြီးများပေါ်တွင် ထိုသိဒ္ဓိဝင် ဝါးအမျိုးအစားများသည် ရှားပါးစွာ ပေါက်ရောက်နေလေ့ရှိကြောင်း ဆရာကြီးက ကျွန်ုပ်ကို ပြောပြခဲ့ဖူးသည်။ ထိုဆရာကြီး၏ အမည်မှာ ဦးကျော်စိန်ဖြစ်သည်။ ယခုအခါတွင် ဆရာကြီး ကွယ်လွန်သည်မှာ (၁၀)နှစ်ပင် ကျော်ခဲ့ပြီ။

ကျွန်ုပ်၏ လက်တွင် ရှိနေသော ဝါးတောင်ဝှေးမှာ ဆရာကြီး ဦးကျော်စိန်ပြောပြသော ဝါးမျက်ဆန်(၃)ခု တော့မပါ။ တင်ပြထားသည့်အတိုင်း အရင်းပိုင်း အဆစ်တိုပြီး ဝါးမျက်ဆန်နှစ်ခုပါဝင်ခြင်းတော့ ရှိပါသည်။

ထိုတောင်ဝှေးသည် ရှေးဆရာတော်ကြီးများ အသုံးပြုခဲ့သော တောင်ဝှေးဖြစ်သည်။ ပဲခူးတိုင်းဒေသကြီး၊ ညောင်လေးပင်မြို့နယ်မှ ဘဝနတ်နန်းပြောင်းကြွ စံမြန်းသွားပြီဖြစ်သော **မေတ္တာရှင်ဆရာတော်ကြီး ဦးပညာသီဟ**ဆိုလျှင် လွန်ခဲ့သော နှစ်(၃၀)လောက်က တစ်နယ်လုံး သိရှိထင်ရှားတော်မူခဲ့သည်။

ထိုတောင်ဝှေး၏ မူလပိုင်ရှင်မှာ ဘုန်းဘုန်းကြီး ဦးပညာသီဟ ဖြစ်နိုင်ပါသည်။ ဦးပညာသီဟ ဆရာတော်ကြီး သီတင်းသုံး တရားကျင့်ကြံတော်မူခဲ့သော တစ်ပါးနေ သစ်သားကျောင်းကလေးတွင် ကျွန်ုပ်သည် သီတင်းသုံးခွင့်ရခဲ့သည်။

ထိုကျောင်းကလေးတွင် ကျွန်ုပ် ရဟန်းမပြုမီက ဦးဥတ္တမဆိုသော ပဲခူးမြို့မှ ရဟန်းတော်ကြီးလည်း သီတင်းသုံးတော်မူခဲ့ဖူးသေးသည်။

ထိုကျောင်းကလေးတွင် သီတင်းသုံးနေစဉ် တံခါးထောင့်၌ နှစ်ပေါင်းများစွာ အသုံးမပြုဘဲ ထောင်ထားခဲ့သော ဝါးတောင်ဝှေးကလေးကို (မည်သူမှ မယူသဖြင့်)ကျွန်ုပ်သည် မထင်မှတ်ဘဲ အမွေဆက်ခံခွင့် ရခဲ့ခြင်းဖြစ်သည်။

* * *

တစ်ညသ၌ ကျွန်ုပ်သည် ထူးဆန်းသော အိပ်မက်ကို မြင်မက်လေသည်။ အိပ်မက်ထဲ၌ ရဟန်းအိုကြီးတစ်ပါး ကြွတော်မူလာသည်။ သင်းပျံ့သော ကိုယ်သင်းရနံ့တစ်မျိုးကိုလည်း ရဟန်းတော်ကြီးနှင့်အတူ အမှတ်တရဖြစ်ဖွယ် ရှူရှိုက်ခံစားရသည်။ ရဟန်းအိုကြီးက...

'မောင်ပဥ္စင်း သင့်မှာ ဝါးတောင်ဝှေးတစ်ချောင်းရှိတယ်။ အဲဒီတောင်ဝှေးမှာ ဝါးမျက်ဆန်နှစ်ခုပါလို့ "ဒွိကဏ္ဍဝါး"လို့ ခေါ်သကွယ့်။ ဒီတောင်ဝှေးက မြွေတွေကိုနိုင်တယ်။ သင်တို့နေတဲ့အရပ်မှာ မြွေပေါပေမယ့် ငါ အားထုတ်နေတဲ့ တောတောင်လောက်တော့ မြွေမပေါပါဘူးကွယ်။ အဲဒါကြောင့် သင့်ကို တောင်ဝှေးကို လှူစေချင်တယ်။ လှူနိုင်မလားကွယ့်'

ဟု မိန့်တော်မူသည်။

ကျွန်ုပ်လည်း ရဟန်းအိုကြီးကို ဝမ်းမြောက်ဝမ်းသာ လှူရန် ဆုံးဖြတ်

www.burmeseclassic.com

လိုက်သည်။ ဘုန်းကြီးအိုက...

'တို့နေတဲ့ တောင်ကို မြွေတောင်လို့ ခေါ်တယ်၊ မြွေတွေက တို့ကို ဒုက္ခတော့ မပေးပါဘူး။ ဒါပေမယ့် သူတို့ကို ရှောင်တိမ်းသွားလာနေရတာနဲ့ ခရီးမတွင်ဘူး။ ဦးပဥ္စင်းဆီက တောင်ဝှေးကို ကိုင်ထားရင် သူတို့က ဝေးဝေးကနေ ရှောင်ပေးကြမှာဗျ'

ကျွန်ုပ်လည်း အသင့်ထောင်ထားသော တံခါးထောင့်မှ ဝါးတောင်ဝှေးကို ရိုသေစွာ လှူဒါန်းလိုက်သည်။

'အိမ်း ထက်သန်တဲ့ မောင်ပဥ္စင်းရဲ့ စေတနာသဒ္ဓါတရားကြောင့် ကောင်းကျိုးအနန္တ ရပါလိမ့်မယ်။ သိဒ္ဓိပြီးမြောက် ကြံတိုင်းပေါက်ပါလိမ့်မယ်။ မိမိရှုပွားနေတဲ့တရားကိုပဲ အပ္ပမာဒသတိနဲ့ ကြိုးစားအားထုတ်ပေတော့ မောင်ပဥ္စင်း'

ဘုန်းကြီးအိုကြီးလည်း ကျွန်ုပ်လှူသော တောင်ဝှေးကို ထောက်ရင်း မိမိ သီတင်းသုံးရာ ကျောင်းသခ်မ်းဆီမှ တရွေ့ရွေ့ ထွက်ခွာသွားတော်မူခဲ့ပါသည်။

အိပ်မက်ဟူ၍သာ ဆိုရပါသည်။ အလွန် ထင်ရှားလှသည်။ ရဟန်းတော်ကြီးအား တောင်ဝှေးကို တကယ်ပင် လှူလိုက်သည်ဟု ကျွန်ုပ် တွေးရင်း အိပ်ရာမှ ထထိုင်မိသည်။

အိပ်ရာမှ နိုးသည်နှင့် မိမိအနီးရှိ စားပွဲတင်နာရီလေးကို ဓာတ်မီးနှင့် ထိုးကြည့်လိုက်သည်။ ထိုအချိန်တွင် တုံးခေါက်သံကို ကြားရသည်။ အောင်ဗောဓိကျောင်းတိုက်ကြီးမှ ကျောင်းထိုင်ဆရာတော်ကြီး ဦးသူရိန် ကိုယ်တော်တိုင် နံနက်တုံးကို ခေါက်တော်မူလေ့ရှိသည်။

ကျွန်ုပ်သည် နံနက်တိုင်း အရုဏ်ခေါက်မီ (၄)နာရီအချိန်၌ အိပ်ရာမှ



ထလေ့ရှိရာ မိမိ၏ ကျောင်းကလေးအတွင်းရှိ လေးပေမီးချောင်း၏ ခလုတ်ကို ဖွင့်လိုက်သည်။ တစ်ကျောင်းလုံး လင်းထိန်သွားသည်။

မိမိခေါင်းရင်းဘက် တံခါးကြီး၌ ရိုသေစွာ ထောင်ထားခဲ့သော ဝါးတောင်ဝှေးကို လှမ်းကြည့်မိသည်။ ဝါးတောင်ဝှေးက မရှိတော့ပါ။

ကျွန်ုပ် အံ့သြလှပါသည်။ အံ့သြသည်ဆိုရာတွင် အလန့်တကြား အံ့သြရခြင်းမျိုး ဖြစ်ပါသည်။ ကျောင်းသို့ ဝင်ထွက်ရာ တံခါးပေါက်ကို ကပျာကယာလှမ်းကြည့်မိသည်။ အဝင်အထွက်ပြုရာ တံခါးပေါက်သည် တံခါးချက်ထိုး၍ ပိတ်ထားပါ၏။

သင်္ကာမကင်းသောစိတ်ဖြင့် တံခါးကိုဖွင့်ရင်း ကျောင်း၏ပြင်ပသို့ မျှော်ကြည့်လိုက်သည်။ လပြည့်ကျော်ည၏ အားလျော့သော အလင်းရောင်ဝိုးတဝါးသည် အရုဏ်ဦးကို ကြိုလင့်နေသည်။ မည်သည့်အရိပ်အယောင်ကိုမှ မမြင်ရ။

သို့ပါသော်လည်း ရန့်သင်းတစ်ခုကို တော့ ရှူရှိုက်လိုက်ရသည်။ ထိုရနံ့သင်းမှာ ရဟန်းတော်ကြီးနှင့် အိပ်မက်ထဲတွင် ဖူးတွေ့ရစဉ်က သင်းပျံ့ပျံ့ ရနံ့မျိုး ဖြစ်နေသည်။

* * *

ကျွန်ုပ်သည် မိမိ၏ ထူးဆန်းစွာ ကြုံတွေ့ခဲ့ရသော ဖြစ်ပုံပျက်ပုံတို့ကို ကျောင်းထိုင်ဆရာတော် ဦးသူရိန်ကို လျှောက်ထားခဲ့ပါသည်။

'ဟာ...အဲဒီလိုလား ကိုယ်တော်၊ ကိုယ်တော့်အဖြစ်က တော်တော်ထူးဆန်းတာပဲ။ ကျုပ်တို့ဆရာတော် ဦးပညာသီဟ ပျံလွန်တော်မူခဲ့တာ ကြာခဲ့ပြီလေ။ တချို့ကတော့ ဆရာတော်ကြီးကို ထွက်ရပ်ပေါက်တယ်လို့ ပြောကြတယ်။ ကျုပ်ကတော့ ဘာမှ မသိမသိခဲ့ပါဘူး။

အခု ဦးပဥ္စင်းအိပ်မက်အရဆိုရင်တော့ တော်တော်ဖြစ်နိုင်လောက်တယ်၊ တောင်ဝှေးကတော့ ဆရာတော်ကြီး ရှိစဉ်က သုံးတဲ့ တောင်ဝှေးပဲ၊ ကျုပ်တို့က ဘာစွမ်းတယ်လို့ မသိပါဘူး။ ဆရာတော်ကြီးကလဲ လျှို့ဝှက်တယ်ဗျ။

သူ့တောင်ဝှေးကို လိုအပ်လို့ လာပြန်ယူတာ ဖြစ်နိုင်ပါတယ်။ နောက်ပြီး ဦးပဥ္စင်းပြောတဲ့ ရေမွှေးနံ့ဆိုတာကတော့ ဆရာတော်ကြီး ရှိတော်မူစဉ်က အမြဲအသုံးပြုလေ့ရှိတဲ့ ပန်းပေါင်းဆီနံ့ပါပဲ'

ဟု ပြည့်စုံစွာ ရှင်းပြတော်မူလေသည်။

ကျွန်ုပ်သည် ထူးဆန်းသော ဆရာတော်ကြီးနှင့် ထူးဆန်းသော တောင်ဝှေးအကြောင်းကို ယနေ့တိုင် မမေ့နိုင်အောင် ရှိနေခဲ့လေသည်။

**မေတ္တာစိတ်နှင့်...**

**သမ္မာရွှေ**

www.burmeseclassic.com



ထူးဆန်းသော

# မသာချပွဲ

ဖေရယ်
(တလုတ်ကုန်း)

ကျွန်မတို့ရွာ၏ ဇန်နဝါရီလ ညချမ်းဟာ အရမ်းကြီး အေးလွန်းသည် မဟုတ်သော်လည်း အနွေးထည်လေးတော့ ဝတ်ထားရလေသည်။ ထိုညချမ်းတွင် ကျွန်မသည် စာအုပ်တစ်အုပ်ကို သဲကြီးမဲကြီးနှင့် စိတ်ဝင်တစား ဖတ်နေလေသည်။

နေထွက်ကနေ စပြီး နေဝင်သည်အထိ အိမ်မှုကိစ္စနှင့် အခြားအလုပ်များကို မနားမနေ လုပ်ခဲ့ရသော ကျွန်မသည် ယခုလို ညချမ်းရောက်မှသာ ထိုစာအုပ်ကလေးကို ကိုင်ခွင့်ရတော့သည်။ ထို့ကြောင့်လည်း ထိုစာအုပ်ကို မီးတိုင်ထွန်းရင်း စိတ်ဝင်စားစွာ ဖတ်နေမိသည်။

ကျွန်မ ယခု ဖတ်နေသော စာအုပ်မှာ ၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလထုတ်၊ အမှတ်(၂၃၅) နက္ခတ္တရောင်ခြည်မဂ္ဂဇင်းစာအုပ်ဖြစ်ပြီး ဖတ်နေသော အကြောင်းမှာ စာမျက်နှာ(၂၄၅)တွင်ရှိသော ဆရာမသစ္စာရှည်(ဝါးခယ်မ) ရေးသော **"ကျွန်မ ကြုံတွေ့ရသောဆရာတစ်ဦး အကြောင်း"** ဖြစ်လေသည်။

ကျွန်မသည် ထိုစာပိုဒ်ကို ဖတ်နေရင်း ဖတ်နေရင်းဖြင့် ကျွန်မ၏ မျက်လုံးထဲတွင် ဟိုး လွန်ခဲ့သော (၁၀)နှစ်ခန့်က ကျွန်မကိုယ်တိုင် ကြုံတွေ့ခဲ့ရသော မေ့မရတဲ့ အဖြစ်အပျက်ကလေးကို ပြေးပြီးသာ မြင်ယောင်နေမိပါတော့သည်။

အချိန်ကာလ…

**၁၉၉၆ခုနှစ်က** ဖြစ်လေသည်။ **(လနှင့် ရက်ကိုတော့ ငယ်လွန်းသည့်အတွက်ကြောင့် မမှတ်မိတော့ပါ။)** ထို အချိန်တုန်းက ကျွန်မသည် လေးတန်းကျောင်းသူလေးတစ်ဦးသာ ဖြစ်လေသည်။ ကျွန်မတို့ရွာသည် ပုသိမ်–မုံရွာ လမ်းမကြီးဘေးတွင် တည်ရှိသော ဒေသတစ်ခုလည်း ဖြစ်လေသည်။

ကျွန်မ ပညာသွားပြီး သင်ယူရသော ကျောင်းမှာ မူလတန်းကျောင်းကလေးသာဖြစ်ပြီး ထိုကျောင်းကလေးမှာ ကျွန်မတို့ရွာနှင့် မဝေးလှသော ချောင်းခွရွာတွင် တည်ရှိလေသည်။

ကျောင်းကလေးမှာလည်း ပြည့်စုံမှုမရှိသေးသောကြောင့် သူငယ်တန်းမှ တတိယတန်းထိသာလျှင် အခန်းဆောင်ရှိပြီး စတုတ္ထတန်းအခန်းဆောင်မှာ မဆောက်လုပ်ရသေးသည့် အတွက်ကြောင့် မရှိသေးချေ။

ထို့ကြောင့် ကျွန်မတို့ လေးတန်းကျောင်းသူကျောင်းသား အချို့မှာ ကျောင်းဘေးနားတွင်ရှိသော **ဇရပ်ဆ[...]တွင်** ပညာသင်ကြရလေသည်။

ထိုစဉ်က ကျွန်မတို့ အတန်းထဲတွ[...] ရှိသော ကျောင်းသားဦးရေ (၁[...] ယောက်မျှသာ ရှိလေသည်။ ထိုအ[...] တွင် ကျွန်မတို့ သူငယ်ချင်း ငါးဦး[...] တခြားကလေးများကဲ့သို့ ပြေးပြေး[...] လွှား ဆော့ကစားခြင်း မရှိကြဘဲ [...] ပေါ်တွင်သာ ငြိမ်ငြိမ်လေး ထိုင်[...] ပြီး စာဖတ်သည့်အခါ ဖတ်သည်၊ [...]



www.burmeseclassic.com

www.burmeseclassic.com

မဖတ်လျှင်လည်း ရောက်တတ်ရာရာ စကားများကို ကလေးများပီပီ ပြောနေလေ့ ရှိကြသည်။

ကျွန်မတို့ စာသင်သော ဇရပ်ပေါ်သို့လည်း တခြားအတန်းမှ ကျောင်းသားများ ရောက်မလာကြချေ။ ရောက်လာလျှင်လည်း ဆူညံစွာ ဆော့ကစားသော သူတို့ကို ကျွန်မတို့မှာ မောင်းထုတ်ရမြဲဖြစ်သည်။ ထို့ကြောင့် များသောအားဖြင့် ဇရပ်ပေါ်တွင် ကျွန်မတို့ သူငယ်ချင်း ငါးယောက်သာလျှင် ရှိနေတတ်ကြသည်။

တစ်နေ့သော ထမင်းစားကျောင်းဆင်းချိန် နေ့ခင်းတွင် အိမ်မှ ထုပ်ယူလာသော ထမင်းများကို စားသောက်ပြီးနားနေသောအခါ ကျွန်မတို့ သူငယ်ချင်းထဲမှ ထိုက်ထိုက်က...

'ဟဲ့ တို့တစ်တွေ မသာချတမ်း ကစားရအောင်'

ဆိုပြီး အထူးအဆန်း ကစားနည်းကို ပြောလာလေသည်။

'အထူးအဆန်း ကစားနည်းပါလား၊ ဘယ်လို ကစားမှာလဲ'

ဟု ကျွန်မက မေးရာ သူက...

'မသာလုပ်မယ့် လူသာ အရင်ရှာပါဦး'

ဟု ပြောလေသည်။

ကျွန်မတို့သည် ကျောင်းစဖွင့်သောနေ့မှ ယခုအချိန်အထိ တစ်ခါမှ မကစားဘဲ ဇရပ်ပေါ်တွင်သာ အေးအေးဆေးဆေး ထိုင်နေကြရာ ယခုလို ကစားကြရအောင်ဟု ပြောသောအခါ တစ်ယောက်မှ ငြင်းဆိုခြင်း မရှိဘဲ ကစားနည်းမှာလည်း "မသာချတမ်း" ကစားနည်းဖြစ်၍ ကျွန်မ အပါအဝင် အားလုံး စိတ်ဝင်တစား ရှိကြသည်။

သို့ရာတွင် မသာလုပ်မယ့်သူ လူရွေးရာ တစ်ယောက်မှ မလုပ်ကြဘဲ **"သူလုပ်သင့်သည်၊ ငါလုပ်သင့်သည်"** ဖြင့် ငြင်းဆိုကြလေသည်။ နောက်ဆုံးတွင် ထိုကစားနည်းကို အရမ်းသိချင်လှသော



ကျွန်မမှာ မသာအဖြစ် ခံယူလိုက်ရလေတော့သည်။ ထိုကစားနည်းတွင် ထိုက်ထိုက်က ခေါင်းဆောင်ဖြစ်ပြီး ကျွန်မတို့မှာ သူပြောသည့်အတိုင်း လိုက်လုပ်ရလေသည်။

**ပထမဦးဆုံး ကျွန်မ၏ ခန္ဓာကိုယ်ကို ကြမ်းပြင်ပေါ်တွင် ပက်လက်အိပ်ပြီး လက်နှစ်ဖက်ကို ရင်ဘတ်ပေါ်သို့ တင်ထားရလေသည်။ ပြီးလျှင် ကျန်သော လေးယောက်တွင် တစ်ဦးက ခေါင်းရင်း၊ နှစ်ယောက်က ဘယ်ဘက်ခါးနှင့်ညာဘက် ခါးတွင် နေရာယူပြီး ကျန်တစ်ယောက်မှာ ခြေထောက်တွင် နေရာယူသည်။**

ကျွန်မသည် ထိုအချိန်ထိပင် ကစားနည်းကို စိတ်ဝင်စားနေပြီး "မသာ" လုပ်နေရသည်ကိုပင် ကျေနပ်နေမိသည်။ စိုးရိမ်စရာဖြစ်မှန်းကို နောင်အခါမှ ကျွန်မ သိလာရတော့သည်။

ထို့နောက် ထိုက်ထိုက်က ဆက်ပြီး...

'နင်မျက်လုံးတွေကို မှိတ်ပြီး အသက်အောင့်ထား'

ဟု ပြောရာ ကျွန်မက...

'အဲဒါဆိုရင် ဘာဖြစ်ရောလဲ'

ဟု မေးရာ သူက...

'ငါလဲ အသက်အောင့်ပြီး နင့်ရဲ့ကိုယ်ပေါ် လက်နဲ့ (၇)ချက် သပ်ချမလို့'

ဟု ပြောရာ ကျွန်မလည်း သိချင်ဇောဖြင့်...

'အဲဒါ ဘာဖြစ်လာမလဲ'

ဟု မေးပြန်ရာ သူက...

'နင်ကလဲ နောက်တော့ သိရမှာပေါ့'

ဟု စိတ်မရှည်စွာ ပြန်ပြောလေသည်။

ကျွန်မလည်း ဆက်မမေးတော့ဘဲ ငြိမ်ငြိမ်လေးသာ နေလိုက်ပါတော့တယ်။

အစတွင် သူ ကျွန်မကို လက်ဖြင့် (၇)ချက် သပ်ချသည်ကို သိပေမယ့် နောက်ပိုင်းတွင် ဘာတွေဖြစ်သွားသလဲ ဆိုတာကို မသိတော့ပါ။ ကျွန်မသည် မေ့ဆေးပေးခံရသော လူနာတစ်ယောက်လို သတိမေ့သွားခြင်း ဖြစ်ပေလိမ့်မည်။ ကျွန်မ ပြန်သတိရလာသောအခါ...

'နင် သတိရလာပြီလား'

'တော်သေးတာပေါ့၊ ငါတို့ဖြင့် ရင်တွေထိတ်သွားတာပဲ'

စသည်ဖြင့် တစ်ယောက်တစ်ပေါက် ပြောကြလေသည်။

'ဘယ်လိုဖြစ်တာလဲ၊ ငါ့ကို သေသေချာချာ ပြောစမ်းပါ'

ဟု မေးမှ ထိုက်ထိုက်က "ငါပြောပြမယ်" ဆိုပြီး ကျွန်မအနားလေးကို တိုးကပ်လာပါသည်။

ထိုက်ထိုက်က စိုးရိမ်စိတ် မပြေသေးသော မျက်နှာလေးဖြင့်...

'ငါ နင့်ကိုယ်ပေါ် လက်နဲ့သပ်ချပြီးတော့ ငါတို့လေးယောက်ဟာ နင့်ကို မသာချသလို ပုံစံမျိုး ပိုင်းမ,ကြတာပေါ့။ ငါတို့ နင့်ကို မ, တယ်ဆိုတာ လက်နှစ်ဖက်နဲ့ သေသေချာချာ ကိုင်ပြီး မ,ကြတာ မဟုတ်ဘူး။ တစ်ယောက်ကို လက်ညှိုးနှစ်ချောင်းစီနဲ့ မ,ကြတာ။ အဲဒီမှာ ထူးဆန်းတာက ငါတို့ နင့်ကို ပိုင်းမ,ကြတော့ နင့်ရဲ့ခန္ဓာကိုယ်ဟာ အရမ်းကို ပေါ့ပါးနေပြီး မ,လိုက်တာနဲ့ ချက်ချင်း အပေါ်ကို မြောက်တက်သွားတာပဲ'

ဟု ပြောလေသည်။

**(ကျွန်မသည် ငယ်စဉ်အခါက ထိုအဖြစ်အပျက်ကို သာမန်လို့ သဘောထားသော်လည်း ယခု ကျွန်မ ပြန်တွေးကြည့်လျှင် လူတစ်ယောက်ကို လက်ညှိုးနှစ်ချောင်းစီဖြင့် မ,ဖို့ ဆိုထားနှင့် လက်နှစ်ဖက်ဖြင့် သေသေချာချာကိုင်ပြီး မ,လျှင်တောင် သေချာ မနည်း မ,ယူရသည်။ ယခုလို လေးယောက်**



www.burmeseclassic.com

www.burmeseclassic.com

**နှစ်ချောင်းဖြင့် မ,ရုံလောက်ဖြင့် မြောက်တက်သွားသည် ဆိုခြင်းမှာ ကျွန်မအတွက် အရမ်းကို အံ့ဩရသော ဖြစ်ရပ် ဖြစ်သည်။)**

ကျွန်မတို့လည်း ငြိမ်ငြိမ်လေး နားထောင်နေရာ ထိုက်ထိုက်မှ ဆက်ပြီး...

'ဖိတို့ နင့်ကို မ,နေတုန်း ထူးခြားတာတစ်ခု ရှိသေးတယ်။ အဲဒီကတော့ နင်က ဖိတို့ အရင်တွေ့နေကျရုပ်မျိုးထက် ပိုပြီး လှနေတာပဲ'

ဟု ပြောရာ ကျွန်မကတော့ ကျွန်မကို လှသည် ပြောသည့်အတွက် အတော်လေး သဘောကျမိပါသည်။ စိတ်ထဲမှာတော့ **"သူတို့တွေ စိတ်ထင်တာများလား"** ဟုသာ တွေးနေမိပါသည်။

'နောက်တော့ ဘာဖြစ်သေးလဲ'

ဟု မေးရာ...

'ဖိတို့ နင့်ကို ဇရပ်ပေါ် ပတ်မ,တာပေါ့။ ဖိတို့မ,တဲ့ မှုလနေရာ ပြန်ရောက်မှ နင့်ကို ဖြည်းဖြည်းချင်းချကြပြီး နင့်ကို လှုပ်နှိုးတော့ နိုးလို့ မရတော့ဘူး။ ဖိတို့တွေ အားလုံးလဲ အရမ်းစိုးရိမ်သွားတာပေါ့။ တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ပြီး ဘာလုပ်ရမှန်း မသိတော့ဘူး။ ဆရာမလဲ အသိမပေးခဲ့ဘူး။ ကံကောင်းတာက ဇရပ်ပေါ်ကို ဘယ်သူမှ တက်မလာကြတာပဲ'

ထိုအခါ ကျွန်မက ကြားဖြတ်၍...

'နေပါဦး အခုမှ ငါ နင့်ကိုမေးဖို့ သတိရတယ်။ နင် ဒီကစားနည်းကို ဘယ်လိုလုပ် သိတာလဲ။ အခုလို ဖြစ်တတ်တာရော နင် မသိဘူးလား'

ဟု မေးရာ သူက 'ဒီလိုကစားတာ ငါ့ရဲ့အစ်ကိုတွေ ကစားလို့သိတာ။ အခုလို ဖြစ်ရင်လဲ အစ်ကိုတွေက လုပ်တတ်တော့ ဘာမှ စိုးရိမ်စရာ မရှိဘူးပေါ့' ပြောတော့မှ ကျွန်မလည်း...

'အမယ်လေး ဘုရား ဘုရား၊ ငါ ကံကောင်းလို့ပါလား'

ဟု ဘုရားသာ တ,မိလေပြီ၊ 'နောက်တော့ နင် ဘယ်လိုလုပ်လိုက်လို့ ငါ ပြန်ပြီးသတိရသွားရတာလဲ' ဟု မေးရာ...

'ဖိလဲ ငါ့အစ်ကိုတွေ လုပ်တာကို မနည်းပြန်စဉ်းစားယူရတယ်။ နောက်မှ နင့်ကိုယ်ပေါ် လက်နဲ့ (၇)ချက် သပ်ချတာကို ပြန်တွေးပြီး လုပ်ကြည့်မှပဲ နင် အခုလို မျက်လုံးပွင့်ပြီး သတိရလာတာ'

ဟု ပြောလေသည်။

ထို့နောက်...

'နင်ရော သတိလစ်နေတုန်း ဘာတွေဖြစ်သေးလဲ။ နင့်ရဲ့ဝိညာဉ် ဘယ်တွေကို ရောက်သွားသေးလဲ'

ဟု မေးရာ...

'ငါလား ငါကတော့ ဘာမှလဲ မဖြစ်ဘူး၊ ဘယ်မှလဲ မရောက်ပါဘူး။ သတိမရရုံကလွဲပြီး'

ဟု ပြုံးပြီးသာ ပြန်ပြောလိုက်ပါတော့သည်။

ကျွန်မရဲ့ စိတ်ထဲမှာတော့ ကျွန်မ ဘာကြောင့် သတိလစ်သွားရတာလဲ။ သူတို့တွေ ကျွန်မကို လက်နှစ်ချောင်းဖြင့် ထိရုံလေး မ,သည်ကို ဘာကြောင့် မ,၍ ရသလဲ။ ပြီးတော့ ကျွန်မသည် မ,နေသော အချိန်အတွင်း ဘာကြောင့် အရင်နေ့တွေနှင့် မတူဘဲ လှနေရသလဲ ဟူသော တွေးလို့မရသည့် ဒီအကြောင်းတွေကိုသာ ထပ်ခါတလဲလဲ တွေးနေမိပါသည်။

ဘယ်လိုပဲဖြစ်စေ ကျွန်မကိုယ်တိုင် ကြုံတွေ့ခဲ့ရသော လျှို့ဝှက်ပြီး အဖြေရှာ၍မရသော ထိတ်လန့်ဖွယ် ဤဖြစ်ရပ်ကလေးကို ယခုအချိန်ထိ မေ့မရဘဲ ရှိနေလေသည်။

မှတ်ချက်

***၁၉၉၆ ခုနှစ် ကိုယ်တွေ့ အဖြစ်အပျက်ကို တတ်နိုင်သမျှ သင့်လျော်အောင် ရေးသားထားပါသည်။***

ပေရယ်
(တလုတ်ကုန်း)

**စာမူရှင်များသို့...**

**ပေးပို့သော စာမူများကို မူပွား ထားကြပါရန်နှင့် မရွေးချယ်ပါက ပြန်လည်ပေးပို့မည် မဟုတ်ပါကြောင်း အသိ ပေးအပ်ပါသည်။**

*လေးစားစွာဖြင့်...*

**နက္ခတ္တရောင်ခြည်မဂ္ဂဇင်း**



www.burmeseclassic.com

www.burmeseclassic.com

# မပြုအပ်သောအရာ

ရှာစားကြီး
(ဥက္ကံ)



လောကီကျမ်းအစုံစုံတွင် လူတို့ မပြုအပ်သော အရာများကို မှတ်သား လိုက်နာကြရန်၊ သတိပြုကြစေရန် ကျမ်းအစောင်စောင် ပြုစု၍ရေးသား ထားသော ရှေးပညာ ရှိကြီးများ၏ လက်ရာ များကို စာရှုသူများ ဖတ်ရှု မိကြလိမ့်မည်ဟု ကျွန်ုပ် ယူဆမိပါ သည်။

**လွန်ခဲ့သော နှစ်ပေါင်း (၅၀)ခန့် က ဖြစ်ပါ**သည်။ ကျွန်ုပ်၏ မွေးရပ်မြေ ဖြစ်သော သာယာဝတီမြို့နယ်၊ စံရွေး ဖိုးခေါင်တွင် ဖြစ်ပေါ်ခဲ့သော ဖြစ်ရပ်မှန် ဇာတ်လမ်းလေးတစ်ပုဒ် ဖြစ်ပါသည်။

စံရွေးနှင့် ဖိုးခေါင်ရွာသည် မြစ်မခ မြစ်ခြား၍ တစ်ဖက်ကမ်းစီတွင် တည် ရှိ၍ မိုးရာသီတွင် ရေလွှမ်းမိုးသော ဒေသဖြစ်သည်။

တစ်နေ့တွင် ကျွန်ုပ် နေထိုင်သော ဖိုးခေါင်ရွာတွင် ဒေါ်ကျင်မြဆိုသူ အသက်(၆၀)ခန့်ရှိ အဘွားကြီးတစ် ယောက် ဖျားနာ၍ သေဆုံးပါသည်။

ထိုအဘွားကြီး၏ ရှာပနကိစ္စအတွက် ကျေးရွာရှိ လူငယ်များ ဝိုင်းဝန်း လုပ်ဆောင်ကြပြီး အသုဘပို့ဆောင်

www.burmeseclassic.com



သောနေ့တွင် ဖိုးခေါင်ရွာ သင်္ချိုင်းကုန်းရေလွှမ်းမိုးနေသဖြင့် ကုန်းမြင့်သော ဇရပ်ကြီးရွာ သင်္ချိုင်းတွင် သွားရောက်၍ အသုဘကို ပို့ဆောင်ကြရပါသည်။

အသုဘကို ပို့ဆောင်ပြီး လူအချို့ အသီးသီး အိမ်ကို ပြန်ကြလေသည်။ ထိုအချိန်တွင် ကိုသိန်းဝင်းဆိုသူသည် သင်္ချိုင်းအတွင်းတွင် ထိုင်လျက်နေလေသည်။ ထိုအခါ သူငယ်ချင်းဖြစ်သူ ကိုဝေမြင့်မှ...

'ဟော့ကောင် သိန်းဝင်း ဘာလုပ်နေတာလဲ ပြန်ကြမယ်။ သူများတွေ ပြန်ကုန်ပြီ'

ဟု ပြောကာ ကိုသိန်းဝင်းအား လှမ်း၍ ခေါ်၏။

ထိုအခါ ကိုသိန်းဝင်းက...

'နေရာမှတ်နေတာကွ။ ဒါ ငါ့နေရာ'

ဟု ပြောကာ ဝါးငုတ်တစ်ခုကို အုတ်နီခဲဖြင့် မြေကြီးထဲသို့ ထု၍ စိုက်နေလေတော့သည်။

ကိုဝေမြင့်က...

'ဟာ ဒီကောင် မလုပ်ကောင်းတာတွေ လုပ်နေပြန်ပြီ။ လာ ပြန်ကြမယ်'

ဟု ပြောကာ သူငယ်ချင်းများဖြင့် အတင်းဆွဲ၍ ပြန်ခဲ့ကြလေသည်။

သုံးရက်ခန့် ကြာသောအခါ ကိုသိန်းဝင်း၏ညီဖြစ်သူ ကိုဝင်းမြိုင်သည် စာသင်ကျောင်းမှ ပြန်လာပြီး အစ်ကိုကြီးဖြစ်သူ ကိုသန်းဝင်းအားထမင်းစားရန် အိပ်ရာမှနှိုးလေသည်။ အိပ်ရာထဲမှ ကိုသိန်းဝင်းက...

'မစားချင်ဘူး ညီလေး'

ဟု ပြောကာ ပြန်၍ အိပ်နေလေတော့သည်။

ထိုအချိန်တွင် ဖခင်ဖြစ်သူ ဦးကြိုင်လေးသည် ရွာထဲမှ ပြန်လာပြီး ထမင်းစားနေသူ ကိုဝင်းမြိုင်အား...

'မင်းက အစ်ကိုကြီး မနှိုးဘဲ တစ်ယောက်တည်း စားနေရသလား'

ဟု ပြောဆိုသောအခါ ညီဖြစ်သူ ကိုဝင်းမြိုင်က...

'အစ်ကိုကြီးက မစားချင်ဘူး ပြောတယ် အဖေ'

ဟု ပြန်ပြောပြပါသည်။ ဖခင်ဖြစ်သူ ဦးကြိုင်လေးက...

'ဒီကောင် ဘယ်လိုဖြစ်နေတာလဲ ထစမ်းကွာ ညနေစောင်းတော့မယ်'

ဟု ပြောကာ ကိုသိန်းဝင်း၏ တင်ပါးကို လက်ဝါးဖြင့် ရိုက်၍ နှိုးလိုက်သောအခါတွင် ''အမယ်လေးဗျ''ဟု အော်ပြီး လူးလိမ့်နေတော့သည်။

ဦးကြိုင်လေးလည်း မြစ်ရေကြီးနေချိန်ဖြစ်၍ ကိုသိန်းဝင်းအား မြွေကိုက်သည်ထင်မှတ်၍ ပုဆိုးကို လှန်၍ ကြည့်လိုက်သောအခါ **ကိုသိန်းဝင်း၏ တင်ပါးတွင် နီရဲသော လက်ဝါးရာကြီးကို တွေ့ရလေတော့သည်။**

ဖခင်ဖြစ်သူ ဦးကြိုင်လေးသည် သွေးရိုးသားရိုး မဟုတ်မှန်း ရိပ်မိပြီး ရွာထဲရှိ ဆရာဦးကံကြီးကို ပင့်၍ ကြည့်ရှုစေပါသည်။ ဆရာ ဦးကံကြီးက...

'မင်းသား အခုရက်အတွင်း ဘယ်တွေ လျှောက်သွားခဲ့သလဲ။ ဒါသရဲ ရိုက်လိုက်တာ။ သူ့သူငယ်ချင်းတွေ ခေါ်ပေးစမ်း'

ဟု ပြောသောအခါ ကိုသိန်းဝင်း၏ သူငယ်ချင်း ဝေမြင့်က သချိုင်းတွင် နေရာမှတ်ခဲ့ပုံကို ပြန်၍ ပြောပြသဖြင့် ဝေမြင့်နှင့် အဖော်တစ်ယောက်ခေါ်ပြီး စက်ဘီးဖြင့် ဇရပ်ကြီးသင်္ချိုင်းမှ ကိုသိန်းဝင်းစိုက်ခဲ့သော ဝါးငုတ်ကိုနုတ်စေလေသည်။

ကိုဝေမြင့်နှင့် အဖော်လည်း ကိုသိန်းဝင်း စိုက်ခဲ့သော ဝါးငုတ်ကို နုတ်ပြီး လွှင့်ပစ်ခဲ့ကာ စက်ဘီးဖြင့် ပြန်ခဲ့ကြလေသည်။

နောက်ကျခဲ့ပါပြီ။ ကိုဝေမြင့်တို့ ပြန်ရောက်ကြသောအခါ ကိုသိန်းဝင်း အသက်မရှိတော့ပါ။ ပို၍ ထူးဆန်းသည်က ကိုသိန်းဝင်း ငုတ်စိုက်ခဲ့သော နေရာတွင် **ထန်းပင်တစ်ပင် ပေါက်လျက် ယနေ့တိုင် အမှတ်တရ ရှိနေပါသည်။**

ဇရပ်ကြီးရွာသင်္ချိုင်းသည် သုံးဆယ်မြို့နှင့် ဖိုးခေါင် ဆက်သွယ်သော ကားလမ်းဘေးတွင် တည်ရှိ၍ အလွယ်တကူ မြင်နိုင်ပါသည်။

မှတ်ချက်

**ကာယကံရှင် နာမည်များ ပြောင်းထားပါသည်။ ကိုသိန်းဝင်း၏ ဖြစ်ပုံအကြောင်းစုံကို ပြောပြသော ညီဖြစ်သူအား ဤစာမှုဖြင့် ဂါရဝပြုပါသည်။**

ရွာစားကြီး (ဥက္ကံ)



www.burmeseclassic.com

www.burmeseclassic.com



# နှင်းဦးပေပေါ် ပန်းချီကားတစ်ချပ်

ကောင်းသူ

ပျဉ်းမနားမြို့လယ်၌ လွန်စွာလှပသော ကန်ကြီးတစ်ကန်ရှိ၏။ "**ရှမ်းကန်**"ဟု ခေါ်၏။ ပျဉ်းမနားမြို့မှာ ရှမ်းပြည်နယ်၊ ကရင်ပြည်နယ်၊ ကယားပြည်နယ် တည်ရှိသော အရှေ့ရိုးမ တောင်တန်းကြီးနှင့် ပဲခူးရိုးမဟု ခေါ်သည့် အလယ်ရိုးမ တောင်တန်းကြီး အကြားရှိ စစ်တောင်းမြစ်ဖျား လွင်ပြင် ဖြစ်၏။ စစ်တောင်း မြစ်ဖျားဖြစ်၍"**ပေါင်းလောင်းမြစ်**" ဟု ဒေသခံများက ခေါ်ကြ၏။

တိုင်းရင်းသားများလည်း စုပေါင်း နေထိုင်ကြပြီး ရှမ်းတိုင်းရင်းသားများက ဘုရားတည်ရန် အုတ်ဖုတ်ရာမှ ကန်ကြီး ဖြစ်ပေါ်လာ၍ "**မင်္ဂလာ ရှမ်းကန်**"ဟု ခေါ်ကြောင်း၊ "**ပျဉ်းမနား**" ဟုသော ဝေါဟာရသည်လည်း ရှမ်းဘာသာစကား "**ပင်းမုံနု**"မှ ဆင်းသက်လာကြောင်း လူကြီးသူမများက ပြောဆိုကြ၏။

ပျဉ်းမနားမြို့တွင် ကန်ကိုးကန်နှင့် ကုန်းကိုးကုန်းရှိသည်ဟုလည်း ဒေသခံများက ပြောကြ၏။ စာရေးသူအနေဖြင့် "**ရှမ်းကန်**"နှင့် "**မြင်းကျကန်**" နှစ်ကန်သာသိပြီး ကုန်းအနေဖြင့် "**ဗိုလ်ချုပ်ကုန်း**"နှင့်"**တို့ဟူးကျောက်တောင်ကုန်း**"နှစ်ကုန်းကိုသာ သိရှိ၏။ မြေမျက်နှာပြင်အရ အာလူးကျောက်များ ခဲရောနှောနေသည့် တောင်ကုန်းကလေးများ ရှိ၏။

ရှမ်းကန်၏ တောင်ဘက်တွင် "**ဘုရားကိုးဆူ**"ဟု ခေါ်သော စေတီပုထိုးများနှင့် တောင်ကုန်းတစ်ကုန်းရှိ၏။မြောက်ဘက်တွင်"**ငွေတောင်**"ဟု ခေါ်သော တောင်ကုန်းတစ်ကုန်း ရှိ၏။ ရှမ်းကန်မြောက်ဘက်ရှိ ဗိုလ်တောက်ထိန်လမ်းမှ လမ်းခွဲကလေးများရှိပြီး ထို ငွေတောင်ဟုခေါ်သည့်တောင်ကုန်းကလေးပေါ်သို့ ဝင်ထွက်နိုင်၏။

ပြေပြေလျောလျော ဆင်ခြေလျှောလမ်းကလေးတစ်လမ်းကို "**ဗိုလ်မှီးလမ်း**"ဟု ခေါ်ပြီး တောင်ကုန်းအသွင်း

www.burmeseclassic.com



ပိုင်း အိမ်ခြံဝင်း နှစ်ဝင်းခန့် ကျော်မိ လျှင် လေးပင်ပတ်လည် စမုန် ရှိသော ပျဉ်ကာ၊ ပျဉ်ခင်း၊ သွပ်မိုး၊ ဘန်ဂလိုပုံစံ အိမ်ကြီး တစ်အိမ်ကို တွေ့နိုင်၏။

လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ်ခန့်က စာရေး သူသည် ၎င်းအိမ်ကြီး ကို ဝယ်ယူလိုက်၏။ မူလ ပိုင်ရှင်များမှာ ရန်ကုန်တွင် နေထိုင်ကြ သဖြင့် ပြုပြင်သူ မရှိသော အိမ်ဖြစ် သဖြင့် အမြင်အားဖြင့် မတင့်တယ် သော သဘောရှိ၏။ စာရေးသူမှာ မိမိ၏ အခြေခံပညာဖြစ်သော အင်ဂျင် နီယာတစ်ဦး ရှုထောင့်မှ ကြည့်၍ အနည်းငယ် ပြုပြင် တည့်မတ်ရုံမျှဖြင့် သပ်ရပ်နိုင်ခဲ့သော အိမ်ကြီး ဖြစ်လာ မည်ကို သိရှိ၍ ဝယ်ယူလိုက်ခြင်း ဖြစ် လေ၏။

ထိုစဉ်က နိုင်ငံခြားကုမ္ပဏီတစ်ခု တွင် ယာယီတွဲဖက် တာဝန်ထမ်း ဆောင်ရာမှ စုဆောင်းရရှိငွေဖြင့် ဝယ် ယူခဲ့ပြီး ပြုပြင်ရန်အတွက် မောင်အုန်း မြင့်၊ မောင်ကျော်တင့်၊ မောင်သန်းဌေး ဟု ခေါ်သည့် တပည့်လက်သမား(၃) ဦးကို ခေါ်ယူခဲ့လေ၏။

နေအိမ်မှာ သန့်ရှင်းရေးပြုလုပ်ခြင်း၊ ပြတင်းတံခါးများ ပြုပြင်ခြင်း၊ နိမ့်ဝင် နေသော တိုင်များကို မြှောက်ခြင်း၊ တိုင်ဖိနပ်ခံခြင်း စသောလုပ်ငန်းများ ကြောင့် ဆောက်လုပ်ရေး ပစ္စည်းများ ဖြင့် ရှုပ်ထွေးနေ၏။ စာရေးသူနှင့် တပည့် (၃)ဦးမှာ ညှော်ခန်းတွင် ဖျာခင်း ၍ စုပေါင်းအိပ်စက်ကြလေ၏။ စာရေး သူတို့ အိမ်နှင့် မလှမ်းမကမ်းတွင်လည်း ပျဉ်ခင်း၊ ပျဉ်ကာ၊ ဘန်ဂလိုပုံစံ အိမ် တစ်လုံးရှိပြီး **ကျေးဇူးတော်ရှင် လယ်တီဆရာတော်ကြီး နောက်ဆုံး သီတင်းသုံးခဲ့သည့် လယ်တီစံကျောင်း နှင့်လည်း နီးကပ်၏။**

စာရေးသူမှာ မိမိနေအိမ် ပြုပြင်နေ ရ၍ အိမ်တက်မင်္ဂလာ မပြုလုပ်နိုင် သော်လည်း သံဃာတော်များအား ဆွမ်းပင့်၍ ကပ်လှူလိုသော စေတနာ က ပြင်းပြနေ၏။ တစ်နေ့သ၌ စကား စပ်မိပြီး အနီးရှိ ပျဉ်ထောင်သွပ်မိုးအိမ် တစ်လုံးတွင် ဆွမ်းကပ်ရန် စဉ်းစား ဆွေးနွေးမိလေ၏။ ၎င်းနေအိမ်မှာ လည်း အိမ်ရှင်များက ရန်ကုန်တွင် နေထိုင်ကြပြီး အိမ်ငှားများလည်း မရှိ တော့သဖြင့် အစောင့်အဘိုးကြီးတစ်ဦး သာ ရှိ၏။ အစောင့်အဘိုးကြီးနှင့် စကားစပ်မိရာမှ ၎င်းနေအိမ်ကို သန့် ရှင်းရေး ပြုလုပ်ပြီး ဆွမ်းကပ်ရန် စီစဉ် ၏။

အဘိုးကြီးက အနီးရှိ ၎င်း၏ အိမ် တွင် နေထိုင်ပြီး စာရေးသူတို့အား ယုံ ကြည်စွာဖြင့် သော့ကို လွှဲအပ်လေ၏။ အိမ်ခန်းများမှာ ဖုန်အနည်းငယ်ရှိသည် မှအပ အထူးအထွေ ဆောင်ရွက်စရာ မရှိသဖြင့် အလွယ်တကူပြီးစီးလေ၏။

ညှော်ခန်းထောင့်တွင် နောက်ဆုံး အိမ်ငှားများ ချန်ထားခဲ့သည်ဟု ဆို သော သေတ္တာတစ်လုံး၊ ရေအိုးနှစ်အိုး၊ သတင်းစာစက္ကူဖြင့် ပတ်ထားသည့် ကတ်ပြားတစ်ချပ်ကို တွေ့ရှိရ၍ အခန်း တစ်ခန်းထဲတွင် ထည့်ထားလိုက်၏။

နောက်တစ်နေ့ ဥပုသ်နေ့တွင် တပည့် (၃)ယောက်နှင့်အတူ သံဃာတော် (၅) ပါးထံမှ သီလခံယူခြင်း ဆွမ်းကပ်ခြင်း၊ ဝတ္ထုနှင်း သက်နှီး လှူဒါန်းခြင်း များကို စိတ်အေးချမ်းသာ စွာ ပြုလုပ်နိုင်လေ၏။

ညပိုင်းတွင် အနည်းငယ် ပင်ပန်း သဖြင့် လူခေါ်ကြေးခေါင်းလောင်း ကလေး တပ်ထားသော ဝင်းခြံတံခါးကို စောစောပိတ်ပြီး ညှော်ခန်းတွင် ဖျာ တစ်ချပ်ခင်းကာ လှဲ၍ စာအုပ်တစ်အုပ် ဖတ်ရှုနေ၏။ တပည့်(၃)ယောက်မှာ ကျားကွက်တစ်ကွက်ကို ကြမ်းပြင်တွင် မြေဖြူဖြင့် ရေးပြီး ကျားကစားနေ၏။ ထိုစဉ် အောက်ဘက် ခြံဝင်းတံခါး ကြေးခေါင်းလောင်းကလေး လှုပ်သံ ကြားရသဖြင့် ပြတင်းမှ အောက်သို့ ငုံ့ကြည့်လိုက်ရာ ဝင်းခြံတံခါးဝတွင် အသက်(၂၅)နှစ်ခန့်ရှိ အသားဖြူဖြူ မျက်လုံးဝိုင်းဝိုင်းနှင့် မိန်းကလေး တစ်ဦးကို တွေ့ရလေ၏။

အိမ်ရှေ့ မီးချောင်း မီးရောင် အောက်တွင် မိန်းကလေးက လက်ထဲ ချိုင့်ကို မြှောက်၍ ပြလေ၏။ နေအိမ် မှာ တစ်ထပ်အိမ်၊ ပျဉ်ကြမ်းခင်း ဖြစ် သော်လည်း ရှေ့ပိုင်းမှာ (၇)ပေခန့်မြင့် ၍ နောက်ပိုင်းမှာ (၄)ပေခန့် မြင့်သော ကြမ်းခင်းရှိပြီး ဆင်ခြေလျှောအတိုင်း ဆောက်လုပ်ထား၍ အိမ်ရှေ့ လှေကားမှ (၁၀)ထစ်ခန့် ဆင်းရ

စာရေးသူလည်း အသက်အငယ်ဆုံး လူငယ် မောင်သန်းဌေးကို ခြံတံခါး ပေးရန် ပြောလိုက်၏။ မောင်သန်းဌေး ဆင်းသွားပြီး ခေတ္တမျှ အကြာ ချိုင့်ကို ဆွဲ၍ ပြန်တက်လာပြီး...

'အုန်းနို့ ခေါက်ဆွဲလာပို့တ ဒီလမ်းအဆင်း ညာဘက်(၅)အိမ်

www.burmeseclassic.com

မှာ နေတယ်လို့ ပြောတယ်။ သူတို့လဲ ပြောင်းလာတာ မကြာသေးဘူးတဲ့။ မိတ်ဆွေဖြစ်အောင် လာပို့တာပါတဲ့+

ဟု ပြောလေ၏။

'ဒါဆိုရင် အိမ်ပေါ်ကို ညွှံ့သည့် ခေါ်လာပါလားကွာ။ ခြံဝမှာ ရပ်နိုင်းထားရတာ အားနာစရာ'

'ချိုင့်ထားခဲ့ပြီး ပြန်ပြီဆရာ။ နောက်နေ့မှ လာယူမယ်တဲ့။အိမ်ပေါ် ခေါ်ဖို့ကလဲ ကျွန်တော်တို့ ယောကျ်ားသားချည်း ဆိုတော့ မတင့်တယ်ဘူး။ ပြီးတော့ ထိုင်စရာကလဲ ဖျာ (၃)ချပ်ပဲရှိတယ်'

စာရေးသူလည်း မောင်သန်းဌွေး၏ စကားမှာ သင့်လျော်သဖြင့် တစ်စုံတစ်ရာ မပြောတော့ပါ။ အုန်းနို့ခေါက်ဆွဲကိုမူ စာရေးသူ မစားသဖြင့် တပည့် (၃)ဦးက နှစ်သက်စွာ စားသောက်ကြလေ၏။ အနံ့အရသာ မွှေးကြိုင်ကောင်းမွန်လှကြောင်း ချီးမွမ်းကြလေ၏။

နောက်တစ်နေ့တွင် ချိုင့်လာ မယူသော်လည်း တစ်ရက်ခြားပြီး ည (၇း၀၀)နာရီခန့်တွင် နောက်ထပ် ချိုင့်တစ်လုံးနှင့် မိန်းကလေး ရောက်လာပြန်၏။ မောင်သန်းဌွေးနှင့် ခြံဝတွင် စကားပြောဆိုပြီး ပြန်သွားလေ၏။ မောင်သန်းဌွေး အိမ်ပေါ်ရောက်လာသောအခါ...

'ဟောဒီမှာ ကြာဆံဟင်းခါးနဲ့ ရှောက်သီးသုပ် ပါလာပြန်ပြီ ဆရာရေ။ နန်းဦးမေတော့ ပြန်သွားပြီ'

'ဘယ်သူလဲကွ နန်းဦးမေဆိုတာ'

'ဟောဒီ ချိုင့်ထဲက ဟင်းခါး အလှူရှင်ပေါ့။ အိမ်မှာ ချက်စားလို့ လာပို့တာပါတဲ့'

ဤသို့ဖြင့် နောက်တစ်ရက်ခြားတွင် ပန်းသီး၊ လိမ္မော်သီးများယူ၍ လာပို့ပြီး ပြန်သွားပြန်၏။ တစ်နေ့သ၌ ညပိုင်း



တွင် စာရေးသူ ပြင်ဆင်နေသော နေအိမ်သို့ သူငယ်ချင်းတစ်ယောက် ရောက်ရှိလာလေ၏။ သူ့နာမည်မှာ "ပန်းရိုးမ သန်းနိုင်"ဖြစ်ပြီး မြန်မာတိုင်းရင်းဆေး ဗိန္ဒောဆရာတစ်ဦးလည်း ဖြစ်၏။

ငယ်စဉ်က လယ်ဝေးမြို့ မြွေရိုးကြီး အလယ်တန်းကျောင်းတွင် လုပ်အားပေးဆရာအဖြစ် သင်ကြားပြီး အဖြိန်တွင် ဝတ်ဆင်ထားသော အနီရောင် လုံချည်ကွက်ကို မျက်စိနောက်သော နွားတစ်ယောက်က လိုက်ဝှေ့သဖြင့် ပေါင်တစ်ဖက် ထော့နဲ့ဖြစ်သွားရလေ၏။ ပေါင်တစ်ဖက် တန်းလန်းဖြင့် လမ်း လျှောက်ရသဖြင့် "ပေါင်တန်း သန်းနိုင်"ဟုခေါ်ကြ၏။ "ပေါင်တန်း" ကို စကား လိမ်ဖြင့် "ပန်းတောင်"ဟု ခေါ်ကြပြန် ၏။

တောင်ကို ရိုးမနှင့် အစားထိုးရာက "ပန်းတောင်"မှ "ပန်းရိုးမ"ဟူ၍ ဖြစ်လာ၏။ ၎င်း ပန်းရိုးမ သန်းနိုင်သည် ရှေးဟောင်းနှောင်းဖြစ်များကို ပြော ရင်း သူ၏ တောင်ဝှေးနှင့် ဆေးလွယ်အိတ်ကို နံဘေးတွင် ချထားပြီး ကွမ်းယာကိုလည်း ဝါးနေပြန်၏။

ထိုစဉ် ခေါင်းလောင်းသံကြားသဖြင့် ကြည့်လိုက်ရာ ဝင်းတံခါးဝတွင် ချိုင့်ဖြင့် ရပ်နေသော နန်းဦးမေကို တွေ့ရပြန်၏။ စာရေးသူက ယခုတစ်ကြိမ်တွင် အိမ်ပေါ်တက်ပါရန် တပည့် မောင်သန်းဌွေးအား ပြောခိုင်းလိုက်လေ၏။ မောင်သန်းဌွေးနှင့် စကားပြောဆိုနေသံ ကြားရပြီး အိမ်ပေါ်သို့ လှေကားမှ တက်လာသံကို ကြားရလေ၏။ မောင်သန်းဌွေးက...

'ဒီတစ်ခါတော့ အိမ်ပေါ် အလည်လိုက်လာပြီ ဆရာရေ၊ ရွှေတောင်ခေါက်ဆွဲလဲ ပါတယ်'

ဟုပြော၍ တံခါးပေါက်ဝသို့ ရောက်လာ၏။ တံခါးဝသို့ ရောက်သောအခါ လင်းလက်သော မီးရောင်အောက်တွင် နန်းဦးမေ ဟူသော မိန်းကလေးမှာ ပို၍ လှပနေသည်ဟု ထင်ရလေ၏။ နန်းဦးမေက အိမ်တွင်းသို့ ဝေ့၍ကြည့်လိုက်ပြီး အိမ်တွင်းဝင်ရန် ခြေလှမ်းပြင်လိုက်၏။ ထိုစဉ် မမျှော်လင့်သော ဖြစ်ရပ်တစ်ခု ဖြစ်ပွားလေ၏။

နန်းဦးမေမှာ ထိတ်လန့်စရာ တစ်ခုခုကို မြင်တွေ့လိုက်ရသည့်အလား အာခေါင်ခြစ်၍ ရုတ်တရက် ကြောက်လန့်တကြား အော်ဟစ်လိုက်ပြီး လက်ထဲမှ ချိုင့်မှာလည်း လွတ်ကျသွားလေ၏။ ထို့နောက် နောက်ပြန် လှည့်၍ လှေကားမှ ဆင်းပြေးလေ၏။ စာရေးသူလည်း အံ့ဩသွားပြီး မောင်သန်းဌွေးအား လိုက်သွားရန် ပြောရလေ၏။ အခန်းဝရှိ လွတ်ကျသော ချိုင့်မှာ ပွင့်ပြီး တစ်ခုတစ်ခြားစီဖြစ်၍ တပည့် မောင်အုန်းမြင့်နှင့် မောင်ကျော်တင့်က ကောက်ယူရ၏။

ထိုစဉ် မောင်အုန်းမြင့်က အံ့ဩသောလေသံဖြင့် "ကြည့်ပါဦး ဆရာ" ဟု ပြောသဖြင့် ချိုင့်ထဲမှ ထွက်ကျသော ပစ္စည်းများကို ကြည့်လိုက်ရာ မြက်ပင်များနှင့် ရေများသာ တွေ့ရသဖြင့် စာရေးသူမှာ လုံးဝ နားမလည်နိုင် ဖြစ်



www.burmeseclassic.com

www.burmeseclassic.com

ရလေ၏။ ပန်းရိုးမ သန်းနိုင်ကလည်း သူ့ရှိနေစဉ် ညေ့်သည်က လန့်ပြီး ထွက်ပြေးခဲ့ဖြင့်...

'ဘယ်လိုဖြစ်တာလဲကွာ။ ငါက ရုပ်ဆိုးတယ်ဆိုပေမယ့် လန့်ပြီး ထွက်ပြေးရတဲ့ ရုပ်ရည်မျိုးတော့ မဟုတ်ပါဘူး။ မကောင်းဆိုးဝါး နာနာဘာဝဆိုရင်တော့ ယောဒီ တောင်ဇေဒးက လယ်တီဆရာတော်ကြီး စမတဲဆိပ်ကို ကြေးပြားမှာ ထွင်းပြီး ကပ်ထားတယ်။ ဂုဏ်တော်တစ်ထောင် ပွဲထားတဲ့အပြင် ကုန်း (၉)ကုန်း ကန် (၉)ကန် ဘုရား (၉)ဆူမှာ (၉) ရက်စီ ပဌာန်းအကျယ် ရွတ်ဖတ် သိဒ္ဓိတင်ထားတာဆိုတော့ လန့်ပြီး ပြေးမှာပေါ့'

'ဘယ်က နာနာဘာဝလဲကွ။ ယောဒီ ကုန်းဆင်းက အခုမှ ပြောင်းလာတဲ့ အိမ်က ညေ့်သည်ပါကွာ။ ငါတို့ကလဲ ခုမှ ပြောင်းလာတာဆိုတော့ မိတ်ဆွေဖြစ်ပြီး မုန့်တွေလာပြီး ပေးတတ်တဲ့ မိန်းကလေးပါကွ။ မင်းကလဲ ဗိန္ဒောဆရာ မလုပ်ဘဲ ပယောဂဆရာလုပ်ဖို့ ကောင်းနေပြီ'

ပန်းရိုးမ သန်းနိုင်လည်း စာရေးသူအား တစ်စုံတစ်ရာ ပြန်မပြောတော့။ အိမ်တိုင်၏ ထောင့်၌ ခေတ္တမျှ မျက်စိမှိတ်ပြီး ရပ်နေလေ၏။ ထို့နောက် ခေါင်းတညိတ်ညိတ်လုပ်ရင်း နှုတ်ဆက်၍ ပြန်လည် ထွက်ခွာသွားလေ၏။ နောက် ငါးမိနစ်ခန့် ကြာသောအခါ မောင်သန်းဌေးမှာ လေးကန်သော ခြေလှမ်းများဖြင့် တက်လာပြီး ဖျာပေါ်တွင် ခြေပစ်လက်ပစ် ထိုင်လိုက်လေ၏။ စာရေးသူအားလည်း အကျိုးအကြောင်း ပြန်ပြောပြလေ၏။

'ကျွန်တော် ပြေးလိုက်သွားတော့ "နန်းဦးမေ"က လမ်းထိပ် ရောက်နေပြီ။ ကျွန်တော် လမ်းထိပ် ရောက်တော့ ရှမ်းကန်တံတားထိပ် ရောက်နေပြီ။ ကန်အလယ်ကို ဖြတ်ကူးထားတဲ့ တံတားက တော်တော်ရှည်ပါတယ်။ ဒါပေမယ့် မမီဘူး။ တံတား ဟိုဘက်ထိပ်ကို ပေ(၁၀၀၀) လောက် ဝေးတော့ မနည်းပြေးလိုက်ရတယ်။ ဟိုဘက်ထိပ်လဲရောက် နန်းဦးမေက ဘုရားကိုးဆူနားကို ရောက်နေပြီ။ အဲဒီနေရာမှာပဲ လုံးဝ ပျောက်သွားတယ်။ ပျောက်တယ် ဆိုတာက မမြင်ကွယ်ရာ ဝင်သွားလို့ ရှာမတွေ့တာမျိုး မဟုတ်ဘူး။ မျက်စိရှေ့မှာ မြေမြှုပ်လိုက်သလို ပျောက်သွားတာ။ လုံးဝ ရှာမတွေ့တော့ဘူး'

'မင်းက လူမှားပြီး လိုက်သွားတာ ဖြစ်မှာပါကွာ။ မင်းလိုယောက်ျားလေး တစ်ယောက်က ပြေးလိုက်သွားတာ မမီဘူး ဆိုတော့ ညံ့တာပေါ့။ နောက်ပြီး သူ့အိမ်ကို သွားပြီး မေးမြန်းပါလားကွာ'

'မေးတာပေါ့ ဆရာရယ်။ သူပြောတဲ့ နေရာက ဘာအိမ်မှ မရှိဘူး။ ကွက်လပ်ကြီးဖြစ်နေတယ်။ ဘေးမှာ စာအုပ်ဆိုင်၊ အလှပြင်ဆိုင်၊ ကုန်စုံဆိုင် ရှိတယ်။ ပတ်ဝန်းကျင်ကလည်း ဒီနေရာကို ဘယ် လူသစ်မှ ပြောင်းမလာဘူး။ နန်းဦးမေ ဆိုတာလဲ မရှိဘူးတဲ့။ သူတို့ နေထိုင် ကြတာက ဆယ်နှစ်လောက် ရှိပြီ။

ဒါနဲ့ လမ်းထိပ်က ကွမ်းယာဆိုင်ကို ဒီလမ်းထဲက ထွက်ပြေးလာတဲ့ မိန်းကလေးတစ်ယောက် ဘယ်ဘက်ကို ထွက်သွားသလဲလို့ မေးတော့ ဒီညနေမှာ တောင်ဇေဒးနဲ့လူကြီး တစ်ယောက်ရယ်၊ ခင်ဗျားရယ်က ထွဲ… ဘယ်သူမှ မဝင်၊ မထွက်ဘူးလို့ … တယ်။ တောင်ဇေဒးနဲ့လူကြီး ဆိုတာ… တော့ ပန်းရိုးမ ဦးသန်းနိုင် ဖြစ်မှာပေ…

'အေးကွာ ခက်တော့ခက်တာ… ချိုင့်ထဲက ရွှေတောင်ခေါက်ဆွဲ ဆို… ကလဲ မြက်ပင်တွေ ဖြစ်နေတယ်'

ထိုသို့ ဖြစ်ပျက်ပြီး တစ်ပတ်ခန့်… သောအခါ စာရေးသူ၏ နေအိမ်… အဘိုးကြီးတစ်ဦး ရောက်လာ… အဘိုးကြီးမှာ စာရေးသူတို့ ဆွမ်း… ရန် ခေတ္တ အသုံးပြုသော နေအိမ်… အစောင့်အဘိုးကြီး ဖြစ်၏။ အဘိုးကြီး… ၏ လက်ထဲတွင် သတင်းစာစက္ကူ… ပတ်ထားသော ကတ်ပြားကြီးတစ်ချ… ပါလာ၏။ အဘိုးကြီးက…

'ဖိုးတုတ်ကို ပြောရမှာတော့ ခက်ပါတယ်… အဘ အိပ်မက်ထဲမှာ မိန်းကလေး… ယောက်က ဒီပစ္စည်းကို လူလေးတို့အိမ်… သွားပြီးပေးပါလို့ ခဏခဏမက်လို့ လာ… တယ်။ ဒီပစ္စည်းတွေက ဒီအိမ်ကို … နေသွားတဲ့ အိမ်ငှားတွေ လာယူ… ထားခဲ့တဲ့ ပစ္စည်းတွေပါ'

စာရေးသူလည်း အထူးအဆွေ… မြန်းမနေတော့ပါ။ သတင်းစာတွေ… များကို ခွာချလိုက်ပါသည်။ ကတ်ပြား… မှာ လေးပေခွဲသုံးပေခန့် ရှိပြီး အပေါ်… ဆီစိမ်စက္ကူဟုခေါ်သည့် မိုင်းကိုင်စ… တစ်ထပ် ရစ်ပတ်ထား၏။ အား… ခွာချလိုက်သောအခါ ပန်းချီကား… တစ်ချပ် ဖြစ်နေလေ၏။

ပန်းချီကားမှာ လွ… သည့် နှစ် (၁၀၀)ခန့်… ခေတ်ဟောင်းအပြ… အဆင် ဖြစ်သည်… ဘီးဆံထုံး ရှမ်း… လက်ရှည်၊ ပုလဲ… နှင့် အသက်(၂၈)…



www.burmeseclassic.com

ရှိသည့် အမျိုးသမီးတစ်ဦး၏ပုံ ဖြစ်၏။ မြင့်မားသော မဟာနဖူး၊ လက်ဝတ်ရတနာ အပြည့်အစုံနှင့် ကတ္တီပါအင်္ကျီ ဝတ်ဆင်ထားပြီး နက်မှောင်ကွေးညွတ်သော မျက်ခုံး၊ စူးရှ ဝိုင်းစက်သော မျက်ဝန်း၊ ပေါ်လွင် သေသပ်သည့် နှာတံ၊ နှင်းဆီဖူးနှင့် တူသော နှုတ်ခမ်း ရှိလေ၏။ အောက်ခြေတွင် **"၁၃၀၇ ခုနှစ်၊ ဝါဆိုလပြည့်နေ့"**ဟု ဝိုင်းစက်သော လက်ရေးများဖြင့် ရေးထား၍ "နန်းဦးမေ" ဟူသော အမည်ကိုတွေ့ရလေ၏။

ထိုအခါမှ ပန်းချီကားထဲမှ အမျိုးသမီးမှာ စာရေးသူတို့ထံ မကြာခဏ မှန်များ လာပေးသည့် "နန်းဦးမေ" ဟုခေါ်သည့် မိန်းကလေးနှင့် တစ်ပုံစံတည်း တူညီနေလေ၏။

စာရေးသူ အပါအဝင် အားလုံး အံ့အားသင့်သွားရလေ၏။ ဤပန်းချီကားကို ရေးဆွဲခဲ့သည်မှာ စာတန်းအရ နှစ်ပေါင်းများစွာ ကြာမြင့်လုပြီဖြစ်ရာ ထိုအမျိုးသမီးမှာ ယခုအချိန်တွင် အသက် လွန်စွာကြီးရင့်နေပြီ ဖြစ်၏။ သို့သော် စာရေးသူတို့ တွေ့ရသော နန်းဦးမေမှာ ယခု ပန်းချီကားထဲမှ အသက်အရွယ်အတိုင်းသာ ရှိသေး၏။ စာရေးသူလည်း မဝေခွဲတတ်သဖြင့် ပန်းချီကားကို သင့်လျော်သည့်နေရာ၌ ချိတ်ဆွဲထားလိုက်လေ၏။ အိမ်စောင့် အဘိုးကြီးမှာလည်း တစ်စုံတစ်ရာ ပြောပြနိုင်ခြင်း မရှိသည့်အတွက် အဖြေရှာမရ ဖြစ်နေလေ၏။

စာရေးသူလည်း အိမ်ပြင်ဆင်မှု ပြီးစီးပြီး တစ်ပတ်အကြာတွင် သံဃာတော်များ ပင့်၍ အိမ်တက်မင်္ဂလာ အဖြစ် ဆွမ်း၊ သင်္ကန်း၊ ဝတ္ထုကပ်ခြင်း၊ ပရိတ်နာကြားခြင်းများ ပြုလုပ်လေ၏။ သံဃာတော်များ ပြန်ကြွသွားပြီး ခေတ္တ အကြာတွင် အိမ်ပေါ်သို့ မောကြီးပန်းကြီး ပြေးတက်လာသော မောင်သန်းဌေးကို တွေ့ရလေ၏။

မောင်သန်းဌေးမှာ စကား ဖြောင့်ဖြောင့်မပြောနိုင်ဘဲ ခြံဝသို့ လက်ညှိုးထိုးပြသဖြင့်ကြည့်လိုက်ရာ "နန်းဦးမေ" ဟုခေါ်သော အမျိုးသမီးငယ်နှင့် ဖြူဖြူဝဝ အမျိုးသမီးကြီး တစ်ဦးကို တွေ့ရလေ၏။ စာရေးသူလည်း အိမ်ပေါ် တက်ရန် ဖိတ်ခေါ်၍ နေရာထိုင်ခင်း ပေးရလေ၏။

မောင်သန်းဌေးနှင့်အဖွဲ့မှာ မလှမ်း မကမ်းမှ မဝံ့မရဲ ကြည့်နေကြလေ၏။ ထိုက်သင့်သော နှုတ်ဆက်စကား ဆိုပြီးသောအခါ မိန်းကလေးက ဤသို့ ပြော ဆိုလေပြီ။

'ခုလို အိမ်တက်မင်္ဂလာအချိန်မှာ အနှောင့်အယှက်ပေးရတာ အားနာပါတယ်ရှင်။ ကျွန်မက ဒေါက်တာနန်းအေးမွှင့်ပါ။ ဒါက ကျွန်မရဲ့ဒေါ်ဒေါ် ဒေါ်နန်းခင်းအေးပါ။ ကျွန်မတို့က တောင်ကြီးဇာတိပါ။ မေမေက ဝန်ထမ်းဘဝနဲ့ တာဝန်ထမ်းဆောင်ရင်း ဟိုတုန်းက နှစ်အိမ်ကျော်လောက်မှာ ခဏ ငှားနေဖူးပါတယ်။



ဟောဟိုက ပန်းချီကားထဲက "နန်းဦးမေ" ဆိုတာက ကျွန်မရဲ့အတွားပါ။ အဲဒီပန်းချီကားကို ကျွန်မရဲ့အဘိုး ဘွားဘွား ဒေါ်နန်းဦးမေရဲ့ ခင်ပွန်း လက်ဖက်ခြောက်ပွဲရုံပိုင်ရှင် ဖြစ်တဲ့ ဘိုးဘိုးစိုင်းနော်က ရေးဆွဲပေးခဲ့တာပါ။ ဒီကို ပြောင်းလာကြတော့ ဘိုးဘိုးက ကွယ်လွန်ခဲ့ပြီးပါပြီ။ ဘွားဘွားဟာ ဒီပန်းချီကားကို အလွန် မြတ်နိုးပါတယ်။

မေမေဟာ နိုင်ငံရပ်ခြားမှာ တာဝန်ထမ်း ဆောင်နေရာက ပြန်လာတော့ ကျွန်မရယ်၊ မေမေရယ်၊ ဘွားဘွားရယ် ရန်ကုန်ကို ပြောင်းရွှေ့ကြပါတယ်။ အဲဒီမှာပဲ ဒီပန်းချီကားနဲ့ ဘိုးဘိုးရဲ့ပန်းချီဆွဲတဲ့ပစ္စည်း ထည့်တဲ့ သေတ္တာဟာ ဒီကအိမ်မှာ ကျန်နေရစ်ခဲ့ပါတယ်။ ဘွားဘွားဟာ ရန်ကုန်ရောက်ပြီး မကြာခင်မှာ ကွယ်လွန်ရှာပါတယ်။

သူ မကွယ်လွန်ခင် ပန်းချီကားကို ယူပေးဖို့ တဖွဖွ မှာပါတယ်။ ဘွားဘွား ကွယ်လွန်ပြီး ကျွန်မကလဲ ပြည်နယ်တစ်ခုမှာ တာဝန်ကျပြီး မေမေက အငြိမ်းစား ယူလိုက်ပါတယ်။ မေမေကတော့ မြည်ပကို ပြန်သွားရပြန်ပါတယ်။

ဒါနဲ့ ဒီပစ္စည်းတွေကို ပြန်ယူဖို့ တာဝန် လစ်ဟင်းနေခဲ့ရပါတယ်။ ဒါပေမယ့် လွန်ခဲ့တဲ့ ရက်ပိုင်းတွေမှာတော့ ထူးထူးခြားခြား အိပ်မက် မက်ပါတယ်။ ဘွားဘွားဟာ ကျွန်မကို အချစ်ဆုံးဖြစ်လို့ အိပ်မက်ပေးတယ်လို့ ထင်ပါတယ်။ ဘွားဘွားဟာ ပန်းချီကားထဲက အဝတ်အစားမျိုး ဝတ်ထားပါတယ်။

သူက "ညည်းတို့ ငါ့ကို ပစ်ထားပေမယ့် ငါနေတဲ့အိမ်မှာ ကောင်းမှုကုသိုလ် လုပ်လို့ အမျှဝေတဲ့အတွက် ငါ့ဘဝရဲ့ ဒုက္ခတွေ သက်သာပြီး နေထိုင်ရ ကောင်းတဲ့ ဘုံဘဝကို ရောက်လာပြီ။ အလှူအတန်းလုပ်ဖို့ ငါ့ဆီကို လာခဲ့ကြဦး"လို့ ပြောပါတယ်။ နှစ်ကြိမ် ဆက်တိုက် မက်ပါတယ်'

'ဒါဆိုရင် စကားဖြတ်ပြောပါရစေ ဦး။ အဲဒီပန်းချီကားရှိတဲ့အိမ်မှာ

www.burmeseclassic.com



လင်းပြီး ကျွန်တော်တို့ ဆွမ်းကပ်၊ ပရိတ်တရားနာ ကောင်းမှုကုသိုလ် လုပ်ပါတယ်။ ပြီးတော့ သတ္တဝါအားလုံးကို အမျှပေးဝေပါတယ်'

'ကျေးဇူးတင်ပါတယ်ရှင်။ အဲဒီကုသိုလ်ကို သာဓုခေါ်ရလို့ ဘွားဘွားဟာ ခက်ခဲတဲ့ဘဝကနေ ပိုပြီး အဆင်ပြေတဲ့ဘဝကို ရောက်သွားပုံရပါတယ်။ ဒါပေမယ့် လုံးဝ ကျွတ်လွတ်တဲ့ပုံတော့ မဟုတ်ဘူး ထင်ပါရဲ့။ နောက်ထပ် အိပ်မက်တွေ ထပ်ပေးပြန်ပါတယ်။ သူ ရောက်ရှိနေတဲ့ ဘုံဘဝဟာလဲ သိပ်ပြီး အဆင့်မြင့်တဲ့တုံ ဟုတ်ဟန် မတူပါဘူး'

'ဖြစ်နိုင်ပါတယ်။ ဒါကြောင့် ကျွန်တော်တို့ အိမ်တက်မင်္ဂလာမှာ သာဓုခေါ်ဖို့ လာလာပြီး စုံစမ်းဟန်တူပါတယ်။ ကျွန်တော်တို့က ဖိတ်ခေါ်လို့ အိမ်ထဲ ဝင်လာချင်တယ်နဲ့ တူပါရဲ့။ ဒါပေမယ့် အိမ်စောင့်နတ်၊ အရာမ်စောင့်နတ်တွေက ခွင့်ပြုမှ ဝင်နိုင်တယ်လို့ ထင်ပါတဲ့ယ်။ ကျွန်တော့် သူငယ်ချင်းတစ်ယောက်မှာ စမတံဆိပ်တော်တောင်ဝှေး ပါလာတော့ ရုတ်တရက် ထိတ်လန့်ပြီး ထွက်ပြေးသွားတယ်လို့ ယူဆရပါတယ်။

မူလကတော့ အဲဒီလို လုံးဝ မတွေးမိပါဘူး။ တောင်ဝှေးကို လန့်ပြေးသွားတယ်လို့ သံသယ ရှိလာမိတာရယ်၊ ခေါက်ဆွဲတွေဟာ မြက်ပင်တွေ ဖြစ်နေတာရယ်၊ ဟောဒီပန်းချီကားကို တွေ့တာရယ်၊ အခုပြောတဲ့ အကြောင်းတွေနဲ့ ဆက်စပ်မိမှ ပုံပေါ်လာတာပါ။ ဒါနဲ့ အခု လာရောက်ရတာက ဒီပန်းချီကားကို ပြန်ယူဖို့ လာတာလား'

'ဟုတ်ပါတယ်။ အခု နောက်ဆုံးမက်တဲ့ အိပ်မက်ကတော့ အလွန်ထူးခြားပါတယ်။ ဘွားဘွားက အရင်လိုပဲ အိပ်မက်ထဲမှာဝတ်တဲ့ အဝတ်အစားနဲ့...

"ငါတော့ မကြာခင် ကောင်းရာမွန်ရာ သွားရတော့မယ်ထင်တယ်။ အလှူရှင်က ငါ့ကို ဘေးမှာထားပြီး အမျှဝေလိမ့်မယ်။ ငါ့ ပန်းချီကားမှာ ပီတိမျက်ရည် ကျနေတာ တွေ့ရင် အဲဒါ အမျှဝေတာကို သာဓုခေါ်ရလို့ ကောင်းမွန်ရာဘဝကို ရောက်သွားပြီလို့ မှတ်လိုက်ပေတော့"

လို့ အိပ်မက်ပေးတယ်။ ဒါနဲ့ ကျွန်မတို့လဲ ဒီတစ်ခါတော့ မဖြစ်မနေ အရောက်လာခဲ့တာပဲ။ ရထားက လမ်းမှာ ပျက်နေလို့ နောက်ကျသွားတယ်။ ကျွန်မတို့ ငှားနေတဲ့အိမ်က ဘကြီးက ပန်းချီကားကို ဒီအိမ်ကို ပို့လိုက်ပြီဆိုလို့ လာခဲ့တာပါ။ ဒီကိုရောက်တော့ အိမ်တက်မင်္ဂလာလုပ်ပြီးလို့သံဃာတော်တွေ ပြန်ကြွသွားတာ တွေ့လိုက်ပါတယ်'

စာရေးသူလည်း ဒေါက်တာ နန်းအေးပွင့်၏ စကားကို ကြားသောအခါ ကပျာကယာ ထ၍ နံရံတွင် ချိတ်ထားသော ပန်းချီကားကို တပည့်များနှင့်အတူ အားလုံး ဝိုင်း၍ ကြည့်မိလေ၏။ ထိုအခါ ပန်းချီကားရှိ နန်းဦးမေ၏ မျက်ဝန်းမှ မျက်ရည်ဟု ယူဆရသော အရည်စက်များ စီးကျနေသဲ ဖြစ်သည်ကို တွေ့ရလေ၏။

ဒေါက်တာ နန်းအေးပွင့်မှာ ပန်းချီကားကိုကြည့်၍ မျက်ရည်ကျလာပြန်လေ၏။ စာရေးသူလည်း နံရံမှ ပန်းချီကားကို ဖြုတ်ယူ၍ ပလတ်စတစ်အိတ်ကြီးတစ်လုံးထဲသို့ ထည့်သွင်းပြီး စက္ကူဖြင့် အထပ်ထပ်ပတ်၍ အပ်နှံလိုက်လေ၏။ ထို့နောက်...

'စဉ်းစားမရတဲ့ အဖြစ်တွေကို မေ့ပစ်လိုက်ပါ။ အိပ်မက်တွေဟာ အမှန်ဖြစ်ခဲ့ရင် ကျွန်တော်တို့ရဲ့ ကောင်းမှုကြောင့် အဘွား ဒေါ်နန်းဦးမေ တစ်ယောက် သင့်လျော်ရာဘုံဘဝမှာ နား သွားပြီလို့ ယူဆရမှာပါ။ ဘဝတစ်ပါးကို ပြောင်းရွှေ့သွားသူတွေထဲက ဘုံဘဝတစ်ခု မှာ အမျှအတန်းဝေတာကို စောင့်နေရသူတွေ ရှိပါတယ်။

နေအိမ်မှာလဲ ကုသိုလ်ကောင်းမှုကို သာဓုခေါ်ဖို့ အမျှအတန်းယူဖို့ စောင့်နေတဲ့ နတ်ကောင်းနတ်မြတ်တွေ ရှိပါတယ်။ ဒီ ကောင်းမှုတွေကို မမေ့မလျော့ အမျှအတန်း ဝေပေးပါ'

ဒေါက်တာ နန်းအေးပွင့်နှင့် ၎င်း၏ အဒေါ်တို့က ကျေးဇူးတင်စကား အထပ်ထပ်ပြောပြီး ပန်းချီကားကိုယူ၍ ထွက်ခွာသွားပါသည်။ တပည့်သုံးဦးကလည်း မရှင်းလင်းသော အကြောင်းများကို ထပ်၍မေးပြန်ပါသည်။ စာရေး သူအနေဖြင့် ပြောပြနိုင်သော တစ်ခွန်းတည်းသော စကားမှာ **'ကောင်းမှုမှန်သမျှ၊ ကောင်းကျိုးရ၊ ဝေမျှခံစားပါ'**ဟူ၍သာ ဖြစ်ပါတော့သည်။

**ကောင်းသုခ**



www.burmeseclassic.com

www.burmeseclassic.com



ထူးကျော်ဘုန်း (B.A)

# စပါးလင်ပွင့် အိပ်မက်

ကျွန်ုပ်တို့ ဒေသတွင် စပါးလင်ပင်နှင့် ပတ်သက်သော ယူဆချက်တစ်ရပ် ရှိသည်။ အိမ်ခြံဝင်း လေးထောင့်တွင် စပါးလင်ပင်စိုက်၊ နေ့စဉ် ငါးအညှီအဟောက် ပက်ဖန်းပေးပါက သူခိုး၊ ရန်မူလိုသောသူများ မဝင်ရောက်နိုင်ဟု ဆိုကြသည်။

ထိုစပါးလင်များတွင် မှီတွယ်၍ မိမိတို့ အိမ်ခြံဝင်းကို စောင့်ရှောက်ပေးသော ပုဂ္ဂိုလ်များမှာ အစိမ်း၊ သရဲ၊ တစ္ဆေဝိညာဉ်များ ဖြစ်သည်ဟူ၍ ယူဆလက်ခံ ယုံကြည်ထားကြပါသည်။

သို့သော် ထိုအယူအဆကို လက်ခံနိုင်လောက်သော ကိုယ်တွေ့ ဆောင်ရွက်ဖူးသူကိုလည်း ယခုထိ မတွေ့မကြုံဘူးသေးပါ။

စပါးလင်ပွင့်နှင့် ပတ်သက်သော အတွေ့အကြုံတစ်ရပ်ကိုကား **၁၉၉၆ ခုနှစ်အတွင်း မြိတ်မြို့တွင် နေထိုင်စဉ် ကိုယ်တွေ့ကြုံခွင့်ရခဲ့ပါသည်။**

တစ်နေ့သ၌ မောင်ဆန်းထွန်းသည် စပါးလင်ပွင့်ပါသော စပါးလင်ပင်တစ်ချောင်းနှင့် ကျွန်ုပ်ထံသို့ ရောက်ရှိလာခဲ့သည်။ အပွင့်ဆိုသော်လည်း တခြားပန်းများနှင့် ပွင့်ချပ်သဏ္ဍာန် မတူပါ။

**စပါးလင်ပင်တွင် စပါးသီးထွက်သော မှတ်ကဲ့သို့ အမှုတွင် စပါးသီးသဏ္ဍာန် အပြားအချပ် ပွင့်ချပ်ကလေးများပါသော အပွင့်အတံသာ ဖြစ်ပါသည်။**

'အစ်ကိုကြီးရေ အိမ်နောက်ဖေးမှာ စပါးလင်ပွင့်နေလို့ ချိုးယူလာတယ်။ ဘာစွမ်းသလဲ မသိဘူး။ လက်ရှိထူးခြားချက်က ဒီအပတ် ကျွန်တော် ထီ(၂)သောင်းဆု ပေါက်တယ်။ အစ်ကိုကြီးက ဂုဏ်ရည်ပညာရပ်တွေ လေ့လာနေတော့ ဘယ်လို အသုံးချရမလဲဆိုတာ သိမလားပဲ'

'အေး ကြားဖူးနားဝကတော့ ပိယစွမ်းတယ်ဆိုနေကြတာပဲ။ တိတိကျကျတော့မကြုံဘူးပါဘူး။ ဒီည စမ်းသပ်ကြည့်မယ်ကွာ။ မနက်ဖြန်က တို့အဖြေတစ်ခုခု အတိအကျ သိနိုင်လောက်မယ်'

ဤသို့ဖြင့် ကျွန်ုပ်သည် မောင်ဆန်းထွန်းနှင့် စကားပြောဆိုပြီး ...



www.burmeseclassic.com

www.burmeseclassic.com

လက်ခံထားလိုက်သည်။

ကျွန်ုပ်သည် စပါးလင်ပန်းကိုင်းကို လင်ပန်းငယ်တစ်ချပ်ထဲထည့်၍ ဘုရားစင်တွင် တင်လိုက်သည်။ မိသားစုနှင့်ခွဲကာ ဘုရားခန်းတွင် တစ်ဦးတည်း သီခြား အိပ်ရာခင်းလိုက်သည်။ အိပ်ခါနီး ပရိတ်တော်၊ ဂါထာတော်များကို ရသမျှ ရွတ်ဖတ်သည်။ ငါးပါးသီလ ခံယူ ဘုရားရှိခိုးသည်။ (၃၁)ဘုံ ခြုံ၍ ပြည့်စုံအောင် မေတ္တာပို့သည်။

'ဤစပါးလင်ပွင့်သည် ထူးခြားသော အစွမ်းသတ္တိ တစ်စုံတစ်ရာရှိပါက အပင်စောင့် အပွင့်အစောင့်အရှောက်တို့က အတိတ်နိမိတ်ပြပါရန် တိုင်တည်သည်'

ထိုသို့ လိုအပ်မည်ထင်ရသော ဆောင်ရွက် စီမံမှုပြုပြီးနောက် အိပ်စက်လိုက်ပါသည်။

နံနက်မိုးသောက်သောအခါ ကျွန်ုပ်သည် ဘုရားစင်မှ စပါးလင်ပန်းများကို ယူ၍ အိမ်အနောက် အမှိုက်ပုံတွင် စွန့်ပစ်လိုက်တော့သည်။

သိလိုစိတ် ပြင်းပြနေပုံရသော မောင်ဆန်းထွန်းသည် နံနက်(၈) နာရီခန့်တွင်ပင် အိမ်သို့ရောက်ရှိလာသည်။ သူ၏မျက်နှာမှာ ဘယ်လိုပဲ ဟူသော အမေးနှင့် ဖြစ်ပါသည်။

'မင်း ပန်းတွေအားလုံး အိမ်နောက်ဘေး အမှိုက်ပုံထဲ ရောက်သွားပြီ'

'ဘယ်လိုဖြစ်လို့လဲ'

ကျွန်ုပ်၏ အပြောကြောင့် အံ့သြစွာ မေးခွန်းထုတ်နေသော မောင်ဆန်းထွန်းအား အဖြေပေးလိုက်သည်။

'အိပ်မက်ထူးလို့ကွ'

'ဟာ ထူးလျက်နဲ့ ဘာဖြစ်လို့ ပစ်လိုက်ရသလဲဗျာ'

မောင်ဆန်းထွန်း၏ ဒုတိယမို့ အံ့သြမှုကို ကျွန်ုပ်၏ အိပ်မက်အကြောင်းနှင့် ရှင်းလင်းပြရတော့သည်။

'ဒီလိုကွာ ညက စိတ်ကြည်ကြည်လင်လင် သန့်သန့်ရှင်းရှင်း မေတ္တာပို့ အိပ်စက်တဲ့ကြားမှာ အိပ်မက် မက်တာပဲ။ စိတ်လဲမစွဲဘူး။ တစ်သက်လုံး ဒီအိပ်မက်မျိုးလဲ ဘယ်တုန်းကမှ မမက်ဖူးဘူး။ များလိုက်တဲ့ မိန်းမကွာ။ ဟာလာဟင်းလင်း ကောင်းကင်ပြင်မှာရော၊ ဝိုးဝါးပတ်လည်မှာရော အားလုံး ပြည့်နှက်နေတယ်။ ဝဲနေပုံနေသလိုပဲ။ ပြုံးနေ ချိုနေတာလဲ အလှဆုံး အပြုံး။ အချိုဆုံးမျက်နှာပဲဟေ့။ အဲဒီမှာ ပိုထူးတာက တစ်ယောက်မှ အဝတ်မပါဘူး'

ကျွန်ုပ်၏ အိပ်မက်ရှင်းတမ်းကို မောင်ဆန်းထွန်းသည် ပါးစပ်ဟ၊ မျက်လုံးပြူးနားထောင်နေရာမှ ကျွန်ုပ် စကားဆုံးသောအခါ တအား ပြုံးနေတော့သည်။ ထို့နောက်...

**'ဒါဆို ဝီယစွမ်းတယ်ဆိုတာ တကယ်ပဲပေါ့'**

ဟု မေးလာသည်။ ကျွန်ုပ်က...

'ဒါဟာ နိမိတ်အမှန်ပဲလို့ ငါ ယုံတယ်။ မိန်းမကိုကျမယ့်ဝီယပဲ။ မင်းတို့ ငါတို့လို အိမ်ထောင်သည်တွေအဖို့ အန္တရာယ်ကို ဖိတ်ခေါ်သလို ဖြစ်လာမယ်။ ဒါကြောင့် စွမ်းလွန်းလို့ စွန့်လိုက်ရတယ်။ ငါလဲ မသုံးဘူး။ မင်းလဲ မသုံးနဲ့'

ဟူ၍သာ ဖျောင်းဖျ နားချလိုက်ရပါတော့သည်။

**ထူးကျော်ဆန်း(*B.A*)**

*[ဤစာမူဖြင့် ၂၀၀၄ ခုနှစ်၊ ဇူလိုင်လ နဂ္ဂတ္ထရောင်ခြည်မဂ္ဂဇင်းပါ ဘေဒင်နိုင်(ဥပဒေ)၏ "စပါးလင်ပွင့်ရင်ဖြင့်" ဆောင်းပါး နှီးနှောချက်ကို တုံ့ပြန်ရှည်ညွှန်း တင်ပြလိုက်ပါသည်။]*

**စာရှုသူ၊ သုတေသီနှင့်**

**စာရေးသူ**

**ဆောင်းပါးရှင်များသို့ ...**

နဂ္ဂတ္ထရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြပြီးရှိသော ရောင်ခြည်ကဏ္ဍအသီးသီးရှိ ဆောင်းပါးများမှ သင့်လျော်သည်များကို ရွေးချယ်၍ **ဆောင်းပါးပေါင်းချုပ်များ** ထုတ်ဝေရေးပါသည်။

သို့ဖြစ်၍ စာရေးသူဆောင်းပါးရှင်များမှ နဂ္ဂတ္ထရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတွင် ရွေးချယ်ဖော်ပြခံရပါက **ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမည်ကို သဘောတူညီပြီးဖြစ်သည်ဟု** နဂ္ဂတ္ထရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါသည်။

အကယ်၍ ဆောင်းပါးပေါင်းချုပ်များတွင် **ပါဝင်လိုခြင်းမရှိသူ စာရေးသူ ဆောင်းပါးရှင်များအနေနှင့် နဂ္ဂတ္ထရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းသို့ ဆောင်းပါးများကို မူလကတည်း ပေးပို့ခြင်း မပြုကြပါရန်** မေတ္တာရပ်ခံအပ်ပါသည်။

အကယ်၍ ပေးပို့ပါက ဆောင်းပါးပေါင်းချုပ်များတွင် ထည့်သွင်းမှုကိုပါ သဘောတူညီပြီးဖြစ်သည်ဟု နဂ္ဂတ္ထရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတိုက်မှ မှတ်ယူပါမည်။

**ထပ်မံ၍ ရွေးချယ်ဖော်ပြခံရပါက သင့်လျော်သောစာမူခနှင့် စာအုပ်လက်ဆောင်ပါ ပေးပို့ပေးပါမည်။**

လေးစားစွာဖြင့်...

ဦးကျော်မိုးသိန်း

စာတည်းချုပ်

**နဂ္ဂတ္ထရောင်ခြည်မဂ္ဂဇင်း**

**ပါရမီမဂ္ဂဇင်း**

အမှတ် ၂၃၃၊ (၂၀)လမ်း၊

ပန်းဘဲတန်းမြို့နယ်၊ ရန်ကုန်မြို့



www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော့်အဖေ ပြောဖူးသည့် ထူးဆန်းသည့်

# ကြောင်နက်ကြီး

ဖြူလေးကျော်

ယခု ကျွန်တော် ရေးသားလိုက်ရသည်မှာ ကျွန်တော်၏အဖေ တစ်ချိန်တုန်းက ပြောပြခဲ့သော ထူးဆန်းသည့် ကြောင်ကြီးတစ်ကောင်၏ အကြောင်း ဖြစ်ပါသည်။

ကျွန်တော်၏အဖေသည် သူငယ်စဉ် အသက်နှစ်ဆယ်ဝန်းကျင်လောက်တုန်းက လူငယ်ကာလသားတို့၏ တောရွာများ၏ဓလေ့အတိုင်း ညဆိုလျှင် သူတို့သူငယ်ချင်း အပေါင်းအသင်းတွေ ဆုံကြပြီး ဟိုအိမ်လည်၊ ဒီအိမ်လည်။

လသာရက်များဖြစ်လျှင် ထိုင်စရာကောင်းသောနေရာအချို့တွင် ဝိုင်းဖွဲ့၍ ရောက်တတ်ရာရာ ပြောကြဆိုကြနောက်ကြဖြင့် တစ်ည အချိန် ညဉ့်နက်လျှင် လမ်းခွဲပြီး ကိုယ့်အိမ်ကို ပြန်နှင့်ကြနှင့်သာ အချိန်ကုန်ကြ၏။

တစ်ခါတစ်ခါကြတော့လည်း တစ်အိမ်အိမ်မှာ ဟင်းများချက်ပြုတ်စားသောက်ကြ၏။ ယခင်အချိန်တုန်းက ကျွန်တော်တို့၏ တောရွာများ စပါးစိုက်ကြသည့် ဒေသများတွင် တန်ဆောင်မုန်းလ၊ နတ်တော်လများတွင် စပါးများ ရိတ်သိမ်းပြီး တလင်းထဲမှာ နွားလှည်းများဖြင့် တလင်းနယ်ရင်း၊ သီချင်းတကြော်ကြော်နှင့်ပေါ့... ယခုလို စက်များ မရှိသေးတော့ ဖြည်းဖြည်း အေးအေးသာ လုပ်ကိုင်နေကြ၏။

တစ်ညတွင် ကျွန်တော်၏အဖေသည် ည(၁၁)နာရီအချိန်ခန့်လောက်တွင် တလင်းနယ်လို့အပြီး နွားများကို လှည်းမှဖြုတ်၍ တလင်းဘေးတစ်နေရာတွင် နွားများကို ချည်ထားလိုက်ပါသည်။

နောက် သူ၏ တလင်းနှင့် မနီးမဝေးတွင်ရှိသော သူငယ်ချင်းတွေ၏ တလင်းဘက်သို့သွားလေရာ သူ့သူငယ်ချင်းနှစ်ယောက် မီးဖိုဘေးတွင်ထိုင်၍ စကားပြောနေရင်း မီးမွှေးနေကြပါသည်။

ကျွန်တော်၏အဖေသည်လည်း သူတို့အနားသို့ ရောက်သွားသည်နှင့်

'ဟ... ဟေ့ကောင်တွေ ကြောင်ကြီး ပါလား။ ဘယ်ကရလာတာလဲ'

www.burmeseclassic.com

ဟု မေးသောအခါ…

'အေး ဟုတ်တယ်။ ဒါအိမ်ကြောင်ကနေ တောထွက်သွားတဲ့ကြောင့် ဖြစ်မယ်ကွ။ ဟိုနားက အင်ကြင်းပင်မှာ ငှါဒီခွေးက မနားတမ်းဟောင်နေတော့ တို့နှစ်ယောက် သွားကြည့်တော့ သစ်ပင်ပေါ်မှာ ဒီကြောင်ကြီးကို တွေ့တာပဲ။

ဒါနဲ့ တို့လဲ သစ်ပင်ပေါ်ကို တက်ပြီး ရိုက်တာ နှစ်ချက်သုံးချက်ရိုက်မှ အောက်ကိုပြုတ်ကျတယ်။ အဲဒါနဲ့ တို့အခုည ချက်စားမလို့ပဲ။ မင်းကို လာခေါ်မယ်လို့ ပြောနေတုန်း မင်းရောက်လာတာနဲ့ အတော်ပဲ'

အဖေက အသေအချာကြည့်ကာ…

'ကြောင်ကြီးကလဲ ကြောင်နက်ကြီး ဝ,လိုက်တာလဲ မနည်းဘူး။ အကောင်ကလဲ အကြီးကြီးပဲ'

အဖေ သေသေချာချာကြည့်နေရင်းမှ…

'ဟေ့ကောင်တွေ မင်းတို့ကြောင်ကြီးက မသေပါလား မျက်တောင်ခတ်နေတယ်'

'ဟာ မဟုတ်တာကွာ။ ပေါက်ကရ မပြောနဲ့ ငါရိုက်ထားတာက သုံးချက်၊ အောက်ပြုတ်ကျထားတာ၊ အပင်ကလဲ အမြင့်ကြီး ဘယ်က အသက်ရှိနိုင်တော့မှာလဲ'

'ဟေ့ကောင်တွေ တကယ်ပြောတာ မင်းတို့ ဒီမှာ လာကြည့်ပါလား'

သူသူငယ်ချင်း နှစ်ယောက်သည် ပြောပြောဆိုဆို မီးဖိုဘေးမှ ထလာပြီး ကြည့်သောအခါ…

'ဟာ ဟုတ်တယ်ဟ။ ကဲ ဒီလောက် အသက်ပြင်းတဲ့ကြောင် ကဲကွာ ကဲကွာ'

"ခွပ်" "ခွပ်"ဟု မြည်သောအသံနှင့်အတူ ကြောင်ကြီး၏ ဦးခေါင်းကို ထပ်ပြီး ရိုက်ချပြန်ပါသည်။

အဲသည်တော့မှ ကြောင်ကြီးမှာ



ဆောင့်ကြောင့်ထိုင်ပြီး…

"ဝေါင်"ဟူသော အသံနှင့်အတူ သူတို့ကို မာန်ဖီနေပါတော့သည်။

'ကဲ အသက်ပြင်းဦးကွာ'

"ခွပ်""ခွပ်"

ဟု ဆင့်ပြီး ရိုက်လိုက်ရာ ကြောင်ကြီး၏ဦးခေါင်းမှာ စိစိညက်ညက်ကြေ၍ ပစ်လဲသွားပါသည်။

နောက်တစ်ယောက်က…

'ကဲ ဒီလောက် အသက်ပြင်းတဲ့ ကြောင်လည်ပင်းကို ဖြတ်ပစ်မယ်ကွာ'

ဟု ပြောပြီး ဓားနှင့် ခုတ်ဖြတ်လိုက်ပါသည်။

'ကဲ ဒီတစ်ခါတော့ အသက်ပြင်းတဲ့ကြောင် ဘာတတ်နိုင်သေးလဲ'

ဟု ပြောဆိုပြီး ကြောင်ကို မီးမြှိုက်ရန် မီးဖိုဘေး ဆွဲသွားပါတော့သည်။ ဦးခေါင်းကြီးကို ထားပစ်ခဲ့၏။

ကျွန်တော်၏အဖေလည်း စိစိညက်ညက်ကြေနေသော ကြောင်ကြီး၏ ခေါင်းပြတ်ကြီးကို စိတ်မကောင်းစွာနှင့် ထိုင်ပြီးကြည့်၍ ကျန်ရစ်ခဲ့ပါသည်။ ခဏမျှကြာသော်…

'ဟေ့ကောင်တွေ ဒီကြောင်ခေါင်းပြတ်ကြီးက မျက်တောင်ခတ်နေပြန်ပြီကွ'

'ဟေ့ကောင် မဟုတ်တာကွာ။ ဒီလောက်ကြေမွပြီး ခေါင်းဖြတ်ထားမှတော့ ဘယ်က မျက်တောင်ခတ်နိုင်တော့မှာလဲ'

'မယုံရင် လာကြည့်ကြပေတော့'

'ဟာ ဟုတ်ပါရဲ့ ဒါ ဘာသဘောလဲဟ'

တစ်ယောက်မျက်နှာ တစ်ယောက်ကြည့်ကြကာ ကြောက်သလိုလိုရှိသလိုလို ဖြစ်လာကြ၏။

'ကဲ ဘာသဘောတွေ၊ ညာသဘောတွေ လုပ်မနေနဲ့၊ ဒီကြောင်ကြီးရဲ့အသား စားလဲ မနေနဲ့တော့၊ မြေကြီးထဲသာ မြှုပ်ပစ်လိုက်ကြပါကွာ'

အဖေကပြောလိုက်တော့မှ…

'အေး ဟုတ်တယ် စားချင်စိတ်လဲ မရှိတော့ဘူး။ မြှုပ်ပစ်တာပဲ ကောင်းပါတယ်ကွာ'

ဟုပြောပြီး သူတို့တက်ပြီးရိုက်လာခဲ့သော အင်ကြင်းပင်ကြီး၏ အောက်သို့ ကြောင်သေကောင်ကြီးကို ယူသွားပြီး မြှုပ်ပစ်လိုက်ကြပါတော့သည်။

သို့လော သို့လော တွေးတော မဆုံးနိုင်သည့် ကျွန်တော်၏အဖေ တစ်ချိန်က ပြောပြခဲ့သည့် ထူးဆန်းသော ကြောင်ကြီး၏ အကြောင်းကို ရေးသားဖော်ပြလိုက်ခြင်း ဖြစ်ပါသည်။

***သတ္တဝါအများ ချမ်းမြေ့ကြပါစေ။***

**ဖြူလေးကျော်**

**မှတ်ချက်။ ။ ဤဖြစ်ရပ်မှ ကြောင်ကြီး၏ဖြစ်ရပ်မှာ အပမှီနေခြင်းလား သို့မဟုတ် ကြောင်အမြဲတောကြောင့်လားဆိုသည်ကို တွေ့ကြုံဖူးသူ စာဖတ် ပရိသတ်များမှ ရေးသားပေးပို့ကြပါရန် ပန်ကြားအပ်ပါသည်။**

***ဦးကျော်မိုးသိန်း***

***စာတည်းချုပ်***

F.33B. October, 2013.

www.burmeseclassic.com



# ကျူးကျူးစကျော်စကျော်

နေလင်းကျော် (ထူးကြီး)

သမုဒ္ဒရာ အနက်အရှိုင်း၊ ရေနေသက်ရှိသက်မဲ့တို့၏သဘာဝဆန်းကြယ်မှုတို့ကို အပေါ်ယံ အမြင်အားဖြင့် ကြည့်ရှု၍ မသိနိုင်၊ မခန့်မှန်းနိုင်ပါချေ။ ကြကာသ လောကကား သမုဒ္ဒရာထက် အဆ,ရာထောင် နက်ရှိုင်း ဆန်းကြယ်သုပေစွ။ အနို လောကအတွင်းမှ ဖြစ်ရပ်တစ်ခုပင် ဖြစ်ပါ၏။ မယုံလျှင် ပုံပြင်ဟုတော့ မယူဆကြပါစေလို။ **လွန်ခဲ့သော နှစ်ပေါင်း နှစ်ဆယ့်ငါး နှစ်ခန့်က** တကယ်ပင် ဖြစ်ပျက်ခဲ့သောကြောင့်ပါတည်း။

ဟသ်ာတမြို့နှင့် မြန်အောင်မြို့ အကြား မီးရထားလမ်းပေါ်တွင် စည်ပင်သော မြို့ငယ်လေးတစ်မြို့တည် ရှိ၏။ ကိုအောင်ကျော်က ထိုမြို့ကလေးမှ ဆန်စက်ပိုင်ရှင် လူရတတ်တစ်ဦး။ ထိုစဉ်က ကိုအောင်ကျော့် အသက်မှာ အလွန်ဆုံးရှိလှမှ (၃၅)နှစ်၊ သူ့ဇနီးက မရွှေတင့်။ သူတို့မှာ သားကလေးတစ်ယောက်ရှိ၏။ ကလေးမှာ ကံမကောင်းရှာ။ သူ့ငယ်နာရောဂါ စွဲကပ်နေ၏။

ကိုအောင်ကျော်က ကလေးငယ်တစ်ဖက်နှင့် သူ့ဇနီး ပင်ပန်းမည်စိုး၍ ကူဖော်လောင်ဖက် မိန်းကလေးတစ်ယောက် ခေါ်ထားပေး၏။ "မဝင်းနု"တဲ့။ နာမည်နှင့် လိုက်အောင်ပင် ဝင်းဝင်းနုနုကလေး။ အသက်ကလေးကလည်း ရွှေရင်သိမ်းသစ်၊ ဆယ့်ခြောက်ဆယ့်ခွန် ဖူးသစ်စ။ ကူဖော်လောင်ဖက် ခေါ်ထားသည်ဆိုပေမယ့် ကိုအောင်ကျော်တို့ လင်မယားက မဝင်းနုလေးကို သမီးလေးလို၊ တူမလေးလိုပင် သဘောထား၍ ဆင်ယင် ကျွေးမွေးလာခဲ့သည်။

ကိုအောင်ကျော်က သူ့သားငယ်၏ ရောဂါကို ကုသပေးချင်သည်။ ကလေး သူ့ငယ်နာ၊ ကလားရောဂါ ကုသရာတွင် ဟသ်ာတမြို့မှ "နဂါး"ဆေးတိုက်သည် နာမည်ကြီး။ ကျော်သလောက်လည်း တော်ပါပေ၏။

ကိုအောင်ကျော် နဂါးဆေးတိုက်သို့

www.burmeseclassic.com

သူ့သားငယ်ကို သွားရောက်ပြသသော အခါ ဆေးတိုက်မှ ကလေးငယ်အား တစ်လခန့် ဖိဖိစီးစီး ကုသရလျှင် ရောဂါရှင်းရှင်း ပျောက်ကင်းမည်ဖြစ်ကြောင်း အာမခံ၏။

သို့နှင့် ကိုအောင်ကျော်တို့ လင်မယား ကလေး ဆေးကုရန် အတွက် ဟသ်ာတ၌ တစ်လခန့် နေထိုင်ရမည့်အကြောင်း ပေါ်လာသည်။ ကိစ္စမရှိ ကိုအောင်ကျော်၏ မိတ်ဆွေတွေ ဟသ်ာတ၌ ရှိ၏။ သူတို့၏ အကူအညီဖြင့်ပင် ကနောင်စုထဲ၌ လုံးချင်းအိမ်ကလေး တစ်လုံး ငှားရမ်းနေထိုင်ခွင့် ရခဲ့၏။

သူတို့မိသားစု ဟသ်ာတကို သွားတော့ အဖော်အလျော်အဖြစ် မဝင်းနုကလေးကိုပါ ခေါ်လာခဲ့ရ၏။ မဝင်းနုကလေးကလည်း အားကိုးရသည်။ ထမင်းဟင်းချက်ပြုတ်၊ အဝတ်လျှော် သူချည်းပဲ ဒိုင်ခံ၊ မျက်နှာလွှဲရ၏။

ငှားနေသည့်အိမ်က ခြံလည်း အတော်အသင့် ကျယ်ဝန်း၏။ လုံးချင်းအိမ်ဆိုတော့ အားနာစရာမလို၊ လွတ်လွတ်လပ်လပ် နေ၍ရသည်။ သုံး, လေးရက်ကြာတော့ နေသားကျစ ပြုလာသည်။

ကလေးငယ်၏ ကျန်းမာရေး အခြေအနေကလည်း တိုးတက်မှု ရှိလာသဖြင့် သူတို့ ပျော်ရွှင်နေကြသည်။ သို့ပေမယ့် တစ်ပတ်ခန့်အကြာ တစ်ညနေတွင်တော့ မပျော်ရွှင်နိုင်စရာ အကြောင်းတစ်ခုက အစ,ပျိုး၍လာခဲ့၏။

'အန်တီ၊ အန်တီ ကျွန်မ ထမင်းချက်နေတုန်းက ခဲနဲ့ အပေါက်ခံရတယ်'

မဝင်းနုကလေးက မရွှေတင့်ကို တိုင်၏။ သူမ ထမင်းချက်တာက အိမ်ကလေး၏ နောက်ဖေး ရေကပြင်နား



မြေကြီးပေါ်မှာ လေကွယ်ရုံကလေး အကာ,ကာပြီး ချက်တာဖြစ်၏။ မရွှေတင့်က စိုးရိမ်တကြီး မေးလိုက်၏။

'ဟုတ်လား သမီး၊ ဘယ်ထိသွားသေးလဲ'

'လူကိုတော့ မထိပါဘူး အန်တီ ခဲလုံးသေးသေးလေးတွေ ကျွန်မဘေးနားကို လာလာပြီး ကျနေတယ်'

'အရပ်ထဲက ကောင်လေးတွေ နောက်တာနေမှာပါ။ သည်းခံလိုက်ပါ သမီးရယ်'

'ဟုတ်ကဲ့ အန်တီ'

ဒီလိုနှင့် တစ်ညနေ ပြီးသွား၏။ နောက်တစ်နေ့ ညနေတွင်လည်း ခဲလုံးများ ကျလာပြန်သည်။ **ထူးဆန်းသည်က မဝင်းနုကို တစ်ချက်မျှ မထိဘဲ ဘေးနားတွင်ပင် ကျလာနေခြင်း။**

ဒီတစ်ခါတော့ ကိုအောင်ကျော့်နားသို့ ပေါက်သွားသည်။ တစ်နယ်တစ်ကျေးမှ လာနေကြသူတွေကို ရပ်ကွက်ထဲမှ မခန့်လေးစား စော်ကားသည်ဟု ကိုအောင်ကျော် သဘောရ၏။ ရပ်ကွက်ဥက္ကဋ္ဌကလည်း ကိုအောင်ကျော်၏ မိတ်ဆွေပင်။

ထိုကိစ္စကို အသိပေးတော့ ဥက္ကဋ္ဌ ဦးနှောက်ခြောက်သွား၏။ ရပ်ကွက်ထဲတွင် ဤလို ဟောက်ရမ်းသောသူ မရှိကြောင်း၊ စောင့်ကြည့်စေလိုကြောင်း၊ ပိုဆိုးလာလျှင် သူ အရေးယူပေးမည်ဖြစ်ကြောင်း ကိုအောင်ကျော့်ကို ပြော[illegible] လေသည်။

* * *

မရွှေတင့်က မဝင်းနုလေးကို အိ[illegible] အောက်တွင် ထမင်းမချက်စေတော့[illegible] မီးဖိုကို အိမ်ပေါ်သို့ ရွှေ့စေသည်[illegible] အိမ်ပေါ်တွင် မြေကြီး တင်ထားသော[illegible] မီးဖိုနေရာကလည်း အဆင်သင့်ရှိ[illegible]၏။

နောက်တစ်နေ့ နံနက်တွင်တော့[illegible] ထူးဆန်းသည့် အခြင်းအရာသည်[illegible] ဆက်တိုက်ပင် ဆက်လက် ဖြစ်ပွား[illegible] တော့သည်။ မဝင်းနုကလေး ထမင်း[illegible] ချက်သည့် အိမ်ပေါ်တွင်ပင် ခဲ[illegible] ကျလာသည်။ ခဲမှာ ယခင် သေးရာ[illegible] လက်သီးဆုပ်အရွယ်ခန့်လောက် အ[illegible] တွေ ပင်ကြီးလာ၏။ ကျောက်[illegible] မဟုတ်ပါ။ လယ်ထဲမှ မြေကြီးခဲမျာ[illegible] ပုံစံ ဖြစ်၏။

မဝင်းနုကလေးကို မထိဘဲ သူမ[illegible] ပတ်ဝန်းကျင်တွင် မမြင်ရသော တစ်[illegible] တစ်ယောက်က အမြင့်မှ လွှတ်[illegible] နေဘိသကဲ့သို့ ခဲလုံးများ ကျလာနေ[illegible] တဖွမ်းဖွမ်း ကွဲကြေသွားကြ၏။

ထမင်း၊ ဟင်း ချက်ပြုနေစဉ်မှာ[illegible] မဟုတ်တော့ပေ။ မဝင်းနု အောက်[illegible] ဆင်းဆင်း၊ အပေါ်ကို တက်တက်[illegible] ဘယ်ကိုသွားသွား သူမ၏ နံဘေးတွင်[illegible] ခဲလုံးများ ကျလာနေလေတော့သည်[illegible] မဝင်းနုကလေးကား ထိတ်လန့်[illegible] ကြောက်ရွံ့၍ နေလေပြီ။

ရပ်ကွက်ဥက္ကဋ္ဌနှင့် အခြားလူကြီး[illegible] များလည်း လာ၍ကြည့်ကြ၏။ အားလုံး[illegible]၏ မျက်မှောက်တွင်ပင် ခဲများ ကျလာ[illegible] ရှိနေ၏။ အဘယ်ကြောင့် ဤသို့[illegible] ဖြစ်နေရသည်ကိုတော့ မည်သူမှ[illegible] မပြောနိုင်ကြပါချေ။ ဥက္ကဋ္ဌကလည်း ဤကိစ္စကို မည်သို့မျှ အရေးမယူတတ်[illegible]



www.burmeseclassic.com

www.burmeseclassic.com

'ကိုအောင်ကျော် ဒီကိစ္စက သွေးရိုးသားရိုး တော့ မဟုတ်တော့ဘူးဗျ။ ဒီလိုလုပ်ဗျာ ခင်ဗျားတို့အိမ်ကို ဘုန်းကြီးတွေပင့်ပြီး ပရိတ် ရွတ်ကြည့်ပါလား'

ဥက္ကဋ္ဌက ကိုအောင်ကျော့်ကို ခေါ်၍ အကြံပေး၏။

'အေးဗျာ အဲဒါ ကောင်းလိမ့်မယ်။ ခင်ဗျားတို့ပဲ အကူအညီ တောင်းရမယ်။ ကြည့်လုပ်ပါဦးဗျာ'

ကြံရာမရ ဖြစ်နေသည့် ကိုအောင်ကျော်ကလည်း သဘောတူ၏။ သို့နှင့် နောက်တစ်နေ့တွင် ဘုန်းတော်ကြီး သုံးပါးကိုပင့်၍ နေ့ဆွမ်းကပ်ကာ ပရိတ် ရွတ်ဖြစ်လေ၏။

ထူးခြားသည်မှာ ညအိပ်ချိန်ကလွဲ၍တစ်ချိန်လုံးလိုလို မဝင်းနုကလေး၏ ဘေးနားသို့ ကျလာနေသော ခဲလုံးများသည် ဘုန်းတော်ကြီးများ ကြွလာချိန်တွင် ရပ်တန့်သွားခြင်းဖြစ်၏။ ကိုအောင်ကျော်တို့လည်း ဝမ်းသာနေကြ၏။

ဆွမ်းကပ်ပြီးလျှင် မဝင်းနုကလေးကို အလယ်တွင်ထား၍ ပရိတ်ဒေသနာများ ရွတ်ပွားနာယူကြ၏။ သို့ရာတွင် မေတ္တာပို့ အမျှဝေပြီး၍ ဘုန်းတော်ကြီးများ ပြန်ကြွသွားသည်နှင့် ခဲလုံးများ ပြန်ကျလာကာ ဒုံရင်းက ဒုံရင်းပင် ဖြစ်တော့ ကြာကြာပင် ဝမ်းမသာလိုက်ရချေ။

ကိုအောင်ကျော် အတော် စိတ်ပျက်သွား၏။

'စိတ်မပျက်ပါနဲ့ဗျာ စောင့်ကြည့်ပါဦး၊ ဒါမျိုးက သူ့ဘာသာပျောက်ရင်လဲ ပျောက်သွားတတ်ပါတယ်'

ဥက္ကဋ္ဌက အားပေး၏။ စောင့်မကြည့်၍လည်း ဘာမျှ မတတ်နိုင်။ ဒီလိုကိစ္စမျိုးကို ကိုအောင်ကျော် ကြုံဖူးဖို့ မဆိုထားဘိ၊ ကြားပင် မကြားဘူးခဲ့။



ကလေးကို ဆေးကုသရသည့် ကိစ္စကလည်း တန်းလန်းကြီး ဖြစ်၍နေ၏။

သားငယ်၏ အခြေအနေက တိုးတက် ကောင်းမွန်လာသဖြင့် ဝမ်းသာရသော်လည်း တစ်ဖက်က ခဲလုံးတွေ ကျနေသည့်ကိစ္စကြောင့် စိတ်ညစ်နေရ၏။ တစ်ဆင့်စကား တစ်ဆင့်နားဖြင့် စိတ်ဝင်စားကြသော လူတွေကလည်း တစေ့တစောင်းက တစ်မျိုး၊ ပေါ်ပေါ် ထင်ထင် တစ်ဖုံ လာ၍ ကြည့်ကြ၏။ တစ်ယောက်တစ်ပေါက် အမျိုးမျိုးသော ဝေဖန်မှုတွေ ပြုကြ၏။

ထိရောက်သော အကြံဉာဏ်ကား ပေါ်ထွက်၍မလာ။ မဝင်းနုကား ရှက်လည်း ရှက်လှပြီ၊ ကြောက်လည်း ကြောက်လှပြီဖြစ်၏။ တစ်နေ့တစ်နေ့ အိမ်ပေါ်မှ မြေကြီးခဲ အကြေများကို တံမြက်စည်းဖြင့် လှည်း၍ လှည်း၍ ချရသည်ကလည်း အလုပ်တစ်ခု။

ဤသို့ဖြင့် တစ်နေ့ပျောက်နိုး၊ တစ်နေ့ ရပ်သွားနိုးဖြင့် စောင့်ကြည့်၍ နေလိုက်သည်မှာ ဟင်္သာတ၌ နောက်ထပ် ရက်သတ္တ သုံးပတ်ခန့်ပင် ကြာညောင်းသွားခဲ့သည်၊ အခြေအနေမှာ မထူးခြား။ ခဲလုံးတွေ ဘယ်အတွက်ကြောင့်ကျနေသည်၊ အဘယ်သို့သော ဘုံသားက လုပ်ဆောင်နေသည်ကို မည်သူမျှ မပြောနိုင်ပါချေ။

ထိုအချိန်မှာပင် ကိုအောင်ကျော်၏ သားကလေး ရောဂါပျောက်ကင်း သလောက် ဖြစ်သွား၍ သောက်ဆေး တစ်လစာယူကာ မိမိနေရပ်သို့ ပြန်နေ၍ ရပြီဖြစ်ကြောင်း ဆေးတိုက်မှ အသိပေးလာ၏။

ကိုအောင်ကျော်ကလည်း စိတ်ကူးတစ်မျိုး ရသွားသည်။ ဤဖြစ်ရပ်သည် မိမိတို့ ရပ်ရွာဒေသတွင် ရပ်တန့်သွားကောင်း ရပ်တန့်သွားလိမ့်မည်ဟု ယူဆမိ၏။

ထို့ကြောင့် နောက်တစ်နေ့ နံနက်တွင် ပုသိမ်မှ ကြံခင်းသို့ သွားသည့် အဆန်အမြန်ရထားဖြင့် မိမိတို့မြို့ကလေးသို့ အလျင်အမြန် ပြန်လာခဲ့ကြတော့သည်။

ကိုအောင်ကျော်၏အတွေး မှန်သည်ဆိုရမလား။ ကနောင်စုရပ်ကွက်မှ ထွက်လာသည်နှင့် ခဲလုံးများ ကျနေသည့်ကိစ္စ ရပ်တန့်သွား၏။ ထို့နောက် ဟင်္သာတဘူတာမှသည် မိမိတို့ မြို့ကလေးသို့ ရောက်သည့်တိုင်အောင် မည်သည့် အနှောင့်အယှက်ကိုမျှ မတွေ့ရတော့ပေ။ ထိုအခါမှပင် အားလုံး ပြုံးနိုင်ရယ်နိုင်ကြ၏။

*　　*　　*

'ကဲ အခုတော့ ဘာတတ်နိုင်သေးလဲ။ အဲဒီအကောင် ရထားစီးပြီး လိုက်လာမှ ရလိမ့်မယ်'

စသည်ဖြင့် စ,နိုင် နောက်နိုင်လာကြ၏။ မဝင်းနုကလေးလည်း ရွှင်ရွှင်လန်းလန်း ရှိလာသည်။ သို့ရာတွင်ကား ဤအခြေအနေသည် သုံးရက်သာ ခံ၏။

မဝင်းနု၏ ပရလောကသားသည် တကယ်ပင် ရထားစီး၍ လိုက်လာခဲ့ပုံ ရလေသည်။ အဘယ်ကြောင့်ဆိုသော် ကိုအောင်ကျော်တို့ ပြန်ရောက်ပြီး သုံးရက်မြောက် ညနေခင်းတွင် ဖြစ်သည်။ မဝင်းနုသည် အိမ်ပေါ် တံမြက်စည်းလှည်းလျက် ရှိ၏။ ဟင်္သာတမှ



www.burmeseclassic.com

www.burmeseclassic.com

လာသော ကုန်ရထားသည် မြို့ကလေး၏ ဘူတာရုံသို့ ဆိုက်ရောက်လာ၏။

မဝင်းနုတို့အိမ်သည် ဘူတာရုံနှင့် ဘာမျှမဝေး။ ရထားဆိုက်ပြီးချိန်နှင့် မရှေးမနှောင်း၌ ခြံတံခါးဝတွင် လူရိပ် မြင်သဖြင့် မဝင်းနုလေး လှမ်းကြည့်လိုက်၏။ ထိုခဏတွင် အင်္ကျီနီ ဝတ်လျက် တုတ်ကောက် ကိုင်ထားသော လူလတ်ပိုင်းအရွယ် ယောကျ်ားတစ်ယောက်သည် မိမိကို စိန်းစိန်းကြီး စိုက်ကြည့်နေသည်ကို တွေ့လိုက်ရသဖြင့် ရင်ထဲတွင် အတော်ပင်ဖိုသွား၏။

ဧည့်သည်ဖြစ်လိမ့်မည်ဟု တွေးပြီး မဝင်းနုသည် အိမ်နောက်ဘက်တွင် ရှိသော မရွှေတင့်ကို သွားခေါ်၏။ မရွှေတင့်နှင့် နှစ်ယောက် အိမ်ရှေ့သို့ ထွက်လာချိန်တွင်တော့ ထိုသူကို မတွေ့ရပေ။ အချိန်တိုကလေးအတွင်းမှာပင် ထိုဧည့်စိမ်းသည် ပျောက်ခြင်းမလှ ပျောက်ကွယ်သွားခဲ့၏။

ထိုသို့ဖြစ်ပြီး နောက်တစ်နေ့တွင်တော့ ခဲလုံးများသည် မဝင်းနု ဟသံာတတွင် နေခဲ့စဉ်က အတိုင်းပင် ကျလာမြဲ ကျလာလျက် ရှိတော့၏။ ကြားကာလ သုံးရက်ခန့်ကား ထိုပရလောကသား ခေတ္တမျှ မျက်ခြည်ပြတ်သွားခြင်းသာ ဖြစ်နိုင်ပေသည်။

ထိုအချိန်ကာလသည် လောကီဘာသာရေးဂိုဏ်းဂဏတို့ ခေတ်စားနေချိန်ဖြစ်၏။ ထိုလောကီဂိုဏ်း(အမည်ကိုတော့ မဖော်ပြတော့ပြီ)မှ ဆရာတစ်ဦးက ပျောက်ကင်းအောင် သူကုသနိုင်သည်ဆို၏။ ဆရာက ကန်တော့ပွဲများထိုးကာ ဖယောင်းတိုင်၊ အမွှေးတိုင်များ ထွန်းညှိ၍ ရွတ်ဖတ်သရဇ္ဈာယ်သည်။ ထိုသို့ ရွတ်ဖတ်နေစဉ် ခဲလုံးများသည် သတိပေးဘိသည့်



အလား ထိုဆရာ၏ နံဘေးသို့ တဖွမ်းဖွမ်း ကျကွဲလာသည်။ ဆရာက ဖွဲမလျှော့။ ရွတ်ဖတ်သရဇ္ဈာယ်မှုကို တိုး၍ပြု၏။

ထိုသောအခါတွင်ကား ခဲလုံးများသည့် ဆရာ၏ ကျောပြင်၊ ရင်ဘတ်တို့ပေါ်သို့ တအုန်းအုန်း ကျရောက် ထိမှန်လေတော့သည်။ ဆရာခမျာ ခဲလုံးများ၏ဒဏ်ကို ကြာကြာ မခံစားနိုင်၊ အိမ်ပေါ်မှဆင်း၍ ပြေးရရှာသည်။ နောက်ထပ် ပျောက်ကင်းအောင် ကုသနိုင်သည်ဆိုသော ဆရာနှစ်ယောက်လည်း ရှေးဦးဆရာနည်းတူ အဖြစ်မျိုး ကြုံကြရလေသည်။

မည်သူမျှ မတတ်နိုင်။ လက်မှိုင်ချရသလိုပင် ဖြစ်နေတော့၏။ ခဲလုံးများကား ကျလာနေမြဲ။ ကြာလာတော့ ရိုးနေသလိုပင် ဖြစ်သွားသည်။ မဝင်းနုနှင့် အခြားသူများ ထိုင်စကားပြောနေစဉ်တွင်လည်း ခဲလုံးများက ကျနေ၏။ မည်သူမျှလည်း ကြောက်စရာဟု မထင်တော့ပေ။

'မဝင်းနုရယ်... နင့်အကောင်ကလဲ အဓိပ္ပာယ်မရှိ ခဲလုံးတွေပဲ ပစ်ချနေတယ်။ စားစရာလေးဘာလေး ချပေးရင်လဲ ဟုတ်တုတ်တုတ်'

တစ်ယောက်က ပါးစပ်ဆော့လိုက်မိ၏။ ထိုအခါ ခဲများ ကျနေခြင်း ရပ်တန့်သွားသည်တဲ့။ ခဏအကြာတော့ ဘယ်ဆီက ဘယ်လိုပုံယူလာသည် မသိ"ဖြန်း"ခနဲ ကျလာသည်ကတော့ "ချိုချဉ်"များဖြစ်လို့နေ၏။ ချိုချဉ်တွေမှာ ထိုခေတ်က နာမည်ကြီး ရှာမီချိုချဉ်များ ဖြစ်သည်။

တချို့က မစားရဲကြ။ မကြောက်တတ်သူ ခပ်ရွတ်ရွတ် လူတချို့က "စားစေချင်လို့ ချပေးတာ စားမှာပေါ့" ဟုဆို၍ ယူစားကြည့်တော့လည်း ဘာမျှ မဖြစ်ပါ။

စားစရာနှင့် ပတ်သက်၍ ငါးရံ့ခြောက်ကွင်းကြီးတွေ ကျလာခဲ့ဖူး၏။ တစ်ခါကလည်း ခဲလုံးတွေ အစား "ဘုတ်"ခနဲ ကျလာ၍ ကြည့်လိုက်တော့ လား လား လောလောလတ်လတ် လည်လိမ်၍ အသတ်ခံထားရသော နှစ်ပိဿာခန့် ကြက်ဖအသေကောင် ပူပူနွေးနွေးကြီးကို တွေ့လိုက်ရ၏။

ထိုပရလောကသားသည် အခြားမည်သူ့ကိုမျှ ဒုက္ခမပေး။ မဝင်းနုကလေး၏ နံဘေးနားသို့သာ ခဲလုံးများ ပစ်ချနေလေရာ မဝင်းနုကို နောက်ပိုးပိုးနေကြောင်း ထင်ရှားတော့၏။ ပ,ပျောက်အောင် ကုသနိုင်မည်ကုသရဲသည့် ပုဂ္ဂိုလ်လည်း နောက်ထပ် မပေါ်ထွက်လာတော့ပေ။ ဆရာမနိုင်နှစ်ဆောင်ပြိုင် ဖြစ်၍နေလေပြီ။

* * *

ဒုက္ခရောက်လာသူကတော့ မဝင်းနုကလေးပင်။ စ,တင် ဖြစ်ပွားသည့် အချိန်နှင့် တွက်စစ်ကြည့်လျှင် နှစ်လခွဲနီးနီးခန့် ကြာမြင့်လာပြီဖြစ်၏။ ကာလရှည်ကြာသည်နှင့်အမျှ မဝင်းနုလေး အခြေပျက်လာသည်။ အစားအသောက်၊ အပြောအဆို၊ အနေအထိုင်၊ အအိပ်အနေ မှုမမှန်တော့ တွေဝေငေးမှိုင်၍နေပြီး ကြာလျှင် ရူးသွပ်ပါးတော့မည်ကဲ့သို့ ဖြစ်လာ၏။



www.burmeseclassic.com

www.burmeseclassic.com

ကြုံရာမရသည့်အဆုံး ဘုန်းကြီးကျောင်းသို့ ပို့ကြသည်၏။ ကျောင်းဝင်းထဲအထိ လိုက်၍ ခဲများကျဲခဲ့၏။ ဤနေရာတွင် ဗုဒ္ဓဘာသာ မြန်မာလူမျိုးတို့အတွက် အကြည်ညို၊ သဒ္ဓါတက်စရာ ပေါ်လာ၏။ အခြားမဟုတ်၊ **"အလှူမှာကထိန်၊ ကျောင်းမှာသိမ်"**ဟု ဆိုရိုးရှိသည့်အတိုင်း ဗုဒ္ဓဘာသာဝင်တို့၏ အထွတ်အမြတ်ထားရာ "သိမ်" အဆောက်အအုံပင် ဖြစ်သည်။

**သိမ်ပယ္ဘက်ချထားရာ နယ်နိမိတ်အတွင်းသို့ မဝင်းနုလေး ဝင်မိသည်နှင့် ခဲလုံးများ ပျောက်သွား၏။ သိမ်အတွင်းမှာတော့ ထိုကလေးမ ချမ်းသာစွာ နေရ၏။**

သို့သော် အဘယ်မိန်းမသားသည် "သိမ်ကျောင်း"အတွင်းဝယ် ရေရှည် နေ၍ ရပါမည်နည်း။ အပြင်သို့ ပြန်ထွက်သည်နှင့် ဒုံရင်းက ဒုံရင်းပင် ဖြစ်ပြန်သည်။ ဝဋ်ဒုက္ခကား မသေးတော့ပြီ။

ထိုအခြေသို့ ဆိုက်မှပင် "ကယ်တင်ရှင်"ဟု ခေါ်ရမလား၊ ကုသရဲသည့် ဆရာတစ်ယောက်ပေါ်လာ၏။ ဆရာဆိုသော်လည်း လူငယ်ပိုင်းပင် ရှိပါသေးသည်။ အသက်ကို မေးကြည့်တော့ (၂၈)နှစ်တဲ့။ "ရှေ့နေဆို ပျိုမှ၊ သမားဆို အိုမှ"ဆိုရိုးနှင့်တော့ အတော်လေး ကွာဟ၍နေသည်။

သူ့ရှေ့က ကုသခဲ့သည့် ဆရာတွေနှင့်စာလျှင် သူက အပုံကြီး ငယ်နေ၏။ ဆရာလေး၏ နာမည်က "ကိုမြင့်နိုင်" ဟု ခေါ်သည်။ ကိုအောင်ကျော်တို့နှင့် တစ်မြို့တည်းသားတွေပင် ဖြစ်၏။

'ကျွန်တော် ခရီးသွားနေလို့ပါဗျာ။ အခုပြန်ရောက်တော့ ဒီသတင်းကြားပြီး လာကြည့်တာ။ စောစောက ကျွန်တော်ရှိရင် ဒီကလေးမ ဒီလောက်တောင် အကြာမခံရပါဘူးဗျာ။ စိတ်မပူကြပါနဲ့ ကျွန်တော် ကုပေးပါ့မယ်'

ကိုမြင့်နိုင်က ဒီလိုပြောတော့...

'ဖြစ်ပါ့မလား ကိုမြင့်နိုင်၊ အရင် ဆရာတွေတုန်းက အတော်ခံလိုက်ရတယ်။ အခုကောင်မလေးရဲ့ အခြေအနေကလဲ သိပ်ပြီး အကဲမရတော့ဘူး။ ပိုပြီး ဆိုးဆိုးရွားရွား ဖြစ်လာမှာ စိုးတယ်ဗျာ'



ကိုအောင်ကျော်က မဝံ့မရဲဖြင့် စောဒကတက်၏။

'မစိုးရိမ်ပါနဲ့ ကိုအောင်ကျော်၊ ဒီကလေးမကို မနက်ဖြန် ကျွန်တော်ကုမယ်။ မနက်ဖြန်မှာပဲ ပျောက်သွားစေရမယ်ဗျာ။ အချိန်မလွန်သေးပါဘူး စိတ်ချသာ နေပါ'

ကိုမြင့်နိုင်က ရဲရဲပင် အာမခံလေသည်။

နောက်တစ်နေ့ နံနက်တွင် ကိုမြင့်နိုင်သည် ရေမိုးချိုး၍ သပ်ရပ်စွာ ဝတ်ဆင်ပြီး လူနာကုသရန်လာ၏။ သူ့မျက်နှာသည် တည်ငြိမ်ကြည်လင်စွာဖြင့် မိမိကိုယ်ကို ယုံကြည်မှုအပြည့် ရှိပုံ ရလေ၏။ စိတ်ဝင်စားသော လူအချို့လည်း လာရောက် ကြည့်ရှုကြသည်။

ကိုမြင့်နိုင်က လူတွေကို အိမ်ပြင်မှာပဲ နေစေ၏။ မဝင်းနုကို ဘုရားကျောင်းဆောင်တော်ရှေ့မှာ ထိုင်ခိုင်းပြီး ဘုရားရှိခိုး ကန်တော့စေသည်။ ကိုမြင့်နိုင်၏ ကုသပုံသည်လည်း ရှေးဦးဆရာများနှင့် မကွာလှပါ။ အုန်း၊ ငှက်ပျောတို့ဖြင့် ပွဲတစ်ပွဲတော့ တွေ့၏။

သာသနာ့ပွဲဆိုလား ပန်း၊ ရေချမ်း၊ ဆီမီး၊ နံ့သာတိုင်တို့ဖြင့် ဘုရားရှင်အား ရည်မှန်း၍ ပူဇော်၏။ နှုတ်ကလည်း တတွတ်တွတ်နှင့် ရွတ်ဖတ်သရဇ္ဈာယ်တာ တွေ့ရ၏။ လုပ်ချင်းတူသော်လည်း အသက်ရှူချင်း ကွဲသည်ဆိုရမလား။ ဟိုဆရာများတုန်းက ခဲနှင့်ချည်း အထုခံကြရသည်။ ကိုမြင့်နိုင်နှင့်ကျတော့ အစပိုင်းမှာ ခဲလုံးများ ကျ၍နေသေးသည်။ တစ်အောင့်လောက်ကြာတော့ ခဲများ ကျနေသံ ပျောက်သွားပါရောလား။

ထိုအခါ ကိုမြင့်နိုင်သည် ဘုရားရှင်အား ကပ်လှူထားသော သောက်တော်ရေတစ်ခွက်ကိုစွန့်၍ မဝင်းနုလေးအား တိုက်၏။ ထို့နောက် ပြုံးရွှင်စွာဖြင့် ကြေညာလိုက်လေသည်။

'ကဲဗျာ အားလုံးပဲ အောင်မြင်စွာ ကုသလို့ ပြီးပါပြီ။ နောက်ထပ် ဘာအနှောင့်အယှက်မှ မရှိတော့ပါဘူး'

လူများလည်း မယုံမရဲနှင့် လာ၍ ကြည့်ကြ၏။ မှန်ပါသည်။ ခဲလုံးများ ကျနေခဲ့ဖူးသည်မှာ ဟုတ်ပါရဲ့လားဟုပင် ယုံမှားချင်စရာ။ မဝင်းနုလေးကိုလည်း ရွှင်လန်းစွာ တွေ့ရ၏။ မဝင်းနုလေးကား ဝမ်းသာလွန်းသဖြင့် မျက်ရည်များပင် ကျလာပြီး ကိုမြင့်နိုင်ကို ထိုင်၍ ကန်တော့လေတော့သည်။

ပျောက်မည့် ပျောက်တော့လည်း ခဏကလေးပါလား။ လူသားတို့ သဘာဝ သိချင်ဇောဖြင့် ဆရာလေး ကိုမြင့်နိုင်ကို မေးခွန်းတွေ မေးကြ၏။ ဆရာလေး ကိုမြင့်နိုင် အစွမ်းထက်လှပါဘိ။ အဆောင်ကောင်းတော့ ရှိရမည်။

မဝင်းနုကို နှောင့်ယှက်သော ဝရလောကသားသည် မည်သို့သော ဘုံသား၊ မည်သို့သော အမျိုးအစား



www.burmeseclassic.com

www.burmeseclassic.com

ပါလဲ၊ ဘယ်အတွက်ကြောင့် နှောင့်ယှက်နေရပါသလဲ စသည်ဖြင့် မေးခွန်းများစွာ။

ကိုမြင့်ခိုင်ကလည်း အေးအေးဆေးဆေးပင် ရှင်းပြပါ၏။

* * *

'ဒီလိုအဖြစ်မျိုး ဆိုတာကတော့ ဖြစ်တောင့်ဖြစ်ခဲ ရှားရှားပါးပါး ဖြစ်ရပ်ပေါ့ဗျာ။ ဒါပေမယ့် ကျွန်တော်က ကျွန်တော်ရဲ့ ဘိုးအေများ လက်ထက်မှာ အလားတူ ခပ်ဆင်ဆင် ဖြစ်ရပ်မျိုးအကြောင်း ကြားဖူးထားခဲ့တယ်။ ကုသပုံနည်းကိုပါ သိလိုက်ရတယ်။

အမှန်တော့ "အညာ"ကို ကိုင်ပြီး ကုသလိုက်တာပါပဲ။ ဒီအကောင်က ဒီအရပ်ကလဲ မဟုတ်ဘူးဗျာ။ ဟသ်ာတက ပါလာတဲ့ အကောင်ဗျ။ ထားပါတော့ ဟသ်ာတက ဖြစ်ဖြစ်၊ ဘယ်ကပဲ ဖြစ်ဖြစ်ပေါ့၊ မျိုးမတူ ဇာတိခြား ပရလောကသားက လူသားမိန်းကလေးကို လာပြီး ချစ်ကြိုက်တယ်ဆိုတာ သူ့အရာ မဟုတ်တာကို လုပ်တာ။ ကျူးကျော်တာ၊ စည်းကျော်တာပေါ့ဗျာ။

အမှန်တော့ ဒီလို လုပ်လို့ မရဘူး၊ လုပ်ပိုင်ခွင့်မရှိဘူး။ ကျွန်တော်တို့ လူ့လောကမှာ အာဏာပိုင်အဖွဲ့အစည်းတွေ အဆင့်ဆင့် သူ့လုပ်ပိုင်ခွင့်နဲ့ သူရှိသလို သူတို့လောကမှာလဲ ရှိတာပဲဗျ။ ဒီအကောင် ဒီလိုလုပ်နေနိုင်တာဟာ သူ့အထက်က အရေးမယူလို့၊ လျစ်လျူရှုထားလို့ "နှာစေးနေလို့"ဖြစ်နေရတာပေါ့။ နောက်ပြီး ဒီကလေးမရဲ့ "ဝဋ်ကြွေး"လဲ ပါရင်ပါလိမ့်မပေါ့ဗျာ။

သံသရာ ခရီးရှည်ကြီးရဲ့ အတိတ်ဇာတ်ကြောင်းတွေမှာ သူတို့ချင်း ဘယ်လို ပတ်သက် ဆက်နွယ်ခဲ့တယ်ဆိုတာလဲ ကျွန်တော်တို့ သာမန်လူတွေ မြင်နိုင်ပြောနိုင်တဲ့အရာမှ မဟုတ်တဲ့။ ကျွန်တော်က အဲဒီ "အညာ"ကိုကိုင်ပြီး အထက်ပုဂ္ဂိုလ် ဆိုင်ရာပိုင်ရာများကို မေတ္တာပို့ အသိပေးပြီး ကျူးကျော်သူကို အရေးယူပေးဖို့ မေတ္တာရပ်ခံလိုက်တာပါ။ အခုတော့ သူ့တို့ သူ့ဌာန ပြန်ရောက်သွားလောက်ပါပြီ။ အဲ သူ့ခမျာ အသည်းတော့ ကွဲများ ကွဲသွားမလား မသိဘူးဗျာ။ အဟဲ'

ကိုမြင့်ခိုင်၏အပြောကို ကျန်လူများက သဘောကျစွာဖြင့် ရယ်ကြ၏။

'ကိုမြင့်ခိုင် အဲဒီအကောင်က ဘယ်လို ဘုံသားမျိုးပါလိမ့်ဗျာ'

ကိုအောင်ကျော်က ဝင်မေး၏။

'အဲဒီအကောင်ဟာ **"သူယောင်"** ပါ ကိုအောင်ကျော်'

'ဘယ်လို သူယောင်လဲဗျာ။ တစ္ဆေတို့၊ သရဲတို့နဲ့ မတူဘူးလား'

'အပါယ်ဘုံသားချင်းတော့ တူပါတယ်ခင်ဗျာ။ ဒါပေမယ့် လူအများ ခေါ်နေကြတဲ့ တစ္ဆေတို့၊ သရဲတို့ဆိုတာ ဝေဟာနိက ပြိတ္တာတွေပါ။ ပြိတ္တာဘုံကပေါ့။ အခု သူယောင်ဆိုတဲ့ အကောင်က သူရာဆိုတဲ့စကားကနေ ရွေ့လျောလာတာပါ။ အသူရကာယ် ဘုံသားတစ်မျိုးပေါ့။ ဘုရားဟော ဒေသနာတော်အရ အသူရကာယ်တွေဟာ အထက်နတ်တွေအောက်၊ ယုတ်ညံ့သေးသိမ်တဲ့ စတုမဟာရာဇ်ဝင် နတ်တစ်မျိုးလို့ သိရပါတယ်။

အသူရာကလဲ ငါးမျိုးငါးစား ရှိပါတယ်။ သိကြားမင်းနဲ့ စစ်ခင်းခဲ့တဲ့ အသူရာကလဲ တစ်မျိုးပေါ့။ သူ့အဆင့်နဲ့သူ ကမ္ဘဝိဒ္ဓိတန်ခိုး အနည်းအကျဉ်းစီ ရှိကြပါတယ်။ ကမ္ဘဝိဒ္ဓိ တန်ခိုးအသင့်အတင့် ရှိလို့လဲ ဒီကောင် ဒီလို လုပ်နေနိုင်ခဲ့တာပါ'

'တစ်လက်စတည်း မေးရဦးမယ်ဗျာ။ ကိုမြင့်ခိုင်မှာ အဆောင်ကောင်း ဖြစ်ဖြစ်၊ ဆေးဝါးကောင်းဖြစ်ဖြစ် တစ်ခုခုတော့ ရှိရမယ်ထင်တယ်။ အရင်ဆရာတွေတုန်းက အိမ်ပေါ်က ဆင်းပြေးရတာချည်းပဲ။ ကိုမြင့်ခိုင်ကျတော့ ဘာမှ မဖြစ်တဲ့အပြင် ကုလိုက်တာလဲ ခဏလေးနဲ့ ပျောက်သွားတယ်။ အဆောင်ကောင်း၊ ဆေးဝါးကောင်းရှိရင်လဲ သိဂွက်မထားပါနဲ့ဗျာ၊ ဝေငှပါဦး'

'ခင်ဗျားတို့က ကျွန်တော့် အထင်ကြီး[illegible] တာကိုး။ မှန်သော သစ္စာစကားပြော[illegible] ကျွန်တော့်မှာ ဘာအဆောင်လက်ဖွဲ့ မ[illegible] ပါဘူး။ ဘယ်လောကီ ဘာသာရေးဂိုဏ်း[illegible] လဲ ကျွန်တော် ဝင်မထားတာ ခင်ဗျား[illegible] အသိပဲလေ။ ဆေးဝါးနဲ့ ပတ်သက်[illegible] ကိုယ်ပေါ်မှာလဲ စုတ်ပေါက်ရာ တစ်[illegible] မရှိပါဘူး။

အဲ ဒါပေမယ့် အားကိုးတစ်ခုတော့ ရှိတ[illegible] ဗျာ။ ကျွန်တော်ဟာ အကောင်းအဆိုး [illegible] တတ်တဲ့ အရွယ်ကတည်းက ငါးပါးသီ[illegible] ကို အတတ်နိုင်ဆုံး လုံခြုံစေခဲ့ပါတယ်[illegible] ဒီ့အပြင် ပရိတ်ကြီး( ၁၁ )သုတ်ကိုလဲ ည[illegible] ဝတ်မပျက် ယုံယုံကြည်ကြည် လေး[illegible] နက်နက် နှစ်များစွာ ရွတ်ဆိုပူဇော်ခဲ့တ[illegible] အထူးသဖြင့် မေတ္တသုတ်နဲ့ အာဋာနာဋိ[illegible] သုတ်တော်တို့ဆိုရင် "ထုံ"ပြီးတော့[illegible] နေတယ်။

အဲဒီအချက်အလက်တွေကို သ[illegible] အမှီဌာန်ရတာပေါ့။ တစ်နည်းပြော[illegible] ဒီကိစ္စမှာ အဲဒီအားကိုးတွေနဲ့ မိုက်ပစ်[illegible] တယ်ဆိုပါတော့ဗျာ'

ကြည်လင်ရွှင်ပျစွာဖြင့် ရှင်းပြ[illegible] သော ကိုမြင့်ခိုင်၏ စကားအဆုံး[illegible] လေးစားအားကျသောအကြည့်များက[illegible] ထံသို့ဦးတည်လျက်ရှိနေပါတော့သည်[illegible]

ဖော်ပြပါ အဖြစ်အပျက်[illegible] ကိုအောင်ကျော်ဟု အမည်ပေးထား[illegible] တစ်ယောက်ကတော့ဖြင့် ကွယ်[illegible] သွားခဲ့ရှာပါပြီ။ ကျန်သော ကာယ[illegible] ရှင်များ သက်ရှိထင်ရှား ရှိနေပါ[illegible] သည်။ ဂုဏ်သိက္ခာတို့ကို ငဲ့ကွက်[illegible] အားဖြင့် အမည်၊ နေရပ်တို့ လွှဲပြော[illegible] ထားရပါကြောင်း။

နေလင်းကျော် (ထူးခြား)

www.burmeseclassic.com

ကျွန်ုပ်၏ လက်စွဲတော် ခရီးဆောင် ကွန်ပျူတာကလေးကို တယ်လီဖုန်းလိုင်းနှင့် ဆက်သွယ်ကာ အင်တာနက်မှ တစ်ဆင့် မိမိ၏ အီးလက်ထရွန်းနစ်စာဘူးကို ဖွင့်ကြည့်လိုက်သည့်တွင်မူ ပုံမှန်ဝင်နေကျစာများထက် ထူးခြားနေသော စာတစ်စောင်ကို တွေ့လိုက်ရတော့၏။

အဘယ်ကြောင့်ဆိုသော် ယင်းစာ၏ အကြောင်းအရာပြ နေရာဝယ် **"သင့်မျက်လုံးများအတွက်သာ (For Your Eyes Only)"**ဟူ၍ ရေးသားထားသော ကြောင့်ပင် ဖြစ်လေ၏။

သို့ရာတွင် ယင်းသို့သော ထူးဆန်းစိတ်ဝင်စားဖွယ်ရာ ခေါင်းစဉ်တပ်ထားသည့် စာမျိုးမှာ ကွန်ပျူတာကို အနှောင့်အယှက်ဖြစ်စေတတ်သော ကွန်ပျူတာ ဗိုင်းရပ်(စ်)များ ဖြစ်နေတတ်သည်ကို

လွန်ခဲ့တဲ့ နှစ်ပေါင်းငါးရာလောက်က ဂျာမနီနိုင်ငံမှာ ဒေါက်တာဖော့စတပ် ဆိုတဲ့ ဂမ္ဘီရပညာရှင်တစ်ဦး ပေါ်ထွန်းခဲ့ပါတယ်။

သူဟာ မျိုးကောင်းရိုးကောင်းက ဆင်းသက်လာတာတော့ မဟုတ်ပါဘူး။ ဒါပေမယ့် ထူးချွန်ခဲ့သူ တစ်ယောက်ပါပဲ။ သူ့ရဲ့ ကြိုးစားမှုကြောင့် ဆေးပညာဆိုင်ရာ ဒေါက်တာတစ်ယောက် ဖြစ်လာခဲ့ပါတယ်။

ဆေးကုတဲ့ အခါမှာလဲ အောင်မြင်ကျော်ကြားတဲ့သူ ဖြစ်လာခဲ့ပြန်ပါတယ်။ ဒါပေမယ့် သူ့ရဲ့ဆေးပညာနဲ့ ပတ်သက်လို့ သူ မကျေမနပ် ဖြစ်နေပြန်ပါတယ်။

အဲဒါကတော့ သူဟာ နေမကောင်းဖြစ်နေသူတွေကို ကျန်းမာလာအောင်သာ ဆေးကုသပေးနိုင်ပြီး ထာဝရ မသေဆုံးနိုင်အောင်တော့ ဘယ်လိုမှ မတတ်နိုင်တာကိုပါပဲ။

ဒီမှာတင် သူ့ရဲ့ ခံယူချက်ဟာ ပြောင်းသွားခဲ့ပါတော့တယ်။ သူဟာ မသေမယ့်နည်းလမ်းကို ရှာဖွေရင်းက ဂမ္ဘီရပညာတွေကို အစွမ်းကုန် လေ့လာပြန်တော့တာပါပဲ။ သူ့ရဲ့ လေ့လာမှုကလဲ အင်မတန်မှကို ကြောက်စရာကောင်းလှပါတယ်။

တင်းတိမ်ရောင့်ရဲမှု ဘယ်တော့မှ မရှိတဲ့ လေ့လာခြင်းမျိုးနဲ့ လေ့လာလိုက်စားနေတာကြောင့်ပါပဲ။ တစ်နေ့မှာ တစ်ကမ္ဘာလုံးက သူ့ကို လေးစားကြရမယ် ဆိုတဲ့ ခံယူချက်နဲ့ လေ့လာလိုက်စားနေ

# ဒေါက်တာဖော့စတပ်

သုတေသီတစ်ဦး

သိထားနှင့်လေသောကြောင့် စာကို ချက်ချင်း ဖွင့်မဖတ်သေးဘဲ ကြိုတင်စီစဉ် ဆောင်ရွက်ရမည့် လုံခြုံရေး အစီအစဉ်များကို အရင်ဆုံး ပြုလုပ်ပြီးမှသာလျှင် စာကို ကျွန်ုပ်၏စက်ထဲသို့ ကူးယူလိုက်ပါသည်။

ထို့နောက် ထပ်မံ၍ စစ်ဆေးကြည့်ပြီး စိတ်ချရပြီဟု နိုင်လုံစွာ သိရသဖြင့် စာကို ဖွင့်၍ဖတ်လိုက်ရာ အောက်ပါအတိုင်း ရေးသားထားသည်ကို တွေ့ရလေတော့သတည်း။

* * *

**ခင်မင်ရပါသော မစ္စတာအောင်...**

ဒီစာကို နည်းမျိုးစုံနဲ့ စစ်ဆေးပြီးတော့လဲ ဖတ်ကြည့်ရတော့တာပဲ မဟုတ်လား?။ ဒီတော့ ဖတ်လက်စနဲ့ ဆုံးတဲ့အထိ ဖတ်ဖြစ်အောင် ဖတ်ပါလို့ လေးလေးနက်နက် တိုက်တွန်းချင်ပါတယ်။




▲ ဒေါက်တာဖော့စတပ်၏ ပုံတူ


တာပါပဲ။

**ဒါနဲ့ သူဟာ မိစ္ဆာတွေနဲ့ ပြောဆို ဆက်သွယ်နိုင်တဲ့အဆင့်ကို ရောက်လာခဲ့ပါတယ်။ အဲဒီမှာပဲ နတ်ဆိုးနဲ့နတ်ကောင်း နှစ်ပါးတို့က ဒေါက်တာဖော့စတပ်ကို သူ့ဘက် ကိုယ့်ဘက် စည်းရုံးသိမ်းသွင်းကြတော့တာပါပဲ။**

ဒါပေမယ့် ဒေါက်တာဖော့စတပ်ဟာ နတ်သူတော်ကောင်းရဲ့ စည်းရုံးမှုကို မလိုက်နာဘဲ နတ်ဆိုးရဲ့ဘက်ကိုပဲ ပါ သွားပါတော့တယ်။

သူ ဖြစ်ချင်တာကလဲ တစ်ကမ္ဘာလုံး သူ့ ခြေဖဝါးအောက် ရောက်ဖို့ပေါ့။ တစ်ကမ္ဘာလုံးက ရှိရှိသမျှ ဉစ္စာသိုက်တွေထဲက ရွှေငွေရတနာတွေကိုလဲ သူ လိုချင် ပြန်သေးတယ်။ ပင်လယ် သမုဒ္ဒရာတွေထဲက ပုလဲတွေကိုလဲ သူ လိုချင်တယ်။ ပြီးတော့ လူ့စည်းစိမ်ကို

www.burmeseclassic.com



ပေစာလက်ရေးမူ

အဆုံးစွန်အထိ ခံစားမယ်ပေါ့။

ဒီတော့ သူဟာ နတ်ဆိုးရဲ့ ညွှန်ကြားမှုအရ ကမ္ဘာအရပ်ရပ်က ဂမ္ဘီရဆရာကြီးတွေဆီကို လှည့်လည် သွားလာပြီး ပညာရပ်မျိုးစုံကို သင်ယူတော့တာပါပဲ။

ဂျာမနီက လူတွေလဲ သူ့ကို မတွေ့ရတာကြာတော့ လိုက်ပြီး စုံစမ်းကြတာပေါ့။ ဒါပေမယ့် ဒေါက်တာဖော့စတပ် တစ်ယောက် ဘ ယ်ကိုရောက်နေမှန်း ဘယ်သူမှ မသိကြရပါဘူး။

ဒါပေမယ့် တစ်နေ့မှာတော့ ဒေါက်တာဖော့စတပ် တစ်ယောက် ဂျာမနီကို ပြန်ရောက်လာပါတယ်။

**သူဟာ နတ်မိစ္ဆာတွေရဲ့အချုပ် လူစီဖာနတ်ဆိုးရဲ့ ကတိကဝတ် ပြုလိုက်ပြီပေါ့။ ဘယ်လို ကတိကဝတ် လုပ်ထားတာလဲဆိုတော့ လူ့ဘုံမှာ (၂၄)နှစ်တိတိ လူ့စည်းစိမ်ကို အပြည့်အဝ ခံစားခွင့်ကို လူစီဖာက သူ့ကို ပေးမယ်။**

**သူကလဲ အဲဒီလို ခံစားပြီးလို့ (၂၄) နှစ်ပြည့်တာနဲ့ သူ့ရဲ့ဝိညာဉ်ကို လူစီဖာကို ထာဝရ ပြန်ပေးရမယ်။ ဒါဟာ ငရဲမှာ ထာဝရ နေသွားရမယ်ဆိုတဲ့ သဘောပါပဲ။ စည်းစိမ်ခံစားရမယ့် (၂၄)နှစ်တာကာလနဲ့ ထာဝရငရဲကို လဲလိုက်တာပါပဲ။**

သူတို့ ကတိကဝတ်တွေ ဆွေးနွေးနေတုန်းက ဖော့စတပ်ရဲ့ ကိုယ်စောင့်နတ်က ပေါ်လာပြီး သတိတွေ အတန်တန်ပေးပါသေးတယ်။ ဒါပေမယ့် ဖော့စတပ်ကို တားလို့မရခဲ့ပါဘူး။ ဖော့စတပ်ဟာ ကတိကဝတ်စာချုပ်မှာ သူ့ရဲ့သွေးနဲ့ပဲ လက်မှတ်ထိုးလိုက်ပါတော့တယ်။

နှစ်ဦးနှစ်ဖက် သဘောတူ ကျေနပ်သွားကြပြီးပြီ ဆိုတာနဲ့ ဖော့စတပ်ဟာ ကမ္ဘာအရပ်ရပ်က သိုက်ညွှန်းတွေကို လူစီဖာဆီကနေ တောင်းပါတော့တယ်။ လူစီဖာကလဲ ပေးရတော့တာပေါ့။

အဲဒီအထဲမှာ ခင်ဗျားတို့နိုင်ငံက ဟာတွေတောင်ပါတယ်လို့ သိရပါတယ်။ ဒါတွေကို ဖော့စတပ်ဟာ သူ့ရဲ့လျှို့ဝှက်သင်္ကေတတွေအဖြစ် ပြောင်းပြီး ပြန်ကူးပါတယ်။

ပြီးတော့ ဂမ္ဘီရပညာဆိုင်ရာ ပညာတွေကိုလဲ လူစီဖာဆီကနေ သင်ယူပြန်ပါတော့တယ်။ ဒေါက်တာဖော့စတပ်ရဲ့ အစွမ်းကတော့ ကြောက်ခမန်းလိလိ ဖြစ်နေပါပြီ။

ကွယ်လွန်သူ ကေရာဇ်ကြီးတွေရဲ့ ဝိညာဉ်တွေကိုလဲ ဆင့်ခေါ်နေနိုင်ပါပြီ။ သူ့ကို အပြစ်ပြောတဲ့သူတွေကိုလဲ သူက ပြန်ပြီး ဒုက္ခတွေ ပေးနိုင်နေပါပြီ။ သူ တတ်ထားတဲ့ ပညာရပ်တွေကိုလဲ မှတ်စုတွေ ရေးတန်ရေး၊ တစ်ဆင့်သင်လိုသင် လုပ်ခဲ့ပါတယ်။

သူ ထားရစ်ခဲ့တဲ့ မှတ်စုမှတ်တမ်းတွေဟာ အများကြီးပါပဲ။ ဒီလိုနဲ့ပဲ ဒေါက်တာဖော့စတပ်ဟာ သူ့ရဲ့ နောက်ဆုံးအချိန်မှာတောင် ကမ္ဘာကျော် အလှဘုရင်မ ခေါ်မမင်းသမီး ဟယ်လင်ကို ဆင့်ခေါ်ပြီး လောကစည်းစိမ်ကို အစွမ်းကုန်ခံစားခဲ့ပါတယ်။ ဒါပေမယ့် သူ သေဆုံးတဲ့အခါမှာတော့ သူ့ဝိညာဉ်ကို နတ်ဆိုးတွေ ဆွဲခေါ်သွားကြတော့တာပါပဲ။

ဒေါက်တာဖော့စတပ်ရဲ့ ကြေကွဲဖွယ်ရာ ဘဝဇာတ်ကြောင်းကတော့ ဒါပါပဲ။

**ဆက်ပြောချင်တာကတော့ ဒေါက်တာဖော့စတပ်ရဲ့ ပညာရပ်တွေဟာ ယနေ့ဆိုရင် ကမ္ဘာအရပ်ရပ်မှာ ပုံစံအမျိုးမျိုးနဲ့ ပျံ့နှံ့လို့နေတယ် ဆိုတာပါပဲ။ နှစ်တွေကြာလာတော့လဲ သူ့ပညာ ကိုယ့်ပညာတွေ ရောနှောကုန်ပြီပေါ့လေ။**

ခင်ဗျားကိုယ်တိုင်ဟာလဲ ဒေါက်တာဖော့စတပ် ချန်ထားရစ်ခဲ့တဲ့ ပညာရပ်တွေကို လေ့လာပြီးနေပြီ မဟုတ်လား။ ဒေါက်တာဖော့စတပ်ရဲ့ နတ်မိစ္ဆာကို ဆင့်ခေါ်ပုံဆင့်ခေါ်နည်း မှတ်တမ်းတွေတောင် ခင်ဗျားဆီမှာ ရောက်နေပြီ မဟုတ်လား။

ပညာရပ်နဲ့ပတ်သက်လို့ တားပိုင်ခွင့် မရှိပါဘူး။ ပညာရပ်ဆိုတာ သင်တိုင်းလဲ တတ်ချင်မှ တတ်တာပါ။ တတ်တိုင်းလဲ အသုံးချခွင့် ရနိုင်မှရတာပါ။ အသုံးချဖို့ကိုလဲ သိချင်မှ သိတာပါ။

ဒီတော့ ကမ္ဘာအရပ်ရပ်ကို ပုံစံအမျိုးမျိုးနဲ့ ပျံ့နှံ့သွားပြီဖြစ်တဲ့ ဒေါက်တာဖော့စတပ်ရဲ့ ပညာရပ်တွေကို လိုက်သိမ်းဖို့ ကျုပ်တို့မှာ အစီအစဉ် မရှိပါဘူး။

သို့သော် သူ့ရဲ့ သိုက်ညွှန်းမှတ်တမ်းတွေကိုတော့ ကျုပ်တို့ မရရအောင် ပြန်သိမ်းနေကြပါတယ်။ **ဒါတွေဟာ သာမန်လူသားတွေနဲ့မဆိုင်တာကြောင့်ပါပဲ။**

ကိုယ်နဲ့မဆိုင်တာကို ရခဲ့ပြန်ရင်လဲ ပြဿနာအမျိုးမျိုးကို ကြုံရကြမှာ စိုးရိမ်တာလဲ ပါပါတယ်။ ဒီတော့ကာ ခင်ဗျားဆီမှာ ရှိနေတဲ့ ဒေါက်တာဖော့စတပ်ရဲ့ သိုက်ညွှန်းတစ်စောင်ကို အမြန်ဆုံး ဖျက်ဆီးပစ်လိုက်စေချင်ပါတယ်။

ကျုပ်တို့ဆီကို ပို့ဖို့ မပြောပါဘူး။ ခင်ဗျားရဲ့လက်ထဲမှာ မရှိတော့ဘူးဆိုရင် ပြီးတာပါပဲ။ ဒါပေမယ့် ဒေါက်တာဖော့စတပ်ရဲ့မှတ်တမ်း ခင်ဗျားဆီမှာ ရှိနေတယ်ဆိုလို့ မအံ့ဩသွားနဲ့ပေါ့။





www.burmeseclassic.com

www.burmeseclassic.com

# ဒိဗ္ဗ မယ်ဒိဗ္ဗ ဝိဇ္ဇာကျင့်ကြီးများ

## နှင့်

## တွေ့ဆုံခြင်း



ဆရာ ဦးရဲအောင်
[သိပ္ပံလက္ခဏာ+နက္ခတ္တဗေဒ+သင်္ချာဗေဒ]



### သူရဿတီမယ်တော်နှင့် တွေ့ဆုံခြင်း

သူရဿတီဂါထာတော်

- ✪ ပိဋကတ္တယ သမ္ပုဏ္ဏာ၊
  သဗ္ဗသိဒ္ဓိ သုခါဝဟာ။
  ဇိဝှဂ္ဂေ မေ နိသီဒိတွာ၊
  မံ တာရေတု သူရဿတီ။
- ✪ သူရဿတီ စ မေ မာတာ၊
  မေ မာတာ စ သူရဿတီ။
  အနုကမ္ပံ ဥပါဒါယ၊
  လာဘံ ဒေဟိ သူရဿတီ။

**အနက်**

**ပိကတ္တယသမ္ပုဏ္ဏာ၊** ပိဋကတ်သုံးပုံနှင့် ပြည့်စုံသော။ **သဗ္ဗသိဒ္ဓိ သုခါဝဟာ၊** အလုံးစုံသော ပြီးစီးခြင်း၊ ချမ်းသာခြင်းကို ဆောင်တတ်သော။ **သူရဿတီ၊** သူရဿတီနတ်သမီးသည်။ **မေ၊** အကျွန်ုပ်၏။ **ဇိဝှဂ္ဂေ၊** လျှာဖျား၌။ **နိသီဒိတွာ၊** ထိုင်၍။ **မံ၊** အကျွန်ုပ်ကို။ **တာရေတု၊** ဘေးရန်မပေါက် ချမ်းသာရောက်အောင် စောင့်ရှောက်ဆောင်ယူပါစေသတည်း။

**သူရဿတီစ၊** သူရဿတီမယ်တော်သည်ကား။ **မေ၊** အကျွန်ုပ်၏။ **မာတာ၊** မယ်တော်ပါတည်း။ **မေ၊** အကျွန်ုပ်၏။ **မာတာ၊** မယ်တော်ကား။ **သူရဿတီ၊** သူရဲသဿတီပါတည်း။ **သူရဿတီ၊** သူရဿတီမယ်တော်သည်။ **အနုကမ္ပံ၊** အစဉ်သနား စောင့်ရှောက်ခြင်းကို။ **ဥပါဒါယ၊** အစွဲပြု၍။ **လာဘံ၊** လာဘ်ကို။ **ဒေဟိ၊** ပေးပါလော့။

*[ဤဂါထာတော် ပါဠိအနက်ကို နက္ခတ္တရောင်ခြည်မဂ္ဂဇင်းနှင့် ပါရမီမဂ္ဂဇင်းတို့၏ ပါဠိ အယ်ဒီတာဆရာကြီး ဦးသန်းအောင်ရွှေ [ဓမ္မာစရိယ (မဟာဝဏ္ဏိဒီမြန်မာဂုဏ်ထူး)၊ ဒီဃ ဘာဏက-ဒီဃနိကာယ ကောဝိဒ (နိကာယဝိပုလ)] မှ ပြန်ဆိုပေးပါသည်။]*

'သူရဿတီမယ်တော် ဂါထာပဲ ကွယ့်'

'မှန်လှပါ့ဘုရား'

'မောင်ရင် တစ်နေ့ဘယ်နှစ်ခေါက် ရွတ်ဆိုသလဲကွယ့်'

'ပုတီးတစ်ပတ် (၁၀၈)ခေါက်ပါ ဘုရား'

'ဘယ်အရွယ်ကစပြီး ရွတ်ဆိုခဲ့သလဲ ကွယ့်'

'ငယ်စဉ် ကျောင်းသားဘဝကတည်းက စတင် ရွတ်ဆိုပါတယ် ဘုရား။ သည်...



www.burmeseclassic.com

www.burmeseclassic.com

တော် ငယ်စဉ်ကဆိုရင် အလွန်ဉာဏ်ထိုင်းပါတယ်ဘုရား။ စာကျက်ခိုင်းလဲမရ၊

မရတော့ ဆရာကရိုက်၊ ရိုက်တော့ ကျောင်းပြေး၊ ကျောင်းပြေးတော့ စာမေးပွဲကျ။ ဒီတော့ ဘာဖြစ်လာသလဲဆိုရင် လူလဲ တေလေဖြစ်သွားရောဘုရား'

'ဒီအဆင့်မျိုးရောက်အောင် ဘယ်လိုပြောင်းလဲလာတာလဲကွယ့်'

'အိမ်ကို ဆွမ်းခံကြွလာတဲ့ ကိုယ်တော်လေးက မင်းအတော်ဉာဏ်ထိုင်းတာပဲ၊ ဉာဏ်ကောင်းလာချင်ရင်၊ တော်လာချင်ရင် စာမေးပွဲလဲအောင်မယ်။ လူချစ်လူခင်လဲ များမယ်၊ စန်းပွင့်မယ်။ လာဘ်လာဘလဲ ပေါများချင်ရင် သူရဿတီမယ်တော်ဂါထာ ရွတ်ကွဆိုပြီး ပေးခဲ့တာပဲဘုရား'

'အဲဒီလိုလဲရွတ်ရော ပြောင်းလဲရောလား'

'မှန်ပါ့ တိုးတက်ပြောင်းလဲတော့တာပဲဘုရား။ စာတွေလဲကျက်တိုင်းရ၊ ဉာဏ်ပညာတွေလဲကောင်း၊ စာမေးပွဲလဲအောင်၊ မုန့်ဖိုးတွေလဲရ၊ ငွေရေးကြေးရေးလဲ မရှား။ လူချစ်လူခင်ကလဲ များလာလိုက်တာ၊ မပြောပါနှင့်တော့ဘုရား'

'အင်း အကျိုးပေးချိန်တန်ပြီကိုးကွယ့်။ မောင်ရင်ကော ယုံကြည်မှုရှိရဲ့လားကွယ့်'

'ယုံပါတယ်ဘုရား။ ကိုယ်တွေ့လဲ အောင်မြင်မှုတွေရတော့ ပိုပြီး ယုံကြည်လာပါတယ်ဘုရား'

'အခု အသက်ကြီးပိုင်း ရောက်တော့ကောကွယ်'

'ယုံယုံကြည်ကြည်နဲ့ ဆက်လက်ရွတ်ဆိုပွားများနေဆဲပါပဲ ဘုရား'

'ငါတို့ ဗုဒ္ဓဘာသာတွေမှာတော့ ဘုရား၊ တရား၊ သံဃာသည်သာလျှင် ကိုးကွယ်ရာ အစစ်ဖြစ်တယ် မဟုတ်လားကွယ်'

'ဟုတ်ပါတယ်ဘုရား သို့သော်...'

'သို့သော်... ဘာများလဲကွယ့်'

'ကိုးကွယ်သည့်တော့ မဟုတ်။ ပူဇော်ခြင်း၊ ပသခြင်း၊ တင်မြှောက်ခြင်းသဘောပါပဲ'

'ဘာသာရေးသမား စစ်စစ်ကြီးတွေ၊ ရဟန်းပညာရှိ၊ လူပညာရှိတွေကတော့ အမျိုးမျိုး ဝေဖန်နေဆဲပဲကွယ့်။ သူရဿတီမယ်တော်ဆိုတာ တကယ်မရှိကြောင်း၊ ပူဇော်ပသမှု မဖြစ်သင့်ကြောင်း ပြောနေကြတယ်ကွယ့်'

'သူရဿတီမယ်တော်ကို မပြောပါနဲ့တော့၊ ရှင်ဥပဂုတ္တမထေရ်တောင် တကယ်မရှိကြောင်း ဝေဖန်ပြောဆိုနေကြဆဲပါပဲ'

'အေးကွယ့် ဒီလို သိဒ္ဓိရှင် မဟိဒ္ဓိရှင်ကြီးတွေကို ပူဇော်ပသတာ မှားတယ်လို့ ဆိုမလား၊ မှန်တယ်လို့ ဆိုမလား၊ မိမိမှာ အကျိုးဖြစ်ထွန်းသလား၊ အကျိုးဆုတ်ယုတ်သွားသလား၊ အဲဒါတွေ ချင့်ချိန်ပြီး ဆုံးဖြတ်ကြပေတော့ကွယ်။ ဘာသာရေးနဲ့ ပတ်သက်ပြီး အငြင်းမပွားကောင်းဘူး။

သူနိုင် ကိုယ်နိုင် အငြင်းပွားရင်းက ဘာသာရေးစစ်ပွဲတွေတောင် ဖြစ်ကြသေးတယ် မဟုတ်လား'

'မှန်ပါတယ်ဘုရား... တပည့်တော်တော့ မိမိ ယုံကြည်မှု အတိုင်းအတာ၊ ဆုတ်ယုတ်မှု တိုးတက်မှု အတိုင်းအတာကိုကြည့်ပြီး ဆောင်ရွက်တာပါဘုရား။ သူတစ်ပါးကို မထိခိုက်လေတော့ လုပ်ကိုင်ဆောင်ရွက်သင့်တယ်လို့ ထင်ပါတယ် ဘုရား'

'အင်း... အင်း... ဟုတ်ပေသပေါ့ကွယ်'

ကျွန်ုပ်သည် စာတတ်၊ ပေတတ်၊ ပညာတတ်၊ သက်တော်၊ ဝါတော်ကြီးသော ကျောင်းထိုင်ဆရာတော်ဦးအဂ္ဂဝံသနှင့် စကားစမြည် ပြောခြင်းပါသည်။

ဆရာတော်ကြီးကား ဝါတော် သက်တော်ကြီး ပရိယတ်၊ ပဋိပတ်တို့နှင့် ကျွမ်းကျင်ပြည့်စုံတော်မူပြီး အရှိန်အဝါ ဂုဏ်အင်္ဂါ ကြီးတော်မူပါပေ၏။

စာတတ်ပေတတ် ပညာတတ် ကျမ်းကြီးကျမ်းငယ် အသွယ်သွယ်လည်း ရေးသားပြုစုခဲ့သူ ဖြစ်ပါ၏။ သိတာတတ်တာတွေ များ၏။ ဗဟုသုတ ကြွယ်ဝ၏။ စာပေကျမ်းဂန် နှံ့စပ် ကြွယ်ဝ၏။

သို့သော် ပညာမာန်မရှိ စာပေကျမ်းဂန်၏ အရှိန်အဝါကိုမယူ တစ်ဖက်သားအား စီးစီးပိုးပိုး ဖိနှိပ်နိုင်နင်း၍ အနိုင်မယူ၊ အငြင်းမပွားသူဖြစ်၏။ ဘဝတွင် အေးချမ်းစွာနေပြီး အေးချမ်းမှုကိုလည်း ရအောင်ယူတတ်သူ ဖြစ်၏။

ကျွန်ုပ်သည် မိရိုးဖလာ ဗုဒ္ဓဘာသာဝင်တစ်ဦး ဖြစ်ပါသည်။ အဖေ ဗုဒ္ဓဘာသာ၊ အမေ ဗုဒ္ဓဘာသာ ဖြစ်၏။ ထို့ကြောင့် သားသမီးဖြစ်သော ကျွန်ုပ်သည်လည်း ဗုဒ္ဓဘာသာဝင် ဖြစ်လာ၏။

ဘုရား၊ တရား၊ သံဃာသည်သာလျှင် ကိုးကွယ်ရာအစစ်ဖြစ်၏။ ထို့ကြောင့် ကျွန်ုပ်သည်လည်း ကိုးကွယ်မှီခိုအားထားခြင်းပြုခဲ့၏။ ဘာသာရေး အယူ မတိမ်းစောင်းပါ။

သို့သော် ရာဟုဂြိုဟ်အိမ် ရောက်လာချိန်တွင် လောကဓံ၏ ရိုက်ပုတ်မှုဒဏ် ခံလာရ၏။ လုပ်တိုင်းမဖြစ်။ ကြံတိုင်းမအောင် ဖြစ်လာ၏။ ဘာလုပ်လုပ် အဆင်မပြေ။ စီးပွားရေး ကျဆင်းလာ၏။ လူမှုရေး နိမ့်ကျလာ၏။

ယခင်အခါကဆိုလျှင် ဘက္ကသိုလ်



www.burmeseclassic.com

www.burmeseclassic.com

ဝင်တန်း၌ အမှတ်ကောင်းကောင်းဖြင့် အောင်၊ ပညာရေးတက္ကသိုလ်သို့ တက်ရောက်နိုင်ပြီး အထက်တန်းပြဆရာ၊ ပညာအုပ်၊ ကြီးကြပ်ရေးအရာရှိ အလုပ်များဖြင့် ပညာရေးနယ်ပယ်တွင် အခြေချခဲ့၏။

စာပေရေးသားမှု ဝါသနာပါသဖြင့် ဦးသန်းကြွယ်၏ မြစာပေတိုက်မှ ''ကျူးဘားအမေရိကန်ပဋိပက္ခ''စာအုပ်နှင့် ''မေတ္တာတစ်ပွင့်ပန်း''စာအုပ်များ ထုတ်ဝေခဲ့ပြီး ''ဆိုဗီယက်တို့ တည်ဆောက်သော ဆိုရှယ်လစ်နိုင်ငံ''နှင့် ''မာ့စ်အဘိဓမ္မာ''ကျမ်းကြီးများ ဘာသာပြန်ရေးသား၍ ထုတ်ဝေရန် စီစဉ်ခဲ့၏။

စာပေစိစစ်ရေးသို့ တင်ထားခဲ့သော်လည်း မထုတ်ဖြစ်ခဲ့ပါ။ မြစာပေတိုက်ပိုင်ရှင် ဦးသန်းကြွယ်ကလည်း...

'ဆရာ ရေးသာရေးပါ။ ကျွန်တော် ထုတ်ပေးပါမယ်၊ တက္ကသိုလ်ဘုန်းနိုင်တောင် ကျွန်တော် ထုတ်ပေးခဲ့တာ ဆရာ့အမြင်ပဲ'


ဟု ဆိုသည်။

မြစာပေတိုက် ဦးသန်းကြွယ်၏ စာပေတိုက်မှာ အကြောင်းမညီညွတ်သဖြင့် အဆင်မပြေဖြစ်သွား၏။ သို့နှင့် ကျွန်ုပ်မှာ လမ်းခရီး လှည်းစည်းကုံးပြတ်သွားသလို ဖြစ်သွားပါသည်။

ထိုအချိန်တွင် အလုပ်မှ အငြိမ်းစားယူ၊ ကျူရှင်ပြ၊ ဗေဒင်လက္ခဏာ ဟောပြော စသည်များ ဆောင်ရွက်ခဲ့ပါသည်။

သို့သော် ''ကံဆိုးမသွားရာ မိုးလိုက်လို့ရွာ''ဖြစ်နေ၏။ လုပ်သမျှ အဆင်မပြေ၊ အဖြစ်ထက် အပျက်တွေကများနေ၏။

သို့ဖြစ်၍ ပုတီးစိပ်၊ ဘုရားတွင် အဓိဋ္ဌာန်ပြုနေသည့် အချိန်က များ၏။ ပုတီးစိပ်၊ တရားထိုင်၊ ဝိပဿနာ



ဘာဝနာ များများလုပ်ဖြစ်လာ၏။ အချိန်ရလာလေ၊ ထုံလာလေဖြစ်၏။

ဤအချိန်တွင် သူရဿတီဒေဝီ၊ စန္ဒီမယ်တော်၊ ရသေ့ကြီးဦးခန္တီ၊ အဘဘိုးမင်းခေါင် အစရှိသော သိဒ္ဓိ၊ မဟိဒ္ဓိ၊ ဝိဇ္ဇာပညာရှင်ကြီးများနှင့် ပတ်သက်တွေ့ဆုံလာပါသည်။ ဤအကြောင်းများ မှတ်မိသမျှ ရေးသားတင်ဆက်ပါမည်။

တစ်နေ့ ဆူးလေဘုရား သွားဖြစ်၏။ ပုတီးစိပ် အနားယူပြီးနောက် မြို့ထဲသို့ သွားမည်။ စာအုပ်ဟောင်းဆိုင်များ ဝင်ရောက်ရှာဖွေမွှေနှောက်ပြီး လိုအပ်သမျှ စာအုပ်များရှာမည်။ ပြီးမှ အိမ်သို့ ပြန်မည်ဟု စိတ်ကူး၏။

ဆူးလေဘုရားတွင် ကျွန်ုပ် ထိုင်ပြီး ပုတီးစိပ်လေ့ရှိသောနေရာ ရှိ၏။

ကြီးမားသပ္ပါယ်လှသော ကျောက်ဆင်းတုကြီးတစ်ဆူရှိ၏။ ကျောင်းဆောင်သည် ကျယ်ဝန်းမှု၊ ထူထဲခိုင်ခံ့မှု၊ အေးချမ်းတိတ်ဆိတ်မှုရှိ၏။ ပန်း၊ ဆီမီး၊ ပရိတ်ရေများ ဆက်ကပ်ထား၏။ မျက်နှာတော်မှာ ပြည့်ဖြိုး ကြည်ညိုဖွယ်ရှိ၏။

အဓိဋ္ဌာန်ပြုတိုင်း ဤနေရာမှာ ထိုင်ဖြစ်၏။ ဤနေရာတွင်ပင် သက်နှင်းဖြင့် ချုပ်လုပ်ထားသော အခင်းတစ်ခု ရဖူး၏။ မြတ်စွာဘုရား၏ လက်တော်တွင် တွဲလဲကျ စွပ်ထားသော ပုတီးတစ်ကုံး ရဖူး၏။ မိမိနှင့်ထိုက်၍ ရသည်ဟု ထင်မိ၏။ မည်သို့မျှ စိတ်ကူးမိသည် မရှိပါ။

သို့သော် ဤညအခါတွင် အိပ်မက် ရ၏။ အိပ်မက်အရ **အဘဘိုးမင်းခေါင်**ပေးမှန်း သိလိုက်ရ၏။ အဘဘိုးမင်းခေါင်သည် ကျွန်ုပ်အား မပြတ်မလပ် ကြည့်ရှု စောင့်ရှောက်နေကြောင်း ရိပ်စားမိ၏။ ဤအကြောင်း အပြည့်အစုံ ဆောင်းပါး ရေးပါဦးမည်။

ဤနေရာသည် ကျွန်ုပ်၏ အောင်မြေ ဖြစ်ဟန်ရှိ၏။ ကျွန်ုပ်သည် **(၇)ဆူစက်ပရိတ်**ရွတ်၏။ ပြီးသော် **၂၄ပစ္စည်းပဋ္ဌာန်း (၂၄)ခေါက်၊ သရဏဂုံ(၃၀) မန္တန်** စသည်တို့ကို ရွတ်ဖတ်ပူဇော်၏။

အရှိန်ရလာ၏။ အာရုံရလာ၏။ ဗုဒ္ဓါနုဿတိပွားများရာတွင် အလွန်အားကောင်းချိန်၊ ပီတိဖြစ်လာချိန်တွင်...

'မောင်ရင် မင်း (၇)ဆူဘုရားသွား ပုတီးစိပ်ပါ။ မင်း လိုအပ်သောအရာတစ်ခု ရလိမ့်မည်'

ဟူသော အသံတစ်သံ ပီပီသသ ကြားလိုက်ရ၏။

ကျွန်ုပ်သည် မျက်စိနှစ်လုံးဖွင့်ကာ အသံကြားရာသို့ လှည့်လည်ရှာဖွေကြည့်၏။ နေရာအနှံ့အပြားကြည့်၏။ သို့သော် တစ်စုံတစ်ရာ ထူးခြားမှုမရှိ။ မိမိအား ပီပီသသကြီး ပြောလိုက်သူ၏ သဏ္ဌာန်လည်းမတွေ့။ မိမိမှာ နားကြားမှားသလော။ စိတ်ကပင် ထင်ယောင်သလော။ သို့သော် စကားသံ ပီသ၏။ အသံကျယ်ဝန်း၏။ မိမိ အမှတ်မမှား နိုင်ပါ။

သို့ဖြစ်၍ ကျွန်ုပ်သည် မိမိနှင့် ပဋ္ဌာန်း ဆက်ရှိသော၊ စပ်အပ်သော နေရာ



www.burmeseclassic.com

www.burmeseclassic.com

သည့် ငမိုးရိပ်ချောင်းကမ်းစပ်ရှိ (၇)ဆူဘုရားသို့ သွားရလေဦးမည်။ ပုဂ္ဂိုလ်တစ်ပါးပါးက ညွှန်ကြားလေဟန် ဖြစ်သည်။ ဤသို့ပင် ဆုံးဖြတ်၏။

(၇)ဆူဘုရား၏ ပရိဝုဏ်အတွင်း၌ ကြီးမားသော ဗောဓိညောင်ပင်ကြီးတစ်ပင်ရှိ၏။ ဗောဓိညောင်ပင်ကြီးကို ပတ်ပိုင်း၍ အုတ်တံတိုင်းခတ်ထား၏။ ဤအပင်၏ ဘေးတစ်ဖက်တစ်ချက်တွင် ပုတီးစိပ်ရန်၊ အဓိဋ္ဌာန်ပြုရန် သမံတလင်း ခင်းထား၏။ ကုသိုလ်ယူလိုသူတို့ လှည်းကျင်းထားသဖြင့် အခင်းများမှာ ပြောင်နေ၏။ ချောမွေ့နေ၏။

ဤနေရာ၌ပင် ထိုင်၍ ပုတီးစိပ်မည်ဟု စိတ်ကူးမိ၏။ သရဏဂုံ(၃၀)မန္တန်၏ စွမ်းပကားကိုလည်း စမ်းသပ်ကြည့်ချင်၏။ သရဏံ(၃၀)မန္တန်ကို ကြီးမားသော သစ်ပင်ကြီးများအောက်တွင် အဓိဋ္ဌာန်ပြု၍ ရွတ်ဆိုသော် မန္တန်၏ တန်ခိုးအာနုဘော်ကြောင့် သစ်ပင်အကိုင်းအခက်များ လှုပ်ရှားလာမည်။ ယိမ်းထိုးလာမည်။

နောက်သော် သစ်ကိုင်းအခက်အလက်များ ဖြုန်းခနဲ ကြွေကျလာမည်။ မိမိကိုယ်ခန္ဓာပေါ် ကျရောက်တတ်၏။ သို့သော် ထိတ်လန့်တုန်လှုပ်မှု မဖြစ်ရ။ အဘယ်ကြောင့်ဆိုသော် အဓိဋ္ဌာန်ပြုသူ ပုတီးစိပ်သူအား ဒုက္ခမပြု၊ အန္တရာယ်မပေး အသိအမှတ်ပြုရုံသာ သတိပေးခြင်းဖြစ်သည်။

သရဏဂုံ(၃၀)မန္တန်နှင့် ပတ်သက်၍ ဆရာမင်းသူရိန် ရေးသော စာအုပ်တွင် အပြည့်အစုံတွေ့ရပြီး ကိုယ်တိုင်ရွတ်ဆိုပူဇော် စမ်းသပ်ကြည့်ပါသည်။ ကိုယ်တွေ့အကျိုးတရားများကို ဆောင်းပါးရေးပါဦးမည်။

သရဏဂုံ(၃၀)မန္တန်မှ ဆင့်ပွားပြီး သရဏဂုံ(၉၀) ဖြစ်အောင်လည်း ရွတ်



ဆိုပွားများနိုင်ကြောင်း တွေ့ရပါသည်။ ကျွန်ုပ်သည်လည်း သရဏဂုံ(၃၀)မန္တန်မှသည် သရဏဂုံ(၉၀)မန္တန်အဖြစ် တိုးချဲ့ရွတ်ဆို ပူဇော်လျက် ရှိပါသည်။

သို့ဖြစ်၍ ဤမန္တန်သည် ကျွန်ုပ် စွဲစွဲမြဲမြဲရွတ်ဆိုသော မန္တန်ဖြစ်ပြီး သက်ရှိသတ္တဝါများ အလွန်နှစ်သက်ခြင်း၊ အမျှအတန်းဝေပြီး အမျှယူ သာဓုခေါ်လိုခြင်း၊ အထူးသဖြင့် အစားသောက် ပေါ်များခြင်း...

လူရှိသည်ဖြစ်စေ၊ မရှိသည်ဖြစ်စေ သစ်ပင်၊ တောတောင်ထူထပ်သော နေရာသာ ဖြစ်ပါစေ အစားအသောက် အတွက် မပူရ။ စိတ်ချရသော မန္တန်ဖြစ်ပါ၏။

ထို့ကြောင့် ကျွန်ုပ်သည် ထာဝရ ရွတ်ဆိုပူဇော်ခြင်းလည်းပြု၏။ စိတ်ကူးရတိုင်း စမ်းသပ်မှုလည်းပြု၏။ အောင်မြင်မှုများ ရရှိခဲ့ပါသည်။

သို့ဖြစ်၍ မေတ္တာသုတ်၊ ၂၄ ပစ္စည်း ပဋ္ဌာန်း(၂၄)ခေါက် ရွတ်ဆိုပြီး သရဏဂုံ(၃၀)မန္တန်ကို ရွတ်ဆိုပူဇော်ပုတီးစိပ်ခြင်းပြု၏။

မကြာမီ...

သစ်ရွက်များ လေတိုးသံ၊ သစ်ကိုင်းများ လှုပ်ရှားသံ၊ သစ်ရွက်များ ကြွေကျသံများ ကြားလာရ၏။ နေရာဒေသ၏ တိတ်ဆိတ်မှုက စိုးမိုးနေ၏။ အေးချမ်းနေ၏။

ငမိုးရိပ်ချောင်းမှ တံငါသည်တို့၏ လှေလှော်သံ၊ သီချင်းသံများကို ခပ်သဲ့သဲ့ကြားရ၏။ ကျူပင်၊ ကိုင်းပင်တို့၏ လေးတိုးသဖြင့် တိုးဝှေ့သံ၊ ကိုင်းပွင့် ကျူပွင့်တို့၏ လေလွင့်မျောနေပုံကို သတိပြုမိပြန်၏။

ကျွန်ုပ်သည် စိတ်ကို ထိန်းလိုက်ပြီး အာရုံမိအောင် သတိထား၏။ စိတ် တည်ငြိမ်အေးချမ်းသွားပြီး ပုတီးစိပ် လည်း ပြီးဆုံးသွား၏။ ထိုစဉ် သစ်ကိုင် တစ်ခု ကျိုးကျလာ၏။ မိမိ၏ ရှေ့နား သို့ ဖျတ်ခနဲ ရောက်လာသဖြင့် ကျွ သည် ထိတ်လန့်သလို ဖြစ်သွား

ပုတီးစိပ်ပြီးသည့်နေရာမှ မတ်တ ရပ်ပြီး ပတ်ဝန်းကျင်အား ဝေ့ဝိုက်လှ မျှော်ကြည့်မိ၏။ ထိုအချိန်တွင် ရဟ တစ်ပါးသည် ညောင်ပင်၏ အကွယ် နေပြီး ဖြုန်းခနဲ ထွက်လာ၏။ ကျွ မှာ တုန်လှုပ်သွား၏။

သက်တော်(၆၀)ခန့်ရှိသော ရဟ တစ်ပါးဖြစ်၏။ အသားအရေမှာ ဝ နေ၏။ အညိုရောင်ခပ်ရင့်ရင့် သ ရောင်ကြောင့် အသားအရေ၏ ကော ခြင်း၊ အရိုးအရေ၏ ကောင်းခြင်း တွေ့နိုင်၏။

လျှော့ရဲရဲပင်မရှိ။ တင်းမာပြည့် နေသော အသားအရေ၊ ပြောင် နေသော ဦးပြည်းခေါင်းတုံး၊ ကြ သော ကာယသိက္ခာဣန္ဒြေတို့ တင့်တယ်လှ၏။

လှပသော၊ ကျက်သရေရှိ **'သူရသတီမယ်တော်ဒေဝီ'** ပုံ တစ်ခုကို ပွေ့ပိုက်ထား၏။ ပုံတေ နှစ်ပေခန့်ရှိ၏။ ရွှေဟင်္သာရုပ် ပိဋကတ်(၃)ပုံကို ကိုင်ဆောင် ထား၏။ လှပသော နတ် တကား။

ပုံတော်ကို ပလတ်စတစ် ဟန်ရှိ၏။ ပုံတော်အား



www.burmeseclassic.com

www.burmeseclassic.com

ထွင်းထုထားပြီး ရွှေဝါရောင်ဆေးဖြင့် ခြယ်သထားပုံမှာ အလွန်ထင်ရှားနေ၏။

ပုံတော်၏ လှပမှု၊ ပန်းပုလက်ရာ၊ ပန်းချီချယ်မှုန်းထားမှုတို့မှာ အံ့သြစရာဖြစ်၏။ ပုံတော်၏ လှပမှု၊ ကျက်သရေရှိမှု၊ ကြည့်ရှုမဝနိုင်မှုမှာ ရင်ဝယ်ဖော်ပြနိုင်ခြင်း မရှိပါ။

'မောင်ရင် အံ့သြနေသလား'

'မှန်လှပါဘုရား'

'မအံ့သြနဲ့လေ၊ ဒါဟာ မောင်ရင် နေ့တိုင်း ရွတ်ဆိုတမ်းတနေတဲ့ မယ်တော်ကွယ့်။ ကျုပ် မောင်ရင့်ကို ဘုရားမှာ ပုတီးစိပ်နေတုန်းက သတိပေးခဲ့သားပဲ'

'ဩော် ဆူးလေမှာ ပုတီးစိပ်နေစဉ်က ထင်ပါရဲ့'

'အေး ဟုတ်တယ်ကွယ့်၊ မယ်တော့်ရဲ့ပုံကိုပေးဖို့လေ'

'ဗျာ'

'မအံ့သြနဲ့လေ၊ မောင်ရင်နဲ့ထိုက်လို့ရတာ။ မောင်ရင်ပဲယူပါ'

'ကျေးဇူးကြီးပါတယ်ဘုရား၊ တပည့်တော် ဆီမီး၊ အမွှေးတိုင်ထွန်းပြီး နေ့စဉ် ပူဇော်ပါမယ်ဘုရား'

'အေး ကောင်းသကွယ်။ ပူဇော်ပသမှုတော့လုပ်။ သို့သော် ဘုရား၊ တရား၊ သံဃာသည်သာ ကိုးကွယ်ရာအစစ်ဖြစ်တယ်ကွယ့်။ အယူအဆ၊ ကိုးကွယ်မှုတော့ မတိမ်းစောင်းနဲ့၊ မယိမ်းမယိုင်နဲ့။ ပုဂ္ဂိုလ်စွဲ ပူဇော်ပသမှုတော့ နှစ်သက်စရာအလုပ်ပေပဲ။ ကူညီစောင်မပြီး ကောင်းကျိုးချမ်းသာမှုများ ပေးပါလိမ့်မယ်ကွယ့်။

အဲ ပြီးတော့ မောင်ရင်ရဲ့ ဘာသာ သာသနာရေးမှာ အားကောင်းလာမှုတို့ကြောင့် ဝိဇ္ဇာပညာရှင်ကြီးများ မကြာခဏ လာရောက်တွေ့ဆုံစောင့်ရှောက်လိမ့်မယ်ကွယ့်'

'ဝမ်းသာပါတယ်ဘုရား'

ကျွန်ုပ်သည် ရဟန်းတော်၏ လက်မှ မယ်တော်သူရဿတီဒေဝီ၏ ပုံတော်ကို လှမ်းယူလိုက်ပါသည်။ သင်းပျံ့ထုံလှိုင်လှသော အမွှေးနံ့များ ခံစားလိုက်ရပါသည်။

သူရဿတီမယ်တော်ဒေဝီအား ရင်ဝယ်ပိုက်လျက် လွှမ်းခြုံသော ပီတိအတွေးများ၊ စိတ်ကူးများဖြင့် အိမ်သို့ ပြန်လာခဲ့ပါသည်။

စိတ်အာရုံများတွင် မဖြစ်ဘူးသော အတွေ့အကြုံ၊ အထိအတွေ့များ၊ ပီတိဖြစ်မှုများ၊ ဝမ်းသာမှုများကို ပြောမပြနိုင်အောင် ခံစားရပါသည်။

ကျွန်ုပ်၏ ဘဝလမ်းကြောင်းများသည်လည်း အဆင့်ဆင့်တိုးတက်ပြောင်းလဲသွားပုံမှာ မဖော်ပြနိုင်တော့ပါ။

ကျွန်ုပ်၏ အကွေ့အကောက် အလင်းအမှောင်ထုများ၊ ကြမ်းတမ်းသော လမ်းခရီးများအား မီးအိမ်ရှင် သူရဿတီမယ်တော်ဒေဝီ၏ လမ်းညွှန်မှု၊ ကူညီမှု၊ ထိန်းကွပ်မှုတို့မှာ အံ့မခန်းကြုံတွေ့ခဲ့ရပါတော့သည် ခင်ဗျာ။

**ဆရာ ဦးရဲအောင်**
*[သိပ္ပံလက္ခဏာ+နက္ခတ္တဗေဒ+သချာၤဗေဒ]*

**စာမျက်နှာ (၂၆၆)မှ အဆက်**

ခင်ဗျားဆီကို ရောက်နေတဲ့ မှတ်တမ်းဟာ ဂျာမန်လို အင်္ဂလိပ်လို လက်တင်လို ရေးထားတဲ့မှတ်တမ်း မဟုတ်ပါဘူး။ ခင်ဗျားတို့ ဘာသာ စကားနဲ့ ရေးထားတာပါ။ ခေတ်တွေ ကြာလာပြီ။ အကုန် ရေစနောက်နှင့်ကြပါပြီ။ ခင်ဗျားဆီကို ရောက်နေတာကတော့ လွန်ခဲ့တဲ့ နှစ်တစ်ရာကျော်က ပေမှုတစ်ခုပါ။ ပေချပ်ပေါင်း (၂၈)ချပ်ပါတဲ့ ပေထုပ်တစ်ထုပ်ပါပဲ။ သာမန်ဆိုက်ပြည့်ကိုက်ပြည့် ပေရွက်တွေကို ထက်ပိုင်းဖြတ်ပြီး ရေးထားတဲ့ ပေစာတွေပါ။ ပေရွက်တစ်ရွက်ရဲ့ အရွယ်အစားဟာ (၂၄)စင်တီမီတာ x(၅.၅)စင်တီမီတာ ရှိပါတယ်။

**ပထမဆုံး ပေချပ်မှာတော့**...

'ငင်ကျိုက်ဘုရား၏ အရှေ့တောင်တွင် သမ်းလောတောင်ဟူ၍ ရှိသည်။ ထိုတောင်တွင် ကြွခေတ်၌ မဟာမုနိသ အမည်ရှိသော ဂေါ်ရှိ ရှိ၏။ အကျင့်သူတော်ကောင်း အမျိုးသားတို့သည် ထိုတွင်လိုလျှင် ခုနစ်ရက် ဥပုသ်စောင့် တောင်ပေါ်ကို ဖက်ခွက်သုံးခွက်တွင် ထည့်၍ ထိုတောင်ထိပ်သို့ တက်ရမည်။ ဩ ၃ ခုကို ပန်ရမည် ပန့်နှံ၏...'

လို့ ရေးထားပြီး **နောက်ဆုံးပေချပ်မှာတော့**...

'ရေပ်ထဲမှာ ရောကျိုထားသောရွှေပုံနှစ်ပုံရှိ၏။ ဝါသောဝိုပ်ပုံ၏။ ထိုသော့ မယူပါနှင့်။ ရှိတော်ပျော့ရုပ်ပွင့်တော်မူသည့်ကာလ ကောင်းသောက်ရှုထားသည်။ ဘုရား အနောက်မျက် နှတ်ရောက်ရှိ၏။

အနောက်ကိုဝင်သွားသော်၊ နတ်ရေချောင်း နတ်ရေကန် နတ်ရေအိုင် ငုံး ဘုရားရှေ့ တောင်ဝ ငုံးဓာတ်ကို တွေ့လိုလျှင် လွန်း ၇ နှစ်ရက်သွား' လို့ ရေးထားပါတယ်။

လုပ်ထုံးလုပ်နည်းတွေ၊ အစီအစဉ်တွေ အကုန်လုံး အတိအကျ ရေးထားပါတယ်။

ခင်ဗျား မသိချင်ယောင်ဆောင်နေမှာစိုးလို့ ဒီလောက် ထုတ်ပြောရတာပါ။ ဒီတော့ အဲဒီပေချပ်တွေကို အမြန်ဆုံး ဖျက်ဆီးပစ်လိုက်ပါ။ ခင်ဗျား တကယ် ဖျက်ဆီးတယ်၊ မဖျက်ဆီးဘူး ဆိုတာ ကျုပ်တို့ သိနေမှာပါ။ ဒါပါပဲ။

* * *

စာကား ဆုံးသွားလေပြီ။ စာရေးသူ မည်သူမှန်းလည်း မသိရ။ ဘယ်ကပို့သည်မှန်းလည်း မသိရလေရကား အတော်ပင် ခက်နေလေပြီ။ စာအရေးအသားမှ မဆိုးလှပါ။ သို့ရာတွင် ယခုကဲ့သို့သော အကျိုးမရှိသည့်အလုပ်များကို လုပ်နေခြင်းအတွက် နမြောလှပါ၏။ အချိန်ကုန် လူပန်း ဖြစ်နေပါလိမ့်မည်။

သို့ရာတွင် ထူးဆန်းလှသည်မှာတော့ ကျွန်ုပ်ထံတွင်ရှိနေသော ပေစာအကြောင်းကို သိနေခြင်းပင် ဖြစ်လေ၏။

**သုတေသီတစ်ဦး**




www.burmeseclassic.com

www.burmeseclassic.com

# ကိုယ်တစ်ခြမ်း မသေအောင်

## ဒီလို စီစဉ်သောက်



တစ်နေ့ လိုင်းမော်တော်ဖြင့် ထီးချိုင့်မှ ကသာသို့ ပြန်လာခဲ့သည်။ ထီးချိုင့်မှ နံနက်(၈း၃၀)နာရီထွက်ပြီး တစ်နေ့လုံး မော်တော်စီးရသဖြင့် လမ်းတွင် ဆာလျှင် ထမင်းစားရန် ချိုင့်ဖြင့် ထည့်လာခဲ့သည်။ သို့သော် မေ့ပြီး ရေဘူးပါမလာ။ ရွာဆိပ်ကမ်းများဖြစ်၍ ရေဘူးရောင်းသော ဆိုင်မရှိ။

ကမ်းနီရွာသို့ ဆိုက်ပြီးနောက် နေ့လယ်(၁၁)နာရီကျော်ပြီဖြစ်၍ ထမင်းစားရန် ပြင်သည်။ အနားတွင် ထိုင်လိုက်လာသော တရုတ်လူငယ်ကလေးကတော့ ထမင်းချိုင့်လည်းမပါ။ ပါလာသော ရေဘူးကို တကိုင်ကိုင်ဖြင့် တစ်ခါတော့ မော့သောက်တာ မြင်သည်။

'ထမင်းစားပါဦးလား'

ဟု ယဉ်ကျေးမှုအရ ခေါ်ပါသည်။

'မစားပါဘူး ကျေးဇူးတင်ပါတယ်'

ဟု ငြင်းခဲ့သဖြင့်...

'ဘယ်အထိ လိုက်မှာလဲ'

ဟု မေးမိပါသည်။

'ကျွန်တော်က အင်းရွာတင်ပါ' တဲ့။

အင်းရွာဆိုလျှင်တော့ မနက်စာ ထမင်းစားချိန်မီသေးရဲ့ဟု တွေးမိပါသည်။ ထို့နောက် ခယ်မများ ထည့်ပေးလိုက်သော ထမင်းချိုင့်သည် ကုန်သလောက်နီးနီး ဖြစ်သွားသည်။ စားပြီးပြန်တော့ ရေသောက်ချင်လာသည်။

'ရေတစ်ခွက်လောက် သောက်ချင်လို့ ပေးစမ်းပါ'

ဟု ကိုတရုတ်လူငယ်ကလေးအား တောင်းရာ...

'သောက်ပါ အဘိုး ကျွန်တော့်ရေက ရိုးရိုးရေ မဟုတ်ဘူး'

ဟု ကိုတရုတ် လူငယ်ကလေးက ပြောရာ စိတ်ထဲတွင် ''ဟိုက်''ခနဲ ဖြစ်သွားသည်။

''ဘာရေများပါလိမ့်'' ဟုလည်း တွေးမိသလို မေးမိပါသည်။

'ကိုယ်တစ်ခြမ်း သေတာတို့ လေဖြန်းတာတို့ မဖြစ်အောင် ကြိုတင် ကာကွယ်တဲ့အနေနဲ့ သောက်တာပါ။ ကျွန်တော်တို့ မိသားစုတစ်စုလုံး သောက်ကြတယ်'

ဟု တရုတ်လူငယ်ကလေးက ပြောပြပါသည်။

'ဘယ်လို လုပ်ထားလို့လဲ'

စာရေးသူက မေးရာ...

'ဘာမှ ခက်ခက်ခဲခဲ မလုပ်ရပါဘူး။ သံပရာသီး(၁)လုံးလောက်ကို အနံ့အိုးထဲထားပြီး ရေနွေးပူ လောင်းချလိုက်တယ်။ နှစ်မိနစ်လောက်ထားပြီး သံပရာသီးကို ပြန်ဆယ်တယ်။ ရေကို အအေးခံထားပြီးမှ သောက်တယ်။

ကျွန်တော်တို့ တရုတ်ထုံးစံ ရေကျက်အေး သောက်သလိုပါပဲ။ သံပရာသီးကို ဒီလိုနဲ့ (၃)ခါလုပ်လို့ ရတယ်'

ဟု တရုတ်လူငယ်လေးက ရှင်းပြပါသည်။

'ဒါဆို မင့်ရေက အဲသလို လုပ်ပြီး ထည့်ခဲ့တာပေါ့။ ဟုတ်လား'

ဟု မေးရာ...

'ဟုတ်ပါတယ် အဘိုး တကယ်လို့ ဒီ သောက်ရေဘူး တစ်ဘူးစာ လုပ်မယ်ဆိုရင် တော့ သံပရာသီး(၂)လုံးဆို ရပါပြီ'

ဟု ပြောပြီး စာရေးသူအား သူ့ သောက်ရေဘူးကို လှမ်းပေးပါသည်။ စာရေးသူလည်း သူ့ရေကို သောက် ကြည့်ရာ သံပရာအခိုးနံ့လိုလို ရ သည်။

'မင်းတို့လို မလုပ်ဘဲ ထမင်းစားတိုင်း သံပရာစိတ်လေးတွေ မြှုပ်စားရင် ရမယ်ထင်တယ်'

ဟု စာရေးသူက ပြောရာ...

'ရမှာပါ အဘိုး'

ဟုသာ ဖြေခဲ့ပါသည်။

***အားလုံး ကျန်းမာပျော်ရွှင်နိုင်ကြ စေ။***

ကသာ သင်းမွှေး



www.burmeseclassic.com

www.burmeseclassic.com



နေနွယ်
(ဟသာ်တ)

သဲယောဇဉ်ကြီးတဲ့

# သူငယ်ချင်းတစ္ဆေ

လွန်ခဲ့သည့် နှစ်ပေါင်း (၅၀)ကျော် လောက် ဟသာ်တမြို့၏ အရှေ့မြောက်ဘက် ဧရာဝတီမြစ်ကမ်းနဖူးဘေးတွင် ကုက္ကိုစုအမည်ရှိ ရွာလေးတစ်ရွာ တည်ရှိခဲ့သည်။

ထိုရွာလေးတွင် အိမ်ခြေပေါင်း (၄၀) ကျော်မျှ ရှိသည်။ အလုပ်အကိုင်မှာ အများအားဖြင့် တံငါလုပ်ငန်းနှင့် ကိုင်းလုပ်ငန်းများကို လုပ်ကိုင်ကြလေသည်။

ထိုရွာမှ လူငယ်များမှာ စည်းလုံး ညီညွတ်၍ တစ်ဦးနှင့်တစ်ဦး ချစ်ခင်ကြင်နာကြသည်။ ထူးခြားမှုတစ်ခုမှာ ထိုလူငယ်တို့၏ အထဲတွင် လူသား မဟုတ်သော တစ္ဆေတစ်ဦးလည်း ပါဝင်လျက်ရှိသည်။

သာရေးနာရေးများတွင် သူ လုပ်ရမည့် အလုပ်ရှိပါက ပြီးစီးအောင် လုပ်ဆောင်ပေးတတ်သည်။ သူ့ကို လူတိုင်းက ခင်မင်ကြသည်။ သူသည် မည်သူ့ကိုမှ ဒုက္ခမပေးတတ်ပေ။ သူ့[illegible]

www.burmeseclassic.com

ဟုခေါ်သော တန်ဆောင်မုန်းလ ရောက်တိုင်း လူငယ်တို့သဘာဝ အပျော်အပါးအဖြစ် သန်းခေါင် ထမင်းဟင်းတို့ကို ချက်၍စားကြသည်။

ကာလသားချက်ဖြစ်သော ကြက်သားရေချိုဟင်းကို ချက်ရန်အတွက် ကြက်ကို ကိုတစ္ဆေက တာဝန်ယူရသည်။ အချိန်တန်၍ ချက်ခါနီးတွင် ကြက်(၅)ကောင်ခန့် ချက်မည့်နေရာကို အပေါ်မှ လာချပေးတတ်သည်။ သူ၏ ကိုယ်သဏ္ဍာန်ကိုတော့ မည်သူ့ကိုမှ မပြပေ။

တစ်နေ့တွင် ကိုတစ္ဆေက ဝမ်းနည်းစကား ဆိုလာသည်။ လပြည့်နေ့ ဖြစ်သည့်အတိုင်း သာလွန်းသော လ၏ အရောင်များကြောင့် ရွာလေး၏ ဝန်းကျင်တစ်ခုလုံးမှာ သာယာလှပလျက် ရှိသည်။ ကမ်းနဖူးထိပ်တွင် ကာလသားတစ်စု ထိုင်လျက် စကားကောင်း၍နေစဉ်...

'သူငယ်ချင်းတို့... ငါ မင်းတို့နဲ့ ခွဲရလိမ့်မယ်'

ထိုအခါ ကာလသားတို့က...

'ဟာ... ဟေ့ ဘာဖြစ်လို့လဲကွ'

'အေး ငါ ဒီမှာနေလာတာ မင်းတို့အသိပဲ နှစ်အတော်ကြာနေပြီ။ နှစ်ပြည့်တဲ့အတွက်ကြောင့် ပြောင်းရမှာ'


'ဟင် ဒါဖြင့် ဘယ်ကို ပြောင်းရမှာလဲ'

'အဲဒါတော့ မသိသေးဘူးကွ'

'ဘယ်တော့ ပြောင်းမှာလဲ'

'အေး မကြာခင် ပြောင်းရမှာ၊ ပြောင်းရင် မင်းတို့ သိရမှာပါ'

အားလုံးသော ကာလသားများမှာ ဝမ်းနည်းစွာဖြင့် စကားများကို ဆက်ပြီး မပြောနိုင်ကြဘဲ ငေးငိုင်၍နေကြသည်။ နှစ်ပေါင်းများစွာ တည်ရှိလာခဲ့သော သူတို့၏ ပျော်စရာ ညကမ္ဘာ



လေးမှာ ပျက်ပြယ်စ ဖြစ်၍လာတော့သည်။

(၇)ရက်မြောက်သောနေ့ ည (၁၀) နာရီလောက်တွင် ရွာ၏ တောင်ဘက်ပိုင်းရှိ ညောင်ပင်ကြီးဆီမှ အသံကြီးတစ်ခုက ထွက်ပေါ်၍ လာတော့သည်။

'ဟေ့... သူငယ်ချင်းတို့ရေ ငါသွားပြီဟေ့ ငါသွားပြီ'

ထိုသို့ ပြောလိုက်သော အသံကြီးကို တစ်ရွာလုံး ကြားရသည်။ ယင်းအချိန်မှစ၍ ကာလသားအုပ်စုတွင် ကိုတစ္ဆေ၏ အသံနှင့် လှုပ်ရှားတတ်သော ပုံရိပ်တို့ကို လုံးဝ မတွေ့ရတော့ပေ။

ဒီလိုနှင့် နွေ,မိုး,ဆောင်း အလီလီ ပြောင်းခဲ့ပြီ ဖြစ်သဖြင့် ကုက္ကိုစုရွာသားတို့၏ စိတ်အာရုံထဲတွင် သံယောဇဉ်ကြိုးလေး တစ်မျှင်ကဲ့သို့ တည်ရှိခဲ့သော ကိုတစ္ဆေကို နှစ်,လတို့၏ တိုက်စားမှုကြောင့် မေ့လျော့ပျောက်ကွယ်သွားတော့သည်။

ကုက္ကိုစု ရွာသားများ ဖြစ်ကြသည့် ကိုမှတ်ကြီးနှင့် ကိုမြကြီးတို့ ညီအစ်ကိုနှစ်ယောက်သည် ရာသီဥတုကောင်းသော အချိန်အခါကို ရွေးပြီး လှေကြီးတစ်စီးဖြင့် ဟင်္သာတမြို့၏ နာမည်ကျော်ကြားလှသော လက်ခုပ်ပင်ရွာမှ ပြုလုပ်သော လှပသည့် သောက်ရေအိုးများနှင့် ဖကာတန်းရပ်မှ ပြုလုပ်သော မြေအိုးမြေခွက်မျိုးစုံတို့ကို ဖောက်သည်ယူ၍ အောက်မြို့အောက် ရွာများဆီသို့ ရွက်လွှင့်၍ အရောင်း ထွက်ကြသည်။

တစ်ရွာဝင် တစ်ရွာထွက်နှင့် ရောင်း ကြသည်မှာ တစ်လကျော် နှစ်လ လောက်တွင် ပါလာသော ပစ္စည်းများ ကုန်ပြီဖြစ်သဖြင့် နောက်ကြောင်း ပြန်လှည့်ပြီး ဆန်တက်ကြသည်။ ကိုမှတ်ကြီးတို့ ညီအစ်ကိုနှစ်ယောက် မှာ ပစ္စည်းများအားလုံး မရှိတော့ ဖြစ်သဖြင့် အေးဆေးစွာပင် သီချင်း ကလေးများ သီဆိုလျက် ပြန်လာ သည်မှာ ဓနုဖြူမြို့နားပင် ရောက်ရှိလာ သည်။

ဓနုဖြူမြို့တွင် ညအိပ်ရပ်နား ဖြစ်သော်လည်း လသာသော ညများ ဖြစ်သဖြင့် မနားတော့ဘဲ ဆက်လက် ထွက်ခွာလာခဲ့ကြသည်။ လေ တဖြူး တိုက်နေသဖြင့် ရွက်ကုန်ဖွင့်ပြီး ညီအစ်ကိုနှစ်ယောက် တစ်ယောက် တစ်လဲ အိပ်ကာ ရွက်တိုက်လာခဲ့သည် မှာ ဓနုဖြူအလွန် အတော်ဝေးဝေး အရောက်တွင်...

'ဟေ့... သူငယ်ချင်း...သူငယ်ချင်း ဟေ့... သူငယ်ချင်း'

လှေကြီး၏နောက်ဘက် ခပ်လှမ်း လှမ်းဆီမှ ခေါ်သံတစ်ခုကို ကြား သဖြင့် ပဲ့ကိုင်ပြီး လိုက်လာခဲ့သော ကိုမှတ်ကြီးက လှည့်ကြည့်လိုက်သည် အသံကိုသာ ကြားရပြီး ခေါ်သူကို မတွေ့ရ။ ဇဝေဇဝါ ဖြစ်သွားသည် ကိုမှတ်ကြီးသည် မည်သူ့ကိုမျှ မတွေ့ ရသဖြင့်...

'ဟာ ဘယ်သူ့မှလဲ မရှိပါလား ငါ အ ဖြစ်ပါလိမ့်'

ဟု တစ်ယောက်ထီးတည်း ပြော မိသည်။ တွေးလည်း တွေးနေမိ

ခေါ်သံကြီးက နီးကပ်စွာ





www.burmeseclassic.com

www.burmeseclassic.com

၍ လာပြန်သည်။

**'ဟေ့ သူငယ်ချင်း... သူငယ်ချင်း ထိပ်ကွ...ထိပ်'**

ကိုမှတ်ကြီး တွေဝေသွားသည်။

'ငါ ဒီအသံကို ကြားဖူးတယ်လို့ ထင်တယ်။ ဘယ်သူပါလိမ့်'

အသံရှင်က ဆက်၍ ပြောလိုက်သည်။

'ဟေ့ သူငယ်ချင်း ထိပ်ကွ၊ ကိုတစ္ဆေလေ ထိပ်နီကွာ'

ထိုအခါမှ ကိုမှတ်ကြီးမှာ မှတ်မိသွားပြီး

'ဟာ...ဟေ့ကောင် ထိပ်နီ သူငယ်ချင်း မင်း...မင်းကွာ ငါ ဝမ်းသာလိုက်တာ'

ကိုမှတ်ကြီးမှာ ဝမ်းနည်းဝမ်းသာ စကားဖြင့် ဆို့နင့်စွာ ပြောလိုက်မိသည်။

'အေး...အေးကွ သူငယ်ချင်းရာ ငါလဲ ဝမ်းသာပါတယ်ကွာ'

ကိုတစ္ဆေမှာ ရှိုက်ကြီးတငင် ငိုကြွေးရင်းဖြင့် ဝမ်းသာအားရ ပြောရှာလေသည်။

'ကဲ သူငယ်ချင်း ထိပ်နီ မင်း ဘယ်မှာ နေတာလဲ'

'အေး ငါ ဟောဒီ မနုဖြူမှာ နေတယ်ကွ။ ဒါ ငါ့အပိုင်နယ်မြေပဲ။ မင်းတို့ အောက်တက်ကို ရှက်တိုက်သွားတုန်းက ငါ မြင်လိုက်တယ်။ ခေါ်မယ်လုပ်တော့ မင်းတို့က မနုဖြူကို လွန်သွားတာနဲ့ မခေါ်ဘဲ နေလိုက်တာ'

'ဟာကွာ မင်းကလဲ ခေါ်လိုက်ရင် ပြီးတာပေါ့'

'မဟုတ်ဘူးကွ သူငယ်ချင်းရ သူ့အပိုင်နဲ့သူ ရှိနေတာ။

**မနုဖြူအောက်တက်ကို ရောက်သွားရင် ငါ့အပိုင် မဟုတ်တဲ့အတွက်ကြောင့် မခေါ်တာ။ ဟောဒီ မနုဖြူရဲ့ အထက် ပိုင်းကနေ ဇလွန်အထိကိုငါပိုင်တဲ့နယ်မြေပဲ'**

'ဪ ဒီလိုလား။ မင်းတို့လဲ အပိုင်တွေ ဘာတွေနဲ့ နေရတာကိုး'



'အေး ဟုတ်တယ် သူငယ်ချင်း၊ ဪ ဒါနဲ့ သူငယ်ချင်းတွေ နေကောင်းကြရဲ့လား'

'အေး... အားလုံး ကောင်းပါတယ်ကွ'

'ဒါနဲ့ နေပါဦးကွာ ဘဘကြီး ဦးဘညဏ် နေကောင်းရဲ့လား'

'အေး ဘဘကြီး ဆုံးသွားတာ တောင် (၅)နှစ်လောက် ရှိသွားပြီကွ'

'ဟာ ဆုံးရှာပြီကိုး... ပြီးတော့ ဦးလေးခက်ကော ရှိသေးလား'

'အင်း ရှိတယ်ကွာ၊ သူလဲ အသက်ရလာတော့ လူကြီးရောဂါ ပုံစံအတိုင်း သိပ်ပြီးမကောင်းဘူးပေါ့ကွာ'

'အေး ကြားရတာ စိတ်မကောင်း စရာပဲကွာ၊ ဒါနဲ့ တို့ သူငယ်ချင်းတွေ အားလုံး ရှိကြသေးလား'

'ဟိုတုန်းကလို အားလုံး မစုံကြ တော့ဘူးကွ။ အိမ်ထောင်တွေ ကျပြီး ဟိုပြောင်းဒီပြောင်း လုပ်ကြတော့ လူအုပ် ကွဲကုန်ပြီပေါ့ကွာ'

'အေး အားလုံးကို ငါ အမြဲသတိရ နေတယ် သူငယ်ချင်း။ အေးကွာ ဘာပဲ ဖြစ်ဖြစ် အားလုံးကို သတိရတယ်လို့ ပြောလိုက်ပါကွာ'

'စိတ်ချ ငါပြောလိုက်မယ်'

'ကဲ သူငယ်ချင်း ကြုံတုန်း မင်းကို ငါ ကူညီမယ်'

'ဘာတွေ ကူညီမှာလဲကွ'

'ဒီလိုလေကွာ ဒါ ငါ့အပိုင်ဖြစ်တယ်။ အဲဒီ တော့ မင်း ရှက်မတိုက်နဲ့တော့။ ငါ လှေကို တွန်းပြီး လိုက်ပို့မယ်။ စကားလဲ ပြောရင်းပေါ့ ကွာ'

ကိုတစ္ဆေမှာ လှေကို တွန်းပြီး လိုက်ပို့ရင်းနှင့် ရှေးဟောင်းနှောင်းဖြစ် များကို နှစ်ယောက်သား ပြောမကုန်နိုင် လောက်အောက် ရှိ၍နေသည်။

ဒီလိုနှင့် ပြောရင်းဆိုရင်းနှင့် ဇလွန် မြို့ကို ရောက်ရှိလာခဲ့သဖြင့် ကိုတစ္ဆေ က...

'ကဲ သူငယ်ချင်း ဟောဒီနေရာအထိ ငါ့ရဲ့ ပိုင်တဲ့နယ်မြေဖြစ်တယ်။ ရှေ့ဆက် လိုက်လို့ မရတော့ဘူးကွာ။ ဒီတော့ မင်းတို့ ဆက်ပြီး သွားတော့ကွာ။ ငါ နှုတ်ဆက်လိုက်ပါတယ်။ နောက်တစ်ခါကြုံလို့ရှိရင် ဆုံကြသေးတာပေါ့ သူငယ်ချင်းရေ၊ သွားတော့ သူငယ်ချင်း သွားတော့'

ကိုတစ္ဆေမှ ဝမ်းနည်းတုန်ယင်သော အသံမျိုးနှင့် ဆို့နင့်စွာ ပြောကြားရင်း ကျန်ရစ်ခဲ့သည်။

ကိုမှတ်ကြီးလည်း ကိုတစ္ဆေ၏ ဝမ်းနည်းစွာ ပြောလိုက်သော စကား ကြောင့် မျက်ရည်များပင် လည်ခဲ့ရ သည်။

'အေးကွာ သူငယ်ချင်းရေ တို့ တစ်တွေ ကံမကုန်သေးရင် ပြန်ဆုံကြ ရမှာပါကွာ။ ငါ နှုတ်ဆက်ခဲ့ပါတယ် သူငယ်ချင်းရေ နှုတ်ဆက်ခဲ့ပါတယ် ကွာ'

နယ်မြေခြား၍ ကျန်ရစ်ခဲ့သော ကိုတစ္ဆေမှာ သူငါများကဲ့သို့ သံသရာ ဘုံသား ဖြစ်သည်မို့ ဝမ်းနည်းကြေကွဲ စွာဖြစ်လျက်...။

**နေနွယ်(ဟသ္သာတ)**



www.burmeseclassic.com

www.burmeseclassic.com



ကောင်းဟိန်း
(ကျွန်းသစ်)

မဟူရာ

# မိုးတစ်ညရဲ့

ပုံရိပ်အသံ

[ ၁ ]

ကျွန်ုပ်သည် မြန်မာ့သစ်လုပ်ငန်းရုံးချုပ်မှ တာဝန်ပေးချက်အရ **သန်လျင်အမှတ်(၁၀) သစ်စက်သို့** သစ်စာရင်းဌာနခွဲ စာရေးကြီးရာထူးဖြင့် လှိုင်မြို့နယ်၊ အုတ်ကျင်း အမှတ်(၈) သစ်စက်မှ ပြောင်းရွှေ့ တာဝန်ယူခဲ့ရပါသည်။

"မြန်မာ့ သစ်လုပ်ငန်း နိုင်ငံခြားငွေ



www.burmeseclassic.com

www.burmeseclassic.com

ကြိုးပမ်း'' ဟူသော ဆောင်ပုဒ်နှင့်အညီ သစ်ခွဲစာရင်း၊ သစ်အရွယ်အစား၊ အုပ်စုအတန်းစားများအလိုက် စာရင်း ဇယား အမှန် တာဝန်ယူရသည်။

သစ်ဆိပ်မှာ ရန်ကုန် လှိုင်မြစ်၊ ပဲခူးမြစ်များကို အမှီပြုပြီး အရှေ့ပိုင်း၊ အနောက်ပိုင်း သစ်လုံး သိုလှောင်ဆိပ်များမှ သစ်ခွဲစိတ် စက်ကြီးများသို့ ရေကြောင်းမှ ဆွဲမော်တော်များဖြင့် သစ်လုံးများကို ဖောင်ဖွဲ့ပို့ပေးရသည်။ ခွဲစိတ်အားကောင်းသော ခေတ်မီ (Band Saw)ဘင့်ဆော ပတ်လွှပိုင်းကြီးများဖြင့် ခွဲစိတ်ခဲ့ရာ အမှာစာ အချိန်မီ ခွဲပေးရ၏။

သစ်ထွက်စာရင်းအမှန် ကြိုးစားတင်ပြနိုင်မှုကြောင့် ကျွန်ုပ်အား ဌာနခွဲစာရေးကြီးမှ အငယ်တန်း လက်ထောက်မန်နေဂျာ တိုးမြှင့်ခန့်ထားသည့်နေ့မှစပြီး တာဝန်ပိုကြီးလာရသည်။ ခွဲစိတ်ရေး၊ သစ်စာရင်းဇယား မှန်ကန်ရေးက အစ စက်ရုံမှူးက တာဝန်ခွဲဝေပေးသည်။

ဒဂုံမြို့သစ်ရှိ အိမ်ကို မပြန်ရဘဲ အရာထမ်းအိမ်ရာတွင် ပြောင်းရွှေ့နေရသည်အထိ တာဝန်ပိုများလာသည်။ ညရေးညတာ သစ်စက်ဝင်းကိုလည်း ညဥ့်နက်သန်းခေါင် ကင်းစစ်ရသည်။

**အမှတ်(၁၀)သစ်စက်မှာ သန်လျင် ပဲခူးမြစ်ကမ်းနဖူးမှာ တည်ဆောက်ထားသည်။** သစ်စက်ကမ်းမှာ သစ်လုံးရေ ထောင်ကျော်၊ တန်ပေါင်းလည်း ထောင်ကျော်ရှိပါသည်။

ဌာနဆိုင်ရာ အရာရှိ အဆင့်ဆင့်နှင့် ဝန်ထမ်းပေါင်း ထောင်ကျော်ခဲ့ပါသည်။

စက်ရုံမှူး လက်ထောက် အထွေထွေမန်နေဂျာ ဦးထွန်းကြိုင် ဦးဆောင်



သော အရာထမ်းများ သန်လျင်ဝန်ထမ်း အရာရှိအိမ်ရာမှာ မနေသဖြင့် ရန်ကုန်ရှိ မိမိအိမ်မှာ နေကြသည်။

သို့အတွက်ကြောင့်လည်း ကျွန်ုပ်အတွက် ပိုမို တာဝန်ကြီးရလေ၏။

ကျွန်ုပ်၏ အမည်ရင်း ဦးခင်မောင်အေးကို အောင်ထွန်းလေးဟု အမည်ဝှက်ခေါ်ပါသည်။ တာဝန်များကို ရှေ့ညမဟူ တာဝန်ယူရပါသည်။

သိုလှောင်ရေး အရှေ့ပိုင်းသစ်ဆိပ်ရှိ ငစိန်ချောင်း(၇)ဆိပ်၊ ကျားချောင်း၊ အနောက်ပိုင်းရှိ အင်းစိန်၊ ဒလ၊ ခနောင်တို၊ ဆိပ်ကြီးခနောင်တို၊ ကမန်ကဆစ်၊ ဝါးတစ်ရာ အစရှိသော သစ်ဆိပ်များသို့ သွားရောက် သစ်လုံးများ ရွေးရ၏။

ငစိန်ချောင်း၊ ကျားချောင်း သစ်ဆိပ်များ ဖက်ဆိမ်းဖို့ ဝန်ကြီးဌာနမှာ အမိန့်ရပြီးနောက် လက်ကျန် သစ်လုံးများကို သစ်ခွဲစိတ်စက်ကြီးများသို့ အလျင်အမြန် လွှဲပြောင်းပေးဖို့ အမိန့်အရ အမှတ်(၁၀)သစ်စက် သန်လျင်ကသစ်ဆိပ်နှင့် အနီးဆုံးဖြစ်၍ သစ်လုံးများစွာ သစ်ဖောင်ဖြင့် ပေးပို့ လွှဲအပ်ပါသည်။ သစ်လုံး တောင်လိုပုံထားရ၏။

သစ်လုံး ဆွဲဂျစ်ကရိန်း အမြင့်ပေ (၃၀၀)အထက်မြင့်၏။ သစ်လုံးလည်း ပေတစ်ရာ၊ နှစ်ရာ အမြင့်ကျော်သည်။ တာဝန်ရှိသူများ ပိုမို ကြပ်မတ်ရသည်။

'ဆရာ ကွင်းပိုင်ကြီး မြောက်ဖို့ အလှူငွေ ထည့်ပါ'

ဟု ဖောင်ထိန်းကြီး ဦးသာဦးက အလှူခံလာသည်။

'ဘယ်လောက် ထည့်ရမလဲ'

'တစ်ထောင်ကျပ်ပါ ဆရာ'

'ဟဲ့ာ မများဘူးလားဗျ ဦးသာဦး'

'မများပါဘူး ဆရာ၊ ကွင်းပိုင်၊ နယ်ပိုင်တွေကို ကြက်ဖို့ကြက်မနဲ့ အရက်သုံးလုံး ကန်တော့ရမယ်'

'ခင်ဗျားတို့ ကွင်းပိုင်က နတ်ဆိုပေမယ့် ပရလောကသားပါဗျာ။ အရက်တစ်လုံးပဲ သောက်၊ ကြက်တစ်ကောင်ပဲ စားလို့ ပြော။ ငါးရာကျပ်ပဲ ယူပါ'

ထိုအချိန်က ၁၉၉၅ ခုနှစ်လောက်ဆီက အရက်ဖြူတစ်လုံး နှစ်ရာပဲ ရှိသေး၍ ကြက်မတမ်း ငါးဆယ်သား သုံးရာကျပ်ပဲ ရှိသေး၏။ အလှူခံအဖွဲ့သည် နှုတ်ခမ်းစူကြ၏။ သူတို့မကျေနပ်ကြပါ။ ရိပ်မိသော်လည်း အားနာမိသည်။

'မဟုတ်ဘူး အောင်ထွန်းလေး၊ သူတို့ ကမ်းနားနေ လူအများက ယုံကြည် အစွဲအယူသီးကြတယ်။ ကျုပ်လဲ မယုံပါဘူးဗျာ။ ဓလေ့ထုံးစံဆိုတာ ယုံတာ မယုံတာ အပ,ထား ဒေသဓလေ့ဆိုတာ ရှိရာပဲဗျ။ ဘာပြုလဲ သုံးထောင်ထည့်၊ ရော့ ယူသွားပါဗျာ'

စက်ရုံမှူး ဦးထွန်းကြိုင်သည် အားဆေးတစ်ခွက် တိုက်ကျွေးလိုက်သလို သစ်ဖောင်ဝန်ထမ်းများ ကျေနပ်သွား၏။

* * *



www.burmeseclassic.com

www.burmeseclassic.com

## [ ၂ ]

'ဒီသစ်စက်မှာ ကုလားလူမျိုး သစ်ခွဲစိတ်ပိုင်းဆရာတစ်ယောက်၊ သစ်ခွဲကြီးကြပ်မှူးတစ်ဦးနဲ့ သစ်ဖောင်ဝန်ထမ်းတစ်ဦး ရုတ်တရက် သေသွားတယ်ဆရာ'

ညဥ့်ဘက် တာဝန်မှူးများ၊ လုံခြုံရေးများ ခေတ္တ စကားပိုင်းတွင် ကွင်းပိုင်နတ်ထိန်း ဦးအုန်းကြိုင်က စတင်ပြောဆိုပါသည်။

'ဘယ်လို ဖြစ်တာလဲဗျာ'

'ကုလားပိုင်းဆရာက စက်ရုံပေါ်မှာ သေးပေါက်ချလို့ ရိုင်းတယ်ဆိုပြီး ကွင်းပိုင်က ပါးရိုက်လို့ သေပါတယ်။ သစ်ခွဲကြီးကြပ်မှူးကတော့ မြစ်ဆိပ် ရေပန်းတာ ရေစောင့်တဲ့မှာ မြစ်ကမ်းဆိပ်ဆင်းငါးမျှားပြီးအရက်နဲ့ မြည်းတော့ ရင်ဝခြေနဲ့ ကန်ခံရပြီးသေတယ်။

သစ်ဖောင်ဝန်ထမ်း မိသားစုတစ်ဦး ငါးကျားပိုက်ချ ငါးမျှား၊ ရတဲ့ငါးကို ဦးဦးဖျားဖျား သူ့ကို မမြှောက်လို့တဲ့ဗျ။ မခန့်လေးစား လုပ်ရမလားဆိုပြီး ဂမ်ထရီကရိမ်းပေါ်မှ ကန်ချပြီး သေတာပဲ'

'ဟာ မဖြစ်နိုင်ဘူး ထင်တယ် ဦးအုန်းကြိုင်'

'ကျွန်တော်တို့ကိုယ်တွေ့ဗျ။ ကုလားပိုင်းဆရာအလောင်းကို သွားကြည့်တော့ ဘယ်ဘက်ပါးမှာ လက်ငါးချောင်းရာ တွေ့ရတယ်။ သစ်ခွဲကြီးကြပ်မှူးက ကျွန်တော်တို့နဲ့အတူ ပန်းတာ။ ညစောင့်ကျတော့ အရက်မြည်းအဖြစ် ငါးမျှား၊ ရသမျှ မီးဖုတ် ကင်စားရတာ။ သူ့ကို ဦးဦးဖျားဖျား မမြှောက်လို့ ရင်ဝကို အကန်ခံရပြီးနောက် အောင့်တယ်လို့ ပြောပြီး ဆေးရုံတောင် မပို့မီ သေတာပဲ။

ကရိမ်း သစ်ဖောင်သမားကလဲ သူ့



ကို တစ်ခါတစ်ရံတောင် မမြှောက်ရသလားဆိုပြီး ကရိမ်းပေါ်က ကန်ချတာပဲ ဆရာရယ်'

'ဘယ်လိုကြောင့် သိတာလဲ'

'ကျွန်တော်တို့ နှစ်စဉ်နှစ်တိုင်း ကွင်းပိုင်၊ နယ်ပိုင် မြှောက်ပွဲမှာ ဝန်ထမ်းအိမ်ရာက မိန်းမတစ်ယောက်ကို ပူးကပ်ပြောတာပါပဲ ဆရာရယ်'

ဟုတ်ပါသည်။ ထိုနယ်တစ်လျှောက်မှာ ဂျပန်ခေတ်က ယမ်းတိုက်ဖြစ်ခဲ့ဖူးသော တောင်ကုန်းအရှေ့ပိုင်းကို မြန်မာကွင်းပိုင်က အုပ်ချုပ်ပြီး ယမ်းတိုက်ကုန်းအနောက်ပိုင်း ချစ်တီးဘုရားကျောင်းအထိ ကုလားကွင်းပိုင် အုပ်ချုပ်ကြောင်း နတ်ထိန်းက ပြော၏။

မြန်မာကွင်းပိုင်သည် ကိုလိုနီခေတ်မှ ဆေးဆရာတစ်ဦး ရေနစ်သေပြီး ကွင်းပိုင် ဖြစ်ရကြောင်း၊ ကုလားကွင်းပိုင်က ဟိန္ဒူရိုးရာဖြစ်ကြောင်း၊ မြန်မာကွင်းပိုင်၏ တပည့်များဖြစ်သော ကရင်မောင်နှမက လွန်စွာ ထက်မြက်ကြောင်း ရှင်းပြကြပါသည်။

နောက်ပိုင်း အရက်သောက်၊ မသောက်၊ ကြက်ဖို့၊ကြက်မ ကင်စား၊ မစား၊ ဦးရှင်ကြီးကဲ့သို့ မုန့်ဆန်းနှင့် လက်ဖက်တစ်ပွဲ၊ ငှက်ပျောပွဲ တင်ရကြောင်း အငြင်းအခုံများကြသဖြင့် ထိုညအဖို့ စကားဝိုင်း နိဂုံးချုပ်ခဲ့ပါ၏။

* * *

## [ ၃ ]

ကျွန်ုပ်လည်း မယုံတစ်ဝက် ယုံတစ်ဝက် သံသယဝက်ပါထဲမှာ ဝေ့လည်လည် ဖြစ်မိသည်။

ယနေ့ညအဖို့ မိုးဦးမိုး သည်းထန်ခဲ့၏။ လေက တိုက်၊ လျှပ်စီးတွေ တဝင်းဝင်း လင်းလက်နေ၏။ မိုးဦးမိုးခြိမ်းသံများကလည်း ခြိမ့်ခြိမ့်သဲသဲနှင့် အသည်းငယ်တတ်သူများအတွက် ရင်ဖိုပေလိမ့်မည်။

တစ်နေ့လုံး ပူအိုက်လွန်းလို့ ကွေးကောင်းသူများလည်း အိပ်ရာထဲ ဖိမ်နှင့် ကွေးနေပေလိမ့်မည်။ ဖားသံ၊ ပုရစ်သံ၊ ဒေါ့ရင်းသံနှင့် မြေအောင်းကောင်များလည်း မြေစိုရေစိုထွက်ပြီး အော်ဟစ်မြည်ကြွေးကြသံများ ကြားရသည်။

ကျွန်ုပ်မှာမိုးကာ၊ လောင်းကွတ်ရေစိုဦးထုပ်ဆောင်းဝတ်၊ ငါးတောင့်ထိုး၊ ကျားခေါင်းတံဆိပ်လက်နှိပ်ဓာတ်မီးပိတောက်သားအနှစ်တုတ် ဆွဲကိုင်ပြီး အမြီးတန့်နှံ့နှင့် ငနီ၊ နက်ကျော်မတို့လည်း ခေါ်စရာမလို အလိုလို သခင်နောက် လိုက်ပါလေသည်။ ကျွန်ုပ်သည် မိုးရေထဲမှာ ကမ်းနားဘက် ထွက်ခဲ့ပါသည်။

ခွေးနှစ်ကောင်မှာ တဂိမ်ဂိမ် အော်လျက် ရှေ့မှ အမြီးယမ်းပြီး ပြေးထွက်သွားကြ၏။ သစ်စက်ဂိတ်ဝသို့ ရောက်တော့ အခြားနီလာ၊ ဖုံတို၊ မိတို(အမြီးပြတ်မ)တို့ကလည်း တဝူဝူ တဝေါင်ဝေါင် အော်ဟောင်လာကြသည်။

ခွေးတစ်အုပ်သည် စက်ရုံပတ်လမ်းမှ မြစ်ကမ်းနားဘက်ဆီသို့ ပြေးသွား



www.burmeseclassic.com

www.burmeseclassic.com



ကြသည်။ တစ်လမ်းလုံး ရေအိုင် ရေခွက်ချည်းပဲ ဖြစ်နေ၏။

'ဝုတ် ဝုတ် ဝုတ်၊ ဝေါင်း အူ အူ အူ'

ခွေးတစ်အုပ်၏ ဟောင်သံ၊ အူသံများသည် ဆူညံနေလေသည်။ ဒီမျှလောက် ခွေးဟောင်နေခြင်းသည် ထူးခြားဖြစ်စဉ်တော့ ဖြစ်လိမ့်မည်ဟု သဘောပေါက်မိပါသည်။ နာရီကို ကြည့်လိုက်တော့ နာရီပြန် တစ်ချက်တီး ကျော်နေပါသည်။

ကျွန်ုပ်က လက်နှိပ်ဓာတ်မီးဖြင့် ခွေးဟောင်ရာဘက်သို့ မပြတ်ထိုးနှိပ်ထားသည်။ အလင်းတန်း၏စူးရှ ထိရှမှုကြောင့် သစ်လုံးပုံအနီးမှ ပုံရိပ်မည်းမည်းကို မြင်တွေ့ရသည်။

'ဟိတ် ဘယ်သူလဲ ရပ်'

ပုံရိပ်သည် ကျွန်ုပ် အမိန့်ပေးမှုကြောင့် ရပ်နေသလိုလို၊ ရွေ့လျားသလိုလိုနှင့် ထရက်စု အကွက်ထောက်နှင့် သျှောင်နောက်ဆံ ထုံးလွှဲနှင့် ခေါင်းလိပ်မီးဖွာနေသည်။

'အသင် ဘယ်သူလဲ။ ဒီလမ်းမှာ တစ်ယောက်တည်း ဘာလာလုပ်တာလဲ'

'ဟာ ဟား ဟား'

ဟက်ဟက်ပက်ပက် ရယ်သံ၊ ခွေးများကား ပိုမိုဟောင်သည်။ ရိုးရိုးလူဆိုရင် ထွက်ပြေးရင် ပြေး၊ မပြေးရင် ကျွန်ုပ်နှင့် ရင်ဆိုင်လိမ့်မည်။ ခွေးဟောင်ပုံမှာ တစ်ကောင်မဟုတ် ခွေးအားလုံးဟောင်သည်။

ပရလောကသားဆိုရင် ခွေး ကြောင်နှင့် အခြားတိရစ္ဆာန်များ အသိစော၏။ ထို့ကြောင့် စူးစူးဝါးဝါး ဟောင်နေသည်ဟု ကျွန်ုပ် ရိပ်စားမိပေ၏။ မျက်လုံးက စူးစူးရဲရဲ၊ မျက်နှာပေါက်ဆိုးလှသည်။

'ကြက်ကင်နဲ့ အရက်တစ်လုံး ဖို့စိတ်ကို မဖြေနဲ့။ ဖို့ကို မုန့်ဆန်၊ ကောက်ညှင်း၊ ငှက်ပျောပွဲနဲ့ စိတ်ကို လာဖြေပါ။ သင် ဘယ်သူလဲ ကျုပ် သိတယ်'

စကားသံမှာ ဝေဝါးလျက်မှ ရုတ်တရက် ပျောက်ကွယ်သွားပါသည်။ ခွေးဟောင်သံများလည်း လျော့ပါးသွား၏။

'ဆရာ ဦးခင်မောင်အေး'

ဟာ ဒီတစ်ခါတော့ ဖောင်ထိန်းကြီး ဦးသာဦးအသံပဲ။ မိုးသေးမိုးမွှားများ ကျနေဆဲ၊ ဖားအော်သံနှင့် တောကောင်အသံများ ပိုမို ဆူညံဝေလာသည်။

'ဦးသာဦးလားဗျ'

ဦးသာဦးသည် ကျွန်ုပ်ဆီ ပြေးဝင်လာ၏။

'ဘာ ထူးခြားသလဲ ဆရာ၊ ဆရာနဲ့ လူတစ်ဦး စကားပြောနေဟန် အသံလိုလို ကြားရတယ်'

ကျွန်ုပ်တို့ ဆရာတပည့်များသည် သစ်ဖောင်စောင့်တဲဘက်သို့ လျှောက်လာကြ၏။ စကားအပြောအဆို တဒင်္ဂ ပြတ်စဲသွားသည်။ အတွေးကိုယ်စီနှင့် ဖောင်စောင့်တဲဘက်သို့သာ ဦးတည်လျှောက်လာပြီး တဲအတွင်း ဝင်ထိုင်နေ၏။

'ဦးသာဦး ခင်ဗျားတို့ရဲ့ ကွင်းပိုင်ဆိုတာ မြင်ဖူးသလား'

ကျွန်ုပ်၏ ရုတ်တရက်အမေးကြောင့် သူတို့တစ်ယောက်မျက်နှာတစ်ယောက် ကြည့်ပြီး အံ့သြနေလေသည်။

'မြင်ဖူးပါတယ်။ ပုဆိုးကွက်ထောက်၊ အင်္ကျီလည်ကတုံး၊ တိုက်ပုံအင်္ကျီအနက် ဝတ်ပါတယ်'

ဦးသာဦးအပြော ကျွန်ုပ်သဘောပေါက်သည်။

'ခင်ဗျားတို့ ကွင်းပိုင်ကြီးကို ကြက်ပို့ကြက်မကင်နဲ့ အရက်တင် မဟုတ်ဘူးတဲ့။ ဦးရှင်ကြီးနတ် ပူဇော်သလို လုပ်ရမယ်လို့ ပြောနေပါလား'

မယုံကြည်သော ဆရာ ယုံကြည်မိပြီ ထင်တယ်ဟု သူတို့ ခေါင်းစားနေမှာ အမှန်ပဲ။

'မိုးလင်းရင် ကျုပ်ဆီက ငွေ နှစ်ထောင်ကျပ် လာယူပါ။ ကြက်နဲ့ အရက် မဝယ်နဲ့။ ကောက်ညှင်း၊ မုန့်ဆန်၊ ငှက်ပျောပဲ ဝယ်၊ ကွင်းပိုင်ကို တင်လိုက်ပေါ့'

'ဟုတ်ကဲ့ ဆရာ'

အရုဏ်အလင်းသည် တက်သစ်စနေဝင်းကြောင့် ရောင်ဝါလင်းလာသည်။ ကျွန်ုပ်လည်း အိပ်ပြန်ခဲ့၏။

* * *

[၄]

ဦးသာဦးတို့အဖွဲ့သည် ကွင်းပိုင်နယ်ပိုင်ကို ဦးရှင်ကြီးပုံစံလို ပသကြ၏။ အချို့ကလည်း ကွင်းပိုင်တပည့်များ စားသောက်ဖို့ ကြက်ကင်နှင့် အရက်


www.burmeseclassic.com

www.burmeseclassic.com

ဆက်သ ပ,သကြ၏။

ဦးသာဦး အပြောကတော့ ကျွန်ုပ်တို့ ဆရာမျှား၊ အုပ်ချုပ်ရေးအရာရှိများက ကွင်းပိုင်ဘိုးဘိုးအား အကြိုက်တင် လှူပ,သပါ၏။

ကျွန်ုပ်တို့ လူသားဝန်ထမ်းများကို အနှောင့်အယှက် မပေးပါနှင့်။ ကျွန်ုပ်တို့ လိုအပ်ရင် ကွင်းပိုင်၊ နယ်ပိုင်များက လာရောက် မ,စကြပါ။ ကျွန်ုပ်တို့ ပ,သ ပူဇော်တာ လက်ခံရင် ထူးခြားဖြစ်စဉ် ပေါ်လေတိုင်း ဝင်ရောက် ကူညီပါ ဘိုးဘိုးဟု ကျွန်ုပ်အား ရှင်းပြပါသည်။

ဒီနေ့ ကောင်းကင်ယံတွင် ကြည် လင် သန့်ရှင်းနေသည်။ သို့သော် နေဝင်ဆည်းဆာ ပြိုးပျပျ ရှိချိန်မှာ အနောက်မြောက်ဆီက အုံ့မှိုင်းညို့ဆိုင်း လာသည်။ လပြည့်မိုးလယ်ရက် ဝါဦးမို့ ထူးကဲ ဒီရေတက်ချိန်ဆိုတာ မပြောဘဲ ကမ်းနားနေလူသူများ လက်ခံသည်။ သိကြသည်။

စက်ရုံအုပ်ချုပ်ရေးအဖွဲ့က ပန်းတာ၊ ရေကင်း သစ်ဖောင်ဝန်ထမ်းများ သတိ နှင့် ယှဉ်နေဖို့ ထုတ်ပြန်ထားသည်။ ကျွန်ုပ်သည်ပင် နိုးနိုးကြားကြားနေရာမှ ရုတ်တရက် အိပ်မောကျသွားသည်။ သန်းခေါင်ညဉ့်ယံ၌ အိမ်ရှေ့တံခါးမှ တဗုန်းဗုန်း ပုတ်သံကြောင့် ကျွန်ုပ် အိပ်ရာမှ ထလာသည်။

'ဆရာ၊ ဆရာ ထူးကဲ ဒီရေကြောင့် သစ်လုံး တွေ မြစ်ထဲ မျောပါကုန်ပြီ'

'ဟုတ်လား ဟေ့ ဖိုးကောင်း၊ သံချောင်း ခေါက်စမ်း၊ တာဝန်မှူးကို ခေါ်၊ ဝန်ထမ်းများ အိမ်ရာမှ လူတွေ အမြန်ခေါ်'

'ဆရာ၊ စက်ရုံမှူး ဒီညအိပ်ပါတယ်'

ကျွန်ုပ်တို့အားလုံး မြစ်ကမ်းနဖူးပေါ် အပြေးလာကြ၏။ခွေးများကလည်း ဟောင်လှ၏။ အချိန်ကား နှစ်ချက်တီး။ မဟူရာညရဲ့ မြစ်ယံဝယ် သစ်လုံးများ ပြန့်ကျဲမျောနေသည်။

စက်ရုံပိုင် လောင်းလှေနှင့် လူ လက်ပစ်ကူးသမားများ ရေပြင်လှိုင်း ကြား ကူးခပ် စုန်ဆန်ရှုပ်ထွေးနေသော မြင်ကွင်းကို မြင်ရတော့ ကျွန်ုပ်မှာ ရင်ထဲမှ ဒီဇယ်စက်ခေါင်း ခုတ်မောင်း သံလို ရင်ခုန်နေသည်။ စိတ်ထဲမှာ ဆူဝေနေလေသည်။

မှောင်ရိပ်မည်းမည်းထဲ ကျွန်ုပ်လည်း ရေထဲ ဆင်းမိ၏။ သစ်ဖောင်ဝန်ထမ်း များသည် ရေကူးကျွမ်းကျင်လှသည်။ နီးဝန်းကျင် တံငါလှေများလည်း ကူးခပ် စုန်ဆန်မျောစီး၍ သစ်လုံးဖမ်းပြီး သစ်ဖောင်ဖွဲ့ကြသည်။

မည်းမည်းပုံရိပ်သဏ္ဍာန်များ ပဲခူး မြစ်ပြင်ဝယ် ရောထွေး ရှုပ်ထွေးနေလေ သည်။ မည်းမည်းပုံရိပ်များက သစ်လုံး များကို ဖမ်းဆွဲစုပေးကြသည်။

'အောင်ထွန်းလေး စိတ်ပြိမ်ပြိမ်ထား။ ရေထဲ မဆင်းနဲ့၊ လာ ဒီကို'

ဘယ်အချိန်က ရောက်နေသည် မသိ။ စက်ရုံမှူး ဦးထွန်းကြိုင်နှင့်အဖွဲ့ သည် ဂမ်ထရီကရိမ်း၊ ဂျစ်ကရိမ်းများ လှုပ်ရှားခိုင်းထားသည်။ နေအလင်း ကြောင့် မိုးစင်စင်လင်းလေပြီ။ လူ အများ လက်ပန်းကျနေရှာကြ၏။

ညဉ့်က လူပုံရိပ်များ များပြားစွာ မြင်ခဲ့သော်လည်း မိုးလင်းပြီး နေဝန်းနီနီ ထွက်ပြူချိန်၌ ဦးသာဦးတို့ ဖောင်ထိန်း အဖွဲ့နှင့် ဝန်ထမ်းများမှာ လူအစိတ်သုံး ဆယ်ပဲ ရှိသည်။ ပုံရိပ်မည်းများ ပျောက် ကွယ်ကုန်၏။

'ဆရာ သစ်လုံး အားလုံး ပြန်ရပါ တယ်'

ဦးသာဦးနှင့်အဖွဲ့သည် စက်ရုံမှူးထံ အစီအရင်ခံကြ၏။ ထိုနံ့ရောအခါမှ ကျွန်ုပ်လည်း ပင့်သက်ရှည် ချနိုင်တော့ ၏။ ပြုံးလည်း ပြုံးနိုင်လာသည်။

'ကွင်းပိုင်ကြီးတို့အဖွဲ့ တာဝန်ကျေပါတယ်'

'ဗျာ'

ကျွန်ုပ်နှင့် စက်ရုံမှူးက အံ့ဩမျက် ဝန်းများ ပြူးကျယ်သွားသည်။

'ညက လူတွေအများကြီး မြင်ပါလိမ့်မယ် အဲဒီ သူတို့အဖွဲ့က ကူညီတာပါ'

'ဗျာ'

ဒုတိယ''ဗျာ''သည် အကျယ်ဝန်း ဆုံးပါပဲ။ ရေလှိုင်းသံကြောင့် ပဲ့တင်ထပ် သွားပါလိမ့်မည်။

ပရလောကသားများသည် လူ့ဘဝ ကဲ့သို့ ကောင်းသော နုနယ်သိမ်မွေ့ သော ပြုမှုကို ပြန်လည် တုံ့ပြန်မှုများ မှာ ဆန်းကြယ်လွန်းပါသည်။

ကျွန်ုပ် ကြားဖူးသလို ပြောဆိုပါမည်။ မီးကိုတောင် ကိုင်တွယ်တတ်ရင် အလို ရှိရာ အောင်မြင်ပြီး၏။ ပရလောက သားများလည်း အတိတ်ကံ မကောင်း ၍ ပစ္စုပ္ပန်ကံ အကြောင်းတရားကြောင့် ကြမ္မာရိုင်း၍ သံသရာလှိုင်းဒဏ် ခံရ သော်လည်း အကိုင်အတွယ် နူးညံ့သူ နှင့် ကျတော့...။

ကွင်းပိုင်၊ နယ်ပိုင်တို့လည်း ပုဂ္ဂိုလ် သတ္တဝါပါပဲ။ ဝေမာနိက ပရလောက သားတွေပါ။ လူနှင့် ပတ်ဝန်းကျင် မကင်းနိုင်သေးကြောင်း ကျွန်ုပ် သဘော ပေါက်မိသွားသည်။

*(၁၉၉၃ မှ ၁၉၉၈ ခုနှစ် တကယ် ဖြစ်ရပ်မှန် ကိုယ်တွေ့များ ခံစားရေး သည်။)*

*သုခိတာ ဟောထ ဒုက္ခာမုဥ္စထ*

**ကောင်းဟိန်း(ကျွန်းသစ်)**



www.burmeseclassic.com

www.burmeseclassic.com

ဦးကျော်အေး (၆၉)နှစ်၏

# ဂျပန်ပြည်ကို လွမ်းတယ်

နိုင်သန်းညွန့် (ပညာရေး)

၂၀၁၃ ခုနှစ်၊ ဖေဖော်ဝါရီလ ဒုတိယအပတ်မှာ ငါးရာပြားရွာမှာ အလှူရှိသည်။ ဦးအေးနိုင်၊ ဒေါ်ခင်မာအေးတို့၏အလှူဖြစ်သည်။ အဲဒီအလှူကို မန္တလေး တံတိုင်းရှည်မှာနေသည့် သူတို့ဦးလေး ကိုကျော်အေး(ကျွန်ုပ်)နှင့် ကျောင်းနေဖက် ငယ်သူငယ်ချင်း ငါးရာပြားရွာသား ရောက်ခဲ့ပါသည်။

ကွဲကွာနေသည်မှာ ကြာပြီဆိုတော့ ရှေးဖြစ်ဟောင်း နှောင်းဖြစ်တွေ၊ အခြေအနေ အကောင်းအဆိုး အကြောင်းအကျိုးအစုံ ဖွင့်ကြတာ တစ်ညတာတစ်ဝက်ကျော် နှစ်ချက်တောင် ထိုးလုသွားသည်။

ငယ်စဉ်ဘဝတွေ အမျိုးမျိုးသာမက သူ့အရင်ဘဝက ပုံရိပ်တွေကိုလည်း ပြန်လည်တသ လွမ်းဆွေးခဲ့သမျှဇာတ်စုံခင်းရှာသည်။ အရင်တုန်းက ကလေးဘဝကလည်း ပြောပြဖူးသည်။ ဒါပေမယ့် ကျွန်ုပ် အမှတ်မထားမိခဲ့ပါ။

ယခု သူက သူ့အမေ ဒေါ်ငွေရီ (ကွယ်လွန်)၏ ငွေထုံးဘူးလေးထဲမှာ မှတ်မှတ်ရရ သိမ်းထားခဲ့သည့် ဂျပန်စစ်သား(ကြွေရုပ်)ကလေးပါ ပြန်လည်ထုတ်ပြပြီး လွမ်းတသသ ပြောပြမှသာ ကျွန်ုပ် စိတ်ဝင်စားပြီး ဒီဇာတ်လမ်းကို ရုပ်ပုံများနှင့်တကွ ရေးရခြင်းဖြစ်ပါကြောင်း **(ငယ်သူငယ်ချင်းဖြစ်၍ နှုတ်ကျိုးနေသည့်အတိုင်း ကျော်အေးဟူ၍ သုံးနှုန်းရေးပါရစေ။)**

ကျော်အေးသည် အခု အသက် (၆၉)နှစ်ရှိပြီး အသက်ထင်ရှား ရှိသော်လည်း ကျန်းမာရေး သိပ်မကောင်းတော့။ မန္တလေး တံတိုင်းရှည်မှ ငါးရာပြားရွာသို့ သားဖြစ်သူ ဆိုင်ကယ်နှင့် ပို့သဖြင့်သာ ရောက်လာခြင်းဖြစ်သည်။

ရောက်ရောက်ချင်း ကျွန်တော်က...





ဦးကျော်အေး၊ ဇနီးသာ လက်ထပ်ပြီးစအချိန်

'ဟော့ ကျော်အေး မင်း မသေသေးဘဲကိုးကွ၊ မရှိတော့ဘူးအောက်မေ့တာ'

'လက်ဆောင်ယူရွာက ဖိုးတောက်ပြောသလိုပေါ့ကွာ လူယုတ်မာတွေက အသက်ရှည်တယ်တဲ့။ ငါလဲ သေဖို့ မလွယ်သေးပါဘူးကွာ ဟဲ ဟဲ ဟဲ'

ဟု ကျော်အေးက ပြန်ပြော၍ အလှူအိမ်သို့ ဆက်သွားသည်။

တကယ်လည်း ပျော်ပျော်နေ၍ သေခဲ့သည်ဟု ဆိုရမည်။ ကျော်အေးသည် ယခင်ဘဝက ဂျပန်စစ်သားလေး ဖြစ်ခဲ့သည်။ ယခုဘဝတွင် မြန်မာလူမျိုး ကျော်အေး ဖြစ်လာခဲ့သည်။

သူ စွဲလမ်းခဲ့သည့်အိမ်သည် တောင်သူကြီး ဦးချုပ်၊ ဒေါ်ငွေရီတို့၏ အိမ်ဖြစ်သည်။ ဂျပန်စစ်သားဘဝဖြင့် တိုက်ပွဲ

www.burmeseclassic.com




ခိုက်ရင်း ရွာဘက်သို့ ဂျပန်တစ်စု စစ်ဆုတ်လာရာ အမေရိကန်တပ်က နောက်မှ လိုက်တိုက်သည်။

ငါးရာပြားရွာ၏ အနောက်ဘက်တွင် အင်းတဲကြီးတော ရှိသည်။ နှစ်စဉ် ရေတက်၍ အင်းကြီးလို ဖြစ်နေသဖြင့် အင်းတဲကြီးဟု အမည်တွင်သည်။ ရေကျလျှင် အင်းတဲကြီးတွင် ယာလုပ်ကြသည်မှာ ယခုတိုင်ဖြစ်သည်။

ထိုအင်းတဲကြီးတွင် ဂျပန်တစ်စုမှ တပ်သားများ အများအပြား ကျဆုံးသည်။ ယခု ကျော်အေး ဖြစ်လာသည့် ဂျပန်လေးသည် ငါးရာပြားရွာမှ တောင်သူကြီး ဦးချုပ်၊ ဒေါ်ငွေရီတို့ အိမ်အပေါ် ထပ် ကျပ်ခိုးစင်(စင်လေး)လေးပေါ်တွင် အိမ်သားအလစ်၌တက်၍ပုန်းရှာသည်။

သို့သော် ထက်ကြပ်မကွာ လိုက်လာသော အမေရိကန်တပ်ကြောင့် လွတ်ပုံမပေါ်သဖြင့် စင်ပေါ်မှ ပြန်ဆင်းကာ တွေ့လိုက်ရသော ဒေါ်ငွေရီထံ သူ့တွင် ပါလာသော ထုံးဘူးလေးနှင့် ဂျပန်စစ်သားရုပ်(ကြေးရုပ်) အဆောင်တို့ကိုပေး၍ ရှိခိုးပြီး ဆင်းပြေးရှာသော်လည်း မလွတ်ဘဲ သေနတ်ဖြင့် ပစ်သတ်ခံလိုက်ရသည်။ သူ သေသွားသည်။

ထိုဂျပန်လေးကို ဒေါ်ငွေရီက သနားလှသည်။ ဂျပန်အလောင်းလေးကို ကြည့်ကာ ထုံးဘူးလေးကို သေချာသိမ်းထားသည်။ ထိုအချိန်က ဒေါ်ငွေရီတို့မှာ သမီးကြီး မမြတင်(နို့စို့) မွေးပြီးကာစ (၉)လခန့်သာ ရှိသေးသည်။ ဂျပန်အလောင်းလေးကို ကြည့်၍...

'သြော် ဂျပန်လေးရယ် မင်းအဖြစ်ဆိုးလှချည်လားကွယ်၊ အသေဆိုးလိုက်တာ။ မင်းသာ ငါ့သားလေးဖြစ်ရင် ငါ လွတ်အောင် ကယ်နိုင်မှာပါ။ ခုတော့ကွယ်...'

ဟု ပြောမိသည်။

အံ့ဩစရာပင် မကြာမီ ဒေါ်ငွေရီ ကိုယ်ဝန်ရှိ၍ ယခု ကျော်အေးကို မွေးဖွားသည်။ သေသွားသည့် ဂျပန်ကြီး အတိုင်း ဖြူဖြူထွားထွားကြီးဖြစ်၍ ဒေါ်ငွေရီတို့က...

'ဟ ဂျပန်ကြီးဟ ဂျပန်ကြီး ဟုတ်တယ်နေမှာ ဒီမှာစွဲပြီး အခု ငါတို့ အိမ် လာဝင်စားတာ ဖြစ်မှာ'

ဟု ပြောခဲ့သည်။ သို့သော် ခင်ပွန်း ဘကြီးချုပ်က...

'ငွေရီရာ နင် စွဲလမ်းလို့နေမှာပါ ဟုတ်မယ် မထင်ပါဘူး'

ဟု ပြောခဲ့သည်။

'အို ကိုချုပ်ကလဲ အလောင်းခြေ ထောက်မှာ ကျုပ် သုပေးတဲ့ ထုံးဘူး ထဲက ထုံးတို့ပြီး မှတ်လိုက်တယ်။ ခု ဒီကလေး ခြေထောက်မှာ ထုံးရစ်ပုံ ပါတယ် သိလား'

'အေးပါကွာ၊ စကားပြောတဲ့ အချိန် သိရမှာပါ။ ခုတော့ ငယ်ပါသေးတယ်'

ဟု ဘကြီးချုပ်က ပြောသည်။ ကျော်အေး နှစ်,နှစ်ကျော် သုံးနှစ် အတွင်း စကားတွေ ပြောစတွင် ဒေါ်ငွေရီက ဂျပန်လေးပေးသော ထုံးဘူးနှင့် ဂျပန် စစ်သားရုပ်လေးကို အမှတ်မထင် ပြလိုက်ရာ ကျော်အေး တွေတွေစိုက်ကြည့်ရင်း ချုံးပွဲချ ငိုပါ တော့သည်။

'တိုကျိုပြန်မယ် အမေ၊ တိုကျိုပြန်မယ် အဲဒီမှာ ကျွန်တော့်မိန်းမရှိတယ်။ ကလေး ရှိတယ်။ ကျွန်တော် သတိရတယ်။ ပြန်ချင် တယ် ဟီးဟီး'

ဟု ရှိုက်ကြီးတငင် ငိုတော့သည်။ ထိုစဉ်က ချော့မေးရာ သူ့မိန်းမနှင့် ကလေးများ နာမည်ကိုပါ ပြောပြသည်။

သို့သော် စစ်အတွင်းဖြစ်၍ ပို့မ မလွယ်သောကြောင့် ကျော်အေး ဖြင့် တဖြည်းဖြည်း လူလားမြောက် ရသည်။

သို့ဖြစ်၍ ဂျပန်ကြီး (ဝါ) ကျော်အေး သည် ငါးရာပြားရွာတွင် နေထိုင်ရင်း မယာဆိုသူနှင့် အိမ်ထောင်ကျ တောင်သူအလုပ်ဖြင့် အသက်မွေး ခြေထောက်ဖွေမငြိမ် ကက်... ဘက်ထရီအိုးများ လဲ...ကိုင်ရင်း


www.burmeseclassic.com

www.burmeseclassic.com

လှည့်လည် ခရီးသွားနေသည်။

တောင်သူလုပ်ငန်းကို သားဖြစ်သူ ကိုနိုင်နှင့်သာ လွှဲထားသည်။ ဇနီးမယား နှင့် အနေဝေးကာ သမီးကြီး နွဲ့နွဲ့စန်း၊ သားကြီး ကိုနိုင်၊ သမီးငယ် မိုးမိုး၊ ပုပု၊ ခင်မျိုးခိုင် စသော သားသမီးငါး ယောက်ရကာမှ ဇနီးမယားနှင့် သား သမီး၊ မြေးယာများအားလုံးကို ပစ်ကာ ခုနှစ်ဆင်းဘဝဖြင့် နောက်အိမ်ထောင်ပြု ပြီး တံတိုင်းရှည်တွင် သွားရောက်လုပ် ကိုင်စားသောက်နေသည်။


ယခုမှ တူမအလှူကို ရောက်ရင်း အလည်လာခြင်းဖြစ်သည်။ အလှူလာ ရင်းမှ ကျွန်ုပ်နှင့် ပြန်ပြောင်းတွေးကာ စကားပြောမိခြင်း ဖြစ်သည်။

'နေပါဦးကွာ ကျော်အေးရာ၊ ငါ ပြန်မေးရဦးမယ်။ ခုမှ ငါက မင်း အကြောင်းကို စာပြန်ရေးဖို့ စိတ်ဝင် စားလာလို့ပါ။ မိတရုတ်မအကြောင်း ဟိုတလောက ရေးလိုက်တာ ပါလာ တယ်။ မင်း ဖတ်ကြည့်ဦးပေါ့။

ခုမှ မင်းအကြောင်းကို ပြန်ရေးချင် တာက မင်းအဖြစ်က ပိုပြီးတိကျတယ်။ မိတရုတ်က ငရဲပြည်က ကျောက်ပြား လေးက ခုမရှိတော့ဘူး။ မင်း ဂျပန်ဘဝ တုန်းက ထုံးဘူးလေးက နှစ်(၇၀) လောက် ရှိတာတောင် လက်တွေ့ရှိ သေးတယ်လေ အဲဒီအကြောင်းလေး ပြောပါဦး'

ဟု ကျွန်တော်က မယာ ပေးထား သော ထုံးဘူးလေးနှင့် ကြေးရုပ်လေးကို ကျော်အေးအားပြရင်း မေးလိုက်ရာ ကျော်အေးမှာ တွေတွေလေး စိုက်ကြည့်ရင်း ထုံးဘူးနှင့် ကြေးရုပ်ကို ကိုင်၍...

'အင်း မမေ့နိုင်စရာတွေပေါ့ကွာ။ ဩော်... မယာ၊ မယာ ဒါလေးကို သိမ်းထားရှာတယ်။ ငါ မိုက်တာပါကွာ။




ဘဝကို ရေစုန်မျှောချင်တဲ့၊ ခြေမငြိမ် တဲ့ ငါဟာ ဘာကိုမှ လေးလေးနက်နက် တန်ဖိုးထားရမှန်း မသိခဲ့ဘူး။ စိတ်တွေ ကလဲ သိပ်လေလွင့်ခဲ့တယ်။

ဂျပန်ဘဝတုန်းကလဲ မိန်းမရပြီး ကလေးတောင် (၆)ယောက်ရှိခဲ့တာ ငါ မှတ်မိတယ်။ တို့ တပ်သားတွေ တစ်လပဲ သင်တန်းဆင်းပြီး မြန်မာနိုင်ငံ လွှတ်လိုက်တယ်။

အဲဒီ တပ်သားသစ်တွေကို ငါ့လို ထုံးဘူးလေးနဲ့ ကြေးတပ်သားရုပ်လေး တစ်ရုပ်စီ ပေးလိုက်တယ်။

ဂျပန်ဗိုလ်မှူးကြီးက တပ်ထွက် မိန့်ခွန်းနေမှာပေါ့။ ဂျပန်လို ''ရဲဘော် တို့ မင်းတို့ စစ်မြေပြင်မှာ ဘာမှ မကြောက်နဲ့။ တို့တပ်မတော်ဟာ လူကြီးသေရင် လူလေး ပြန်ဖြစ်တဲ့ တပ်မတော်ပါကွာ။

မင်းတို့ အင်္ဂလိပ်–အမေရိကန်တွေ နဲ့ မြန်မာစစ်မြေပြင်မှာ တိုက်ပွဲတွေ ဆင်နွှဲရမယ်။ ရဲရဲဝံ့ဝံ့တိုက်ကြ။ နေမင်း ရဲ့သားတော်များ သတ္တိ ဆာမူရိုင်းသွေး နဲ့ တိုင်းပြည်အတွက် အသက်စွန့်ဖို့ ဝန်မလေးနဲ့ ဟုတ်လား''ဆိုပြီး မိန့်ခွန်း ခြွေခဲ့တဲ့နောက် ငါလဲ ဇနီးမယား၊ သမီးသားတို့ကိုစွန့် ဂျပန်စစ်သားဘဝနဲ့ ရန်ကုန်ကတစ်ဆင့် အင်းဝ စစ်စခန်း

ရောက်၊ ငါးရာပြားရွာရောက် အဲဒီမှာပဲ ကျဆုံးခဲ့ရတာ။

အဖေ၊ အမေတို့အိမ်ပေါ် ကျပ်ခိုးစင် တက်ပုန်းပြီးမှ မလွတ်လောက်ဘူးဆိုပြီး အမေ့ကို အဲဒီ ထုံးဘူးလေးနဲ့ ကြေးရုပ် လေးပေး ဦးညွှတ်ရင်း ဆင်းပြေးပေ မယ့် မလွတ်တော့ဘဲ အသတ်ခံခဲ့ရ တယ်။

ခုလဲပဲ မယာတို့၊ သားသမီးတို့က ဘာသာရေးစိတ်ဓာတ်တွေနဲ့ ဟန်ကျ ပန်ကျ နေ,နေကြပေမယ့် ငါ့မှာတော့... ငါ့မှာတော့ လအော့လအယ် ဘာရယ် မဟုတ် နောက်တရှုပ် နောက်တရှုပ်နဲ့ နောက်ဆုတ်ပြီး ဘဝကို ကုန်ဆုံးရ တော့မှာပါ သူငယ်ချင်းရယ်'

'အဲလို မဟုတ်ပါဘူးကွာ အချိန်မီပါ သေးတယ်။ အခုဘဝမှာ မင်း မှန်ကန် တဲ့ အသိတရားလေးနဲ့ ဘာသာရေး ဘက် ကူးပြောင်းလာရင် အချိန်မီပါ သေးတယ်။ မသေမီ တစ်မင်္ဂ တစ်ဖိုလ် ကူးနိုင်ပါသေးတယ်'

ဟု ကျွန်တော်က အားပေးနှစ်သိမ့် မိသော်လည်း ကျော်အေးမှာ ရီဝေ သော မျက်လုံးနှင့် ကျွန်တော့်ကို ဘာမှ မပြောတော့ဘဲ စူးစိုက်ကြည့်ရင်း ခေါင်း သာ ခါနေပါတော့သည်။

နိုင်သန်းညွန့်(ညောင်

www.burmeseclassic.com

# ရှင်လာပြုတဲ့ လူခြောက်ကလေး

လူမမ (ပေါင်)



လူခြောက်အကြောင်းကို စာရှုသူ တော်တော်များများ ကြားဖူးပြီးသား ဖြစ်ပါလိမ့်မယ်။ သို့ပေမယ့် အများစုကတော့ မြင်ဖူးကြုံဖူးကြမှာ မဟုတ်ပါဘူး။ စာရေးသူကိုယ်တိုင်လဲ လူခြောက်နဲ့ပတ်သက်ပြီး ရှေးလူကြီးသူမတွေရဲ့ စကားလောက်နဲ့သာ ကြားဖူးနားဝ ရှိခဲ့တာပါ။

လူခြောက်တွေ ဘာကြောင့် ဖြစ်လာတယ်ဆိုတာ စာရေးသူတို့အနေနဲ့ ဉာဏ်မမီပါဘူး။ ရှေးလူကြီးတွေ ပြောကြတဲ့ လူခြောက်အကြောင်းကတော့ အတော်ကြီး စိတ်ဝင်စားစရာ ကောင်းလှပါတယ်။

လူခြောက်တွေရဲ့ အရွယ်အစားက (၆)လက်မလောက်ပဲရှိပြီး အသား အရေကလဲ တွန့်ပြီး ခြောက်နေတယ်လို့ သိရပါတယ်။ ကိုယ်လက်အင်္ဂါလဲ အပြည့်အစုံ ပါ,ပါသတဲ့။

လူခြောက်ကလေးမွေးရင် အိမ်ရဲ့ စီးပွားရေးလဲ တစ်ရှိန်ထိုးတက်လာတယ်တဲ့။ လူခြောက်ကလေးက သူ့အမေကို အိပ်မက်ပေးပြီး စကားပြောတတ်တယ်တဲ့။ ပြီးတော့ လူခြောက်ကလေးကို မနက်၊ ညတိုင်း ထမင်းပုံမှန်ကျွေးရတယ်။

ထမင်းကျွေးရင်လဲ လူခြောက်ကလေးရဲ့အနားမှာ ထမင်းနဲ့ ရေကိုချထားပြီး **"သားရေ ထမင်းစားတော့"** လို့ ပြောရတယ်တဲ့။

ရိုးသားစွာ ဝန်ခံရရင်တော့ စာရေးသူမှာ အရွယ်ရောက်တဲ့ အချိန်အထိ တစ်ကြိမ်တစ်ခါမှ မကြုံဘူးခဲ့တဲ့ လူခြောက်ဆိုတာကြီးကို ဒဏ္ဍာရီပုံပြင်တစ်ပုဒ်လို့တောင် မှတ်ယူထားမိခဲ့ပါတယ်။

လွန်ခဲ့တဲ့ နှစ်များတုန်းကတော့ လူခြောက်နဲ့ပတ်သက်ပြီး သတင်းတစ်ခု ကြားခဲ့ရပါတယ်။ အဲဒီသတင်းကတော့ ကော့သောင်းဘက်မှာ နေထိုင်[illegible] စာရေးသူရဲ့ အစ်ကိုတစ်ဝမ်းကွဲ[illegible] လူခြောက်ကလေးမွေးတယ် ဆိုတာ[illegible] ပဲ။

အဲဒီသတင်းကို သယ်ဆောင်[illegible] တာကတော့ အစ်ကိုဝမ်းကွဲရဲ့အ[illegible] စာရေးသူအမေရဲ့ယောက်မ တော်[illegible] သူပါ။ ကြားစကတော့ စာရေးသူ [illegible] ခက်ခက်ပါပဲ။

အစ်ကိုဝမ်းကွဲရဲ့ အမေက[illegible] ကော့သောင်းက လူခြောက်[illegible] သူ့မြေးကို လုံးဝ မမြင်ဖူးပါဘူး [illegible] ကြောင့်လဲ ကြားရသူတိုင်း မယုံ[illegible] ဝက်၊ ယုံတစ်ဝက်နဲ့ပါပဲ။ စာ[illegible] ကတော့ ကြီးကြီး(အစ်ကိုဝမ်း[illegible] အမေ)နဲ့တွေ့တိုင်း **"လူခြော[illegible] ကလေး ရှိသေးရဲ့လား"** လို့ [illegible] ရှိပါတယ်။



www.burmeseclassic.com

www.burmeseclassic.com

ပြီးခဲ့တဲ့ ၂၀၁၂ခုနှစ်၊ နွေရာသီမှာ ကော့သောင်းက အစ်ကိုဝမ်းကွဲ မိသားစု သူ့အမေအိမ်ကို ရောက်လာကြပါတယ်။ အကြောင်းရင်းကတော့ ကလေးတွေကို ရှင်ပြုပေးဖို့ပါ။

စာရေးသူကတော့ အစ်ကိုဝမ်းကွဲကိုတွေ့တာနဲ့ လူခြောက်ကိစ္စကို အရင်ဆုံး မေးလိုက်ပါတယ်။အံ့သြစရာကောင်းလှပါတယ်၊ လူခြောက်ကလေး တကယ် မွေးထားတာပါတဲ့။

အခုလဲ အမျိုးတွေနဲ့ စုပေါင်းရှင်ပြုပွဲမှာ လူခြောက်ကလေးကိုပါ ရှင်ပြုပေးမှာပါတဲ့။ လူခြောက်ကလေးကို ကော့သောင်းမှာ စိတ်ချရတဲ့ ဆွေမျိုးတွေနဲ့ ထားခဲ့တာ ဖြစ်ပေမယ့် လူခြောက်ကလေးရဲ့ ဓာတ်ပုံကိုကိုင်ပြီး သူ့အမေက **“သားလေး အမေတို့နဲ့ သားလေး ရှင်ပြုဖို့ အတူလိုက်ခဲ့ပါ”**ဆိုပြီး ခေါ်လာခဲ့တယ်လို့ ဆိုပါတယ်။

သားသမီး(၃)ယောက် ရှိတဲ့အထဲမှာ လူခြောက်ကလေးက ဒုတိယမြောက်သားပါ။ အသက်က (၆)နှစ်ရှိပြီလို့ သိရပါတယ်။

လူခြောက်ကလေးမွေးပြီးမှ အရင်ကထက် စီးပွားဖြစ်လာလို့ လူခြောက်ကလေးအတွက်ဆိုပြီး ခွဲကြိုးတစ်ကုံးနဲ့ လက်စွပ်တစ်ကွင်း လုပ်ပေးထားပါတယ်။ လူခြောက်ကလေးကိုလဲ **“ဒါ သားပစ္စည်းတွေနော်”**လို့ အသိပေးထားပြီး သူ့သေတ္တာထဲမှာ ထည့်ထားပေးပါတယ်။

ကော့သောင်းက ပြန်လာတော့ လူခြောက်ကလေးရဲ့ ရွှေကြိုးနဲ့ လက်စွပ်ကို သူ့အစ်ကိုကို ဝတ်ဆင်ပေးခဲ့ပါတယ်။ လေယာဉ်နဲ့မို့ အိမ်ကို နေ့ချင်းရောက်ပါတယ်။ ရောက်တဲ့ညမှာပဲ ထူးဆန်းတာတွေ ဖြစ်တော့တာပါပဲ။

လူခြောက်ကလေးရဲ့ အစ်ကိုဖြစ်သူဟာ အိပ်ပျော်နေရင်းက အထိုးအကြိတ်ခံနေရသလိုမျိုး “အင့်”ခနဲ အသံထွက်ပြီး ခြေ,လက်တွေ ဆောင့်ဆောင့်ချပါတယ်။ အိပ်မက်ဆိုးတွေမက်ပြီး ယောင်နေတာလို့ပဲ ထင်မိကြပါတယ်။ မနက်ရောက်တော့ ကလေးက ကိုယ်လက်တွေ နာနေပါတယ်။

အိပ်မက်ထဲမှာ သူ့ကို ကလေးတစ်ယောက်က မကျေမနပ်နဲ့ လက်သီးနဲ့ထိုးတယ်လို့ ပြောပါတယ်။ အဲဒီတော့မှ လူခြောက်ကလေးရဲ့ အမေက စဉ်းစားမိပြီး အကြီးကောင်ကိုယ်ပေါ်မှာ ဆင်ထားပေးတဲ့ လူခြောက်ကလေးရဲ့ ရွှေတွေကို ပြန်ဖြုတ်သိမ်းလိုက်ပါတယ်။

လူခြောက်ကလေးနဲ့ ပတ်သက်ပြီး ဒီထက် ပိုမေးချင်ပေမယ့် သူတို့မှာလဲ ရှင်ပြုအလှူပွဲအတွက် စီစဉ်စရာ ရှိသေးလို့ အချိန်မရတာရယ်ကြောင့် စာရေးသူ ထပ်မမေးဖြစ်ခဲ့ပါဘူး။

လူခြောက်ကလေး ပါဝင်တဲ့ ရှင်ပြုအလှူမင်္ဂလာပွဲကို လူခြောက်ကလေးရဲ့ အမေဘက်က အဘွားအိမ်မှာ ကျင်းပဖြစ်ပါတယ်။ မုတ္တမဘက်မှာ ဖြစ်တာကြောင့် စာရေးသူတို့မြို့နဲ့ (၁၀)မိုင်ကျော်ကျော် ဝေးပါတယ်။ ရှင်ပြုအလှူပွဲကို စာရေးသူ မအားတဲ့အတွက်ကြောင့် မသွားဖြစ်ခဲ့ပါဘူး။ စာရေးသူရဲ့ မိသားစုကတော့ သွားခဲ့ကြပါတယ်။

စာရေးသူရဲ့ မိသားစုကလဲ အပြန်မိုးချုပ်မှာစိုးတာကြောင့် ညနေ ဆံမချမီ ပြန်ခဲ့ကြပါတယ်။ ဒါကြောင့် လူခြောက်ကလေးကို ဘယ်ပုံဘယ်နည်းနဲ့ ကိုရင်ဝတ်ပေးသလဲဆိုတာ အသေးစိတ် မတွေ့မြင်ခဲ့ရပါ။ လူခြောက်ကလေးရဲ့ ဓာတ်ပုံကိုတော့ တွေ့ခဲ့ရပါတယ်။

စာရေးသူတို့ ကြားဖူးနားဝ ရှိထားတဲ့အတိုင်း (၆)လက်မသာသာရှိပြီး အရုပ်ကလေးနဲ့တူပါသတဲ့။ အသားအရေက သက်ရှိထင်ရှားလူတွေရဲ့ အသားလိုမဟုတ်ဘဲ မည်းမည်းခြောက်ခြောက်ကလေးလို့ ဆိုပါတယ်။

ရှင်ပြုအလှူမင်္ဂလာပွဲမှာ အစဉ်အလာအရ ယပ်တောင်လေးတွေကို လာတဲ့ ပရိသတ်တိုင်းကို ကမ်းပါတယ်။ ထူးထူးခြားခြားပါပဲ။ ယပ်တောင်လေးထဲက ရှင်သာမဏေလောင်းတွေရဲ့ နာမည်နေရာမှာ လူခြောက်ကလေးရဲ့ နာမည်ပါနေပါတယ်။

နောက်ပိုင်း **ကြီးကြီး(လူခြောက်ကလေးရဲ့ အဘွား)**နဲ့ ဆုံတော့ စာရေးသူ မေးကြည့်ပါတယ်။ လူခြောက်ကလေးရဲ့ဓာတ်ပုံကို သင်္ကန်းနဲ့အတူ ဘုန်းကြီးကျောင်းမှာ ထားပေးပါသတဲ့။ လူခြောက်ကလေးရဲ့ အစ်ကို ကိုရင်တွေ လူဝတ်လဲတော့ လူခြောက်ကလေးရဲ့ ဓာတ်ပုံကို ပြန်ယူခဲ့တယ်လို့ ပြောပါတယ်။

အစ်ကိုဝမ်းကွဲမိသားစု ကော့သောင်း ပြန်သွားတော့ လူခြောက်ကလေးရဲ့ ဓာတ်ပုံကို ယူဆောင်သွားပါတယ်။ အခုဆိုရင် လူခြောက်ကလေးရဲ့ အသက်က (၇)နှစ်ရှိသွားပါပြီ။ ဆွေမျိုးစပ်မယ်ဆိုရင်တော့ စာရေးသူရဲ့ တူဝမ်းကွဲတော်ပါတယ်။

စာရှုသူများရှင် လောကမှာ လူခြောက်ကလေးတွေ ယနေ့ထိတိုင် ရှိနေကြသေးတာ သိပ်အံ့သြစရာကောင်းပါတယ်။ စာရေးသူအနေနဲ့ လူခြောက်ကလေးရဲ့ဓာတ်ပုံကိုပါ ဖော်ပြချင်ပေမယ့် မဖော်ပြနိုင်တာကိုတော့ ခွင့်လွှတ်ကြပါရန်။

ထူးမမ(ပေါင်)



www.burmeseclassic.com

www.burmeseclassic.com

# တွေ့ကြုံရ ကျောက်သမား

(၈)

ရွှေကာသိ
(ကျောက်မျက်)



## မိမိကို အကျိုးပြုသွားသော ကျောက်များ

တစ်နေ့ နံနက်ပိုင်းတွင် ကိုချမ်းသာမှာ မိမိရဲ့ကျောက်ဖြတ်နေကျ ကျောက်ဖြတ်ခုံဖြစ်တဲ့ မောင်သာထူးရဲ့ ခြေနင်းဖြတ်ခုံတွင် လက်ကောက်သားတစ်တုံးအား လက်ကောက်လုပ်ရန် ဖြတ်နေစဉ် ပဲလှော်ချောင်ရပ်မှ ကိုချမ်းသာရဲ့ ကျောက်ပွဲစား ကိုမြင့်ဆွေက ကျောက်ကြည့်ရန် လာခေါ်ပါတယ်။

သို့နှင့် သူ့ရဲ့ ဂျကာသို့ ကျောက်ကြည့်ရန် လိုက်သွားခဲ့ရာ မိုးညှင်း၊ ဖားကန့်မှ ကျောက်ကုန်သည်များ ရောက်လာလို့ ကိုမြင့်ဆွေရဲ့ ဂျကာတွင် ကျောက်တုံးပေါင်းများစွာ ကြည့်ရပါတယ်။

ကိုမြင့်ဆွေဆိုသူမှာ အသားညိုညိုထောင်ထောင်မောင်းမောင်း နှာရှုက်ကြီးကြီး အသားအရေထူထူဖြင့် သဘောကောင်းသောသူဖြစ်ပြီး ယင်းကိုမြင့်ဆွေဟာ ယခင်က (၈၆)လမ်း၊ (၃၄)လမ်းဆုံရာ ရေဆိုး ရွှေတာချောင်းကျူးကျော်နေရာတွင် ခနော်နီခနော်နဲ့ တဲလေးထိုးပြီး "မိတ်ဆက်" ကဖေးအမည်ဖြင့် လက်ဖက်ရည်ဆိုင် ဖွင့်ပါတယ်။

ထို့ပြင် သူ့တွင် ဂျစ်ကားအဖြူရောင်လေးတစ်စင်းရှိကာ မန္တလေးဈေးချိုနာရီစင်အနီးတွင် ဂိတ်ထိုး၍ ကားအော်ဒါ လိုက်စားနေသော လူတစ်ယောက်ပါ။

အဲဒီအချိန်က ကိုမြင့်ဆွေရဲ့ အိမ်အနီး မန်ကျည်းသုံးပင်တွင် ဦးလှကျော် + ဒေါ်ကျင်စိန်တို့ရဲ့ ထရံကာ၊ ကပ်မိုးနဲ့ နှစ်ခန်း,သုံးခန်း အိမ်လေးတွင် ကိုချမ်းသာ ဂျကာလုပ်ပြီး ကျောက်များ ချရောင်းနေသော ဂျကာတစ်ခုပါ။ ကျောက်ပွဲစား မလုပ်ခင်က ဦးလှကျော်မှာ မန်းမြို့တွင် သန့်ရှင်းရေးလုပ်သားဖြစ်ပြီး ညနေ ရုံးပြန်ချိန်တွင် စက်ဘီးတစ်စီးနဲ့ ရေနံဆီ လည်ရောင်းသူပါ။ သူရဲ့ဇနီး ဒေါ်ကျင်စိန်ကတော့ ရေထမ်းရောင်းရရှာတာပါ။

ဦးချမ်းသာက သနားသဖြင့် သူတို့အိမ်အား ဂျကာလုပ်ပြီး ကျောက်များရောင်းခဲ့တာပါ။ ဦးလှကျော်နဲ့ ဒေါ်ကျင်စိန်တို့မှာ ပင်လယ်နဖူးအိုင်ရွာများဘက်မှဖြစ်ပြီး အင်မတန် ရိုးသား[...] သော မိသားစုပါ။ အင်မတန်လဲ ဆင်း[...] ကြတာပါ။

ကိုချမ်းသာတို့ ကျောက်များ [...] ရောင်းခဲ့လို့ နောင်တစ်ချိန်မှာတော့ [...] အင်မတန်ဆင်းရဲကြတဲ့ ဦးလှကျော်[...] ဒေါ်ကျင်စိန်တို့မှာ တဲကုပ်မှ တိုက်ဖြ[...] ပြီး နောက်ထပ် သုံးထပ်တိုက်တစ်လုံး[...] ဝယ်နိုင်သော အခြေအနေရော[...] အောင် ချမ်းသာသွားကြပါတော့တယ်[...]

ကိုချမ်းသာကို မုံရွာမှ ကျောက်ပွဲစား[...] များ လာခေါ်ကြတိုင်း မုံရွာသို့ သွားရေ[...] ရှိပါက ကိုမြင့်ဆွေရဲ့ ဂျစ်ကားအ[...] အမြဲလိုလို ငှားသွားနေကျ ဖြစ်ပါတယ်[...] အဲဒီအချိန်က သံလမ်းရိုးမှ ကားလမ်[...] များ မကောင်းသေး၍ အသားကျော[...] အစုလိုက်အပြုံလိုက် သယ်ယူလိုပါ[...] ဥတုချောင်းမှထွက်ပြီး ဟုံနီးမလ[...] ချင်းတွင်းမြစ်အတိုင်း ဖောင်တို့ [...] လှေတို့နဲ့ စုန်ဆင်းသယ်ယူပြီး မုံ[...] ချ၍ ရောင်းကြရတဲ့ အချိန်ပါ။



www.burmeseclassic.com

www.burmeseclassic.com

မုံရွာသို့ ကိုမြင့်ဆွေ ကားတစ်ခါ ငှားရင် အသွားအပြန် (၂၅၀)ကျပ်ပေးရတယ်ပါ။ တစ်ခေါက်မှာတော့ ကိုမြင့်ဆွေ ကားကို မုံရွာသွားရင်း ကိုချမ်းသာက...

'မြင့်ဆွေ မင်းမှာ ကားရှိနေတာပဲ။ ကျောက်ပွဲစား လုပ်စားပါလား'

'ဆရာကြီးကလဲ ကျွန်တော်မှ ကျောက်နားမလည်တာ ဘယ်ဖြစ်မှာလဲ'

'ဟေ့ မြင့်ဆွေ ပွဲစားဆိုတာ လုပ်စမှာ ကျောက်နားလည်ဖို့ မလိုဘူးကွ။ ကျောက်ရောက်တတ်တဲ့ ဂျာကာတွေကို သိအောင် အရင်လုပ်၊ ကျောက်ရောက်ခဲ့ပြီဆိုရင် လောပန်းတွေ ကားနဲ့ တင်သွားပြီး ကျောက်ပြ၊ လောပန်းက ကျောက်ကို ကြိုက်ရင် လောပန်းနဲ့ ကျောက်ကုန်သည်နဲ့ စကားပြော၊ ပွဲတည့်ရင် မင်းက ကုန်သည်ဆီကရော ကျောက်ဝယ်တဲ့ လောပန်းဆီကပါ ငွေတစ်ရာကို ငါးကျပ်နှုန်းရတာပဲ။ ပွဲမတည့်ရင် မင်းက ဓာတ်ဆီဖိုး စိုက်ရတာ။ ဘာအရင်းမှ မလိုဘူး'

ကိုချမ်းသာ အဲဒီလိုပြောပြီးတဲ့ အခေါက်ကစပြီး ကိုမြင့်ဆွေ ကျောက်ပွဲစား ဖြစ်သွားလိုက်တာ။ လက်ရှိအိမ်အပြင်(၃၄)လမ်း၊ (၈၅×၈၆)လမ်းကြားမှာ တိုက်တစ်လုံး၊ မန္တလေး မေမြို့လမ်းမှာ ရွှေမိတ်ဆက်ဆိုတဲ့ ခြံတစ်ခြံတို့ကို ပိုင်သွားပါတော့တယ်။

ခု သူ့ဂျာကာမှာ ကျောက်တွေ ရောက်လာတော့ သူ့ကို ကျောက်လောကထဲ သွင်းပေးခဲ့တဲ့ ကိုချမ်းသာကို ဦးစားပေးခေါ်ပြတာပါ။ ကိုချမ်းသာလဲ ကြိုက်တဲ့ကျောက် အချိန်တစ်ရာခန့်ကို ရွေးဝယ်ပြီ မုန့်စိမ်းပေါင်းပုံစံ အခွံဖြူ အချိန်သုံးဆယ်ခန့် ကျောက်တစ်လုံးအား ဈေးမေးကြည့်ပါတယ်။



ဒါပေမယ့် ပိုင်ရှင်ကိုတော့ မတွေ့ရဘဲ မြင့်ဆွေက ''အဲဒီကျောက်က သုံးသိန်းရောင်းမယ် ပြောတယ် ဆရာကြီး'' ဆိုလို့ ကျောက်ကို ကြိုက်ပေမယ့် ဈေးမကြိုက်လို့ မဝယ်တော့ဘဲ ထားခဲ့ရပါတယ်။

အဲဒီကျောက်မျိုးမှာ အခွံဖြူဖြစ်ပြီး မော်သစ်မှ ထွက်ရှိသော ကျောက်နဲ့တူသဖြင့် ကျောက်ကုန်သည်များ ဝယ်ရဲကြမှာ မဟုတ်တဲ့အတွက် ကိုချမ်းသာက မျှော်ထားခဲ့ခြင်း ဖြစ်ပါတယ်။ ကိုချမ်းသာမှာ ကျောက်အတွေ့အကြုံများ၍ ဤကျောက်တုံးအား လက်နဲ့ပွတ်ကြည့်ရာ ကော်ပတ်အား ပွတ်ရသလို ကျောက်ခွံက လက်ကို ဆွဲထားပါတယ်။ သေချာပေါက် ဤကျောက်မျိုးမှာ အသားဆန်းသော ကျောက်ဖြစ်မှာကို ကိုချမ်းသာ အတွေ့အကြုံအရ အကဲခတ်မိပါတယ်။

သို့နှင့် နောက်နှစ်ရက်ခန့် အကြာ အဲဒီကျောက်တုံးအား အကဲခတ်ဖို့ သွားတဲ့အခါ မောင်မြင့်ဆွေက...

'ဆရာကြီး ကျောက်အသစ် မရောက်လာကြသေးဘူး။ လက်ကျန်ကြည့်ချင်ရင်တော့ အပေါ်မှာ တက်ကြည့်တော့။ ကျွန်တော် သုံးသောင်းပေးတဲ့ ကျောက်တစ်တုံး သွားအပ်မလို့'

ဆိုရာ ကိုချမ်းသာက...

'ဘယ်ကျောက်လဲ သုံးသောင်းနဲ့ အပ်မှာ'

'အိမ်ပေါ်က အချိန်သုံးဆယ်လောက်ရှိတဲ့ ခွံဖြူကြီးလေ'

'ဟော့ကောင် မြင့်ဆွေ ငါ ဈေးမေးတုန်းက သုံးသိန်းဆို'

'ရောက်စတုန်းကတော့ ပိုင်ရှင်မှာထားတဲ့အတိုင်း ပြောရတာပါ ဆရာကြီး။ မေးသူဝယ်သူ မရှိတော့ ခု သုံးသောင်းနဲ့ ရောင်းမယ်တဲ့'

'ဟ မြင့်ဆွေရ သုံးသောင်းဆို သွားမအပ်နဲ့တော့ ငါ ယူမှာပေါ့'

'ဆရာကြီးယူရင်လဲ ပြီးတာပဲ'

မြင့်ဆွေ ပြောစကားအရ မိမိကြိုက်နေသော ကျောက်အား ရရှိသဖြင့် ဝမ်းသာနေတုန်း ကိုသိန်းဟန်နဲ့ ကိုစိန်လှိုင် ကျောက်ကြည့်လာတာနဲ့...

'ဗျတ်ဝိဗျတ္တညီအစ်ကိုရေ ကျောက်ကတော့ မရှိတော့ဘူး။ ကျွန်တော် ဝယ်ထားတဲ့ကျောက် ရှယ်ယာထည့်ချင်ရင်တော့ သေချာကြည့်ကြဦး'

'ဆရာကြီးကြိုက်လို့ ဝယ်ထားရင် ကျွန်တော်တို့ ကြည့်စရာ မလိုပါဘူး။ ကျွန်တော်တို့ ရှယ်ယာဝင်ပါမယ်'

ဆိုလို့ မုန့်စိမ်းပေါင်းပုံ ကျောက်အား ထိပ်ပိုင်းရှုးသွားသောဘက်မှ ဆော့ပင်နဲ့ ဖြတ်ရမယ့်နေရာကို တားပေးလိုက်ရာ ညီအစ်ကိုနှစ်ယောက် ကျောက်တုံးအား ကားနဲ့ တင်သွားပြီး (၈၀×၈၁)လမ်း၊ (၃၅×၃၆)လမ်းကြား ကျားလျာဝင်းရပ်တွင်ရှိတဲ့ ကိုတင်ဖေရဲ့ ဖြတ်ခုံသို့ တင်သွားကြတော့တယ်။

ကိုယ့်ထက်ဦးတဲ့ ကျောက်ဖြတ်သူတွေ ရှေ့မှာရပ်နေလို့ ဖြတ်ခုံမှာ ကျောက်တုံးထားခဲ့ပြီး ထမင်းစားပြန်သွားကြတာ ဖြတ်ခုံကို ရောက်လာတဲ့ ကိုခင်အောင်ကြီးက (ကိုခင်အောင်ကြီးဆိုတာ ကိုချမ်းသာ စာတစ်ပုဒ်မှာ ရေးခဲ့တဲ့ (၇၉×၈၀)လမ်းကြား (၃၃×၃၄)လမ်းကြား ကျောက်စိမ်းခေတ် ထောင်ခဲ့ရာ ပိုးတန်းဝင်းရပ်မှာ နေသူဖြစ်



www.burmeseclassic.com

www.burmeseclassic.com

တယ်။ ယခုအချိန်ထိ ခံပင်ဖြူဖြူ မျက်ခုံးမွေးတွေပါ ဖြူပြီး အသက်ရှည် လျက်ရှိပါသေးတယ်။) ကိုခင်အောင်မှာ ကိုချမ်းသာတို့ ကျောက်လောကထဲ မရောက်ခင်အချိန် အတော်ကြာ ကတည်းက ကျောက်လုပ်နေသော ဝါရင့်ကျောက်သမားကြီး ဖြစ်ပါတယ်။

ကိုခင်အောင်က ကိုမြင့်ဆွေအိမ် ကျောက် သွားဝယ်စဉ်ကတည်းက ဤ ခွံဖြူကျောက်တုံးကြီးအား တွေ့ရှိပြီး ကြိုက်ပေမယ့် မော်သစ်မော်ဟောင်း မခွဲနိုင်တဲ့အတွက် မဝယ်ခဲ့တာပါ။ ကိုတင်ဖေ ဖြတ်ခုံရောက်တော့မှ မိမိ ကြိုက်ပြီး မဝယ်ခဲ့မိတဲ့ ကျောက်တုံး အား တွေ့ခဲ့တော့...

'ဟေ့တင်ဖေ ဒီကျောက် ငါ မှတ်နဲ့ တိုက်ကြည့်ချင်တယ်ကွာ'

ကိုတင်ဖေက...

'သွားမလုပ်ပါနဲ့ဗျာ၊ အဲဒီကျောက်က ဟို လောင်မီးညီနောင် ဝယ်လာပြီး ဖြတ်ဖို့ အပ်သွားတာဗျ'

လို့ ပြောတော့ ကိုခင်အောင်က...

'မဟုတ်ပါဘူး။ ငါ အတုံးမ,ကြီးဘက် မှာ တိုက်မှာ မဟုတ်ပါဘူး။ သူတို့ ဖြတ်ချက်ပေးထားတဲ့ အဖုံးဘက်က တိုက်ကြည့်မှာပါ။ ကျောက်ကို မထိခိုက်စေပါဘူး'

ဆိုတာနဲ့ ကိုတင်ဖေက...

'ဒါဆိုလဲ တိုက်ချင် တိုက်ကြည့်ပေါ့ ဗျာ'

ပြောခဲ့လို့ ကိုခင်အောင်က မှတ် ကြမ်းယူပြီး ဖြတ်ချက်တားထားသော အဖုံးဘက်မှ တိုက်ကြည့်ရာ ကျောက် သားမှာ ရေခဲလို ကြည်လင်ဖြူဖွေးပြီး ဘော်လီသားထဲတွင် အင်မတန် လှပ သော မာကျူရိုပန်း(ပင်လယ်ရေရောင် စိမ်းပြာပန်းများ)ပေါ်လာပြီး အင်မတန် ကောင်းတဲ့ ကျောက်တုံး ဖြစ်သွားပါ တယ်။

နေ့လယ်ဘက်တွင် ကိုချမ်းသာအိမ် သို့ ကိုသိန်းဟန်တို့ ညီအစ်ကို သူတို့ ဂျစ်ကားလေးနဲ့ ရောက်လာကြပြီး ကိုသိန်းဟန်က ကားပေါ်မှ ဆင်းလျှင် ဆင်းချင်း ကိုချမ်းသာကို လက်ညှိုးနဲ့ လက်ခလယ် ထောင်ပြပြီး...

'မင်္ဂလာပါ ဆရာကြီး၊ ကိုခင်အောင် လက်ဆော့လိုက်တာနဲ့ ကျွန်တော်တို့ ကျောက်ကတော့ ဖြတ်ခမကုန်ဘဲ အောင်သွားပြီဗျို့'

ကိုသိန်းဟန် ဆက်ပြောခဲ့တာက...

'ဆရာကြီးရေ ကျွန်တော်တို့ ညီအစ်ကိုပေမယ့် တစ်ယောက် သူ့အိမ်ထောင်၊ ကိုယ့်အိမ်ထောင် ဆိုတော့ ကျွန်တော်တို့နှစ်ယောက် တစ်ယောက် တစ်စုစီ ရှယ်ယာထည့် ပေးပါ'

ဆိုတဲ့အတွက် ကိုချမ်းသာကလဲ ထုံးစံမဟုတ်ပေမယ့် ခင်မင်နေကြတဲ့ သူများဆိုတော့ ငွေကို တန်ဖိုးမထား တော့ဘဲ လိုက်လျောပေးခဲ့ပါတယ်။

အဲဒီကျောက်ကို နေ့လယ်ပိုင်းတွင် လားရှိုးဝယ်လက် ကိုရန်ဖန်တို့အဖွဲ့ အား လေးသိန်းငါးသောင်းနဲ့ ရောင်းခဲ့ ရတဲ့အတွက် အဲဒီကျောက်ဟာလဲ ကိုချမ်းသာကို အကျိုးပြုသွားခဲ့တဲ့ မမေ့နိုင်စရာ ကျောက်တုံးတစ်တုံး ဖြစ်ခဲ့တဲ့အကြောင်း ဤစာကိုရေးပြီး မှတ်တမ်းတင်ရပါတယ်။

*ဆောရောက်ရ လှ့ဘဝ သုခချမ်းသာ ဖြည့်ပါစေ။*

ရွှေကာသစ် (ကျောက်မျက်)

စာမျက်နှာ (၂၉၆)မှ အဆက်

[illegible]

မောင်စရာ ရာမည်း

www.burmeseclassic.com



မြပြင်ရွာသည် အိမ်ခြေငါးရာခန့်ရှိပြီး သံတွဲမြို့မှ ကိုးမိုင်အကွာတွင် တည်ရှိသည့် ကမ်းခြေရွာတစ်ရွာဖြစ်ပါသည်။ ရွာ၏ တည်နေပုံမှာ တောင်နှင့် မြောက် တန်းနေပါသည်။

ရွာ၏ အလယ်ကောင်မှ သံတွဲ-လုံးသာ ကားလမ်းမကြီးက တည်ရှိနေသဖြင့် ရွာမှာအရှေ့ခြမ်းနှင့် အနောက်ခြမ်း ပိုင်းခြားထားသကဲ့သို့ ရှိနေသည်။

ယခုအခါတွင်မူ ရွာအနောက်ဘက်ခြမ်း ပင်လယ်ကမ်းခြေပိုင်းမှာ လူနေအိမ်ခြေရွာ မရှိတော့ဘဲ ဟိုတယ်ကြီးများ တည်ဆောက်ထားပြီ ဖြစ်ပါသည်။

ကမ်းခြေဘက်မှ လူနေအိမ်ခြေများကို ရောင်းချ၍ ရွာအရှေ့ဘက်ခြမ်းရှိ မြတောင်ခြေရင်း နွားစားကျက်ကွင်းနေရာသည် ယခုအခါ မြပြင်ရွာ အမှတ်(၅)ရပ်ကွက်၏ "မြရတနာကွက်သစ်"ဟု လူနေအိမ်ခြေ တစ်ရာကျော်ဖြင့် ပြန်လည် စည်ကားနေလေသည်။

မြပြင်ရွာဟောင်းနှင့် မြရတနာကွက်သစ်ရွာကို ပင်လယ်ဒီရေ အတက်အကျရှိသည့် မြွေချောင်းက ပိုင်းခြားစီးဆင်းလျက်ရှိနေသည်။ မြရတနာကွက်သစ်၏ အရှေ့ဘက်တွင် ပေသုံးရာခန့် မြင့်မားသည့် မြတောင် တည်ရှိပါသည်။

မြတောင်မှာ အထက်ဘက်တွင်

ရွှေချိုအောင် (ပေလီ)

# မြတောင်ရှင်မ နတ်ရေကန်

တောင်သုံးလုံး ဖိုခုံလောက်ဆိုင်ဖြစ်ပြီး အလယ်တွင် ချိုင့်ဝှမ်းကြီးတစ်ခု ဖြစ်ပေါ်နေလေသည်။ ယင်းနေရာကို ရွှေးလူကြီးများက နတ်ရေကန်ဟု သတ်မှတ်ပြောဆိုခဲ့ကြပါသည်။

ထိုနတ်ရေကန်ဆိုသည့် နေရာသည် ချိုင့်ဝှမ်းတစ်ခု ဖြစ်နေသော်လည်း ရေတော့မရှိချေ။ မိုးရာသီတွင် တောင်သုံးလုံးဆိုင်မှ စုပုံစီးဆင်းလာသည့် စမ်းချောင်းလေးတစ်ခုက အနောက်တောင်ဘက်မှ စီးဆင်းနေပါသည်။

ထိုစမ်းချောင်းဝ၏ လက်ယာဘက်ကမ်းပါးတွင် ရှေးလူကြီးများ ပြောဆိုသမှတ်ခဲ့သည့် မြတောင်ရှင်မ သိုက်နှင့်






www.burmeseclassic.com

www.burmeseclassic.com

ရှိသည်ဟု ဆိုပါသည်။ မြတောင်ရှင်မ သိုက်နန်းသည် ဘုရားသိုက်ဖြစ်သည် ဟုလည်း ပြောဆိုကြပါသည်။

နောင်ပွင့်တော်မူမည့် အရိမေတ္တေယျ ဘုရားရှင် အတွက် ရည်စူးသာသနာပြု နိုင်ရန် စောင့်ရှောက်နေသည့် သိုက်နန်းဟု အဘိုးတို့၊ အဖေတို့က ပြောခဲ့ဖူးပါသည်။



မြတောင်ခြေရင်းတွင် မြရတနာကွက်သစ်ရွာကလေး တည်ရှိလာသည်ကို အကြောင်းပြု၍ အသက်ရှစ်ဆယ်ကျော် **မြပြင်ရွာ မြရတနာကျောင်းတိုက် ဆရာတော်ကြီး ဦးဝိမလ (အဂ္ဂမဟာသဒ္ဓမ္မဇောတိကဓဇဘွဲ့ တံဆိပ်တော်ရ)**က တောင်ထိပ် သုံးလုံးဆိုင်ရှိသည့်အနက် အနောက် ဘက် မြတောင်ထိပ်ပေါ်တွင် ယခုအခါ မြရတနာ ဆုတောင်းပြည့် စေတီတော်မြတ်ကို တည်ထားကိုးကွယ်ပြီး ဖြစ်ပါသည်။

ထို မြရတနာဆုတောင်းပြည့်စေတီတော်ကို အကြောင်းပြု၍ ကွက်သစ်ရွာကလေးကို မြရတနာကွက်သစ်ဟု ဆရာတော်က အမည်ပေးခဲ့ခြင်း ဖြစ်သည်။

မြတောင်သည် သိုက်နန်းတောင် ဖြစ်သည်နှင့်အညီ ရှေးလူကြီးသူမများ ပြောဆိုစကားအရ ဂမ္ဘီရဆိုင်ရာ အကြောင်းအရာ အမျိုးမျိုးကို ကြားသိနေရသည့်အနက် မြပြင်ရွာသားများ၏ နှုတ်ဖျားတွင် ယနေ့တိုင် ရေပန်းစားနေသည့် **မြတောင်ရှင်မ နတ်ရေကန်အကြောင်း**မှာ အလွန်ထူးဆန်းလှပေသည်။

*   *   *

မြပြင်ရွာရှိ မြရတနာဘုန်းတော်ကြီးကျောင်းတွင် ပုံလွန်တော်မူသွားပြီ ဖြစ်သည့် ဆရာတော်ကြီး ဦးပန္နဝံသ လက်ထက်အချိန်က ဖြစ်ပါသည်။ ဘုန်းတော်ကြီးကျောင်းတွင် ဘိုးတွတ်နီ ဆိုသည့် ကျောင်းနေ ကပ္ပိယကြီး တစ်ဦး ရှိပါသည်။

ဘိုးတွတ်နီကြီးသည် စိတ်ပေါ့သွပ်သူဖြစ်သည့်အပြင် အလွန်သဘောမနောကောင်း၍ အမြောက်အပင့်လည်း အလွန်ကြိုက်ပါသည်။

ဘိုးတွတ်နီကြီးသည် စိတ်ပေါ့သွပ်သူပီပီ မိသားစုဝင်များနှင့် အတူမနေဘဲ ဘုန်းကြီးကျောင်း ဝေယျာဝစ္စများကို လိုအပ်သလို လုပ်ကိုင်ပေးလျက် ကျောင်းအိပ်ကျောင်းစား နေထိုင်သည့် အဘိုးကြီးဖြစ်သည်။

စိတ်ပေါ့သွပ်သူ ဖြစ်သဖြင့်လည်း ကျောင်းရှိ ဘုန်းကြီး၊ ကျောင်းသားများက မရိုသေမလေးစားဘဲ အမြဲ နောက်ပြောင်လေ့ရှိသည်။

ဘိုးတွတ်နီကြီးသည် ကျောင်းဝေယျာကိစ္စများကို အလွန် ကျေပွန်သူဖြစ်သည်။ နံနက်လင်းသည်နှင့် ကျောင်းသန့်ရှင်းရေးလုပ်သည်။ သောက်ရေ သုံးရေ၊ သံဃာတော်ချိုးရေ ခပ်ပေး လေ့ရှိသည်။

ဆရာတော်များ သုံးဆောင်ရန် ရေနွေးအကြမ်းအိုး တည်ခြင်း ဆွမ်းခံ ရရှိလာသည့် ဟင်းပေါင်းများကို အိုးဖြင့် ပူပူနွေးနွေး သံဃာတော်များ ဘုဉ်းပေးနိုင်စေရန် မီးဖြင့် နွှေးပေးလေ့ ရှိပါသည်။ ကျောင်းထိုင်ဆရာတော်ကြီး နှင့် ကျောင်းနေသံဃာတော်များ သာရေး နာရေးကိစ္စအတွက် တရား ဟော ကြွချီရာတွင် နောက်ပါ ကျောင်းသားကြီးအဖြစ် အမြဲလိုက်ပါ လေ့ရှိသည်။ ဆရာတော်ကြီး၏ ဝတ်ကြီးဝတ်ငယ် အသွယ်သွယ်ကို လည်း အမြဲ တာဝန်ကျေလေ့ရှိ သည်။

ဘိုးတွတ်နီကြီးသည် စိတ်ပေါ့သွပ် သူတို့၏ ထုံးစံအတိုင်း အမြှောက်အပင့် အလွန်ကြိုက်တတ်သူ ဖြစ်သည်။ ကျောင်းဆွမ်းစားဆောင်ရှိ ရေနွေးအိုး တည်ရန်၊ ဆွမ်းဟင်းနွှေးရန်၊ ဆွမ်း ဟင်းပေါင်းချက်ရန်၊ ဆောင်းရာသီတွင် မီးလှုံရန်အတွက် တောသို့တက်၍ ထင်းထမ်းလေ့ရှိသည်။

ရွာသားများနှင့် ကျောင်းသားများက ဘိုးတွတ်နီကြီး သိပ်ပြီး အားကောင်း မောင်းသန်တာပဲဟု ချီးကျူးပြော လျှင် နောက်နေ့တွင် ထို့ထက်ကြီးသည့် ထင်းတုံးကြီးများကို ရှာဖွေထမ်း လာလေ့ရှိသည်။

သောက်ရေတွင်းမှာ ကျောင်းနှင့် အတန်ငယ် အလှမ်းဝေးသဖြင့် သောက်ရေကို ရေပုံးဖြင့် ထမ်းပိုး သယ်ယူရလေ့ ရှိသည်။

ရွာသားများက 'ဘိုးတွတ်နီကြီး ရေထမ်းတာတောင် လက်သွက်





www.burmeseclassic.com

www.burmeseclassic.com

ထမ်းတယ်' ဟု ဆိုလျှင် တကယ်ပင် လက်လွှတ်၍ ထမ်းပိုးကို မကိုင်ဘဲ ရေထမ်းလေ့ရှိသည်။

ဘိုးတွတ်နီကြီးကို စိတ်ကောင်းလွန်းသဖြင့် ကလေးရော လူကြီးပါမကျန် ချစ်စနိုးဖြင့် နောက်ပြောင် ကျီစယ်လေ့ ရှိကြသည်။ ထိုအခါ ဘိုးတွတ်နီကြီး က တကယ် စိတ်ဆိုးဟန်ဖြင့် ရရာ ပစ္စည်းများကို စွဲကိုင်၍ တကယ်ပစ်ပေါက်မည့်ဟန်ဖြင့် ချိန်ရွယ်လေ့ရှိတတ်သည်။

တကယ်တော့ ဘိုးတွတ်နီကြီးက ခေတ္တ စိတ်ဆိုးသည်မှအပ မည်သူ့ကိုမျှ သွေးထွက်သံယိုဖြစ်အောင် လုပ်လေ့ မရှိတတ်ချေ။ လူအများကလည်း သူ မခံမှန်းသိသဖြင့် တမင်ပင် အမြဲစကြ နောက်ပြောင်ကြသည်သာ။

* * *

မြပြင်ရွာတွင် သောက်ရေတွင်းမှာ နှစ်တွင်းရှိလေသည်။ ဘုန်းတော်ကြီးကျောင်းအရှေ့ဘက်ရှိ တစ်ခေါ်လောက်အကွာတွင် လယ်ကွင်းထဲ၌ အလွန်ရေအောင်သည့် သောက်ရေတွင်းကြီး ရှိပါသည်။

ရေမှာ အလွန် ကြည်လင်အေးမြ၍ သောက်သုံးရေ အလွန်ကောင်းပါသည်။ သောက်ရေတွင်းမှာ ဆယ့်နှစ်တောင်ခန့် နက်ပြီး ကျောက်သားတွင်း ဖြစ်ပါသည်။

ရေထွက် အလွန်ကောင်းသဖြင့် ရေခပ်သူများမှာ သုံးတောင်ခန့်ရှိသည့် ရေပုံးကြိုးဖြင့် ရေကို အလွယ်တကူ ခပ်ယူနိုင်ပါသည်။ ဘုရားပွဲတော်ရက်များတွင် တစ်ရွာလုံး ခပ်သုံးသော်လည်း ရေမှာ လျော့ပါးခြင်းမရှိဘဲ ထွက်မြဲထွက်နေလေ့ရှိသည်။ သို့သော် မိုးရာသီတွင်မူ သွားလမ်းလာလမ်း



မကောင်းသဖြင့် နွေရာသီ စပါးပြတ်မှသာ လမ်းကောင်းသဖြင့် တစ်နွေလုံး သောက်ရေခပ်ကြသည်။

မိုးရာသီတွင်မူ မြတောင်ခြေရင်းရှိ သောက်ရေတွင်းမှ သွားခပ်လေ့ရှိသည်။ မြတောင်ရှိ နတ်ရေကန်စမ်းဝ အောက်ဘက် လယ်ကွင်းအစပ်တွင် သောက်ရေတွင်းညီနောင် ရှိပါသည်။ မိုးတွင်းကာလနှင့် ဆောင်းရာသီအထိ မြတောင်ခြေရင်းမှ ရေတွင်းညီနောင်တွင် သောက်ရေခပ်ကြပါသည်။

သောက်ရေတွင်း ပတ်လည်တွင် ယောက်ျားကြီး နှစ်ယောက်ဖက်ခန့် သရက်ပင်ကြီး၊ မိုးကျသပြေပင်နှင့် မရန်းပင်များရှိသဖြင့် လွန်စွာ အရိပ်အာဝါသ ကောင်းလေသည်။

ထိုရေတွင်းများမှာ ရေမအောင်သဖြင့် နွေရာသီတွင် ရေခန်းခြောက်ကာ ရေစစ်ရလေ့ရှိသည်။ စောင့်ဆိုင်းခပ်ယူရမှသာ ရေတစ်ထမ်းခန့် ရရှိနိုင်လေသည်။

ထိုစဉ်က ရွာမတည်သေးသဖြင့် မြွေချောင်းနှင့် ခနိတောများ၊ ဆွားစားကျက်မြေများ၊ သစ်ပင်ချုံနွယ်များဖြင့် အုပ်အုပ်ဆိုင်းဆိုင်းရှိနေရာ နံနက်ပိုင်းနှင့် ညနေပိုင်းတွင်သာ ယောကျ်ားမိန်းမ အပျိုလူပျိုများ ရေလာခပ်လေ့ရှိကြသည်။ နေ့လယ်ပိုင်းတွင်မူ လူသူကင်းပြတ်သဖြင့် သောက်ရေခပ်သူ မရှိသလောက်ပင် ဖြစ်သည်။

ရွာသားအချို့ကလည်း ဥစ္စာစောင့်များနှင့် တွေ့ကာ ကြောက်လန့်တတ်သဖြင့် အထူးရှောင်ရှားလေ့ရှိကြသည်။ အချိန်မတော် နေဝင်စအချိန် နေ့လယ်ပိုင်း လူပြတ်ချိန်တွင် ရေသွားခပ်မိသူတို့မှာ ခြောက်လှန့်ခံရသဖြင့် လန့်ဖျား ဖျားကာ ကွယ်လွန်ခဲ့သူများ ရှိနေခြင်းကြောင့် ဖြစ်ပါသည်။

မြတောင်ခြေရင်းရှိ ခြေသွားလမ်းကြောင်း ရေခပ်လမ်းတွင် ဇရာမသိုက်စောင့်မြွေကြီးများကို မကြာခဏ တွေ့မြင်ရသဖြင့် ရွာသားများ အထူးပင် ကြောက်လန့်ကြလေသည်။

* * *

ဘိုးတွတ်နီကြီးသည် ရပ်ဝေးအလှူတစ်ခုမှ ဆရာတော်ကြီးနှင့်အတူ ခရီးမဆိုက် ပြန်ရောက်ခါစပင် ရှိသေးသည်။ ကျောင်းသားများက ဆရာတော်နှင့် ဘိုးတွတ်နီကြီး မရှိခိုက် လွတ်လွတ်လပ်လပ် ဆော့ကစားနေကြသဖြင့် သောက်ရေသုံးရေခပ်ရန် မေ့လျော့နေကြတော့သည်။

ဆရာတော်နှင့် ဘိုးတွက်နီကြီးမရှိသဖြင့် သောက်ရေအိုးတွင် ရေမရှိ ဖြစ်ရလေတော့သည်။ ယုတ်စွအဆုံး ဘုရားသောက်တော်ရေ ကပ်လှူရန်၊ ဆရာတော်အား ဆွမ်းကပ်လှူရန်ပင် ရေချိုင့်တွင်ပင်ရေမရှိ ဖြစ်ရလေတော့သည်။

ဆရာတော်က ကျောင်းသားများကို မာန်မဲ၍ ဆူပူကြိမ်းမောင်းလေသည်။ ဆရာတော်က ကျောင်းအနီးရှိ အိမ်တစ်အိမ်မှသောက်ရေကို ဖန်ချိုင့်နှင့် သွားယူစေရလေသည်။

ဘိုးတွတ်နီကြီးသည် ဆရာတော်ကို ဆွမ်းကပ်ပြီးသည်နှင့် သောက်ရေ

www.burmeseclassic.com

ရန် ထမ်းပိုးနှင့် ရေသံစည်နှစ်ပုံးကို ယူ၍ နေ့လယ်ခင်းကြောင်ကြောင် နေပူပူတွင် သောက်ရေခပ် ထွက်ခဲ့သည်။ အချိန်က ဆယ့်တစ်နာရီခွဲသာသာ အချိန် ဖြစ်လေသည်။

ဆောင်းရာသီ စပါးရိတ်ချိန်မို့ ကျောင်းအရှေ့ဘက်ရှိ သောက်ရေတွင်းက ရေခပ်လမ်း မပေါက်သေးပေ။ ထို့ကြောင့် ရပ်သူရွာသားများမှာ မြတောင်ခြေရင်းကိုပတ်၍ ခြေကြောင်းလမ်းကလေးမှသွားကာ မြတောင်ခြေရင်းရှိ ရေတွင်းညီနောင်တွင် သောက်ရေခပ်ကြရသည်။

ဘိုးတွတ်နီကြီး ခရီးရောက်မဆိုက် နေ့ခင်းနေပူပူ သောက်ရေခပ်ထွက်သည်ကို မြင်သည့် ရွာသားများက...

'ဘိုးတွတ်နီကြီး နေမွန်းတည့် စောက်စောက်မှာ ပူကပူပါဘိသနဲ့ သောက်ရေ သွားခပ်ရသလား။ နေအေးမှ ခပ်ပါတော့လား'

'အေး သောက်ရေခပ်တယ်ဆို ဆရာတော်နဲ့ ငါက ဒီနေ့မှ ကျောက်တန်းအလှူက ပြန်ရောက်တာ၊ ကျောင်းသားတွေက သောက်ရေလေးတောင် ခပ်ထားဖော် မရဘူး။ ရေအိုးထဲ မိကျောင်းဝင်ကိုက်တော့မယ်။ ရေအိုးမှာ ရေတစ်စက်တောင် မရှိဘူးဟေ့'

'မွန်းတည့်ချိန်ကြီးဆိုတော့ မြတောင်ခြေရင်းမှာ မြတောင်ရှင်မနဲ့ တိုးနေဦးမယ်နော့'

'တိုးပစေလေ ဥစ္စာစောင့်မနဲ့ တွေ့ရင် သာကောင်းသေး။ ဥစ္စာပေးလို့ ငါ ချမ်းသာလာမှ မင်းတို့ကို ကောင်းကောင်း ကြွားပြလိုက်ဦးမယ်'

'ဘိုးတွတ်နီကြီး ရွှေတွေငွေတွေ မရဘဲ တော်ကြာ ဥစ္စာစောင့်အဖြစ်နဲ့ အငှားစောင့်နေရရင် တော့ဒုက္ခပဲ'



'ဒီကောင်တွေ တော်တော် ပေါက်ပေါက်ရှာရှာ ပြောကြတာပဲ'

ဘိုးတွတ်နီကြီး စိတ်ဆိုးသွားပြီး နောက်ပြောင်စနေသူများကို ဘုတောတောကာ သောက်ရေခပ်ရန် တောလမ်းအတိုင်း ခပ်သုတ်သုတ် ထွက်လာခဲ့သည်။

ရေစပ်စပ် ဖြစ်နေသည့် မြွေချောင်းရေကို ဖြတ်ကူး၍ မြတောင်ခြေရင်း သောက်ရေတွင်းသို့ သွားလိုက်သည်။ နေမွန်းတည့်ချိန်ဖြစ်သဖြင့် လူကင်းတော်တော်ပြတ်နေသည်။

နေမွန်းတည့်ချိန်ဖြစ်၍ ကျေးငှက်သံများပင် တိတ်ဆိတ်နေချေသည်။ မြတောင်စောင်းရှိ ဝါးနက်ရုံထက်မှ ချိုးတစ်ကောင်သာ တကူးကူးနှင့် ကူခွဲနေလေသည်။

မြတောင်တစ်ပတ် ခြေသွားလမ်းကြောင်းလေးမှ သွားရင်း ချုံနွယ်ပိတ်ပေါင်းအောက်မှ ဖြတ်ကျော်လာခဲ့သည်။ ထို့နောက် စမ်းချောင်းလေးအတိုင်း သောက်ရေတွင်းသို့ ဦးတည်လိုက်သည်။

ဘိုးတွတ်နီကြီးတစ်ယောက် မျက်စိလည်သွားသည်။ သူ့ကိုယ်သူလည်း နားမလည်နိုင်အောင် နားဝေတိမ်တောင်ဖြစ်သွားသည်။ သောက်ရေတွင်းကို သူ ရှာမတွေ့တော့ပေ။ ရှိနေကျနေရာ

တွင် ရေတွင်းနှစ်တွင်းနှ
သရက်ပင်၊ သပြေပ
မရန်းပင်တို့က ပျောက်ခြ
မလှ ပျောက်နေလေသည်
သောက်ရေခပ်ဖို့ လာပါသည်ဆို
သောက်ရေတွင်း
ရှာမတွေ့ဖြစ်နေရသေးသည်
ဘိုးတွတ်နီကြီး စိတ်မရှည်တော့
သူ့အနေနှင့် ဒီနေရာမှာ သောက်
လာခပ်တာ သူ့အသက်နှင့် အမျှ
သည်။ လမ်းမှားစရာအကြောင်းလည်း
မရှိ။ ကေန္တ တောခြောက်
မှောက်တာလားဟုသံသယဖြစ်မိသည်
သောက်ရေမပါဘဲ ကျောင်းပြန်
ကတော့ ဆရာတော့်ထံမှာ အ
အကြိမ်း သေချာပေါက်ခံရမည်
သောက်ရေတွင်းမတွေ့ဟု ပြော
အရူးဟု ရွာသားတွေက ကဲ့ရဲ့ပြန်
မည်။

ဖြစ်ချင်ရာဖြစ် သဘောဖြင့် လှ
နေရသည့် တောင်တက်မြေနီလ
ကလေးအတိုင်း ခပ်သုတ်သုတ် လ
သွားလိုက်သည်။ ရှေ့တစ်မျှော်လော
တွင် သစ်ရိပ်ဝါးရိပ် စိမ်းစိမ်းစိုစို
ကြည်လင်စိမ်းပြနေသည့် ရေ
အထူးအဆန်းကို သူ ဘွားခနဲ
မြင်လိုက်သည်။

ရေကန်ထဲမှာက ကြာမျိုးစုံ ပေါ
ပွင့်နေကြသည်။ သောက်ရေ
ပတ်ပတ်လည်တွင် ငှက်ပျောပင်မျာ
သရက်ပင်များ၊ ရှားဖြူပင်များ၊ မ
ပင်များ၊ ဆီးပင်များ စသဖြင့် အ
ရာသီမဟုတ်ဘဲနှင့် ပွင့်ခဲ့ခိုင် သီ
ကြသည်။

ငှက်ပျောပင်များမှ အခိုင်များမှာ
ရောင်တဝင်းဝင်းဖြင့် မှည့်နေကြ
သည်။ ရှေးလူကြီးတွေ ပြောသ
ကြားသည့် နတ်ရေကန်ပင် အ



www.burmeseclassic.com

www.burmeseclassic.com



ကေန် ဖြစ်လေရော့သလားဟု တွေးမိလေသည်။

ကြောက်ကြောက်နှင့် လှည့်လည်ကြည့်တော့လည်း လူရိပ်လူချေတစ်ယောက်မှ မတွေ့မိ။ မြတောင်ရှင်မက သူ့ကို နတ်ရေကန် ဖန်ဆင်းပြ၍ စ,နောက်နေသလားဟုလည်း တွေးမိသေးသည်။ ကြောက်လည်း ကြောက်နေမိသည်။

ဘာပဲဖြစ်ဖြစ် သောက်ရေတွင်း မတွေ့သည့်အတူတူ ကန်ရေကြည်ကြည်လေးကို ရေပုံးနှစ်ပုံးအပြည့် ဆင်းခပ်လိုက်သည်။

အချိန်အခါမဟုတ် ပွင့်နေကြသည့် ကြာအမျိုးမျိုးကို ဘုရားတင်လှူရန် အကြံဖြင့် အတော်များများ ခူးယူဖြစ်လေသည်။ ထို့နောက် ဝင်းမှည့်နေသည့် ငှက်ပျောသီးများကို ဗိုက်ဆာဆာဖြင့် ခြွေယူစားသောက်လိုက်သည်။

ဗိုက်ဝတော့မှ သရက်သီး၊ ဆီးသီး၊ ဆီးဖြူသီးများကို ခါးပိုက်ထောင် ပြုလုပ်၍ ဆွတ်ခူးကာ ရေဆွဲပုံး အလွတ်ထဲသို့ ထည့်ထားလိုက်သည်။ ရှာသားများ မေးမြန်းစစ်ကြောနေမည် စိုး၍ ရေဆွဲပုံးအပေါ်မှ သစ်ခက်များ ဖုံးထားလိုက်သည်။

သူ တစ်ခုတော့ မေ့သွားလေသည်။ ကြာပန်းများကို စုစည်း၍ ရေထမ်းပိုးတွင် ချိတ်ဆွဲသွားမိခြင်းပင် ဖြစ်သည်။ ဘိုးတွတ်နီကြီးတစ်ယောက် သောက်ရေထမ်းနှင့် ရှာအပြန်တွင် ထမ်းပိုးတွင် ချိတ်ယှက်လာသည့် ကြာပန်းများကို စိတ်ဝင်စားနေကြသည်။

မြင်တွေ့သူများက တစ်ဆင့်စကား တစ်ဆင့်ကြားနှင့် တီးတိုးတီးတိုး ဖြစ်ကုန်ကြသည်။ ဆောင်းရာသီတွင် မြတောင်ခြေရင်းမှာ ရေသွားခပ်သည့် ဘိုးတွတ်နီကြီးတစ်ယောက် ကြာပန်းတွေ ဘယ်အင်းမှာ သွားခူးချေပါလိမ့်ဟု စောကြောနေမိကြသည်။

မြပြင်ရှာမှာ ဘယ်ကန်ဘယ်အင်းမှ မရှိ မြောက်ပိုင်းက မြွေချောင်း ချောင်းဖျားနှင့် အလယ်ကျွန်းခုံအင်းမှာ ကြာဖြူတွေသာ နည်းနည်းပါးပါး ပွင့်တတ်ကြသည်။ ယခု ဘိုးတွတ်နီကြီး ခူးလာသည်က ကြာမျိုးစုံလှ၏။

ဘိုးတွတ်နီကြီးက ရေထမ်းကိုချ၍ ကြာပန်းများကို သောက်ရေအိုးစင်တွင် ခေတ္တ တင်ထားပြီး ရေအိုးများကို ဆေးကြောကာ သောက်ရေဖြည့်လိုက်သည်။ ဆရာတော့် သံဃာစင်ရေအိုးတွင်ပါ ရေဖြည့်လိုက်သည်။

ထို့နောက် ရေချွေးအိုးထဲသို့ ရေထည့်ရန် ပြင်ဆင်နေခိုက် ရှာသားများ စုရုံးရောက်ရှိလာကြသည်။

'ဘိုးတွတ်နီကြီး သောက်ရေခပ်ရာက ပြန်ရောက်ပြီလား'

'တင်ပါ့ ဘုရား'

'အေး အေး အချိန်လဲ လင့်သွားပြီ ဆွမ်းထမင်းစား ပြီးတော့...'

ထိုအချိန်တွင် ရှာသားများ ကျောင်းပေါ်သို့ တက်လာကြသည်။ တစ်ယောက်တစ်ပေါက်ထေမ်နပြောဆိုနေကြသည်။ ရှာသားများအသံကြောင့်ဆရာတော်ပါ တိုက်ခန်းထဲကထွက်လာခဲ့သည်။ ဆရာတော်ကရှာသားများကို

'ရှာသားတွေက ဘာလာလုပ်တာတုံး'

'ဘိုးတွတ်နီကြီး သောက်ရေခပ်အပြန်မှာ ကြာပန်းတွေ မြင်လိုက်လို့ လာမေးတာပါ ဘုရား'

'ဟေ ဟုတ်လား ဘိုးတွတ်နီကြီး ကြာပန်းတွေ ဘယ်အင်းက ခူးလာလဲ'

'တပည့်တော် မြတောင်ကန်က ခူးလာတာပါဘုရား'

'ဒီအတိုးကြီး ကြုံကြုံဖန်ဖန် ပြောရမယ်။ ရှုးများရှုးနေလား မြတောင်မှာ ရေတွင်းက လွဲလို့ ဘယ်ရေကန်မှ မရှိတာ အားလုံး အသိပဲ မဟုတ်လား'

'တပည့်တော် သောက်ရေခပ်လာတာ တွင်းရေ မဟုတ်ပါဘုရား။ ကန်ရေကို ဆင်းခပ်လာတာပါဘုရား။ မြတောင်ကန်မှ ကန်အစစ်ပါဘုရား။ ကြာပန်းတင်မက အသီးတွေပါ ဆွတ်ခူးလာပါတယ်ဘုရား။ မယုံရင် ရေပုံးထဲမှာကြည့်ပါ ဘုရား'

ဘိုးတွတ်နီကြီးက သူကိုယ်တိုင် **မြတောင်ရှင်မ နတ်ရေကန်အနီးရှိ အပင်များမှ ဆွတ်ခူးလာသည့် သရက်သီး၊ မရန်းသီး၊ ဆီးသီး၊ ဆီးဖြူသီးများကို** ကြမ်းပြင်ပေါ်သို့ သွန်ချလိုက်သည်။

ဆရာတော်နှင့် ရှာသားများက တအံ့တသြနှင့် ကြည့်နေကြသည်။ ဘိုးတွတ်နီကြီးကတော့ မြတောင်ရှင်မ နတ်ရေကန်မှ ခူးဆွတ်လာသည့် အသီးများကို လက်တွေ့ပြကာ ဟန်တစ်လုံး ပန်တစ်လုံးနှင့် ကျောင်းအောက်သို့ ဆင်းသွားလေတော့သည်။

**ရွှေချို့အောင်(ဝေဇီ)**



www.burmeseclassic.com

www.burmeseclassic.com



မောင်မြရာ ရာမည

# စည်းပေါက်မြွေ

မိုးဦးကျပြီဆိုတော့ ဖားမျိုးစုံအသံ၊ ပိုးပုရစ်အော်သံတွေက ညဦးယံကနေ မိုးသောက်ယံအထိ တစီစီတညံ့ညံ့။ ကွင်းကြိုကွင်းကြား၊ လယ်ကွက်ကြို လယ်ကွက်ကြားမှာ ငါးရစ်ငါးနဲ့ ဖားရှာသူတွေရဲ့ ဓာတ်မီးရောင်တွေကလဲ ပွဲတော်တမျှ သိုက်မြိုက်လှချည့်။

ငယ်ငယ်ကဆို ဒီလိုရာသီရောက်ရင် ကိုယ်တိုင်လဲ ဖားရိုက်၊ ငါးဖမ်းပါပဲ။ ဝါသနာက အကြီးသား။ ဒါပေမယ့် ဦးလေး ပြောခဲ့ဖူးတဲ့ စကားလိုပေါ့။ ဒီသတ္တဝါလေးတွေကို သတ်ဖြတ် ရောင်းချစားမှ ဝမ်းဝ,မယ်ဆိုရင်တော့ မရှောင်နိုင်လို့ လုပ်ပါ။

ဒါပေမယ့် စီးပွားရေးရှိပြီး စားနိုင်သောက်နိုင် အနေအထားဆိုရင်တော့ ရှောင်ပါတဲ့။ မသတ်ပါနဲ့တဲ့။ ဆိုလိုတာကတော့ ရာသီပေါ် တဒင်္ဂ အပျော်လုပ်ပြီး မသတ်နိုင်းတာပါ။

အဲဒီစကားအတိုင်းပဲ လက်တွေ့ ကျကျ ကျင့်သုံးနေတော့ ဖားတွေ၊ ငါးရစ်ငါး(ဥချမယ့်ငါးမ)တွေ ဆိုတာ ဝန်းကျင်မှာ အောလပုံပါပဲ။ အသက်လေးတွေ ရလာတော့ ဒီငါးရစ်ငါးတွေရဲ့ တန်ဖိုးကိုပါ တွက်ချက်တတ်လာတယ်။

အမှန်တော့ မိုးချုန်းသံ တဂျုန်းဂျုန်းနဲ့အတူ အများသုံး ရေကန်ကြီးတွေထဲက တက်လာတဲ့ ငါးမျိုးစုံရော၊ တပေါင်းရေ(ပင်လယ်ရေ)နဲ့အတူ ပါလာတဲ့ ငါးစင်ရိုင်း၊ ငါးပတ်၊ ကကတစ် သားပေါက်တွေကိုရော သေချာ စဉ်းစား တွက်ချက်ကြည့်ရင် သတ်ဖြတ်ဖို့ မသင့်ပါဘူး။

မြန်မာနိုင်ငံရဲ့ လူဦးရေအရ လိုအပ်နေတဲ့ ငါးကဏ္ဍမှာ ငါးရစ်ငါးတွေရဲ့ ပါဝင်မှုက အဓိကကျတယ်လို့ ဆိုရမှာပါ။ ငါးပြေမ(ဥ,ပါသော ငါးပြေမ) တစ်ကောင်ကို သတ်စားလိုက်ရင် တစ်ဝမ်းတောင် မဝပါဘူး။ လွှတ်လိုက်လို့ သားပေါက်ခဲ့သည်ရှိသော် အိမ်ထောင်စု အတော်များများ စားသောက်ဖို့ရာ တတ်နိုင်မှာပါ။

ခုတော့ဗျာ လမ်းဆုံလမ်းခွ ဈေးလေးတွေမှာပါမကျန် ငါးရံ့သားပေါက် နီတာရဲလေးတွေ၊ ကကတစ် လက်မအရွယ်လေးတွေ၊ ငါးပတ် လက်နှစ်လုံးလောက်

www.burmeseclassic.com

လေးတွေဟာ တောင်ပုံရာပုံပဲ။ ဈေးလဲ မရဘူး။

ငါဦး ငါဖမ်း၊ သူဦး သူဖမ်း စနစ်နဲ့ အရွယ်မတိုင်ခင် မျိုးဖြုတ်ပစ်တော့ ရေချိုငါးကဏ္ဍရဲ့ လုပ်ကွက်ဟာ ကွပ် လပ်ပါပဲ။ ရေဒီယိုထဲ၊ စာစောင်၊ သတင်းစာတွေထဲ ငါးရစ်မဖမ်းဖို့ သတိပေးနေရဲ့နဲ့တောင်မှ ငါတကော ကောနေကြတဲ့လူတွေ သြော်... လှေဦးစိုစိုခိုက်တဲ့။

အဲဒီလို ဟိုတွေးဒီတွေးနဲ့ ဓာတ်မီးတစ်လက်ယူပြီး အိမ်အောက်ကို ဆင်းလာတယ်။ မိုးဦးလေဦးဆိုတော့ ကိုယ့်အိမ်ရဲ့ ကြံ့ခိုင်မှုကို စစ်ဆေးကြည့်ဦးမယ်ဆိုတဲ့ စိတ်ကူးနဲ့ပါ။ အုတ်ပတ်ကား မပတ်နိုင်လို့ ခါးစောင်းလောက်အထိ ကျောက်စီထပ်ပြီး အောက်ခြေချုပ်ထားတာကို စစ်ကြည့်တယ်။

အောက်ခြေပိုင်း ကြွက်တွေ တူးမွထားတဲ့ တွင်းထဲမှာ မြွေရေခွံတွေတွေ့တယ်။ ကြွက်တွင်းကို သူ့တွင်းလုပ်ပြီး သွားလာနေထိုင်ထားတဲ့ သွားလာလမ်းတွေ တွေ့တယ်။ ဆွဲထုတ်ပြီး သေချာကြည့်လိုက်တော့ မြွေဟောက်ရေခွံပါ။ အရွယ်က မသေးလှဘူး။

လယ်ကွင်းစပ်က အိမ်ဆိုတော့ ရေပြည့်ပြီ၊ ရေကြီးပြီဆိုတာနဲ့ အိမ်အောက်ကို ကြွက်တွေ၊ မြွေတွေ၊ ကင်းလိပ်ချောတွေ လာခိုကြတယ်။ ကင်းခြေများဆိုရင် အိမ်ပေါ်ကိုပါတက်နေတယ်။

အခု တွေ့တဲ့ကောင်ကတော့ ခုမှနေတဲ့ကောင် မဟုတ်နိုင်ဘူး။ မနှစ်ကလဲ ဒီလိုအချိန်ပဲ မြွေတွန်သံကြားလို့ လည်ရှည်ဖိနပ်စီးပြီး လှံတစ်ချောင်းနဲ့ ဆင်းရှာကြည့်ဖူးတယ်။

မြွေတွန်သံက ကင်းလိပ်ချောတွန်သံနဲ့ ဆင်ပေမယ့် ကွာပါတယ်။ ကင်းလိပ်က ရှီခနဲ သံပြတ်တွန်တယ်။ မြွေကျ



တော့ ရှီဆိုပြီး သံရှည်ဆွဲတယ်။ သေချာနားထောင်ကြည့်ရင် ရှီဟီဟီ၊ ရှီဟီဟီ ဆိုပြီး ဆွဲတွန်တယ်။ တဖြည်းဖြည်း အသံတိုးသွားတယ်။

ခက်တာက မှော်ဆန်ဆန် ကြုံရတာပါ။ တွန်သံက ခေါင်းပေါ်ကလိုလို၊ ခြေထောက်အောက်လိုလို ပန်းအိုးထဲကလာတဲ့အသံလား၊ ပန်းပင်ပေါ်က အသံလား ခွဲခြားမဖြစ်တော့တဲ့နောက်ဆုံး...

'ဟေ့ ကိုယ့်လမ်းကိုယ်သွားနော် ဘယ်သူ့မင်းကို မသတ်ချင်ဘူး။ မင်း ဒီနားမှာလဲ မနေနဲ့ ဝေးဝေးသွားနေ'

လို့ ပြောပြီး တက်လာခဲ့ရဖူးတယ်။

အဲဒီနောက် တွန်သံ မကြားရတော့ဘူး။ ဒီနှစ်လဲ တွန်သံမကြားရဘူး။ ဒါပေမယ့် အရေခွံလဲထားတာကို တောက်ချင့်ပြီး လျှော့တွက်လို့ မရတော့ဘူး။ ကိုယ်တွေက အိမ်အောက်မှာ အနေများတယ်။ အိမ်ပေါ်မှာက ပူလို့ မိုးတွင်းတောင် မိုးရွာမှ နေနိုင်တာ။

မတော်တဆ နင်းမိ တွေ့မိလို့ကတော့ မလွယ်ဘူး။ ကြွက်တွေလဲရှိနေတော့ ဒီသတ္တဝါကို အရင်ဆုံး မေတ္တာပို့ပြီး နှင်မလို့ အမေနဲ့တိုင်ပင်ဖြစ်တယ်။

မြွေဟောက်တွေက ကြက်ချေးဆိုရင် လွှတ်ကြိုက်တာ။ မြွေဟောက် ကြက်ချေးစားတာကို ဆံတိုက်ရွာမှာ နေတုန်းက မျက်မြင်ကြုံ ရတယ်။ အဲဒီတုန်းက အိမ်မှာ မန်ဒါလီ ဘဲငန်း ကြက် တော်တော်များတယ်။

အဲဒီတလောက ကြက်တွေ ခဏခဏ သေတယ်။ နာတာ ထင်ပေမယ့် အမွေးနုတ်ကြည့်ရင် စအိုပိုင်းမှာ မည်းနေတာချည်း တွေ့ရတယ်။ မိုးလင်းတော့လဲ ကျန်တဲ့ကြက်တွေ အားလုံး လန်းနေတာချည်းပဲ။

အဲဒါနဲ့ပဲ ကြက်သေ ပဟေဠိကို မောင်ဇေရာ အဖြေညှိဖို့ လုပ်ရတော့တယ်။ ကြက်ခြံက လှေကားအောက်မှာဆိုတော့ တစ်ညလုံး ဓာတ်မီးတစ်လက်၊ လှံတစ်ချောင်းနဲ့ စောင့်တယ်။

ည ဆယ့်တစ်နာရီလောက်မှာ ကြက်တွေ တကွပ်ကွပ်နဲ့ လှုပ်ကြတယ်။ ဘာဖြစ်လို့လဲဆိုပြီး ဓာတ်မီးထိုးကြည့်တော့ လားလား မြွေ မည်းမည်းနက်နက်ကြီး။ လူကြီး လက်ကောက်ဝတ်လောက်ရှိတယ်။ ကြက်အိပ်တန်းက နှစ်တောင်လောက် မြင့်တာမို့ ခေါင်းထောင် ပတတ်ရပ်ပြီး လျှာတစ်လစ်ထုတ်တော့မှ မြွေဟောက်မှန်း သိရတယ်။

လည်ပင်းမှာ အဝါရောင်စက်ဝိုင်းကြီးနဲ့။ လှံနဲ့ ပစ်ထိုးမယ်လုပ်ပြီးမှ မထိုးသေးဘဲ ချိန်ရုံချိန်ထားတယ်။ သင်းက အရင်ဆုံး ကြက်မတမ်းတစ်ကောင်ရဲ့ စအိုဝကို လျှာနဲ့ လှမ်းကလိပြီးရင် ပါးစပ်နီနီကြီးကို ဖြဲပြီး ခံထားတယ်။ ကြက်က စအိုတလှုပ်လှုပ်နဲ့ ဗျစ်ခနဲ ချေးပါရင် သင်းက ပါးစပ်ပိတ်ပြီး မြေပေါ် ခေါင်းပြန်ချတယ်။ စင်းလို့။

ခဏနေ တစ်ခါ အရင်လို လုပ်ပြန်ရော။ တော်တော်ကြာလာတော့ ကြက်ခမျာ ချေးမထွက်တော့ဘူး။ တကွပ်ကွပ်နဲ့ ဟိုဘက်တိုး ဒီဘက်တိုး လုပ်လာရော။ မြွေဟောက်က ခေါင်း



www.burmeseclassic.com

www.burmeseclassic.com

တယမ်းယမ်းနဲ့ စိတ်တိုလာဟန် ပြတယ်။

မီး ဒီလောက် ထိုးထားတာကို ဂရုမစိုက်ဘဲ ကြွက်တိုးရာဘက်လိုက်ပြီး ကလိပြန်ရော။ ချေးကုန်သွားပြီ ထင်ရတဲ့ ကြွက်မခမျာ အောက်ကို ငုံ့ကြည့်လိုက်၊ သူ့အဖော်တွေဘက် အော်ပြလိုက်နဲ့။ မကြာဘူး စိတ်တိုနေတဲ့ သကောင့်သားက ကြွက်စအိုနားကို ဖောက်ခနဲ ပေါက်ချလိုက်ရော။ ကြွက်မခမျာ အတောင်လေး လှုပ်ရုံလှုပ်နိုင်ပြီး သေရှာပါလေရော။

ဒီတော့မှ လက်ထဲက လုံနဲ့ သင်းခေါင်းကို ထိုးချမိတယ်။ ကြွက်ပေါင်းများစွာကို ကိုက်သတ်ခဲ့တဲ့ ကောင်ကလဲ မခေဘူး။ လုံကို ရစ်,ရစ်ပြီး အတင်းရုန်းထွက်တယ်။ ထိချက်က မမှန်ချင်ဘူး။

အဲဒီမှာပင် နွားရာဝဲစွဲ ဆိုသလိုပဲ ဖျတ်ခနဲ ဓာတ်မီးကျွမ်းပါလေရော။ မြွေမာန်ဖီပြီး မှုတ်တဲ့အသံက ခွေးဟောင်သံလိုပဲ ဝုတ်ဝုတ်နဲ့။

အိမ်ပေါ်က လူတွေ အော်ခေါ်တော့ အားလုံး ရောက်လာကြတယ်။ ဓာတ်မီးကို သုံးမရတော့ ဖယောင်းတိုင်နဲ့ပဲ ဆက် လှုပ်ရှားရတော့တယ်။

မြွေက အိမ်အောက်ထဲ ဝင်ပြေးတယ်။ သိပ်တော့ မသန်တော့ဘူး။ မိဘတွေ အတင်းဆွဲတဲ့ကြားက ရုန်းပြီး ဒေါသထွက်ထွက်နဲ့ နောက် တစ်ကြိမ်အဝေးကနေ လုံနဲ့လှမ်းပစ်တယ်။ လုံက ကိုင်နေကျဆိုတော့ ပစ်မှတ်ကို မလွဲဘူး။

ဒီကောင် တဖူးဖူး တရှူးရှူးနဲ့ မှုတ်တဲ့ အဆိပ်တွေဟာဆိုရင် ဖယောင်းတိုင်မီးရောင်နဲ့ မြင်ရတယ်။ ဒါနဲ့ အိပ်



နေတဲ့ ညီနှစ်ယောက်ကို နှိုးပြီး အိမ်အောက် ဆင်းနိုင်းလိုက်ရတယ်။

ဆပ်ပြာပူဖောင်းအရောင်နဲ့ ဝ,လုံး သဏ္ဍာန် အကွင်းလိုက်၊ အကွင်းလိုက် မြွေပါးစပ်ကနေ ထွက်နေတာ တော်တော်ကြာတယ်။ ရှုမိရှိုက်မိရင် ခက်ရချည့်။

အိမ်ပေါ်ထိ ရောက်နိုင်တာမို့ ကလေးတွေ ဆင်းနိုင်းလိုက်ရတာပါ။ ပူဖောင်းလိုပဲ လေထဲတက်နေတဲ့ အဆိပ်ငွေ့တွေ ကုန်လောက်ပြီ ထင်ရတဲ့အချိန်မှာပဲ မြွေလဲ သေတာပါပဲ။

လယ်ကွင်းဘက်က မြွေဟောက်ဆိုရင် ဝါတာတာပါ။ တောင်ခြေတောခြေ ရွာတွေထဲ လာခိုနေတဲ့ မြွေဟောက်တွေဟာ အနက်ရောင် ရှိပါတယ်။ ငါးလဲ ဒီလိုပဲ။ ရေကြည်(သောက်ရေကန်) ထဲက ငါးရံ့တွေဆိုရင် နက်တယ်။ ရွှံ့နှံ့များတဲ့ချောင်း၊ အိုင်ထဲက ငါးရံ့တွေဟာ ဖြူတယ်။

မြွေတွေဟာ တွင်းထဲနေပေမယ့် တွင်းတူးတတ်တဲ့ သတ္တဝါ မဟုတ်ပါဘူး။ ကြွက်တွင်းတွေထဲ သင့်သလို ဝင်ခိုတဲ့ သတ္တဝါပါ။ အဲဒီမှာ စည်းဖောက်တယ်ဆိုတဲ့ မြွေနှစ်ကောင်ကို မျက်မြင်ကြုံဖူးတာလေး ဖောက်သည်ချပါဦးမယ်။

ကြွက်ဟာကြွက်နေ၊ မြွေဟာမြွေနေ ဆိုပေမယ့် သူ့တွင်းသခင် ကြွက်ကို စားမိတဲ့ မြွေဟာ စည်းပေါက်တယ်လို့ အတော်များများ ပြောပြကြပါတယ်။ စည်းဖောက်လို့ စည်းပေါက်ခဲ့ရင် မြွေလဲ တစ်ပါးလက်ချက်နဲ့ အသက်ပြန်ထွက်ရလေ့ ရှိတယ်တဲ့။ အဲဒီ ဆံတိုက်ရွာမှာ နေတုန်း စည်းပေါက် မြွေကို စ,တွေ့တာပါပဲ။ နှစ်ပိဿာနဲ့ ရှစ်ဆယ်သား ရှိတဲ့ မြွေဟောက်နက်ပါပဲ။ နွေခင်းကြောင်တောင်ကြီး လူသူ သွားတဲ့လမ်းမှာ ကန့်လန့်ခံနေလို့ အမျိုးသမီးတွေ ကြောက်လို့ ထွက်ပြေးကြတယ်။ ကလေးတွေလာပြီး ခဲနဲ့ခြောက်တယ်။ မသွားဘူး။

ဒါနဲ့ ကရင်တိုင်းရင်းသားတစ်ယောက်က အဲဒါ စည်းပေါက်တဲ့ကောင်ပဲနေမှာဆိုပြီး ရိုက်သတ်တယ်။ အဟုတ်ပဲ ဗိုက်ထဲမှာ ခပ်ရွယ်ရွယ် ကြွက်တစ်ကောင် ပုပ်ရိနေပြီ။ စည်းပေါက်ရင် ဒီလိုပဲ လူသူရှိရာ အသေလာခံရသတဲ့။ လူမြင်ပေးရသတဲ့။.

ဖလူးရွာမှာ လွှစာမှုန့်လုပ်ငန်းလုပ်ဖြစ်တော့ သစ်စက်တွေရှိရာ ထော်လာဂျီတစ်စီးနဲ့ ရောက်ရတယ်။ သစ်စက်တွေ ဆိုတာလဲ တောထဲ ထောင်တာတွေ ရှိတယ်။ တောထဲက စက်တစ်ခုရှိရာ သွားရင်း လမ်းဘေးက မြင်ကွင်းတစ်ခုကြောင့် ကားရပ်နိုင်းလိုက်တယ်။

ကားပေါ်က လူတွေ(အလုပ်သမားပါ ဆင်းနိုင်းပြီး မြင်ရတဲ့နေရာကို သွားကြတယ်။ အံ့သြစရာပါပဲ။ မြွေက လူကြီးခြေချင်းဝတ်လောက် ရှိမယ့် တောကြီးမြွေဟောက်ပါ။ မသေသေးဘူး။ အမြီး လှုပ်နေသေးတယ်။ သူ့ကို





www.burmeseclassic.com

www.burmeseclassic.com



ကျွန်တော် ကလေးအရွယ် ငယ်ရွယ်စဉ်ကာလများက ကဆုန်၊ နယုန်လ မိုးဦးကျရက်များ ရောက်ပြီဆိုလျှင် ကျွန်တော့်ဇာတိကျေးရွာနှင့် မိုင်ပေါင်းများစွာ ကွာဝေးသော တောင်ဘက်အရပ်ဆီမှ မိုးချုန်းသံလို တဒီးဒီး တဂျိန်းဂျိန်း မြည်ဟည်း သံကြီးများ ကြားရတတ်သည်။

ထိုသို့ကြားရလျှင် ကျေးရွာအတွင်းရှိ လူကြီးသူမတို့က **ကျောက်ကလပ် ဟီ(ဟည်း)ပြီဖြစ်ကြောင်း၊ မိုးဦးကျတော့မည် ဖြစ်ကြောင်း မှတ်ချက်ချ ပြောဆိုသံများကို** ကြားသိမှတ်သားခဲ့ရဖူးသော်လည်း ကလေးအရွယ်သာဖြစ်၍ အဓိပ္ပာယ် ဘာကိုဆိုလိုမှန်း ရေရေရာရာ မသိခဲ့ရပါ။

ကျောင်းနေအရွယ် ရောက်၍ ကျောင်းသင် ဘာသာရပ်များ သင်ကြားရင်း အတန်းများ တဖြည်းဖြည်းမြင့်၍ အတွေးအခေါ်နှင့် ဗဟုသုတ မြင့်မားလာချိန်၊ ပြင်ပဗဟုသုတ စာတိုပေစများကို ဖတ်မှတ်လေ့လာခဲ့ရချိန်များတွင်မှ **ကျောက်ကလပ်ဆိုသည်မှာ ငပုတောမြို့နယ် အတွင်းတွင်ရှိသော ဘုန်းတော်ပြည့် ကျောက်ကလပ်ကြီးကို ရည်ညွှန်းကြောင်း၊ ကျွန်တော်တို့ ဇာတိဒေသနှင့် မိုင်ပေါင်းများစွာ ဝေးကွာသော ပင်လယ်ပိုင်းတွင် ရှိကြောင်း။**

ကျောက်ကလပ်ဆိုသည်မှာ ပင်လယ်ရေ



ထူးဆန်းသော

# ဆည်နှုတ်ဆောက်သံ

မြတ်သာစင်ဦး

လှိုင်းက မပြတ်ရိုက်ခတ် တိုက်စားခံရရာမှ ကလပ်ပုံသဏ္ဍာန် ဖြစ်ကျန်ရစ်သော ကျောက်ဆောင်တစ်ခု ဖြစ်ကြောင်းတို့ကို သိလာရပါသည်။

ဤကျောက်ကလပ်ပုံကြီးကို မဂ္ဂဇင်းများ၊ ပြက္ခဒိန်များတွင် ဓာတ်ပုံအဖြစ် ရိုက်ကူးပြသထားသည်ကို ကြည့်ရင်း **မိုင်ပေါင်းများစွာ ဝေးကွာသော မိမိဇာတိအရပ်မှ ကြားရသော ကျောက်ကလပ်ဟီသံကိုပါ တစ်ဆက်တည်း**

နက္ခတ္တရောင်ခြည်မဂ္ဂဇင်း

www.burmeseclassic.com



ပြန်လည် ကြားယောင်မိပြန်ပါသည်။

**စစ်စစ်အားဖြင့် သက်မဲ့ကျောက် ထောင်ကြီး၊ ကျောက်ကလပ်ကြီးက မိုး ချုပ်သော်လို ပြည်သည် ဆိုခြင်းကို လက်ခံ ရန် ခက်ခဲလှပါသည်။ ထို့ထက်ပို၍ နိုင် ငံခြားများစွာ လေ့လာသော ဓာတ်ပုံအရပ်မှ ကြားရသည့် ဆိုခြင်းမှာ ပို၍ မယုံကြည် ရသင့် ဖြစ်ပါသည်။**

ရိုးသားသော ရှေးလူကြီးသူမတို့၏ အထင်အမြင် လွဲမှားမှုတစ်ခု ဖြစ်ဟန် ကောင်းသည်ဟုသာ ရိုးရိုးတွေး၍ ပေါ့ ပေါ့ကလေး ယူဆထားခဲ့ဖူးပါသည်။

ဤကျောက်ကလပ်ကြီး တကယ် ဟီခြင်း ရှိ မရှိကို ယနေ့အထိ ကျောက် ကလပ်ကြီးရှိရာသို့ ကျွန်တော် ရောက်ရှိ ဖူးခြင်း မရှိသေး၍ လက်တွေ့ မသိရှိ ရသေးသော်လည်း တကယ့် **အုတ်ရိုး အုတ်သားစစ်စစ်ဖြင့် ပြုလုပ်ထား သော ရေလှောင်ဆည်ကြီးတစ်ခု၏ ကျယ်လောင် ပြင်းထန်စွာ ဟီလိုက် သံကိုတော့ ကျွန်တော့်နားနှင့် ကိုယ် တွေ့ ဆတ်ဆတ် ကြားခဲ့ဖူးပါသည်။** ဤဖြစ်ရပ်ကလေးကို ပြန်ပြောင်း တင် ပြရသော်...

BURMESE CLASSIC .com

* * *

ကျွန်တော်သည် **၁၉၈၀ ပြည့်လွန် နှစ်များက** နိုင်ငံ့ဝန်ထမ်းဘဝဖြင့် ရှမ်း ပြည်နယ် မြို့လေးတစ်မြို့တွင် တာဝန် ကျပါသည်။ ကျွန်တော် တာဝန်ကျ သည့်ရွာက မြို့နှင့် အလှမ်းဝေးသော **ရှမ်းရွာကလေးတစ်ရွာ** ဖြစ်ပါသည်။

ကျေးရွာကလေး၏ ပတ်ဝန်းကျင် တွင် မြင့်မားမတ်စောက်သော တောင် စဉ် တောင်တန်းများက လှိုင်းများ သဖွယ် အဆင့်ဆင့် ကာရံထားပြီး ကျေးရွာနှင့် **တောင်တန်းကြီးများ ကြားတွင် နမ့်ပန်ချောင်းက လှပစွာ ရစ်ခွေ စီးဆင်းနေပါသည်။**

နမ့်ပန်ချောင်းက ဤဒေသတွင် ပျမ်း မျှ **ကိုက်(၅၀)ခန့်သာ ကျယ်ပါလိမ့် မည်။** ကျေးရွာပတ်ဝန်းကျင်က တောင် တန်းကြီးတွေပေါ်မှာ မိုးတွေညို့ပြီး သဲသဲ မဲမဲရွာနေတတ်သော မိုးရက်များဆို လျှင် တောအန့် တောင်အန့် အလျှံပယ် သွန်ချထားသော မိုးရေများက **နမ့်ပန် ချောင်းထဲသို့ တောင်ကျချောင်းရေ အဖြစ် ကြောက်မက်ဖွယ်ရာ ဝါးလုံး ထိုး စီးဆင်းလာတော့သည်။**

ချောင်းပတ်ဝန်းကျင်ရှိ သဲသောင် ပြင် ဖြူလွလွများသည် ချက်ချင်းပင် ရေပြင်ကျယ်ကြီးများအဖြစ် ပြောင်းလဲ သွားတတ်သည်။ ကျေးရွာ၏ မြောက် ဘက် ကိုက်(၂၀၀)ခန့်အကွာ **နမ့်ပန် ချောင်းပေါ်တွင် ဒေသဖွံ့ဖြိုးရေး အတွက် တည်ဆောက်ထားသော ရေလှောင်ဆည်ကြီးတစ်ခု ရှိပါသည်။**

မြေဩဇာ ကောင်းမွန်သောဒေသ များဖြစ်သဖြင့် နွေရာသီ ချောင်းရေ လျော့နည်းသွားတတ်သော အချိန်များ တွင် ချောင်းဘေးနှစ်ဖက် ဝဲယာမှာ နွေသီးနှံ စိုက်ခင်းလုပ်ကွက်များကို ရေ ဖောဖောသီသီ သုံးစွဲနိုင်ကြရန် ရည် ရွယ်၍ တည်ဆောက်ထားခြင်း ဖြစ်ပါ သည်။

မိုးအဆမတန်စွေသောရက်များ ဆို လျှင် ဆည်မှ ရေကျသံ တဝုန်းဝုန်းကို တစ်ရွာလုံး နေ့ညမပြတ် ကြားနေရပါ သည်။

**ရာသီဥတု ကြည်လည်သာယာ သည့် တစ်ညနေခင်းတွင်** ဖြစ်ပါသည်။ ကျွန်တော်သည် ကျွန်တော် တည်း သောအိမ်မှ မီးဖိုဆောင်ခန်းထဲတွင် အိမ်ရှင်၏ဖနီးနှင့်အတူ ရှိနေချိန် ဖြစ် ပါသည်။ အိမ်ရှင်ယောကျ်ားကမူ နံနက် စောစောကပင် လယ်ထဲဆင်းသွား၍ အိမ်သို့ ပြန်မရောက်သေးပါ။

ကျွန်တော်က ရေနွေးကြမ်းအိုးကို ရှေ့ချ၍ တစ်ခွက်ပြီးတစ်ခွက် ငှဲ့သောက် ရင်း အိမ်ရှင်၏ဖနီးနှင့် တွေ့ရာလေးပါး စကားကောင်းနေမိပါသည်။ **အချိန်က ညနေ(၅)နာရီခန့်သာ** ရှိဦးမည်ဟု ထင်ပါသည်။

ကျေးရွာအနောက်ဘက် တောင် စွယ်တောင်တန်းများဆီတွင် မိုးရာ ဖြစ်သော်လည်း တိမ်သားတိမ်စိုင် ကင်း စင်စွာဖြင့် နေလုံးကြီး၏ ဝင်လုဆဲ ရောင်ခြည်များကို မြင်တွေ့နေရပါသေး သည်။

အိမ်ရှင်၏ဖနီးက ကျွန်တော်နှင့် စကားပြောရင်း စားသောက်ဖွယ် များကို ချက်ပြုတ်နေပါသည်။ တိုင်းရင်းသူဖြစ်၍လည်း ရှမ်း မတတ်သော ကျွန်တော့်ကိုသူ တ





www.burmeseclassic.com

www.burmeseclassic.com



သမျှ ဗမာစကားလေးများဖြင့် အတတ်နိုင်ဆုံး ကျွန်တော့်ကို ပြန်ပြောနေခြင်း ဖြစ်ပါသည်။

**မိုးစွေရက်၊ မိုးမွှာရက် မဟုတ်သော်လည်း နှမ်းနှမ်းချောင်းထဲတွင် ရေမပြတ်စီးနေသည့်ကာလမို့ ဆည်ကြီးဆီမှ ရေကျသံ တဝေါဝေါကိုမူ အိမ်မှ အတိုင်းသား ကြားနေရပါသည်။**

ဝင်လုဆဲဆဲ နေလုံးနီနီကြီးကို မီးဖိုဆောင်ဝရန်တာမှ ငေးကြည့်နေသော ကျွန်တော့်ကို အိမ်ရှင်၏ဇနီးက "ထမင်းဆာရင် စားနှင့်ပါ၊ ဟင်းကျက်ပြီ" ဟု သတိပေးသည်။ ကျွန်တော်က စောစော ဆာတတ်မှန်းသိ၍ ဤသို့ ကြိုပြောလိုက်ခြင်း ဖြစ်ပါသည်။

ကျွန်တော်ကလည်း သဘောသကာယ ကောင်းသော သူတို့ဇနီးမောင်နှံနှင့် ပြောမနာဆိုမနာ 'ရင်းနှီးနေပြီဖြစ်၍ အားနာတုံ့ဆိုင်းမနေတော့ဘဲ ပန်းကန်တစ်ချပ်ထဲသို့ ပေါင်းအိုးထဲမှ ကောက်ညှင်းများကို ခူးထည့်လိုက်ပြီး စားရန်ပြင်လိုက်သည်။

အိမ်ရှင်၏ဇနီးကလည်း အလိုက်တသိပင် ဟင်းပန်းကန်တစ်ချပ်ထဲသို့ ဟင်းများ ခပ်ထည့်ပြီး ကျွန်တော့်ရှေ့သို့ ချပေးသည်။ ကောက်ညှင်းကို လက်နှင့်ဆုပ်ပြီး ပန်းကန်ထဲကဟင်းနှင့် တို့၍ ပလုတ်ပလောင်း ဝါးစားရန် ပြင်လိုက်သော ကျွန်တော်သည် **"ကျိန်း၊ ဂျလိန်း"** ဟု ရုတ်တရက် ကျယ်လောင်စွာ အနီးကပ်ကြားလိုက်ရသော အသံကြီးကြောင့် လန့်ဖျပ်ပြီး လက်ထဲက ကောက်ညှင်းဆုပ်သည်ပင် လွတ်ကျမတတ် ဖြစ်သွား၏။

တစ်ခါမှ မကြားဖူးသော ပြင်းထန်ကျယ်လောင်သည့် အသံကြီးကြောင့် ကျွန်တော် ကြောင်စီစီဖြင့် အသံထွက်ပေါ်လာရာကို ဟိုဟိုဒီဒီ ရှာဖွေနေမိပါသည်။

မိုးရာသီဖြစ်၍ **မိုးခြိမ်းသံ**ဟု ဆိုရအောင်ကလည်း ရာသီဥတုက သာသာယာယာ။ ကောင်းကင်က ကြည်လင် ဝင်းပလျက်ပါ။ ထိုနေ့ တစ်နေ့လုံး ဘာမိုးမှ မချုန်း၊ မရွာသည်ကို ကျွန်တော် မှတ်မှတ်ရရ ရှိနေခဲ့ပါသည်။

အသံကြီးက တစ်ချက်တည်းသာ ကြားလိုက်ရပြီး နောက်ထပ် ဘာသံမှ ထပ်၍ မကြားရတော့သဖြင့် မိုးချုန်းသံ မဟုတ်တာ သေချာသလောက် ရှိပါသည်။

ထို ကျယ်လောင်စွာ မြည်ဟည်းသံကြီးကြောင့် ကျေးရွာပတ်ဝန်းကျင်နှင့် ဆည်ကြီးရှိရာအရပ် **သစ်ပင်များပေါ်မှ ငှက်များ၊ အော်ရောငှက်ကြီးများ အပါအဝင် ငှက်မျိုးစုံတို့၏ လန့်ပြီး ပျံသွားသံများကို ဆူညံစွာ ကြားလိုက်ရပါသည်။**

စက္ကန့်အနည်းငယ် ကြာသည်အထိ ရွာပတ်ဝန်းကျင် **တောတောင်များကို ပဲ့တင်ရိုက်သံများကို ပြန်လည်ကြားနေရပြီး** အတန်ကြာမှ ပြန်လည်တိတ်ဆိတ်သွားကာ ဆည်မှ ရေကျသံ တဝုန်းဝုန်းကို ပုံမှန် ပြန်ကြားလာရပါသည်။

စိုးရိမ်ထိတ်လန့်စိတ်ကြောင့် မျက်လုံးပြူးမျက်ဆန်ပြူးဖြင့် ထိုင်ရ ထ,ရမလို ဖြစ်နေသော ကျွန်တော့်ကို အိမ်ရှင်၏ဇနီးက ဘာမှမဖြစ်သလို အေးချမ်းစွာ ပြုံးပြနေသဖြင့် ကျွန်တော့် ကြောက်စိတ်များ တဖြည်းဖြည်း ပြေသွားပါသည်။

ရူးစမ်းသလို ဟိုကြည့်ဒီကြည့် လုပ်နေသော ကျွန်တော့်ကို ဆည်ကြီးရှိရာဘက်သို့ လက်ညှိုးညွှန်ပြပြီး **"ဒီဇိုင်ဟောင်း"**ဟု ရှမ်းဘာသာဖြင့် ပြောလိုက်ပါသည်။ (**ဒီ=** နတ်၊ **ဇိုင်=** ဆည်၊ **ဟောင်း=** အော်ဟစ်သည်။) ကျွန်တော်တို့နှစ်ဦးကြားတွင် ဘာသာစကားအခက်အခဲက ရှိနေသေးသည့်ပြင် တစ်ခါတစ်ရံ လက်ဟန်ခြေဟန်များဖြင့်သာ ပြောနေကြဆဲကာလဖြစ်၍ မေးလေရှုပ်လေ ဖြစ်လာမည်ကို ကျွန်တော် ကြိုသိ၍ ဘာမျှ ဆက်မမေးတော့ဘဲ ငြိမ်နေလိုက်ပါသည်။

ညနေဘက် ထမင်းစားပြီးလို့ မိသားစုတွေ ရေနွေးကြမ်းဝိုင်း ဖွဲ့နေချိန်မှာ ဗမာစကားအတန်အသင့် တတ်ကျွမ်းသော **ကျေးရွာဥက္ကဋ္ဌ ရောက်လာတော့မှ ညနေကကြားရသော အသံကြီးအကြောင်း**ကို မေးကြည့်ဖြစ်ပါသည်။

'ဒီ ဆည်နတ်အော်တဲ့ အသံ

www.burmeseclassic.com

ဆိုရေးရှိက ဆိုအပ်လှတဲ့ ခုရေးဖို့ရှိက ကျွန်မရေးပြန်ပြီပေါ့။ တီမွေးကု ဦးစိုးဝင်းက ပြောတယ်။

'မဆွေ ညည်း စာမရေးတော့ဘူးလား၊ ကလောင်နာမည်တစ်ခု ရဖို့ဆိုတာ လွယ်မှတ်လို့ ညည်း အရေးအသားတွေကောင်းတယ် စာပြန်ရေးပါဦး'

'ဟုတ်ကဲ့ ရေးမှာပါ ဦးလေးရယ်။ ကျွန်မက ကျွန်မ အတွေ့အကြုံတွေ ရေးတာများတယ်။ ရေးဖို့တော့ရှိပါတယ်'

လို့ ကျွန်မ ပြန်ပြောလိုက်တယ်။

ကျွန်မ အခုရေးချင်တာ ကျွန်မကိုယ်တွေ့မမြင်ရပေမယ့် သူတို့တွေမြင်ရတဲ့ အရာတွေကို ကျွန်မရေးမှာပါ။

သူတို့တွေဆိုတာ သေခုံးတော့မည့် လူတွေ၊ တမလွန်ဘဝ ကူးပြောင်းတော့မည့် လူတွေအကြောင်းပါ။

ပထမ ကျွန်မမောင်လေး ကျော်သူအကြောင်း။ မောင်လေးက ပန်းပုလုပ်ငန်း လုပ်တယ်။ အိမ်ထောင်ကျတော့ သားကျွေးမှု မယားကျွေးမှုတွေ များပြားလာတယ်၊ ငွေကို ပိုရှာချင်လာတယ်။

မောင်လေးနဲ့ သူ့မိတ်ဆွေတွေ တရုတ်နိုင်ငံ ကြယ်ခေါင်ဘက်မှာ အလုပ်ပေါတယ်ဆိုလို့ ကြယ်ခေါင်ထိအလုပ်သွားလုပ်ကြတယ်။ (၂)လလောက် အလုပ်လုပ်ပြီး မန္တလေးကို မောင်လေး ပြန်လာတယ်။

ဒါပေသိ ကျန်းမာရေးမကောင်းစွာ ပြန်လာတယ်။ ငှက်ဖျားဖြစ်လာတာတဲ့။ အိမ်မှာ အစ်မကြီးအမိရာ ဆိုသလို ကျွန်မ သူ့ကို အမျိုးမျိုး ကုသပေးပါတယ်။ ဆေးရုံဆေးခန်း စုံပေမယ့် မောင်လေးက နာလန်မထူတော့ဘူး။ အိပ်ရာထက်မှာ ပက်လက်ကလေး စကားလဲ မပြောနိုင်တော့ဘူး။

ညနေရောက်တော့ ကျွန်မမောင် ကျွန်မနဲ့ အထက်အောက်ဖြစ်တဲ့ မောင်လေးအံ့ကြီးက သူ့ညီကို ဘုရားဂုဏ်တော်တွေစုထားတဲ့ အစိတ္တေယျကြီး ဘုရားစာ ရွတ်ပေးနေပါတယ်။

အဲဒီမှာ မောင်လေးကျော်သူ မျက်လုံးဖွင့်လာပြီး သူ့အစ်ကိုရဲ့နောက်ကို လက်ညှိုးညွှန်ပြ လက်နှစ်ချောင်း ထောင်ပြတယ်။ မောင်လေးအံ့ကြီးက...


'ဘာလဲ ငါ့ညီ၊ အစ်ကို ဘုရားစာ(၂) ခေါက် ရွတ်ပေးရမှာလား'

လို့ မေးရှာတယ်။ ကျော်သူ မျက်လုံးပြန်မှိတ်သွားတယ်။ ညဉ့်နက်တဲ့အထိ အံ့ကြီးက ဘုရားစာထိုင်ရွတ်ပေးတယ်။ မနက် လင်းလုလင်းချိန် မှာတော့ ကျွန်မမောင်လေး ကျော်သူ လူ့လောကကနေ ထွက်သွားပါတော့တယ်။

မောင်လေး ကျော်သူဆုံးတာ အသက် (၆)နှစ်တောင်ပြည့်တော့မယ်။ ဒုတိ က ကျွန်မအဘိုးပေါ့။ ကျွန်မမေမေ အဖေပါ။ ရပ်ကွက်ထဲမှာ အသက်အ

ဒွေးမိုးထွန်း
(နန်းတော်ရှေ့)

# သူတို့နှစ်ဦး





www.burmeseclassic.com

ဆုံး သီလ၊ သမာဓိအရှိဆုံး အဘိုးကို ကျွန်မက အဘလို့ပဲ ခေါ်ပါတယ်။

အဘက သူ့အသက်(၄၀)လောက်မှာ သူ့မိန်းမ ကျွန်မတို့အဘွား ဆုံးသွားတယ်။ အရွယ်ကောင်းတဲ့ အချိန်မှာတောင် နောက်အိမ်ထောင်မပြုဘဲ သားသမီး(၆)ယောက်ကို ရရာအလုပ်နဲ့ လုပ်ကျွေးရှာတယ်။

သားသမီး(၃)ယောက် အိမ်ထောင်ကျတော့ သား(၂)ယောက်လူပျိုကြီးနှင့် သမီးအပျိုကြီးရယ်၊ ကျွန်မရယ် အတူတူနေပါတယ်။ ကျွန်မ ကလေးဘဝတုန်းက အဘရဲ့ အိပ်ရာဝင်ပုံပြင်များဖြစ်တဲ့ ဘုရားရဲ့ဖြစ်တော်စဉ် (၅၅၀) နိပါတ်တော်တွေနဲ့ ကြီးပြင်းခဲ့ရတယ်။

အဘက မနက်(၄)နာရီဆို အိပ်ရာထ မျက်နှာသစ်၊ သွားတိုက်ပြီးတာနဲ့ ဆွမ်းအိုးတည်ရင်း သတ္တဝါ ဝေနေယျအပေါင်းကို မေတ္တာပို့ပါတယ်။ ဆွမ်းကျက်ပြီဆိုတာနဲ့ ညဦးကတည်းက ဝယ်ထားတဲ့ ငှက်ပျောသီး သို့မဟုတ် သရက်သီး စတဲ့ ရာသီပေါ်သီးနှံကို တစ်ခုမဟုတ်တစ်ခုနှင့် ဆွမ်းတော်တင်၊ ရေတော်ကပ်၊ ပရိတ်တရားတော်တို့ကို ရွတ်ဖတ်ပြီး အမျှအတန်း ပေးဝေပါတယ်။

အဘရဲ့အသံ အလွန်ကောင်းမွန်ပါတယ်။ အဘရဲ့ ဘုရားရှိခိုးသံ၊ အမျှဝေသံတို့ဟာ တစ်ရပ်ကွက်လုံး ဖုံးလွှမ်းသွားပါတယ်။ ကျွန်မတို့ အကျော်စု ရပ်ကွက်လေးဟာ ကျောက်အရောင်းအဝယ်လုပ်တဲ့သူ အများစု နေထိုင်ကြပါတယ်။

တရုတ်နိုင်ငံ ရွှေလီကို ကျောက်အရောင်းသွားမည့်သူများဟာ နှိုးစက်ပေးတဲ့နာရီ မလိုပါဘူး။ သူတို့ ခရီးသွားရမယ့်အချိန်ဆို အဘရဲ့မနက် (၄) နာရီ ဘုရားရှိခိုးသံကို အမှီပြုပြီး အိပ်ရာထ ခရီးသွားဖို့ ပြင်ဆင်ကြတာမို့ပါ။

အဘ ငါးပါးသီလ ဘယ်လောက်မြဲလဲဆို အဘလက်မောင်းကို ခြင်တစ်ကောင်ကိုက်နေတာမြင်လို့ ကျွန်မက ရိုက်မယ်လုပ်ရင် အဘက...

'ငါ့မြေးရယ် ဘာလို့ရိုက်မှာလဲ၊ တို့ လူသွေးဆိုတာ သူတို့ရဲ့အစာအာဟာရ တစ်ခုပဲလေ၊ သူ့အစာဝရင် ပျံလိမ့်မပေါ့ကွယ်'

တဲ့...။

အဘကလေ အသက်(၈၅)နှစ်ထိ ဆန်ရွေးနိုင်တုန်း၊ ဆွမ်းချက်နိုင်တုန်း၊ ဆွမ်းကို သူကိုယ်တိုင် ထ,ချက်ရမှ ကျေနပ်တာ၊ ဆောင်းတွင်း အေးတဲ့ ရာသီဆို ကျွန်မက...

'အဘရယ် အေးပါတယ်၊ မြေး ထ,ချက်ပါမယ်'

ဆိုတာကို လက်မခံပါ။ နေ့စဉ် ဝေယျာဝစ္စကို အပျက်မခံနိုင်ဘူးတဲ့။

အဘအသက်(၈၆)နှစ်ရောက်တော့ လည်ပင်းမှာ အကျိတ်တစ်ခု ထွက်လာတယ်။ ကျွန်မရဲ့ မွေးစားအမေ အဒေါ်အပျိုကြီးက ရိုးရိုးအကျိတ်ထင်ပြီး ဈေးထဲက ပြောသမျှဆိုသမျှ ဆေးတွေ လိမ်းပေးတယ်။

နောက် အကျိတ်က တဖြည်းဖြည်း ကြီးလာတယ်။ အဲဒီတော့မှ ဆေးခန်းပြတော့ အဘအကျိတ်က ကင်ဆာတဲ့။ ခွဲစိတ်လို့ရမလား။ ဆရာဝန်ကို တိုင်ပင်ကြည့်တော့ အသက်ကြီးတာက တစ်ကြောင်း၊ အားနည်းတာက တစ်ကြောင်းကြောင့် ခွဲခွင့်မရခဲ့ပါဘူး။

အဘ အိပ်ရာထဲလဲတော့ ကျွန်မ



အမေရင်းလဲ သူ့အဖေကို ညအိပ် လာပြုစုပေးတယ်။ အဘက သူ့သမီးအငယ်ဆုံးလေး အိမ်လာအိပ်တော့ ပျော်ရှာတယ်။ ဒါပေမယ့် လည်ပင်းက အနာကြောင့် တစ်ချက်တစ်ချက် ရောဂါဖောက်လာရင် သူ့မြေးတွေကို မှီထိုင်ရင်း သစ္စာပြုရှာတယ်။

'ဘုရားတပည့်တော်ဟာ သိတတ်တဲ့အချိန်ကစလို့ ငါးပါးသီလကို စောင့်ထိန်းခဲ့ပါတယ် ဘုရား။ ဘုရားတပည့်တော်ကို ဤ အနာရောဂါကင်းပျောက်အောင် စောင့်ရှောက်တော်မူပါဘုရား'

တဲ့...။

ကျွန်မတို့ အမေတို့ဆိုတာ မျက်ရည် မဆည်နိုင်အောင်ပါပဲ။

တစ်နေ့တော့ အဘက အိပ်နေရာကနေ အမေ့ကိုခေါ်ပြီး...

'ဟဲ့...မကြင်ရေ ဟိုမှာ အဘကို လူနှစ်ယောက် လာခေါ်နေတယ်'

'ဘယ်မှာလဲ အဘရဲ့'

လို့ အမေက မေးတော့...

'ဟိုမှာလေ အိမ်ပေါက်မှာ'

လို့ အဘက ပြောတယ်။ အဲဒီမှာ အမေက...

'အဘရဲ့ သီလ သမာဓိတွေနဲ့ ဒီလူနှစ်ယောက်နဲ့ တန်လို့လား။ ဘုရားလာခေါ်မှ လိုက်မယ်လို့ ပြောလိုက်အဘ'

လို့ အမေကပြောတော့ အဘက အိမ်ပေါက်ဝကြည့်ပြီး...

'ကဲ...ကဲ... မောင်ရင်တို့ နှစ်



www.burmeseclassic.com

www.burmeseclassic.com

ယောက် ပြန်ကြဦး။ ဘုရားကြွလာရင် အဘလိုက်ခဲ့မယ်'

လို့ အဘက လှမ်းပြောလိုက်ပါတယ်။

ဒီလိုနဲ့ ညဉ့်နက်သထက် နက်လာတော့...

'မကြွင် သမီးလေးထဦး အဘဆီ ဘုရားကြွလာပြီ'

အဘက လက်အုပ်လေးချီလိုပေါ့။ အမေက ပျာပျာသလဲ ထရင်း...

'ဟုတ်လား အဘ တကယ် ဘုရားကြွလာတာလား။ အဲဒါဆို အဘ လိုက်သွားပါ'

လို့ အမေကပြောတော့ အဘ ခေါင်းညိတ်ပြတယ်။ ဒီလိုနဲ့ မနက်လင်းလာတော့ အမေက အဘပုဆိုးနဲ့ အင်္ကျီကို လျှော်ဖို့ ရေချိုးခန်းထဲ ဝင်သွားတယ်။ ကျွန်မ အစ်မဝမ်းကွဲ မချစ်က အဘခေါင်းရင်းမှာ မေးခနဲ အိပ်ပျော်သွားတဲ့အချိန် အဘက...

'ငါ့မြေးရေ အဘ သွားတော့မယ်ကွယ့်'

လို့ နှုတ်ဆက်ပြီး မြောက်ဘက်ကနေ တဖြည်းဖြည်းကောင်းကင်ပေါ် ရောက်သွားသတဲ့။ မချစ်က လန့်ပြီး...

'အဘ ထွက်သွားပြီ အဘ ထွက်သွားပြီ'

လို့ အသံကျယ်စွာအော်ပြီး ထ,လာတယ်။

အမေတို့ ဦးလေးတို့က အဘ ဘယ်ထွက်သွားလို့လဲဆိုပြီး အဘနား ပြေးလာကြတယ်။ ဒါပေမယ့် အဘရဲ့ အသက်ဝိညာဉ် မရှိတော့ပါ။ ညာဘက် စောင်းလျက်ကလေး ဝိညာဉ် ချုပ်သွားပါတော့တယ်။

တတိယက ကျွန်မရဲ့ ကျေးဇူးရှင် အဖေပါ။ ကျွန်မအဖေကိုရွှေမန်းဦးသန်းအောင်၊ ဘိသိက်ဆရာ ဦးသန်းအောင်



လို့ လူသိများပါတယ်။ ကျွန်မအဖေက ရှေးရုပ်ရှင်တွေမှာလဲ သရုပ်ဆောင် လုပ်ဖူးပါတယ်။ လူကြမ်းဇာတ်ပို့ပေါ့။

အဖေရိုက်ဖူးတဲ့ ကားတွေကတော့ ကျောက်တီလူးနဲ့ပပဝင်း၊ ဒီသောင်ယံက မခွာရက်နိုင်တယ်၊ လမ်းပေါ်ကလူ၊ ဖူးစာလမ်းဆုံ၊ မကွေးမြသလွန် စသဖြင့် ကားပေါင်း (၅၀)လောက် ရိုက်ဖူးတယ်တဲ့။

ဒါ ကျွန်မ သိသလောက်ပါ။ အဖေက ရွှေမန်းတင်မောင်၊ ရွှေမန်း ဦးကျော်အောင်၊ မြို့တော် သိန်းအောင်တို့နဲ့လဲ ဇာတ်ကဖူးပါတယ်။ အဖေက စာရေး၊ စာဖတ် အလွန် ဝါသနာပါတယ်။ မှတ်သားဉာဏ်လဲ ကောင်းပါတယ်။

ကျွန်မ စာရေးဝါသနာပါတာ အဖေတူလို့ပါ။ ကျွန်မ နန်းရှေ့က ကိုကိုးလွင်နဲ့ အိမ်ထောင်ကျတော့ အဖေက ကျွန်မဆီကို (၁၅)ရက်တစ်ခါ အလည်လာပါတယ်။ အဲဒီလိုနေ့တွေမှာ အဖေက ကျွန်မကို ရှေးဟောင်းနှောင်းဖြစ်တွေ ပြောပြလေ့ရှိပါတယ်။

အဖေတို့ဆီကိုတော့ ကျွန်မ တန်ခူးလနှင့် သီတင်းကျွတ်လမှာ ကန်တော့ရင်း ရောက်ပါတယ်။ ဒါကလဲ အိမ်မှာ ကျွန်မက စတိုးဆိုင်ဖွင့်ထားတော့ စီးပွားရေးလောဘကြောင့် ကျွန်မ အသွားနည်းခဲ့ပါတယ်။

အဖေ အလည်လာရင် ကျွန်မသိချင်တာတွေကို မေးလေ့ရှိပါတယ်။

'အဖေ သမီးကို ဆန်းဆန်း(မွေးစားအမေ)ဆီ ဘာလို့ပေးခဲ့တာလဲလို့ မေးပါတယ်'

'အဖေက မပေးချင်ပါဘူးကွယ်။ သမီးရဲ့အဒေါ်ကလဲ မောင်နှမ(၅)ယောက်ထဲမှာ မိန်းကလေးက သမီးတစ်ယောက်ပဲပါတယ်။ အဖေတို့က တောင်မြို့ပြောင်းမှာဆိုတော့ သမီးကို အဖေတို့နဲ့ မထည့်ရက်ဘူးတဲ့။ သမီးအမေကလဲ သူ့အစ်မ စိတ်ချမ်းသာအောင် ပေးခဲ့ပါဆိုလို့ အဖေပေးထားခဲ့တာပါ သမီးရယ်'

လို့ မျက်ရည်ဝဲစွာ အမြဲပြောပါတယ်။

ကျွန်မ သိတတ်တဲ့အချိန်ကနေ အိမ်ထောင်ကျတဲ့အထိ ကျွန်မ မိဘတွေကို ဘယ်တော့မှ ဒုက္ခမပေးခဲ့ဘူး။ ကျွန်မ တတ်နိုင်သလောက် ငွေကြေးနဲ့လဲ မိဘနှစ်ပါးရော မွေးစားအမေရောကိုပါ မျက်နှာမငယ်ရအောင် လှူချင်တာ လှူနိုင်အောင် လစဉ် ထောက်ပံ့ပေးပါတယ်။

ဒီလိုနဲ့ အဖေဟာ တစ်နေ့တော့ စက်ဘီးစီးရင်း စက်ဘီးပေါ်က ပြုတ်ကျတယ်။ အမှန်တော့ စက်ဘီးစီးရင်း သွေးဆောင့်တိုးသွားလို့ စက်ဘီးပေါ်က ပြုတ်ကျတာပါ။

ကျွန်မကို အိမ်က လှမ်းဖုန်းဆက်တော့ ကျွန်မ သွားပါတယ်။ အဖေ့ကို သစ္စာဆေးရုံတင်ပြီး ခြေထောက်ကျိုးသွားတာကို အရိုးအကြောအထူးကု သမားတော်ကြီး ဒေါက်တာဦးဌေးကြွယ်နဲ့ ကုပေးခဲ့ပါတယ်။ ခြေထောက် လမ်းလျှောက်ဖို့ ကျိုင်းထောက်နဲ့ စ,ကျင့်ရပါတယ်။

လမ်းလျှောက်ကျင့်ချိန်မှာ အိမ်ထဲကျနေတဲ့ ဝါးကပ်စလေးကို အဖေက ကလေးတွေ မကောက်ခိုင်းဘဲ ကျွန်မ တစ်ဖက်နှင့် ခတ်အထုတ် အဖေ ထိုင်



www.burmeseclassic.com

www.burmeseclassic.com

ရက် လဲပြန်တော့တယ်။ အဲဒီကတည်းက အဖေက လမ်းလျှောက်ဖို့ ကြောက်သွားတယ်။ အမြဲ ခုတင်ပေါ်မှာပဲ နေတော့တယ်။

တဖြည်းဖြည်းနဲ့ အဖေ့ ကျန်းမာရေး ယိုယွင်းလာတယ်။ ကျွန်မ အဖေတို့ဆီ သွားတဲ့အခါ...

'အဖေ ကျွန်မကို သိလားမေးတော့'

အဖေက...

'ငါ့သမီးကြီး ဂွတ်ရှယ် သမီး'

လို့ အဖေ ပြောတယ်။

'အဖေ ခြေထောက်တွေ ရောင်နေတာ တအားနာနေလား'

လို့ ကျွန်မက မေးတော့...

'နာတာပေါ့ သမီးရယ်။ ခန္ဓာရှိလို့ နာကြရတာကွယ့်'

လို့ ပြောပါတယ်။

ကျွန်မ ဆရာဝန်ပင့် ဆေးထိုး၊ ဆေးတိုက်လုပ်ပြီး အိမ်ပြန်လာခဲ့တယ်။ ညနေရောက်တော့ ကျွန်မမောင်လေး ဘိုဘိုကို အဖေ့ဆီ ညစောင့်အိပ်ပေးပါလို့ ကျွန်မပြောခဲ့တယ်။

သူတို့လဲ အိမ်ထောင်သည်တွေဆိုတော့ အဖေ့ဆီ သွားခိုင်းရပါတယ်။ ညရောက်တော့ ဘိုဘို ခဏ ပြန်လာတယ်။

'အစ်မ အဖေက ကျွန်တော်ရောက်သွားတော့ သား မင်းနောက်က နှစ်ယောက်ဟာ ညီအစ်ကိုအရင်းလားလို့ မေးတယ်။ အစ်မ ကျွန်တော် နောက်မှာ ဘယ်သူမှလဲ မရှိဘဲနဲ့ မေးနေတာ'

လို့ ကျွန်မကို ပြောပြပါတယ်။

'ဟော ဟုတ်လား။ ဒါဆို မောင်လေး မင်း အဖေ့ကို မေတ္တာသုတ်နဲ့ ပဋ္ဌာန်းရွတ်ပေးပါ။ ညကို သေချာစောင့်နော်။ အစ်မ မနက်ကျ အိမ်လာခဲ့မယ်'

နောက်နေ့မနက် ကျွန်မရေချိုး ဆိုင်စောင့်ဖို့ တစ်ယောက်ကိုမှာပြီး အဖေ့ဆီသွားခါနီးမှာ ဖုန်းဝင်လာပါတယ်။

'မမကြီး အဖေ ဆုံးပြီ' တဲ့...။

ကျွန်မအဖေဆုံးတော့ အဖေ့ အသက်(၇၈)နှစ်ပါ။ အဖေ့ရဲ့နောက်ဆုံး ခရီးမှာ မြေကျတဲ့အထိ ကျွန်မ ပြည့်စုံစွာ စီစဉ်ပေးပါတယ်။

အဖေ့ကို တောင်အင်းမြောက်အင်း သုသာန်မှာ သဂြိုဟ်ပေးခဲ့ရပါတယ်။ ကျွန်မ ရေးပြချင်(ပြောပြချင်တာ)က ကျွန်မတို့မမြင်ရတဲ့ ဒီလူနှစ်ယောက်လို့ပဲ ပြောရမလား။ သေမင်းရဲ့ တမန်နှစ်ဦးလို့ပဲ ခေါ်ရမလား။ ဝိညာဉ်စောင့်သူနှစ်ဦးလို့ပဲ ဆိုရလေမလား။ သူတို့လာပြီးရင် လူနာတွေဟာ အသက်ဆုံးဖို့ သေချာပြီဆိုတာကို ကျွန်မ အသိမိတ်တွေက ပြောနေပါတယ်။ စာဖတ်သူ ပရိသတ်ရော ဘယ်လိုများ တွေးထင်မိပါသလဲရှင်...

***သတ္တဝါမှန်သမျှ ဆင်းရဲကင်းပျောက် ချမ်းသာရောက်ပါစေ။***

ဆွေဦးမွန် (နန်းတော်ရှေ့)

**စာမျက်နှာ (၂၉၉)မှ အဆက်**

ရောက်ခဲ့ပြီ အုံ့ပြီနေတာပါ။ ကျွန်တော်တို့ အတွက်က ဘာမှ အံ့ဩစရာ မဟုတ်တော့ပါဘူး။ သူ့သဘာဝနဲ့သူပဲ ဘာမှအထူးရယ် မရှိပါဘူး ဆရာရဲ့ စိတ်ချပါ"

ကျေးရွာဥက္ကဋ္ဌကြီး ပြောသည်မှာ ဖြစ်နိုင်ပါသည်။ ညနေက ထိုအသံကြီးကိုကြားတော့ ကျွန်တော်တစ်ယောက်သာ ထိတ်လန့်အံ့ဩနေပြီး **အခြားရွာသူရွာသားများကတော့ ရေကြီးခွင်ကျယ် အမှုအရာမျိုး မတွေ့ရဘဲ ဘာမှမဖြစ်သလို အသွားအလာ အနေအထိုင်မပျက် ရှိနေသည်ကို ကျွန်တော် သတိပြုမိပါသည်။**

ကျွန်တော့်အတွက်တော့ တစ်ခါမှ မကြုံဖူးသော အတွေ့အကြုံထူး တစ်ခုကို တွေ့ကြုံလိုက်ရသဖြင့် ပါးစပ်အဟောင်းသားဖြင့် အံ့ဩတကြီး ရှိနေရပါသည်။

တစ်ဆက်တည်းမှာပင် ငယ်စဉ်က လူကြီးသူများ ပြောခဲ့နေကျ ကျောက်ကလပ်ဟီးသံကို ပြေး၍ သတိရလိုက်ပါသည်။ ကျေးရွာဥက္ကဋ္ဌကို ဆည်နှုတ်ခမ်းသံအကြောင်း သိလိုသမျှ ထပ်ပြီး မေးလိုပါသေးသည်။

သို့သော် ကျွန်တော့် အိမ်ရှင်နှင့် ဥက္ကဋ္ဌကြီးက အခြားကိစ္စများကို ဆက်လက်ပြောဆိုနေပြီး သူတို့ကိုယ်တိုင်က ထိုကိစ္စကို အလေးတယူမရှိဘဲ သာမန် ပေါ့ပေါ့တန်တန်ကိစ္စတစ်ခုလို သဘောထားနေကြသဖြင့် ကျွန်တော်လည်း အလိုက်သိစွာဖြင့် ဘာမျှ ဆက်မမေးတော့ပါ။ နောင် နှစ်အနည်းငယ်ကြာ၍ အခြားရွာတစ်ရွာသို့ ပြောင်းရွှေ့ တာဝန်ကျချိန်အထိ ဤအသံမျိုးကြားရသည့် အခါမှ ထပ်၍ မကြားရတော့ပါ။

ဤဖြစ်ရပ်နှင့်ပတ်သက်၍ ကျွန်တော် ကြုံတွေ့ခဲ့သမျှကို မခြွင်းမချန် အမှန်အတိုင်း ရေးသားဖော်ပြအပ်ပါသည်။

မယုံကြည်သူအချို့က ဆင်ခြေအမျိုးမျိုး ပေးနိုင်ကြမည်မှာလည်း သေချာမိပါသည်။ ကျွန်တော့်အနေ နှင့်တော့ **ထိုအချိန်မှစ၍ နောင်လျှို့ဝှက်၍ သိရန်ခက်ခဲသောဖြစ်ရပ်များ ကြုံရ ကြားရ တတ်ရလေတိုင်း ဤကမ္ဘာမြေကြီးပေါ်တွင် မဖြစ်နိုင်တာ ဘာမျှမရှိဟူသော အဆိုကို ခေါင်းငုံ့ ယုံကြည်ထောက်ခံလျက်သာ ရှိနေပါတော့သည်။**

မြတ်သစ်ဦး



www.burmeseclassic.com

www.burmeseclassic.com



နုတ်သမီးကွမ်းရွက်

# မျက်စိအတွင်းတိမ်နှင့်

### နုတ်သမီးကွမ်းရွက်

ယခု (၂၀၁၂ ခုနှစ်၊ ဒီဇင်ဘာလ) ရန်ကုန်ရောက်စဉ် အထူးသဖြင့် မျက်မှန်ကိုင်း လဲလိုသဖြင့် စမ်းသပ်နေကျ American Visionကိုပဲ ပြဖြစ်၏။ စက်ကိရိယာတွေနှင့် အဆင့်ဆင့် စမ်းသပ်အပြီး မျက်စိဆရာဝန်မကြီးထံ ရောက်သွား၏။

'ဦးလေး ဘယ်ဘက် အတွင်းထဲမှာ တိမ်ပြည့်နေပြီ'

ဟု ပြောလိုက်၏။ယခုလို (၇)နှစ်မကြာဘဲ တစ်နှစ်တစ်ကြိမ် စမ်းသပ်ရန် မှာကြားလိုက်၏။

ကုမ္ပဏီကို ပြန်ရောက်တော့ စွယ်စုံဗဟုသုတပြည့်စုံသည့် ကုမ္ပဏီဒါရိုက်တာ ဦးအောင်လေးကို မေးတော့တာပါပဲ။ ဦးအောင်လေးဆိုတာ B.Eကျောင်းဆင်း AEအဆင့် နိုင်ငံခြားပညာတော်သင်ပြီး အလုပ်က ထွက်ခဲ့သူဖြစ်ပါသည်။

ကျွန်တော် မေးတာက...

'ဦးအောင်လေး အတွင်းတိမ်ရှိတိုင်းခွဲရသလား'

ဟု မေးသည့်အခါ သူ၏ဇာတ်ကြောင်းကို စီကာပတ်ကုံး စိတ်ရှည်လက်ရှည် ရှင်းပြပါတော့သည်။

သူကိုယ်တိုင် လွန်ခဲ့သော နှစ်ပေါင်း (၂၀)ခန့်က အတွင်းတိမ် ရှိဖူးကြောင်း။ ရန်ကုန်မြို့၏ နာမည်ကြီး မျက်စိအထူးကု ဆရာဝန်ကြီးဒေါက်တာမြင့်သိန်း၏ စမ်းသပ်ချက်အရ ဆေးများ စားရကြောင်း၊ တစ်ဖက်ကလည်း အသက် (၈၀)အရွယ် ဦးမြနှင့် စကားဆက်စပ်မိရာ ဦးအောင်လေးက...

'ဦးလေး ဘာမျက်စဉ်းခတ်သလဲ၊ ဘာဆေးစားသလဲ'

ဟု မေးရာ...

'ငါတော့ မင်းရေမှာရှိတဲ့ နုတ်သမီးကွမ်းရွက် (ခေါ်) တိမ်သလ္လာပြေးရွက် (ခေါ်) ကျောက်သင်ပုန်းဖျက်ရွက်လို့ အမျိုးမျိုးခေါ်တဲ့ (အရည်ရှမ်းသဖြင့် ကျောက်သင်ပုန်းကို သစ်ရွက်စိမ်းနဲ့ ဖျက်ရသဖြင့်) သစ်ရွက်ကို ရေနဲ့ စင်စင်ဆေးပြီး လက်ဖဝါးနှစ်ဖက်နဲ့လုံးပြီး အရည်ကို ညှစ်ခတ်ပါတယ်။ အဲဒီလိုနဲ့ မျက်စိအခွဲလွတ်သွားပါတယ်'

ဟု ပြောပြရာ ဦးအောင်လေးကလည်း အင်ဂျင်နီယာလူထွက်ဆိုတော့

'ဒီလိုဆိုရင် လက်တွေ့ခတ်ပြပါ'

ဟု ပြောပြီး သူ့ရှေ့တွင် ခတ်တာကြည့်ပြီး ပြန်လာခဲ့ပါသည်။

နောက်တစ်နေ့တွင် ဒီအဘိုးကြီး မျက်စိ ဘယ်လိုနေသလဲ ထပ်မံသွားကြည့်ပြီး အဲဒီလို စိတ်ချပြီးမှ ဦးအောင်လေးသည် ယင်းသစ်ရွက်ကို အရည်ညှစ်ရအောင် လက်ထဲလုံးလျက် နေ့စဉ်ခတ်ခဲ့ပါသည်။ (၆)လပြည့်သောအခါ ဆရာကြီး ဒေါက်တာမြင့်သိန်းက...

'မင်း တိမ်ထပ်မတိုးပါလား'

ဟု ပြောပါတော့သည်။

ဆရာကြီးကလည်း အလွန် စိတ်ဆိုးတတ်သူဆိုတော့ ဦးအောင်လေးက...

'ဆရာကြီး စိတ်မဆိုးရင် ကျွန်တော် ပြောပါမယ်'

ဆရာကြီးက...

'အေး ပြောပါ စိတ်မဆိုးပါဘူး'

ဆိုသည့် ကတိလည်း ရရော သူခတ်နေသည့် ဆေးရွက်အကြောင်း ရှင်းပြသည့်အခါ...

'အင်း အဲဒီအတိုင်းသာ ဆက်လုပ်ပေတော့'

ဟု ဆရာကြီးက ပြန်လွှတ်လိုက်ပါသည်။

ယခုအခါ ဆေးနည်းပေးသည့် ဦးမြလည်း အသက်ရှင်လျက် (၁၀၁)နှစ်ရှိပြီ။ ဦးအောင်လေးလည်း အတွင်းတိမ် မခွဲရတာ အနှစ်(၂၀)ခန့်ရှိပြီ။ ကျွန်တော်လည်း ပြောသည့်အတိုင်း ယုံယုံကြည်ကြည်နှင့် ခတ်နေပါပြီ။

**မှတ်ချက်။ ။ နုတ်သမီးကွမ်းရွက်မှာ နေရာဒေသအနှံ့အပြား ပေါက်ရောက်ပြီး အရပ်(၁)ပေခန့်ရှိ အရွက်မှာ အစိမ်းရောင်၊ အရွက်အရွယ်အစားမှာ မတ်စေ့သာသာခန့်ရှိပြီး အရွက်အထူအပါးမှာ ဟင်းနုနွယ်ကဲ့သို့ ပါးသည်။ အစေ့မှာ အရွက်နှင့်အတူ အတန်းလိုက်ပြီး အစေ့ အရွယ်အစားမှာ အပ်ဖျားသာသာ အနက်ဖျော့ရောင် အတန်းတစ်တန်းချင်း အစေ့များများပါသည်။**

လူမော် (ဆင်ဖြူကျွန်း)



www.burmeseclassic.com

# သီတဂူ တက်လမ်း ကျူဒါနဆေးရုံ [လှိုင်ကော်]

## အလင်းဒါနအတွက် ဖိတ်ခေါ်လွှာ

စစ်ကိုင်းတောင်ရိုး သီတဂူဆရာတော်ကြီးနှင့် ဦးရှိန်ဝင်း+ဒေါ်ခင်ချိုဦး (တက်လမ်း ဆောက်လုပ်ရေး) မိသားစုတို့မှ ကယားပြည်နယ်၊ လှိုင်ကော်မြို့၊ ချိုကယ် ကန္တရဝတီဘုန်းကြီးကျောင်းအတွင်း ခုတင်(၅၀)ဆံ့ သီတဂူ တက်လမ်း မျက်စိအထူးကုဆေးရုံကြီး ဆောက်လုပ်ပြီး မျက်စိဝေဒနာရှင်များကို (၁၅-၁၂-၂၀၁၁) မှ (၂၁-၁၂-၂၀၁၁)ရက်နေ့ထိ ကုသ (၁၆၄၂)ဦး၊ ခွဲစိတ် (၂၂၅)ဦး၊ (၁၄-၁၀-၂၀၁၂) မှ (၁၈-၁၀-၂၀၁၂)ထိ ကုသ (၂၉၉)ဦး၊ ခွဲစိတ် (၁၄၄)ဦးကို ပါမောက္ခ ဒေါက်တာဦးမြအောင်နှင့် မျက်စိအထူးကုဆရာဝန်ကြီးများ၊ လှိုင်ကော်မြို့ ပြည်သူ့ဆေးရုံကြီးနှင့် စစ်ကိုင်း သီတဂူဆေးရုံကြီးမှ ဆရာဝန်၊ ဆရာမများ၏ လုပ်အားဒါနဖြင့် အခမဲ့ကုသပေးခဲ့ပါသည်။

ဆင်းရဲနွမ်းပါးသည့် တောင်ပေါ်တိုင်းရင်းသား မျက်စိဝေဒနာရှင်များအား စဉ်ဆက်မပြတ် အခမဲ့ ကုသပေးနိုင်ရန်နှင့် ဆေးရုံတော်ကြီး ပြုပြင်ထိန်းသိမ်းရန်အတွက် ထာဝရ ဆေးပဒေသာပင်(အလင်းဒါန) ကုသိုလ် ပါဝင်လှူဒါန်းကြပါရန် နှိုးဆော်အပ်ပါသည်။

**လှူဒါန်းရန်ဌာန**

★ အင်းဝဘဏ်(လှိုင်ကော်)Account No.83-0041

★ ဦးညွန့်တင်၊ ဦးရယ်မိုးငြိမ်း(လှိုင်ကော်)၊ ဖုန်း ၀၈၃-၂၁၃၇၇၊ ၀၉-၄၉၄၁၀၂၅၆

★ ဦးသန့်စင်
အမှတ်(၉) ချမ်းသာလမ်း၊ တောင်လုံးပြန်ရပ်ကွက်၊ ပုဇွန်တောင်စာတိုက်အနီး၊
ဖုန်း-၀၁-၂၀၁၉၄၉၊ ၀၉-၅၅၀၇၀၄၅။

★ ဆရာကြီး ဦးတင်မောင်ထွန်း
ကျောင်းအုပ်ကြီး(ငြိမ်း) ဒဂုံ-အ.ထ.က(၂) ဖုန်း-၀၁-၂၁၆၉၈၆

★ ဒေါ်စုတင်
အမှတ်(၁၉)၊ မြေနုလမ်း၊ စမ်းချောင်း၊ ရန်ကုန်မြို့(ဖုန်း-၀၉-၅၁၄၉၁၁၈)

★ နက္ခတ္တရောင်ခြည်မဂ္ဂဇင်းတိုက်
အမှတ် (၂၃၃)၊ (၂၉)လမ်း၊ ပန်းဘဲတန်းစာတိုက်၊ ရန်ကုန်မြို့(ဖုန်း-၀၁-၂၄၂၂၈၄)

ဤကြော်ငြာအတွက် နက္ခတ္တရောင်ခြည်မဂ္ဂဇင်းမှ လှူဒါန်းပါသည်။